# ဗုဒ္ဓဝါဒ သုံးလောက
# သတ္တဝါအစဖြစ်ပုံကျမ်း

NYEIN THIN SAW

ဆရာ ဦးသိန်းအောင်
အဘိဓမ္မကျမ်းစာ လက်ထောက်ကထိကဟောင်း
မန္တလေးတက္ကသိုလ်

# ဗုဒ္ဓဝါဒ သုံးလောက

နှင့်

# သတ္တဝါအစ ဖြစ်ပုံကျမ်း


ဆရာ ဦးသိန်းအောင်

အဘိဓမ္မကျမ်းစာ လက်ထောက် ကထိကဟောင်း

မန္တလေး တက္ကသိုလ်



Phone : 12989

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ် (၁၉၉၈)

မှတ်ပုံတင်(၀၀၄၈)
ပြည်သူ့အလင်း စာပေတိုက်
၁၀၇ - မိုလ်ချုပ်ဈေး၊ ရန်ကုန်မှ
ထုတ်ဝေသည်။

ပုံနှိပ် · ထုတ်ဝေသူ—ဦးစိန်ကြည်

ပဉ္စမ နှိပ်ခြင်း
အုပ်ရေ - ၂၀၀၀
၁၉၆၈ - ဖေဖော်ဝါရီလ

မှတ်ပုံတင်(၀၉၄၇)
ပြည်သူ့အလင်း ပုံနှိပ်တိုက်
၅၅-ကျောင်းလမ်း၊ အလုံ-ရန်ကုန်မှ
ရိုက်နှိပ်သည်

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဘိဃာစက ဥယျောဇဉ် .... .... | (၈) |
| **(၁) ကျမ်းရေးရခြင်းအထုပ္ပတ္တိ** .... .... | **၁** |
| **(၂) ဗုဒ္ဓဝါဒအကြောင်းပြ** .... .... | **၄၁** |
| ကာလာမအမျိုးသားများ .... .... | ၄၂ |
| နာဋ္ဌပုတ္တဆရာကြီးနှင့်စိတ္တသူကြွယ် .... .... | ၄၄ |
| စင်္ကီဆရာကြီးနှင့်ဗေဒင်တတ်ပေါက်စ- ကာပဋိက .... .... | ၄၆ |
| အနုပုဗ္ဗသိက္ခာ ၃-မျိုး အဓိပ္ပါယ် .... .... | ၄၈ |
| အဆုံးအဖြတ်ပေးသော ခေတ်ပညာရှိများ .... .... | ၅၀ |
| **(၃) ဥယျောဇမ္မ ၅-ပါး** .... .... | **၅၂** |
| ဤကိုယ်ကောင်ကြီး၌တည်ရှိပုံ .... .... | ၅၂ |
| သင်္ခါရတရားအဓိပ္ပါယ် .... .... | ၅၃ |
| ဝိကာရတရား အဓိပ္ပါယ် .... .... | ၅၆ |
| လက္ခဏတရား .... .... | ၆၃ |
| ပညတ်တရား .... .... | ၆၉ |
| နိဗ္ဗာန်တရား .... .... | ၇၁ |
| **(၄) အနုပုဗ္ဗသိက္ခာအပိုင်း** .... .... | **၇၉** |
| နိပ္ဖန္နရုပ် ၁၈-မျိုးအကြောင်း .... .... | ၇၉ |
| ရုပ်အတု ၁၀-မျိုးအကြောင်း .... .... | ၈၄ |
| နာမ်သင်္ခါရအဟိတ်စိတ်များဖြစ်ပေါ်ပုံ .... .... | ၉၁ |
| လောဘသည် သင်္ခါရလောကတည်ဆောက်ပုံ .... .... | ၁၀၀ |
| အတ္တဒိဋ္ဌိနှင့်တဏှာ ၃-မျိုး .... .... | ၁၀၆ |
| ဒေါသ သင်္ခါရလောကတည်ဆောက်ပုံ .... .... | ၁၀၇ |
| မောဟ သင်္ခါရလောကတည်ဆောက်ပုံ .... .... | ၁၀၉ |
| သင်္ခါရ ၃-မျိုး ထင်ရှားလာပုံ .... .... | ၁၁၁ |
| ကုသိုလ်စိတ်သင်္ခါရလောကတည်ဆောက်ပုံ .... .... | ၁၁၃ |
| ရူပကမ္မဘဝကိုတည်ဆောက်ပုံ .... .... | ၁၂၃ |
| ဗုဒ္ဓအရှင်၏ လောကဝိဒူဂုဏ်တော် .... .... | ၁၂၈ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဝိညာဏ်၏ တန်ခိုးသတ္တိ | .... | .... ၁၃၀ |
| ကလာပတို့ ကိုယ်ကောင်ကြီးတည်ဆောက်ပုံ | .... | .... ၁၃၄ |
| ကောဋ္ဌာသ ၄၂-မျိုး | .... | .... ၁၃၇ |
| နာမ်သင်္ခါရလုပ်သားများ | .... | .... ၁၄၆ |
| နိယာမ ၅-မျိုး | .... | .... ၁၅၄ |
| အာဟာရ ၄-မျိုး | .... | .... ၁၅၇ |
| ဩကာသလောကတည်ဆောက်ပုံ | .... | .... ၁၅၉ |
| ကံတရားနှင့်အကျိုးပေးခွင့်များ | .... | .... ၁၆၁ |
| ကံ ၁၂-မျိုး | .... | .... ၁၇၆ |
| အဘိသင်္ခါရကံတို့ကို သတ်သောကံများ | .... | .... ၁၈၇ |
| သင်္ခါရတို့၏ လုပ်ငန်းအကျဉ်း | .... | .... ၁၈၉ |
| လောကနိဗ္ဗာန်တည်ဆောက်နိုင်ပုံ | .... | .... ၁၉၄ |
| **(၅) အနုပုဗ္ဗကိရိယာအပိုင်း** | .... | .... **၂၁၀** |
| ပဋိစ္စသမုပ္ပါဒ်ဒေသနာအဓိပ္ပါယ် | .... | .... ၂၁၀ |
| ရှေ့ပိုင်း ပုဗ္ဗန္တ | .... | .... ၂၂၂ |
| နောက်ပိုင်း အပရန္တ | .... | .... ၂၂၄ |
| သမ္ဘဝေသီနှင့်ဘူတ | .... | .... ၂၃၀ |
| သတ္တဝါဖြစ်ပေါ်ပုံအကျဉ်း | .... | .... ၂၄၀ |
| ဇာတိအမျိုးမျိုး | .... | .... ၂၄၄ |
| **(၆) အနုပုဗ္ဗပဋိပဒါအပိုင်း** | .... | .... **၂၅၃** |
| သတိပဋ္ဌာန်အနုပဿနာအာရုံ ၄-ပါးနှင့် ဉာဏ်အစဉ် | .... | .... ၂၅၃ |
| ပဋိစ္စသမုပ္ပါဒ် အကျိုး ၅-နှင့် အကြောင်း ၅-လေ့လာရပုံ | .... | .... ၂၆၄ |
| မဂ်တရားပေါ်ပုံနှင့် သင်္ခါရတို့ အဆင့်ဆင့်ငြိမ်းပုံ | .... | .... ၂၆၉ |
| သေက္ခပရိဟာနတရားများ | .... | .... ၂၇၆ |
| အရိယူပဝါဒကံ ဖြစ်တတ်ပုံ | .... | .... ၂၇၇ |
| **(၇) အခက်ကြီး ၄-မျိုးအကြောင်း** | .... | .... **၂၈၃** |
| ပဌမအခက်ကြီး (သတ္တဝါအစဖြစ်ပေါ်ပုံ) | .... | .... ၂၉၁ |
| ဒုတိယအခက်ကြီး (ပဋိစ္စသမုပ္ပါဒ်တရားတို့ဆက်သွယ်ကြပုံ) | .... | .... ၃၁၂ |
| တတိယအခက်ကြီး (ဇာတိတခုမှတခုသို့ပြောင်းရွှေ့ပုံ) | .... | .... ၃၁၉ |
| စတုတ္ထအခက်ကြီး (အရိယသစ္စာ ပေါ်လာပုံ) | .... | .... ၃၂၁ |
| နိဂုမ်းအမှာစကား | .... | .... ၃၄၁ |

သို့,

ဆရာကြီး ဦးသိန်းအောင်

အဘိဓမ္မာသဘာဝ ကထိက

ခေတ္တ-အလုံဆွမ်းလောင်းဓမ္မာရုံ

ရန်ကုန်မြို့။

ဆရာကြီးထံ လေးမြတ်စွာ တောင်းပန်ပါသည်။

ကျွန်တော်များ ဆွမ်းလောင်းဓမ္မာရုံကြီး၌ ငါးလတိုင်တိုင် ဆရာကြီး ပြောပြသင်ကြားသော အဘိဓမ္မာသဘောတရားတို့ကို နာယူ မှတ်သား ကြရသော အသင်းသူအသင်းသား များနှင့် တရားနာပရိသတ်အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရား တိုးတက် ပွားများကြပါသည်။ ဆရာကြီး သင်ကြားပြောပြသော တရားသဘာဝ အချို့တို့ကို မှတ်သားမိကြသော်လည်း၊ အချို့သော သဘောတရားတို့ကို မမှတ်သားမိကြပါ။ အချို့သဘာဝမျိုးကို သဘောပေါက်၍ အချို့သော သဘာဝတရားတို့ကို သဘော မပေါက်မရောက် ဖြစ်နေကြပါသည်။

သို့အတွက် ဆရာကြီး ၅-လတိုင်တိုင် ဟောပြသင်ကြားသော တရားစကားတို့ကို ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်ထားခဲ့လျှင် အခွင့်ရသောအချိန်ကာလတို့၌ ထိုစာအုပ်ကိုကြည့်ရှုစဉ်းစား၍ ဆင်ခြင်ပွားများရသော်၊ တရားနာတပည့်တို့အား များစွာပင် အကျိုး သက်ရောက်နိုင် ပါမည်။ ထို့ပြင် 'ကျမ်းစာအုပ်' ကို ကြည့်ရှုဖတ်ကြရသော ဓမ္မမိတ်ဆွေ တို့အားလည်း သဘာဝတရား အကြောင်းကို သဘောပေါက်ကာ လေ့လာ နိုင်ကြပေမည်ဟု ယုံကြည် ယူဆ ကြပါသဖြင့်၊ အသင်းဝင်များနှင့် တရားနာ ပုဂ္ဂိုလ်တို့သည် 'ကျမ်းစာအုပ်' ဖြစ်မြောက်အောင်မြင်ရေးကိစ္စကို ဆောင်ရွက်ကြရန် 'အဖွဲ့ငယ်' တခု ဖွဲ့စည်းကြပါသည်။

အလုံဆွမ်းလောင်း ဓမ္မာရုံ အသင်းသူ အသင်းသား များနှင့်တကွ၊ တရားနာတပည့်တို့ စုပေါင်းတူညီသော သမ္မာဆန္ဒအားလျော်စွာ ကျွန်တော်များ 'အဖွဲ့ငယ်' ဝင် တပည့် များက ဆရာကြီးအား 'ကျမ်းစာအုပ်' အဖြစ် ရေးသားပေးပါရန် လေးစားစွာ တောင်းပန်ကြပါသည်။

အမှုဆောင်များ နှင့်

ကျမ်းစာအုပ် ဖြစ်မြောက်ရေး အဖွဲ့ဝင်များ၊



ကျွမ်းပြူဆရာကြီး–ဦးသိန်းအောင်

# ကျမ်းစာအုပ် ရေးသားရခြင်း
# အတ္ထုပ္ပတ္တိ

ဤစာအုပ်ကို ရေးသားသော အချိန်သည် ကျွန်ုပ်၏အသက် ၇၀-ကျော်ခဲ့လေပြီ။ မန္တလေးမြို့ ဗဟို ဗုဒ္ဓဘာသာအဖွဲ့ဝင် အသင်းသားတို့အား စိန်မေရီကျောင်းမှအစ နန်းတော်ကျုံး အနောက်ဘက်ရှိ ဓမ္မဇိမာန်ကြီး၌ ၁၅-နှစ်ကျော် တိုင်ပင် အဘိဓမ္မာ သဘာဝများကို သင်ကြားပေးခဲ့လေရာ၊ ထို သင်တန်းသား တပည့်များကလည်း၊ ကျမ်းစာအုပ် အဖြစ် ရေးသားရန် တောင်းပန်ကြသည်။ ရန်ကုန်မြို့သို့ အကြောင်းအားလျော်စွာ ရောက်ပြန်သောအခါ၊ ပဲခူး-ဦးဘမောင်၊ ရဲဝန်ထောက်မင်း ဦးကျော်တို့ အမှူးပြုသော ဆူးလေစေတီတော် ယင်ပြင်၌ ရှိသော အဘိဓမ္မာ ပြန့်ပွါးရေး အဖွဲ့ဝင်များနှင့် တရားနာတို့အား သုံးလ တိုင်တိုင်၊အဘိဓမ္မာ သဘာဝ သင်တန်းပေးရာ၊ တရားနာသူတို့ကလည်း ကျမ်းစာအုပ်အဖြစ် ရေးသားရန် တောင်းပန်ကြသည်။ ယခုတကြိမ် ရန်ကုန်မြို့ အလုံရပ်-အလုံ ဆွမ်းလောင်းအသင်း ဓမ္မာရုံ၌ ငါးလ တိုင်တိုင် သင်တန်း ပေးရာ တွင်လည်း၊ ကျမ်းစာအုပ် အဖြစ် ရေးသားရန် တောင်းပန်ကြ ပြန်လေသည်။ ကျွန်ုပ်သည် ရေးသားလိုသော ဆန္ဒများစွာရှိပါသည်။ သို့သော်-ကျွန်ုပ်၏ ပင်ကိုယ်စိတ် အလေ့အကျင့်သည် စာပေများကို ကြည့်ရှုခြင်း၌ မွေ့လျော်တတ်သည်။သဘာဝဓမ္မဖြစ်သော တရားတို့ကို ဆွေးနွေးဟောပြောရခြင်း၌ သာ၍ မွေ့လျော်ပေသည်။ ထိုထက် သဘာဝဓမ္မတို့ကို တဦးတည်းနေကာ ဆင်ခြင် စဉ်းစားခြင်း၌ အမွေ့လျော်ဆုံး ဖြစ်ခဲ့လေသည်။ ကျမ်းစာအုပ် ရေးသားခြင်းကို စိတ်မဝင်စားဘဲ ပျင်းရိငြီးငွေ့သလို ဖြစ်နေပေသည်။

တဖန် မိမိသိထားသော အသိသဘောတို့ကို အခွင့်အားလျော်စွာ ပြောဟော သင်ကြားခဲ့သော်လည်း၊ သင်ယူသူများ သဘောမပေါက်လျှင် မေ့ပျောက်သွားကြမည်ကိုလည်း စိုးရိမ်မကင်း ဖြစ်မိသည်။ မန္တလေးမြို့ ပရိယတ္တိ သာသနာ့

ဟိတ အသင်း၌ ပုစ္ဆာထုတ် ကာရက အဖွဲ့ဝင်ဖြစ်၍ ပုစ္ဆာများကို ထုတ်ဆင်တော်မူကြသော မဇ္ဈိမဒေသ ဆရာတော်များနှင့် နှစ်စဉ်နှစ်တိုင်း ပုစ္ဆာထုတ်ရာဌာန၌ တွေ့ဆုံဖူးမြင်ရသည်။ ပုစ္ဆာထုတ်ကိစ္စပြီး၍ အားလပ်သော အချိန်တွင် ကျမ်းဂန်အယူအဆများနှင့် သဘာဝဓမ္မတို့ကို ဆွေးနွေးကြသည်။ အချို့သော ဆရာတော်များသည် ဆွေးနွေးရာ၌ ပြောပြလျှောက်ထားသော အယူအဆ သဘောတရားတို့ကို ကျမ်းစာအုပ်အဖြစ် ရေးသားပါ၊ ပြောဆဲခဏ၌ ဆရာတော်တို့ သဘောကျသော်လည်း၊ နောင်အခါများ၌ မေ့သွားတတ်ပါသည်ဟု မိန့်ကြားကြလေရာ၊ လူဒါယကာတို့ မေ့ပျောက်မှုထက် ပို၍ပင် သတိတရား ရခဲ့ရလေသည်။

တခါက – ပါဠိစကားနှင့် ဗုဒ္ဓတရားတော်များကို ဆင်ခြင်မိသဖြင့်၊ ပါဠိဘာသာသင်နည်းနှင့် ပိဋကပညာသင်နည်းတို့ကို ခွဲခြားထားလျှင်၊ ရဟန်း၊ သာမဏေတို့အတွက် အသိတမျိုးတိုးတက်ကာ ပိဋကကို ကမ္ဘာ့ပညာကြီးတရပ်ဟု ယူဆလာကြမည်။ ယခုအခါ ပရိယတ္တိ သင်ယူပို့ချနေကြသော ပုဂ္ဂိုလ်တို့သည် သင်နည်းခွဲခြားမထားဘဲ ပါဠိနှင့် ပိဋကကို အတူတူ သဘောဖြင့် သင်ကြားနေကြရသဖြင့်၊ ပါဠိစကားနှင့် စပ်ဆိုင်သော အနက်သဘောကို အလေးပေး ပြောဆိုကာ အချိန်ကြာနေကြသည်ဟု အသိရောက်သွားလေသည်။ ထိုအခါ ပုစ္ဆာထုတ် ဆရာတော်များအား၊ ပါဠိတက္ကသိုလ်တို့၌ ပါဠိဘာသာနှင့် ပိဋကပညာကို ခွဲခြားသင်ကြားပေးသင့်ကြောင်း လျှောက်ထားမိသည်။ ဆရာတော်များသည် ပါဠိဘာသာနှင့် ပိဋကပညာသည် တခြားတမျိုးစီဟု သိရှိကြပါသော်လည်း၊ ယခုအခါ အများကပင် သင်ယူနေကြသည့်အပြင်၊ ရှေးဆရာကြီးများ သင်နည်းဟု စွဲလမ်းကာ ခွဲခြားသင်ကြားနည်းကို မဖြစ်နိုင်ပါဟု ငြင်းပယ်ကြလေသည်။ သဒ္ဒါကျမ်းများကို အလေးပြုကာ သင်ကြားကြသော ပိဋကပညာသည် နိယာမရဏတ္ထ သင်နည်းမျိုး မဟုတ်သဖြင့်၊ သတိသံဝေဂ ဖြစ်ပွားခဲ့လေသည်။

ယခုအခါ ပိဋကပညာကို သင်ကြားပို့ချကြသောနည်းသည် ဗုဒ္ဓအရှင်၏ လက်ထက်က ပို့ချသင်ကြားတော်မူကြသော နည်းမျိုး မဟုတ်ပေ။ ပဋိသမ္ဘိဒါမဂ်၊ မဟာနိဒ္ဒေသ-နေတ္တိ ပါဠိတော် စသော စကားအစဉ်တို့သည် ထိုစဉ်အခါက ပေါ်လွင်ထင်ရှားခဲ့သော ပိဋကပညာ အဖွင့်ကျမ်းများ ဖြစ်ကြသည်။ ထိုကျမ်း ပါဠိတော်တို့၏ ဖွင့်ဆိုပြသနည်း ပြသပုံတို့ကို ဆင်ခြင်စဉ်းစားလျှင် ယခုအခါ ဖွင့်ဆိုပြသကြသော နည်းမျိုးနှင့် မတူကြပေ။ မြန်မာနိုင်ငံ၌ သင်ကြားပို့ချနည်းသည် သီဟိုဠ်ကျွန်းမှ စတင်ပေါ်လာဟန် ရှိသည်။ ရှေ့ဦးအစ၌ ပိဋက၏ စကားအစဉ်ဖြစ်သော ပါဠိဘာသာကို မူမပျက်ရှိမျှ ထိန်းသိမ်း ထားနိုင်ရန်၊ ပါဠိဘာသာဖြင့်ကစ္စည်း သဒ္ဒါကျမ်းကို သီဟိုဠ် ဆရာတော် အရှင်ကစ္စာယနသည် ပိဋကသင် တပည့်တို့အား သင်ကြားပေးသည်။ ထိုအခါမှစ၍ သဒ္ဒါ သဘောတရား သင်နည်းတို့သည်

ပိဋကပညာကို သင်ကြားရာ၌ တဆင့်ထက်တဆင့် တိုးတက်လာ၍ မောဂ္ဂလာန်,ရူပသိဒ္ဓိ စသော ကျမ်းတို့ ပေါ်လာရုံမျှမက ပါဠိဘာသာအတွက် ဆန်း-အလင်္ကာ အဘိဓါန်ကျမ်း စသည်တို့လည်း သီဟိုဠ်ကျွန်းမှ စတင် ပေါ်ပေါက်လာကြ လေသည်။ မြန်မာ နိုင်ငံ၌လည်း ပါဠိဘာသာ အတွက် သဒ္ဒနီတိ စသော ကျမ်းပေါင်း များစွာတို့ ပေါ်ထွက်ခဲ့ လေသည်။ သဒ္ဒါကျမ်းပေါင်း များစွာတို့သည် အမိဘာသာ မဟုတ်သော ပုဂ္ဂိုလ်များ၏ ပါဠိဘာသာ အတွက် များစွာကျေးဇူး ရှိမည်ဖြစ်သော်လည်း၊ ပိဋကပညာအတွက် ပါဠိစကားကို ထိန်းသိမ်းပေးမှုမှတပါး အခြား ကျေးဇူး မသက်ရောက်ပေ။ သဒ္ဒါ မတတ်လျှင် စာမတတ်ဟု ပြောကောင်းပြောကြမည် ဖြစ်သော်လည်း၊ စာတတ်ခြင်းသည် ဗုဒ္ဓအရှင်၏ ဩဝါဒများနှင့် အနုတ္တဝါဒကို ရှင်းလင်းကာ အသိရောက်ရန်နှင့် ဗုဒ္ဓအရှင်၏တပည့်သား ပြီသစွာ သူတပါးအားပြောပြဟောပြရန် ဖြစ်ကြလေရာ၊ဗုဒ္ဓအရှင်၏ သားတပည့်ပြီသစွာ မိမိဆရာဘုရား၏ ဝါဒကို တိကျပြတ်သားစွာ ပြောပြ ဟောပြဖေါ်ပြသင့်ကြ ပေသည်ဟု သတိပြု မိဟန် မတူကြပေ။ ဗုဒ္ဓအရှင်၏ စကားအစဉ် ညွှန်ကြားချက် တို့သည် စံနစ်ကျကျ သိမ်မွေ့လှပေသည်။ ယင်းသိမ်မွေ့လှသော သဘောတရားတို့ကို သဒ္ဒါနည်းအားဖြင့် လေ့လာ စဉ်းစားရုံမျှဖြင့် အသိရောက်မည် မဟုတ်ပေ။ ဥပမာ-သရုပ်ခွဲစဉ်က သင်ယူခဲ့သော လောဘစိတ်, ဒေါသစိတ် စသည်တို့သည် တိုင်းပြည်တိုင်း၌ရှိသော သတ္တဝါတိုင်းနှင့် တကွ မိမိသန္တာန်တွင် မကြာမကြာ ပေါ်လာထင်ရှားနေကြသော ဓါတ်အစုပါကလားဟု အသိရောက်သူ နည်းပါးပေလိမ့်မည်။ သို့သော် ထိုသဘောတရားတို့ကား အဟုတ်တကယ် ပေါ်လာထင်ရှားရှိနေကြပါသည်။ အဘယ်ကြောင့် အသိမရောက်ကြပါသနည်း။ ပရိယတ္တိစာများကို သင်ကြားစဉ်ကပင် ထိုသဘော တရားတို့သည် တိကျပြတ်သားစွာ အသိရောက်အောင် လေ့လာရမည့်တရားများဟု မယူဆခဲ့ဘဲ ပါရမီရှိသူသာ ရောက်နိုင် သိနိုင်သည်ဟူသော မတိမကျ မပြတ်သားသော အသိဖြင့် သင်ယူခဲ့ကြဟန် တူသည်။ ယခုအခါ လောကဓါတ်ပညာကို သင်ကြားပေးသူ ဆရာနှင့် သင်ယူကြသူ တပည့်တို့ကဲ့သို့ စံနစ်တကျ လက်တွေ့သဘောဖြင့် သင်ပေးသင်ယူကြပါ မူကား နားမလည်နိုင်သူရှိမည်ဟု မထင်ပေ။ ပရိယတ္တိဉာဏ်သည် ပရိညေယျသဘောတရားတို့ကို များစွာ အထောက် အကူ ပြုသော ဉာဏ် ဖြစ်သည်။ ပဋိပတ္တိ ဉာဏ်သည် ပဟာတဗ္ဗ သဘောတရားတို့ကို များစွာအားပေးသော ဉာဏ် ဖြစ်လေသည်။ ပရိယတ္တိ ဉာဏ် အတွက်မှာ ပါရမီ ဟု စဉ်းစားစရာ မလိုပေ။ ယင်း ပရိယတ္တိ ဉာဏ်သည် ပါရမီကို အထောက် အကူ ပြုလေ တော့သည်။ အရှင်ရာဟုလာ၏ ပါရမီရင့်ချိန် ရောက်အောင် ငံ့လင့် စောင့်မျှော် နေသော ဗုဒ္ဓအရှင်သည် ပါရမီ မြန်မြန် ရင့်ကျက်အောင် ဝိမုတ္တိပရိပါစနိယ ဖြစ်သောသုတ္တန်ပေါင်း များစွာတို့ကို ဟောပြောခဲ့ရလေသည်။ အလိုအလျောက် ပါရမီရင့်မှုဖြစ်ပါလျှင်၊ထိုသုတ္တန်တရားတို့ကို ဗုဒ္ဓကိုယ်တော် အပင်အပန်းခံယူကာ ဟောပြတော်မူမည် မဟုတ်ပေ။

ဗုဒ္ဓအရှင်၏ ဩဝါဒများကို လက်တွေ့လေ့ကျင့်ရန်လည်း ဗုဒ္ဓကိုယ်တော်သည် ဝေးဝေးလံလံ အခြားတနေရာကို ညွှန်ပြခဲ့သည်မဟုတ်။ မိမိကိုယ်ကောင်ကြီး၌ အကုန်ရှိသည်ဟု လက်တွေ့ သဘောလေ့လာနိုင်ရန် ပြသခဲ့ လေသည်။ တိဟိတ် ပဋိသန္ဓေ မဟုတ်၍ အရိယဘူမိသို့ မသက်ရောက်နိုင် ဆိုစေကာမူ၊ နာမရူပ ပရိစ္ဆေဒဉာဏ်မှ ပစ္စယ ပရိဂ္ဂဟနှင့် သခ်ါရုပေက္ခာတိုင် သက်ရောက်နိုင်ကြပေမည်။ ယခုအခါ ဗုဒ္ဓကိုယ်တော် ပိဋကပညာကို ယုံကြည်မှုရှေ့သွားပြုကာ လေ့လာ နေကြသည့် အပြင်၊ လက်တွေ့ သဘောဖြင့် လေ့လာလိုပြန်လျှင်လည်း၊ တောထွက်မှ သို့မဟုတ် ရိပ်သာ တခုခုကို သွားရမည်ကဲ့သို့ ယူဆနေကြပုံ ပေါ်နေသည်။ ဘယ်နေရာကိုပင် သွားရောက်လေ့လာကြသော်လည်း ဗုဒ္ဓကိုယ်တော်ညွှန်ကြားသော စံနစ်သို့ မလိုက်နာ မကျရောက်လျှင် မိမိတို့ ရည်မှန်းချက်သို့ ပေါက်ရောက်မည် မထင်ပေ၊ ဤသို့သော သဘောတို့ကို ပရိယတ္တိ ဓမ္မာစရိယ ဆရာတော်ဘုရားများနှင့် မကြာမကြာ တွေ့ဆုံလျှောက်ထားခဲ့သည်။

အချို့ ဆရာတော်များကလည်း ဆရာကြီး အသိရောက်သလို အခြားပုဂ္ဂိုလ်တို့လည်း သဘောပေါက် စဉ်းစားဆင်ခြင်နိုင်အောင်''ကျမ်းစာအုပ်''ကို ရေးသားသောအခါ၊ ဆရာကြီး၏ ပညာရေး တိုးတက်ရသော အတ္ထုပ္ပတ္တိကိုလည်း ထည့်သွင်း ရေးသားပါဟု တိုက်တွန်းစကားဖြင့် ဩဝါဒပေးကြသည်။

တခါ၌ ကျွန်ုပ်သည် လက်ဆည်ကန်ရပ် ဆရာဦးပန်းရည်၏ သမီး-ဇနီး မောင်နှံတို့၏ အလှူပွဲသို့ သွားရောက်ရာ၊ ညှော်ခံလဘက်ရည်ပွဲ၌ ပရိယတ္တိသာသနာ့ဟိတ အသင်း ဥက္ကဋ္ဌကြီး ဆရာဆိုင်၊ စာရေးဆရာကြီး ရွှေဥဒေါင်း၊ လူထု-ဦးလှတို့နှင့် တွေ့ဆုံလျက် စကားစမြည် ပြောဆိုကြသည်။ ဆရာကြီးရွှေဥဒေါင်းသည် မိမိ၏ ယူဆထင်မြင်ချက်တို့ကို ရဲရင့်စွာ ပြောဆိုတတ်သည့်အပြင်၊ မိမိစိတ်တည်း၌ ဖြစ်ပေါ်နေသော အခြင်းအရာတို့ကို စာဖတ်သူများ နားလည်နိုင်သော စကားလုံးတို့ဖြင့် ပေါ်လွင်စွာ ရေးသားတတ်သူ ဖြစ်၍ ကျွန်ုပ်၏ စိတ်ဝင်စားသူ တဦးဖြစ်သည်။ ထိုလဘက်ရည်ပွဲတွင် ဘာသာရေးစကားဖြစ်သော သံသရာအစ,သတ္တဝါအစဖြစ်ပုံတို့ကို ဆွေးနွေးပြောဆိုသည်။ ဆရာကြီး ရွှေဥဒေါင်းမှာ စကားပြောနည်းသဖြင့် အခြားပုဂ္ဂိုလ်တို့က အပြောများကြသည်။ ထိုအခါ ကျွန်ုပ်က ဗုဒ္ဓအရှင်၏ ဝါဒအရ သံသရာ အစရှိကြောင်း၊ သတ္တဝါလည်း အစရှိကြောင်း၊ အစမထင် သံသရာဟူသော စကား၌ အစမရှိ မဟုတ်ကြောင်း၊ အစမရှိနှင့် အစမထင် ဟူသော စကား ၂-လုံး အဓိပ္ပါယ်ခြား နားကြောင်းကို ပြောလျက်၊ **ဗုဒ္ဓဝါဒ သတ္တဝါအစ ဖြစ်ပုံ ကျမ်း စာအုပ်ကို** ရေးမည် စိတ်ကူး ထားကြောင်းကို ပြောပြသည်။ ထိုအခါ ဆရာဆိုင်၊ ဆရာရွှေဥဒေါင်း၊ လူထု ဦးလှ တို့က ကျမ်းစာအုပ် ဖြစ်ပေါ်အောင် ရေးသားပါ၊ ကျွန်တော်တို့ကိုလည်း အဘိယာစက တောင်းပန်သော သူများ မှတ်ပါဟု ပြောကြားသည်။

အထက်က ဖော်ပြခဲ့သော အသင်းများ၊ ဓမ္မမိတ်ဆွေများ၊ ဆရာတော် သံဃာတော် များသည် ကျွန်ုပ်အား ဤကျမ်းစာအုပ် ဖြစ်ပေါ်အောင် နှိုးဆော် တိုက်တွန်းသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ကျွန်တော်သည် ပဲခူးခရိုင်၊ ဝေါမြို့နယ် မြစ်ကျိုးတိုက် အပါအဝင်လေးအိမ်စု ရွာ၊အဘ ဦးစန့်နှင့်အမိ ဒေါ်ကျေးဥတို့၏ ဆဋ္ဌမမြောက် သားအဖြစ် ၁၂၅၈ ခု၊ဒုတိယ ဝါဆို လဆန်း ၁-ရက် သောကြာနေ့၊ နံက် ၈-နာရီခန့်တွင် ဖွားမြင်ခဲ့သည်။ မိခင် ဘခင်တို့သည် လယ်မြေပိုင်ရှင် စပါးကုန်သည်ဖြစ်၍ ခေတ်အခါ အလိုက် ပစ္စည်း ဥစ္စာ ကျွဲ,နွား,ခြံမြေတို့ဖြင့် အတော်အတန် ပြည့်စုံသည်။ ဘခင်မှာ သံလျင်ခရိုင် ရိုးသပြေကန်မြို့၊ပန်းပင်ချောင် ကျောင်းအမကြီး ဒေါ်မင်းအောင်၏ သားဖြစ်သည်။ မိရိုးဖလာအလိုက် ရတနာသုံးပါးကို လေးစားသူဖြစ်၍၊ သား ၆-ယောက်ကို ခေတ် ပေါ် ကျောင်းများ၌မထားဘဲ ရဟန်းတော်များ ကျောင်းသို့ ပို့ထား၍ ဘာသာ ဆိုင်ရာ စာပေတို့ကို သင်ကြားစေသည်။ ကျွန်တော်၏ အကိုများသည် လေးအိမ်စုရွာ ဆရာတော် ဦးအာစာရထံ၌ စာသင်ကြသဖြင့်၊ ကျွန်တော်၏ အသက် ၅-နှစ်မတိုင်မီ အကိုတော်များ ကျောင်းသို့ ရောက်ရလေသည်။ ကျွန်တော်သည် ၅ နှစ်လောက် ကပင် ကျောင်းသားသူငယ်တို့ထုံးစံ သင်အံရသော သင်ပုံးကြီး,မင်္ဂလသုတ်,ပရိတ်ကြီး တို့ကို နှုတ်ငုံရရှိခဲ့လေသည်။ ထိုအချိန်၌ အကြောင်းတခု ပေါ်လာသည်မှာ -

သပြေကန်မြို့ရှိ အဖွားဒေါ်မင်းအောင် မကျန်းမမာဖြစ်လေရာ၊မိခင်နှင့်တကွ သွားရောက် ပြုစုကြသဖြင့်၊ ကျွန်တော်တို့ ညီအကို ၆-ဦးသည် ဆရာတော်ဦးဥတ္တမ သာရထံမှာ စုပေါင်းမိကြပြန်သည်။ ထိုအခါ ကျွန်တော်သည် ဆရာတော်ဦးဥတ္တမ သာရထံမှာ နမက္ကာရ,ပရိတ်ကြီးတို့ကို ထပ်မံသင်ရပြန်သည်၊ ထိုအခါ အဖွားဒေါ် မင်းအောင်က ဘုရားဆင်းတုတော်ကြီးတဆူ ပူဇော်လိုသဖြင့်၊ ဘခင်သည် မန္တလေးမြို့ သို့ သွားရောက်၍ ဘုရားရုပ်ထုတော် ပင့်ဆောင်ရေးကိစ္စကို ဆောင်ရွက်ရာတွင်၊ကျွန် တော်တို့ အိမ်သားများ မန္တလေးမြို့သို့ ပြောင်းရွှေ့နေထိုင်ရန် အခွင့်ပေါ်လာခြင်း ဖြစ်တော့သည်။ မန္တလေးမြို့သို့ ရောက်ခိုက်၊ ဘခင်သည် မန္တလေးမြို့အရှေ့ပြင် မဟာ ဝိသုဒ္ဓါ ရာမတိုက် ဆရာတော် ဘုရားကြီးနှင့် တပည့်ကြီး ဆရာတော် ဦးဝိစာရတို့ ထံသို့ ရှေ့ကဖူးမြော်ဆည်းကပ်ဘူးသဖြင့် သွားရောက် ဖူးမြော်ပူဇော်ရာတွင်၊ ဆရာ တော်များက ဘခင်ကြီးအား ဥပနိသိန္နကထာ အလ္လာပသလ္လာပ တရား ဟောပြော လေသည်၊ ထိုအခါ မိခင်-ဘခင်တို့၌ သား ၆-ယောက်၊ သမီး ၂-ယောက် ရှိခဲ့ပြီ ဖြစ်လေရာ၊ ဆရာတော် များက သားသမီးတို့၏ ဘဝနောင်ရေးကို မြော်တွေးရန် နှင့် မိမိတို့၏လက်ရှိဘဝ အခြေအနေမှန် ဖော်ပြဟောကြားလေရာ၊ဘခင်၏စိတ်တွင် မိခင်ကျောင်းအမကြီး ဒေါ်မင်းအောင်၏ မကျန်းမမာသော စိုးရိမ်ခြင်းသို့ အစဉ် လျှောက်သဖြင့်၊များစွာ တောထွက် လိုသော သံဝေဂစိတ် ပြင်းထန် လာခဲ့ လေသည်။

ဗုဒ္ဓဆင်းတုတော်ကြီးနှင့် မန္တလေးမှ ပြန်ရောက်လာသောအခါ အဖွါး မင်းအောင်မှာ အလောင်းသာလျှင် ရှိတော့သည်။ "ဘုရားဆင်းတုတော်ကိုကား မဖူးမြော် လိုက်ရတော့ပေ" မိခင်၏ အလောင်းကို ကောင်းစွာ သဂြိုဟ်ပြီးလျှင် ပန်းပင်ချောင် ကျောင်းအတွင်း ဆင်းတုတော်အတွက် တန်ဆောင်းကြီးတခု ဆောက်လုပ် လှူဒါန်း လေသည်။ ထိုကိစ္စများ ပြီးစီးသည့်နောက်၌ ဘခင်သည် မိမိတို့၏ နေထိုင်ရာ လေး အိမ်စုရွာ ရောက်သော အခါ မန္တလေးသို့ ပြောင်းရွှေ့ နေထိုင်လျက်၊ စစ်ကိုင်း တောင်ရိုးမှာ တရားအားထုတ်တော့မည်ဟု ဆွေမျိုး အပေါင်း တို့အား ကြေငြာ လေတော့သည်။ ကျွန်ုပ်တို့၏ မိခင် ဘခင် ၂-ဘက်စလုံး၌ ဆွေမျိုးအင်အား တောင့် တင်း ပေသည်။ ဘခင်နှင့်စပ်ဆိုင်သော အမျိုးတို့သည် သပြေကန်, ရုံးသပြေကန်, သံလျှင်, ရန်ကုန် အရှေ့ပိုင်း ပုဇွန်တောင်တို့၌ နေထိုင်ကြ၍၊ မိခင်နှင့် စပ်သော ဆွေမျိုး တို့သည် လေးအိမ်စု, မြစ်ကျိုး, ဆင်ရွာ, သုံးခွ,သရဲသမိန်, ကွမ်းဆိပ်ရွာတို့၌ နေထိုင်ကြသဖြင့်၊ ယခုအခါ ကျွန်ုပ်တို့ တဝမ်းကွဲ ညီအကို မောင်နှမ တို့ကို မသိ မမြင် ဘူးသူများ ရှိကြလေသေးသည်။ ကျွန်ုပ်တို့ဘခင်က တောထွက်မည် ကြေငြာ လိုက်သဖြင့်၊ ဆိုင်ရာ ဆွေမျိုးတို့သည် အိမ်သို့ လာရောက်လျက် ငိုယိုတောင်းပန် ကြသည်။ အထူးသဖြင့် မှတ်မိနေသည်ကား မန္တလေး သွားမည့်နေ့ ပဲခူးသို့ သွား သော သင်္ဘောပေါ်သို့ ကျွန်တော်တို့ ညီအကိုများ တက်ကြသောအခါ၊ သင်္ဘော ဆိပ်သို့ ရွာလုံးကျွတ်လောက် ဆင်းလာကြ - နှုတ်ဆက်ကြလျက် ငိုယိုကြ၍ မင်းတို့ ဟာ မင်းတို့ သွားကြ၊ ကလေးတွေကိုတော့ မထည့်ဘူး, မလိုက်ရဘူး စသည်ဖြင့် ရန်တွေ့ ငိုယိုကြသည်မှာ ဆူညံနေလေ တော့သည်။

ကျွန်ုပ်တို့၏ ဘခင်နှင့်မိခင်တို့ကား မျက်နှာထားမပျက်ကြဘဲ၊ ဣန္ဒြေရစွာပင် ဆွေမျိုးများကို ခွဲထွက်လာခဲ့ကြလေသည်။ ကျွန်ုပ်တို့ မန္တလေးသို့ ရောက်သည်မှာ - ၁၂၆၅ ခုနှစ် တပေါင်းလဆန်း ၁ ရက်ဟု မှတ်မိ နေသည်။ ထိုအခါ အနောက် မဟာဝိသုဒ္ဓါ ရာမတိုက် တည်ထောင် ပြီး၍ တနှစ်ကျော် ရှိခဲ့ လေပြီ။ ဦးဝိစာရ ကိုယ်တော်သည် အနောက်တိုက်၌ တိုက်အုပ်ဆရာတော် ဖြစ်၍၊ ဆရာတော်ဘုရား ကြီးကား ဝါဆိုကျောင်း ခေါ်သော အရှေ့ကျောင်းကြီးပေါ်မှာ သီတင်းသုံးတော် မူလေသည်။ မန္တလေးမြို့ အနောက်ဝိသုဒ္ဓါရုံတိုက်၊ တိုက်အုပ် ဆရာတော်ဘုရားထံသို့ ရောက်သောအခါ၊ ကျွန်ုပ်၏အသက်သည် ၇ နှစ်သို့ ရောက်ရှိနေလေပြီ။ ကျွန်ုပ်တို့၏ မိဘများသည် မိရိုးဖလာထုံးစံအတိုင်း သားသမီးများ အပေါ်၌ အာဏာရှင်များ ဖြစ်ကြသဖြင့်၊ သားသမီးတို့သည် မိဘတို့၏ အလိုသို့ လိုက်လျော ကြရ လေသည်။ မိမိတို့က နှစ်သက်သည်ဖြစ်စေ မနှစ်သက်သည်ဖြစ်စေ၊ မိဘသဘောအတိုင်း ဆောင် ရွက်ကြရသည်။ မိခင် ဖခင်တို့သည် မန္တလေးမြို့ အနောက် ဝိသုဒ္ဓါရုံတိုက် အနီး ညောင်ကုန်းလှည်းတန်းထိပ်၌ မြေကွက်ဝယ်၍ အိမ်ဆောက်သည်။ စစ်ကိုင်းတောင်ရိုး

သို့ကူး၍ မဟာဂန္ဓာရုံဆရာတော်ဘုရားထံ၌ တရားအားထုတ်ရန် ခေမေသကချောင်၌ ဇရပ်တဆောင် ဆောက်လုပ်နေထိုင်ကြသည်။ ကျွန်ုပ်တို့ညီအကို ၆ ယောက်မှာ ဆရာတော်ဦးဝိစာရ ထံမှာ စာသင်နေ ကြရသည်။ အကိုကြီး ၄ ဦးကို ရှင်ထပ်ပြုပေး၍ ကျွန်တော်နှင့် ကျန်အကိုမှာ ကျောင်းသားဘဝတွင် နေထိုင်ရသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် သဒ္ဒါကျမ်းကို စတင်သင်ကြားရသည်။ ဝိသုဒ္ဓါရုံတိုက်သစ်၏ စာသင်ပုံမှာ၊ ထိုအခါက ကျောင်းသားသူငယ်နှင့် သာမဏေများကို တွံတေးဆရာတော်ဦးနာဂအရှင် ရေးသားသော ကစ္စာယနသံခိပ်ကျမ်းကို သဒ္ဒါကျမ်းအဖြစ် သင်ပေးကြသည်။ ပဌမနှစ်၌ပင် ထိုကျမ်း၏ပါဠိအနက်တို့ကို နှုတ်တိုက်ရလေသည်။ ကျမ်းစာပါ ပြယုဂ်ပုံစံတို့ကိုလည်း ရုပ်တွက်တတ်ခဲ့လေသည်။ သင်ပေးသောဆရာများက ရလွယ်သည်၊ မှတ်ဉာဏ် ကောင်းသည်ဟု ချစ်ခင်ကြသည်။ ကစ္စည်း သဒ္ဒါကြီး ကိုလည်း သင်ပေးကြသည်။ ပါဠိအနက်နှင့်တကွ ရရှိလေသည်။ ဝိသုဒ္ဓါရုံ သုတ်နက် ပေါ်စ ဖြစ်၍ သင်ယူရသည်။ နာမ်ဂိုဏ်း အာချတ်ဂိုဏ်း တို့ကို ညဝါအဖြစ် ဆိုရသည်။ ဝိသုဒ္ဓါရုံ တိုက်သစ်၏ စည်းကမ်း ဥပဒေသည် ပြင်းထန် လှသည်။ ကျောင်းသားဖြစ်သော ကျွန်ုပ်ကား မကြာမကြာ ဒဏ်ပေးခြင်းခံရသည်။ ဝိသုဒ္ဓါရုံတိုက်၌ ရွှေငွေကိုင်မှုနှင့် စပ်ဆိုင်သော လုပ်ငန်းတို့ကို ဝိနည်းဥပဒေအရ ဆောင်ရွက်တတ်ရန်တပည့်ကျောင်းသားတို့အား နားလည်အောင် သင်ကြားပေးထားသည်။ ရဟန်း၊ သာမဏေတို့သည် ရွှေငွေအသုံးအစွဲကို စေ့စပ်သေချာစွာ လိုက်နာကြသည် ဖြစ်သောကြောင့်၊ ကျောင်းနေ ရဟန်း၊ သာမဏေ များအတွက် ကျွန်ုပ်သည် ငွေကိုယူကာ ကိုယ်တော်များအလိုရှိသော ပစ္စည်းကိုရအောင် ဆောင်ရွက်ပေးရသည်။ တခါတရံ ငွေတို့သည် လက်ကျန်အဖြစ် ကျွန်တော်ထံကျန်ရှိတတ်လေသည်။ ထိုကျန်ငွေတို့ကို ကျွန်ုပ်သည် ဆိုင်ရာရဟန်းတော်များအား မပြောက်မထားဘဲ သုံးစွဲပစ်လိုက်သည်။ ရွှေကျင်ဂိုဏ်း ကျောင်းသားတို့ လိုက်နာရမည့် စည်းကမ်းများမှာ "စားဘွယ်သီးမျိုး တကိုမ်ခိုး ထမ်းပိုး ဒဏ်သုံးဆယ်ပါဘုရား၊ နှစ်ကြိမ် ခြောက်ဆယ်၊ သုံးကြိမ်ဝယ် ကျောင်းမယ် မနေရပါဘုရား" စသည့် ၁၀-မျိုးရှိလေရာ၊ ကျွန်ုပ်သည် စားဘွယ်သီးမျိုးထက် တန်ဘိုးရှိသောငွေကို ပိုင်ရှင်အခွင့်မပြုဘဲ သုံးစွဲသူ ဖြစ်လေရာ၊ ကျွန်ုပ်အပေါ် ခိုးပြစ်မှု ကျရောက်လေတော့သည်။ ကျွန်ုပ်၏အကိုတော်တို့သည် စည်းကမ်း မလိုက်နာသော ကျွန်တော်အား မိခင်ရှိရာ စစ်ကိုင်းသို့ ပို့လိုက်ကြတော့သည်။ ကျွန်ုပ်မှာ မိမိသင်ယူသော စာအုပ်တို့ဖြင့် စစ်ကိုင်းတောင်ရိုးသို့ရောက်လေရာ၊ ပဌမ မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးကို ဖူးတွေ့ရလေသည်။ ဆရာတော်၏အမိန့်ဖြင့် အောက်ဇေတဝန်ဆရာတော် ဦးတေဇဝန္တ ထံ၌ နေရသည်။

ထိုအခါက ဇေတဝန်ချောင်နှင့် ခေမေသကချောင်တို့၏အကြား၌ လူအသွားအလာမရှိကြ၊ ထင်းခုတ်သမား တဦးတလေသာ သွားကြသည်။ ကျားသစ်စသော

တောကောင်များရှိသည်။ ကျွန်ုပ်အား ဆရာတော် ဦးတေဇဝန္တက ဝစ္စဝါစက စသော သဒ္ဒါငယ်ကျမ်းကို သင်ပေးသည်။ ကျွန်ုပ်သည် ခေမေသက ချောင်နှင့် ဇေတဝန် ချောင်ကို ယခုလမ်းအတိုင်း မသွားဝန့်သဖြင့်၊ ဇေတဝန်ဘုရားမြောက်ဘက် စောင်း တန်းလမ်းမှ ရောဝတီမြစ်ဆိပ်သို့သွားသည်။ ထိုအခါ ဇေတဝန်ဆိပ်၌ လှေကြီးများ ကို ပွဲလျက်တို့ဖြင့် ဖါထေးကြသော လူတို့ရှိကြသဖြင့် ထိုနေရာကို လှေနာရုံခေါ်ကြ သည်။ ထိုလှေနာရုံမှ ရောဝတီမြစ်၌ ခတ်သွားနေသော သမ္ဗာန်တို့ကို အဖေါ်ပြု၍ ကင်းမော်ကိုကျော်ပြီးလျှင် သရက်ပင်ကြီးဆိပ်သို့ သွားရသည်။ ကူနီချောင်နှင့် ခေမေ သကမှ သီလရှင်တို့သည် သရက်ပင်ဆိပ်သို့ ရေခပ်လာကြသဖြင့်၊ သီလရှင်များကို အဖေါ်ပြုလျက် အမေ၏ ဇရပ်သို့သွားသည်။ ထိုအခါ သီလရှင်တို့ ချောင်ဟူ၍ ကူနီချောင်၊ ခေမေသကချောင်၊ နိဗ္ဗိန္ဒချောင်နှင့် မဂ္ဂင်ချောင် မျှသာ ရှိ၍ အရေ အတွက်လည်း နည်းသေးသည်။ တရားအားထုတ်သော လူဝတ်ကြောင်နှင့် အသက် ကြီးရင့်သော သီလရှင်တို့သာလျှင်ရှိ၍ ပရိယတ္တိစာသင်သော သီလရှင် နည်းသေး သည်။ ထိုအခါ ခေမေသကချောင်၌ စာသင်ကြသော တောင်ငူမှ သီလရှင် လေး ငါးပါးမျှရှိလေရာ၊ စာချပေးသော သီလရှင်ဆရာ နည်းပါး လေသည်။ ရွှေကျင် ဂိုဏ်းဝင် ဆရာတော်များကလည်း စာချမပေးကြသဖြင့်၊ ကျွန်ုပ်မှာ ထိုသီလရှင်ကြီး တို့အား ကစ္စာယန သံခိပ်နှင့် နာမ်ဂိုဏ်း အာချယ်ဂိုဏ်းတို့ကို ပို့ချပေးသောဆရာ ဖြစ်ခဲ့ရလေသည်။

ကျွန်ုပ်အသက် ၁၀-နှစ်သို့ ရောက်သော အခါ၊ မန္တလေး ဓုဝံ ဆန်စက်ပိုင် ဦးတင့်-ဒေါ်တင်တို့က ရှင်ပြုနှင့် သမီးများ နားသ,မင်္ဂလာ အလှူကြီးပြုလုပ်ရာတွင်၊ ဝိသုဒ္ဓါရုံ တိုက်အုပ် ဆရာတော်ဘုရားက ရှင်လောင်း အဖြစ် ပေးလိုက်သဖြင့်၊ ရှင် သာမဏေ အဖြစ်သို့ရောက်၍ ဝိသုဒ္ဓါရုံ တိုက်သစ်သို့ ပြန်ရောက် လာပြန် လေသည်။ သာမဏေသစ်တို့ ထုံးစံအတိုင်း မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးအား သွားရောက် ကန်တော့သော အခါ၊ ဥာဏ် လျှင်မြန်ထက်သော သောကြာသား ဖြစ်၍၊ သိန္ဓဝ ဟူသော အမည်ကို မှည့်ပေးလေသည်။ ရှင်သာမဏေ ဘဝဖြင့် ဝိသုဒ္ဓါရုံတိုက်သစ်၌ နေရသောအခါ တိုက်အုပ်ဆရာတော်ဘုရားသည် အခြားစာဝါများ အားလပ်သော ညနေ ၄-နာရီ အချိန်၌ ဇာတ်ကြီး ၁၀-ဖွဲ့ အဋ္ဌကထာတို့ကို ပို့ချပေးသဖြင့်၊ပါဠိဇာတ် အဋ္ဌကထာများကို ကုန်အောင်ဆိုရလေသည်။ ကျွန်ုပ်မှာ ညဝါအဖြစ် ပုဒ်ဆစ်-သဒ္ဒါ စစ် သံဝဏ္ဏနာတို့ကိုဆိုရသည်။ဥပုသ်နေ့များ၌ ကေသနိက်-ပဏ္ဍိုက်ခုတင် ဆွမ်းစားကြ ရသည်။ ဥပုသ်နေ့သည် အားလပ်သောနေ့ ဖြစ်သော်လည်း၊ ဆန်းကျမ်းကို သင် ရသည်။ နံက် ၄-နာရီ တုံးကြီးခေါက်၍ ဘုရားဝတ်တက် ပြန်လာသော အခါမှာ သင်္ဂြိုဟ် သရုပ်ခွဲရသည်။ ရှေးဦးစွာ သင်္ဂြိုဟ်ပါဠိကို သင်မပေးခဲ့ကြပေ။ ကျွန်ုပ်မှာ သင်္ဂြိုဟ်သရုပ်တို့ကို မှတ်မိနေသဖြင့် ပါဠိ၏အနက်ကိုလည်း အတော်အတန် နားလည်

ပြီးဖြစ်၍၊ သင်္ဂြိုဟ်ပါဠိကို သင်ရသောအခါ ရက်များမကြာဘဲ ပြီးဆုံး သွားသည်။ ဝိသုဒ္ဓါရုံတိုက်အုပ်ဆရာတော်ဘုရားသည် လယ်တီဆရာတော်ဘုရား၏ စာသင်နည်းကို သဘောကျဟန် တူသည်။ ထိုစဉ်က ပိဋကတ် ကျမ်းစာအုပ် များကို ပုံနှိပ်နည်းသော အခါဖြစ်၍ ကျွန်ုပ်တို့ နေသော တိုက်အုပ်ကျောင်းမှာ ပေစာရေးသော ကျောင်း စာရေးတဦး နှစ်ဦး အမြဲရှိသည်။ တိုက်အုပ်ကျောင်း၌ ပေထုပ်ပေါင်းလည်း နှစ်ရာ ကျော် သုံးရာမျှရှိသည်။ ကျွန်ုပ်တို့ကို တိုက်အုပ် ဆရာတော်က ပေစာများကို ရေနံချေး သုတ်ရန် တာဝန် ပေးထားသည်။ နေ့ဆွမ်းစားပြီး အိပ်ချိန်မှာ ရေနံ သုတ်ရသည်။ ပေစာအသစ်တို့ကို ရေနံသုတ်သောအခါ လယ်တီ ဆရာတော် ဘုရားက မဟာဝိသုဒ္ဓါ ရာမဆရာတော်ဘုရားထံသို့ လယ်တီတိုက်စာသင်နည်းကို လျှောက်ထားသော ပေစာ ကိုတွေ့မြင်ရသဖြင့်၊ ကျွန်ုပ်မှာ အဓိပ္ပါယ်အကုန်အစင် နားမလည်သော်လည်း သိသမျှ အတွက် ဝမ်းမြောက် မိသည်။ ပေစာဟောင်းများကို ရေနံသုတ်ရသဖြင့် ကျွန်ုပ်မှာ စာကြည့်ဝါသနာလည်း သက်ရောက် လာသည်။ ကျွန်ုပ်သည် ပေရွက်တို့ကို ကမန်း ကတန်း မသုတ်ဘဲ ရေးထားသော စာများကို ကြည့်တတ်လေသည်။ များသော အားဖြင့် ကျွန်တော်မှတ်မိနေသည်မှာ နိသျကျမ်းများ ဖြစ်ကြသည်။ ထိုနိသျကျမ်း စာများကို ကြည့်ရသည် အတွက် ကျွန်ုပ်၏ အသိလွယ်ကူခြင်းဖြစ်သည်။ ထိုခေတ်၌ စာတတ်ပုဂ္ဂိုလ်တို့သည် ပေရွက်ရှိ ပလ္လင်ပေါက်ကို(ဝ)အက္ခရာထင်မှတ် အနက်ပေးနိုင် ကြသည်ဟု ဂုဏ်ယူပြောဆိုကြသည်။နိသျကိုကြည့်လျှင် မနှစ်သက်ကြပေ။ ကျွန်ုပ်ကား ဘာမျှ နားမလည်၊ နိသျကို ကြည့်ရခြင်း အားဖြင့် ပါဠိ၏အနက်ကို မှတ်မိခြင်း၊ အကြောင်း အတ္ထုပ္ပတ္တိ တို့ကို မှတ်မိခြင်းဖြင့် ကျေနပ်နေပေသည်။ ပါဠိကို အနက် ပေးတတ်ပါလျှင် ကျွန်ုပ်လည်း စာတတ်ဟု ထင်မှတ်နေသူ ဖြစ်သည်။

ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရ ထေရီဂါထာစသည်တို့၏ နိသျတို့ကို ရေနံ သုတ်ရလျှင်၊ ထိုစာထုပ်များကို ခပ်ဖြေးဖြေးသုတ်သည်။ ရက်ကြာသော်လည်း ဆရာ တော်က အပြည်အတွန် မလုပ်ပေ။ ဝတ္ထုကြောင်းများက မှတ်ရလည်း လွယ်သည်။ အချို့သော ပဒတ်နက်တို့ကိုလည်း အနက် ဒြပ် မသိဘဲ မှတ်မိ နေသည်။ အချို့ နိသျကျမ်းတို့မှာ အတွက်-အတက်-စုဒ်-စောဒနာ-အာဘော် ထုတ်ပုံ အမျိုးမျိုး ရေးသား ထားသည်ကိုလည်း တွေ့ရသည်။

ထိုခေတ်က ဝိသုဒ္ဓါရုံသစ်မှာ နေ့ဆွမ်းစားပြီးလျှင် ဝိနည်း၊ပါဠိတော် များကို အနက်ဆိုနိုင်သမျှ ဆိုကြသည်။ များသောအားဖြင့် နေ့ ၁၂ နာရီ ထိုးလျှင် အိပ် လေ့ရှိကြသည်။ အဓိပ္ပါယ် မပြောဘဲ ဤကဲ့သို့ အနက်သက်သက် ဆိုခြင်းကို "စာ ဖေါက်" သည်ဟု ခေါ်သည်။ ဤကဲ့သို့ သင်နည်းကို စာတက်ပြီးလျှင် နောက်တခါ ပြန်မကြည့်ဘဲ ထိုးထား တတ်ကြသဖြင့်၊ တက်ထိုး စာသင်နည်းဟု ခေါ်သည်။

ကျွန်ုပ်လည်း ထိုတက်ထိုးနည်းဖြင့် ဝိနည်း, ပါဠိတော်သာ မက၊ သင်ရိုး သုတ္တန် ပါဠိတော်များကို ဖေါက်လေသည်။ ကျွန်ုပ် အသက် ၁၃-နှစ် မျှလောက် ရှိသော အခါ၊ မဟာ ဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီးသည် သက်တော် ကြီးရင့်ပြီ ဖြစ်၍ နောက်ဆုံး စာဝါ အဖြစ်ဖြင့် အဋ္ဌသာလိနီ အဋ္ဌကထာကို ပို့ချတော်မူသည်။ ဝိသုဒ္ဓါရုံ ဓမ္မကထိက ဦးဝါသဝ ကိုယ်တော် စာဆိုဖြစ်၍၊ ပြည်မြို့ ဦးဣန္ဒောဘာသ ကိုယ်တော် သည် မူလဋီကာ ဆိုသည်။

ထိုအခါ တိုက်အုပ်ဆရာတော်က ကိုယ်ရင် မင်းသင်္ဂြိုဟ်လဲ ရပြီ၊သရုပ်လဲ ကျွဲပြီ၊ ဆရာတော်ကြီး ချသော အဋ္ဌသာလိနီ စာဝါကို သွားလိုက်ချေ၊ ပါဠိမှာလည်း ဋီကာကျော်လောက်မခက်ဘူး၊ ဋီကာကျော်က အနက်ပေးခက်သည်။ အဓိပ္ပါယ်မှာ အဋ္ဌသာလိနီက ပိုကောင်းသည်ဟု ပြော၍ စာလိုက်ရန် ပြောသည်။ အဋ္ဌသာလိနီ စာအုပ် အသစ်ကိုလည်း ပေးသည်။ ကျွန်ုပ်လည်း အမိန့်အတိုင်း စာလိုက်သည်။ စာလိုက်သံဃာ တရာကျော် နှစ်ရာမျှတွင် ကျွန်ုပ်ကား အငယ်ဆုံးဖြစ်လေရာ၊ စာဆို ပြီးသောအခါ ညောင်လေးပင် ဦးအရိယ, ဥက္ကံ ဦးပဏ္ဍိတ ကိုယ်တော် တို့သည် ကျွန်ုပ်အား 'စာလှည့်'ခိုင်းကြသည်။ အနက်မှန်မှန်ဆိုတတ်သဖြင့် ချစ်ခင်ကြသည်။ စာအုပ်-သက်နိုး တို့ဖြင့် ချီးမြှင့် ကြသည်။ ကျွန်ုပ်၏ အသက် ၁၄-နှစ်မှာ ဘခင် ဒါယကာကြီး အနိစ္စရောက်သဖြင့်၊ မိခင်, နှမ သီလရှင်ငယ် ၂-ယောက်တို့ အတွက် စစ်ကိုင်းသို့ ပြောင်းရွှေ့နေသည်။ ပခုက္ကူမှာ စာသင်နေသော နောင်တော် အကြီး ဆုံး ဦးဇနိန္ဒကိုယ်တော်သည် ဘခင်ဒါယကာကြီး အသုဘကိစ္စအတွက် စစ်ကိုင်းသို့ ပြန်ရောက်လာရာ၊ တိုက်အုပ် ဆရာတော် ဘုရားအား မူဝံ ဆန်စက်ပိုင် ဦးတင့်- ဒေါ်တင်တို့က ဆောက်လုပ်လှူဒါန်းသော စစ်ကိုင်းတောင်ရိုး ရတနာ မူဝံချောင်ကို ဦးဇနိန္ဒအား လွှဲအပ်၍ မိခင်ဒါယိကာမကြီးကို ကြည့်ရှု စောင့်ရှောက် စေသည်။ ကျွန်ုပ်သည် နှမငယ် သီလရှင် ၂-ယောက်ကို သဒ္ဒါ-သင်္ဂြိုဟ်စာ တို့ကို ပို့ချပေးရ သည်။ တိုက်အုပ်ဆရာတော်ဘုရားသည် ဝါတွင်း၌ ရတနာ မူဝံချောင်တွင် ဝါဆို၍ ကျွန်ုပ်အား နေ့အခါ မဇ္ဈိမနိကာယ် အဋ္ဌကထာတို့ကို ၂-ကြိမ်ပို့ချ သင်ကြားပေး၍၊ ညဥ့်ဝါ,ယမိုက် ၁၀-ကျမ်းကို သင်ကြားပေးသည်။ ကျွန်ုပ်သည် နောင်တော်ကြီး နှင့်အတူ ရတနာမူဝံချောင် ၌မနေဘဲ၊မစိုးရိမ် ၅-တိုက် ဆရာတော်ဘုရား ဦးနန္ဒဝံသ ထံမှာနေသည်။ သေလ●ရိဂီချောင်၊ ကိန္နရာချောင်၊ လျှော်ဖြူချောင်၊ မဟာဗောဓိ ချောင်တို့၌ရှိသော သံဃာအပါးတရာကျော်ကို မစိုးရိမ်ဆရာတော်ဘုရားက စာသင် ပို့ချပေးတော်မူသည်။ ထိုအခါ ထင်္ကာဆရာကြီး ဦးအုန်းညွန့်၏သား ကိုရင် ဝိသုဒ္ဓိ လည်း မဟာဗောဓိချောင်၌ နေသဖြင့် ကျွန်ုပ်သည် ကိုယ်ရင်ဝိသုဒ္ဓိနှင့်အတူနေသည်။ ထရံကာ ဆရာကြီးကား မင်းတုံးမင်းတရား လက်ထက်က ရဟန်း ၇-ဝါအရတွင်၊ ဣန္ဒကာဘိ သီရိပဝရ မဟာ ဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်ရ၍ ထရံကာ မင်းသမီး

ဆောက်လုပ် လှူဒါန်းသော ထရံကာ ကျောင်းတိုက်ကြီးကို အလှူ ခံရသည်။ သီပေါ မင်း လက်ထက်၌လည်း ရာဇဂုရု ဘွဲ့တံဆိပ်တော်ရရှိပြီး နောက်,လူဝတ်လဲ၍ ရွှေဘို ခရိုင်တွင် မိမိ၏ မွေးဘွားရာ သရိုင်ရွာတွင် နေထိုင်သည်။

သားကိုယ်ရင် ဝိသုဒ္ဓိကို အကြောင်းပြု၍ မစိုးရိမ် ဆရာတော် ဘုရားကြီး၏ မေတ္တာ ရပ်ခံချက်အရ ထရံကာဆရာကြီးသည် စစ်ကိုင်းတောင်ရိုး မဟာဗောဓိချောင် ဇရပ်ကြီး၌ လာရောက် နေထိုင်ပြီးလျှင်၊ ရဟန်း သံဃာတော်များနှင့် သီလရှင်တို့ကို စာပေ ပို့ချနေသည်။ ထိုအခါ စစ်ကိုင်း တောင်ရိုး၌ စာသင် ရဟန်းတော် များနှင့် သီလရှင် တော်တော် များများ ရောက်ရှိကြလေပြီ။ထိုအခါ တပည့်သီလရှင်များနှင့် မဟာ ဗောဓိချောင် ဒါယကာကြီး ဦးစံဟိန် တို့က ထရံကာ ဆရာကြီး၏ စားဝတ် နေရေးအတွက် ပြုစုကြသည်။ ကျွန်ုပ်သည် ကိုယ်ရင် ဝိသုဒ္ဓိနှင့် အတူ ဆရာကြီး ထံမှ ရူပသိဒ္ဓိ,ဋီကာကျော်, ဝိနည်း ပါရာဇိကဏ် အဋ္ဌကထာ များကို အသက် ၁၆-နှစ်တိုင် အောင် သင်ယူ ခဲ့ရသည်။ ကိုယ်ရင်ဝိသုဒ္ဓိသည် ရူပသိဒ္ဓိ စာဆိုဖြစ်၍ သေလာချောင် ဆွမ်းစား ကျောင်း ဘုန်းကြီး ဦးစန္ဒိမာ သည် ဝိနည်းနှင့် ဋီကာကျော် စာဝါကို ဆိုလေသည်။

ထိုအခါ ကျွန်ုပ်သည် စာပေတို့၌ စိတ်ဝင်စား သဖြင့်၊ ရပြီးသော စာများကို ညနေ ၆-နာရီမှ နံက် ၆-နာရီအထိ ညဥ့်လုံးပေါက် စာပြန်သည်။ အသက် ၁၄-နှစ် တွင် အစိုးရစာမေးပွဲ ပဌမငယ်အောင်၍ ၁၅-နှစ်တွင် ပဌမလတ် အောင်သည်။ သို့ သော် စာမေးပွဲများကို စိတ်ဝင်စားလေ့မရှိခဲ့ပေ။ ကျွန်ုပ်၏ အားလပ်သော အချိန် များ၌ ကျီးသဲလေးထပ် ဆရာတော်ဘုရား ရေးသားသော စွယ်စုံကျော်ထင် အဖြေ ကျမ်း၊ မုံရွေး ဇေတဝန် ဆရာတော်ဘုရား၏ ရာဇော ဝါဒကျမ်း၊ ဒက္ခိဏာရာမ ဘုရားကြီးဆရာတော်၏ သံဝေဂဝတ္ထု၊ ကျီးသဲလေးထပ် ဆရာတော်ရေး ဇိနတ္ထပကာ သနီ၊ မဏိကုဏ္ဍလ ဝတ္ထုနှင့် မှန်နန်းရာဇဝင်တော်ကြီး၊ ကုန်းဘောင်ဆက် ရာဇဝင်တို့ကို စိတ်ဝင်စားကာ ဘတ်သည်။ ထရံကာဆရာကြီး စာပေပို့ချပုံမှာ ဝိသုဒ္ဓါရုံတိုက် စာပေ ပို့ချပုံနှင့် မတူပေ။

ဆရာကြီးသည် ဝါကျတခုကို ပုဒ်ပဒတို့ အစုံအလင်ခွဲလျက် အထွက်,အတက်, စုဒ်, စောဒနာ, အာဘော်တို့နှင့် သိုက်သိုက် မြိုက်မြိုက် ဝေဝေဆာဆာ ပြောလေ့ရှိ သည်။ ပဌမနှစ်တွင် ကျွန်ုပ်သည် စိတ်ဝင်စားစွာ နားထောင် သင်ယူသည်၊ နောက် နှစ်များတွင် စိတ်မဝင်စားခဲ့ပေ။ ကျွန်ုပ်သည် အသက် ၁၆-နှစ်ကျော်လွန်၍ ၁၇-နှစ် အတွင်းမှာ စာပေကို ဇွဲဖြင့် သင်လိုစိတ် မရှိပေ။ သို့သော် စာပေကို ဝါသနာပါနေ သဖြင့်၊သင်ရိုး အဋ္ဌကထာများကို ကြည်လေ့ရှိသည်။ ကျွန်ုပ်၌ စာပေဖြင့် ဗဟုသုတ အကြား အမြင် တို့ကိုသာ စိတ်ဝင်စားသည်။ နိကာယ် တခုခုကို ဇောက်ချ သင်

ကြွားလိုစိတ် မရှိပေ။ မိမိကိုယ်ကိုကား စာပေဗဟုသုတ အကြားအမြင် များသည်ဟု ယူဆလေသည်။ အတွင်းမာန ရှိသည်ဟု ဆိုရ ပေမည်။ စာတတ် စာတော်သော ပုဂ္ဂိုလ်များနှင့် ငြင်းခုံလေ့ရှိသည်။ သို့သော် မိမိ၏ မာနကို ထင်ရှားစွာ မပြဘဲ စကားပြောဆိုမှု၌ ယဉ်ကျေးစွာ ပြောဆို ငြင်းခုံသဖြင့်၊ စာသင် ဘက်များ၏ ချစ်ခင်ခြင်းကို ခံယူရသည်။

ထိုစဉ်က ကျွန်ုပ်နှုတ်ငုံရသောစာတို့သည် သကျသီဟအသင်း ခေါ် ပရိယတ္တိ သာသနာ့ဟိတ အသင်းမှ စာသင်တန်းအတွက် ပြဋ္ဌာန်း ထားသော စာများအပြင်၊ ဓါတုတ္တသင်္ဂြိုဟ်၊ ဆရာတော် ဦးဗုဓ် ရေး နိရုတ္တိဘေဒ၊ သင်္ဂဇာ ဆရာတော်ရေး ဓါတွတ္ထ ဒီပကနှင့် သဒ္ဒါငယ်များ ဖြစ်လေသည်။ ကျွန်ုပ်သည် စစ်ကိုင်း တောင်ရိုး မစိုးရိမ် ချောင်၌ ဖြစ်စေ၊ ရတနာ ဓမ္မဝံချောင်၌ ဖြစ်စေ၊ မန္တလေး ဝိသုဒ္ဓါရုံတိုက်သစ် တိုက် အုပ် ဆရာတော် ကျောင်းမှာဖြစ်စေ၊ နေချင်သလို နေပေတော့သည်။ ကျွန်ုပ်၏ အကို တော်များသည် ကျွန်ုပ်အသက် ၁၃ နှစ်လောက်မှ အစပြု၍ ရိုက်နှက် ဆိုဆုံးမခြင်း မပြုကြတော့ပေ။ ညီတယောက် အနေဖြင့်ကား ချစ်ခင်ကြသည်။ ရှင်သာမဏေ ဝတ် သော ကျွန်ုပ်သည် ဂိုဏ်းစည်းကမ်းများ၊ ကျောင်းတိုက် စည်းကမ်းများ မလိုက်နာဘဲ ကိုယ်ကျင့်တရား ပျက်သူဖြစ်၍ ဆရာသမား များက နှုတ်ဖြင့် ဆုံးမကြသည်။ တိုက် အုပ် ဆရာတော်ဘုရားနှင့် မစိုးရိမ် ဆရာတော်ဘုရား၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရား များက တရားဟောပြော ဆုံးမကြသည်။ ဝိသုဒ္ဓါရုံ ဆရာတော် ဘုရား၏ တိုက်သစ်၌ နေစဉ်၊ စာချဆရာတော် ဖြစ်ကြသော ဆရာတော် ဦးအဂ္ဂမေ၊ ဆရာတော် ဦးကောသလ္လ၊ ဆရာတော်ဦးဇာဂရ စသော ချစ်ခင်သော ပုဂ္ဂိုလ်များက ကိုယ်ကျင့် ကောင်း မွန်စွာ နေထိုင်ရေးအတွက် ဆုံးမကြသည်။ ထိုဆရာတော်များကိုလည်း၊ ကျွန်ုပ်သည် အလေး အမြတ် ပြုပါသည်။ မထေမဲ့မြင် မလုပ်ခဲ့ဘူးပေ။ ဆရာတော်များ မျက် မှောက်၌ ငြိမ်ဝပ်စွာ နေသော်လည်း၊ မျက်ကွယ်၌ကား ထင်သလိုနေတတ်ပေသည်။ အသက် ၁၆-နှစ် ၁၇-နှစ်အတွင်း ကျွန်ုပ်စိတ် အခြေအနေသည် ဆရာများ၏ မျက်စိ ဖြင့် အမြင်တော်ဟန် မတူကြပေ။ ဆရာတော်များက "ဟော့ကောင် - မင်းရဟန်း ဖြစ်၍ ကြီးပြင်းလာလျှင် အလဇ္ဇီ ဘုန်းကြီး အလဇ္ဇီ ရဟန်း ဖြစ်မှာပါကွာ...."ဟူ၍ နစ်နစ်နာနာ ဆုံးမကြသော်လည်း၊ဆုံးမစကားကို နက်နက်နဲနဲ မစဉ်းစားဘဲ ထုံပေပေ နေလေသည်။ ဣန္ဒြေကြီးမားသော ဆရာတော် ဦးအဂ္ဂမေကား ဣန္ဒြေဖြင့် ဆုံးမ၍၊ စဉ်ရှည်ဆရာတော် ဦးကောသလ္လမှာ ပြုံးပြုံးနှင့် ဆုံးမတတ်လေသည်။ သံတော် ဆင့် ဆရာတော် ဦးပဏ္ဍိစ္စနှင့် ပတ္တမြားဆရာတော် ဦးဇာဂရတို့မှာ တကျောင်းတည်း အတူနေ ဖြစ်၍ အေးအေး ဆေးဆေး ဆုံးမ တတ်ကြသည်။ ထိုအခါ မန္တလေး စစ်ကိုင်းတို့၌ စိတ်မပျော်မွေ့သဖြင့် ဇာတိလေးအိမ်စုသို့ ထွက်ပြေးလေတော့သည်။ ရှင်လူထွက်၍ ဆင်ရွာရှိ အမတဦး အိမ်မှာ နေလေသည်။ ဆွေမျိုးများ၍ ဘာမျှ

အလုပ်မခိုင်းကြ။ အားနေသဖြင့် ရွာကျောင်းဆရာတော် ဦးဥက္ကံသထံသွား၍ စာပေ ကြည့်ရင်း အချိန်ကုန်လေသည်။ လေးလ-ငါးလ မက,ကြာသောအခါ အကိုတဦး လိုက်လာပြီးလျှင်၊ အတင်းခေါ်ယူကာ မန္တလေးသို့ ပို့ပြန်လေသည်။ မိခင်မှာကား ကမ္မဋ္ဌာန်းတရားနှင့် နေသူဖြစ်၍ တကြောင်း၊ အကိုများသဖြင့် တကြောင်း ကိုယ် တိုင်ဂရုမစိုက်နိုင် တော့ပေ။ ကိုယ်ရင်ပြန်ဝတ် နေရသော်လည်း စိတ်မပျော်မွေ့ ခဲ့ပေ။

ထိုစဉ်အခါက ဝိသုဒ္ဓါရုံတိုက်သစ်၊ တိုက်အုပ်ကျောင်း၌ မိဘမဲ့ ဆရာတော် ဦးပဝရတို့ ညီအကိုနှင့်အတူနေရသည်။ ရွယ်တူများဖြစ်ကြ၍ အလွန်ချစ်ခင် ကြသည်။ ဦးပဝရတို့ ညီအကိုကား စာပေဝါသနာမပါကြပေ။ တောင်တွင်းကြီး ရှင်ဥက္ကဋ္ဌမှာ အလည်တိုက်ကြီးတွင် နေသည်။ စာပေ ဝါသနာပါသည်။ စာရေး ဝါသနာလည်း ရှိသဖြင့် ကျွန်ုပ်နှင့် များစွာခင်မင်ရင်းနှီးသည်။ ရှင်ဥက္ကဋ္ဌကား မြန်မာနိုင်ငံ၌ ခရစ် ယန်များ လာရောက်သာသနာပြုသည်ကို မနှစ်သက်၍ မကြာမကြာ ဆွေးနွေးလေ့ ရှိသည်။ ကျွန်ုပ်ကား စိတ်မဝင်စားပေ။ ဝိသုဒ္ဓါရုံတိုက်သစ်မှာ ဥပုသ်နေ့ ညဥ့်တိုင်း ကျောင်းစဉ်အလိုက် တရားဟောကြရသည်။ ကျွန်ုပ်သည် တိုက်အုပ်ကျောင်းအလှည့် ကျတိုင်း တရားဟောရသည်။ တရားဟောသူမရှိသော ကျောင်းများက လာရောက် ခိုင်းပြန်လျှင်လည်း မငြင်းဘဲ ဟောသည်။ ဓမ္မကထိက ဦးဗာရိဂ္ဂ ၊ ဦးသောဘန၊ ဦးဝါသဝ၊ ဦးပဏ္ဍိဓမ္မ၊ ဦးကုဏ္ဍလတို့ ဟောပြောသည်ကို မကြာမကြာ နာယူနေရ သဖြင့် အတုယူဟောပြောတတ်လေသည်။ ဟောလိုသောတရား ဝတ္ထုတို့ အတွက် ဂါထာတို့ကား ကျွန်ုပ်အတွက် ဝန်မလေးတော့ချေ။ တရားနာ ပရိသတ်တို့ကိုလည်း ကြောက်လန့်စိတ် မရှိပေ။ သို့သော် ကျွန်ုပ်ကား မပျော်မွေ့ခဲ့။ ဝါဆို ခါနီးတွင် မန္တလေးမှထွက်ပြေးပြန်သည်။ သည်တကြိမ်တွင် မွေးရွာသို့ မပြေးဘဲ မန္တလေးသို့ လာ၍ စာသင်ကြရသော ရဟန်းတော်များရှိရာ၊ မော်လမြိုင်သို့ ပြေးလေ တော့ သည်။ ဘီလူးကျွန်း မရမ်းရွာ တာဝတိံသာ ကျောင်း၌ ဝါဆိုသည်။ တာဝတိံ သာကျောင်း၌ တောင်ဖီလာ ဆရာတော် ဦးပဏ္ဍဝံသ၏ တပည့် ဦးဇာဂရိယလည်း ကျောင်းထိုင်ပုဂ္ဂိုလ်အဖြစ်ဖြင့် တဝါဆိုသည်။ ဦးဇာဂရိယထံ၌ သံယုတ် ပါဠိတော် များကို သင်ယူရသည်။ သီတင်းကျွတ်သောအခါ၊ ရွာခံ ကိုယ်ရင်များ လူထွက်ကြ သဖြင့်၊ ကျွန်ုပ်လည်း လူထွက်ကာ ကျောင်းအမကြီး ဒေါ်ငြိမ်းမယ်အိမ်၌ နေသည်။ ကျောင်း အမကြီး ဒေါ်ငြိမ်းမယ်၌ မသိန်းနွဲခေါ် သမီးတယောက်သာ ရှိသည်။ ကျွန်ုပ်ထက် အသက် ဂ-နှစ်ခန့် ကြီးသည်။ ဒေါ်ငြိမ်းမယ်၏ ညီမ-ဒေါ်မမေ နှင့် မောင်ပါခေါ် တူတယောက်နှင့် အတူ နေရသည်။ ကျောင်းအမကြီး၏ ဆွေမျိုး သားချင်းတို့သည် ကျွန်ုပ်အား ညီအကိုအရင်းကဲ့သို့ ချစ်ခင်ကြသည်။ ထိုအခါက- မော်လမြိုင်နယ်တို့၌ လောကဓါတ် ကျောင်းများ ခေတ်စားသော အချိန် ဖြစ်၍ ဒေါ်ငြိမ်းမယ်သည် မောင်ပါနှင့်အတူ ကျွန်ုပ်အား လောကဓါတ်ကျောင်းသို့ထား

ပေးသည်။ ကျောင်းဆရာကြီး ဦးရွှေမှုံဟု မှတ်မိသည်။ ထိုကျောင်း၌ သတ္တမတန်းနှင့် ဆရာဖြစ်စာမေးပွဲအောင်သည်။ ထိုအခါ စစ်ကိုင်းတောင်ရိုး၌ မိခင်ကြီးသည် ကျွန်ုပ် ရဟန်းမဖြစ်မည်ကို များစွာ စိုးရိမ် နေတော့သည်။ ကျွန်ုပ်အသက်ကား ၁၈ နှစ် ကျော်လေပြီ။ ကျွန်ုပ်သည် ထိုအချိန်၌ ဘာသာရေး အယူအဆနှင့် စပ်လျဉ်းသော ဒုက္ခကို ရှေးဦးစွာ တွေ့ကြုံရလေတော့သည်။ ဆရာဖြစ်စာမေးပွဲအတွက် ဝတ္ထုပစ္စည်း သင်္ချာမှစ၍ ယူသော စာအုပ်များကို သင်ရသည်။ ထိုစာအုပ်၌ ကမ္ဘာမြေ လုံးခြင်း၊ လည်နေခြင်း၊ ရေ အတက်အကျရှိခြင်း စသည်တို့ကို သင်ယူရလေရာ၊ ကျွန်ုပ် အသိ ဖြင့် သဘောကျနေတော့သည်။ သို့သော် ကျွန်ုပ်၏ဘာသာရေး ဗဟုသုတ အသိတို့ ကား မိစ္ဆာဒိဋ္ဌိဖြစ်နေလေတော့သည်။ ကျွန်ုပ်သည် ဗုဒ္ဓစွဲ သန်သော်လည်း မြေလုံး မြေလည်ဝါဒကိုလည်း မတွန်းလှန်နိုင်သဖြင့် များစွာပင် စိတ် မချမ်းမသာ ဖြစ်ရ သည်။ ဤအကြောင်းကို ကျောင်းအမကြီး ဒေါ်ငြိမ်းမယ် ကလည်း သိလေသည်။ စိတ် သိတ်မကူးနှင့် ချူးတတ်သည်ဟု ပြောသည်။ ကျွန်ုပ်၏ ပညာရေး ဝါသနာကို ဒေါ်ငြိမ်းမယ်တို့ အားလုံးသော သားချင်းများကကူညီကြသည်၊ အားပေးကြသည်။ သို့သော်လည်း စစ်ကိုင်း၌ မယ်တော်ကြီးကို လေးစားကြသဖြင့် အတင်း ခေါ်မထား ဝံ့ကြပေ။ စစ်ကိုင်းမယ်တော်ကြီးထံမှ စာသုံးကြိမ်တိုင်တိုင် ပေးမှာသဖြင့်၊ ဒေါ်ငြိမ်း မယ်သည် ကျွန်ုပ်အား မန္တလေးသို့ ပြန်လွှတ်သည်။ သာမဏေ မဝတ်ဘဲ လူဝတ်ဖြင့် ပြန်လာသောကြောင့် မယ်တော်ကြီးက မြည်တွန် ဆုံးမသည်။ ကျွန်ုပ်၏ စိတ်ကား လူဝတ်ဖြင့်ပျော်မွေ့သောစိတ် ပြင်းထန်နေသည်။ မယ်တော် မြည်တွန်သော အခါ ရှေးငယ်ငယ်က ကဲ့သို့ ဆိတ်ဆိတ် မနေတော့ဘဲ ကျွန်ုပ်လည်း မိခင်ကို ပြန်လှန် ပြောလေတော့သည်။

ကျွန်ုပ်ပြန်ပြောသော စကားလုံးတို့၌ ရုန့်ရင်းကြမ်းတမ်းသော အသုံးအနှုန်း မပါချေ။ အမေပြောသမျှ နားထောင်ရမည့်သား ယူ၍ ယူဆထားသော မိခင်ကြီး သည် သား၏ နှုတ်လှန်ထိုးမှုကို ဝမ်းနည်း ပက်လက် ဖြစ်ကာ ခြုံးပွဲချ ငိုလေတော့ သည်။ ငိုနေသောမိခင်ကြီးကို မြင်ရသော အခါ၌ကား၊ ကျွန်ုပ်လည်း မျက်ရည်တွေ ကျလာ၍ မိခင်အား စိတ်ဒုက္ခ အကြီးအကျယ် ပေးသော သားမိုက်ပါ ကလားဟု များစွာ ထိတ်လန့်သွားသည်။ ထိုအခါ မိခင်ကိုပြောပြန်သည်၊ "အမေ ကျွန်တော့ စိတ်က လူဝတ်နှင့်နေရတာ သိပ်ပျော်နေတယ်၊ အမေက သင်္ကန်း ဝတ်စေချင် နေ တယ်၊ ကျွန်တော်၏စိတ် ပြောင်းလဲသွားအောင် မဟာဂန္ဓာရုံဆရာတော်ထံ သွား၍ ကမ္မဋ္ဌာန်း ထိုင်မယ်"ဟုပြောသောအခါ မယ်တော်သည် ဝမ်းမြောက်ဝမ်းသာဖြစ်၍ "ဒီလိုဆိုလျှင် မင်းနှမ သီလရှင်ငယ် ၂ ယောက်ကို ဆရာကြီးဒေါ်မေဓါထံ အပ်နှံထား ခဲ့ပြီး၊ ငါကိုယ်တိုင် လိုက်၍ ထမင်းချက် ကျွေးမယ်" ဟု ပြောကာ ချက်ချင်းပင် ကိစ္စပြီးအောင် ဆောင်ရွက်သည်။ မယ်တော်ကြီး ကိုယ်တိုင်ပင် မဟာဂန္ဓာရုံ ဆရာ

တော်ထံသို့ ကျွန်ုပ်နှင့် အတူ သွားသည်။ ထိုအခါ ဂန္ဓာရုံ ဆရာတော် ဘုရားသည် လူများကို အဖူးအတွေ့မခံသော်လည်း ချမ်းချောင်းဆရာတော်ဘုရား၏ လျှောက် ထားချက်အရ၊ ညဥ့် ၈-နာရီတွင် ဂန္ဓာရုံဆရာတော်အား ဖူးမြော်ရ၍ ကျွန်ုပ်အား ဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်းပေးကာ ချမ်းချောင်းမှာ တယောက်တည်း တရား အားထုတ်ရလေသည်။ နှစ်လတိတိ ကြာသော်လည်း အာရုံနိမိတ်ကောင်းစွာ မထင် မြင်ချေ။ သို့သော် ကျွန်ုပ်၏ စိတ်အခြေ အနေကား ပျော့ပျောင်း သွားလျက် မိခင်၏ အလိုအတိုင်း သင်္ကန်းဝတ်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ ဝါဆိုလတွင် သင်္ကန်း ဝတ်၍ မစိုးရိမ်ဆရာတော် ဘုရားနှင့်အတူ အနောက် မှန်ကျောင်းမှာ နေရသည်။ ရဟန်းခံရန် အသက်မစေ့ ရောက်သေးသဖြင့်၊ ၁၉ နှစ်နှင့် သုံးလစေ့အောင် တဝါ တွင်း ဆိုင်းငံ့နေရသည်။ သီတင်းကျွတ်လဆန်း ၁-ရက်နေ့မှာပင်၊ ပဋိသန္ဓေအသက် ဖြင့် ရဟန်းပြုခဲ့ရ လေသည်။ ထိုနောက် မန္တလေး ရပ်ဝင်း ပွဲစား ဦးဘကြွယ် - ဒေါ်စျေးတော်တို့ကတကြိမ် ရဟန်းခံကြပြန်သည်။ ထိုနောက် မအူပင်မြို့ မြို့သူကြီး ကတော် မအူပင် မဟာဗောဓိကျောင်းတိုက် ဒါယကာမကြီး ဒေါ်သင်နှင့် သား ဦးစိန်ညွှန့်တို့က တဘိယအကြိမ် ရဟန်းခံကြပြန်သည်။ကျွန်ုပ်သည် ရဟန်းအဖြစ်ဖြင့် မော်လမြိုင်သို့ပြန်သွားသည်။ ရဟန်းအဖြစ်နှင့် တွေ့မြင်ကြရသော ကျောင်းအမကြီး ဒေါ်ငြိမ်းမယ်၏ ဆွေမျိုးသားချင်းတို့သည် ဝမ်းသာအားရဖြင့် နောက်ထပ်ရဟန်းခံ ပေးဦးမည်ဟု လျှောက်ထားကြသည်။ ကျွန်ုပ်ကား စိတ်ခက်ထန်သူဖြစ်၍၊ "ခဏ .. ခဏ ရဟန်းခံလို့ ဘာထူးမှာတုံး အပိုဘဲ"....ပြောလိုက်သဖြင့် နောက်ထပ်မလျှောက် ဝံ့ကြပေ။ ထိုနှစ်မှာ တိုက်အုပ်ဆရာတော်ကျောင်း အတူနေဖြစ်သော ဆရာတော် ဦးကေသရနှင့် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဆရာတော် ဦးဝိဇယသာမိတို့သည် ကျိုက်ထိုမြို့ အနောက်ရှိ ကော့ထင်းရွာသို့ ဒါယကာများ ပင့်လျှောက်ချက် အရ စာသင်တိုက် တည်ထောင်သီတင်းသုံးကြရာ၊ ဦးဝိဇယသာမိ ဆရာတော် လာရောက် ခေါ်ငင်သဖြင့်၊ ကော့ထင်းရွာတွင် ဝါဆိုသည်။ တုတ်ကွေးရောဂါသည် တပြည်လုံး အနှံ့အပြား ဖြစ်လေရာ၊ ကော့ထင်းကျောင်းသစ်၌ သံဃာအားလုံး တုတ်ကွေး ဖြစ် ကြသည်။ ဝါခေါင်လတွင် ဆရာတော် ဦးဝိဇယသာမိ ပျံလွန်တော်မူသည်။ ကျွန်ုပ် အား ဒေါ်ငြိမ်းမယ်တို့၏ ဆွေမျိုးသားချင်းများက လာရောက် ပင့်ဆောင် သဖြင့် ကော့ထင်းမှ သီတင်းကျွတ်လပြည့်နေ့ မရမ်းရွာသို့ ပြန်သွားသည်။

ကျွန်ုပ်၏ အသက် ၂၀-မှာ စစ်ကိုင်း မစိုးရိမ်ဆရာတော်ဘုရား အိန္ဒိယနိုင်ငံသို့ ဘုရားဖူးကြွရောက်မည်ဟု စစ်ကိုင်းမှာ အတူနေဘက်ဖြစ်သော ဦးပဥ္စင်းဦးပါဝေယျ၏ အကြောင်းကြားစာအရ၊ အိန္ဒိယသို့ သွားရောက်၍ အင်္ဂလိပ်စာ သင်ယူလိုသောစိတ် ပြင်းထန်လာသည်။ သို့ဖြင့် ကျောင်းအမကြီး ဒေါ်ငြိမ်းမယ် နှင့် သမီး မသိန်းနွဲ့တို့၏ အထောက်အပံ့ဖြင့် မစိုးရိမ် ဆရာတော် နှင့် အတူ အိန္ဒိယသို့လိုက်သွားသည်။ ကာလ

ကဘ္ဘာ:မြို့သို့ ရောက်သွား၍ မစ်ုးရိမ် ဆရာတော်များမှာ ဘုရားဖူးကြသွားကြသည်။ ကျွန်ုပ်သည် ကာလကတ္တားမြို့ ဆမ္ဗုနဒတ်စ်လိမ်း ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီး ဦးနန္ဒဝံသထံ ခေတ္တနေထိုင်ရသည်။ ထိုနောက် ဦးဒီပ၊ ဦးညေယျဓမ္မတို့နှင့် အတူ ဗုဒ္ဓဘာသာ လမ်းကလေးရှိ အဆောက်အဦး ငယ်တခု၌ အတူနေသည်။ ဗန်ဂါလီ ဗုဒ္ဓဘာသာ ဆရာတော် ကရိပါဆရပ်နှင့် ယူနီဘာစီတီ ပါဠိဆရာ ဦးပုညာနန္ဒ တို့ကို ဖူးတွေ့ရသည်။ ထိုနောက် ကျွန်ုပ်နှင့် ဦးညေယျဓမ္မ တို့သည် ဘိုးလမ်း အိမ်နံပါတ် ၁၀ တွင် ငှါးရမ်းနေထိုင်ကြသည်။ ထိုအချိန်မှစ၍ အင်္ဂလိပ်စာကို စတင် သင်ကြားသည်။ ရှေ့ဦးအစ၌ ပခုက္ကူနယ် လက်ယက်မ ရွာသူကြီး သား မောင်ဘညွန့်က ကျွန်ုပ်အား စတင် သင်ပြပေသည်။ ကျွန်ုပ်သည် မြန်မာ ဘုန်းကြီး ကျောင်းထွက် ဖြစ်သည့်အတိုင်း ပြပေးသော စာတို့ကို နှုတ်ငုံ ကျက်ထားသည်။ သုံးလေးလကြာသောအခါ၊ သီဟိုဠ်ကျွန်းသား ဗောဒိ ပါလ ခေါ် ဆေးကျောင်းသား တဦးက လခဖြင့်သင်ကြားပေးသည်။ ကျွန်ုပ်မှာလည်း နှုတ်ငုံကျက်ထားသူ ဖြစ်သည့်အတိုင်း အနည်းငယ် အင်္ဂလိပ်စကား ပြောတတ် လာသည်။

ထိုအခါက ကာလကတ္တား မြို့တွင် မြန်မာ ကျောင်းသားများ နေထိုင်သော ဘားမားဟောက် ဟူ၍ရှိသည်။ အကြီးအမှူး ကျောင်းသားတို့မှာ ကိုသိန်းမောင်၊ ကိုအာရှောင်၊ ကိုမောင်ကလေးတို့ဟု မှတ်မိသည်။ မြန်မာ ကျောင်းသား တို့သည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများအား ဝါဆိုဦး,သီတင်းကျွတ်,သင်္ကြန်ပွဲတို့၌ ဆွမ်းပင့် ကျွေးလေ့ ရှိကြသည်။ နိုင်ငံရေး ခေါင်းဆောင် ဦးဥတ္တမ ကိုယ်တော် ကိုလည်း ဖူးမြင်တွေ့ရှိရ၍ အကျွမ်းတဝင်ရှိသည်။ ကျွန်ုပ်ကား နိုင်ငံရေး၌ စိတ်မဝင်စားပေ။ ကိုအာရှောင်က ဆရာကောင်းကောင်းနှင့် သင်ယူရန် ဗန်ဂါလီ အင်မအေ ဆရာ တဦးကို ငှါးပေးသည်။ ဆရာ၏ လခမှာ တနေ့ကို တနာရီသင်ရသည်။ တလလျှင် ၁၅ကျပ် ပေးရသည်။ ကျွန်ုပ်မှာ မါတ်မီး,ရေချိုးခန်း,အိမ်သာပါဝင်သော အခန်းတခု အတွက် အိမ်လခ ၂၅ ကျပ်၊ ဆွမ်းအတွက်မှာ နံက် ၆ နာရီ ကော်ဖီ ပုကန်ကြီးနှင့် ပေါင်မုံ့ တလုံး၊ နေ့ ၁၀ နာရီမှာ အနောက်နိုင်ငံ သားတို့ စားသော အစားကို ဆွမ်းချိုင့်နှင့်ပေးသည်။ ၃၅ ကျပ်ပေးရသည်။ ကျွန်ုပ်အတွက် မြန်မာနိုင်ငံ မအူပင်မြို့ ကျောင်းအမကြီး ဒေါ်သင်နှင့် သားဦးစိန်ညွန့်တို့က တလ တလလျှင် ငွေတရာကျပ် ပေးပို့လှူဒါန်းသည်။ မော်လမြိုင် ဒေါ်ငြိမ်းမယ် သားအမိတို့က တလ တလ ငွေ ခြောက်ဆယ် ပေးပို့လှူဒါန်းကြသည်။ သူတို့၏သဒ္ဓါတရား မြဲမြံကြသည်။ ကျွန်ုပ်၏ အိန္ဒိယနိုင်ငံနေစဉ် ၅ နှစ်ပတ်လုံး မပျက်မကွက် ထောက်ပံ့ကြသည်။ ကျွန်ုပ်မှာ စိတ်ချမ်းသာစွာဖြင့် ပညာသင်ကြားရသည်။ ကျွန်ုပ်၏ပညာသင်ကြားပုံမှာ ကျောင်းသားများကဲ့သို့ စံနစ်မကျခဲ့ပေ။ ဖတ်စာနှင့် အင်္ဂလိပ် သဒ္ဒါကိုသာလျှင် အဓိကထား၍ သင်ယူသည်။ နက်ဖြီးသဒ္ဒါ စာအုပ်တို့ကို ကြည့်ရှုလေ့လာသည်။ ထိုစဉ်က ကာ

လကဘ္ဘားအထက်တန်း ကျောင်းတို့၌ ၁၀ -တန်းအတွက် ပြဋ္ဌာန်းသော ချိတ်စပီးယား ဝတ္ထုတို့နှင့် အခြား ဖတ်စာ တို့ကိုသာ လေ့လာခဲ့သည်။ ပညာတရပ် အနေဖြင့် တခြားဘာသာ ရပ်များကို မသင်မဖတ်ခဲ့ခြင်းသည် ကျွန်ုပ်၏ စာသင်နည်း စံနစ် မကျခြင်း ဖြစ်လေသည်။ ကျွန်ုပ် ကာလကတ္တားသို့ ရောက်သော လမှာပင် အီဒင် ဥယျာဉ်၌ ကိုင်ဇာစစ်ပြေငြိမ်းပွဲ ပြုလုပ်သည်ကို တွေ့မြင်ရသည်။ ၁၉၁၇ -ခုနှစ်လောက် ထင်သည်။ ကာလကတ္တားမြို့၌ ၃ -နှစ်မျှ အင်္ဂလိပ်စာကို သင်ယူပြီးလျှင်၊ ဗာရာဏသီ မြို့သို့ သွားရောက်၍ လောဟတီယား ခေါ် အရပ်မှာ အိမ်ငှါး၍ သက္ကဋ ဘာသာနှင့် ဟိန္ဒူဘာသာ နာဂရီကို သင်ယူသည်။ ထိုအခါက မိဂဒါဝုန်တော ဗုဒ္ဓဘာသာ ချီစာရီ၏ ဇရပ်ကြီးမှာ ဦးဣန္ဒာဝရ ကိုယ်တော် သီတင်းသုံးနေသည်။

ဟိန္ဒူဆရာကြီးတဦးကို ငှါး၍ လဃု သိဒ္ဓန္တကောမုဒီ -စသော သဒ္ဒါကျမ်းတို့ ကိုသင်သည်။အားလပ်သော အချိန်တို့၌ ဂင်္ဂါ မြစ်ဆိပ်သို့သွား၍ ဟိန္ဒူဆရာကြီးတို့၏ ဘာသာရေး ဟောပြော ခြင်းကို နားထောင်သည်။ တခါတရံ ဆွေးနွေးသည်။ ထို အချိန်၌လည်း ကျွန်ုပ်၏ဘာသာရေး ယုံကြည်ချက်တို့သည် စိတ်ကိုများစွာအနှောက် အယှက် ပေးကြတော့သည်။ ကမ္ဘာလုံး လည်ခြင်းမှစ၍ မနှစ်သက်နေသော ကျွန်ုပ် စိတ်သည် တိုးကာတိုးကာ မချမ်းမသာ ဖြစ်ရသည်။ ဗုဒ္ဓဘာသာ ကျမ်းစာ အရ ကမ္ဘာလောကကြီးသည် ဘာမျှအနှစ်သာရမရှိဟု ကျွန်ုပ်ကပြောကြားလေရာ၊ အနှစ် သာရ ဘာမျှမရှိဟု ဆိုလျှင် ဤအရာဝတ္ထုတို့သည် ဘာတွေလဲဟု မေးသည်။ ပဋိစ္စ သမုပ္ပါဒ် တို့၏ အကြောင်း အကျိုးဆက်သဖြင့်၊သတ္တဝါတို့ ထင်ရှားကြရပုံကို ပြော ရာတွင်လည်း ဤသဘော တရားကို ဖန်ဆင်း သူဣဿရ ဖန်တီးထားသည်ဟု ပြော၍ ယခုမျက်မှောက်၌ အဘယ်ဝတ္ထု ပစ္စည်းတို့သည် လုပ်သူမရှိဘဲ ဖြစ်ပေါ်နိုင်သနည်းဟု မေးကြသည်။ အဘိဓမ္မာ သဘောတရားများကို ပြောကြသောအခါ၊ အလွန်သိမ်မွေ့ သဖြင့် ဂုဏ်ဟူ၍ ထင်ရှား မရှိသော ဣဿရ၏ အစိတ် အပိုင်း အဏုကို အစွဲပြုကာ အခြားသော မာယာ -မနတို့ ပေါင်းစပ်လာ၍ ကမ္ဘာနေ သတ္တဝါတို့ ဆိုးသွမ်းရ ကြောင်း၊ ၎င်းတို့ကို လေ့ကျင့်မှု အမျိုးမျိုးတို့ဖြင့်ခွါပစ်မှ အတ္တသည် မုတ္တိဖြစ်သည် ပြောကြသည်။

တခါ၌ ကျွန်ုပ်ကို ဆရာကြီးက စာပြနေစဉ်၊ မြန်မာနိုင်ငံက ငွေများကို ကြေးနန်းဖြင့် ပို့လိုက်ရာ၊ စားပွဲပေါ်၌ ကြေးနန်းကုလားက ငွေစက္ကူများကို တင် ထားသည်၊ ကျွန်ုပ်လည်း လက်မှတ်ထိုးရန် ကြေးနန်းပုံစံကိုကြည့်နေရင်း အမှတ်တမဲ့ ဖြင့်၊ ရွှေကျင် ရဟန်းတော်တို့ အလေ့ အကျင့် အတိုင်း ဆရာကြီးအား ငွေတို့ကို ယူလိုက်ပါဟု ပြောမိသည်။ ထိုအခါ ဆရာကြီးက ခင်ဗျား၏ငွေကို ကျွန်ုပ်ဘာဖြစ်၍ ယူရမည်လဲဟု ပြန်ပြောသည်။ ကျွန်ုပ်ကား လျှာရှည်လိုက်သည်။ဆရာကြီး ကျွန်ုပ်တို့၏

ဆရာ ဗုဒ္ဓကိုယ်တော်က သိက္ခူ များသည် ငွေကိုမကိုင်ရဟု ဥပဒေပညတ်ခဲ့ကြောင်း ပြောသည်။ ဆရာကြီးသည် အံ့အားသင့်သော မျက်နှာဖြင့်၊ အို....ဘိက္ခုတွေ ငွေမကိုင်ရဘူးလို့ ဥပဒေပညတ်သလားဟု ပြန်မေးသည်။ ကျွန်ုပ်ကား ငွေများကို ကိုယ်တိုင်ကိုင်ယူလျက် အခန်းထဲတွင် သိမ်းထားရင်း၊ ဗုဒ္ဓကိုယ်တော်က ငွေကိုကိုင်ဘို့မပြောနှင့် အနားချထားပေးသော ငွေကိုပင် မသာယာ, မနှစ်သက်ရဘူး ဟူ၍ ဥပဒေပညတ်ချက် ပေးခဲ့သည်ဟု ပြန်ပြောလိုက်သည်။

ထိုအခါ ဆရာကြီး၏မျက်နှာသည် မသာယာဘဲ စဉ်းစားနေသည်။ဆရာကြီးသည် ဟိန္ဒူ ဘာသာဝင် ဖြစ်သော်လည်း ဗုဒ္ဓကိုယ်တော်အား အလေး အမြတ်ပြုသော ဆရာကြီးဖြစ်သည်။ ဆရာကြီးက အတော်ကြာသောအခါ၊ဘာဘာကြီးဟု ခေါ်သည်။ (အလေးပြုကာ ဘိက္ခုများကို ခေါ်သောစကားဖြစ်သည်။) ကျွန်ုပ်သည် ဆရာကြီးကိုမော့ကြည့်သည်။ ထိုအခါ ဆရာကြီးက ဤဥပဒေမျိုးကို ဗုဒ္ဓကိုယ်တော် မပေးပါဟု ငြင်းဆိုလေသည်။ ကျွန်ုပ်က ပေးပါသည်ဟု ပြန်ပြောသည်။ ထိုအခါ အောက်ပါမေးခွန်းများကို မေးသည်။ ဘာဘာကြီးသည် ငွေမရှိဘဲ မြန်မာနိုင်ငံက အိန္ဒိယပြည် ဗာရာဏသီမြို့သို့ ဘယ်သို့ လာရောက် နိုင်ပါမည်လဲ၊ ဤမြို့၌ ငွေမရှိဘဲ ဘယ်သို့ စားသောက်နေနိုင်ပါမည်လဲ၊ ယုတ်စွအဆုံး မီးခြစ်, ဖယောင်းတိုင်က အစ ငွေမရှိလျှင် ဘာကိုမျှ မရနိုင်ဘူး မဟုတ်လားဟု မေးသည်။ ကျွန်ုပ်က ဟုတ်ပါသည်ဟု ဝန်ခံသည်။ဒါဖြင့် ဘာဘာကြီး စဉ်းစားကြည့်ပါ၊ ငွေသည် သတ္တဝါတို့၌ ကျေးဇူးအပြုနိုင်ဆုံးသော ဝတ္ထုပစ္စည်းဖြစ်သည်။ ဘာဘာကြီးတို့လည်း ငွေနှင့်ကင်း၍မရနိုင်။ မကိုင်ရဆိုသော်လည်း ကိုင်သူမရှိသောအခါ ကိုယ်တိုင် ကိုင်ရမည့် ပစ္စည်းဖြစ်သည်။ ထို့ကြောင့် ဤဥပဒေပညတ်ချက်ကို ဘာဘာကြီးတို့ ဘိက္ခုများ မလိုက်နာနိုင်ကြပေ။ ငွေမရှိလျှင်လည်း ဘာဘာကြီးတို့ အသုံးကျသော ဝတ္ထုပစ္စည်းကို ရမည် မဟုတ်သဖြင့် စိတ်ဆင်းရဲရပေလိမ့်မည်။

ဘာဘာကြီး စိတ်မဆိုးလျှင် ကျွန်ုပ်ပြောပါရစေဟု ခွင့်ပန်သည်။ ကျွန်ုပ်က စိတ်မဆိုးပါ၊ ပြောသာပြောပါဟု ပြောလေရာ၊ဘာဘာကြီး ကျွန်ုပ်သည် ကျောင်းဆရာကြီးတဦးဖြစ်သည်။ မိမိ၏ကျောင်းသား တပည့်များကို ဥပဒေစည်းကမ်း ပေးမည်ဖြစ်ခဲ့သော်၊ ဥပဒေသည် တပည့်များအတွက် ကျေးဇူးပြုသောဥပဒေ ဖြစ်ရမည်။ တပည့်များကလည်း လိုက်နာနိုင်သော အခွင့်ရှိရမည်။ ကျောင်းသားတို့၏ အကျိုးသို့လည်း သက်ရောက်ရမည်ဟု စဉ်းစားဆင်ခြင်ပြီးမှ ကျောင်းသားအတွက် ဥပဒေသတ်မှတ် ပေးလေသည်။

ယခု ငွေမကိုင်ရ ဟူသော ဥပဒေမှာ-ဘိက္ခုတို့ အတွက်လည်း ကျေးဇူးမရှိ၊ ဘိက္ခုများကလည်း မလိုက်နာနိုင်၊ ကောင်းကျိုးများကို တားမြစ်သော ဤဥပဒေ

ကို ဗုဒ္ဓကိုယ်တော်က ပညတ်ခဲ့သည်မှန်လျှင် ဗုဒ္ဓအရှင်သည် ကျောင်းဆရာလောက်မျှ အသိဉာဏ်မရှိဟု ဆိုနိုင်ကြောင်းနှင့် ဆရာကြီးသည် ဗုဒ္ဓက မပညတ်ပါဟု အတင်း ငြင်းဆိုလေတော့သည်။

ကျွန်ုပ်သည် ကျောင်းဆရာကြီး တင်သော အပြစ်ဒေါသကို ရုတ်တရက်ပြန်၍ မချေပနိုင်။ ဆရာကြီးကိုလည်း ဒေါသအမျက် မထွက်ခဲ့ပေ။ ထိုအခါက ကျွန်ုပ်ကိုယ်တိုင် စာတတ် ဆရာတော်တပါးဟု အလေးအမြတ် ပြုထားသော ဆရာတော်ထံသို့ သွားရောက် ဆွေးနွေးသည်။ ဂယာမြို့၌ သီတင်းသုံးနေသော ထိုဆရာတော်ထံမှလည်း ကျေနပ်သော အဖြေကို မရခဲ့ပေ။ ဤသို့ ဂေါရခါပူရ်မြို့၊ ဘာလ်ရမ်ပူမြို့၊ လပ်ခနောင်းမြို့များ၌ လှည့်လည်ရင်း အခွင့်ကြုံတိုင်း ဘာသာရေး ဆွေးနွေးပွဲသို့ တက်ရောက်သည်။ ထိုအခါက အရိယာဆမဇ် အသင်းသည် ဘာသာရေးအတွက် တိုးတက်နေသောအသင်းကြီးဖြစ်သည်။ ကုသိနာရုံသို့ ရောက်သောအခါ ဆရာတော်ဦးစန္ဒမုနိအား လျှောက်ထား ဖူးတွေ့ရသည်။ သာဝတ္ထိ ဇေတဝန် ကျောင်း၌ ဦးမဟိန္ဒကိုယ်တော် သီတင်းသုံးနေသည်။ ဘာလ်ရမ်ပူမြို့၌နေသော ဦးဝရသမ္ဘောဓိ ရောဂါဖြစ်၍ ကျွန်ုပ်သည် လပ်ခနောင်းမြို့မှ လာပြီးလျှင်၊ ဦးဝရသမ္ဘောဓိအား ကုသိနာရုံ၌ တိုင်းရင်းဆေးဆရာကြီးများနှင့် ဆေးကုစားစေသည်။ ကျွန်ုပ်သည် ဂေါရခါပူမြို့အလီနဂရ်ခေါ်သော ဈေးထိပ်၌ အိမ်ငှါးလျက်၊ ဦးဝရအား စောင့်မျှော်ရင်း ရာမာယန စသော ဟိန္ဒူကျမ်းများ၊ မဟာဘာရဋ္ဌ ဟိန္ဒူကျမ်း ဘတ်စာကို သင်ယူနေသည်။ ထိုသို့နေစဉ်တွင် မိရိုးဖလာ ဗုဒ္ဓ ကိုယ်တော်အား အစွဲအလမ်း ကြီးသော ကျွန်ုပ်၏ သိစိတ်သည် ဘာသာရေး ကိစ္စတို့၌ ထိထိရောက်ရောက် မရှိခြင်းအတွက်၊ များစွာ အနှောက်အယှက် ဖြစ်ခဲ့လေသည်။ ငါတို့၏ ဗုဒ္ဓ အရှင်သည် ယခု ပုဏ္ဏား ပညာရှိကြီးထက် အသိဉာဏ် ပိုလွန် ထက်မြက်သော ရှေးပုဏ္ဏားရသေ့ ပုရိုဟိတ် တို့အား နှိမ်နင်းကာ ဆုံးမနိုင်ခဲ့လေသည်။ ငါမူကား ဗုဒ္ဓစာပေကို သင်ထားလျက် အဘယ်ကြောင့် မပြောနိုင်ဘဲ အရှုံးဘက်ကချည်း ဖြစ်ရလေသနည်းဟု မိမိကိုယ်ကို အပြစ်တင်ဖို့မိခဲ့သည်။ ထိုအခါမှ အစပြုကာ မိမိ၏ ကိုယ်ပိုင်စိတ်ကူးဉာဏ်ကို စတင်အသုံးပြုခဲ့လေတော့သည်။ အသက် ၂၆-နှစ်လောက်တွင် မြန်မာနိုင်ငံသို့ ပြန်ရောက်လာသည်။ မန္တလေးသို့ ရောက်သောအခါ၊ ဝိသုဒ္ဓါရုံတိုက်သစ် တိုက်အုပ် ဆရာတော်ဘုရား မမာမကျန်း လေငန်းရောဂါ ဖြစ်ပေါ်နေသည်ကို ဖူးတွေ့ရသောကြောင့်၊ စစ်ကိုင်းတောင်ရိုး ရတနာခူစံချောင်သို့ ပင့်ဆောင်ပြုစုရလေသည်။ ဆရာတော်ကို ပြုစုရင်း နှမ သီလရှင် ၂-ယောက်နှင့် သီလရှင်များကို စာပေ ပို့ချ ပေးလေသည်။ ဆရာတော်သည် တန်ဆောင်မုန်း လပြည့်နေ့၊ ရတနာ ခူစံချောင်၌ ပျံလွန်တော်မူလေသည်။

နတ္တော်လပြည့်နေ့ ဆရာတော်၏ဈာပနကိစ္စ ပြီးသဖြင့်၊ နောင်တော်ရဟန်းများသည် ဆရာတော်၏ အရိုးအိုးစေတီတော်ကို ပြီးအောင်ဆောင်ရွက်ကြသည်။ ထိုအခါ

ကျွန်ုပ်၏စိတ်သည် ဝိသဘာဂအာရုံတို့ဖြင့် မပြတ်တွေ့ကြုံ နေရသောကြောင့်၊ ရဟန်း ဝတ်နှင့် မပျော်မမွေ့ ဖြစ်ပြန်သည်။ ထိုအခါ နောင်တော် အကြီးဆုံး ရတနာခူစ်ဆရာ တော်အား လူထွက်ခွင့် လျှောက်ထားရာ၊ ဆရာတော်က ဆုံးမတားမြစ်တော်မူသည်။ ဒုတိယနောင်တော်ကမူ အင်္ဂလိပ်ဝါသနာပါသူဖြစ်၍ စိတ်ပြေလက်ပျောက်ဖြစ်စေရန်၊ ငါနှင့်အတူလိုက်၍ အင်္ဂလိပ်ထိုးပါကွာဟု ခေါ်ပြန်သည်။ ကျွန်ုပ်၏ဝါသနာကား စာ ပေမရှိလျှင် မနေတတ်သူဖြစ်၍ ဠက္ခဏာစရိယကျမ်း၊ ရေတိမ်ဆရာ, ရသေ့ ဦးအောင်, လေးထပ်ဆရာတော်တို့၏ အင်္ဂလိပ်ကျမ်းစသည်တို့ကို အရကျက်နှုတ်ငုံဆောင်ပြန်သည်။ ထိုမှတပါး အင်္ဂဝိဇ္ဇာကျမ်းများနှင့် ဒွါဒရာသီ,ဒွါဒသိမ်ကျမ်း တို့ကိုလည်း လေ့လာ ပြန်သည်။ ကျွန်ုပ်သည် မိမိ ကိုယ်ပိုင်ဥာဏ်ကို အသုံးပြုသော အလေ့အကျင့်ဖြင့် တောင်သောဆရာကြီးတို့၏ အယူအဆကို များစွာကျေနပ်သဖြင့်၊ အဘိဓမ္မာ သဘော တရားတို့ကို အခွင့်ရတိုင်းလေ့လာသည်။ ကျွန်ုပ်၏ ဒုတိယနောင်တော်ကား သူထိုး မနေသော အင်္ဂလိပ်ဝါတ်လုံး၏ မူလပိုက်ထားသော ဝါတ်ရုံကို ကျွန်ုပ်ကမေးမြန်းသော အခါ လျှို့ဝှက် ထားလို့ သဖြင့် ကျွန်ုပ်အား ပွင့်ပွင့် လင်းလင်း မပြော ကြားပေ။ ထိုအခါမှစ၍ ညီအကိုသဘောထားကွဲသဖြင့် ကျားကူးချောင်မှ ထွက်လာကာ စစ် ကိုင်းတွင် မနေဘဲ ဦးပဝရထံသွား၍ လူထွက် တော့မည့် အကြောင်း ပြောကြားရာ ဦးပဝရက လူမထွက်ရန် များစွာ တောင်းပန်သေးသည်။ ထိုစဉ်က ဆရာတော် ဦးပဝရ သည် စံသာနု တရားဟော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ သို့သော်လည်း တောင်းပန် မရသော အဆုံး၌ ကျွန်ုပ်၏ သဘောကို လိုက်လျှောကာ၊ ကောလင်းမြို့ အမျိုးသား ကျောင်းဆရာကြီးအဖြစ် ဆောင်ရွက်နိုင်အောင် ဦးပဝရက ဆောင်ရွက်ပေးသည်။ ကျွန်ုပ်လည်း ရန်ကုန်မြို့ သရက်တော ကျောင်းတိုက် မှန်ကင်းဆရာတော် ဦးဣပထံ၌ လူဝတ်လဲ၍ စစ်ကိုင်းတောင်ရိုး ရတနာခူစ်ချောင်သို့သွားရာ၊ အကိုရဟန်းတော်များ ကား များစွာ ဝမ်းနည်းခြင်း ဖြစ်ကြသည်။

## ယယ်ရှယ်သူတို့၏ တဏှာတ်ထိုးစိတ်

ကျွန်ုပ်၏ အသက်သည် ၂၆-နှစ်ပြည့်ခဲ့လေပြီ။ ရောဂါရောက်နေသော ဆရာ တော်ကို ပြုစုနေလျက်၊ သီလရှင်ငယ်များအား စာပေပို့ချ သင်ကြား ပေးခြင်းမှာ ရဟန်းတော်နှင့် မသင့်လျော်သော ဝိသဘာဂ အာရုံများဖြစ်၍ သက်ကြီးရွယ်ရင့် ပုဂ္ဂိုလ်ကြီးများက မသင့်တော်ဟု မကြာမကြာ ဆုံးမကန့်ကွက် သော်လည်း၊ တဏှာတ် ထိုးစိတ်ဖြင့် နားမထောင်ခဲ့ပေ။ ငါ့စိတ်ကို ငါထိန်းထားနိုင် သားဘဲ၊ သူတို့ကား ငါ့ကို အထင်အမြင် သေးကြသည်။ ငါ့ကို မနာလိုကြဘူး၊ စသည်ဖြင့် သူတပါး အပေါ်၌ သာလျှင် အပြစ်ရှုလျက် မိမိကိုယ်ကို လှည့်စားလေသည်။ အမှန်အားဖြင့်

လည်း စိတ်ကို မထိန်းနိုင်။ အကြိုက် မဟုတ်သော အာရုံ၌ စိတ်ကို ထိန်းထားနိုင်သော်လည်း၊ ကြိုက်နှစ်သက်သော အာရုံနှင့်တွေ့ကြုံမူ စိတ်ကို ထိန်းထား နိုင်ရန် မကြိုးစားတော့ပေ။ မမှန်မကန် သိထားသော အသိကိုပင် ငါ့အမှန် သိသားဘဲဟု အထင်ကြီးတတ် သေးသည်။ ကျွန်ုပ်သည် အထင်ကြီးသော တဇွတ်ထိုး စိတ်ဖြင့် အကျိုးကို လိုလားသော ဆရာသမား မိတ်ကောင်းများ၏ ဆုံးမစကားကို နားမထောင်။ လူထွက်၍ အိမ်ထောင်ပြုသောအခါ၊ ၆-ပါးမယ်တော်ကြီးဟု ရဟန်းတော် သီလရှင်များ လောက၌ ထင်ရှားသော အမေသည် သားအပေါ်၌ မျှားစွာဒေါသ ဖြစ်လေသည်။ အခြား သူများ၏ ကဲ့ရဲ့ခြင်း၊ အတင်းပြောခြင်းကို ခံရသဖြင့် ပိုမို ရှက်ကြောက် အမျက်ထွက်လေရာ၊ မိမိနေသော ခေမေသကချောင်မှာ မနေတော့ဘဲ ရှပ်ပ်နန်းကိုင်း တောင်ခြေရင်း၌ မအူပင်ချောင်ဟု သိမ်းသန့်ချောင်တည်၍ နေတော့သည်။ ကျွန်ုပ်သည် လူဝတ်နှင့် သွားရောက် ကန်တော့လေရာ၊ အကန်တော့မခံပူဘဲ သပိတ်မှောက်လိုက် လေသည်။ ကျွန်ုပ်၏ရဟန်းအမကြီးများနှင့် ဒေါ်ပြုံးမယ်တို့၏ သား,သမီးများကလည်း၊ သပိတ်မှောက်ကြပြန်သည်။ မယ်တော်ကြီးက ၆ နှစ်မျှ ကြာသည်။ ဒေါ်သင်တို့ သားသမီးကား နှစ်ပေါင်း ၂၀ -ကျော်ကြာ၍ ဒေါ်ပြုံးမယ်၏ သားသမီးတို့ကား နှစ်ပေါင်း ၃၀ -ကြာမျှ ဖြစ်လေသည်။

ကျွန်ုပ် စိတ်တို့သည် မိခင်စသော ပုဂ္ဂိုလ်တို့၏ သပိတ်မှောက်ခြင်းကို ခံရသဖြင့်၊ မချမ်းမသာ ဖြစ်ရသော်လည်း၊ ကောလင်းမြို့၌ ကျောင်းဆရာ အဖြစ်ဖြင့် နေရသော ၃ -နှစ်အတွင်းမှာ အဘိမ္မော တောင်သာဆေးကျမ်းများ၊ အင်္ဂရိပ်ကျမ်းများ၊ နက္ခတ်ဓါတ်ကျမ်းများ၊ အင်္ဂဝိဇ္ဇာ စသော ကျမ်းစာတို့၏ သဘောတရားတို့ကို လေ့လာသောအားဖြင့် မချမ်းသာ စိတ်တို့ကို ပယ်ဖျောက်ခဲ့ရသည်။ ကျွန်ုပ်သည် တောင်သာဆရာကြီးများ၏ ဆေးပညာအရ၊ အဘိမ္မော သဘောတရားတို့ကို အလွန်နှစ်သက် သဘောကျသဖြင့်၊ အင်္ဂရိပ်ကျမ်းများနှင့် ဆေးကျမ်း,နက္ခတ်ကျမ်းတို့၏ သဘော အယူအဆ တို့ကိုလည်း၊ အဘိဓမ္မာ သဘောတရားများဖြင့်သာလျှင် ဆင်ခြင် လေ့လာလေသည်။ ကောလင်းမြို့၌ ၃-နှစ် ကြာသောအခါ၊ ဆရာတော် ဦးပဝရသည် မန္တလေးမြို့ အရှေ့ပြင် ပြည်ကြီးမျက်ရှင်ရပ်ရှိ ငါးစို့တိုက် မြေနေရာတွင် ဗုဒ္ဓဘာသာ မိဘမဲ့ကလေးများ အခမဲ့စာသင်ကျောင်းကို စတင်တည်ထောင်သည်။ ထိုအခါ ဆရာတော် ဦးပဝရက မန္တလေးသို့လာရောက် နေထိုင်လျက်၊ ဆရာတော်၏ လုပ်ငန်းကို ကူညီရန် ခေါ်လေသည်။ ကျွန်ုပ်သည် ကျောင်းပိတ်သော လ,ဖြစ်၍ မန္တလေးသို့ လာပြီးလျှင်၊ ဆရာတော် ဦးပဝရ၏ အကြံပေးချက် အရ၊ ရန်အောင်မင်္ဂလာ ဆီစက်ပိုင် ဦးအောင်ခန့်၊ ထိုအခါက သမဝါယမ မြို့အုပ်ဖြစ်သော အထက်တန်းရှေ့နေကြီး ဦးဘသင်၊ သံလမ်း မောင်ဝင်း စာပုံနှိပ်တိုက်ပိုင် ဦးဝင်း၊ ထို့ပြင် စာရေးကြီး ဦးဘအေး၊ ဦးမှတ်တို့ နှင့်အတူ ဘီ-ဘီ-အို-အေ ခေါ် ဗုဒ္ဓ

သုတေသနစာကြည့်တိုက်
ဆရာနာဂျော်ထွန်း ပြုပြင်ပွားရေးဦးစီးဌာန
[illegible]

ဘာသာ မိဘမဲ့ကလေးများ စောင့်ရှောက်ရေး အသင်းကို ၁၉၂၇-ခု၊ ဇွန်လတွင် စတင် တည်ထောင်လိုက်သည်။

ကျွန်ုပ်သည် ငွေကိုင်စာရေးကြီးအဖြစ် ဆောင်ရွက်လျက်၊ ဗုဒ္ဓဘာသာ မိဘမဲ့ အသင်း၏ ရံပုံငွေများကို ထီဖွင့်ကာ စုဆောင်းကောက်ပံ့သည်။ ထီ ၂-ကြိမ်ဖွင့်ပြီး သောအခါ၊ ဘီ-ဘီ-အို-အေ အသင်းကြီးအား မန္တလေးမြို့ အရေးပိုင်မင်း ထိပ်တင် ပြူ မင်းသားကြီးကို အသင်းဥက္ကဋ္ဌကြီးအဖြစ် တင်မြှောက်လျက်၊ အရှေ့နယ် ရာဇ ဝတ် ဝန်ထောက်မင်း ဦးစံသင့်ကို အကျိုးဆောင်အဖြစ် ထားပြီးလျှင်၊ မန္တလေး မြို့ရှိ မြို့မိမြို့ဖတို့က အသင်းကြီးကို တိုးချဲ့ဆောင်ရွက်ကြသည်။ အသင်းကြီး၏ ရံပုံငွေ အတွက် ထီဖွင့်၍ပင် ၄-နှစ်မျှ ဆောင်ရွက်ခဲ့သည်။ ထိုအခါ မန္တလေးမြို့၌ မြင်းထီ၊ လူအိုရုံအသင်းထီ၊ ဖါသာလဖုံးကျောင်း ထီတို့ ပေါ်လွင်ထင်ရှားနေသော အချိန်ဖြစ် သည်။ လေးနှစ်မျှ ထီဖွင့်ရ သဖြင့်၊ မိဘမဲ့ကျောင်းတွင် ပဲကုန်သည်ကြီး ကျောင်း အမကြီး ဒေါ်ဒေါ်မိ၏ ကျောင်းအပြင် အသင်းမှ ကမကထပြု၍ ဆောက်လုပ်သော မြန်မာဆန်ဆန် ကျောင်းဦးပြဿဒ်ကြီး နှင့် တကွ တသိန်းကျော်တန် ၁၀-ခန်း၊ ၆-ခန်း ၂-ဆင့်တိုက်ကျောင်းကြီးတခု၊ မိဘမဲ့ကျောင်း ပိဋကတ်တိုက်တလုံး ပြီးစီး သည်။ ထို့ပြင် အသင်းကြီးက ဘီ-ဘီ-အို-အေ ဘဏ်တခု တည်ထောင်နိုင်ရန် မ,တည်ရံပုံငွေ ငါးသိန်းတိတိ ပေးနိုင်ခဲ့လေသည်။

ထီဖွင့်၍ ၂-နှစ်ခန့်ရှိသောအခါ၊ဆရာတော် ဦးပဝရတို့နှင့်အတူနေဖြစ်ခဲ့သော ရွှေဘို ဝက်လက်မြို့နယ် ပေါက်ကန်ဘုတာ အနောက်၊ကူခေါင်းရွာသား ဆရာတော် ဦးအာစိဏ္ဏ ကိုယ်တော်သည် ကျွန်ုပ်အား "ရဟန္တာ ကိုယ်တော်များ ယခုအခါ ဖြစ်ပေါ်နိုင်သလား" ဟူသော မေးခွန်းကိုမေးသည်။ "ရှိနိုင်ပါသည်" ဟု ဖြေသော အခါ၊ "ဖူးမြင်ရလျှင် ရဟန္တာဟု သိနိုင်သလား" ဟု မေးပြန်သည်။ "မသိနိုင်ပါ" ဟု ပြန်လျှောက်ထားရာ၊ ဦးအာစိဏ္ဏ ကိုယ်တော်က မြင်းခြံမြို့ စွန်းလွန်း တောရ ကျောင်း၌၊ ၂-ဝါဆိုခဲ့သဖြင့် စွန်းလွန်းဆရာတော်အား သူ၏ ထင်မြင်ဆယူချက် တို့ကို ပြောပြသည်။ ကျွန်ုပ်သည် ဦးအာစိဏ္ဏ ကိုယ်တော် ပြောချက်ကို ကြားနာရ သဖြင့်၊ စွန်းလွန်းဆရာတော်ထံသို့ သွားရောက်ဖူးမြော်ရန် စိတ်ထက် သန်လေသည်။ ထိုအခါ မိဘမဲ့အသင်း ထီကြီး ဖွင့်ရန် ရက်ပေါင်း ၂၀ မျှလိုတော့သဖြင့် ငွေရေး အတွက် အရေးကြီးသော အချိန်ဖြစ်နေသည်။ စွန်းလွန်းဆရာတော်ထံသို့ ၇ ရက်မျှ သွားရောက် ဖူးမြော်၍ တရားတော်နာယူရန် အခွင့်တောင်းလေရာ၊ မိဘမဲ့အသင်း လူကြီးများက အခွင့်မပြုကြပေ။ အမှုဆောင် အစည်းအဝေး၌ စွန်းလွန်းဆရာတော် ထံသို့ သွားခွင့်မပေးလျှင် ကျွန်ုပ်၏ တာဝန်ဝတ္တရားတို့ကို လူကြီးများအား ပြန်လည် လွှဲအပ်ပါသည်။ ရဟန္တာ ပုဂ္ဂိုလ်အား ဖူးမြော်ရလျှင် သေ၍သေရခြင်းထက် အဆ

ပေါင်းများစွာ မြင့်မြတ်လှသည်ဟု ပြောဆိုလေရာ၊ အမှုဆောင် လူကြီးတို့သည် ကျွန်ုပ်၏ စိတ်ထက်သန်မှုကို နားလည်ကြသဖြင့် ဝမ်းမြောက်ဝမ်းသာ အမှုဆောင် လူကြီးများကပင် စရိတ်ပေး၍ ခွင့်ပြုလိုက်ကြသည်။ ကျွန်ုပ်၏ နေရာတွင် အကျိုး တော်ဆောင် ဆရာရှင်က ၇-ရက် ဆောင်ရွက်ပေးသည်။ ဆရာတော် ဦးအာစိဏ္ဏနှင့် အတူ မြင်းခြံ စွန်းလွန်းတောရကျောင်း ဆရာတော်ထံသို့ ရောက်၍ ဖူးမြော်ရသည်။ ဦးအာစိဏ္ဏက "ဤဒါယကာသည် တပည့်တော်အား စာပေပို့ချ ပေးဘူးသော ဒါယကာ ဖြစ်ကြောင်း" လျှောက်ထားသောအခါ၊ စွန်းလွန်း ဆရာတော်ဘုရားက တရားလုပ်ငန်းနှင့် စပ်ဆိုင်သော မေးလိုသမျှကို မေးပါဟု ခွင့်ပေး လေသည်။ ကျွန်ုပ်က "တပည့်တော်သည် အရှင်ဘုရားထံသို့ ပုစ္ဆာ မေးရန် လာခြင်းမဟုတ်ပါ၊ ဆရာတော် အားထုတ်ထားသော တရားလုပ်ငန်းကို အစမှအဆုံးတိုင်အောင် မှတ်ယူ နာကြားလိုပါသည်။ ဆရာတော်၏ တရားလုပ်ငန်းကို နာယူရသဖြင့် တပည့်တော်၏ ကိုယ်ပိုင်ဉာဏ်ကိုသာလျှင် အသုံးပြုရန် ဖြစ်ပါသည်...."ဟု လျှောက်ထားလေသည်။

ထိုအခါ စွန်းလွန်းဆရာတော်ဘုရားသည် မြင်းခြံမြို့၊ မြို့ပိုင်ရုံးတွင် မင်းစေလုင် အဖြစ်ဖြင့်၊ လယ်တီ ဆရာ တော်ဘုရား ဟောကြားသော အာနာပါန တရားကို နာယူခဲ့ရသည်မှ အစပြုကာ ထွက်လေ ဝင်လေလုပ်ငန်းကို စတင်လေ့လာပုံများနှင့် တကွ အသိထူးများပေါ်ပေါက်လာပုံတို့ကို ကျွန်ုပ်နှင့်တကွ ဦးအာစိဏ္ဏအား ပြော ပြနေသည်မှာ ညဉ့် ၈- နာရီ အချိန်မှစ၍ နံက် ၃- နာရီခန့်အထိ ကြာမြင့် သည်။ ကျွန်ုပ်သည် ဆရာတော်၏ ပြောပြချက်များကို နှစ်သက်ယုံကြည်စွာ နာယူလေသည်။ နာယူနေစဉ် အတွင်း ကျွန်ုပ်သည် မေးခွန်းဟူ၍ တလုံး တပါဒမျှ မမေးမြန်းပေ၊ သို့သော် ဆရာတော်သည် တရားစကားစဉ်အလျှောက် ပြောပြနေရာတွင် ကျွန်ုပ်အား အဘိညာဏ်တန်ခိုးနှင့် မဂ်တရား ဘယ်သင်းကပိုမို၍ ခက်သနည်း မေးပါသည်။ကျွန်ုပ် က ဆရာတော်ဘုရား မိန့်တော်မူပါဟု ပြန်လျှောက်သည်။ ထိုအခါ စွန်းလွန်းဆရာ တော်ဘုရားက"ဒကာ သိန်းအောင် အဘိညာဏ်တန်ခိုးဆိုတာ အဟုတ်မရှိဘူး၊ သမာ ဓိအင်အားကိုယူလျက် ဉာဏ်ကရအောင်လုပ်ပေးရတာ၊ မဂ်တရားဆိုတာ အဟုတ်ရှိတဲ့ သဘောတရား၊ လမ်းမှန်သွားလျှင် မဂ်ကိုတွေ့မှာပေါ့ အဟုတ်ရှိတာကိုး....မရှိတာကို အရှိဖြစ်အောင် လုပ်ရခြင်းနှင့် အရှိကိုရောက်အောင်သွားခြင်း ၂ မျိုးတွင် မရှိတာ ကို ရှိအောင် လုပ်ရခြင်းက ပိုမိုခက်လှသည်"ဟု မိန့်ကြားတော် မူသည်။

စွန်းလွန်းဆရာတော်သည် စာပေသင်ကြားဘူးသော ပုဂ္ဂိုလ်မဟုတ်ကြောင်း ကိုအများပင်သိရှိကြသည်။ ကျွန်ုပ်သည်ဆရာတော် မိန့်ကြားချက်ကို ကြားနာရသဖြင့် များစွာပင် သက်ဝင်ယုံကြည်ခြင်း ဖြစ်သွားပေသည်။ထိုနောက် ဆရာတော်သည် အာ နာ ပါနလုပ်ငန်းကိုပင် ကျွန်ုပ်အား တရားပေးပါသည်၊ ဦးအာစိဏ္ဏနှင့် ကျွန်ုပ်သည်

ကမ္ဘာ့ဥာန်းကျောင်းငယ်ထဲတွင် အဘူတရား အားထုတ်ပါသည်။ ယခုအခါ စွန်းလွန်း တပည့်များ လေ့လာသကဲ့သို့ ကျွန်ုပ်အား မပေးပါ။ အသက်ကို ရှူရှိုက်သောအခါ နှာသီးဖျား ထိသွားမှန်းသိအောင် ရှူရှိုက်ရမည် ဟူ၍သာလျှင် ပြောပြပါသည်။ ပြန်ရက်ရောက်သောအခါ ဦးအာစိဏ္ဏက "ဒကာကြီး မေးချင်တာရှိလျှင်မေးခဲ့ပါ၊ နောက်ကို တော်တော်နှင့် တွေ့ရမည် မဟုတ်ဘူး" ပြောပါသည်။ ကျွန်ုပ်က မေးစရာ ဟူ၍ များများ စားစား မရှိပါ။ သို့သော် နိရောဓ သမာပတ် ဝင်စားပုံကိုတော့ လက်တွေ့သဘောကို သိလိုပါသည်ဟု ပြန်ပြောပါသည်။ ပြောစဉ် ကာလက, ကမ္ဘာ့ဥာန်း ကျောင်းငယ်တွင် ၂-ဦးတည်း တိုးတိုးသက်သာ ပြောကြားခြင်းဖြစ်ပါ သည်။ နံက် ရထားဖြင့် မန္တလေးသို့ပြန်ရန် စွန်းလွန်း ဆရာတော်ဘုရားအား သွား ရောက်ကန်တော့လေရာ၊ ထိုအခါ ဆရာတော်သည် သံဃာတော်များနှင့် အာရုံဆွမ်း ဘုဉ်းပေးနေပါသည်။ ကျွန်ုပ်မှာ ဆရာတော်အား ဝတ်ချ ကန်တော့သော အခါ စွန်းလွန်း ဆရာတော်ဘုရားက - "ဒကာ သိန်းအောင်, နိရောဓ သမာပတ် ဆိုတာ အဟုတ်ရှိသော နာမ်တရားတွေ အကုန် ချုပ်ကုန်တော့ ငြိမ်းမှု သက်သက်ဖြင့် ၇-ရက်လုံးလုံး နေတာ...."ဟု မိန့်ကြားတော် မူလေရာ၊ ဦးအာစိဏ္ဏနှင့် ကျွန်ုပ်သည် အံ့အားသင့်စွာဖြင့် မှတ်သားခဲ့ရပါသည်။ ကျွန်ုပ်လည်း ဆရာတော်ဘုရား၏ တရား စကားအစဉ်တို့ကို စဉ်းစားဆင်ခြင်ကာ မန္တလေးသို့ ပြန်ခဲ့ပါသည်။ ကျွန်ုပ်၏ စိတ် အကြံအစည်ကို သိထားသကဲ့သို့ မမေးမြန်းဘဲ ရုတ်တရက် ပြောကြား လိုက်ခြင်း အတွက်လည်း အံ့သြခဲ့ရပါသည်။

မန္တလေးသို့ ပြန်ရောက်သောအခါ ထီဖွင့်ရက် နီးကပ်သဖြင့်၊ ထီငွေများကို လက်ခံရာတွင် တာဝန်ခံဖြစ်၍ အလုပ်များနေသောကြောင့်၊ ဆက်လက်၍ ဆရာ တော်၏ ပြောပြလိုက်သော သဘောတရားများကို မစဉ်းစား နိုင်ခဲ့ပါ။ ထီဖွင့် ပြီး၍ ကိစ္စများ နည်းသွားသောအခါ၊ စွန်းလွန်းဆရာတော်၏ ပြောပြသော လုပ် ငန်းတို့ကို အေးအေးဆေးအေး ဆင်ခြင် စဉ်းစားလျက်၊ စာပေကျမ်းဂန် မသင် ကြားခဲ့ဘူးသော စွန်းလွန်း ဆရာတော်၏ သဘာဝ တရားများကို သိပုံနှင့် မိမိ၏ သဘာဝတရားတို့သို့ အသိရောက်ပုံတို့ကို နှိုင်းယှဉ်ကာ ဆရာတော်၏ အသိရောက်ပုံကို ကျေနပ်နှစ်သက်စွာ ကြည်သိုခြင်း ဖြစ်ပါသည်။ ထိုအချိန်အခါ အကျွန်ုပ်စိတ် ဖြစ် ပွါးပုံကို အထူးမှတ်သား မိခဲ့သည်မှာ၊ ဆရာတော် ဦးအာစိဏ္ဏက စွန်းလွန်းဆရာ တော်၏ ဂုဏ်ကျေးဇူးများကို ပြောပြသည့်အခါဘွင် ကျွန်ုပ်၏စိတ်၌ ရဟန္တာ ဟူသော အမှတ်ဖြင့် အလွန်ပင် သက်ဝင်သွားသဖြင့်၊ ရဟန္တာ ပုဂ္ဂိုလ်အား တွေ့မြင်ဖူးမြော် ရလျှင် ဆုတောင်းသမျှပြည့်စုံတတ်သည်ဟူသောအစွဲဖြင့်၊ကိလေသာ အညစ်အကြေး လျှော်ဖွပ် သုတ်သင်ဆေးကြော နိုင်ရန်နှင့် ဝိဇ္ဇာဥာဏ်အလင်းကို ရရှိနိုင်ရန်ဟု ရည် စူးကာ ဆပ်ပြာထုပ်ပေါင်း များစွာနှင့် ဖရောင်းတိုင် ထုပ်ပေါင်း များစွာ တို့ကို မန္တလေးမှ ယူဆောင်သွား၍ ဆရာတော်အား ပူဇော်ပြီးလျှင် ဆုတောင်းခဲ့ပါသည်။

အလုပ်အားသောအခါတိုင်း ထွက်လေ-ဝင်လေကို ဆရာတော်၏ အမှာအတိုင်း လေ့လာပါသည်။ အဘိဓမ္မသဘော တရားတို့ကို လေ့လာနေသော ကျွန်ုပ်၏စိတ်သည် ထွက်လေ-ဝင်လေတို့ကို အာရုံအဖြစ် စိတ်အကြည်၌ ပေါ်ထင်လာသောအခါ ထိုထွက်လေ-ဝင်လေ တို့သည် မီးခိုးအဖြူအစုကဲ့သို့ သာလျှင် ပေါ်လာထင်ရှားနေလေတော့သည်။ထိုအာရုံကို ကျွန်ုပ်သည် တိုးပွါးအောင်လည်း မလေ့လာခဲ့၊ ပျောက်ကွယ်အောင်လည်း မလေ့လာခဲ့ပေ။ ထိုအာရုံသည် အဖြူအစုဖြစ်နေသောကြောင့်၊ ဟိုဘက် ဒီဘက် ဒိုးရိုပေါက် မှန်သား အကြည်ကဲ့သို့ မြင်နိုင်အောင်ကို သာလျှင် စိတ်တည်ငြိမ် နိုင်သည်ထက် ပိုမိုတည်ငြိမ်အောင် နှလုံး သွင်းလေသည်။ သို့သော် မတိုးတက်ခဲ့ပေ။ ထိုအာရုံသည် ကျွန်ုပ်၏အသိ အနားယူစရာ ဇရပ်တခုကဲ့သို့ ဖြစ်လေသည်။ ကျွန်ုပ်သည် တောင်သာအဘိဓမ္မာ ဆေးကျမ်း များနှင့် အဂ္ဂိရပ်ဓါတ်ကျမ်းများကို ပိုမိုစိတ်ဝင်စားနေသော အချိန်ကာလဖြစ်၍ တည်ငြိမ်သောသမာဓိစိတ်ဖြင့် စဉ်းစားဆင်ခြင်ပါလျှင် ထိုဆေးကျမ်း ဓါတ်ကျမ်းတို့၏ သဘောတရားတို့ကို ထိုးထွင်းပေါက်ရောက်လိမ့်မည်ဟု ယူဆယုံကြည်လျက် ရှိလေသည်။ ထို့ကြောင့် ထွက်လေ-ဝင်လေ၏ အဖြူစု အာရုံကို အပျောက်မခံဘဲ လေ့လာလျက် သဘာဝတို့ကို ဆင်ခြင်လေ့လာသည်။

ထိုအခါ တောင်သာဆေးကျမ်းဆရာကြီးတို့၏ အဘိဓမ္မအယူအဆကို များစွာနှစ်သက် သဘောကျနေသဖြင့်၊ သမ္မော-ဝိသုဒ္ဓိမဂ် အဋ္ဌကထာစသော ပါဠိကျမ်းဂန်တို့ကို အထူးစိတ်ဝင်စားကာ လေ့လာ ပြန်သည်။ ထိုအခါ အဖြစ်တမျိုး ကြုံလာရသည်မှာ-မြန်မာဆေးပညာကို စုံစမ်းလေ့လာရန် အစိုးရ၏ကော်မရှင်အဖွဲ့ မန္တလေးသို့ လာရောက်စုံစမ်းရန်ဖြစ်လေသည်။ထိုကော်မရှင်အဖွဲ့၏ အစုံစမ်းခံယူရန် မန္တလေးမြို့နှင့် နယ်နိမိတ်အတွင်း၌ရှိ မြန်မာဆေးဆရာကြီးများကို မန္တလေးမြို့ လူအိုရုံအသင်းအတွင်းရေးမှူးချုပ် ဆရာဦးမောင်ကြီးက ဘိတ်ကြားသဖြင့် မြန်မာ ဆေးဆရာကြီးများစွာတို့ တက်ရောက်ကြသည်။ ထိုအစည်း အဝေးကြီး၌ မိုးထားတိုက် ဦးပညိန္ဒ ဆရာတော် လူထွက် မြန်မာ ဆေးဆရာကြီး ဦးစံတင့် သဘာပတိ ဖြစ်လေသည်။ ကျွန်ုပ်သည် မန္တလေးသူရိယ သတင်းစာ အယ်ဒီတာ ဦးနိုင်၊ မြန်မာဆေးဆရာကြီး ဦးလှပေါ်နှင့်အတူ ထိုအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ သဘာပတိ ဆရာကြီး ဦးစံတင့်ကား ပိဋကတ်,သက္ကဋဘာသာတို့၌ ကျွမ်းကျင် တတ်မြောက်သည့် အပြင်၊ မြန်မာဆေးပညာအရ လက်တွေ့ကုစားနေသော ဆရာကြီးတဦးလည်း ဖြစ်ပေသည်။ သဘာပတိ ဆရာကြီး ဦးစံတင့်သည် မိမိ၏ ထင်မြင် ယူဆချက် တို့ကို ရဲရင့် ပြတ်သားစွာ အကွက်ကျကျ ပြောပြလျက်၊ အဘိဓမ္မာ တောင်သာ ဆေးကျမ်း များ၏ အယူအဆတို့ကို ငြင်းပယ်ခဲ့လေသည်။ တောင်သာ အယူအဆ ရှိနေသော ကျွန်ုပ်၏

စိတ်တွင် အလွန်ပင် ခံပြင်းလျက် ရှိသော်လည်း ဆရာကြီး ဦးစံတင့်၏ ပညာအရည် အချင်း တို့ကိုကား များစွာလေးစား နှစ်သက် ခဲ့သည်။

အစည်းအဝေး ပြီးစီးသောအခါ လူအိုရုံအသင်း အတွင်းရေးမှူးချုပ် ဆရာကြီး ဦးမောင်ကြီးက အစည်းအဝေးသို့ ကြွရောက် ကြသော ဆရာကြီး များကို လက်ရည် အချိုပွဲတို့ဖြင့် ဧည့်ခံကျွေးမွေးရာတွင်၊ ထိုလက်ရည် စားပွဲ၌ ကျွန်ုပ်သည် သဘာပတိဆရာကြီး ဦးစံတင့်၊ ဦးနိုင်၊ ဦးလှပေါ်တို့နှင့်အတူ တွေ့ဆုံခွင့်ရလေသည်။ ဆရာကြီးနှင့် အလ္လာပသလ္လာပ စကားစမြည်ပြောရာတွင် ကျွန်ုပ်က ဆရာကြီးခင်ဗျား - ဆရာကြီး အစည်းအဝေး၌ မိန့်ကြားခဲ့သော ရသေ့ဆေးကျမ်းများသည် ဓါတ်ကြီး -၄ ပါးနှင့် အာကာသဓါတ် တို့ကို အခြေခံထားလျက် အာယုဗ္ဗေဒဆေးပညာတရပ် ကိုပြုစုခဲ့သော ဆေးကျမ်းများဟု ကျွန်တော် ထင်မြင်ယူဆပါသည်ဟု ပြောလေရာ၊ ဆရာကြီးက ဟုတ်ပါသည်ဟု ဝန်ခံလေသည်။ ဤကဲ့သို့ဟုတ်ခဲ့လျှင် တောင်သာ အဘိဓမ္မာ ဆေးဆရာကြီးတို့ သည်လည်း ဗုဒ္ဓကိုယ်တော်၏ အဘိဓမ္မ ဖြစ်သော ဓါတ်ကြီး ၄ ပါးနှင့် အာကာသဓါတ်တို့ပင် အခြေခံထားလျက် မြန်မာ့ဆေးပညာ တရပ်ကို ဖေါ်ထုတ်ကြခြင်း ဖြစ်ပါသည်။ ဆရာကြီး ခင်ဗျား....အခြေခံ သဘောတရားများ တူခဲ့ပါလျှင် ရသေ့ဟော အဘိဓမ္မသဘောတရားထက် ဗုဒ္ဓအရှင်၏ အဘိဓမ္မ သဘော တရားတို့ကိုလေ့လာခြင်းက ပိုမိုသဘာဝသို့ အသိရောက်မည်ဟု ထင်ပါသည်ဟုကျွန်ုပ် က ဆရာကြီး ဦးစံတင့်ကို ပြောပြသည်။ ထိုအခါ ဆရာကြီးက ကျွန်ုပ်၏ အသက်နှင့် အမည်တို့ကို မေးမြန်းလျက်၊ ကိုသိန်းအောင် ယခု တင်ပြသော အပြစ်တို့ကို ဤတထိုင် တည်း၌ ကြေလည်အောင်မပြောနိုင်ပါ။ အကယ်၍ ကိုသိန်းအောင်သက္ကတ ဘာသာကို တတ်မြောက်ပါမူကား အာယုဗ္ဗေဒဆေးကျမ်းကို ဘတ်ကြည့်စေလိုသည်။ မိမိကိုယ်တိုင် ဤဆေးကျမ်းကို ဘတ်ရှုလေ့လာခဲ့ပါလျှင်၊ ယခု ကိုသိန်းအောင် တင်ပြသော အပြစ်ဒေါသတို့မှ အလိုလိုလွန်မြောက် သွားပေလိမ့်မည်ဟု ဆရာကြီးက ပြန်ပြော ပါသည်။ ထိုအခါ ဦးနိုင်နှင့် ဆရာဦးလှပေါ်တို့က ကျွန်ုပ်၏ အတ္ထုပ္ပတ္တိကို သိသလောက် ပြောပြကြသဖြင့်၊ ဆရာကြီး ဦးစံတင့်သည် ဝမ်းမြောက်စွာ သူ၏ အိမ်သို့ ပြန်ရောက်၍ ကျွန်ုပ်အား 'သိင်္ဂါခရသံဟိတာ' ခေါ်သော ဟိန္ဒူဘာသာ ဋီကာနှင့် တကွ သက္ကတ အာယုဗ္ဗေဒ ဆေးကျမ်းကြီး တအုပ်ကို လှူဒါန်းလိုက်ပါသည်။

ဆရာကြီး၏ ပညာ အရည်အချင်းတို့ကို အလေးအမြတ်ပြုသော ကျွန်ုပ်သည် ထိုဆေးကျမ်းကြီးတို့ကို လေ့လာသောအခါ၊ ရသာယန ဆေးပိုင်းကို တွေ့မြင်ရ၍ မြန်မာတို့ လေ့လာလိုက်စား နေကြသော အဂ္ဂိရပ်ကျမ်းများ၏ အခြေ အမြစ်ကို တွေ့မြင်ရပါတော့သည်၊ ထိုအခါမှ စ၍ တောင်သာဆေးကျမ်းများ, အာယုဗ္ဗေဒ ဆေးကျမ်းများနှင့် အဂ္ဂိရပ် ခါတ်ကျမ်းများတို့အား ဗုဒ္ဓအဘိဓမ္မ သဘောတရားကို

အခြေခံထားလျက် ဆင်ခြင် လေ့လာပါသည်။ တနေ့သ၌ နက္ခတ်ဓါတ်ကျမ်းတို့၌ ဖေါ်ပြထားသော ဓါတ် ၉-ပါးကို ဗုဒ္ဓအဘိဓမ္မ ပညာအရ ဆင်ခြင် စဉ်းစားသော အခါ၊ ဓါတ်တို့ကို အရေ အတွက် ဂဏန်းသင်္ချာတို့ဖြင့် မှတ်သားရခြင်း၏ အခြေ အမြစ်ကို နှိုင်းယှဉ်သည်။ ဗုဒ္ဓအဘိဓမ္မ ပညာအရ ဆိုလျှင်၊ အဝိနိဗ္ဘောဂ ရုပ် ၈-ခု နှင့် အာကာသဓါတ်၊ ပေါင်း ၉-ပါး ဖြစ်သော်လည်း၊ နက္ခတ်ဓါတ် ပညာအရ ဓါတ်ကြီး ၄-ပါးနှင့် အာကာသဓါတ် ပေါင်း ၅-ပါးကိုသာလျှင် တွေ့ရှိရသည်။ ထိုအခါ အဘိဓမ္မပညာကို အလေးအမြတ်ပြုသည့်အတိုင်း အဝိနိဗ္ဘောဂ ရုပ် ၈-ပါး ကို စဉ်းစားဆင်ခြင်သောအခါ၊ ကမ္ဘာပြု ကမ္ဘာပျက်သဘောသို့ အသိရောက်သွား လေရာ၊ ကမ္ဘာပျက်ပြီးသောအတိုင်း တည်နေသော သံဝဋ္ဋဌာယီ ကပ်၌ စကြာဝဠာ ကုဋေတသိန်းထု ထုနေသော အမိုက်တိုက်ကြီးသို့ အသိရောက် နေတော့သည်။ ထိုအခါ အန္ဓကာရောရုပ် ဟူသော ဓမ္မသင်္ဂဏီ ပါဠိတော်ကို သတိရလာသဖြင့်၊ ဤ အမိုက်တိုက်ကြီးသည် သင်္ခါရတရားဖြစ်လျက် အဘယ်ကြောင့် မပျက်မစီးဘဲ ကျန်နေ ပါသလဲ ဟူသော မေးခွန်း၌ အသိရပ်နေပေတော့သည်။ ထွက်လေ-ဝင်လေ အာရုံ အပြုအစုကို လေ့လာနေသော ကျွန်ုပ်၏ အသိသည် ထိုအပြုအစု 'ပညတ်' သဘော တရားဟု သိနေသော်လည်း၊ ဤကုဋေတသိန်းထု ထုနေသော အမိုက်တိုက်ကြီးကို မူကား ပညတ်တရား ဟူ၍သဘောမပေါက်ခဲ့ပေ။ ထိုသို့ အမိုက်တိုက်ကြီး အာရုံဖြင့် စဉ်းစားတိုင်း အမိုက်တိုက်ကြီး မပျက်မစီးဘဲ အန္တရကပ် ၆၄ ကပ်တိုင်တိုင် မြဲနေ သည်ဟုအသိရောက်ကာ သင်္ခါရတရားတို့၏မမြဲဟူသော သဘောတရားနှင့် ဆန့်ကျင် နေလေတော့သည်။ ငါသည် သဿတ ဝါဒသမား ဖြစ်လျက်နေပြီ၊ နိစ္စဝါဒသမား ဖြစ်နေပြီဟု များစွာစိတ်မကောင်း ဖြစ်မိသည့် အပြင်၊ ဗုဒ္ဓဝါဒ အစွဲသန်သော ငါသည် ယခုအတိုင်းသာလျှင် အသိရောက်နေပါက ဗုဒ္ဓဝါဒကို လက်လွှတ်ရတော့ မည်ဟု ထိတ်လန့်သောစိတ် ပြင်းပြင်းထန်ထန် ဖြစ်ပေါ်နေသည်။ ဤသံသယအစွဲ ကား လေးလ ငါးလ ကြာအောင် နှိပ်စက်နေလေတော့သည်။

မိဘမဲ့အသင်း ထီဖွင့်ခြင်း ရပ်စဲသွားသဖြင့်၊ ကျွန်ုပ်၌ အားလပ်သော အချိန် များရရှိလေသည်။ တနေ့လျှင် တနာရီမျှသာလျှင် မိဘမဲ့အသင်းဥက္ကဋ္ဌကြီးထိပ်တင်မြ ဝန်ထောက်မင်းဦးစံသင့်နှင့် ဆရာတော်ဦးပဝရ သီတင်းသုံးရာ မိဘမဲ့အသင်းကျောင်း ကြီးသို့ သွားရသည်။ ကျွန်ုပ် အားလပ်ချိန်တို့၌ စာကြည့်ခြင်း၊ ဆေးကျမ်းဓါတ်ကျမ်း တို့၏သဘောတို့ကို ကြံဆဆင်ခြင်ခြင်းဖြင့် ကုန်လွန်ခဲ့လေသည်။ ထိုအခါ ကျွန်ုပ်သည် စာပေ တတ်မြောက်သော မဟာစရိယ ဆရာတော် များကို သက္ကတ ဘာသာဖြင့် ဆေးကျမ်းများကို သင်ကြားပေးနေသော အချိန်ဖြစ်၍၊ ထိုဆရာတော်တို့အား တပည့်တော် သဿတဝါဒ- နိစ္စဝါဒသမား ဖြစ်နေပြီ၊ အရှင်ဘုရားတို့၏ အသိဖြင့် တပည့်တော်၏ ဝါဒကို ပယ်ဖျောက်ကြပါဟု လျှောက်ထားသည်။ ထိုဆရာတော်

များကား ကျွန်ုပ်အောက် အသက်ငယ်ကြသည့်အပြင် ပရိယတ္တိဉာဏ်ကြီး ဖွံ့ဖြိုးချင်သော စိတ်များ ရှိနေကြသဖြင့်၊ ဗုဒ္ဓ ကိုယ်တော်၏ အနုစ္ဆဝါဒက မမှားနိုင်ပါဘူး၊ ဒကာကြီး အငဲ့းစား လွန်နေလို့ပါဟု ပြန်ပြောကြလေသည်၊

တနေ့သ၌ နံက် ၇ နာရီလောက်တွင် စက်ဘီးစီး၍ မိဘမဲ့ကျောင်းသို့သွားရာ၊ အေလမ်းတလျှောက်၌ ပုလိပ်သားများ စောင့်ကြပ်နေသည်တို့ကို တွေ့ရသည်။ ပုလိပ်သားများအား ဘယ်အတွက် စောင့်ကြပ်ပါသလဲဟု မေးသောအခါ၊ ၁၀ နာရီလောက် အချိန်တွင် 'ဘုရင်ခံ' မင်းကြီးသည် မေမြို့မှ မန္တလေးသို့ ဆင်းလာမည်ဖြစ်၍ စောင့်နေကြသည်ဟု ပြန်ပြောကြသည်။ ထိုစကားကို ကြားသောအခါ၊ ကျွန်ုပ်၏ စိတ်သည် ဘုရင်ခံနှင့် ပုလိပ်တို့သားတို့၏ အကြောင်းအကျိုး ဆက်သွယ်ပုံသို့ အသိရောက်သွားသည်။ အကြောင်းဖြစ်သော ဘုရင်ခံ၏ လာရောက်ခြင်းသည် ၁၀ နာရီလောက်မှာ ဖြစ်ပေါ်မည် ဖြစ်သော်လည်း၊ ပုလိပ်သားတို့၏ စောင့်ရှောက်ရသော အကျိုးတရားသည် ယခုအချိန်ကပင် စတင် ထင်ရှားနေရလေပြီဟု ဆင်ခြင်ကာ သင်္ခါရတရားတို့၏ ပစ္စယ ပစ္စယုပ္ပန္န သဘောသို့ သက်ဝင်လျက်၊ မိမိ သိထားသလောက်ဖြစ်သော ပဋ္ဌာန်း ၂၄ ပစ္စည်းတို့၏ သတ္တိသဘောကို ဆက်လက် စဉ်းစားသည်။ ယင်းသို့ ဆင်ခြင် စဉ်းစားလျက် စက်ဘီးကို ဖြေးဖြေး နင်းသွားလေရာ၊ ထိုပဋ္ဌာန်းပစ္စည်း တို့၏ အထောက်အပံ့ဖြင့်စုဝေးထင်ရှားကြရသော ရုပ်,နာမ်,သင်္ခါရတရားတို့၏ ဥပစယ ရောက်နေကြပုံကို အသိရောက်သွားသည်။ တဖန် ထိုဥပစယတို့၏ အဟောင်းအသစ်လဲသော အသွင်ဖြင့် သန္တတိ အစဉ် ထင်ရှားလာပုံနှင့်ယင်းသန္တတိ အစဉ်ကို အစွဲပြုလျက်၊ ပရမသား အားသော အခိုင်အခဲ ကြီးများ ဖြစ်ပေါ်ထင်ရှားကြပုံတို့ကို အသိရောက်သည်။ ဤသို့ သိနေသော စိတ်အစဉ် တို့ကို အပြန်ပြန် အထပ်ထပ် ဆင်ခြင်သောအခါ၊ ကလာပနှင့် သန္တတိ အာရုံတို့သည် စိတ်အစဉ်၌ ပိုမိုပေါ်လွင်ထင်ရှား လာကြသည်။ ထိုအခါ စက်ဘီးကို နင်း၍ မဖြစ်တော့သကဲ့သို့ ဖြစ်ပေါ်နေရာ၊ စက်ဘီးပေါ်မှ ဆင်းလျက် အနီးရှိသော အင်္ဂလိပ်သင်္ချိုင်းထဲသို့ ဝင်၍ စက်ဘီးကို အစောင့်သို့ အပ်ပြီးလျှင်၊ အာရုံအဖြစ် ထင်ရှားနေသော ဥပစယနှင့် သန္တတိ ၂-မျိုးကို ပိုမို ရှင်းလင်းအောင် နှလုံးသွင်းလေသည်။

ဝိသုဒ္ဓါရုံတိုက်သစ်၌ ကျောင်းသားအဖြစ်နှင့် နေစဉ်က လေ့လာခဲ့ရသော ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ, စသော ခန္ဓာကိုယ် အစိတ်အပိုင်းတို့သည် ဥပစယ သန္တတိအာရုံဖြင့် ဆက်သွယ်ထင်ပေါ် လာကြသည်။ ယင်းကောဋ္ဌာသတို့လည်း ဥပစယ သန္တတိ အစဉ်ဖြင့် အသွင်သဏ္ဌာန်တို့ အာရုံအဖြစ် ပေါ်လာကြသည်။ ကျွန်ုပ်သည် ထိုအာရုံတို့ကို သတိ မလစ်စေဘဲ ထပ်တလဲလဲ ဖန်ခါါ၊ အသိ ရှင်းသွားအောင် လေ့လာသည်။ ထိုအခါ အသိ၌ ခါတ်ချင်း

ဆက်သွယ်ပုံနှင့် ဒြဗ်ချင်း ဆက်သွယ်ပုံ ၂-မျိုး ခြားနားသွားသည်။ ဓါတ်ချင်း ဆက်သွယ်ပုံသည် ဥပစယ အခိုက်၌ထင်ရှားလျက်၊ဒြဗ်ချင်း ဆက်သွယ်ပုံတို့သည် သန္တတိအစဉ်မှာထင်ရှားသည်။ထိုအခါ အာရုံသည် ဥပစယနှင့်သန္တတိတို့ ခြားနားသွားသည်။ ဥပစယ အာရုံသည် အချို့ပေါ်လျက်၊ အချို့ပျောက်သည်။ ဤသို့ ပေါ်,ပျောက်အာရုံသည် ကျွန်ုပ်၏ အသိ၌ ပေါ်လွင်နေကြသည်မှာ ရေမျက်နှာပြင်ပေါ်၌ ကျရောက်နေကြသော မိုးပေါက်ကလေးများ ကဲ့သို့ ဖြစ်လေသည်။ ထိုအခါ ကျွန်ုပ်၏ အသိစိတ်၌ ပေါ်လာသမျှသော အရာဝတ္ထုတို့ကို စဉ်းစားတိုင်း၊ ကလာပနှင့် သန္တတိတို့သာလျှင် ဖြစ်သည်ဟု အသိရှင်းသွားသဖြင့်၊ အတိုင်းမသိ ဝမ်းမြောက်သွားသည်။ အန္ဓကာရရုပ်နှင့် အာလောကရုပ် စသည်တို့ သည်လည်း၊ ဥပစယနှင့် သန္တတိ အာရုံတွင်းသို့ ဝင်သွားကြ လေကုန်ပြီ။ စွန်းလွန်း ဆရာတော်ဘုရား၏ ဩဝါဒအရ ပေါ်လွင် ထင်ရှားနေသော ထွက်လေ-ဝင်လေ အဖြူအစုလည်း ဥပစယနှင့် သန္တတိ တို့အတွင်းသို့ ပါဝင်သွားကြ လေတော့သည်။

ကျွန်ုပ်သည် ဥပစယနှင့် သန္တတိ အာရုံသို့ ဘယ်မျှ စိတ်ဝင်စားသွားသည်ဟု မသိ၊ မိဘမဲ့ကျောင်းသို့သွားရန် သတိရလာသောအခါ၊နေ့ ၁၁-နာရီထိုးပြီး၍ ဘုရင်ခံပင် မေမြို့မှမန္တလေးသို့ရောက်လျက် စံအိမ်သို့ရောက်နေလေပြီ။ အစောင့်ကို ပိုက်ဆံပေးကာ စက်ဘီးဖြင့် ဆက်လက်၍သွားသောအခါ၊ ထိပ်တင်ဖြူ ကိုယ်တော်ကြီးနှင့် ဝန်ထောက်မင်း ဦးစံသင့် တို့ကား ရုံးသို့ သွားကြ လေပြီ။ ဦးပဝရ ကိုယ်တော်ထံသို့ ရောက်၍ ခေတ္တခဏမျှ စကားပြောဆို လျှောက်ထား ပြီးလျှင်၊ မိမိနေအိမ် ဒင်္ဂါး ဇာတ်ရုံဝင်းသို့ ပြန်လာခဲ့သည်။ ထိုနေ့သည် ကျွန်ုပ်အတွက် မည်မျှပီတိကျေနပ်သည်ဟု မပြောနိုင် လောက်အောင် ဖြစ်လေသည်။ အခြားအိပ်ကိစ္စကို မဆောင်ရွက်နိုင်ဘဲ ထို ဥပစယနှင့် သန္တတိ တို့ကိုပင် မွေ့စရိယ ဆရာတော်များ စာဘတ် လာသော အချိန်တိုင်အောင် လေ့လာတော့သည်။ ဆရာတော်များ ကြွရောက်လာသောအခါ၊ သဿတဝါဒ-နိစ္စဝါဒ မဟုတ်တော့ဘဲ၊ ဥပစယဝါဒ-ဥဒယဗ္ဗယဝါဒ ဖြစ်ပေါ်နေကြောင်း-လျှောက်ထားသဖြင့်၊ ဆရာတော်များ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြရလေသည်။

ထိုအချိန်မှ အစပြုလျက် ကျွန်ုပ်၏ သိစိတ်အစဉ်ကို နှလုံးသွင်းတိုင်း ဥပစယ သန္တတိ အသွင် အာရုံအဖြစ် ထင်ရှားကြသည်။ ရှေ့ရှေ့ သိစိတ် အစဉ်တို့သည် နောက်နောက် သိစိတ်အစဉ်တို့ကို ဆရာလုပ် လမ်းပြသွားနေကြခြင်းသို့ အသိရောက်သည်။ ထိုရှေ့ရှေ့ စိတ်အစဉ်တို့သည်လည်း၊ ရှေ့ရှုတိုက်လာသော အာရုံတို့ကို အစွဲပြုကာ ဖြစ်ပေါ် ကြရခြင်းသို့ အသိရောက်သည်။ ကျွန်ုပ်သည် ဤ ဥပစယနှင့် သန္တတိ အသွင် အာရုံတို့ကို အလွန်ပင်ကျေနပ်နေလျက်၊အာရုံ ပျောက်မသွားအောင်

မကြာမကြာ နှလုံးသွင်းလေသည်။ လေ့လာဖန် များသောအခါ၊ အဟုတ်ရှိ ပရမတ် တရားတို့၏ သတ္တိမန္တ သဘော, လက္ခဏဝန္တ သဘောသို့ အသိရောက်သည်။ သင်္ဂ သဘောနှင့် လက္ခဏ သဘောတို့သည် တဋ္ဌာပညတ္တိဟု သဘောပေါက်သွားသည်။

ကျွန်ုပ် အသိရောက် ကျေနပ်နေသော ဥပစယနှင့် သန္တတိ အာရုံ ၂ မျိုးသည် ကျွန်ုပ်၏ အသိတိုးတက်မှုအတွက် များစွာ ကျေးဇူးပြုလေသည်၊ မြန်မာ့ဆေးပညာ တို့ကို ဆင်ခြင် စဉ်းစားသော အခါ၌လည်း၊ ဥပစယနှင့် သန္တတိတို့၏ အာရုံသည် အခြေခံ အာရုံဖြစ်နေ၍၊ တောင်သာဂိုဏ်း ဆေးပညာသည် အခြေအမြစ် သဘော ဖြင့် ဆေးပညာကို ကျေးဇူးပြုသည်။ အာယုဗ္ဗေဒသည် ပင်စည် အကိုင်းသဘောဖြင့် ဆေးပညာကို အကွက်ချ ပြုလျက် ကျေးဇူးပြုသည်။ နက္ခတ္တနယ ဆေးပညာသည် အခက်အလက် အရွက်သဘောဖြင့် ဆေးပညာကို ကျေးဇူးပြုသည်ဟု မြန်မာ ဆေး ပညာတရပ်ကို သဘောပေါက်ခဲ့လေသည်။ ထိုအခါမှ အစပြုကာ၊ မြန်မာ အလေ့ အလာပြုသော အင်္ဂလိပ်ပညာကို အား[illegible]လျှောက်သဖြင့်၊ ဓာတု[illegible]အတတ်နှင့် ဝိဇ္ဇာ မယ အတတ်တို့ကို အကြောင်းအကျိုး ဆက်သွယ်ကာ [illegible]ပြုဖြင့် ဆင်ခြင်စဉ်းစား သောအခါ၊ ပညတ်သဘော ပရမတ် သဘောတို့ကို ခွဲခြား လေ့လာ နေရသဖြင့်၊ များစွာ အသိရှုတ်ထွေးလျက် စိတ်ပင်ပန်းခြင်း ဖြစ်ခဲ့ရလေသည်။ သို့သော် သိစိတ် အစဉ်၏ ထင်ရှားသော မိုရာအာရုံတို့သည် ပေါ်,ပျောက်နှင့် ဖြစ်,ပျက်တို့သာလျှင် ဖြစ်သောနေကြောင့်၊ ထို ဖြစ်,ပျက်တို့၏ အကြောင်းသဘောတရား ဘက်သို့ သိစိတ် အစဉ်သည် ညွတ်ကိုင်းလျက် နေလေတော့သည်။ ထိုအခါမှ အစပြုလျက်၊ ဥပစယ တို့၏ ဖြစ်ပေါ်ခြင်း အကြောင်းရင်းကို ဆင်ခြင်စဉ်းစားသောအခါ၊ သုတမယဖြင့် အသိရောက်သော ကံ, စိတ်, ဥတု, အာဟာရ တို့သို့ ရောက်သွားလေရာ၊ စိတ်,ဥတု, အာဟာရ တို့မှာ၊ ဥပစယ အပေါ်၌ ပေါ်လွင်ကြသော်လည်း၊ ကံ သဘောတရား သည် မပေါ်မလွင် ဖြစ်ခဲ့သည်၊ ဝိညာဏ်နှင့်အတူ ဥပစယသို့ ရောက်သော သဟဇာတ စေတနာသည် ပေါ်,ပျောက်၊ ဖြစ်,ပျက်၌ ပါဝင်နေသောကြောင့် ရုတ်တရက် ကမ္မ သဘောသို့ အသိ မရောက်နိုင်ဖြစ်ခဲ့သည်။ ထိုအခါ သဟဇာတ ကမ္မသတ္တိနှင့် နာနက္ခ ဏိက ကမ္မသတ္တိ တို့ကို ဆင်ခြင်သောအခါ၊ သတ္တိ ဟူသော အဟုန်အရှိန်၏ အညံ့ စား, အလတ်စား, အထက်မြက် ဆိုးသော သတ္တိ ၃ မျိုးကို သဘောပေါက်သည်။ သဟဇာတ စေတနာသည် သင်္ခါရရိုးရိုး အဘိသင်္ခါရနှင့် ကမ္မပထ ၃-မျိုး၌ အဟုန် အရှိန် မတူဘဲ ကွဲပြားနေခြင်းသို့ အသိ ရောက် သဖြင့်၊ ဝိညာဏ်နှင့် စိတ္တဇ ရုပ်ကို ဖြစ်ပေါ်အောင်ဖန်တီးပေးခြင်းသည် သဟဇာတ စေတနာ လုပ်ငန်းဟု အသိရောက် သည်။ပဝတ္တိအကျိုးနှင့် ပဋိသန္ဓေအကျိုးတို့ကို ဖန်တီးပေးသော သဘောတရားသည် သဟဇာတ ပစ္စယဖြင့် ဥပစယသို့ ရောက်ခဲ့သော စေတနာ၏ အဟုန် သတ္တိတို့ ဖြစ်သည်ဟု သဘော ပေါက်သွားသည်။ အဟုန် သတ္တိ အရှိန်တို့သည် ဥပစယသို့

မရောက်ကြ သေး်လည်း၊ ဝိပါက်ခါတ်တို့၏ အခြေခံ ဖြစ်နိုင်အောင် အရှိန်ပြင်းထန်ကြသည်ဟု သဘောပေါက်သည်။ ထိုအခါ ကျွန်ုပ်၏အသိ၌ ခါတ်တို့၏ အချင်းချင်း ဆက်သွယ် ကြခြင်းသည် အထည်ဒြပ်ပေါ်လွင်စွာဖြင့် ဆက်သွယ် ခြင်းနှင့် အထည်ဒြပ်ဟူ၍ မပေါ်လွင်ဘဲ ဆက်သွယ်ခြင်း ရှိကြသည်ဟု ကွဲပြားသွားသည်။ ဥပမာ-ဝိပါက်စိတ်တို့နှင့် ကမ္မဇရုပ်တို့သည် ကံသဘောတရားနှင့် အထည်ဒြပ် ပေါ်လွင်စွာ ဆက်သွယ်ကြသည်။ ပဋိသန္ဓေမှ စုတိအထိ ဖြစ်သော ဘဝတခုတွင် အဝတ်အထည်မှ အစပြုလျက် ရွှေငွေရတနာ ဥစ္စာစည်းစိမ် ဟူသမျှတို့သည် ပဋ္ဌာန်းစိတ်တို့၌ ပေါင်းစပ် ပါဝင်သော ဝိရိယပညာတို့ကို အစွဲပြုကာ ခါတ်ချင်းဆက်သွယ် လာကြသော အကျိုး တရားများ ဖြစ်ကြသည်ဟု သဘော ပေါက်သွားသည်။

ထိုအခါ ကံဆိုတာ သင်္ခါရတရားတို့ စုပေါင်းဆောင်ရွက်သော လုပ်ငန်းတခုဟူ၍ အသိရောက်ပြီးလျှင် မိမိ၏လက်ရှိ သင်္ခါရတရား တို့ဖြင့် မိမိအလိုရှိရာ ကံတို့ကို လုပ်ဆောင်ဖန်တီးနိုင်သည်ဟု သဘောပေါက် အသိရောက် နေတော့သည်။ ထိုအခါမှစ၍ ဝိဇ္ဇာမယအတတ်၊ ဆေးပညာ အတတ်တို့၏ အပြစ်ကိုမြင်လျက်၊ မိမိ၏လက်ရှိဘဝနှင့် နောင်ဘဝ ကောင်းစားရေး အတွက်၊ ကံ ကိုသာလျှင် ဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်းသည် အကောင်းဆုံး ဖြစ်တော့သည်ဟု ဆုံးဖြတ်ကာ ဆေးပညာလေ့လာမှုနှင့် ဝိဇ္ဇာမယအတတ် လေ့လာမှုတို့ကို စိတ်မဝင်စားနိုင် ဖြစ်ခဲ့လေသည်။ ထိုအခါမှစ၍ ဗုဒ္ဓအရှင်၏ ပါဠိတော် များနှင့် အဋ္ဌကထာစာပေများကို ကြည့်ရှုလေ့လာခြင်းဖြင့် အချိန်ကုန်လွန် တော့သည်။ ပါဠိ အဋ္ဌကထာ၌ ဖေါ်ပြသော သုတမယ စိန္တာမယ တို့ဖြင့် ကျေနပ်နှစ်သိမ့် နေသော ကျွန်ုပ်၏ စိတ်အစဉ်သည် သင်္ခါရ တို့၏ ဒုက္ခ ဟူသော သဘောတရားသို့ လေးလေး နက်နက် အသိ မရောက်ပေ။ သဗ္ဗေ သင်္ခါရာ, အနိစ္စာ, ဒုက္ခာ, အနတ္တာ တို့ကား၊ ကျွန်ုပ်၏ တသက်၌ မမေ့နိုင်သော ဂါထာများ ဖြစ်ကြသည်။

ဒုတိယကမ္ဘာ စစ်ကြီးဖြစ်၍ ဂျပန်တို့ မြန်မာနိုင်ငံသို့ ဝင်ရောက် ချိန်တွင်၊ မန္တလေးမြို့၌ ထိတ်လန့်စရာ ကြောက်စရာဖြစ်သော သံဝေဂဝတ္ထု အမျိုးမျိုးတို့ ဖြစ်ပေါ်လာကြသည်။ မန္တလေးမြို့၏ တောင်ပိုင်း ဒေါနခြံခေါ်သော အရပ်မှစ၍ မြို့၏ မြောက်ပိုင်း အိုးဖိုခေါ်သော ရပ်ကွက်အထိ မီးကြီးလောင်ကျွမ်း နေသည်မှာ တလကျော်မျှ ကြာမြင့်လေသည်။ ဒင်္ဂါးဇာတ်ရုံကြီးနှင့် ကျွန်ုပ်၏ နေအိမ်တို့လည်း မီးထဲသို့ပါသွားသည်။ ကျွန်ုပ်တို့အိမ်သားတစုသည် စစ်ကိုင်းတောင်ရိုး ကိန္နရာချောင် အဆင်း ကျောက်ဂူကြီးနှင့် ဇရပ်တခု၌ နေထိုင်ရသည်။ကျွန်ု၏မိခင်ကြီးကား ရတနာမုဝံချောင်နှင့် နီးကပ်နေသော လှိုင်းတက်ချောင်၌ နေသဖြင့်၊ ချောင်ချင်းမနီးမဝေးဖြစ်ကြသည်။ ဂျပန်တို့ မန္တလေးသို့ ရောက်ပြီးနောက်၊ ဝါခေါင်လတွင် ကျွန်ုပ်၏

ဇနီးအနိစ္စရောက်သည်။ မယ်တော်ကြီးမှာ မဟာမိတ်တို့ စစ်ကိုင်းတောင်ရိုးကို များစွာဗုံးမိုးရွာချနေစဉ်၊အသက် ၇၃ နှစ်တွင် လူကြီး လူအိုနာဖြင့် အနိစ္စရောက်သည်။ ကျွန်ုပ်၏ အသက်မွေးမှုသည် ကြပ်တည်းကျဉ်းမြောင်း သွားသဖြင့်၊ ရွှေပြည်အေးခေါ်သော မြန်မာမှုလုပ်၍ စားသောက် ရသည်။ ထိုအခါ မိဘမဲ့အသင်းဥက္ကဋ္ဌနှင့် လူကြီးတို့သည် ကျွန်ုပ်၏မိဘမဲ့ကိစ္စတို့ကို ဆောင်ရွက်ခဲ့သော ကျေးဇူးဖြင့်၊ ငွေ သုံးထောင် ဆုအဖြစ်ပေးခဲ့ကြသည်။မန္တလေးနယ် စဉ့်ကူးမြို့၌ နေထိုင်ကြသော ကျွန်ုပ်၏ ဒုတိယမြောက်အကိုဦးညွန့်နှင့် ဒေါ်စက်မေ တို့သည် မကြာမကြာ လာရောက်လျက် အလိုရှိသမျှထောက်ပံ့ကူညီကြသည်။ စီးပွါးရေးတို့၌ စိတ်မဝင်စားသော ကျွန်ုပ်သည် ကျရောက်သမျှသော အခြေအနေဖြင့် စိတ်ကိုနှစ်သိမ့်စေလျက် ဗုံးကြဲသော အချိန်ဂူထဲ၌နေ၍၊ ဥပစာယ သန္တတိ အာရုံတို့ဖြင့် အချိန်ကုန်စေသည်။ ဗုံးမကြဲသော နေ့လည်အခါ ပါဠိ အဋ္ဌကထာ တို့ကို ကြည့်ရှု အချိန်ကုန်လေသည်။ ဥပစာယ နှင့် သန္တတိ အာရုံကို အသိလုပ်နေသောအခါ ဒိဋ္ဌိ,လောဘ,မာန တရားတို့သည် သံသရာကို ချဲ့ထွင်တတ်သော တရားများဟု အပြစ်မြင်လာသည်။ ထိုတရားတို့၏ သဘောတို့ကို စိတ်ဝင်စားသွားသည်။ ဒိဋ္ဌိ၏ အတ္တဝါဒ တည်ထောင်ပုံ၊ လောဘ, မာနတို့၏ အကူအညီပေးပုံနှင့် မောဟ ဟူသော အမှောင်ဓါတ်ကို အစွဲအမှီ ပြုပုံတို့သို့သဘော ပေါက်လျက် လက်ရှိ ခံစားနေရသော ဝေဒယိတ သုခ-ဒုက္ခတို့ ဟူသမျှသည် ဤတရားတို့ကြောင့်သာလျှင် ဖြစ်ပေါ်ကြရသည်ဟု ဒိဋ္ဌိ လောဘ မာန မောဟတို့ အပေါ်သို့ အပြစ်ဖို့တင် လိုက်တော့သည်။

မကြာမကြာ နေ့ဉ်နေ့တိုင်း လိုလို ဗုံးကြဲခြင်းကို တွေ့မြင် ကြားသိနေရသဖြင့်၊ စိတ်အစဉ်၌ ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်သောအခါ၊ ကြောက်ခြင်း၏ သဘောတရားကို ဆင်ခြင် စဉ်းစားသည်။ သက္ကာယဒိဋ္ဌိ အစွဲကြီး နေလျှင်လည်း ကြောက်စိတ်မဖြစ်၊ လောဘအကြွင်းမဲ့ ကုန်လျှင်လည်း ကြောက်စိတ်မဖြစ် ဟူသော သုတမယ အသိကို ရှေ့သွားပြုကာ စိတ်တို့၏ ဥပစာယ အာရုံဖြင့် လေ့လာသည်။ ကြောက်,မကြောက်၊ ချမ်းသာ,ဆင်းရဲ စသော သဘောတို့သည် စိတ္တတို့၏ ဥပစာယ နှင့် သန္တတိ ကိုသာလျှင် အစွဲပြု၍ ထင်ရှားကြသည်ဟု အသိရောက်သဖြင့်၊ ကြောက်နှင့် မကြောက်၊ ချမ်းသာနှင့် ဆင်းရဲ သဘောတို့သည်လည်း၊ ခံစားအမှတ်ရှိသော ဝေဒနာဖြင့် ထင်ရှားနေကြောင်း အသိရောက်သည်။ ထိုအခါ ဝေဒယိတ ဒုက္ခနှင့် ဝေဒယိတသုခ ၂ မျိုးကို နှိုင်းယှဉ် လေ့လာသည်။ ဝေဒယိတဒုက္ခနှင့် တွေ့ကြုံခိုက်တွင် ဝေဒယိတသုခကို မြှော်လင့်တောင့်တ,ကြောင်း အသိရောက်သည်။ ဝေဒယိတ သုခ သည်လည်း ဖြစ်,ပျက်၊ ပေါ်,ပျောက် သဘောဖြစ်၍ အမြဲမတည်နိုင်၊ မကြာခဏ ပြောင်းလဲကြရသည်။ သုခနှင့် ဒုက္ခတို့ အပြောင်းအလဲသာလျှင် သိနေပြန်၍ ဤသုခ ဒုက္ခတို့ကိုပင် အပြစ်မြင်ပြန်သည်။ သုခကိုကား မြှော်လင့်လျက်ပင်။သို့သော်

သုခ အပေါ်၌ အစွဲမသန်တော့ဘဲ အစွဲပြယ်သကဲ့သို့ ဖြစ်သည်။ ထိုအခါ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ စသည်တို့၏ သဘောကို ဆင်ခြင်စဉ်းစား လေ့လာသည်။ ထိုဒုက္ခတို့သည် ကျွန်ုပ်တို့ အဟုတ် အကယ် ထိတ်လန့်ကြောက်ရွံ့သော ဒုက္ခများဟု သိနေသည်။ သို့သော် သင်္ခါရတို့၏ ဒုက္ခသက်သက် ဟူ၍ကား အသိမရောက်ပေ။ ငါ့ဒုက္ခ, သူ့ဒုက္ခ, လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ဒုက္ခသာလျှင် ဟူ၍ကား အသိရောက်သည်။ ထိုအခါက ကျွန်ုပ်သည် ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်နှင့် မဟာသတိပဋ္ဌာနသုတ်တို့ကို လေ့လာဉ်ပံ့ မလာသေးသော ညဉ့်ဦးမှာ ရွတ်အံလေ့ရှိသည်။ အာရုံ ဥပစယကို နှလုံးသွင်းနေ သော်လည်း၊ ပေါ့ပျောက် ဆင်ခြင်သော စိတ်အစဉ်သည် ဖြစ်ပျက် နိမိတ်မှတပါး အခြားကို မဆင်ခြင်မိပေ။

တညဉ့်၌ လသာသော အခိုက်တွင် စာပြန်နေရင်း အနတ္တလက္ခဏာသုတ် ရွတ်ဆိုနေဆဲအခါ၊ ဤအာရုံ အာရမ္မဏိက ဥပစယတို့သည် သင်္ခါရတရား သက် သက် ဖြစ်သည်။ သူ,ငါ,ယောကျ်ား,မိန်းမ,လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ မဟုတ်ကြ၊ သင်္ခါရအစုတို့သည်သာလျှင် ဇာတိ စသော ဒုက္ခ တို့ကို ဆောင်ရွက် နေကြသည်။ သင်္ခါရတို့မရှိလျှင် အို-နာ-သေ စသောဒုက္ခတို့လည်း ရှိတော့မည် မဟုတ်ဟု အသိ ရောက်သွားသည်။ ထိုအခါ သင်္ခါရဒုက္ခနှင့် သန္တိသုခ သဘော ၂-မျိုးကို နှိုင်းယှဉ် လေ့လာသည်။ ဖြစ်-အို-နာ-သေ စသည်တို့သည် ဒုက္ခ သဘောတရား အစစ်အမှန် လော၊ ထိုမေးခွန်းမှ အစပြုကာ သင်္ခါရအစုတို့၏ ဒုက္ခသဘောကို စိတ်ပါ ဝင်စား လျက် လေးလေးနက်နက် ဆင်ခြင်လေ့လာတော့သည်။ ဥပစယ အဟောင်း အသစ် လဲနေသော အာရုံ၌ သင်္ခါရသဘောများ ထင်ရှား နေကြ လေရာ၊ ထိုသင်္ခါရတို့၏ အမှန်ဒုက္ခဟူသော သစ္စာသဘောတရားကို ဆင်ခြင်သောအခါ၊ သုတမယဖြင့် သိခဲ့ သော သစ္စာအနက် ၁၆-ချက်တို့ကို စိတ်အား ထက်သန်စွာဖြင့် ဆင်ခြင်လေတော့ သည်။ ထိုအခါ ပရိယတ္တိ သုတမယဉာဏ်များနှင့် အချိန်များစွာ လေ့လာခဲ့သော စိန္တာမယဉာဏ်တို့၏ ကူညီထောက်ပံ့ခြင်းဖြင့်၊ ကျွန်ုပ်၏ ဘာဝနာမယဉာဏ်သည် အရိ ယာသစ္စာတို့၏ သဘောမှန်အနက်ကို ရှင်းလင်းစွာသဘောပေါက်လျက် အသိရောက် သွားသည်။ ထိုအရိယာ သစ္စာသည် ငါ-သူ-ယောကျ်ား-မိန်းမ-လူ-နတ်-ဗြဟ္မာ- သတ္တဝါတို့၏သစ္စာမဟုတ်၊ သုဒ္ဓသင်္ခါရ ဖြစ်သော သင်္ခါရ တရားတို့၏ သစ္စာသာလျှင် ဖြစ်၍အရိယာခေါ်သော သူတော်စင်တို့၏ အသိကျက်စားရာ သင်္ခါရလောကကို အစွဲ အမှီ ပြုကာ ထင်ရှားသော သစ္စာတရားလေးပါးဖြစ်သည်ဟု အသိရောက်တော့သည်။

ထိုအခါမှစ၍ သင်္ခါရ လောကကို စဉ်းစား ဆင်ခြင်လျက်၊ စာပေများကို ကြည့်ရှု၍ အချိန်ကုန်လေသည်။ မဟာမိတ်စစ်သည်တို့ စစ်ကိုင်း - မန္တလေးသို့ရောက်

၍ စစ်ကြီးပြီးသောအခါ၊ ကျွန်ုပ်သည် မန္တလေးသို့ ရွှေ့ပြောင်း၍ မိဘမဲ့အသင်း၏ ဆိုင်ရာ စာရင်းအင်းတို့ကို မိဘမဲ့အသင်းသို့ လွဲအပ်ပေးပြီးလျှင်၊ မန္တလေးမြို့ သက္ကသိဟ စာပြန်ပွဲအသင်းခေါ်သော ပရိယတ္တိသာသနာ့ဟိတ အသင်းကြီး၌ အမှုဆောင် ကာရက လူကြီးအဖြစ် တာဝန်ပေးကြသဖြင့်၊ အသင်းလိုရာ သာသနာရေး ကိစ္စတို့ကို စတင်ဆောင်ရွက်ရသည်။ ထိုအခါ ပရိယတ္တိ သာသနာ့ဟိတ အသင်း၌ လူကြီးမင်း ဦးဘိုးလူ၊ ဦးစံမင်း၊ ကမ္ဘာ့ထိပ်တင် ဦးဘတင်၊ ဦးဘမို၊ ဦးအောင်သာတို့ဟု မှတ်မိနေသည်။ ဦးစံမင်း၊ ဦးဘတင်၊ ဦးဘမို၊ ဦးအောင်သာတို့သည် စာတတ် ပုဂ္ဂိုလ် ပရိယတ္တိ ဓမ္မာစရိယတို့ဖြစ်ကြ၍ ကျွန်ုပ်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ ထို့ပြင် ပရိယတ္တိ စာချ ဆရာတော်များနှင့် ဖူးမြော် တွေ့ဆုံရသဖြင့် ပိုမို ဝမ်းမြောက်လျက် ဆရာတော်များနှင့် အကျွမ်းတဝင် ဆရာတပည့် ဖြစ်ရလေသည်။

ထိုနှစ်မှာ ကျွန်ုပ်သည် ဒုတိယအကြိမ် အိမ်ထောင်ပြုပြန်သည်။ ထိုအခါ မန္တလေးမြို့၌ နန္ဒဝန်သစ်စက်ပိုင် ဦးဘတင်စသော ပုဂ္ဂိုလ်ကြီး တို့သည် မန္တလေးမြို့ စာချဆရာတော် ဦးကလျာဏကို အမှူးပြုကာ ဝေဃံဘုံသာကျောင်းတိုက်၌၊ မြန်မာ ပြည် ဗုဒ္ဓဘာသာ ဗဟိုအဖွဲ့အမည်ဖြင့် သာသနာပြုအသင်း တည်ထောင် ကြသည်။ ထိုအသင်း၌ ကျွန်ုပ်သည် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်လျက်၊ မန္တလေးမြို့ရှိ စိန်မေရီ ကျောင်း၌ တနင်္ဂနွေနေ့တိုင်း နံနက်ပိုင်းတွင် ဆရာတော် ဦးဇနက၊ ပဋ္ဌာန်း ဆရာတော် ဦးသုဒ္ဓ၊ ဆရာတော် ဦးကလျာဏ အရှင်မြတ်တို့က ဗုဒ္ဓတရားတော်များ ဟော ပြောကြသည်။ ရွှေပြည်ဆရာကြီး ဦးဘတင်နှင့် ကျွန်ုပ်တို့သည် အခွင့် ရောက်တိုင်း တရားဟောကြသဖြင့်၊ စိန့်မေရီ တနင်္ဂနွေတရားပွဲဟု လူအများသိရှိကြသည်။ နောင် အခါများ၌ ကျွန်ုပ်သည် စိန့်မေရီတရားနာ ပရိသတ်များနှင့် ဗဟိုဗုဒ္ဓဘာသာ အဖွဲ့ဝင် တို့အား ညနေ ၄-နာရီမှ ၅-နာရီအထိ နေ့စဉ်နေ့တိုင်း အဘိဓမ္မာတရား သင်တန်း ဖွင့်လျက် ပြောပြသင်ကြားပေးခဲ့လေသည်။

၁၃၁၀ ခုနှစ်အစ၌၊ မုံရွာမြို့ ဓမ္မကထိက ဆရာဦးလှသိန်းသည် မန္တလေးမြို့ သို့ စာအုပ်ကိစ္စနှင့်ရောက်ရှိလာရာ၊ မန္တလေး ပရိယတ္တိ သာသနာ့ဟိတ အသင်းလူကြီး များနှင့် တွေ့ဆုံကြ၍၊ ဆရာကြီး ဦးလှသိန်းအား ပရိယတ္တိအသင်း၏ ဆောင်ရွက်လျက် ရှိသော သာသနာပြုကိစ္စတို့ကို ပြောကြားဆွေးနွေးကြသည်။ သာသနာရေး ကိစ္စ တို့ကိုဆောင်ရွက်ရန် စိတ်အား ထက်သန်နေသော ဆရာဦးလှသိန်းသည် ပရိယတ္တိ သာသနာ့ဟိတ အသင်းကြီး၏ သာသနာပြု လုပ်ငန်းတို့ကို မိမိအားပေး နိုင်သော ဟောပြောမှု ကိစ္စဖြင့် အားပေးကူညီပါမည်ဟု တာဝန်ခံယူပြီးလျှင်၊ ရှေးဦးစွာ ပရိ ယတ္တိ သာသနာ့ဟိတ အသင်း၏ အနှစ် ၅၀-မြောက် အောင်ပွဲကြီး ဖြစ်မြောက် အောင်မြင်နိုင်ရန် ဝတ္ထုငွေ တသောင်းကျော်ကို တလကျော်အတွင်းမှာ ဟောပြော

လျက်၊ အသင်းလူကြီးတို့အား ပေးအပ်ခဲ့သည်။ ထိုနှစ် ဝါဆိုလဆန်း ၈-ရက်နေ့သည် အသင်း၏ စာသင်တန်းအောင် သံဃာတော်များ၊ စာချတန်းအောင် သံဃာတော် များအား စာအောင်လက်မှတ်များနှင့် စာချတန်းအောင် ဓမ္မာစရိယဘွဲ့များ ဆက်ကပ် လှူဒါန်းမှုနှင့် အနှစ် ၅၀-မြောက် တံဆိပ်များ ဆက်ကပ်သော သာသနာ့ အောင်ပွဲကြီး ကိုပါ ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ဗုဒ္ဓ သာသနာပြု ကိစ္စအတွက် ကြည်ညိုစိတ် ထက်သန်လှသော ဆရာကြီး ဦးလှသိန်းသည် ဤအောင်ပွဲကြီးသို့ ကြွရောက်ချီးမြှင့်တော်မူကြသော ဆရာတော်သံဃာတော်များ၏ မျက်မှောက်၌ သာသနာပြုစုရေးကိစ္စအတွက် သက်သက်ဆောင်ရွက်ရန် မိမိ၏အသက် နှင့်ခန္ဓာကိုယ်ကို ၁၀-နှစ်ပတ်လုံး လှူဒါန်းပါသည် ဘုရား ဟူ၍ ရဲရဲတောက် အသက် နှင့် ကိုယ်ခန္ဓာကို လှူဒါန်းခဲ့ လေသည်။

ထိုအခါ ဗုဒ္ဓသာသနာ ပြုစုရေးအတွက် ခန့်ငြားထယ်ဝါသော အဆောက် အဦးကြီးတခု မန္တလေးမြို့၌ ဆောက်လုပ်ရန် လိုအပ်သည်ဟု အသင်းလူကြီးများနှင့် ဆရာတော်များ သဘောကြိုက်ညီကြသဖြင့်၊ ပရိယတ္တိ အသင်းကြီးက ကမကထ ပြုလုပ်ဆောင်ရွက်ကြပါလေဟု ဆရာတော်ဘုရားများက သြဝါဒ ပေးတော် မူကြ လေသည်။ ထိုသာသနာ့ အဆောက်အဦးကြီး ဆောက်လုပ် ပြီးစီးရန် လိုအပ်သော ရုံပုံငွေ စုဆောင်းရေးအတွက် ဆရာဦးလှသိန်းက ကြီးမှူးကာ တာဝန်ယူ၍ အသင်း လူကြီးများက ဆရာဦးလှသိန်း တရားဟောရာ မြို့ရွာ ဒေသ တို့၌ တရား ဆွေးနွေး ခြင်းနှင့် ဆရာဦးလှသိန်းအားလည်း သြဝါဒပေးရန်အတွက် ကျွန်ုပ်အား လှဲအပ် ကြရာ၊ ဆရာဦးလှသိန်းကလည်း ဝမ်းမြောက် ဝမ်းသာ လက်ခံ သဘော တူသဖြင့် ၁၃၁၀-ခု ဝါဆိုလမှစတင်၍ ရုံပုံငွေစုဆောင်းရေးအတွက် ဆောင်ရွက်ရ လေသည်။ ဆရာဦးလှသိန်းသည် မိုးတွင်းကာလ အထက်မြန်မာနိုင်ငံရှိ မြို့ရွာများ၌ လှည့်လည် တရား ဟောပြော၍၊ မိုးကုန်သော အခါ အောက် မြန်မာနိုင်ငံရှိ မြို့ရွာ များ၌ တရားဟောပြောလေရာ၊ သီတင်းကျွတ်လတွင် ရန်ကုန်ရှိ ချပ်သင်းသူဌေး ဦးဘတင် နှင့် သူဌေးဦးကြင်သိန်းတို့ အမှူးပြုသော အဖွဲ့က ဘိတ်ကြားသဖြင့် ရှေးဦးစွာ ရန်ကုန်မြို့၌ ဆရာဦးလှသိန်း တရားပွဲများ စည်ကား ပြန့်ပွား သွားသည်၊ အောက် မြန်မာနိုင်ငံသို့ တရားဟောသွားသောအခါ ဘုန်းကြီးလမ်း လသာ ဌာနာနှင့် ကပ် လျက်ရှိသော ဦးစံအောင်-ဒေါ်ပြုံးတို့၏ ပွဲရုံအပေါ်ထပ်၌ တည်းခိုလျက်၊ ထိုပွဲရုံကို ပင် ဗဟိုပြုလုပ်ကာ မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့ရွာများနှင့် ပဲခူး၊ ညောင်လေးပင်၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်မြို့တို့သို့ တရားဟောသွားကြရသည်။ ဦးစံအောင်နှင့် ဒေါ်ပြုံး မိသားတစုတို့သည် ပရိယတ္တိသာသနာပြုရေး ကိစ္စအတွက် မိမိတို့၏ပွဲရုံကို လွတ်လပ်စွာအသုံးပြုရန် ခွင့်ပြုထားသဖြင့်၊ အသင်းလူကြီးမင်းတို့ကလည်း များစွာ ကျေးဇူးတင်ရှိကြသည်။ အထက်မြန်မာနိုင်ငံ မြင်းခြံမြို့၊ အောင်ချမ်းသာ လွှစက်

ပိုင်ရှင် ဦးဘသန်း ဒေါ်သန်းညွန့်၊ အမိန့်တော်ရမင်း ဦးကျန်းကျော် စသော ဓမ္မမိတ်ဆွေတို့ကလည်း အသင်းအတွက် စိတ်အားထက်သန်စွာ ကူညီအားပေးကြသဖြင့် များစွာပင် ကျေးဇူး တင်ရှိကြသည်။ ကျွန်ုပ်သည် ဆရာ ဦးလှသိန်း နှင့် ရုံးပုံငွေ စုဆောင်းရေးကိစ္စတို့ကို ဆောင်ရွက်ခဲ့လေရာ၊ မြင်းခြံမြို့ ဆရာကြီး ဦးသာဆန်း ခေါ် ဘကြီးဆန်းကို မမေ့နိုင်အောင် ဖြစ်ရသည်။ ဘကြီးဆန်းသည် စာတတ် ပုဂ္ဂိုလ် မဟုတ်သော်လည်း ပဋိပတ္တိဉာဏ်၌ ထက်မြက်စူးရှသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ရေနံချောင်းမြို့၊ ရွှေစေတီဆရာတော်ဘုရားကို အမှူးပြုသဖြင့် ရေနံတွင်းစား ဦးဘသင်၊ စာနယ်ဇင်းကိုယ်စားလည် ဦးဘဝ စသော ဓမ္မမိတ်ဆွေတို့သည် မန္တလေးပရိယတ္တိ သာသနာ့ဟိတအသင်းကြီးကို ကူညီအားပေးကြ၍ များစွာကျေးဇူး တင်ကြသည်။ ရေနံချောင်းမြို့၌ ကျင်းပသော ပရိယတ္တိ စာမေးပွဲကြီး ကိုလည်း ကမ္ဘာ့ ထိပ်တင် ဦးဘတင်၊ ဆရာဦးဘမို တို့နှင့် တကွ သွားရောက် ဆောင်ရွက်ခွင့် ရရှိခဲ့သည်။

ဆရာကြီး ဦးလှသိန်းနှင့် အတူ သာသနာ့ ဥမာန် တည်ဆောက်ရေး ရုံးပုံငွေ တို့ကိုစုဆောင်းရာ ၇ နှစ်ကျော် ကြာသောအခါ ရုံးပုံငွေဆယ်သိန်းခန့် စုဆောင်းမိလေသည်။ ထိုကာလအတွင်း၌ ကျွန်ုပ်သည် မန္တလေး မြို့ရှိ ဆရာတော်များ၏ ကိုယ်စားလည်အဖြစ် ဆင္ဃသံဂါယနာတင် ကမ္ဘာအေး အမှုဆောင် သာသနာ့ ကောင်စီ အဖွဲ့တွင်၊ ၃ နှစ်တိုင် ဆောင်ရွက် ခဲ့သည်။ ထို့ပြင် နိုင်ငံတော် အစိုးရ၏ ပဋ္ဌမပြန် ကော်မတီအဖွဲ့၊ တိပိဋကရေ ရွေးချယ်ရေးကော်မတီအဖွဲ့တို့၌လည်း ပရိယတ္တိသာသနာ့ ဟိတ အသင်းကိုယ်စား ဆောင်ရွက်ခဲ့ရသည်။ လောကီပညာ တိုးတက်ရေးနှင့် စပ်လျဉ်း၍ မန္တလေးမြို့မနှင့်တကွ နယ်တို့တွင် ရှိကြသော မြန်မာဆေးဆရာတို့၏ နာယကလူကြီး အဖြစ်ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ဖွဲ့စည်းထားသော မြန်မာ ဆေးဆရာကြီးများ အဖွဲ့၌လည်း၊ အမှုဆောင် အဖြစ် ဆောင်ရွက်ခဲ့သည်။ ယခု တော်လှန်ရေး အစိုးရတို့ ဖွဲ့စည်းသော မြန်မာဆေးဆရာကြီးများ အဖွဲ့၌လည်း ပါဝင် ဆောင်ရွက်ဆဲ ဖြစ်သည်။ ပဋိပတ္တိ သာသနာရေး အတွက် မန္တလေးမြို့ စိန်ပန်းရပ်၊ ရတနာပုံ သာသနာ့ရိပ်သာ ဝိပဿနာအသင်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ဆဲ ဖြစ်သည်။ ကျွန်ုပ် နှင့် အတူ သာသနာရေး, ပညာရေးကို ဆောင်ရွက် ကြသော ဓမ္မမိတ်ဆွေများ တို့အား များစွာ ကျေးဇူးတင်လျက် ရှိရသည်။

မန္တလေးမြို့၊ ပရိယတ္တိ သာသနာ့ဟိတ အသင်း ဥက္ကဋ္ဌကြီး ဆရာဆိုင် အမှူးပြုသော အမှုဆောင် လူကြီးတို့သည် မန္တလေးမြို့ အနောက်ပြင် ၈၅-လမ်းနှင့် အေလမ်းဒေါင့်ရှိ ဒဂါးဇာတ်ရုံ ဝင်းကြီး၌၊ သာသနာ့ ဥမာန်ကြီးကို တည်ဆောက်ကြလေရာ၊ မြို့၏ကြက်သရေ သာသနာ့ ကြက်သရေတို့ကို တိုးတက် ပွင့်လင်းစေသော မြန်မာ့ ယဉ်ကျေးမှုဖြစ်သော သာသနာ့ အဆောက်အဦးကြီးသည် ၁၃၂၀-ပြည့်နှစ်တွင် ပြီးစီးအောင်မြင်သဖြင့်၊ ၎င်းနှစ် ဝါဆိုလမှာပင် စာအောင်ပွဲကြီး နှင့် အတူ

ရေစက်သွန်းချ လှူဒါန်းခြင်းကိစ္စ ပြီးစီးအောင်မြင် ခဲ့လေသည်။ ထိုအခါ ကျွန်ုပ်၏ စိတ်၌ ဖြစ်ပေါ်ခဲ့သည်မှာ မန္တလေး ဗုဒ္ဓဘာသာ မိဘမဲ့အသင်း ကျောင်းကြီး အတွက်၊ ထိုဖွင့်၍ရုံပုံငွေ စုဆောင်းရာတွင် အဓိကဖြစ်သော အစိတ်အပိုင်းမှ ဆောင်ရွက်ခဲ့ရခြင်း၊ ယခု ပရိယတ္တိ သာသနာ့ဟိတ အသင်း၏ သာသနာ့ အဆောက်အဦးကြီး အတွက်၊ ရုံပုံငွေ စုဆောင်းရာတွင်လည်း အဓိက အစိတ်အပိုင်းတွင် ပါဝင်ဆောင်ရွက် ရသဖြင့်၊ ဤကောင်းမှု ၂-မျိုးသည် တသက်တာတွင် မေ့ပျောက်၍ ရမည်မဟုတ်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့သည်။

ထို အဆောက် အဦးကြီးကိစ္စ အောင်မြင် ပြီးစီးသော နောက်တနေ့၌၊ မန္တလေးတက္ကသိုလ်မှ ကထိက ဆရာကြီး ဦးချမ်းမြနှင့် ဆရာ ဦးဆန်းထွန်းတို့သည် မန္တလေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဦးကိုလေးနှင့် ကောင်စီလူကြီးတို့၏ သဘောတူညီချက်အရ၊ မန္တလေးတက္ကသိုလ်ကျောင်း၌ ဗုဒ္ဓစာပေဌာန လက်ထောက် ကထိက လုပ်ငန်းကို လက်ခံဆောင်ရွက်ရန် ခန့်အပ်သောစာကို အိမ်သို့လာရောက် ပေးအပ်ကြသည်။ ကျွန်ုပ်သည် ဆရာ ဦးလှသိန်းနှင့် ရန်ကုန်သို့ သွားရောက် တရားဟောပြောသော အခါတိုင်း၊ ရန် ကုန် တ က္က သိုလ် ကျောင်း ဗုဒ္ဓ ဘာသာ အသင်းဝင် ကျောင်းသားတို့သည် ဗုဒ္ဓအရှင်၏ ဟောပြသော သဘာဝတို့ကို အခွင့်ရတိုင်း လာရောက် ဆွေးနွေးကြသည်။ ထိုကျောင်းသားငယ်တို့၏ အကြောင်းအကျိုး ဆင်ခြင်ယူဆပုံတို့ကို များစွာ နှစ်သက်သဘောကျသဖြင့် ခေတ်ပညာတတ် သူငယ်များကို များစွာ စိတ်ဝင်စားခဲ့သည်။ ယခု အခါ မန္တလေးတက္ကသိုလ်ကျောင်းတွင် ခေတ်ပညာ သင်ကြားကြသော ကျောင်းသားတို့အား ဗုဒ္ဓစာပေများကို ကိုယ်တိုင် သင်ကြားပေးရမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသား ကျေးဇူးတင်စွာဖြင့် လက်ခံလိုက်လေသည်။ တက္ကသိုလ်ကျောင်းသို့ ရောက်သောအခါ၊ လယ်တီ ဆရာတော်ဘုရား၏ သမ္မာဒိဋ္ဌိ ဒီပနီ၊ ပဋိစ္စသမုပ္ပါဒ် ဒီပနီ၊ ဗောဓိပက္ခိယ ဒီပနီနှင့် ဥတ္တမပုရိသ ဒီပနီ တို့ကို အခြေခံပြု၍ ဥပစာတန်းနှင့် ဝိဇ္ဇာအတန်းတို့ကို အလှည့်ကျ သင်ပြပေးရသည်၊ ကျွန်ုပ်သည် ''စာသင်ကျောင်းသားတို့ - ဆရာကြီးသည် ဗုဒ္ဓဘာသာတရားကို သင်တို့အား ယုံကြည်အောင် သိမ်းသွင်းနေခြင်း မဟုတ်၊ ဗုဒ္ဓကိုယ်တော် နှစ်ပေါင်း ၂၅၀၀ လောက်က ဖော်ပြခဲ့သော ကမ္ဘာ့ခေါ်တုဗေဒ ဗုဒ္ဓအဘိဓမ္မ ပညာတရပ်ကို သင်ပြပေးနေခြင်းသာ ဖြစ်သည်''ဟု ပြောပြခဲ့လေသည်။

ကျောင်းသားတို့ များသော အားဖြင့် သိနေကြသော အင်္ဂလိပ်ဘာသာမှ စ၍၊ အချင်းချင်းကို အစွဲပြုကာ အီလက်ထရွန်၊ ပရိုတွန်၊ နယူထရွန် ထင်ရှားလျက်၊ အတွမ် ထင်ရှားပုံ၊ အတွမ်တို့၏ အစုအဝေးကို အစွဲအမှီပြုကာ မိုလီကျူးများ၊ မိုလီကျူးတို့ကို အစွဲအမှီပြုကာ ဆဲလ်များ ထင်ရှားကြ၍၊ ထိုဆဲလ်တို့၏ အစုအဝေးဖြင့် ခန္ဓာကိုယ် အစိတ်အပိုင်းပေါ်လွင်လျက်၊ တဖန် အစိတ်အပိုင်းတို့ စုပေါင်းဆက်သွယ်ကာ ဤ

ကိုယ်ကောင်ကြီး ထင်ရှားရပုံတို့ကို နည်းပြ ဥပမာအဖြစ် ပြောပြလျက်၊ ဗုဒ္ဓ အရှင်၏ ကမ္မဋ္ဌာနဝါတုဗေဒ အဘိဓမ္မာ၌လည်း ဓါတ်တို့ကို အစွဲပြုလျက်၊ ရုပ်ကလာပများ စတင် ပေါ်လာ၍ ထိုကလာပတို့၏ သန္တတိ အစဉ်ဖြင့်၊ ပရမာဏု၊ အဏု၊ တဇ္ဇာရီ၊ ရထရေဏု တို့ အဆင့်ဆင့် ထင်ရှားလျက် ၄၂-ကောဋ္ဌာသ ထင်ရှားကာ၊ ဤကိုယ်ကောင် ပေါ်လာရကြောင်းကို သင်ပြပေးသည်။ ဤနည်းဖြင့် ရုပ်ဓါတ် ၂၈၊ နာမ်ဓါတ် ၅၃ တို့၏ ပေါင်းစုဆက်သွယ်ပုံတို့ကို အခြေခံထားလျက်၊ ဥပနိတို့၌ ဖေါ်ပြထား သော သဘောတရားတို့ကို သင်ပြပေးသည်။ နာမ်ဓါတ်တို့၏ စုပေါင်း စိတ္တနှင့် စိတ္တ သန္တတိတို့ကိုအခြေခံထားလျက် ပဋိစ္စသမုပ္ပါဒ်တရားတို့ကို သင်ကြားခဲ့သည်။ထိုအခါ ကျွန်ုပ်၏ သင်ကြားမှုသည် ရုပ်ဝါဒကို ဦးစားပေး သင်ကြားမှုဖြစ်သည်ဟု ရန်ကုန် တက္ကသိုလ်မှ ပါဠိပါမောက္ခဆရာကြီးတဦးက လာရောက် ဆွေးနွေးသည်။ ထိုအခါ ကျွန်ုပ်၏သင်ကြားပုံ သင်ကြားနည်းတို့ကို ခေတ်ပညာနှင့် နှိုင်းယှဉ်သင်ခြင်းသာဖြစ် သည်၊ယခုလူတို့ ယူဆနေသော အယူအဆမျိုးမဟုတ်ကြောင်း ပြန်ပြောခဲ့ရလေသည်။

ထိုနှစ်မှာပင် မန္တလေးမြို့ ဆပ်ကျောင်း၌ ဆရာ ဦးစံအောင် အမှူးပြုသော ကျောင်းဆရာတို့ ဘိတ်ကြားချက် အရ၊ ထိုကျောင်းသို့ စနေနေ့တိုင်း တနာရီကျ ဗုဒ္ဓဝါဒ-ဗုဒ္ဓအရှင်၏ လုပ်ငန်းနှင့် ဗောဓိသတ္တတို့၏ လုပ်ငန်းတို့ကို ခွဲခြား သင်ပြပေးခဲ့ လေသည်။ ဗုဒ္ဓဝါဒနှင့် လုပ်ငန်းတို့သည် ယခုအခါ ရဟန်းသံဃာ၊သာမဏေ၊သီလရှင်၊ ဘိုးသူတော်တို့နှင့် သက်ဆိုင်၍၊ ဗောဓိသတ္တနှင့် လုပ်ငန်းတို့သည် လူဝတ်ကြောင် များနှင့် စပ်လျဉ်း သက်ဆိုင်သောကြောင့်၊ ရဲအမှုထမ်း နှင့် စစ်အမှုထမ်း တို့သည် ဗောဓိသတ္တ ဝါဒနှင့်လုပ်ငန်းကို အဓိကထားလျက် လိုက်နာ လေ့ကျင့်သင့်သည် ဟု ခွဲခြားပြသခဲ့လေသည်။ မန္တလေးကောလိပ်ကျောင်းနှင့် ရဲကျောင်းတို့၌ ၂-နှစ်တိုင် တိုင် သင်ကြား ပေးခဲ့ရာ။ ကျောင်းသားတို့သည် ဝမ်းမြောက်ဝမ်းသာ စိတ်ပါဝင် စားစွာ သင်ယူကြခြင်းကို သိမြင်ခဲ့ရလေသည်။

ကျွန်ုပ်မန္တလေးမြို့၌ ရှိနေသောအခါတိုင်း စိန်မေရီကျောင်း ဗဟိုဗုဒ္ဓဘာသာ အဖွဲ့၏ အဘိဓမ္မာသင်တန်းကို၊ ဥပုသ်နေ့ကို ချန်လှပ်လျက် ကျန်နေ့များတွင် ညနေ ၄-နာရီမှ ၅-နာရီအထိ သင်ကြားပေးသည်။ အချို့ ကောလိပ် ကျောင်းသား တို့သည် အခွင့်ရတိုင်း စိန်မေရီ သင်တန်းသို့ လာရောက် သင်ယူကြသဖြင့်၊ ခေတ် လူငယ်တို့၏ ဗုဒ္ဓအဘိဓမ္မာတရား၌ စိတ်ပါဝင်စားခြင်းကို ဝမ်းမြောက်ရ လေသည်။ ကျွန်ုပ်မှာလည်း ခေတ်ပညာတတ် ဒီဂရီ ရပြီးသော သားသမီးများရှိရာ၊ သူတို့ သည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တို့ ဖြစ်ကြ၍ ဘာသာရေး လုပ်ငန်းတို့ကို ဘာ သာဝင်တို့ ထုံးတမ်းအရ ဆောင်ရွက် ရခြင်း တို့၌ ကျေနပ် နှစ်သိမ့်ပုံ မရကြပေ။ ထို့ကြောင့် ဗုဒ္ဓတရားကိုဆွေးနွေးသောအခါ အောက်ပါ မေးခွန်းမျိုးကို မေးကြ လေသည်။ “ဖေဖေ ကျွန်တော်တို့သည် ဗုဒ္ဓအရှင်၏ဩဝါဒကို များစွာပင် နှစ်ခြိုက်

ပါသည်။ သို့သော် ဗုဒ္ဓကိုယ်တော်သည် ကမ္ဘာကြီးဖြစ်ပေါ် တည်ဆောက်ပုံ တို့ကို အသေးစိတ်အားဖြင့် သိရှိပါသလော။ ယခုအခါ ဗုဒ္ဓဘာသာဝင်တို့ လေ့လာနေကြသော ဘာသာရေး လုပ်ငန်းတို့တွင် အချို့သော ကိစ္စတို့၌ ဗြဟ္မဏ ဘာသာဝင်တို့နှင့် တူနေလေရာ၊ ဗုဒ္ဓကိုယ်တော်သည် ဗြဟ္မဏဘာသာဝင်တဦး ဖြစ်လေသလော၊ သို့မဟုတ် ဗြဟ္မဏဘာသာကို အားပေးသလော၊ ဖေဖေသင်ကြား ခဲ့သော ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တို့၌ ဗုဒ္ဓဘာသာ လုပ်ငန်းနှင့် ဗြဟ္မဏ ဘာသာ လုပ်ငန်းတို့ ရောပြွမ်းနေလေရာ၊ ဘယ်သို့ခွဲခြားနိုင်ပါသနည်း။ ဗုဒ္ဓအရှင်၏ ဆိုလိုရင်း ဝါဒသည် အဘယ်ဝါဒမျိုး ဖြစ်ပါသနည်း။ ခံစားမှုမရှိသော နိဗ္ဗာန်သည် ဘယ်ပုံငြိမ်းချမ်းပါသနည်း ...” စသည်ဖြင့် မေးကြသည်၊ ဆွေးနွေးကြသည်။

တခါတရံ ကျွန်ုပ်ပြောဆိုသော စကားလုံးတို့၏ အနက်အဓိပ္ပါယ်ကို သဘောမကျ၊ ငြင်းခုံကြသောအခါ၊ ကျွန်ုပ်က စိတ်လိုက်မာန်ပါ ဝေါက်ငမ်းပြောဆိုမိသည်။ ထိုအခါ ဖေဖေကဘာသာရေးလိုက်စားသူဆိုပြီး ကျွန်တော်တို့ကို စိတ်ဆိုးနေသည် ပြောကာ ရီကြမောကြလေသည်။ ခေတ်ပညာတတ် လူငယ်တို့သည် လောကဓါတ်ကျောင်း၌ သင်ကြားနာယူခဲ့ကြသော စံနစ်ဖြင့် ဗုဒ္ဓရှင်ဟောပြသော သဘာဝတို့ကို စဉ်းစားဆင်ခြင်ကြသည်။ လောကဓါတ်ကျောင်းများ၌ ရုပ်ဝါဒတို့ကို စံနစ်တကျ အကွက်ရိုက် ရှင်းပြသကဲ့သို့၊ ဗုဒ္ဓဝါဒ နာမ်သဘာဝ တို့ကို အကွက်ချလျက် စံနစ်တကျ ရှင်းပြစေလိုကြသည်။

အသက်အရွယ် ကြီးရင့်သဖြင့် ဗုဒ္ဓဝါဒကို စိတ်ဝင်စားကြသော ခေတ်ပညာတတ်ပုဂ္ဂိုလ်ကြီးတို့ကိုလည်း တွေ့ကြုံဆွေးနွေးခဲ့ရသည်။ ထိုပုဂ္ဂိုလ်ကြီးတို့သည် များသောအားဖြင့် အနတ္တသဘောတရားကို အသိမရောက်နိုင် ဖြစ်ကြသည်။ သဿတအယူအဆကိုပင်လျှင် မှန်ကန်သကဲ့သို့ ယူဆကြသည်။ သို့သော် ဗုဒ္ဓ အရှင်၏ အနတ္တဝါဒကို တကမ္ဘာလုံးကပင် ဗုဒ္ဓ၏ဝါဒဟု လက်ခံဖော်ပြ ထားသောကြောင့်၊ သဿတကိုလည်း မစွန့်နိုင်၊ အနတ္တကိုလည်း သဘောမပေါက်နိုင်ဖြစ်ကြရသည်။ သဿတနှင့် ဥစ္ဆေဒစသော ဝါဒတို့သည် အတ္တဝါဒုပါဒါန်မှ အစပြုသည်ဟု သဘော မပေါက်နိုင်ကြ။ ဗုဒ္ဓအဘိဓမ္မ ပညာကို လေ့လာပါသော်လည်း ဒိဋ္ဌိသင်္ခါရ လုပ်ငန်း ဖြစ်ကြောင်းကို ရှင်းလင်းစွာ ဆရာသမားထံမှ သင်ယူခဲ့ကြခြင်းမရှိ ဖြစ်ကြသည်။

ကျွန်ုပ်သည် သိကြားလိမ္မာ ဆင်ခြင် စဉ်းစားနိုင်သော အရွယ်မှစ၍၊ ဗုဒ္ဓအရှင်၏ ဩဝါဒကို လေ့လာခဲ့ပါသော်လည်း၊ တကယ်အနှစ်သာရ အခြေခံမူလဖြစ်သော အဘိဓမ္မ သဘောတရား တို့ကို စံနစ်တကျ မလေ့လာခဲ့ဘဲ၊ သင်ရိုးသင်နည်း ထုံးစံအလိုက် သင်ကြားခဲ့သဖြင့်၊ သဘာဝ တရားတို့၏ သင်္ခါရ လောကသို့ အသိမရောက်နိုင် ဖြစ်ခဲ့ရသည်။

ထို့ကြောင့် ဘာသာရေး အယူအဆတို့၌ များစွာ သံသယဖြစ်လျက် ဗုဒ္ဓအစွဲဖြင့် ဝမ်းနည်းပက်လက် ဖြစ်ခဲ့ရ လေသည်။ အခြား ဗုဒ္ဓဘာသာဝင်တို့ သည်လည်း ကျွန်ုပ်ကဲ့သို့ ဗုဒ္ဓဘာသာ သဘာဝတို့၌ မတင်မကျ စိတ်သောက ရောက်သူတို့လည်း ရှိပေလိမ့်မည်ဟု ထင်မြင်မိပါသည်။ ဗုဒ္ဓအရှင်၏ဩဝါဒသည် မိမိတို့၏ ဉာဏ်မှီသမျှဖြင့် လက်တွေ့ကျေနပ်ရသော ဩဝါဒဖြစ်၍ မိရိုးဖလာယုံကြည်မှုသက်သက်ဖြင့် ကျေနပ်ရသော ဝါဒမဟုတ်သောကြောင့်၊ ဗုဒ္ဓအရှင်၏ ဓမ္မဝိနယကို ကမ္ဘာ့ပညာကြီး တရပ်အနေဖြင့် သင်ကြားပို့ချပေးနိုင်ကြလျှင် ပိုမိုတိုးတက်ကောင်းမွန်ကြမည်ဟု ယုံကြည်နေပါသည်။ ဤစာအုပ်ကို ရေးသားသော ရည်ရွယ်ချက်များသည် ပါဠိဘာသာနှင့် ပိဋကပညာသင်ကြားပေးနည်းကို ခြားနားစွာ သင်ယူပို့ချစေလိုခြင်း၊ ဗုဒ္ဓအရှင်၏ ကမ္ဘာ့ဓါတုဗေဒ-အဘိဓမ္မပညာကို ဗုဒ္ဓအရှင်၏ ဆိုလိုရင်းသဘော မပျက်မလွဲစေဘဲ စံနစ် ကျနိုင်သမျှ ကျရောက်အောင် ဤကိုယ်ကောင် ကြီးကို သက်သေ ပြုလျက် သင်ကြားပို့ချစေလိုခြင်း၊ ဝိနည်းဥပဒေများကို သင်ကြား ပို့ချလျှင် သမုဋ္ဌာန် ၆-မျိုးကို အခြေခံထားလျက်၊ ထိုသမုဋ္ဌာန်တို့ကို ဖြစ်ပေါ် စေသော ကိုယ်,နှုတ် အမူအရာတို့သည် မည်သည့် စိတ်အစဉ်ကြောင့် သခါရအဆင့်၊ အဘိသင်္ခါရ အဆင့်၊ ကမ္မပထ အဆင့်တို့သို့ ရောက်ကြ ရကြောင်း စသည်ဖြင့် ရဟန်းငယ် ရှင်ငယ်တို့ သဘောပေါက် အသိရောက်အောင် သင်ယူပို့ချ စေလိုခြင်း၊ ကမ္မဋ္ဌာန်း ရိပ်သာသို့ သွား၍ တရားအားထုတ်လိုသူများနှင့် ရိပ်သာသို့မသွားဘဲ မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် သင်္ခါရ လုပ်သားတို့၏ လောကသို့ အသိ ရောက်စေလိုခြင်း စသော ရည်ရွယ်ချက်များဖြင့် ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ဤစာအုပ်၌ စာရေးသားပုံမှာ ကျမ်းစာသွားအဖြစ် ရေးသားသောစကားစဉ်မျိုးလည်းမဟုတ်ပေ။ ထို့ပြင် ကျောင်းသင်္ချားစာ ရေးသော ရေးသားနည်းမျိုးလည်း မဟုတ်ပေ။ ကျွန်တော်သည် နာယူသော ပုဂ္ဂိုလ်တို့၏ နားလည် လွယ်ခြင်း၊ သဘော ပေါက်လွယ် ခြင်းတို့ကို ရှေ့ရှုလျက်၊ ဟောပြောပြသော စကားစဉ်ဖြင့် ရေးသားလိုက်ခြင်း ဖြစ်ပါသည်။ အနုပုဗ္ဗသိက္ခာ လေ့ကျင့်နည်း တို့သည် သီလ-သမာဓိ-ပညာ သိက္ခာ ၃-မျိုးလုံးနှင့် သက်ဆိုင်နေသည်ဟု သဘောပေါက်သဖြင့် ထည့်သွင်းရေးသား လိုက်ရပါသည်။

ရန်ကုန်မြို့၊ အလုံရပ်၊ ဆွမ်းလောင်းသင်း စာအုပ် ဖြစ်မြောက်ရေး အဖွဲ့အားလည်း ယခုပဋ္ဌမအကြိမ်တွင် စာအုပ်အရေအတွက် အလိုရှိသမျှ ရိုက်နှိပ်ခွင့်ပြုလိုက်ပါသည်။

သိန်းအောင်

၁၃၂၉-ခု၊ နယုန်လကွယ်နေ့။

ယောဝဒတံ ပဝရော မနုဇေသု
သကျမုနိဘဂဝါ ကတ ကိစ္စော
ပါရံဂတော ဗလဝီရ သမင်္ဂီ
တံသုဂဒံ သရဏတ္တ မုပေမိ။

# ဗုဒ္ဓဝါဒ အကြောင်းပြ

## ဗုဒ္ဓဝါဒ အနတ္တ

အတ္တဟူသော မပြိုမကွဲ အမြဲတည်ရှိ နေသော အကောင်နှင့် ဇီဝဟူသော အသက်လိပ်ပြာကောင်ရှိသည်ဟု စွဲမြဲယုံကြည်နေကြသော လောကကြီး အလယ်၌ အတ္တ ဟူ၍မရှိ၊ ဇီဝဟူ၍လည်း မရှိဟူသော အနတ္တ ဝါဒကို ဗုဒ္ဓအရှင်သည် ရဲရင့်ပြတ်သားစွာ ဟောပြောပြသခဲ့လေရာ၊ သတ္တဝါတို့၏ အယူအဆ အလိုဆန္ဒ အသိတို့နှင့် ဆန့်ကျင်ဘက်ကြီး ဖြစ်နေ လေသည်။ ဗုဒ္ဓအရှင် ဟောပြနေသော အဆုံးအမတို့ကို ကြားနာကြရသော ပုဂ္ဂိုလ်တို့သည်လည်း သာမာန်ပုဂ္ဂိုလ်များ မဟုတ်ကြပေ။ထိုခေတ် ထိုအခါက လူသတ္တဝါတို့၏ ရှေ့ဆောင်ဂိုဏ်း ဆရာကြီးများ၊ ပုဏ္ဏား ပညာရှိကြီး များနှင့် ရသေ့ပရိဗိုဇ် ပညာရှိကြီးတို့၏ အလယ်မှာ ဖြစ်လေသည်။ ထိုပြင် ဗုဒ္ဓကိုတော်သည် မိမိ၏အနတ္တ ဝါဒမှာ မျက်မှောက်ဘဝ၌ လက်တွေ့ကိုယ်တွေ့သိရသောဝါဒ ...အချိန်ကာလ မစောင့်ဆိုင်းရဘဲ အကျိုးရနိုင်သော ဝါဒ ...လာကြည့်လှည့်ပါ၊ ဟောဒါပါဘဲဟု လက်ဝါးပြင်ပေါ်မှာ ပတ္တမြားမျက်ရှင်ကို တင်ပြသကဲ့သို့ ပြသနိုင်သောဝါဒ၊ပညာဉာဏ် အနိမ့် အလတ် အမြင့်ဖြစ်ကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့မှီလောက်သော ဉာဏ်ပေဘံဖြင့် နှိုင်းယှဉ်တိုင်းထွာလျက် အဘိအကျသိနိုင်သောဝါဒ ဖြစ်သည်ဟူ၍ ကြွေးကြော်ခဲ့လေသည်။

No. 6

မိမိဝါဒကို ဗုဒ္ဓကိုယ်တော်သည် ''ကိုယ်တိုင်သိ'' ဖြစ်ရုံမျှ မဟုတ်သေး၊ နာကြားသူ တို့ကိုလည်း၊ နားလည်အောင် ဟောပြဆုံးမနိုင်သော ဉာဏ်တော် နှင့်လည်း ပြည့်စုံသဖြင့်၊ အို့နာ့သေ့ဆင်းရဲအပေါင်းတို့၏ ထပ်လောင်းနှိပ်စက်မှုကိုခံယူနေကြရသော သတ္တဝါတို့ အားလည်း အတိုင်းအဆအားဖြင့် မဖော်ပြနိုင်လောက်သော သနားကြင်နာ ''မဟာကရုဏာ''တော် ဉာဏ်လည်း ရှိပေသည်။ မိမိဝါဒကို ဟောပြဆုံးမတော်မူရာ၌လည်း၊ ဗုဒ္ဓကိုယ်တော်သည် ဝါဒစွဲမရှိ၊ အစွဲလွတ် ဟောပြဆုံးမတော်မူခဲ့သည်။ ကိုယ်တိုင်သိဝါဒကြောင့် ဗုဒ္ဓအရှင်၌ ယူဆချက် စဉ်းစားချက်ဟူ၍လည်း မရှိပေ။ တိကအင်္ဂုတ္တိုရ် ကေသမုတ္တသုတ္တန်၌ ကာလာမ အမျိုးသားတို့အား ဆုံးမသော ဩဝါဒ ၁၀ ချက်သည် ဗုဒ္ဓကိုယ်တော်၏ မိမိဝါဒ၌ အစွဲအလမ်းမရှိခြင်းနှင့် ယူဆချက် စဉ်းစားချက်ဟူ၍ မရှိကြောင်းကို ဖော်ပြသောဩဝါဒများဖြစ်လေသည်။

## ကာလာမ အမျိုးသားများ

တရံရောအခါ ဗုဒ္ဓ ကိုယ်တော်သည် ကောသလတိုင်း ကေသမုတ္တ နိဂုံးသို့ ဒေသစာရီ ကြွရောက်တော်မူလေရာ၊ ကာလာမ အမျိုးသား တို့သည် ဗုဒ္ဓအရှင်ထံ ချဉ်းကပ်ကြလျက်၊ အို .. အရှင်ဂေါတမ .. ကျွန်ုပ်တို့ နိဂုံးရွာကြီးသို့ ဂိုဏ်းဆရာကြီးများ အသီးသီး ရောက်လာကြပါသည်။ ထိုဆရာကြီးတို့သည် မိမိတို့၏ အယူအဆဖြစ်သောဝါဒကို ပြောဟောကြ၍ အခြားတို့၏ဝါဒတို့ကို ကဲ့ရဲ့ပုတ်ခတ်လျက် ဖျက်ဆီးကြသည်။ ထိုဝါဒအမျိုးမျိုးတို့ကို ကြားကြရသော ကျွန်ုပ်တို့သည် အဘယ်အယူအဆ အဘယ်ဆရာကြီးတို့၏ ဝါဒသည် အမှန်အမှား ဖြစ်လေသနည်းဟု မဆုံးဖြတ်နိုင်ကြဘဲ ယုံမှား 'သံသယ' ဖြစ်ပေါ်နေကြရပါသည်ဟု မေးလျှောက်ကြသည်။

အို... ကာလာမ အမျိုးသားတို့-ယုံမှားသင့် ယုံမှားထိုက်သော အရာဌာနတို့၌ ယုံမှား သံသယ ဖြစ်ပေါ် ခြင်းသည် သဘာဝ အတိုင်း ဖြစ်သည်။ အို....ကာလာမ အမျိုးသားတို့ ·မိမိတို့ကိုယ်တိုင် ''လက်တွေ့-ကိုယ်တွေ့'' အသိ မရောက်လျှင် ဘယ်အယူအဆ ဘယ်ဝါဒကိုမျှ မယုံကြည် မကိုးစားကြပါ လေလင့်။ အို....ကာလမ အမျိုးသားတို့ –

(၁) တဆင့်ကြားရသော ''အနုဿဝ'' ဖြင့် မယုံကြည် မကိုးစား ပါလင့်။

(၂) ဤလို ဖြစ်တတ်သတဲ့ ဟူသော ''ဣတိကိရ'' ဖြင့်လည်း မယုံကြည်ပါလင့်။

(၃) မျိုးနွယ်စဉ်ဆက် လုပ်နေကျ"ပရမ္ပရာယ"ဖြင့်လည်း မကိုးစားပါလင့်။

(၄) တက္ကနည်းအရ "တက္ကဟေတု"ဖြင့်လည်း မယုံကြည်ပါလင့်။

(၅) အခြား နည်းအမျိုးမျိုးဖြစ်သော "နယဟေတု"ဖြင့်လည်း မယုံကြည်ပါလင့်။

(၆) အခြင်းအရာ အမျိုးစုံတို့ကို လွှမ်းခြုံ စဉ်းစားသော "အာကာရ ပရိတက္က" ဖြင့်လည်း မယုံကြည် မကိုးစားပါလင့်။

(၇) မိမိ သိထားသော ယူဆချက်ကို အမြဲမပြတ် ဆင်ခြင်လေ့လာ နှစ်သက်သော "ဒိဋ္ဌိနိဇ္ဈာနခန္တိ"ဖြင့်လည်း မယုံကြည်ပါလင့်။

(၈) ဗေဒင် ပိဋကတ်တို့ဖြင့် ပြည့်စုံလိုလောက်သည် ဟူသော "ပိဋကသမ္ပဒါန"ဖြင့်လည်း မယုံကြည် မကိုးစားပါလင့်။

(၉) ယူဆထိုက် ယူဆသင့်သည်ဟူသော "ဘဗ္ဗရူပ" ဖြင့်လည်း မယုံကြည် မကိုးစားပါလင့်။

(၁၀) ကျောက်ထီးကြီးပမာ လေးစားမြတ်နိုးအပ်သော ငါတို့၏ ဆရာကြီး ဟူ၍လည်း မယုံကြည် မကိုးစား ပါလင့်ဟု ကာလာမတို့ကို ဗုဒ္ဓကိုယ်တော်သည် ဩဝါဒပေးတော်မူသည်။

ဤဒေသနာတော်အရ ဗုဒ္ဓအရှင်သည် မိမိကိုယ်တိုင်တော်နှင့် မိမိဟောပြောထားခဲ့သော တရားစကား အစဉ်တို့ကိုပင် ဤဒေသနာဘောင် အတွင်းသို့ ထည့်သွင်း ဟောပြတော်မူခဲ့ခြင်းဖြင့် မိမိဝါဒ၌ အစွဲအလမ်း မရှိ၊ ကြံဆချက် ယူဆချက်ဟူ၍ မရှိကြောင်းကို သိနိုင်ကြသည်။ ထို့ပြင် အနတ္တ ဝါဒကို ကိုယ်တိုင် လက်တွေ့အသိရောက်အောင် အားထုတ်စေလိုသော"ဩဝါဒ"ပေးခဲ့ခြင်းလည်း ဖြစ်ပေသည်။

ယခုအခါ ဗုဒ္ဓကိုယ်တော်၏ အနတ္တဝါဒနှင့် သက်ဆိုင်သမျှ ဖော်ပြတော် မူခဲ့သော ပိဋကတ်သုံးပုံ ဒေသနာ အစဉ် တို့သည် "တဆင့်ကြား အနုဿဝ" ဖြစ်နေလေပြီ။ ကာလာမ အမျိုးသား တို့အား ဆုံးမတော် မူခဲ့သော 'မယုံကြည်ရသော ၁၀-ချက်အတွင်းသို့ သက်ဆင်း ကျရောက် နေလေပြီ။ ဗုဒ္ဓကိုယ်တော် သက်တော်ထင်ရှား ရှိစဉ်က တပည့်သား သာဝကတို့သည် ကိုယ်တိုင်လက်တွေ့သိအောင် အားထုတ်တော် မူခဲ့ကြသဖြင့်၊ မိမိတို့ဆရာ ဗုဒ္ဓအရှင်၏ အနတ္တဝါဒကို ဝန်ခံ ဖော်ပြတော် မူခဲ့ကြလေသည်။ ကိုယ်တိုင်သိ သက်သေထူနိုင်ခဲ့ကြလေသည်။

## နာဠဒပုတ္တ ဆရာကြီးနှင့် စိတ္တသူကြွယ်

တရံရောအခါ ဗုဒ္ဓအရှင်၏ တပည့်သား ဒါယကာ စိတ္တသူကြွယ်သည် ပစ္ဆိမ ကာသဏ္ဍမြို့ငယ်၌ နေလေသော အခါ၊ ဂိုဏ်းဆရာကြီး နာဠဒပုဏ္ဍသည် စိတ္တသူကြွယ် နေသော မြို့ငယ်သို့ ဒေသစာရီ ကြွရောက်လျက် မိမိ၏ ဝါဒကို ဟောကြားလေရာ၊ စိတ္တသူကြွယ်သည်လည်း ငယ်စဉ်က မိတ်ဆွေဖြစ်ဘူးသဖြင့်၊ နာဠဒပုတ္တ ဆရာကြီးထံသို့ သွားရောက်၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် စကားများ ပြောကြား လေသည်။ ထိုအခါ နာဠဒပုတ္တဆရာကြီးက အို စိတ္တသူကြွယ် ဝိတက်ဝိစာရ မရှိပါဘဲ၊ ဝိတက် ဝိစာရကင်းလျက် သိနိုင်-နေနိုင်သောသူသည် လောက၌ ရှိပါသလောဟု မေးခွန်း ထုတ်သည်။ ထိုမေးခွန်းသည် ဗုဒ္ဓအရှင်၏ သမာဓိ လေ့ကျင့်ခဏ်းကို ရည်ရွယ်လျက် မေးသော မေးခွန်း ဖြစ်ကြောင်းကို စိတ္တသူကြွယ် ရိပ်မိလေသည်။ ထိုအခါ စိတ္တ သူကြွယ်က အို....နာဠဒပုတ္တဆရာကြီး သည်ကဲ့သို့သော လုပ်ငန်းမျိုး၌ ကျွန်ုပ်သည် သူများ ပြောသမျှကို ယုံကြည်သူ မဟုတ်ပါဟု ပြန်ပြောလေသည်။ ထိုစကားကို ကြားရသော နာဠဒပုတ္တဆရာကြီးသည် စိတ္တသူကြွယ်၏ ရည်ရွယ်ပြောဆိုချက်ကို မရိပ် မိဘဲ၊ စိတ္တသည် သူ၏ ဆရာရှင် ဂေါတမ၏ စကားတို့ကို မယုံပါကလားဟု အသိ ရောက်သွားသည်။ ထိုအခါ နာဠဒပုတ္တဆရာကြီးသည် သူ၏တရားနာ ပရိသတ်တို့အား အို....လူအပေါင်းတို့ စိတ္တ သူကြွယ်သည် စကားကို တိတိ ကျကျ မှန်မှန် ကန်ကန် ပြောတတ်သော သူကော်ကောင်းကြီးတဦး ဖြစ်သည် ဟု ကြွေးကြော် ပြောကြား လေသည်။

ထိုအခါ စိတ္တသူကြွယ်က · အို....အရှင်နာဠဒပုဏ္ဍဆရာ ဝိတက် ဝိစာရ မပါ မရှိဘဲ၊ ဝိတက် ဝိစာရမှ ကင်းလွတ်လျက် ကျွန်ုပ်သည် တနာရီမက တနေ့လုံးပင် နေနိုင်-သိနိုင် နေပါသည်။ ထိုသို့ နေနိုင်-သိနိုင် ခြင်းသည် ကျွန်ုပ်တို့၏ လက်တွေ့ ကိုယ်တွေ့ ဖြစ်နေသောကြောင့်၊ သူများ ပြောစကားကို ယုံကြည်ရန် မလိုတော့ပါ။ ယုံကြည်ခြင်းသည် လက်တွေ့မဟုတ်ပါဟု ပြန်ပြောလေရာ၊ နာဠဒပုတ္တဆရာကြီးသည် စိတ္တသူကြွယ်ကို ကဲ့ရဲ့ရှုတ်ချ ပြန်လေသည်။ ဤ၌ စိတ္တ သူကြွယ်သည် ဗုဒ္ဓ အရှင်၏ ဝါဒသည် မိမိ၏လက်တွေ့ပါဒဖြစ်ကြောင်း ဝန်ခံပြောဆိုနိုင်ခဲ့ လေသည်။

ယခုအခါ ဗုဒ္ဓအရှင်၏ဝါဒကို မျိုးနွယ်စဉ်ဆက်လုပ်နေကျဟူသော "ပရမ္ပရ" ဖြင့် လေ့လာနေကြသော မိရိုးဖလာ ဗုဒ္ဓဘာသာဝင် အချို့တို့သည် ဈာန်တရား သဘောနှင့် အဘိညာဉ် သဘောတရားတို့ကို သုတမယ ဉာဏ်ဖြင့်ပင် ကွဲပြား ခြား နားအောင် အသိမရောက်ဘဲ၊ ဈာန်နှင့် အဘိညာဉ် အတူတူဘဲဟု ယူဆကြသည်ကို တွေ့မြင်နေရလေသည်။ ဈာန်ရလျှင် မြေလျှိုး မိုးပျံနိုင်သည်ဟု ပြောဆိုကြ လေ သည်။ ဈာန်တရားဟူသမျှ သမာဓိကမ္မဋ္ဌာန်း၏ အထွတ်အထိပ် လုပ်ငန်းသာ ဖြစ်၍

အဘိဓာန်တို့သည် အနည်းဆုံး ရူပါဝစရ စတုတ္ထဈာန် သမာဓိကို အခြေခံပြုမှပင် ရရှိအပ်သော အကျိုးတရားများဟု အသိမရောက်ကြပေ။ ဤကဲ့သို့ယူဆ ယုံကြည် ခြင်းတို့သည် ဗုဒ္ဓအရှင်၏ ဝါဒကို သဒ္ဓါတရားသက်သက်ဖြင့် ယုံကြည် ကိုးစားခြင်း မျိုး ဖြစ်လေသည်။

ဤကဲ့သို့ ယုံကြည် ကိုးစားကြလျက် ဗုဒ္ဓအရှင်၏ ရည်ရွယ်ရင်း ဖြစ်သော အနတ္တဝါဒသို့ အသိမရောက်ဘဲ၊ အချင်းချင်း ဟောပြော ငြင်းခုံ ခြင်းဖြင့် အချိန် ကုန်လွန်နေပါလျှင်၊ ဗုဒ္ဓအရှင်၏ အဆုံးအမ သာသနာသည် ကြာရှည်စွာ တည်တန့် မည်မဟုတ်တော့ပေ။

ဗုဒ္ဓကိုယ်တော်သည် မိမိဝါဒအတွက် ဟောပြ ဆုံးမတော်မူသော ဩဝါဒ စကားအစဉ်တို့ကို ပကတိ သဒ္ဓါတရားသက်သက်ဖြင့် လေ့လာသော ပုဂ္ဂိုလ်တို့အား များစွာမနှစ်သက်ခဲ့ပေ။ အို ရဟန်းတို့-ပကတိ သဒ္ဓါသက်သက်ဖြင့် ငါ၏ ဩဝါဒ စကားအစဉ်တို့ကို လေ့လာသော ပုဂ္ဂိုလ်သည် မမှန်သော အစွဲအယူဖြင့် ယူဆလျက် ဘုရားရှင်တို့၏ ဩဝါဒကို ဖျက်ဆီး ကြမည်ဟု ဒုကင်္ဂုတ္တရ ပါဠိတော် ဗာလဝဂ်၌ ဖော်ပြခဲ့လေသည်။ ထို့ကြောင့် ပရိယတ္တိသဒ္ဓမ္မကို လေ့လာကြသော ပုဂ္ဂိုလ်တို့သည် ရိုးရိုး သဒ္ဓါတရား အဆင့်မှ "သဒ္ဓိန္ဒြေ" ခေါ်ရသော အဆင့်သို့ ရောက်အောင် ကြိုးစားသင့်ကြပေသည်။

ယခုခေတ်တွင် တဆင့်ကြား တရားတော်များကို နာယူကြရသော ခေတ် ပညာတတ်ပုဂ္ဂိုလ်တို့သည် မိမိတို့၏ကိုယ်ပိုင်ဉာဏ်ကို အခြေခံ ရှေ့သွား ပြုလျက်၊ မိမိ တို့၏ အယူအဆအသိနှင့် မတိုက်ဆိုင်မိသော သဘောတရား အချက် အလက် တို့ကို အမျိုးမျိုး ဝေဘန် ပြောဆိုကြလေသည်။ ဤသို့ ဝေဘန်ခြင်းသည် အဆန်း မဟုတ် ပါပေ။ နှစ်ပေါင်း ၂၅၀၀-ကျော်မျှ အဆင့်ပေါင်း မြောက်များစွာ ကျော်ဖြတ် ခဲ့ရသော ဗုဒ္ဓအရှင်၏ စကားအစဉ်တို့သည် မူလဝါဒရှင်ဖြစ်သော ဗုဒ္ဓကိုယ်တော်၏ ဆိုလိုရင်း အာဘော်အတိုင်း ဖြစ်သည်လည်း ရှိပေမည်၊ မဖြစ် သည်လည်း ရှိပေမည်၊ တဆင့်ကြားနှင့် မျိုးနွယ်စဉ်ဆက် လုပ်နေကျ သဘောတရားတို့၏ ဝေဘန်ခံရခြင်း သည် လောက ဓမ္မတာ ဖြစ်ပေသည်။ တဆင့် ပြောသော ပုဂ္ဂိုလ် သည်လည်း အတ္တဝါဒ ရစ်ပတ်ခြုံထားသော ပုဂ္ဂိုလ်ဖြစ်၍ ဝေဘန်သောပုဂ္ဂိုလ်သည်လည်း အတ္တ ဝါဒ ညွှန်အိုင်ကြီး၌ နစ်မြုပ်နေသူသာလျှင် ဖြစ်နေကြလေသည်။

အနတ္တဝါဒသည် စိတ်ကူးဖြင့်ကြံဆလျက် ဟောပြော ဆုံးမ ခဲ့သော ဝါဒ မဟုတ်၊ ကိုယ်တိုင်ကိုယ်ကျ မျက်မှောက် ပြုထားသော ဝါဒဖြစ်ကြောင်းကို မူကား ဗုဒ္ဓအရှင်သည် မဇ္ဈိမပဏ္ဏာသ စင်္ကီသုတ္တန်၌ ရှင်းပြတော် မူခဲ့လေသည်။

## စင်္ကီဆရာကြီးနှင့် ဗေဒင်တတ်ပေါက်စ ကာပဋိက

ဗုဒ္ဓကိုယ်တော်သည် ကောသလတိုင်း သြပါသာဒ ပုဏ္ဏားရွာအနီး အင်ကြင်းတောကြီး၌ သီတင်းသုံးစဉ်၊ စင်္ကီအမှူးပြုသော ဗေဒတ္တယ ပါရဂူဘွဲ့ရ ပုဏ္ဏားပညာရှိငါးရာတို့နှင့် ဝိဇ္ဇာတရား၏ မူသဘောတို့ကို ပြောဆိုကြသောအခါ၊ အသက်အရွယ်အားဖြင့် တဆဲ့ခြောက်နှစ်မျှဖြင့် ဗေဒတ္တယပါရဂူဘွဲ့ရသော ဗေဒစာတတ်ပေါက်စ ကာပဋိက အမည်ရှိသော သူငယ်သည် သက်ကြီးရွယ်ရင့်သော ပုဏ္ဏားကြီး တို့၏ ပြောဆိုနေဆဲ စကားအစဉ်တို့ကို ဖေါက်ကာ ဖေါက်ကာ ကြားဖြတ် ပြောဆိုခဲ့ လေသည်။ ထိုအခါ ဗုဒ္ဓအရှင်သည် လူကြီးများ ပြောဆိုနေသော စကားအစဉ်မဆုံးမီ၊ ဝင်ရောက်ပြောဆိုခြင်း မပြုပါလေနှင့်ဟု ကာပဋိကအား စကားအသုံး ခပ်မာမာဖြင့် တားမြစ်တော်မူလေသည်။ ပုဏ္ဏားပညာ ရှိငါးရာတို့၏ ခေါင်းဆောင်ဖြစ်သော စင်္ကီဆရာကြီးက အို....အရှင်ဂေါတမ ယခုပြောဆို နေကြသော စကားအချက်တရားအနက် သဘောတို့ကို စေ့ကြေ့ ဝင်ရောက်ကာ ဤသူငယ်လည်း ပြောနိုင်စွမ်း, ဆိုနိုင်စွမ်း ရှိပါသည်။ သူငယ်အား မတားမြစ် မပိတ်ပင်ပါ လင့်ဟု ပညာရှိပုဏ္ဏားတို့၏ အလယ်တွင် သူငယ်၏ ကျမ်းဂန် တတ်မြောက်သော ဂုဏ်ကို မြှင့်တင်ပြောဆိုလေတော့သည်။ ကာပဋိကလည်း ရှင်-ဂေါတမသည် ငါ့ကို အထင်အမြင်သေးသည်၊ ငါ၏ အကြောင်းကို ရှင်ဂေါတမ ကောင်းကောင်း သိစေမည်၊ ငါ၏မျက်နှာကို ရှင်-ဂေါတမ ကြည့်ခဲ့လျှင်၊ သူမဖြေနိုင်သော မေးခွန်းမျိုးကို ငါမေးလိုက်မည်ဟု ပုစ္ဆာမေးလိုသောအသွင်ဖြင့် မျက်နှာထား ဟန်ပြင်နေလေသည်။

ကာပဋိက စိတ်ထားကို သိတော်မူသော ဗုဒ္ဓအရှင်သည် ကာပဋိက၏ မျက်နှာကို မတ်မတ်စိုက်ကာ ကြည့်ရှုတော်မူလေသည်။ ထိုအခါ ကာပဋိကသည် အို....အရှင်ဂေါတမ အဆက်ဆက်ဆောင်ယူလာခဲ့သော ကျမ်းဂန်အခိုင်အမာတို့ဖြင့် ဗေဒကျမ်းဂန်၌ ယုံကြည် သက်ဝင် ကြသော ပုဏ္ဏားတို့သည် "ဤအယူ အဆ သည်သာလျှင်မှန်သည်၊ အခြားအယူအဆ တို့သည် အချည်းနှီး အနှစ်မဲ့ ဖြစ်သည်"ဟု ပြောဆိုကြပါသည်။ "ဤကျမ်းဂန် လာတိုင်း ယူဆယုံကြည်သော ပုဏ္ဏား တို့၏ ပြောဆိုချက်ကို အရှင်ဂေါတမသည် အဘယ်ကဲ့သို့ ပြောဆိုပါမည်နည်း"ဟု မေးမြန်းလေသည်။

"အို... ကာပဋိက ကျမ်းဂန်အရ ယုံကြည် ယူဆပြောဆို ကြသော ပုဏ္ဏားတို့တွင် မိမိပြောဆိုသော ယုံကြည်ယူဆချက်ကို 'လက်တွေ့ ကိုယ်တွေ့'သိရှိသောပုဏ္ဏားတစုံတဦးသည် ရှိပါသလော"ဟု မေးတော်မူ၏။ "အို... အရှင် ဂေါတမ မရှိပါဟု ပြန်လျှောက်၏"။ "အို....ကာပဋိက သင်တို့၏ ဆရာ အစဉ် အဆက် တို့တွင်လည်း ကိုယ်တွေ့ လက်တွေ့ ရှိသောသူ တယောက် တလေမျှ ရှိပါသလား'။ "တယောက်

တလေမျှ ရှိသည်ဟု မကြားရပါ"။ 'သို့ဖြစ်လျှင် ဗေဒကျမ်းဂန် တို့ကို ရှေးဦးစွာ စီရင်ပို့ချကြသော အဋ္ဌက-ဝါမက စသော ရသေ့ ဆရာကြီးတို့ သည်လည်း ဗေဒ ကျမ်းတို့၌ ဖော်ပြသော အယူအဆတို့ကို သူတို့ကိုယ်တိုင် လက်တွေ့ကိုယ်တွေ့ သိကြ သည်ဟု ဝန်ခံပြောဆိုခဲ့ကြသလော ..."။ "အို .. အရှင်ဂေါတမ ဤသို့လည်း ဝန်ခံ ပြောဆိုခဲ့ခြင်းမရှိခဲ့ပါ"ဟု ကာပဋိကသည် ပြန်လျှောက်ထားခဲ့သည်။

"အို....ပုဏ္ဏားတို့-ဗေဒကျမ်းဂန်အရ ယူဆယုံကြည်ချက် တို့ကို အစသူလည်း ကိုယ်တွေ့ လက်တွေ့မဟုတ်၊ အလယ်လူလည်း ကိုယ်တွေ့လက်တွေ့ မဟုတ်၊ နောက် လူတို့လည်း ကိုယ်တွေ့ လက်တွေ့ မဟုတ်ခဲ့ပါလျှင် ဥပမာအားဖြင့် ဆိုရသော်၊ ခြုံကြီး တခုကို အလယ်ကထားလျက် ဝိုင်းကြီး ပတ်ပတ် လှည့်နေ ကြသော "အန္ဓဝေဏိ" သူကာဏ်း အစဉ်ကြီး ကဲ့သို့ ဖြစ်လေသည်။ သင်တို့ ယုံကြည် ယူဆချက် များသည် အခြေခံ မလုံလောက်သောကြောင့် အချည်းနှီး ဖြစ်လေတော့သည်" ဟု ပုဏ္ဏားတို့၏ ဝါဒကို နှိမ်နင်းကာ ဗုဒ္ဓအရှင် မိန့်ကြားတော်မူလေသည်။

"အို... အရှင်ဂေါတမ ကျွန်ုပ်တို့သည်ယုံကြည်မှု သက်သက်ကို အားထားသည် မဟုတ်ပါ။ ဆရာကြီးများ အဆက်ဆက်ထံမှ တဆင့်တဆင့် ကြားနာခြင်း ဖြင့်လည်း အားထား ကြပါသည်ဟု ကာပဋိကသည် ပြန်လျှောက် ထားလေသည်။

"အို....ပုဏ္ဏားတို့-အမှန်သစ္စာကို စောင့်သိ လိမ္မာသော သူသည် အောက်ပါ သဘောတရား ငါးမျိုးကို အားကိုး အားထားပြုလျက် ဤအယူအဆကား အမှန်၊ ဤအယူအဆကား အမှားဟု အတိအကျ ဆုံးဖြတ်ချက် ချခြင်းငှါ မသင့်ပေဟု ဗုဒ္ဓ အရှင်က ဩဝါဒ ပြုတော်မူသည်။

(၁) ယုံကြည် သက်ဝင်ခြင်း သက်သက်ဖြင့် အသိရောက်ခြင်း။

(၂) ကြေနပ်နှစ်သိမ့်ခြင်းဖြင့် အသိရောက်ခြင်း။

(၃) အဆင့်ဆင့် ကြားရခြင်းဖြင့် အသိရောက်ခြင်း။

(၄) ပတ်ဝန်းကျင် အကြောင်းခြင်းရာတို့ကို ဆင်ခြင်စဉ်းစား အထောက် အထားပြုသဖြင့် အသိရောက်ခြင်း။

(၅) မိမိတွေ့ကြုံယူဆချက်ကို ထပ်တလဲလဲ ဖန်ခါခါ ဆင်ခြင် စဉ်းစားသော အစွဲသန်သဖြင့် နှစ်သက်စွာ အသိရောက်ခြင်း။

"အို .. ပုဏ္ဏားတို့ ဤသဘောတရား ငါးမျိုးတို့၏ အမှား ဖြစ်တတ်, အမှန် ဖြစ်တတ်သော အကျိုး ၂-မျိုးကို တွေ့မြင် နေရသောကြောင့်၊ ဤငါးမျိုးသော အသိရောက်ခြင်းဖြင့် အမှန်ဟု အတိအကျ ဆုံးဖြတ်ခြင်းငှါ မသင့်တော်ပေ" ဟု ဩဝါဒ ပြုတော်မူခဲ့လေသည်။

ဤဒေသနာတော်အရ၊ ဗုဒ္ဓအရှင်၏ သြဝါဒစကားအစဉ်ဖြစ်သော ပရိယတ္တိ သဒ္ဓမ္မသည် တဆင့်ကြား အနုဿဝ၊ မျိုးနွယ်စဉ်ဆက် လုပ်နေကျ ပရမ္ပရာယ ဖြစ်နေ လေသောကြောင့်၊ ပုဏ္ဏားတို့၏ ဗေဒကျမ်း အယူအဆ ကဲ့သို့ ဖြစ်လျက် နေလေပြီ။ ဗုဒ္ဓ အရှင်သည် 'သစ္စာနုပတ္တိ' စကားဖြင့် ကိုယ်တိုင်သိ ဖြစ်ကြောင်း ဖော်ပြခဲ့ လေသည်။

ဥပရိပဏ္ဏာသ ပါဠိတော် ဂဏ မောဂ္ဂလာန် သုတ်၌ အနတ္တဝါဒ လေ့လာပုံ စံနစ်ကို သီလ, သမာဓိ, ပညာ သုံးပါး အတွက်၊ အနုပုဗ္ဗ သိက္ခာအဆင့်၊ အနုပုဗ္ဗ ကြိယာအဆင့်၊ အနုပုဗ္ဗပဋိပဒါအဆင့် ဟူ၍ ဗုဒ္ဓကိုယ်တော် ဖော်ပြတော် မူခဲ့လေ သည်။ ယခုအခါ ထိုသိက္ခာသုံးပါးတို့ကို လေ့ကျင့်ရန် အလို့ငှါ အဆင့်သုံးဆင့်ဖြင့် စံနစ်တကျ မလေ့လာ သောကြောင့် သီလသိက္ခာကိုပင် မလေ့ကျင့်တတ် ဖြစ်ရလေ သည်။ဥပမာ -နဝင်္ဂသီလ၌ မေတ္တာဘာဝနာကို သိက္ခာပုဒ်တခုအနေဖြင့် ဆောက်တည် စေခြင်း၊ အဘိဇ္ဈာ -ဗျာပါဒ-မိစ္ဆာဒိဋ္ဌိ တို့ကို သိက္ခာပုဒ်များအနေဖြင့် ဆောက်တည် စေခြင်း၊ ဆောက်တည်ကြခြင်းတို့သည် ဗုဒ္ဓအရှင်၏ အလိုတော်ကျဖြစ်ပါမည်လော၊ သတိပြုသင့်လေသည်။

## အနုပုဗ္ဗ သုံးမျိုး အဓိပ္ပါယ်

အနုပုဗ္ဗသိက္ခာ အဆင့်သည် စာသင်ကျောင်း သို့ ရောက်စ ဖြစ်သော ကျောင်းသား သူငယ်တို့အား သုတမယ ဉာဏ် ဖြစ်ပေါ် လာအောင် ရှေးဦးစွာ အက္ခရာ -ဂဏန်းတို့ကို ဆရာက နှုတ်တိုက်သင်ကြား ပေးခြင်း၊ တပည့်က နှုတ်တိုက် သင်ယူခြင်း၊ ကျောင်းသုံး သင်ပုန်းကြီး၌ ဆရာက ကိုယ်တိုင်ရေးပြခြင်း၊ တပည့်က အတုလိုက် ရေးခြင်းစသော 'ဗာလသိက္ခာ' သင်ခန်း စာမျိုး ဖြစ်သည်။ ထို့အတူ ဗုဒ္ဓအရှင်၏ အနတ္တဝါဒအတွက် လက်တွေ့ လေ့ကျင့်လိုသော ပုဂ္ဂိုလ်တို့အား ဆရာ က ရှေးဦးစွာ သုတမယဉာဏ် ဖြစ်ပေါ်လာအောင် ရုပ်ဓါတ်တခုစီကို လက္ခဏာ အမှတ်အသားတို့ဖြင့် ခွဲခြားပြသခြင်း='ရူပပရိစ္ဆေဒ'၊ နာမ်ဓါတ် တခုစီကို အမှတ် အသားတို့ဖြင့် ခွဲခြားပြခြင်း= 'နာမပရိစ္ဆေဒ' တို့ကို သင်ပြ ပေးရခြင်း ဖြစ်သည်။ တပည့်တို့ကလည်း အသင့်အတင့် နှုတ်သုံးသွင်းခြင်းဖြင့် တခုနှင့်တခု ကွဲပြားခြားနား အောင် သင်ယူရခြင်း ဖြစ်လေသည်။ သို့မှသာလျှင် ဆရာ့ထံမှ သင်ကြား နာယူရ သော 'ပရတောဃောသ' မိမိက အသင့်အတင့် ဆင်ခြင်သော 'ယောနိသော မနသိ ကာရ' အကြောင်း ၂ ပါး ပေါင်းဆုံလျက် အနတ္တဝါဒကို ကိုယ်တိုင်သိကြောင်း မျက်မှောက် ပြုကြောင်းဖြစ်သော ဝိပဿနာဉာဏ် ဖြစ်ပေါ်လာပေမည်။

အနုပုဗ္ဗကြိယာ အဆင့်သည်-စာရေးတတ် ဘတ်တတ်ပြီးသော ကျောင်းသား သူငယ်သည် မိမိတို့ဘတ်သောစာ၌ ပါဝင်ပေါင်းစပ်သော ပုဒ် ဝါကျတို့၌ ကံ ကတ္တား ကြိယာ ကာရကတို့၏ အချင်းချင်း ဆက်သွယ်ကြပုံတို့ကိုသိသော စိန္တာမယ ဉာဏ်ဖြစ်ပေါ်လာအောင် ဆရာက ဓါတ်, ပစ္စည်း, ဝိဘတ်တို့ဖြင့် သင်ပြ၍ တပည့်တို့ကလည်း ဓါတ်ပစ္စည်းတို့ကို အခြေခံထားလျက် ပုဒ် ဝါကျတို့ကိုဖြစ်ပေါ်လာပုံကို သိအောင် စဉ်းစားလေ့လာရသော အဆင့် ဖြစ်သည်။ ဗုဒ္ဓအရှင်၏ အနတ္တဝါဒ အတွက် လေ့လာလိုသော ယောဂီတို့သည် နာမရူပပရိစ္ဆေဒ အဆင့်အတန်း၌ သုတ မယဉာဏ်ဖြင့် လေ့လာခဲ့ပြီးသော နာမ်သဘောတရား ရုပ်သဘောတရား တို့၏ အချင်းချင်း ဆက်သွယ်ပုံဖြစ်သော ပဋိစ္စသမုပ္ပါဒ်နည်းတို့ဖြင့် နာမ်ရုပ်တို့အစ ပေါ် လာပုံ၊ အလယ်ဖြစ်ပျက်နေပုံ၊ထိုနာမ်ရုပ်တရားတို့ အဆုံးသတ်ကြပုံစသည်တို့ကို စိန္တာ မယ ဖြစ်သော ပစ္စယပရိဂ္ဂဟ ဉာဏ်ပေါ်လာအောင် လေ့ကျင့်ရသော အဆင့် ဖြစ်လေသည်။

အနုပုဗ္ဗပဋိပဒါ အဆင့်သည် ပုဒ်,ဝါကျတို့ အချင်းချင်း ဆက်သွယ်ပုံနှင့် ဖြစ် ပေါ်လာကြပုံတို့ကို တတ်ကျွမ်းနားလည်သော တပည့်သည် မိမိကိုယ်တိုင် စာရေး သော အတတ်ကို ကျွမ်းကျင်လိမ္မာသဖြင့် ကျမ်းဂန်စာပေတို့ကို ပြုစုပျိုးထောင်ကာ စာတတ် ကျမ်းပြုဆရာအဖြစ်သို့ရောက်အောင် ကိုယ်တွေ့လက်တွေ့ လေ့ကျင့်ရသော အဆင့် ဖြစ်လေသည်။ ဤနည်းအတူ ဗုဒ္ဓအရှင်၏ အနတ္တ ဝါဒကို လေ့လာသော ယောဂီသည် နာမရူပ ပရိစ္ဆေဒအဆင့်ဖြင့် သိခဲ့သော သုတမယဉာဏ်၏အာရုံ၊ ပစ္စယ ပရိဂ္ဂဟဉာဏ် အဆင့်ဖြင့်သိခဲ့သော ပဋိစ္စသမုပ္ပါဒ် ဆက်သွယ်တတ်သော စိန္တာမယ ဉာဏ်၏အာရုံဖြစ်သော သဘော တရားကိုကို ဆက်လက် အာရုံပြုကာ ဥဒယဗ္ဗယ စသော ဉာဏ်အဆင့်ဆင့်တို့ဖြင့် အတ္တဝါဒ အဆုံးဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုင်အောင်သော မဇ္ဈိမပဋိပဒါ ဘာဝနာ အလေ့ အကျင့်ကို လေ့ကျင့် ရခြင်း ဖြစ်သည်။

ယခုအခါ အနတ္တဝါဒကို ပေါက်မြောက်အောင် ကြိုးစားအားထုတ်ကြသော အမျိုးကောင်းသားသမီးတို့ကို ဝိပဿနာရိပ်သာတို့၌ များစွာတွေ့မြင် နေရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပေသည်။ဗုဒ္ဓအရှင်၏ အနတ္တဝါဒသည် ကိုယ်ပိုင်ဉာဏ် စိန္တာ မယကိုအသုံးပြုသော ပုဂ္ဂိုလ်များ၌ သာလျှင် ပေါက်ရောက်ပေသည်။ ဆရာပြော သမျှယုံကြည်မှု သက်သက်ဖြင့် လေ့လာနေကြပါလျှင် ကုသိုလ်စိတ်တွေ ဖြစ်ပွါးနေ သော်လည်း၊ မိမိ၏ ရည်ရွယ်ချက် ပန်းတိုင်သို့ မရောက်ဘဲ ရှိချိမ့်မည်။ ကမ္မဋ္ဌာန်း ထိုင်တတ်အောင် ဆရာက စံနစ်တကျ သင်ပေးခြင်းသည် အကောင်းဆုံး ဖြစ်ပေသည်။

## အဆုံးအဖြတ်ပေးသော ခေတ်ပညာရှိများ

ယခုအခါ ခေတ်ပညာကို အတော် အတန် ကျွမ်းကျင် သဖြင့် အသိဉာဏ် အထက်တန်း ရောက်ရှိကြသော မမွမိတ်ဆွေ တို့သည် မိမိတို့၏ ကိုယ်ပိုင် ဉာဏ်ကို ရှေ့သွားပြုလျက် ဗုဒ္ဓအရှင်၏ဝါဒကို ဝေဘန် ရေးသားကြလေသည်။ ထိုပုဂ္ဂိုလ်တို့သည် ခေတ်မှီဉာဏ်ဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်များ ဖြစ်ကြ သော်လည်း၊ ခေတ်လူတို့ သုံးစွဲနေသော နိယာမကို သတိပြုမိကြဟန် မတူပေ။ ယခုအခါ လူသတ္တဝါတို့အတွက် အမှားနှင့် အမှန်ကို ဆုံးဖြတ်ပေးကြသော ပုဂ္ဂိုလ် ၂-မျိုးကို တွေ့ရသည်။

ပဌမပုဂ္ဂိုလ်မှာ - လောကဓါတ် ဆရာကြီးများ ဖြစ်ကြသည်။ လောကဓါတ် ဆရာတို့သည် မိမိတို့တွေ့ကြုံရသော အရာဝတ္ထုတို့ကို မှတ်သားကာ မျက်စိကို အဓိက အသုံးပြုကြသည်။ အီလက်ထရွန်နစ်၊ မိုက်ကရိုစကုပ်သည် လောကဓါတ် ဆရာကြီး တို့၏ မှီခိုရာ ဝတ္ထုပစ္စည်းတခုဖြစ်လေသည်။ အကူအညီ အမျိုးမျိုးတို့ကို ရယူလျက် အရာဝတ္ထုတခုခုကို ဆုံးဖြတ်သော ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုသော အခါ မိမိတို့၏ ဓါတုဗေဒ လောကဓါတ်ပညာက ပေးထားသော ညွှန်ကြားချက်တို့ကို အခြေခံပြုလျက် အမှားအမှန် အဆုံးအဖြတ် ပေးကြသည်။

ဒုတိယ ပုဂ္ဂိုလ်မှာ - တရားသူကြီးများ ဖြစ်ကြသည်။ ရိုးသား ဖြောင့်မှန်သော တရားသူကြီးတို့သည် မိမိတို့၏ ရုံးသို့ ရောက်ရှိလာ ကြသော အမှုကိစ္စ တို့ကို မိမိတို့ကိုယ်တိုင် မမြင်ကြ မသိကြပေ။ တရားလို တရားခံ သက်သေနှင့် ရှေ့နေတို့၏ ပြောဆိုတိုင်ကြား လျှောက်ထားသော စကားတို့ကိုသာလျှင် နားဖြင့် အသိ လုပ်ကြသည်။ ဆိုင်ရာပုဂ္ဂိုလ်တို့ ပြောဆိုကြသော စကားအစဉ်တို့ကို သတိပြုကာ နားထောင်မှတ်သား၍ ထိုစကားစဉ် တို့က ဖေါ်ပြသော အကြောင်း ခြင်းရာ သဘောတရားတို့ကို ဆက်သွယ် စုပေါင်းကြသည်။ ထိုစုပေါင်း ထားသော အကြောင်း အကျိုး သဘောတရားတို့ကို ဆင်ခြင်စဉ်းစားလျက် ဆုံးဖြတ်သော ကိုယ်ပိုင်ဉာဏ်ကို အသုံး ပြုသောအခါ၊ ဥပဒေက ပေးထားသော ညွှန်ကြားချက်တို့ကို အခြေခံပြုကာ အမှုတို့၏ အမှားအမှန်ကို အဆုံးအဖြတ် ပေးကြသည်။

ဓါတုဗေဒ လောကဓါတ် ဆရာကြီးများနှင့် တရားသူကြီး တို့သည် မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုရခြင်း တူကြသော်လည်း၊ အခြေခံပြုသော ပညာရပ်တို့မှာ မတူဘဲ ဆိုင်ရာပညာရပ်တို့ကိုသာလျှင် အခြေခံပြုကြလေသည်။

ဗုဒ္ဓဝါဒကို ဝေဘန်ဆုံးဖြတ်ကြသော မမွမိတ်ဆွေတို့သည် ဗုဒ္ဓအရှင်ပေးထား ခဲ့သော အခြေခံညွှန်ကြားချက်တို့ကို မသုံးသပ်ဘဲ လောကဓါတ်ပညာ အခြေခံဖြင့် ဝေဘန် ဆုံးဖြတ်ကြလေသည်။

အထက်က ဖော်ပြခဲ့သော ပညာရှိတို့၏ နိယာမထုံးစံနှင့် မကိုက်မညီ ဖြစ်နေလေသည်။ ထို့ပြင် သဘာဝတို့၏ ထုံးတန်းစဉ်လာသို့လည်း မသက်မရောက် ဖြစ်လေသည်။ ဝါဒတခုကို ဝေဘန်ရာတွင် သကသမယ ဟူသော မိမိအယူအဆတို့ကို ရှေးဦးစွာ ကျမ်းကျင်ရပေသည်။ ထိုနောက် မိမိဝေဘန်မည်ဖြစ်သော (သမယန္တရဂဟဏ)ဝါဒတပါး၏ အယူအဆ တို့ကိုလည်း ကျွမ်းကျင် နားလည် ထားရ ပေသည်။ ထိုဝါဒနှစ်မျိုးတို့က ညွှန်ကြားသော လုပ်နည်းအတိုင်း လေ့လာသောအခါ၊ညွှန်ကြားချက်အတိုင်း လက်တွေ့မျက်မှောက်ပြုနိုင်လျှင်၊ ထိုဝါဒသည် အမှန်ဖြစ်ရ ပေမည်။

အမှန်အားဖြင့်လည်း ဗုဒ္ဓအရှင်ကိုယ်တော် ညွှန်ကြား ဆုံးမခဲ့သော အနတ္တဝါဒသည် ယုံကြည်ရုံမျှဖြင့် အဆုံးသတ်ရသော ဝါဒမဟုတ်ချေ။လက်တွေ့ဖြစ်အောင်လေ့ကျင့်ရသော ဝါဒဖြစ်သည်။ လေးဆဲ့ ငါးဝါ ပတ်လုံး ဗုဒ္ဓကိုယ်တော် ဟောကြားတော်မူခဲ့သော သုတ်,ဝိနည်း,အဘိဓမ္မာ ဒေသနာတို့ကို ယနေ့တိုင် ကြားနာသိမြင်နိုင်ကြလေသည်။ ထိုပိဋကတ်သုံးပုံ ပါဠိတော်တို့၌ အနတ္တကို ယုံကြည်ကိုးစားရမည်ဟူသော ညွှန်ကြားချက် စကား တလုံးမျှ မတွေ့မမြင်ရပေ။ အနတ္တဝါဒကို လက်တွေ့သိအောင် အားထုတ်ရမည်၊ ကြိုးစားရမည် ဟူသော တိုက်တွန်း စကားများဖြင့် ပြည့်နှက်နေလေတော့သည်။

အနတ္တဝါဒသည် အလွန်သိမ်မွေ့နက်နဲသောဝါဒ ဖြစ်သောကြောင့်၊ တရားနာယူကြသော ပုဂ္ဂိုလ်တို့၏ အလိုသို့ လိုက်သောအားဖြင့် ၄၅ ဝါပတ်လုံး ဗုဒ္ဓကိုယ်တော်သည် အမျိုးမျိုး ပရိယာယ် စကားအသုံးတို့ဖြင့် အနတ္တ ဝါဒသို့ အသိရောက်နားလည်အောင် ဟောကြားတော် မူခဲ့ရလေသည်။ ထိုဒေသနာ စကားအစဉ် တို့၌ သင်္ခါရ-သတ္တ-ဩကာသ ဟူသော စကား အသုံး အနှုန်း တို့ကို အစွဲပြုလျက်၊သင်္ခါရလောက-သတ္တလောက-ဩကာသလောက ဟူသော လောကသုံးမျိုး ပေါ်လာရလေသည်။ထိုတွင် သင်္ခါရလောကသည်သာလျှင် ပရမတ္ထအစစ်ဖြစ်သော သင်္ခါရလုပ်သားတို့၏ လောကဖြစ်သည်။ ကျန်သော သတ္တနှင့်ဩကာသ လောက ၂ မျိုးမှာ တရားကိုယ် အစစ်အမှန်မရှိသော ပညတ္တိလောက အရေခြုံ လောကများသာ ဖြစ်ကြသည်။ အနတ္တဝါဒသို့ အသိရောက်နိုင်ရန် ဗုဒ္ဓကိုယ်တော်သည် အဘိဓမ္မဒေသနာဖြင့် အနတ္တဝါဒ၏ အခြေခံမူလဖြစ်သော သင်္ခါရလုပ်သား၊ ဓါတ်သဘာဝတရားတို့ကို ဖော်ပြတော်မူခဲ့သည်။ အခြေခံ သင်္ခါရ လုပ်သားတို့၏ လုပ်ပုံ လုပ်နည်း အမျိုးမျိုး တို့ကို သုတ္တန် ဒေသနာတော်များဖြင့် ပြသဆုံးမတော် မူခဲ့ လေသည်။

✱

# ဥ ယျ ဓမ္မ ငါးပါး

ဤကိုယ်ကောင်ကြီး၌ တည်ရှိပုံ

အနတ္တဝါဒသို့ အသိရောက်အောင် သွားလိုသော ယောဂီပုဂ္ဂိုလ်တို့ လိုက်နာကြရန် 'အနညာတ' အခွင့်ပြုချက်များနှင့် ပဋိကွေပ ပယ်လှန် တားမြစ်ချက် စည်းမျဉ်းတို့ကို ဝိနည်းဒေသနာဖြင့် ဖော်ပြတော် မူခဲ့လေသည်။ ဤသို့တရားနာယူသော သူတို့၏ အလိုသို့ လိုက်လျောကာ တရားအစု 'ဓမ္မက္ခန္ဓာ'ပေါင်း ရှစ်သောင်း လေးထောင်မျှ အကျယ်ဟောပြောသော်လည်း၊ အနတ္တဝါဒအတွက် အကျဉ်း အားဖြင့် အသိရောက် မျက်မှောက်ပြုရန်မှာ—

(၁) သင်္ခါရလုပ်သား ခေါ် သင်္ခတဓါတ် ၇၁-မျိုး။

(၂) ဝိကာရ ခေါ် သင်္ခါရလုပ်သားတို့၏ လုပ်ငန်း ၅-မျိုး။

(၃) လက္ခဏ ခေါ် လုပ်သားတို့၏ အမှတ်အသား ၄-မျိုး။

(၄) သင်္ခါရ လုပ်သားတို့ကို အစွဲပြုကာ ထင်ရှားသော ပညတ်များ။

(၅) သင်္ခါရ လုပ်သားအားလုံးတို့ ငြိမ်းခြင်း နိဗ္ဗာန်။

ဟူသော အကျဉ်းချုပ်တရား ၅-မျိုးသာလျှင် ဖြစ်သည်။

ဤတရား ငါးမျိုးတို့ကိုလည်း 'ကိုယ်တိုင်သိ' အဖြစ် ရောက်အောင် လေ့ကျင့်ရန်ဌာနကို ဗုဒ္ဓကိုယ်တော်သည် သဂါထာဝဂ္ဂ-ဒေဝတာသံယုတ် ပါဠိတော်ဖြင့် အောက်ပါအတိုင်း အဆုံးအမ ပေးတော် မူခဲ့သည်။

အို....ရောဟိတဿ နတ်သား – အမှတ်သညာနှင့် အသိ-မနတို့ ပေါင်းစပ်ယှဉ်တွဲနေသော တလံမျှ ဤကိုယ်ကောင်၌ လောကသုံးမျိုး ရှိသည်။ လောက ဖြစ်ကြောင်းတရားတို့လည်း ရှိသည်။ လောကသုံးပါး ချုပ်ငြိမ်းရာလည်း ရှိသည်။ လောကတို့မှ ထွက်မြောက်ကြောင်း ဖြစ်သော လမ်းလည်း ရှိသည်ဟု ဗုဒ္ဓ ကိုယ်တော် ညွှန်ကြားခဲ့သည်။

ဤတလံ မျှသော ကိုယ်ကောင်ကြီးသည် 'အသိ' ပေါက်ပွားရာ အစဆုံး ဌာနလည်း ဖြစ်သည်။ အမြဲကျက်စားရာဌာနလည်း ဖြစ်သည်။ အထက်က ဖော်ပြခဲ့သော အကျဉ်းချုပ် သဘာဝတရား ငါးမျိုးသည် ဤကိုယ်ကောင်ကြီး၌ ရှိမရှိကို ကျွန်ုပ်တို့ စစ်ဆေး နိုင်သည်၊ စူးစမ်းနိုင်သည်၊ ဆင်ခြင်နိုင်သည်၊ မိမိတို့၏ ဉာဏ်

ပေတံ ရှည်သလောက် တိုင်းထွာ စမ်းသပ် နိုင်သည်၊ မိမိတို့၏ အသိ ရောက်သမျှ မျက်မှောက်ပြု ကိုယ်တိုင်သိ ဖြစ်နိုင်သည်။ ဗုဒ္ဓ ကိုယ်တော်သည် သတ္တဝါ တို့၏ ကောင်းစားရေးအတွက် အနတ္တဝါဒသို့ အသိ ရောက်နိုင်အောင် မူလတရား ကိုယ် များနှင့် လုပ်နည်း စည်းမျဉ်း တို့ကိုပါ မက လေ့လာရန်ကိုပါ ညွှန်ကြားခဲ့သော ကြောင့်၊ ဝါဒပြု ဆရာကြီးများ တို့တွင် အမှန်ဆုံး အမြတ်ဆုံး အားဖြင့် အလေး အမြတ် ပြုအပ်သော 'ဆရာဘုရား' တဆူ ဖြစ်တော်မူခဲ့သည်။ မိမိကိုယ်ကောင်ကြီး ၌ ဖြစ်ပေါ်လာသော သဒ္ဓါ-သတိ-ဝီရိယ-သမာဓိ-ပညာတို့ဖြင့် ဆင်ခြင် လေ့လာ ကြပါကုန်။

## သင်္ခါရ၏ အဓိပ္ပါယ်

ဤသင်္ခါရဟူသော ပါဠိစကားလုံး၏ ဖေါ်ပြလိုရင်း အနက်သဘောမှာ အချင်း ချင်း ဆက်သွယ်လျက်စီမံခြင်းနှင့် အချင်းချင်းစီမံမှုကို ခံယူကြသော ''ဓါတ်ပရမတ် လုပ်သား''အဟုတ်တကယ်ရှိသော သဘာဝတရားတို့ကို ဆိုလိုသည်။ ထိုတရားတို့သည် အခြေခံမူလဓါတ်တရားများဖြစ်ကြသည်။ မိမိတို့၏ကိုယ်ပိုင်အမှတ်အသားကိုခံယူထား တတ်ကြသောကြောင့် ''ဓါတု=ဓါတ်'' သဘာဝများဟုခေါ်သည်။ ကိုယ်ပိုင်အမှတ် အသား အသီးသီးကို ဆောင်ယူ ထားသဖြင့် ''အရှိ''သဘော ဖြစ်ကြသော်လည်း ပြည့်စုံသောအကြောင်းတို့မပေါင်းဆုံ မလုံလောက်သေးသောကြောင့်၊ တခုစီတခုစီ ထင်ရှားမပြနိုင်ကြပေ။

ဥပမာ-ဒသမဂဏန်း၌ ဒသမရှေ့ကရှိသော သုညတစ်သည် ပြည့်စုံလုံလောက် သော အစိတ်တို့မပေါင်းဆုံမိ သေးသောကြောင့်၊ ပြည့်စုံသော တစ်ဂဏန်းအဖြစ်ဖြင့် မဖေါ်ပြနိုင်သကဲ့သို့ ရှိနေရလေသည်။ ထို့အတူ ဓါတ်တို့သည်လည်း မိမိ၏ အမှတ် အသား အသီးသီးတို့ကို ဆောင်ထားတတ်သော တစ်မျိုးဖြစ်ကြသော်လည်း၊ ပြည့်စုံ သောအကြောင်း ''ပစ္စယသာမဂ္ဂီ'' အခွင့်မရသေးသောကြောင့်၊ 'အဖြစ်' ဟူသော ဥပ္ပါဒသို့ မရောက်ကြဘဲ 'အရှိ' များ ဖြစ်ကြလေသည်။

ထိုသင်္ခါရ ဓါတ်တို့သည် အကြောင်းတရား အမျိုးမျိုးတို့၏အပေါ်၌ မှီခို ပေါက်ပွါးကြရသော ''နိယတ'' တရားများဖြစ်ကြသည်။ ဗုဒ္ဓကိုယ်တော် သြဝါဒ ပေးခဲ့သော ''သဗ္ဗေသင်္ခါရာ အနိစ္စာ-သဗ္ဗေသင်္ခါရာဒုက္ခာဟု ဗုဒ္ဓဘာသာဝင်မြန်မာ တို့ နှုတ်တိုက်ရနေကြသော ပါဠိ၌ ပါဝင်သော ''သင်္ခါရ''သည် ဤဓါတ် သင်္ခါရ လုပ်သားတို့ပင်ဖြစ်ကြသည်။ ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် သင်္ခါရတွေပါ သင်္ခါရ တွေပါဟု မကြာမကြာ ပြောဆိုနေကြသော်လည်း၊ ''အဖြစ်နှင့် အပျက်'' ဟူသော

အာကာရပညတ် တရားတို့ကိုသာလျှင် အာရုံပြုအသိရောက်လျက် ပြောဆိုနေကြဟန် တူသည်။ ပရမတ် အစစ်ဖြစ်သော သင်္ခါရ လုပ်သားတို့သို့ အသိရောက်ဟန် မတူကြပေ။

ထိုခေါ်သင်္ခါရလုပ်သားတို့သည် ရုပ်ခေါ်သင်္ခါရလုပ်သား၊ နာမ်ခေါ်သင်္ခါရ လုပ်သားဟု ၂မျိုးကွဲပြားသည်။ ထိုသို့ကွဲပြားကြောင်းကို ဥပစယခေါ်သော အဖြစ်သို့ရောက်ခိုက်၌ ပေါ်လွင်စွာသိမြင်ကြရသည်။ ရုပ်ခေါ်တို့သည် ဥပစယသို့ ရောက်ခိုက်၌ ကလာပအသွင်ဖြင့် ထင်ရှား၍ ကာလအားဖြင့် ၅၁-ခဏ ကြာမြင့်စွာပေါ်လွင်သည်။ နာမ်ခေါ်တို့သည် ဥပစယသို့ရောက်ခိုက် စိတ္တအသွင်ဖြင့် ထင်ရှားလျက် ကာလအားဖြင့် ၃-ခဏသာလျှင် ပေါ်လွင်ကြသည်။ ဤသို့ ပေါ်လွင် ထင်ရှားကြသဖြင့်၊ ရုပ်ခေါ်, နာမ်ခေါ် ၂-မျိုး ရှိကြောင်းကို အသိသဘော ပေါက်နိုင်လေသည်။

တဖန်-ထိုသင်္ခါရ လုပ်သားတို့သည် အကြောင်း လုပ်ငန်းအဖြစ်ကို ဆောင်ရွက်သော သင်္ခါရလုပ်သား 'အကြောင်းသင်္ခါရ'နှင့် အကျိုးလုပ်ငန်းအဖြစ် ဆောင်ရွက်သော 'အကျိုးသင်္ခါရ' လုပ်သားဟု ၂-မျိုးကွဲပြန်သည်။ အကြောင်းနှင့်အကျိုး တရားတို့၏ ထုံးစံ နိယာမမှာ အကြောင်း တရားက ရှေးဦးစွာ ဖြစ်ပေါ်ရသည်။ အကျိုးတရားက နောက်ပေါ်ဖြစ်ထွန်းရသည်။ ပါဠိစကားဖြင့် ဟေတုနှင့်ဖလ၊ ကမ္မနှင့် ဝိပါက ခေါ်ကြသည်။ အရေအတွက်အားဖြင့် ရုပ်ခေါ် သင်္ခါရ လုပ်သားတို့သည် ၁၈-မျိုးရှိ၍၊ နာမ်ခေါ် လုပ်သားတို့သည် ၅၃-မျိုး ရှိကြသည်။

ယခုခေတ်လူတို့ စုဝေးလျက် လုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်ကြသကဲ့သို့ သင်္ခါရ လုပ်သားတို့ သည်လည်း အချင်းချင်း စုဝေးကြလျက် သင်္ခါရ လောက၏ လုပ်ငန်းအမျိုးမျိုးတို့ကို ဆောင်ရွက်ကြသည်။ သင်္ခါရလုပ်သားတို့သည် ဥပစယသို့ ရောက်ခိုက်၌ သင်္ခါရလောက၏ ရုပ်လုံးကိုလည်း ဖော်ပြကြသည်။ အချင်းချင်း ၅၁ ခဏ၊ ၃-ခဏဖြင့် ရပ်တည် နိုင်အောင် ကူညီ ထောက်ပံ့ ကြသည်။ အချို့ သင်္ခါရ လုပ်သားအစုတို့သည် အခြားသင်္ခါရ လုပ်သား အစုတို့ ရပ်တည် ဆွဲကိုင်နိုင်အောင် တည်ရာဌာန အဖြစ်နှင့် ဆွဲကိုင်စရာ အာလမ္ဗန လုပ်ငန်းကို ဆောင်ရွက်ကြသည်။ အချို့အစုက တံခါးပေါက်လုပ်ငန်းကို ဆောင်ရွက်လျက်၊ အပြင်အပမှ လုပ်သားစု အချို့အား ဝင်ခွင့်ပြုသော လုပ်ငန်းကို ဆောင်ရွက် ကြသည်။ သင်္ခါရ လောက၌ လုပ်ငန်းကိစ္စ ၁၄-မျိုးတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ကြသည်။

(၁) ပဋိသန္ဓေကိစ္စ၊ ဇာတိအသစ်နှင့် အဟောင်းဆက်သော လုပ်ငန်း

(၂) ဘဝင်္ဂကိစ္စ၊ ဘဝအစိတ်အပိုင်းအဖြစ် ဆောင်ရွက်သော လုပ်ငန်း

(၃) စုတိ၊ လက်ရှိဘဝမှ ရွေ့လျောသော လုပ်ငန်း

(၄) အာဝဇ္ဇန၊ ဆဲ့မိုရာအာရုံကို ဆင်ခြင်သော လုပ်ငန်း
(၅) ဒဿန၊ မြင်သိကိစ္စကို ဆောင်ရွက်သော လုပ်ငန်း
(၆) သဝန၊ ကြားသိကိစ္စကို ဆောင်ရွက်သော လုပ်ငန်း
(၇) ဃာယန၊ နံသိကိစ္စကို ဆောင်ရွက်သော လုပ်ငန်း
(၈) သာယန၊ လျက်သိကိစ္စကို ဆောင်ရွက်သော လုပ်ငန်း
(၉) ဖုသန၊ ထိသိကိစ္စကို ဆောင်ရွက်သော လုပ်ငန်း
(၁၀) သမ္ပဋိစ္ဆန၊ အာရုံကို ခံယူသည့်ကိစ္စ
(၁၁) သန္တီရဏ၊ အာရုံကို စူးစမ်းသည့် ကိစ္စ
(၁၂) ဝေါဋ္ဌဗ္ဗန၊ အာရုံကို ဆုံးဖြတ်သည့် ကိစ္စ
(၁၃) ဇဝန၊ အဟုန် အရှိန် ပြင်းထန်စွာဖြင့် အာရုံ၏ အရသာကို ခံစားသည့် လုပ်ငန်း
(၁၄) တဒါရမ္မဏ၊ ဇော ခံစားသောအာရုံ မကုန်သဖြင့် ထပ်၍ ခံစားသော လုပ်ငန်း

သခါရ လုပ်သားတို့သည် ဤကိစ္စ ၁၄ မျိုးကို ဆောင်ရွက်လျက်၊လောက၏ မကုန်မဆုံးနိုင်သော ကိစ္စအမျိုးမျိုးတို့ကို ဖြစ်ပေါ်ပေါက်ပွားစေသည်။

ဉပမာ-တချိုးအားဖြင့် ပြောရလျှင်၊ ဤသခါရ လုပ်သား ၇၁ မျိုးတို့သည် လောက၌ လူပညာရှိတို့ တည်ထွင်ဖန်တီးထားသော အက္ခရာ၁လုံးတို့နှင့် သဘောသွား တူကြီလေသည်။ အက္ခရာ တလုံးတလုံးတို့သည် ကိုယ်စီကိုယ်င အမှတ်အသား ရှိကြသော်လည်း၊ တခုချင်းအနေဖြင့် ပြည့်စုံသော အနက်အဓိပ္ပါယ် တို့ကို ဖေါ်ပြနိုင်စွမ်း မရှိကြပေ။ သို့သော်လည်း အခွင့် အားလျော်စွာ ပေါင်းကြ စုကြသော အခါ၊ ပုဒ်-ပဒဟူသောအသွင်ဖြင့် ထင်ရှားလျက် အနက်အဓိပ္ပါယ်တို့ကို ဖေါ်ပြ ထွန်းပြနိုင်ကြသည်။ တဖန် ထိုပုဒ် ပဒတို့သည် တန်းစဉ်ကြပြန်သောအခါ၊ ဝါကျ ဟူသောအသွင် ထင်ရှားလျက် ပိုမိုကျယ်ပြန့်သော အနက်အဓိပ္ပါယ် တို့ကို ဖေါ်ပြ နိုင်ကြလေသည်။ ထိုဝါကျတို့ ဆက်ကာဆက်ကာ ပေါင်းစပ် ဆယ်သွယ် ကြလျက် ပြည့်စုံသော အနက်အဓိပ္ပါယ်တို့ကို ဖေါ်ပြနေသော ကျမ်းစာအုပ် တခု အဖြစ်ဖြင့် 'ဂန္ထ' လောကဟု ပေါ်လွင်ကြသည်။ အမှန်အားဖြင့် အက္ခရာ တလုံးစီ တလုံးစီတို့ သာလျှင် ကျမ်းစာအုပ်ကြီး၌ ထင်ရှား ပေါ်လွင်လျက်၊ အက္ခရာ တို့မှ ပုဒ် ပဒ အသွင်ကိုယူ၍ ကတ္တား,ကံ,ကြိယာ,ကာရက စသော ကိစ္စတို့ကို ဆောင်ရွက် နေကြ သည်။ ကတ္တား,ကံ,ကြိယာ,ကာရက လုပ်ငန်းတို့ဖြင့် ဝါကျဟူသော စကား အစဉ်

တို့ကို ထင်ရှားပေါ်လွင်စေလျက် ကလောင်ရှင်၏ ဆိုလိုသော အနက် အဓိပ္ပါယ်တို့ကို ဖေါ်ပြကာ စာအုပ် ဟူသော ဂန္ထလောက တာဝန်ကို ထမ်းဆောင် နေကြရသည်။

ဤနည်းအတိုင်းပင် သဒ္ဒါရ-အက္ခရာလုပ်သားတို့သည် တခုစီအမှတ်လက္ခဏာရှိကြ သော်လည်း၊ ပေါ်လွင်သော အနက်တို့ကို မဖေါ်ပြနိုင်၊ မထွန်းပြနိုင် ကြပေ။ ကလာပအသွင်-စိတ္တအသွင်ဖြင့် ပေါင်းစုမိကြသော အခါ၊ ဆိုခဲ့သော ကိစ္စ ၁၄-မျိုးကို ဆောင်ရွက်ကြပြီးလျှင်၊ ဆိုလိုသော အနက်အဓိပ္ပါယ်တို့ကို ဖေါ်ပြ ထွန်းပြကြလေသည်။ တဖန် ကလာပ-စိတ္တ သန္တတိအစဉ်ဖြင့် 'သဘာဝ ဝါကျ' အသွင်ကို ဆောင်၍ ပိုမိုပြည့်စုံသော အနက် အဓိပ္ပါယ်တို့ကို ဖေါ်ပြ ထွန်းပြပြီးလျှင်၊ ဇာတိ ဟူသော သတ္တလောက၏ တာဝန်ကို ထမ်းဆောင်နေကြလေသည်။

ဤသို့လျှင် သဒ္ဒါရလုပ်သားတို့သည် ဥပစယနှင့် သန္တတိအသွင်ဖြင့် သဒ္ဒါရလောက၏ ရုပ်လုံးကို ဖေါ်ပြကြလျက်၊ သတ္တလောက၏ တာဝန်တို့ကို ထမ်းဆောင်နေကြလေသည်။ ထိုသို့ထမ်းဆောင် နေကြပုံ တို့ကို မျက်မှောက် တိုက်ရိုက် အသိရောက်အောင် မိမိတို့၏ တလံမျှ လောက်သော ကိုယ်ကောင်ကြီးမှာပင် လေ့လာရမည်ဟု ဗုဒ္ဓအရှင်က ဆုံးမဩဝါဒ ပေးခဲ့ပါသည်။ ထိုသဒ္ဒါရလုပ်သားတို့၏ အမည်များနှင့် အမှတ် လက္ခဏာတို့ကို နောက်အနုပုဗ္ဗသိက္ခာ အခဏ်း၌ ပေါ်လွင်စွာ ရေးဖေါ်ပြပါဦးမည်။

## ဝိကာရ၏ အဓိပ္ပါယ်

ဝိကာရ ဟူသော ပါဠိစကားလုံး၏ အဓိပ္ပါယ်မှာ-ပဋ္ဌမမူလဖြစ်ပေါ်စ အခြေအနေမှ ရွေ့လျောပြောင်းသွားလျက် ဖေါက်ပြန်သော အခြင်းအရာကို ခေါ်သည်။ သဒ္ဒါရ လုပ်သားတို့သည် စည်းဝေးပေါင်းစုကာ ပါတီလုပ်ငန်းကို ဆောင်ရွက်သော အခါမှ အာပုံ ပေါ်လာထင်ရှားသော အခြင်းအရာ ဖြစ်သည်။ ဤအခြင်းအရာတို့သည် သတ္တဝါတို့၏အသိ၌ ထင်ရှားပေါ်လွင် နေကြသော်လည်း၊ သဒ္ဒါရ လုပ်သားတို့ စုပေါင်းလုပ်ငန်းဟု အသိမရောက်ကြဘဲ 'ငါလုပ်သည်' 'ငါပြောသည်' 'သူလုပ်သည်' 'သူပြောသည်' ၁သည်ဖြင့် ငါ, သူ, ယောကျ်ား မိန်းမ စသည်တို့၏ လုပ်ငန်းဖြစ်သည်ဟု အသိရောက်နေကြသည်။ လုပ်ခြင်း, ပြောခြင်း, စသော အမူအရာကြိယာတို့သည် မူလပင်ကိုယ် အခြေအနေမှ ပြောင်းရွေ့ နေကြသည်ကိုလည်း အသိမရောက်ကြ၊ ဤတလံမျှသော ကိုယ်ကောင်ကြီး၌ နေ့စဉ်နေ့တိုင်း အမူအရာတို့သည် ဖြစ်ပေါ်

ထင်ရှားနေကြသော်လည်း ထိုအမူအရာတို့ ဘယ်မှအစပြုလျက် ဘယ်ပုံ ဖြစ်ပေါ်ကြသည်ကို ဂရုမစိုက် သတိမထား ရှိကြလေသည်။

အမှန်အားဖြင့် ထိုဖေါက်ပြန်သော အမူအရာ တို့သည် ပရမတ်စစ်စစ် သဘောတရားများမဟုတ်ကြ။ ပရမတ်တရားတို့ကို အစွဲပြုကာပေါ်လာထင်ရှားကြသော ''တဏှာ'' ခေါ်သော ပညတ်သဘောတရားများ ဖြစ်ကြသည်။ ပရမတ်တရားများနှင့် အလွန်နီးကပ်သော သဘောတရားများ ဖြစ်ကြသောကြောင့်၊ အဘိဓမ္မာကျမ်းများ၌ ရုပ်သဘာဝတရား အဖြစ် ထည့်သွင်း ဖေါ်ပြ ထားခဲ့ကြသည်။ ထိုဝိကာရသဘောတရားများသို့ အသိရောက်ခဲ့လျှင်၊ နီးကပ်သော ပရမတ်တရားသို့ အသိရောက်နိုင်လေသည်။ ဥပမာ- မီးခိုးများ ကောင်းကင်သို့ ပျံတက်နေသည်ကို မြင်ရလျှင်၊ မီးခိုး၏အစဖြစ်ရာသည်၊ မီးနှင့် မီးတောက် ဖြစ်သည်ဟု အကျိုးမီးခိုးကို အစွဲပြုကာ အကြောင်း မီးတောက်နှင့်မီးကို အသိရောက်သကဲ့သို့၊ အကျိုးဖြစ်သော အမူအရာတို့ ဖေါက်ပြန်ပုံ အခြင်း အရာတို့ကို သိမြင်ကြလျှင်၊ အကြောင်းသင်္ခါရ လုပ်သားတို့သို့ အသိရောက်လျက် ထိုသင်္ခါရ လုပ်သားတို့ ဖေါက်ပြန် နေကြခြင်း သို့လည်း အသိရောက်နိုင်ကြ လေသည်။

ထို့ကြောင့် ဝိကာရတရားသည် အနတ္တဝါဒကို လေ့လာသော ယောဂီပုဂ္ဂိုလ်တို့အတွက် ပရမတ်တရားစစ်စစ်သို့ အသိရောက်အောင် ပို့ပေးနိုင်သော ''နိမိတ်'' အကြောင်းတရားများ ဖြစ်ကြလေသည်။ ၎င်းတရားတို့သည် အရေအတွက်အားဖြင့် ငါးမျိုးရှိသည်။ ဤငါးမျိုးသည် မိမိကိုယ်ကောင်ကြီး၌ ပေါ်လွင်ထင်ရှား နေကြလေသည်။

(၁) ကိုယ်အမူအရာဟူသော ကာယဝိညတ် သဘောတရား။

ယောကျ်ား မိန်းမသော သတ္တဝါတို့၏ ကိုယ်ကောင်ကြီးတွင် အသွားနှေးခြင်း၊ အသွား မြန်ခြင်း၊ ခြေလှုပ်ခြင်း၊ လက်ရမ်းခြင်း၊ ဦးခေါင်း လှုပ်ခြင်း၊ ဦးခေါင်းငြိမ့်ခြင်း၊ ဦးခေါင်း ရမ်းခြင်း၊ မျက်စိမှိတ်ခြင်း၊ မျက်စောင်း ထိုးခြင်း စသောအမူအရာတို့သည် ပေါ်လွင် ထင်ရှားကြသည်။ ထိုအမူအရာ ဟူသမျှတို့သည် ပင်ကိုယ်သဘောမှ ရွေ့လျောဖေါက်ပြန် နေကြသော အခြင်း အရာ များသာလျှင် ဖြစ်ကြသည်။ တဘက်မှ တွေ့မြင်ဆက်သွယ် နေသော အခြားသူတို့သည် ထိုဖေါက်ပြန်နေသော အခြင်းအရာတို့သို့ အသိရောက်ပြီးလျှင်၊ ထိုအမူအရာရှင်၏ ဓိတ်နေစိတ်ထားသို့ပင် အကဲခတ်သဘောဖြင့် အသိရောက်နိုင်ကြသည်။ ဤအမူအရာသည် ကြည်လင်သော စိတ်၊ ဤအမူ အရာသည် မကြည်လင်သော စိတ်၊ ဤအမူအရာသည် ကောင်းသောစိတ်၊ ဤအမူအရာသည် မကောင်းသော စိတ်၊ ဤ အမူ အရာကား

လောဘစိတ်၊ ဤအမူအရာကား ဒေါသစိတ်၊ ဤအမူအရာကား မောဟစိတ်၊ ဤအမူအရာကား သဒ္ဓါစိတ်၊ ဤအမူအရာကား မေတ္တာစိတ်၊ ဤအမူအရာကား ကရုဏာစိတ် စသည်ဖြင့် ခွဲခြား သိနိုင်သဖြင့်၊ ပရမတ် အစု ဖြစ်သော နာမ်တရား စိတ္တသို့ အသိရောက်နိုင်ကြလေသည်။ ထိုအမူအရာတို့၏ ရှေ့ထိုး နောက်ငင်-ဝဲယာ ရှေ့နောက် -အောက် အထက်ဖြစ်သော အရပ်တို့ဖြင့် မှတ်သားအပ်သော လှုပ်ရှားပုံတို့သည် ပင်ကိုယ်အခြေအနေမှ ရွေ့လျော ဖေါက်ပြန်နေခြင်း ဖြစ်ကြ လေသည်။

ဤသို့ ကိုယ်၏လှုပ်ရှားခြင်းအမူအရာတို့သည် အမှန်အားဖြင့် စိတ်အစဉ်တို့၏ လှုပ်ရှား ခြင်းကြောင့် ပေါ်လွင် ထင်ရှား ကြရသည်။ ဥပမာ -အဆင်း ရူပါရုံကို မြင်သောအခါ မြင်သိစိတ် ရှေးဦးစွာ ပေါ်လာသည်။ ထိုနောက် ထိုအဆင်း ရူပါရုံကို မြင်ချင်စိတ်၊ မမြင်ချင်စိတ် ၂-မျိုးတွင် တမျိုးမျိုး ပေါ်လာတတ် လေသည်။ မြင်ချင်လျှင် မြင်နေရအောင်၊ မမြင်ချင်လျှင် မမြင်ဘဲ နေရအောင် ဤကိုယ် အမူအရာတို့ကို မြင်ချင်စိတ်၊ မမြင်ချင်စိတ်တို့က ဖြစ်ပေါ်အောင် ဖန်တီး ပေးကြသည်။ ဤအမူအရာတို့ ဖြင့်ပင် မြင်သိစိတ် ဖြစ်ပေါ်သော သူသည် အဆင်း ရူပါရုံရှင် ယောကျ်ား, မိန်းမ နှင့် ဆက်သွယ် လေတော့သည်။ အဆက် အသွယ် ခံရသော ယောကျ်ား, မိန်းမတို့ကလည်း၊ ထိုသူ၏ အမူအရာတို့သို့ အသိရောက်သဖြင့် ဤသူသည် ငါ့ကို မြင်ချင်စိတ်ရှိသည်၊ ငါ့ကိုမမြင်ချင်စိတ် ရှိနေသည်ဟု အသိရောက် လေတော့သည်။ အမူအရာဟူသော မီးခိုးကိုသိမြင်ရသဖြင့် အမူအရာတို့ ဖြစ်ပွားရာဌာန ဖြစ်သော စိတ်အစဉ်သို့ အသိရောက်နိုင်ကြသည်။ 'မီးခိုးကြွက်လျှောက်' အသိမျိုး ဖြစ်လေသည်။

အကြင်အခိုက်၌ အဆင်းရူပါရုံကို ချစ်ခင်သော စိတ်အစဉ်တို့သည် ဖြစ်ပေါ်၏၊ ထိုစိတ်တို့သည် လှုပ်ရှား အမှတ်လက္ခဏာရှိသော ဝါယော ခေါင်းဆောင်သော ဓါတ်အစုတို့ကို ဖန်တီးပေး၏။ ထိုဓါတ်တို့သည် အချင်းချင်း ဆက်သွယ်လျက် ဥပစယသို့ ရောက်ကာ ကလာပအသွင်ဖြင့် ပေါ်လာထင်ရှားကြသည်။ ထိုဓါတ်တို့သည် ကလာပ အဟောင်းအသစ် လဲပြောင်းသော သန္တတိ အစဉ်ဖြင့် ဖန်တီး ပေးလိုက်သော ချစ်ခင်စိတ်အစဉ်၏ အလိုအားလျော်စွာ ချစ်ခင်သော အမူအရာတို့ကို ပြသ ကြလေသည်။ စိတ်ဖန်တီးပေးလိုက်သော ဓါတ်အစုတွင် ဝဏ္ဏခေါ်သော အဆင်း ဓါတ်အစုသည် ဓါတ်ကြီး ၄-ပါး ခေါ်သော ပထဝီ-အာပေါ -တေဇော တို့၏ အပေါ်၌ မှီခိုထင်ရှားရလေရာ၊ မှီခိုရာ အခံဓါတ်တို့၏ လှုပ်ရှားသည့်အတိုင်း မှီသော ဓါတ်တို့လည်း လှုပ်ရှားရ လေသည်။ ဤအဆင်း ဝဏ္ဏဓါတ်အစု တို့၏ လှုပ်ရှားပုံ အခြင်းအရာကို ယောကျ်ား,မိန်းမတို့က မြင်ကြရသည်။ အမူအရာကို မြင်ကြသော ယောကျ်ား,မိန်းမတို့သည် ဤအမူအရာကား ချစ်ခင်စိတ်ကိုပြသော အမူအရာ ဖြစ်

သည်ဟု အသိရောက်ကြရသည်။ သို့သော် ချစ်သောသူနှင့် အချစ်ခံရသောသူ ၂-ဦး စလုံးသည် ရုပ်နာမ် သင်္ခါရ လုပ်သားတို့ စုပေါင်း လှုပ်ရှား နေကြသည်ဟု အသိ မရောက်ကြဘဲ သူ့ကို ငါချစ်နေသည်၊ ငါ့ကို သူချစ်နေသည်ဟူ၍သာလျှင် 'အသိ' ဖြစ်ပေါ်နေကြသည်။

သတိပညာ ရှေ့ထားသော သိစိတ်ဖြင့် စေ့စပ်သေချာစွာ လေ့လာပါလျှင် ဤအမှုအရာတို့ကို စတင်ဖန်တီးပေးသော စိတ်အစဉ်သို့ ကိုယ်တိုင် လက်တွေ့ အနေ ဖြင့် 'အသိ'ရောက်၍ သင်္ခါရလုပ်သား ပရမတ္ထသစ္စာတရားကို မျက်မှောက် ပြုလေ တော့သည်။

(၂) နှုတ်ဖြင့် မြွက်ဆို ပြောကြားသော 'ဝစီဝိညတ်' အမှုအရာ သဘော တရား။

လူသတ္တဝါ အသီးသီး တို့၏ ကိုယ်ကောင်ကြီး၌ နှုတ်ခမ်း, သွား, လျှာသိပ်, လည်ချောင်း, အာစောက် ခေါ်သော ဌာန စသည်တို့၌ ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတို့က ဖန်တီး ပေးထား ပြီးသော ပထဝီဓါတ် ခေါ်းဆောင် သော ကလာပတို့သည် တန်းစဉ် သန္တတိဖြင့် ရှိနေနှင့်ကြ လေသည်။ အကြင် လူ့၌ စကား ပြောဆို လိုသော စိတ်အစဉ်သည် ဖြစ်ပေါ် လာ၏။ ထိုစိတ်အစဉ်တို့သည် ခက်မာနှင့် လှုပ်ရှား အမှတ်အသား ရှိသော ပထဝီ ဝါယော ခေါ်းဆောင်သော ဓါတ်အစုကို ဖန်တီးပေး၏။ ထိုဓါတ်တို့သည် အချင်းချင်း ဆက်သွယ်ကာ ကလာပ နှင့် သန္တတိအစဉ်ရောက်၍ ဝါယောဓါတ်သည် အထက်ဖော်ပြပါ ဌာန ၅ မျိုးသို့ အခွင့်အားလျော်စွာ ပို့ပေးသည်။

ထိုဌာန ၅-မျိုးသို့ရောက်သော ပထဝီဓါတ် အစုအမသည် ဌာနတို့၌ ရှိနှင့် ပြီးသော ပထဝီဓါတ်အစုနှင့် ထိခိုက်မိလေ၏။ ပထဝီဓါတ် အစုအမချင်း ထိခတ် မိသောအခါ 'သဒ္ဒ'ဟူသော အသံသည် ထင်ရှားပေါ်လာသည်၊ စိတ်၏ဖန်တီးခြင်း ကို ခံယူရသော ပထဝီနှင့် ဝါယောတို့သည် စိတ်၏အလိုအတိုင်း ဌာနအားလျော်စွာ ထိခတ်ပုံမတူကြပေ။ ထိုမတူသော ထိခတ်ပုံ အခြင်းအရာရှိသော အသံဓါတ် တို့သည် လည်း ရှေ့နောက်အစဉ် သန္တတိတွင် တခုနှင့်တခု မတူကြဘဲ ကွဲပြား ခြားနားကြ သည်။ ယင်းသို့ ရှေ့နောက် မတူကွဲပြားခြင်း သည်ပင် ဖေါက်ပြန်နေခြင်းဖြစ်သည်။ မြန်မာတို့၏ အသံ၌ က-ခ-စ-ဆ-ဋ-ဌ-တ-ထ-ပ-မ စသော အသံတို့သည် ဌာန ကွဲပြားရုံမျှမက ထိခတ်ပုံ အခြင်းအရာလည်း မတူကြပေ။ ထိုအခြင်းအရာ မတူခြင်း ကို အစွဲပြုလျက် ကြားသိကြရသော သူတို့သည်လည်း ကွဲပြားခြားနားစွာ မှတ်သား နိုင် သိနိုင်ကြသည်။ ဤနည်းဖြင့် ဝစီဝိညတ် ဟူသော နှုတ်အမှုအရာတို့ ဖေါက်ပြန် နေကြသည်။ ဤဝစီဝိညတ် ရုပ်ဓါတ်၏ ဖေါက်ပြန်ခြင်းကို ကြားသိရသော 'သုဏန္တ'

ပုဂ္ဂိုလ်သည်လည်း ပြောဆိုသော ပုဂ္ဂိုလ်၏ စိတ်အစဉ်ကို အကဲခတ် သဘောဖြင့် အသိရောက်နိုင်သည်။ နှုတ်၏ လှုပ်ရှားပုံကို ကြားသိရ သဖြင့်၊ ထိုအမူ အရာသည် သခ်ါရလုပ်သား စိတ္တအစုနှင့် ဝစီဝိညတ် ရုပ်ဓါတ်အစုတို့ ဆက်သွယ်လျက် ထင်ရှား ကြသည်ဟု သခ်ါရ လုပ်သားတို့သို့ ညွှန်ပြသော နိမိတ် အကြောင်းလည်း ဖြစ်ပေ သည်။ စကားပြောသော ပုဂ္ဂိုလ် သည်လည်း မိမိပြောသော စကား အစဉ် တို့ကို ဆင်ခြင်စဉ်းစားကာ သတိ,ဝီရိယ,သမာဓိပညာတို့ဖြင့် လေ့လာပါလျှင်၊ ဝစီဝိညတ် ရုပ်နှင့်တကွ ထိုရုပ်ဓါတ်တို့ကို ဖြစ်ပေါ်အောင် ဖန်တီးပေးသော စိတ်အစု သခ်ါရ လုပ်သားတို့သို့ အသိရောက်နိုင်လေသည်။

ဝိနည်း,သိက္ခာပုဒ်တို့၌ ဖော်ပြသော ကာယ သမုဋ္ဌာန်၊ ဝါစာ သမုဋ္ဌာန်၊ စိတ္တ သမုဋ္ဌာန်၊ ကာယစိတ္တ သမုဋ္ဌာန်၊ ဝါစာစိတ္တ သမုဋ္ဌာန်၊ ကာယဝါစာ စိတ္တ သမုဋ္ဌာန် ၆ မျိုး တို့သည် ကိုယ်အမူအရာ ကာယဝိညတ်နှင့် နှုတ်အမူအရာ ဝစီဝိညတ် ၂ မျိုးတို့၏ ဖြစ်ပေါ်ပုံကို ဖော်ပြသော 'သဘောတရား' များ ဖြစ်ကြသည်။ ယင်း သဘောတရား ၆ မျိုးကို အခြေခံထားလျက် မိမိကိုယ်ကောင်,သူတပါးကိုယ်ကောင် တို့၌ ပေါ်လာထင်ရှားသော ကိုယ်နှုတ်အမူအရာတို့ကို သတိပြု မှတ်သား လေ့လာ ပါလျှင်၊ ဤအမူအရာသည် ဘယ်စိတ်ဖြင့် ဘယ် ရုပ်ဓါတ်များ ဖြစ်ပေါ်နေကြသည် ဟု သိနိုင်ကြလေသည်။ အလေ့ပါအကျင့်ရသော ပုဂ္ဂိုလ်၏ သိစိတ်သည် လူ့လော က၌ အသုံးဝင်သော 'အကဲခတ်'ပညာတရပ် ဖြစ်နေပေလိမ့်မည်။ ထို့ပြင် ရုပ်ဓါတ် နှင့် နာမ်ဓါတ် တို့ကိုလည်း ကွဲပြား ခြားနားစွာ အသိရောက်နေ ပေလိမ့်မည်။

(၃) ရူပဿလဟုတာခေါ်သော ရုပ်ဓါတ်တို့၏ ပေါ့ပါးခြင်း

အထက် ဖော်ပြခဲ့သော ကိုယ်အမူအရာ "ကာယဝိညတ်" နှုတ်အမူအရာ "ဝစီဝိညတ်"တို့သည် စိတ်တမျိုးတည်းကြောင့်သာလျှင် ပေါ်လာထင်ရှားကြသည်။ ဤပေါ့ပါးသော ရုပ်ဓါတ်တို့သည် အပူအအေး ဥတုကြောင့်လည်း ပေါ်လာထင် ရှားကြသည်။ အာဟာရဟူသောအစားအစာ၏ ဩဇာဓါတ်ကြောင့်လည်း ပေါ်လာ ထင်ရှားကြသည်။ စိတ်ကြောင့်လည်း ပေါ်လာ ထင်ရှားကြသည်။ ထိုကြောင့် ဤ ပေါ့ပါးသဖြင့် ဖေါက်ပြန်သော အခြင်းအရာ ရုပ်ဓါတ်တို့ကို "တိဇ"ဟု အကြောင်း ၃ ပါးတွင် တပါးပါးသောအကြောင်းကြောင့် ဖြစ်ပေါ်ထင်ရှားသော ရုပ်ဓါတ်ဟု ခေါ်သည်။ ဤပေါ့ပါးရုပ်ဓါတ်သည် မူလဓါတ်ကြီး၄ ပါးကိုအမှီပြုကာ ထင်ရှား ပေါ်လာသော ဥပါဒါရုပ်ဖြစ်သည်။သူ၏မှီရာဖြစ်သောဓါတ်ကြီး၄ပါးတွင် ပထဝီနှင့် အာပေါသည် လေးလံဖင့်နွဲ့သော သဘောရှိ၍ တေဇော ဝါယောတို့သည် ပေါ့ပါး သွက်လက်သော သဘောရှိသည်။ အကြင် အခိုက်အခါ၌ ပထဝီ အာပေါတို့သည် ဓါတ်အစုဖြစ်သော ကိုယ်ကောင်၏ အစိတ်အပိုင်း၌ သော်ရင်း၊ သို့မဟုတ် တကိုယ်

လုံး၌ သော်၎င်း၊ စိုးမိုးလွှမ်းအုပ်နေ၏၊ ထိုအခါ လေးလံဖင့်နွဲခြင်းသည် ထင်ရှား၏။ အကြင်အခါ၌ တေဇော ဝါယောတို့သည် အစိတ်အပိုင်း၊ ကောဋ္ဌာသ တို့၌၎င်း၊ တကိုယ်လုံး၌၎င်း အုပ်ချုပ်လွှမ်းမိုးနေ၏။ ထိုအခါ ပေါ့ပါးခြင်း၊ လျင်မြန်သွက်လက်ခြင်းတို့သည် ထင်ရှားကြသည်။ ပေါ့ပါးခြင်းသည် လေးလံခြင်း၏ ဆန့်ကျင်ဘက်၊ သွက်လက်လျင်မြန်ခြင်းသည် နှေးကန်ဖင့်နွဲခြင်း၏ဆန့်ကျင်ဘက် ဖြစ်ကြလေသည်။ ဤဆန့်ကျင်ဘက်အမူအရာတို့သည် ဖောက်ပြန်ခြင်းကို ထင်ရှားစေသော အမူအရာများဖြစ်ကြသည်။

ထိုပြင် ဓါတ်ကြီး ၄-ပါးနှင့် အာကာသဓါတ်တို့ ဖောက်ပြန်ပုံတို့ကိုလည်း အောက်ပါအတိုင်း သိမြင်နိုင်သည်။ ပထဝီဓါတ်၏ မူလအမှတ်အသားသည် "ထဒ္ဓ" ကြမ်းတန်းခက်မာဖြစ်သည်။ ထိုကြမ်းတန်းခက်မာသည် ပင်ကိုယ်အခြေအနေအတိုင်း မတည်ငြိမ်ဘဲ အမာအရှိန်တိုးတက်ခြင်း ယုတ်လျော့ခြင်းဖြင့် ဖောက်ပြန်နေသည်။ အမာအရှိန်ယုတ်လျော့သောအခါ အပျော့ဟူသော ပညတ်ဖြင့်ထင်ရှားသည်။ အပျော့ အမာ ကွဲပြားခြားနားခြင်းကို သိမြင်ရသဖြင့် ပထဝီ၏ဖောက်ပြန်ပုံသို့ အသိရောက်နိုင်သည်။ အာပေါဓါတ်၏ မူလအမှတ်အသားသည် အာဗန္ဓန=ဖွဲ့စည်းစုရုံးဖြစ်သည်။ ထိုစုရုံးဖွဲ့စည်းသည်လည်း ပင်ကိုယ် အခြေအနေတိုင်း တည်ငြိမ်မနေဘဲ အဖွဲ့ အရှိန် ယုတ်လျော့သည်၊ ယုတ်လျော့သော အဖွဲ့အရှိန်သည် အပြယ်ဟူသော ပညတ်ဖြင့် ထင်ရှားသည်။ တဖန် အပြယ်ယုတ်လျော့လျှင် အဖွဲ့အစုံးတို့ဖြင့် ထင်ရှား ပြန်သည်၊ အဖွဲ့နှင့် အပြယ်တို့၏ ကွဲပြားခြားနားခြင်းသို့ အသိရောက်သဖြင့်၊ အာပေါဓါတ်၏ ဖောက်ပြန်ခြင်းသို့လည်း အသိရောက်ရလေသည်။

တေဇော၏ မူလ အမှတ်အသားသည် အပူဖြစ်သည်။ အပူအရှိန် ယုတ်လျော့တိုင်း အအေး ထင်ရှားလာသည်။ တဖန် အအေးရှိန် ယုတ်လျော့သလောက် အပူထင်ရှားသည်။ ဤသို့ အပူ-အအေး ဆန့်ကျင်ဘက် အခြင်းအရာ ၂-မျိုးကို သိမြင်ရသဖြင့် တေဇောဓါတ်၏ ဖောက်ပြန်ခြင်းသို့ အသိရောက်ရသည်။ ဝါယော ဓါတ်၏ မူလ အမှတ်အသားသည် တွန်းကန်ဖြစ်သည်၊ တွန်းကန်အရှိန် ယုတ်လျော့လျှင် ရွှေ့လျား ထင်ရှားသည်။ ရွှေ့လျားအရှိန် ယုတ်လျော့လျှင် တွန်းကန် ထင်ရှားလာသည်။ တွန်းကန်နှင့် ရွှေ့လျားတို့သည် အချင်းချင်း ဆန့်ကျင်ဘက် သဘောဖြင့် ထင်ရှားကြသဖြင့် ဝါယောဓါတ်၏ ဖောက်ပြန်ပုံသို့ အသိရောက်နိုင်သည်။

အာကာသဓါတ်၏ မူလ အမှတ် အသားသည် မတွေ့မထိနိုင် ဖြစ်သည်။ သို့သော် ရုပ်ဓါတ်အစု သင်္ခါရလောကတွင် ကလာပတခုနှင့်တခု ပိုင်းခြားပေးသော 'ပရိစ္ဆေဒ' အမှတ်အသားဖြင့် ထင်ရှားသည်။ ထို အာကာသသည် အကြား ကွက်လပ် ဖြစ်သည်၊ ကလာပတို့သည် အာကာသခေါ်သော ကွက်လပ်က ပိုင်းခြားပေး

နေခြင်းကြောင့် တခုနှင့်တခု မထိမခတ်နိုင်ကြပေ။ ထို့ကြောင့် **အာကာသဓါတ်** သည်၊ အစိပ် အကျဲ အခြင်းအရာဖြင့် ထင်ရှားသည်။ အစိပ် သိပ်သည်း**သောအခါ** အာကာသ ပိတ်သည်ဟု ခေါ်ကြ၍ သိပ်သည်းခြင်း ယုတ်လျော့သောအခါ၊ အာကာသ ပွင့်သည်ဟု ခေါ်ကြသည်။

မြန်မာတို့၏ ဆေးပညာအရ ဆင်ခြင်စဉ်းစားလျှင်၊ ပထဝီ၏ မူလ အမှတ် အသား အမာအကြမ်းကို ဓါတ်ဖိုဟု ပညတ်၍ အပျော့အနုကို ပထဝီဓါတ်မ ဟု ပညတ်ကြသည်။ အဖွဲ့ အာပေါကို ဓါတ်ဖို၊ အပြယ် အာပေါကို ဓါတ်မ၊ အပူ တေဇောကို ဓါတ်ဖို၊ အအေး တေဇောကို ဓါတ်မ၊ တွန်းကန် ဝါယောကို ဓါတ်ဖို၊ ရွေ့လျား ဝါယောကို ဓါတ်မ ဟု ပညတ်ထားကြသည်။ ဤသို့လျှင် အဖို့အမ သဘောဖြင့် မူလဓါတ်ကြီး ၄-ပါး၏ ဖေါက်ပြန်ခြင်းကို အစွဲပြုကာ ၎င်းဓါတ်တို့ကို မှီရာ ပြုကြရသော နိပ္ဖန္နရုပ်ဓါတ် ၁၄-ပါးနှင့် ဝိကာရရုပ် ၅-ပါး၊ လက္ခဏရုပ် ၄-ပါး အာကာသ ဓါတ်တို့သည် ဖေါက်ပြန်သော အခြင်းအရာဖြင့် လူတို့၏ ကိုယ် ကောင်ကြီး၌ ထင်ရှားပေါ်လွင် နေကြရသည်။ ထို့ပြင်လည်း -

၄။ ရူပဿမုဒုတာ နိပ္ဖန္နရုပ်တို့၏ နူးညံ့သိမ်မွေ့ခြင်း

၅။ ရူပဿကမ္မညတာ နိပ္ဖန္နရုပ်တို့၏ အမှုကိစ္စ လုပ်ငန်းတို့နှင့် သင့်တော်ခြင်း

တို့သည်လည်း ရုပ်ဓါတ်တို့၏ ဖေါက်ပြန်သော အခြင်းအရာများ ဖြစ်ကြ သည်။ ဤနည်းဖြင့် လူတို့၏ အသိနှင့် ဖေါက်ပြန်သော အခြင်းအရာ တို့ကို တွေ့ မြင်လျှင်၊ ၎င်းအခြင်းအရာ တို့ကို ဖန်တီးပေးသော ရုပ်ဓါတ်နှင့်နာမ်ဓါတ် သခါရ လုပ်သားများသို့ တိုင်အောင် 'အသိ' ရောက်ရေးရာသည်။

ဤဝိကာရတရား ၅-ပါးတွင် နောက် ၃-ပါးသည် စိတ်, ဥတု, အာဟာရ အကြောင်း တပါးပါးကြောင့် ဖြစ်ပေါ်ရာတွင် အကြင်အခါ၌ သမာဓိ အဟုန်အရှိန် ပြင်းထန်သော စိတ်အစုသည် စိတ္တဇရုပ်များကို ဖန်တီးပေးကြ၏။ ထို စိတ္တဇရုပ်တို့ သည် ဥတုဇ, အာဟာရဇ ရုပ်တို့ကို လွှမ်းမိုးလျက် သွက်လက်ပေါ့ပါး လျှင်မြန် ခြင်း စသည်တို့ကို ထင်ရှား ပေါ်လွင်စေသည်။

ဥပမာ - မြင်သိစိတ် အစဉ်အလျောက် ဖြစ်သော စက္ခုဒွါရဝိထိ၊ ကြားသိ စိတ် အစဉ်အလျောက် ဖြစ်သော သောတဒွါရဝိထိ၊ နံသိစိတ် အစဉ်လျောက် ဖြစ် သော ဃာနဒွါရဝိထိ၊ လျက်သိ,စားသိစိတ် အစဉ်လျောက်ဖြစ်သော ဇိဝှါဒွါရဝိထိ၊ ထိသိ စိတ် အစဉ်လျောက် ဖြစ်သော ကာယဒွါရဝိထိ တို့သည် အကုန် ချုပ်ငြိမ်း လျက်၊ အပြစ်ကင်းသော အာရုံတခုခုသည် မနော အကြည်၌ ထင်ထင် ရှားရှား ဖြစ်ပေါ်နေ၍ ထိုအာရုံ၌ တည်ငြိမ်သော စိတ္တသမာဓိသည် အရှိန် တိုးတက်ပြင်းထန် လာသည်။

ထိုသမာဓိအရှိန်ပြင်းထန်သော စိတ်အစဉ်က ဖန်တီးပေးသော စိတ္တဇရုပ်ဓါတ်တို့သည် အလွန် သွက်လက် လျှင်မြန် ပေါ့ပါး၍ ကောင်းကင်သို့ ပျံတက်နေသော အခြင်းအရာဖြင့် ယောဂီပုဂ္ဂိုလ်၏ အသိ၌ ထင်ရှား လာလေသည်။

ကျမ်းဂန်တို့၌ ဖေါ်ပြသော ပီတိ ၅ မျိုးကို ဆင်ခြင်လျှင်၊ ရုပ်တို့၏ ပေါ့ပါး လျှင်မြန်သော အခြင်းအရာတို့ကို သိနိုင်သည်။ ဥဗ္ဗေဂါပီတိသည် ကောင်းကင်သို့ပင် ပျံတက်နိုင်စွမ်း ရှိသည်ဟု ဖေါ်ပြသည်။ ကမ္မဋ္ဌာန်းရိပ်သာတို့၌ ဤအခြင်းအရာတို့ကို ယောဂီပုဂ္ဂိုလ် အချို့တို့သည် "ကိုယ်တိုင်သိ" ဖြစ်ကြသည်။

အတိုချုပ်အားဖြင့် ပြောရလျှင် ကာယဝိညတ်, ဝစီဝိညတ်, လဟုတာ, မုဒုတာ, ကမ္မညတာ ဟူသောအမူအရာတို့သည် လူကိုယ်ကောင်ကြီး၌ ထင်ရှားပေါ်လွင်နေ၍ လူတို့၏အသိဖြင့် သေချာစွာသိနိုင်ကြသည်။ ဤအမူအရာတို့သည် ရုပ်ဓါတ် နာမ်ဓါတ်တို့၏အစုတို့ကိုအစွဲပြုကာ ထင်ရှားကြသောအကျိုးတရားများဖြစ်ကြသည်။ အကျိုးတရားတို့ကိုမျက်မြင်အထောက်ထားပြုလျက်ဆင်ခြင်ဇဉ်းစားလျှင် အကြောင်းဖြစ်သော ရုပ်နာမ်သခ်ါရ လုပ်သားတို့သို့ "အသိ" ရောက်နိုင်ကြသည်။ ထိုကြောင့် ဤဝိကာရတရား ၅ မျိုးကို ဗုဒ္ဓအရှင်သည် နိမိတ်လမ်းကြောင်း အဖြစ်ဖြင့် သခ်ါရ လောကသို့ အသိသွားနိုင်အောင် ဖေါ်ပြခဲ့လေသည်။

## လက္ခဏာ—အမှတ်အသား

လက္ခဏာ ဟူသော ပါဠိစကား အဓိပ္ပါယ်သည် မလွဲမပြောင်းနိုင် တိကျပြတ်သားသော ဓါတ်တို့၏ အမှတ်အသား ဖြစ်သည်။

သခ်ါရလုပ်သားတို့သည် ၇၁ မျိုးရှိ၍ တခုနှင့်တခုကို မလွဲနိုင် မပြောင်းနိုင်သော 'အမှတ်'တို့ ဖြစ်ကြသည်။ ထိုအမှတ်လက္ခဏာ တို့သည် အများနှင့် ဆိုင်သော 'သာမညလက္ခဏာ'နှင့် တခုစီတခုစီပိုင်ကြသော 'ပစ္စတ္တလက္ခဏာ'ဟု ၂ မျိုး ကွဲပြားသည်။ ဥပမာ-ထဒ္ဓ=အကြမ်း ဟူသော အမှတ်သည် ပထဝီ၏ ကိုယ်ပိုင် အမှတ်အသားဖြစ်သည်။ အသိဟူသော ဝိဇာနနသည် ဝိညာဏ်၏ ကိုယ်ပိုင် အမှတ် အသားဖြစ်သည်။ လူပုညာရှိတို့ တည်ထွင်ထားသော အက္ခရာတို့၌ တခုစီ အမည် အမှတ်အသားတို့ကဲ့သို့ သခ်ါရလုပ်သား ၇၁ မျိုး၌ တခုစီ တခုစီသော ကိုယ်ပိုင် အမှတ်အသားတို့သည် 'ပစ္စတ္တလက္ခဏာ'များ ဖြစ်ကြသည်။

ဗုဒ္ဓအရှင်၏ အနတ္တဝါဒကို လေ့လာလိုသော ပုဂ္ဂိုလ်တို့သည် ပရမတ္ထသို့ အသိရှင်းလင်းစွာ ရောက်နိုင်အောင် ဤကိုယ်ပိုင် အမှတ် အသားတို့ကို သဘိပညာ ရှေ့

သွားပြုကာ ဆင်ခြင်စဉ်းစားရသည်။ ပထဝီ–အာပေါ-ဖဿ–ဝေဒနာ စသော စာလုံးပေါင်း အသံထွက်တို့ကို မှတ်မိရုံမျှဖြင့် 'အနတ္တ'သို့ အသိမရောက်သေး။ ထိုစကားလုံးတို့က ထွန်းပြည့်နိုင်ကြသော သင်္ခါရ လုပ်သား အဟုတ်ရှိ ပရမတ်တို့သို့ အသိရောက်ပါမှ 'အနတ္တ'သို့ ရောက်နိုင် ကြပေမည်။ ပရမတ် လုပ်သားသို့ အသိရောက်ခြင်းသည်လည်း ဆရာ့ထံမှကြားနာရသော စကားလုံးအသိတို့ကို အစွဲပြုပါမှ အသိရောက်ကြရသည်။ ဤသို့ရောက်နေသောအသိဖြင့် ရုပ်ဓါတ် လုပ်သား, နာမ်ဓါတ် လုပ်သားတို့ကို အမှတ် လက္ခဏာဖြင့် ပိုင်းခြား နေခြင်းသည် 'နာမရူပ ပရိစ္ဆေဒ' ဉာဏ် ဖြစ်လေသည်။

ဤတခုစီတခုစီသော ဓါတ်သဘာဝသို့ မိမိတို့ 'အသိ' မရောက်နိုင်ဟု မယူဆပါနှင့်၊ အဘိဓမ္မပညာကို သင်ပြနေသော 'ဓမ္မသင်္ဂဏီ' ကျမ်း အစ ဆုံး ဖြစ်သော အခဏ်း၌ အလွန်သိမ်မွေ့သော နာမ်သင်္ခါရ ဓါတ်သားတို့ကို တခုချင်းဖေါ်ထုတ်ပြသခဲ့ပါသည်။ ဤသဘာဝတို့သည် အနတ္တ ဝါဒ၏ မူသဘာဝများဖြစ်ကြသည်။ ဤမူသဘာဝတို့သို့ အသိမရောက်ဘဲ အနတ္တဝါဒသို့ အသိမရောက်နိုင်၊ ရုပ်ဓါတ် သဘာဝတို့ကိုလည်း အမှတ်အသားတခုစီဖြင့် ဆရာ့ထံ၌ သင်ယူရလေသည်။ သတိပြုရန်မှာ နာယူသောပုဂ္ဂိုလ်တို့ အသိမရောက်နိုင်သောစကားကို့ကို ဗုဒ္ဓအရှင်သည် ဘယ်အခါမျှ သုံးစွဲမည် မဟုတ်ပေ။ ဓမ္မသင်္ဂဏီကျမ်းဂန်ကို သင်အံ့ပို့ချနေကြသော ပုဂ္ဂိုလ်တို့သည်လည်း မိမိတို့ အသိမရောက်နိုင်သော စကားလုံး တို့ဖြင့် သင်ကြားပို့ချကာ အချိန်ကာလကို ဖြုန်းနေကြသည်ဟု ယူစရာ-ဆိုစရာ ဖြစ်ပေလိမ့်မည်။

### အများဆိုင်–သာမညလက္ခဏာ

အများဆိုင်ဟူသည် သင်္ခါရလုပ်သား ၇၁-မျိုးနှင့် သက်ဆိုင်သည်။ ထိုလက္ခဏာတို့သည် အောက်ပါအတိုင်း ၄-မျိုးကွဲပြားသည်။

(၁) ဥပစယ=သင်္ခါရလုပ်သားတို့ တင်းတင်းကြပ်ကြပ် ပေါင်းစပ် စုစည်းသော အမှတ်အသား။

(၂) သန္တတိ=ပေါင်းစုစည်းဝေးကြသော သင်္ခါရလုပ်သားတို့၏အဟောင်း အသစ် ပြောင်းလဲနေသော တန်းစဉ်အမှတ်အသား။

(၃) ဇရတာ=ဥပစယသို့ ရောက်၍ တန်းစဉ် ကြသော သင်္ခါရလုပ်သားတို့သည် ပင်ကိုယ် အခြေအနေမှ ရွေ့လျော ဖေါက်ပြန် ရင့်သန် အိုမင်း ယိုယွင်းသော အမှတ်အသား။

(၄) အနိစ္စတာ=ဥပစယ သန္တတိသို့ ရောက်ကြရသော သင်္ခါရ လုပ်သားတို့သည် မတည်မြဲ ပြိုကွဲပျက်စီးသော အမှတ်အသား။

ဤလေးပါးသော အမှတ်အသားတို့ သည်လည်း လူတို့၏အသိ၌ ရှင်းလင်းပြတ်သားစွာ ပေါ်လွင်ထင်ရှားနေကြသော အမှတ်အသားများ ဖြစ်နေ ကြသည်။ သတ္တလောက၌ ပဋိသန္ဓေနေရခြင်း၊ အိုမင်းရခြင်း၊ များနာ အမျိုးမျိုးတို့ကို ခံယူရခြင်း၊ သေကြေ ပျက်စီးရခြင်းတို့သည် ဤအများဆိုင် အမှတ် လက္ခဏာ ၄ ပါးနှင့် သက်ဆိုင်သည်။

(က) ဥပစယဟူသည်ဓါတ်သင်္ခါရ လုပ်သားတို့အား အများဆိုင်အကြောင်းသတ္တိတို့က ညီညွတ်စွာ ထောက်ပံ့ကျေးဇူးပြုကြသဖြင့် အချင်းချင်း တွေ့ဆုံ စုပေါင်းကြရာ၊ သင်္ခါရလောက၏ ရှေးဦးစွာ အကောင်အထည်အဖြစ် ပေါ်လာသော အမှတ်အသားဖြစ်သည်၊ အများဆိုင်သတ္တိတို့သည် အဟုန်အရှိန်ပြင်းထန်စွာ ထောက်ပံ့လိုက်ကြရာ၊ အဖန်တီးခံရသော သင်္ခါရ လုပ်သားတို့သည် တခုနှင့် တခုအကြား အာကာသကွက်လပ် မထားနိုင်ကြဘဲ တင်းတင်းကြပ်ကြပ် ပေါင်းစပ်စုဝေးကာ ရုပ်ဓါတ်တို့က ကလာပအသွင်၊ နာမ်ဓါတ်တို့က စိတ္တအသွင်ဖြင့် ထင်ရှားကြရသည်။အကြားကွက်လပ်မရှိသဖြင့် တလုံးတခဲကဲ့သို့ ဖြစ်အတူ, တည်အတူ, ပျက်အတူ, သဘောသုံးမျိုးကို ခံယူကြရသည်။ ဤနည်းဖြင့် ဓါတ်တို့စုပေါင်းခိုက်ကို ပါဠိ ဘာသာဖြင့် ‘ဥပ္ပါဒ’ဟု ခေါ်၍ မြန်မာဘာသာဖြင့် ‘ဖြစ်’ ဟု ခေါ်ကြသည်။ ဓါတ်တို့စုဝေးခိုက်မှအစပြုလျက် အပေါင်းဟူသော သမူဟပညတ် စသော သဘော တရား တို့သည် ပရမတ်သင်္ခါရ လုပ်သားစုတို့ကို လွှမ်းခြုံ ဖုံးထား လေသည်။ ယင်းသို့ပညတ်တရားဖုံးလွှမ်း ထားသောကြောင့်၊ လူတို့သည် တခုစီ တခုစီသော ပရမတ် တို့သို့ အသိမရောက်ဘဲ ဓါတ်အစု-အစုတို့ကို တခု တခုဟူသော သင်္ကေတပညတ်ဖြင့် သတ်မှတ်စွဲယူခဲ့ကြလေသည်။

ဓါတ်တို့သည် ဥပစယသို့ ရောက်သောအခါ မိမိတို့၏ ကိုယ်ပိုင်အမှတ်အသားကို ထင်ရှားဖေါ်ပြလျက် အချင်းချင်း ‘အတ္ထိ’ သတ္တိဖြင့် ထောက်ပံ့ကြသည်၊ ကျေးဇူးပြုကြသည်။ ၂၄-ပစ္စယ သတ္တိတို့သည် ဓါတ်တခုချင်း အရှိဖြစ်သော အခြေအနေ၌ မိမိတို့၏ စွမ်းအင်ကို ထင်ရှားမပြနိုင်ကြသော်လည်း၊ စုပေါင်းဆုံမိကြသော အခိုက်၌ မိမိတို့၏ အများဆိုင်သတ္တိကို ထင်ရှားပြနိုင်ကြလေသည်။

ထို့ပြင် ထိုဓါတ်တို့သည် မိမိတို့၏ ‘အာယတန’ အဖြစ် ကိုလည်း စုပေါင်းဆုံမိကြသောအခိုက်မှာ အထင်အရှား ဖေါ်ပြ နိုင်ကြသည်။ ထို့ကြောင့် ‘ဥပစယ’

သည် သင်္ခါရလုပ်သား ဓါတ်သဘာဝ တို့၏ အဟုတ်တကယ် အရှိ ဖြစ်ကြောင်းကို ပြသသော အမှတ်အသား ဖြစ်လေသည်။

ဥပစယမရောက်မီ ရှေ့အဘို၌ ဓါတ်တို့သည် မိမိတို့၏ကိုယ်ပိုင်အမှတ်နှင့် အရှိသဘော ဖြစ်ကြသော်လည်း၊ အချင်းချင်း မဆုံမိ၊ မပေါင်းမိကြ သေး၍ မိမိတို့၏ ကိုယ်ပိုင် အမှတ်အသားကို မပြနိုင်ကြပေ။ ဤအခိပ္ပါယ်တို့ကို ရည်ညွှန်းလျက် အရှင်ဗုဒ္ဓဃောသ အဋ္ဌကထာဆရာမြတ်သည် အာယတနဝိဘင်းအဖွင့်၌ 'ပုဗ္ဗေဥဒယာ အပဋ္ဌိလဒ္ဓ သဘာဝါ' ဟု ဖေါ်ပြတော် မူခဲ့လေသည်။

သင်္ခါရလုပ်သား ဓါတ်တို့သည် 'အကြောင်း သင်္ခါရ, အကျိုး သင်္ခါရ' ဟု ၂မျိုးရှိကြလေရာ၊ အကျိုးသင်္ခါရတရားသည် အကြောင်းသင်္ခါရတို့က မွေးထုတ်လိုက်၍၊ ရှေးဦးစွာ အရှိသဘောသို့ ရောက်ကြရသည်။ တဖန် ထိုအရှိသဘောမှ ၂၄ ပစ္စယ သတ္တိတို့တွင် ဆိုင်ရာဆိုင်ရာ သတ္တိတို့က အထောက်အပံ့ 'ဥပထမ္ဘက' ဖြင့် ကျေးဇူးပြုကြ၍ ပေါင်းဆုံ စုဝေးကာ ဥပစယ ဥပ္ပါဒ ဟူသောပညတ်ဖြင့် ထင်ရှား ကြရလေသည်။ အကြောင်းသင်္ခါရတရားတို့သည် မထင်ရှားသော အခြေအနေမှ ထင်ရှားသော အခြေအနေသို့ အခွင့်အားလျော်စွာရောက်လျက် အချင်းချင်းဆက်သွယ်ကာ ဥပစယရောက်ကြလေသည်။ မရှိသော 'အဘာဝ' မှ အရှိသို့ ရောက်ကြသည်မဟုတ်ပေ။ အကြောင်း သင်္ခါရတို့၏ 'အရှိ' သဘောကို သတိပြုကာ စဉ်းစားသင့်ပေသည်။ အထက်က ဖေါ်ပြခဲ့သော ဒဿမဂဏန်းရှေ့၌ ရှိသော သုညတစ်သည် ပြည့်စုံသော တစ်ကားမဟုတ်။ သို့သော် အရှိကား ဟုတ်လေသည်။ အကြောင်းသင်္ခါရတို့၏ ဖြစ်ပေါ်ရပုံမှာ အလွန် သိမ်မွေ့သဖြင့် မထင်ရှားသော အကြောင်းတို့ကို အမှီအစွဲပြုကြရသည်။ မရှိရာမှ အရှိသို့ ရောက်လာကြသည်မဟုတ်ပေ။ ဇာတိဟူသည် 'ဥပစယ' ကို အစွဲပြုလျက် ထင်ရှား ရသည်။ ဥပစယ မရှိလျှင် ဇာတိ မရှိ။ ဥပစယ နှင့် ဇာတိတို့၏ ထူးခြားပုံမှာ နာမ်ဓါတ် ဥပစယသည် ၃-ခဏဖြင့် ထင်ရှားသည်၊ ရုပ်ဓါတ်ဥပစယသည် ၅၁ ခဏဖြင့် ထင်ရှားသည်။ ဇာတိသည် ပဋိသန္ဓေ စိတ္တနှင့် ကမ္မဇ ကလာပတို့မှ စ၍ တိုင်အောင် 'ဘဝ' ဟူသော အမည်ဖြင့် ထင်ရှားနေလေသည်။

ဤကိုယ်ကောင် ကြီးကို စုံစမ်းရှာမှီး လိုသော ပုဂ္ဂိုလ်တို့သည် ဤဥပစယ အမှတ်အသားကို အထူး သတိပြုကာ ဆရာထံမှာ ရှေးဦးစွာ လေ့လာရ ပါသည်။ ဆရာထံမှ ကြားသိရသော သုတမယအသိဖြင့် မိမိ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုလျက် အသင့်အတင့် နှလုံးသွင်း၍ ကြံနုပ်သော စိန္တာမယ အဆင့်သို့ရောက်စေရာသည်။ စိန္တာမယအသိကို အခြေခံပြုလျက် ဆက်ကာဆက်ကာ လေ့လာသောအခါ၊ ဤဥပစယ အာရုံသည် မနောအကြည်၌ တကြိမ်ထက် တကြိမ် ပိုမိုထင်ရှား၍ ဘာဝနာမယအသိဖြင့် မျက်မှောက် ပြုရလေသည်။

(ခ) သန္တတိ-ဥပစယရောက်သော သင်္ခါရလုပ်သားတို့သည် ကလာပအကောင်စိတ္တအသွင်ဖြင့် တခုနှင့်တခု အဟောင်းအသစ် ပြောင်းလဲကာ တန်းဆက်ကြိုးသဘော ဖြင့် ထင်ရှားသော အမှတ်အသား ဖြစ်သည်။

တထွာတမိုက် မျှသာ ရှည်လျားသော အုံးဆံမျှင်ကလေး တို့သည် တမျှင်ခံ တခုပေါ်တခုဆင့်လျက် ထပ်ကာထပ်ကာ ဆက်စပ်သဖြင့် အုံးဆံကြိုးအဖြစ် ထင်ရှား လာသကဲ့သို့၊ ခဏငယ် ၅၁-ချက်မျှ အသက်ရှည်သော ကလာပတို့သည် တခုမပျက်မီ ကလာပပေါင်း ၅၀-တို့ တဆင့်တဆင့် ထပ်ကာထပ်ကာ ဆက်စပ်ကြလျက် ကလလ ရေကြည်ခေါ်သော အလွန်သိမ်မွေ့သေးငယ်သော အစိတ်အပိုင်းများမှအစပြုကာ ကိုယ်ကောင်ကြီးအဖြစ် ထင်ရှားလာရသည်။ ဥပစယရောက် နာမ်ပါဠိအခေါ် ဝိတ္တသည် တခုပျက်စီးပြီးမှ အသစ်စိတ္တတခု ဥပစယရောက်ရှိးထုံးစံဖြင့်၊ အုံးဆံကြိုးကဲ့သို့ ပေါ် ဝတ္ထုအဖြစ် မပေါ်နိုင်ပေ။ သို့သော် စိတ္တတို့သည် တခုနှင့် တခု အကြား ကွက်လပ် မထားဘဲ ဆက်စပ်သော သန္တတိ အစဉ်ဖြင့် ဤကိုယ်ကောင်ကြီး၌ 'အသိ' အစဉ် ထင်ရှားလေသည်။ ဤသို့ အဟောင်း အဟောင်းဖြစ်သော ကလာပစိတ္တ တို့သည် မိမိတို့၏အသက်တန်းလိုက် ချုပ်ပျောက်ပျက်စီးနေကြသော်လည်း၊ တန်းစဉ် သန္တတိ သည် အသစ်အသစ် ဥပစယတို့ဖြင့် ထင်ရှားသျက်ပင် ဖြစ်လေသည်။

ဥပစယနှင့် သန္တတိသည် အခြင်းအရာ သဘော အားဖြင့် ခြားနားသော် လည်း ဆက်စပ်ခြင်းသဘောမှာ မြဲနေလေသည်။ ဥပစယမရှိလျှင် သန္တတိ မရှိနိုင်။ ဥပစယချုပ်ငြိမ်းလျှင် သန္တတိလည်း ချုပ်ငြိမ်းရလေသည်၊ သန္တတိ၌ ပုဂ္ဂိုလ်ငါးပါး သည် ထင်ရှားနေသည်။ ကလာပသန္တတိ၌ ရုပ်ဒါဘ်အစုတို့၏ အစဉ်ဖြင့် ရူပက္ခန္ဓာ ထင်ရှားသည်။ စိတ္တသန္တတိ၌ ခံစားသော တန်းစဉ်ဖြင့် ဝေဒနာက္ခန္ဓာ၊ မှတ်သား သောတန်းစဉ်ဖြင့် သညာက္ခန္ဓာ၊ အသိပြောင်းလဲအောင် အမျိုးမျိုး ပြုပြင်ပေးသော စေတသိက်တို့၏ တန်းစဉ်ဖြင့် သင်္ခါရက္ခန္ဓာ၊ အသိ တန်းစဉ်ဖြင့် ဝိညာဏက္ခန္ဓာတို့ ထင်ရှားနေကြသည်။

ဤဥပစယနှင့် သန္တတိ အာရုံ ၂-မျိုးကို ကိုင်ကြိုး ပြုလျက် မိမိ ကိုယ်ကောင် ကြီးကို လေ့လာသောအခါ၊ သင်္ဂြိုဟ်ကျမ်း၌ ဖေါ်ပြသော ကလာပ ၂၁-မျိုးတို့ သည် ၂၁-မျိုးသော မျဉ်းကြောင်းများ ပြိုင်တန်းသကဲ့သို့ အဟောင်း အဟောင်း ကလာပတို့ ချုပ်ပျောက်ပျက်စီးလျက် အသစ်အသစ်ကလာပတို့သည် သန္တတိအစဉ် ကိစ္စ ဆောင်ရွက်နေကြကြောင်းကို သိမြင်ရပေမည်။ သင်္ဂြိုဟ်ကျမ်း၌ ဖေါ်ပြသော စိတ္တ ၈၉၊ သို့မဟုတ် ၁၂၁-တို့သည် သန္တတိအစဉ် တခုတည်းဖြင့် အမျိုးမျိုးကွဲပြား သော နာမ်သင်္ခါရလုပ်သားတို့၏ စုပေါင်းလုပ်ငန်းကို စုဘိတိုင်အောင် ဆောင်ရွက် နေကြောင်းကို သိမြင်ရပေမည်။

ဤဥပစယ သန္တတိ အာရုံနှစ်မျိုးသည် ဗုဒ္ဓဝါဒကို လေ့လာရာတွင် များစွာ အသုံးဝင်သော အမှတ်အသား ၂ မျိုး ဖြစ်သည်။ (ဒီပဇာလာဝိယ) ဆီမီးတောက် အလျှံကဲ့သို့ (နဒီသောတောဝိယ) မြစ်ရေယဉ်ကဲ့သို့ သင်္ခါရရုပ်နာမ်တို့ ပေါ်ထွက် ဝီးဆင်းနေကြသည်ဟု ဖော်ပြလေရာ၊ ဥပစယ သန္တတိအာရုံမှာ အလွန် ထင်ရှား ပေါ်လွင်နေလေသည်။ ဥဒယဗ္ဗယ ဉာဏ်၏ အာရုံသည်ဤဥပစယနှင့် သန္တတိ ၂ မျိုး ပင်ဖြစ်သည်။ သန္တတိဖြင့်ထင်ရှားသော ခန္ဓာ ၅ ပါး အာရုံ သည်လည်း ဥပစယ ကင်းလျက် မထင်ရှားနိုင်။ အတိုချုပ်မှာ ဝိပဿနာဉာဏ်သည် ဥပစယ အာရုံပေါ် မှာထိုင်လျက် ခန္ဓာ အာယတန ဓါတ် တို့ကို စစ်ဆေးကာ သင်္ခါရ လုပ်သား တို့၏ အနိစ္စ ဒုက္ခ အနတ္တကို ပိုင်းခြားသည်။ ဥပစယရောက်သော သင်္ခါရ လုပ်သားတို့ကို ကြောက်ဇရာ လန့်စရာဟု သိလာသည်၊ အပြစ် မြင်လာသည်၊ ငြီးငွေ့ လာသည်။ လူကို ယောကျ်ား မိန်းမ သတ္တဝါတို့ကို အပြစ်မြင်ငြီးငွေ့ခြင်း မဟုတ်ပေ။ ထို့ပြင် ဥပစယ၏ဆန့်ကျင်ဘက် အနုပစယ၊ သန္တတိ၏ ဆန့်ကျင်ဘက် အပဝတ္တ၊ ပျက်ငြိမ်း ခယနိရောဓ၏ ဆန့်ကျင်ဘက် မဖြစ်ငြိမ်း အနုပ္ပါဒ နိရောဓသို့ ဝိပဿနာဉာဏ် ကိုင်း ညွတ်သက်ဝင်နေသည်။ ဝိပဿနာဉာဏ်သည် ဥပစယအာရုံဖြင့် အဆင့်ဆင့်တိုးတက် သွားရာ ဂေါတြဘူစိတ်သည် ရှေးဦးစွာ အနိမိတ္တ အနုပစယ သန္တတိကို အာရုံ ပြု သည်။ မဂ်စိတ်သည် အနုပ္ပါဒနိရောဓ အပဝတ္တ သန္တိ ဓါတ်ကို အာရုံ ပြုလေသည်။ ဖိုလ်စိတ် ၂ ခု ၃ ခုသည် ဥပစယသို့ မရောက်သော ဒိဋ္ဌိဝိစိကိစ္ဆာနှင့် အပါယ ဂမ နိယ (ကံ) ကိလေသာတို့၏ သန္တိဓါတ်ကို အာရုံပြုသည်။ ပစ္စဝေက္ခဏာဉာဏ်တို့သည် မဂ်စိတ်အာရုံ၊ ဖိုလ်စိတ်အာရုံ၊ ထိုမဂ်ဖိုလ်တို့ဆိုက်ထားသောသန္တိဓါတ် အာရုံ၊ ပယ် ဖြတ်ခံရသော ကိလေသာ အာရုံ၊ မပယ်နိုင်သေးသော ကိလေသာ အာရုံတို့ကို ဆင် ခြင်စစ်ဆေးလေတော့သည်။ တကြိမ်စီ မဟုတ်၊ ပစ္စဝေက္ခဏာဝိထိတို့ အကြိမ်များစွာ ဖြစ်ပေါ်ကြသည်။

(ဂ) ဇရတာ–ဥပစယ ရောက်နေကြသော ဓါတ်အစု ကလာပ စိတ္တ တို့သည် ရောက်စခဏဖြင့် မှတ်သားထားသော မူလအခြေအနေမှ ခဏတိုင်းခဏတိုင်း ရွေ့ လျောပြောင်းလဲလျက် ရင့်ကျက်အိုမင်း ယိုယွင်း ဆွေးမြေ့သော အမှတ် အသား ဖြစ်သည်။ ထို့ပြင် ဥပစယဖြစ်သော ကလာပစိတ္တတို့သည် မိမိတို့၏သက်တန်းအလိုက် အဟောင်းအသစ်လဲကြရာ အသစ်အသစ် ကလာပတို့သည် အဟောင်း အဟောင်း ကလာပတို့ထက် ပိုမိုရင့်ကျက် ထက်မြက် ကြသည်။ အသစ်အသစ် စိတ္တတို့သည် အဟောင်း အဟောင်း စိတ္တတို့ထက် ပိုမိုရင့်ကျက် ထက်မြက် ကြသည်။ ဥပမာ သီး ကင်းပေါ်ခိုက်မှအစပြု၍ ဥတုဇကလာပတို့သည် အဟောင်းအသစ် ပြောင်းလဲသော သန္တတိဖြင့် သီးနု အခြေသို့ရောက်သည်။ သီးနုမှ ကလာပအဟောင်းအသစ်လဲကာ သီးရင့်သို့ ရောက်ပြန်သည်။ တဖန် သီးရင့်မှ အဟောင်း အသစ် ပြောင်း လျက်

သီးမှည့်ရောက်လေရာ၊ သန္တတိ၌ ဥတုဇကလာပတို့သည် အသစ်အသစ်ဟု ဆိုရသော်လည်း ရင့်ကျက်ခြင်းသဘောတရားသည် တကြိမ်ထက်တကြိမ်၊ တခဏက်တခဏ တိုးတက်ထင်ရှားလာကြသည်။ ဤကိုယ်ကောင်ကြီးသည်လည်း ပဋိသန္ဓေ၏ ဥပ္ပါဒက္ခဏမှ စုတိတိုင်အောင် သစ်သီးများကဲ့သို့ ရင့်ကျက် လေသည်၊ ဤသဘောတရားသည် နောက်ဆုတ်ပြန် နုပျိုလာသည်ဟု မရှိချေ။

(ဃ) အနိစ္စတာ ·အဟောင်း အသစ် ပြောင်းလဲကြသော သန္တတိတွင် ၃ · ခဏ ထင်ရှားသောစိတ္တ၏ နောက်ဆုံး တတိယခဏ၌ ထင်ရှားသော အမှတ်အသားဖြစ်သည်။ ၅၁ ခဏ ထင်ရှားသော ကလာပ၏ နောက်ဆုံး ခဏ၌ ထင်ရှားသော အမှတ်အသားဖြစ်သည်။ ဤအမှတ်အသားကို လူတို့၏ဝေါဟာရဖြင့် 'သေ'ဟုခေါ်ကြသည်။ ကလာပစိတ္တတို့သည် အဟောင်း အသစ် ပြောင်းလဲကာ ၅၁ ခဏတိုင်း ၃ ခဏတိုင်း သေ,သေနေကြ သော်လည်း၊ လူတို့၏ စိတ်၌ တုန်လှုပ်ခြင်း၊ စိုးရိမ်ကြောင်းကြခြင်း မဖြစ်ပေါ်ကြပေ။ အကြင်အခါ၌ စုတိစိတ် ပေါ်လာ၍ တတိယခဏ၌ သေလိုက်ပါမူကား ဆိုင်ရာဆိုင်ရာ ပတ်ဝန်းကျင် လူထု တို့သည် စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ ငိုကြွေးခြင်း ဖြစ်ကြလေသည်။

ပဋိသန္ဓေ၏ ဥပါဒ်မှအစပြုလျက် ၃ ခဏတိုင်း, ၅၁ ခဏတိုင်း သေသေ နေသော 'ကလာပစိတ္တ' တို့၏ အသေမျိုးကို သတိမပြု ဂရုမစိုက်ကြဘဲ စုတိစိတ်၏ နောက်ဆုံးရောက်မှ "လက်ရှိ ခန္ဓာ ကိုယ်ကောင်ကြီးကို စွန့်ပစ်လျက် ရုပ်ခန္ဓာနှင့် ကွဲကွာသွားရမည်" အသိရောက်ကာ စိုးရိမ်ပူပန်ကြခြင်း ဖြစ်ကြ လေသည်။ အမှန်စင်စစ်မှာ ၃ ခဏတိုင်း, ၅၁ ခဏတိုင်း ပျက်ရိုးထုံးစံ ရှိသောကြောင့်၊ ထိုထုံးစံအတိုင်း ဇာတိခေါ်လက်ရှိဘဝ၏အဆုံး အနိစ္စသဘော၊ သေ,သဘော ရောက်ကာ အချိန်ကာလမခြားဘဲ ဘဝအသစ်ခေါ်သော ပဋိသန္ဓေ ဥပစယ ရောက်လျက်၊ ဥပစယတို့ ဆက်ကာဆက်ကာ အဟောင်းအသစ် ပြောင်းလဲကြ ပြန်သည်။ ထိုကြောင့် သေ,သဘောသည် အနိစ္စတာကို အစွဲပြုကာ ထင်ရှားရ လေသည်။

## ပညတ်တရား

ပညတ္တိ ·ဤသဘောတရားသည် သင်္ခါရလုပ်သားတို့ကဲ့သို့ အမှတ် လက္ခဏာ ဟူ၍မရှိ။ တရားကိုယ် ခေါ်သော တာဝန်ခံ, အမာခံမရှိ၊ သင်္ခါရ လုပ်သား တို့၏ စုပေါင်းလုပ်ငန်းတို့ကို အစွဲပြုကာ၊ လုပ်ငန်းတခုနှင့်တခုမတူ ကွဲပြားခြင်းကို သညာနှင့်အသိတို့က မှတ်သားပေးသော 'သင်္ကေတ' ခေါ်သော အမှတ် သဘောတရား ဖြစ်သည်။

ပရမတ်သင်္ခါရလုပ်သားတို့သည် အစုအစုတို့ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရာတွင်၊ ထိုအစုတို့ကို အစွဲပြု၍၎င်း၊ အစုတို့၏လုပ်ငန်းကို အစွဲပြု၍၎င်း၊ တခုနှင့်တခုမတူ၊ တစုနှင့်တစု မတူခြင်းကို အသိသညာက ပိုင်းခြား သတ်မှတ်ပေးသဖြင့်။ သတ္တလောက၌ 'အသိ'၏ အာရုံအဖြစ် ပေါ်လွင် ထင်ရှားသော သဘောတရားဖြစ်သည်။ အမှန်မှာ-ပရမတ်တို့ကို အစွဲပြုကာ အသိ၏အာရုံ၌ ထင်ရှားသော သဘောတို့သည် ပညတ်တရားများ ဖြစ်ကြသည်။ သင်္ခါရ ပရမတ်တို့မရှိလျှင် ပညတ်လည်း မရှိတော့ပေ။ အဘာဝပညတ်, နတ္ထိဘော ပညတ်တို့လည်း အရှိဖြစ်သော ပရမတ်ကိုအစွဲပြုလျက် ဆန့်ကျင်ဘက်ဖြစ်သော ပညတ်တို့ ဖြစ်ကြလေသည်။

ပညတ်အာရုံသည် များသောအားဖြင့် လောဘဒိဋ္ဌိတို့၏ ကပ်ငြိရာ အမှားသက်ဝင်ရာ အာရုံများဖြစ်ကြ၍ အထပ်ထပ်သော ပညတ် တရား တို့ဖြင့် ရစ်ပတ်ဖုံးလွှမ်းခြင်း ခံရသော သင်္ခါရ လုပ်သားတို့သို့ 'အသိ' မရောက်နိုင် ဖြစ်လေသည်။ ဥပါဒါနက္ခန္ဓာဟူသည် ပညတ်တို့ဖြင့် ဖုံးလွှမ်းထားသော ခန္ဓာငါးပါးပင် ဖြစ်လေသည်။ ထို့ကြောင့် ပညတ်သဘောနှင့် ပရမတ် သဘောတို့ကို ကွဲပြားအောင် လေ့လာရသည်။ ပညတ်ဖြင့်ပရမတ်ကို မှတ်သားခြင်းသည် တခါတရံ အသိရှုတ်ထွေး၍ မရှင်းမလင်း ဖြစ်တတ်သည်။ ပရမတ်ဖြင့် ပညတ်ကို မှတ်သားလျှင် သင်္ခါရလောက၌ အသိရှုတ်ထွေးခြင်းမရှိဘဲ သင်္ခါရလုပ်သားတို့ကို တခုနှင့်တခု ခြားနား ကွဲပြားစွာ 'သိ'နေရသည်။

လက္ခဏာတရား လေးမျိုးတွင် ဥပစယသည် ပညတ်တို့ ထင်ထင်ရှားရှား ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ သန္တတိသည်လည်း ပညတ်တရားပင်ဖြစ်ရာ၊ ဥပစယ အဟောင်း အသစ် ပြောင်းလဲသော သန္တတိ ပညတ်ကို အစွဲပြုကာ သတ္တလောက၊ ဩကာသလောကတို့၌ မရေမတွက် နိုင်သော ပညတ်တို့ဖြင့် ပြည့်စုံကြွယ်ဝနေတော့သည်။ ပညတ်တရားသည် လူတို့၏ 'အသိဖြင့်' သတ်မှတ်ထားသော 'သမုတိ'တရားဖြစ်၍ 'အရိယမဂ္ဂ' စံနစ်မရှိသော 'အသိ'သည် (ဝါ) သမ္မာဒိဋ္ဌိ စသော မဂ္ဂင် စေတသိက်တို့ ပေါင်းစပ်ပါဝင်ခြင်း မရှိသော 'အသိ'သည် ဤသမုတိပညတ်မှ ကျော်လွန်ထွက်သွားအောင် မတတ်နိုင်ချေ။ ယခုအခါ ပညတ်တမျိုးမှ ပညတ် တမျိုးသို့ ပြောင်းကာ ရွေ့ကာ သတ္တလောကအစကို ရှာဖွေကြလေရာ၊ 'အသိ'၏ ကြေနပ်မှုသို့ မရောက်နိုင်ကြသေးပေ။

ဤသို့အကျဉ်းအားဖြင့် ဖော်ပြခဲ့သော သဘောတရား ၄ မျိုးကို သုတမယဉာဏ်ဖြင့် ဆရာ့ထံမှ လေ့လာပြီးလျှင်၊ မိမိ၏ဓါတ်ခွဲကြီးဖြစ်သော ဤကိုယ်ကောင်တလံမျှတွင် ထိုတရားတို့ အဟုတ်တကယ် ရှိမရှိကို လက်တွေ့လေ့လာရမည်။ ဥပစယ

နှင့် သန္တတိသည် ဤကိုယ်ကောင်ကြီး ထင်ရှားပေါ်လွင်နေအောင် ဆောင်ရွက်နေသော 'လက်သည်'တို့ ဖြစ်ကြ၍ ယင်း ၂-မျိုးကိုပင် ကိုင်ကြိုးပြုလျက် လေ့လာရမည်။ ဥပမာ-အာရုံ ၆ မျိုးနှင့် တွေ့ကြုံခိုက် မြင်,ကြား,နံ,လျက်,ထိ,သိ စိတ်တို့ ဖြစ်ပေါ်လေရာ၊ ထိုအာရုံတို့ကို အစွဲပြုကာ မြင်ချင်, မမြင်ချင်, ကြားချင်, မကြားချင် စသော ၂-မျိုးတွင် တမျိုးမျိုး 'သိ' စိတ် အစဉ် ဖြစ်ပေါ်တတ် လေသည်။ ထိုအခါ 'သိ' စိတ်အစဉ်ကို လေ့လာရသည်။ အာရုံကို မလေ့လာပါနှင့်ဦး၊ အာရုံကား အပြင်အပ-ဗဟိဒ္ဓဖြစ်သည်။ သိစိတ်အစဉ်ကား အတွင်း-အဇ္ဈတ္တဖြစ်၍ ကိုယ်တိုင်သိ ဖြစ်ရန် လွယ်ကူသည်။ အာရုံနှင့်တွေ့ကြုံခိုက် ဖြစ်ပေါ်ခဲ့သော ရှေ့စိတ်အစဉ်ကို သတိပြုကာ နောက်စိတ်အစဉ်ဖြင့် စစ်ဆေးလေ့လာရသည်။ ဤသို့မကြာမကြာ ရှေ့စိတ် အစဉ်ကို နောက်စိတ်အစဉ်ဖြင့် လေ့လာသောအခါ ရှေ့စိတ်အစဉ်၌ ဖြစ်ပေါ်သော သင်္ခါရ လုပ်သားအချို့ကို ကိုယ်တိုင် အသိလုပ်နိုင်လာသည်။ ကောင်းစိတ်ဟုသိသည်၊ မကောင်းစိတ်ဟုသိသည်၊ ကုသိုလ်စိတ်ဟုသိသည်၊ အကုသိုလ်စိတ်ဟု သိသည်၊ လောဘစိတ်ဟု သိသည်၊ ဒေါသစိတ်ဟု သိသည်၊ အလောဘစိတ်ဟု သိသည်၊ အဒေါသစိတ်ဟု သိသည်။ ဤနည်းဖြင့် အလေ့အကျင့် ပြုသော အခါ အလေ့ပါအကျင့်ရသောစိတ်သည် တဆင့်ထက်တဆင့် သင်္ခါရလုပ်သားတို့ကို အာရုံဖြင့် ပိုင်းခြား နိုင်လာသည်။ ရှင်းလင်းစွာ သိနိုင်လာသည်။ ကုသိုလ်စိတ်, အကုသိုလ်စိတ်ဟု ခွဲခြားနိုင်လာလျှင်ပင် ဗုဒ္ဓအရှင်၏ ဩဝါဒအရ ပယ်ဘို့ ပွါးဘို့ နားလည်လာလေပြီ။ ဤကိုယ်ကောင်ကြီးနှင့် ယှဉ်တွဲဆက်စပ်နေသော သညာ မနတို့ အကြောင်း အတော်သဘောပေါက်လျက် ဘယ်စိတ်ကို ပွါးအောင်လုပ်ရမည်။ ဘယ်စိတ်ကို မပေါ်အောင် လုပ်ရမည် စသော လုပ်ငန်းကိုလည်း သိ၍ လာလေသည်။ ဤသို့ တစ တစဖြင့် ကျကျနန သေသပ်စွာ လေ့ကျင့်ခဲ့သော် ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့သို့ အသိ ရောက်လျက် ဤကိုယ်ကောင်တလံမျှတွင် အာယတန ၆-ပါး လောက ရှိကြောင်း၊ လောက၏သမုဒယ လောဘတဏှာ ရှိကြောင်း၊ လောက ချုပ်ငြိမ်းသော သန္တိ အမှတ် နိဗ္ဗုတိ ရှိကြောင်းနှင့် လောကမှ ထွက်လမ်း မဂ္ဂင် ရှိကြောင်း တို့ကို ကိုယ်တိုင် သိနိုင်လေတော့သည်။

## နိဗ္ဗာန်အကြောင်း

နိဗ္ဗာန်ဟူသော သဘောတရားသည် ပြဆိုခဲ့သော သင်္ခါရ လုပ်သား ၇၁-ပါး၊ ဝိကာရတရား ၅-ပါး၊ လက္ခဏာတရား ၄-ပါး၊ ပညတ်တရားတို့နှင့် ဆန့်ကျင်ဘက် သဘောတရားဖြစ်သည်။ နိဗ္ဗာန်၏အမှတ်လက္ခဏာသည် သန္တိ ဟူသော 'ငြိမ်း'သဘောတရား ဖြစ်သည်။ သင်္ခါရ လုပ်သား ၇၁-ပါး တို့သည် အချင်းချင်း

အဆက်အသွယ်ပြုလျက် အချင်းချင်း စီမံဖန်တီးကြသော ‘သင်္ခတ’တို့ ဖြစ်ကြသည်။ သန္တိအမှတ်အသား ဖြစ်သော နိဗ္ဗာန်သည် သင်္ခတတို့ကဲ့သို့ အချင်းချင်း ဟူ၍ မရှိ၊ အချင်းချင်းဟူ၍ မရှိသောကြောင့် ဆက်သွယ်ခြင်းမရှိ၊ ဆက်သွယ်ခြင်း မရှိသောကြောင့် ‘ဝိဝေက’ဖြစ်လေသည်။ အဟုတ်တကယ်ရှိသော ပရမတ်တရားဖြစ်ပါလျက် အတ္တိဟူသော အမျိုးဆိုင်သတ္တိဖြင့် သင်္ခတခါတ်တို့အား ကျေးဇူးမပြုနိုင်၊ အထောက်အပံ့မပေးနိုင်ခြင်းသည် အကြောင်းတရားတို့မှ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သည်။ သန္တိ ဟူသော ငြိမ်းသဘောတရားသည် အကြောင်းတရားမှ မကင်းခဲ့လျှင် ဘယ်မှာ သန္တိသဘော ဖြစ်နိုင်ပါ မည်နည်း။ အဘယ်မှာလျှင် ‘ဝိဝေက’ ဖြစ်ပါ မည်နည်း။ အကြောင်းတရားမှန်သမျှ ထောက်ပံ့ခြင်း၊ စီမံခြင်း၊ ဖြစ်ပေါ်အောင် ဖန်တီးခြင်း ရှိကြသည်ချည်းသာလျှင်ဖြစ်သည်။ ထိုကြောင့်ပင် ဗုဒ္ဓအရှင်သည် နိဗ္ဗာန် ဟူသော သန္တိကို ‘အသင်္ခတ’ဟု အမည်ပေးခဲ့လေသည်။

ဥဒါန်းပါဠိတော် နိဗ္ဗာန ပဋိသံယုတ္တ ဒေသနာ၌ ဗုဒ္ဓကိုယ်တော်သည် မှီရာရှိသော တရားမှန်သမျှ ငြိမ်သက်ခြင်း မရှိ၊ လှုပ်ရှားခြင်း ရှိရမည်။ (နိဿိတဿ စလိတံ)ဟု ညွှန်ကြားတော်မူခဲ့သည်။ သင်္ခါရလုပ်သား ၇၁ ပါးသည် အကြောင်းတရားကို အမှီသဟဲပြုကြရသောကြောင့် ငြိမ်သက်ခြင်းမရှိဘဲ၊ လှုပ်ရှားခြင်းသဘောဖြင့် ‘ဥပစယ’သို့ ရောက်ကြရသည်၊ ဥပစယသို့ရောက်လျက် အဟောင်းအသစ်တို့၏ မငြိမ်သက်ခြင်း လှုပ်ရှားခြင်းကို အစွဲပြုကာ လူလောက၌ ထင်ရှားသော သဘောတရားများ ဖြစ်ကြရသည်။ ကျွန်ုပ်တို့ ငြီးငွေ့ကြောက်ရွံ့သော ပဋိသန္ဓေ၊ အို၊ နာ၊ သေတို့နှင့် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့သည် အကြောင်းတရားကို အမှီအစွဲပြုကြရသော သင်္ခါရလုပ်သားတို့၏ ထင်ရှားသဘောဖြစ်သည်။ ပညတ်သဘောတို့၏ အို၊ နာ၊ သေ၊ ဖြစ် မဟုတ်ကြပေ။ ‘သဗ္ဗသင်္ခါရသမထ’ဟူသော သင်္ခါရ လုပ်သား တို့၏ မဖြစ်ပေါ်ဘဲ ငြိမ်းအေးကြောင်း သဘောတရားသည် သာလျှင် ‘သန္တိ’ ဟူသော နိဗ္ဗာန်တရား ဖြစ်လေသည်။

နိဗ္ဗာန်တရားသည် လက်ရှိမျက်မှောက်ဘဝ၌ ရှင်းရှင်းလင်းလင်း သိရသော တရားဖြစ်သည်။ ‘ကိုယ်တိုင်’ခေါ်သော အာရမ္မဏိက စိတ်ဖြင့် သန္တိအမှတ်ဖြစ်သော အာရုံတရားကို ကွဲကွဲပြားပြား ခြားခြားနားနား သိရသည်။ သိလည်း သိနိုင်သည်။ အကြောင်းတရားတို့မှ လွတ်ကင်းသဖြင့်၊ ဥပစယသို့မရောက်သော နိဗ္ဗာန်သည် ဆန့်ကျင်ဘက် အနုပာဒယ’ဟူသော အာနုံအဖြစ်ဖြင့် ဂေါတြဘူစိတ်၊ မဂ်စိတ်၊ ဖိုလ်စိတ် ပစ္စဝေက္ခဏာစိတ်တို့ ကိုင်ဆွဲနိုင်ရန် မနေ့အကြည်၌ ပေါ်လွင် ထင်ရှားလာသည်။ မိမိ၏ အာရမ္မဏသတ္တိဖြင့် ဆိုခဲ့သောစိတ်တို့ ဥပစယသို့ ရောက်အောင် အထောက်အပံ့ပေးလျက် နာမ်ခန္ဓာလေးပါးတို့၏ အသိလုပ်ရာအဖြစ် ပေါ်ပြလေသည်။

ကျွန်ုပ်တို့သည် သင်္ခါရ လုပ်သား အက္ခရာ ၇၁ မျိုးကို ဃဏ သေချာစွာ သင်ယူ အမှတ်မထားကြဘဲ၊ ရုပ်ဟူသော နာမည်နှင့် နာမ်ဟူသောအမည်၊ ခန္ဓာ ၅ ပါး၊ အာယတန ၁၂ ပါး၊ ဓါတ် ၁၈ ပါး စသောနာမည်များကို မှတ်မိရုံမျှဖြင့် ဖြစ်ပျက် ကမ္မဋ္ဌာန်းကို စီးဖြန်းသူ များနေဟန်တူကြသည်။ ဤတလံမျှသော ကိုယ်ကောင်ကြီး၌ အမြဲမပြတ် ဖြစ်ပေါ်ပျက်နေသော ထိုရုပ်နာမ် ခန္ဓာတို့ကို အသိရောက်အောင် မလေ့လာကြ။ မိမိတို့၏ သုတမယ ဉာဏ်ဖြင့် ရောက်သော 'အသိခံ' အာရုံသည် ပရမတ်အစစ်လော။ သို့မဟုတ် ယင်း ပရမတ် သင်္ခါရ လုပ်သားတို့၏ အခြင်းအရာ အမူအရာဟူသော 'အာကာရ' ပညတ် တရားလောဟု သတိပြုလျက် ပြန်၍ ခစ်ဆေးကြည့်မပေါ်ကြ။ "အစမကောင်းလျှင် အနှောင်းမသေချာ" ဟူသော စကားပုံအတိုင်း၊ အစပြုသောစံနစ်က မသေမချာဘဲ ပရမတ္ထသစ္စာသို့ အသိမရောက်၍ ပရမတ္ထသစ္စာတို့က အသီးအသီးဆောင်ရွက်နေကြသော 'အရိယ သစ္စာ' တို့၌ မသေမချာ ယုံမှားသံသယတို့ တပြုံတခေါင်းကြီး ဖြစ်ပေါ်ကြရလေသည်။ ဤသံသယတို့ တပြုံတခေါင်းနှင့် 'နိရောဓသစ္စာ' နိဗ္ဗာန် တရားကို အမျိုးမျိုး ဖွင့်ဆို ပြသကြလေသည်။

နိဗ္ဗာန်တရားသည် အရိယာ ပုဂ္ဂိုလ်တို့ မသေခင် မျက်မှောက် ပြုနိုင်သော တရားဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိအခြားမဲ့၌ ထိုပုဂ္ဂိုလ်တို့ မျက်မှောက် မပြုနိုင်ကြပေ။ နိရောဓသမာပတ်ဝင်စားသော ပုဂ္ဂိုလ်သည် ၇-ရက်ကာလပတ်လုံး နာမ်တရားဟူသမျှ အကုန်ချုပ်လျက် ငြိမ်းနေကြသည်။ ထိုသမာပတ်မှ ထလာ ပြီးသော နောက်အခါ၌ ပစ္စဝေက္ခဏာ စိတ်အစဉ်တို့ဖြင့် ၇ ရက်အတွင်း ငြိမ်းနေသော 'အသင်္ခတ' ဓါတ်ကို အသိလုပ်နိုင်ကြသည်။ ထို့ပြင် ဖလ သမာပတ်သည် နိဗ္ဗာန်တရားကို အစွဲ အမှီ ပြုလျက် ဖိုလ်ဇောအကြိမ်ပေါင်း မရေမတွက် နိုင်အောင် ကျနေသည်။ တနာရီ နှစ်နာရီမက ကြာသောအချိန်ကာလဖြင့် နိဗ္ဗာန်တရားကို အသိလုပ်နေသည်။ မိမိတို့ ထလိုသော အချိန်မှာ ထနိုင်အောင် အလေ့အကျင့် လုပ်ထားရသည်။

ထိုဖိုလ်စိတ်အစဉ်နှင့် ပစ္စဝေက္ခဏာ စိတ်အစဉ်တို့သည် 'ခယနိရောဓ' ခေါ်သော ပျက်ငြိမ်း 'သဘာဝ' တရားကို အသိလုပ် အာရုံပြုနေကြခြင်း မဟုတ်ပေ။ မဂ် အားလျော်စွာ ပယ်သတ်ခဲ့ပြီးသော သင်္ခါရ လုပ်သားတို့၏ 'အနုပ္ပါဒ' ခေါ်သော မဖြစ်ငြိမ်း သဘောတရားကိုသာလျှင် အာရုံပြု အသိလုပ်နေကြလေသည်၊ အနုပ္ပါဒ မဖြစ်ငြိမ်း သဘောတရားသည် ကျွန်ုပ်တို့၏ ကိုယ်တိုင်သိ လက်တွေ့ သဘော တရား ဖြစ်နိုင်သည်။ ဥပမာ-ကျွန်ုပ်တို့ ကိုယ်ကောင်ကြီး၌ အမာ ခေါ်သော အနာမျိုး ပေါက်ဘူးကြသည်။ ထိုအနာကြောင့် နာကျင်ခြင်း သဘောတို့သည် အလွန် တရာ

အခံခက်သော အခြင်းအရာဖြင့် ပေါ်လွင် ထင်ရှားနေသည်။ ထိုအခါ လူမမာကို လာရောက် မေးမြန်းသောသူတို့က "မိတ်ဆွေ ဘယ်လောက်နာကျင်နေပါသလဲ"ဟု မေးလျှင်၊ "မမေးပါနှင့်တော့ မိတ်ဆွေ....မပြောနိုင် လောက်အောင် တင်းပြည့်ကျပ်ပြည့် အကုန်နာကျင်နေသည်" ဟု ပြန်ပြောတတ်ကြသည်။ ဆရာသမား တို့နှင့် ဆေးဝါး ကုသသောအခါ အနာသည် တဖြေးဖြေး ပျောက်ကင်းလျက် အခံခက်သော အခြင်းအရာတို့သည်လည်း တဖြေးဖြေး လျော့လာသည်။ တဖန် မိတ်ဆွေများက မေးမြန်းသောအခါ၊ အနာတော့ သုံးပုံတပုံလောက်၊သို့မဟုတ် တပုံလောက်တော့ ပျောက်သွားပြီ ဟု ပြန်ပြောပြန်သည်။ လူနာ၏လိုရင်းမှာ သုံးပုံတပုံ မနာတော့ဘူး၊ သို့မဟုတ် တဝက်မနာတော့ဘူး ဟု ဆိုလိုသည်။ လူနာ အသိ ရောက်နေသော 'မနာတပုံ' သို့မဟုတ် 'မနာတဝက်' သည် အနာ၏ ဆန့်ကျင်ဘက် သဘောဖြစ်၏။ ထိုတရားသည် အဟုတ် ရှိသလော....မရှိဘူးလော၊ မနာဟူသော သဘောတရားသည် အဟုတ်မရှိလျှင် အနာ၏လွတ်မြောက်ရာသည် မရှိနိုင်တော့ပေ၊ မနာသည် အနာ၏ လွတ်ကင်းရာ လွတ်မြောက်ရာ ဆန့်ကျင်ဘက် သဘော တရားဖြစ်သည်။

တဖန် ဆေးဝါးအစာတို့သည် အနာကိုပင် ပျောက်ပျက်အောင် ဆောင်ရွက်ကြသလော၊ သို့မဟုတ် မနာသဘောကို ဖြစ်ပေါ်အောင် ဆောင်ရွက်ကြသလော၊ အတိအကျ သတိပညာဖြင့် စဉ်းစားရာသည်။ အမှန်အားဖြင့် မနာသဘောတရားကို ဆေးဝါးအစာတို့က တိုက်ရိုက်ဖြစ်ပေါ်အောင် မဆောင်ရွက်နိုင်ကြပေ။ အနာဖြစ်သော ကလာပတန်းဧဉ် မပေါ်အောင် အသစ်အသစ် ဖြစ်သော ကလာပတို့ကို သာလျှင် ဖြစ်ပေါ်အောင် ဆောင်ရွက် ကြခြင်း ဖြစ်လေသည်။ ယင်းသို့ အသစ်အသစ် ကလာပတို့သည် အဟောင်းအသစ်လဲကြသော အစဉ်တွင် အနာ လျော့သလောက် မနာသဘော ထင်ရှား ထင်ရှားလာ၍ နောက်ဆုံး၌ အနာလုံးလုံး ပျောက်ကင်းသွားသောအခါ မနာ သဘောတရားသည် ပို၍ထင်ရှားစွာ ကျန်ရစ်ခဲ့လေသည်။

ဤဉပမာ၌ အနာသည် သင်္ခါရ လုပ်သားတို့၏ လုပ်ငန်းအဖြစ် ပေါ်လွင်ထင်ရှားသည်။ မနာ သဘောတရားသည် အနာသင်္ခါရတို့ ပျက်စီးကုန်ဆုံးသွားသဖြင့် ထင်ရှား ကျန်ရှိသော သဘောတရားဖြစ်လေသည်။ ဗုဒ္ဓ အရှင်၏ ဒေသနာတော်များ၌ သင်္ခါရတရားတို့၏ ဆန့်ကျင်ဘက် ဖြစ်သော 'သန္တိ' ငြိမ်းသဘောကို ပြဆိုလေရာ၊ ဗျာဓိ=အနာ၊ ဆန့်ကျင်ဘက် အဗျာဓိ=မနာဟူ၍ပင် တိုက်ရိုက်ဖော်ပြတော်မူခဲ့လေသည်။ ထို့ကြောင့်'မနာ'ဟူသော သဘောသည် တဒင် နိဗ္ဗာန်သဘောကို တိုက်ရိုက်ဖော်ပြနေသော သဘောဖြစ်လေသည်။ အကယ်၍ အနာ ဟူသော သင်္ခါရတို့ အကုန်ချုပ်ငြိမ်းသွားပါမူကား မနာ သဘော သန္တိသည်သာလျှင် ကျန်ရစ် ထင်ရှားပေလိမ့်မည်၊ 'သဗ္ဗသင်္ခါရ သမထ' ဖြစ်ပေတော့မည်။

ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် 'အာဟာရ' သုတ်၌ ခန္ဓာ ၅-ပါးတွင် တပါးပါးကို အနိစ္စ,ဒုက္ခ,အနတ္တ ဟူ၍ ဝိပဿနာဖြင့် ကောင်းစွာ သိနေသောအခါ၊ ငြီးငွေ့ခြင်း= နိဗ္ဗိဒါ၊ တပ်မက်ခြင်းကင်းခြင်း=ဝိရာဂ၊ ချုပ်ငြိမ်းခြင်း=နိရောဓ၊ ... ခြင်း=... သောက၊ ပူဆွေးခြင်း=ပရိဒေဝ၊ဆင်းရဲခြင်း= ဒုက္ခ၊ နှလုံးမသာယာခြင်း=ဒေါမနဿ၊ ငိုကြွေးမြည်တမ်းရခြင်း=ဥပါယာသ တို့မှ ကင်းငြိမ်းသော 'တဒင်္ဂနိဗ္ဗုတိ' ကိုရရှိသည်ဟု ဟောပြတော်မူခဲ့သည်။ ထိုတဒင်္ဂနိဗ္ဗုတိသည် 'တဒင်္ဂသန္တိ' ပင်ဖြစ်သည်။ ယင်း တဒင်္ဂသန္တိကို ယောဂီ၏'ကိုယ်တိုင်' ခေါ်သော အာရမ္မဏိက စိတ်အစဉ်တို့ဖြင့် မျက်မှောက်ပြုနိုင်သည်။ 'တဒင်္ဂသန္တိ'သဘောတရား အာရုံကို တကြိမ် ၂ ကြိမ် အသိ လုပ်ဘူးခဲ့လျှင်၊ သဗ္ဗသင်္ခါရ သမထ ဟူသော 'အစ္စန္တသန္တိ' နှင့် တသဘောတည်း အတူတူ ဖြစ်သည်ဟု သဘောပေါက်နိုင် အသိရောက်နိုင် လေတော့သည်။

ကျွန်ုပ်တို့သည် သန္တိ အမှတ်ဖြစ်သော နိဗ္ဗာန်တရားကို ရှေ့ဦးစွာ သုတမယ ဉာဏ်ဖြင့် အသိရောက်နိုင်သည်။ ထိုနောက် စိန္တာမယဉာဏ်ဖြင့် စဉ်းစားလျက် စိတ်ကူးသော စိန္တာမယဉာဏ်ဖြင့် လည်း အသိရောက်နိုင်သည်။ ထိုသန္တိဓါတ်သည် ဥပစယသို့ မရောက်သော ဓါတ် ဖြစ်သောကြောင့် 'ဘာဝနာမယ' ဉာဏ်ဖြင့် လေ့လာခြင်း မပြုနိုင်ပေ။ သန္တိအာရုံ ကို ဝိပဿနာဉာဏ်ဖြင့် ထပ်ခါထပ်ခါ သိသော်လည်း၊ အာရုံအတွက် တိုးပွါး ထက်မြက်မည် မဟုတ်ဟု ဆိုလိုသည်။ ထိုပြင် နိဗ္ဗာန်သည် 'အနာဘိနိဗ္ဗတ္တိသာမဂ္ဂီ' သဘောတရားဖြစ်သည်။ ယင်းသာမဂ္ဂီ၏ အဓိပ္ပါယ်မှာ အဝိဇ္ဇာ ကင်းလွတ်ကြသော ဓါတ်အပေါင်းစု မြောက်များစွာတို့သည် ဥပစယသို့ မရောက်သော သဘောဖြင့် ညီညွတ်ကြသည်ဟု ဆိုလိုသည်။ဥပစယသို့ မရောက်ကာချဖြင့် နိဗ္ဗာန်ဟူသော သန္တိဟု မဆိုနိုင်သေးပါ။ ဥပစယသို့ မရောက်သေးသော သင်္ခတဓါတ် များစွာရှိသော်လည်း အကြောင်းတရားတို့ အပေါ်၌ အမှီအစွဲပြုကာ 'အနိစ္စ' သဘာဝများ ဖြစ်ကြသော ကြောင့် 'နိယတ' မငြိမ်မသက်သော ဓါတ်များဟု ပြခဲ့ပြီးပြီ။ သန္တိသည် နိယတ ဖြစ်၍ စလိတ တရားမဟုတ်တော့ပေ။

ဗုဒ္ဓကိုယ်တော်သည် ဥဒါန်းပါဠိတော် နိဗ္ဗာန ပဋိသံယုတ္တဂါထာ၌၊ အိုရဟန်း တို့-ဥပစယ တကြိမ်တခါမျှ မရောက်ဘူးသော 'အဇာတ'သန္တိဓါတ်၊ သန္တတိ အစဉ် ဖြင့် ဘယ်အခါမျှ မထင်ရှားဘူးသော 'အဘူတ' သန္တိဓါတ်၊ကံ ·စိတ် ·ဥတု ·အာဟာရ စသော အကြောင်းတို့ မပြုလုပ်နိုင်သော'အကတ'သန္တိဓါတ်၊ အလွန် သိမ်မွေ့သော အများဆိုင်အထောက်အပံ့တို့မှ ကင်းသော 'အသင်္ခတ' သန္တိဓါတ်သည် ရှိပါသည်။ ဤစကားသည် မူလပဋိညာဉ် စကားတော် ဖြစ်သည်။

အို....ရဟန်းတို့-အကယ် ဆိုခဲ့ပြခဲ့သော သန္တိဓါတ်မရှိပါလျှင်၊ ဤမျက်မှောက် ဖြစ်သော ကိုယ်၌ ခဏမခြားဘဲ ဒုက္ခများနေကြသော သင်္ခါရတရား 'သံသရာ လုပ် သား'တို့၏ လွတ်မြောက်ရာသည် မထင်ရှား မပေါ်လွင်နိုင်ပေရာ။ အို....ရဟန်းတို့ ·

ပြခဲ့ဆိုခဲ့ ပြီးသော သန္တိဓါတ်သည် 'အဟုတ်တကယ်' အရှိ ဖြစ်လေသောကြောင့် သင်္ခါရ လုပ်သား တို့၏ လွတ်မြောက် ရာသည် ထင်ရှား ပေါ်လွင် နေပေသည်ဟု သင်္ခတ အသင်္ခတဓါတ် ၂ မျိုးကို ကွဲကွဲပြားပြား ခြားနားအောင် ဩဝါဒပေးတော်မူခဲ့လေသည်။

ဤဒေသနာတော်အရ ဗျာဓိနှင့်ဆန့်ကျင်ဘက် အဗျာဓိကို နှိုင်းယှဉ် ကြည့်ပါလေ။ ဗျာဓိသည် သံသရာလုပ်သား သင်္ခါရဒုက္ခသမားဖြစ်သည်။ အဗျာဓိသည် ဒေသနာ၌ ပြဆိုထားသော အဇာတ အဘူတ အကတ အသင်္ခတ သန္တိဓါတ် ဖြစ်လေသည်။ အကယ်ပင် 'မနာ'ဟူသော သန္တိဓါတ်မရှိလျှင် အနာဟူသောသခါရတို့၏ လွတ်မြောက်ရာမရှိနိုင်။ မနာသဘောတရား ရှိလို့သာလျှင် အနာသဘောတရား၏လွတ်မြောက်ရာ 'နိဿရဏ' ထွက်ပေါက်ဖြစ်လေသည်။ ယောဂီတို့ အထူးသတိပြုရန်မှာ အနာနှိပ်စက်ခံယူသော သိစိတ်မျိုးဖြင့် 'သင်္ခါရဒုက္ခ' ကို အသိလုပ်ပါလေ။

အောက်ပါသံပေါက်ကဗျာဖြင့် သင်္ခတနှင့် အသင်္ခတဓါတ် ၂-မျိုးကို အသိရှင်းလင်းသွားအောင် စဉ်းစားဆင်ခြင်ပါလေ....

(၁) အနာ မနာ သဘောမှာ ၂ ဖြာဆန့်ကျင်ဘက်
(၂) နာ,သဘောမှာ သိလွယ်ပါ မနာအသိခက်
(၃) အနာဟူသမျှ သင်္ခါရ မုချဖြစ်၍ပျက်
(၄) အနာပျက်ပျောက် မနာရောက် မျက်မှောက်ထင်ထင်သိ
(၅) မနာစံနစ် သေချာစစ် မဖြစ်မပျက်ရှိ
(၆) နိဗ္ဗာန်တရား ထိုအလား မမှားဆင်ခြင်ဘိ။

ထို့ပြင် အဇ္ဈတ္တ-ဗဟိဒ္ဓ-ပညတ် ၂-မျိုးတွင် ဗဟိဒ္ဓ ပညတ်ဖြင့် မှတ်သားမိထားသဖြင့်၊နိဗ္ဗာန်သည် ဤကိုယ်ကောင်တလုံးမျှ၌မရှိဟု မယူဆပါနှင့်။ ဖလ သမာပတ် သင်္ခါရလုပ်သားတို့၏ ကျက်စားရာ 'ဝိသယဇ္ဈတ္တ'ဖြစ်၍ ဤကိုယ်ကောင်ခေါ်သော သင်္ခါရထု၌ပင် နိဗ္ဗာန်ဟူသော သန္တိဓါတ် ထင်ရှားပါသည်။ ပရိယာယ်ဖြင့်ပြသော နိဗ္ဗာန်စကားလုံးတို့ကို သန္တိလက္ခဏာဖြင့် စစ်ဆေးကြပါလေ။

ဗုဒ္ဓကိုယ်တော်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-ကျော်က ပွင့်ထွန်းပေါ်လာသော လောကဓါတ်ဆရာကြီး ဖြစ်ခဲ့လေသည်။ ထိုအရှင်၏ ညွှန်ကြားဖော်ပြသော သင်္ခါရလုပ်သား ၇၁-ပါးတို့သည် ယခုခေတ်အခါတွင် ဓါတုဗေဒ လောကဓါတ်ဆရာကြီးများ ဖော်ထုတ်သော 'ဓါတ်စင်' ခေါ် မူလဓါတ် ၉၂ မျိုးကဲ့သို့ဖြစ်သည်။ ယခုခေတ်၌ ပေါ်လာ ထင်ရှားလျက် အသုံးပြုနေကြသော အရာဝတ္ထုပစ္စည်းပရိဘောဂတို့သည် ထိုဓါတ်စင် ၉၂-မျိုးတို့ အချင်းချင်း ပေါင်းစပ်ဆက်

သွယ်ကာ အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် ကင်ရှားနေကြသကဲ့သို့၊ သင်္ခါရလုပ်သား ၇၁ ပါးတို့သည် အချင်းချင်း ဆက်သွယ် ပေါင်းဖက်ကာ သင်္ခါရလောက၊ သတ္တလောက၊ ဩကာသလောက၊ အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် ပေါ်ကြွ ကင်ရှားသော သည်ဟု ဗုဒ္ဓအရှင် ပြခဲ့ရင်း ဖြစ်လေသည်။

ယခုခေတ် လောကဓါတ် ဆရာကြီးတို့၏ ဉာဏ်ဝီရိယတို့သည် အံ့ဩလောက် အောင် ထက်မြက်စူးရှ ပါသော်လည်း၊ ဗုဒ္ဓအရှင် ညွှန်ပြတားခဲ့သော 'မူလဓါတ်စင်' ၇၁ ပါးသို့ အသိမရောက်ကြသေးပေ။ အသိရောက်ပါသည်ဟု ပြောဆိုကြလျှင်လည်း ဗုဒ္ဓအရှင် ပြခဲ့သော 'စံနစ်'ဟုတ် မဟုတ်တို့ကို စဉ်းစားခွင့် ရှိလေသည်၊ မိမိတို့သဘောအတိုင်း မိမိတို့၏ စံနစ်ဖြင့် လေ့လာခဲ့ပါလျှင်၊ ဗုဒ္ဓအရှင် ညွှန်ကြားခဲ့သော အကျိုးသက်ရောက်မှု ဖြစ်ပေါ်မည် မဟုတ်ပေ။

ခေတ်ပညာကို တတ်မြောက် ကြသော ကျွန်ုပ်တို့၏ ခမ္မမိတ်ဆွေများသည် များသောအားဖြင့် ဗုဒ္ဓကိုယ်တော် ပေါ်ပြခဲ့သော သင်္ခါရလုပ်သား မူလဓါတ်စင် များကို စံနစ်တကျ ဆရာသမားထံမှ သင်ယူ လာခဲ့ခြင်း နည်းပါးသောကြောင့် သိမ်မွေ့သော သဘောအယူအဆတို့၌ တွေဝေတော်ကြသည်။ စကားလုံး လုလုဖြင့် ဖော်ပြသော ဝိတ်ကူး သဘာဝတို့သို့ သက်ဝင်သွားတတ်ကြသည်။ဗုဒ္ဓကိုယ်တော်သည် 'သင်္ခါရ' သဘောတရားတို့ကို ဖော်ပြရာ၌ စကားလုံး လုလုကို မသုံးခဲ့ဘဲ နာယူသောပုဂ္ဂိုလ်တို့၏ အသိပွင့်လင်းနိုင်မည်ဖြစ်သော စကားလုံး တို့ကိုသာသုံး၍ အဓွဲပြုလျက် ဆိုလိုရင်းသဘောကို ပြတော်မူခဲ့လေသည်၊

ထို့ပြင် ဤတလံမျှသော ကိုယ်ကောင်ကြီးကို ကျေးဇူးသုံး သင်ပုဏ်းအပြစ် ဖော်ပြလျက် အားလပ်သော အခွင့်ရရှိတိုင်း ဤဓါတ် ၇၁ ပါးသည် ဤကိုယ် ကောင်၌ ရှိမရှိကို သတိပညာ ဝိရိယတို့ဖြင့် လေ့လာရန် ရှေးဦး သင်္ချေးစသသဘော ဖြင့် ညွှန်ကြားတော်မူခဲ့သည်။ လက်တွေ့သဘောဖြင့် တပြေးပြေး လေ့ကျင့်သွား သောအခါ 'သိစိတ်'၌ ပေါင်းစပ်ပါဝင်သော သဘောတရားတို့ကိုတကြိမ်ထက်တကြိမ် တိုးတက် ထင်ရှားစွာ သိမြင်လာသဖြင့်၊ မိမိ၏'သိစိတ်' အခြေအနေတို့ကို ရှင်းရှင်း လင်းလင်း အသိရောက်လျက် 'မန' ဟူသော သိစိတ်၏ သတ္တထက်မြက်ပုံကို သဘော ပေါက်ပေလိမ့်မည်။

ဤသင်္ခါရ,ဝိကာရ, လက္ခဏ, ပညတ်, နိဗ္ဗာန် ဟူသော အကျဉ်းချုပ် တရား ငါးမျိုးကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ နှုတ်ဖျားတွင် ရကြလျက်၊ နံနက်တိုင်း ညဥ့်တိုင်း၊ ဗုဒ္ဓအရှင်အား ရှိခိုးပူဇော်နေကြသည်။ သို့သော်လည်း ဤတရားငါးမျိုး ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့်'အကုန်အစင်'သိမြင်တော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား....ဟု ရွတ်ဆိုကြလေရာ၊'အကုန်အစင်'ဟူသော စကားကိုသတိပြုလျက်

ဤတရားငါးပါးသည် ငါတို့နှင့်မဆိုင်၊အကုန်အစင် ငါတို့ မသိနိုင်ဟု အသိရောက်ပြီ ဗုဒ္ဓ ကိုယ်တော်တပါးတည်းသာလျှင် သိနိုင်သော တရားဟု ယူဆလျက် သိအောင် အလေ့အကျင့် မလုပ်ကြသူ များလေသည်။

အမှန်အားဖြင့် ဤတရားငါးမျိုးသည် မိမိတို့၏ အသိဉာဏ် အားလျော်စွာ သိနိုင်သမျှ သိအောင် လေ့လာရသော တရားငါးမျိုး ဖြစ်လေသည်။ မိမိတို့၏ အသိဉာဏ် ရောက်သမျှ အတိအကျ လက်ခံယုံကြည်ကြရမည့် တရားဖြစ်လေသည်။ တရားတော်၏ ဂုဏ်တော် ၆-ပါးတွင် 'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ' ပါဠိစကား သည် ဤအဓိပ္ပါယ်ကို ဖော်ပြသော စကားဖြစ်လေသည်။ဤတရားငါးမျိုးကို'အကုန် အစင်' သိရန်မဟုတ်ပေ။ သစ္စာ ၄-ပါးကို သိနိုင်လောက်အောင် 'အဆင့်အတန်းမှီ' သိလျှင် သာဝက တပည့်တို့အတွက် သင့်လျော်လုံလောက်ပေသည်။

တခါတရံ ပရိယတ္တိဉာဏ် အစွဲသန်သော ပုဂ္ဂိုလ်တို့၏ ပြောမှား ဆိုမှား ဖြင့် ဤတရားတို့ကို ဗုဒ္ဓ ဘုရားရှင်သာလျှင် သိနိုင်သည်၊ ယောဂီတို့၏ ဝိပဿနာ ဉာဏ် အာရုံမဟုတ် စသည်ဖြင့် ပြောတတ်ကြလေသည်။ ပင်ကိုယ်စိတ်က 'ဘုရား သာလျှင် သိနိုင်သည် ဟု ယူဆထားသော ပုဂ္ဂိုလ်တို့ အတွက် အသိမှား တိုးတက် သွားလေတော့သည်။ ဗုဒ္ဓအရှင်သည် မိမိတပါးတည်းသာလျှင် သိအပ်သော တရား တို့ကို ဘယ်အခါမျှ မဟောခဲ့ပေ။ အဘယ် သတ္တဝါကိုမျှလည်း မဟောပြောခဲ့ပေ။

ပရိယတ္တိဉာဏ်သည် စည်ပင်ပြန့်ပွားသဖြင့် ကြီးကျယ် များပြားလှသော ဉာဏ်ဖြစ်၍ များစွာ အလေးအမြတ် ပြုအပ်ပေသည်။ ပဋိပတ္တိ ဉာဏ်သည်ကား ထက်မြက်စူးဝင် ဖေါက်ထွင်းသောဉာဏ် ဖြစ်လေသည်။ သံသရာထွက်လမ်းဖြစ်သော 'အနတ္တ'ဝါဒ အတွက် ပရိယတ္တိဉာဏ်ထက် ပဋိပတ္တိဉာဏ်က သာလွန်အသုံးဝင်သော ဉာဏ်ဖြစ်လေသည်။ ဗုဒ္ဓ ကိုယ်တော်သည်လည်း၊ ပရိယတ္တိဉာဏ် တိုးတက်ပြန့်ပွါး အောင် ရည်ရွယ်လျက် မဟောပြောခဲ့ပေ။ ပဋိပတ္တိဉာဏ် တိုးတက် ရင့်သန်အောင် ဟောပြ ဆုံးမခြင်းဖြစ်လေသည်။ ယခုအခါ ဓါတ်ခဲ သုံးတောင့်, ၅-တောင့်ကို ကိုင် ယူထားသော လက်နှိပ် ဓါတ်မီး ရှင်သည် ကျယ်ပြန့်သော အလင်းကိုသာလျှင် အသုံးပြုမနေကြဘဲ၊ တခါတရံ 'စပေါ့' ခေါ်သော အဝေးရောက် မီးရောင်ကို အသုံးပြုသကဲ့သို့၊ ပိဋကသုံးပုံ၊ နိကာယ်၅-ရပ် ဓါတ်ခဲတပ်ထားသော ပုဂ္ဂိုလ်တို့ သည် အဝေးရောက်အောင် ဖေါက်ထွင်းသော ပဋိပတ္တိဉာဏ်အလင်းကို အသုံးပြုရန် ဤစကားအစဉ်ကို ရေးသားအပ်ပါသတည်း။

★

# အနုပဏ္ဏသိက္ခာ

## နိပ္ဖန္နရုပ် ၁၈ မျိုး အကြောင်း

သင်္ခါရ လုပ်သားတို့သည် ရုပ်သင်္ခါရ လုပ်သား၊ နာမ်သင်္ခါရ လုပ်သားဟု ၂-မျိုးရှိလေရာ၊ ရုပ်သင်္ခါရလုပ်သားတို့၏ အမည်များနှင့် ကိုယ်ပိုင် အမှတ်အသားတို့ကို အောက်ပါအတိုင်း လေ့လာ မှတ်သားပါ။

( ၁ ) ပထဝီ=ခက်မာ အမှတ်လက္ခဏာ၊ တည်ရာလုပ်ငန်း။

( ၂ ) အာပေါ=ယိုစီး အမှတ်လက္ခဏာ၊ တိုးပွါး ဖေါင်းပွ လုပ်ငန်း။

( ၃ ) တေဇော=အပူ အမှတ်လက္ခဏာ၊ ရင့်ကျက် လုပ်ငန်း။

( ၄ ) ဝါယော=ထောက်ပင့် အမှတ်လက္ခဏာ၊ ပို့ပေးလုပ်ငန်း။

( ၅ ) ဝဏ္ဏ=မျက်စိ အကြည့်၌ ထိခိုက် အမှတ်လက္ခဏာ၊ မြင်သိ စိတ်၏ အာရုံ အဖြစ်လုပ်ငန်း။

( ၆ ) ဂန္ဓ=နှာခေါင်း အကြည့်၌ထိခိုက် အမှတ်လက္ခဏာ၊နံသိစိတ်၏ အာရုံ အဖြစ်လုပ်ငန်း။

( ၇ ) ရသ=လျှာ အကြည့်၌ ထိခိုက် အမှတ်လက္ခဏာ၊လျက်သိစိတ်၏ အာရုံ အဖြစ်လုပ်ငန်း။

( ၈ ) ဩဇာ=အဆီ-ဩဇာ အမှတ်လက္ခဏာ၊ အသစ်အသစ် ရုပ်ဓါတ်ကို ခေါ်ယူသော လုပ်ငန်း။

( ၉ ) ဇီဝိတ=အတူဖြစ်ဖက် တို့ကို စောင့်သိန်း အမှတ် လက္ခဏာ၊ အတူဖြစ်ဖက်တို့ကို ဆက်လက်စေသော လုပ်ငန်း။

(၁၀) စက္ခု=အဆင်း ထိခိုက်နိုင်အောင် 'ဘူတ' ရုပ်တို့၏ ကြည်လင်သော အမှတ်လက္ခဏာ (သို့မဟုတ်) မြင်ချင်မှု အခြေခံသော ကံကြောင့် ဖြစ်သော'ဘူတ'ရုပ်တို့၏ အကြည် အမှတ်လက္ခဏာ၊ အဆင်း ရူပါရုံ တို့ကို ဆွဲငင်သော လုပ်ငန်း။

(၁၁) သောတ=အသံ ထိခိုက်နိုင်အောင် 'ဘူတ' ရုပ်တို့၏ ကြည်လင်သော အမှတ်လက္ခဏာ (သို့မဟုတ်) ကြားချင်မှု အခြေခံသော ကံကြောင့် ဖြစ်သော 'ဘူတ' ရုပ်တို့၏ အကြည် အမှတ်လက္ခဏာ၊ အသံ အာရုံ တို့ကို ဆွဲငင်သော လုပ်ငန်း။

(၁၂) ဃာန=အနံ့ ထိခိုက်နိုင်အောင် 'ဘူတ' ရုပ်တို့၏ ကြည်လင်သော အမှတ်လက္ခဏာ (သို့မဟုတ်) နံချင်မှု အခြေခံသော(လ)အကြည် အမှတ် လက္ခဏာ၊ အနံ့ တို့ကို ဆွဲငင်သော လုပ်ငန်း။

(၁၃) ဇိဝှါ=အရသာ ထိခိုက်နိုင်အောင် 'ဘူတ' ရုပ်တို့၏ ကြည်လင်သော အမှတ် လက္ခဏာ(သို့မဟုတ်)စားချင်မှု အခြေခံသော(လ) အကြည် အမှတ် လက္ခဏာ၊ အရသာ အာရုံတို့ကို ဆွဲငင်သော လုပ်ငန်း။

(၁၄) ကာယ=ပထဝီ,တေဇော,ဝါယောတို့ ထိခိုက်နိုင်အောင် 'ဘူတ' ရုပ်တို့၏ ကြည်လင်သော အမှတ် လက္ခဏာ(သို့မဟုတ်)သိချင်မှု အခြေခံသော (လ) အကြည် အမှတ်လက္ခဏာ၊ ဖေါဋ္ဌဗ္ဗ အာရုံတို့ကို ဆွဲငင်သော လုပ်ငန်း။

(၁၅) ဣတ္ထိဘာဝ=အမ ဖြစ်ကြောင်း အမှတ် လက္ခဏာ၊ အမဟု ထင်ရှား စေသော လုပ်ငန်း။

(၁၆) ပုမ္ဘာဝ=အဖို ဖြစ်ကြောင်း အမှတ် လက္ခဏာ၊ အဖိုဟု ထင်ရှား စေသော လုပ်ငန်း။

(၁၇) ဟဒယ=သိဓါတ်တို့၏ မှီရာ အမှတ် လက္ခဏာ၊ မနောဓါတ် - မနော ဝိညာဏဓါတ် တို့၏ တည်ရာ လုပ်ငန်း။

(၁၈) သဒ္ဒ=နား အကြည်၌ ထိခိုက် အမှတ် လက္ခဏာ၊ ကြား့သိစိတ်၏ အာရုံ အဖြစ် လုပ်ငန်း။

ဤ ၁၈ မျိုးသော ပရမတ် ရုပ်ဓါတ်တို့ကို 'ရုပ်သင်္ခါရ လုပ်သား' တဆဲ့ရှစ် ပါးဟု ခေါ်သည်။ ဤ ၁၈ မျိုးတွင် ပထဝီသည် ဥပစယ ရောက်သော ဓါတ်လုပ် သား အစု၌ အကြောင်းအားလျော်စွာ ခေါင်းဆောင်သည်။ ယင်း ပထဝီ ခေါင်း ဆောင်သော ကလာပတို့ အဟောင်းအသစ် ပြောင်းလဲသော သန္တတိ အစဉ်ဖြင့် မြေထုအဖြစ် ထင်ရှားသည်၊ ထို့အတူ အာပေါ ခေါင်းဆောင်သော ဓါတ်အစု ဥပစယ အဟောင်းအသစ် ပြောင်းလဲသော ကလာပတို့သည် ရေထုအဖြစ် ထင်ရှား သည်။ တေဇော ခေါင်းဆောင်သော ကလာပတို့ အဟောင်းအသစ် ပြောင်းလဲ လျက်၊ မီးထု-နေထု အဖြစ် ထင်ရှားသည်။ ဝါယော ခေါင်းဆောင်သော ကလာပ

တို့သည် ဥပစယ အဟောင်းအသစ် ပြောင်းလဲလျက် လေထုအဖြစ် တင်ရှားသည်။ ဤဓါတ်ကြီး ၄-မျိုးသည် တခုခု ခေါင်းဆောင်ကာ ဥပစယ အဟောင်း အသစ် ပြောင်းလဲခြင်းဖြင့် သတ္တလောက ခေါ်သော ဤကိုယ်ကောင်ကြီး၌ ဆံပင်, မွေး ညှင်း စသော ပထဝီ ခေါင်းဆောင်သော အစိတ်အပိုင်း ၂၀၊ သည်းခြေ, သလိပ် စသော အာပေါ ခေါင်းဆောင်သော အစိတ်အပိုင်း ၁၂၊ ဝမ်းမီး, ကိုယ်ငွေ့ စသော တေဇော ခေါင်းဆောင်သော အစိတ်အပိုင်း ၄၊ ထွက်လေ,ဝင်လေ စသော ဝါယော ခေါင်းဆောင်သော အစိတ်အပိုင်း ၆-ဟူ၍ စုစုပေါင်း 'ကောဋ္ဌာသ' ၄၂-ဖြင့် 'သတ္တလောက'ကို ပေါ်လွင်ထင်ရှားစေသည်။ ထို့ကြောင့် ဤဓါတ်ကြီး ၄-ပါးတို့ သည် လောက ၃-မျိုးကို တည်ဆောက်ရာ၌ ကြီးကျယ်သော အခြေ အနေဖြင့် ထင်ရှားတတ်၍ ၎င်းတို့ကို 'မဟာဘူတ' မဟာဘုတ်ဟု ခေါ်ကြသည်။ 'ဘူတ' ရုပ် ဟူသည်လည်း၊ ဤ ၄-မျိုးကိုပင် ခေါ်လေသည်။

ဘူတရုပ် ၄-မျိုးမှတပါး ကျန်သော ၁၄-မျိုးတို့သည် 'ဘူတ' ရုပ်ဓါတ် ၄ မျိုးကို အမှီသဟဲပြုလျက် ဥပစယ-သန္တတိအစဉ်၌ ထင်ရှားရသည်။ ထိုကြောင့် ၎င်း တို့ကို 'ဥပါဒါ' ရုပ်ဟု ခေါ်သည်။

အစဉ်နံပါတ် ၁-မှ ၈-တိုင်အောင် ရုပ်ဓါတ်တို့သည် တခုနှင့်တခု ကွဲကွာ၍ မဖြစ်နိုင်။ တခု ဥပစယရောက်လျှင် ကျန် ၇-ခုလည်း ဝင်ပါရသည်ဖြစ်၍ အချင်း ချင်းမခွဲနိုင် မခွါနိုင်သော ဓါတ်များ ဖြစ်ကြသောကြောင့်၊ ၎င်း ၈-မျိုးကို 'အဝိ နိဗ္ဘောဂ' ရုပ်ခေါ်သည်။ ဤအဝိနိဗ္ဘောဂရုပ် ၈-မျိုးသည် ကလာပတိုင်း၌ ပါဝင်ကြ သဖြင့် ဇာတ်လိုက် ရုပ်များဖြစ်ကြသည်။ ၎င်းတို့ ၈-မျိုးသက်သက်ဖြင့်လည်း ကလာပ တခုဖြစ်နိုင်သည်။ ၎င်း ၈-မျိုးသက်သက် ကလာပကို'သုဒ္ဓဋ္ဌက'ကလာပ်ဟုခေါ်သည်။

အစဉ်နံပါတ် ၉-ဇီဝိတသည် ယခု လူတို့ခေါ်ကြသော 'အသက်'ဓါတ်ဖြစ် သည်။ဤအသက်ဓါတ်သည် ယခုလူအများ ယူဆကြသလို မပျက်မစီးဘဲ ခြဲနေသော ဓါတ်မဟုတ်။ သူလည်း ကံက ပန်တီးပေးသော အခြားဓါတ်များနှင့် အတူ ဥပစယ ရောက်လျက် အဟောင်းအသစ် ပြောင်းလဲနေရသည်။ ကံတရားသည် ဘယ်အခါမျှ ဥပစယ မရောက်ပေ။ ကံသဘောတရားကို ဖြစ်ပေါ်အောင် ဆောင်ရွက်သော စေ တနာနှင့် နာမ်သင်္ခါရ လုပ်သားတို့သာလျှင် ဥပစယ ရောက်ကြသည်။ ကံပြုသော အချိန်နှင့် အကျိုးဝိပါက် လုပ်သားတို့ ပေါ်ထွက်သောအချိန် ကာလအားဖြင့် ခြား နားလျက်ရှိ၍'နာနက္ခဏိက ကမ္မ'ဟုခေါ်သည်။ ယင်းကံသတ္တိက အကျိုး ဝိပါက်တို့ကို ဖန်တီးပေးလေရာ၊ ထိုအကျိုးဝိပါက် သင်္ခါရလုပ်သားတို့ကို ထိန်းသိမ်း စောင့်ရှောက်

ရန်'အထိန်းတော်'အဖြစ် မိမိ၏ကိုယ်စား ကံက ဖန်တီးပေးလိုက်သော 'ရုပ်ဓါတ်လုပ်သား'ဖြစ်လေသည်။ ထို့ကြောင့် သူ၏လုပ်ငန်းမှာ စုတိစိတ်မပေါ်မခြင်း ကလာပ်တူလုပ်သားတို့ကို မိမိနှင့် အတူ ဖြစ်ပေါ်စေလျက် စုတိစိတ်နှင့် တပြိုင်နက် ချုပ်ပျက်ရလေသည်။ သူတို့၏ ကိုယ်ကောင်ကြီး၌ ကိုယ်ငွေ့ဟုခေါ်သော ဥသ္မာ တေဇောဓါတ်သည် ဤဇီဝိတရုပ်ဓါတ်ကို အထောက်အပံ့ ပြုသည်။ ဇီဝိတကလည်း ဥသ္မာကို အထောက်အပံ့ ပြုသည်။ ဥပမာအားဖြင့် မီးတောက်သည် မီးရောင်ကို၊ မီးရောင်သည်လည်း မီးတောက်ကို ထင်ရှားအောင် အချင်းချင်း အထောက်အကူ ပြုနေကြသကဲ့သို့ ဥသ္မာနှင့် ဇီဝိတတို့သည် ကိုယ်ကောင်ကြီး၌ ထင်ရှားအောင် အချင်းချင်းထောက်ပံ့နေကြသည်။ ဇီဝိတကို 'အာယု'ဟူ၍လည်း ခေါ်သည်။ အာယု၊ ဥသ္မာ၊ ဝိပါက်ဝိညာဏ် ဤ၃ မျိုး ချုပ်ပျောက်ပျက်စီးလျှင် သတ္တလောက၌ 'သေ သည်'ခေါ်ကြရသော်လည်း၊ 'သင်္ခါရလောက'၌မူကား ဇာတိတခုအတွက် ပဋိသန္ဓေ ခေါ်သော အကျိုးဓါတ် လုပ်သားတို့သည် ခဏမခြားဘဲ ဥပစယ ရောက်ကြရလေသည်။

အစဉ်နံပါတ် ၁၀ မှ ၁၄ အထိ၊ ရုပ်အကြည် ဓါတ်များဖြစ်ကြသည်၊ ၎င်းတို့သည် ကံက ဖန်တီး ပေးသော 'မဟာဘူတ'တို့၏ သန့်ရှင်းခြင်းကို အမှီသဟဲပြုလျက် ကံကပင် ဖန်တီးပေးသော အကြည်ဓါတ်များ ဖြစ်ကြသည်၊ ကံသည် မိမိ၏ ကောင်းကျိုး ဆိုးကျိုးကို ထင်ရှားစွာ စံစားခံစားနိုင်အောင် ဤအကြည်ရုပ် ၅ မျိုးကို ဖန်တီးပေးသည်၊ အကျိုးတရားဖြစ်သော မြင် ကြား နံ လျက် ထိ—စိတ် ၅ မျိုးသည် မိမိတို့ဆိုင်ရာ အကြည်ရုပ် ၅ မျိုးပေါ်၌ ဥပစယ ရောက်လျက် ဖဿက မိတ်ဆက်ပေးသော အာရုံ၏ အရသာကို ဝေဒနာက ခံစားသည်။ထိုအကျိုး ဝေဒနာမှ အစပြုလျက် အကြောင်း ဝေဒနာတို့ ဆက်လက် ပေါက်ပွါးကာ ကံ၏ ကောင်းကျိုး ဆိုးကျိုးတို့သည် ထင်ရှားပေါ်လာကြရသည်။ အကြည်ရုပ် တမျိုးမျိုး ပျက်စီးခဲ့လျှင် ၎င်းဆိုင်ရာ အာရုံအတွက် ရုပ်တန့်သွားသဖြင့်၊ ကံ၏ ကောင်းကျိုး ဆိုးကျိုးတို့ မထင်ရှား ရတော့ပေ။

ကံသည် ဤမျှမကသေး။ အစဉ်နံပါတ် ၁၅၊၁၆ ဖြစ်သော ဣတ္ထိဘာဝ အမရုပ်ဓါတ်၊ ပုမ္ဘာဝ အဖိုရုပ်ဓါတ် ကိုလည်း ကာမဘုံ၌ ကာမအရသာတို့ကို ခံစားနိုင်ရန် ဖန်တီးပေးသေးသည်။အမနှင့်အဖို=မိန်းမနှင့် ယောကျ်ားဟုခေါ် ဆိုရသော်လည်း'အကောင်'အတ္တမဟုတ်ပေ။ အချင်းချင်း ဆန့်ကျင်ဖက်ဓါတ် ၂—မျိုးဖြစ်သည်။ လောဘ ဒိဋ္ဌိတို့ ခေါင်းဆောင်သော ကံတရားသည် ထိုလောဘ ဒိဋ္ဌိတို့နှင့် ပေါင်းစပ်ပါဝင်သော စေတနာက အားရပါးရ ခံစားစံစားနိုင်အောင် ဖန်တီးပေးရသော အကျိုးရုပ်ဓါတ်များဖြစ်ကြသည်။

အစဉ်နံပါတ် ၁၇၊ ဟဒယ ဝတ္ထုရုပ်ကိုလည်း အကျိုးစိတ် အကြောင်းစိတ်တို့သည် ၎င်းဝတ္ထုပေါ်မှာ ရုပ်တည်လျက် ကမ္မဘဝ အဆောက်အအုံ ကြီးကို

တည်ဆောက် နိုင်ကြအောင် ကံပင် ဖန်တီးပေး လေသည်။ ဤသို့လျှင် နံပါတ် ၉ မှ ၁၇ အထိ၊ အသက်ဓါတ် ၁၊ ရုပ်အကြည် ၅၊ အမ, အဖို ၂၊ ဟဒယ ၁၊ စုစုပေါင်း ၉–မျိုးကို ကံသည် မိမိကိစ္စကို ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်ရန် ဖန်တီးပေးလေသည်။ ဤ ၉–မျိုးသောရုပ်ဓါတ်ကို ကံတမျိုးတည်း ကသာလျှင် ဖန်တီးပေးသောကြောင့် 'ကမ္မဇကေန်'ရုပ်ဓါတ် ၉ မျိုးဟုခေါ်သည်။

ကံသည် ရုပ်ဓါတ်တို့ကို အရှိသဘောသို့ရောက်အောင် မွေးထုတ်လိုက်သော အခါ၊အမွေးအထုတ်ခံရသောဓါတ်တို့သည် အချင်းချင်း ဆက်သွယ်လျက် အထောက် အပံ့ပြုကာ ဥပစယ ရောက်၍ ကလာပ အသွင်ဖြင့် ထင်ရှားကြခြင်းဖြစ်သည်။ ကံသည် ကလာပကို တချက်တည်း မွေးထုတ်ခြင်းမဟုတ်ပေ။ခါတ်ကိုသာလျှင် ကံက မွေးထုတ်လိုက်ခြင်း ဖြစ်သည်။ ၎င်းကံကို 'ဇနက'ကံ ဟုခေါ်သည်။

ထိုကမ္မဇရုပ်ဓါတ်တို့သည် ဥပစယ ရောက်လျက် ကလာပအသွင် ထင်ရှား သောအခါ၊ဓါတ် ၉ မျိုးပေါင်း ကလာပ ၁၊ ဓါတ်ဆယ်မျိုးပေါင်း ကလာပ ၈–ဟု အရေအတွက်အားဖြင့် ကလာပ ၉ မျိုးသည် အောက်ပါအတိုင်း ထင်ရှားလာကြ သည်။

၁။ အဝိနိဗ္ဘောဂရုပ်ဓါတ် ၈ နှင့် ဇီဝိတ ၁ ပေါင်းသော ဇီဝိတ နဝက၊

| | | | | |
|---|---|---|---|---|
| ၂။ | ၎င်း ၉ နှင့် | မျက်စေ့ အကြည်ပေါင်းလျှင် | ၁၀ | စက္ခု ဒသက |
| ၃။ | ၎င်း ၉ နှင့် | နားအကြည်ပေါင်းလျှင် | ၁၀ | သောတ ဒသက |
| ၄။ | ။ | နှာခေါင်းအကြည်ပေါင်းလျှင် | ၁၀ | ဃာန ဒသက |
| ၅။ | ။ | လျှာအကြည်ပေါင်းလျှင် | ၁၀ | ဇိဝှာ ဒသက |
| ၆။ | ။ | ကိုယ်အကြည်ပေါင်းလျှင် | ၁၀ | ကာယ ဒသက |
| ၇။ | ။ | ဣတ္ထိဘာဝပေါင်းလျှင် | ၁၀ | ဣတ္ထိဘာဝ ဒသက |
| ၈။ | ။ | ပုမ္ဘာဝပေါင်းလျှင် | ၁၀ | ပုမ္ဘာဝ ဒသက |
| ၉။ | ။ | ဟဒယဝတ္ထုပေါင်းလျှင် | ၁၀ | ဝတ္ထု ဒသက |

ဤသို့လျှင် ကလာပပေါင်း ၉၊ဓါတ်ပေါင်း ၈၉-တို့ဖြစ်လေရာ၊ အမည်တူများ ကို တမျိုးတည်းအဖြစ်ဖြင့် ရေတွက်သောအခါ အဝိနိဗ္ဘောဂ ရုပ်ဓါတ် ၈ နှင့် ကမ္မဇ ကေန် ၉၊ ပေါင်း ၁၇ ဖြစ်လေသည်။ ရုပ်အတု အာကာသ ဓါတ်ကို ထည့်သွင်း လျှင် အကျဉ်းအားဖြင့် ကမ္မဇရုပ် ၁၈ မျိုးဟု ဖြစ်လေသည်။

ရုပ်အတု ၁၀ မျိုး

(၁၉) အာကာသ ကလာပတို့ကို ပိုင်းခြားတတ်သော အမှတ် လက္ခဏာ၊ အပိုင်းအခြားဟု ပြတတ်သော လုပ်ငန်း။

အာကာသသည် ရုပ်အစစ်မဟုတ်၊ ဘယ်ရုပ်မျိုးနှင့်မှ ထိတွေ့၍ မရသော ကြောင့် ပညတ်တရားဖြစ်သည်။ အာကာသကို....

(က) အဆီးအတား အပိတ်အပင်မရှိသော အဇဋာကာသ။

(ခ) နံရံ,တံခါး ပေါင်,တံတိုင်းတို့ဖြင့် ကာရံထားသော ပရိစ္ဆိန္နာကာသ။

(ဂ) ကလာပ တခုနှင့်တခုကို ခြားနားပေးတတ်သော ပရိစ္ဆေဒါကာသဟု ၃ မျိုးခွဲထား၍ ယခု ပြဆိုခဲ့သော ရုပ်အတု အာကာသမှာ ပရိစ္ဆေဒါကာသ ဖြစ်သည်။ ဤကိုယ်ကောင်ကြီး၏ အပြင်ပ၌ အဇဋာကာသဖြစ်၍ ကိုယ်ကောင်အတွင်း၌ ပရိစ္ဆိန္နာကာသများ ရှိကြသည်။ ဤကိုယ်ကောင် ထင်ရှားလာအောင် ဆောင်ရွက်ကြသော ကလာပ တခုစီတခုစီ အကြားကွက်လပ်သည် ပရိစ္ဆေဒါကာသ ဖြစ်သည်။ ကလာပတခုအတွင်း၌ အာကာသမရှိ၊ အာကာသမရှိခြင်းကြောင့် ကလာပ တခုအတွင်းရှိ ဓါတ်တို့ကို ဒြပ်ဝတ္ထုအနေဖြင့် တခုစီခွဲမရပေ။ ကလာပ တခုနှင့်တခု အကြားကွက်လပ်ရှိသောကြောင့် လူတို့စွမ်းရည်ဖြင့် ခွဲနိုင်လျှင် ကလာပတခုစီကား ကွဲနိုင်ပေလိမ့်မည်။ ကလာပတခုတွင် ပေါင်းနေသောဓါတ်တို့ကို တခုစီ ခွဲမရနိုင်ပေ။

(၂၀) ကာယဝိညတ် =စိတ်ကြောင့် ဖြစ်သော ဝါယောဓါတ် ဖေါက်ပြန် ပြောင်းလဲသော အမှတ် လက္ခဏာ၊ စိတ်၏ အလိုကို ဖေါ်ပြသော လုပ်ငန်း။

(၂၁) ဝစီဝိညတ် =စိတ်ကြောင့် ဖြစ်သော ပထဝီဓါတ်၏ ဖေါက်ပြန် ပြောင်းလဲသော အမှတ် လက္ခဏာ၊ စိတ်၏အလိုကို ဖေါ်ပြသောလုပ်ငန်း။

(၂၂) ရူပဿ လဟုတာ=ပေါ့ပါးသော အမှတ်လက္ခဏာ၊ လေးကန်ခြင်းကို ပယ်သောလုပ်ငန်း။

(၂၃) ရူပဿမုဒုတာ =မကြမ်းတမ်းသော အမှတ်လက္ခဏာ၊ ကြမ်းတမ်းခြင်း ကို ပယ်သောလုပ်ငန်း။

(၂၄) ရူပဿကမ္မညတာ=ရုပ်သခါရ လုပ်သားဘို့သို့ လိုက်လျော သင့်တော် သော အမှတ် လက္ခဏာ၊ မ လိုက် လျော ခြင်း ကို ပယ်သော လုပ်ငန်း။

ဤ ၅ မျိုးသည် ဝိကာရရုပ် ဖော်ပြခဲ့သော ၅ မျိုးပင်ဖြစ်သည်။ ဘူတရုပ်လေးပါးတို့၏ ဖေါက်ပြန် ပြောင်းလဲခြင်းကို အစွဲပြုလျက် ပေါ်လာကာရှားသော အမူအရာတို့ဖြစ်ကြသည်။ ကာယဝိညတ်၏ ဖေါက်ပြန် ပြောင်းလဲသော အမူအရာသည် စိတ်ကြောင့်ဖြစ်သော ဝါယောဓါတ်ကို အစွဲပြုလျက် ထင်ရှားသည်။ ဝစီဝိညတ်၏ ဖေါက်ပြန်ပြောင်းလဲသော အမူအရာသည် စိတ်ကြောင့်ဖြစ်သော ပထဝီဓါတ်ကို အစွဲပြုလျက် ထင်ရှားသည်။ ဥပမာ -မီးဖိုချောင်သို့ ဝင်၍ ပန်းကန်ခွက်ယောက် ကိုင်တွယ် ရှာဖွေနေသော ကိုယ်အမူအရာတို့၏ ဖေါက်ပြန်နေခြင်းသည် ထမင်းဟင်းစားလိုသော အဓိပ္ပါယ်ကို ဖေါ်ပြခြင်းဖြစ်သည်။ တဖန် ထမင်းမကျက်သေးဘူးလားဟု မေးသော အသံနှင့်တကွ နှုတ်အမူအရာ၏ ဖေါက်ပြန်နေခြင်းသည်လည်း၊ ထမင်းကျက်စေလို – စားလိုသော အဓိပ္ပါယ်ကို ဖေါ်ပြခြင်းဖြစ်လေသည်။ ဤ၌ ကိုယ်,လက် စသော ကိုယ်အင်္ဂါ အစိတ်အပိုင်း၏ လှုပ်ရှားရွေ့လျားခြင်းကို ဝါယောခေါင်းဆောင်သော ကလာပတို့က ဆောင်ရွက်သည်။ က-ခ-ဇသော အသံတို့ တခုနှင့်တခုမတူ ပြောင်းလဲနေသော အမူအရာတို့ကို စိတ်ကြောင့်ဖြစ်သော ပထဝီဓါတ်တို့က ဆောင်ရွက်နေကြသည်။ ဤဝိညတ် ၂ မျိုးသည် စိတ်ကြောင့်သာလျှင် ဖြစ်ပေါ်ကြသည်။ စိတ်ကသာလျှင် ဖန်တီးပေးသည်။ စိတ်အစဉ်ပြောင်းလဲတိုင်း ဤအမူအရာ နှစ်မျိုးတို့လည်း ပြောင်းလဲကြသည်။ ကလာပ၌ ပေါင်းစပ်ပါဝင်သော်လည်း၊ ပ–အာ–ဝါ–တေ စသော နိပ္ဖန္နရုပ် ၁၈-မျိုးတို့ကဲ့သို့ ခဏပေါင်း ၅၁ မကြာဘဲ စိတ္တကဲ့သို့ ပြောင်းလဲနေသောကြောင့်၊ စိတ်အလိုအတိုင်းဖြစ်၍၊ ၎င်း ၂ မျိုးကို 'စိတ္တာနုပရိဝတ္တိ' တရားများဟု ခေါ်သည်။

စိတ်ကြောင့်ဖြစ်သော ရုပ်ဓါတ်တို့သည် ကလာပ ၆-မျိုးအသွင်ဖြင့် အောက်ပါအတိုင်း ထင်ရှားကြသည်။

(၁) အဝိနိဗ္ဘောဂရုပ် ၈-ခုအပေါင်း=သုဒ္ဓဋ္ဌက ကလာပ်

(၂) အဝိနိဗ္ဘောဂရုပ် ၈+ကာယဝိညတ်=ကာယဝိညတ္တိ နဝက

(၃) အဝိနိဗ္ဘောဂရုပ် ၈+အသံ ၁+ဝစီဝိညတ် ၁=ဝစီဝိညတ္တိ ဒသက

(၄) နံပါတ် ၁-ကို (တာ) ၃–နှင့်ပေါင်းလျှင်=လဟုတာဒိ ဧကာဒသက

(၅) နံပါတ် ၂-ကို (တာ) ၃-နှင့်ပေါင်းလျှင် ။ ဒွါဒသက

(၆) နံပါတ် ၃-ကို (တာ) ၃–ခုနှင့်ပေါင်းလျှင် ။ တေရသက

ဤ၌ စိတ်ကြောင့်ဖြစ်သော ရုပ်ဓါတ်ပေါင်း ၆၃၊ ကလာပပေါင်း ၆-မျိုး ဖြစ်လေရာ၊ အမည် တူများကို တခုတည်းပြုကာ ရေတွက်လျှင်၊ အဝိနိဗ္ဘောဂရုပ်

၈+ကာယဝိညတ် ၁+အသံ ၁+ဝစီဝိညတ် ၁=တာပေါင်း ၃-စုစုပေါင်း ၁၄-မျိုးကို ပရိစ္ဆေဒါကာသ ၁ ပေါင်း၍ ၁၅—မျိုးဖြစ်သည်။

ဥတုဟူသည် တေဇောဓါတ်ကို ခေါ်သည်။ ယင်းဥတုသည် သတ္တနှင့်ဩကာသ လောကကို ပေါ်လွင်အောင် ဖန်တီးပေးရာ၌ အရေးကြီးသော သင်္ခါရလုပ်သား တဦး ဖြစ်သည်။ ဥတုကြောင့် ဖြစ်သော ရုပ်ဓါတ်တို့သည် ဥပစယ ရောက်လျက် အဟောင်းအသစ် ပြောင်းလဲကြသော်လည်း၊ ဥတုဇ ကလာပတို့၏ ပြောင်းလဲသော 'သန္တတိ'အစဉ်သည် အချိန်ကာလ ကြာမြင့်စွာ ထင်ရှားနေသည်။ ဥပမာ—ကမ္ဘာ တည်ဆောက်စက ပေါ်လာခဲ့သော ဥတုဇ သန္တတိသည် ကမ္ဘာပျက်မှပင် သန္တတိ ဆုံးလေသည်။ သင်္ခါရရှိသမျှ မီး,ရေ,လေတို့က ဖျက်ကြရာ သင်္ခါရကုန်မှပင် ကမ္ဘာ မီးငြိမ်းသည်၊ ရေငြိမ်းသည်ဟု ကျမ်းဂန်များ၌ ဖေါ်ပြခြင်းသည် ဥတုဇရုပ် ကလာပ တို့၏ သန္တတိ ကုန်ဆုံးခြင်းကိုဆိုသည်။

ရုပ်သင်္ခါရ လုပ်သားတို့တွင် သင်္ခါရလောကကို တည်ဆောက်ရာ၌ တေဇော နှင့် အာဟာရခေါ် ဩဇာရုပ်ဓါတ်တို့သည် သန္တတိအစဉ်ကို ဆက်လက် ပွါးစီး စေရာ၌ အလွန်ထက်မြက် ပြင်းထန်သော သတ္တိရှိကြသည်။ လက်ရှိဇာတိ၌ ဝိပါက် ဖြစ်သော စုတိနှင့်အတူ ကမ္မဇရုပ်များ ချုပ်ပျောက်ပြီးနောက် မရှေးမနှောင်း စိတ္တဇ ရုပ်များလည်း ချုပ်ပျောက်ပျက်စီး ကြသော်လည်း၊ အာဟာရရုပ်များမှာ ၇-ရက်မျှ ဆက်လက်၍ အဟောင်းအသစ် လဲနေကြသေးသည်။ ဥတုဇ ကလာပတို့ မှာကား ဤကိုယ်ကောင်ကြီး အခဲအတုံး သဏ္ဍာန်တို့ မရှိအောင် ပျက်စီး သွားသော်လည်း ပုံစံတမျိုး ပြောင်းလဲကာ ဘယ်အချိန် ကာလအထိ ပြောင်းလဲ နေမည်ဟု မသိ နိုင်ပေ။

ဥတုကြောင့်ဖြစ်သော ရုပ်ဓါတ်တို့သည် ကလာပ အသွင်ဖြင့် အောက်ပါ အတိုင်း ၄ မျိုး ထင်ရှားကြသည်။

(၁) အဝိနိဗ္ဘောဂ ရုပ် ၈—မျိုးသက်သက်ဖြစ်သော သုဒ္ဓဌက ကလာပ

(၂) အဝိနိဗ္ဘောဂ ရုပ် ၈+ဥတုဇ အသံ ၁=ပေါင်း ၉-သဒ္ဒနဝက

(၃) နံပါတ် ၁ ၌ (တာ) ၃ ခုထည့်၍ ပေါင်း ၁၁ ကောဒသက

(၄) နံပါတ် ၂ ၌ (တာ) ၃ ခုထည့်၍ ပေါင်း ၁၂ ဒွါဒသက

အသံရုပ်ဓါတ် သဒ္ဒသည် စိတ်ကြောင့်လည်းဖြစ်၍ စိတ္တဇကလာပ ၆ မျိုး၌ ပေါင်းစပ်ပုံကို ဖေါ်ပြခဲ့ပြီ။ ဥတုကြောင့်လည်း အသံဓါတ် ဖြစ်ပေါ်သောကြောင့် နံပါတ် ၂—၄ တို့တွင် ပါဝင်ပေါင်းစပ် ကြသည်။ သက်ရှိ သတ္တဝါတို့မှ ထွက်ပေါ်

ပြောဆိုသမျှတို့သည် စိတ္တဇရုပ်များဖြစ်ကြ၍ သက်မဲ့ဝတ္ထုကို အချင်းချင်း ကိုခိုက်မှုကြောင့် ထွက်ပေါ်လာသော အသံဟူသမျှ ဥတုဇအသံရုပ်များ ဖြစ်ကြသည်။ လူတို့ပြောဆိုသမျှ အသံအစဉ် စကားအစဉ်တို့သည် စိတ္တဇ ဝစီဝိညတ္တိ ကလာပ များ၏ အဟောင်းအသစ် ပြောင်းလဲခြင်းဖြစ်၍ ဥဩသံ မိုးချုန်းသံ အစဉ်တို့သည် ဥတုဇ သဒ္ဒနဝက ကလာပများ၏ အဟောင်းအသစ် ပြောင်းလဲနေခြင်း ဖြစ်လေသည်။

အာဟာရကြောင့်ဖြစ်သော ရုပ်ဓါတ် တို့သည်လည်း ကလာပအသင့်ဖြင့် အောက်ပါအတိုင်း ၂ မျိုး ထင်ရှားသည်။

၁။ အဝိနိဗ္ဘောဂရုပ် ၈ မျိုးသက်သက်ဖြစ်သော သုဒ္ဓဋ္ဌက။

၂။ ၎င်း ၈ မျိုးကို တာ ၃–မျိုးနှင့်ပေါင်း ၁၁–ကောဒသက။

ဤသို့လျှင် ဥတုကြောင့်ဖြစ်သော ကလာပ ၄၊ ဓါတ်ပေါင်း ၃၀ ဖြစ်သော်လည်း ရှေ့နည်းအတိုင်း တူရာကို တခုတည်းအဖြစ် ပေါင်းလျက် ရေတွက်လျှင် အဝိနိဗ္ဘောဂ ၈+အသံ ၁+တာ ၃=စုစုပေါင်း ၁၂ ကို အာကာသထည့်၍ ၁၃ မျိုးဖြစ်လေသည်။ အာဟာရကြောင့်လည်း ဓါတ်ပေါင်း ၁၉၊ ကလာပ ၂–ဖြစ်လေရာ၊ တူရာကို တခုအဖြစ် ပေါင်းရေတွက်လျှင် အဝိနိဗ္ဘောဂ ၈+တာ ၃=ပေါင်း ၁၁–ကို အာကာသထည့်၍ စုစုပေါင်း ၁၂ ဖြစ်လေသည်။

အထက်ဖော်ပြခဲ့သော လက္ခဏာ တရားအတိုင်း

| | |
|---|---|
| ၂၅။ ဥပစယ<br>၂၆။ သန္တတိ<br>၂၇။ ဇရတာ<br>၂၈။ အနိစ္စတာ | ၎င်းတို့၏ အခံပွါယ်ကို<br>လက္ခဏာတရား ၄-ပါး၌<br>ဖော်ပြခဲ့ပြီးပြီ။ |

လေးမျိုးနှင့်ပေါင်းလျှင် သင်္ဂြိုဟ်ကျမ်း၌ ပြဆိုသော ရုပ် ၂၈–မျိုးဖြစ်လေသည်။ ထိုတွင် နိပ္ဖန္နရုပ် ၁၈ တို့သာလျှင် ရုပ်အစစ်များဖြစ်၍၊ ကျန် ၁၀ မျိုးတို့သည် ရုပ်အတုများသာဖြစ်ကြသည်။ ရုပ်အစစ်တို့သည် ယောဂီတို့၏ ဥဒယဗ္ဗယ ဉာဏ်အာရုံများဖြစ်ကြ၍ သုံးသပ်ဆင်ခြင်နိုင်ကြသည်။

အကြောင်းတရားတို့ကို အစွဲပြုလျက် ကလာပတို့သည် ကမ္မဇ ကလာပ ၉၊ စိတ္တဇ ကလာပ ၆၊ ဥတုဇ ကလာပ ၄၊ အာဟာရဇ ကလာပ ၂ အားဖြင့် စုစုပေါင်း ၂၁–မျိုးဖြစ်သည်။စုပေါင်းပုံမှာ အနည်းဆုံး ဓါတ် ၈ မျိုးမှ အများဆုံး ဓါတ် ၁၃ မျိုးသာလျှင် ဖြစ်ကြသည်။

| | | | | |
|---|---|---|---|---|
| ၁။ | စိတ္တ,ဥတု, အာဟာရဓါတ် ၈–ခုပေါင်း | | | သုဒ္ဓဋ္ဌက -၃ |
| ၂။ | ကမ္မ, စိတ္တ, ဥတု | ၉ | ။ | နဝက – ၃ |
| ၃။ | ကမ္မ, စိတ္တ | ၁၀ | ။ | ဒသက – ၉ |
| ၄။ | စိတ္တ, ဥတု,အာဟာရ | ၁၁ | ။ | ဧကာဒသ–၃ |
| ၅။ | စိတ္တ,အာဟာရ | ၁၂ | ။ | ဒွါဒသ – ၂ |
| ၆။ | စိတ္တ | ၁၃ | ။ | တေရသ – ၁ |
| | | | | ပေါင်း–၂၁ |

ကလာပပေါင်း ၂၁ မျိုးဟု ဆိုသော်လည်း၊ ကိုယ်ကောင်ကြီးသည် အဖို ယောကျ်ားဖြစ်လျှင်၊ဣတ္ထိဘာဝဒသကကို နှုတ်ပယ်၍ ၂၀ သာလျှင်ဖြစ်သကဲ့သို့၊ အမ မိန်းမဖြစ်လျှင်လည်း၊ပုမ္ဘာဝဒသက နှုတ်ပယ်၍ ၂၀ ပင်ဖြစ်သည်။ဤသို့လျှင် ဤကိုယ် ကောင်ကြီး၌ အများဆုံး ကမ္မဇရုပ်ဓါတ်ပေါင်း ၆၃၊ဥတုဇရုပ်ဓါတ်ပေါင်း ၄၀၊အာ ဟာရဇ ရုပ်ဓါတ်ပေါင်း ၁၉–တို့သည်သာလျှင် ဥပစယရောက်လျက်၊ အဟောင်းအ သစ်ပြောင်းလဲသော သန္တတိ အစဉ်ဖြင့် ထင်ရှားကြလေသည်။ စုစုပေါင်း ၂၀၁–ဖြစ် လေရာ၊ ရုပ်အစစ် ၁၇၉၊ ရုပ်အတု ၂၂–မျှသာဖြစ်သည်။

(က) ဤရုပ်ဓါတ် ၂၈ မျိုးတွင် အကြည်ရုပ် ၅ မျိုးကို အဇ္ဈတ္တိက အတွင်း ရုပ်များဟုခေါ်သည်။

(ခ) အကြည်ရုပ် ၅ နှင့် ဟဒယကို စိတ်တို့၏တည်ရာ(ဝါ)နာမ်လုပ်သား တို့၏ ဥပစယ ရောက်ရာဖြစ်သော ဝတ္ထုရုပ်ဟုခေါ်သည်။

(ဂ) အကြည်ရုပ် ၅ နှင့် ဝိညတ်ရုပ် ၂ ပေါင်း=၇ ပါးကို အာရုံတို့ဝင်ထွက် ရာတံခါးဖြစ်၍ ဒွါရရုပ်ဟုခေါ်သည်။ အကြည်ရုပ်တို့သည် အာရုံ တို့၏ ဝင်ထွက်ရာတံခါးဖြစ်သည်။ ဝိညတ်ရုပ် ၂–မျိုးသည် ကံတရား ၏ဝင်ထွက်ရာ တံခါးဖြစ်သည်။

(ဃ) အကြည် ၅၊ ဘာဝရုပ် ၂၊ အသက်ရုပ် ၁၊ ပေါင်း=၈–ခုသည် သူတို့ မပါလျှင် ဆိုင်ရာကိစ္စကို သင်္ခါရလုပ်သားတို့ မဆောင်ရွက်နိုင်ကြ၊ သူတို့ပါမှသာလျှင် ဆိုင်ရာကိစ္စအသီးသီးတို့ကို ဆောင်ရွက်နိုင်ကြ သော ကွပ်ကဲမှု ကြောင့်'ဣန္ဒြိယရုပ်'ဟု ခေါ်သည်။

(င) အကြည်ရုပ် ၅ နှင့် အာရုံ ၇ ပါး ပေါင်း=၁၂ တို့ကို အချင်းချင်း တိုက်မှု ထိခိုက်မှု ဖြစ်လောက်အောင် ကြမ်းတမ်းသောကြောင့် 'ဩဠာရိကရုပ်'ဟု ခေါ်ကြသည်။

ပြဆိုခဲ့ပြီးသောအတိုင်း ရုပ်ဓါတ် သင်္ခါရလုပ်သားတို့၏ အစည်းအဝေးဟူသော ဥပစယ တခုသည် ကလာပတခုဖြစ်သည်။ကလာပကို တခုဟု ရေတွက်ရသော်လည်း၊ အမှန်မှာ ဓါတ်ပေါင်း၈,၉,၁၀,၁၁,၁၂,၁၃ ·တို့၏ အစုဖြစ်လေသည်။အစုကို အာရုံအဖြစ် အသိလုပ်လျှင် ပညတ်ကို အသိလုပ်သည်။ အစုဟူသော ပညတ်အာရုံကိုခွာလိုက်လျှင် အခွံခွာလိုက်သော လိမ္မော်သီး၌ အစိတ်အစိတ်များ ပေါ်လွင်ထင်ရှားလာသကဲ့သို့ အစိတ်အစိတ်ဓါတ် သင်္ခါရလုပ်သားတို့ ထင်ရှားလာလေသည်။ ကလာပ တခုတခု၌ ဓါတ်သင်္ခါရ လုပ်သားတခုစီသာလျှင် ပါဝင်ကြသည်။ မျက်စိတမှိတ် လျှပ်တပျက်ခန့် ကာလတွင် ကလာပပေါင်း မရေမတွက်နိုင်အောင် ထင်ရှားလေရာ၊ ကလာပ တခုနှင့်တခု အကြား၌ အာကာသကွက်လပ် ခြားလျက်ရှိသော်လည်း၊ ဤကလာပအတွင်း၌ ပ,အာ,ဝါ,တေ စသောဓါတ်တို့သည် ထိုကလာပအတွင်းရှိ ပ,အာ,ဝါ,တေ စသော ကလာပဓါတ်တို့ကို အထောက်အကူပြုကြသည်၊ အားပေး ကူညီ ကြသည်။ ထို့ကြောင့် အကြည်ရုပ်တို့၏ ရှေ့ရှုကျလာသော အာရုံရုပ်ဓါတ်တို့သည် ကလာပတခုတည်း၌ ပါဝင်သောရုပ်ဓါတ်မဟုတ်၊ ကလာပပေါင်းများစွာတို့မှ ဓါတ်တူချင်း ပေါင်းဆုံကာ အစုအဝေးဖြင့် ထင်လာသော အဆင်းစု အသံစု, အနံ့စု, အရသာစု, အတွေ့စုတို့ ဖြစ်ကြသည်။

လောက၌ ဓါတ်ဆီ,ရေနံဆီ, နှမ်းပဲဆီ, ဖယောင်းဆီတို့ကို အစွဲအမှီပြုကာ မီးတောက်များထင်ရှားကြရာ၊ မီးရောင်တို့သည် တခုနှင့်တခုအဆက်အသွယ်ပြုလျက်၊ အချင်းချင်း ကူညီထောက်ပံ့ကြသောကြောင့်၊ အလင်းရောင်ထုထယ် ကျယ်ပြန့်ထွန်းကား စည်ပင်သွားကြလေသည်။ထို့အတူ ကံ, စိတ်,ဥတု, အာဟာရ ဟူသောဆီတို့ကို စွဲမှီလျက် ကလာပ မီးတောက်များ ထင်ရှားကြလေရာ၊ ကလာပ၌ ပါဝင်သောဓါတ်တို့သည် မိမိနှင့်တူသော ဓါတ်ကို အဆက်အသွယ်ပြုကာ အားပေး ကူညီကြသောကြောင့်၊အဆင်း, အသံ, အနံ့, အရသာ, အတွေ့ ဓါတ်တို့သည် ကျယ်ပြန့်ထွန်းကားသဖြင့် ဤကိုယ်ကောင်ခန္ဓာ စည်ပင်ကြီးထွား သွားလေသည်။ အလင်းရောင်ထု၌ ဤအလင်းက ဓါတ်ဆီအလင်း, ဤအလင်းက ရေနံဆီအလင်း စသည်ဖြင့် ခွဲကြည့်ရန် ခက်ခဲသကဲ့သို့ ဤကိုယ်ကောင်၌ ပေါ်လွင်ထင်ရှားနေကြသော အဆင်းအစု စသည်တို့၌လည်း၊ ဤအဆင်းက ကံကြောင့်,ဤအဆင်းက စိတ်ကြောင့် စသည်ဖြင့်ခွဲကြည့်ရန် မလွယ်ကူလှပေ၊ ခက်ခဲပေမည်။ သို့သော် အကြောင်းကို ခွဲထုတ်ရနိုင်သောကြောင့် အကြောင်းတခုစီကို ခွဲထုတ်လိုက်လျှင်၊ အကျိုးဖြစ်သော အရောင်တို့လည်း တခြားစီကွဲသွားပေမည်။ ဓါတ်ဆီကို သီးသန့်ခွဲလိုက်လျှင် ဓါတ်ဆီကိုစွဲလျက်ပေါ်သော မီးရောင်တို့သာလျှင် သီးသန့် ထင်ရှားပေါ်လွင် နေပေလိမ့်မည်။ ကျန် ဆီတို့၏မီးရောင် မပါဝင် တော့ပေ။

အထက် ဥပမာအတိုင်း ဤကိုယ်ကောင်ကြီးသည် အကြောင်းလေးမျိုးကို အစွဲပြုကာ ပေါ်လာထင်ရှားသော 'မီးရောင်'ကိုယ်ကောင်ကြီးဖြစ်၍၊အကျိုးတရား အစု၌ မခွဲနိုင်သော်လည်း၊ အကြောင်း ၄ မျိုးကို တခုစီခွဲထားပါမူကား မီးရောင်တို့သည် တမျိုးစီ သီးသန့်ထင်ရှားနေပေလိမ့်မည်။

အခြား ဥပမာ တခုမှာ - ကျွန်ုပ်တို့သည် တွင်းရေ, ကန်ရေ, ချောင်းရေ, မြစ်ရေ ၄ မျိုးကို ခွက်တခုတည်းတွင်ထည့်လျက် သောက်ကြည့်လျှင် ရေ,ဟုတမျိုး တည်းပင်သိနိုင်ကြသည်။ ဤအစိတ်အပိုင်းက တွင်းရေ၊ ဤအစိတ်အပိုင်းက ကန်ရေ စသည်ဖြင့် သိနိုင်ရန် ခက်ခဲပေလိမ့်မည်။ သို့သော်.... တွင်း,ကန်,ချောင်း,မြစ်တို့သည် တခုစီ တခုစီ ကွဲပြားခြားနားလျက် ထင်ရှားနေကြသောကြောင့်၊ တွင်းကိုတွေ့မြင်သောအခါ ဤရေသည် တွင်းရေသက်သက်ဖြစ်သည်။ ကန်,ချောင်း,မြစ်တို့၏ရေမဟုတ်၊ ကန်ကို တွေ့သောအခါ၌လည်း ဤရေသည် ကန်ရေသက်သက်ဖြစ်သည်။ တွင်း, ချောင်း, မြစ်,ရေမဟုတ်ဟုသိနိုင်ကြသည်။ ဤဥပမာအတိုင်း ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား ၄ မျိုးသည် ဤကိုယ်ကောင်ကြီး၌ ထင်ရှားလျက်ရှိသည်။ ဤအကြောင်း ၄ မျိုးရှိပုံကို မိမိအသိ၌ မသဲကွဲသေးလျှင်၊ ပညာရှိဆရာသမားများထံ၌ မေးမြန်းဆွေးနွေးလျက် နာယူ မှတ်သားပြီးလျှင် မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ရှိ,မရှိဆုံးဖြတ်ပါလေ။ ယုံကြည်သဖြင့် ယူဆချက်မဟုတ်ဘဲ၊ မိမိကိုယ်တိုင် သဲသဲကွဲကွဲ ဤ ကံ, စိတ်, ဥတု, အာဟာရ ၄ မျိုးကို အာရုံပြုနိုင်၊ အသိလုပ်နိုင်၊ ပိုင်းခြားနိုင်သောအခါ၊ ၎င်း ၄ မျိုးကိုစွဲလျက် ထင်ရှားကြသော ကလာပ ဟူသော မီးရောင်, ရေတို့ကိုလည်း ကွဲပြားခြားနားစွာ သိနိုင်လေတော့သည်။

ကျွန်ုပ်တို့ကိုယ်ကောင်ကြီး၌ အလိုမရှိ မနှစ်သက်ဖွယ်သော အနိဋ္ဌာရုံ၊နှစ်သက်ဖွယ် အလိုရှိသော ဣဋ္ဌာရုံတို့နှင့် တွေ့ကြုံသောအခါ ကမ္မဇ ကလာပများ ထင်ရှားပေါ်လာကြသည်။ ကိုယ်လက်လှုပ်ရှား ပြောဆိုသောအခါနှင့် စိတ်ဆိုး, ဝမ်းသာသောအခါတို့၌ စိတ္တဇ ကလာပများ ဖြစ်ပေါ်ထင်ရှားကြသည်။ အပူ,အအေး ပြင်းထန်သောအခါ၊ ဥတုဇ ကလာပများ ဖြစ်ပေါ်ထင်ရှားကြသည်။အစားအသောက်ကောင်းသောအခါ၊ မကောင်းသောအခါတို့၌ အာဟာရဇ ကလာပများဖြစ်ပေါ်ထင်ရှားကြသည်။ ကံ, စိတ်, ဥတု, အာဟာရတို့သည် အကြောင်းတရား၊ ကလာပတို့သည် အကျိုးတရားဟု ပိုင်းခြားထားပြီးလျှင်၊ အကြောင်း တခုစီတခုစီ ခွဲလျက်ကြည့်ရှုလေ့လာသောအခါ၊ အကျိုးတရား ကလာပတို့ကိုလည်း ခွဲခြားလျက်ကွဲကွဲပြားပြားသိနိုင်လေသည်။

ဤလက်ရှိ ကိုယ်ကောင်ကြီး၌ ကံ,ဟူသော အကြောင်း ပစ္စယ၊ ကလာပဟူသော အကျိုး ပစ္စယုပ္ပန္န၊ထို့အတူ စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း

ပစ္စယ၊ ကလာပဟူသော အကျိုးပစ္စယုပ္ပန္န တို့ကို ကွဲကွဲပြားပြား သိနိုင်လာသော အခါ၊ တခွက်တည်း၌ရှိသော ရေတို့ကို တမျိုးစီ ခွဲမရသဖြင့် မခွဲနိုင်သော်လည်း၊ တွင်း, ကန်, ချောင်း, မြစ်,တို့ကို တွေ့မြင်သောအခါ၊ ဤရေတို့သည် သူ၏ဌာန အလိုက် ကွဲပြားစွာရှိနိုင်သည်ဟု အသိရောက်ရလေသကဲ့သို့၊ ကလာပတို့သည် သူ့အ ကြောင်းနှင့်သူ ဖြစ်ပေါ်ကာ၊ သီးသန့်ခြားနားစွာ တည်ရှိနိုင်သည်ဟု အသိရောက် လေသည်။ ဤလက်ရှိ ကိုယ်ကောင်ကြီးသည် ဆီ—ခွက် ၄—ခုပေါင်းစု၍ ထွန်းထား သော မီးရောင်အစုကြီးကဲ့သို့၊တခွက်တည်း၌ ရေ ၄—မျိုးစုပေ င်း တည်နေသကဲ့သို့ ကလာပ ၄—မျိုးဖြင့်(ဝါ)ကလာပ ၂၁—မျိုးဟူသော မီးရောင်—ရေတို့ဖြင့် စုပေ င်း ထင်ရှားသော ကိုယ်ကောင်ကြီးဖြစ်လေသည်။

## နာမ် သင်္ခါရ အဟိတ်စိတ်များဖြစ်ပေါ်ပုံ

နာမ် သင်္ခါရ လုပ်သားတို့သည် ဤကိုယ်ကောင်ကြီး၌ ရှိကြောင်း ကိုယ်တိုင် သိကြသည်။ ကျွန်ုပ်တို့သည် အာရုံနှင့်တွေ့ကြုံသောအခါတိုင်း ‘အသိ’ထင်ရှားလာ သည်။ သို့သော် သိပုံ အခြင်းအရာကို မလေ့လာဘဲရှိတတ်သဖြင့်‘အသိ’အကြောင်း ကိုကောင်းစွာ မကျွမ်းကျင်ကြပေ။ နေ့စဉ်နေ့တိုင်း အာရုံနှင့်ကြုံကြိုက်လေရာ၊အချို့ သောအာရုံတို့အတွက် သာမန်အားဖြင့် အသိလုပ်သည်။ ထိုအာရုံတို့အတွက် ခံစားမှု မှတ်သားမှု၊ ပြုပြင်မှု စသည်တို့သည် ထိုသိစိတ်၌ မထင်ရှားခဲ့ပေ။ တခါတရံ နှင့်သက် မြတ်နိုးသော အာရုံတို့နှင့် တွေ့ကြုံသောအခါ စွဲစွဲလမ်းလမ်း သာယာခံစားခြင်းဖြင့် အသိလုပ်သည်။ ထိုအကြိမ်၌ သာယာခံစားမှုလည်း ထင်ရှားသည်၊ သိမှုလည်းထင် ရှားသည်။ ဤခံစားခြင်းသည် ဝေဒနာဖြစ်၍၊ သိခြင်းသည် ဝိညာဏ်ဖြစ်သည်၊ တခါတရံ အာရုံကို စွဲမြဲမိအောင် အမှတ်အသားဖြင့် အသိလုပ်သည်၊ ဥပမာ—အဖြူ အနီ, အတို, အရှည်, အပိန်, အဝ စသည်ဖြင့် မှတ်သားကာ အသိလုပ်သည်။ ထိုသိ စိတ်၌ မှတ်သားခြင်းသည် သညာဖြစ်၍၊ သိခြင်းသည် ဝိညာဏ်ဖြစ်သည်။ အချို့ အာရုံတို့အတွက် ခံစားခြင်းလည်း ထင်ရှား၏၊ မှတ်သားခြင်းလည်း ထင်ရှား၏၊ သိခြင်းလည်း ထင်ရှား၏။ တခါတရံ အာရုံကို လောဘဖြင့် စွဲစွဲလမ်းလမ်း သိ၏၊ ဒေါသဖြင့် ကြမ်းကြမ်းတမ်းတမ်းသိ၏။ ထိုသိစိတ်အစဉ်၌ လောဘထင်ရှား၏၊အသိ လည်း ထင်ရှားသည်။ ဒေါသ ထင်ရှား၏၊ အသိလည်းထင်ရှားသည်။ ဤနည်းဖြင့် မိမိကိုယ်ကောင်ကြီး၌ ဖြစ်ပေါ်သော အသိ၏ သိပုံအခြင်းအရာတို့ကို လေ့လာလျှင် အသိ၌ ပါဝင်ပေါင်းစပ်သော သဘောတရားသင်္ခါရလုပ်သားတို့ကို ကိုယ်တိုင် သိမြင် နိုင်ကြလေသည်။

ထိုသခါရ လုပ်သားတို့၏ ကိုယ်ပိုင် အမှတ်လက္ခဏာနှင့် ၎င်းတို့၏ ကိုယ်ပိုင် လုပ်ငန်းကို ရှေ့ဦးစွာ ဆရာဖြင့် လေ့လာမှတ်သားရမည်။

(၁) ဝိညာဏ်=သိ... အမှတ်အသားလက္ခဏာ၊ခေါင်းဆောင်လုပ်ငန်း....ရသ။

ဤသဘောတရားသည် သိကိစ္စဖြင့် ခေါင်းဆောင်လုပ်ငန်းကို ဆောင်ရွက်ရာ၊ သိမှုကိစ္စပြည့်ပြည့်ဝဝရှိရန် အခြားစေတသိက် ခေါ်သော နာမ်တရားတို့နှင့် ပေါင်းစပ်ကြရသည်။ ထိုနာမ်စေတသိက်တို့နှင့်အတူ ဥပစယရောက်သော နာမ်လုပ်သား အစုသည် စိတ္တအသွင်ထင်ရှားသည်။ အတူ ပေါင်းစပ်ကြသော စေတသိက်တို့သည် ခေါင်းဆောင် ဝိညာဏ်ကို အသိပြည့်စုံအောင် ဆောင်ရွက်ခြင်းဖြင့် ဝိညာဏ်ကို ချယ်လယ်ကြသည်။ ဝိညာဏ်ဟူသောစကားသည် 'အထူးသိ'ဟု အဓိပ္ပါယ်ရှိသည်။ စေတသိက် နာမ်တရားတို့သည် ဝိညာဏ်ကို အစွဲအမှီပြုကာ ထင်ရှားကြရသဖြင့်၊ စိတ္တခေါ် နာမ်လုပ်သားတို့၏ အစုအဝေး၌ ဝိညာဏ်သည် ခေါင်းဆောင် 'သဘာပတိ' ဖြစ်လေသည်။

**စေတသိက် နာမ်တရားများ**

(၁) ဖဿ=တွေ့ထိ အမှတ်လက္ခဏာ၊ အာရုံနှင့်ထိခိုက်သောလုပ်ငန်း ရသ။

(၂) ဝေဒနာ=ခံစားအမှတ် လက္ခဏာ၊ အစဉ်ခံစားသော လုပ်ငန်း ရသ။

(၃) သညာ= အမှတ်လက္ခဏာ၊ တိုးတက်ထင်ရှားသောလုပ်ငန်း ရသ။

(၄) စေတနာ= စေ့ဆော်သော အမှတ်လက္ခဏာ၊ ပြာလောင်ခတ်သော (ဗျာပါရ)လုပ်ငန်း ရသ။

(၅) ဧကဂ္ဂတာ= တည်ငြိမ်သော အမှတ်လက္ခဏာ၊ တည်ငြိမ်အောင်လုပ်သော လုပ်ငန်း ရသ။

(၆) ဇီဝိတိန္ဒြိယ = စောင့်ထိန်း အမှတ် လက္ခဏာ၊ အစဉ်အဆက် မပြတ်အောင် ထားပေးသောလုပ်ငန်း ရသ။

(၇) မနသိကာရ= အာရုံကို ရှုမျှော် အမှတ် လက္ခဏာ၊ အာရုံသို့ စိတ်ကို ရှေ့ရှုပေးသောလုပ်ငန်း ရသ။

ဤစေတသိက် ၇–မျိုးသည် စိတ်တိုင်း၌ ပါဝင်ပေါင်းစပ်သောကြောင့် 'စိတ်တိုင်းပါ' စေတသိက်များဟု ခေါ်သည်။ ဝိညာဏ်သည် အနည်းဆုံး ဤစေတ

သိက် ၇ မျိုးပေါင်းစပ်ပါဝင်ပါမှ သခ်ါရလုပ်သားတို့၏ 'စုပေါင်း'လုပ်ငန်း၊ ပါတိ လုပ်ငန်း ထင်ရှားသည်။

ဝိညာဏ်သည် [illegible]စေတသိက် ၇ မျိုးနှင့် ပေါင်းစပ်လျက် မျက်စိ အကြည် ရုပ်ပေါ်၌ ဥပစယရောက် ထင်ရှားခိုက်၊ ဖဿသည် မိမိ၏အမှတ်ဖြင့် ဆက်သွယ်ရာ ဝိညာဏ်သည် တွေ့ထိ,သိဟု အသိတိုးသွားသည်။ ထို့အတူ ဝေဒနာ=ခံစားသိ၊ သညာ=မှတ်သားသိ၊စေတနာ=စေ့ဆော်သိ၊ ဧကဂ္ဂတာ=တည်ငြိမ်သိ၊ ဇီဝိတိန္ဒြိယ= စောင့်ထိန်းသိ၊ မနသိကာရ= ရှုမျှော်သိ ဟု အသိကို ဦးတိုက်ဆက်သွယ်ကြလေရာ၊ ဝိညာဏ်၏ အသိသည် တိုးတက် ပြည့်စုံသွား၍ ထိုစေတသိက်တို့၏ ခေါင်းဆောင် 'သဘာပတိ' လည်းဖြစ်သွားလေသည်။ ထိုစိတ်သည် မျက်စိအကြည်ပေါ်မှာ ၃-ခဏ ထင်ရှားလျက် 'မြင်သိ'ခေါ်သော သခ်ါရလုပ်သားတို့၏ ပါတိလုပ်ငန်းကိုဆောင် ရွက်သွားသည်။ (ဒဿနကိစ္စ- မြင်သိ) ဤစေတသိက် ၇ မျိုးပင် ဝိညာဏ်နှင့် နားအ ကြည်ပေါ်မှာဖြစ်လျှင် (သဝနကိစ္စ - ကြားသိ) နှာခေါင်း အပေါ်မှာပြ်လျှင် (ဃာယနကိစ္စ - နံသိ) လျှာအကြည်ပေါ်မှာဖြစ်လျှင် (သာယနကိစ္စ -စားသိ)ကိုယ် အကြည်ပေါ်မှာဖြစ်လျှင် (ဖုသနကိစ္စ -ထိသိ)ဟူသော အာရုံကို သိပုံအခြင်းအရာ ၅ -မျိုးဖြင့် စိတ္တ ၅—မျိုးထင်ရှားလေသည်။ သခ်ါရ လုပ်သားတို့သည် တခုစီ တခုစီ အမှတ်နှင့် ကိုယ်ပိုင်လုပ်ငန်း ရှိကြသော်လည်း၊ ကိစ္စတခုကို ပြီးမြောက်အောင် တခုစီ မဆောင်ရွက်နိုင်ကြ၊ စုမိပေါင်းမိ ကြမှသာလျှင် စုပေါင်းဟူသော ပါတိလုပ် ငန်းဖြင့် ဆောင်ရွက်နိုင်ကြသည်။

ဤ မြင်-သိ စသော စိတ် ၅- မျိုးသည် ကံ၏ အကျိုးအဖြစ် ပေါ်လာထင် ရှားသဖြင့်၊ ကံက ဖန်တီးပေးလိုက်သော သခ်ါရ လုပ်သားအစုတို့ ဖြစ်ကြသည်။ ကံသည် အကုသိုလ်ကံ, ကုသိုလ်ကံဟု ၂ မျိုးကွဲပြားသဖြင့်၊ ဤမြင်သိစိတ် ၅ -မျိုး ကိုလည်း အကုသိုလ်ကံ၏ အကျိုးဝိပါက်စိတ်, ကုသိုလ်ကံ၏ အကျိုး ဝိပါက်စိတ်ဟု အောက်ပါအတိုင်း ၂—မျိုးခွဲခြား မှတ်သားရမည်။

**အကုသိုလ်ကံ၏အကျိုး ဝိပါက)**

(၁) ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော မြင် သိ စိတ် = စက္ခုဝိညာဏ်။

(၂) ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ကြား သိ စိတ် သောတဝိညာဏ်။

(၃) ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော နံ သိ စိတ် = ဃာနဝိညာဏ်။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော စားသိစိတ် = ဇိဝှာဝိညာဏ်။

(၅) ဒုက္ခဝေဒနာနှင့် တကွ ဖြစ်သော ထိသိစိတ် = ကာယဝိညာဏ်။

**ကုသိုလ်ကံ၏အကျိုး (ဝိပါက)**

(၁) ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော မြင်သိစိတ်= စက္ခုဝိညာဏ်။

(၂) ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ကြားသိစိတ် = သောတ ဝိညာဏ်။

(၃) ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော နံ သိ စိတ် = ဃာနဝိညာဏ်။

(၄) ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော စား သိ စိတ် = ဇိဝှာဝိညာဏ်။

(၅) သုခ ဝေဒနာ နှင့် တကွ ဖြစ်သော ထိ သိ စိတ် = ကာယဝိညာဏ်။

ဤစိတ် ၁၀—မျိုးကို 'ဝေဒနာ'ဖြင့် မှတ်သားရေတွက်လျှင်၊ ရှေ့ ၄—မျိုးသည် လစ်လျူ ခံစားသော'ဥပေက္ခာ'ဝေဒနာ ဖြစ်သည်၊ အကုသိုလ်အကျိုး ကာယဝိညာဏ်မှာ ဒုက္ခဝေဒနာ ဖြစ်လျက်၊ကုသိုလ်အကျိုး ကာယဝိညာဏ်မှာ သုခ ဝေဒနာ ဖြစ်လေသည်။

မနှစ် သက်သော အာရုံနှင့် တွေ့ဆုံလျှင် အကုသိုလ် ဝိပါက်စိတ် ဖြစ်သည်။ နှစ်သက်သော အာရုံနှင့် တွေ့ဆုံလျှင် ကုသိုလ်ဝိပါက်စိတ်ဖြစ်သည်။ သတ္တဝါတို့သည် နေ့စဉ်နေ့တိုင်း နှစ်သက်, မနှစ်သက်သော အာရုံတို့နှင့် မကြာခဏ တွေ့ကြုံထိခိုက်လျက် ကံ၏ဆိုးကျိုး, ကောင်းကျိုးကို တိုက်ရိုက်ခံယူ နေကြသော်လည်း အကောင်းအာရုံ၊ အဆိုး အာရုံတို့ အပေါင်းကို အသစ်က ပိတ်ဖုံး ကာကွယ်သွားကြသဖြင့် 'သိစိတ်'သည် ကံ၏ အကျိုးဟု မသိဘဲ၊ ကာမအာရုံတို့ထဲမှာ မေ့မြော နေလေတော့သည်။

ဤစိတ် ၁၀—မျိုးကို ကံတရားက ဖန်တီးပေးလိုက်ရာ သခါရ လောကဌ၊ ၎င်းတို့ အချင်းချင်း ဆက်သွယ်လျက် ထင်ရှားကြသည်။ (၁)ဝိညာဏ်ကို အစွဲပြုလျက် စေတသိက် ၇—မျိုး နာမ်တရားနှင့် အကြည်ရုပ် ၅—မျိုးဟု ရုပ်နာမ် ၂—မျိုးထင်

ရှားသည်။ (၂)နာမ်သည် 'အသိ'တရား ရပ်သည့် အသိခံ အာရမ္မဏိကနှင့် အာရုံ ၂-မျိုးကွဲပြားလျက်၊ သဠာယတနဟု အတွင်းအပြင် အာယတန ၆-မျိုး ထင်ရှား ကြသည်။ (၃)ဝိညာဏ်နှင့် ယှဉ်ဘွဲ့သော ဖဿသည် ဝိညာဏ်နှင့် အာရုံကို ထိခိုက်မိတ် ဆက်ပေးသဖြင့် ထင်ရှားသည်။ ဖဿ၏မိတ်ဆက် ထိခိုက်ခြင်းကြောင့် ဝေဒနာသည် အာရုံ၏ အရသာကို ခံစားသဖြင့် ထင်ရှားသည်။ ဤသို့ အာရုံနှင့် ထိခိုက်တိုင်းသော ခဏတို့၌ သတ္တဝါတို့၏ အသိသည် ငါမြင်သည်, ငါကြားသည်, ငါနံသည်, ငါ စားသည်, ငါကိုင်ဇမ်းထိခိုက်သည်ဟု 'အသိ'ရောက်ကြသော်လည်း၊ အမှန် သင်္ခါရ လောက၌ မူကား၊ (၁)အကျိုးဝိညာဏ် (၂)ရုပ်-နာမ် (၃)သဠာယတန (၄)ဖဿ (၅)ဝေဒနာဟူသော ရုပ်နာမ်သင်္ခါရ လုပ်သားတို့သည် အကြည် ၅-မျိုးပေါ်မှာ ဥပ စယ ရောက်လျက် 'မြင်သိ' စသော ကိစ္စ ၅-မျိုးကို ဆောင်ရွက်နေကြခြင်း သာလျှင် ဖြစ်လေသည်။

ဤပဋိစ္စသမုပ္ပါဒ် အကျိုး ၅-မျိုး သခံ ရလောက၌ ထင်ရှား နေကြပုံကို နားလည်သော ဆရာသမားထံ၌ ရှေ့ဦးစွာ သင်ယူပါ။ သင်ယူသူ၌ ဆရာ၏ သင်ပေး သော စကားစဉ်ဖြင့် (ပရတောဃောသ) ခေါ်သော 'မှတ်ဥာဏ် သုတမယ' သည် ပေါ်လာသည်။ ယင်းသို့ မှတ်ဉာဏ်ကပေးလိုက်သော ဤအကျိုးသို့ ဝိညာဏ်အာရုံ ကို အစွဲပြုလျက် မှတ်ဉာဏ်လျှင် အခြေပြုထားသော မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ထပ် တလဲလဲ ဖန်ခါခါ ဆင်ခြင်စဉ်းစားပါ။ ထိုအခါ အာရုံ၏ မှန်ကန်သောသဘောတို့ သည် ဆင်ခြင်သော စိတ်အစဉ်၌ တကြိမ်ထက်တကြိမ် ပိုမိုထင်ရှားလျက် နေပေမည်။ မြင်သိ စသော စိတ်၅-မျိုးတို့သည် အကြည် ၅-မျိုးပေါ်မှာထိုင်လျက် အာရုံကို ဆွဲကိုင်ကာ ဝိညာဏ်, နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ ၅-မျိုးတို့ အချင်းချင်း ဆက်သွယ်ထင်ရှားပုံတို့ကို ရှင်းရှင်းလင်းလင်း သိပေလိမ့်မည်။

မျက်လုံးအိမ်အတွင်း,နားအိမ်အတွင်း စသည်တို့သို့ သုတမယဉာဏ် အသိဖြင့် မှန်းဆ၍အာရုံပြုလျှင် အကြည်ရုပ်တို့နှင့်မြင်သိ စသော စိတ်တို့သည် ဓမ္မာရုံအဖြစ်ဖြင့် စိတ်၏အကြည်မှာ ပေါ်လာကြမည်။ အလေ့အကျင့်များသဖြင့် စိတ်တည်ငြိမ်နေ သောအခါ ထိုကလာပ စိတ်အာရုံတို့သည် တကြိမ်ထက် တကြိမ် ပိုမိုထင်ရှား လာ ပေမည်။ ယင်းသို့ အာရုံ ထင်ရှားသော အခါ အကြောင်း ပဋိစ္စသမုပ္ပါဒ်၊ အကျိုး ပဋိစ္စသမုပ္ပန်တို့ကို ဆင်ခြင်လျက် ကြေနပ်သော 'အသိ' ဖြစ်လာလျှင် 'ကိုယ်တိုင်သိ' ဖြစ်လေသည်။ ပဋိစ္စသမုပ္ပါဒ်တွင် ဝေဒနာမှာ ဖြတ်ရသည်ဟု ပါးစပ်က ပြောရုံဖြင့် သိစိတ်က မလိုက်နာ၊ မလိုက်နာ၍ ဖြတ်မရ ဖြစ်တတ်ကြသည်။ လုပ်ငန်းမှာ စိတ် သည် အာရုံမရှိလျှင် မနေတတ်၊ အာရုံရှိနေလျှင် ထိုအာရုံကို စိတ်က နှစ်သက်သည် ဖြစ်စေ၊ မနှစ်သက်သည် ဖြစ်စေ၊ အလေ့အကျင့်ပြုလျက် နေလေသည်။ ထို့ကြောင့် အကျိုးငါးပါးအာရုံကို စိတ်ဆွဲကိုင်စရာ အာရုံအဖြစ်ပေးထားလျှင်၊စိတ်သည် တဏှာ

ဥပါဒါန်ဘက်သို့ မသွားဘဲ၊ တဏှာ ဥပါဒါန် တို့လည်း မဖြစ်ပေါ်တော့ဘဲ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ - သုတေ သုတမတ္တံ-မုတေ မုတမတ္တံ — ဝိညာတေ—ဝိညာတမတ္တံ သဘောသို့ သက်ရောက်'သိ'နေပေလိမ့်မည်။

သင်္ခါရလောက၌ မြင်သိကိစ္စကို ဆောင်ရွက်ရုံမျှဖြင့် 'အသိ'သည် အာရုံတခု အတွက် ပြည့်စုံမှုမဖြစ်သေးပေ။ အာရုံအတွက် အသိပြည့်စုံအောင် အခြားစိတ္တတို့ ကလည်း အသီးသီး ဆက်လက်ဆောင်ရွက်ကြသည်။ ထိုစိတ္တတို့ကို လေ့လာရန် အောက်ပါ စေတသိက်တို့ကို ရှေ့ဦးစွာ ကျက်မှတ်ထားရမည်။

(၁) ဝိတက္က = စိတ်ကို အာရုံသို့ ပို့ပေးသော အမှတ်လက္ခဏာ၊ အာရုံသို့ ထပ်တလဲလဲ ထိရောက်ခြင်းကိစ္စ ရသ။

၂) ဝိစာရ = အာရုံ၌ သုံးသပ်သော အမှတ်လက္ခဏာ၊ အာရုံ၌ ထပ်တလဲလဲ သုံးသပ်ခြင်း ရသ။

(၃) အဓိမောက္ခ = အာရုံကို ဆုံးဖြတ်သော အမှတ်လက္ခဏာ၊ ခြားနား ပေးသောကိစ္စ ရသ။

(၄) ဝိရိယ = ယှဉ်ဘက် လုပ်သားတို့ကို တက်ကြွစေသော အမှတ် လက္ခဏာ၊ လုပ်သားတို့ကို အထောက်အပံ့ပြုသော ကိစ္စ ရသ။

(၅) ပီတိ = အာရုံ၌ နှစ်သက်သော အမှတ်လက္ခဏာ၊ အာရုံနှင့် အဆင်ပြေသောကိစ္စ ရသ။

(၆) ဆန္ဒ = အာရုံကို အလိုရှိသော အမှတ်လက္ခဏာ၊ မကပ်မငြိ သော ကိစ္စ ရသ။

ဤ ၆—မျိုးသော စေတသိက်တို့သည် စိတ်အမျိုးမျိုးတွင် တချို့သောစိတ် တို့၌သာလျှင် ပေါင်းစပ်ပါဝင်ကြသောကြောင့်၊ ၎င်းတို့ကို 'ပကိဏ်း' စေတသိက် ၆—ဟုခေါ်သည်၊ အထက်ကဖော်ပြခဲ့သော 'စိတ်တိုင်းပါ' စေတသိက် ၇-မျိုးနှင့် ပေါင်းလျက် ၁၃-ပါးကို အညသမာန်း စေတသိက် ၁၃—ဟုခေါ်သည်။ ဥပစယ ရောက်သော နာမ်သင်္ခါရလုပ်သားတို့၏ အရေအတွက် လွယ်ကူစွာ မှတ်သားနိုင် ရန်၊ စိတ်တိုင်းပါ— ပကိဏ်း—အညသမာန်း အမည်များကို မှတ်ထားပါလေ။

သင်္ခါရလောက၌ နာမ်လုပ်သားတို့သည် အာရုံနှင့် တွေ့ကြုံသောအခါ အာရုံကိုဆင်ခြင်ရန်အတွက် ရှေ့ဦးစွာ ဥပစယရောက်သောစိတ်ကို အာဝဇ္ဇာန်းစိတ် ခေါ်သည်။ ပဉ္စဒွါရ ဝိထိစိတ်ဖြစ်ခဲ့လျှင် ပဉ္စဒွါရာဝဇ္ဇာန်း၊ မနောဒွါရ ဝိထိစိတ် ဖြစ်ခဲ့လျှင် မနောဒွါရာဝဇ္ဇာန်းဟု ၂-မျိုး ကွဲပြားသည်။ (၁)ရှေ့ဦးစွာ ပဉ္စဒွါရ

ဝဇ္ဇာန်းစိတ်က အာရုံကို ဆင်ခြင်သော ကိစ္စဖြင့် 'အသိ'လုပ်သည်။ (၂) ထိုနောက် ပဉ္စဝိညာဏ်က မိမိတို့ဆိုင်ရာ အာရုံ အားလျော်စွာ၊ မြင်ကိစ္စဖြင့်သိ, ကြားကိစ္စဖြင့်သိ,နံကိစ္စဖြင့်သိ, စားကိစ္စဖြင့်သိ, ထိတွေ့ ကိစ္စဖြင့်သိ ဟု အာရုံကို အသိလုပ်ကြသည်။ (၃) ထိုနောက် ပဉ္စဝိညာဏ်က အသိလုပ်ခဲ့သော အာရုံကိုပင် ခံယူသိသော ကိစ္စဖြင့် သမ္ပဋိစ္ဆိုင်းစိတ်က အသိလုပ်သည်။ (၄) ထိုနောက် ထိုအာရုံကိုပင် စုံစမ်းသိ ကိစ္စဖြင့် သန္တီရဏစိတ်က အသိလုပ်သည်။ (၅) ထိုနောက် ထိုအာရုံကိုပင် ဆုံးဖြတ် သိ ကိစ္စဖြင့် ဝုဋ္ဌောစိတ်က အသိလုပ်သည်။ ဤ ၅ ကိစ္စဖြင့် အသိလုပ်မှသာလျှင် အာရုံ တခုအတွက် အသိပြည့်စုံသွားသည်။

ဤသို့ ၅—ကိစ္စဖြင့် ဆောင်ရွက်လျက် ဝုဋ္ဌောအဖွဲ့က ဆုံးဖြတ်လိုက်သော အာရုံ၏ 'အရသာ'ကို ဇောကိစ္စဆောင်ရွက်သော အဖွဲ့ ၇ ခုတို့က အားရပါးရ ခံစားကြလေသည်။ အကယ်၍ အာရုံကျန်နေသေးလျှင် တဒါရုံကိစ္စဖြင့် စိတ် ၂—ခုက အသိလုပ်ကြသေးသည်။ ဤမျှ သခ်ါရလုပ်သားတို့သည် လုပ်ငန်းကို ဧ.ငပ်ကျနစွာ ဆောင်ရွက်ကြသည်။ ထို့ကြောင့် စိတ်အစဉ်သည် အောက်ပါအတိုင်း ထင်ရှားလာသည်။

(က) ပဉ္စဒွါရာ ဝဇ္ဇန်းစိတ် (ခ)ပဉ္စဝိညာဏ်စိတ် (ဂ)သမ္ပဋိစ္ဆိုင်းစိတ် (ဃ) သန္တီရဏစိတ် (င)ဝုဋ္ဌောစိတ် (စ)ဇောစိတ် ၇ (ဆ)တဒါရုံစိတ်ဟု စိတ်အမျိုးပေါင်း ၇-မျိုး၊ အရေအတွက် အားဖြင့် စိတ် ၁၄—မျိုးကို နုတ်ရကျက်ထားပြီးလျှင်၊ ထိုစိတ်တို့ ပါဝင်သော သခ်ါရ လုပ်သားတို့ကို အောက်ပါ အတိုင်း ရေတွက် မှတ်သားပါလေ။

(၁) သမ္ပဋိ[illegible]င်း စိတ်၌ စိတ်တိုင်းပါ စေတသိက် ၇၊ပကိဏ်းမှ ဝိတက္က,ဝိစာရ အဓိမောက္ခ ၃၊ဝိညာဏ် ၁ ပေါင်း=၁၁ တို့သည် ဟဒယ ဝတ္ထုပေါ်၌ ဥပစယ ရောက်လျက် စုဝေးကြသည်။

(၂) ဥပေက္ခာ ဝေဒနာနှင့် တကွ ဖြစ်သော သန္တီရဏစိတ်၌လည်း—အထက် ၁၁-မျိုးပင် ဟဒယ ဝတ္ထုပေါ်၌ စည်းဝေးကြသည်။ ပါတီလုပ်ငန်း ကိစ္စ ကွဲပြားခြားနားကြသည်။

(၃) သောမနဿ ဝေဒနာနှင့်တကွ ဖြစ်သော သန္တီရဏစိတ်၌ အထက်ပါ ၁၁-မျိုးတွင် ပီတိစေတသိက် တခု တိုးလာသည်။ ပေါင်း ၁၂-ခုသည် လည်း၊ ဟဒယဝတ္ထုရုပ်ပေါ်မှာ စုဝေးကြသည်။

ဤစိတ် ၃-မျိုးသည် အကျိုးပဉ္စဝိညာဏ် ၅—မျိုး၏ နောက်လိုက် စိတ်များ ဖြစ်ကြသည်။ပဉ္စဝိညာဏ် ဖြစ်ပေါ်လျှင်၊ ဤ ၃-စိတ်လည်း ဖြစ်ပေါ်ရသော အကျိုး

စိတ် ၃—မျိုးဖြစ်သည်။ ၎င်း ၃—မျိုးသည် ပဥ္စဝိညာဏ် စိတ်တို့ကဲ့သို့ အကုသိုလ်၏ အကျိုးစိတ်၊ ကုသိုလ်၏အကျိုးစိတ်ဟု ၂-မျိုး ကွဲပြားသည်။ ထို့ကြောင့် အောက်ပါ အတိုင်း စိတ် ၅—မျိုး ကွဲသွားသည်။

| အကုသိုလ်အကျိုး | ကုသိုလ် အကျိုး |
|---|---|
| (၁) ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ် | (၁) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ် |
| (၂) ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်သော သန္တီရဏစိတ် | (၂) ဥပေက္ခာဝေဒနာ နှင့် တကွ ဖြစ်သော သန္တီရဏစိတ် |
| | (၃) သောမနဿဝေဒနာနှင့် တကွ ဖြစ်သော သန္တီရဏစိတ် |

အထက်က ဖေါ်ပြခဲ့သော အကုသိုလ်၏ ပဥ္စဝိညာဏ် ၅—မျိုးနှင့် ပေါင်းလျှင် အကုသိုလ်အကျိုးစိတ် ၇၊ ကုသိုလ်အကျိုး ပဥ္စဝိညာဏ်၅ -မျိုးနှင့် ပေါင်းလျှင်၊ကုသိုလ် ၏အကျိုးစိတ် ၈၊ နှစ်ခုပေါင်း အကျိုးစိတ် -၁၅ ဖြစ်လေသည်။

တဖန် (၁) ဥပေက္ခာ ဝေဒနာနှင့် တကွ ဖြစ်သော ပဥ္စဒွါရာ ဝဇ္ဇန်းစိတ်၌ စိတ်တိုင်းပါ စေတသိက် ၇၊ ပကိဏ်းတွင် ဝိတက္က, ဝိစာရ, အဓိမောက္ခ—၃၊ ဝိညာဏ် ၁၊ ပေါင်း=၁၁—တို့သည် ဟဒယ ဝတ္ထုရုပ်ပေါ်မှာ ဖြစ်ပေါ်ကြသည်။

(၂) ဥပေက္ခာ ဝေဒနာနှင့် ဖြစ်သော မနောဒွါရာ ဝဇ္ဇာန်းစိတ်၌ စိတ်တိုင်း ပါ စေတသိက်—၇၊ ပကိဏ်းမှ ဝိတက္က,ဝိစာရ, အဓိမောက္ခ, ဝိရိယ—၄၊ ဝိညာဏ်—၁၊ ပေါင်း=၁၂—တို့သည် ဟဒယ ဝတ္ထုပေါ်မှာ စုဝေးကြသည်။

(၃) သောမနဿ ဝေဒနာနှင့် တကွ ဖြစ်သော ကိလေသာမရှိသော ပုဂ္ဂိုလ် တို့အား ပြုံးအမူအရာ ဖြစ်ပေါ်စေသော ဟသိတုပ္ပါဒ်စိတ်၌ စိတ်တိုင်းပါ စေတသိက် ၇၊ ပကိဏ်းမှ ဝိတက္က,ဝိစာရ,အဓိမောက္ခ,ပီတိ,ဝိရိယ—၅၊ ဝိညာဏ်-၁၊ ပေါင်း ၁၃— တို့သည် ဟဒယဝတ္ထုရုပ်ပေါ်မှာ ဖြစ်ပေါ်ကြသည်။

ဤစိတ် ၃—မျိုးသည် အကျိုးတရား ဘက်၌လည်းမပါဝင်၊ အကြောင်းတရား ဘက်၌လည်းမပါဝင်ကြ။ မိမိတို့၏ စုဝေးဖြစ်ပေါ်ခြင်း အမူအရာမျှကိုသာလျှင် ထင် ရှားစေသောကြောင့်၊ ၎င်းတို့ကို အဟိတ်ကြိယာစိတ် ၃-မျိုးဟု ခေါ်သည်။ ထိုတွင် အာဝဇ္ဇာန်းစိတ် ၂-မျိုးသည် မိမိတို့အာဝဇ္ဇာန်းကိစ္စဖြင့် ဘဝင်စိတ်အစဉ်နှင့် ဝိထိစိတ် အစဉ်ကို ပိုင်းခြားလျက်၊ ထိုစိတ်အစဉ် ၂-မျိုး၏ တံတားသဘွယ် ဆက်သွယ်ပေး

သည်။ မနောဒွါရာဝဇ္ဇနီးသည် ပဉ္စဒွါရ ဝိထိစိတ်အစဉ်၌ အာရုံကို ဆုံးဖြတ်သော ဝေါဋ္ဌဗ္ဗန ကိစ္စကို ဆောင်ရွက်လျက်၊ ပဋ္ဌာန်းပွန် အကျိုးတရားနှင့် ပဋ္ဌာန်းပွန် အကြောင်း တရားတို့ကို ပိုင်းခြား၍ အကျိုးအကြောင်း တို့၏ အကြားတွင် တံတားသဘွယ် ပေါင်းကူးပေးသည်။

ဤအာဝဇ္ဇနီး စိတ် ၂ မျိုးတွင် ပဉ္စဒွါရာဝဇ္ဇနီးစိတ်ကို ဝိထိစိတ် အစဉ်ဖြစ် ပေါ်အောင် အစပြုသော ဝိထိပဋိပါဒက မနသိကာရ၊ မနောဒွါရာဝဇ္ဇနီးစိတ်ကို ဇောစိတ်အစဉ် ဖြစ်ပေါ်အောင် အစပြုပေးသော ဇဝနပဋိပါဒက မနသိကာရဟု ခေါ်ကြသည်။ မနသိကာရ စေတသိက်ကို အာရုံအတွက် အစပြုပေးသော အာရမ္မဏပဋိပါဒကဟု ခေါ်သည်။ စိတ်နှင့် စေတသိက်တို့ ခြားနားကြသည်။

နာမ်သခါရ လုပ်သား ၅၃ တွင် အကုသိုလ် မကောင်းမှုအတွက် လောဘ ဒေါသ မောဟ တို့သည် အခြေခံဟေတုသတ္တိဖြင့်အထောက်အပံ့ပေးကြသောကြောင့် တကြိမ်ထက် တကြိမ် တဆင့်ထက်တဆင့် သခါရလုပ်သားတို့ စည်ပင်ပွါးတိုးတက် သွားကြသည်။ ထိုအတူ ကုသိုလ်ကောင်းမှုအတွက် အလောဘ, အဒေါသ, အမောဟ တို့သည် ဟေတုသတ္တိဖြင့် ကျေးဇူးပြုကြသောကြောင့် တိုးတက်စည်ပင် ပွါးကြ သည်။ ယခုပြခဲ့သော အကုသိုလ် အကျိုးစိတ် ၇ မျိုး၊ ကုသိုလ်အကျိုးစိတ် ၈ မျိုး၊ ကြိယာစိတ် ၃—မျိုးတို့ကို ထိုဟိတ် ၆ ပါး မပါမဝင် ကင်းလွတ်နေကြသော စိတ် များဖြစ်ကြ၍ 'အဟေတုက' အဟိတ်စိတ် ၁၈—မျိုးဟု ခေါ်သည်။

သခါရလောက၌ နာမ်သခါရ လုပ်သားတို့၏ ဆောင်ရွက်ဘွယ် ကိစ္စပေါင်း ၁၄—မျိုးရှိရာတွင်၊ ဤအဟိတ်စိတ် ၁၈-မျိုးတို့သည် အခွင့်အားလျော်စွာ အသီးသီး ဆောင်ရွက်ကြသည်။

(၁) ဥပေက္ခာ သန္တီရဏစိတ် ၂ မျိုးသည် (က)ဘဝ အဟောင်း အသစ် ပြောင်းလဲသော ပဋိသန္ဓိကိစ္စ (ခ)ပဋိသန္ဓေမှ အစပြုထားသော ဘဝကို အစဉ်မပြတ် အောင် အဟောင်းအသစ် ပြောင်းကာ ဘဝ၏ အစိတ် အပိုင်းတာဝန်ကို ဆောင် ရွက်သော ဘဝင်္ဂကိစ္စ၊ (ဂ)ပဋိသန္ဓေမှ အစပြုခဲ့သော ဘဝတခု ပြတ်သွားအောင် ဆောင်ရွက်သော စုတိကိစ္စ၊ ပဋိသန္ဓေကိစ္စကို ဆောင် ရွက် ရ သော စိတ္တတို့သည် ဤ ၃—ကိစ္စကို အခွင့် အားလျော်စွာ ဆောင်ရွက် ရသည်ချည်းဖြစ်သည်။ အကျိုး သခါရ လုပ်သားတစုသည် ပဋိသန္ဓေကိစ္စကို ဆောင်ရွက်မိလျှင်၊ သူတို့သည်ပင် ဘဝင် ကိစ္စနှင့် စုတိကိစ္စကို ဆောင်ရွက်ကြသည်ဟု ဆိုလိုသည်။ တဖန် ပဉ္စဒွါရ ဝိထိ၌ (ဃ)သန္တီရဏကိစ္စ ဝိဘူတာရုံ, အတိမဟန္တာရုံ ဝိထိတို့၌ (င)တဒါရုံ ကိစ္စအားဖြင့် ၅—မျိုးသောကိစ္စတို့ကို အခွင့်အားလျော်စွာ ဆောင်ရွက်သည်။

(၂) သောမနဿ သန္တီရဏစိတ်သည် (က)သန္တီရဏကိစ္စ (ခ)တဒါရုံကိစ္စ၊ မနောဒွါရာဝဇ္ဇန်းသည် ဝုဋ္ဌောနှင့် အာဝဇ္ဇာန်းကိစ္စ ၂—မျိုးစီ ဆောင်ရွက်သည်။

(၃) မြင်သိ-ဒဿနကိစ္စ၊ ကြားသိ-သဝနကိစ္စ၊ နံသိ-ဃာယနကိစ္စ၊ စားသိ သာယနကိစ္စ၊ ထိသိ-ဖုသနကိစ္စ တမျိုးစီ သာလျှင် အာရုံသို့ လိုက်၍ ဆောင်ရွက်ကြသည်။

(၄) ပဉ္စဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စတမျိုးသာလျှင် ဆောင်ရွက်သည်။

(၅) ဟသိတုပ္ပါဒ် စိတ်သည် ဇောကိစ္စ တမျိုးသာလျှင် ဆောင်ရွက်သည်။

ဤသို့လျှင် သင်္ခါရလောက၏ ၁-ပဋိသန္ဓိ ၂—ဘဝင် ၃-စုတိ ၄-အာဝဇ္ဇန်း ၅—ဒဿန ၆-သဝန ၇—ဃာယန ၈-သာယန ၉—ဖုသန ၁၀—သမ္ပဋိစ္ဆန ၁၁—သန္တီရဏ ၁၂—ဝေါဋ္ဌဗ္ဗန ၁၃-ဇဝန ၁၄—တဒါရမ္မဏ....ကိစ္စ ၁၄-မျိုးကို အသီးသီး ဆောင်ရွက်ကြသည်။

အဆင်း,အသံ,အနံ့,အရသာ,အတွေ့ ဟူသော အာရုံ ၅-မျိုးသည် ဆိုင်ရာ ဆိုင်ရာ ရုပ်အကြည် ၅—မျိုး၌ ရှေ့ရှု ထင်ရှားလာသည်နှင့် တပြိုင်နက်၊ မနော အကြည်ဖြစ်သော ဘဝင် စိတ်၌လည်း ထင်ရှားလာသည်။ ထိုအခါတွင် စိတ် အစဉ်ကို ဖြတ်လျက်၊ ပဉ္စဒွါရာဝဇ္ဇာန်းစိတ် ပေါ်လာပြီးလျှင် ပဉ္စဒွါရာဝိထိ ဟူသော စိတ်အစဉ်ကို ဖြစ်ပေါ်စေသည်။ ဓမ္မာရုံသည် မနော အကြည်၌သာလျှင် ရှေ့ရှု ထင်ရှားလာသည်။ ထိုအခါ မနောဒွါရာဝဇ္ဇာန်း စိတ်သည် ဖြစ်ပေါ်လာ၍ မနော ဒွါရာဝိထိ ဟူသော စိတ်အစဉ်ကို ဖြစ်ပေါ်စေသည်။

ဤသို့လျှင် သင်္ခါရ လုပ်သားတို့သည် ဥပစယ အဟောင်းအသစ် ပြောင်းလဲခြင်း၊ ဝိထိ စိတ်အစဉ် အဟောင်းအသစ် ပြောင်းလဲခြင်းတို့ဖြင့်၊ သင်္ခါရ လောက ကိစ္စတို့ကို ဆောင်ရွက်နေကြသည်။ ဤအဟောင်းအသစ် ပြောင်းလဲသော လုပ်ငန်း သည် ရဟန္တာ၏ စုတိစိတ်ရောက်မှ ငြိမ်းပေတော့မည်။

## လောဘဖြင့် သင်္ခါရ လောက တည်ဆောက်ပုံ

ဆိုခဲ့ပြီးသော အကုသိုလ် အကျိုးသင်္ခါရ လုပ်သားတို့ ဖြစ်ပေါ်အောင် ဆောင်ရွက်ကြသော အကုသိုလ် အကြောင်းသင်္ခါရ လုပ်သားတို့ကို လေ့လာရန် အောက်ပါ စေတသိက်တို့ကို ရှေ့ဦးစွာ မှတ်သားပါ။

(၁) မောဟ =အမှောင်ခေါ်တ် အမှတ် လက္ခဏာ၊ အာရုံ သဘောမှန်ကို ဖုံးကွယ်သော လုပ်ငန်း။

(၂) အဟိရိက =မကောင်းမှုတို့ကို မစက်ဆုပ်သော အမှတ် လက္ခဏာ၊ ၎င်းတို့ကို ပြုလုပ်စေ့သော လုပ်ငန်း။

(၃) အနောတ္တပ =မကောင်းမှုကိုကို မလန့်သော အမှတ်လက္ခဏာ၊ ၎င်းတို့ကို ပြုရဲသော လုပ်ငန်း။

(၄) ဥဒ္ဓစ္စ =စိတ်၏ မငြိမ်းအေးသော အမှတ်လက္ခဏာ၊ မတည်မငြိမ်သော လုပ်ငန်း။

ဤစေတသိက် ၄-မျိုးသည် အကုသိုလ်စိတ်တိုင်း ပါဝင်ပေါင်းစပ်ကြသော ကြောင့်၊ ၎င်းတို့ကို 'အကုသိုလ် စိတ်တိုင်းပါ' 'စေတသိက်' 'မောစတုတ်' ဟု ခေါ်သည်။

(၅) လောဘ =အာရုံကို ဖမ်းယူသော အမှတ်လက္ခဏာ၊ ကပ်ငြိသော လုပ်ငန်း။

(၆) ဒိဋ္ဌိ =မသင့်သော သက်ဝင်ခြင်း အမှတ်လက္ခဏာ၊ စွဲမြဲသုံးသပ်သော လုပ်ငန်း။

(၇) မာန =ကြွတက်သော အမှတ်လက္ခဏာ၊မြှင့်တင်သော လုပ်ငန်း။

(၈) ထိန =အားမထုတ်သော အမှတ်လက္ခဏာ၊ အားထုတ်ခြင်းကို ပယ်သော လုပ်ငန်း။

(၉) မိဒ္ဓ =အမှုကိစ္စ၌ မသင့်တော်သော အမှတ်လက္ခဏာ၊ ဆုတ်နစ်သော လုပ်ငန်း။

ဤစေတသိက် ၉-မျိုးသည် လောဘလျှင်'မူလ'အခြေခံသော စိတ် ၈ -မျိုး၌ အသီးသီး ပေါင်းစပ်ပါဝင်ကြသည်။

## လောဘစိတ် ၈ မျိုးတို့သည်

(၁) သောမနဿသဟဂုတ်—ဒိဋ္ဌိသမ္ပယုတ်—အသင်္ခါရိက စိတ်တခု

(၂) ။ ။ သသင်္ခါရိက ။

(၃) ။ ဒိဋ္ဌိ ဝိပ္ပယုတ်—အသင်္ခါရိက ။

(၄) ။ ။ သသင်္ခါရိက ။

(၅) ဥပေက္ခာသဟဂုတ် =ဒိဋ္ဌိသမ္ပယုတ် —အသင်္ခါရိက စိတ်တခု
(၆) ။ ။ သသင်္ခါရိက ။
(၇) ။ ဒိဋ္ဌိဝိပ္ပယုတ် အသင်္ခါရိက ။
(၈) ။ ။ သသင်္ခါရိက ။

စိတ်တခုလျှင် ၃ ပိုင်းဖြင့် မှတ်သားထားသည်။ ပဌမပိုင်းမှာ ဝေဒနာ၊ ဒုတိယပိုင်းမှာ ဒိဋ္ဌိ ပါမ—ပါ။ တတိယပိုင်းမှာ တိုက်တွန်းမှု ရှိ—မရှိ ဖြစ်သည်။

သောမနဿသည် ဝမ်းမြောက်ဝမ်းသာ ခံစားသော ဝေဒနာ ဖြစ်သည်။
ဒိဋ္ဌိသမ္ပယုတ်သည် အမှားသက်ဝင်မှု ပါဝင်ခြင်း ဖြစ်သည်။
ဒိဋ္ဌိဝိပ္ပယုတ်သည် အမှားသက်ဝင်မှု မပါဝင်ခြင်း ဖြစ်သည်။
အသင်္ခါရိကသည် တိုက်တွန်းမှု မပါဝင်ခြင်း ဖြစ်သည်။
သသင်္ခါရိကသည် တိုက်တွန်းခြင်း မလွှဲသာခြင်း ဖြစ်သည်။

(၁) နံပါတ် လောဘစိတ်၌ အညသမာန်း စေတသိက် ၁၃၊ အကုသိုလ်စိတ်တိုင်းပါ စေတသိက် ၄၊ လောဘနှင့် ဒိဋ္ဌိစေတသိက် ၂၊ ဝိညာဏ် ၁၊ စုစုပေါင်း သင်္ခါရ လုပ်သား ၂၀—စုဝေးကြသည်။

(၂) နံပါတ်စိတ်၌ အထက်ပါ ၂၀ တွင် ထိနနှင့်မိဒ္ဓ ၂-ခုကိုထည့်၍ သင်္ခါရ လုပ်သား ၂၂ တို့ စုဝေးကြသည်။

(၃) နံပါတ်စိတ်၌ ဒိဋ္ဌိလည်းမပါ၊ ထိန နှင့် မိဒ္ဓတို့လည်းမပါ၍၊ ၂၂-တွင် ၃-နှုတ်၊ ကျန် ၁၉ -စုဝေးကြသည်။

(၄) ဤစိတ်၌ ၁၉-တွင် ထိန နှင့် မိဒ္ဓ ပေါင်း၍ ၂၁ -ဖြစ်သည်။

(၅) စိတ်၌ ဥပေက္ခာ ဝေဒနာဖြစ်၍ ပီတိနှုတ်သော အညသမာန်း ၁၁၊ မောစတုတ် ၄၊ လောဘ,ဒိဋ္ဌိ ၂၊ ဝိညာဏ် ၁၊ ပေါင်း=၁၈။

(၆) စိတ်၌ အညသမာန်း ၁၂၊ မောစတုတ် ၄၊ လောဘ,ဒိဋ္ဌိ ၂၊ ထိန,မိဒ္ဓ ၂၊ ဝိညာဏ် ၁၊ ပေါင်း=၂၁။

(၇) စိတ်၌ အညသမာန်း ၁၂၊ မောစတုတ် ၄၊ လောဘ ၁၊ ဝိညာဏ် ၁၊ ပေါင်း=၁၈။

(၈) စိတ်၌ အညသမာန်း ၁၂၊ မောစတုတ် ၄၊ လောဘ, ထိန,မိဒ္ဓ ၃၊ ဝိညာဏ် ၁၊ ပေါင်း=၂၀။

မှတ်ချက်။ ။မာန စေတသိက်သည် ဒိဋ္ဌိ ပပါသော စိတ်၌ တခါတရံ ပေါင်းစပ် ပါဝင်တတ်သည်။ ထိုအခါ မာနစေတသိက်သည် ဒိဋ္ဌိ အစားဖြစ်သည်။ လောဘ, ဒိဋ္ဌိ, မာန ဤတရား သုံးပါးသည် 'အသိ' ဝိညာဏ်ကို ချယ်လယ်သဖြင့် မမှန်သောအသိ၊ မကောင်းသော 'အသိ' ဖြင့် လောကကို ချဲ့ထွင်ကြသည်။ အာရုံနှင့် တွေ့ကြုံသောအခါ လောဘသည် အာရုံ၌ကပ်ငြိ၏။ ဒိဋ္ဌိက အာရုံသည် ငါ,သင်,သူ ဖြစ်သည်ဟု အာရုံသို့'အတ္တ' အရှိဖြင့် သက်ဝင်၏။ လောဘက တဖန် ဒိဋ္ဌိ သက်ဝင်သော ငါ,သင်,သူ ကိုပင် ကပ်ငြိပြန်၏။ လောဘဒိဋ္ဌိ ချယ်လှယ်သော အတိုင်း ဝိညာဏ်ကလည်း ငါ,သင်,သူဟု အသိ လုပ်တော့သည်။ ထိုအခါ သင်္ခါရလောက လုပ်သားတို့သည် ၎င်းတို့၏ ချယ်လှယ်ထားသော အာရုံကိုပင် အသိလုပ်ကာ သင်္ခါရလောကကို ချဲ့ထွင်ကြလေသည်။ မာနသည် ဤငါ, သင်,သူဟူသော မရှိအတ္တကို အခြေပြုလျက် ငါသာ သူယုတ်၊ သူသာ ငါယုတ်၊ ငါနှင့်သူ အတူတူသော အခြင်းအရာဖြင့် သံသရာကို ချဲ့ထွင်သည်။ ထို့ကြောင့် ၎င်း ၃—မျိုးကို ပပဉ္စ တရား ၃—ဟု ခေါ်သည်။ ဝေဒနာ ခံစားလျှင်လည်း သူ့, ငါ,သင် ခံစား၊ သညာ မှတ်သားလျှင်လည်း သင်, သူ့, ငါ မှတ်သား စသည်ဖြင့် ဝိညာဏ်၏ အသိ၌ သူငါတွေ ထကြွ ပွက်လောရိုက်ကြ လေသည်။

ဒိဋ္ဌိအမှားသက်ဝင်တိုင်းသော အာရုံကို လောဘကလည်း မလွတ်တမ်း ကပ်ငြိတွယ်တာလေရာ၊ သင်္ခါရလုပ်သားတို့၏ လောကသည် အတိုင်းမသိကျယ်ပြန့်သွားလေသည်။ သင်္ခါရလောက ကျယ်ပြန့်တိုင်း သတ္တလောကလည်း အတိုင်းမသိကျယ်ပြန့်ရသွားလေသည်။ လောဘသည် အတ္တဝါဒ အခြေခံဖြင့် သင်္ခါရစေတနာကို ကပ်ငြိသဘောဖြင့် အထောက်အပံ့ ပေးလေရာ၊ အမှောင်ခါတ် မောဟ၏ အရိပ်အောက်မှာ စေတနာသည် ကမ္မဝဋ်လုပ်ငန်းအတွက်၊ ကျန်သင်္ခါရလုပ်သားတို့ကို လှုံ့ဆော်လေသည်။ ကမ္မဝဋ် ဖြစ်ပေါ်ရေး အတွက် သင်္ခါရ လုပ်သားတို့သည် ရှေ့ဦးစွာ မနောသင်္ခါရစိတ် အစဉ်လှုပ်ရှားမှု၊ ဝစီဝိညတ္တိဒသက တေရသက ကလာပအစဉ်ဖြင့် 'ဝစီသင်္ခါရ' လှုပ်ရှားမှု၊ ကာယဝိညတ္တိနဝက ဒွါဒသက ကလာပအစဉ်တို့ 'ကာယသင်္ခါရ' လှုပ်ရှားမှုတို့ကို ဆောင်ရွက်လျက် ကမ္မဝဋ်ကို စတင် တည်ဆောက်ကြသည်။

ဤလောဘ ခေါင်းဆောင်သော စိတ် ၈-မျိုးသည် ရှေ့ဦးစွာ သင်္ခါရ ၃-မျိုးအဆင့်အတန်း ကမ္မ၊ ထိုမှတက်၍ အဘိသင်္ခါရ ၃-မျိုးအဆင့်အတန်း ကမ္မ၊ ထိုမှ

ကမ္မဘဝ အဆင့်အတန်း ၃–မျိုးဟု ကံ သဘာဝကို တဆင့်ထက် တဆင့် ရင့်ကျက်အောင် ဆောင်ရွက်ပေမည်။

ဥပမာ-မိမိ၏ အိမ်သူအိမ်သား ပစ္စည်း ဥစ္စာများကို အာရုံပြုလျက် ပြကတေ့ ရိုးသားသော စိတ်အစဉ်ဖြင့် စဉ်းစားနေ၏၊ ထိုစဉ်းစားသော စိတ်အစဉ်သည် မနောသင်္ခါရဖြစ်၏။ သားသမီးကို နှုတ်ဖြင့်ပြောခေါ်၏၊ ထိုအခါ ဝစီသင်္ခါရသည် ဖြစ်ပေါ်၏။ လက်ယပ်ခေါ်၏၊ လှမ်းဆွဲငင်၏၊ ထိုအခါ ကာယသင်္ခါရ ဖြစ်ပေါ်၏။ သားသမီးကို ချစ်ခင်သော လောဘစိတ် တမျိုးမျိုးဖြင့် ဆင်ခြင် စဉ်းစားသော စိတ်သည် အကုသိုလ် စိတ်ကား ဖြစ်သည်။ ထိုအကုသိုလ် လောဘစိတ်က ဖန်တီးပေးလိုက်သော ကာယနှင့် ဝစီသင်္ခါရတို့ ကံလည်း ဖြစ်ကြသည်။ ကံမျိုးစေ့ကား မယ်မယ်ရရ မဟုတ်ပေ။ မျိုးစေ့ မကျမပေါ် မရောက်သေးသော ကံဟု ဆိုလိုသည်။ လောဘ စိတ်ဖြစ်၍ ကံမျိုးစေ့ဖြစ်လျှင် အကုသိုလ် ကံမျိုးစေ့ ဖြစ်ပေါ်ရမည်။ ကံဟူသမျှ သင်္ခါရ ၃-ပါးတို့၏ အမှုအရာ တို့သာ ဖြစ်သောကြောင့် ကံဟု ဆိုနိုင်လေသည်။

ဤသို့လျှင် အကုသိုလ်စိတ်, ကုသိုလ်စိတ်တို့သည် သင်္ခါရ ၃-ပါးဖြင့်သာလျှင် ဝဋ်ကို စတင် တည်ဆောက်ကြသည်။ အကြင်အခါ သားသမီး, ပစ္စည်း ဥစ္စာစသည်တို့၌ ချည်နှောင်ထားသော သံယောဇဉ်ကြိုးသည် အကြောင်းအခွင့် အားလျော်စွာ တင်းမာခိုင်တောင့်လာသည်။ ထိုအခါ သင်္ခါရရိုးရိုး အမှုအရာ အဆင့်ဆင့်မှ အဘိသင်္ခါရ အဆင့်အတန်း အမှုအရာသို့ စိတ်အစဉ် တက်ရောက်လာသည်။

ကြိုးသို့သည် နှစ်ဖက်အစွန်းရှိ၍ တဖက်အစွန်းဖြင့် နွားစသည်ကို ချည်နှောင်လျက်၊ ကျန်တဖက် အစွန်းဖြင့် တိုင်ကို ချည်နှောင်ထားသကဲ့သို့၊ လောဘဒိဋ္ဌိ စသော သံယောဇဉ် ကြိုးတို့သည် ငါ့သားသမီး,ငါ့ပစ္စည်းဥစ္စာဟူသော 'အတ္တနိယ' ဝတ္ထုများကို တဖက်အစွန်းဖြင့် ချည်နှောင် ထားလျက်၊ ကျန်တဖက် အစွန်းဖြင့် ငါဟူသော 'အတ္တ'အသိ၌ ချည်နှောင်ထားလေသည်။ အကြင်အခါ ထိုသံယောဇဉ်ကြိုးများ တင်းမာလာလျှင်၊ ငါဟူသော 'အတ္တ'သိစိတ် အစဉ်တို့သည် ထကြွသောင်းကျန်းလာကြ၍၊ ဒုစရိုက် သုစရိုက်ဟူသော ကောင်းမှု ဆိုးမှုတို့ကို အဘိသင်္ခါရ အမှုအရာဖြင့် ဆောင်ရွက် ကြသည်။ ထိုသို့ စတင်ဆောင်ရွက်သော စိတ်အစဉ်၌ ကံမျိုးစေ့ ကျရောက်လျက် တကြိမ်ထက်တကြိမ် မျိုးစေ့ ရင့်ကျက်မှု တိုးတက်လာသည်။ တခါတရံ ဤကံမျိုးစေ့ကိစ္စ ပြည့်ပြည့် စုံစုံ ဖြစ်ပြီးလျှင်၊ 'ကမ္မဘဝ' အမည်ဖြင့် ဇာတိဟူသော ဘဝအသစ်ကို တည်ဆောက် ပေးနိုင်လေသည်။ ကံမျိုးစေ့ သဘော တရားသည် သစ်ပင်များ၏ မျိုးစေ့ ဖြစ်ပေါ်ပုံနှင့် တူသည်။

ဥပမာ—ကမ္ဘာဦး၌ အစဆုံး ပေါက်ရှင်လာသော သစ်ပင်တို့သည် မျိုးစေ့ဟူ၍ မရှိကြ။ ဓါတ်ပေါင်းစုကို အခြေပြုလျက်၊ အညွှာက်,ပင်စည်, အကိုင်း,အခက်, အလက်,အရွက်တို့ဖြင့် စည်ပင်ထွန်းကား လာကြသည်။ မြေ,ရေ,လေ, နေပူ စသည်တို့၏ အထောက်အကူဖြင့် သစ်ပင်ဓါတ်တို့ ရင့်ကျက်မှု ပြည့်စုံလာသောအခါ၊ များသောအားဖြင့် အပွင့်တို့သည် ရှေ့ဦးစွာ ပေါ်ထွက် ထင်ရှားလာကြသည်။ အပွင့်သဘော၏ အဓိပ္ပါယ်မှာ အသီးသီးနိုင်၍ သူနှင့်တူညီသော အပင်အသစ်တို့ ဖြစ်ပေါ်နိုင်သော မျိုးစေ့ကို မွေးထုတ်နိုင်အောင် အင်အားသတ္တိ ပြည့်စုံပါပြီဟု ပေါ်ပြသော အဓိပ္ပါယ်ဖြစ်သည်။ မိန်းကလေး အရွယ်ရောက်စ ရှေ့ဦးစွာ ရာသီပန်းပွင့်ခြင်းသည်လည်း သားသမီးမျိုးစေ့ကို မွေးထုတ်နိုင်သော အင်အားသတ္တိနှင့် ပြည့်စုံသော အချိန်ရောက်ပြီဟု ပေါ်ပြခြင်း ဖြစ်လေသည်။

မျိုးစေ့သည် အပွင့်ကို အစွဲပြုလျက် သီးကင်း၊ သီးကင်းမှ သီးနု၊ သီးနုမှ သီးရင့်၊ သီးရင့်မှ သီးမှည့် တိုင်အောင် အဆင့်ဆင့် ရင့်ကျက်ရသကဲ့သို့ ကံမျိုးစေ့သည်လည်း ဤနည်းဖြင့် ရင့်ကျက် လာကြရသည်။ အပွင့်မှသီးနုအထိ သစ်ပင်မျိုးစေ့ဟူ၍ မထင်ရှား၊ မယ်မယ်ရရ မရှိသေးပေ။ သီးနုမှ သီးရင့်သို့ ရောက်လျက် ပျက်စီးသွားသော အသီးငယ်တို့လည်း မရေမတွက်နိုင်ပေ။ သီးရင့်မှ သီးမှည့်သို့ ရောက်ပါမူကား အသီးများ ကွယ်ပျောက် ပျက်စီးသွားသော်လည်း၊ မျိုးစေ့များမှာ ကျန်ရစ်နေကြရလေသည်။ ထို့အတူ အာရုံနှင့် တွေ့ကြုံ၍ မြင်,ကြား,နံ,လျက်, ထိ,သိ စသော အပွင့် ၆ မျိုးတို့ စတင် ပေါ်လာယင်း အပွင့်မှ ပစ္စုပ္ပန် အကြောင်းတရားဖြစ်သော 'ဇော သီးကင်း တို့သည် သင်္ခါရလောက၌ ထင်ရှား လာကြသည်။ ထိုသီးကင်း 'ဇော' အခြေအနေမှ မနောသင်္ခါရ သီးနု၊ ဝစီသင်္ခါရ သီးနု၊ ကာယသင်္ခါရ သီးနုတို့သို့ ရောက်လာကြသည်။ သီးကင်းမှ သီးနု တိုင်အောင် ကာလအတွင်း၌ သီကင်း သီးနုတို့ ပေါ်လွင်ထင်ရှားနေကြသော်လည်း၊ ကံမျိုးစေ့ မကျရောက် မပေါ်လာသေးပေ။ သို့သော် သီးကင်းကို လွှတ်၍လည်း သီးနု မဖြစ်နိုင်၊ သီးနုသို့ မရောက်ဘဲလည်း သီးရင့်မဖြစ်နိုင်ပေ။

ထို့ကြောင့် ပစ္စုပ္ပန် အကြောင်းတရား 'ဇော' သီးကင်းမှ စ၍ သင်္ခါရ ၃ မျိုးကို ထင်ရှားအောင် ဖန်တီး ဆောင်ရွက်ကြသော ဇောစိတ်အစဉ်၌ မျိုးစေ့မထင်ရှားပေ။ ကံကား ရှိပါသည်။ ထိုကံမျိုးသည် အတ္တိကမ္မ နတ္ထိကမ္မဝိပါကောဌ ပါဝင် ပေါင်းစပ်နေသော ကံမျိုး ဖြစ်နေ ပေလိမ့်မည်။ ကံမျိုးစေ့ကို 'အဘိသင်္ခါရ'အဆင့်ဖြင့် စတင် ဖြစ်ပေါ်ပုံကို ဆင်ခြင်ဖွဲ့စားရန် ပြဆိုခဲ့ပြီး။ ကံအကြောင်း ပြဆိုသော အခန်း၌ ဆက်လက် ဖေါ်ပြပါဦးမည်။

## အတ္တ ဒိဋ္ဌိနှင့် တဏှာ ၃ မျိုး

အကြင်အခါ ကျွန်ုပ်တို့သည် လူမရှိသော အိမ်အတွင်းသို့ ရောက်၍ စားပွဲပေါ်၌ စိန်, ရွှေ စသော ဝတ္ထုပစ္စည်းတို့ကို တွေ့မြင်အံ့။ ထိုအခါ စိန်, ရွှေ ဟူသော ကာမဝတ္ထုကို တပ်နှစ်သက်သော လောဘနှင့်တကွ 'သိစိတ်' အစဉ်ဖြစ်သည်။ ထိုသိစိတ်အစဉ်၌ ပါဝင်သော လောဘသည် ကာမတဏှာဖြစ်သည်။ ကာမဝတ္ထု သက်သက်ကိုသာလျှင်၊ နှစ်သက်တပ်မက် နေပေးသည်။ ထိုနောက် ဤ စိန်, ရွှေတို့သည် သူ၏ ဥစ္စာဖြစ်သည်၊ ငါ၏ ပစ္စည်းမဟုတ်ဟူသော သိစိတ်အစဉ်ဖြစ်သည်။ ဤအစဉ်၌ လောဘ နှင့် အတူပါသော ဒိဋ္ဌိသည် 'သူ, ငါ' ဟူသော အတ္တဝါဒကို ဖြန့်ပေး မွေးထုတ်လိုက်သည်။ ဤ၌ အတ္တဒိဋ္ဌိနှင့် ယှဉ်သော လောဘသည် သူ၏ပစ္စည်းဟူသော အတ္တနိယကိုပင် စွဲမက်နေပြန်သည်။ ထိုနောက် သူပိုင်ပစ္စည်းကို ငါရချင်သည် ဟူသော 'အဘိဇ္ဈာ' စိတ်အစဉ် ဖြစ်ပေါ်လာသည်၊ ဝိသမ လောဘစိတ် ခေါ်သည်။ သူ့ပစ္စည်းကို ငါရချင်လျှင်၊ ငါခိုးမှ ငါရမည် ဟူသော စိတ်အစဉ် ပေါ်လာပြန်သည်။ ဤစိတ်အစဉ်၌ တရားကိုယ်မရှိသော ခိုးသူငါနှင့် ရမည့်သူ ငါ ဟူသော အတ္တတို့ တခုတည်းသာ ဖြစ်သည်ဟု ကပ်ငြိသိဖြင့် 'အသိ' လုပ်သည်။ ထိုအသိသည် သဿတဒိဋ္ဌိနှင့် ယှဉ်သော တဏှာသိ ဖြစ်လေသည်။ တဖန် ဘယ်သူမှ မရှိ၍ ခိုးပြစ်ကို ခံရမှာ မဟုတ်ဟု အသိပေါ်ပြန်သည်။ ဤအသိ၌ ခိုးသူ ငါကားရှိသည်၊ ခံရမည့် ငါမရှိ ဖြစ်နေသည်။ ဤအသိသည် ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော တဏှာသိ ဖြစ်လေသည်၊ ခံရမည့် ငါ ဟူသော အတ္တ ပြတ်သွားသည်။

ဤသို့လျှင် အာရုံ ၆-မျိုးကို အစွဲပြုကာ ကာမဝတ္ထု သက်သက်ကို ကပ်ငြိသော ကာမတဏှာ၊ ငါခိုးမှ ငါရမည်ဟု သဿတနှင့်တကွ ခိုးမှုဘဝကို ကပ်ငြိနေသော ဘဝတဏှာ၊ ခိုးသာခိုး ဘာမျှဖြစ်မှာ မဟုတ်ဟူသော တဖက်ပြတ် ဥစ္ဆေဒနှင့် တကွ ခိုးမှုဘဝကို ကပ်ငြိသိနေသော ဝိဘဝတဏှာတို့သည် နေ့စဉ်နေ့တိုင်း မကြာမကြာ ဖြစ်ပေါ်နေလေသည်၊ ထိုတဏှာ ၃ မျိုးတို့သည်ပင် သင်္ခါရ ၃ မျိုး, အဘိသင်္ခါရ ၃ မျိုးတို့ ဖြစ်ပေါ်အောင် ဆောင်ရွက်နေကြသည်။

သတ်,ခိုး,ကြူး,လိမ်,သောက် ဟူသော ငါးပါးသီလ ကံငါးပါးတို့ကိုလည်း ဤ တဏှာ ၃ မျိုးသည်ပင် ကိုယ်တိုင်ပါဝင်သော ဟေတု သဟဇာတ သတ္တိတို့ဖြင့် အထောက်အကူပြုကာ ဆောင်ရွက်ကြသည်။ သတ်,ဟူသော ကမ္မဘဝအတွက် တဏှာ ဒိဋ္ဌိတို့ကိုယ်တိုင် ပါဝင်ခြင်း မရှိသော်လည်း၊ အားကြီးသော ဥပနိဿယသတ္တိဖြင့် ကမ္မဘဝ ဖြစ်မြောက်အောင် အားပေးကူညီ ကြလေသည်၊ ဤနည်းဖြင့် လောဘစိတ် ၈-မျိုးသည် တမျိုးမျိုးဖြင့် သင်္ခါရအမှုအရာ, အဘိသင်္ခါရ အမှုအရာတို့ကို ပေါ်

လွင်ထင်ရှားစေလျက် 'ကမ္ဘာဝ' အဆောက်အအုံကြီးကို သခ်ါရလောက၌ တည်ဆောက်ကြလေသည်။

## ဒေါသစိတ်ဖြင့် သခ်ါရလောက တည်ဆောက်ပုံ

ဒေါသစိတ်ဖြစ်ပုံကို မလေ့လာမီ အောက်ပါ စေတသိက် ၄—မျိုးကို နှုတ်ရကျက်ထားပါ။

(၁) ဒေါသ = ကြမ်းကြုတ်ခြင်း အမှတ်လက္ခဏာ၊ အာရုံနှင့် ပြင်းထန်စွာဆက်ဆံခြင်း လုပ်ငန်း ရသ။

(၂) ဣဿာ = သူတပါး၏ ပြည့်စုံမှုကို မနာလိုသော အမှတ် လက္ခဏာ၊ သူတပါး ပြည့်စုံမှုအတွက် မပျော်မွေ့သော လုပ်ငန်း ရသ။

(၃) မစ္ဆရိယ = မိမိ၏ ပြည့်စုံမှုကို လျှို့ဝှက်သော အမှတ်လက္ခဏာ၊ မိမိပစ္စည်းကို သူတပါးနှင့် မဆက်သွယ်လိုသော လုပ်ငန်း ရသ။

(၄) ကုက္ကုစ္စ = ပြုခဲ့သော မကောင်းမှု, မပြုခဲ့သော ကောင်းမှု အတွက် နောင်တ ပူပန်သော အမှတ် လက္ခဏာ၊ အဖန်တလဲလဲ စိုးရိမ်သော လုပ်ငန်း ရသ။

ဤစေတသိက် ၄-မျိုးသည် ဒေါသစိတ်နှင့်ဆိုင်သော စေတသိက်များ ဖြစ်ကြသည်။ ဒေါသစိတ်သည်....

(၁) ဒေါမနဿ သဟဂုတ်—ပဋိဃသမ္ပယုတ် အသခ်ါရိက စိတ်တခု

(၂) „ „ သသခ်ါရိက စိတ်တခု

ဟု ၂-မျိုးပင် ဖြစ်သည်။ ဒေါမနဿ ဆိုသည်မှာ နှလုံးမသာယာခြင်း၊ စိတ်ဝမ်းငယ်ခြင်း၊ စိုးရိမ်ပူဆွေးခြင်းဖြင့် ခံစားရသော ဝေဒနာ ဖြစ်သည်။ ပဋိဃသမ္ပယုတ်မှာ အာရုံတွေ့ကြုံခိုက် ကြမ်းကြမ်းတမ်းတမ်း ဆက်သွယ်ခြင်းကို ခေါ်သည်။ အသခ်ါရိကနှင့် သသခ်ါရိကတို့မှာ တိုက်တွန်းမှု မရှိခြင်း-ရှိခြင်းဖြစ်သည်။

ဤစေတသိက် ၄—မျိုးတွင် ဒေါသ စေတသိက်သည် ကျန် ၃-မျိုးမပါဘဲ သူချည်းသက်သက် စိတ်နှင့် ပေါင်းစပ်နိုင်သည်။ ဥပမာ-လမ်းသွားလျက် ခလုတ်တိုက်

မိသောအခါ တိုက်မိသောခလုတ်ကို အမျက်ထွက်သည်။ ထိုစိတ်၌ ဒေါသသာလျှင် ပါဝင်ပေါင်းစပ်သည်၊ ကျန် ၃-မျိုး မပါဝင်ချေ။ နေပူလွန်း၍ အမျက်ထွက်ခြင်း၊ မိုးရွာလွန်း၍ အမျက်ထွက်ခြင်း၊ ချမ်းလွန်း လေလွန်း၍ အမျက်ထွက်ခြင်း တို့၌လည်း ဤ နည်း ပင် ဖြစ် သည်။ ဤသို့သော ဆိုးစိတ်ကို 'အဠာန ကောပ' ခေါ်သည်။ အကြောင်းမဟုတ် အရာမဟုတ် ထွက်သောအမျက်ဟု ဆိုလိုသည်။

တခါတရံ မနာလိုသောစိတ်, ငြူစူသောစိတ် ဖြစ်၏။ ထိုစိတ်၌ ဒေါသနှင့် ဣဿာ ၂—မျိုးပါဝင်သည်။ ကျန် ၂—မျိုး မပါဝင်ချေ။ တခါတရံ မပေးလိုသော စိတ် နှမြောသော စိတ် ဝန်တိုသော စိတ် ဖြစ်၏။ ထိုစိတ်၌ ဒေါသနှင့် မစ္ဆရိယ ၂-မျိုးပါဝင်သည်။ ကျန် ၂-မျိုး မပါဝင်ချေ။ တခါတရံ နောင်တ ပူပန်စိတ် ဖြစ်၏၊ ထိုစိတ်၌ ဒေါသနှင့် ကုက္ကုစ္စ ၂-မျိုး ပါဝင်သည်၊ကျန် ၂—မျိုး မပါဝင်ကြပေ။ ဒေါသ မှတပါး ကျန် စေတသိက် ၃—ပါးသည် တချိန်စီ ဒေါသနှင့် ပေါင်းစပ် ကြသည်။ ထိုကြောင့် ဒေါသမရှိလျှင် ကျန် စေတသိက် ၃—မျိုး မပေါ်နိုင်တော့ပေ။

၁ နံပါတ်စိတ်၌ ဝိညာဏ်—၁၊ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂၊ မောစတုတ်—၄၊ ဒေါသ—၁၊ ပေါင်း=၁၈ -သည် အဠာန ကောပ၌ ဖြစ်ကြသည်။ မနာလိုစိတ် ဖြစ်လျှင် ဣဿာထည့်၊ နှမြောဝန်တိုစိတ် ဖြစ်လျှင် မစ္ဆရိယထည့်၊ နောင်တ ပူပန်လျှင် ကုက္ကုစ္စ ထည့်၍ ဆိုင်ရာ စေတသိက် တခုစီတိုးပါ၊ ၁၉ -မျိုး ဖြစ်သည်။

၂ နံပါတ်စိတ်၌ ဝိညာဏ်-၁၊ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂၊ မောစတုတ်—၄၊ ဒေါသ—၁၊ ထိန,မိဒ္ဓ-၂၊ စုစုပေါင်း=၂၀—ပေါင်းစပ်ကြသည်။ ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စတို့ တခုစီ ပါဝင်လျှင် ၂၁—ဖြစ်သည်။

ဤစိတ်၂-မျိုးမှာ ဒေါသ ခေါင်းဆောင်ဖြစ်သည်။ မိမိတို့၏ သိစိတ်၌ ဒေါသ ပေါင်းစပ်လာလျှင် လူ၏ ယဉ်ကျေးမှု အာလုံးကို အကုန် ဖျက်ဆီးပစ်တော့သည်။ စိတ်ဆိုးခံရသူကို ထားဦး၊ မိမိ၏ 'သိ'စိတ်အစဉ်ကို ဒေါသမီးသည် စွမ်းသလောက် ပူလောင်စေသောကြောင့် နှလုံး မသာယာခြင်း၊ စိတ် မပျော်မွေ့ခြင်း စသော ဆင်းရဲမှုကို မိမိက အလျှင်ခံယူနေရသည်။တဖက်ကပြုံးလျက် သည်းခံနေလျှင်၊မိမိ၏ ဒေါသသည် တဖက်သူသို့ အကျိုးမသက်ရောက်တော့ပေ။ မိမိမှာမူကား ပူလောင် ခြင်း ဒုက္ခကို ခံစားနေရလေပြီ။ အကယ်၍ တဖက်က ပြန်၍ ဒေါသဖြစ်လျှင်လည်း မိမိမှာ အဆဲခံရမည်၊ အရိုက်အနှက်ခံရမည်။ တဖန် မိမိက ပြန်၍ဆဲမည်, ရိုက်မည် ဖြစ်သည်။နောက်ဆုံး၌ ရုံးပြင်ကနားသို့ ရောက်၍ ၂—ဖက်စလုံး၌ ဝမ်းမြောက်မှုကင်း လျက် ငွေကုန်လူပန်းခြင်း ဖြစ်ကြရလေသည်။ ဒေါသဖြစ်လျှင် မိမိလက်ဖြင့် မီးခဲကြီး

ကိုင်လျက် သူတပါးကို ပေါက်သည်နှင့် တူသည်ဟု ပညာရှိတို့က မှာထားခဲ့ကြသည်၊ အပေါက်ခံရသူကို မီးခဲထိမှု မထိမှုမှာ မသေချာ၊ မိမိလက်ကို မီးခဲပူလောင်နေရစ် ခဲ့သည်မှာ သေချာလေသည်။

လောဘဖြစ်လျှင်ကား ကာမ အာရုံများနှင့် ကာမဝတ္ထုများကို အခွင့်အား လျော်စွာရမည်ဖြစ်၍ တော်သေး၏။ ဒေါသဖြစ်လျှင်ကား ကာမအာရုံနှင့်ဝတ္ထုတို့ကို မရသည့်အပြင်၊ရပြီးသားကာမအာရုံနှင့်ဝတ္ထုတို့လည်း ဆုံးပါးမည်သာဖြစ်လေသည်။ ဗုဒ္ဓကိုယ်တော်သည် လောဘပေါင်းစပ်သော သိစိတ်အကျင့်ကို ကာမ သုခလ္လိကာ နုယောဂအကျင့်၊ ဒေါသပေါင်းစပ်သော သိစိတ်အကျင့်ကို အတ္တကိလမထာ နုယောဂ အကျင့်ဟု ဖော်ပြ ဆုံးမတော်မူခဲ့သည်။

## မောဟစိတ် သင်္ခါရလောက တည်ဆောက်ပုံ

မောဟစိတ် ၂—မျိုးအတွက် အကုသိုလ် စေတသိက် ၁၄—မျိုးတွင် ၁၃—မျိုး ပြဆိုခဲ့ပြီး၍ တမျိုးသာလျှင် ကျန်တော့သည်။

ဝိစိကိစ္ဆာ = အာရုံ၌ ယုံမှားသော အမှတ်လက္ခဏာ၊ မဆုံးဖြတ် နိုင် သောလုပ်ငန်း ရသ။

**မောဟစိတ် ၂-မျိုး**

(၁) ဥပေက္ခာ သဟဂုတ်—ဥဒ္ဓစ္စ သမ္ပယုတ်စိတ်။

ဤစိတ်၌ ဝိညာဏ်-၁၊ ပီတိနှင့် ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ၁၁၊ မောစတုတ် -၄၊ ပေါင်း=၁၆-ပေါင်းစပ်ကြသည်။ ဤစိတ်၌ မောဟသည် မိမိ၏ တဦးတည်း အခြေခံသဘောဖြင့် ဝိညာဏ်နှင့် စေတသိက်တို့ကို အားပေးအထောက် အကူပြုသည်။ ဥဒ္ဓစ္စစေတသိက်သည်လည်း တဦးတည်းသော မောဟ၏ အမှောင်ဒါတ် ကိုသာလျှင် ယှဉ်တွဲရသဖြင့် ပျံ့လွင့်သော သဘော လွှမ်းမိုးလျက် ဖြစ်လေသည်။ ထို့ကြောင့် ထိုစိတ်၌ပါဝင်သော စေတနာကံသည် ဘဝအသစ် ဟူသော ပဋိသန္ဓေ အကျိုးကို မပေးနိုင်၊ ပဝတ္တိခေါ်သော ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ အကျိုးတို့ကို ပေါက်ပွါး စေနိုင်သည်။

(၂) ဥပေက္ခာသဟဂုတ်—ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်။

ဤစိတ်၌ ဝိညာဏ်-၁၊အဓိမောက္ခ ပီတိ,ဆန္ဒကြဉ်သော အညသမာန်း စေတ သိက်-၁၀၊ မောစတုတ် -၄၊ ဝိစိကိစ္ဆာစေတသိက် -၁၊ ပေါင်း=၁၆—ပေါင်းစပ်ကြ

သည်။ ဝိစိကိစ္ဆာကား—သံသယယုံမှား၊ အဓိမောက္ခကား—ဆုံးဖြတ်သမား ဖြစ်၍ ဆန့်ကျင်သောကြောင့် အဓိမောက္ခ မပါဝင်ပေ။

ဤသို့လျှင် လောဘ,မောဟ အခြေခံသော လောဘမူစိတ်—၈

ဒေါသ,မောဟ အခြေခံသော ဒေါသမူစိတ်-၂

မောဟ တခုတည်း အခြေခံသော မောဟမူစိတ်-၂

ပေါင်းအကုသိုလ်စိတ်၁၂ မျိုးသည်အကုသိုလ်သင်္ခါရလောကကိုတည်ဆောက်ကြသည်။ သင်္ခါရလောက တည်ဆောက်သော အကုသိုလ်သင်္ခါရ စေတသိက်တရားတို့သည် အညသမာန်း ၁၃၊ အကုသိုလ် စေတသိက် ၁၄၊ ဝိညာဏ်နှင့် ပေါင်းလျှင် ၂၈—သာလျှင်ဖြစ်၍၊ စိတ်ပေါင်း ၁၂ မျိုးကို တည်ဆောက်ကြသည်။ အကုသိုလ် စေတသိက် ၁၄ တွင် လောဘ, ဒိဋ္ဌိ, မောဟ ၃—ခုသည် အချင်းချင်း ဆက်သွယ် အားပေးကူညီ ထောက်ပံ့ခြင်းဖြင့် အလိုလို ယိုစီးထွက်ကျတတ်၍ အာသဝ သင်္ခါရ လုပ်သားတို့ကို ငြိတွယ် ယှဉ်စပ် ပူးကပ်တတ်၍ ယောဂ ကာမဓါတ် သင်္ခါရ လုပ်သားတို့ကို မကောင်းရာသို့ ဆွဲငင်နှစ်သတ်တတ်၍ ဩဃ ဟူသောအမည်၃ မျိုးဖြင့် ထင်ရှားသည်။ လောဘ,ဒေါသ,ဒိဋ္ဌိ ၃ မျိုးသည် မနောကမ္မဘဝကို တည်ဆောက်ရာ၌ ကံမျိုးစေ့ ရင့်ကျက်အောင် ဆောင်ရွက်ပုံ နည်းအမျိုးမျိုးဖြင့် စုပေါင်းထုံးဖွဲ့ ပေးတတ်သောကြောင့် ကာယဂန္ထဟု ထင်ရှားသည်။ ကာယ-နာမ်တရားစုကို၊ ဂန္ထ-ထုံးဖွဲ့ခြင်း။

သတ္တဝါတို့၌ နေ့စဉ်နေ့တိုင်း ကာမအာရုံ ငါးမျိုးနှင့် မနောအာရုံတမျိုး၊ ဤ၆—မျိုးသော အာရုံတို့နှင့် တွေ့ဆုံကြုံကြိုက်၍ မြင်,ကြား,နံ,လျက်,ထိ,သိ ဟူသော သိစိတ် သင်္ခါရ တရားတို့ ဖြစ်ပေါ်နေကြသည်။ (က)မြင်ချင်စိတ် (ခ)မမြင်ချင်စိတ် (ဂ)အမှတ်မဲ့စိတ် ၃—မျိုးတွင် တမျိုးမျိုးသည် ဆက်လက်ပေါ်လာသည်။ မြင်ချင်စိတ်သည် လောဘစိတ် အစဉ်ဖြစ်သည်။ မမြင်ချင်စိတ်သည် ဒေါသစိတ် အစဉ်ဖြစ်သည်။ အမှတ်မဲ့ စိတ်သည် မောဟစိတ်အစဉ် ဖြစ်သည်။ မြင်ချင်သော မနောသင်္ခါရစိတ် အမူအရာတို့သည် ရှေ့ဦးစွာ ထင်ရှားလာသည်။ မနောသင်္ခါရ စိတ်အမူအရာ ထကြွသောင်းကျန်းသော စိတ်အစဉ်သည် နှုတ်အမူအရာ ပေါ်လာအောင် ဝစီဝိညတ္တိ ကလာပတို့ကို ဖန်တီးလျက် မြင်ရအောင် နှုတ်ဖြင့် ပြောဆို ဆောင်ရွက်သည်။ (သို့မဟုတ်) ကိုယ်အမူအရာ ပေါ်လာအောင် ကာယဝိညတ္တိ ကလာပတို့ကို ဖန်တီးလျက် မြင်ရအောင် သွားလာပြုလုပ် ဆောင်ရွက်သည်။

မမြင်ချင်လျှင် မမြင်ချင်သော မနော သင်္ခါရစိတ် ထကြွသောင်းကျန်းနေသည်။ ထိုစိတ်သည် ဝစီဝိညတ္တိ ကလာပတို့ကို ဖန်တီးလျက်၊ မမြင်ရအောင် ဆောင်

ရှက်သည်။ သို့မဟုတ် ကာယဝိညတ္တိ ကလာပတို့ကို ဖန်တီး၍ မမြင်ရအောင် သွားလာ လုပ်ကိုင် ဆောင်ရွက်လေသည်။

အမှတ်မဲ့ ဖြစ်ပေါ်လျှင် အာရုံကို မှတ်မှတ် သားသား မသိသော အသိ ဖြစ်သည်။

မြင်ချင်စိတ်၌ ဝမ်းမြောက်သော သောမနဿနှင့် ဥပေက္ခာ ဝေဒနာ ထင်ရှားသည်။ မမြင်ချင်စိတ်၌ နှလုံးမသာယာသော ဒေါမနဿဝေဒနာ ထင်ရှားသည်။ အမှတ်မဲ့စိတ်၌ လစ်လျူခံစားသော ဥပေက္ခာ ဝေဒနာ ထင်ရှားသည်။ မြင်သိကို စွဲ၍ ဝေဒနာ ၃–မျိုးဖြင့် ကွဲပြားသော စိတ် ၃ မျိုး၊ ကြားသိကို စွဲ၍ ၃–မျိုး၊ နံ့သိကိုစွဲ၍ ၃–မျိုး၊ လျှက်သိကိုစွဲ၍ ၃ မျိုး၊ ထိသိကိုစွဲ၍၃–မျိုး၊ ကြံသိကိုစွဲ၍ ၃–မျိုးဖြင့် စိတ်ပေါင်း=၂၁–မျိုးတို့ ဖြစ်ပေါ်ကြသည်။

ထို ၂၁–မျိုးသော စိတ်တို့သည် အကုသိုလ်ကံတို့ကို သီးကင်းမှ သီးနု၊သီးနုမှ သီးရင့်၊ သီးရင့်မှ သီးမှည့်သို့ ပို့ပေးကြသကဲ့သို့ အနု အရင့် အမှည့် ဟူသော ကမ္မဘဝ အဆောက်အအုံသို့ ပို့ပေးနေကြလေသည်။ သင်္ခါရအဆင့်တို့၌ အဝိဇ္ဇာနှင့် ယှဉ်တွဲသော စေတနာ ခေါင်းဆောင်သည်။ အဘိသင်္ခါရ အဆင့်တို့၌ အဝိဇ္ဇာ တဏှာ ၂-မျိုးနှင့် ယှဉ်တွဲသော စေတနာ ခေါင်းဆောင်သည်။

## သင်္ခါရ ၃ မျိုး

သင်္ခါရသည် စေ့ဆော်လှုပ်ရှားသဖြင့် ပြုပြင်သွားသော စေတနာ စေတသိက် ဖြစ်သည်။ လှုပ်ရှားပြုပြင် သွားပုံမှာ မြင်သိစိတ်ကို အစွဲပြုလျက်၊ မြင်ချင်စိတ် မမြင်ချင်စိတ် တခုခုပေါ်လာသောအခါ၊ထိုသိစိတ်အစဉ်သည် အငြိမ်မနေဘဲ တကြိမ်ထက် တကြိမ် ထကြွသောင်းကျန်း၍ အဟောင်းအသစ်လဲနေသည်။ ဤသို့ စိတ်သက်သက် ထကြွသောင်းကျန်းနေခြင်းကို ပရိယုဋ္ဌာန ကိလေသာ ခေါ်သည်။ မနော သင်္ခါရ ဟူ၍လည်း ခေါ်သည်။

ဥပမာ—မိန်းမတယောက် ဝတ်ဆင်လာသော စိန်နားကပ်ကို မြင်၍၊ ထို စိန်နားကပ်၌ နှစ်သက် စွဲမက်သော လောဘစိတ်တို့သည် ထကြွသောင်းကျန်းနေသည်။ ထိုသို့ လောဘနှင့် ထကြွ သောင်းကျန်းနေကြသော အကုသိုလ် စေတသိက်တို့ကို ပရိယုဋ္ဌာန ကိလေသာခေါ်သည်။ ထကြွသောစိတ်၊တကြိမ်ထက်တကြိမ် စိန်နားကပ်ကို လိုချင်ကပ်ငြိသော လောဘ သံယောဇဉ်, ဒိဋ္ဌိသံယောဇဉ်ကြိုးတို့ တင်းမာလာသည်။ သံယောဇဉ်ကြိုး တင်းမာသော စိတ်အစဉ်မှ အစပြုလျက်၊ သင်္ခါရ အဆင့်သို့

တက်နေတော့သည်။ ကံမျိုးစေ့ သဘောသည် ဤအဆင့်မှ စတင် ထင်ရှားစပြုလေ သည်။ ပဋိစ္စသမုပ္ပါဒ်၌ ဖော်ပြသော ဥပါဒါန် ဟူသည် ဤလောဘ နှင့် ဒိဋ္ဌိတို့၏ သံယောဇဉ်ကြိုး တင်းမာ ခိုင်တောင့်ခြင်းကိုပင် ဖော်ပြလေသည်။ ထိုအခါ ထိုစိန် နားကပ်ကို မိမိကိုယ်ပိုင်ဖြစ်အောင် ဆောင်ရွက်နည်း အမျိုးမျိုးတို့ကို စဉ်းစားသည်၊ ကြံစည်သည်၊ စိတ်ကူးသည်။ ဤစဉ်းစား ကြံစည် ထုံးဖွဲ့စီမံသော စိတ်အစဉ်တို့သည် အဘိသင်္ခါရ အဖြစ်ဖြင့် ထင်ရှားကြသည်။ ထိုစိတ်ကူးသော စိတ်အစဉ်တို့သည် အချို့မှာ အဆုံးသို့ မရောက်ကြ။ အချို့မှာ ရည်မှန်းသော စိတ်ကူးအဆုံးသို့ ရောက်ကြသည်။ ဤစိတ်ကူးမျိုးကို ‘အဘိဇ္ဈာ ကာယဂန္ထ’ ခေါ်သည်။ သူတပါး ပိုင်သော ပစ္စည်းကို မတရားသဖြင့် မိမိက အပိုင်ရအောင် နည်းအမျိုးမျိုး ထုံးဖွဲ့ခြင်းဟု ဆိုလိုသည်။ ဤစိတ်ကူးမျိုးကို ‘မနောကံ’ဟု ခေါ်သည်။ ပစ္စည်းတခု ရရန်အတွက် မနောကံ အမျိုးမျိုးရောက်ရသည်။ ပစ္စည်းမှာ မိမိလက်သို့ မရောက်သေး။ ခိုးယူမည်ဟု ဆုံးဖြတ်လျှင် ခိုးပုံ ခိုးနည်း အမျိုးမျိုးကို ကြံစည်သည်။ သတ်ယူမည်ဟု ဆုံးဖြတ်လျှင် သတ်ရန် နည်းအမျိုးမျိုးတို့ကို စိတ်ကူးသည်။ ယင်း စိတ်ကူးတမျိုး ပြီးဆုံးတိုင်း ပြီးဆုံးတိုင်း မနောကံ တကြိမ် တကြိမ် ‘ကမ္မဘဝ’ သို့ ရောက်လေသည်။ ဤသို့ သူတပါးပိုင် ပစ္စည်းတခုခုကို မတရားသဖြင့် မိမိ အပိုင်ရ အောင် ဆောင်ရွက်တော့မည်ဟု ဆုံးဖြတ်သော ‘မနောကံ’ စိတ်မှ အစပြု၍ ပစ္စည်း လက်ဝယ်ရောက်အောင် ကြံစည်တိုင်း ကြံစည်တိုင်း မနောကံပေါင်း များစွာဖြစ် သည်။ မနောကံမှ တဆင့် အဘိသင်္ခါရ ဝစီကံ, အဘိသင်္ခါရ ကာယကံ တို့သည် အဆင့်ဆင့် ဖြစ်ပေါ်လျက် ‘ကမ္မဘဝ’ အဆောက်အအုံကြီးကို တည်ဆောက်ကြသည်။

ဤပြခဲ့ပြီးသော နည်းအတိုင်း ကာယဒုစရိုက် ခေါ်သော သူ့အသက်ကို သတ်ခြင်း၊ သူပိုင်ပစ္စည်းကို ခိုးယူခြင်း၊ သူ၏ သားမယားကို ပြစ်မှားကျူးလွန်ခြင်း၊ ကာယကံ ၃ မျိုးသည် အကုသိုလ် စိတ်တို့၏ မနော သင်္ခါရ,ဝစီသင်္ခါရ,ကာယသင်္ခါရ ၃ မျိုးတို့မှ အစပြုလျက်၊ မနော အဘိသင်္ခါရကံ, ဝစီ အဘိသင်္ခါရ ကံ, ကာယ အဘိ သင်္ခါရကံသို့ ရောက်၍ ကမ္မဘဝ အဆောက်အအုံကြီးကို တည်ဆောက်သည်။ ဝစီ ဒုစရိုက် ခေါ်သော လိမ်ပြောခြင်း၊ ချောပစ်ကုံးတိုက် ဂျောက်တွန်းခြင်း၊ မကြား ကောင်း မနာသာ ဆဲရေးတိုင်းထွာခြင်း၊ တောင်စဉ်ရေမရ အကျိုးမဲ့စကား ပြော ဆိုခြင်း၊ ဝစီကံ ၄ မျိုးသည်လည်း အကုသိုလ်စိတ်တို့၏ မနောသင်္ခါရ,ဝစီသင်္ခါရတို့မှ ဝစီ အဘိသင်္ခါရကံသို့ ရောက်ကြ၍ ကမ္မဘဝ အဆောက်အအုံကြီးကို တည်ဆောက်ကြ သည်။ ဒိဋ္ဌိဝါဒ၌ မနောကံမှ သာမန် သက်ဝင်ယုံကြည်ရုံမျှဖြင့် ကမ္မဘဝသို့ မရောက် နိုင်။ ကောင်းမှုဆိုးမှု စသည်တို့၏ သဘာဝကို မိမိသိသော ပညာဗဟုသုတတို့ဖြင့် အကြောင်းအကျိုး ဆက်သွယ် စဉ်းစားစိတ်ကူး ကြံစည်၏။ ထို့အတူ အကြောင်း တရားဆိုတာ မရှိပါဘူးဟု အထက်ပါအတိုင်း ဆင်ခြင်စဉ်းစား၏။ အကြောင်းရော

အကျိုးပါ ဘာမျှမရှိပါဘူးဟု အထက်အတိုင်း မိမိ၏ ပညာဗဟုသုတဖြင့် အစွမ်းကုန် စဉ်းစား ဆင်ခြင်သည်။ ထိုသို့ စဉ်းစားသောအခါတိုင်း ရှေ့အယူအဆဖြင့် 'အသိ'သက်ရောက်နေ၏။နောက်ဆုံးအကြိမ် စဉ်းစားသောအခါ ဤအယူအဆသည် မှန်ကန်ပြီဟု ဆုံးဖြတ်သော စိတ်အစဉ်ဖြစ်၏။ ထိုဆုံးဖြတ်သော စိတ်အစဉ်ကို'သန္နိဋ္ဌာပကစေတနာ' ခေါ်သည်။ ထိုစေတနာ ဖြစ်ပေါ်ပြီးသည်နှင့် တပြိုင်နက် မိစ္ဆာဒိဋ္ဌိကမ္မဘဝသို့ ရောက်၏။ ဤအယူကို မစွန့်လွှတ်ဘဲသေလျှင် ထိုကံသည် အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ခေါ်သော ပဋိသန္ဓေကို မြဲသောနိယာမဖြင့် ဖြစ်ပေါ်စေလိမ့်မည်။အကယ်၍ ပညာရှိ သူတော်ကောင်းများနှင့် ဆွေးနွေး၍ မိမိ၏ ယူဆချက်ကို စွန့်ပယ်လိုက်ပါမူကား ထိုကံသည် အာနန္တရိယကံ မဟုတ်တော့ပေ။ လက်ရှိဘဝ စုတိအခြားမဲ့၌ ပဋိသန္ဓေ အကျိုးကို ဖြစ်ပေါ်စေသော ကံကို အာနန္တရိယ ခေါ်သည်။

ဤသို့ အကုသိုလ်စိတ်တို့၏ မျိုးစေ့ မထင်ရှားသောကံ၊ မျိုးစေ့ ရင့်ကျက်နေဆဲကံ၊ မျိုးစေ့ရင့်ကျက်မှု ပြည့်စုံသောကံတို့ကို သိသာကွဲပြားအောင် တတ်သိလိမ္မာသော ဆရာတို့နှင့် ဆွေးနွေးလေ့လာရမည်။

## ကုသိုလ်စိတ် သင်္ခါရလောက တည်ဆောက်ပုံ

ကုသိုလ်စိတ် အကြောင်း သိလိုသော ပုဂ္ဂိုလ်တို့သည် အောက် ဖော်ပြပါ ကုသိုလ် စေတသိက် ၂၅—မျိုးတို့ကို ရှေ့ဦးစွာ လေ့လာထားရမည်။

(၁) သဒ္ဓါ = အာရုံသို့ ကြည်လင်စွာ ပြေးဝင်သော အမှတ်လက္ခဏာ၊ လုပ်ဖော် သင်္ခါရတို့ကို ကြည်လင် စေသော လုပ်ငန်း ရသ။

(၂) သတိ = အာရုံ၌မြဲသော အမှတ်လက္ခဏာ၊ မမေ့သော လုပ်ငန်း ရသ။

(၃) ဟိရီ = မကောင်းမှုမှ ရှက်သော အမှတ်လက္ခဏာ၊ မကောင်းမှုမှ ရှောင်ကြဉ်သော လုပ်ငန်း ရသ။

(၄) ဩတ္တပ္ပ = မကောင်းမှုမှ ကြောက်လန့်သော အမှတ် လက္ခဏာ၊ မကောင်းမှုမှ ရှောင်ကွင်းသော လုပ်ငန်း ရသ။

(၅) အလောဘ=အာရုံ၌ မကပ်ငြိသော အမှတ်လက္ခဏာ၊ စွန့်လွှတ်သော လုပ်ငန်း ရသ။

(၆) အဒေါသ= မကြမ်းတမ်းသော အမှတ်လက္ခဏာ၊ ကြမ်းတမ်းခြင်း ငြိမ်းအေး လုပ်ငန်း ရသ။

(၇) တတြမဇ္ဈတ္တတာ= အလယ်အလတ်ကျသော အမှတ်လက္ခဏာ၊ အစွန်း ၂—ဘက်သို့ မရောက်သော လုပ်ငန်း ရသ။

(၈) ကာယပဿဒ္ဓိ
(၉) စိတ္တပဿဒ္ဓိ
ဝိညာဏ်နှင့် စေတသိက်တို့ ငြိမ်းအေးခြင်း အမှတ်လက္ခဏာ၊ နာမ်တရားတို့၏ အပူကို ငြိမ်းစေသော လုပ်ငန်း ရသ။

(၁၀) ကာယလဟုတာ
(၁၁) စိတ္တလဟုတာ
ဝိညာဏ်နှင့် စေတသိက်တို့ ပေါ့သွက် အမှတ်လက္ခဏာ၊ နာမ်တရားတို့ လေးလံမှုကို နှိမ်နင်းသော လုပ်ငန်း ရသ။

(၁၂) ကာယမုဒုတာ
(၁၃) စိတ္တမုဒုတာ
ဝိညာဏ်နှင့် စေတသိက်တို့ နူးညံ့သော အမှတ်လက္ခဏာ၊ ကြမ်းတမ်းခြင်းကို နှိမ်နင်းသော လုပ်ငန်း ရသ။

(၁၄) ကာယကမ္မညတာ
(၁၅) စိတ္တကမ္မညတာ
အမှု၌ အဆင်ပြေသော အမှတ်လက္ခဏာ၊ နာမ်တရား အဆင်မပြေမှုကို နှိမ်နင်းသော လုပ်ငန်း ရသ။

(၁၆) ကာယပါဂုညတာ
(၁၇) စိတ္တပါဂုညတာ
ဝိညာဏ်နှင့် စေတသိက်တို့ အလေ့ပါသော အမှတ်လက္ခဏာ၊ နာမ်ရောဂါတို့ကို ပယ်ဖျောက်သော လုပ်ငန်း ရသ။

(၁၈) ကာယုဇုကတာ
(၁၉) စိတ္တုဇုကတာ
ဝိညာဏ်နှင့် စေတသိက်တို့ ဖြောင့်မတ်သော အမှတ် လက္ခဏာ၊ မဖြောင့်မတ်ခြင်းကို နှိမ်နင်းသော လုပ်ငန်း ရသ။

ဤစေတသိက် ၁၉ မျိုးသည် ကုသိုလ်စိတ်တိုင်း၌ တပြိုင်နက် ပါဝင်ကြသော ကြောင့်၊ 'ကုသိုလ်စိတ်တိုင်းပါ' စေတသိက်များ ဖြစ်ကြသည်။

## ဝိရတီ စေတသိက် ၃ မျိုး

(၂၀) သမ္မာဝါစာ=ဝစီဒုစရိုက် ၄ ပါးအတွက် သီးသန့်အာရုံမှ ရှောင်ကြဉ်သောအမှတ်လက္ခဏာ၊ ဝစီဒုစရိုက် ၄—ပါး၏ အဖြစ်ကို ပယ်သတ်သော လုပ်ငန်း ရသ။

(၂၁) သမ္မာကမ္မန္တ= ကာယဒုစရိုက် ၃—ပါးအတွက် သီးသန့် အာရုံမှ ရှောင်ကြဉ်သော အမှတ်လက္ခဏာ၊ ကာယဒုစရိုက် ၃ ပါးကို ပယ်သတ်သော လုပ်ငန်း ရသ။

(၂၂) သမ္မာအာဇီဝ= အသက်မွေးမှုအတွက် ဒုစရိုက် ၇ ပါးကို ရှောင်ကြဉ်သော အမှတ်လက္ခဏာ၊ အသက်မွေးမှုအတွက် ဒုစရိုက် ၇ ပါးကို ပယ်သတ်သော လုပ်ငန်း ရသ။

သီလကို ဆောက်တည်ထားပြီး၍ ဒုစရိုက်ပြုရန် အခွင့်ဖြစ်သော သီးသန့်အာရုံနှင့် တွေ့ကြုံသောအခါ မိမိဆောက်တည်သော သီလကို အထောက်အကာပြုလျက် ထိုသီးသန့် အာရုံအတွက် မကောင်းမှုမှ ကြဉ်ရှောင်ခြင်းကို 'သမာဒါန' ဝိရတီ ခေါ်သည်။ သီလ မဆောက်တည်ဘဲလျက် ဒုစရိုက်ပြုရန် အခွင့်ဖြစ်သော သီးသန့်အာရုံနှင့် တွေ့ကြုံသောအခါ၊ ထိုသီးသန့်အာရုံအတွက် မကောင်းမှုမှရှောင်ကြဉ်ခြင်းကို 'သမ္ပတ္တ' ဝိရတီ ခေါ်သည်။ မဂ်စိတ် ဖြစ်ပေါ်သောအခါ ဆိုင်ရာဆိုင်ရာ အနုသယဓါတ်တို့ကို ပယ်သတ်ခြင်းသည် 'သမုစ္ဆေဒ' ဝိရတီ ဖြစ်လေသည်။

## အပ္ပမညာ စေတသိက် ၂ မျိုး

(၂၃) ကရုဏာ = ဆင်းရဲနေသော သတ္တဝါတို့အား သနားကြင်နာသော အမှတ်လက္ခဏာ၊ ထိုဆင်းရဲမှ ကယ်တင်လိုသော လုပ်ငန်း ရသ။

(၂၄) မုဒိတာ = ချမ်းသာနေသော သတ္တဝါတို့အား ဝမ်းမြောက်သော အမှတ်လက္ခဏာ၊ ထိုချမ်းသာတရား ကြာရှည်တည်တန့်လိုသော လုပ်ငန်း ရသ။

ဤစေတသိက် ၂—မျိုးသည် သက်ရှိသတ္တဝါဟူသော ပညတ်တို့ကို သာလျှင် အသိလုပ် အာရုံပြုသည်။ 'ပရမတ်သင်္ခါရ'တို့ကို အသိမလုပ် အာရုံမပြု။ သတ္တပညတ်တရားမျိုးမှာ အတိုင်းမသိ ပမာဏမရှိ မကုန်မဆုံးနိုင်။ ယင်းသို့ မကုန်မဆုံးနိုင်သော သတ္တဝါပညတ်ကိုသာလျှင် အာရုံပြု အသိလုပ်သောကြောင့်၊ ဤ ၂ မျိုးကို 'အပ္ပမညာ'ဟုခေါ်သည်။အဒေါသခေါ်သော မေတ္တာစေတသိက်၊ တတြမဇ္ဈတ္တတာခေါ်သော ဥပေက္ခာစေတသိက် ၂—မျိုးနှင့် အပ္ပမညာ ၂ မျိုးတို့ကို ဗြဟ္မစိုရ်-ဗြဟ္မဝိဟာရ တရား ၄—ပါးဟုခေါ်သည်။

(၂၅) ပညာ = မတွေဝေသော အမှတ်လက္ခဏာ၊ မှန်ကန် ကျနစွာပိုင်း ခြားသော လုပ်ငန်း ရသ။

ဤသို့ သဒ္ဓါမှ ပညာတိုင်အောင်သော စေတသိတ် ၂၅—မျိုးတို့ကို နှုတ်ရအောင် ဆောင်ပြီးလျှင်၊ တခုနှင့်တခု ခြားနားသော အမှတ်လက္ခဏာတို့ကို မိမိ၏ အသိ၌ ကွဲကွဲပြားပြားဖြစ်အောင် လေ့လာထားပါ။

ဤကုသိုလ် စေတသိက်တို့သည် သင်္ခါရလောကကို တည်ဆောက်ရာ၌ အကုသိုလ် စေတသိက်တို့နှင့် မတူကြ။ အကုသိုလ် စေတသိက်တို့သည် အကြောင်းသင်္ခါရ လောကနှင့် အကျိုးသင်္ခါရလောက ၂-မျိုးကိုသာလျှင် တည်ဆောက်ကြသည်။ ကုသိုလ် စေတသိက်တို့ တည်ဆောက်သော သင်္ခါရ လောကသည် (က)အကြောင်းကုသိုလ် သင်္ခါရလောက (ခ)အကျိုးကုသိုလ် သင်္ခါရလောက (ဂ)အကြောင်းလည်းမဟုတ် အကျိုးလည်း မဟုတ်ဘဲ အမူအရာမျှကိုသာ ပေါ်လွင်အောင်ဖန်တီးပေးသော ကြိယာ သင်္ခါရလောကဟု ၃—မျိုး ကွဲပြားသည်။ ထို့ပြင် အကုသိုလ် သက်သက် ဖြစ်သော သင်္ခါရလုပ်သား အကုသိုလ်စေတသိက် ၁၄—ပါးသည် အကြောင်းဘက်၌ သာလျှင် ပါဝင်ပေါင်းစပ်ကြသည်။ အကျိုးတရားဘက်၌ ပါဝင်ပေါင်းစပ်ခြင်း မရှိချေ။ ဥဒ္ဒစ္စ စိတ်ကြည်သော အကုသိုလ်စိတ် ၁၁—မျိုးတို့သည် အဟိတ်အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ခေါ်သော ပဋိသန္ဓေနှင့် ပဝတ္တိအကျိုးတို့ကို ဖြစ်ပေါ်စေကြသည်။

ဖော်ပြခဲ့သော အကုသိုလ် စေတသိက် ၂၅—တို့သည် အကြောင်းကုသိုလ် ဘက်၌လည်း ပေါင်းစပ်ကြသည်။ ကုသိုလ်စိတ်တိုင်းပါ စေတသိက် ၁၉—မျိုးသည် ကုသိုလ်၏ အကျိုး ဘက်၌လည်း ပါဝင်သည်။ ကြိယာ ဘက်၌လည်း ပါဝင်ကြသည်။ ဝိရတီ ၃-ပါး ပညာ စေတသိက်တို့သည် အခွင့် အားလျော်စွာ အကြောင်းဘက် အကျိုးဘက် ၂—မျိုး၌ ပါဝင်သည်။ အပ္ပမညာ ၂-မျိုးသည် အကြောင်းဘက်၌ သာလျှင် ပါဝင်သည်၊ အကျိုးတရားဘက်၌ မပါဝင်ကြပေ။

ကုသိုလ် စေတသိက်နှင့် ဝိညာဏ် တို့သည် အကြောင်း ကာမ ကုသိုလ် သင်္ခါရလောကကို အောက်ပါအတိုင်း ၈—မျိုး တည်ဆောက်ကြသည်။

(၁) သောမနဿသဟဂုတ်—ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်တခု
(၂) ။ ။ သသင်္ခါရိက ။
(၃) ။ ဉာဏဝိပ္ပယုတ် အသင်္ခါရိက ။
(၄) ။ ။ သသင်္ခါရိက ။

(၅) ဥပေက္ခာသဟဂုတ် – ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်တခု
(၆) ။ ။ သသင်္ခါရိက ။
(၇) ။ – ဉာဏဝိပ္ပယုတ် အသင်္ခါရိက ။
(၈) ။ ။ သသင်္ခါရိက ။

အထက်ပါ ၈-မျိုးတွင် သောမနဿနှင့် ဥပေက္ခာ တို့သည် ခံစားသော ဝေဒနာများဖြစ်ကြ၏။ ဉာဏသမ္ပယုတ်သည် ပညာ စေတသိက် ပေါင်းစပ် ပါဝင်ခြင်း ဖြစ်၍၊ ဉာဏဝိပ္ပယုတ်သည် ပညာစေတသိက် မပါဝင် မပေါင်းစပ်ခြင်း ဖြစ်သည်။ အသင်္ခါရိကသည် မလှုံ့မဆော်သောမဟုတ်၊အားနှင့်ထက်သော သဘောမှ ကင်းလျက် အလိုအလျောက် ဆောင်ရွက်ခြင်း ဖြစ်သည်။ သသင်္ခါရိကသည် မလှုံ့သော မဆော်သော အားနည်းထက်သဖြင့် ဆောင်ရွက်ရခြင်း ဖြစ်သည်။

ဤစိတ် ၈–မျိုးကို တဘွဲ့စီဘွဲ့၍ ပဌမဒွေ့၊ဒုတိယဒွေ့၊တတိယဒွေ့၊စတုတ္ထဒွေ့ဟု ၄–ဘွဲ့ မှတ်ထားလေ။

(က) ပဌမဒွေ့ စိတ် ၂-မျိုးတွင် ဝိညာဏ် ၁၊ အညသမာန်းစေတသိက် ၁၃၊ ကုသိုလ်စိတ်တိုင်းပါ ၁၉၊ ပညာ ၁၊ စုစုပေါင်း=၃၄ -ဖြစ်သည်။

(ခ) ဒုတိယဒွေ့စိတ်၌ ပညာကိုနုတ်၍ ၃၃-ဖြစ်သည်။

(ဂ) တတိယဒွေ့စိတ်၌ ဥပေက္ခာဖြစ်၍ ပီတိကြဉ်သော ၃၃ -ဖြစ်သည်။

(ဃ) စတုတ္ထဒွေ့စိတ်၌ ပီတိနှင့်ပညာ ကြဉ်၍ ၃၂ -ဖြစ်သည်။

တခါတရံ ဆင်းရဲသော ဒုက္ခိတ သတ္တဝါကို သနားစိတ် ဖြစ်ပေါ်လျှင် ကရုဏာ စေတသိက်တခု ပေါင်းစပ်ပါလာမည်။ ချမ်းသာသော သူငယ်ချင်းမိတ်ဆွေ အတွက် ဝမ်းမြောက်မှုဖြစ်လျှင် မုဒိတာ စေတသိက် ပါဝင်လျက် အရေအတွက်တခု တိုးလာမည်။

အထက် ဖေါ်ပြခဲ့သော အကုသိုလ်၌ကဲ့သို့ ဤကုသိုလ် စိတ်သည်လည်း ကံ သဘောတရားကို'ပုညကြိယာဝတ္ထု' ၁၀–မျိုးဖြင့် ဆောင်ရွက်သည်။ပုည–ဖြူစင်သော၊ ကြိယာ–အမှုအရာ၏၊ ဝတ္ထု–တည်ရာဌာန၊ ပုညကြိယာဝတ္ထုသည် ဖြူစင် သန့်ရှင်း သော စိတ်၊နှုတ်၊ကိုယ်အမှုအရာတို့၏ တည်ရာဌာနဟု ဆိုလိုသည်။

(၁) ဒါန=ပေးကမ်း၊စွန့်ကြဲ လှူဒါန်းခြင်း ကိုယ်၊နှုတ်၊စိတ် အမှုအရာ။

(၂) သီလ=ကိုယ်၊နှုတ်တို့၏ လုပ်ငန်းတို့ကို ထိန်းသိမ်း စောင့်ရှောက်သော အလေ့အကျင့် အမှုအရာ။

(၃) ဘာဝနာ=အပြစ်ကင်းသော အာရုံ၊ သို့မဟုတ် အပြစ် နည်းသော အာရုံတို့၌ စိတ်ကိုတည်ငြိမ်စွာထားသော အလေ့အကျင့် အမှုအရာ(သမထ) အသိ မှန် တိုးတက်အောင် အားထုတ်သော အလေ့အကျင့် အမှုအရာ (ဝိပဿနာ) ဤ ၂-မျိုးတို့ ဆက်ကာဆက်ကာ ပေါ်လာအောင် အားထုတ်ခြင်းကို ဘာဝနာပွါးသည် ဟု ခေါ်သည်။

(၄) အပစာယန=သက်ကြီးမိဘ ဆရာသမားများနှင့် မိမိထက် သီလ, သမာဓိ, ပညာဂုဏ်မြင့်သော ပုဂ္ဂိုလ်တို့အား ရိုသေလေးစားခြင်း အမှုအရာ။

(၅) ဝေယျာဝစ္စ=ကောင်းမှုဖြစ်သော ရတနာ ၃-ပါး၊ဆရာမိဘ၊ ရပ်ရွာ ကိစ္စတို့အတွက် ကိုယ်,နှုတ်တို့ဖြင့် ကြောင့်ကြပြုကာ ဆောင်ရွက်သော အမှုအရာ။

(၆) ပတ္တိဒါန=မိမိပြုသောကောင်းမှုကို သူတပါးအား မျှပေးသော အမှု အရာ။ မိမိကောင်းမှုကို သူတပါးအား မျှပေးဆိုသည်မှာ မိမိ၏အိမ်၌ ထွန်းထား သော ဖယောင်းတိုင် ဆီမီးတို့ဖြင့် မိမိအိမ်မှာ အလင်းရောင်တို့သည် တင့်တယ်နေ သကဲ့သို့၊ သူတပါးအိမ်၌လည်း အရောင်ဖြင့် တင့်တယ်သိုက်မြိုက်စေလိုသော သဘော မျိုးဖြင့် ဆီမီးရောင် ကူးပေးခြင်းမျိုး ဖြစ်လေသည်။

(၇) ပတ္တာနုမောဒန=မိတ်ဆွေ သူငယ်ချင်း စသည်တို့က ပေးဝေသော ကောင်းမှုအဘို့ကို မိမိက ဝမ်းမြောက်ခြင်းသည် မိမိတို့အိမ်၌ အလင်းရောင် ရောက်ရ ဘိသကဲ့သို့၊ မိမိ၏ဝမ်းမြောက်ဝမ်းသာ ဖြူစင်သော 'စိတ်အစဉ်'ဖြစ်ပေါ်လာခြင်း ဖြစ် လေသည်။

(၈) ဓမ္မဿဝန=တရားတော်မြတ်ကို နာယူမှတ်သားခြင်း၊ ဤ၌ အပြစ် ကင်းသော ဝိဇ္ဇာ-သိပ္ပတို့ကို ဆရာသမားများထံမှ နာယူခြင်း မှတ်သားခြင်းတို့ သည်လည်း ပါဝင်သည်။ ကုသိုလ်စိတ်အစဉ် ဖြစ်ပေါ်သည်။

(၉) ဓမ္မဒေသနာ=တရားတော်မြတ်ကို ဟောပြော ပြသခြင်း၌လည်း အပြစ်ကင်းသော ဝိဇ္ဇာ-သိပ္ပ တို့ကို ပြသသော ဆရာသမားတို့၏ ကိုယ်,နှုတ် အမှု အရာသည် စင်ကြယ်သော ပုညကြိယာ ဝတ္ထုဖြစ်သည်။ တပည့်တို့၏ နာယူမှတ်သား သော အမှုအရာတို့သည်လည်း ပုညကြိယာဝတ္ထု ဖြစ်သည်။ ပညာသင် စာသင်ချိန် တို့၌ ဆရာနှင့်တပည့်တို့၏ သန္တာန်မှာ ကုသိုလ်စိတ် အစဉ်တို့ ဖြစ်ပေါ်နေကြ၍ 'ကုသိုလ် ရနေကြသည်။

(၁၀) ဒိဋ္ဌိဇုကမ္မ=အထက်ဖော်ပြသော ပုညကြိယာ ၉-မျိုးနှင့် စပ်သော အယူအဆတို့ကို မှန်ကန်မှုသို့ရောက်အောင် ဆောင်ရွက်သော စိတ်၏ အမှုအရာ။

ဤလုပ်ငန်း ၁၀—မျိုးသည် မဟာကုသိုလ်စိတ် ၈-မျိုးတို့ ဖြစ်ပေါ်ရန် ဝတ္ထု ၁၀-မျိုးဖြစ်၏။ ထို့ပြင် အကုသိုလ်၌ ပြခဲ့သော ဒုစရိုက် ၁၀-မျိုး မဖြစ်ပေါ်အောင် ရှောင်ကြဉ်သော လုပ်ငန်း စိတ်အစဉ်သည်လည်း၊ မဟာကုသိုလ် စိတ် ၈-မျိုးတွင် တမျိုးမျိုး ဖြစ်လေသည်။

ဤ ၁၀—မျိုးတွင် ပတ္တိဒါနနှင့် ဓမ္မဒေသနာ ၂—မျိုးသည် အပေးအယူ သဘောဖြင့် ဒါနနှင့်တူ၍ ဒါနမျိုး။

အပစာယနနှင့် ဝေယျာဝစ္စ ၂—မျိုးသည် ကိုယ်နှုတ်တို့ဖြင့် အလေ့အကျင့် ပြုသော သီလနှင့် တူ၍ သီလမျိုး။

ပတ္တာနုမောဒနနှင့် ဓမ္မဿဝန ၂-မျိုးသည် တဆင့်မှတဆင့်သို့ တိုးပွါးအောင် ဆောင်ရွက်ရသော ဘာဝနာနှင့် တူ၍ ဘာဝနာမျိုး။

ကျန် ဒိဋ္ဌိဇုကမ္မသည် အထက်ပါ ၃—မျိုးဖြင့် ဆောင်ရွက်ခြင်းတို့၌ လမ်းမှန် စံနစ်ကျအောင် ဆောင်ရွက်သော လုပ်ငန်းဖြစ်သည်။ အထက်ပါ ၉-မျိုးတွင် တမျိုးမျိုးသော ကိစ္စကို ဆောင်ရွက်ရာ၊ အကျိုးအကြောင်း ဆက်သွယ်တတ်သော ပညာ ပေါင်းစပ်သောအသိ ဖြစ်ပေါ်ရန် အရေးကြီးသည်။

ဤ အကုသိုလ်စိတ် ၈-မျိုးသည် သခါရအဆင့်, အသင်္ခါရ အဆင့်ဖြင့် ကုသိုလ်ကံ ရင့်ကျက်အောင် ဆောင်ရွက်လျက်၊ ကမ္မဘဝ အဆောက်အအုံ ကြီးကို တည်ဆောက်ကြသည်။

## အကြောင်းစိတ်တို့၏ လုပ်ငန်း ၃ မျိုး

(က) အကုသိုလ် ဇောစိတ်တို့သည် ဥပစယ ရောက်ခိုက်၊ စိတ္တဇရုပ် ဓါတ်တို့ကို ဖြစ်ပေါ်စေသည်။

(ခ) အဟောင်းအသစ် ပြောင်းလဲသော သန္တတိ အစဉ်တွင် စေတနာ၏ အဟုန်အရှိန်ကို တကြိမ်ထက်တကြိမ် တိုးတက် ရင့်သန်စေသည်။

(ဂ) အာရုံတို့ကို အစွဲပြုကာ မိမိ၏ သန္တတိ ပတ်ဝန်းကျင်၌ အကုသိုလ် အနုသယ ဓါတ်များကို ဆက်လက် ကိန်းဝပ် စေသည်။ များသော အားဖြင့် ဤ ၃-ကိစ္စကို ဆောင်ရွက်ကြသည်။

ကာမရူပ ကုသိုလ် ဇောစိတ်တို့သည်လည်း....

(က) ဥပစယ ရောက်ခိုက်၌ စိတ္တဇရုပ်ဓါတ်တို့ကို ဖြစ်ပေါ်စေသည်။

(ခ) အဟောင်းအသစ် ပြောင်းလဲသော သန္တတိ အစဉ်၌ စေတနာ၏ အဟုန်အရှိန်ကို တကြိမ်ထက်တကြိမ် တိုးတက် ရင့်ကျက်စေသည်။

(ဂ) မိမိ၏ သန္တတိ ပတ်ဝန်းကျင်၌'ပုညသမ္ဘာရ'ခေါ်သော ကုသိုလ်ဓါတ်တို့ကို အနုသယ ကဲ့သို့ ကိန်းဝပ်စေသည်။ များသောအားဖြင့် ကိစ္စ ၃—မျိုး ဆောင်ရွက်ကြသည်။

အထက်က ဖေါ်ပြခဲ့သော မဟာကုသိုလ်စိတ် ၈—မျိုးသည် မိမိတို့၏ အခွင့်အား လျော်စွာ အောက်ပါ အကျိုးဝိပါက် ၈—မျိုးတို့ကို ပေါက်ပွါးစေသည်။

| | | | | | |
|---|---|---|---|---|---|
| (၁) | သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိက | ဝိပါက် | စိတ်တခု |
| (၂) | ။ | ။ | သသင်္ခါရိက | ။ | ။ |
| (၃) | ။ | ဉာဏဝိပ္ပယုတ် | အသင်္ခါရိက | ။ | ။ |
| (၄) | ။ | ။ | သသင်္ခါရိက | ။ | ။ |
| (၅) | ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိက | ။ | ။ |
| (၆) | ။ | ။ | သသင်္ခါရိက | ။ | ။ |
| (၇) | ။ | ဉာဏဝိပ္ပယုတ် | အသင်္ခါရိက | ။ | ။ |
| (၈) | ။ | ။ | သသင်္ခါရိက | ။ | ။ |

ထိုဝိပါက် ၈—မျိုးတွင် ပဌမဒွေ၌ အညသမာန်း စေတသိက်—၁၃၊ ကုသိုလ်စိတ်တိုင်းပါ စေတသိက်—၁၉၊ ပညာ စေတသိက်—၁၊ ဝိညာဏ်—၁၊ စုစုပေါင်း ၃၄—ပေါင်းစပ် ပါဝင်ကြသည်။ အပ္ပမညာ စေတသိက် ၂—မှာ သူတို့၏ အာရုံမဟုတ်၍ မပါဝင်ကြ။ ဝိရတီ စေတသိက် ၃-သည်လည်း၊ သူတို့ လုပ်ငန်း မရှိ၍ မပါဝင်ကြပေ။

ဒုတိယဒွေမှာ ပညာစေတသိက် မပါဝင် ၃၃—ပေါင်းစပ်ကြသည်။
တတိယဒွေမှာ ပီတိစေတသိက် မပါဝင် ၃၃— ။
စတုတ္ထဒွေမှာ ပီတိ, ပညာ မပါဝင် ၃၁— ။

ဤအကျိုး ဝိပါက်စိတ် ၈ -မျိုးသည် ပဋိသန္ဓိ, ဘဝင်, စုတိ, တဒါရုံ ဟူသော စုပေါင်းလုပ်ငန်း ၄—မျိုးဖြင့် တိဟိတ် ပဋိသန္ဓေ ကိစ္စကို ဆောင်ရွက်၍၊ ပညာ မပါသော စိတ် ၄ -မျိုးသည် ဒွိဟိတ် ပဋိသန္ဓေ ကိစ္စကို ဆောင်ရွက်သည်။ တိဟိတ်၌ အလောဘ,အဒေါသ, အမောဟ ခေါ် ပညာပေါင်း ဟိတ် ၃ -ပါး ပေါင်းစပ်သည်။ ဒွိဟိတ်၌ ပညာမပါဘဲ ကျန်ဟိတ် ၂ -မျိုးသာလျှင် ပါဝင်ကြသည်။

ပညာကြိယာခေါ်သော ကောင်းမှုတို့ကို ဆောင်ရွက်သောအခါ၊ ကောင်းမှုတခုခုကို မပြုလုပ်မီ ကောင်းမှုပြုမည် ဟူသော စိတ်အစဉ်ဖြစ်သည်။ ထိုစိတ်အစဉ်၌ ဖြစ်သော ခေါင်းဆောင် စေတနာကို 'ပုဗ္ဗစေတနာ'ခေါ်သည်။ ကောင်းမှုပြုချိန် သို့မဟုတ် ရေစက်ချချိန်၌လည်း စိတ်အစဉ် ဖြစ်ပေါ်နေသည်။ ထိုစိတ်အစဉ်၌ ဖြစ်ပေါ်သော ခေါင်းဆောင်ကို 'မုဉ္စစေတနာ'ခေါ်သည်။ ပေးလှူပြုလုပ်ဆဲ စေတနာ ဖြစ်သည်။ ပေးလှူပြုလုပ်ပြီးနောက် ဖြစ်ပေါ်သော စိတ်အစဉ်၌ ခေါင်းဆောင်သော စေတနာကို 'ပရစေတနာ'ခေါ်သည်။

ကောင်းမှု ပြုလုပ်ရာ၌ ဤစေတနာ ၃ -မျိုး ညီညွတ်ခဲသည်။ ကောင်းမှုပြုမည်ဟူသော ရှေ့စိတ်အစဉ်သည်လည်း မဟာကုသိုလ်စိတ် ၈ -မျိုးတွင် တမျိုးမျိုး ဖြစ်ပေါ်စေရမည်။ ပညာပါဝင်သောစိတ် ၄—မျိုး ဖြစ်ပေါ်ခဲ့လျှင် ပိုမိုကောင်းမွန်လေသည်။ ပေးလှူဆဲ ကောင်းမှုပြုတုန်း 'မုဉ္စ'စေတနာမှာလည်း ပညာပါဝင်သော စိတ် ၄ -မျိုးတွင် တမျိုးမျိုးဖြစ်ပေါ်ရမည်။ ကံနှင့် ကံ၏အကျိုးတရားတို့ကို ဆက်သွယ်တတ်သောစိတ် သိတတ်သော စိတ်တို့သည် ပညာပါဝင်သော စိတ်တို့ဖြစ်ကြသည်၊ ပေးလှူပြုလုပ်ပြီးနောက် ဖြစ်သော စိတ်အစဉ်၌လည်း ပညာပါဝင်စေရမည်။ မပေးလှူခင်ဖြစ်ပေါ်သော စိတ်အစဉ်နှင့် ကိုယ်,နှုတ် အမူအရာတို့သည် ပျက်စီးချုပ်ပျောက်သွားခဲ့ကြပြီ။ ပေးလှူပြုလုပ်တုန်းက ဖြစ်ပေါ်သော စိတ်အစဉ်နှင့် ကိုယ်, နှုတ် အမူအရာတို့လည်း ပျက်စီး ချုပ်ပျောက်သွားကြပြီ။ သို့သော် ကောင်းမှု၏ ကံ သဘောတရားတို့သည် သာလျှင် မပျက်စီးသေးဘဲ၊ ရှိနေရစ်ကြသည်ဟု ဆင်ခြင် စဉ်းစားနေလျှင် 'ပရ စေတနာ' ခေါင်းဆောင်သော စိတ်အစဉ်၌ ပညာ စေတသိက် ပေါင်းစပ် ပါဝင်လေတော့သည်။

ဤသို့ ကောင်းမှု မပြုမီ ဖြစ်ပေါ်နေသော ပုဗ္ဗစေတနာကံ၊ ပြုလုပ်ပေးလှူဆဲကာလ၌ ဖြစ်ပေါ်နေသောမုဉ္စစေတနာကံ၊ ပေးလှူပြုလုပ်ပြီးနောက် ဝမ်းမြောက် စဉ်းစားနေသော ပရ စေတနာကံ။ ဤကံ ၃ -ပါး ညီညွတ်သဖြင့် ပြုလုပ်ဆောင်ရွက်သော 'မုဉ္စ'စေတနာကံသည် ဉာဏ်ပါဝင်သော မဟာဝိပါက်စိတ် ၄ -မျိုးတွင် တမျိုးမျိုးသော ပဋိသန္ဓေ ဝိပါက်စိတ်ကို ဖြစ်ပေါ်စေလိမ့်မည်။ ပြုလုပ်ဆောင်ရွက်

သော အကြောင်း ကုသိုလ်စိတ်သည် တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ဖြစ်၍ အကျိုးဝိပါက်ကိုလည်း 'တိဟိတ်'အကျိုး ဖြစ်ပေါ်စေသည်။

အကယ်၍ မုဥ္စစေတနာကံသည် တိဟိတ်ကုသိုလ်ဖြစ်၍၊ ပုဗ္ဗနှင့် ပရစေတနာသည် ဒွိဟိတ် ဖြစ်ခဲ့လျှင်သော်၎င်း၊ ကံ ၃ မျိုးလုံး ဒွိဟိတ်ဖြစ်ခဲ့လျှင်သော်၎င်း၊ ထိုကောင်းမှုကံသည် ဒွိဟိတ်စိတ် ၄—မျိုးတွင် တမျိုးမျိုးသော ပဋိသန္ဓေစိတ်ကို ဖြစ်ပေါ်စေလိမ့်မည်။ ရှေ့နောက်စိတ်အစဉ်၌ အကုသိုလ်စိတ်များဖြစ်ပေါ်၍ ပေးဆဲလှူဆဲအချိန်၌ သာမန် ဒွိဟိတ် ကုသိုလ်စိတ်ဖြစ်ခဲ့လျှင် ထိုကုသိုလ်စိတ်သည် ယုတ်ညံ့သော ကုသိုလ်ဖြစ်၍၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ် ဟူသော ပဋိသန္ဓေ အကျိုးကို ဖြစ်ပေါ်စေလိမ့်မည်။

(အကုသိုလ်ကံ ၁၂—မျိုးတွင် ဥဒ္ဓစ္စ စေတနာကံသည် ပဋိသန္ဓေ အကျိုးကို မပေးနိုင်။ အကုသိုလ် အကျိုးဖြစ်သော မြင်, ကြား, နံ, လျက်, ထိ, ဟူသော ပဥ္စဝိညာဏ် ၅—မျိုးနှင့် သမ္ပဋိစ္ဆိုင်းစိတ်, သန္တီရဏစိတ် ပေါင်း ၇—မျိုးသော ပဝတ္တိအကျိုးကို ဖြစ်ပေါ်စေနိုင်သည်။ ကြွင်းသော အကုသိုလ် စေတနာကံ ၁၁—မျိုးသည် အဟိတ်အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ခေါ်သော ပဋိသန္ဓေ စိတ်ကိုလည်း ဖြစ်ပေါ်စေနိုင်ကြသည်။ ပဝတ္တိအကျိုး ၇—မျိုးကိုလည်း ဖြစ်ပေါ်စေနိုင်ကြသည်။ ဇာတိအသစ် ပြောင်းလဲရာတွင် ရှေ့ဦးဆုံး ဥပစယသို့ ရောက်သော ဝိပါက်ဝိညာဏ်နှင့် ကမ္မဇ ရုပ်တို့ကို ပဋိသန္ဓေ အကျိုး ခေါ်သည်။ ဇာတိမှ တပါး ကျန်ဖြစ်ပေါ်သော ဝိပါက်စိတ်နှင့် ကမ္မဇ ရုပ်တို့ကို ပဝတ္တိအကျိုး ခေါ်သည်။)

မဟာကုသိုလ်စိတ် ၈—မျိုးသည် တိဟိတ် ဒွိဟိတ် သုဂတိအဟိတ် ပဋိသန္ဓေ အကျိုး ဝိပါက်စိတ်နှင့် ကမ္မဇရုပ်တို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ အဟိတ်စိတ်၌ ပေါ်ပြခဲ့သော ကုသိုလ်အကျိုးစိတ် ၈—မျိုးနှင့် မဟာဝိပါက် အကျိုးစိတ် ၈—မျိုး ပေါင်း=၁၆—မျိုးကို ပဝတ္တိအကျိုး အဖြစ်ဖြင့် ဖန်တီးပေးနိုင်ကြသည်။

မဟာကြိယာစိတ် ၈—မျိုးသည်လည်း ကုသိုလ်ဝိပါက် စိတ်တို့နှင့် အမည်တူ ၈—မျိုးဖြစ်သည်။ ကိလေသာ ကင်းစင်ပြီးသော ဗုဒ္ဓ,ပစ္စေကဗုဒ္ဓ, ရဟန္တာကိုယ်တော်မြတ်တို့၏ သန္တာန်၌ ဖြစ်ပေါ်ကြသော စိတ်အစဉ်ဖြစ်သည်။ ထိုပုဂ္ဂိုလ် ၃—မျိုး၌ ဝိပါက် စိတ်မျိုးနှင့် ကြိယာ စိတ်မျိုး ၂—မျိုးသာလျှင် ဖြစ်ပေါ် ကြတော့သည်။ အကုသိုလ်စိတ်, ကုသိုလ်စိတ် ၂—မျိုးသည် မဖြစ်ပေါ် ကြတော့ပေ။ ထိုပုဂ္ဂိုလ်မြတ် ၃ မျိုးသည် ရဟန္တာမဖြင်မီ ဇာတိသို့ ပို့လိုက်သော ကံ၏ အဟုန်အရှိန်များ မကုန်မဆုံးသေး၍ စုတိစိတ်သို့ ရောက်သည့်တိုင်အောင်သော အချိန် ကာလအတွင်း ပဝတ္တိအကျိုးများကိုခံယူရန် ဝိပါက်စိတ်တို့ ဖြစ်ပေါ်ကြရသည်။ အရဟတ္တမဂ်စိတ် ဖြစ်ပေါ်

ပြီးနောက်၊ စုတိရောက်အောင် သင်္ခါရလောက၏ ကိစ္စအမျိုးမျိုးတို့ကို ဆောင်ရွက်ရန် ကြိယာစိတ်အစဉ်များ ဖြစ်ပေါ်နေကြရသည်။ ဤကဲ့သို့ သင်္ခါရလောက၏ ကိစ္စကိုဆောင်ရွက်ရန် ငြီးငွေ့တော်မူကြသောကြောင့်၊ ချွန်ရသော အနာဂါမ်ပုဂ္ဂိုလ်နှင့် ချွန်ရသော ရဟန္တာပုဂ္ဂိုလ်တို့သည် သညာဝေဒယိတနိရောဓ ခေါ်သော 'နိရောဓ' သမာပတ်ကို ၇-ရက်တိုင်တိုင် ဝင်စားလျက် သန္တိသုခဖြင့်နေတော်မူကြသည်။ ထိုပုဂ္ဂိုလ် ၃—မျိုး၏ ရုပ်ခန္ဓာသက်သက်ကို စဉ်းစားလျှင် သူလိုငါလို မထူးခြားသော်လည်း နာမ်ခန္ဓာသည် ထူးခြားလှပေသည်။

မဟာကြိယာစိတ် ၈-မျိုး၌ ပယ်သတ်စရာလုပ်ငန်း မရှိသောကြောင့်၊ ဝိရတီစေတသိက် ၃-မျိုး မပါဝင်တော့ပေ။ ဥပေက္ခာဝေဒနာ ဖြစ်ခဲ့လျှင် ပီတိ စေတသိက် မပါဝင်တော့ပေ။

အထက်က ဖော်ပြခဲ့သည့်အတိုင်း အကုသိုလ်စိတ်—၁၂၊ မဟာကုသိုလ်စိတ်-၈၊ စုစုပေါင်း အကြောင်းစိတ် ၂၀-တို့သည် ဤကိုယ်ကောင်ကြီး၌ အခွင့်အား လျော်စွာ ဖြစ်ပေါ်နေကြ၏။ ဟသိတုပ္ပါဒ်စိတ်မှ တပါးသော အဟိတ်စိတ် ၁၇—မျိုးနှင့် မဟာဝိပါက်စိတ် ၈-မျိုး၊ ၂-ခုပေါင်း အကျိုးစိတ် ၂၅—တို့သည်လည်း ဤကိုယ်ကောင်ကြီး၌ အခွင့်အား လျော်စွာ ဖြစ်ပေါ်နေကြသည်၊ အကြောင်းစိတ်ပေါင်း—၂၀၊ အကျိုးစိတ်ပေါင်း-၂၅၊ စုစုပေါင်း-၄၅-ဖြစ်သည်၊ ဟသိတုပ္ပါဒ်နှင့် မဟာကြိယာစိတ်-၈၊ ပေါင်း=၉—မျိုးမှာ ပုထုဇဉ်တို့၊ သေက္ခပုဂ္ဂိုလ်တို့၌ ဖြစ်ခွင့် မရှိပေ။ အားလုံးပေါင်း ကာမဘုံ၌ ဖြစ်သော စိတ်တို့သည် ၅၄—တွင် ၄၅-သာ လျှင် ပေါ်လွင်ထင်ရှားကြသည်။

ဤ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေခေါ်သော သင်္ခါရလုပ်သားစုကို အစွဲပြုကာ 'အသိ'၌ ကွဲပြားစွာ ထင်ရှားလာသော ပညတ် တရားများသာလျှင် ဖြစ်သည်၊ ထို့ပြင် အရိယာ ပုဂ္ဂိုလ် ၈—မျိုးသည်လည်း သင်္ခါရလုပ်သားစုတို့၏ လုပ်ငန်းကို အစွဲပြုကာ 'အသိ'၌ ကွဲပြား ထင်ရှားသော ပညတ်များ သာလျှင်ဖြစ်သည်။ ထို့ကြောင့် သင်္ခါရလောက သင်္ခါရ လုပ်သားတို့၏ လုပ်ငန်းကို အစွဲအမှီပြုကာ သတ္တလောက, ဩကာသလောက တို့သည် 'အသိ'၏ အာရုံအဖြစ် ပေါ်လာသော အရိပ်ချုံ လောကတို့ သာလျှင် ဖြစ်ကြလေ သည်။ ပုဂ္ဂလ-အတ္တတို့သည် အဟုတ်တကယ် ရှိသော သင်္ခါရလောက၌ မရှိကြပေ။

## ရူပကမ္မဘဝတည်ဆောက်ပုံ

ဖော်ပြခဲ့သောကာမစိတ် ၅၄-တွင် မဟာကုသိုလ်စိတ် ၈-မျိုးသည် အရေး အကြီးဆုံးစိတ်များဖြစ်ကြသည်။ ရူပကုသိုလ်စိတ် ၅-မျိုးဖြစ်ပေါ်ရန် မဟာကုသိုလ်

စိတ် ၈–မျိုးမှ အစပြုရသည်။ အရူပကုသိုလ်စိတ် ၄ မျိုးဖြစ်ပေါ်ရန်လည်း မဟာကုသိုလ်စိတ် ၈ မျိုးကပင် အစပြုလေသည်။ ထို့ကြောင့် ရူပ, အရူပ, လောကုတ္တရာ ကုသိုလ်တို့ကို မွေးထုတ်နိုင်သော အစွမ်းသတ္တိတို့ကို ဆောင် ရွက် နိုင် သောကြောင့် 'မဟာ' ဟူသောဂုဏ်ဖြင့် အထူးနာမည်ကို ခံယူရလေသည်။

ကာမကုသိုလ်-အကုသိုလ်စိတ် ၂၀–တို့သည် ကာမအာရုံ ၆-မျိုးကို အသိလုပ်သဖြင့်၊ ထိုအာရုံ ၆-မျိုး၌ ပျော်ရွှင်လေးနက်စွာ ကျက်စားလျက် ပြေးလွှားနေကြ အလေ့အကျင့် ပါနေကြ၍ မကြာမကြာ ကမ္ဘာဝ အဆောက်အအုံကြီးသို့ ရောက်ကြရသည်။

သတိမပါသော အကုသိုလ်စိတ် အသိတို့သည် အကုသိုလ်ကမ္ဘာဝသို့ ဆက်ကာဆက်ကာရောက်ကြရသည်။ သတိပါဝင်သော အသိသည်လည်း လောဘ-ဒိဋ္ဌိတို့၏ အားကြီးသော ဥပနိဿယအကြောင်းတို့ကြောင့် ကာမဧည်းစိမ်ချမ်းသာကို တောင်းတစွဲမက်လျက် ကမ္ဘာဝသို့ရောက်ကြသည်။ ဤသို့လျှင် ကာမအာရုံ-၆-မျိုး၌ ပျော်ရွှင်စွာကျက်စားသဖြင့် အလေ့ပါအကျင့်ရနေသောသိစိတ်သည် ကမ္ဘာဝသို့ရောက်ကြရသောကြောင့်၊ ကမ္ဘာဝသို့ရောက်ရန် လွယ်ကူသည်ဟု ထင်မှတ်ကြသည်။ အမှန်စင်စစ်အားဖြင့် သတိ, ပညာ, ဝိရိယတို့ ပေါင်းစပ်ပါဝင်သောစိတ်ရှိသည့် အမျိုးကောင်းသားသမီးတို့အတွက် အကုသိုလ် ကမ္ဘာဝသို့ရောက်ရန် မလွယ်ကူလှပေ။

ယခုအခါ စိတ်၏ပျော်မွေ့ရာ ကာမအာရုံတို့ကို အပြစ်မြင်သဖြင့်၊ ကာမ ဓါတ်မှလွတ်မြောက်လိုသော ယောဂီပုဂ္ဂိုလ်တို့သည် ရူပဓါတ်ရင့်ကျက်အောင် ရူပကမ္ဘာဝသို့ရောက်အောင် ကြိုးစားအားထုတ်ရပေမည်။

သမထတရား အမျိုးပေါင်း ၄၀ တို့တွင် တခုခုသော အာရုံ၌ စိတ်ကိုတည်ငြိမ်စွာထားနိုင်အောင် လေ့ကျင့်ရသည့်စိတ်သည် ကာမဝတ္ထုအာရုံမျိုးမဟုတ်သဖြင့် ပျော်မွေ့မည်မဟုတ်သော်လည်း၊ သူနှင့်အတူ ပေါင်းစပ်ပါဝင်ကြသော သဒ္ဓါ-သတိ ဝိရိယ–သမာဓိ-ပညာ တို့၏အကူအညီဖြင့် အချိန်ကာလမကြာမီပင် ထားပေးသော အာရုံ၌ ငြိမ်သက်တည်ကြည်စွာ ရပ်တည်ပေလိမ့်မည်။ ဤစိတ်ကို တည်ငြိမ်အောင် ထားပေးသောကိစ္စသည် စိတ်မပါသောသူတို့အတွက် မလွယ်ကူလှပေ။ စိတ်အားထက်သန်သော ယောဂီတို့အတွက် ဖြစ်မြောက် အောင်မြင်နိုင်သော ကိစ္စဖြစ်သည်။

ဤစိတ်ကို တည်ငြိမ်အောင်လေ့ကျင့်သော လုပ်ငန်းကိစ္စသည် ရှေးရှေးဘဝကံများကဖန်တီးပေးသော အကျိုးတရားကိစ္စမဟုတ်၊ ယခုလက်ရှိဘဝဖြစ်သော သဒ္ဓါ, သတိ, ဝိရိယ, သမာဓိ, ပညာတို့က ဆောင်ရွက်သောကိစ္စဖြစ်သည်။ တိဟိတ်ပဋိသန္ဓေ မဟုတ်သဖြင့် အပွနာခေါ်သော ဈာန်ကုသိုလ်စိတ်သို့ မရောက်သော်လည်း၊ ၎င်း

စျာန်စိတ်၏ အနီးသို့ ကပ်ရောက်နေသော 'ဥပစာရ' ခေါ် သမာဓိသို့ ရောက် နိုင်ကြသည်။ ဤဥပစာရ သမာဓိစိတ်၏ အာရုံဖြင့် သေခဲ့လျှင်၊ နောက် ပဋိသန္ဓေ၌ တိဟိတ်ဝိပါက်စိတ် ဧကန်ဖြစ်ပေါ်ခွင့်ရှိသည်။ ထိုဒုတိယဘဝ၌ ဆက်လက်အားထုတ် လျှင် စျာန်ရော မဂ်ပါ ရနိုင်ရောက်နိုင်ခွင့်ရှိလေသည်။ သို့သော် ယခုအခါ များစွာ သော ဗုဒ္ဓဘာသာတို့သည် မိမိကိုယ်တိုင် မသိသော ဒွိဟိတ်၊ တိဟိတ် ပဋိသန္ဓေကို အကြောင်းပြဆင်ခြေပေးကြ၍ စျာန်၊ မဂ်ဖိုလ်တရားတို့အတွက် အားထုတ်ရန်အခွင့် အရေးကို ပိတ်ပင်သကဲ့သို့သော 'စကား' ကို ပြောဆိုတတ်ကြလေသည်။

စိတ်သည် တည်ရာဝတ္ထုမရှိဘဲ ဖြစ်ပေါ်နိုင်သော်လည်း၊ မှီရာအာရုံ မရှိလျှင် ကား မဖြစ်ပေါ်နိုင်ပေ။ ထို့ကြောင့် စိတ်၏ မှီတွယ်ရာ အပြစ်ကင်းသော အာရုံ တမျိုးမျိုး၌ ထားပေးရသည်။ သမထကမ္မဋ္ဌာန်း ၄၀-တွင် မိမိတို့စိတ် နှစ်သက်ရာ အာရုံ၌ စိတ်ကိုထားပေးလေ၊ ရုပ်အကြည် ၅-မျိုး၌ ရှေ့ရှုထင်လာသော အာရုံ နိမိတ်တို့ကို 'ပရိကမ္မ' နိမိတ်ဟု ခေါ်သည်။ ထိုနိမိတ် ၅-မျိုးတွင်လည်း၊ မျက်စိဖြင့် မြင်၍ ရှုအပ်၊ နှလုံးသွင်းအပ်သော အာရုံသည် သမထ ယောဂီအတွက် အကောင်း ဆုံး အလွယ်ကူဆုံးဖြစ်သည်။ ဥပမာ—ကသိုဏ်း ၁၀—မျိုးတွင် အဖြူကသိုဏ်းဝန်းကို စိတ်၏ အာရုံအဖြစ် ထားပေးလိုလျှင် အောက်ပါအတိုင်း ကသိုဏ်းဝန်း ပြုလုပ်ပါ၊

အကြီးဆုံး ၁၂—လက်မ၊ အငယ်ဆုံး ၆—လက်မ ထိပ်ဝရှိသော ပန်းထိုးခွေ၌ စင်ကြယ်ဖြူဆွတ်သော ပိတ်ကို အတွန့်အတန်းမရှိစေဘဲ တင်းတင်းကြပ်ကြပ် တပ်၍ ထားပြီးလျှင်၊ မိမိ၏ရှေ့ ၅-တောင်ခန့် ယောဂီ၏ မျက်စိနှင့် မမော့လွန်း မငုံ့လွန်း အနေတော် ဌာန၌ ချိတ်ဆွဲပါ၊ အာရုံများ တိတ်ဆိတ်သောအခါ၌ ထိုအဖြူဝန်းကို မျက်စိဖြင့် ကြည့်ရှုလျက် အဖြူအဖြူဟု စိတ်၌ မှတ်သားနေပါ။ အဖြူသည် ပညတ်လား ပရမတ်လား စသောနည်းဖြင့် ဘာကိုမျှ မစဉ်းစားပါနှင့်၊ အဖြူအဖြူ ဟူ၍ သာလျှင် စိတ်ဖြင့် မှတ်သားနေပါလေ။ ထိုအခါ စိတ်၏ အာရုံ၌ ပြေးလွှားနေပုံကို သိလိမ့် မည်။ ထိုသို့ အာရုံ၌ ပြေးလွှားနေပုံကိုလည်း မစဉ်းစားပါနှင့်၊ အကျဉ်းချုပ် အား ဖြင့် ဘာကိုမျှ မစဉ်းစားမဆင်ခြင်ဘဲ အဖြူအဖြူ ဟူသော အာရုံ တမျိုးတည်းသာ စိတ်ကိုထားပေးနေပါလေ၊ ဤနည်းဖြင့် လေ့ကျင့်ဖန်များသောအခါ စိတ်အကြည်၌ အဖြူဝန်း ဟူသော အာရုံသည် ထင်ရှားပေါ်လွင်လာပေလိမ့်မည်။ မျက်စိမှိတ်လျက် အဖြူဝန်းကို နှလုံးသွင်းလျှင် မျက်စိဖြင့် မြင်ရသကဲ့သို့ပင် ကောင်းကင်လွင်ပြင်၌ အဖြူဝန်း ထင်ရှားနေလိမ့်မည်။

ပန်းထိုးခွေ၌ တပ်ထားသော အဖြူ အာရုံကို မျက်စိဖြင့် ကြည့်ရှုသုံးသပ် ရသော အာရုံဖြစ်၍ ပရိကမ္မနိမိတ် ခေါ်သည်။ မျက်စိမှိတ်လျက် နှလုံးသွင်းသော အခါ မျက်စိဖြင့် မြင်ရသကဲ့သို့၊ စိတ်အကြည်၌ ထင်ရှားနေသော အာရုံကို ဥဂ္ဂဟ

နိမိတ် ခေါ်သည်။ ပရိကမ္မနိမိတ်ဖြင့် စိတ်သည် အပြေးအလွှား မရပ်နိုင်သေးသဖြင့်၊ အဖြူအာရုံ၌ ရပ်တည်အောင် သတိကြီးစွာဖြင့် ကြိုးစား အားထုတ်ရသည်။ ဥဂ္ဂဟ နိမိတ် ထင်ရှားလာလျှင် စိတ်သည် အာရုံအမျိုးမျိုးသို့အပြေးအလွှား ရပ်နေလေပြီ။ သို့သော် ထို အဖြူအာရုံ၌ ရပ်တည်မှု ခိုင်မြဲအောင်သတိ ဝီရိယ ပညာတို့ဖြင့် ထိန်း သိမ်းထားရသည်။ ထိုအခါ ပန်းထိုးခွေကိုဖယ်၍ အာရုံစွဲမြဲအောင် သတိကြီးစွာ ထားလျက်၊ ဆက်ကာ ဆက်ကာ အသိလုပ်ပါလေ။ အဖြူဝန်း အာရုံသည် မိမိ အလိုရှိသော အခါတိုင်း၊ အလွန်ရှင်းလင်းစွာ အစင်အကြယ် ပေါ်လာသည် ဖြစ်အံ့၊ ထိုအာရုံ၌ တည်ငြိမ်သော စိတ်ကို ဥပစာရ သမာဓိစိတ် ခေါ်သည်။ ကသိုဏ်းဝန်း အာရုံကို ဆင်ခြင်သောအခါ အာရုံ၌ ပိတ်အကြောင်းအစင်း ကလေးများ၊ အဖေါင်း အကြွင်းယ်များ၊ အပိန့်အခွက်များ ထင်နေသေးလျှင်၊ ထိုအဖြူ ကသိုဏ်းဝန်းကိုပင် စိတ်ပိုမိုဝင်စားလာအောင် ကြိုးစားပေးပါ။ အကြင်အခါ၌ ကသိုဏ်းအဖြူဝန်းသည် အလွန်တရာ ကြည်လင်သန့်ရှင်းသော မှန်သားကဲ့သို့ စင်စင်ကြယ်ကြယ် ထင်ရှား လာလျှင်၊ ထိုအာရုံကို ပဋိဘာဂနိမိတ် ခေါ်သည်၊ ထိုအာရုံကို အသိ လုပ်နေသော စိတ်သည် ဥပစာရ သမာဓိစိတ် အဆင့်အတန်းမှာပင် ရှိသေးသည်။

ကသိုဏ်းဝန်း၏ အခြေအနေ ပြောင်းလဲရခြင်းသည် ကသိုဏ်းဝန်းက ဖေါက် ပြန်နေ၍ မဟုတ်၊ ကသိုဏ်း အဖြူဝန်းသည် မရှိသော ပညတ်တရားဖြစ်သည်။ ထိုပညတ် ကသိုဏ်းကို အာရုံပြု အသိလုပ်နေသော ယောဂီ၏ စိတ်အစဉ်သည် အခြေ အနေ ပြောင်းလဲခြင်းကြောင့်သာလျှင်၊ အာရုံ အခြေအနေ ပြောင်းလဲ ထင်ရှား ရသည်။ ပရိကမ္မဘာဝနာပွါးရာ၌ ယောဂီ၏ စိတ်အစဉ်သည် ပြေးလွှား နေသော အခြေအနေ တဖြေးဖြေး တကြိမ်ထက်တကြိမ် အဖြူပန်း အာရုံ၌ နားနေခွင့်ရသည်။ အခွင့်ရတိုင်း ရပ်နားသော အလေ့အကျင့် ပါဝင်လာသည်။ ဥပမာ—အားဖြင့် ပြေးလွှားနေသောစိတ်သည် လှုပ်နေသော ရေ၊ လှိုင်းထနေသော ရေနှင့် တူသည်။ ရေလှုပ်၍ လှိုင်းထနေလျှင် ရေ၌ပါဝင်နေ—ရှိနေသော အနယ်အမှုန်တို့သည် အောက် သို့ ကျလျက် အနယ်ထိုင်ခွင့် မရကြပေ။ ထို့အတူ အာရုံအမျိုးမျိုးသို့ ပြေးလွှား နေသော စိတ်အစဉ်၌၊ အာရုံတို့ကို အစွဲပြု၍ ဖြစ်ပေါ်သော ကာမဝိတက် အနယ် အမှုန်၊ ဗျာပါဒဝိတက် အနယ်အမှုန်၊ ဝိဟိံသဝိတက် အနယ်အမှုန်တို့သည် တနေ ရာတည်း၌ အတည်တကျ စုဝေး မနေနိုင်ကြဘဲ၊ ထကြွသောင်းကျန်း နေကြလေ သည်။ အကြင်အခါ၌ စိတ်သည် ကသိုဏ်းအာရုံ စသော အာရုံတမျိုးမျိုး၌ ရပ်တည် နေအံ့၊ထိုအခါ ဝိတက် ၃-ပါးလည်း ငြိမ်သက်လျက် အနယ်ထိုင်ခွင့် ရသွားလေသည်။ အနယ်ထိုင်သော ရေသည် ကြည်လင်သန့်ရှင်း သကဲ့သို့ ယောဂီ၏ စိတ်အစဉ် သည် လည်း အကုသိုလ် ဝိတက် ၃-ပါးမှ ကင်းလျက် စင်ကြယ်သန့်ရှင်း နေသည်။ ထို

စင်ကြယ်သန့်ရှင်းသော စိတ်အစဉ်၌ ထင်လာသော အာရုံသည်လည်း ပေါ်ပေါ် လွင်လွင် ထင်ထင် ရှားရှား ဖြစ်နေကြသည်။

ဤအခြေအနေသို့ ရောက်နေသော စိတ်အစဉ်သည် တက်လမ်း ၂—မျိုးတွင် မိမိနှစ်သက်ရာ လမ်းသို့ သွားနိုင်သည်။ ဤဥပစာရ သမာဓိစိတ်ဖြင့် မိမိအလိုရှိသော ခန္ဓာ ၅—မျိုးအာရုံကို အသိလုပ် အာရုံပြုလျက် ဝိပဿနာ လမ်းကို သွားနိုင်သည်။ သို့မဟုတ် ထင်ပြီးသော ပဋိဘာဂနိမိတ်ကိုပင် စိတ်ဝင်စားစွာ ဆက်လက်ရှုနေလျှင် ထိုအဖြူဝန်းအာရုံ၌ စိတ်အစဉ်ငြိမ်နေသဖြင့် စိတ်၏ အညစ်အကြေးဖြစ်သော ကာမ အာရုံတို့၌ လိုချင် တပ်မက်သော ကာမစ္ဆန္ဒခေါ် လောဘ၊ မိမိ သူတပါးအတွက် ကြောင့်ကြပူပန်သော ဗျာပါဒခေါ် ဒေါသ၊ ဝိတက်နှင့် စေတသိက် သင်္ခါရလုပ် သားတို့ကို ထိုင်းမှိုင်းလေးလံအောင် ပြုတတ်သော ထိနမိဒ္ဓ၊ အာရုံ၌ ပျံ့လွင့်လျက် စိတ်ကို မငြိမ်မသက်အောင် ဆောင်ရွက်နေသော ဥဒ္ဓစ္စကုက္ကုစ္စ၊ မိမိလက်၌ ကြိုးစား အားထုတ်နေသော သမာဓိသိက္ခာ လေ့ကျင့်မှုအတွက် ယုံမှားသံသယ ဖြစ်သော ဝိစိကိစ္ဆာ၊ ဤ ၅ မျိုးသော ကိလေသာ အညစ်အကြေးတို့သည် စိတ်အစဉ်မှ လွင့် ကွာလွတ်ထွက်နေကြသည်။ ထိုသို့ စိတ်အညစ်အကြေး ၅—မျိုးမှ လွတ်သဖြင့်၊ အလွန် သန့်ရှင်းကြည်လင်သော စိတ်အစဉ်၌....

(က) အာရုံတခုမှ အာရုံတခုသို့ စိတ်ကိုပို့ပေးသော—ဝိတက်

(ခ) ဝိတက်ပို့ပေးသော အာရုံကို အဖန်ဖန်သုံးသပ်သော—ဝိစာရ

(ဂ) အာရုံနှင့် အဆင်ပြေစွာ နှစ်မျို့နေသော—ပီတိ

(ဃ) အာရုံ၏အရသာကို ချမ်းသာစွာ ခံစားနေသော—ဝေဒနာ

(င) ထိုအာရုံ၌ စိတ်ကိုတည်ငြိမ်စွာ ထားပေးသော—ဧကဂ္ဂတာ

ဤ ၅—ပါးသော အင်္ဂါနှင့် ပြည့်စုံသော ရူပကုသိုလ် ပဌမဈာန် စိတ်သည် ပေါ်လာထင်ရှားတော့သည်။

အထက် ပြဆိုခဲ့သော ရုပ်သင်္ခါရ,နာမ်သင်္ခါရ တရားများနှင့် ပညတ်တရား တို့သည် ဤတလံချသော ကိုယ်ကောင်ကြီး၌ အခွင့်အားလျော်စွာ နေ့စဉ်နေ့တိုင်း ဖြစ်ပေါ်ထင်ရှားနေကြသည်။ ကျွန်ုပ်တို့သည် သတိ, ဝီရိယ, ပညာတို့ဖြင့် လေ့လာ ခွင့်ရတိုင်း စိတ်အားထက်သန်စွာ လေ့လာပါလျှင် အဟုတ် တကယ် ရှိနေသော သင်္ခါရလုပ်သား ပရမတ်တရားတို့ကို မျက်မှောက်ပြုကာ အသိ ရောက်နိုင်ကြသည်။ သတ္တဝါခေါ်သော ခါတ်စုကြီး၌ စိတ်အမူအရာ လုပ်ငန်း,နှုတ်အမူအရာ လုပ်ငန်း,

ကိုယ်အမူအရာ လုပ်ငန်းဟု လုပ်ငန်း ၃—မျိုးသာလျှင် ရှိသည်။ လုပ်ငန်းလုပ်သော အခြား အမူအရာ ကြိယာ တံဆာမရှိပေ။ အတိုချုပ်အားဖြင့် ဆင်ခြင်စဉ်းစားလျှင် အမူအရာ ၃—မျိုးကို သတိပြုတိုင်း ငါ,သူ,ယောကျ်ား မိန်းမ စသော အာရုံသို့ 'အသိ' မရောက်စေဘဲ အမူအရာတို့ကို ပေါ်လွင်အောင် ဖန်တီး ပေးနေကြသော သင်္ခါရလုပ်သားတို့သို့ 'အသိ' ရောက်စေရာသည်။ ဗုဒ္ဓကိုယ်တော်သည် ဤသို့ သိမ်မွေ့သော ဓါတ်သင်္ခါရ လုပ်သားတို့ကို 'အသိ' ရောက်၍ ယောဂီ၏အသိ၌ ပြတ်ပြတ် သားသား ရှင်းလင်း ပေါ်လွင် စေခြင်းငှာ ဤလက်ရှိ ကိုယ်ကောင်ကြီးကို လေ့လာဟု ဖေါ်ပြခဲ့သည်။ မိမိ၏လက်ရှိ ကိုယ်ကောင်ကြီး၌ ရှင်းလင်းခဲ့လျှင် အပြင်အပ ဗဟိဒ္ဓ အာရုံတို့ကိုလည်း ရှင်းလင်းစွာ အသိရောက်၍ လောက ၃-မျိုးအတွက် 'အသိ' ရှင်းလင်းပေလိမ့်မည်။

## ဗုဒ္ဓအရှင်၏ လောကဝိဒူ ဂုဏ်တော်

လောကဝိဒူ ဂုဏ်တော်ကို ခံယူတော်မူသော ဗုဒ္ဓကိုယ်တော်သည် လောကသည် အတ္တမဟုတ်၊ အနတ္တပါဟု လူနတ် ဗြဟ္မာတို့အား သိစေတော် မူလိုသဖြင့် လောကကိစ္စကို ဆောင်ရွက် နေကြသော သင်္ခါရ လုပ်သားတို့ကို လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀—ကျော်ကပင် ဟောပြဆုံးမတော်မူခဲ့၍ 'သုဒ္ဓဓမ္မ'ဟူသော 'မူလဓါတ်စင်'တို့ကို ဖေါ်ပြတော် မူခဲ့လေသည်။ ဤဓါတ်စင် သုဒ္ဓဓမ္မတို့ကို စံနစ်တကျ အသိရောက်ပြီးမှ သာလျှင် ထိုဓါတ်တို့၏ စုပေါင်းလျက် ဖေါက်ပြန် ဆောင်ရွက်နေကြပုံတို့ကို သိနိုင်မည်ဖြစ်သည်။ ဤသို့သိပြီးသော ပုဂ္ဂိုလ်တို့သည်သာလျှင် မိမိတို့ အလိုအတိုင်း လောက၏ ကြီးပွါးရေး၊ စီးပွါးရေး၊ ချမ်းသာရေး စသော အရေးပေါင်းများစွာတို့ကို တိုးတက် ကောင်းမွန်အောင်ဆောင်ရွက်နိုင်ကြမည်။ လောကမှ ထွက်မြောက်လိုသူတို့လည်း ထွက်မြောက်နိုင်ကြမည်ဟု သတ္တဝါတို့အား သနားကြင်နာသော မဟာကရုဏာ မေတ္တာတော်ဖြင့် စံနစ်ကျတ ဆုံးမတော် မူခဲ့လေသည်။ ဗုဒ္ဓအရှင်သည် မည်သူတဦး တယောက်နှင့်မျှမတူ၊ (ဝ၂) အတုမရှိသော လောကဓါတ်တရားကြီး ဟူသော 'လောကဝိဒူ' ဘွဲ့တော်ကို မှန်ကန်သော သဘောဖြင့် ခံယူတော်မူခဲ့သည်။

ခေတ်ပညာကို လေ့လာ တတ်ကျွမ်းကြသော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓဘာသာ ကျမ်းစာတို့၌ ဖေါ်ပြသော သဘောတရားများ, အရာဝတ္ထုများနှင့် အခြင်းအရာ အမျိုးမျိုး တို့ကို ဝေဘန်ကြသည်။ ထိုသို့ ဝေဘန်ခြင်းကို အပြစ်ဟု မဆိုသာပေ၊ ထိုပညာတတ်တို့သည် မိမိတို့ အသိရောက်သမျှဖြင့် ဝေဘန်ခြင်းသာလျှင် ဖြစ်သည်။

မိမိတို့၏အသိနှင့် မတူခြင်း၊ မတိုက်ဆိုင်မိခြင်း စသည်တို့ကြောင့်သာလျှင် ဝေဘန်ကြသည်။ ထို့ပြင်လည်း ဗုဒ္ဓကိုယ်တော် ဆုံးမခဲ့သော 'ပရိယတ္တိ သဒ္ဓမ္မ' သည်လည်း နှစ်ပေါင်း ၂၅၀၀ ဖြင့် အဆင့်ဆင့်သော ခေတ်ကာလတို့ကို ကျော်လွန် ခဲ့ရသဖြင့် တဆင့် တဆင့်ကြား ဒေသနာတော်လည်း ဖြစ်နေသည်။

ခေတ်ပညာတတ် ဓမ္မမိတ်ဆွေတို့အတွက် ဥပမာပြရလျှင် လောကဓါတ်ပညာကိုသင်ကြားသောအခါ 'မူလဓါတ်စင်' ၉၂ မျိုးတို့ကို စံနစ်တကျမသင်ကြားဘဲ ထို ၉၂—မျိုးသောဓါတ်နှင့် ဓါတ်ပေါင်းစုတို့၏ လုပ်ငန်းဖြစ်သော 'ဖီစစ်' ပညာတို့ကိုမသိနိုင် မကျွမ်းကျင်နိုင်သကဲ့သို့ ဗုဒ္ဓကိုယ်တော်ဖေါ်ပြခဲ့သော 'သုဒ္ဓဓမ္မဓါတ်စင်' တို့ကို စံနစ်ဖြင့် သင်ကြားနာယူခြင်း မပြုခဲ့ဘဲ 'ဖီစစ်' ပညာနှင့်တူသော သင်္ခါရလုပ်ငန်းတို့ကို ဘယ်သို့လျှင် နားလည်ကျွမ်းကျင်နိုင်ပါမည်နည်း။

လောက ၃—မျိုးကို သင်္ခါရလုပ်သားတို့ တည်ထောင်ကြသည်ဟု ဗုဒ္ဓကိုယ်တော် ဖေါ်ပြခဲ့သည်။ထိုလောကတို့၌ ဖေါက်ပြန်ကြသော ဝိကာရဟူသမျှတို့သည်လည်း သင်္ခါရလုပ်သားတို့၏ လုပ်ငန်းသာလျှင်ဖြစ်သည်ဟု ဗုဒ္ဓကိုယ်တော်ဖေါ်ပြခဲ့သည်။ 'သုဒ္ဓဓမ္မသင်္ခါရ' တရား ၇၁ မျိုးသည် ကမိစတြီပညာကဲ့သို့ဖြစ်၍ ဝိကာရနှင့် လက္ခဏာတို့သည် ဖီစစ် ပညာနှင့် တူလေသည်။ ခေတ်ပညာတတ်တို့သည် ဖေါက်ပြန်ပုံ အခြင်းအရာတို့ကို သေချာစေ့ငု အသိရောက်ကြသော်လည်း၊ ထိုဖေါက်ပြန်မှုတို့ကို ဆောင်ရွက်ပေးနေသော 'သုဒ္ဓသင်္ခါရ' မူလဓါတ်ရင်းကို အသိမရောက်ဘဲ အကြောင်းစုံမသိခြင်းဖြင့် ဝေဘန်ကြခြင်းသာဖြစ်လေသည်။

ပရိယတ္တိဓမ္မကို လေ့လာသော ပုဂ္ဂိုလ်အချို့တို့ကလည်း သုဒ္ဓဓမ္မသင်္ခါရတို့သို့ ယောဂီများသည် အသိမရောက်နိုင်ဟု ပြောမှားဆိုမှား ရှိတတ်ကြလေသည်။ အမှန်အားဖြင့် အသိရောက်နိုင်ပါသည်။ ဥပမာ—အာရုံ ၆—မျိုးနှင့် အကြည်ဓါတ် ၆-မျိုး တိုက်တိုင်းတိုက်တိုင်း အာရုံကိုစစ်ဆေးခြင်း၊အာရမ္မဏိကစိတ်ကို စစ်ဆေးခြင်း လေ့ကျင့်လျှင်၊ စစ်ဆေးလေ့ကျင့်သောစိတ်သည် အလေ့ပါအကျင့်ရနေ၍ အားမထုတ်ရတော့ဘဲ အလိုအလျောက်ဖြစ်ပေါ်စစ်ဆေးလျက် သုဒ္ဓဓမ္မသင်္ခါရတို့၏ အကြောင်းခြင်းရာကို တိုးတက် သိကျွမ်း နားလည်လာပါသည်။ နောက်ဆုံး၌ သတ္တလောက၊ ဩကာသလောကတို့တွင် အဘယ်ကိစ္စ အဘယ်လုပ်ငန်းတို့ကိုဖြစ်စေ၊သုဒ္ဓဓမ္မ သင်္ခါရသို့သည်သာလျှင် ဆောင်ရွက်လုပ်ကိုင်နေကြသည်ဟု မိမိတို့အသိမှာ ရှင်းလင်းနေလေတော့သည်။

## ဝိညာဏ်၏ တန်ခိုးသတ္တိ

သင်္ခါရလုပ်သားတို့သည် 'ဓါတု'ဟူသော'သုဒ္ဓဓမ္မ'ဓါတ်စင်များဖြစ်ကြောင်းကို အထက်ကပြဆိုခဲ့ပြီးပြီ။ ထိုဓါတ်စင်တို့သည် တခုချင်းအနေဖြင့် အထည်ဒြပ်အကောင်ဟူ၍ မပေါ်နိုင် မထင်ရှားနိုင်ကြ၊ အမှတ်အသားတခုစီရှိသော သဘာဝများသာလျှင်ဖြစ်ကြသည်။ သို့သော် အဟုတ်တကယ် 'အရှိ' သဘောကြောင့် တခုနှင့်တခု ဆက်သွယ်နေကြသည်။ဆက်သွယ်ပုံ အခြင်းအရာအမျိုးမျိုး ကွဲပြားခြားနားခြင်းကြောင့် ၂၄–ပစ္စယသတ္တိဟု အရေအတွက်အားဖြင့် ၂၄–မျိုး ကွဲပြားသည်။ ထို ၂၄–ပစ္စယသတ္တိတို့သည်လည်း၊ သင်္ခါရလုပ်သား ၇၁–ပါးတို့၏ 'အများဆိုင်' သတ္တိဖြစ်ကြသည်။ ယင်း အများဆိုင်သတ္တိတို့၏ အကူအညီအထောက်အပံ့ဖြင့် ဓါတ်စင်တို့ အစုအဝေးရောက်ကြရသည်။ ဓါတ်စင်တို့သည် အစုအဝေးသို့ရောက်မှပင် မိမိတို့၏ ကိုယ်ပိုင်အမှတ်လက္ခဏာကို ပြသဖေါ်ထုတ်နိုင်၍ ဓါတ်တခုနှင့်တခုချင်း သဟဇာတ, အညမည, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ စသော အများဆိုင် သတ္တိကိုလည်း ဖေါ်ပြနိုင်ကြသည်။ ဤနည်းဖြင့် ရုပ်ဓါတ်စင်ဖြစ်သော သင်္ခါရ လုပ်သားတို့သည် အစုကလာပသို့ ရောက်ကြရသည်။

ရုပ်ဓါတ်စင် ၈–မျိုး၊၉–မျိုး၊၁၀ -မျိုး၊၁၁ -မျိုး၊၁၂–မျိုး၊၁၃–မျိုး၊ ပေါင်းစပ်ကြသော ကလာပတို့သည် ထိုဓါတ်စင်တို့၏ ရှေ့ဦးဆုံးပထမအစုဖြစ်သည်။ ရုပ်ဓါတ်စင်တို့သည် အလွန်တရာသိမ်မွေ့သေးငယ်သော အကြောင်းတရားတို့ကို အမှီအစွဲပြုကာ ပေါ်လာထင်ရှားကြရသဖြင့်၊၎င်းတို့၏ အကြောင်းတရားတို့ကို ကုန်စင်အောင် အသေးစိတ်မဖေါ်ပြနိုင်တော့ပေ။ဥပမာ–ရေမှုံတို့၏ အစုအဝေးဖြစ်သော မြစ်ရေအယာဉ်သည်အလွန်ထင်ရှားပေါ်လွင်နေသည်။မြစ်ရေအယာဉ်တို့သည်လည်း မြစ်လက်တက်တို့၏ ရေအယာဉ်ကို အစွဲပြုအမှီပြုရသည်။ မြစ်လက်တက်သည်လည်း ချောင်းတို့၏ရေယာဉ်ကို အမှီပြုရသည်။ချောင်းရေယာဉ်သည်လည်းမြောင်းငယ်တို့၏ ရေအယာဉ်ကို၊မြောင်းငယ်တို့၏ရေအယာဉ်သည်လည်း စမ်းတို့၏ရေအယာဉ်ကို၊စမ်း ရေအယာဉ်တို့သည်လည်း ရေစီးကြောင်းငယ်တို့ကို အမှီအစွဲပြုရသကဲ့သို့၊ဓါတ်တို့၏ မူလအစအဆုံး စီးထွက်ရာကို လေ့လာပါလျှင် အစပေါင်းများစွာ ဖြစ်လေသောကြောင့်၊ဘယ်အစသည် မူလပင်မအစဟု သတ်မှတ်ရန်ခဲယဉ်းသော သိမ်သိမ်မွေ့မွေ့ အကြောင်းများသာလျှင် ရှိကြဖြစ်ကြသည်။ အဘယ်အကြောင်းသည် ပဓါနမူလ အကြောင်းဟု အမှတ်အသားမပြုနိုင်တော့ပေ။ ဤဥပမာအတိုင်း မြစ်ရေအယာဉ် တသွင်သွင်ထင်ရှားသကဲ့သို့ ကလာပအစဉ် စိတ္တအစဉ်တို့သည်လည်း ဤကိုယ်တသံ မျှတွင် တသွင်သွင်စီးဝင် ထွက်သွားနေကြလေတော့သည်။

ကလာပသည် ဓါတ်စင်တခုစီတို့၏ အစုပင်ဖြစ်သော်လည်း၊ မည်သူ၏မျက်ဒိဖြင့်မှ မမြင်နိုင်၊ အလွန်တရာသိမ်မွေ့ သေးငယ်လှသော အစုဖြစ်လေသည်။ ဟသော ရေးကျမ်းဂန်များအရ နတ်ဗြဟ္မာတို့၏ မျက်စိဖြင့်မြင်ရသော အသေးဆုံးအမှုံသည် ပရမာဏုမြူဖြစ်သည်။ ယင်းပရမာဏုမြူအောက် အဆပေါင်းသိန်းသန်းမက သေးငယ်လှသောကြောင့် နတ်ဗြဟ္မာတို့၏မျက်စိဖြင့်ပင် ကလာပအမှုံကိုမမြင်ကြရတော့ပေ။ သို့သော် ဗုဒ္ဓကိုယ်တော်ဖော်ပြဆုံးမတော်မူခဲ့သော ဒေသနာ သုတမယဉာဏ်ဖြင့် ရှေးဦးစွာ ဓါတ်တခုစီသို့ အသိရောက်ပြီးလျှင်၊ ထိုဓါတ်စင်တို့၏ အစုဖြစ်သော အာရုံသည် မနောအကြည်၌ ကလာပအသွင်ဖြင့် ရှေးရှု ထင်ရှား လာနိုင်သည်။ သုတမယဉာဏ်ကို အစဉ် လျှောက်သဖြင့် ကျရောက်လာသော ကလာပအာရုံကို သတိ,ဝိရိယ,ပညာတို့ဖြင့် လေ့လာသောအခါ၊ ပင်ကိုယ်ဉာဏ်ခေါ်သော စိန္တာမယဉာဏ်သည် ဗုဒ္ဓအရှင်ပြသခဲ့သော စံနစ်လမ်းကြောင်းအတိုင်း ပေါ်လာသျက် ကလာပတို့၏ မှန်ကန်သောသဘောကို စစ်ဆေးပိုင်းခြားနိုင်လေသည်။

ဤနေရာ၌ မနောဝိညာဏ်၏အစွမ်းသတ္တိကို စဉ်းစားဆင်ခြင်ရာသည်။ မနောဝိညာဏ်သည် အာရုံကိုယူရာ အသိလုပ်ရာတို့၌ အခြားသော နာမ်သင်္ခါရတို့ထက် ပိုလွန်ထက်မြက်သော အစွမ်းသတ္တိရှိပါသည်။ အထူးအားဖြင့် သဒ္ဓါ,သတိ,ဝီရိယ,သမာဓိ,ပညာတို့ ပေါင်းစပ်ပါဝင်သော မနောဝိညာဏ်သည် ပကတိချိုးချိုးဖြစ်ပေါ်နေကျဖြစ်သော မနောဝိညာဏ်ထက် သတ္တိလွန်ကဲပိုမိုသည်။ အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် မိမိတို့၏သတိ,ဝိရိယ,ပညာတို့ကူညီသော သမာဓိအရှိန် တိုးတက်လာသောအခါ၊ မိမိကိုယ်တိုင်က အထူးသတိပြုထားခြင်းမရှိသော အခြင်းအရာအာရုံတို့သည် မျက်စိဖြင့် တပ်အပ်သေချာစွာ မြင်နေသကဲ့သို့၊ ထိုယောဂီပုဂ္ဂိုလ်၏ မနောအကြည်မှာ ရှေ့ရှုထင်လာတတ်လေသည်။ ထိုအခြင်းအရာ အဖြစ်အပျက်တို့သည် ဆိုင်ရာဌာနတို့၌ ဖြစ်ပေါ်နေကြသည်ကို မကြာမီ နောက်ကာလ၌ အတိအကျသိရှိကြရသည်။ ကိုယ်တိုင်တွေ့ကြုံဘူးသော အဖြစ်အပျက်မှာ ၁၅–နှစ်အရွယ် စစ်ကိုင်းတောင်ရိုးမှာဖြစ်သည်။

ဟင်္သာတမြို့မှ အမျိုးကောင်း သမီးကြီးတဦးသည် သူမ၏ သားအကြီးနှင့် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဆရာတော်ထံ၌ တရားအားထုတ်နေကြသည်။ သားအကြီးသည် ရဟန်းပြုလျက် ရတနာခုဝံချောင်၌ သီတင်းသုံးနေသည်။ မိခင်ဒါယိကာမကြီးမှာ သီလရှင်ဝတ်လျက် မဂ္ဂင်ချောင်၌ နေလေသည်။ တနေ့သ၌ မိခင်ဒါယိကာမကြီးသည် သားအကြီးရဟန်းတော်ထံလာရောက်၍ ဦးပဥ္ဇင်းဘုရား - ဦးပဥ္ဇင်း၏ညီ မောင်ဘကြွမ်းမှာ မနက်က ဒါးခုတ်ခံရသည်။ ညာဘက် မျက်နှာနှင့် ဘယ်ဘက် ဂျိုစောင်း, လက်ပြင်မှာ ဒါးဒဏ်ရာ အကြီးအကျယ်ရသည်။ ယခု

ဆေးရုံရောက် နေသည်ဟု ပြောလာသည်။ သား ဦးပဥ္စင်းက—ဒါယိကာမကြီးကို ဘယ်သူလာပြောတုန်းဟု မေးသောအခါ၊ တပည့်တော်မ၏စိတ်အာရုံမှာ လာထင်နေပါသည်၊ တပည့်တော်မကို ဘယ်သူမှ လာမပြောပါဟု လျှောက်သည်။ သား ဦးပဥ္စင်းက—ဒါယိကာမကြီး စိတ်စွဲ၍ ပေါ်လာသောအာရုံ ဖြစ်ပါလိမ့်မည်ဟု ပြန်ပြောသောအခါ၊ တပည့်တော်သည် အရှင်ဘုရားတို့ ညီအစ်ကို ၂—ဦးအား ပစ္စည်း တိုက်တာ အိမ်ယာတို့ကို ဝေခြမ်း ပေးစွန့်ပြီးနောက် ဘယ်သူ ဘယ်ပစ္စည်း တို့ကိုမှ အစွဲအလမ်းမထားပါ၊ ဘကြမ်းကိုလဲ သတိမပြုမိပါ။ သို့သော် တပည့်တော်မ စိတ်အာရုံ၌ ထင်လာသော အဖြစ်အပျက်တို့သည် မှန်ကန်တတ်သည်၊ အရှင်ဘုရားမှာ ခေတ္တသက်န်းဝတ်သူဖြစ်၍ ဝတ္တရားအတိုင်း ဆောင်ရွက်ရန် လာပြီး ပြောဆိုပါသည်ဟု လျှောက်ထားပြန်သွားသည်။ ထိုနေ့မှာပင် ဘကြမ်း ဒါးခုတ်ခံရ၍ ဆေးရုံရောက်နေပြီ အမြန်လာပါဟူသော ကြေးနန်းစာကို ဦးပဥ္စင်းကြီး ရရှိသဖြင့် ဟင်္သာတမြို့သို့သွားရာ၊ မယ်တော်ဒါယိကာမကြီး ပြောပြသည့်အတိုင်း မောင်ဘကြမ်း၌ ဒဏ်ရာများကို တွေ့မြင်ရသည်။ မောင်ဘကြမ်း အနာတွေ ပျောက်ကင်းသဖြင့် စစ်ကိုင်းတောင်ရိုးသို့ လာရောက် ရဟန်းခံသောအခါ၊ အကြောင်းကို သိပြီးသော ရဟန်းတော်များက ပြောကြမေးကြသည်။ တပည့်တော် ဒါးခုတ်ခံရ စဉ်က သေလုမတတ် ဒုက္ခဖြစ်၍ မယ်တော်၏ ဆုံးမ စကားကို နားမထောင်မိလေခြင်းဟု နောင်တရလျက်၊ ထိုအချိန်က မယ်တော်၏ကျေးဇူးကို အောက်မေ့သဖြင့် မယ်တော်ထံသို့ စိတ်ရောက်စွဲလမ်းနေပါသည်ဟု ပြန်ပြောလေသည်။

ဤအဖြစ်အပျက် အကြောင်းကို ဆင်ခြင်စဉ်းစားမိသောအခါ၊ မောင်ဘကြမ်း၏ဝိညာဏဓါတ်တို့သည် မိခင်ထံသို့ရောက်ရှိလျက် မိခင်၏ မနောဒွါရအကြည်၌ ရှေ့ရှုထိခိုက် ထင်လာခြင်းဖြစ်သည်။ သမာဓိ ကောင်းစွာရရှိနေသော မိခင်သည် ထိုထိခိုက်လာသောအာရုံကို နှလုံးသွင်းလိုက်သောအခါ အထက် ဖေါ်ပြခဲ့သော အဖြစ်အပျက်တို့သည် အကြောင်းအကျိုးဆက်လျက် ထင်ထင်ရှားရှား ပေါ်လာခြင်းဖြစ်ပေသည်။ အဟုတ်ရှိသော ပရမတ်ဓါတ်တို့သည် မည်မျှပင် ကာလ,ဒေသ, ပညတ်တို့ဖြင့် ဝေးကွာခြားနားနေသော်လည်း၊ တခုနှင့်တခု မခြားနားဘဲ တစပ်တည်းကဲ့သို့ ဆက်သွယ်နေကြသည်။ မောင်ဘကြမ်း၏ ဝိညာဏ်သည် ပကတိရိုးရိုး ဝိညာဏ်မျိုးမှ အနည်းငယ်ကွာခြားမည်ဖြစ်သော်လည်း၊မိခင်၏ဝိညာဏ်မှာ သမာဓိ အဟုန်အရှိန်တို့ ပိုမိုထက်မြက်နေသဖြင့် ဓာတ်အချင်းချင်း ထိခိုက်မှုကို သတိပြု နှလုံးသွင်းနိုင်ပေသည်။

ထိုသို့ထက်မြက်သော,သတ္တိရှိသော ဝိညာဏ်သည် သဒ္ဓါ,သတိ,ဝိရိယ,သမာဓိ ပညာ ဟူသော ဤ ၅-မျိုးတို့၏ အထောက်အပံ့ကို ရရှိနေဆဲအခါ၊ ဇိုလ်တို့အစွမ်း သတ္တ အဟုန်အရှိန်အားလျော်စွာ တန်ခိုးသတ္တိ ကြီးကျယ်ပြန့်ပြောစွာဖြင့်၊ အာရုံ

ကို အသိလုပ်နိုင်လေတော့သည်။ တမျိုးအားဖြင့်လည်း သင်္ခါရလုပ်သား တခု တခုစီတို့ ဆောင်ရွက်သော ကိစ္စရသ တို့သည် စုပေါင်းမိ သောအခိုက်၌ တခုနှင့် တရာ တန်ခိုးသတ္တိ ထက်မြက်ကြကြောင်း သိနိုင်ကြသည်။ အာရုံ၏သတ္တိသည် ထက်မြက်ပေစွ၊ ပညတ်အာရုံတို့သည် အဟုတ်တကယ် အထည်ဒြပ်မရှိကြ။ သို့သော် ပရမတ် တို့၏ အရိပ်သဘောဟု ခေါ်ကြရသော ထိုပညတ်အာရုံတို့သည် မနောဒွါရ ခေါ် နှာမ်အကြည်မှာ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှားအနေဖြင့် သတ္တဝါ၏ အသိ ရှင်းလင်းနေကြသည်။ အထည်ဒြပ်မရှိသော ပညတ်အာရုံသည် မနောအကြည် မှာ ရှေ့ရှု ကျရောက် ထင်ရှားနိုင်ပါလျှင်၊ အဟုတ်တကယ် အထည်ဒြပ်ဖြစ်သော ကလာပ စိတ္တအာရုံတို့သည် သမာဓိ ရနေသော ယောဂီစိတ်အစဉ်၏ အာရုံမဖြစ်နိုင်ဘဲ ရှိပါမည်နည်း။ အာရုံ အာရမ္မဏိကတို့သည် 'ပရမတ္ထ' အချင်းချင်းဖြစ်၍ ထိခိုက် နိုင် တိုက်ဆိုင်နိုင် သိနိုင်ကြသည်သာဖြစ်တော့သည်။ ထို့ကြောင့် အာရုံဖြစ်သော သင်္ခါရလုပ်သားတို့နှင့် အစုဖြစ်သော ကလာပစိတ္တတို့ကိုလည်း အာရုံအဖြစ်ယူနိုင် ကြသည်ဟု သံသယကင်းလျက် လေ့လာကြပါကုန်။ အရေအတွက်ကို သတိမပြု ဂရုမစိုက်ပါလေနှင့်။ အရေအတွက်သည် သဘာဝကိုလေ့လာရာ၌ အကျိုးအထူး မရှိ၊ အရည်အခြင်းသည်သာလျှင် အကျိုးထူးကိုသိစေတတ်ပေသည်။ လက္ခဏာတခု စီဖြင့် အမှတ်အသားခံယူကြရသော အရှိခေါ်တ်ပရမတ်တို့သည် ကာလ,ဒေသ,ပညတ် အားဖြင့် မည်မျှဝေးကွာ ခြားနားကွဲပြားနေကြသော်လည်း၊ အချင်းချင်းမှာ ဆက် စပ်လျက် ရှိကြသည်သာဟု အသိရှင်းရန် လေ့လာပါလေ။ ဗြဟ္မဝိဟာရ ခေါ် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ တရားလေးပါးတို့ကို တပါးစီ တပါးစီပွား များအားထုတ်သော ပုဂ္ဂိုလ်တို့၏ ဝိညာဏ်ဓါတ်သည် မိမိတို့၏ ဇိုလ် ၅ ပါးအစွမ်း အားလျော်စွာ သတ္တိ ထက်မြက်လာကြသဖြင့်၊ တခြား သတ္တဝါတို့၏ ပကတိ ရိုးရိုး ဖြစ်သော ဝိညာဏ်ဓါတ်တို့ကို စိုးမိုးလွှမ်းအုပ်နိုင်ကြသည်။ ဝေဿန္တရာ မင်းသား၏ မေတ္တာဓါတ် ဝိညာဏ်အစွမ်းကြောင့် သူ၏ သခ်မ်းကျောင်း တပိုင်နေရာ ပတ်ဝန်း ကျင်အတွင်း၌ ဖါးနှင့်မြွေ, ကျားနှင့်သမင်တို့၏ သင့်တင့် ညီညွတ် ကြရခြင်းသည် ဝေဿန္တရာ မင်းသား၏ မေတ္တာဓါတ် ဝိညာဏ်လွှမ်းမိုးနေခြင်းကို သိသာစေသည်၊ ဗုဒ္ဓ အရှင်၏ မေတ္တာ ဝိညာဏ်ဓါတ်သည် နာဠာဂီရိဆင်နှင့် မလ္လာမင်းသား ရောဇတို့၏ ဝိညာဏ ဓါတ်ကို လွှမ်းမိုးအုပ်စိုး သွားနိုင်ခြင်းတို့မှာ ယုံမှားစရာ မဟုတ်တော့ပေ။ ဓါတ်တို့သည် အဟုတ်ရှိ ပရမတ်များ ဖြစ်သောကြောင့် တိုးပွါးခြင်း ယုတ်လျော့ ခြင်း ရှိကြရလေသည်။ ထို့ကြောင့် တိုးပွါးအောင်လည်း ပြုလုပ်နိုင်၊ ယုတ်လျော့ အောင်လည်း ပြုလုပ်နိုင်သည်။ ယုတ်လျော့အောင်,တိုးတက်အောင်,ပွါးများအောင် လုပ်နိုင်ခြင်းကိုပင် 'ပစ္စတ္တပုရိသာကာရ' လူတို့စွမ်းရည်ဟု ခေါ်သည်။ ထိုစွမ်းရည် သည် ပရမတ္ထအားဖြင့် ဝီရိယ စေတသိက်နှင့် ပညာ စေတသိက်ပင် ဖြစ်လေသည်။

ဝိရိယနှင့် ပညာတို့ကို လေ့လာသဖြင့် သင်္ခါရတို့၏ အစွမ်းသတ္တိတို့ကို သိမြင်သော ပုဂ္ဂိုလ်ကို 'ထာမဒဿီ'ခေါ်ရလေတော့သည်။

ဝိညာဏ်၏ အစွမ်းသတ္တိကို ယုံကြည်သက်ဝင်သော သဒ္ဓါ၊ အာရုံကို မျက်ခြေမပြတ်အောင် အောက်မေ့သော သတိ၊ မိမိနှင့် ယှဉ်ဖေါ်ယှဉ်ဘက်ဖြစ်သော သင်္ခါရ လုပ်သားတို့ကို ထားပေးသော ဝိရိယ၊ ရှေ့ရှုတိုက်ဆိုင် ကြုံကြိုက်လာသော အာရုံ၌ သင်္ခါရ လုပ်သားတို့ကို တည်ငြိမ်စွာ ထားပေးတတ်သော-သမာဓိ၊ ထိုအာရုံ၏သဘော အမှန်သို့ ဝိညာဏ်သိ မရောက်နိုင်အောင် ဖုံးလွှမ်း ကာကွယ်ထားသော အမှောင် ဓါတ် မောဟကို ဖယ်သတ် တွန်းကန်လျက် အလင်းဓါတ်ထိုးသွင်းပေးသော—ပညာ၊ ဤ ငါးပါး ပေါင်းစပ် ပါဝင်သော 'သိ'ဝိညာဏ်ဖြင့် ကလာပ စိတ္တတို့သို့ အသိ ရောက်အောင် လေ့လာပါလေ။

## ကလာပတို့ ကိုယ်ကောင်ကြီး တည်ဆောက်ပုံ

ရုပ်သင်္ခါရလုပ်သားတို့သည် ရုပ်သင်္ခါရလောကကို အောက်ပါအတိုင်း တည်ဆောက်ကြသည်။ အထက်က ပြဆိုခဲ့သည့်အတိုင်း ကံ,စိတ်,ဥတု, အာဟာရ ဟူသော အကြောင်းတရား ၄—ပါးတို့သည် ရုပ်ဓါတ်တို့ကို ဖန်တီး လိုက်သော ခဏ၌၊ အရှိသို့ ရောက်ကြသော အသစ်ဓါတ် တို့သည် အချင်းချင်း ဆက်သွယ်ကာ အထောက်အပံ့ ကျေးဇူးပြုကြသဖြင့် စုဝေးပေါင်းမိကြသည်။ယင်းသို့ ပေါင်းမိကြသော ရုပ်ဓါတ်အစု သည် ကလာပ ဖြစ်သည်။ ကံ,စိတ်,ဥတု,အဟာရ တို့သည် ဤကိုယ်ကောင်၌ ရှိနှင့် ပြီးသော အကြောင်းဓါတ်များဖြစ်ကြသည်(၎င်းလေးမျိုးတို့၏'အစဖြစ်ပုံ'ကို အနုပုဗ္ဗ ကိရိယာအပိုင်း ပဋိသန္ဓေမှုပွါး အခန်း၌ ဖေါ်ပြမည်။) ကလာပအသွင် ထင်ရှားကြ သော ရုပ်အစုသည် ရှေးဦး ပေါ်စဖြစ်သော ဥပ္ပါဒက္ခဏ၊ ပေါ်ဆဲဖြစ်နေသော— ဌီတိက္ခဏ၊နောက်ဆုံးပျက်သော ဘင်္ဂက္ခဏ ဟူ၍၊ဖြစ်,တည်,ပျက်,ခဏ အချိန်ကာလ ၃ -မျိုးဖြင့် ပိုင်းခြားနိုင်သည်။ ဖြစ်—ခဏမှာ တခုတည်းဖြစ်၍၊ တည်ခဏမှာ အရေ အတွက်အားဖြင့် ၄၉—ဖြစ်သည်။ ပျက်ခဏလည်း တခုတည်းဖြစ်သည်။ ထိုကြောင့် နိပ္ဖန္နရုပ်ဓါတ်တို့သည် အစုသို့ရောက်သောအခါ ခဏပေါင်း ၅၁—ထင်ရှားကြသည်။ ကံကြောင့်ဖြစ်သော ကလာပတို့သည် ခဏတိုင်း ခဏတိုင်းမှာ ဖြစ်ပေါ်ကြသော ကြောင့်၊ ၅၁- ခဏတွင် အကြိမ်ပေါင်း ၅၁ -ကြိမ် ဆက်လက်ပေါ်ကြရသည်။ ကလာပတို့၏ အသက်ကာလ အပိုင်းအခြားသည် ၅၁ -ခဏက မကျော်လွန်ကြ၊ ကလာပမှန်သမျှ ခဏပေါင်း ၅၁ -သာလျှင် ထင်ရှားပေါ်လွင်ကြရသည်။ ဤနည်း ဖြင့် ဆင်ခြင်ခဉ်းစားလျှင် ကမ္မဇကလာပ တခု ဦးဆုံးဖြစ်ပေါ်လာလျှင် ထိုဖြစ်

ပေါ်သော ကလာပ၏ ပျက်သောခဏ၌ ကလာပပေါင်း ငါးဆယ် ကျန်ရှိသေးသည်။ အုံးဆံမျှင် ၅၁ ချောင်းကို ၅၁ ပိုင်းစီ မှတ်သားလျက် တပိုင်းတပိုင်းစီ အဆက်မပြတ်အောင် ဆက်ထပ်သွားလျှင် ရှေ့ဦးဆုံး အုံးဆံမျှင်သည် ၅၁ မှာ ဆုံး၍၊ ဒုတိယအုံးဆံမှာ ၅၂၊ တတိယအုံးဆံမှာ ၅၃ စသည်ဖြင့် အုံးဆံကြိုးပမာဏသည် တခုထက်တခု ကြီးထွား၍ အလျားလည်း ရှည်ထွက်လာသည်ကို တွေ့မြင်ရပေမည်။ ဤဥပမာအတိုင်း အမိဝမ်းတိုက်၌ရှိသားအိမ်၌ ရှေးဦးဆုံး ဖြစ်ပေါ်သော ကမ္မဇကလာပ ၃ စည်းမှ အစပြုခဲ့သော ရုပ်ခါတ်အစုသည် ခဏတိုင်း ခဏတိုင်း ဖြစ်ပေါ်နေကြသည်။ အကြောင်းဖြစ်သောကံ အဟုန်အရှိန် ကုန်ခမ်းသဖြင့် မဖန်တီးနိုင်သောအခါမှပင် အဖြစ်ရပ်စဲလေတော့သည်။ ဤ၌ သတိပြုထားရန်မှာ ဇာတိဟူသော ပဋိသန္ဓေကမ္မဇရုပ်သို့ ဖန်တီးပေးသော ကံတို့၏ အဟုန်အရှိန်သည် စုတိစိတ်မဖြစ်ပေါ်မီ စိတ္တ ၁၇ ချက်ခန့်တွင် ကုန်ခမ်းသွားပြီဟု ခန့်မှန်းနိုင်သည်။ အခြားဇာတိတခုကို ဖန်တီးပေးမည့် ကံတို့၏အခွင့်သို့ ကျရောက်သွားလေသည်။ အတိုချုပ်မှာ စုတိစိတ်နှင့် တကွသော စိတ္တ ၁၇ ချက် အချိန်ကာလသည် အသစ် ပဋိသန္ဓေ အကျိုးကို ဖြစ်ပေါ်စေမည့် အခြားကံတို့၏ အခွင့်အခါ ဖြစ်လေသည်။

ဇာတိသို့ ရှေးဦးရောက် သင်္ခါရအစုကို သတ္တလောက၌ တဘဝဟု ခေါ်ကြရာ၊ တဘဝ တဘဝ၌ ပဋိသန္ဓေစိတ်နှင့် စုတိစိတ်သည် တခုစီသာဖြစ်၍၊ တကြိမ်စီသာ ဖြစ်ပေါ်ကြရသည်။ ထိုစိတ် ၂ ခုသည် တဘဝ၏ အစနှင့်အဆုံး ဖြစ်လေသောကြောင့်၊ အားနည်းကြသဖြင့် ရုပ်ဓာတ်တို့ကို မဖန်တီးနိုင်ကြပေ၊ ဒွေပဥ္စဝိညာဏ ၁၀ လည်း ရှေ့စိတ်, နောက်စိတ်တို့နှင့် တည်ရာကွဲပြား ခြားနေကြ၏။ တည်ရာကွဲပြားသဖြင့် အဟုန်အရှိန် အားနည်းပါးသွား၍၊ ရုပ်ဓါတ်တို့ကို မဖန်တီးနိုင်။ ထိုကြောင့် ကျွန်ုပ်တို့၏ လက်ရှိကိုယ်ကောင်ကြီး၌ ဖြစ်ပေါ်နေကြသော စိတ္တပေါင်း ၈၉ မျိုးတွင် ဒွေပဥ္စဝိညာဏ် ၁၀ နှုပ်ပယ်လျှင် ရုပ်ဓါတ်ကိုဖြစ်စေတတ်သော စိတ္တပေါင်း ၇၅ သာလျှင် ရှိလေသည်။ ထို ၇၅ မျိုးသော စိတ်တို့သည် ပဋိသန္ဓေ နောင်ပဌမဘဝင်စိတ်မှ အစပြုလျက်၊ စုတိစိတ်တိုင်အောင် အဆက်မပြတ် ဖြစ်ပေါ်နေကြသည်။ ရုံခါ အကျိုး စိတ်အစဉ် ဖြစ်ပေါ်၍၊ ရုံခါ အကြောင်း စိတ်အစဉ် ဖြစ်ပေါ်သည်။ စိတ္တတို့၏ထုံးစံမှာ တန်းစဉ်တခုတည်းသာ ရှိရသည်။ အဓိပ္ပါယ်မှာ အကျိုးစိတ်အစဉ် ပြတ်၍ အကြောင်းစိတ်အစဉ် ပေါ်လာရသည်။ အကြောင်းစိတ်အစဉ် ပြတ်မှ အကျိုးစိတ်အစဉ် ဖြစ်ပေါ် လာရသည်ဟု ဆိုလိုသည်။ စိတ္တအစဉ် ၂ ခုပြိုင်၍ မဖြစ်မပေါ်ရ၊ စိတ္တ ၂ ခုယှဉ်၍မဖြစ်ပေါ်ရခြင်းသည် နိယာမသဘောဖြစ်လေသည်။ ဆိုခဲ့သော စိတ္တ ၇၅ မျိုးသည်လည်း ဥပါဒ်ခဏတိုင်း, ဥပါဒ်ခဏတိုင်း ရုပ်ဓါတ်တို့ကို ဖန်တီးပေးလေသည်။ လက်ဖျစ်တတွက်ခန့်အချိန်တွင် သင်္ခါရလုပ်သားတို့ ကုဋေတသိန်းခန့် ဖြစ်ကြ ပျက်ကြသည်ဟုဆိုရာ၊

ကုဋ္ဌေတသိန်းကို စိတ္တတို့၏ ခဏ ၃—ခဏဖြင့်စားလျှင် ရလဒ်ပေါင်း ခဏ ကုဋ္ဌေ သုံးသောင်းသုံးထောင်ကျော်ခန့် ဖြစ်လေသည်။ စိတ္တတို့သည် ဥပါဒ်ခဏ၌ အင်အား ကြီးသဖြင့် ရုပ်ဓါတ်တို့ကို ဥပါဒ်ခဏတိုင်း ခဏတိုင်း ဖန်တီးနိုင်လေရာ၊ လက်ဖျစ် တဘွက်ခန့် အချိန်တိုင်းအချိန်တိုင်း စိတ္တဇကလာပ ပေါင်း ကုဋ္ဌေသုံးသောင်း သုံး ထောင်ကျော် တို့ကို အဆက်မပြတ် ဖန်တီးပေးနေလေသည်။ ထိုစိတ်က ဖန်တီးပေး သော ကလာပတို့သည် မိမိတို့၏တလံမျှသော ဤကိုယ်ကောင်ကြီး၌ အုံးဆံကြိုး ပမာ၊ သို့မဟုတ် ရေအယဉ် ပမာ၊ သို့မဟုတ် ဆီမီးတောက် ဥပမာ—အတိုင်း တသွင်သွင် ထွက်ကျ ဖြစ်ပေါ် နေကြလေသည်။

ဥတုသည် နိပ္ဖန္နရုပ် သင်္ခါရလုပ်သား ၁၈-တို့တွင် တေဇောဓါတ်ကို ခေါ် သည်။ သူ၏ မူလ အမှတ်အသားမှာ အပူဖြစ်သည်။ သင်္ခါရတို့၏ ဖေါက်ပြန်တတ် သော သဘောအတိုင်း၊ အပူဓါတ်သည် ပင်ကိုယ်သဘောမှ ရွေ့လျော့တတ်သည်။ အပူဒ်ဂရီ လျော့တိုင်းလျော့တိုင်း၊ အအေးသဘော ထင်ရှားထင်ရှား လာသည်။ အအေ းဒ်ဂရီ လျော့တိုင်းလျော့တိုင်း အပူသဘော ထင်ရှားလာသည်။ အပူအအေ ဟူသော စကား ၂-လုံးသည် တေဇောဓါတ်၏ ဖေါက်ပြန်ပုံကို ညွှန်ပြသော နာမပညတ်တို့ ဖြစ်သည်။ ထိုတေဇောဓါတ် ခေါင်းဆောင်သော ကလာပသည် ပူသည်ဖြစ်စေ၊ အေးသည်ဖြစ်စေ ၄၉-ချက်သော ဌီခဏတို့၌ အသစ်အသစ်တို့ကို ဖန်တီးပေးလေသည်။ တေဇောဓါတ်သည် ရုပ်ဓါတ်တွင် အဟုန်အရှိန် ပြင်းထန် ထက်မြက်သော ဓါတ် ဖြစ်သည်။ ကလာပတို့ အဟောင်းအသစ် ပြောင်းလဲကြသော သန္တတိ အစဉ်ကို လည်း၊ အချိန်ကာလ ကြာမြင့်စွာ ဆောင်ရွက်ပေးတတ်သည်။ ဌာန အခွင့်အား ဖြင့်လည်း ကွာဝေးအောင် ဆောင်ရွက်တတ် ဆောင်ရွက်ပေးနိုင်သည်။ ဤတလံ မျှသော ခန္ဓာကိုယ်ကောင်ဓါတ်အစုကြီး၌ အစာကိုကျေအောင် နပ်အောင် ဆောင် ရွက်ပေးနေကြသော ပါစက ဝမ်းမီး ဟူသည် ကံ က ဖန်တီး ပေးလိုက်သော တေဇော ခေါင်းဆောင် ကလာပ တန်းစဉ်တို့ဖြစ်ကြသည်။ အတိုချုပ် အားဖြင့် ကံ,စိတ်,ဥတု,အာဟာရ ဟူသော အကြောင်း ၄-ပါးတို့ကို အစွဲပြုကာ ထင်ရှားကြ ရသော ဓါတ်အစု ကလာပတို့တွင် တေဇောဓါတ်သည်၊ ၄၉-ခဏအတွင်း၌ မိမိ၏ ထက်မြက်သော အင်အား သတ္တိဖြင့် ဓါတ် အသစ်အသစ်တို့ကို ဖန်တီးပေးလေရာ၊ တေဇော ဖန်တီးပေးသော ဓါတ်အသစ်တို့သည် ကလာပတို့၏အသွင်ဖြင့် ဤကိုယ် ကောင်ကြီးသို့ စီးဝင်ထွက်ကျနေလေသည်။ ဤနည်းအတူ ကလာပတိုင်း၌ ပေါင်းစပ် ပါဝင်သော 'ဩဇာ ခေါ်သော အာဟာရရုပ်ဓါတ်သည်လည်း ၄၉-ခဏတွင်း၌ မိမိ၏ ထက်မြက်သော အင်းအား သတ္တိဖြင့် ဓါတ် အသစ်အသစ်တို့ကို ဖန်တီးပေးလေရာ၊ ဖန်တီးခံရသော ဓါတ်အသစ်တို့လည်း ကလာပ အသွင်ဖြင့် ဤကိုယ်ကောင်၌ စီး ဝင်ထွက်ကျလေတော့သည်။ အမှန်အားဖြင့် ဤကိုယ်ကောင်ကြီးသည် ရုပ်ကလာပ တို့ စီးဝင်ထွက်ကျရာ ဌာနကြီးတခု ဖြစ်လေသည်။

## ကောဋ္ဌာသ ၄၂ မျိုး

အကြောင်းတရား ၄—ပါးတို့ ဖန်တီးပေးလိုက်သော ဓါတ်တို့သည် အများဆိုင် သတ္တဝါအမျိုးမျိုးတို့ဖြင့် အချင်းချင်း ဆက်သွယ်ကြလျက်၊ ရှေ့ဦးစွာ ဥပစယသို့ ရောက်ကြသည်။ လက်ဖျစ်တတွက်ခန့် ကာလအတွင်း ကုဋေပေါင်း မြောက်များစွာ ထင်ရှား ပေါ်လွင်နေကြသော သန္တတိ အစဉ်၌ ၄၉—ခဏ တည်ကြရသော အခွင့်ဖြင့် ကလာပတို့သည် တခုနှင့်တခု တွယ်ကြ၊ ကပ်ကြ၊ဆက်စပ်ကြလေရာ၊ ကလာပ တသိန်းခန့် စုပေါင်းမိသော ပမာဏသည် ပရမာဏုမြူခန့် ကြီးထွားလာသည်။ အမှန်အားဖြင့် 'ပရမာဏု' ဟူသည် ကလာပ တသိန်းခန့်တို့၏ ကန်းစဉ် သန္တတိ ဖြစ်လေသည်။ ပရမာဏုပေါင်း ၃၆—လုံး ပေါင်းစုမိလျှင် အဏုမြူခန့် ကြီးထွားလာသည်။ အဏုမြူ ၃၆ လုံးခန့်သည် တဇ္ဇာရီမြူ၊ တဇ္ဇာရီပေါင်း ၃၆—လုံး ပေါင်းစုမိလျှင် ရထမြူခန့် ကြီးထွားလာသည်။ ရထမြူသည် မြင်းရထားလမ်း လှည်းလမ်းတို့၌ လှည်း၊ရထားတို့ သွားလာနေကြသော အဟုန်တို့ကြောင့် ကောင်းကင်သို့ ပျံတက်နေကြသော မြူတို့ ဖြစ်ကြသည်။

ထိုရထမြူတို့ ပေါင်းစပ် တန်းစဉ် ကြသဖြင့်၊ လူ့လောက၌ အောက်ပါ ၃၂ 'ကောဋ္ဌာသ'ခေါ်သော အစုတို့သည် ထင်ရှားကြလေသည်။

ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ချဉ်ဆီ၊ အညှို၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

ဤ ၂၀ သော ကောဋ္ဌာသတို့ကို ပထဝီဓါတ် ခေါင်းဆောင်သော ကလာပတို့၏ အစုဟု ခေါ်သည်။ ဤအစု ၂၀—၌ ပထဝီဓါတ် ခေါင်းဆောင်သည်။

သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

ဤ ၁၂—မျိုးသော ကောဋ္ဌာသတို့သည် အာပေါဓါတ် ခေါင်းဆောင်သော ကလာပအစု ဖြစ်ကြသည်။ ဤ ၃၂—ကောဋ္ဌာသ တို့သည် သူတို့၏ သဘော အားလျော်စွာ တန်းစဉ်လိုက်သောအခါ၊ ဤတလံမျှသော ကိုယ်ကောင်ကြီး အဖြစ်ဖြင့် ထင်ရှားလာလေတော့သည်။ ၃၂—ကောဋ္ဌာသအစုကို အစွဲပြုလျက် လူ့လောက၌ ယောကျ်ား၊မိန်းမ ဟူသော ပုံသဏ္ဌာန် ထင်ရှားသည်။

မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ လျက်ခိုက်၊ ထိခိုက်၊ သိခိုက်၊ ခဏ ၆—မျိုး၌ ကျွန်ုပ်တို့၏ အသိသည် ပုံသဏ္ဌာန် ပညတ်ကို အစွဲပြုလျက် အသိလုပ်သည်။

ဤပုံသဏ္ဌာန်ကို သိသော အသိသည် အလွန်ပင် ရှင်းလင်း ပေါ်လွင်နေသည်။ ပုံသဏ္ဌာန်ကို အစွဲပြုလျက် ယောကျ်ား, မိန်းမဟု ကျေနပ် ရှင်းလင်းသော အသိ အစဉ် ဖြစ်ပေါ် နေလေသည်။ ဤပုံသဏ္ဌာန်သည် အဟုတ်ရှိ တကယ်ရှိသော 'သဘော' ဟု အသိ စွဲလမ်းသွားလေသည်။ ပုံသဏ္ဌာန်သည် ပရမတ်တို့ကို အစွဲပြု ရပါမှ ပေါ်လာထင်ရှားရသော ပညတ်, သဘောတရားပါ ကလားဟု အသိ မရောက်ကြပေ။ ဤသဏ္ဌာန် ပညတ်၌ စွဲလမ်း ရပ်တည်လျက်နေသော 'အသိ' သည် ရှေ့သို့ တိုးသွားပါလျှင်၊ သူသည် လှသည် ဟူသော အသိဖြင့် 'ကာမ 'သုခလ္လိကာနုယောဂ' အကျင့်၊ သို့မဟုတ် သူသည် မလှဘူး၊ အရုပ်ဆိုးသည် ဟူသောအသိဖြင့် 'အတ္တကိလမထာနုယောဂ' အကျင့် ၂—မျိုးတွင် တမျိုးမျိုးသို့ တိုးတက်သွားပေလိမ့်မည်။

သဏ္ဌာန်ပညတ်သို့ အသိရောက်သောအခါ၊ ကျွန်ုပ်တို့၏ အသိသည် အလွန် ပေါ်လွင် ထင်ရှား လာသည်။ ထိုအခါ ဤကိုယ်ကောင်ကြီး၏ အကြောင်းကို ကောင်းစွာ သိလိုသော ပုဂ္ဂိုလ်သည် မိမိ၏ ပေါ်လွင်နေသော 'အသိ' ကို အထူး သတိပြုလျက် သခါရသို့ လမ်းကြောင်း ပြောင်းပေးရသည်။

ဤယောကျ်ား, မိန်းမဟူသော သဏ္ဌာန်တို့သည် သဘာဝအစစ် မဟုတ်ကြ။ အစိုင်အခဲဟူသော ပညာတ်တို့ကိုစွဲလျက်၊ 'အသိ' ထင်ရှားသော အာရုံများဖြစ်ကြ သည်၊ အစိုင်အခဲ မထင်ရှားလျှင် သဏ္ဌာန် မထင်ရှားနိုင်ဟု သဏ္ဌာန ပညတ် အာရုံမှ အစိုင်အခဲ ဃန အာရုံသို့ အသိကို ပြောင်းရသည်။ တဖန် အစိုင် အခဲ ဟူသည်လည်း ၃၂ ‑ကောဋ္ဌာသများသာလျှင်ဖြစ်၍ ဘယ်အစိုင်အခဲမှ နှစ်သက် စရာ သာယာစရာ မဟုတ်ဟု 'အသိ' ကို ပို့ပေးရသည်။ ဤ ၃၂ ‑ကောဋ္ဌာသတို့ သည် လည်း ရုထမှု, တင္ဇရီမှု, အဏုမှု, ပရမာဏုမှု ဟု ဆိုအပ်သော တမှုအောက်တမှု သေးငယ်သွားသော အစုငယ်များ၏ အပေါင်းသာလျှင် ဖြစ်သည်။ ထိုပရမာဏုသည်လည်း ကလာပတို့ အဟောင်း အသစ် ပြောင်းလဲ နေကြသော သန္တတိအစဉ်တွင် ကလာပ တခုနှင့်တခု ငြိတွယ်ပေါင်းစပ် ဆက်ကပ် လုံးထွေးကြသဖြင့်၊ ပရမာဏုသဏ္ဌာန် ပညတ်ဖြင့် ထင်ရှားနေသေးသည်။ ကလာပ တို့၏ သန္တတိသည်လည်း 'တန်းစဉ်' ဟူသော အခိုက်အတန့် ပညာတ်တရားဖြစ် သည်။ ထိုတန်းစဉ်တွင် ထင်ရှားနေကြသော ကလာပ တို့သည်ပင်လျှင်၊ ရှေးဦးဆုံး အပေါင်းဟူသော သမူဟပညတ်၊ အစုအခဲ ဟူသော ဃနပညတ်၊ အသွင် ဟူ သော သဏ္ဌာန ပညတ် တရားတို့ဖြင့် ဖုံးလွှမ်းနေပါတကားဟု အသိကို ပို့ပေး ရသည်။ ကလာပ၏ အဖုံးဖြစ်သော သမူဟပညတ်ကို အသိဖြင့် ပယ်ခွါလိုက်လျှင်၊ လိမ်မော်သီးအခွံကို ခွါလိုက်သကဲ့သို့ အစိတ်အစိတ်ဖြစ်သော ပ, အာ, ဝါ, တေ, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဟူသော ဓါတ်တို့သည် မိမိတို့၏ အမှတ်အသားနှင့် တကွ

ထင်ရှားလျက်၊ 'အသိ'၏ အာရုံအဖြစ် ပေါ်လွင် နေကြသည်။ ဤနည်းဖြင့် သင်္ခါန်မှ ဃန၊ဃနမှ မှုလေးဆင့်၊ ပရမာဏုမှ သန္တတိ၊ သန္တတိမှ ကလာပ၊ ကလာပ၏အခွံ သမူဟပညတ်ကို ပယ်ခွါလျက်၊ 'ပရမတ္ထသစ္စာ' အဟုတ်တကယ် ရှိသော သင်္ခါရ လုပ်သားတို့သို့ မိမိ၏ 'အသိ' ကို ပို့ပေးရသည်။ ဤလုပ်ငန်းကို ယုံယုံ ကြည်ကြည်ဖြင့် ထပ်ကာ ထပ်ကာ လေ့ကျင့်ပေးပါ။ ဗုဒ္ဓကိုယ်တော်သည် ဤသင်္ခါရဓမ္မတို့သို့ ရှေးဦးစွာအသိရောက်ရန်၊ 'ပရတောဃောသ' ဟူသော ဆရာ့ထံမှ သုတမယဉာဏ်၊ ထိုသုတမယဉာဏ်ကို အခြေခံထားလျက်၊ ကိုယ်ပိုင် ခေါ်သော စိန္တာမယ ဉာဏ်တို့ ဖြစ်ပေါ်နိုင်အောင် စိနစ် ပေးတော်မူခဲ့ ပေသည်။ ဗုဒ္ဓအရှင်၏ အနတ္တဝါဒကို အဆုံးသတ်အောင် ကိုယ်တိုင်သိ လေ့လာလိုသော ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ ဤသင်္ခါရလောက၊ ဤသင်္ခါရ လုပ်သားတို့သို့ အသိရောက်ရသည်ချည်းသာ ဖြစ်သည်။ သင်္ခါရလောကခေါ် ဓါတ်စင် 'သုဒ္ဓဓမ္မ' တို့သို့ အသိမရောက်ဘဲ၊ ဘယ်ပုဂ္ဂိုလ်မျိုးမှ အနတ္တဝါဒကို ကိုယ်တိုင်သိ မဖြစ်နိုင်၊ ဘယ်ပုဂ္ဂိုလ်မျှ နိဗ္ဗာန်တရားကို မျက်မှောက်မပြုနိုင်ကြပေ။

ဤသင်္ခါရဓမ္မတို့သို့ အသိမရောက်နိုင်ဟု ယူဆသော ပုဂ္ဂိုလ်တို့သည် စဉ်းစားသင့်သည်မှာ ဥပ္ပါဒသို့ ရောက်လျက် ခဏငယ် ၃—ချက်၊ ၅၁—ချက်တို့ဖြင့် ပေါ်လွင်ထင်ရှားကြသော သင်္ခတ တရားကိုမျှ အသိမရောက်နိုင်၊ အာရုံမပြုမယူနိုင်လျှင် ဘယ်တော့မှ ဥပ္ပါဒ မရောက်သော သန္တိအမှတ် နိဗ္ဗာန်တရားကို အာရုံအဖြစ် ဘယ်ပုံယူနိုင်ပါမည်နည်း။

စင်္ကီသုတ္တန်၌ ဗုဒ္ဓကိုယ်တော် ဟောပြတော်မူခဲ့သော 'ကာယေန ပရမတ္ထသစ္စံ သစ္ဆိကရောတိ' သည် ယောဂီ၏ အသိဟူသော 'နာမကာယ' သိစိတ်အစဉ်ဖြင့် ဤအဟုတ် တကယ်ရှိသော သင်္ခတဓါတ် ကလာပ, စိတ္တတို့၌ ပေါင်းစပ်သော သုဒ္ဓဓမ္မ တို့ကို မျက်မှောက်ပြုနိုင်သည်ဟု ပြသော စကားအစဉ် ဖြစ်လေသည်။ ဤသို့လေ့ကျင့်ဖန်များသဖြင့် သိစိတ်၌ပါဝင်သော သမာဓိသည် အဟုန်အရှိန်ရလျက် ပရမတ္ထသဘာဝ ဟူသော လမ်းကြောင်း မပြောင်းလဲဘဲ၊ ထိုသဘာဝအာရုံ လမ်းပေါ်၌သာလျှင် သိစိတ်အစဉ် သွားနေလေလျှင်၊ ထိုသိစိတ်အစဉ်သည် ဥပစာရ သမာဓိနှင့် ယှဉ်တွဲနေသော သိစိတ်အစဉ်ဟု သိနိုင်လေသည်။

တဖန် ဤကိုယ်ကောင်ကြီး၌ တေဇောဓါတ် ခေါင်းဆောင်သော ကလာပလေးမျိုးတို့သည် တန်းစဉ် ထင်ရှားနေကြသည်။

၁။ ပါစကတေဇော ခေါ် ဝမ်းမီးတို့သည် စားသွင်းအပ်သော အစာ အာဟာရ အရည်, အဖတ်, ဆေးဝါး အစရှိသည်တို့ကို ကျေစေ ကျက်စေတတ်သော ခေါင်းဆောင် တေဇောဓါတ်တို့၏ သန္တတိဖြစ်ကြသည်။ ဤပါစက တေ

ဇောကို အစွဲအမှီပြုသဖြင့် 'ဥသ္မာ' ခေါ်သော 'ကိုယ်ငွေ့'တို့သည် ဤကိုယ်ကောင်ကြီး၌ ထင်ရှားနေကြသည်။ ပါဇကနှင့် ဥသ္မာ တေဇော တို့ကို ဂံတရားကသာလျှင် ဖန်တီးပေးသည်။ ယင်း ဥသ္မာတေဇောသည် အသက်ခေါ်သော အာယု, ဇီဝိတ ရုပ်ကိုလည်း အားပေး ထောက်ပံ့သည်။ ဇီဝိတ ရုပ်ကလည်း ဥသ္မာ တေဇောကို ထောက်ပံ့သည်။ ဤဓါတ် ၂ မျိုးသည် မီးတောက်နှင့် မီးရောင် အချင်းချင်း ထောက်ပံ့လျက် ထင်ရှား နေကြရသကဲ့သို့၊ ဤကိုယ်ကောင်၌ ဥသ္မာနှင့် အာယု တို့သည် အချင်းချင်း အထောက်အကူပြုကာ ထင်ရှား နေကြသည်။ ခေတ်ပညာ တတ်တို့ ခေါ်ဝေါ်နေကြသော 'လိုက်ဖ်' သည် ဇီဝိတရုပ် မဟုတ်သည်ကို သတိပြုပါလေ။

၂။ ဇီရဏ တေဇောသည်=ကလာပ တန်းစဉ်ဖြင့် စုဝေးပေါင်းစပ်ကြသော ရုပ်အစိုင်အခဲ ဃနတို့ကို တဖြေးဖြေး ပင်ကိုယ် အခြေအနေမှ ရွေ့လျော ပြောင်းလဲကာ ဆွေးမြေ့ယိုယွင်း အိုမင်းအောင် ဆောင်ရွက်သော တေဇော ဓါတ်ကိုခေါ်သည်။ ဤတေဇောသည် ပူလိုက်အေးလိုက် ဟူသော မိမိ၏အဟုန် အရှိန် အတိုးအလျော့ကို ဆက်ကာဆက်ကာ ဆောင်ရွက်နေသောကြောင့်၊ ၄၉ ခဏဖြင့် တည်ဆဲ ကလာပအစု ဃနတို့သည် မသိမသာ အိုမင်းရင့်ကျက်သော အနေဖြင့် တိုးတက်ဆက်သွားနေကြရသည်။ ဥပမာ-သစ်သီးများသည် အပွင့်မှ ရှေးဦးစွာ သီးကင်း၊ တဖန် သီးကင်းမှ သီးနု၊ သီးနုမှ သီးရင့်၊ သီးရင့်မှ သီးမှည့် ဟု အခြေအနေ တဖြေးဖြေး ပြောင်းလဲ ရင့်ကျက်ပြီးလျှင်၊ ကြွေကျကြရသည်။ ဤကိုယ်ကောင်လည်း ပဋိသန္ဓေ ကလာပ ၃—မျိုးမှ အစပြု၍၊ အကင်း, အနု, အရင့်, အမှည့်သို့ရောက်၍ သေဆုံးရသည်။

၃။ သန္တာပတေဇောဟူသည်=မသင့်မတင့်သော အနေအထိုင်၊ မသင့်သော အစာအာဟာရ၊ မသင့်သော ဆေးဝါး စသည်တို့ကို နေထိုင် စားသောက် မှီဝဲသဖြင့် ပျက်စီးသော ဓါတ်တို့သည် ဥသ္မာတေဇောနှင့် ဆက်သွယ် ပေါင်းစပ်မိကြလေရာ၊ ကိုယ်ကောင်ကြီး ဟူသော ဓါတ်အစု၌ အပူဓါတ်တို့သည် မိမိလိုသည်ထက် ပိုမို ပြင်းထန်လာသော တေဇောဓါတ်ကို ခေါ်သည်။ ဤသန္တာပ တေဇောအပူကြောင့် ဤကိုယ်ကောင်၌ အပူဖျား, အအေးဖျား, တရက်ဖျား, ရက်ချန်ဖျား စသော ရောဂါတို့သည် ထင်ရှားပေါ်လာကြသည်။

၄။ ဒါဟ တေဇောသည်=သန္တာပတေဇော အဟုန်အရှိန် တို့သည် အလွန် အမင်း တိုးတက် ပြင်းထန် ထက်မြက်လာသဖြင့် မခံမရပ်နိုင်၍ လူးရလှိမ့်ရအောင် အပူ လောင်သော တေဇောဖြစ်သည်။

ထို့ပြင် ဝါယောဓါတ် ခေါင်းဆောင်သော ကလာပ ၆-မျိုးတို့သည် ဤကိုယ်ကောင်ကြီး၌ တန်းစဉ်နေကြသည်။

၁။ ဥဒ္ဓင်္ဂမလေ=ကိုယ်ကောင်ကြီး၏ အထက်ပိုင်း ရင်ချိုင့်မှအစပြု၍ ပျို့အန်ခြင်း၊ ချောင်းဆိုးခြင်း၊ ကြို့ထိုးခြင်း၊ လေချဉ်တက်ခြင်း စသော ရောဂါတို့ကို ဖြစ်ပေါ်စေတတ်သော လေ။

၂။ အဓောဂမလေ=ချက်အောက်အပိုင်း အစာဟောင်း အိမ်မှ အစပြု၍၊ ဝမ်းသွားခြင်း, ဝမ်းလေစုံခြင်း, ဆီးကျင်ငယ်တို့ကိုထုတ်ပစ်သောလေ။

၃။ ကုစ္ဆိဋ္ဌလေ=အူသိမ်, အူမ, အစာ သစ်အိမ် စသည် နှင့် အသား ဆိုင်များ ကပ်တွယ်နေသော အရိုးတို့၏ အကြားရှိသော ဟင်းလင်းပြင် အာကာသ၌ တည်သော လေ။

၄။ ကောဋ္ဌာသယလေ=အစာသစ်ဌာန, အူသိမ်, အူမ စသည် တို့၌ တည်သော လေ။

၅။ အင်္ဂမင်္ဂနုသာရီလေ=ကိုယ်ကောင်၏ အစိတ်အပိုင်း အနှံ့အပြား သွားလာနေသော လေ။

၆။ အဿာသ ပဿာသလေ=သတ္တဝါတို့ ရှူရှိုက်နေကြသော နှာခေါင်းမှ ထွက်လေ ဝင်လေ။

ဤသို့လျှင် ပထဝီ ခေါင်းဆောင်သော ကလာပ ကောဋ္ဌာသ–၂၀၊ အာပေါဓါတ် ခေါင်းဆောင်သော ကလာပ ကောဋ္ဌာသ-၁၂၊ တေဇောခေါင်းဆောင်သော ကလာပ ကောဋ္ဌာသ-၄၊ ဝါယောဓါတ် ခေါင်းဆောင်သော ကလာပ ကောဋ္ဌာသ-၆၊ စုစုပေါင်း = ၄၂–မျိုးသော ကလာပ ကောဋ္ဌာသတို့သည် ဤကိုယ်ကောင်ကြီးအသွင်ဖြင့် ထင်ရှားနေလေသည်။

ဤ၌ 'ထွက်လေ ဝင်လေ' ကလာပ အစုတို့သည် စိတ်ကြောင့်သာလျှင် ဖြစ်ပေါ်ထင်ရှားကြရသည်။ စိတ်ကသာလျှင် ဖန်တီးပေးသော ရုပ်အစုဖြစ်သည်။ အတိုချုပ်မှတ်သားရန်မှာ ၄၂-ကောဋ္ဌာသတွင်၊ အစာသစ်, အစာဟောင်း, ပြည်ကျင်ငယ်, ဤအစု ၄-မျိုးသည် ဥတု သက်သက်ကြောင့် ပေါ်လာ ထင်ရှားကြသော ဓါတ်အစုတို့ဖြစ်သည်။ ချွေး, မျက်ရည်, တံတွေး, နှပ်, ဤအစုလေးမျိုးသည် ရံခါဥတုကြောင့်၊ ရံခါစိတ်ကြောင့် ဖြစ်ပေါ်သည်။ ပါစက ဝမ်းမီးမှာ ကံကြောင့်သာလျှင် ဖြစ်ပေါ်သည်။ ထွက်လေ ဝင်လေမှာ စိတ်ကြောင့်သာလျှင် ဖြစ်ပေါ်သည်။ ဤ ၁၀-မျိုးကို နှုတ်ပယ်၍၊ ကျန် ကောသဋ္ဌာသ ၃၀-သည်

ကံကြောင့်လည်း ဖြစ်ကြသည်။ စိတ်ကြောင့်လည်း ဖြစ်ကြသည်။ ဥတုကြောင့် လည်းဖြစ်ကြသည်။ အာဟာရကြောင့်လည်း ဖြစ်ကြသည်။

အထက်က သင်ပြခဲ့ပြီးသော ကလာပ ၂၁-မျိုးကို သိရှိနားလည်ပြီးနောက်၊ ဤကိုယ်ကောင်ကြီး ထင်ရှား ပေါ်နေပုံကို လေ့လာပါလျှင်၊ တကြိမ်ထက် တကြိမ် အသိ တိုးတက် ရှင်းလင်း၍၊ ဗုဒ္ဓအရှင်၏ ညွှန်ကြား ဆုံးမချက် မှန်ကန် နေကြောင်း သိလာပေမည်။ မှန်ကန်ကြောင်း တိုးတက်လာလေလေ ယုံကြည် သက်ဝင်သော သဒ္ဓါ သဒ္ဓါရ လုပ်သားအဟုန်အရှိန် တိုးတက်လာလေ ဖြစ်သည်။ ရှင်းလင်းသော အသိသည် ပညာယှဉ်သော ဝိညာဏ်ဖြစ်၍၊ သက်ဝင် ယုံကြည် သောအသိသည် သဒ္ဓါယှဉ်သော ဝိညာဏ်ဖြစ်သည်။ ယင်းသဒ္ဓါနှင့် ပညာတို့၏ ညီမျှသော အဟုန်အရှိန်သည် ဝိညာဏ်နှင့် ပူးဉ်ဘဲ့မိသောအခိုက် 'တရားအထူး' ကို ထိုးထွင်း သိသွားနိုင်လေသည်။

ကလာပ ၂၁-မျိုးတွင် ကံကြောင့် ဖြစ်သော ကလာပ ၉—မျိုး ပါဝင်နေ သောကြောင့်၊ ထိုကမ္မဇကလာပ၌ ပေါင်းစပ်ထားသော ပသာဒခေါ်သော အကြည် ရုပ်ခါတ် ၅—မျိုး၊ ဗို့မ ရုပ်ဓါတ် ၂—မျိုး၊ ဇီဝိတ ခေါ် အသက်ရုပ်နှင့် ဟဒယ ခေါ် တည်ရာ ရုပ်ဓါတ်တို့၏ အကြောင်းကို အထူးသတိပြုကာ လေ့လာပါဦး။ ထိုဓါတ် ၉-မျိုးသည် အကျိုးသင်္ခါရ လုပ်သား တို့ဖြစ်သည်။ ပေါ်လွင်ထင်ရှားနေ သော အကျိုးတရား၌ အသိရှင်းလျှင် သိမ်မွေ့နက်နဲသော အကြောင်းကံတရားသို့ အသိသက်ဝင် သွားနိုင်ပေသည်၊ ဗုဒ္ဓအရှင်၏ အနတ္တဝါဒ၌ ကံတရားသည် အရေး ကြီးသော ပဓါန အစိတ်အပိုင်းအဖြစ် ပါဝင်နေသည်။ကမ္မသကတာ ဉာဏ်ခေါ်သော 'ကံသာလျှင် ငါ့ သူ ဖြစ်သည်'ဟူသော အသိထူး(ဝါ)ထူးသောအသိ ဖြစ်ပေါ်ရန် အရေးကြီးပေသည်။ (အနုပုဗ္ဗိကရိယာ ပဋိစ္စသမုပ္ပါဒ် အခန်း၌ ကံတရားအကြောင်း ကို သီးသန့် ဖော်ပြပါမည်။)

ဗုဒ္ဓ အရှင်သည် ဇာတိ အမည်ခံယူကြသော သင်္ခါရလုပ်သား အစုတို့သည် ဝဋ် ၃-ပါးဖြင့် သံသရာလည်ကြရာ၌ ကံသာလျှင် ထိုသတ္တဝါ ခေါ် သင်္ခါရအစုတို့၏ အားထားစရာ, ကိုးစားစရာ ဖြစ်သည်ဟု သဂါထာဝဂ္ဂ ဒေဝတာသံယုတ် ပါဠိတော်၌ နတ်သားတဦး၏ အမေးကို ဖြေကြားတော်မူခဲ့သည်။ ထိုကံသဘောတရားသို့ အသိ သက်ရောက် နိုင်အောင် ထင်ရှားသော အကျိုး ရုပ်ဓါတ်တို့ကို အစပြု လေ့လာ ကြပါကုန်။

ဤကိုယ်ကောင်ကြီးသည် မိမိ မနှစ်သက် မသာယာသော အကျိုးနှင့် နှစ် သက် သာယာသော အကျိုး ၂—မျိုးကိုခံယူနေရသည်။ အဘယ် အရာဝတ္ထုဖြင့် ခံယူ

နေသနည်း၊ အကြည်ရုပ်ဓါတ် ၅-မျိုးဖြင့် ခံယူနေရသည်။ ဤကိုယ်ကောင်ကြီး၌ အကြည်ရုပ်ဓါတ် ၅-မျိုး မရှိလျှင်၊ ထိုအကြည်ဓါတ်တို့သို့ ရှေ့ရှုကျလာ တိုက်လာသော အဆင်း-ရူပါရုံ၊ အသံ-သဒ္ဒါရုံ၊ အနံ့-ဂန္ဓာရုံ၊ အရသာ-ရသာရုံ၊ အတွေ့-ဖောဋ္ဌဗ္ဗာရုံတို့၏ အကောင်းအဆိုး 'အရသာ' တို့ကို မခံယူ အသိ မလုပ်နိုင်တော့ပေ။ အတွင်း အာယတန ခေါ် အကြည်ဓါတ်များနှင့် အပြင် အာယတန ခေါ် အာရုံ အတိုက်ဓါတ်များ၊ ဤအခံအတိုက်ဓါတ် ၂-မျိုး၏သိမှုခတ်မှုသည် တွေ့ထိ ခံစား ကိစ္စကို ဆောင်ရွက်ကြသော နာမ်သင်္ခါရ လုပ်သား ဖဿနှင့် ဝေဒနာတို့၏ အရေးကြီးဆုံး လိုအပ်သောအချက် ဖြစ်လေသည်။ ထိုဖဿဝေဒနာနှင့် တကွသော သင်္ခါရလုပ်သားတို့ ဆက်လက် အလုပ်လုပ် သွားနိုင်အောင်ကမ္မဝင် ခေါင်းဆောင် ဖြစ်သော စေတနာ သင်္ခါရ(ကံ)သည် အပြင်ပ အတိုက်ဓါတ်များကို ခံယူနိုင်ရန် အခံဓါတ် ပသာဒရုပ်များကို ဖန်တီး ပေးရလေသည်။

ပသာဒရုပ် ၅-မျိုးသည်လည်း ဤအတိုက်ခံရမှုကို အသားယူလျက် အုပ်ချုပ် ကွပ်ကဲသော ဣန္ဒြိယ သတ္တကို ဖေါ်ပြနိုင်လေသည်၊ အရပ်သုံးစကားဖြင့် ပေါ် လွင်စွာ ဖေါ်ပြရလျှင် ပသာဒရုပ်တို့က ငါတို့မပါလျှင် မင်းတို့ တွေ့ထိ ခံစားမှုများ မဖြစ်နိုင်ပါဘူးကွာဟု အသားယူ ကွပ်ကဲသကဲ့သို့ ဖြစ်လေသည်။

နာမ်သင်္ခါရ လုပ်သားတို့သည် ခံစားခါတ် ဝေဒနာနှင့် မခွဲနိုင်ကြ။ သင်္ခါရ လောဘ လုပ်သားသည်လည်း ဝေဒနာကို အလွန်စွဲလမ်းကပ်ငြိသည်။စွဲလမ်းမှု အား ကြီးသော လောဘသည် စေတနာ စေတသိက်လုပ်သားကို ခေါင်းဆောင်စေသည်။ စေတနာ ခေါင်းဆောင်သော သင်္ခါရ လုပ်သားစုတို့သည် လောဘကို အခြေခံပြု၍ ကံသဘော ပေါ်လာရင့်ကျက်အောင် တဆင့်ထက် တဆင့် ဆောင်ရွက် ကြလေရာ၊ ရှေ့ဦးစွာ စေတနာကံ၊ ထိုနောက် သင်္ခါရကံ၊ ထိုနောက် အဘိသင်္ခါရကံ၊ ထိုနောက် ဘဝကံသို့ ရောက်ကြသည်။ ကံတို့သည် မိမိတို့ ရင့်ကျက်သော အစွမ်း ရှိသလောက် အကျိုးတရားတို့ကို ဖန်တီးနိုင်လေသည်။ (အဟုတ်၌ ပရမတ်ဓါတ် ကံတို့၏ အနုအရင့် ဖြစ်ပုံကို သတိပြုပါ။)

မနုမရင့် အလယ်အလတ် အစွမ်းသတ္တိရှိသော ကုသိုလ်ကံ, အကုသိုလ်ကံ ၂-မျိုးသည် ဤပသာဒ ခေါ် အကြည်ရုပ် ၅-မျိုးဖြင့် သင်္ခါရ လုပ်သားတို့ ကာမ အရသာကို ခံစား စံစားနိုင်ရန်အတွက်၊ ဖန်တီးပေးရုံမျှမဟုတ်၊ ထိုထက်မက ကာမ အရသာကို အထွတ်အထိပ်ကျအောင် ခံစားနိုင်ရန်၊ အဖိုရုပ်ဓါတ်, အမရုပ်ဓါတ် ဟူသော ဆန့်ကျင်ဘက်ဓါတ် ၂-မျိုးကိုလည်း ဖန်တီးပေးလေသည်။ ကာမအရသာ ကို ဆက်လက်ခံစားသောအခါ၊ တည်ရာ နေရာဝတ္ထုနှင့် စောင့်ရှောက် ထိန်းသိမ်း

ပေးရန် ဟဒယနှင့် ဇီဝိတ ရုပ်ဓါတ်တို့ပါ ဖန်တီးပေးလေသည်။ ကမ္မဝဋ်သည် ဆန်းကြယ်လေစွ။

မိမိကိုယ်ကောင်၏ အကြောင်းကို ကောင်းစွာသိလိုသော ပုဂ္ဂိုလ်တို့သည် သုတမယဉာဏ် အခြေခံသော ကိုယ်ပိုင် စိန္တာမယ ဉာဏ်ဖြင့် စံနစ်တကျ စဉ်းစား ဆင်ခြင်ရာသည်။

ယခုခေတ် တိုးတက်နေသော အတတ်ပညာတို့တွင် အဘယ်သော အတတ် ပညာသည် ဤရုပ်ဓါတ် ၉—မျိုးကို ဖြစ်ပေါ်လာအောင် ဖန်တီးပေးနိုင်ပါသနည်း။ လောကဓါတ်ဆရာကြီးတို့၏ 'ပစ္စတ္တပုရိသာကာရ' ဖြစ်သော ဝိရိယနှင့် ပညာတို့သည် ခေတ်ကာလအလိုက် အလွန် ထက်မြက်ကြပါပေသည်။ ထိုဆရာကြီးတို့သည် ကံက ဖန်တီး ပေးသော အကျိုးတရား လက်စ တို့ကို မပျောက် မပျက် တာရှည်ခံနိုင် သမျှ ခံနိုင်ရည်ရှိအောင် ကြိုးစားကြပါပေသည်။ သို့သော် ထိုဓါတ်များကို အစပြု နိုင်သောပုဂ္ဂိုလ်များ မဟုတ်ကြပေ။

ထိုကမ္မ သဘောတရားတို့က ဖန်တီးပေးသော ရုပ်ဓါတ်တို့သည် သီးခြားရှိ နိုင်သည်၊ မရှိနိုင်ဘူး စသော သံသယတို့ကို ပယ်ဖျောက်နိုင်အောင်၊ အကျိုး ရုပ် တရားတို့ကို မျက်မှောက်ပြုလျက် လေ့လာခြင်းအားဖြင့် အကြောင်း ကံတရားတို့သို့ အသိ သက်ဝင်နိုင်လေသည်။ ဗုဒ္ဓအဘိဓမ္မ ပညာတို့၌ အလိုမရှိသော အနိဋ္ဌာရုံ တို့သည် အကြည် ရုပ်ဓါတ် ၅ ‌-မျိုးတို့သို့ ထိခိုက်လာသောအခါ၊ အကုသိုလ်ဝိပါက် စိတ်နှင့် အကုသိုလ် ကမ္မဇရုပ် များ ပေါ်လာရသည်။ အလိုရှိသော နှစ်သက်ဘွယ် ဣဋ္ဌာရုံတို့သည် အကြည်ရုပ်ဓါတ်တို့သို့ ထိခိုက်လာသောအခါ၊ ကုသိုလ်ဝိပါက်စိတ် နှင့် ကုသိုလ် ကမ္မဇ ရုပ်ဓါတ်များ ဖြစ်ပေါ်လာရသည်ဟု ဖော်ပြထားသည်။

ယင်းသို့ ရှေ့ရှုထိခိုက်သော အချိန်ကာလ အခိုက်အတန့်သည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးတရားတို့ကို တိုက်ရိုက် ခံစား၊ စံစားရသော အချိန် အခါဖြစ်သည်။ ဤခံစား စံစားမှုတို့သည် သန္တတိအစဉ်ကဲ့သို့ အဟောင်းအသစ် လဲနေကြသဖြင့်၊ အဟောင်းအဟောင်း ဖြစ်သော အကျိုးသဘာဝတို့ကို အသစ် သစ်ဖြစ်သော အကျိုးသဘာဝတို့က ဖုံးလွှမ်းဖုံးလွှမ်း သွားကြလေသည်။ အသစ် အသစ်တို့ ဖြစ်ပေါ်ခြင်းကို ကပ်ငြိစွဲလမ်းသော လောဘ၊ သဘာဝအမှန်မှ ခွါရှောင် သက်ဝင်သော ဒိဋ္ဌိ၊ အမှန်သဘောတို့ကို ကာကွယ် ဖုံးလွှမ်းပေးသော အမှောင် ဓါတ် မောဟတို့နှင့် ဘုံယှဉ်ဖြစ်ပေါ်လာသော အသိသည် အကြောင်း သင်္ခါရ လုပ်သား၊ အကျိုး သင်္ခါရ လုပ်သားတို့သို့ မရောက်ဘဲ၊ လောဘဒိဋ္ဌိတို့၏ အစွမ်းသို့ လိုက်လျောကာ၊ အဟုတ်တကယ်မရှိသော—သူဟူသော ပညတ် အာရုံသို့ သာလျှင်

ရောက်ပြီးလျှင် 'သူလုပ်လို့ငါခံရသည်၊ ငါလုပ်ပေးလို့ သူစံရသည်' စသည်ဖြင့် စွဲလမ်းနေတော့သည်။

မြင်ခိုက် စသော အခိုက် ၅—မျိုးတွင် တမျိုးမျိုးကို အာရုံအဖြစ် ယူလျက်၊ စူးစူးစိုက်စိုက် ဆင်ခြင်စဉ်းစားလျှင် အကျိုးဖြစ်သော သင်္ခါရလုပ်သား ဝိညာဏ်, နာမ်, အာယတန,ဖဿ, ဝေဒနာတို့သို့သာ ရှေ့ဦးစွာ အသိရောက်မည်။ပစ္စုပ္ပန် လက်တွေ့အနေဖြင့် အကျိုးတရားဖြစ်သော သင်္ခါရလုပ်သားတို့အတွက် အသိ ရှင်းလင်းပါလျှင် မီးခိုးကိုမြင်လျှင် မီးရှိကြောင်း သိရသကဲ့သို့၊ အကြောင်း အဝိဇ္ဇာ,တဏှာ, ကံ,အာဟာရတို့အတွက် သဘောပေါက်လျက် အသိ ရောက်နိုင်လေတော့သည်။ ယင်းသို့ ရောက်နေသော အသိသည် အကြောင်းပစ္စယနှင့် အကျိုးပစ္စယုပ္ပန္န၊အကြောင်း ကမ္မနှင့် အကျိုး ဝိပါက၊ အကြောင်း ဟေတုနှင့် အကျိုး ဖလ တို့၏ ကွဲပြားပုံကို ခြားနား သွားလေသည်။ ဤသို့ သင်္ခါရလုပ်သားချင်း တမျိုးနှင့် တမျိုး မတူဘဲ ကွဲပြား ခြားနားခြင်းကို သိသောအသိသည် ဤကိုယ်ကောင်ကြီး၌ စုပေါင်းထွက်ကျ စီးသွားနေကြသော ကလာပ အယာဉ်တို့သည် 'အကြောင်းတရား တမျိုးစီကို အစွဲပြုလျက်၊ ပေါ်ထွက် ထင်ရှားကြသော အကျိုးတရား တမျိုးစီဖြစ်၍၊ မိမိတို့၏ အကြောင်းကိုအစွဲအမှီပြုကာ သီးခြားတည်ရှိနေနိုင်ပါတကား' ဟု တိုးတက်ရှင်းလင်းသွားသည်။ အထက်ဖော်ပြခဲ့သော တွင်းရေ,ကန်ရေ, ချောင်းရေ, မြစ်ရေတို့သည် မိမိတို့ဌာန၌ သီးခြား တည်နေနိုင်သကဲ့သို့၊ ကိုယ်ကောင်ကြီး၌ စုပေါင်းထွက်ကျနေကြသော ကလာပ အယာဉ်တို့သည်လည်း၊ မိမိတို့၏ အကြောင်းတရားမှုဒ္ဒါန်း၌ သီးသန့် ခြားနားစွာ တည်နေနိုင်ကြသည်ဟု အသိရောက်ကာ ရှင်းလင်းသွားသည်။

ဤစာအုပ်ကို လေ့လာသော မိတ်ဆွေတို့သည် မိမိ ကိုယ်ကောင်ကြီးတွင် ထင်ရှားပေါ်လွင်နေသော ကမ္မဇရုပ် ၈—မျိုးကို အထူး သတိပြုကာ လေ့လာစေလိုပါသည်။ အကြောင်းတရား ၄—မျိုးတို့ကြောင့် ဖြစ်ပေါ်ကြရသော ကလာပ ၄—မျိုးတို့တွင် ကမ္မဇ ကလာပတို့သည် အသိမ်မွေ့ဆုံး ဖြစ်ပါသည်။ သိမ်မွေ့သဖြင့်လည်း နက်နဲသည်၊ နက်နဲ၍လည်း ခက်ခဲသော သဘောတရားများ ဖြစ်ကြသည်။ သို့သော် မိမိတို့ အသိမရောက်နိုင်သော အခက်အခဲမဟုတ်ပါ။ လူလောက၌ ထင်ရှား ပေါ်လွင်နေကြသော ခံစားမှု စံစားမှုတို့သည် ကမ္မဇရုပ် ကလာပများ မပါဘဲ၊ မထင်ရှား မပေါ်လွင်နိုင်ကြပါ။ ထိုကမ္မဇရုပ်ဓါတ်တို့ကို 'ပစ္စုဗ္ဗုပုရိသာကာရ' ခေါ် လူတို့၌ စွမ်းရည်ဖြင့် ကွယ်ပျောက်အောင်, ပေါ်လွင်အောင် ပြုလုပ်နိုင်ခြင်းသည် ထိုလောကဓါတ် ဆရာကြီးတို့၏ ဝိရိယအစွမ်း, ပညာအစွမ်းသာလျှင် ဖြစ်သည်။ လူသတ္တဝါအစွမ်း မဟုတ်ပါ။ လူတို့အသိ မရောက်သေးသော အခြင်းအရာ

တမျိုးမျိုး ပေါ်ထွန်း ထင်ရှားလာလျှင် လူတို့သည် အံ့ဩကြရသည်။ လူ့စွမ်းရည်ဟု မှတ်ယူ စွဲလမ်းကြသည်။ သင်္ခါရလောကသို့ အသိမရောက်သမျှ ဤသို့ပင် တအံ့တဩ ဖြစ်ကြမည်မှာ ဓမ္မတာပင် ဖြစ်သည်။

ယခုအခါ စာပေအသိဖြင့် စွဲလမ်းမှတ်ယူကြသူတို့တွင် ယခုခေတ် လောကဓါတ် ဆရာကြီးတို့၏ လုပ်ငန်းကို ယုံကြည်သူလည်းရှိသည်၊ မယုံကြည်သူတို့လည်း ရှိကြသည်။ ထိုပုဂ္ဂိုလ် ၂—မျိုးစလုံးပင် မိမိတို့သိသော အသိများကို စွဲလမ်းနေသူများ ဖြစ်ကြသည်ဟု ဆိုလျှင် မှားမည်မထင်ပေ။ အကြောင်းသော်ကား ဗုဒ္ဓရှင်၏ အနတ္တဝါဒ သဘောအရ၊ ထိုပုဂ္ဂိုလ် နှစ်မျိုးစလုံးပင် အတ္တဝါဒ၌ နှစ်မြုပ်နေသူများဖြစ်လေသည်။

သင်္ခါရလောက သင်္ခါရလုပ်သားတို့၏ လုပ်ငန်းတို့ကို စိတ်ပါဝင်စားစွာ လေ့လာသောအခါ၊ လူ, သူ, ငါ, သတ္တဝါတို့ လုပ်ကိုင်ဆောင်ရွက်သော အလုပ်ဟူ၍ တခုမျှမတွေ့ရ။ လက်လှမ်းမှီသော အသက်ရှင်သမျှ ကာလပတ်လုံးတွင် အခေါ်အဝေါ် အမည်အမျိုးမျိုး၊ ပုံအမျိုးမျိုး၊ ပမာဏအမျိုးမျိုး၊ အချိန်ကာလ အကွာအဝေး အမျိုးမျိုး၊ ဌာနဒေသ အနီးအဝေး အမျိုးမျိုးသော ပညတ်သဘောတရားတို့ဖြင့်၊ ပြောဆို လုပ်ကိုင်ဆောင်ရွက်နေကြသော အခြင်းအရာတို့သည် လူ, သူ, ငါ, သတ္တဝါတို့၏ လုပ်ငန်းဟု တခုတလေမျှမရှိ၊ သင်္ခါရလုပ်သားတို့ စုပေါင်းဆောင်ရွက်ကြသော လုပ်ငန်းတို့ချည်းသာလျှင် ဖြစ်ကြလေသည်။

ဤကိုယ်ကောင်ကြီး၌ ကံသင်္ခါရလုပ်သားတို့နှင့် အကျိုးသင်္ခါရလုပ်သားတို့သည် အကြောင်းအကျိုးဆက်စပ်ကာ ပေါ်လွင် ထင်ရှားနေကြသည်။ စိတ္တ, ဥတု, အာဟာရတို့သည်လည်း၊ မိမိတို့၏ အကြောင်းနှင့်အကျိုး သင်္ခါရလုပ်သားတို့ ဆက်စပ်ကာ တသီးတခြားစီ ပေါ်လွင်နေပုံတို့ကို မျက်မှောက်သက်သေပြုလျက်၊ ကံချည်းသက်သက်ဖြင့် ကံ၏ ကောင်းကျိုး, ဆိုးကျိုးတို့ကို သီးသန့်ခြားနားစွာ ခံစားစံစားနေနိုင်ကြသော နတ်သား နတ်သမီး, ဗြဟ္မာဓါတ်အစု၊ ငရဲပြိတ္တာ,အသူရကာယ် ဓါတ်အစုတို့လည်း ရှိနိုင်ကြမည်ဟု မိမိ၏ အသိကို သဘောပေါက် သက်ရောက်စေရသည်။

## နာမ်သင်္ခါရ လုပ်သားများ

စိတ်ဝိညာဏ်၏ သတ္တိထက်မြက်ပုံကို အထက်က ဖော်ပြခဲ့ပြီ၊ စိတ်သည် တခုတည်းမဟုတ်၊ နာမ်သင်္ခါရလုပ်သားတို့၏ အစုဖြစ်ကြောင်းကိုလည်း ပြဆိုခဲ့ပြီ။ နာမ်သင်္ခါရ လုပ်သားတို့ကို အဘိဓမ္မပညာ၌ စေတသိက်များဟု ဖော်ပြသည်။

ဝိညာဏ်နှင့်အတူ ယှဉ်ဘဲ့ပေါင်းစပ်ကြလျက်၊ ဝိုင်းဝန်းကာ ဝိညာဏ်သိကို ချယ်လှယ်ကြသောကြောင့် စေတသိက်ဟုခေါ်ကြသည်။ အမည် အရေအတွက်အားဖြင့် ၅၂–မျိုးဖြစ်သော်လည်း၊ တည်ရာဌာန, မှီရာအာရုံ, ဆောင်ရွက်သော လုပ်ငန်းအမျိုးမျိုးတို့ဖြင့် ကွဲပြားခြားနားကြသည်။ စိတ္တတခု၌ပါဝင်သော စေတသိက်တို့သည် အခြားစိတ္တတခု၌ ပါဝင်လျက် အမည်အားဖြင့် တူသော်လည်း၊ တည်ရာ, မှီရာ, အာရုံလုပ်ငန်း စသည်တို့ကို အထောက်အထားပြုကာ တခုနှင့်တခု မတူဟု မှတ်ယူရမည်။ အတိုချုပ်မှာ မြင်သိစိတ်၌ ပါဝင်သော လုပ်သားတို့သည် ကြားသိစိတ်၌ ပါဝင်သော လုပ်သားများမဟုတ်ကြ၊ သီးခြားဖြစ်ကြသည်ဟု နားလည်ရပေမည်။ ဤသို့နားလည်ထားပါမှ အကြောင်းသင်္ခါရလုပ်သားတို့နှင့် အကျိုးသင်္ခါရလုပ်သားတို့ အချင်းချင်း အဆက်မပြတ်ဒရစပ် ဆက်သွယ်နေပုံကို သဘောပေါက်ပေမည်။

စေတသိက်တရားတို့သည် ဝိညာဏ်ကဲ့သို့ပင် မိမိတို့၏ ပင်ကိုယ်သတ္တိ ရှိကြသည်ချည်းသာဖြစ်၍ အခွင့်အားလျော်စွာ သတ္တိကို ထင်ရှားပြနိုင်ကြသည်။ ထိုစေတသိက်တို့၏ ယှဉ်ဘဲ့ပုံ လုပ်ငန်းစသည်တို့ကို ဆင်ခြင်စဉ်းစားသဖြင့်၊ နာမ်သင်္ခါရအကြောင်းကို သဘောပေါက်ပေမည်။ အကုသိုလ်စေတသိတ် ၁၄–မျိုးသည် အကြောင်းသင်္ခါရ တရားတို့၌သာလျှင် ပေါင်းစပ်ပါဝင်၍ အကျိုးသင်္ခါရတို့၌ ပါဝင်ခြင်းမရှိကြပေ။ အညသမာန်းစေတသိက် ၁၃-သည် အကုသိုလ်,ကုသိုလ်,ဝိပါက်,ကြိယာ, စိတ် ၄-မျိုး၌ ပါဝင်ကြသော်လည်း၊ အခွင့်အားလျော်စွာ ပါဝင်ပေါင်းစပ်ကြသည်။ စိတ်တိုင်းပါစေတသိက် ၇-မျိုးသည် အခြေအနေအရ အလွန်သိမ်မွေ့ကြ၍၊ အခွင့်ကြုံတိုင်း အသုံးဝင်သဖြင့် စိတ်တိုင်းပါဝင်ကြလေသည်။ ဝိတက်သည် ဈာန်အင်္ဂါ အစိတ်အပိုင်းအဖြစ် ထင်ရှားသော်လည်း အထက်ဈာန်တို့၌ အပယ်ခံရသည်။ ဝိစာရသည်လည်း ဤနည်းပင် အပယ်ခံရသည်။ ပီတိသည် သောမနဿ ဝေဒနာနှင့်သာလျှင် အဆင်ပြေသည်၊ ဒေါမနဿ, ဥပေက္ခာ ဝေဒနာတို့နှင့် အဆင်မပြေသောကြောင့်၊ ထိုဝေဒနာတို့၌ ပီတိမပါတော့ပေ။ အဓိမောက္ခသည် ဝိစိကိစ္ဆာစေတသိက်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ မယှဉ်ဘဲ့ပေ။ အဓိမောက္ခသည် ဆုံးဖြတ်သော အလုပ်သမား၊ ဝိစိကိစ္ဆာသည် ယုံမှားသံသယ သမား ဖြစ်သည်။ ဆန္ဒသည် အဓိပတိသို့တိုင်အောင် တက်ရောက်နိုင်သော သတ္တိရှိလေရာ၊အခြေခံ အားနည်းလွန်းသော အဟိတ်စိတ်နှင့် အလွန်ပျံ့လွင့်၍ သံသယ အားကြီးနေသော မောဟစိတ်တို့၌ မပါဝင်ပေ။ ဝိရိယသည် ထက်မြက်လျက် သတ္တိရှိသော လုပ်သားဖြစ်၍၊ ဗိုလ်ကိစ္စကို မဆောင်ရွက်နိုင်သော စိတ္တ အစည်း အဝေးတို့၌ မပါဝင်ချေ။ ဤနည်းဖြင့် အဘိဓမ္မပညာကို အခြေခံထားလျက် သင်္ခါရလောကကို ဆင်ခြင် စဉ်းစားကြပါလေ။

အကုသိုလ်စေတသိက်တို့သည် နာမ်ဓါတ်ဖြစ်ကြသော်လည်း၊ ကုသိုလ်စေတသိက်တို့နှင့် နှိုင်းစာလျှင် အလွန်ကြမ်းတမ်းသည်၊ ကုသိုလ်စေတသိက် တို့သည် သိမ်မွေ့သလောက် သတ္တိထက်မြက်ကြသည်။ တသံသရာလုံးမှာ အကုသိုလ်စိတ်တို့သည်သာလျှင် ဖြစ်ပေါ်မှုများသဖြင့် အဟုန်အရှိန် ပြင်းထန်ကြသော်လည်း၊ ကုသိုလ်စိတ်ဓါတ်တို့သည် အကုသိုလ်စိတ်ဓါတ်လောက် ဖြစ်ပေါ်မှု မများကြပေ။ ဖြစ်ပေါ်မှု အကြိမ်နည်းသော်လည်း၊ သိမ်မွေ့လွန်းသဖြင့် အဟုန်ရှိန် ဖွးရှသော ကုသိုလ်ဓါတ်တို့သည် အကုသိုလ်ဓါတ်တို့ကို အနိုင်ယူကြသည်။ ထို့ကြောင့် ကုသိုလ်ဓါတ်သည် ပယ်တတ်, စွန့်တတ်, သတ်တတ်သော ဓါတ်ဖြစ်၍၊ အကုသိုလ်ဓါတ်တို့သည် အပယ်ခံ, အစွန့်ခံ, အသတ်ခံ ဓါတ်များဖြစ်ကြသည်။

အကုသိုလ်စေတသိက်တွင် 'အနုသယ' ဓါတ်သည် အသိမ်မွေ့ဆုံးဖြစ်သည်။ ထိုအနုသယ တို့တွင်လည်း လောဘ, မာန, မောဟ တို့သည် ဒိဋ္ဌိ, ဒေါသ, ဝိစိကိစ္ဆာတို့အောက် များစွာပိုမို သိမ်မွေ့ကြသည်။ ထို့ကြောင့် အကြမ်း အနုသယတို့ကို ပထမမဂ်က ပယ်သတ်၍၊ သူတို့အောက် အဆင့်ဆင့် သိမ်မွေ့သော အနုသယတို့ကို အဆင့်ဆင့် အားကြီးသော မဂ်တို့က ပယ်သတ်ရလေသည်။ အကုသိုလ်အခြေခံဖြစ်သော လောဘ, ဒေါသ, မောဟ ခေါ် ဟိတ် ၃ ပါးတွင် မောဟသည် အသိမ်မွေ့ဆုံးနှင့် သတ္တိအထက်မြက်ဆုံး ဖြစ်သည်၊ လောဘနှင့် ဒေါသ တို့သည် မောဟ မယှဉ်ဘဲ ဥပ္ပါဒသို့ မရောက်နိုင်။ မောဟသည် မိမိကိုယ်တိုင် အဟိတ်အဖြစ်ကို ခံယူနိုင်သည်။ ယိုစီးထွက်ကျသော အာသဝသတ္တိရှိသော ဒိဋ္ဌိ,လောဘ, မောဟတို့တွင် ဒိဋ္ဌိသည် အပါယ်သို့ ကျစေတတ်သော အာသဝဖြစ်၍ သတ္တိအညံ့ဆုံးဖြစ်သည်။ လောဘမှာ ကာမာသဝ, ဘဝါသဝ အမည်အတိုင်း ကာမအာရုံ တို့နှင့် ကာမ,ရူပ,အရူပ,ဘဝ ၃ ‧မျိုး စုံအောင် ယိုစီးထွက်ကျနိုင်၍ ဒိဋ္ဌိထက် အားကြီးသည်။ အဝိဇ္ဇာသဝ ခေါ်သော မောဟသည် ထိုလောဘ ဒိဋ္ဌိတို့ထက် အာသဝသတ္တိ ပိုမိုလွန်ကဲထက်မြက်သည်။ ထို့ကြောင့် ဥပစယသို့ ရောက်သော အကုသိုလ် ဓါတ်တို့သည် မောဟမှ အစပြုကြရသည် ချည်းသာဖြစ်သည်။ ဩဃ, ယောဂ, နီဝရဏ, သံယောဇန, ကိလေသာ တို့တွင်လည်း၊ မောဟသည် ကိစ္စတိုင်း အားလုံးတို့ထက် ပိုမို သတ္တိလွန်ကဲလေသည်။

ကုသိုလ်စေတသိက် ၂၅–မျိုးတွင် ကရုဏာနှင့် မုဒိတာတို့သည် အကြောင်းကုသိုလ်စိတ်၌သာလျှင် ပါဝင်ကြ၍ အကျိုးစိတ်၌ မပါဝင်ကြပေ။ ဝိရတီစေတသိက် ၃ ‧မျိုးသည် မိမိတို့၏ လုပ်ငန်းအသီးသီးကို ဆောင်ရွက်စရာ ရှိသောအခါမှာ အကြောင်းစိတ်၌ ပေါင်းစပ်ပါဝင်ကြသည်။ ဖိုင်စိတ် ၄–မျိုး၌ ပါဝင်သောအခါ 'ပဋိပဿဒ္ဓိ' ကိလေသာ အပူ ဆက်လက် ငြိမ်းအေးမှုကို ဆောင်ရွက်ကြသည်။ အလောဘ, အဒေါသ, အမောဟ ဟူသော ကုသိုလ်ဟိတ် ၃–ပါးတွင်၊ အဒေါသ

သည် မေတ္တာပေါက်စ သဘောတရားဖြစ်သည်။ အရှိန်ပြင်းထန်အောင် ဆက်လက်ပွားများရသည်။

အမောဟသည် အမှောင်စေတ် မောဟ၏ ဆန့်ကျင်ဘက် အလင်းစေတ် ပညာဖြစ်သည်။ ကုသိုလ်သင်္ခါရလုပ်သားတို့တွင် 'ပညာ' သည် အထက်မြက်ဆုံးဖြစ်၍၊ ကုသိုလ်စိတ်တို့၌ အလောဘ, အဒေါသ, ပါဝင်သော်လည်း၊ ပညာသည် အခါတိုင်း မပါဝင်ပေ။ ပညာမပါဝင်သော ကုသိုလ်စိတ်ကို ဒွိဟိတ် ခေါ်၍၊ အခွင့်အားလျော်စွာ ပညာပါဝင်လျှင် တိဟိတ်စိတ်ခေါ်သည်။ ပညာသည် သင်္ခါရလုပ်သားတို့၏ အကျိုးကို ဆောင်ရွက်သောအခါ ခေါင်းဆောင်တဦးဖြစ်သည်။ကုသိုလ်သင်္ခါရလုပ်သားတို့သည် ကောင်းမှုအမျိုးမျိုးတို့ကို ဆောင်ရွက်ကြသော်လည်း၊ လောဘ, ဒိဋ္ဌိ, မောဟ တို့၏ ဥပနိဿယ ဟူသော အားကြီးသော မှီရာသတ္တိကို မတွန်းလှန်နိုင်ကြပေ။ ကောင်းမှုပြုရာ၌ ပါဝင်ပေါင်းစပ်သော ပညာသည်ပင် ဥပနိဿယသတ္တိ အားကောင်းသော လောဘ,ဒိဋ္ဌိတို့၏ သဘောအတိုင်း ကာမကုသိုလ်, အရူပကုသိုလ်ကံ ဖြစ်ပေါ် အောင်ကာမ ပုညာဘိသင်္ခါရ,ရူပ ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ ကောင်းမှုတို့ကို ဆောင်ရွက် ပေးရသေးသည်။

ထိုကောင်းမှုတို့၏ အကျိုး တရားသည် အိုနာသေ လွတ် ဝဋ်ကျွတ်သော လုပ်ငန်းတို့ မဟုတ်ဟု ပညာနှင့် ပေါင်းစပ်သော အသိ ဖြစ်ပေါ်လာသော အခါ အောက်ပါ 'ဗောဓိပက္ခိယ'အဖွဲ့တခု ပေါ်လာသည်။

၁ သတိ၊ ၂ ဝီရိယ၊ ၃ ဆန္ဒ၊ ၄ စိတ္တ၊ ၅ ပညာ၊ ၆ သဒ္ဓါ၊ ၇ ဧကဂ္ဂတာ၊ ၈ ပီတိ၊ ၉ ပဿဒ္ဓိ၊ ၁၀ တတြမဇ္ဈတ္တတာ၊ ၁၁ ဝိတက်၊ ၁၂ သမ္မာဝါစာ၊ ၁၃ သမ္မာကမ္မန္တ၊ ၁၄ သမ္မာအာဇီဝ။

ဤသင်္ခါရလုပ်သား ၁၄–ပါးတို့တွင် ပညာသည် ခေါင်းဆောင်ဖြစ်သည်။ အထက်၌ ဖော်ပြခဲ့သော အဘိသင်္ခါရ ၃–မျိုးနှင့် မတူသော ကုသိုလ်စေတ်တို့ကို ဖြစ်ပေါ်စေနိုင်အောင် ဌာနပေါင်း ၇-မျိုးဖြင့် ဆောင်ရွက်ကြသည်။ (အနုပုဗ္ဗပဋိပဒါ အပိုင်း၌ ဤဗောဓိပက္ခိယ တရားများကို ဆက်လက် ဖော်ပြပါမည်။)

ဤသို့လျှင် သင်္ခါရလုပ်သားတို့သည် သင်္ခါရလောက၌ မိမိတို့ ဆောင်ရွက်ဘွယ် ကိစ္စတို့ကို စုပေါင်း လုပ်ကိုင်ကြသည်။ ကုသိုလ် ကောင်းမှုကို ဆောင်ရွက်ရာတွင် 'မဟာကုသိုလ်' အမည်ခံယူသော သင်္ခါရ လုပ်သားစုသည် အရေးအကြီးဆုံးဖြစ်သည်။ သူတို့သည် ကာမ အာရုံတို့ကို အလွန်စွဲလမ်းသော လောဘ, ဒိဋ္ဌိ တို့၏ ဥပနိဿယ သတ္တိကို မလွန်ဆန်နိုင်သောကြောင့်၊ ပုညကြိယာဝတ္ထုတို့ကို အခြေပြုလျက်

'ကာမ ပုညာဘိသင်္ခါရ' ကောင်းမှုမျိုးတို့ကို အားရပါးရ ပျော်ရွှင်စွာ ဆောင်ရွက်ကြသည်။ ထို့ကြောင့် မိရိုးဖလာ ဗုဒ္ဓဘာသာ တို့သည် အတိုင်း အဆ မရှိသော ကာမကုသိုလ် ကောင်းမှုတို့ကို အားထုတ်လွယ်ကြသည်။ ကာမအာရုံတို့ကို မရွံမမုန်းနိုင်ကြပေ။

ယခုအခါ မိရိုးဖလာ ဗုဒ္ဓဘာသာတို့ ဆောင်ရွက်ကြသော ဗုဒ္ဓသာသနာ အရေးကိစ္စတို့၌ လောဘဒိဋ္ဌိတို့ အစွဲသန်သော ဥပနိဿယသတ္တိ အားကြီးသောကြောင့် 'ပကာသန' ခေါ် ဘန်းပြ (ရှိုးပြ) သော ကောင်းမှုသာလျှင် များကြလေသည်။ ဒေ့စက်ချစာတန်းများ၌ ဖော်ပြသော သို့မဟုတ် ရေစက်ချ ဆရာတော် ရွတ်ဆိုသွားသော စကားအစဉ်၌ ပါဝင်သော သဘောတရားတို့သည် အလှူရှင်ပုဂ္ဂိုလ်တို့၌ တကယ်ဖြစ်ပေါ်သည်, မဖြစ်ပေါ်သည်ကို သတိမပြုကြပေ။ သင်္ခါရလုပ်သားတို့သည် ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ ပြုလုပ်ဆောင်ရွက်သော ဤကိုယ်ကောင် သန္တာန်၌ တကယ်တန်း အတိအကျ ဖြစ်ပေါ်ပါမှ ကောင်းကျိုး ဆိုးကျိုးကို ဖန်တီးပေးနိုင်ကြသည်။ မိမိသန္တာန်၌ ဖြစ်ပေါ်သော သင်္ခါရလုပ်သား အစုကတမျိုး၊ စာတန်းနှင့် ရဟန်းတော်နှုတ်တို့က ဆောင်ရွက်ဖော်ပြနေပုံက တမျိုးဖြစ်ခဲ့လျှင်၊ ကုသိုလ်ရှင်၏ ရည်ရွယ်ချက်ဖြစ်သောအကျိုး မသက်ရောက်နိုင်ပေ။

ကာမကုသိုလ်ကံ, ရူပကုသိုလ်ကံ, အရူပကုသိုလ်ကံတို့တွင် ကာမကုသိုလ်ကံသည် ကာမအာရုံကို လွန်စွာစုံမက် နှစ်သက်မြတ်နိုးသော ကာမ သင်္ခါရလုပ်သားတို့၏ လုပ်ငန်းဖြစ်သောကြောင့်၊ မကြာခဏ ကာမ ပုညာဘိသင်္ခါရမှ ကာမ ကမ္ဘာသို့ ရောက်နိုင်ကြသည်ဟု ယုံကြည်ယူဆကြလေသည်။ ဥပမာ—ဒါနကောင်းမှုကို ဆောင်ရွက်သော ခေတ်သည် ၃—ရက်မျှကြာသည်။ သီလဆောက်တည်သော ခေတ်သည် တရက်မျှကြာသည်ဟု ဆိုကြပါစို့။ ထိုခေတ် ထိုအချိန်တွင်းမှာ ကာမကုသိုလ်ကံပေါင်း မြောက်များစွာ ဖြစ်ပေါ်သလော၊ မိမိတို့အလိုရှိသော ကမ္ဘာသို့ ရောက်အောင် ပို့ပေးသောစိတ်သည် အဟုတ်တကယ် ဖြစ်ပေါ်ပါသလော။ အလှူပေး ဒါနရှင်, သီလဆောက်တည်သော သီလရှင်တို့သည် ကိုယ်တိုင်သိဖြစ်အောင် ဆင်ခြင်စဉ်းစားကြပါလေ။

အိမ်နီးချင်း ရိုသေအောင် ရှုံးပြင်ကနားသွားရသည် ဟူသော မြန်မာတို့၏ စကားပုံအတိုင်း၊ ပတ်ဝန်းကျင်လူတို့ အထင်ကြီးအောင်ကောင်းမှုဒါန, သီလ, ဘာဝနာ ပြုလုပ်ခြင်းတို့သည် မိမိ၏ ငွေကုန်လူပန်းသလောက် အကျိုးထူးသက်ရောက်နိုင်ပါသလော။

အရှင် အနုရုဒ္ဓါအား ဆွမ်း တယောက်မ လှူဒါန်းသော အလှူရှင် ဠန္နက နတ်သား၏ လှူဒါန်းပုံ အခြေအနေကို စဉ်းစားလျက် အတုလိုက်ရသည်။ အလှူရှင်

အတွက် -(က) အဘိုးတန်သည်ဖြစ်စေ၊ အဘိုးမတန်သည်ဖြစ်စေ၊ လှူဒါန်းဝတ္ထုသည် တရားသဖြင့်ရသော ပစ္စည်းဖြစ်ရသည်။ (ခ) ကံနှင့်ကံ၏ အကျိုးကို သက်ဝင်ယုံကြည်သူလည်းဖြစ်ရသည်။ (ဂ) စေတနာ ၃ တန် ညီညွတ်အောင်လည်း ဆောင်ရွက်ရသည်။ သို့ပြုသော ကာမကုသိုလ်ကောင်းမှုသည် ဒါယကာဘက်က ဆောင်ရွက်မှုစင်ကြယ်သောကြောင့် ဒါယကတော ဝိသုဒ္ဓိ ဖြစ်လေသည်။ ထို့ပြင် တောပန်းတပွင့်မျှ ဘုရားကိုတင်လှူခြင်း၊ ရဟန်းတော်များအား ပူဇော်ခြင်း၊ ငတ္တာတို့ကိုဘတ်လျက် ထိုပုဂ္ဂိုလ်တို့၏ ကုသိုလ်ပြုလှူဒါန်းပုံတို့ကို သဘာဝကျကျ ဆင်ခြင်စဉ်းစားလျက် အတုလိုက်ပြုရသည်။

သင်္ခါရလောက အကြောင်းကို ကောင်းစွာနားလည်ပါလျှင်၊ မိမိတို့၏ အလိုရှိသဖြင့် တောင်းတ တိုင်းသော အကျိုးတို့ကို ဆောင်ရွက်အောင် ပြုလုပ်နိုင်ကြသည်။ သို့မဟုတ်လျှင် သံသရာ၌ သူကန်းလမ်းသွားသကဲ့သို့ ဖြစ်နေပေလိမ့်မည်။

ယခုအခါ ဗုဒ္ဓအရှင်၏ သာသနာသည် သင်္ခါရလောက အကြောင်းကို ကောင်းစွာ နားလည်နိုင်လောက်အောင် တောက်ပြောင်ထွန်းပလျက် ရှိလေသည်။ ကောင်းမှုဒါယကာနှင့် ဒါယိကာမတို့သည် မိမိတို့ ဆည်းကပ်ကိုးကွယ်နေကြသော ဆရာသမား ရဟန်းတော်များထံသို့ ချဉ်းကပ်လျက် မိမိတို့၏ ငွေကုန် လူပန်းသလောက် အကျိုးသက်ရောက်အောင် သင်ပြဆုံးမပေးပါရန် လျှောက်ထားတောင်းပန်ကြပါလေ။ ယခုအခါ မိရိုးဖလာအတိုင်း ကုသိုလ်ပြုနေကြခြင်းသည် ဗုဒ္ဓကိုယ်တော်လက်ထက်က ဆောင်ရွက်ခဲ့ကြသော ကုသိုလ်ရှင်များ၏ ကုသိုလ်မျိုးနှင့် တူ မတူ တို့ကို စဉ်းစားကြပါလေ။

ယခုတဖန် သင်္ခါရလောကကို ဆက်လက်စဉ်းစားကြအုံးစို့။

ဤကိုယ်ကောင်ကြီးဖြစ်သော သင်္ခါရလုပ်သားတို့တွင် နာမ်သင်္ခါရလုပ်သားတို့သည် ရုပ်သင်္ခါရ လုပ်သားတို့ထက် ပိုမိုသိမ်မွေ့နေသဖြင့် တကြောင်း၊ ဥပစယရောက်လျှင် သုံးခဏမျှသာလျှင် ထင်ရှားနိုင်သောကြောင့်တကြောင်း၊ ကလာပတို့ကဲ့သို့ တခုနှင့်တခု ထပ်၍ထပ်၍ မဆက်မစပ်နိုင်သောကြောင့်တကြောင်း၊ ဤနိယာမသဘောသုံးမျိုးတို့ကြောင့် ရုပ်ဝတ္ထုကဲ့သို့ အစိုင်အခဲ အဖြစ်ဖြင့် မထင်ရှားနိုင်။ သို့သော် အဟောင်းအသစ် ပြောင်းလဲနေသော သန္တတိအစဉ်ဖြင့် ထင်ရှားနေနိုင်သည်။ နာမ်ခါတ် စိတ္တ၏ သန္တတိအစဉ်ဖြင့် ထင်ရှားပုံသည် အကြမ်းအားဖြင့် ၂-မျိုး ထင်ရှားသည်။ ပထမအမျိုးသည် အိပ်စိတ် အပိုင်းဖြစ်၍၊ ဒုတိယမျိုးသည် နိုးစိတ် အပိုင်းဖြစ်သည်။ ပထမ အိပ်စိတ်အစဉ်ကို လူတို့၏ ပကတိရိုးချိုး နိုးနေသော စိတ်ဖြင့် အသိမရောက်နိုင်ကြ၊ သာမန်အားဖြင့် အိပ်စိတ်အစဉ် ဖြစ်နေသည် ဟူ၍

သာလျှင် အသိရောက်ကြသည်။ အိပ်မက်,မက်သောအခါ အိပ်စိတ်နှင့် နိုးစိတ်တို့ အဆက်အစပ် အပြောင်းအလဲ လျင်မြန်ကြသဖြင့် နိုးစိတ်သည် အိပ်စိတ်တို့၏ အကြား အကြား၌ မိမိ၏ အာရုံကို ကမန်းကတန်း အသိလုပ်ကာ ဖြစ်ပေါ်ရသည်။ ထို့ကြောင့် အိပ်မက်အတွင်း၌ ဖြစ်ပေါ်သော နိုးစိတ်သည် အင်အားနည်းသဖြင့် အသိအင်အားသတ္တိလည်း နည်းပါးလေသည်။ (အတ္ထေသာ ဘိက္ခဝေ စေတနာသာ အဗ္ဗောဟာရိကာ) ဟူသော ဝိနည်းပါဠိတော်သည် ဤအခိပ္ပါယ်ကို ဖော်ပြသော စကားဖြစ်လေသည်။

လူတို့၏ အသိသည် ဆက်ကာဆက်ကာ သိနေမှသာလျှင် အသိ အဟုန်အရှိန် တိုးတက်သည်။ တိုးတက်အရှိန်ရသော အသိလည်း ရှေးဦးအသိနှင့် မတူဘဲ၊ တဆင့်မှတဆင့်သို့ ပြောင်းလဲသွားသည်။ ထို့ကြောင့် နိုးစိတ် အပိုင်းကိုလည်း အသိ အရှိန်မရသေးသော အပိုင်းနှင့် အသိအရှိန်ရနေသော အပိုင်းဟု ၂-ပိုင်းခွဲထားပါ။ ပဉ္စဒွါရ သိစိတ်အစဉ်များ ဖြစ်ကြသော ပဉ္စဒွါရဝိထိ တို့သည် ပစ္စုပ္ပန် ပရမတ် တို့ကို အသိလုပ်သော်လည်း၊ အဟုန်အရှိန် မရသေးသောကြောင့် လူတို့ အသိအဖြစ် မထင်ရှားနိုင်ဘဲ အသိသည် ပရမတ်အာရုံတို့မှ တဆင့်ပြီးတဆင့် ပြောင်းလဲသွားရာ၊ ဃန ပညတ် အာရုံသို့ဖြစ်စေ၊ သဏ္ဌာန ပညတ် အာရုံသို့ဖြစ်စေ ရောက်ပါမှ လူတို့၏ အသိအဖြစ် ထင်ရှားလာရသည်။ ကျွန်ုပ်တို့သည် ထင်ရှားသော သိစိတ်တို့ကို ကျေနပ်အောင် လေ့လာပြီးမှ မထင်ရှားသေးသော သိစိတ်တို့ကို အဆင့်ဆင့် ပြုကာ လေ့လာရသည်။ ဗုဒ္ဓအဘိဓမ္မ ပညာအရ ပဉ္စဒွါရဝိထိ စိတ်အစဉ်မှ အစဉ်လျော်က် သဖြင့်၊ တဒနုဝတ္တိကာ မနောဒွါရ စိတ်အစဉ်တို့သည် ဆက်လက်ဖြစ်ပေါ်လာကြ သည်၊ ထိုစိတ်အစဉ်တို့၌ ပါဝင်ကြသော သခါရ လုပ်သားတို့သည် မိမိတို့၏ ကိုယ်ပိုင် သတ္တိ အားလျော်စွာ သိဝိညာဏ်ကို ပြုပြင်ချယ်လှယ်ကြလေရာ၊ သိဝိညာဏ် သည် တဆင့်မှတဆင့် အသိ ပြောင်းလာခဲ့သည်။ ဥပမာ-စက္ခုဒွါရ ဝိထိသည် ပရမတ်ဖြစ်သော ရူပါရုံအဆင်းကို အသိလုပ်ခဲ့၏။ နောက်မှ ဆက်လက်ပေါ်လာ သော မနောဒွါရဝိထိတို့သည် ထိုအဆင်း ရူပါရုံကိုပင် စွဲလျက် ဖြစ်ပေါ်သော် လည်း၊ အဆင်း၏ ပရမတ် သဘာဝမှ အစိုင်အခဲ သဏ္ဌာန် စသော ပညတ်ဘက်သို့ အဆင့်ဆင့် ပြောင်းလဲကာ နောက်ဆုံး၌ မိန်းမ-ယောက်ျား ဟူသော ပညတ် 'အသိ' သည် ထင်ရှားလာလေသည်။

မီးရထား သံလမ်းသည် အစ၌ ဖြောင့်တန်း သကဲ့သို့ ထင်ရ သော်လည်း၊ တဖြေးဖြေး မသိမသာ ကွေ့၍ကွေ့၍ သွားသဖြင့်၊ တမိုင်ကျော်လောက် ရောက် သောအခါ၊ နောက် ပြန်ကြည့်ခဲ့ပါလျှင် ကွေ့ကောက်နေပုံ ထင်ရှား သကဲ့သို့၊ ပရမတ် အာရုံ လမ်းဖြောင့်မှ တဖြေးဖြေး လိမ့်လာသော စိတ္တအစဉ်သည် ပညတ်

သဘောဘက်သို့ ယိုင်၍ယိုင်၍ လာရာ၊ နောက်ဆုံး၌ ပညတ်သဘောကို သိသော အသိ ထင်ရှားလာလေသည်။ ဤသို့ ပဋ္ဌဒ္ဒါရဝိထိမှ ယောကျ်ား-မိန်းမ ဟူသော ပညတ်သို့ ရောက်အောင် တန်းစဉ်သွားသော သိစိတ်အပိုင်းသည် လူတို့၏ ပကတိ ရိုးရိုး စိတ်ဖြင့် မသိနိုင်သော အပိုင်းဖြစ်လေသည်။

ယောကျ်ား-မိန်းမ, လည်း, ရထား, တိုက်တာ, အိမ်ယာ စသော ပညတ်သဘောတရားတို့ကို သိပြီးသော စိတ်အစဉ်ကို သတိပြု လေ့လာစစ်ဆေးသော အခါ ကောင်းစွာသိနိုင်ပါသည်။ ထိုစိတ်အစဉ်သည် ပညတ်အာရုံတခုမှ ပညတ်အာရုံတခုသို့ ပြောင်းကာလဲကာ သိနေသဖြင့်၊ အသိအရှိန်တိုးတက်နေလေပြီ။ သိစိတ်အရှိန်အဟုန် တိုးတက်လေလေ-ထိုသိစိတ်၌ ပါဝင်ပေါင်းစပ်သော သင်္ခါရလုပ်သားတို့၏ ပင်ကိုယ်သတ္တိများ ပေါ်လွင်ထင်ရှားလေလေ ဖြစ်သည်။ ပြင်းထန်သော လောဘစိတ် ဖြစ်ပေါ်ပုံနှင့် ပြင်းထန်သော ဒေါသစိတ်ဖြစ်ပုံတို့ကို သတိဖြင့်ဆင်ခြင်စဉ်းစားပါ။ ထိုအခါ သင်္ခါရလုပ်သားတို့၏ ပင်ကိုယ်သတ္တိများသို့ အသိရောက်နိုင်သည်။ထိုသို့ အသိရောက်သွားသောအခါ လောဘ၏ ကပ်ငြိသတ္တိသည် ယောကျ်ား မိန်းမဟူသော ပညတ်အာရုံကို ကပ်ငြိနေသလား။ သို့မဟုတ် ထိုပညတ်ဖြင့် မှတ်သားအပ်သော ပထဝီ, အာပေါ, တေဇော, ဝါယော စသော ဓါတ်အစုသို့ ကပ်ငြိနေသလားဟု ဆင်ခြင်ပါလေ။ ဆိုးစိတ်သည် မိန်းမ-ယောကျ်ား,ငါ, သူ, သင် တို့ကို စိတ်ဆိုးနေသလား၊ သို့မဟုတ် မိန်းမ-ယောကျ်ားဟု ခေါ်ထားသော ဓါတ်အစုကို စိတ်ဆိုးနေသလားဟု ဆင်ခြင်ပါလေ။ အဖြေမှာ ကိုယ်တိုင်သိအဖြေ ဖြစ်ပါသည်။

ဤသို့ ဆင်ခြင်သောအခါ အတ္တ(ငါ)အစွဲ ပြင်းထန်သော ဒိဋ္ဌိစေတသိက်နှင့် ဒိဋ္ဌိသက်ဝင်ထားသော ငါ,သူ, ယောကျ်ား-မိန်းမ စသော ပညတ်သဘောကို ကပ်ငြိမှုပြင်းထန်သော လောဘ, ဒေါသတို့သို့ အသိရောက်လေသည်။

သင်္ခါရလောက၌ လုပ်ငန်းကိစ္စ ၁၄—ပါးရှိကြောင်း အောက်ကဖော်ပြခဲ့ပြီ။ ထို ၁၄-ပါးတွင် ဇောကိစ္စ ဆောင်ရွက်သော စိတ်အစဉ်သည် အဟုန်အရှိန် အပြင်းထန်ဆုံးဖြစ်သည်။ ဇဝန ဟူသော ပါဠိစကားသည် ပြင်းထန်သော အဟုန်အရှိန်ရှိသော စိတ်ဟု ပြသော စကားဖြစ်သည်။ နိုးစိတ်အစဉ်၌ ကုသိုလ်ဇောစိတ်နှင့် အကုသိုလ်ဇောစိတ် ၂—မျိုးတို့သည် တမျိုးပြီးတမျိုး ပြောင်းလဲဖြစ်ပေါ်နေကြသည်။ ကောင်းမှုဆိုးမှုတို့သည် ဤဇောစိတ် ဖြစ်ပေါ်နေစဉ် ထင်ရှားကြရသည်။ အကုသိုလ် ဇောကိစ္စကို အကုသိုလ်စိတ် ၁၂—မျိုးတွင် တမျိုးမျိုးက ဆောင်ရွက်သည်။ ကုသိုလ် ဇောကိစ္စကို မဟာကုသိုလ်စိတ် ၈—မျိုးတွင် တမျိုးမျိုးက ဆောင်ရွက်သည်။ ကိုယ်

အမှုအရာ, နှုတ် အမှုအရာတို့၏ ပြင်းထန်မှု မပြင်းထန်မှုတို့သည် 'ဇောစိတ်' ၏ အဟုန်အရှိန် ပြင်းထန်ခြင်း မပြင်းထန်ခြင်း ပေါ်၌ အခြေခံလေသည်။ အကုသိုလ်ဇောအစဉ် ဖြစ်ပေါ်လျှင် ကိုယ်,နှုတ်အမှုအရာ မကောင်းမှု ထင်ရှားလာလေသည်။ ထိုဇောစိတ်တို့၏ အဟုန်အရှိန်သို့ လိုက်၍ ဤကိုယ်ကောင်ကြီး၌ အမှုအရာတို့သည် အနိမ့်စား, အလတ်စား, အမြင့်စားဟု ၃ မျိုး ကွဲပြားထင်ရှားနေသည်။ သင်္ခါရ ၃-မျိုးကို ဖန်တီးပေးသော ကုသိုလ်ဇော,အကုသိုလ်ဇောတို့သည် အနိမ့်စားဖြစ်သည်။ အဘိသင်္ခါရ အမှုအရာတို့ကို ဖန်တီးပေးသော ဇောတို့သည် အလတ်စားဖြစ်၍၊ ကမ္မဘဝကို ဖြစ်ပေါ်အောင် ဖန်တီးပေးသော ဇောတို့သည် အမြင့်စားဖြစ်ကြသည်။ သင်္ခါရ ၃ မျိုးကို ဖန်တီးပေးသော သင်္ခါရလုပ်သားတို့သည် ကံသဘောတရားတို့ကို ဖန်တီးပေးသော ကုသိုလ်ဇော, အကုသိုလ်ဇော လုပ်သားတို့ဖြစ်ကြ၍၊ သူတို့ ဖန်တီးပေးသော သင်္ခါရ ၃ မျိုးကို မျက်မှောက်ပြုရသောကြောင့်၊ ကံသဘောတရား၏ အဟုန်အရှိန်တို့သည်လည်း၊ အနိမ့်စား, အလတ်စား, အမြင့်စားဟု သဘောပေါက် အသိ ရောက်နိုင်လေသည်။ အနိမ့်စားကံသည် အဟောသိကံဖြစ်လွယ်သည်။ အလတ်စားကံသည် အဟောသိကံ မဖြစ်ခဲ့လျှင် ပဝတ္တိအကျိုး ခေါ်သော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း,သန္တီရဏ, ကမ္မဇ သင်္ခါရလုပ်သားတို့ကို ဖန်တီးပေးနိုင်သည်။ အမြင့်စားကံသည် ဇာတိအမည်ခံသော 'ပဋိသန္ဓေ' ရုပ်ဓါတ် နာမ်ဓါတ်တို့ကို ဖန်တီးပေးသည့် အပြင်၊ ပဝတ္တိ ရုပ်ဓါတ် နာမ်ဓါတ် တို့ကိုလည်း ဖန်တီးပေးနိုင်လေသည်။

## နိယာမတရား ၅ မျိုး

နိယာမ ဟူသော ပါဠိစကားသည် 'မြဲ' ဟူသော မြန်မာစကားနှင့် ညီမျှသည်။ နိယာမသည် သင်္ခါရလုပ်သားတို့၏ လုပ်ငန်းကို အစွဲအမြဲပြုကာ ပေါ်လာသော ပညတ်တရားဖြစ်သည်။ ဥပမာ–မီးတောက်ကိုစွဲ မီးရောင်ပေါ်မြဲ ဟုဆိုရာ မီးတောက်သည် သင်္ခါရလုပ်သား ပရမတ်တရားအစု ဖြစ်ကြသည်။ မီးရောင်လည်း သင်္ခါရလုပ်သား ပရမတ်တရားစုပင်ဖြစ်သည်။ မီးတောက်သင်္ခါရလည်း မမြဲ၊မီးရောင်သင်္ခါရလည်း မမြဲကြပေ။ ထိုမမြဲသော အကြောင်းသင်္ခါရ မီးတောက်နှင့် အကျိုးသင်္ခါရ မီးရောင်တို့၏ ဆက်သွယ်သောသဘောသည် 'မြဲ'သည်။ ထိုမြဲသဘောသည် တရားကိုယ် အထည်ဒြဗ်ပရမတ် မရှိသောကြောင့် 'ပညတ်' သာလျှင်ဖြစ်လေသည်။ ပဋိစ္စသမုပ္ပါဒ် တရားတို့သည် အကြောင်းပရမတ်တရား ၅–ပါးနှင့် အကျိုးပရမတ်တရား ၅-ပါးတို့သာလျှင်ဖြစ်သည်။ အကြောင်း ပရမတ် အဝိဇ္ဇာနှင့် သင်္ခါရတို့ ဆက်သွယ်မှု မြဲသည်။ တဏှာ ဥပါဒါန်–ကံ တို့ ဆက်သွယ်မှု မြဲသည်။ ဝိညာဏ်,နာမ်

ရုပ်, သဒ္ဒာယတန, ဖဿ, ဝေဒနာ အကျိုးတရားတို့ အချင်းချင်း ဆက်သွယ်မှု မြဲသည်။ အကြောင်းတရားရှိလျှင် အကျိုးတရားရှိခြင်း မြဲသည်။ ထိုကဲ့သို့သော 'မြဲ' သဘောကို နိယာမဟုခေါ်ရသည်။ ထိုနိယာမသည် အောက်ပါအတိုင်း ၅–မျိုး ရှိသည်။

၁။ ဓမ္မနိယာမ=ပရမတ်တရားတို့ အဟုတ်ရှိခြင်း၊ပညတ်တရားတို့ အဟုတ်မရှိခြင်း၊သင်္ခါရလုပ်သား ၇၁-ပါးတို့တခုနှင့်တခု ဆက်သွယ်ခြင်း၊တခုစီအမှတ်အသားရှိခြင်း၊ သင်္ခါရလုပ်သားတို့ ဆောင်ရွက်နိုင်ခြြင်း၊ မဆောင်ရွက်နိုင်ခြင်း စသည် တို့ကို နိယာမ သဘောဟု ဆိုရလေသည်။ ကမ္ဘာဦး အစ၌ လူတို့သည် အထီး,အမ,မရှိခြင်း၊ ဥပပတ္တိပဋိသန္ဓေဖြင့် ဖြစ်ပေါ်ရခြင်း စသည်တို့ သည်လည်း ဓမ္မနိယာမပင်။ ကမ္ဘာဦး အစဆုံး ပေါက်ရောက်ကြသော သစ်ပင်တို့သည် မျိုးစေ့ ဟူ၍ မရှိကြ။ ဓါတ်ပေါင်းစုမှ စတင်ပေါက်လျက် မျိုးစေ့ကို ပြည့်ပြည့်စုံစုံ အင်အားပြည့်အောင် ပြုစုပျိုးထောင်ရခြင်းသည်လည်း ဓမ္မနိယာမပင် ဖြစ်လေသည်။ အတိုချုပ်အားဖြင့် ဓမ္မတာဘဲဟု ပြောဟောကြသော သဘောတို့သည် ဓမ္မနိယာမဖြစ်ကြသည်။

၂။ စိတ္တနိယာမ=နာမ်သင်္ခါရလုပ်သားတို့သည် ဥပစယသို့ ရောက်၍ ၃– ခဏမျှသာ ထင်ရှားပေါ်လွင်ခြင်း၊ စိတ္တ တခုနှင့်တခု မထပ် မဖိခြင်း၊ စိတ္တ အဟောင်းအသစ် ပြောင်းခြင်း၊ ဇာတိသို့ ရောက်သော နာမ်သင်္ခါရ စိတ္တတို့သည် ပဋိသန္ဓေ, ဘဝင်, ဝိထိတို့ အစဉ်ဖြစ်ပေါ်ခြင်း၊ ဆိုင်ရာဆိုင်ရာ ဝိထိတို့၌ စိတ္တ တခုနှင့်တခု အစဉ်အတိုင်း ဖြစ်ပေါ်ကြခြင်း၊ ထိုဝိထိစိတ် တခုအတွင်း၌ စိတ္တတို့ ရှေ့နောက် ပြောင်းလဲမရှိခြင်း၊ စိတ္တ တခုတခု၌ ပါဝင်ပေါင်းစပ်ကြသော သင်္ခါရ လုပ်သား စေတသိက် တရားတို့သည် တပြိုင်နက်ဖြစ်ခြင်း၊ တပြိုင်နက်ပျက်ခြင်း၊ ဆဲ့မှီအာရုံတူခြင်း၊ တည်ရာဌာနတူခြင်း စသည်တို့သည် စိတ္တတို့၏နိယာမဖြစ်သည်။ အတိုချုပ်အားဖြင့် 'ထာမဂတ' အား ရောက်ပြီးသော သင်္ခါရလုပ်သား စိတ္တတို့၏ စံနစ်တကျ အလိုအလျောက် ဆောင်ရွက်ကြခြင်းကို စိတ္တနိယာမ ခေါ်သည်။

၃။ ကမ္မနိယာမ=သင်္ခါရလုပ်သားတို့တွင်အကုသိုလ်သင်္ခါရလုပ်သား,ကုသိုလ် သင်္ခါရလုပ်သား ၂–မျိုးရှိလေရာ၊အကုသိုလ် လုပ်သားတို့သည် ကောင်းမှုကို မဆောင်ရွက်မှုမြဲခြင်း၊ ကုသိုလ်လုပ်သား တို့ကလည်း မကောင်းမှု မဆောင်ရွက်မှု မြဲခြင်း၊ ၎င်းပြုစုသော ကုသိုလ်ကံသည်လည်း အကျိုးအကုသိုလ်ဝိပါက်တို့ကို မဖြစ်ပေါ်ခြင်း၊ အကုသိုလ်ကံကလည်း ကုသိုလ်အကျိုး ဝိပါက်တို့ကို မဖြစ်ပေါ်စေခြင်း သဘောတို့ မြဲခြင်းသည် နိယာမဖြစ်သည်။ အတိုချုပ်အားဖြင့် ကုသိုလ်ကံ ဟူသမျှ ဘယ်အခွင့် ဘယ်အခါမျှ မကောင်းကျိုးကို မပေး။ အကုသိုလ်ကံ ဟူသမျှ ဘယ်အခွင့်

ဘယ်အခါမျှ ကောင်းကျိုးမပေးဘဲ မြဲကြသည်။အကုသိုလ်မှန်သမျှ အကုသလဝိပါက် နှင့် ကမ္မဇရုပ်များကို ဖန်တီးပေးမြဲ၊ ကုသိုလ်မှန်သမျှ ကုသလဝိပါက်နှင့် ကမ္မဇရုပ် များကို ဖန်တီးပေးမြဲဟု ဆိုလိုသည်။

၄။ ဥတုနိယာမ=ဩကာသ လောက၌ အပူ အအေးကို အစွဲပြု၍ နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု သုံးမျိုးထင်ရှား ပြောင်းလဲကြရာ၊ ထိုအစဉ်သည် ဘယ်အခါ မျှ ပြောင်းလဲခြင်းမရှိဘဲ မြဲလေသည်။ နွေဥတုကုန်လျှင် မိုးဥတုရောက်ရသည်။ မိုး ဥတုကုန်လျှင် ဆောင်းဥတုရောက်ရသည်။ ဆောင်းဥတု ကုန်လျှင် နွေဥတုရောက်ရ သည်။ ဤနည်းအတူ ၁၂–ရာသီ၌ မိဿရာသီ ကုန်လျှင် ပြိဿရောက်၊ ပြိဿကုန် လျှင် မေထုံရောက်၊ မေထုံကုန်လျှင် ကြဋ်ရောက်၊ ကြဋ်ကုန်လျှင် သိဟ်ရောက်၊ သိဟ်ကုန်လျှင် ကန်ရာသီရောက်၊ ကန်ရာသီကုန်လျှင် တူရောက်၊ တူကုန်လျှင် ဗြိစ္ဆာ ရောက်၊ ဗြိစ္ဆာကုန်လျှင် ဓနုရောက်၊ ဓနုကုန်လျှင် မကာရရောက်၊ မကာရကုန် လျှင် ကုမ်ရာသီရောက်၊ ကုမ်ရာသီကုန်လျှင် မိန်ရောက်၊ မိန်ကုန်လျှင် မိဿရောက် ရသည်။ နက္ခတ် ၂၇–လုံးဖြစ်သော အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟဏီ၊ မိဂ သီ၊ အဒြ၊ ပုဏ္ဏဖုသျှ၊ ဖုသျှ၊ အသလိဿ၊မာဃ၊ပုဗ္ဗဖဂ္ဂုဏီ၊ ဥတ္တရဖဂ္ဂုဏီ၊ဟဿဒ၊စိတြ၊ သွာတိ၊ဝိသာခါ၊ အနုရာဓ၊ဇေဋ္ဌ၊မူလ၊ပုဗ္ဗာသဠ်၊ ဥတ္တရာသဠ်၊သရဝဏ်၊ ဓနသိဋ္ဌ၊ သတ္တ ဘိသျှ၊ ပုဗ္ဗဘဒြပိုက်၊ ဥတ္တရဘဒြပိုက်၊ ရေဝတီ တို့သည် ရှေ့နောက် အစဉ်အားဖြင့် ဌာန အမှတ်အသားအားဖြင့် မြဲကြသည်။

၅။ ဗီဇနိယာမ=ဩကာသလောက၌ ဓါတ်ပေါင်းစုမှ စတင် ပေါက်ပွါး ကြရသော သစ်ပင်တို့သည် ပင်စည်၊ အကိုင်း၊ အခက်၊ အလက်၊ အရွက်တို့ဖြင့် ဖွံ့ဖြိုး စည်ပင်၍၊ အပွင့်၊ သီးကင်း' သီးနု၊ သီးရင့်၊ သီးမှည့်သို့ ရောက်လျက် ပြည့်စုံသော မျိုးစေ့ ဖြစ်ပေါ်အောင် ဆောင်ရွက်ကြလေရာ၊ မျိုးစေ့ဓါတ် ပြည့်စုံရင့်သန်သော မျိုးစေ့သည် မိမိကိုပေါက်ပွါးစေသော အပင်နှင့် တူသော အပင်သစ်ကို ဖြစ်ပေါ် စေမြဲဖြစ်သည်။ သရက်မျိုးစေ့သည် သရက်ပင်ကို၊ တမာမျိုးစေ့သည် တမာပင်ကို၊ မကျီး မျိုးစေ့သည် မကျီးပင်တို့ကိုသာလျှင် ဖြစ်ပေါ်စေမြဲဖြစ်သည်။ သရက်စေ့မှ တမာပင် မပေါက်၊ တမာစေ့မှလည်း သရက်ပင် မပေါက်၊မကျီးစေ့မှ ရှောက်ပင် မပေါက်ဟု ဆိုလိုသည်။ မျိုးစေ့ဓါတ် ပြည့်စုံရင့်သန်သော အစေ့သည် သစ်ပင် တို့၏ ဇာတိဖြစ်သည်။ မိမိ၏ ဇာတိမျိုးစေ့အတိုင်း အဟောင်း အသစ်လဲကာ ကမ္ဘာ ကုန်ဆုံးအောင် ဇာတိ မပြောင်းလဲဘဲ မြဲသည်ဟု ဆိုလိုသည်။

ဤနိယာမ ၅–မျိုးတို့သည် ပညတ် သဘောတရားများ ဖြစ်ကြသော်လည်း၊ အဟုတ်တကယ်ရှိသော ပရမတ္ထ သင်္ခါရ လုပ်သားတို့ကို အစွဲပြုကာ ထင်ရှား ကြရ

သည်။ ပရမတ်တို့မရှိလျှင် ဤနိယာမ ပညတ်တို့ မထင်ရှား နိုင်ကြပေ။ ဤ ၅-မျိုး တွင်လည်း ဓမ္မနိယာမ ဖြစ်သော သင်္ခါရ လုပ်သားတို့၏ လုပ်ငန်းတို့ကို အမှိအစွဲ ပြုကာ ကျန်နိယာမတို့ ထင်ရှားကြရသည်။ ပညတ် တမျိုးသည် ပညတ် တမျိုးကို အစွဲအမှီပြုကာ ပေါ်လွင် ထင်ရှားကြသည်ဟု ဆိုလိုသည်။

သတိပြုရန်မှာ အဟုတ်တကယ်ရှိကြသော 'သင်္ခတ'ပရမတ်တို့သည် မမြဲကြ။ ထိုပရမတ်တို့၏ အချင်းချင်း ဆက်သွယ်သော အခြင်းအရာသည် မြဲကြသည်။ သင်္ခတ ပရမတ်တို့သည် စုဝေးပေါင်းစပ်ကြ သော်လည်း မမြဲကြ။ သို့သော်လည်း အစုအဝေးနှင့် အပေါင်း ဟူသော သမူဟ, ဃနတို့သည် မြဲကြသည်။ ဥပစယ ဟူသော အပေါင်းပညတ်သည် မြဲသည်။ ဥပစယဆိုလျှင် အပေါင်း ပညတ်ချည်း ဖြစ်လေသည်။ ထိုဥပစယ ရောက်သောခါတိ ပရမတ်တို့ မမြဲကြ၊ အဟောင်းအသစ် လဲသော 'သန္တတိ'ပညတ်သည် မြဲသည်။ ထိုကြောင့် ဥပစယနှင့် သန္တတိဖြစ် သော လက္ခဏာတို့ကို မိမိ၏ မနောအကြည်၌ ရှင်းလင်းသော အာရုံအဖြစ် ပေါ် လာအောင် ကြိုးစားလေ့လာပါ။ လေ့လာဖန်များလျှင် အာရုံ၌ အပေါင်းပညတ် သည် မပျက်ဘဲ အစိတ်အစိတ် ပရမတ်တို့သာလျှင် ဖြစ်ပျက်နေပုံကို အသိရှင်း သွားပေမည်။ ဥပစယ၌ မမြဲသဘော ထင်ရှားသည်။ သန္တတိ၌ မပြတ် သဘော ထင်ရှားသည်။ မမြဲသည် သင်္ခတ ပရမတ်၊ မပြတ်သည် သန္တတိ ပညတ်ဖြစ်၍၊ မမြဲ နှင့် မပြတ်သော ဥပစယနှင့် သန္တတိတို့ကို အထူးသတိပြုကာ လေ့လာပါလေ။

## အာဟာရ ၄ မျိုး

အစားအစာဟု ခေါ်ကြသော အာဟာရသည် အထောက်အပံ့ ကျေးဇူး ဟူသော အနက်သဘောဖြစ်သည်။ ဓါတ်အသစ်သစ်တို့ ဖြစ်လာပေါ်လာအောင် ခေါ်ဆောင် ထောက်ပံ့သောကြောင့် အာဟာရခေါ်သည်။ ဗုဒ္ဓကိုယ်တော်သည် နိဒါနဝဂ္ဂ-အာဟာရသံယုတ် ပါဠိတော်၌ အောက်ပါ အာဟာရ ၄-မျိုးတို့ကို ဖော်ပြ တော်မူခဲ့လေသည်။

အိုရဟန်းတို့....ရင့်ကျက်သော ဓါတ်အစုတို့ဖြင့် ခန္ဓာ ၅-ပါး ပေါ်လွင်ထင် ရှားသော ဘူတခေါ် သတ္တဝါတို့၏ အစဉ်မပြတ် ဆက်လက်တည်တန့် စေခြင်းငှါ ၎င်း၊ မရင့်မကျက်သေးသော ဓါတ်အစုတို့ဖြင့် အဟုန်အရှိန်ချည့်နဲ့ကာ ခိုင်မာ သော ဓါတ်အစုဘဝကို ရှာမှီးနေသော သမ္ဘဝေသီခေါ် သတ္တဝါမဟုတ် တဟုတ်၊ တောင်မရောက် မြောက်မကျ သတ္တဝါတို့အား ခြီးမြှောက် ထောက်ပံ့ခြင်းငှာ၎င်း၊ လေးမျိုးသော အာဟာရတို့သည် ဤ ၄-ပါးတို့ပင်ဖြစ်သည်။

၁။ ကဗဠီကာရာဟာရ=အလုပ်အလွေ့ပြုသဖြင့် စားရ သောက်ရ သော အစာဩဇပါဝင်သော ဩဇာခေါ် အာဟာရ၊ ၎င်းအာဟာရသည် ဥပစယ ဖြစ်သော ကလာပသို့ရောက်၍၊ တည်ခဏ ၄၉–တို့ အတွင်း၌ အသစ်သစ်ဖြစ်သော ဓါတ်တို့ကို ဖန်တီးလျက်၊ ဓါတ်ရင့် ဘူတ,ဓါတ်နုသုမ္ဘဝေသီတို့ သန္တတိအစဉ် ဆက်လက်ရှည်လျား အောင် အထောက်အပံ့ပေးလေသည်။

၂။ ဖဿာဟာရ=စိတ်တိုင်း စိတ်တိုင်း၌ ပါဝင်သော ဖဿ စေတသိက် အာဟာရ၊ ၎င်းသည် အာရုံနှင့် အပေါင်းပါ ဝိညာဏ်နှင့်ဓါတ်အစုကို တွေ့ထိမိတ် ဆက်ပေးခြင်းဖြင့်၊ ခံစားမှု ဝေဒနာ ပေါ်လာထင်ရှားစေ၍ ဝေဒနာသန္တတိ အစဉ် ဆက်လက်ရှည်လျားအောင် အထောက်အပံ့ပေးလေသည်။

၃။ စေတနာဟာရ=အကြောင်းဖြစ်သော ကုသိုလ်, အကုသိုလ် စိတ်တိုင်း စိတ်တိုင်း၌ ပါဝင်၍၊ ကံဓါတ်အင်အား တိုးတက်ထွားကြိုင်းစေရန်၊ အပေါင်းပါ ဓါတ်တို့ကို စေ့ဆော်စီမံပေးခြင်းဖြင့်၊ ဘဝ အသစ်အသစ် အဆက်မပြတ်အောင် အထောက်အပံ့ပြုသော မနောသဥ္စေတနာဟာရ၊ ၎င်းသည် ကံဟူသော သဘော တရားဖြင့် ဘဝ အသစ်အသစ် ဟူသော ဓါတ်တို့ကို ဖန်တီးပေးသည်။

၄။ ဝိညာဏာဟာရ=ကုသိုလ်, အကုသိုလ် အကြောင်း ဝိညာဏ် ၂–မျိုး သည် အကျိုးဖြစ်သော ဝိပါက်ဝိညာဏ်တို့ အဆက်မပြတ်စေရန် အထောက်အပံ့ ပြုသည်။ ဤ၌ ကံသဘောတရားသည် အပင်တို့ ပေါက်ရှင်ရန် အောက်ခံ လယ် ယာမြေ 'ခေတ္တ'၊ ဤကံမြေကို အစွဲပြုသော အကြောင်း ကမ္မဝိညာဏ်မျိုးစေ့'ဗီဇ'၊ ဤမျိုးစေ့ဗီဇမှ ဝိပါက်ဝိညာဏ်အကျိုးတရား ပေါက်ရှင်ထင်ရှားလာသည်။ ဤသို့ ပေါက်ရှင်လာအောင် ကံလယ်မြေကို ဖြစ်ပေါ်အောင် ဆောင်ရွက်စဉ်က ပါဝင် ခဲ့သော တဏှာ - ဥပါဒါန်သည် ရေသဘောဖြင့် မျိုးနှင့်မြေကို စိုပြေအောင် ဆောင်ရွက်ပေးသည်။

ဆိုခဲ့ပြီးသော အာဟာရ ၄-မျိုးတို့တွင် ဩဇာဟူသော ကဗဠီကာရာဟာရ သည် ရုပ်ဓါတ်ဖြစ်၍၊ ကလာပတို့ အဆက်မပြတ်အောင် ဆောင်ရွက်ပေးနေသည်။ ဖဿ, စေတနာ, ဝိညာဏ်တို့သည် နာမ်ဓါတ်ဖြစ်ကြ၍၊ ဖဿာဟာရသည် ခံစားမှု ဝေဒနာ အဆက်မပြတ်အောင် အထောက်အပံ့ပေးနေသည်။ စေတနာဟာရသည် ကံတရား အဆက်မပြတ်အောင် သခ်ါရ ၃–ပါး အနုက်သဘောမှ အဘိသခ်ါရ အရင့်ကံ သဘောတရားသို့၊ ထိုမှတဆင့် ကမ္မဘဝ ခေါ် အမှည့် ကံသဘောသို့ ရောက်အောင် တဆင့်ပြီးတဆင့် တိုးတက် ဆောင်ရွက်ပေးနေသည်။ ဝိညာဏာ

ဟာရသည် အကြောင်းဝိညာဏ်မှ အကျိုးဝိညာဏ်၊ အကျိုးဝိညာဏ်မှ အကြောင်းဝိညာဏ်သို့၊ စပါးပင်မှ ဖြစ်ပေါ်လာသော စပါးမျိုးတို့သည် နောက်တဖန် စပါးအပင်အသစ်ကို ပေါက်ရှင်စေသကဲ့သို့၊ အကြောင်းမှအကျိုး၊ အကျိုးမှအကြောင်း အဖြစ်ဖြင့်၊ ဝိညာဏ် အဆက်မပြတ်အောင် ဆောင်ရွက် ထောက်ပံ့ပေးနေသည်။

ထိုကြောင့် တလံမျှသော ဤကိုယ်ကောင် ဓါတ်အစုကြီးသည် ကံတရားဟူသော အကြောင်း, အာဟာရ ဟူသော အကြောင်း စသည်တို့ကြောင့် စတင်ထင်ရှားပြီးလျှင်၊ ဓါတ်သင်္ခါရလုပ်သားတို့သည် အစဉ်အဆက်မပြတ်ကြဘဲ၊ ပဋိစ္စသမုပ္ပါဒ်၌ ဖော်ပြသောနည်းအတိုင်း အကျိုးဝိညာဏ် ထင်ရှားမှုကို အစွဲပြုလျက်၊ စေတသိက် နာမ်တရားနှင့် ကမ္မဇရုပ် ကလာပတို့ ထင်ရှားနေကြ၏။ ယင်း ရုပ်နာမ် —မျိုးကို အစွဲပြုကာ အတိုက်အာရုံ ၆—ပါး၊ အခံဓါတ်အကြည် ၆-ပါး ဟူသော သဠာယတန တို့ ထင်ရှားနေကြ၏။ ယင်းအတိုက်ဓါတ်နှင့် အခံဓါတ် ၂—မျိုးတို့၏ ထိခတ်မှုကိုအစွဲပြုကာ ဖဿ ဟူသော အာဟာရဓါတ်ဖြင့် သင်္ခါရချင်း တွေ့ထိမှုထင်ရှား နေ၏။ သင်္ခါရဓါတ် အချင်းချင်း တွေ့ထိမှု-ဖဿ ထင်ရှားသဖြင့်၊ ခံစားမှု-ဝေဒနာ ၃—မျိုး (သို့မဟုတ်) ၅—မျိုးတို့သည် ထင်ရှားနေကြသည်။

ဤကိုယ်ကောင်ကို ဓါတ်အစုဟု စင်ကြယ်သော ပရမတ်အမြင်, ဓါတ်အမြင်ဉာဏ်ဖြင့် ဆင်ခြင် စဉ်းစားသော အခါတွင် အလုပ်သမားတို့သည် ငါ, သူ, သင်စသော ယောကျ်ား-မိန်းမ စသည်တို့ မဟုတ်ကြဘဲ၊ 'သုဒ္ဓသင်္ခါရ' သင်္ခါရလုပ်သားသက်သက်တို့သည်သာလျှင် ကိစ္စအမျိုးမျိုးအတွက်၊ သင်္ခါရ, အဘိသင်္ခါရ, ကမ္မဘဝဖြစ်အောင် ဆောင်ရွက်နေကြသည်ဟု ပြတ်ပြတ်သားသား သိနေလေသည်။ မြင်ခိုက်ခဏ ပေါ်လာထင်ရှားသော 'မြင်သိ' စိတ်ကို သတိပြုကာ ဆင်ခြင်စဉ်းစားလျှင်၊ ပဋိစ္စသမုပ္ပါဒ် အတိုင်း ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည် အချင်းချင်းကို အစွဲပြုကာ ထင်ရှားနေကြကြောင်းကို ကိုယ်တိုင်သိ ဖြစ်ပေလိမ့်မည်။ ဤနည်းဖြင့် အခိုက် ၆-မျိုးနှင့် တွေ့ကြုံတိုင်း လေ့လာပါလေ။

## ဩကာသ လောက တည်ဆောက်ပုံ

ဤကိုယ်ကောင်ကြီးသည် ဓါတ်အစု သက်သက် ဖြစ်သော်လည်း၊ သတ္တဝါတို့၏ အသိ၌ ငါ,သူ ယောကျ်ား-မိန်းမ ဆင်, မြင်း, ကျွဲ, နွား ဖို-မ စသော 'အကောင်' အသိမျိုးဖြင့် သိနေကြသောကြောင့်၊ ထိုသို့ ဖို-မ အကောင်သဘောဖြင့် ထင်ရှားနေကြသော ဓါတ်အစုတို့ကို တပေါင်းတစုတည်း ပြုကာ 'သတ္တလောက' ဟု သမုတ်ကြလေသည်။ သတ္တလောက၌ သတ္တဝါ ခေါ် ရသော ဖိုကောင်-မကောင်

တို့သည် မရေမတွက်နိုင်အောင် များပြားကြလေသည်။ အတိုင်းမသိသော ဤဖို-မ အကောင် သတ္တဝါတို့၏ တည်နေရာဌာနကြီး တို့ကို ဩကာသလောက ကမ္ဘာကြီးဟု ခေါ်ကြသည်။

ယခုအခါ ဩကာသလောကကြီးကို ဥတု ခေါ်သော တေဇောဓါတ် အုပ်ချုပ် လွှမ်းမိုး အုပ်စိုးနေသော်လည်း၊ တေဇောသည် ဩကာသလောကကို စတင် တည် ဆောက်သူ မဟုတ်ပေ။ ဗုဒ္ဓ အရှင်၏ အဘိဓမ္မ ပညာအရ၊ ရှေ့ဦးစွာ နာမ်ဓါတ် အဝိဇ္ဇာက အစပြုခဲ့ရာ၊ အဝိဇ္ဇာသည် ကိလေသဝဋ္ဋ သံခါရလောကကို အစ တည် ထောင်သည်။ သံခါရ စေတနာသည် ကမ္မဝဋ္ဋ သံခါရလောကကို စတင် တည်ထောင် သည်။ ကမ္မဝဋ္ဋ သံခါရ လုပ်သားတို့သည် ဝိပါကဝဋ္ဋ သံခါရလောက စတင် တည် ထောင်ကြရာတွင်၊ ဝိပါကဝဋ္ဋ လောက၌ တေဇောသည် ကံ၏ အကျိုးအဖြစ်'ကမ္မဇ' ဟူ၍ စတင် ပေါ်လာထင်ရှားရ လေသည်။ အတိုင်း မသိသော ဖို-မ သတ္တဝါတို့၌ အတိုင်းမသိသော ဝိပါကဝဋ္ဋ ကမ္မဇရုပ်တို့သည် စတင် ပေါ်ပေါက်လာသည်။ ထို ကမ္မဇရုပ်တို့၌ ပါဝင်သော တေဇောနှင့် ဩဇာတို့သည် ရုပ်ဓါတ် သက်သက် ဖြစ် သော (ကမ္မပစ္စယ ဥတုသမုဋ္ဌာန၊ ကမ္မပစ္စယ အာဟာရ သမုဋ္ဌာန) ကံ အခြေခံ အထောက်အပံ့ဖြစ်သော အဋ္ဌကလာပ် ရုပ်ဓါတ်တို့ကို ဖန်တီးကြသည်။ ဤသို့ ကံ အခြေခံသော ဥတု အာဟာရတို့မှ ဆင့်ကာဆင့်ကာ ဆက်လက် ပေါက်ပွားခြင်း ဖြင့်၊ သက်မဲ့ဝတ္ထု ဖြစ်သော 'ဩကာသလောက' ကမ္ဘာကြီးသည် တဖြေးဖြေး စတင် ထင်ရှားလာလေသည်။

ကမ္မဇ တေဇောရုပ်နှင့် အာဟာရ ရုပ်တို့မှ အစ ပြုရသော ဤ ဩကာသ လောက ကမ္ဘာကြီးသည် ရုပ်ဓါတ်တို့၏ ထုံးစံ နိယာမအတိုင်း ကလာပ အသွင်ဖြင့် ထင်ရှားကြသည်။ ထိုကပလာတို့သည် ဖို-မ တခုတည်း၊ သို့မဟုတ် အနည်းငယ် တို့၏ ကမ္မပစ္စယ ဥတုသမုဋ္ဌာန, အာဟာရ သမုဋ္ဌာန မဟုတ်ပေ။ အတိုင်းမသိသော သတ္တဝါတို့၏ ကမ္မပစ္စယဥတု, အာဟာရ သမုဋ္ဌာန ရုပ်ကလာပ်ဖြစ်ကြ၍၊ အတိုချုပ် အားဖြင့် စုပေါင်း သတ္တဝါတို့၏ ကံ ကြောင့် ဖြစ်ပေါ်ကြသော စုပေါင်း ကလာပ တို့၏ အဖွဲ့အစည်း ဖြစ်လေသည်။ ထို့ကြောင့် ဩကာသ ကမ္ဘာကို ဥတု အုပ်စိုး သည်ဟု ဆိုရသော်လည်း၊ သတ္တဝါတို့၏ စုပေါင်း ကံတရားတို့က ကြိုးကိုင်ထားသော ဥတုက စိုးမိုးအုပ်ချုပ် နေရလေသည်။ အဘယ်ကြောင့်သော် ငရဲဥတုကို ငရဲသား တို့၏ ကံတရားက ကြိုးကိုင်ထားသည်။ လူ့ပြည် ဥတုကို လူသားနှင့် တိရစ္ဆာန်တို့၏ ကံ တရားက ကြိုးကိုင်ထားသည်။ နတ်ပြဟ္မာတို့၏ ဥတုကို ၎င်းတို့၏ ကံတရားက ကြိုးကိုင်ထားလေသည်။ ဤသို့လျှင် ကံတရား၏ ကြိုးကိုင်မှုကို ခံယူရသော ကမ္ဘာ အုပ်စိုးသူ ဥတုတို့သည် တကမ္ဘာနှင့် တကမ္ဘာမတူကြပေ။ ထိုကမ္ဘာပေါ်တွင် ဖြစ်ပေါ်

နေထိုင်ကြသော သတ္တဝါတို့၏ ကံတရားစည်းမျဉ်းအတိုင်း အပူအစေသော သဘော တို့ကို ဆောင်ရွက်ကြရသည်။

ဥပမာ—လူသားတို့သည် လ ကမ္ဘာ၌ ဖြစ်ပေါ်ရှိနိုင်သော ဥတုသဘောအရ လူတို့၏ ကာမချမ်းသာဖြင့် နေထိုင်စားသောက်လျက် အသက် မရှည်နိုင်ကြပေ။ ဤနည်းဖြင့် ငရဲကမ္ဘာ, လူကမ္ဘာ, နတ်ကမ္ဘာ, ဗြဟ္မာ ကမ္ဘာတို့၏ ရာသီဥတုတို့သည် တကမ္ဘာနှင့်တကမ္ဘာ မတူကြသောကြောင့်၊ ပြောင်းရွှေ့ နေထိုင်စားသောက်ကာ အသက်မရှည်နိုင်ကြပေ။ ယခုအခါ လောကဓါတ်ပညာ ထွန်းကားသဖြင့် ကြားသိ ရသည်မှာ၊ လူနေကမ္ဘာ၏ အပြင်ဘက်၌ လူတို့၏ အသက်ရှူစရာ လေမရှိဟု ဆိုလေ သည်။ ထိုအသက်ရှူစရာ လေမရှိသောဌာနသည် လူကမ္ဘာနှင့် လကမ္ဘာတို့ကို ဥတု အနေအားဖြင့် ခြားနားထားဟန် ရှိသော လက္ခဏာ ဖြစ်လေသည်။ ဗုဒ္ဓအရှင်၏ အဘိဓမ္မပညာအရ ဝိရိယနှင့် ပညာတို့၏ အစွမ်းသတ္တိသည် ထက်မြက် ကြီးကျယ် သမျှ အကျိုးပြုကြသည်သာလျှင် ဖြစ်သည်။ ဝိရိယ၏ အစွမ်းသတ္တိမှာ၊ ကုသိုလ် အကုသိုလ် ၂-မျိုး ကွဲပြားသည်။ ၂—မျိုးစလုံးပင် သတ္တိထက်မြက်ကြသည်။ ပညာ ၏အစွမ်းသတ္တိသည် ကုသိုလ် ဘက်မှာသာလျှင်ဖြစ်၍၊အကျိုးပေး သန့်ရှင်းစင်ကြယ် သည်။ ပညာ၏မိတ်ဆွေသည် သဒ္ဓါစေတသိက်ဖြစ်၍၊ အာရုံတို့၌ သန့်ရှင်းစင်ကြယ် စွာသက်ဝင်သည်။ အကုသိုလ်ဘက်ပါသော ဝိရိယ၏မိတ်ဆွေသည် ဒိဋ္ဌိစေတသိက် ဖြစ်သည့်အပြင်၊ မောဟ၏ အမှောင်ဓါတ် အတွင်း၌ အာရုံသို့ အမှားမှား အယွင်း ယွင်း သက်ဝင်လေသည်။

ယခုအခါ လူတို့၏ဝိရိယအစွမ်း, ပညာအစွမ်းဖြင့် ပေါ်လာထင်ရှားကြ သော လေယာဉ်ပျံများနှင့် ဒုံးပျံကြီးများသည် ထိုဝိရိယပညာ အစွမ်းသတ္တိတို့၏ အကျိုးတရားဖြစ်ကြသည်။ ကံတရားများ သက်သက်ကြောင့် မဟုတ်ပေ။ လူ့ကမ္ဘာ သည် ကံ, ဥတု, ဝိရိယ သုံးမျိုးတို့၏ အကျိုးတို့ကို ခံယူကြရသောကြောင့် ဖြစ်သည်။ လူ့ကမ္ဘာသည် အသက်မွေး ဝမ်းကြောင်းမှုအတွက် ဝိရိယအကျိုးက ကံတရားအကျိုးထက် ပိုလွန်ထက်မြက်သော ကမ္ဘာဖြစ်သည်။ 'ဥဋ္ဌာနဖလူပဇီဝီ' ၌ ပါဝင်သော ကမ္ဘာဖြစ်သည်။ ဗုဒ္ဓ အဘိဓမ္မ ပညာအရ ဝိရိယနှင့် ပညာတရားတို့ ခေါင်းဆောင်သော လုပ်ငန်းသည် မဖြစ်မြောက်နိုင်ဟူ၍ မရှိပေ။ အခွင့်နှင့်ကာလ အချိန် အကွာအဝေးတို့သာလျှင် ပိုင်းခြားပေးကြသည်။ ဘုရားဖြစ်ရန်လုပ်ငန်းသည် အခက်ဆုံးဖြစ်သည်။ ဘုရားအဖြစ်ကို ကံက ပြုလုပ်ပေးခြင်းမဟုတ်ပေ။ ဝိရိယနှင့် ပညာ ပါရမီတို့က ဆောင်ရွက် ပြုလုပ်ပေးခြင်းဖြစ်သည်။ လောကီ ကံ တရားတွင် ရှုပ ပဉ္စမဈာန် ကုသိုလ်စိတ်သည် အကောင်းဆုံး အထွတ် အထိပ် ဖြစ်သည်။

လောကုတ္တရာကုသိုလ်တွင် အရဟတ္တမဂ်စိတ်သည် အထွတ်အထိပ်ဖြစ်သည်။ သဗ္ဗညုတဉာဏ်သည် ထိုကံတို့၏ အကျိုးတရားမဟုတ်ပေ။

အတိုချုပ်အားဖြင့် ဗောဓိပက္ခိယ သင်္ခါရ လုပ်သားတို့သည် ကံတရားကို ပဓါနပြုလျက် ဆည်းပူးကြသူများ မဟုတ်ကြ၊ မဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ် တိုးပွားထွန်းကားအောင် ဆောင်ရွက်ကြသော လုပ်သားများသာလျှင် ဖြစ်ကြသည်။ မရေမတွက်နိုင်သော သတ္တဝါခေါ် သင်္ခါရအစုတို့တွင် တစုတလေသည် ဗုဒ္ဓအဖြစ်ရောက်အောင် ကြိုးစားကြ၍၊ ဗုဒ္ဓအဖြစ်သို့ရောက်ကာ အတုလ, အသမဘွဲ့ထူးကို ခံယူနိုင်သော သင်္ခါရ လုပ်သားတို့အတွက် ကျေးဇူးတင်မဆုံးနိုင် ဖြစ်ကြရလေသည်။

ဤစာပိုဒ်ကို ဘတ်သော ဓမ္မမိတ်ဆွေသည် ဤစာရေးသူအား ပရမတ်ကို အစွဲသန်သော 'မရမတ် ဉပါဒါန်သမား' ဟု အထင်မမှားစေလိုပါ။ လောကတွင် ပုဂ္ဂိုလ်အမျိုးမျိုးရှိကြရာ၊ လောကဝတ္တရားအရ လေးစားရမည် ဟူသော သဘောတရားကိုလည်း နားလည် လိုက်နာပါသည်။ (လောကဝေါဟာရေန-ဝေါဟာရတိ၊ နပရာမသတိ) လောက အခေါ်အဝေါ် အသုံးအစွဲ ဝတ္တရားတို့ကို လိုက်နာလေ့ကျင့်သော်လည်း၊ သင်္ခါရလောကကို လေ့လာသောသူသည် ထိုဆက်သွယ် ပြောဆိုသော ပုဂ္ဂိုလ်အား အတ္တ,ဇီဝ,ပုဂ္ဂလ အားဖြင့် စွဲလမ်းသော အသိဖြင့် အသိမလုပ်၊သင်္ခါရအစုဟူ၍သာ အသိလုပ်တော့သည် ဟူသော အထက်ပါဒေသနာ၏ အဓိပ္ပါယ်များကို ပေါ်လွင်စေလိုသောကြောင့် တကြောင်း၊ ယခုအခါဗုဒ္ဓ၏ အနတ္တဝါဒကို တကယ်အမှန်သိလိုသော သဒ္ဓါတရားဖြင့် တရားအားထုတ်နေကြသော ဓမ္မမိတ်ဆွေယောဂီတို့အားလည်း၊ ပရမတ် အစစ်ဖြစ်သော သင်္ခါရလောကအကြောင်းကို လေးလေးနက်နက် စိတ်ထားဖြင့် နားလည် သဘောပေါက် စေလိုသောကြောင့် တကြောင်း၊ ဗုဒ္ဓအရှင်သည် လောကတို့၏ အနတ္တအမှန် ဖြစ်ကြောင်းကို ဓါတုဗေဒ ပညာဖြင့် 'သုဒ္ဓဓမ္မ' ဖြစ်သော အခြေခံဓါတ်စင်တို့ကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-ကျော်ကပင် ဖေါ်ပြထားတော်မူခဲ့ကြောင်းကို ခေတ်ပညာတတ် ဓမ္မမိတ်ဆွေတို့ နှလုံးသွင်း စဉ်းစားစေလိုသောကြောင့် တကြောင်း၊ အဘိဓမ္မ သင်ကြား ပို့ချနေကြသော ပုဂ္ဂိုလ်တို့သည်လည်း မိမိတို့ပို့ချသင်ပေးနေသော အဘိဓမ္မဟူသည် ဤကိုယ်ကောင်ကြီးကို သက်သေပြုကာ ခေတ်နှင့်လျော်သော 'ဗုဒ္ဓဓါတုဗေဒ' ပညာကို သင်ပေးသင်ယူနေပါ တကားဟု သတိပြုစေလို သောကြောင့် တကြောင်း၊ ဤသို့သော အကြောင်း တို့ကို ထောက်ထားလျက်၊ ဤအထက်ပါစာပိုဒ်တို့ကို ရေးသား ဖေါ်ပြရပါသတည်း။

ဩကာသလောက တည်ဆောက်ပုံ စဉ်းစားကြဦးစို့။

အထက်ကဖော်ပြခဲ့သော မရေမတွက်နိုင်သော သတ္တဝါခေါ် ဓါတ်ပေါင်းစုတို့၏ ကမ္ဗပစ္စယ, ဥတု, အာဟာရ သမုဋ္ဌာနရုပ်ဓါတ် ကလာပတို့အချင်းချင်း ပေါင်းစပ်ကြရာ၊ ကလာပ, သန္တတိ, ပရမာဏု,အဏု, တဇ္ဇာရီ, ရထမြူစသော အစိုင်အခဲ ပမာဏ အသေးအကြီးတို့ဖြင့် တဖြေးဖြေး စုဝေးလျက် ဩကာသလောက ကမ္ဘာကြီး ထင်ရှားလာသည်။

ဩကာသလောက ကမ္ဘာကြီးတို့သည် ကလာပမှ စတင်၍ အကောင်အထည်အဖြစ်ဖြင့် ပေါ်လာထင်ရှားကြ၍၊ 'ကမ္ဘာအစ-ကလာပ' ဟုဆိုလျှင် ဆိုနိုင်ပါသည်။

ကလာပတခုတခုတွင် ဓါတ်ကြီး ၄-ပါးတို့သည် အခွင့်အားလျော်စွာ ခေါင်းဆောင်လျက် ရှိကြသည်။ ပထဝီဓါတ် ခေါင်းဆောင်သော ကလာပတို့၏ အစုအဝေးတို့သည် ဆက်ကာ ဆက်ကာ စုဝေးကြသဖြင့်၊ မရေမတွက် နိုင်အောင် နှစ်ပေါင်းကြာသောအခါ၊ မြေထုအဖြစ် ထင်ရှားလာသည်။ အာပေါဓါတ် ခေါင်းဆောင်သော ကလာပအစုတို့သည် ဆက်ကာထပ်ကာ စုဝေးကြသဖြင့်၊ မရေမတွက်နိုင်အောင် နှစ်ပေါင်းကြာသောအခါ ရေထုအဖြစ်ဖြင့် ထင်ရှားလာသည်။ တေဇောဓါတ် ခေါင်းဆောင်သော ကလာပအစုတို့သည် ထပ်ကာထပ်ကာ စုဝေးကြသဖြင့် မရေမတွက်နိုင်အောင် နှစ်ပေါင်းကြာသောအခါ နေထု အဖြစ်ဖြင့် ထင်ရှားလာသည်။ ဝါယောဓါတ် ခေါင်းဆောင်သော ကလာပအစုတို့သည် ထပ်ကာထပ်ကာ စုဝေးပေါင်းစပ်ကြသဖြင့် မရေမတွက်နိုင်သော နှစ်ပေါင်းကြာသောအခါ လေထုအဖြစ်ဖြင့် ထင်ရှားလာသည်။ ဤသို့လျှင် မြေထု, ရေထု, နေထု, လထုတို့အချင်းချင်း ဆက်သွယ်လျက် စုပေါင်း ထင်ရှားနေကြခြင်းကို ဩကာသလောက ကမ္ဘာဟု ခေါ်ကြလေသည်။

ဩကာသလောကကမ္ဘာ၏ သက်တန်းကို ဗုဒ္ဓဘာသာဝင်တို့သည် အောက်ပါအတိုင်း အမှတ်အသားပြုကြသည်။

လူတို့၏ နှစ်အရေအတွက်ဖြင့် ရာ, ထောင်, သိန်း, သန်း ဟု သတ်မှတ်ထားသောအသက်တန်းကို အာယုကပ်ဟု ခေါ်သည်။ ယင်း အာယုကပ် ၁၀—နှစ်မှ တက်သွားလေရာ၊ နှစ်ပေါင်း မရေမတွက်နိုင်သော အသင်္ချေယျသို့ ရောက်သွား၏။ တဖန်အသင်္ချေယျမှတဖြေးဖြေး အာယုကပ်တို့ဖြင့်ဆုတ်ယုတ်လာခဲ့ပြန်ရာ၊ ၁၀—နှစ်တန်းအာယုကပ်သို့ပြန်ရောက်၏။ ဤသို့ စတက်သော ၁၀—နှစ်တန်းမှ ပြန်ကျလာသော ၁၀-နှစ်တန်းအထိ တကြိမ်ကို 'အန္တရ' ကပ်ခေါ်သည်။ ယင်း အန္တရ ကပ်ပေါင်း ၆၄-ကြိမ်ဖြစ်လျှင် အသင်္ချေယျ တကပ်ခေါ်သည်။ ယင်း အသင်္ချေယျ သည် ပျက်ဆဲ

သံဝဋ္ဋကပ်၊ ပျက်ပြီးသောအခါ အပျက်အတိုင်း ဘာမျှ အပြုအပြင်မရှိ တည်နေသော သံဝဋ္ဋဋ္ဌာယီကပ်၊ ကမ္ဘာပေါ်လာအောင် ပြုလုပ်တည်ဆောက်ဆဲ ဝိဝဋ္ဋကပ်၊ တည်ဆောက်ပြီးစီးသောအခါ ယင်း တည်ဆောက် ပြီးစီးသည့် အတိုင်း တည်တန့်နေသော ဝိဝဋ္ဋဋ္ဌာယီကပ်ဟူသော ဤကပ် ၄ မျိုးအပေါင်းကို တကမ္ဘာကြာသည်ဟုခေါ်သည်။ အတိုချုပ်အားဖြင့် အန္တရကပ်ပေါင်း ၆၄—ကြိမ်ပေါင်း ၄ ခါ ကြာမြင့်သည်ဟု ဆိုလိုသည်။ အသင်္ချေယျ ၄—ကပ်သည် မဟာကပ် တကမ္ဘာ ဖြစ်သည်။ လူကမ္ဘာအသက် ၄ ပုံ ပုံလျှင် တပုံသာလျှင် သက်ရှိသတ္တဝါတို့တည်နေကြရ၍၊ ကျန် ၃—ပုံသည် သက်ရှိသတ္တဝါတို့ တည်ရှိနိုင်သော အချိန်မဟုတ်တော့ပေ။

လူ့ကမ္ဘာ၌ ရှေ့ဦးဖြစ်ပေါ်သော သတ္တဝါတို့သည် ဩပပါတိက ပဋိသန္ဓေဖြင့် ပေါ်လာ ထင်ရှားကြသော 'လူပုံ' ကြီးများ ဖြစ်ကြသည်။ လူပုံဆိုသဖြင့် အတောင်ပါသော လူပုံမဟုတ်ပေ။ ထိုလူပုံခေါ် သတ္တဝါတို့၏ ကိုယ်ကောင်ကြီး တခုလုံးသည် ကံကဖန်တီးပေးသော ကမ္မဇရုပ် အစုအဝေးမျှသာ ဖြစ်သည်။ ထိုကိုယ်ကောင်ကြီး၌ စိတ္တဇရုပ်များ ပေါ်လာသော်လည်း၊ အားကြီးသော ကမ္မဇရုပ်တို့၏ အလိုသို့ လိုက်ပါကြရသည်။ ဥတုဇ,အာဟာရဇ ရုပ်များသည် လူပုံကြီး၌ မရှိသေးပေ။ ကမ္မဇရုပ်တို့သည် သိမ်မွေ့ပေါ့ပါးကြသဖြင့် ဥတုဇရုပ်အစုဖြစ်သော လေထုအပေါ်မှာ ရပ်တည်ပြေးလွှား နေနိုင်ကြသည် လူပုံကြီးတို့သည် မိမိတို့၏ ရရှိထားသော လက်ရှိအခြေအနေကို အလွန်ပင် ဝမ်းမြောက်ဝမ်းသာသော ပီတိဖြင့် အသက်ရှင်နေကြသည်။ ပီတိအစာကို စားနေကြသည်။ သူတို့သည် ဗြဟ္မာများ မဟုတ်ကြပေ။လူဖြစ်ကြောင်းအမှတ်လက္ခဏာများမှာ၊လူပုံတို့၏မျက်စိ,နားနှင့်တကွ နှာခေါင်း၌ ပသာဒခေါ် အကြည်ရုပ်၊ လျှာ၌ အကြည်ရုပ်၊ ကိုယ်ကောင်ကြီး၌ အကြည်ရုပ်တို့ ပါရှိနေကြသည်။ ထို နှာခေါင်းအကြည်,လျှာအကြည်, ကိုယ်အကြည်တို့သည် ကာမဂုဏ်ခံစားရန် အတွက်မှတပါး အခြားဘာမျှ အသုံးမဝင်ပေ။ သူတို့၏နှာခေါင်းအကြည်မှ အစပြုလျက် ကာမဝတ္ထု၏ အရသာတို့ကို တဝ တဝ ခံစားကြလေရာ၊ အဆုံးသတ်၌ လူပုံဘဝ ကျဆုံးလျက် သာမန် လူဘဝ အဖြစ်သို့ ရောက်ကြရသည်။

လူပုံဘဝ ကျဆုံးကြရသော အကြောင်းမှာ ဩကာသလောကကို ကံတရားကြိုးကိုင်ထားသော ဥတုဇရုပ်တို့ စိုးမိုးလွှမ်းအုပ်ကြောင်း အထက်၌ဖော်ပြခဲ့ပြီ။ ထိုကံ၏ကြိုးကိုင်မှုကို ခံယူကြရသော ဥတုသည် ထိုခေတ်ပေါ်လာကြသော သတ္တဝါတို့နှင့် သင့်တော် လျောက်ပတ်သော အပူအနွေးနှင့် အစာအာဟာရတို့ကို ဖန်တီးပေးသည်။ လူပုံတို့၏ခေတ်တွင် လူပုံတို့နှင့် သင့်တော် လျောက်ပတ်သော အစာသည် မြေထု ဖြစ်ပေါ်မည့် ဓါတ်အစု၏ အပေါ်ဆုံး အထပ်ဖြစ်သော မြေဆီဖြစ်သည်။

ယင်း မြေဆီအစာသည် နတ်တို့အစာ သြဇာဓါတ်ကဲ့သို့ ကမ္ဘဇ ရုပ်ကလာပ် တကိုယ်လုံးကို ပျံ့နှံ့သွားနိုင်သည်။ အညစ် အကြေး ဟူ၍ မရှိ။ တကိုယ်လုံးကို ပျံ့နှံ့သောအခါ အလွန်ပင် အတွေ့အထိ သာယာဘွယ်ဖြစ်လျက် အခိုးအငွေ့သဘောဖြင့် ကိုယ်၏ အပြင်အပသို့ ထွက်ကျ သွားနိုင်သည်။ ထို မြေဆီတို့သည် အနံ့အားဖြင့် အလွန်ပင် မွှေးကြိုင်သင်းပျံ့သည်။ အဆင်းအားဖြင့်လည်း နွားနို့၏မလိုင်သားကဲ့သို့ ဝါကျင့်ကျင့် အဆင်း ဖြစ်သည်။ အရသာမှာ လျှာပေါ်သို့ ရောက်လျှင် ချက်ခြင်း ပျံ့နှံ့တတ်သော နတ်သုဒ္ဓါကဲ့သို့ အရသာရှိလေသည်။ ကိုင်တွယ် စမ်းသပ်မိလျှင် အလွန် အတွေ့အထိကောင်းသော ဝတ္ထုစ္စည်း ဖြစ်လေသည်။ ဤ အဆင်း, အနံ့, အရသာ, အတွေ့ဟူသော ကာမဝတ္ထု ပစ္စည်းတို့သည် လူပုံကြီးတို့၏ ကိုယ်ကောင်ကြီး၌ ရှိနှင့်ပြီးသော မျက်စိအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည် ရုပ်စုတို့ အတွက် အဆင်သင့် ကာမဂုဏ် အရသာကို ခံစားစရာ ဖြစ်လေတော့သည်။ လူပုံတို့သည် အဆုံးအစမရှိသော ကောင်းကင် လွင်ပြင်ကြီး၌ ပျံသွား ပြေးသွားခြင်းဖြင့် ပျော်မွှေ့နေကြရာ၊ တခါတရံ မြေကမ္ဘာနှင့် နီးကပ်လာသောအခါ မြေကမ္ဘာ ပတ်ဝန်းကျင်လေတို့သည် မြေဆီ၏ အနံ့တို့ကို ယူဆောင် တိုက်ခတ်သဖြင့်၊ လူပုံတို့၏ နှာခေါင်းအကြည်နှင့် တွေ့ထိ ခိုက်ကြမိသည်။ ယင်းသို့ တွေ့ထိဖန် များသောအခါ အနံ့၌ ကပ်ငြိသော လူပုံတို့၏ လောဘစိတ်ဖြင့် အနံ့ ထွက်လာရာအရပ်ကို ရှာဖွေကြသည်။ မြေဆီတည်ရှိရာ အရပ်သို့ ရောက်လာ၍ အဆင်းကိုမြင်ရသောအခါ ကြည်လင်သန့်ရှင်းသော ဝါကျင့်ကျင့်အဆင်းကို တွေ့မြင်၍ နှစ်သက်မြတ်နိုးသော လောဘစိတ်တို့သည် လူပုံတို့၌ တဖွားဖွားပေါ်လာသည်။ ဤသို့ မျက်စိအတွေ့-ဖဿ, နှာခေါင်းအတွေ့—ဖဿတို့ဖြင့် ခံစားမှု ဝေဒနာ အရှိန်ပြင်းလာသောအခါ ထိုမြေဆီ၏ အရသာကို မြိုးစမ်းစားလိုသော အာသာဖြင့် မြေဆီကို သက်ဖြင့်ကိုင်လိုက်ရာ ထိုအတွေ့သည် လူပုံတကိုယ်လုံးကို ပျံ့နှံ့သွားသည်။ ဖဿတို့၏ အားပေးမှုကြောင့် ခံစားခြင်း ဝေဒနာ အရှိန်ဖြင့် လူပုံသည် မြေဆီကို မြိုးစမ်း စားလိုက်သည်။ မြေဆီ၏ အရသာသည် တကိုယ်လုံးကို ပျံ့နှံ့သွားသည်။ ထိုအခါ ကာမဝတ္ထု မြေဆီမှ အဆင်း,အနံ့,အရသာ, အတွေ့ ဟူသော ကာမဂုဏ် အရသာတို့သည် လူပုံကြီးအား ဝိုင်းအုံရစ်ပတ်ချည်နှောင် သကဲ့သို့ ဖြစ်သောကြောင့်၊လူပုံတို့သည် မြေကမ္ဘာမှ ဝေးဝေးကြီး ခွါ၍ မသွားနိုင်ကြတော့ပေ။

အလျှင်အခါက ပီတိဟူသော မိမိတို့၏ အခြေအနေကို ကျေနပ်သော သဘောဖြင့် အစာမစားဘဲ နေနိုင်ခဲ့ကြသော်လည်း၊ ယခုအခါ ထိုမြေဆီ အစာကို မစားဘဲ မနေနိုင် ကြတော့ပေ။ မကြာ မကြာလည်း စားကြသည်။ စားတိုင်း စာတိုင်း ပို၍ပို၍လည်း စားကြသည်။ ထိုအစာကို စားသော အချိန်မှ အစပြု၍ ကမ္ဘဇရုပ်စု သက်သက်ဖြစ်သော လူပုံတို့၏ ကိုယ်ကောင်ကြီး၌ ဥတုဇ ဖြစ်သော

မြေဆီအစာတို့သည် ပေါင်းစပ်ရောနှောစ ပြုကြလေပြီ။ သို့သော် ကမ္ဗဇရုပ်တို့သည် အင်အားကြီးမားနေသဖြင့် ဥတုဇရုပ်တို့သည် မလွှမ်းမိုး မအုပ်စိုး နိုင်ကြသေးပေ။ မြေဆီအစာကို အစွဲအမှီပြုကာ လူပုံကြီးတို့သည် ဖို-မ မပါမရှိဘဲ ကာမအရသာကို မြေဆီအစာဖြင့် ခံစားနေကြသည်မှာ နှစ်အရေအတွက် သန်းပေါင်း မည်မျှကြာသည်ဟု မပြောနိုင်ပေ။ သို့သော် လူပုံတို့၏ ကိုယ်ရောင်တို့သည် ဥတုဇရုပ်တို့ တစတစ တဖြေးဖြေး လွှမ်းမိုးလာသဖြင့် မတောက်မပနိုင်ဘဲ မှိန်၍မှိန်၍ လာကြသည်။ ထိုအကြောင်းကို လူပုံတို့ သိကြသော်လည်း၊ အစာ၏ ကာမအရသာကို လက်မလွှတ်နိုင်ကြပေ။

အပေါ်ရံလွှာ မြေဆီတို့ ကုန်သွားသောအခါ ဒုတိယ မြေအလွှာကိုလည်း ဆက်လက်စားနေကြသည်။ ဒုတိယအလွှာသည် ပထမမြေဆီထက် ဥတုဇရုပ်ပိုမိုများပြားလာသဖြင့်၊ ထိုလူပုံကြီးတို့၏ခန္ဓာကိုယ်ကို ပိုမိုလွှမ်းမိုး ဖိစီးလာ၍ လူပုံတို့၏ မူလရှိနှင့်သော ကမ္ဗဇရုပ်တို့သည် တဖြေးဖြေး ကွယ်ပျောက် လေသောကြောင့်၊ ရှေးအခါကကဲ့သို့ကောင်းကင်လဟာပြင်၌ ကောင်းစွာမပျံသန်းနိုင်ကြဘဲ၊ကိုယ် လေးလံခြင်းဖြစ်ရလေသည်။ ဤအခြေအနေဖြင့်လည်း နှစ်ပေါင်းမည်မျှဟု မရေမတွက်နိုင်အောင် ကြာမြင့်လေသည်။ တဖန် ဒုတိယမြေလွှာလည်း ကုန်သွားပြန်သောအခါ၊ တတိယမြေလွှာဖြစ်သော မြေအချောင်းကလေးတို့သည် နွယ်ရှင်ခေါ်သော နွယ်ပင်ကလေးများကဲ့သို့ သေးသွယ်ပျော့ပြောင်းသဖြင့် အလွန်ပင် ချိုဆိမ့်သော အရသာရှိကြလေသည်။ ထိုလူပုံတို့သည် မိမိ၏ ပကတိအခြေအနေမှ ရွေ့လျောပြောင်းလဲကာ ဖေါက်ပြန်လာကြပုံကို သိမြင်ကြရသော်လည်း၊အစာဟူသော ကာမအရသာကို မလွှတ်နိုင် ကြတော့ပေ။ ထို့ကြောင့် ထိုမြေနွယ် ချောင်းကလေးတို့ပင် စားသောက်ကာ မြေပေါ်နှင့် မထိတခါ ထိတခါမျိုးကဲ့သို့ သွားလာနေကြရသည်။ လူပုံတို့၏ခန္ဓာကိုယ်၌လည်း ကမ္ဗဇရုပ်တို့သည် ၄ ပုံ ၃ပုံခန့် ကွယ်ပျောက်သွားသဖြင့်၊ စားသောက်ထားသော နွယ်ချောင်းအစာတို့ကို အကုန်အစင် နူးနပ်ကျေကျက်အောင် ခဲယဉ်းစွာ ဆောင်ရွက်ကြရလေသည်။ ထိုအခါ တေဇောခေါင်းဆောင်သော ကလာပအစု မီးထုဖြစ်သော နေမင်းသည်လည်း ဩကာသလောကကြီးကို မိမိ၏အရောင်ဖြင့် အပူငွေ့စေလွှတ်ကာ အုပ်စိုးစပြုလာလေပြီ။ လူပုံကြီးတို့၌ အရောင်အလင်း ကွယ်ပခြင်း၊ ကိုယ်ခန္ဓာလေးလံသဖြင့် ကောင်းကင်သို့ မပျံမသန်းနိုင်ခြင်း၊ အစာဖြစ်သော မြေနွယ်တို့ ကုန်ခမ်းခြင်းတို့သည်၊ မရှေးမနှောင်း 'စပ်ကူး မတ်ကူး' အချိန်ကာလဖြစ်လေသည်။ လူပုံဘဝ ဆုံးရှုံးကြသော လူတို့သည် ထိတ်လန့်သောစိတ် ရှိကြသဖြင့်၊ အချင်းချင်းစုပေါင်းနေကြလေသည်။ သို့သော် အစာကိုမက်မောသော ကာမရာဂ ကိလေသာ တို့သည်ကား တချိန်ထက်တချိန် တဆင့်ထက်တဆင့် အရှိန်တိုးတက်ရင့်သန်လျက် ရှိနေကြသည်။ သတ္တဝါတို့၏ကံဖြင့် ကြိုးကိုင်ခံရသော ဥတုသည် ထိုခေတ် ထိုသတ္တဝါတို့နှင့် သင့်တော်သော အစာကိုဖန်တီးပေးသည်။

ထိုအစာသည် မြေမှပေါ်ပေါက်လာသော သလေးစပါးပင်၏ မချက်မနှပ်ရသော 'ထမင်း' ခေါ် သလေးအစာဖြစ်သည်။ အစားကိုမက်မောကြသော 'လူပုံကျ' ကြီးတို့သည် မချက်ရသော သလေးထမင်းကိုလည်း အားရပါးရခုံခုံမင်မင် စားသောက်ကြပြန်သည်။ မကြာမကြာ စားသောက်ကြသောကြောင့်၊ သလေးပင်သည် ကျက်နပ်ပြီးသော ထမင်းသီးမျိုးကို ဖြစ်ပေါ်လာအောင် အချိန်မရကြတော့ပေ။ ထိုအခါ အခွံဖုံးလွှမ်းသော သလေးစပါးတို့သည် အချိန်ကိုတိုဖြင့် ပေါ်လာကြသည်။ ထိုသလေးစပါးတို့သည် နူးညံ့ပျော့ပြောင်းလှသဖြင့်၊ နေပူ နေငွေ့ကြောင့် အပေါ်ရေတင်းလျက် အပူဓါတ် စုဝေးနေကြသောမြေပြင်တွင် တင်၍လှမ်း သောအခါ မကြာခင် အပူငွေ့ကြောင့် ပေါက်ပေါက်ပွင့် များကဲ့သို့ အခွံမှ ကျွတ်ထွက်ကာ ကျက်နပ်လာကြသည်။ ထိုအစာကိုလည်း 'လူပုံကျ' လူတို့သည် အားရပါးရစားသုံးကြလေသည်။ ထိုအစာသည် ကြမ်းတမ်းသော ဥတုဇ အစာ ဖြစ်သောကြောင့်၊ ထိုလူပုံကျတို့၏ ပါစကဝမ်းမီးသည် အကုန်အစင် ကျေကျက်အောင် မချက်နိုင်ပေ။ ဝမ်းမီးချက်၍ မကုန်သောအစာတို့သည် ကျင်ကြီးကျင်ငယ် အဖြစ်ဖြင့် ထိုလူတို့၏ဝမ်းတွင်းမှာပင် ကျန်ရှိနေလေရာ၊ သခါရလုပ်သားတို့က ဆောင်ရွက်ထားသော ကံတရားသည် သခါရလုပ်သားတို့နှင့် သင့်လျော်အောင် ထိုကျင်ကြီးကျင်ငယ်တို့ အပြင်အပသို့ ထွက်ကျစေရန် လမ်းကြောင်း အပေါက်တို့ကို ဖန်တီးပေးရသည်။ ထိုကျင်ကြီးကျင်ငယ်တို့ ထွက်ရာလမ်းပေါက်သည်ပင် ထိုလူပုံကျတို့အား အဖို-အမ ဟူ၍ ခွဲခြားပေးလိုက်လေသည်။ တဦးနှင့်တဦး မတူသော လမ်းပေါက်တို့ကို တယောက်နှင့်တယောက် နှိုင်းယှဉ်ကြည့်ရှုလေ့ပြုကြသောအခါ၊ အာမဖော်နိုင်သော သံသရာ ဘဝအဆက်ဆက်က အလေ့ပါ အကျင့်ရလာသော ဖို-မ ကိလေသာဓါတ်တို့ ထကြွ သောင်းကျန်း လာကြတော့သည်။ ထိုအခါမှ အစပြုလျက် ကာမဝတ္ထုဉ္စရှိသော ကာမအရသာတို့ကို ၂—ယောက်တွဲကာ အားရပါးရ ခံစားကြလေတော့သည်။ ထိုအချိန်မှအစပြု၍ လူ့လောက၌ ဩပပါတိက ပဋိသန္ဓေ အဆက်ပြတ်လေသည်။ ကံတရားသည်လည်း ဖို-မတို့၏ ကာမခံစားမှုတို့ကို အကြောင်းအခွင့်ယူလျက် ဇလာဗုဇ, အဏ္ဍဇ, သံသေဒဇ, တို့ကိုသာလျှင် ဖန်တီးပေးလေတော့သည်။ ထိုဖို-မတို့ ကာမအရသာကို ခံစားသော အလေ့အကျင့်နှင့် ဇလာဗုဇ, အဏ္ဍဇ သံသေဒဇ ပဋိသန္ဓေတို့သည် ယခုလက်ရှိ ထင်ရှားနေသော ကမ္ဘာကြီး ပျက်စီးသည့် တိုင်အောင် အနွယ်အဆက် ရှည်လျားပေလိမ့်မည်။

သို့လျှင် သင်္ခါရ လုပ်သားတို့သည် ရှေးဦးစွာ ကံဓါတ် သဘောတရားကို စီမံဖန်တီးကြပြီးလျှင် ထိုကံဓါတ်တရားတို့၏ အကူအညီကိုယူ၍ ကိလေသ,ကမ္မ,ဝိပါက ဝဋ်တို့ဖြင့် ဇာတိဟူသော အထည်ဒြဗ်တို့ကို ဖေါ်ထုတ်ကာ သတ္တလောက, ဩကာသလောက ဒုပည်တို့ဖြင့် ထင်ရှားပေါ်လွင် စေကြလေသည်။

## ကံတရားနှင့် အကျိုးပေးခွင့်များ

ယခုအခါ ဗုဒ္ဓဘာသာ အမည် ခံယူကြသော ပညာတတ် ပုဂ္ဂိုလ်တို့သည် ကံတရားအကြောင်းကို ပြောဆိုကြသော်လည်း၊ လေးနက်သိမ်မွေ့သော သဘာဝသို့ ထိထိ မိမိ အသိရောက်ရန် အရေးကြီးပေသည်။

ပါဠိစကားဖြင့်'ကမ္မ' မြန်မာစကားဖြင့် 'အလုပ်'ဟု အသိရောက်ရုံမျှဖြင့် ကံဟူသည် အလုပ် သဘောသာလျှင် ဖြစ်သည်ဟု သာမန်အားဖြင့် ယူဆကြသည်။ ဗုဒ္ဓအရှင်၏ အနတ္တဝါဒအတွက် ကံတရားသည် အရေးကြီးသော ပဓါနအစိတ်အပိုင်းတွင် ပါဝင်လျက်ရှိသည်။ ဒိဋ္ဌိဇုကမ္မ-အယူအဆ ဖြောင့်မှန်ခြင်း၊ ကမ္မ သကတာ-ကံသာလျှင် မိမိဥစ္စာဟူသော စကားတို့သည် ဤတရားအတွက် ပဓါနအရေးကြီးသော စကားများ ဖြစ်လေသည်။ ကံ, ဉာဏ်, ဝီရိယဆိုသော စကား ၃-လုံးသည် သံ်ါရလောကကို တိုက်ရိုက်ဖေါ်ပြသော စကားလုံးများ ဖြစ်ကြသော်လည်း၊ ထိုသံ်ါရ လုပ်သားတို့သို့ အသိမရောက်ဘဲ ရှိတတ်ကြလေသည်။ စေတနာကို ကံဟု နားလည်သောသူ များကြသော်လည်း၊ မျက်မှောက်တွင် သိနိုင်သော သဘောတရားမဟုတ်ဟု ယူဆကြဟန်ရှိသည်။

### ကံ အမည်ခံသော သံ်ါရလုပ်သားများ

၁။ စေတနာ=စိတ်တိုင်းစိတ်တိုင်း၌ ပါဝင်သော်လည်း၊ ကုသိုလ်, အကုသိုလ်ဟူသော အကြောင်းစိတ် ၂-မျိုး၌ ပါဝင်သော စေတနာသည် သာလျှင် ကံကိစ္စကို ဆောင်ရွက်၍ ကံအမည်ကို ရရှိလေသည်။ ဝိပါက် ကြိယာ စိတ်တို့၌ ပါဝင်သော စေတနာတို့သည် ကံအမည်ကို မခံယူကြပေ။

၂။ အဘိဇ္ဈာ=သူများပိုင် ပစ္စည်းဥစ္စာတို့ကို မတရားသောနည်းဖြင့် မိမိရရှိပိုင်ဆိုင်အောင် လုပ်နည်း အမျိုးမျိုးတို့ကို ကြံစည်ထုံးဖွဲ့သော လောဘစေတသိက် မနောကံ။

၃။ ဗျာပါဒ=စိတ်ဆိုး စိတ်ကောက်၊ မခံချင်သော စိတ်၊ ငြူစူဝန်တိုနှမြောသော စိတ်တို့ဖြင့် တပါးသူနှင့် ထိုသူပိုင် ပစ္စည်း ဥစ္စာတို့ကို ပျက်စီးအောင်လက်စားချေရအောင် ဖျက်ဆီးနည်း,လက်စားချေနည်း အမျိုးမျိုးတို့တို ကြံစည်ထုံးဖွဲ့သော ဒေါသစေတသိက်—မနောကံ။

၄။ မိစ္ဆာဒိဋ္ဌိ=သတ္တဝါတို့ကိုသတ်၍ ယာဇ်ပူဇော်ခြင်းသည် ကောင်းမှုဖြစ်သည်ဟု ယူဆခြင်း၊ ကုသိုလ်,အကုသိုလ်ကံဟူ၍မရှိ၊ ထိုကံတို့၏ကောင်းကျိုး,ဆိုးကျိုး

ဟူ၍လည်း မရှိ။ သဘာဝတရား တို့သည်သာလျှင် သဘာဝအတိုင်း ဆောင်ရွက် နေကြသည်ဟု မိမိ၏အသိ ခိုင်မြဲရန် နည်းအမျိုးမျိုးတို့ဖြင့် ကြံစည်လေ့လာ ယူသော ဒိဋ္ဌိစေတသိက်—မနောကံ။

ဤလောဘ, ဒေါသ, ဒိဋ္ဌိ ၃—မျိုးသည် ဆိုခဲ့သော လုပ်ငန်းတို့ကို ဆောင် ရွက်ကြရာတွင် ကံအမည်ကို ခံယူကြသည်။

၅။ အနဘိဇ္ဈာ=သူများပိုင် ဥစ္စာ ပစ္စည်းတို့နှင့် နေ့စဉ် နေ့တိုင်း တွေ့ကြုံ ဆက်ဆံရသော်လည်း၊ ထိုပစ္စည်း ဥစ္စာတို့၌ မတရားသောနည်းဖြင့် တွယ်တာ ကပ် ငြိခြင်း မရှိသော အလောဘစေတသိက်—မနောကံ။

၆။ အဗျာပါဒ=အဆင် မပြေသော အာရုံ၊ အဆင်မပြေသော လုပ်ငန်း ကိစ္စတို့နှင့် နေ့စဉ်နေ့တိုင်း တွေ့ကြုံဆုံဆည်း ကြသော်လည်း၊ ထိုအာရုံ လုပ်ငန်းပိုင် ရှင်တို့အား မပျက်စီး စေလို၊ ရန်တုံ့ မပြုမမူ လိုသော အဒေါသ စေတသိက်-(မေတ္တာပေါက်စ) မနောကံ။

၇။ သမ္မာဒိဋ္ဌိ=ဘာသာရေးဆိုင်ရာ ကိစ္စအမျိုးမျိုး၊ လောကီရေး ဆိုင်ရာ ကိစ္စ အမျိုးမျိုးတို့အတွက်၊ ကိစ္စအားလျော်စွာ အလင်းရောင်ကိုပြလျက် မှန်ကန် သော အသိရောက်အောင် ဆောင်ရွက်ပေးသော ပညာစေတသိက်-အမောဟ မနော ကံ။ ဤ အလောဘ, အဒေါသ, အမောဟ ၃-မျိုးသည် အထက်ပါဖော်ပြသော လုပ်ငန်းတို့ကို ဆောင်ရွက်ရာတွင် ကံအမည်ကို ခံယူကြသည်။

ဤသို့လျှင် ကံအမည်ခံ စေတနာနှင့်တကွသော သင်္ခါရလုပ်သား ၇-မျိုးတို့ တွင်၊ စေတနာသည် ကာယကံ, ဝစီကံ, မနောကံ ၃—ပါးတို့၏ ကောင်းမှု, ဆိုးမှု အတွက် အမည်ခံယူသည်။ လောဘ, ဒေါသ, ဒိဋ္ဌိ ၃-ပါးသည် မကောင်းမှုအကုသိုလ် တို့၏ မနောကံအမည်ကို ခံယူသည်။ ကာယကံ, ဝစီကံအတွက် မခံယူပေ။ ထို့အတူ အလောဘ, အဒေါသ, အမောဟ တို့သည်လည်း ကောင်းမှုကုသိုလ်တို့၏ မနောကံ အမည်ကိုခံယူသည်။ ကာယကံ, ဝစီကံအတွက် မခံယူပေ။

လောကီလုပ်ငန်း ကိစ္စအမျိုးမျိုးတို့ကို ဆောင်ရွက်ရာတွင်၊ မကောင်းမှုဘက်၌ စေတနာနှင့်တကွ ကံအမည်ခံ ၄-မျိုး၊ ကောင်းမှုဘက်၌ စေတနာ နှင့်တကွ ကံ အမည်ခံ ၄-မျိုး၊ပေါင်း ကံအမည်ခံတရား ၈-မျိုးဖြစ်လေသည်။ ဤတရား ၈-မျိုးတို့ သည် အခွင့်အခါ အားလျော်စွာ လောကီကောင်းမှု,ဆိုးမှုတို့ကို ဆောင်ရွက်ကြသည်။

ပကတိရိုးရိုးဖြစ်သော ကိုယ်,နှုတ်,စိတ်အမူအရာ ၃-မျိုးဖြင့်၊ သင်္ခါရအဆင့်ဖြစ်သော ကံကိုဖြစ်ပေါ်အောင် ဆောင်ရွက်ကြသည်။ ပကတိရိုးရိုးဖြစ်သော အမူအရာ ၃-မျိုးမှ တိုးတက်ဖောက်ပြန်သော အမူအရာတို့ဖြင့် အဘိသင်္ခါရ အဆင့်ဖြစ်သော ကံတို့ကိုဖြစ်ပေါ်အောင် ဆောင်ရွက်ကြသည်။ အပြင်းထန်ဆုံးသော အမူအရာ ၃-မျိုးဖြင့် 'အတ္တသာဓိက' ပေးလှူ—ခိုးသတ်စသော အမူအရာတို့ ပေါ်လာပြီးစီးအောင် ကမ္မပထ ဘဝကံတို့ကို ဆောင်ရွက်ပေးကြသည်။

သင်္ခါရလုပ်သားတို့သည် သင်္ခါရ ရိုးရိုးအဆင့်အတန်း၊ တိုးတက်ဖောက်ပြန်ဆောင်ရွက်သော အဘိသင်္ခါရအဆင့်အတန်း၊ လုပ်ငန်းကိစ္စ ထမြောက်အောင်မြင်အောင် နောက်ဆုံးသော ကမ္မဘဝအဆင့်အတန်း ၃-မျိုးတို့ကို နိုးစိတ်ပေါ်လာသောအချိန်မှ အစပြု၍၊ အိပ်စိတ်သို့ရောက်သောအချိန်ထိ ပြုလုပ်နေကြသည်။ ဆိုခဲ့ပြီးသော သဘာဝ ၇—မျိုးတို့သည် ကံတရားဖြစ်ပေါ်အောင် တခုစီ မဆောင်ရွက်နိုင်ကြပေ။ သင်္ခါရလုပ်သားတို့၏ ဓမ္မနိယာမ ထုံးစံအတိုင်း ဥပစယ ရောက်အောင်စုဝေးကြလေသည်။ အထည်ဒြပ်အဖြစ် ပေါ်လာသော ဇောတို့သည် ပကတိသဘော အားလျော်စွာ မနောသင်္ခါရ, သာမန် ကုသိုလ်ဇော, အကုသိုလ်ဇော အဖြစ်ဖြင့် ပေါ်လာတန်းစဉ်ကြသည်။ ထိုသာမန်ဖြစ်ပေါ်လာသော မနောသင်္ခါရ ဇောစိတ်တို့တွင် မောဟအမည်ခံ အဝိဇ္ဇာဓါတ်သည် ဦးစီးအဖြစ် ဆောင်ရွက်လာ၍ သင်္ခါရအမည်ခံ 'စေတနာအနု' သည်လည်း ပါဝင်ပေါင်းစပ်လာသည်။ ထိုဇောစိတ်၌ လောဘ,ဒိဋ္ဌိ စေတသိက်တို့သည် ပေါင်းစပ်ပါဝင်လာသော်လည်း၊ အမှားသက်ဝင်ခြင်းသဘောနှင့် အာရုံသို့ ပြင်းပြင်းထန်ထန် ကပ်ငြိသော အဟုန်အရှိန်တို့ မပြင်းထန်ကြသေးပေ။

ထို့ကြောင့် လူတို့သည် နံနက်စောစော နိုးစိတ် ပေါ်လာသော အချိန်၌ ဆောင်ရွက်ဘွယ် လုပ်ငန်းကိစ္စတို့ကို အာရုံပြုသော မနောသင်္ခါရ စိတ်အစဉ်ဖြစ်သည်။ ထိုနောက် သားတို့,သမီးတို့ ထကြ—ထကြ၊ ဆွမ်းချက်ကြ၊ ထမင်းချက်ကြ၊ ရေနွေးအိုးတည်ကြ၊ မျက်နှာသစ်ရေကို ဖေဖေ-မေမေတို့အတွက် လုပ်ကြဟု အိမ်မှုကိစ္စတို့ကို စွဲလျက် နှုတ်ဖြင့်မြွက်ဆိုသော နှုတ်အမူအရာ ဝစီ သင်္ခါရတို့ကို အသုံးပြုသည်။ သို့မဟုတ် မိမိတို့ကိုယ်တိုင် အိပ်ရာမှထလျက် ဆောင်ရွက်ဘွယ် အိမ်မှုကိစ္စတို့ကို အစွဲပြုကာ၊ ကိုယ်အမူအရာ ကာယသင်္ခါရတို့ကို အသုံးပြုသည်။ ဤသို့လျှင် ရိုးရိုးပကတိဖြစ်သော သင်္ခါရ ၃ မျိုးကို အသုံးပြုနေသော အချိန်အတွင်း၌၊ ကောင်းမှုအာရုံပြုသော ကုသိုလ်ဇော ဖြစ်ပေါ်လျှင် ဖြစ်ပေါ်ပေမည်။ သို့မဟုတ် သားမယား သမီးစသည်တို့ကို ချစ်ခင်နှစ်သက်နေသော လောဘဇောဖြစ်လျှင် ဖြစ်နေပေလိမ့်မည်။ကုသိုလ်, အကုသိုလ်တို့မှတပါး ပုထုဇဉ်လူသားတို့အဘွက် အခြားစိတ်မျိုးဖြစ်ပေါ်စရာမရှိပေ။

ထိုစိတ် ၂-မျိုးသည် ကံမျိုးစေ့အတွက် ရှေ့ပြေးဖြစ်ပေါ်လာသော မူအခြေခံဖြစ်သည်။ ဤသင်္ခါရ ၃-ပါးကို ဆောင်ရွက်သဖြင့်၊ ပေါ်လာသော ကံတရားတို့သည် အဟုန်အရှိန် နည်းပါးသော သင်္ခါရလုပ်သားတို့ဖြစ်ကြ၍၊ အကျိုးပေးခွင့်လည်း နည်းပေမည်။ အဟောသိကံသော်လည်း ဖြစ်သွားနိုင်သည်။ ဥပမာ—သီးကင်းမှ သီးနုဘက်သို့သွားသော သရက်သီးသည် ကြွေသော်လည်းကြွေနိုင်သည်။ မကြွေဘဲ သီးနုသို့ ရောက်သွားလျှင်လည်း၊ အမြှုတ် တို့စရာ အကျိုးမျှကိုသာလျှင် ဆောင်ရွက်နိုင်သည်ထက် ပို၍မဆောင်ရွက်နိုင်ပေ။ ထို့အတူ ရိုးရိုး သင်္ခါရ လုပ်ငန်းဖြစ်သော ကံတို့သည် ပဋိသန္ဓေဟူသော ဇာတိတခုသို့ ရောက်အောင် အကျိုးမပေးနိုင်ကြ။ သို့သော် အတို့ အမြှုတ်နှင့်တူသော ပဝတ္တိအကျိုးမျှကိုသာ ပေးနိုင်ကြသည်။ ဤ၌ 'အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ' အဏုမြူမျှသော အပြစ်ကို မြင့်မိုရ်တောင်တမျှ ရှုလေ့ပြုရမည် ဟူသော ဒေသနာကို အားကိုး အားထား ပြုကာ၊ အိမ်ထောင်သည် ဂဟဋ္ဌတို့အား ဟောကြားဆုံးမနေသည်ကိုလည်း အများအပြား တွေ့မြင်နေရလေသည်။ ဤသို့ ဟောပြောမှုသည် ပုဂ္ဂလ, ဌာနတို့နှင့် မလိုက်လျောသော ဟောပြောမှု ဖြစ်တတ်လေသည်။ ကုသိုလ်, အကုသိုလ်ကိုမျှ သဘာဝကျကျ မသိသေး၊ အာရုံမပြုတတ်၊ အသိမလုပ်တတ်သေးသော လူတို့သည် အဏုမြူအပြစ်တို့ကို မြင့်မိုရ်တောင်မျှ ဘယ်ပုံရှုတတ်ပါမည်နည်း။

လူ ဂဟဋ္ဌတို့အား ရှေးဦးစွာ အမူအရာဟူသော သင်္ခါရ ၃-မျိုးကို နားလည်အောင် သင်ပြဆုံးမ၍၊ ဤသင်္ခါရ ၃—ပါးမှ ကံတရား စတင်ဖြစ်ပေါ်လာပုံကို သိနားလည်အောင် ပြောပြရပေမည်။ ကာယသင်္ခါရ-ကိုယ်အမူအရာတို့ကို မနောသင်္ခါရတို့က ဖြစ်ပေါ်အောင် ဖန်တီးပေးကြသည်၊ ဝစီသင်္ခါရ-နှုတ်အမူအရာတို့ကိုလည်း မနောသင်္ခါရတို့ကပင် ဖြစ်ပေါ်အောင် ဖန်တီးပေးသည်ဟု ကိုယ်,နှုတ်အမူအရာတို့နှင့် စိတ်အမူအရာတို့ ဆက်သွယ်နေပုံတို့ကို ပြောပြပေးရပေမည်။ အတိုချုပ်မှာ 'ဆဲချင်လို့ဆဲသည်' ဟုဆိုရာ၌၊ ဆဲချင်ဟူသောအပိုင်းသည် မနောသင်္ခါရအပိုင်း၊ ဆဲသည် ဟူသောအပိုင်းသည် ဝစီသင်္ခါရအပိုင်းဟု သဘာဖြင့် ပိုင်းခြားလျှင်၊ မနောသင်္ခါရနှင့် ဝစီသင်္ခါရ ၂—မျိုး ဆက်စပ်ပုံ ထင်ရှားလာပေမည်။ 'ရိုက်ချင်လို့ရိုက်သည်'၌လည်း ဤနည်းအတူပင်၊ ရိုက်ချင် သည် မနောသင်္ခါရ၊ ရိုက် သည် ကာယသင်္ခါရဖြစ်၍၊ မနောသင်္ခါရနှင့် ကာယသင်္ခါရတို့ ဆက်သွယ်ပုံကို နားလည်လာပေမည်။ စားချင်လို့စား၊ သွားချင်လို့သွား၊ ပြောချင်လို့ပြော စသော လောကအသုံးအနှုန်းတို့ မည်မျှများပြားသော်လည်း၊ အကောင်အထည်အဖြစ် ပေါ်လာရာမှာ သင်္ခါရ ၃-မျိုးသာဖြစ်လေသည်။

ဤ သင်္ခါရ ၃-မျိုးကို သဘောပေါက်၍ နားလည်လာ သောအခါ၊ မနောသင်္ခါရ၌ မနောကံ၊ ဝစီသင်္ခါရ၌ ဝစီကံ၊ ကာယသင်္ခါရ၌ ကာယကံတို့ ဖြစ်

ပေါ်ပုံတို့ကို သဘောပေါက်လာမည်။ ကံသဘာဝတို့ကို သဘောပေါက်လာသော အခါ အကုသိုလ်စိတ်, ကုသိုလ်စိတ် အစဉ်တို့ကို အတိအကျ ခွဲခြားနိုင်လာပေမည်။ ဤတလံမျှကိုယ်ကောင်၌ ကုသိုလ်, အကုသိုလ်စိတ်အစဉ်ကို ကိုယ်တိုင်ခွဲခြားနိုင်ပေါလျှင်၊ ဘုရားဆွမ်းတော်တင်လျှင် ကုသိုလ်ရသလား၊ ကျောင်းဝင်းထဲ ဘိနပ်စီးလျှင် ငရဲကြီးသလား စသော မေးခွန်းမျိုးတို့၏ အဖြေတို့သည် ကိုယ်တိုင်သိ အဖြစ်ဖြင့် ပေါ်လာကြတော့သည်။ ဆွမ်းတော်တင်သော ကိုယ်နှုတ်အမူအရာတို့ကို ကုသိုလ်စိတ်တို့က ဖန်တီးပေးသည်ဟု အတိအကျသိနေလျှင်၊ ဘယ်သူက ကုသိုလ်မရဘူးဟု ပြောသော်လည်း ယုံကြည်တော့မည် မဟုတ်ပေ။ ကျောင်းဝင်းထဲ၌ ဘိနပ်စီးသော ကိုယ်အမူအရာကို ဒုဋ္ဌဒေါသ ပြစ်မှားကျူးလွန်စိတ် မဟုတ်ဘဲ၊ မိမိ၏ ကျန်းမာရေးကို ငဲ့ညှာလျက် သံဃာတော်များကို လေးမြတ်သောစိတ်က ဖန်တီးပေးသည်ဟု အတိအကျသိနေလျှင်၊ ငရဲကြီးသည်ဟု ဘယ်လိုပင် ပြောကြသော်လည်း ယုံကြည်တော့မည်မဟုတ်ပေ။

ဤတလံမျှသော ကိုယ်ကောင်ကြီး၌ နေ့စဉ်နေ့တိုင်း ဖြစ်ပေါ်နေသော သင်္ခါရ ၃ မျိုးကို မကြာမကြာ အခွင့်ရတိုင်း အခွင့်ရတိုင်း သိနားလည်အောင် လေ့ကျင့်ပေါလျှင်၊ စိတ်အစဉ်သို့ အသိရောက်တိုင်း စေတနာ၏ လှုံ့ဆော်ခြင်း သဘောသို့ သဘောပေါက် အသိရောက်ပေမည်။ ဤစေတနာသည်လည်း အဝိဇ္ဇာ ခေါ် မောဟကို အစွဲပြုကာ ထင်ရှားရကြောင်းကို အသိရောက်ပေမည်။ ထိုအဝိဇ္ဇာ-သင်္ခါရတို့ ဦးဆောင်လျက် ထင်ရှားပေါ်လာကြရသော သင်္ခါရ ကံ, သုံးမျိုးသည် ပဝတ္တိ အကျိုးကိုသာလျှင် ဖြစ်ပေါ်စေမည်၊ ပဋိသန္ဓေဟူသော အကျိုးကို မဖြစ်ပေါ်နိုင်ဟု အသိရောက် သဘောပေါက်သွားမည်။ ဤကိုယ်ကောင်ကြီး၌ ပစ္စုပ္ပန် ကိုယ်တွေ့ လက်တွေ့ အဖြစ်ဖြင့် အသိကျေနပ်လျှင်၊ ပဋိစ္စသမုပ္ပါဒ်၏ အတိတ်အခွန်း၌ အဝိဇ္ဇာ-သင်္ခါရ အကြောင်း ၂-မျိုးရှေ့ဆောင်ပြုသော ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ လုပ်သားတို့သည် ပဝတ္တိအကျိုးဖြစ်သော ဝိပါကလုပ်သားတို့ကို ဖြစ်ပေါ်လာအောင် ဘယ်ပုံဆောင်ရွက်ကြသည်ဟု သဘောပေါက်ပေမည်။

ဤလက်ရှိ မိမိကိုယ်ကောင်ကြီးသည် ပဋိစ္စသမုပ္ပါဒ် သင်္ခါရ လောက၏ အနာဂတ်အခွန်းဖြစ်၍၊ သတ္တလောက၌ ပစ္စုပ္ပန်အခွန်း အဖြစ်ဖြင့် ပေါ်လွင်ထင်ရှားနေသည်။ ဇာတိမှ စုတိတိုင်အောင် သတ္တလောက၏ ပစ္စုပ္ပန်အခွန်း ဖြစ်ပေါ်လေရာ၊ ဇာတိနှင့် စုတိအကြား ဖြစ်ပေါ်သော သင်္ခါရလုပ်သားတို့တွင် အကျိုးလုပ်သား အကြောင်းလုပ်သား တို့သည်သာ ပေါ်လာ ထင်ရှားနေကြသည်။ လက်ရှိ ကိုယ်ကောင်ကြီးသည် အကျိုးသင်္ခါရ လုပ်သားများဖြင့် အစပြုခဲ့သည်။ ထိုနောက်မှ အကြောင်းသင်္ခါရလုပ်သားတို့ ပေါ်လာကြသည်။ အကြောင်းပေါ်ပုံ အခြင်းအရာ

တို့ကို စီစစ် ဆင်ခြင်သောအခါ၊ သင်္ခါရ ကံ အလျှင် ပေါ်လာသည်။ ထိုကံကို အဝိဇ္ဇာနှင့် စေတနာ ၂-မျိုး ဦးစီးဆောင်ရွက်သည်။ အဝိဇ္ဇာ-စေတနာဦးစီးသော ကံသည် အဟုန်အရှိန်ညွှံသည်၊ နှုံ့သည်၊မထက်မြက်ကြောင်း ကိုယ်တိုင်အသိရောက် နိုင်သည်။နှုံ့, ညွှံ့ သဘောဟူသည် ဇာတိသို့ရောက်အောင် မပို့နိုင်ဟု ဆိုလိုသည်။ ဤကိုယ်ကောင်ရှိ စိတ်အစုတို့ကို လေ့လာခြင်းအားဖြင့်၊ ကံတရား အားဖြစ်ပေါ်ပုံ အခြင်းအရာတို့ကို သဘောပေါက်မည်။ ထို့ပြင် ကံအမည်ခံ စေတနာခေါင်းဆောင်သော စိတ္တုတို့သည် ပျက်၍ပျက်၍ သွားကြသည်။ ကံသဘောတရား ပျက်သလား၊ မပျက်မပျောက်ဘူးလား ဟူသော သံသယကိုလည်း ရှင်းလင်းအောင် လေ့လာခွင့်ရလေသည်။

အဝိဇ္ဇာ-စေတနာ ၂-မျိုးခေါင်းဆောင်သော စိတ်အစဉ်ပြင့်၊ သင်္ခါရအမှုအရာ ၃-မျိုးထင်ရှား၍၊ ကံတရားအစပြုကြောင်း ပေါ်ပြခဲ့လေပြီ။ ဆိုခဲ့ပြီးသော အတိုင်း သင်္ခါရအမှုအရာ ၃-မျိုးဖြင့် လောကလုပ်ငန်းအမျိုးမျိုးတို့ကို ဆောင်ရွက် နေစဉ်၊ အရေးကြီးသော အကြောင်းအာရုံများ (သို့မဟုတ်) အဆင်မပြေသော အကြောင်းအာရုံတို့ကို မကြာမကြာ တွေ့ဆုံကြုံကြိုက် လာတတ်လေသည်။ ထိုသို့ တွေ့ကြုံခိုက်၌ စိတ်အစဉ်တွင် ပါဝင်နေသော ဒိဋ္ဌိ၏ အမှားသက်ဝင် ထားသော သံယောဇဉ်ကြိုး၊ ထိုဒိဋ္ဌိ၏ အမှားသက်ဝင်ထားသော သဘောတရား၌ ကပ်ငြိတွယ် တာနေသော လောဘ သံယောဇဉ်ကြိုး တို့သည် တင်း၍ တင်း၍ လာလေသည်။ သံယောဇဉ်ကြိုးတို့သည် ငါ-ဟူသော အတ္တ၌ တဖက်အစွန်းဖြင့် ချည်နှောင်ထား၍ သားသမီး, မယား, ဥစ္စာပစ္စည်းစသော ‘အတ္တနိယ’ တရားတို့၌ တပက်စွန်းပြင့်ချည် နှောင်ထားလေရာ၊ သံယောဇဉ်ကြိုး တင်းတိုင်း တင်းတိုင်း လောဘဒိဋ္ဌိတို့၏ အစွဲ သန်သော ဥပါဒါန်သဘောတရားတို့သည် ပြင်းပြင်းထန်ထန် ပေါ်လွင် ထင်ရှား လာကြသည်။

ထိုအခါ လောဘဒိဋ္ဌိတို့၏ အရှိန်အဟုန် ပြင်းထန်သော ဇောစိတ်အစဉ်သည် သင်္ခါရ ခေါ်သော ရိုးရိုးအမှုအရာတို့ အဆင့်အတန်းမှ ပေါ်လွင်မှု ပြင်းထန်သော မနောအဘိသင်္ခါရ၊ဝစီအဘိသင်္ခါရ၊ကာယအဘိသင်္ခါရအဆင့်အတန်းဘက်သို့ချီတက် လာတော့သည်။ မနောအဘိသင်္ခါရ၏ အဟုန်အရှိန်သို့လိုက်၍၊ ကိုယ်နှုတ်အမှုအရာတို့ သည်လည်း ပြင်းထန်လာလေတော့သည်။ ငါ့သား, ငါ့သမီး, ငါ့မယား, ငါ့ဥစ္စာ ပစ္စည်းတို့ကို ဘယ်သူ ဘယ်ဝါတို့က စော်ကားသည် နှိပ်စက်သည်ဟူသော စိတ် အစဉ် ပြင်းထန်လာသည်။ သင်္ခါရမှ အဘိသင်္ခါရသို့ ချီတက်သော စိတ်အစဉ်သည် သီးနှံမှ သီးရင့်ဘက်သို့ သွားနေသော သရက်သီးသည် မိမိ၏မျိုးစေ့ကို ထင်ရှားစွာ ပြုသွားနေသကဲ့သို့၊ အဘိသင်္ခါရကို အစွဲပြုလျက်၊ ကံမျိုးစေ့ကို ထင်ရှားပြုကာ

တကြိမ်ထက်တကြိမ် တိုးတက်ရင့်ကျက်အောင် ဆောင်ရွက်နေလေသည်။ ထိုအဘိ သင်္ခါရ အဆင့်အတန်းသို့ ရောက်နေကြသော အပုညာဘိသင်္ခါရ အကုသိုလ်ကံနှင့် ကာမပုညာဘိသင်္ခါရ ကုသိုလ်တို့သည် အခွင့်ရတိုင်း ပဝတ္တိအကျိုးခေါ် ပစ္စုပ္ပန် အကျိုးဝိပါက်တရားတို့ကိုလည်း ဖန်တီးပေးနိုင်ကြသည်။ အခွင့်ရလျှင် အနာဂတ် အစွန့်ဖြစ်သော ဇာတိကိုလည်း ဖန်တီးပေးနိုင်ကြသည်။

ဤအချိန်အတွင်း၌ သတိ, ဝိရိယ, ပညာတို့ဖြင့် ပြည့်စုံသော ယောကျ်ား မိန်းမ ဓါတ်အစုသည် အကုသိုလ် အဘိသင်္ခါရတို့ ဆက်လက် မဖြစ်ပေါ်အောင် ဆောင်ရွက်နိုင်ကြသည်။ ကုသိုလ်စိတ်အစဉ်ဖြင့် အကုသိုလ်စိတ် အစဉ်ကို ဖြတ်၍ ကုသိုလ်စိတ်အစဉ် ဆက်လက် ဖြစ်ပေါ်နေအောင် အားထုတ်နိုင်ကြသည်။ ဤကဲ့သို့ သောအခွင့်အခါမျိုး၌ 'ပစ္စတ္တပုရိသတာမ' ခေါ်သော လူတို့၏ စွမ်းရည်ကို အသုံး ပြုကြရလေသည်။ ဤလုပ်ငန်းသည် လူနှင့် တိရစ္ဆာန်တို့၏ သဘာဝလုပ်ငန်းကို ခွဲခြား ပြသသော အမူအရာ အလေ့အကျင့် ဖြစ်လေသည်။

တခုသော လူဘဝ၌ ဘုရားအလောင်းသည် မယားပူစာသည့်အတွက် အခါ မဲ့သီးသော သရက်သီးကို ခိုးကျွေးတော့မည် ဟူသော အဘိသင်္ခါရ အမူအရာတို့ဖြင့် မင်း၏ဥယျာဉ်ရှိ သရက်ပင်ပေါ်သို့ တက်ရောက်နေမိသည်။ မရှေးမနှောင်းအချိန် လောက်မှာပင် အလွန်အဘိုးတန်သဖြင့် လျှို့ဝှက်အပ်သော မန္တာန်ကို သင်ကြားသင် ယူရန် မင်းနှင့် ပုရောဟိတ်တို့သည် သရက်ပင် အောက်သို့ ရောက်လာကြသည်။ မင်းသည် မြင့်သောနေရာမှာထိုင်လျက်၊ ပုရောဟိတ်သည် နိမ့်သောနေရာ၌ ထိုင်ကာ မန္တာန်ကို သင်ပေးနေသည်။ ဤအခြေအနေကို မြင်နေရသော ဘုရား အလောင်း သည် ငါကမိုက်သည်၊ ရှင်ဘုရင်က မာနကြီးသည်၊ ပုရောဟိတ်က တွေဝေသည်၊ ငါတို့သည် တဦးမျှ အကောင်း မဟုတ်ကြဟု အသိရောက်ပြီး၍ သုံးဦးတို့၏ အမူ အရာအတွက် စက်ဆုတ် ရွံရှာပြီးလျှင်၊ မင်းနှင့်ပုရောဟိတ် ၂ ဦးတို့၏ အကြားသို့ အတင်းခုန်ချလိုက်၍၊ ကျွန်တော်က လူမိုက်၊ ဘုရင်မင်းမြတ်က မာနကြီး၊ ပုရော ဟိတ်က တွေဝေသူ ဖြစ်ကြသောကြောင့်၊ တယောက်မျှ မကောင်းဟု ပြောလိုက် သည်။ မင်းနှင့် ပုရောဟိတ်တို့သည် ကြောက်ရွံ့မှုမရှိဘဲ ခုန်ချသူအား အကြောင်းကို စုံစမ်းကြသည်။ မယားအလိုသို့လိုက်၍ မင်းဥယျာဉ်ထဲ သရက်သီး လာခိုးတာဟာ ကျွန်တော်လူမိုက်ပေါ့။ မင်းမြတ်က ဆရာဖြစ်သော ပုရောဟိတ်၏ အမြင့်ပေါ် ကထိုင်ပြီး အဘိုးတန်သော မန္တာန်ကို သင်ယူနေတာ ဆရာကို အထင်သေး မာန ကြီးလို့ပေါ့။ ဆရာပုဏ္ဏားကလဲ ဘုရင်ဟူသော အရှိန်နှင့် လာဘ်လာဘ ရလိုသော ကြောင့်၊ မိမိ၏ အခြေအနေမှန်ကို မသိခြင်းဟာ တွေဝေတာပေါ့ဟု ပြောလိုက် လေသည်။ ထိုအချိန်၌ ၃ ဦးလုံးတို့၏ အဘိသင်္ခါရ အမူအရာတို့သည် တခုမျှ

မကောင်းကြပေ။ သို့သော် ရဲရင့်သော ဘုရားလောင်း၏ လူ့စွမ်းရည်ဖြင့် သုံးဦးလုံး အမှန်သို့ ရောက်ကြပြီးလျှင်၊ ဘုရားအလောင်းမှာ ခိုးမှုမရောက်၊ အပြစ်မှလွတ်သည့် အပြင်၊ ဘုရင်ထံမှ ဆုလာဘ်ပင် ရခဲ့သေးသည်။ မိတ်ဆွေလည်း ဖြစ်သွားကြသည်။ ဆိုလိုသည်မှာ အဘိသင်္ခါရ အမှုအရာတို့ ဖြစ်ခိုက်မှာ ထိန်းသိမ်းနိုင်ခဲ့၊ ရှောင်ဖယ် နိုင်ခဲ့သဖြင့်၊ မိမိတို့၏ 'ပစ္စုပ္ပန်ရိသထာမ' ကို ပြုလျက်၊ ထိုက်အဆုံးသို့ မရောက် ရအောင် တားမြစ်နိုင်ရန် ဖြစ်လေသည်။

သတိပြုရန်မှာ ...

လူ့သဘာဝ ဟူ၍ တခုမျှမရှိ၊ သို့သော် လူ့ဘဝ၊ လူ့ကိုယ်ကောင်ကို ရရှိခိုက်၊ သတိ၊ ဝိရိယ၊ ပညာတို့ကို အမြဲမပြတ် လေ့လာနေပါက ထိုလေ့လာသူ၌ လူ တို့၏ စွမ်းရည်သည် အခွင့်အားလျော်စွာ ထင်ရှားလာကြသည်။ လူနှင့် တိရစ္ဆာန် တို့သည် ပုံသဏ္ဌာန် ကွဲသော်သည်း စိတ်ထားတူနေပါလျှင်၊ အယဉ် အရိုင်း အတူ တူပင်၊ အမူအရာ အတူတူပင်၊ ဆင်ခြင် စဉ်းစားလေ။

ဗုဒ္ဓအရှင်၏ အဘိဓမ္မပညာအရ မျိုးစေ့သဘော ပြည့်စုံပြီး၍ ကံအဖြစ်သို့ ရောက်နေကြသော ဥပပီဠက, ဥပဃာတက ကံတို့သည်ပင် ကံအချင်းချင်းကို ပယ်သတ် နှိပ်စက်လျက်၊ မိမိတို့၏ အကျိုးကို ဖြစ်ပေါ်အောင် ဖန်တီးပေးနိုင်သည် ကို ထောက်ဆပါလျှင်၊ ဤအဘိသင်္ခါရ ဖြစ်ဆဲ၊ ပေါ်ဆဲ ကံတို့ကို ဖျက်ဆီးနိုင်သော သမ္မပဓါန်, အဓိပတိ, ဣဒ္ဓိပါဒ, ဗလရှိကြသော သင်္ခါရအစု လူတို့အတွက် ယုံမှား စရာပင် မရှိနိုင်တော့ပေ။

ထိုအဘိသင်္ခါရ အမူအရာဖြစ်သော ကံတို့သည် ဖြတ်တောက်ပျက်စီးခြင်းမရှိ ခဲ့ပါလျှင်၊ သီးရင့်သည် သီးမှည့်သို့ ရောက်ဘိ သကဲ့သို့၊ 'အတ္ထသာဓိက' စေတနာ တို့သည် မကောင်းမှုဖြစ်သော သတ်, ခိုး, ကျူး, လိမ်, သောက် ဟူသော ကမ္မ ဘဝသို့ ရောက်အောင် ဆောင်ရွက်ကြတော့သည်။ အသီးမှည့်လျှင် အစေ့ရင့်ကျက် မှု အဆုံးရောက်၍၊ ဤအစေ့သည် နောက်သစ်ပင် အသစ်ကို ဖြစ်ပေါ်အောင် ထုထောင်နိုင်သကဲ့သို့၊ ဘဝသို့ရောက်ပြီးသော ကံမျိုးစေ့သည် ဇာတိအသစ် တခုကို ထုထောင်နိုင်လေတော့သည်။

ဤပြဆိုခဲ့ပြီးသော စေတနာနှင့် တကွသော လောဘ, ဒေါသ, ဒိဋ္ဌိနှင့် အလောဘ, အဒေါသ, အမောဟ, ကံတို့သည် တဏှာ, ဒိဋ္ဌိ ဟူသော အစွဲဥပါဒါန် တို့နှင့် အတူတကွ တပြိုင်နက်ထည်း ဖြစ်ပေါ်တတ်သည်။ လောဘစိတ် ၈–မျိုးသည် တဏှာ,ဒိဋ္ဌိတို့နှင့်တပြိုင်နက် ယှဉ်ဘဲဖြစ်ပေါ်သောကြောင့်၊အဘိသင်္ခါရ အမူအရာဖြင့် မှတ်သားအပ်သော စေတနာကံကို လွှမ်းမိုး အုပ်စိုးလေသည်။ ဒေါသစိတ်, မောဟ

စိတ်နှင့် မဟာကုသိုလ်စိတ် ၈-မျိုးတို့၌၊ တဏှာ, ဒိဋ္ဌိတို့ မပါမဝင်ကြသော်လည်း ထိုတဏှာ ဒိဋ္ဌိတို့သည် ထိုစိတ်တို့ကို အားကြီးသော မှီရာဖြစ်သော ဥပနိဿယ သတ္တိဖြင့် ကြိုးကိုင်ထားကြသည်။ ကြိုးကိုင်ခံရသော သင်္ခါရလုပ်သားတို့သည် ထိုတဏှာ ဒိဋ္ဌိတို့၏ အလိုအတိုင်း အဘိသင်္ခါရကံဖြစ်အောင် ဆောင်ရွက်ကြရသည်။ တဏှာနှင့် ဒိဋ္ဌိတို့သည် အကုသိုလ်နှင့် ကာမကုသိုလ်မျှမက၊ ကာမဝိရာဂ ဘာဝနာ-ကာမဂုဏ် ကင်းလွတ်အောင် အားထုတ် ပွါးများနေကြသော ရူပ ပုညာဘိသင်္ခါရနှင့် အရူပကုသိုလ် အာနေဥ္ဇာဘိသင်္ခါရ ကံတို့ကိုလည်း ကြိုးကိုင် ထားကြသေးသည်။ အတ္တဒိဋ္ဌိနှင့် လောဘသည် ရူပကမ္မဘဝနှင့် အရူပကမ္မဘဝတို့ကို စွဲထားသော သံယောဇဉ်ကြိုး တင်းမာထားသဖြင့်၊ သင်္ခါရလုပ်သားတို့သည် ရူပဓါတ်နှင့် အရူပဓါတ်တို့ ရင့်ကျက်ခိုင်မာအောင် ဆောင်ရွက်ပေးကြရသည်။ ဤရူပ-အရူပဓါတ်တို့ ရင့်ကျက်ပါမှ ရူပ-အရူပကမ္မဘဝသို့ ရောက်ကြရသည်။ ထိုကံတို့သည် ကာမတရားမှ လွတ်အောင် ဆောင်ရွက်ကြသော်လည်း၊ ဘဝတဏှာမှ လွတ်အောင် မဆောင်ရွက်နိုင်ကြပေ။

အတိုချုပ်အားဖြင့် အဘိသင်္ခါရ ကံတို့သည် အတ္တဒိဋ္ဌိနှင့် ဘဝတဏှာတို့၏ လောင်းရိပ်မိနေကြသဖြင့်၊ အဘယ်အခါမျှ သံသရာမှ ကျွတ်လွတ်ထွက်သွားအောင် မဆောင်ရွက်နိုင်ကြပေ။

အဘိသင်္ခါရကံဟူသမျှသည် မကောင်းကြ၊ မမြတ်နိုးအပ်ပေ။ အပုညာဘိသင်္ခါရကံမှုကား အို,နာ,သေ, ဝဋ္ဋခံရအောင်ပြုရုံမျှမက၊ အခံရ အလွန်ခက်သော အပါယ်ဆင်းရဲကြီးကိုပင် ဖြစ်ပေါ်အောင် ဆောင်ရွက်ပေးလိုက်သေးသည်။ ကျန် အဘိသင်္ခါရကံတို့သည် အို, နာ, သေ, ဝဋ္ဋဒုက္ခကို ပျော်စရာတမျိုး၊ ပျင်းစရာတမျိုး၊ ဆင်းရဲတခါ၊ ချမ်းသာတလှည့်ဖြင့် သံသရာရှည်လျားအောင် ဆောင်ရွက်ပေးကြသည်။ အံ့ဘွယ်ရှိလေစွ။

### ကံတို့၏ အကျိုးတရားများ

ကံအမည်ခံ သင်္ခါရလုပ်သားတို့ကို ပြဆိုခဲ့ပြီးလေပြီ။ ထိုကံ၏ အကျိုးတရား အဖြစ် ပေါ်လာထင်ရှားကြရသော သင်္ခါရလုပ်သားတို့သည်ကား--

(က) ပဋိသန္ဓေစိတ် ၁၉-မျိုးနှင့် ပေါင်းစပ် ပါဝင်ကြသော သင်္ခါရ လုပ်သားများ။

(ခ) ဒွေပဉ္စဝိညာဏ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏ စိတ်တို့၌ ပေါင်းစပ် ပါဝင်ကြသော သင်္ခါရလုပ်သားများ။

(ဂ) ပဋိသန္ဓေ ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ် လုပ်သားတို့သာလျှင် ဖြစ်ကြသည်။ ဗုဒ္ဓဘာသာကို လေ့လာ လိုက်စားသော ပုဂ္ဂိုလ်တို့သည် ဤကံတရားကိုယ်များနှင့် ကံ၏အကျိုး ဝိပါက် တရားကိုယ်များကို အခွင့်ရှိသော ယခုအခါ၌ သိအောင် လေ့ကျင့်ထားရပေမည်။

ဤသို့ လေ့ကျင့်ထားလျှင်ကံနှင့် ကံ၏အကျိုးတရားတို့ကို ယုံကြည်ရုံမျှမဟုတ်၊ ကိုယ်ကောင်ကြီး၌ လက်တွေ့ မျက်မှောက်ပြုထားခြင်း ဖြစ်ပေမည်။

ကံအကျိုးပေးသောအခွင့်များ

အခွင့်ဟူသည် တစုံတခုသော သဘောတရားက ပြုလုပ်ပေးသော သဘောမဟုတ်ပေ။

အကျိုးတရားတို့ ဖြစ်ပေါ်ထင်ရှားလာအောင် ဆိုင်ရာဆိုင်ရာအကြောင်းတို့ ပေါင်းဆုံမိခိုက်ကို အခွင့်ဟုခေါ်သည်။ ထိုအခွင့်တို့သည်—

၁။ ကာလသမ္ပတ္တိ

လူတို့ ကိုယ်ကျင့်ကောင်းသောအချိန်၊ ရာသီဥတုတို့ အပူအေး မျှသောအချိန်၊ မိမိကိုယ်၌ ရောဂါအန္တရာယ်များ ကင်းစင်သဖြင့် ကျန်းမာသန်စွမ်းနေသောအချိန်၊ အစာ ရေစာ စသည်တို့ ပေါများ ဖြစ်ထွန်းနေသောအချိန်၊ ဤသို့သော အချိန်ကာလမျိုးနှင့် ကြုံကြိုက်တိုက်ဆိုင်နေခြင်းကို ကာလသမ္ပတ္တိ အခွင့်ဟု ခေါ်သည်။ ဤသဘောတို့မှ ချွတ်ယွင်းပျက်ကွက်နေသော အချိန်နှင့် တိုက်ဆိုင်ကြုံကြိုက်နေလျှင် ကာလဝိပ္ပတ္တိ အခွင့်ဖြစ်လေသည်။

ကာလသမ္ပတ္တိ နှင့် တိုက်ဆိုင်နေခိုက်တွင် ကုသိုလ်ကံတို့ အားကောင်းနေသဖြင့်၊ ကောင်းကျိုးတို့ကို ဖြစ်ပေါ်စေသည်။ ကောင်းကျိုးဖြစ်ပေါ်ရန် လွယ်ကူသည်။ အားနည်းသော ကုသိုလ်ကံပင်ဖြစ်စေကာ လုံလောက်သော ကောင်းကျိုးတို့ကို ဖြစ်ပေါ်စေနိုင်သည်။ အကုသိုလ်ကံတို့၏ မကောင်းကျိုးတို့ကိုလည်း ပိတ်ပင်နိုင်သည်။ တားမြစ်နိုင်သည်။ ပယ်ထားနိုင်သည်။ ထို့ကြောင့် ကာလသမ္ပတ္တိနှင့် ပြည့်စုံလျှင် ကောင်းကျိုးပေးရန် အခွင့်တမျိုးကြုံပြီဟု မှတ်ယူရပေမည်။

ကာလဝိပ္ပတ္တိနှင့် ပြည့်စုံတိုက်ဆိုင်နေလျှင်၊ အကုသိုလ်ကံတို့၏ ဆိုးကျိုးပေးခွင့် အားကြီးနေသည်။ အနည်းငယ်မျှသော အကုသိုလ်ကံသည် ကြီးကျယ်သော ဆိုး

ကျိုးကို ပေးနိုင်လေသည်။ ကာလဝိပ္ပတ္တိ ဖြစ်သော ဒုတိယကမ္ဘာစစ်ကြီး အတွင်း၌၊ လူတယောက်သည် ထန်းလျက်များ သိုလှောင်ထားသော အစိုးရ ဂိုဒေါင်မှ ထန်းလျက်တတောင်း ခိုးမှုအတွက် သေဒဏ် အပြစ်ပေးခံရသည်။ ကာလသမ္ပတ္တိတွင် အနည်းငယ်မျှ ဒဏ်ရိုက်ခံရမည် ဖြစ်သော်လည်း၊ ဝိပ္ပတ္တိကာလ ကြုံခိုက်တွင် သေဒဏ်အထိ အကျိုးသက်ရောက်သွားရသည်။ ကုသိုလ်ကံတို့၏ ကောင်းကျိုးတို့ကိုလည်း ပိတ်ပင်တားမြစ်နိုင်သည်။

၂။ ဥပဓိသမ္ပတ္တိ

မိမိကိုယ်ကောင်ကြီး၌ မျက်စိ, နား, နှာ, လျှာ, ကိုယ်,ခြေ စသော အစိတ်အပိုင်းအင်္ဂါတို့နှင့် ပြည့်စုံခြင်းကိုခေါ်သည်။ ကိုယ်ခန္ဓာအနေအထား ပြေပြစ်ကျနခြင်း၊ မနိမ့်လွန်း, မမြင့်လွန်း, မဝလွန်း, မပိန်လွန်း, မဖြူလွန်း, မမဲလွန်း သဖြင့် ရှုချင်ဘွယ်အောင် တင့်တယ်ခြင်း၊ အသက်အရွယ်အားဖြင့် မငယ်လွန်း, မကြီးလွန်း အရွယ်တော်အနေ စသည်တို့ဖြင့် ခန့်ညားခြင်းသည် ဥပဓိသမ္ပတ္တိ ဖြစ်သည်။

ဤအင်္ဂါနှင့် ပြည့်စုံနေလျှင် ကုသိုလ်ကံတို့ အင်အားကြီးနေသဖြင့်၊ ကောင်းကျိုးတို့ကို ပေးခွင့် ရကြလေသည်။ အနည်းငယ်မျှသော ကုသိုလ်ကံတို့သည် ကောင်းကျိုးများများ ပေးခွင့်ရသည်။ အကုသိုလ်ကံအကျိုးတို့ကို ပိတ်ပင်ကာကွယ်တားဆီးနိုင်ခွင့်ရှိသည်။

ဤအင်္ဂါတို့မှ ပျက်ကွက်ချတ်ယွင်းလျှင်၊ ဥပဓိဝိပ္ပတ္တိ ဖြစ်သည်။ အကုသိုလ်ကံ အကျိုးပေးခွင့် အားကြီးနေသော အခွင့်ဖြစ်သည်။ အထက်နည်း အတိုင်းပင် ကုသိုလ်ကံတို့၏ အကျိုးတို့ကို ပိတ်ပင်တားမြစ်နိုင်စွမ်း ရှိလေသည်။ ရာထူး ရာခံရရှိရေးအတွက်၊ ဤဥပဓိသမ္ပတ္တိနှင့် ဝိပ္ပတ္တိ တို့သည် များသောအားဖြင့် အဓိကအချက် ဖြစ်တတ်လေသည်။

၃။ ပယောဂသမ္ပတ္တိ

လုံ့လဝီရိယနှင့် ပြည့်စုံခြင်းကိုခေါ်သည်။ ပယောဂဟူသော စကားသည် အားထုတ်ခြင်း ဝီရိယဟု ပေါ်ပြသော်လည်း၊ ဝီရိယ အားထုတ်တိုင်း အားထုတ်တိုင်း ကံတရားပါဝင်လာရသည်။ ဝီရိယသည် ကံအသစ်ဘို့ကို ဖြစ်ပေါ်စေရာ၌လည်း ပါဝင်ဆောင်ရွက်သည်၊ (သို့မဟုတ်) ရှိပြီးသော ကံအပေါင်းတို့၏ အကျိုးဖြစ်ပေါ်ပေးသော အခွင့်ကိုလည်း ပေါ်လာစေသည်။ ထိုကြောင့် ပယောဂ သမ္ပတ္တိသည် အခွင့်ငှါကို အလင်းရောင်ဖြင့် ထွန်းပြတတ်သော ပညာနှင့် ဝိရိယဘာရးတို့ပင် ဖြစ်

သည်။ အမှန်အားဖြင့် အလင်းရောင်ပြထားသော အားထုတ်မှုသည် ဘယ်မှာလျှင် ပန်းတိုင်သို့ မရောက်ဘဲ ရှိနိုင်ပါမည်နည်း။

ပရိယေသန ခေါ်သော အသက်မွေးမှုအတွက် ပဉ္စည်းဥစ္စာ စသည်တို့ကို ဝီရိယလုံ့လဖြင့် ရှာဖွေစုဆောင်းကြသော လူလောကကြီး၌ ဝီရိယနှင့် ပညာတို့သည် အရေးအကြီးဆုံးဖြစ်လေသည်။ အတတ်အမျိုးမျိုးတို့ကို ကျွမ်းကျင်လိမ္မာသော်လည်း အခွင့်ကိုသိသော ပညာ မရှိလျှင်၊ (အခွင့်ကို သိသောပညာ ရှိပါလျှင်လည်း၊ ဝီရိယ လုံ့လမရှိ ပျင်းရိနေလျှင်)ကုသိုလ်ကံတို့သည် အကျိုးပေးခွင့်ကိုမရကြပေ။ထို့ကြောင့် ပဉ္စည်းဥစ္စာ, ဂုဏ်,အာဏာ စသည်တို့ကို တပ်မက်မောကြသော လောကီလူသားတို့ သည် အခွင့်ကိုသိဘို့ ရရှိဘို့ အရေးကြီးသည်။ပေးခွင့်ဆိုက်ခဲ့လျှင် ပေးရ၏။ယူခွင့်ဆိုက် ခဲ့လျှင် ယူရ၏။ လိမ်ခွင့်ဆိုက်လျှင် လိမ်လိုက်ရ၏။ လာဘ်ပေးခွင့် ဆိုက်ခဲ့လျှင် လာဘ်တံစိုး ပေးလိုက်ရ၏။ ခိုးခွင့်ကြုံလျှင် ခိုးလိုက်ရ၏။ ပြေးခွင့် ကြုံလျှင်လည်း ထွက်ပြေးလိုက်ရသည်။ အခွင့်တို့၌ တရားသည်, မတရားသည်ဟူ၍ မရှိပေ။ တိုက် ဆိုင်ချင်သလို တိုက်ဆိုင်နေကြသည်။ ဤသို့ စည်းမဲ့ ကမ်းမဲ့ တိုက်ဆိုင်သော အခွင့် ကို ပညာဖြင့် သိလျက်၊ ဝီရိယဖြင့် အခွင့်ကို အသုံးပြုခြင်းသည် ကုသိုလ်ကံ အား ကောင်းသော အခွင့်ဖြစ်၏။ အကုသိုလ်ကံ၏အကျိုးကို တားမြစ်နိုင်၏။ ဝိဘ်ပင်ကာ ကွယ်နိုင်၏။

လူတို့သည် ငွေများလျှင်, မျက်နှာကြီးလျှင် တရားနိုင်တာဘဲဟု ပြော ကြသည်။ ငွေများသောကြောင့်လည်း မဟုတ်၊ မျက်နှာကြီးသောကြောင့်လည်း မဟုတ်ပေ။ ငွေကို သုံးခွင့်သိသော ပညာနှင့် ဝီရိယတို့က တံစိုးပေးခွင့်၊ လိမ်ခွင့်ရှိ လျှင် ပေးလိုက်၊ လိမ်လိုက် ခြင်းဖြင့် ဆောင်ရွက်ကြသောကြောင့်၊ သတ်မှု, ခိုးမှု စသော အကုသိုလ်ကံတို့သည် မျက်မှောက်၌ အကျိုးပေးခွင့် မရကြတော့ပေ။

ကံတရားကို အားထားကိုးစားကြသော ဗုဒ္ဓဘာသာဝင်တို့သည် ယခုအခါ ကြက်, ဝက်, နွား, ငါး တို့ကို သတ်လျက် အသက်မွေးသူ၊ အရက်သေစာ တို့ကို ရောင်းဝယ် ဖောက်ကားသူတို့၏ ကြေးငွေ ချမ်းသာကြသည်ကို မြင်တွေ့နေကြ သဖြင့်၊ လက်ရှိလုပ်ကိုင်ကြသော အကုသိုလ်ကံနှင့် ချက်ခြင်းမကြာ ငွေကြေး ချမ်း သာကြွယ်ဝမှုတို့ကို နှိုင်းယှဉ်ကာ မေးခွန်းထုတ်ကြလေသည်။ မေးလည်း မေးခွင့်ရှိ သည်၊ မေးထိုက်ပါပေသည်။ ဤအဖြေကို ဘုရားသာလျှင် ဖြေဆိုနိုင်မည်ဟု ပြော ကောင်းပြောကြမည် ဖြစ်သော်လည်း၊ ဗုဒ္ဓကိုယ်တော်သည် ကံတရားအကြောင်းကို အကုန်အစင်သိတော်မူသော ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ ဗုဒ္ဓနောက်လိုက် သာဝကတို့ သည် ကံကို လုံးဝမသိသူများ မဟုတ်ကြပါ။ 'ပစ္စတ္တံ ဝေဒိတဗ္ဗော' သဘောအရ၊ မိမိ တို့၏ပညာဉာဏ် အားလျော်သော အသိဖြင့် အကုန်မသိသော်လည်း အစိတ်အပိုင်း အားဖြင့် သိနိုင်ကြပါသည်။

ကြက်,ဝက်,နွား,ငါး သတ်သော အကုသိုလ်ကံတို့သည် ငွေကြေး ကြွယ်ဝသော အကျိုးတရားတို့နှင့် ဘယ်ပုံဆက်စပ်ကြပါသနည်း။ ကြက်, ဝက်, ဆိတ်, နွား, ငါး သတ်သမားတို့သည်၊ သို့မဟုတ် သတ်ပေးပါဟု စေခိုင်း တိုက်တွန်းသမားတို့သည် သူတပါးလက်၌ ရှိနေကြသော ငွေကြေးတို့ကို ရလိုသော အာသာ လောဘတို့၏ ဥပနိဿယသတ္တိတို့ လွှမ်းမိုးခြင်းကို ခံယူနေကြရသောကြောင့်၊ ဒေါသအရင်းခံသော အဘိသင်္ခါရ အမှုအရာတို့ကို အသုံးပြုကာ 'သတ်'ဟူသော ကမ္ဘာဝကို ဆောင်ရွက်လိုက်ကြသည်။ အသက်သေသည်နှင့် တပြိုင်နက် အကုသိုလ်ကံသည် အောင်မြင်ထမြောက်သွားလေပြီ။ အသတ်ခံရသော သတ္တဝါ ကိုယ်ကောင်ကြီးတို့ကို သေသည်အတိုင်းသော နေရာတို့၌ ပစ်ထားကြည့်ပါလေ။ သူတပါးလက်၌ တည်ရှိနေသော ကြေးငွေတို့သည် အလိုအလျောက် လိမ့်ကာလိမ့်ကာ သတ်သူနှင့် သတ်ခိုင်းသူတို့၏ ထံသို့ ရောက်လာပါသလော။ မရောက်လာကြပေ။ ထို့ကြောင့် ငွေတို့နှင့် အကုသိုလ်ကံတို့သည် တိုက်ရိုက် အကြောင်းအကျိုး ဆက်သွယ်မှု မရှိကြဟု သိနိုင်လေသည်။ ထိုသူများထံသို့ ငွေကြေးတို့ အဘယ်နည်းဖြင့် ရောက်လာ ကြပါသနည်း။ ထိုသို့ သတ်သောလုပ်ငန်း ပြီးစီးသောအခါ၊ အသတ်သမားတို့သည် အသတ်လုပ်ငန်းမှ ငွေရသော လုပ်ငန်းတို့ကို ပြောင်း၍ ဆောင်ရွက် ကြရလေသည်။ ငွေကြေးတို့ကို ရအောင် ဆောင်ရွက်ရသော လုပ်ငန်းသည် အသတ် လုပ်ငန်း မဟုတ်တော့ပေ။ ငွေကြေးတို့ကို ရရှိရန်ကိစ္စတို့သည် အသိဉာဏ်နှင့် ဝိရိယစသည်တို့၏ကိစ္စ ဖြစ်လာသည်။ ငွေကြေးတို့ကို တပ်မက်သော လောဘစိတ်တို့သည် အသိပညာ, ဝိရိယတို့ ခြံရံထားသောစိတ်တို့ဖြင့် ပယောဂ သမ္ပတ္တိအခွင့်ကို ပြည့်စုံအောင် တံစိုးပေးခွင့်ဆိုက်လျှင် ပေးလိုက်၊ အလကားပေးခွင့်ဆိုက်လျှင် အလကားပေးလိုက်၊ အမြတ်ယူခွင့်ဆိုက်လျှင် အမြတ်ယူလိုက် စသော အသိဉာဏ်, ဝိရိယစသည်တို့ကို အခွင့်အားလျော်စွာ အသုံးပြုကြခြင်းဖြင့် အသားငတ်-အသားစားချင်သူတို့၏ အိတ်ထဲ၌ရှိသော ငွေကြေးတို့သည် ပိုင်ရှင် စားချင်သမားတို့၏ ကြေနပ်သောအခွင့်ဖြင့် လိမ့်ကာလိမ့်ကာ ရောင်းသူထံသို့ ရောက်လာကြရသည်။ ထိုသို့ လိမ့်လာသောငွေကြေးတို့သည် ပိုင်ရှင်၏ အသိဉာဏ် ဝိရိယတို့နှင့် တိုက်ရိုက် အကြောင်းအကျိုး ဆက်သွယ်ကြသည်။ ထို့ကြောင့် ရောင်းသူ ပိုင်ရှင်များထံသို့ ငွေကြေးတို့ စုပေါင်းရောက်လာကြခြင်း အကျိုးတရားသည်၊ ပိုင်ရှင် ရောင်းသူတို့၏ ဝိရိယအကျိုး၊ အသိဉာဏ် အကျိုးတို့သာလျှင်ဖြစ်သည်။ သတ်သော အကုသိုလ်အကျိုး မဟုတ်ပေ။ သတ်သော အကုသိုလ်၏ ဟန့်လုပ်သော အထင်အမြင်သေးမှုကို ခံရရုံမျှသောအကျိုး ထင်ရှားကာမျှ ဖြစ်လေသေးသည်။ ထိုအကုသိုလ်ကံ၏ အကျိုးပေးခွင့် မဆိုက်ရောက်နိုင်သေးပေ၊

ငွေကြေးတို့မိမိထံသို့ရောက်လာစုပုံခြင်းသည်ကံကြောင့်လည်းဖြစ်တတ်သည်။ ဉာဏ် ဝိရိယတို့ကြောင့်လည်းဖြစ်တတ်သည်။ ဥပမာ-ထိသွားထိုးသော ဝိရိယကို အစွဲ

ပြုသဖြင့် ထိပေါက်လာလျှင် ဝိရိယအကျိုးထက် ကံအကျိုးက ထက်မြက်ပေသည်၊ ငွေကြေးချမ်းသာသူတို့ထံမှ အမွေအနှစ် ရရှိခြင်းသည်လည်း၊ ဝိရိယ အကျိုးထက် ကံအကျိုးက ထက်မြက်ခြင်း ဖြစ်လေသည်။

ကမ္ဘာပေါ်ရှိ လူသားတို့တွင် စီးပွားချမ်းသာမှုကို အဓိကထားသူလည်း ရှိသည်၊ အာဏာရမှုကို အဓိကထားသူလည်း ရှိသည်၊ အသက်မသေမှုကို အဓိက ထားသူလည်း ရှိသည်၊ ပညာရရှိမှုကို အဓိကထားသူလည်း ရှိသည်၊ တရားမှန်ကိုရလို ရောက်လိုမှု အဓိကထားသူလည်း ရှိကြသည်။ ဤသို့သော ပုဂ္ဂိုလ်အမျိုးမျိုးတွင် တရားမှန်ကို ရလိုရောက်လိုသော ပုဂ္ဂိုလ်မှတပါး ကျန်အမျိုးမျိုးသော ပုဂ္ဂိုလ်တို့ သည် မိမိတို့အဓိကထားသော ပန်းတိုင်သို့ရောက်ရန် ဆောင်ရွက်သော ကိစ္စလုပ်ငန်း တို့ကို တရားသည် မတရားသည်ဟု မရွေးချယ်ရ၊ တွေ့ကြုံလာက်ဆိုင်လာသော ကိစ္စ လုပ်ငန်းသည် မိမိအဓိကထားသော ပန်းတိုင်သို့ သွားရောက်သော လမ်းမှန် ဟုတ် မဟုတ်ကိုသာလျှင် ရွေးချယ်ရသည်။ ရွေးချယ်ပြီးလျှင် ပန်းတိုင်ရောက်အောင် ဝိရိယ ပညာတို့ဖြင့် ဆောင်ရွက်ရသည်။ ဤသို့ရွေးချယ်ပုံကို ဘာသာရေးသမားတို့က ကန့် ကွက်ကြမည် ဖြစ်သော်လည်း၊ အဓိကထားသော ပန်းတိုင်သည် ဘာသာရေးလုပ် ငန်းမဟုတ်၊ လောကီရေးသာလျှင်ဖြစ်၍၊ ဘာသာရေးနှင့် လောကီရေး ဤအချက် ၌ ဆန့်ကျင်ဘက်ဖြစ်ကြသည်။ လောကီရေးတို့ကို အဓိကထားသူတို့သည် လောကီ ကိစ္စတို့ကိုသာလျှင် အဓိကထား၍ လိုက်နာရသည်။

တရားမှန်ကို ရလိုရောက်လိုသူသည် မိမိတို့ လိုက်နာရမည် ဖြစ်သော ကိုယ် ကျင့်နှင့် သဘာဝတို့ကိုသာ ရွေးချယ်လိုက်နာရသည်။ သို့မှသာလျှင် မိမိရည်မှန်း အဓိကထားသော ပန်းတိုင်သို့ ရောက်ရပေမည်။ သို့သော် သာမန် လူသတ္တဝါတို့သည် တကယ်ပင်အရေးကြီးသော လုပ်ငန်းကိစ္စတို့နှင့် တိုက်ဆိုင် ကြုံကြိုက်သော အခါ၊ အတိအကျလိုက်နာရန် ဆုံးဖြတ်နိုင်ခဲသည်။ ဤ၌ ဗောဓိသတ္တဝါ ဘုရားလောင်း တို့၏ လေ့ကျင့်ထုံးစံကို ဖော်ပြရပေမည်။ ဘုရားလောင်းတို့၏ အဓိက ရည်ရွယ်ချက် ပန်းတိုင်သည် သတ္တဝါအပေါင်းတို့၏ ကောင်းကျိုး ချမ်းသာတို့ကို အတိ ဒ ကျ ပေးစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော် ရရန်၊ ရောက်ရန် ဖြစ်သည်။ ထို ဉာဏ် တော်ကို ရောက်ရန်၊ ရရန် လုပ်ငန်းတို့သည် ပါရမီကုသိုလ်ဖြစ်၍၊ ပါရမီဓါတ်တို့ကို ပြည့်စုံအောင် ဆောင်ရွက်ရသော လုပ်ငန်းများ ဖြစ်ကြသည်။ ဤပါရမီ ဓါတ်တို့ ဖြင့် ရှေးဦးစွာ 'ဗုဒ္ဓတ္တဇရိယ' ခေါ်သော အသိမှန်တိုးတက်ဖွံ့ဖြိုးရေး အကျင့်ကို လေ့ကျင့်ရသည်။ ဤအလေ့အကျင့်သည် ဘုရားလောင်း၏ ကိုယ်လုံဆေး အကျင့် ဖြစ်သည်။ လောကဓံ ဘေးရန်ပေါင်းများစွာဖြင့် ပြည့်ကြပ် လွှမ်းအုပ်ထားသော လောကကြီး၌ လေးသင်္ချေနှင့် ကမ္ဘာတသိန်း သွားရမည်ဖြစ်သော ဗောဓိသတ္တသည်

ထိုဘေးဒဏ်တို့၏ နှိပ်စက်မှုကို ခံနိုင်ရည်ရှိအောင် ကိုယ်လုံဆေးဖေါ်ရသည်။ ထိုဘေး ရန်တို့ကို အသိမှန် ရင့်ကျက်မှသာလျှင် ခံနိုင်ရည်ရှိပေမည်။ ထို့ကြောင့် ပါရမီ ၁၀–မျိုးဖြင့် 'ဗုဒ္ဓတ္ထစရိယ' ကို ရှေ့ဦးစွာ လေ့လာရသည်။ အသိမှန် ရင့်သန်သော ကိုယ်လုံဆေးကို လက်ကိုင်ရရှိပြီးသောအခါ၊ ဒုတိယ 'ဉာတတ္ထစရိယ' ခေါ်သော ဆွေးမျိုးညာတိတို့၏ အကျိုးကို ဆောင်ရွက်သော အလေ့အကျင့်ပြုရသည်။ ဘုရား အလောင်းသည် လောက၏ သဘာဝကိုလည်း နားလည်သည်၊ မိမိ၏အစွမ်းသတ္တိ ပြည့်စုံမှုကိုလည်း သိသည်။ အရေးကြီးလျှင် သွေးနီးရာချိသည် ဟူသော မြန်မာတို့ ၏ စကားပုံအရ၊ ဘုရားလောင်းသည် သူတပါးတို့၏အကျိုးကို ဆောင်ရွက်မည်ဖြစ် လေရာ၊ ဆွေးမျိုးတော်စပ်သူ့ ဆွေမျိုးမတော်စပ်သူဟု လူလောကကို ၂–မျိုးခွဲခြား လိုက်သည်။ ဆွေမျိုးတို့၏ အကျိုးကိုသာလျှင် အဓိကထား၍ ရှေ့ဦးစွာ ဆောင်ရွက် ခြင်းသည် လောက၏ ဓမ္မတာ သဘာဝကို သိခြင်းဖြစ်သည်။ မိမိ၏အသိမှန်တိုးတက် သော ကိုယ်လုံဆေးသည် ဆွေမျိုးတစုလောက် အတွက်သာလျှင် ဆောင်ရွက်နိုင်သေး သည်။ များလွန်းသော အခြား သတ္တဝါအတွက် ဆောင်ရွက်နိုင်စွမ်း မရှိသေးဟု မိမိ၏ ဥဏ္ဏုပမာဏဖြင့် ညာတတ္ထစရိယကို ဒုတိယ အဆင့်ထားကာ လေ့ကျင့်မှု ပြုခဲ့လေသည်။ တတိယ အဆင့်မှာ 'လောကတ္ထစရိယ' ဖြစ်လေသည်။ ဆွေမျိုးတော် စပ်သည်ဖြစ်စေ၊ မတော်စပ်သည် ဖြစ်စေ၊ အများသတ္တဝါတို့ ကောင်းစားရေး ဖြစ်ခဲ့လျှင်၊ မိမိ၏ အသက်စည်းစိမ်ကို စွန့်လွှတ်လိုက်ရမှု မက နောက်ကာလ၌ ကျရောက်သမျှ သဘာဝဒဏ်တို့ကို ခံယူမည် ဟူသော အလေ့အကျင့် ဖြစ်သည်။

ပါရမီ ၁၀ ပါးဖြင့် ဤအကျင့် ၃ ဆင့်ကို အစဉ်အတိုင်း လေ့ကျင့်ခဲ့ရာ၊ ဒုတိယအဆင့်နှင့် တတိယအဆင့်တွင် လောကနှင့် ဓမ္မတို့၏ ဆန့်ကျင်သော လုပ်ငန်း ကိစ္စတို့ကို ဘဝတိုင်း ဘဝတိုင်းလိုလို၊ မကြာမကြာ တွေ့ကြုံတိုက်ဆိုင်ရလေသည်။ ယင်းသို့တိုက်ဆိုင်ရသောအခါ၊ ဗောဓိသတ္တသည် ဓမ္မဘက်သို့ မလိုက်နာဘဲ၊ လောက တရားဘက်သို့ လိုက်နာ လေ့ကျင့်ခဲ့သည်။ တေမိမင်းဘဝသို့ မရောက်မီ၊ ဥဿဒ ငရဲ၌ အနှစ်ရှစ်သောင်း ခံစားရခြင်းသည် ဘုရားလောင်း၏ ကိုယ်ကျင့်ပျက်ခြင်း ကြောင့်ဖြစ်သော်လည်း၊ မိမိ တကိုယ်တည်းသော အကြောင်းဖြင့် ကိုယ်ကျင့်ပျက် စီးခြင်းမဟုတ်၊ တိုင်းသူပြည်သားအများတို့၏ ချမ်းသာ ကောင်းစားရေး အတွက် မိမိကိုယ်ကို ငရဲကျလောက်အောင် အနစ်အနာခံယူကာ၊ လူဆိုး,ခိုးသား, လူ မတ ရားစုတို့ကို သုတ်သင်သတ်ဖြတ်ပေးလေသည်။ ဤကိစ္စ၌ ဘုရားလောင်းသည် မိမိ၏ ရည်ရွယ်ချက်ထမြောက်အောင် ဓမ္မဘက်သို့ မလိုက်ဘဲ၊ လောက၏ သမုတ်မှန်တရား ဘက်သို့ (ဝါ) လူတို့ပြုထားသော ဥပဒေ သဘောဘက်သို့ လိုက်နာဆောင်ရွက် ခဲ့လေသည်။ ဤသို့ မိမိကိုယ်ကောင်းကြီးကို မငဲ့ကွက်ဘဲ၊ အများကောင်းစားရေး အတွက်၊ ပစ္စုပ္ပန်–တမလွန် အကျိုးတို့ကို စွန့်လွှတ်ရခြင်းသည် ညာတတ္ထစရိယနှင့်

လောကတ္တစရိယ ကျင့်သူတို့၏ လုပ်ထုံးလုပ်နည်းဖြစ်လေသည်။ ဤကဲ့သို့ ဆောင်ရွက်လိုက်နာသဖြင့် တိုင်းပြည်အုပ်စိုးခြင်းကိုပင်၊ 'ဓမ္မေန သမေန ရဇ္ဇံ ကာရေတိ' တရားဖြင့် တိုင်းရေး ပြည်မှုကိစ္စကို ဆောင်ရွက်သည်ဟု ခေါ်ရသည်။ ဆိုလိုရင်း အဓိပ္ပါယ်မှာ လူတို့သည် မိမိတို့အဓိကထားသော ပန်းတိုင်သို့ရောက်အောင် တရားသည်ဖြစ်စေ၊ မတရားသည် ဖြစ်စေ၊ ပြုလုပ် ပြီးစီးအောင် ဆောင်ရွက် ခြင်းသည် လောကဓမ္မတာ ဖြစ်သည်ဟု ဆိုလိုသည်။ မိမိတို့ ကြိုက်နှစ်သက်သလို ဆောင်ရွက်နိုင်ကြသည်။ လောက၌ ဓမ္မ, အဓမ္မ–တရား, မတရား, တို့ကို အမှန်အတိုင်း သိရန်သာ အရေးကြီးသည်။ ဆောင်ရွက်မှုကိစ္စမှာ ဆောင်ရွက်လိုသူ ပုဂ္ဂိုလ်သာလျှင် ပဓါနဖြစ်လေသည်။

ထို့ကြောင့် စီးပွားရေးစသော လောကီကိစ္စတို့ ပြည့်စုံမှုအတွက်၊ တရားသည်, မတရားသည်ကို ဂရုမထားဘဲ၊ တိုက်ဆိုင်သော အခွင့်၌ အခွင့် အားလျော်စွာ ပယောဂ ဟူသော ဝီရိယနှင့် အသိဉာဏ်ကို သင့်တော်သလို အသုံးပြုသွားလျှင်၊ ကောင်းကံတို့၏အကျိုးတို့သည် ပေါ်လာထင်ရှားနိုင်ကြလေသည်။

## ၄။ ဂတိသမ္ပတ္တိ

မိမိတို့၏ ပဋိသန္ဓေသည် ကောင်းရာ, မကောင်းရာ ၂–မျိုးဖြစ်လေရာ၊ လူ နတ် စသော ကောင်းရာဂတိသည် သမ္ပတ္တိဖြစ်၏။ တိရစ္ဆာန်, ပြိတ္တာ စသော မကောင်းသော ဂတိသည် ဝိပ္ပတ္တိဖြစ်၏။ သမ္ပတ္တိဖြစ်သော ဂတိနှင့် ပြည့်စုံ့တွေ့ကြုံခွင့်သည် ကုသိုလ်ကံတို့၏ အကျိုးပေးခွင့် အားကြီးသည်။ အကုသိုလ်ကံ၏ အကျိုးကို တားမြစ် ပိတ်ပင်နိုင်ကြသည်။ ဝိပ္ပတ္တိ ဖြစ်သော ဂတိနှင့် ပြည့်စုံခိုက် ဖြစ်လျှင်၊ အကုသိုလ်ကံတို့၏ အကျိုးပေးခွင့် အားကြီးသည်။ ကုသိုလ်ကံတို့၏ အကျိုးပေးခွင့်ကို ပိတ်ပင်တားမြစ် နိုင်သည်။

မနုဿဂတိ ခေါ်သော လူ့ဘုံသည် ထူးခြားသော ဘုံဖြစ်သည်။ ကောင်းသော ဂတိဟု ဆိုရသော်လည်း၊လူချမ်းသာ, လူဆင်းရဲ စသဖြင့် အတန်းခွဲခြားသော ဘုံဖြစ်သည်။ မဟာကုသိုလ်ကံ၏ အကျိုးပဋိသန္ဓေဖြစ်၍၊ကောင်းသော ဂတိဟု ဆိုရသော်လည်း၊ ရောက်ရှိသောဂတိ၌ မိမိတို့၏ အခြေအနေကို ဉာဏ်, ဝီရိယဖြင့် ပြုပြင်သွားလျှင်၊ ဆင်းရဲသူလည်း လူချမ်းသာဖြစ်နိုင်သည်။ လူမိုက်လည်း လူလိမ္မာ ဖြစ်နိုင်သည်။ ပညာမဲ့သူလည်း ပညာရှိဖြစ်နိုင်သည်။ အဘယ်ကြောင့် ဆိုသော်၊ လူကမ္ဘာသည် 'ဉဋ္ဌာနဖလူပဇီဝီ' ခေါ်သော သတ္တဝါအဆင့်၌ ပါဝင်သောကြောင့် ဖြစ်သည်။ ကံသက်သက်မဟုတ်ဘဲ၊ ဝီရိယ–ပညာတို့ ပေါင်းစပ်ဘဲ့ယှဉ်ကာ အသက်မွေးမှု ပြုကြရသော သတ္တဝါမျိုး ဖြစ်သောကြောင့်ဟု ဆိုလိုသည်။

မနုဿဂတိ၌ ဝိရိယနှင့် ဉာဏ်ပညာသည် အရေးကြီးသော သခါရလုပ်သား ၂-မျိုးဖြစ်သည်။ ကံကိုချည်းသက်သက် အားကိုးနေလျှင်၊ လက်ရှိဘဝ၌ လူတန်းမစေ့ လူစဉ်မမှီ ဖြစ်ရလေသည်။ လက်တွေ့ ဘဝဖြစ်စဉ်ကို ကြည့်လျှင်၊ အတိတ်ကံသည် အခွင့်အားလျော်စွာ လူမတို့၏ဝမ်းတိုက်သို့ လူဖြစ်ရန် ပဋိသန္ဓေနှင့် ကမ္မဇရုပ်တို့ကို ဖန်တီးပေးလိုက်သည်။ ပဋိသန္ဓေ ရုပ်နာမ်တို့ကို ဖန်တီးပေးသော ကိစ္စ ပြီးဆုံးသည်နှင့် တပြိုင်နက်၊ အတိတ် ဇနကကံ၏ ကိစ္စ ပြီးပြတ်လေပြီ။ ပဋိသန္ဓေ နောင်ပဌမ ဘဝင်စိတ်မှ အစပြု၍၊ စုတိ တိုင်အောင်သော အချိန်ကာလ အတွင်း၌ ဆောင်ရွက်ဘွယ် အမျိုးမျိုးတို့ကို ပဋိသန္ဓေ ကံက မဆောင်ရွက်တော့ပေ။ အခြားကံတို့၏ အထောက်အပင့်၊ စိတ်, ဥတု, အာဟာရတို့၏ အထောက်အပင့်တို့ဖြင့် ယောကျာ်း-မိန်းမ ခေါ်သော ခါတ်အစုသည် တဖြေးဖြေး ထွားကြိုင်းကြီးရင့်လာကြရသည်။ အခြားကံတို့ကိုလည်း ကိုယ်တိုင်မသိရသောကြောင့်၊ ဘယ်ကံဟု အားမကိုးနိုင်ပေ။ ရမ်းဆသော အားဖြင့် ကံတရားဟုသာ ယုံကြည်ချက်ဖြင့် အားကိုးနေကြလေသည်။

မနုဿဂတိ၏ ဓမ္မတာအတိုင်း ယဉ်ကျေးမှုများ ဖြစ်ထွန်း ပေါ်ပေါက်နေကြရာ၊ ဂတိ၏ထုံးတမ်းသို့ လိုက်ကာ၊ မသိသော ကံတို့၏ အကျိုးတို့ကို ခံယူနေကြသော လူသတ္တဝါတို့သည် မိမိတို့၏ အခြေ အနေ အတိုင်းကို မရောင့်ရဲ မတင်းတိမ်နိုင်ကြပေ။ မတင်းတိမ်နိုင်သော လောဘတရား၏ ဟေတု ဥပနိဿ သတ္တိတို့ဖြင့် ပစ္စည်း ဉစ္စာ, အတတ်ပညာတို့အတွက် အားထုတ်သော ဝိရိယ ထင်ရှားလာသည်။ ယင်းဝိရိယသည် ဉစ္စာနှင့်အတတ်ပညာတို့ ရရန်အတွက် ဆောင်ရွက် ပေးရလေရာ၊ အတတ်ပညာနှင့် ရရှိသော ဉစ္စာ ပစ္စည်း တို့သည် ဝိရိယ၏ အကျိုးတရားတို့ ဖြစ်ကြသည်။

ကလေးသူငယ်တို့သည် မွေးစဉ်ကဘာမျှမပါရှိခဲ့ပေ။မနုဿဂတိ၏ ယဉ်ကျေးမှုအရ အတတ်ပညာ သင်ကြားခြင်း၊ ပစ္စည်းဉစ္စာ ရှာဖွေခြင်း စသည်တို့ကို လုံ့လဝိရိယတို့ဖြင့် အားထုတ်၍ ရအောင် ဆောင်ရွက်ကြရလေသည်။ အားထုတ်၍ရအပ်သော အတတ်ပညာဖြင့် အသိပညာလည်း တိုးတက်လာသည်။ ရရှိစုဆောင်းမိသော ပစ္စည်းဉစ္စာဖြင့် အသိပညာလည်း တိုးတက်လာရာ၊ အတတ်ပညာ, အသိပညာနှင့် ဉစ္စာပစ္စည်းတို့ကို ရရှိအောင် စုဆောင်းရာ၌ ပါဝင်သော စိတ်အားထက်သန်မှု, မထက်သန်မှုသည် လက်ရှိဘဝ၌ ပြုလုပ်သော ကံတရားဖြစ်သည်။ အတတ်ပညာတတ်ပြီး စာမေးပွဲအောင်မြင်ခြင်းသည် အတတ်ပညာအတွက် ဆောင်ရွက်ပေးသော ဝိရိယ၏ ကိစ္စလုပ်ငန်း ပြီးခြင်းဖြစ်သည်။ အခြားကိစ္စတို့ကို ဆောင်ရွက်ရန် ဝိရိယ ရှိလာရပြန်သည်။ ဤအခြင်းအရာ အားလုံးတို့သည် လက်ရှိကိုယ်ကောင်ကြီး၌ လက်တွေ့ သခ်ၤာစာချား ဖြစ်ကြသည်။ ဗုဒ္ဓဘာသာဝင် တို့သည် မိမိတို့ ပြောဆိုနေကြ

သော ကံ,ဥာဏ်,ဝိရိယ ခေါ်သော သင်္ခါရလုပ်သားတို့၏ သဘောကို အခွင့်ကောင်း ဖြစ်သော ယခုအခါမှာ ကျနသေချာစွာ လေ့လာသင့်ပေသည်။ ကံသဘောတရားသည် အလွန်သိမ်မွေ့နက်နဲ လွန်းသဖြင့် ငါးဒွါရအသိဖြင့် မသိနိုင်။ အကျိုးနှင့် အကြောင်းတို့ကို စံနစ်တကျ ဆက်သွယ်ပေးတတ်သော ပညာမျက်စိဖြင့်သာလျှင် သိနိုင်သော သဘောတရားဖြစ်သည်။ ဝိရိယမှာ ကံသဘောတရားထက် ပေါ်လွင် ထင်ရှား နေပါသည်။ ပညာ သဘောတရားလည်းဝိရိယ ကဲ့သို့ ပေါ်လွင် ထင်ရှားနေပါသည်။ ဝိရိယနှင့် ပညာတို့သည် ကံတရားအသစ်သစ်တို့ကိုလည်း ဖြစ်ပေါ်အောင် ဆောင်ရွက်ပေးကြသည်။ ထိုကံတရားတို့၏အကျိုးတရားတို့ကို မိမိတို့၏ အကျိုးတရားများနှင့် တွဲဘက်ကာ ပေါ်လွင်ထင်ရှားစေပါသည်။ ပစ္စုပ္ပန် အားထုတ်သော ဝိရိယနှင့် ပညာတို့သည် အဟောင်းအဟောင်း ကံတရားတို့၏ အကျိုးတရား ဖြစ်ပေါ်လာအောင် အခွင့်ကိုလည်း ပြုလုပ် ဆောင်ရွက် ပေးကြပါသည်။ အတိုချုပ်မှာ ဝိရိယနှင့် ပညာတို့သည် ကံနှင့် အကျိုးဝိပါက၏ဖြစ်ပေါ်ရာ သွားလာရာ လမ်းကြောင်းများ ဖြစ်ကြပေသည်။

ထို့ကြောင့် မနုဿဂတိသို့ ရောက်ရှိနေကြသော ယောကျ်ား–မိန်းမ ခေါ်ဓါတ်အစုသည် မိမိတို့လက်ရှိ ရရှိထားသော လူ့ဘဝကို ဝိရိယ ပညာတို့ဖြင့် ပြုပြင်သွားပါလျှင်၊ လူတန်းစေ့ အခြေအနေဖြင့် လူ့ကိစ္စတို့ကို ဆောင်ရွက် နိုင်ကြပေလိမ့်မည်။

သတိပြုရန်မှာ–အကုသိုလ် သင်္ခါရ လုပ်သားတို့သည် ကောင်းစွာ အပြော်ကင်းသော စည်းကမ်းစံနစ်မရှိပါ။ ဤကိုယ်ကောင်ကြီးတွင် အာရုံအမျိုးမျိုးတို့နှင့် ကြုံကြိုက် တိုက်ဆိုင်လာသောအခါ၊ စည်းကမ်းမဲ့သော လောဘ,ဒေါသ,မောဟတို့ ခေါင်းဆောင် သင်္ခါရ လုပ်သားစု ပေါ်လာတတ်ကြသည်။ မနုဿဂတိ၏ ယဉ်ကျေးမှု သဘောတရားများနှင့် သဘာဝတို့၏ ဓမ္မ–အဓမ္မ, တရားသည်–မတရားသည်တို့ကို သိထားပြီး ဖြစ်ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ထိုသို့ ပေါ်လာသော အကုသိုလ် လုပ်သားတို့ကို သတိတရား ရှေ့ထားလျက်၊ ဝိရိယ, ပညာတို့ ခေါင်းဆောင်သော စိတ်အစဉ် တို့ဖြင့် နိုင်အောင် နှိမ်နင်း သတ် ဖြတ်, ပယ် ဖျက်၍၊ ဗုဒ္ဓ တပည့် အဖြစ်ဖြင့် မိမိတို့၏ 'ပစ္စတ္တပုရိသာကာရ' လူတို့၏ စွမ်းရည်တို့ကို ပြနိုင်ကြရန် နှိုးဆော်ပါသတည်း။

ဖေါ်ပြခဲ့သော ကံတို့၏ အကျိုးပေးခွင့် သမ္ပတ္တိ ၄–မျိုး၊ ဝိပ္ပတ္တိ ၄-မျိုး၊ ပေါင်း ၈–မျိုး ဖြစ်လေရာ၊ သမ္ပတ္တိသည် ကုသိုလ်ကံ အကျိုးပေးခွင့် -၄၊ အကုသိုလ်ကံ အကျိုးပိတ်ပင်ခွင့်-၄-၊ ပေါင်း သမ္ပတ္တိအခွင့် ၈ မျိုး။ ထို့အတူ ဝိပ္ပတ္တိ

သည် အကုသိုလ်ကံ အကျိုးပေးခွင့်-၄၊ ကုသိုလ်ကံ၏ အကျိုးပိတ်ပင်ခွင့် ၄-ဟု စုစု ပေါင်း ၁၆-မျိုးဖြစ်သည်။ ထိုအခွင့် ၁၆—မျိုးတို့ကို သတိ, ဝိရိယ, ပညာတို့ဖြင့် သိအောင် လေ့လာ၍၊ ကံ၏အကျိုးတို့ကို ခံစားနိုင်, ရှောင်ကွင်း နိုင်ကြသည်။ ဗုဒ္ဓကိုယ်တော်နှင့် အရှင်မောဂ္ဂလာန် တို့ပင် ကံ၏အကျိုးတို့ကို မရှောင်လွှဲနိုင်ဟု သူပြောလူပြောကို ယုံကြည်ကိုးစား၍ မေ့မထားကြပါလေလင့်။ ရှောင်ကွင်းလို့ ရသောကံ၊ ရှောင်ကွင်းလို့ မရသောကံတို့ကို ဆင်ခြင်ပါလေ။

## ကံ ၁၂ မျိုး အကြောင်း

အဟောသိကမ္မံ=ကံတရားဖြစ်ပေါ်ပြီးပြီ။

၁။ အဟောသိကမ္မ ဝိပါကော=ထိုကံ၏အကျိုး ဖြစ်ပေါ်ပြီးပြီ။

၂။ နဟောသိကမ္မ ဝိပါကော=အကျိုးတရား မဖြစ်ပေါ်သေး။

၃။ အတ္ထိကမ္မ ဝိပါကော =အကျိုးတရား ဖြစ်ပေါ်ဆဲရှိသည်။

၄။ နတ္ထိကမ္မ ဝိပါကော =အကျိုးတရား ဖြစ်ပေါ်ဆဲမရှိ။

၅။ ဘဝိဿတိကမ္မ ဝိပါကော=အကျိုးတရား ဖြစ်ပေါ်လိမ့်မည်။

၆။ နဘဝိဿတိကမ္မ ဝိပါကော=အကျိုးတရား ဖြစ်ပေါ်လိမ့်မည်မဟုတ်။

ဤကား အတိတ်ကာလ အတွက် ကံ ၆—မျိုး။

အတ္ထိကမ္မံ=ကံတရား ဖြစ်ရှိသည်။

၁။ အတ္ထိကမ္မ ဝိပါကော=အကျိုးတရား ဖြစ်ဆဲ။

၂။ နတ္ထိကမ္မ ဝိပါကော=အကျိုးတရား မရှိ။

၃။ ဘဝိဿတိကမ္မ ဝိပါကော=အကျိုးတရား ဖြစ်လိမ့်မည်။

၄။ နဘဝိဿတိကမ္မ ဝိပါကော=အကျိုးတရားဖြစ်မည်မဟုတ်။

ဤကား ပစ္စုပ္ပန်ကာလ ကံတရားအတွက် ၄-မျိုး။

ဘဝိဿတိ ကမ္မံ=ကံတရား ဖြစ်ပေါ်လိမ့်မည်။

၁။ ဘဝိဿတိကမ္မ ဝိပါကော=ထိုအကျိုးတရား ဖြစ်ပေါ်လိမ့်မည်။

၂။ နဘဝိဿတိကမ္မ ဝိပါကော=ထိုအကျိုးဖြစ်ပေါ်လိမ့်မည်မဟုတ်။

ဤကား အနာဂတ်ကာလ ကံအတွက် ၂-မျိုး။

ဤဖော်ပြသော ကံ ၁၂-မျိုးသည် ကာလ ၃-ပါးဖြင့် ခွဲခြားထားသော်လည်း၊ ပစ္စုပ္ပန် လက်ရှိ ဘဝ၌ ဆောင်ရွက်နေသော သင်္ခါရကံ, အဘိသင်္ခါရကံ, ကမ္မပထဖြစ်သော ဘဝကံတို့ကို မိမိတို့၏ ဉာဏ်အားလျော်စွာ ဝေဘန်နိုင်ကြလေသည်။ ပြဆိုခဲ့သော နည်းတို့ဖြင့် ကမ္မဿကတဉာဏ် ရောက်လျက်၊ ရင့်သန်တိုးတက်ပြီးလျှင်၊ ဒိဋ္ဌဇု ကမ္မ ဟူသော မိမိ၏ ယူဆချက်တို့ကို သန့်ရှင်း စင်ကြယ်အောင် ရွက်ဆောင်နိုင်ကြ ပါစေသတည်း။

## အဘိသင်္ခါရ ကံတို့ကို သတ်သောကံများ

မြန်မာတို့၏ အင်္ဂရိပ်စကား,ဆေးပညာစကားတို့၌၊ ဓါတ်ကို ဓါတ်ချင်းသတ်ဟူသော စကား ရှိလေသည်။ ထိုစကားသည် ဗုဒ္ဓအဘိဓမ္မ ပညာအရ မှန်ကန်သော စကားဖြစ်သည်။ နေ့စဉ်နေ့စဉ် အချိန်မရွေး ဓါတ်တို့သည် ဓါတ်ချင်း သတ်နေကြသည်၊ ပယ်နေကြသည်။ အားကြီးသောဓါတ်က နိုင်သည်။ အားသေးသောဓါတ်က သေရသည်။ မသေလျှင် ခွါရှောင်နေရသည်။ မြန်မာဆေးပညာအရ အနာရောဂါဓါတ်တို့ သေအောင် သို့မဟုတ် ခွါရှောင်ထွက်ပြေး သွားအောင် အစာဓါတ်, ဆေးဓါတ်, အနေအထိုင် ဣရိယာပုထ်ဓါတ်တို့က သတ်ကြ ပယ်ကြ ဖြတ်ကြသည်။ ပညတ်ကို ဆေးကုနေသည် မဟုတ်ပေ။ ပရမတ်အစု အနာတို့ကို ပရမတ်အစု ဆေးတို့ဖြင့် ဆရာဟု ခေါ်ကြသော ပရမတ်အစုတို့က သင်္ခါရ,အဘိသင်္ခါရ ပညတ် အမူအရာတို့ဖြင့် ကုစားနေကြခြင်း ဖြစ်လေသည်။

ဆိုခဲ့ပြီးသော သင်္ခါရကံမျိုး, အဘိသင်္ခါရကံမျိုး, ဘဝကံမျိုးတို့သည် တဏှာဒိဋ္ဌိတို့နှင့် အတူတကွ ဖြစ်သောကံ၊ အတူတကွ မဖြစ်ရလျှင်လည်း ထိုတဏှာ ဒိဋ္ဌိတို့၏ အားကြီးသော လောင်းရိပ် ဥပနိဿယသတ္တိတို့ဖြင့် ဖြစ်ပေါ်ကြရသော ကံတို့သာလျှင် ဖြစ်ကြသောကြောင့်၊ သံသရာ စက်ရဟတ်တဲ၌ အဆက်မပြတ် တသတ်သတ်လည်ကာ အို, နာ, သေ, ဖြစ် တို့ကို ဆောင်ရွက်နေကြရသည်။

သင်္ခါရလုပ်သားဖြစ်သော ပညာစေတသိက်နှင့် ယှဉ်သွဲသော အသိသည်၊အို, နာ, သေ, ဖြစ်တို့ ထပ်တလဲလဲ ဖန်ခါခါ ဖြစ်ပေါ်နေရခြင်းကို ငြီးငွေ့လာသည်၊ စက်ဆုတ် လာသည်။ အို, နာ, သေ,ဖြစ် စက်ကွင်းမှ လွှတ်ကျွတ် ချင်လာသည်။ ထို အို,နာ,သေ,ဖြစ်တို့မှ ကျွတ်လွှတ်လိုသော သင်္ခါရ လုပ်သားတို့ကို ရှာဖွေသော အခါ၊ ဗောဓိပက္ခိယ အသင်းသားဖြစ်ကြသော သင်္ခါရလုပ်သား ၁၄—ပါးတို့သည်

သဘာဝအားဖြင့် ပေါင်းစပ်ဆက်သွယ်မိ လာကြသည်။ ထိုဗောဓိပက္ခိယ အသင်းဝင် လုပ်သားတို့သည် ဌာန ၇ မျိုး, လုပ်ငန်း ၃၇–မျိုး ခွဲခြားလျက်၊ သံသရာမှ ထွက်မြောက်ရေး လုပ်ငန်းတို့ကို ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်ကြရာ၊ ဗောဇ္ဈင် လုပ်ငန်းကို ဆောင်ရွက်ကြသော ဗောဓိပက္ခိယလုပ်သား ၇–ပါး၊ မဂ္ဂင်လုပ်ငန်းကို ဆောင်ရွက်ကြသော ဗောဓိပက္ခိယလုပ်သား ၈–ပါး၊ ပေါင်း ၁၅–ပါးသော လုပ်သားတို့သည် အဘိသင်္ခါရကံ တဏှာ ဒိဋ္ဌိတို့၏ ကျွန်အဖြစ်ခံယူနေကြသော ကံဓါတ်တို့ကို ပယ်ကြ, သတ်ကြ, ဖြတ်ကြရာ၌ ကံအမည်ကို ခံယူကြသည်။ ထို့ကြောင့် ဗောဓိပက္ခိယတွင် ဗောဇ္ဈင်နှင့် မဂ္ဂင်တို့သည် ကံသတ်သမားများ ဖြစ်ကြသည်။ သူတို့သည် ပါရမီကံဓါတ်ကိုလည်း ပြုစုပျိုးထောင်ကြသည်။ ဤသို့လျှင် ကံအမည်ခံ သင်္ခါရလုပ်သား ၂၂–မျိုး ရှိကြလေသည်။

အထက်က ပြဆိုခဲ့သော သင်္ခါရ လုပ်သားတို့ အကြောင်းကို လေ့လာသောအားဖြင့် ဤကိုယ်ကောင်သည် သင်္ခါရ လုပ်သားတို့သာလျှင် ဖြစ်ကြသည်။ ငါ, သူ တပါး, ယောကျ်ား–မိန်းမ, ဆင်, မြင်း, ကျွဲ, နွား, စသည် တို့သည် သင်္ခါရ လုပ်သားတို့၏ အစုကို အစွဲအမှီပြုကာ သိစိတ်၌ ပေါ်လွင်ထင်ရှားကြသော ပညတ် တရားတို့သာ ဖြစ်ကြသည်ဟု ရှေးဦးစွာ ပရမတ် ပညတ်တို့၏ သဘော တရားကို ခွဲခြား အသိလုပ်ရမည်။ သက်ရှိ ဝတ္ထုဖြစ်သော ဤကိုယ်ကောင်ကြီး သည် ကံတရား ဖန်တီး ပေးလိုက်သော သင်္ခါရ, နာမ် ရုပ် လုပ်သားတို့ဖြင့်၊ မိခင်၏ ဝမ်းတိုက်၌ စတင် ဖြစ်ပေါ် ကြီးထွားသည်ကိုလည်း မကြာမကြာ သတိ ပြုရမည်။ ဤကိုယ်ကောင်ကြီး၌ ပေါ်လွင်ထင်ရှား နေကြသော ကိုယ်နှုတ် အမူ အရာတို့သည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ သင်္ခါရလုပ်သားတို့၏ ပင်ကိုယ် သဘောမှ ရွေ့လျော ဖေါက်ပြန်ကြသော ဝိကာရ ပညတ်တို့သာလျှင် ဖြစ်ကြသည် ဟု မကြာမကြာ နှလုံးသွင်းရမည်။

တဖန် ရုပ်သင်္ခါရ လုပ်သားတို့၏ ကမ္မပစ္စယ, ဥတု, အာဟာရတို့မှ အစပြုကာ အရာဝတ္ထုတို့ စုပေါင်းတည်နေရာ၊ ဩကာသ လောကကြီး သည်လည်း အသက်ခေါ် သော ဇီဝိတရုပ်တရား မရှိသော်လည်း၊ အကြောင်း တရားတို့ စုပေါင်းကြသည့် အားလျော်စွာ တဆင့်ထက်တဆင့် ကြီးရင့် ထွားကိုင်း လာကြသော သင်္ခါရ လုပ်သား အစုတို့သာလျှင် ဖြစ်ကြသည်ဟု တွေ့တိုင်းမြင်တိုင်း ဆိုသလို စဉ်းစား ဆင်ခြင်ရမည်။ မော်တော်ကား, လှည်း, ရထား စသည်တို့ကို စီးတိုင်း ဆင်ခြင် စဉ်းစား ပေးရမည်။

ဤသို့ သင်္ခါရလုပ်သား ၇၁–မျိုး တို့သည်သာလျှင်၊ အဟုတ် တကယ်ရှိ၍ အမြဲ မပြတ် ပေါ်နေကြသည်။ ပညတ် သဘောတရားတို့သည် အဟုတ် တကယ်

မရှိပါဘဲလျက်၊ စိတ်သီလွဲမှားခြင်း သာလျှင် ဖြစ်သည်ဟု မကြာမကြာ ဆင်ခြင် လေ့လာပါလျှင်၊ သင်္ခါရ သဘောတရား တို့၌ သာလျှင် သိစိတ်သည် ဝင်စား တည်နေပေလိမ့်မည်။ ဤသို့ သင်္ခါရ သဘောတရား ဝင်းခြံ စည်းဝိုင်း အတွင်းမှ အပြင်အပ ပညတ်တရားသို့ ထွက်မသွားဘဲ တည်နေလျှင်၊ ဝိပဿနာ လုပ်ငန်း အတွက် ဥပစာရ သမာဓိ အခြေအနေသို့ ရောက်နေခြင်း ဖြစ်တော့သည်။ ပရ မတ် အာရုံ အမျိုးမျိုးသို့ ရောက်နေခြင်း ဖြစ်တော့သည်။ ပညတ်အာရုံ အမျိုး မျိုးသို့ ပြေးလွှား သွားလာနေသော စိတ်ကို ပရမတ်တို့၏ စည်းဝိုင်း အတွင်း၌ အကျယ်ချုပ် ထားလို့ရနေပြီဟု ဆိုလိုသည်။

## သင်္ခါရတို့၏ လုပ်ငန်း အကျဉ်းချုပ်

သင်္ခါရ လုပ်သားတို့သည် ရှေ့ဦးစွာ သင်္ခါရလောကကို အဝိဇ္ဇာသင်္ခါရ တို့ဖြင့် စတင် တည်ဆောက်ကြသည်။ အဝိဇ္ဇာသည် ကိလေသဝဋ္ဋ ဖြစ်ပေါ်အောင် ဆောင်ရွက်သည်။ သင်္ခါရ ခေါ်သော စေတနာအနုသည် ကမ္မဝဋ္ဋ ဖြစ်ပေါ်အောင် ဆောင်ရွက်သည်။ ဤသို့ ဆောင်ရွက်လျက် အဝိဇ္ဇာသည် 'ထာမဂတ' ခေါ် အားရောက် ရှိလာသည်။ သူသည် ထကြွ, သောင်းကျန်းမှု ဆောင်ရွက်ရန် အခွင့်ကို ရှေ့ရှု လျက် ကိန်းဝပ်သော 'အနုသယ' အခြေသို့ ရောက်သည်။ အမှတ်မထင်သော ဓမ္မာရုံ မျိုးနှင့် တွေ့ကြုံခိုက်၊ ထကြွသောင်းကျန်းခွင့် ရ၍ ကိလေသဝဋ္ဋ လုပ်သားတို့ဖြင့် စတင် ရုပ်လုံးကို ဖော်ပြသော အစုဖြစ်သည်။ ဥပစယသည် တကြိမ်တည်း ဖြစ် ပေါ်လေ့မရှိ၊ အကြိမ်ကြိမ် အဖန်ဖန် ဆက်ကာ ဆက်ကာ ဖြစ်ပေါ်ရသည်။ ဤသို့ဖြစ်ပေါ်ရခြင်းသည် သင်္ခါရ လုပ်သားတို့၏ ဓမ္မနိယာမ ဖြစ်သည်။ ဥပစယ၏ ရုပ်လုံးသည် ဆက်လက် ပေါ်လာသော အစဉ်သန္တတိ ထင်ရှားလာပြန်သည်။ ဤ သန္တတိဖြင့် သင်္ခါရ လောက၏ ဒုတိယ အကောင်အထည် ပေါ်ခြင်း ဖြစ်သည်။ သင်္ခါရတို့၏ ရုပ်လုံးနှင့် အကောင်အထည်ကို ဥပစယ-သန္တတိတို့ဖြင့် ဖော်ပြကြသည်။ ဥပစယ ရောက်ခိုက် အကြောင်းဝိညာဏ်နှင့် အကျိုး ဝိညာဏ် ၂-မျိုးတွင် တမျိုးမျိုး သည် ပေါ်ဦးစပ် ထင်ရှားလာရသည်။

ဥပစယ ရောက်သောအခိုက်၊ သင်္ခါရလုပ်သား ဓါတ်တို့သည် အာယတန သဘော, အာယတန အမည်ဖြင့် ပေါ်လွင်လာကြသည်။ သန္တတိ အစဉ်တွင် ဓါတ် နှင့် အာယတန အမည်ခံ သင်္ခါရ လုပ်သားတို့သည် ခန္ဓာဟူသော အမည်တို့ဖြင့် ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ တို့ကို တည်ဆောက်ပြီးလျှင်၊ ဝိပါကဝဋ္ဋ ဟူသော အကျိုး သင်္ခါရ လုပ်သား အသစ်အသစ်တို့ကို ဖန်တီးကြသည်။ အကျိုးသင်္ခါရ လုပ်သားတို့

သည် အကြောင်း သင်္ခါရတို့ ဥပစယသို့ မရောက်မီက ရှိနှင့်ကြသည် မဟုတ်။ အကြောင်းသည် မိခင်–ဘခင်နှင့် တူ၍၊ အကျိုးသည် သားသမီးများနှင့် ဥပမာ-တူလေသည်။ ဖြစ်,အို,နာ,သေ တတ်သော အကြောင်းသင်္ခါရ၊ မိဘတို့က မွေးထုတ်ပေးသော သားသမီး အကျိုးသင်္ခါရတို့ သည်လည်း၊ ဖြစ်, အို, နာ, သေ သို့ပင် ရောက်ကြရမည်မှာ မလွဲနိုင်တော့ပေ။

သင်္ခါရလောက အစစ်ဖြစ်သော ဥပစယနှင့် သန္တတိတို့သည် ကလာပ ဥပစယ ကလာပ သန္တတိ၊ စိတ္တ ဥပစယ, စိတ္တသန္တတိ ဟု ၂–မျိုး ကွဲပြား ပေါ်လွင် ထင်ရှားကြသည်။ ကလာပနှင့် ကလာပ သန္တတိတို့သည် ပရမာဏု, အဏု, တဇ္ဇာရီ ရထမြူတို့မှ အစပြုလျက်၊ သတ္တ လောကနှင့် ဩကာသ လောက ထင်လာအောင် ရုပ်လုံး ဖေါ်ကြသည်။ အို,နာ,သေ,ဖြစ် ကိစ္စတို့ကို ကလာပ,ဥပစယ, သန္တတိ တို့က ဖေါ်ထုတ်ကြသည်။ သတ္တလောက၌ အနာရောဂါ အမျိုးမျိုးတို့ကို ကလာပ,ဥပစယ နှင့် သန္တတိတို့က ဖေါ်ထုတ်ကြသည်။ ဩကာသလောက၌ မခိုင်,ဆွေးမြေ့,အိုမင်း, ယိုယွင်း, ပျက်စီးခြင်းတို့ကို ကလာပ–သန္တတိတို့က ဖေါ်ထုတ်ကြသည်။ ဤသို့လျှင် ရုပ်လောကကြီး တခုလုံးတွင် ကလာပနှင့် သန္တတိတို့သည် အဖြစ်သဘောနှင့် အပြုသဘောကိုလည်း ဆောင်ရွက်သည်။ အပျက်သဘောနှင့် အဖျက်သဘောကိုလည်း ဆောင်ရွက်ကြလေသည်။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာ၌ ရုပ်သင်္ခါရ လုပ်သားတို့ကို တန်ဘိုးမထားပေ။ ရုပ်ဓါတ်တို့ကို 'တဖက်သတ် လူနာကြီး' 'အာတုရကာယ' ဟု ခေါ်သည်၊ ထို့ပြင် ကလာပနှင့် သန္တတိတို့သည် သင်္ခါရလောက၌ အောက်ပါ ကိစ္စ တို့ကိုလည်း ဆောင်ရွက်ပေးကြ သေးသည်။

နာမ်သင်္ခါရ လုပ်သားတို့၏ အစည်းအဝေး ပြုလုပ်ရန် တည်ရာ ဝတ္ထုကိစ္စ၊ နာမ်သင်္ခါရ လုပ်သားတို့ မှီတွယ်ကိုင်ဆွဲရန် အာလမ္ဗဏကိစ္စ၊ အပြင်အပမှ ကာမ အာရုံ ၅ -မျိုးတို့ ဝင်ရောက်စီးသွားရန် တံခါးပေါက် ဒွါရကိစ္စ တို့ကြောင့်၊ အဆင်း ဟူသော ကာမအာရုံ ရုပ်ဓါတ်အစုသည် မျက်စိအကြည် ဟူသော ရုပ်အစု တံခါး ပေါက်မှ ရှေ့ရှုကျရောက် စီးဝင်လာသောအခါ၊ မြင်သိ,ဝိညာဏ်နှင့် တကွ သင်္ခါရ လုပ်သား စေတသိက် တရားတို့သည် မျက်စိအကြည် ရုပ်အစုပေါ်မှာပင် စက္ခု ဝိညာဏ်စိတ် ဟူသော အမည်ဖြင့် အစည်းအဝေးပြုလုပ်ကာ၊ မြင်, ဟူသော ဒဿန ကိစ္စကို ဆောင်ရွက်ကြသည်။ ဤနည်း အတိုင်း အသံ–သဒ္ဒါရုံ၊ အနံ့–ဂန္ဓာရုံ၊ အရသာ–ရသာရုံ၊ အတွေ့–ဖေါဋ္ဌဗ္ဗါရုံ တို့သည် ဆိုင်ရာဆိုင်ရာ တံခါးပေါက်မှ စီးလာဝင်ရောက်ကြသောအခါ၊ ဆိုင်ရာဆိုင်ရာ ဝိညာဏ်တို့သည် မိမိတို့၏ အပေါင်း ပါ နာမ်သင်္ခါရ လုပ်သားများနှင့် စည်းဝေးလျက်၊ ကြားသိကိစ္စ,နံသိကိစ္စ,လျက်သိ ကိစ္စ, ထိသိကိစ္စ တို့ကို ဆောင်ရွက်ကြသည်။ ဟဒယ ခေါ်သော ဝတ္ထုရုပ် ဓါတ်အစု

သည် မနောဓါတ်-မနောဝိညာဏဓါတ်တို့၏ တည်ရာ စည်းဝေးရာ ဌာနအဖြစ် ဆောင်ရွက်သည်။ ဤဟဒယဝတ္ထုရုပ် ဓါတ်အစုသည် နှလုံးသား အတွင်းချိုင့်၌ တည်နေသော သွေးတို့ကို အစွဲပြုကာ၊ တဖြတ်ဖြတ် ဖြစ်ပေါ်နေသည်ဟု ပြောရိုးပြုကြသည်။ ဤသို့လျှင် ရုပ်သင်္ခါရ လုပ်သားတို့သည် ကလာပနှင့် သန္တတိ ရုပ်လုံးကို ဖော်ပြပြီးလျှင် မိမိတို့၏ ဆိုင်ရာကိစ္စတို့ကို ဆောင်ရွက်ကြသည့်အပြင်၊ နာမ်သင်္ခါရ လုပ်သားတို့ အတွက်လည်း အထောက်အပံ့ အကူအညီ ပေးလိုက်ကြ သေးသည်။

နာမ်သင်္ခါရ လုပ်သားတို့သည်လည်း ထုံးစံအတိုင်း ရှေ့ဦးစွာ ဥပစယ ရောက်သည်။ စိတ္တ ဟူသော အသွင်ဖြင့် ထင်ရှားသည်။ စိတ္တတို့သည်လည်း တန်းစဉ်သန္တတိ အသွင်ဖြင့် ဆက်လက်ဖြစ်ပေါ်နေကြရာ၊ ထိုသန္တတိ အစဉ်တွင် နာမ်သင်္ခါလုပ်သားတို့သည် အထက် ဖော်ပြခဲ့ပြီးသော ကိစ္စ ၁၄-မျိုးတို့ကို ဆောင်ရွက် ကြသည်။ အကြောင်းသင်္ခါရနှင့် အကျိုးသင်္ခါရ ၂-မျိုးတွင် အကြောင်းသင်္ခါရတို့သည် အလျင်ပေါ်ရိုး ထုံးစံဖြစ်သည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်၏ အစသည် အကြောင်းသင်္ခါရတို့သာလျှင် အလျင်ဆုံး ပေါ်လာထင်ရှား ကြရခြင်းဖြစ်သည်။ နာမ်သင်္ခါရ လောက၌ နာမ်သင်္ခါရလုပ်သားတို့သည် ပဋိသန္ဓေ,ဘဝင်,စုတိ,မြင်သိ,ကြားသိ,နံသိ, လျက်သိ, ထိသိ,ခံယူသိ,စူးစမ်းသိ, ဇောမှ ကျန်ရစ်သော အာရုံကိုသိ ဤ ၁၁-မျိုးဖြင့် အကျိုး ကိစ္စကိုဆောင်ရွက်ကြသည်။ လောကီ အကုသိုလ်ဇော, ကုသိုလ်ဇော တို့သည် အကြောင်းကိစ္စကို ဆောင်ရွက်ကြသည်။ မဂ် ၄-ပါး ဟူသော လောကုတ္တရာ ကုသိုလ်ဇောသည် အကြောင်းကိစ္စကို ဆောင်ရွက်သည်။ဖိုလ်စိတ် ၄-မျိုးသည် အကျိုးကိစ္စကို ဆောင်ရွက်ကြသည်။ မနောဒွါရ စိတ်အစဉ်၌ အာဝဇ္ဇာန်း အမည်ခံ ယူသော စိတ်သည် ပဉ္စဒွါရဝိထိ စိတ်အစဉ်၌ ဝုဋ္ဌော ဟူသော အမည်ကို ခံယူသည်။ဤစိတ်သည် ပဉ္စဒွါရဝိထိ စိတ်အစဉ်၌၊ ပစ္စုပ္ပန် အကျိုးဖြစ်သော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ စိတ်တို့နှင့် ပစ္စုပ္ပန်အကြောင်းဖြစ်သော ဇော-စိတ်တို့ကို ပေါင်းကူးတံတားသဘွယ် ဆက်သွယ်ပေးလျက်၊ အာရုံကို ဆုံးဖြတ်သော ကိစ္စကို ဆောင်ရွက်ပေးသည်။ အာဝဇ္ဇာန်း ၂-မျိုးနှင့် ဝုဋ္ဌော အမည်ခံ စိတ်တို့သည် အကြောင်းလည်း မဟုတ်၊ အကျိုးတရားလည်း မဟုတ်၊ ကုသိုလ်စိတ်လည်း မဟုတ်၊ အကုသိုလ် စိတ်လည်း မဟုတ်၊ အမူအရာ သက်သက်ကို ပေါ်လွင်စေသော ကြိယာစိတ်များ ဖြစ်ကြသည်။ ပုထုဇဉ်၌ ဖြစ်ပေါ်သော ကြိယာစိတ်ကို ဖော်ပြပါဟုမေးလျှင်၊ ဤစိတ် ၂-မျိုးကိုသာလျှင် ဖော်ပြနိုင်သည်။

ဤလက်ရှိ ကိုယ်ကောင်ကြီး၌ ကံ၏ အကျိုးတရားတို့ကို ဖော်ပြပါဟု မေးလျှင်၊ ဇောနှင့် အာဝဇ္ဇာန်း စိတ်တို့မှတပါး ကျန်ကိစ္စအားလုံးသည် ကံတရား၏ အကျိုးများသာ ဖြစ်ကြသည်၊ ဤကိုယ်သန္တာန်ကြီး၌၊ ဇော-ကိစ္စ တမျိုးတည်းသာ

လျှင် အကြောင်း ကံတရား အမျိုးမျိုးတို့ကို စတင် ဖန်တီး ပေးသူဖြစ်သည်။ ဇော စိတ်တို့၏ သဘောတရား တို့ကို လေ့လာလျှင် အကြောင်း သဘောတရား တို့ကို နားလည် သဘောပေါက်ပေမည်။ ကာမ အာရုံတို့ကို ခံမင်နှစ်သက် စွဲလမ်းနေကြသော ဓါတ်အစုတွင် အကုသိုလ်စိတ် -၁၂၊ မဟာ ကုသိုလ်စိတ်—၈၊ ၂—ခုပေါင်း ၂၀—သော စိတ်တို့သည်သာလျှင် ဇော ကိစ္စကို ဆောင်ရွက်ကြသည်။ ၎င်း—၂၀ သည်ပင်လျှင် ကာမသတ္တဝါဖြစ်အောင် အကြောင်းသဘောဖြင့် ဆောင်ရွက်ပေးနေလေသည်။

•

ဤသို့လျှင် ရုပ်ဓါတ်, နာမ်ဓါတ် ၂—မျိုးတို့သည် အချင်းချင်း ကူညီယှဉ်ပင်းကာ အချင်းချင်း ဆက်သွယ်ပေါင်းစပ်လျက်၊ ကလာပအသွင်, စိတ္တာအသွင်ဖြင့် သင်္ခါရလောကကို တည်ဆောက်ကြသည်။ ဤသင်္ခါရ လောကသည် အလွန်တရာ သိမ်မွေ့သော သဘောတရားတို့ဖြင့် တည်ဆောက်ထားသောကြောင့်၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ပကတိ မျက်စိဖြင့် မမြင်နိုင်ကြ၊ ပကာတိ နားရိုးရိုးဖြင့် မကြားနိုင်ကြ။ အတိုချုပ်အားဖြင့် ပဉ္စဒွါရဝိထိစိတ်ဖြင့် ထင်ထင် ရှားရှား မသိနိုင်ကြပေ။ ပဉ္စဒွါရဝိထိစိတ်သည် ပစ္စုပ္ပန်ဖြစ်သော ပရမတ်စစ် သဘာဝတရားတို့ကိုသာလျှင် အာရုံပြု အသိလုပ်ကြသည်။ သတ္တဝါတို့၏ ရိုးရိုးအသိသည် ထိုပရမတ်စစ်စစ်တို့ကို ရုတ်တရက် အသိမလုပ်နိုင်ကြ။ ပရမတ် အစုသည် ဥပစယမှ အစပြုကာ၊ ပညတ်သဘောတရားများ ရစ်ပတ် ဖုံးလွှမ်းလျက် တဆင့်တဆင့် ရင့်ကျက်မှုဖြင့် ထင်ရှားလာပါမှ သတ္တဝါရိုးရိုး သိစိတ်၏ အာရုံအဖြစ် ထင်ရှားလာလေသည်။ အာရုံထင်ရှားသဖြင့်၊ အသိလုပ်သော်လည်း ပရမတ် စစ်စစ်ကို အသိမလုပ်ဘဲ၊ တဏှာဒိဋ္ဌိတို့၏ ညွှန်ကြား စွဲလမ်းရာဖြစ်သော ပညတ်သဘောတို့ကိုသာလျှင် များသောအားဖြင့် အသိလုပ်ကြလေသည်။

ရုပ်ဒါတ်တို့သည် အကြောင်းတရားတို့ ပေါင်းဆုံသောအခိုက်၊ ပ, အာ,ဝါ, တေ, ဟူသော ဓါတ်ကြီး ၄-ပါးတို့၏ အဟုန်အရှိန်ဖြင့် ဥပစယ အဖြစ် စုပေါင်းကြသည်။ နာမ်ဓါတ်တို့သည် အကြောင်းတရားတို့ ပေါင်းဆုံခိုက် ကိလေသဝဋ္ဋ ဓါတ်ပေါင်းစု, ကမ္မဝဋ္ဋ ဓါတ်ပေါင်းစုတို့၏ အဟုန်အရှိန်ဖြင့် ဥပစယအဖြစ် ပေါင်းစပ်ကြသည်၊ ထို့ကြောင့် ဓါတ်ပေါင်းစု၌ အဟုန်အရှိန်ထင်ရှားသည်။ အကြောင်းစိတ္တုဇ္ဈတို့သည် သန္တတိအစဉ်တို့၌ အဟုန်အရှိန် တကြိမ်ထက်တကြိမ် တိုးတက်နေကြသည်။ ယင်းသို့ တိုးတက်သော အဟုန်အရှိန်ဖြင့် ပေါ်လာ ထင်ရှားသော ရုပ်အစုတို့ကို ဝိကာရဟု ခေါ်သည်။ ပြဆိုခဲ့ပြီးသော 'ဝိကာရတရား' ငါးမျိုးသည် သင်္ခါရ လုပ်သားတခုတခု၏ အမူအရာ မဟုတ်၊ တစုတစုတို့၏ အမူအရာများဖြစ်ကြသည်။ ခြေ, လက်, မျက်ခုံ, နား, နှာခေါင်း လျှာ, ကိုယ် စသော ကာယဝိညတ် အမျိုး

မျိုး၊အသံနှင့်တကွသော နူတ်အမူအရာ အမျိုးမျိုး၊အပူ,အငွေ,အလေး,အပေါ့,အပျော့ အမာ စသည် တို့သည် သင်္ခါရလုပ်သား တို့ကို အစွဲအမှီပြုကာ ရုပ်အစုတို့၌ ပေါ် လာထင်ရှားသော ရုပ်ဓါတ်တို့၏ အမူအရာ ဝိကာရများ ဖြစ်ကြသည်။

ဤဝိကာရ တရားငါးမျိုးကို သတိထားလျက် ဆင်ခြင်စဉ်းစားလျှင်၊ သင်္ခါရ လောကနှင့် သတ္တလောကတို့၏ ထင်ရှားပုံသို့ ရှင်းလင်းစွာ အသိရောက်ပေမည်။ သင်္ခါရလောက၌ ဖြစ်ပေါ်သော ဓါတ်တို့၏အမူအရာ ထင်ရှားပုံသို့ ရှင်းလင်းစွာ အသိရောက်ပေမည်။ သင်္ခါရလောက၌ ဖြစ်ပေါ်သော ဓါတ်တို့၏ အမူအရာတို့သည် လူသတ္တဝါတို့၏ အသိ၌ မထင်ရှားကြပေ။ ဝိကာရတရား ငါးမျိုးသည် သင်္ခါရ လုပ်သားစုဖြစ်သော သတ္တလောကခေါ် သတ္တဝါတို့၏ အသိ၌ ပေါ်လွင်ထင်ရှား နေကြလေသည်။ ဤဝိကာရဖြစ်သော အမူအရာတို့ကို အသိလုပ်သော အားဖြင့် လုပ်သားအစစ်ဖြစ်သော သင်္ခါရတရားတို့သို့ မိမိတို့၏ အသိ ရောက်နိုင်ကြသည်။

ရုပ်ဓါတ် သင်္ခါရလောက၏ ထင်ရှားပေါ်လွင်ရန် မဟာဘုတ် ခေါ်သော ဓါတ်ကြီး ၄—ပါးသည် ပဓါနဖြစ်သည်။ နာမ်သင်္ခါရလောက၏ ပေါ်လွင် ထင် ရှားရန် အကြောင်း ကုသိုလ်ဇော, အကုသိုလ်ဇောတို့သည် ပဓါန ဖြစ်ကြသည်။

မိမိတို့၏ တလံမျှသော ကိုယ်ကောင်ကြီးသည် ရုပ်သင်္ခါရ, နာမ် သင်္ခါရ လောက ၂—မျိုး ပေါင်းစပ် ယှဉ်တွဲကာ ထူထောင်ထားသော ကိုယ်ကောင်ကြီး ဖြစ်သည်ကို မမေ့ မလျော့သော သတိဖြင့် ကြည့်ရှု လေ့လာပါလေ။ နာမ်သင်္ခါရ လုပ်သားစု ဖဲခွါသွားလျှင်၊ ရုပ်သင်္ခါရ လုပ်သားစုတို့သာ ကျန်ရစ်ခဲ့လျက်၊ ရုပ်ဓါတ်တို့၏ နိယာမ အတိုင်း ဆက်လက်၍သွားကြရလေသည်။

ဤကိုယ်ကောင်ကြီး ရုပ်နှင့် နာမ်အစုသည် သူ့အခွင့်နှင့်သူ ပဓါနဖြစ်ကြ သည်။ ဥပမာ—စားချင်ကိစ္စကို နာမ်အစုက ဆောင်ရွက်သော်လည်း၊ ရုပ်အစုမရှိ လျှင် စားကိစ္စကို နာမ်အစုက ဆောင်ရွက်ကြသော သင်္ခါရလုပ်သား မရှိသော ကြောင့်၊ သတ္တလောက၏ အရေးကြီးသော ကိစ္စတခုသည် ထမြောက်အောင်မြင်မှု မဖြစ်နိုင်ပေ။ နာမ်အစု မရှိပြန်လျှင်လည်း စားချင်ဟူသော အာသာဆန္ဒမရှိသော ကြောင့်၊ ကာမ၏ အရသာကို ခံစားသော ဝေဒနာတို့ မရှိကြပေ။ ထိုအခါ ငှက်ပျော တုံး လက်ပံတုံးကြီးကဲ့သို့ ဖြစ်ရပြန်သည်။ ထို့ကြောင့် သတ္တလောကခေါ် သင်္ခါရ အစုတို့သည် ရုပ်နှင့် နာမ်ဓါတ်တို့ ယှဉ်တွဲကာ သူ့အခွင့်နှင့်သူ အကွက်လည် အောင် ဆောင်ရွက်နေကြလေသည်။

ဤနည်း အကျဉ်းချုပ်ဖြင့်၊ လက်ရှိ ကိုယ်ကောင်ကြီးကို လေ့လာဖန်များ၍ အလေ့ပါ အကျင့်ရသော အခါ၊ လူသတ္တဝါ တို့သည် မိမိ၏ အကြောင်းကိုလည်း အသိရောက်လျက် တော်တော် စုံစုံ လင်လင် သိသည်။ သူတပါးကိုယ်ကောင်ကြီးသို့ အသိရောက်လျက် အတော်ပင် စုံစုံ လင်လင် သိသည်။ အဘယ်ကြောင့်ဆိုသော် မိမိနှင့် သူတပါးခေါ်သော ကိုယ်ကောင်ကြီးတို့၌၊ ရုပ်သင်္ခါရ လုပ်သားနှင့် နာမ်သင်္ခါရ လုပ်သား ၂—မျိုးသာလျှင် ရှိသောကြောင့် ဖြစ်လေသည်။ မိမိကိုယ်ကောင်ကြီးဖြစ်သော သင်္ခါရလုပ်သားတို့ အလုပ်လုပ်နေကြသလို၊ သူတပါးကိုယ်ကောင်ဖြစ်သော သင်္ခါရ လုပ်သားတို့သည်လည်း အလုပ်လုပ်ကြမည်ဟု ကိုယ်တိုင်သက်သေဖြင့် အမှန်ရောက်လျက် ဝေဘန်နိုင်ကြသည်။ ငါ့ဒေါသက ဆဲတတ်သလို၊ သူ့ဒေါသကလည်း ဆဲပေလိမ့်မည်။ ငါ့လောဘက စွဲမက်သလို၊ သူ့လောဘကလည်း စွဲမက်ပေလိမ့်မည်။ ငါ့အလောဘက မကပ်ငြိသလို၊ သူ့ အလောဘကလည်း မကပ်ငြိဘဲရှိမည်ဟု အသိရောက်သောအခါ၊ ငါ, သူ, ယောကျာ်း, မိန်းမ, တို့ဟူ၍ မရှိဘဲ၊ လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ စသော သင်္ခါရလုပ်သား တို့သည်သာလျှင် အလုပ်လုပ်နေကြသည်ဟု အသိရောက်သွားသည်။ ထိုအခါ လောဘ, ဒေါသ စသည် တို့ကို ထိန်းသိမ်းရန် လွယ်ကူသွားသည်။

## လောကနိဗ္ဗာန်တည်ဆောက်ပုံ။

လောကနိဗ္ဗာန် ဟူသော စကားသည် လက်ရှိဘဝ၌ ပျော်ပျော် ရွှင်ရွှင်နေထိုင်သွားနိုင်ကြဘို့ အရေးအတွက် သုံးစွဲသော စကားဖြစ်သည်။ ယခုအခါ သုံးစွဲနေကြသော 'ကမ္ဘာ့ငြိမ်းချမ်းရေး'ဟူသော စကားလုံးသည် လောကနိဗ္ဗာန်ကို ဆိုလိုသလော၊ သို့မဟုတ် တနိုင်ငံနှင့် တနိုင်ငံ၊ သို့မဟုတ် ပြည်တွင်းအာဏာလု စစ်ပွဲများ မဖြစ်ရုံမျှကို ဆိုလိုသလောဟု အတိအကျ ပိုင်းခြား၍ မရနိုင်ပေ။

ဗုဒ္ဓဝါဒအရ လောကနိဗ္ဗာန်ကို တည်ဆောက်နိုင်သည်။ သို့သော် လူများစုဖြင့် တည်ဆောက်၍ မရနိုင်၊ လူနည်းစုဖြင့် တည်ဆောက်နိုင်သည်။ တဦးတယောက်တည်းဖြင့်လည်း လောကနိဗ္ဗာန်ကို တည်ဆောက်၍ မဖြစ်နိုင်၊ လောကသည် လူများစုနှင့် ဆက်ဆံရသော သဘောမှ မကင်းနိုင်သောကြောင့်ဖြစ်သည်၊ နိဗ္ဗာန်ကား ငြိမ်း အေး ချမ်းသာ သဘောဖြစ်သည်။ ထို့ကြောင့် လူအများစု၏ ချမ်းသာကို အလိုရှိလျှင်၊ လူအများစုက ဝိုင်းဝန်းတည်ဆောက်ကြရသည်။ လောကနိဗ္ဗာန်ကို အရည်အချင်းတူ,အလိုတူကြသော လူနည်းစုတို့က စတင်တည်ဆောက်

နိုင်သည်။ သို့သော် လွယ်ကူသော လုပ်ငန်း မဟုတ်ပါပေ။ လောက၌ အရည်အချင်းတူ၍ အလိုတူသော လူရည်ချွန်တို့ ရှိကြသည်။ ထိုသူတို့က စတင်ဆောင်ရွက်နိုင်သော်လည်း၊ အောက်ပါ အရည်အချင်း အင်္ဂါတို့နှင့် အတိအကျ ပြည့်စုံကြရမည် ဖြစ်လေသည်။

### ၁။ ထက်ကြွလုံ့လ ဝီရိယရှိခြင်း။

လူတို့၏ လောကသည် လုပ်ငန်းကိစ္စ အမျိုးမျိုးတို့ဖြင့် ပြည့်သိပ်တင်းကြပ်နေလေရာ၊ ပျင်းရိပေါ့တန်သော လူများသည် ထိုကိစ္စလုပ်ငန်းတို့ကို မဖြေရှင်းနိုင်ကြပေ။ ထိုလုပ်ငန်းတို့သည် လူ့သဘာဝကပင် ပို့ထားသော လုပ်ငန်းများ ဖြစ်သောကြောင့် မလွဲသာ မရှောင်သာသော လုပ်ငန်းများဖြစ်သည်။ မလွဲမရှောင်သာသော ကိစ္စလုပ်ငန်းတို့သည် ပျင်းရိဖင့်နွဲ့စွာ မဆောင်ရွက်ဘဲနေလျှင် ပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် အဖျက်အဆီးဖြစ်လေသည်။ ဝီရိယလုံ့လသည် ဆောင်ရွက်ဘွယ်ကိစ္စတို့ကို ပြီးစီးရုံမျှ အကျိုးကို ဖြစ်ပေါ်စေသည်မဟုတ်၊ မိမိ၏ အားထုတ်သော 'လုပ်အား'အကျိုးတို့ကိုလည်း ဖြစ်ပေါ်ထင်ရှားစေသည်။ ဆောင်ရွက်သော အမှုကိစ္စ အမျိုးမျိုးတို့၌ ကျွမ်းကျင်လိမ္မာခြင်း၊ ကျွမ်းကျင်လိမ္မာသဖြင့် ဆောင်ရွက်ဘွယ် ကိစ္စတို့၌ အသိမှန် တိုးတက်ခြင်း၊ အသိမှန် တိုးတက်နေသဖြင့် ရှေ့သို့ မည်သို့ မည်ပုံ ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးမျိုးတို့ကို တင်ကြိုခန့်မှန်းနိုင်ခြင်း စသော ကိုယ်ပိုင်ရသော အကျိုးတရားများအပြင်၊ ပတ်ဝန်းကျင်လူတို့၏ ကြည်ညိုမှု၊ အားကိုးမှု၊ လေးစားမှု စသည်တို့လည်းခံယူရရှိ၍ ဝီရိယရှိသူ ဟူသော ဂုဏ်ဖြင့် ကျော်စော ထင်ရှားလျက်၊ လူပျင်းများပေါ်တွင် ဩဇာတန်ခိုး သက်ရောက်လေတော့သည်။

### ၂။ ကိုယ်ပိုင်ဉာဏ်ကို အခွင့်အားလျော်စွာ အသုံးပြုတတ်ခြင်း။

လူတို့၌ မျက်စိ, နား, နှာ, လျှာ, ကိုယ်တို့ဖြင့် အသိလုပ်ခဲ့ကြသော 'အသိ' ပေါင်း မြောက်များစွာ ရှိကြသည်။ ဥပမာ—မွေးစ အချိန်မှ စ၍ ဆယ်နှစ်ခွယ် ရှိလျှင် 'အသိ'တို့ကို ဆယ်နှစ် လေ့ကျင့်ခဲ့ပြီး၊ ဆယ်နှစ်ဖြင့် အသိပေါင်း မြောက်များစွာ စုဆောင်း မိခဲ့လေပြီ။ ဤနည်းဖြင့် အသက် ၂၀–ရှိလျှင်၊ အနှစ် ၂၀ ကာလပတ်လုံး အသိပေါင်းများစွာ စုဆောင်းခဲ့လေသည်။ အသက် ၃၀–၄၀–၅၀ စသည်တို့သည်လည်း ဤနည်းအတိုင်း စုဆောင်းပြီးကြလေပြီ။ ထို့ပြင် ကျောင်းသား ကျောင်းသူ သူငယ်ဘဝမှစ၍ အမေ မိဘ, ဆရာသမားများထံမှ အတတ်ပညာတို့ကို သင်ယူ လေ့ကျင့်သော အားဖြင့်လည်း 'စာပေ ဗဟုသုတ'တို့ကို အစွဲပြုလျက် 'အသိ'ပေါင်းများစွာ တိုးတက်စုပေါင်းမိလေပြီ။

ဆောင်ရွက်ရန် ကိစ္စတခုကို ရင်ဆိုင်သဘောဖြင့် ဖြေရှင်းရတော့မည် ဖြစ်ခဲ့လျှင်၊ မိမိတို့ တွေ့ကြုံ စုဆောင်းမိခဲ့သော အသိပေါင်းစုံတို့ကို အခြေခံပြုလျက်၊ ယခုလက်တွေ့ ရင်ဆိုင်ဖြေရှင်းရမည့် ကိစ္စကို ဘယ်ပုံ ဘယ်နည်းဖြင့် ဖြေရှင်းနိုင်မည်ဟု အကြောင်းနှင့် အကျိုး ဆက်စပ်ကာ ကိစ္စအားလျော်စွာ ဖြေရှင်းတတ်သော အသစ်အဆန်း အသိဉာဏ်မျိုးကို ကိုယ်ပိုင်ဉာဏ်ဟု ခေါ်သည်။ ဤကိုယ်ပိုင်ဉာဏ်ကို အခွင့်အားလျော်စွာ အသုံးပြုတတ်ခြင်း ဖြစ်သည်။ ကိုယ်ပိုင်ဉာဏ်ကို လုံ့လဝီရိယက လက်တွေ့သဘောဖြင့် အကူအညီပေးခဲ့သည်။ လက်တွေ့သဘောဖြင့် အသိမှန် တိုးတက်နေသော သူသည် ကိစ္စတခုခုကို တွေ့ကြုံသောအခါမှာ လျှင်မြန်စွာ ထိုကိစ္စ ပြီးမြောက်ရေးအတွက် အဆုံး အဖြတ်ကို ပေးနိုင်လေသည်။

၃။ အဂတိသို့ မလိုက်စားမိရန် ရဲရင့်သောသတ္တိရှိခြင်း။

ပဌမ—အဂတိဆိုသည်မှာ မိမိ၏ မတရားသောအလိုသို့လိုက်သော စိတ်ဆန္ဒကို ဆိုလိုသည်။ အများနှင့် စုပေါင်း ဆောင်ရွက်ရသောကိစ္စတို့၌ အခြားသူများ၏ ဆန္ဒသို့မလိုက်သော စိတ်ဆန္ဒကိုဆိုလိုသည်။ အများနှင့် စုပေါင်းဆောင်ရွက်ရသော ကိစ္စတို့၌ အခြားသူများ၏ ဆန္ဒသို့ မလိုက်လျောနိုင်သဖြင့်၊ တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်သော အခြားနည်းဖြင့်သော်၎င်း၊ မိမိလိုအင်ဆန္ဒအတိုင်း ဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဥပမာ- မိမိ၌ သားမယား, ဆွေမျိုးမိတ်, မိတ်ဆွေတို့ရှိနေလေရာ၊ အကျိုးခံစားရမှုအတွက် ကိစ္စတစုံတခုပေါ်ပေါက်လာလျှင်၊ ထိုကိစ္စနှင့်သင့်တော်သောသူ, မသင့်တော်သောသူဟူ၍ မစီစစ်တော့ဘဲ အနီးကပ်ဆုံး သို့မဟုတ် အနီးစပ်ဆုံးသောသူကိုသာလျှင် ဖြစ်စေချင်သောဆန္ဒ ဖြစ်တတ်သည်။ လောကရေးအားဖြင့်လည်း အကြောင်းပေါင်း မြောက်များစွာရှိခဲ့သည်ဟု မိမိ၏ ဆန္ဒဘက်သို့သာလျှင် ညွှတ်ကိုင်းလာတတ်သည်။ ဤကိစ္စမျိုးကို တွေ့ကြုံလျှင် ရဲဝန့်စွာ ရင်ဆိုင်ဝန့်သော သတ္တိ ရှိရသည်။

ဒုတိယ အဂတိမှာ—မိမိနှင့်မုန်းသူ ရန်ဘက် ဖြစ်သော်လည်း၊ စိတ်ဆိုးနေ၍ ဥပဒေ စည်းမျဉ်းအတိုင်း မလိုက်လျောဘဲ၊ မတရားသဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုအဂတိကိုလည်း ရင်ဆိုင်ရန်သတ္တိရှိရမည်။

တတိယ အဂတိမှာ-မိမိထက် တန်ခိုးအာဏာကြီးသူ၊မိမိထက် အသက် စည်းစိမ် များစွာကြွယ်ဝနေသောသူ,ရပ်ထဲရွာထဲ၌ လူမိုက်ကြီး, ထောင်ထွက်,တကျွန်းပြန် စသဖြင့် မိုက်ကြေးခွဲတတ်သော သူတို့အား မကြောက်ရွံ့ဘဲ မှန်ကန်သောဘက်က ရပ်တည်ရန် ရင်ဆိုင်ရဲရမည်။

စတုတ္ထ အဂတိမှာ— ဆောင်ရွက်ရမည့် အလုပ်ကိစ္စနှင့် ရင်ဆိုင်ရသောအခါ အကျိုးနှင့်အကြောင်းတို့ကို မဆင်ခြင် မစဉ်းစားတတ်ဘဲ၊ သို့မဟုတ် တိကျပြတ်

သားစွာ မဝေဘန် မခွဲခြားတတ်ဘဲ တွေဝေနေတတ်ခြင်းဖြစ်သည်။ ယင်းတွေဝေမှုကို ပယ်ဖျောက် ဖြေရှင်းနိုင်ရမည်။ လောကနိဗ္ဗာန် တည်ဆောက်လိုသူ့သည် ဤအင်္ဂါ ၄-မျိုးကို အမြဲရင်ဆိုင်နေရပေမည်။ ထိုသို့ ရင်ဆိုင်တွေ့၍ ဆောင်ရွက်ရမည့်အခါ အမြဲတန်း လောကနိဗ္ဗာန် မပျက်စီးသော အမှန်သဘောဘက်၌ ရပ်တည် နေနိုင်ရမည်။

## ၄။ ခံစားမှုစိတ်ထက် ဆောင်ရွက်မှုစိတ်ကို တိုးတက်ပြင်းထန်စေခြင်း။

လောကနိဗ္ဗာန်ဟူသည် တရားသဖြင့် ကာမချမ်းသာကိုခံစားခြင်းဖြစ်သည်။ ယင်း ကာမချမ်းသာကို အလွန်အကြူး လိုက်စားပျော်မွေ့နေလျှင်၊ လူ့ဝလေ့၊ လူ့စည်းကမ်းတို့ ပျက်ပြားသည်။ လူတို့၏ ဓလေ့ စည်းကမ်း ပျက်စီးခဲ့လျှင်၊ လောကနိဗ္ဗာန်တရား ပျက်စီးလေတော့သည်။ ဆောင်ရွက်မှုဟူသည် ဝိရိယ၏လုပ်ငန်းဖြစ်လေရာ၊ အကြောင်းတရားဖြစ်သော ကိစ္စတခုခုကို ဆောင်ရွက်ရလျှင် စိတ်သည် ပျင်းရိတတ်၊ ငြီးငွေ့တတ်သည်၊ အကျိုးတရား ခံစားလိုသောစိတ်သည် မငြီးငွေ့တတ်ပေ။ သို့အတွက် တရားသဖြင့် ခံစားရသော ကာမချမ်းသာမျိုး၌ တင်းတိမ်ရောင့်ရဲလျက်၊ အကျိုးတရားဖြစ်ပေါ်မည့် ကိစ္စမျိုးတို့ ဆောင်ရွက်လိုသော စိတ်ကို တိုးတက်ပြင်းထန်စေရမည်။ အလုပ် မလုပ်ချင်ဘဲနှင့် လုပ်ခပိုမိုရချင်သော စိတ်ထက်၊ လုပ်ခရခြင်းထက် အလုပ်ကို ပိုမိုလုပ်ချင်သော စိတ်ဆန္ဒကို ပြင်းထန်စေရမည်ဟု ဆိုလိုသည်။

## ၅။ ကရုဏာ, မုဒိတာ ၂-မျိုးဖြင့် ကိုယ်ချင်းစာ သဘောတရားတို့ကို အခါခပ်သိမ်း လေ့လာခြင်း။

လူ့လောကသည် ဥစ္စာပစ္စည်း ကြွယ်ဝ ချမ်းသာသောသူ၊ ပစ္စည်းဥစ္စာမရှိ မွဲတေ ဆင်းရဲသော သူတို့နှင့် ရောပြွမ်းနေကြရာ၊ စည်းစိမ်ချမ်းသာ ကြွယ်ဝသော သူတို့နှင့် ဆက်ဆံတွေ့ကြုံရလျှင် ထိုသူတို့၏ ချမ်းသာကြွယ်ဝခြင်းကို ဝမ်းသာသော ကိုယ်ချင်းစာတရားဖြင့် ဆက်ဆံနိုင်ရမည်။ မွဲတေငတ်မွတ်နေသောသူတို့နှင့် တွေ့ကြုံဆက်ဆံရသောအခါ ထိုသူတို့ ဆင်းရဲပင်ပန်းခြင်းတို့ကို သနားကြင်နာသော ကိုယ်ချင်းစာတရားဖြင့် ဆက်ဆံနိုင်ရမည်။ ကိုယ်ချင်းစာတရားဟူသည် မိမိ၌ဖြစ်ပျက်ခဲ့ဘူးပုံ၊ မိမိ၏ဘဝပေးအခြေအနေဖြင့် သဘောတူထားလျက် လေ့လာရခြင်းဖြစ်သည်။

ဥပမာ—ငါသည် ဆင်းရဲဒုက္ခတွေနှင့် တွေ့ဆုံကြုံကြိုက်သောအခါက ဘယ်ပုံဖြစ်ပေါ် ခံစားခဲ့ရသည်။ ဤဆင်းရဲသူလည်း ယခုအခါ ငါလိုပင် ခံစားနေရပေ

မည်ဟု ကိုယ်ချင်းစာသဘော သက်ရောက်စေရမည်။ ငါသည် စည်းစိမ် ကြွယ်ဝသော အခြေအနေ၌ ရပ်တည်နေရသောအခါ ဘယ်ပုံဘယ်နည်း ခံစားခဲ့ရသည်။ ဤသူလည်း ယခုအခါ ငါလိုပင် ခံစားစံစား နေချင်ပေမည်ဟု ကိုယ်ချင်းစာသဘော သက်ရောက်စေရမည်။

## ၆။ ဆက်သွယ်ပေါင်းသင်းရာ၌ ကျွမ်းကျင်လိမ္မာခြင်း။

လောကနိဗ္ဗာန်သည် တကိုယ်တည်း တဦးတည်းဖြင့် တည်ဆောက်၍မဖြစ်နိုင်။ အနည်းဆုံး အဖော်တဦးတယောက် ရှိပါမှ လောကနိဗ္ဗာန်ကို တည်ဆောက်နိုင်သည်။ ဗုဒ္ဓကိုယ်တော်သည် ဤလောကနိဗ္ဗာန်ခေါ်သော ကာမချမ်းသာကို မနှစ်သက်ပေ။ ချမ်းသာသော သဘောတရားကား ရှိသည်ဟု လက်ခံခဲ့သည်။ သို့သော်လည်း ဤကာမချမ်းသာသည် တဘက်ဖြစ်သော အဖော်ကပေးမှ ရရှိအပ်သော ချမ်းသာမျိုး ဖြစ်၍ သူတပါးက ပေးကမ်းပါမှ စားသောက်ရသော 'သူတောင်းစားချမ်းသာ'မျိုးဟု ဆုံးမခဲ့သည်။ 'ပရာဓိနသုခ'ဟု ခေါ်သည်။

သတ္တဝါခေါ်ကြရသော လူလောက၌ အဖိုဓါတ်အစု, အမဓါတ်အစုဟူ၍ ရှိရာ၊ ယင်းအဖိုဓါတ်· အမဓါတ် ၂·မျိုးသည် တခါတရံ လောကနိဗ္ဗာန်ကိုတည်ဆောက်ကြသည်။ တခါတရံ တည်ဆောက်ပြီးသော လောကနိဗ္ဗာန်ကို ဖျက်ဆီးကြသည်။ အဖို–အဖိုဓါတ်ချင်း၊ အမ – အမဓါတ်ချင်းလည်း ယှဉ်ဘဲ့ကြသည်။ ယင်းသို့ ယှဉ်ဘဲ့ကြရာ ဆက်သွယ်သော ကြိယာတန်ဆာ ၂·မျိုးကို အသုံးပြုကြရသည်။ ကိုယ်အမူအရာတမျိုး၊ နှုတ်အမူအရာတမျိုးဖြစ်သည်။ ဤ ၂–မျိုးဖြင့် အချင်းချင်း ဆက်သွယ်ပုံမလိမ္မာ မကျွမ်းကျင်သောကြောင့်၊ ထို ၂·ဦးတို့၏ လောကနိဗ္ဗာန်သည် ပျက်စီးဆုံးပါးသွားရလေသည်။

ဗုဒ္ဓကိုယ်တော် ဖော်ပြခဲ့သော မဂ္ဂင်ရှစ်ပါးသည် လောကနိဗ္ဗာန်ကို တည်ဆောက်ရာ၌ ရှေ့ဆောင်လမ်းပြ ဖြစ်လေသည်။ လူတို့၏ အစုအပေါင်း ဟူသော လောက၌ ကြီးပွားရေး,စီးပွားရေး,ပညာရေး,အမျိုးသားရေး,ကိုးကွယ်မှု ဘာသာရေးစသည်ဖြင့်အရေးပေါင်းထောင်သောင်းမကရှိလေရာ၊မဂ္ဂင်ရှစ်ပါးသည်ထိုအရေးတို့၏ ပန်းတိုင်သို့ ရောက်အောင် ပို့ဆောင်လမ်းပြသောသဘောတရားဖြစ်လေသည်။ ဆိုခဲ့ပြီးသော အရေးပေါင်းများစွာတို့ကို ဆောင်ရွက်ကြသော လူတို့သည် ကိုယ်အမူအရာတမျိုးနှင့် နှုတ်အမူအရာတမျိုး၊ ဤ ၂–မျိုးကိုသာလျှင် နေ့စဉ်နေ့စဉ် အသုံးပြုကြရသည်။ ဤအမူအရာ ၂–မျိုးသည် လူတို့ အသုံးပြုကြသော ကိရိယာတန်ဆာ ၂·မျိုးဖြစ်သည်။ ထိုအမူအရာ ၂–မျိုးမှတပါး အခြားသုံးခုမြောက် အမူအရာကို ဘယ်သူမျှ အသုံးမပြုနိုင်ကြပေ။

ဤကိရိယာတန်ဆာ ၂-မျိုးကိုလည်း လူတို့သည် အဆိုးဘက် မကောင်းမှု၌လည်း အသုံးပြုသည်။ အကောင်းဘက် အပြစ်ကင်းသော ကောင်းမှု၌လည်းအသုံးပြုကြသည်။ ဘာကြောင့်နည်း— ဤကိုယ်အမူအရာ နှုတ်အမူအရာတို့သည် ရုပ်တရားများသာလျှင် ဖြစ်ကြသည်။ ရုပ်တရားတို့သည် မိမိတို့ သဘောအတိုင်းမဆောင်ရွက်နိုင်ကြပေ။ လှေ့,သင်္ဘော, မီးရထား,မော်တော်ကား တို့သည် မိမိတို့သဘောအတိုင်း လှုပ်ရှားသွားလာခြင်းကို မပြုလုပ် မဆောင်ရွက်နိုင်ကြ။ လှော်ခတ်သူ, မောင်းနှင်သူတို့ရှိမှသာလျှင် ထိုလှော်ခတ်သူ, မောင်းနှင်သူတို့၏ အလိုအတိုင်း လှုပ်ရှားသွားလာနိုင်ကြ သကဲ့သို့၊ ကိုယ်,နှုတ် အမူအရာ ဟူသော ကာယဝိညတ်ရုပ်၊ ဝစီဝိညတ်ရုပ် ၂—မျိုးသည် စိတ်ဟူသော လှော်ခတ်မောင်းနှင်သူတို့၏ အလိုအတိုင်း လှုပ်ရှားသွားလာကြရလေသည်။ အတိုချုပ်အားဖြင့် ဆိုရသော် စိတ်သည် ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို ဖြစ်ပေါ်အောင် ဖန်တီးပေးသူလည်း ဖြစ်သည်။ ဖြစ်ပေါ်နေသော ကိုယ်နှုတ်အမူအရာတို့ကို စောင့်ရှောက်ထိန်းသိမ်းနိုင်သူလည်းဖြစ်လေသည်။

ထို့ကြောင့် ဖော်ပြခဲ့သော အင်္ဂါတို့နှင့် ပြည့်စုံသော လူတို့သည် အနည်းအများဆိုသလို လောကနိဗ္ဗာန်ကို တည်ဆောက်နိုင်ကြသည်။ ယင်း လောကနိဗ္ဗာန်ကို ရှေးကပညာရှိ သူတော်ကောင်းတို့သည် တည်ဆောက်ဘူးကြသည်။ တည်ဆောက်သော်လည်း တပြည်လုံးမဟုတ်၊ တရွာတည်းသာ တည်ဆောင်နိုင်ခဲ့သည်။ ထိုရွာသည် ပြည်နယ်တခု၏အတွင်းမှာပင် တည်ဆောက်သည်။ ထိုရွာရှိလူတို့၏ ပင်ကိုယ်စိတ်ထား သဘောထားတို့မှာ သူများမနှစ်သက် သူများ မကြိုက်သော ကိုယ်နှုတ်အမူအရာတို့ကို အသုံးမပြုမိအောင် သတိပြုသော စိတ်သဘောတရားပင်ဖြစ်လေသည်။

ထိုရွာကို ဓမ္မပါလရွာဟု ခေါ်သည်။ ကာသိတိုင်းပြည်၏ ဗာရာဏသီမြို့နယ်ထဲ၌ တည်ရှိသည်။ ထိုရွာ၌ သူကြီးအဖြစ် အုပ်ချုပ်သူသည် ပုဏ္ဏားပညာရှိ သူတော်ကောင်းကြီးတဦးဖြစ်သည်။ ထိုပုဏ္ဏားကြီးကိုလည်း "ဓမ္မပါလ"ဟုပင် ခေါ်သည်။

အခါတပါး ပုဏ္ဏားကြီး၏ သားသည် ၁၆—နှစ်အရွယ်မှာ တက္ကသိုလ်ပြည်သို့သွား၍ ခေတ်ပေါ်ပညာများကို ကျောင်းဆရာကြီးတဦးထံမှာ သင်ယူနေသည်။ ထိုကျောင်းဆရာကြီး၌ အခြားတပည့်ပေါင်းလည်း ငါးရာကျော်မျှရှိသည်။ တနေ့သ၌ ထိုကျောင်းဆရာကြီး၏ ၁၆-နှစ်အရွယ် သားသည် ရုတ်တရက် ရောဂါဖြင့် သေဆုံးသွားသည်။ ထိုအခါ ဆရာကြီးနှင့် အိမ်သူအိမ်သား တပည့်များတို့သည် ထုံးစံအတိုင်း ငိုကြွေးမြည်တမ်းကြသည်။ ဓမ္မပါလရွာသား ကျောင်းသားမှာ ထိုဖြစ်ပေါ်နေသော အခြင်းအရာတို့ကိုမြင်လျှင်၊ အလွန်ပင် စိတ်နှလုံးမသာမယာ

ဖြစ်သော်လည်း ငိုကြွေးမှုကိုကား မပြုလုပ်ပေ။ ပတ်ဝန်းကျင် ပရိသတ်တို့အား အံ့ဩသော အမူအရာတို့ကိုပြလျက်၊ ဒီအသက် ဒီအရွယ်နှင့် သေရတယ်လို့ ကြား မျှမကြားဘူးပါ။ ဘယ်လိုအရပ်သို့ ရောက်လာနေရပါသနည်းဟု ပြောဆိုမေးမြန်း နေလေတော့သည်။ ထိုအခါ ဆရာကြီးနှင့် တကွသော ပတ်ဝန်းကျင် ကျောင်း သားတို့က၊ ဒီ-ဓမ္မပါလရွာသား ကျောင်းသားဟာ လူထူးလူဆန်းတယောက်ဟု ထင်မြင်ယူဆလျက်၊ ဟေ့..ဓမ္မပါလရွာသား၊မင်းတို့ရွာမှာကော လူမသေဘူးလား, သေတဲ့လူများ မမြင်ဘူး,ဘူးလားဟု မေးကြသည်။သေတဲ့လူများ ရှိပါတယ်၊မြင်ဘူး ပါတယ်၊ ဒါပေမဲ့... ငါ့လို ငယ်ငယ်ရွယ်ရွယ်နဲ့ သေတယ်လို့ မရှိပါဘူးဟုပြော သည်။ ဟေ့....သူငယ် သေတယ်ဆိုတာ အရွယ်တို့ အချိန်ကာလတို့ကို စောင့်ဆိုင်း နေတယ်လို့ ဘယ်မှာကြားဘူးသလဲ၊ မင်းပြောတာ မဟုတ်နိုင်ပါဘူးဟု တက္ကသိုလ် ကျောင်းသားများက ပြန်ပြောကြသည်။ မိတ်ဆွေတို့ပြောတာလဲ ဟုတ်မှာပါဘဲ၊ ဒါပေမဲ့ ကျွန်တော်တို့ရွာက လူများမှာတော့ အသက်တရာကျော်မှ သေကြတာ ချည်းဘဲဟု ပြောသောအခါ၊ ကျောင်းဆရာကြီးသည် ဓမ္မပါလ ရွာသား၏စကား ကိုစိတ်ဝင်စားသဖြင့် အကြောင်းမျိုးစုံတို့ကို သိရအောင် ဓမ္မပါလရွာသို့ ကိုယ်တိုင် သွားရောက်စုံစမ်းမည်ဟု ဆုံးဖြတ်ချက်ချလေသည်။ ထိုနောက် ကာလအနည်းငယ် ကြာသောအခါ တက္ကသိုလ် ကျောင်းဆရာကြီးသည် သချိုင်းကုန်းမှ ဓမ္မပါလရွာ သား ကျောင်းသားအရွယ် သေသောသူ၏ ဦးခေါင်းခွံနှင့် လက်မောင်းရိုး, ခြေထောက်ရိုးတို့ကို လျှို့ဝှက်စွာ ယူဆောင်ပြီးလျှင်၊ဓမ္မပါလရွာသို့ တယောက်ထည်း ထွက်လာခဲ့လေသည်။

ဓမ္မပါလရွာသို့ ရောက်သောအခါ သူကြီးမင်းနှင့် တွေ့ဆုံပြီးလျှင် နှုတ်ဆက် စကားများပြောကြားလျက်၊ သူကြီးမင်းထံသို့ အရေးကြီးသော ကိစ္စတခုအတွက် လာရောက်ရပါသည်ဟု ကျောင်းဆရာကြီးက ပြောလေသည်။ အရေးကြီးသောကိစ္စ ဆိုတာ ဘာပါလိမ့်မလဲဟု သူကြီးမင်းက ပြန်မေးသောအခါ၊ ကျွန်တော့ထံသို့ လာရောက် ပညာသင်ယူနေသော သူကြီးမင်း၏သားငယ်မှာ ယခု တစုံတခုသော ရောဂါကြောင့် သေသွားရှာလေပြီ၊ ဒီအကြောင်းကို သူကြီးမင်း သိအောင် လာရောက် အကြောင်းကြားရပါသည်ဟု ကျောင်းဆရာကြီးသည် အားနာသော အမူအရာဖြင့် ပြောပြလေသည်။ ထိုအခါ သူကြီးသည် ဟက်ဟက်ပက်ပက် ရယ် မောလျက်၊ ကျောင်းဆရာကြီးဆိုပြီး ဘာကြောင့် လိမ်ပြောချင်ရသလဲ၊ ကျွန်တော့ သားဟာ အသက်တရာမကျော်ဘဲ ဘယ်တော့မှသေမှာမဟုတ်ဘူးဟု ပြန်ပြောသည်။ သူကြီးမင်း မယုံလျှင် ဟောဒီ ဉကွှောင်းခွံနှင့် သူ၏ လက်မောင်းရိုး, ခြေထောက် ရိုးတွေကိုသာ ကြည့်ပါတော့ဟု ကျောင်းဆရာကြီးက သက်သေခံပစ္စည်းများ တင် ပြလေသည်။ ထိုအခါ သူကြီးမင်းက တက္ကသိုလ်ကျောင်းဆရာကြီးခင်ဗျား၊ ယခု

ကျောင်းဆရာကြီးတင်ပြသော ဥက္ကောင်းခွံနှင့် အရိုးတို့ကို စုံစမ်းစစ်ဆေးနေဘို့မလိုပါ၊ လူသေ၏ ဥက္ကောင်းခွံနှင့် အရိုးတွေကို စစ်ဆေးနေသော်လည်း အကျိုးထူးမည်မဟုတ်ပါ။ သို့သော် ကျွန်တော်၏သား မသေဘူးဆိုတာကို ကျွန်တော် ယုံကြည်မှုမပျက်ပါဟု ပြောသည်။ ထိုအခါ ကျောင်းဆရာကြီးသည် အံ့သြသောမျက်နှာဖြင့်၊ သူကြီးမင်းခင်ဗျား-သေခြင်းသဘောတရားသည် အချိန်အရွယ်ကို စောင့်ဆိုင်းနေတတ်ပါသလား၊ တကမ္ဘာလုံးရှိလူတို့သည် အချိန်မရွေး သေနေကြသည်။ သူကြီးမင်း၏သားတယောက်သာလျှင် ထူးထူးကဲကဲ အသက်တရာကျော်မှ သေရမည်ဆိုတာဟုတ်နိုင်ပါ့မလား၊ လောကယုတ္တိမရှိပါဟု ဆင်ခြေတက်စကားဖြင့် ပြန်ပြောသည်။ ထိုအခါ သူကြီးမင်းက ကျုပ်သား တယောက်ထည်းမဟုတ်ပါ။ ဒီတရွာလုံးရှိလူတွေအားလုံးသည် မွေးကတည်းက အသက် ၁၂၀–ပြည့်မှ သေကြတာချည်းဘဲဟု ပြောပြလေသည်။ ကျောင်းဆရာကြီးသည် ပိုမို အံ့သြသောစိတ်ဖြင့် သူကြီးမင်းခင်ဗျား ... သေမင်းသည် ကမ္ဘာပေါ်ရှိ သတ္တဝါတို့ကို သေချိန်မထားဘဲ၊ သူကြီးမင်း၏ရွာသူရွာသားတို့ကိုသာလျှင် သေချိန်ပေးထားသလို ဖြစ်နေပါသည်။ သူကြီးမင်းပြောပြသော စကားအတိုင်း တကယ်မှန်ခဲ့ပါလျှင် လုံလောက်သောအကြောင်းယုတ္တိရှိရပေမည်။ ထိုအကြောင်းယုတ္တိသည် အဘယ်ပါနည်းဟု မေးလေသည်။

အို.... ကျောင်းဆရာကြီး၊ ဤရွာသူရွာသားတို့သည် လူတို့၏ရိုးရာ 'မနုဿဓမ္မ' ကို ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။ လူတို့၏ ရိုးရာဓမ္မ မပျက်စီးကြပါဟု သူကြီးမင်းက ပြောလေသည်။ သူကြီးမင်း-လူတို့၏ရိုးရာ မနုဿဓမ္မဆိုတာ ဘယ်လိုသဘောတရားများလဲဟု ဆရာကြီး မေးလေသောအခါ၊ သူကြီးမင်းသည် အောက်ပါအတိုင်းပြောကြားလေသည်။

ကျောင်းဆရာကြီးခင်ဗျား.... လူသတ္တဝါတို့သည် မျက်မြင် လောက၌ အသိဉာဏ် အထက်မြက်ဆုံး သူများဖြစ်ကြသည်။ ထိုသူတို့တွင် သူတော်ကောင်း ပညာရှိတို့သည် 'မနုဿဓမ္မ'ကို ပညတ်ထားကြသည်။

၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သော လုပ်ငန်းသည် 'မနုဿဓမ္မ'ဖြစ်သည်။

၂။ သူပိုင်ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်သော လုပ်ငန်းသည် 'မနုဿဓမ္မ'ဖြစ်သည်။

၃။ သူများ၏ မယားနှင့် သမီးများကို မတရား ကျူးလွန်ခြင်းမှ ရှောင်ကြဉ်သော လုပ်ငန်းသည် 'မနုဿဓမ္မ'ဖြစ်သည်။

၄။ သူတပါးအကျိုး ပျက်စီး ထိခိုက်အောင် လိမ်ပြောခြင်းမှ ရှောင်ကြဉ်သော လုပ်ငန်းသည် 'မနုဿဓမ္မ'ဖြစ်သည်။

၅။ လူအချင်းချင်း တယောက်နှင့် တယောက် မုန်းအောင် ဂုံးတိုက်,ဂျောက်တွန်းသော စကားမှ ရှောင်ကြဉ်သော လုပ်ငန်းသည် 'မနုဿဓမ္မ' ဖြစ်သည်။

၆။ မကြားကောင်း မနာသာ ရေရွတ်ဆဲဆိုသော စကားမှ ရှောင်ကြဉ်သော လုပ်ငန်းသည် 'မနုဿဓမ္မ'ဖြစ်သည်။

၇။ အကြောင်းအကျိုး မဆက်စပ်ဘဲ၊ အကျိုးမရှိသော စကားမျိုးမှ ရှောင်ကြဉ်သော လုပ်ငန်းသည် 'မနုဿဓမ္မ'ဖြစ်သည်။

၈။ သူတပါးပိုင် ပစ္စည်းဥစ္စာတို့ကို ရရှိပိုင်ဆိုင်အောင် မတရားနည်းလမ်းများကို ကြံဆောင် တွေးတောခြင်းမှ ရှောင်ကြဉ်သော လုပ်ငန်းသည် 'မနုဿဓမ္မ'ဖြစ်သည်။

၉။ အခြားသူများကို မတရားနှိပ်စက်လိုခြင်း၊ ရန်တုံ့ပြန် လက်စား ချေလိုခြင်း စသော တွေးတော ကြံဆခြင်းမှ ရှောင်ကြဉ်ခြင်းသည် 'မနုဿဓမ္မ'ဖြစ်သည်။

၁၀။ ကျွန်ုပ်နှင့်တကွ ဤရွာသူ ရွာသားတို့သည် ကိုယ်အမူအရာဖြင့် ပြုလုပ်သော ကာယကံ၊ နှုတ်အမူအရာဖြင့် ပြုလုပ်သော ဝစီကံ၊ စိတ်ဖြင့် ဆောင်ရွက်သော မနောကံ ၃-မျိုးနှင့် ထိုကံတို့၏ အကျိုးတရားတို့ကို ယုံကြည်မြတ်နိုးကြသည်။ ဤသို့သော ယုံကြည်ချက်ဖြင့် အထက်ပါ လုပ်ငန်းတို့မှ ရှောင်ကြည်သော ကိစ္စကို အထူးသဖြင့် ဆောင်ရွက်သည်။ လူပညာရှိတို့ ပညတ်ထားသော ဤတရား ၁၀ ပါးကို လုံခြုံစွာ စောင့်ထိန်းကြသဖြင့်၊ ယခုမျက်မှောက် ဘဝမှာပင် လက်ငင်းအကျိုး တရားများကို ရရှိခံစားနေကြသည်။

(၁) သူ့အသက်ကို သတ်ဖြတ်ခြင်းသည် သက်ရှိသတ္တဝါတိုင်း မခံချင်သောကိစ္စတခုဖြစ်သည်။ မိမိ ကိုယ်တိုင်လည်း အသတ် အဖြတ် မခံချင်ပါ။ မိမိ ကိုယ်တိုင်က အသတ်မခံချင်သလို၊ အခြားသတ္တဝါများလည်း အသတ်ခံချင်မည် မဟုတ်ပါဟူ၍ ကိုယ်ချင်းစာနာ

သော သဘောတရားဖြင့်၊ ဤရွာသူ ရွာသားတို့သည် ရှောင်ကြဉ်ကြသည်။ သူ့အသက်ကို သတ်ခြင်းဖြင့် အချင်းချင်းမသင့်မတင့်ဖြစ်ကြသည်။ အချင်းချင်း မသင့်မတင့်ခြင်းကြောင့်၊ စိတ်ဝမ်းကွဲပြားကြသည်။ စိတ်ဝမ်းကွဲပြားခြင်းကြောင့်၊ တဦး၏ ကောင်းကျိုးကို တဦးက မလိုလားနိုင်တော့ပါ။ သူတပါးတို့၏ ကောင်းစားရေးတို့ကို မလိုလားသော စိတ်အစဉ်သည် အမြဲမပြတ် ထိုလူကို နှိပ်စက် နေပါတော့သည်။ ထို မကောင်းစိတ်ဖြင့် နှိပ်စက်ခံနေရသော သူသည် မိမိ၏ အသက်ရှည်ရာ အနာမဲ့ကြောင်းကိစ္စတို့ကို မဆောင်ရွက်နိုင်တော့ပါ။ ထိုသို့ မဆောင်ရွက် နိုင်သောကြောင့်၊ ကျန်းမာရေး ကင်းမဲ့သဖြင့် အချိန်မရွေး သေဆုံးကြရလေသည်။

(၂) သူတပါးပိုင် ပစ္စည်း ဥစ္စာတို့ကို ခိုးယူ ခြင်းသည် ထိုပိုင်ဆိုင်သော ပစ္စည်းရှင်ကို မတရား နှိပ်စက်ခြင်း ဖြစ်သည်။ လူတို့သည် မိမိပိုင် ပစ္စည်းဥစ္စာတို့ကို အလွန်နှစ်သက်မြတ်နိုးကြသဖြင့်၊ အမြတ်တနိုး ထိန်းသိမ်း စောင့်ရှောက် ထားကြသည်။ ပစ္စည်းကို ထိန်းသိမ်း စောင့်ရှောက် လိုသဖြင့်၊ ဝင်းခြံ ကာရံထားကြသည်။ အိမ်တိုက်နံရံတို့ဖြင့် အကာအကွယ်ပြုကြသည်။ အလွန်လုံခြုံအောင်ဟူသေတ္တာ, သံတင်းတို့၌ ထည့်သွင်းပိတ်ဆို့ ထားကြသည်။ မိမိတို့ကိုယ်တိုင်လည်း နေ့စဉ်နှင့်အမျှ မိမိပိုင် ဥစ္စာ ပစ္စည်းတို့ကို ထိန်းသိမ်း စောင့်ရှောက်နေကြသဖြင့်၊ ကိုယ်ချင်း စာနာလျက် ဤရွာသူ ရွာသားတို့သည် ခိုးမှု ရှောင်ကြဉ်ကြသည်။ သူပိုင်ပစ္စည်းကို ခိုးယူခြင်းဖြင့် အချင်းချင်း သင့်မြတ်ကြမည် မဟုတ်တော့ပါ။ အချင်းချင်း မသင့်မြတ်သဖြင့် စိတ်ဝမ်း ကွဲပြားလျက်၊ တဦး၏ ကောင်းကျိုးပျက်စီးအောင် ဆောင်ရွက်လိုသော စိတ်အစဉ်သည် အစဉ်မပြတ် တဖွါးဖွါး ပေါ်နေကြတော့သည်။ ထိုသူတပါးကို ပျက်စီးအောင် ဆောင်ရွက်လိုသော စိတ်ဖြင့် နှိပ်စက်ခြင်းခံနေရသော လူသည် မိမိ၏ အသက်ရှည်ရာ အနာမဲ့ကြောင်း ကိစ္စတို့ကို မဆောင်ရွက် နိုင်သဖြင့်၊ ကျန်းမာရေး ချို့တဲ့ကာ အချိန်ကာလမရွေး သေဆုံးကြရလေသည်။

(၃) လူတို့သည် မိမိတို့၏ သားမယား သမီးတို့ကို အသက်တမျှ ချစ်ခင်ကြ၏။ နေ့စဉ် နေ့တိုင်း ယုယပိုက်ထွေး ကျွေးမွေး ပြုစုကြ၏။

ကြင်နာမြတ်နိုးကြ၏။ မိမိတို့ ကြင်နာ မြတ်နိုးကြသလို အခြား သူတို့လည်း သူတို့၏ မယား သမီး သားတို့ကို ကြင်နာမြတ်နိုး ကြမည်ဟု ကိုယ်ချင်းစာ သဘောဖြင့် သိရှိနိုင်ကြသည်။ အကယ်၍ ကိုယ်ချင်းစာ တရားဖြင့် မထောက်ထားဘဲ သူများ၏ သား မယား သမီးတို့ကို လွန်ကျူး ဖျက်စီးခဲ့လျှင်၊ အချင်းချင်း မသင့် မြတ်သော ငြူစူခြင်း မနာလိုခြင်း တရားတို့သည် ထိုသူတို့အား နေ့စဉ်နှင့်အမျှ နှိပ်စက်နေကြသည်။ ငြူစူခြင်း၊ မနာလိုခြင်း သဘောတို့၏ အမြဲ နှိပ်စက်ခြင်းကို ခံယူရသော လူတို့သည် အထက်က ပြောပြခဲ့သည့်အတိုင်း မိမိ ခန္ဓာကိုယ်၏ အသက် ရှည်ရာ အနာမဲ့ကြောင်း ဖြစ်သော ကိစ္စတို့ကို မဆောင်ရွက် နိုင်သောကြောင့်၊ အချိန်ကာလ သတ်မှတ်မထားဘဲ သေကြေ ပျက်စီးကြရသည်။

ဤအထက်က ပြဆိုခဲ့ပြီးသော သတ်ခြင်း, ခိုးခြင်း, သူတပါး မယား သမီး သားတို့အား ပြစ်မှား လွန်ကျူးခြင်းတို့ကို၊ သူတို့သည် ကိုယ်အမူအရာ ဟူသော ကာယဝိညတ်ဖြင့်သာလျှင် ဆောင်ရွက်နိုင်ကြသည်။ ထိုကိစ္စလုပ်ငန်း ၃-မျိုးမဖြစ် ပေါ်အောင် ဤရွာသူ ရွာသားတို့သည် သတ်, ခိုး, လွန်ကျူးဟူသော ကာယကံ အမူကို ရှောင်ကြဉ်ကြသဖြင့်၊ ထိုကိစ္စတို့ကို အစွဲပြုလျက် ဖြစ်ပေါ် လာမည် ဖြစ်သော မကောင်းကျိုး တို့ကို မတွေ့ရ, မကြုံရ, မခံစား ရတော့ဘဲ၊ မိမိတို့၏ ကျန်းမာရေးနှင့်တကွ ရပ်ကိစ္စ ရွာကိစ္စဟူသော အများဆိုင် ကိစ္စ၊ ကုသိုလ်ရေး ပညာရေး ဟူသော မိမိကိုယ်ပိုင် ကိစ္စတို့ကို အေးချမ်း သာယာစွာ ဆောင်ရွက် နိုင်ကြလျက်၊ အသက်တန်း ၁၀၀—ကျော်ဖြင့် လူတို့၏ ချမ်းသာ လောက နိဗ္ဗာန် ကို တည်ဆောက်ကြသည်။

ထို့ပြင် သူတပါးအကျိုး ထိခိုက်ပျက်စီးအောင် လိမ်လည်လှည့်ပတ် ပြော ဆိုခြင်း၊ တဖက်သားကို မုန်းအောင် ပြော၍ မိမိကိုချစ်လာအောင် လူနှစ်ယောက် တို့၏အကြား ချောပစ်ဂုံးတိုက်စကား ပြောဆိုခြင်း၊ တယောက်နှင့် တယောက် မကြားကောင်း မနာသာ ဆဲဆိုရေရွတ်ကြခြင်း၊ လောက၌လည်း အကျိုးမရှိ၊ ဓမ္မအတွက်လည်း အကျိုးမရ၊ အလဟဿ အကျိုးမဲ့စကားများကိုပြောဆိုခြင်းသည် ပတ်ဝန်းကျင် ပေါင်းသင်း ဆက်ဆံနေကြသော လူတို့၏ စိတ်ဝမ်းကွဲပြားမှုတို့ကို သာလျှင် ဖြစ်ပေါ်စေတတ်ပါသည်။ စိတ်ဝမ်းကွဲပြားနေခဲ့လျှင်၊ တဦးနှင့်တဦး မသင့်မတင့် ဖြစ်ကြလျက်၊ တယောက်၏ ကောင်းကျိုးကို တယောက်က မဆောင် ရွက်ချင်တော့ပါ။ တယောက်၏ မကောင်းကျိုးကိုသာလျှင် ရှေ့ရှုမျှော်လင့်သော

စိတ်အစဉ် ဖြစ်လေတော့သည်။ ထိုစိတ်အစဉ်သည် မိမိ၏ အသက်ရှည်ရာ အနာခံ့ကြောင်းကို မစောင့်မထိန်း, အသက်ရှည်ခြင်း၏ ဆန့်ကျင်ဘက် ကိစ္စတို့ကို ဆောင်ရွက်သဖြင့်၊ လူတို့သည် အချိန်ကာလမရွေးဘဲ သေကြေပျက်စီးကြရသည်။

အထက်က ပြဆိုခဲ့သော လုပ်ငန်း ၄-မျိုးတို့ကို လူတို့သည် ဝစီဝိညတ်ဟူသော နှုတ်အမူအရာဖြင့်သာလျှင် ဆောင်ရွက်ကြသည်။ ထိုလုပ်ငန်း ၄-မျိုးမပေါ်ပေါက်လာအောင် ဤရှာသူရှာသားတို့သည် ဤဝစီကံမှု ၄-မျိုးကို ရှောင်ကြဉ်ကြသဖြင့်၊ ဝစီကံတို့ကို အစွဲပြုလျက် ဖြစ်ပေါ်လာကြမည် ဖြစ်သော မကောင်းကျိုးတို့ကို မတွေ့ရ၊ မကြုံရ၊ မခံစားရတော့ဘဲ မိမိတို့၏ ကျန်းမာရေးနှင့် တကွ ရပ်ရွာကိစ္စဟူသော အများဆိုင်ကိစ္စ၊ ကုသိုလ်ရေး, ပညာရေးဟူသော ကိုယ်ပိုင်ကိစ္စတို့ကို ဆောင်ရွက်နိုင်ကြလျက်၊အသက်တန်း တရာကျော်ဖြင့် ပျော်ရွှင်သာယာသော လူတို့၏ ချမ်းသာ လောကနိဗ္ဗာန်ကို တည်ဆောက်နေကြသည်။

အို... တက္ကသိုလ် ကျောင်းဆရာကြီး—အမှတ် ၈-နှင့် ၉-ဖြစ်သော မနောကံတို့အတွက် ထိန်းသိမ်းမှုခက်လှသည်။ သို့သော်လည်း ကာယကံ ၃-မျိုး၊ ဝစီကံ ၄ မျိုးတို့၏ အကျိုးသဘောတရားနှင့် အပြစ်သဘောတရားတို့ကို အာရုံပြု အသိလုပ်လျက် ဆင်ခြင်စဉ်းစားနေသော စိတ်အစဉ်သည် အခြားအာရုံဘက်သို့ မရောက်မသွားတော့ဘဲ၊ ဤသဘောတရား ၂—မျိုးသို့သာလျှင် သက်ဆင်းဝင်စားနေတော့သည်။ ထိုသို့ ကံနှင့် ကံ၏ အကျိုးအပြစ်ဖြစ်သော သဘောတရား ၂—မျိုးကို သက်ရောက်ဝင်စားနေသော စိတ်အစဉ်သည် ထိုအာရုံ ၂—မျိုး၌ တည်ငြိမ်မှုကို ရနေသောကြောင့်၊ ပြင်းထန်လွန်ကဲသော မနောကံ မဖြစ်ကြတော့ပေ။ ထို့ပြင်လည်း နေ့စဉ်နေ့တိုင်း အားလပ်သောအချိန် အခွင့်ရတိုင်း ကံနှင့် ကံ၏ အကျိုးအပြစ် သဘောတရားတို့ကို စိတ်ဝင်စားနေသောကြောင့်၊ ကံဟူသော အကြောင်းတရားကိုလည်း လက်တွေ့အနေဖြင့် ယုံကြည် သက်ဝင်သည်။ ဖြစ်ပေါ်လာသော ကောင်းကျိုး ဆိုးကျိုးတို့ကို လက်တွေ့ခံယူနေရသဖြင့် ထိုကံတို့၏ အကျိုးကိုလည်း လက်တွေ့အနေဖြင့် ယုံကြည် သက်ဝင်တော့သည်။ ဤနည်းဖြင့် ဤဓမ္မပါလရှာသူရှာသားတို့သည် ကံ ၃-ပါးကို အာရုံပြုလျက် အသိလုပ်နေသော အလေ့အကျင့်ဖြင့် မနုဿဓမ္မ ဆယ်မျိုးကို ထိန်းသိမ်း စောင့်ရှောက်နေကြသည်။

အို....တက္ကသိုလ် ကျောင်းဆရာကြီး-ကံဟူသောအကြောင်းသည် 'အလုပ်'ဟု ခေါ်ဝေါ်ကြသော်လည်း၊ အမှန်အားဖြင့် ဝိညတ်ရုပ် ဓါတ်ပေါင်းစုတို့၏ လုပ်ငန်းသာလျှင်ဖြစ်သည်။ ငါ,သူ, ယောကျ်ား—မိန်းမ စသည်တို့၏ လုပ်ငန်းမဟုတ်ပေ။ စိတ်ကူးသော မနောကံသည်လည်း နာမ်တရားစုတို့၏ လုပ်ငန်းသာလျှင်ဖြစ်သည်။ ငါ, သူ, ယောကျ်ား- မိန်းမ စသည်တို့၏လုပ်ငန်းမဟုတ်။ ရုပ်နှင့် နာမ်တို့သည်

လည်း ဓါတ်သဘောတရားတို့သည် သာလျှင် ဖြစ်သောကြောင့်၊ အကြောင်းတရား သည် ဓါတ်အစုဖြစ်လျှင် အကျိုးတရားတို့သည်လည်း ဓါတ်အစုတို့သာလျှင် ဖြစ် ရပေမည်။ ငါ၊ သူ၊ ယောကျ်ား- မိန်းမ စသည်မဟုတ်နိုင်။ ဤသို့ဖြစ်ခဲ့လျှင် ဓါတ် တို့သည် ဓါတ်တို့ကိုသာ ပြုပြင်ပေးနေကြကြောင်း လောက၌ ထင်ရှားနေတော့ သည်။ ထို့ကြောင့် ကောင်းသောအကြောင်းကံ ဓါတ်အစုသည် ကောင်းသော အကျိုး ဓါတ်အစုကို ဖြစ်ပေါ်စေလိမ့်မည်။ မကောင်းသောအကြောင်းကံ ဓါတ် အစုသည် ဆိုးသောအကျိုးကံ ဓါတ်အစုကို ဖြစ်ပေါ်စေလိမ့်မည်။ ဤသဘော တရားအတိုင်း ဤဓမ္မပါလ ရှာသူရှာသားတို့သည် ကောင်းသောကံ ဓါတ်အစုဖြစ် သောလုပ်ငန်းကိုသာလျှင် များသောအားဖြင့် ဆောင်ရွက်နေကြလေရာ၊ထိုကောင်း သောကံ ဓါတ်အစုတို့၏ အကျိုးတရားဖြစ်သော အသက်ရှည်ခြင်း၊အနာကင်းခြင်း စသည်တို့ကို ခံယူကြလျက် သာယာသော လောကနိဗ္ဗာန် ချမ်းသာဖြင့် အသက် တရာကျော် နေကြရသည်။

အို တက္ကသိုလ် ကျောင်းဆရာကြီး ယခုပြောဆို ပြသခဲ့သော လုပ်ငန်း အခြင်းအရာ သဘောတရားတို့သည် သင်အလိုရှိသည့် လုံလောက်သော အကြောင်း ယုတ္တိများဖြစ်တော့သည်ဟု ဓမ္မပါလ ရှာသူကြီးမင်းက မိမိစကားကို အဆုံးသတ် လိုက်လေသည်။

ဓါတုဗေဒ ပညာအတတ်၌ ကျွမ်းကျင်လိမ္မာလှသော တက္ကသိုလ်ကျောင်း ဆရာကြီးသည် ဤကမ္ဘာလောကဟူသည် အကြောင်းတရား, အကျိုးတရား ၂-မျိုး တို့ ဆက်သွယ် ထင်ရှားနေသော ဓါတ်ပေါင်းစု သာလျှင် ဖြစ်သည်ဟု သဘော ပေါက် အသိရောက်လျက်၊ ကမ္မ ဟူသော အကြောင်းဓါတ်, ဖလ ဟူသော အကျိုး ဓါတ်တို့ကို ယုံကြည် သက်ဝင်သွား၍ သူကြီးမင်း ပြောပြသော လောကသဘာဝ ယုတ္တိကို ဝမ်းမြောက်ဝမ်းသာ လက်ခံလေတော့သည်။

ထို့နောက် 'မနုဿဓမ္မ' လူတို့၏ ရိုးရာတရား ဆယ်မျိုးတို့ကိုလည်း လုပ်နည်း လေ့ကျင့်နည်းတို့နှင့်တကွ ရေးသားမှတ်ယူကာ တက္ကသိုလ်ပြည်သို့ ပြန်သွားလေ သည်။

အထက်က ရှာသူကြီးမင်းနှင့် တက္ကသိုလ် ကျောင်းဆရာကြီးတို့ ပြောဆို ဖေါ်ပြ လေ့ကျင့်ကြသော လုပ်ငန်းတို့သည် လောကနိဗ္ဗာန်ကို တည်ဆောက် လိုသူတို့အတွက် သဘာဝကျကျ အကောင်အထည် ဖေါ်ပြသော လုပ်ငန်း စကား စဉ်တို့ ဖြစ်ကြသည်။

(၁)လုံ့လဝီရိယ ရှိသောသူ။ (၂)ကိုယ်ပိုင်ဉာဏ်ကို အခွင့်အားလျော်စွာ အသုံးပြုတတ်သူ။ (၃)အဂတိလေးပါး မလိုက်စားသူ။ (၄)ခံစားမှု စိတ်ထက် ဆောင်ရွက်မှုစိတ် တိုးတက်ပြင်းထန်သူ။ (၅)ကရုဏာနှင့် မုဒိတာ တရားဖြင့် ကိုယ်ချင်းစာနာတတ်သူ။ (၆)ပေါင်းသင်း ဆက်ဆံမှုတို့၌ ကျွမ်းကျင် လိမ္မာမှု ရှိသော လူတို့သည် မိမိတို့၏ ရည်ရွယ်ချက် ပန်းတိုင်ဖြစ်သော လောကနိဗ္ဗာန်ကို တည်ဆောက်နိုင်ကြမည်သာ ဖြစ်လေသည်။

ယခုအခါ စိတ်အမျိုးမျိုးဖြင့် အသိအမျိုးမျိုး တိုးတက်နေကြသော လူတို့သည် လောကနိဗ္ဗာန်ခေါ် ကာမချမ်းသာဖြင့် အသက်တန်း ကုန်ဆုံးအောင် နေထိုင်လိုကြသည်။ ထိုလူတို့သည် လောကနိဗ္ဗာန် တည်ဆောက် လိုပါလျှင် မိမိကိုယ်တိုင်က အထက်ဖော်ပြပါ 'မနုဿဓမ္မ'ဖြစ်သော လူသတ္တဝါတို့၏ ရိုးရာတရားကို ကျွမ်းကျင် နားလည်ထားရပေမည်။ မိမိကိုယ်က အစပြု၍ လေ့ကျင့်ရမည့် လုပ်ငန်းတို့ကို စတင် လေ့ကျင့်ရပေမည်။ မိမိကိုယ်အတွက် အလေ့အကျင့် ရသောအခါ၊ အိမ်ထောင်ရှိလျှင် မိမိကြင်ရာ မယားကို လေ့ကျင့်တတ်အောင် သင်ကြား ပြောပြ လေ့လာစေရမည်။ အိမ်ထောင်မရှိလျှင် မိဘဖြစ်စေ၊ အလွန်ချစ်ခင်ရင်းနှီးသော မိတ်ဆွေ သူငယ်ချင်းကိုဖြစ်စေ၊ လေ့ကျင့်တတ်အောင် ပြောပြသင်ကြား လေ့ကျင့်ပေးရမည်။ အတိုချုပ်မှာ ရှေ့ဦးအစ တယောက်က နောက် ၂–ယောက်, ၃–ယောက်၊ သားသမီး အိမ်ထောင်စု၊ တအိမ်ထောင်မှ နှစ်အိမ်ထောင် စသဖြင့် တဖြေးဖြေး တရပ် တရွာလုံး ဖြစ်အောင် ကြိုးစား ဆောင်ရွက်နိုင်ကြသည်။ အိမ်ထောင်စု တခု၌ အိမ်သူအိမ်သား အားလုံးတို့သည် လောကနိဗ္ဗာန် တည်ဆောက်ရေး လုပ်ငန်းကို စိတ်ပါဝင်စားလျက် သတိတရားဖြင့် အမြဲမပြတ် ထိန်းသိမ်း၍ လေ့လာနေပါလျှင်၊ ထိုအိမ်ထောင်သည် ဆင်းရဲပေါင်း ထောင်သောင်းတို့ဖြင့် ပြည့်ကြပ်နေသော ကမ္ဘာကြီးအလည်မှာ ပျော်ရွှင် တင့်တယ်စွာ နေနိုင်သောအိမ် ဖြစ်လေတော့သည်။အကြောင်းသော်ကား ကမ္ဘာလောကအလယ်၌ ချမ်းသာဟူသော သဘောတရားသည် 'စိတ်'အတွင်းမှာ သာလျှင် ပေါ်လွင်ထင်ရှားစွာ တည်ရှိနေသောကြောင့် ဖြစ်လေသည်။ လူအချို့တို့သည် ချမ်းသာသော သဘောတရားကို စီးပွားရေး လုပ်ငန်းဖြင့် ရှာဖွေကြသည်။ အချို့တို့သည် ပညာရေးလုပ်ငန်းဖြင့်၊ အချို့တို့သည် တိုင်းရေး ပြည်ရေး လုပ်ငန်းဖြင့်သာ ချမ်းသာသော သဘောတရားကို ရှာဖွေကြသည်။ ထိုရှာဖွေသူတို့သည် မိမိတို့၏လုပ်ငန်းဖြင့် စိတ်၏ ချမ်းသာခွင့်ကို မပေးနိုင်ကြပေ။ စိတ်၏ ချမ်းသာခွင့်ဖြစ်အောင် ပေးနိုင်သော သဘောတရားတို့သည် ဉာဏ်, ဝီရိယ, ကံ, သဘောတရားတို့သာလျှင်ဖြစ်သောကြောင့်၊ မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် အကောင်း–အဆိုး, အကျိုး–အပြစ်တို့ကို ဝေဘန်စိစစ်ပြီးလျှင်၊ အဆိုး–အပြစ်တို့ကို သိမြင်လျှင်၊ ဝီရိယဖြင့် ရှောင်လွှဲ

ကျော်လွန်အောင် အားထုတ်လျက်၊ အကောင်း-အကျိုးတို့ကိုသိမြင်လျှင်၊ ထိုတရားတို့ဖြစ်ပေါ်လာအောင် ဝိရိယဖြင့် ကြိုးစားလျက်ဆောင်ရွက်ကြရသည်။ ယင်းပညာနှင့် ဝိရိယတို့ ဆောင်ရွက်ကြသော လုပ်ငန်း၏ အစွမ်းသတ္တိတို့သည် ကံသဘောတရားဖြစ်သည်။ ဤတရား ၃—မျိုးသည်သာလျှင်၊ လက်ရှိဘဝ, တမလွန်ဘဝတို့၌ အကြောင်း၊ အကျိုး ၂—မျိုးကို ဖန်တီးပေးနေခြင်း ဖြစ်လေသည်။ ဖန်တီးပေးသော အကြောင်းအားလျော်စွာ အကျိုးတရားတို့ ပေါ်လာကြသဖြင့်၊ ထိုအကျိုးတရားတို့ကို လူတို့ ခံယူနေကြရလေသည်။

လောကနိဗ္ဗာန်ခေါ် ကာမချမ်းသာတရားအတွက် ထင်ရှားသော ဥပမာကိုပြရလျှင်၊ မိသားတစုမှ ယောကျ်ား တဦးသည် အခြား မိသားစုတခုမှ မိန်းမတဦးနှင့် ချစ်ခင်ကြင်နာမှုဖြင့် လက်ထပ်ထိမ်းမြားကြသည်။ ထိမ်းမြားစ ဖြစ်သော ယောကျ်ားနှင့် မိန်းမတို့သည် တဦးကို တဦးက ချစ်ခင်သည်၊ နှစ်သက်သည်၊ ကျေနပ်သည်၊ စုံမက်ကြသည်။ ထိုအချိန်အခါသည် ထိုဇနီးမောင်နှံ နှစ်ဦးတို့၌ လောကနိဗ္ဗာန် သဘောတရားသည် ပေါ်လွင် ထင်ရှားနေသည်။ ဘာကြောင့်နည်း၊ ယောကျ်ားသည် မိမိမယား မနှစ်သက်သော ကိုယ်အမူအရာကို မပြုမလုပ် ရှောင်ကြဉ်သည်။ မိမိမယား မနှစ်သက်သော နှုတ်အမူအရာကို မပြောမဆို ရှောင်ကြဉ်သည်၊ ဇနီးမယားကလည်း မိမိလင်ယောကျ်ား မနှစ်သက်သော ကိုယ်အမူအရာနှင့် နှုတ်အမူအရာတို့ကို ရှောင်ကြဉ်သည်။ လင်နှင့်မယား ဆက်သွယ်ကြသော ကိုယ်, နှုတ်အမူအရာတို့ကို လင်ယောကျ်ားကလည်း ကျေနပ်သည်။ ဇနီးမယားကလည်း နှစ်သိမ့်သည်။ ဤသို့ လင်မယား နှစ်ဦးတို့၏ ကျေနပ်နှစ်သိမ့်မှုကို အစွဲပြုကာ၊ ကာမချမ်းသာ ဟူသော 'လောကနိဗ္ဗာန်တရားသည်' ပေါ်လွင် ထင်ရှားနေလေသည်။ ထိုလင်မယားတို့သည် အပြစ်ကင်းသဖြင့် ချစ်ခင်ကြင်နာသော ကိုယ်အမူအရာ,နှုတ်အမူအရာတို့ကို အသုံးပြုနေသေးသရွေ့ ကာလပတ်လုံး လောကနိဗ္ဗာန်တရားသည် ထိုပုဂ္ဂိုလ် နှစ်ဦးအတွက် ထင်ရှားနေမည်သာဖြစ်လေသည်။

အချိန်ကာလ ကြာမြင့်သောအခါ လူသတ္တဝါတို့သည် မိမိတို့ပြုလုပ်လေ့ကျင့်သော အလေ့ အကျင့်တို့ကို မေ့လျော့သွားတတ်သည်။ ဤသို့ သတိမေ့သဖြင့် အလေ့အကျင့် ပျက်စီးစပြုသည်။ အကျင့်ပျက်စအခါ၌ အကျိုး မထင်ရှားသော်လည်း၊ အကျင့်ပျက် အလေ့အကျင့် များလာသောအခါ၊ လေ့ကျင့်ဘူးသော အကျင့်တရားတို့ကို အာရုံပြုကာ တဦးနှင့်တဦး အထင်လွဲမှားမှု အစပြုလေသည်။ အထင်မှားမှုကို အခြေခံပြုလျက်၊ မယားက လင်၏ သဘောတရားကို အထင်ဖြင့် စဉ်းစားသည်။ လင်ကလည်း မယား၏သဘောတရားကို အထင်ဖြင့်စဉ်းစားသည်၊ မှန်သည်လည်းရှိမည်၊ မှားသည်လည်း ရှိပေမည်။ ထိုအချိန်မှ အစပြု၍ လင်မယား

နှစ်ဦး၏ လောကနိဗ္ဗာန်သည် ပြိုပျက်စပြုလာလေသည်။ အကယ်၍ မိမိတို့နှစ်ယောက် တည်ထောင်ပြုစုထားသော လောကနိဗ္ဗာန် သဘောတရားကို နှမြောစုံမက်မှုရှိသေးလျှင်၊ ရှေ့နည်းအတိုင်း ပြန်လည်တည်ဆောက်နိုင်ကြသည်။ ဤသို့ သတိမထားဘဲ အမှတ်တမဲ့ အချိန်ကုန်သွားလျှင်၊ မိမိတို့ တည်ထောင်ထားသော လောကနိဗ္ဗာန် တရားသည် ပျက်စီး ဆုံးပါးသွားရလေသည်။

ထို့ကြောင့် လောကနိဗ္ဗာန် တည်ဆောက်ရေးအတွက်၊ ဗုဒ္ဓကိုယ်တော် ညွှန်ပြဆုံးမခဲ့သော မဂ္ဂင်ရှစ်ပါး သဘောတရားသည် အလွန်အသုံးဝင်သော သဘောတရား (၈)ပါးဖြစ်လေသည်။ လင်မယားတို့ အချင်းချင်း ဆက်သွယ်ကြသော ကိုယ်အမူအရာ, နှုတ် အမူအရာတို့ကို သမ္မာသတိ – သမ္မာသင်္ကပ္ပ – သမ္မာဒိဋ္ဌိ–သမ္မာဝါယာမ–သမ္မာသမာဓိ ဟူသော မဂ္ဂင်တရား ၅–မျိုးဖြင့် အလေ့အကျင့် ပြုနေပါလျှင်၊ လောကနိဗ္ဗာန်တရားမှာ မပျက် မစီး တော့ဘဲ၊ အသက်ထက်ဆုံး ခိုင်မြဲသွားပေလိမ့်မည်။

# အနုပုဗ္ဗကရိယာ

ရာဂဝိရာဂ မနေဇမသောကံ
ဓမ္မမသင်္ခတ မပဋိကူလံ
မဓုရမိမံပ ဂုဏံသုဝိဘတ္တံ
ဓမ္မမိ မံ သရဏတ္ထမုပေမိ။

## ပဋိစ္စသမုပ္ပါဒ် ဒေသနာ

ဤတရားတော်ကို ဗုဒ္ဓအရှင်သည် သင်္ခါရလောက ဖြစ်ပေါ်ပုံကို ဟောပြတော်မူသည်။ မှန်၏— ဗုဒ္ဓအရှင်၏ဝါဒ၌ သတ္တဝါ ဟူ၍ လည်းမရှိ၊ အသက် ဇီဝအကောင် ဟူ၍လည်း မရှိ၊ အတ္တဟူသော ငါကောင်၊ သူကောင် ဟူ၍လည်း မရှိ၊ အတ္တဟူသော အကောင်မရှိ ဝါဒဖြစ်သည်။ အကောင်ဟူ၍မရှိလျှင် ဘာရှိသလဲဟူသော အမေးကို ဤဒေသနာတော်ဖြင့် ဖြေဆိုခဲ့လေသည်။ ဗုဒ္ဓအရှင်၏ ဆိုလိုရင်းမှာ အကောင်ဟူ၍မရှိ၊ ဓါတုသဘောတရားများနှင့် ထိုဓါတုတို့၏ အပေါင်းအစုသာ လျှင်ရှိသည်။ ထိုဓါတ်တို့သည်လည်း အကြောင်းတရား အမျိုးမျိုးတို့ကို အစွဲအမှီပြုကာ စုပေါင်း ထင်ရှားကြရသော်လည်း၊ အမတေ သဘောကဲ့သို့ တကြိတ်တခဲ အမြဲတည်နေလေ့မရှိ။ မကြာခဏ ပျက်စီးကွယ်ပျောက်ရသော ဒုက္ခသည်များသာ လျှင်ဖြစ်သည်ဟု ဟောပြ ဆုံးမတော်မူသည်။

ဗုဒ္ဓအရှင်၏ အဆုံးအမ ဖြစ်သော သာသနာ၌ ဘယ်ပုဂ္ဂိုလ်မျှ ဤပဋိစ္စသမုပ္ပါဒ် တရားတော်ကို သဘောမပေါက် နားမလည်ဘဲ အရိယာ ဟူ၍ ဖြစ်ခွင့်မရှိပေ။ အရိယာ ဖြစ်သွားကြသော ပုဂ္ဂိုလ်တို့သည် ဤ ပဋိစ္စသမုပ္ပါဒ် တရားကို အကျဉ်းသဘောဖြင့် သော်၎င်း၊ အကျယ်သဘောဖြင့်သော်၎င်း, အသိဉာဏ်အဆင့်အတန်းအလိုက် နားလည်ကြပြီး ဖြစ်ကြလေသည်။ ပဋိစ္စသမုပ္ပါဒ် အချင်းချင်းဆက်စပ်သောနည်းကို 'ဉာယ'ခေါ်သည်။ ဥပမာအားဖြင့် နေမင်းကို အစွဲပြု၍ နေရောင်ထင်ရှားခြင်း၊ တဖန် နေရောင်ကိုအစွဲပြု၍ အလင်းထင်ရှားခြင်း၊ အလင်းကိုအစွဲပြု၍ အကြည်ထင်ရှားခြင်း၊ အကြည်ကိုအစွဲပြု၍ အရိပ်ထင်ရှားခြင်းတို့သည် လူ့လောက၌ ပေါ်လွင်နေကြသည်။ ဤ၌ နေမင်း, နေရောင်, အလင်း,အကြည် အရိပ်တို့သည် တခုနှင့်တခု မတူကြဘဲ ခြားနားကြသော်လည်း၊ တခုကိုတခု အစွဲပြုကာ ပေါ်လွင် ထင်ရှား နေကြသကဲ့သို့၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ ဖော်ပြ

တော်မူသော 'သင်္ခါရလုပ်သား'တို့သည် တခုနှင့်တခု မတူကြသော်လည်း၊ အချင်းချင်းကို အစွဲအမှီပြုခြင်း၊ တခုကိုတခု အစွဲအမှီပြုခြင်းဖြင့် ထင်ရှားနေကြလေသည်။ ထို့ကြောင့် 'အနုပုဗ္ဗသိက္ခာ'အဆင့်၌ ဖေါ်ပြခဲ့သော သင်္ခါရလုပ်သား ၇၁—ပါးတို့ကို နားလည်ထားပြီးသော ပုဂ္ဂိုလ်တို့သည် ဤပဋိစ္စသမုပ္ပါဒ် ဒေသနာ၌ ပြဆိုထားသော အဆက်အသွယ်တို့ကို သတိပြုလျက်၊ မိမိတို့ အသိ ကျေနပ်သည်အထိ လေ့လာရပေမည်။

ပဋိစ္စသမုပ္ပါဒ်၌ အစိတ်အပိုင်း အင်္ဂါအားဖြင့် ၁၂—ပါးရှိသည်။ ထို ၁၂-ပါးတွင် အချိန်ကာလ အားဖြင့် ပိုင်းခြားထားသော အခွန့် ၃ ·ပါးတို့ကို ရှေ့ဦးစွာ နားလည် မှတ်သားမိအောင် လေ့လာပါ။အစိတ်အပိုင်း ၁၂—ပါးသည်၊(၁)အဝိဇ္ဇာ အဟုတ်တကယ် အရှိဖြစ်သော နာမ်တရား သင်္ခါရလုပ်သား၊ အမှောင်ဓါတ် မောဟစေတသိက်။ (၂) သင်္ခါရ— အငြိမ်မနေတတ်၊ စေ့ဆော် အမှတ်အသားရှိသော ဆော်ဩမှုး စေတနာ စေတသိက်။ (၃)ဝိညာဏ—သိ,ဟူသော အမှတ်အသား ရှိသော သင်္ခါရလုပ်သား ဝိညာဏ်။ (၄) နာမရူပ—သိစရာ အာရုံဘက်သို့ ညွတ်တတ် ကိုင်းတတ်သော အမှတ်အသားရှိသော စေတသိက် ၅၂—နှင့် ပင်ကိုယ်သဘောမှ ရွေ့လျော ဖေါက်ပြန်တတ်သော အမှတ်အသားရှိသော ရုပ် ၁၁—မျိုး၊ (၅) သဠာယတန—သိတတ် နာမ်ဓါတ်နှင့် အသိခံ အာရုံ ၂—မျိုးတို့၏ ဆက်သွယ်မှု ထင်ရှားအောင် သက်ဆင်း စုပေါင်းကြသော အတွင်း အာယတန ၆-မျိုးနှင့် အပြင်အာယတန ၆-မျိုး။ (၆)ဖဿ- အပြင်အတွင်း အာယတနတို့၏ အတိုက်အခံပြုခြင်းကို အစွဲပြုကာ အသိခံအာရုံနှင့် အသိဓါတ်နာမ်တို့ကို မိတ်ဆက်ပေးသော သဘောတရား။ (၇) ဝေဒနာ—ဖဿက မိတ်ဆက်ပေးသော အာရုံ တရားတို့၏ အရသာကို ခံစားသော သဘောတရား။ (၈)တဏှာ— အာရုံနှင့် အရသာတို့ကို ကပ်ငြိ တွယ်တာသော လောဘ။ (၉) ဥပါဒါန—သံယောဇဉ်ကြိုး တင်းသဖြင့် ကပ်ငြိတွယ်တာမှု ပြင်းထန်ထက်မြက်သော ဒိဋ္ဌိစေတသိက်။ (၁၀) ကမ္မဘဝ—တဏှာနှင့် ဒိဋ္ဌိတို့၏ အစွဲသန်သဖြင့် ပြင်းထန်သော အဟုန်အရှိန်ရှိသော ကံ,သဘောတရား။ (၁၁)ဇာတိ— ပန်ကာ၏ အဟုန်အရှိန်ဖြင့် ကောင်းကင် လွင်ပြင်ကြီး၌ လေယာဉ်ပျံကိုယ်ထည် ရပ်တည် သွားနေနိုင်သကဲ့သို့၊ ကံ,၏ အဟုန် အရှိန်တို့ဖြင့် ဘဝလွင်ပြင်ကြီးမှာ ရပ်တည် ဖြစ်ပျက်နေကြသော ပဋိသန္ဓေစိတ်နှင့် ကမ္မဇ လုပ်သား သင်္ခါရတရားများ။ (၁၂) ဇရာ မရဏ—လေယာဉ်ပျံ ကိုယ်ထည်သည် တနေရာထည်း၌ ရပ်တည်မနေနိုင်ဘဲ ရှေ့သို့သာလျှင် တိုးတက် ရွေ့လျား သွားနေရသကဲ့သို့၊ ဇာတိ ရောက်ပြီးသောအချိန် ခဏမှအစပြုလျက် ရှေ့သို့တိုးတက်ကာ ရင့်ကျက်နေရသော ဇရာတရား၊ နောက်ဆုံးအချိန်၌ လေယာဉ်ပျံသည် မြေသို့သာလျှင် ပြန်လည်ကျရောက်ရသကဲ့သို့၊ နောက်ဆုံးအချိန်၌ ဘဝလွင်ပြင်တခုမှ ရွေ့လျောပြောင်းရသော

မရဏတရား။ ဤ ၁၂-ပါးသော သဘောတရားတို့သည် ပဋိစ္စသမုပ္ပါဒ် ဒေသနာ၌ မှတ်သား ပိုင်းခြားသိအပ်သော အစိတ်အပိုင်း အင်္ဂါ ၁၂-ပါးဖြစ်လေသည်။ ဤ ၁၂ ပါးသော သဘောတရားတို့သည် သင်္ခါရလောက တည်ဆောက်ပုံကို ဖော်ပြသော အစိတ်အပိုင်းများ ဖြစ်ကြသည်။ နောက်ဆုံး အစိတ်အပိုင်း ဖြစ်သော ဇာတိနှင့် ဇရာမရဏတို့သည် ထိုတည်ဆောက်သော သင်္ခါရလောကကို အစွဲအမှီပြုကာ ထင်ရှား ပေါ်လာကြသော 'သတ္တလောက'ဖြစ်သည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်၏ အနာဂတ် အခွန့် ဟူသမျှသည် သတ္တလောကနှင့် ဩကာသလောက တို့သည်သာလျှင် ဖြစ်ကြရလေသည်။

ရှည်လျားသော အချိန်ကာလကို အဒ္ဓန့်ဟု ခေါ်သည်။ ရှည်လျားသော အတိတ်ကာလကို အတိတ် အဒ္ဓန့်၊ ရှည်လျားသော ပစ္စုပ္ပန်ကာလကို ပစ္စုပ္ပန်အဒ္ဓန့်၊ ရှည်လျားသော လာလတံ့ကာလကို အနာဂတ်အဒ္ဓန့်ဟု ခေါ်သည်။ ကာလအဒ္ဓန့် တို့သည် ပရမတ်တို့ကို အစွဲပြုကာ ထင်ရှားကြရသော ပညတ် တရားများသာလျှင် ဖြစ်ကြသည်။ ထို့ကြောင့် ပညတ်တရားတို့ကို ပဓါနအဓိကထားလျက်၊ ပရမတ်တရား တို့၏ 'အစ'ဟူသော ဝေါဟာရ ပညတ်တို့သည် မထင်ရှားနိုင်ပေ။ ပရမတ်တရား ထင်ရှားလာလျှင် အစွဲပြုစရာ ထင်ရှားလာသဖြင့်၊ ပညတ်တရားလည်း တပြိုင်နက် ထင်ရှားကြလေသည်။ ဗုဒ္ဓကိုယ်တော်သည် အဟုတ်ရှိ ပရမတ်တရား သင်္ခါရလုပ် သားတို့ တည်ဆောက်ကြသော သင်္ခါရလောကမှာ အစရှိကြောင်း၊ သို့သော်လည်း မတည်မမြဲသော ပရမတ်တို့သည် အကြိမ်ကြိမ် အထပ်ထပ် အမည်တူသော ပညတ် တို့ဖြင့် လည်ပတ်နေကြရသဖြင့် 'အစ' ဟူ၍ မသိအပ်တော့ကြောင်း၊ အနမတဂ္ဂ သံသာရပုဒ်ဖြင့် ဟောပြတော်မူခဲ့သည်။ နတ္ထိ ဘိက္ခဝေ သံသာရဿ ပုဗ္ဗကောဋိ-ဟု ဟောတော်မမူခဲ့ပေ။ ပဋိစ္စသမုပ္ပါဒ် ဒေသနာသည် သင်္ခါရလောက၏အစကို ဖော်ပြ သော ကြောင်းစဉ်တရား ဖြစ်သော်လည်း၊ အနာဂတ် အဒ္ဓန့်ဟု သတ်မှတ်ထားသော ဇာတိသည် သတ္တဝါဟု အမည်ရသော ဓါတ်အစုဖြစ်၍၊ သတ္တဝါ၏အစကို ဖော်ပြ သည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

ပဋိစ္စသမုပ္ပါဒ်၌ သတ်မှတ်ထားသော ကာလအဒ္ဓန့်တို့သည် သင်္ခါရလုပ်သား ဟူသော ပရမတ္ထ တရားတို့ကို အစွဲပြုကာ ဖော်ပြသော ကြောင်းအစဉ် ပညတ်တရား များသာလျှင် ဖြစ်လေသည်။ ပဋိစ္စသမုပ္ပါဒ် သဘောတရားကို လေ့လာသောအခါ ကာလအဒ္ဓန့်ဖြင့် မှတ်သားလျက် နှလုံးသွင်းခဲ့ပါလျှင်၊ ပရမတ်ကိုအစွဲပြုသော ကာလ အဒ္ဓန့်၊ ပညတ်တခုမှ ပညတ်တခုကို အစွဲပြုသော ကာလအဒ္ဓန့် ဟူ၍ နှစ်မျိုး ခွဲထား လျက် အလေ့အကျင့် ပြုပါလေ။ ဥပမာ- ဇာတိနှင့် ဇရာမရဏအပိုင်းဖြစ်သော အနာ ဂတ်အဒ္ဓန့်-ပဋိစ္စသမုပ္ပါဒ် တရားကို ဆင်ခြင်ပါလျှင်၊ ဇာတိ ဟူသော ပညတ် တခုကို

အစွဲပြုကာ အခြား ဇာတိ တခုကို ကာလ အားဖြင့်သော်၎င်း၊ ဌာနအားဖြင့် သော်၎င်း ပိုင်းခြား သတ်မှတ်ကြလေသည်။ ယင်းသို့ ပညတ်တခုဖြင့် ပညတ် တခုကို ပိုင်းခြားသဖြင့်၊ သံသရာ လောက၏ အစကိုပင် အသိမရောက်နိုင်တော့ ဘဲ၊ အသိ မျက်စိလည်ကာ သတ္တဝါသည် အစမရှိဟူ၍ ပြောဆိုနေကြလေသည်။ ဇာတိ ရောက်ရသော ဓါတ်အစု သတ္တဝါ ဟူသမျှသည် အဝိဇ္ဇာမှ အစပြုရသည် သာလျှင် ဖြစ်သည်။ သတ္တဝါတွေ မရေမတွက် နိုင်အောင် များပြားလှသော် လည်း၊ မရေ မတွက်နိုင်သော အဝိဇ္ဇာ တို့က တခုစီတခုစီ အစပြုပေးကြရသဖြင့် ဓါတ်အစုဖြစ်သော ဘူတ, သို့မဟုတ် သတ္တဝါတို့လည်း တခုစီ တခုစီ ခြားနားနေ ကြသည်။ ဂန္ထလောက ဟူသော စာပေ၌ 'အေ' ပေါင်းများစွာ ကကြီးပေါင်း များ စွာ ပေါ်လွင်ထင်ရှားသော်လည်း၊ ဘယ်အေက အစပြုခဲ့သည်၊ ဘယ်ကကြီးက အစ ပြုခဲ့သည်ဟု မသိအပ် သကဲ့သို့ ဖြစ်ရလေသည်။ ပညတ်တခုဖြင့် ပညတ်တခုကို အမှတ်အသား ပြုခဲ့လျှင်၊ ဤနည်းနှင်နှင် ရှုတ်ထွေးခြင်းသာလျှင်ဖြစ်၍ ရှင်းမရနိုင် ဖြစ်ရလေသည်။

ပဋိစ္စ သမုပ္ပါဒ်၌ အတိတ် အခွန့်သည် အဝိဇ္ဇာဟူသော မောဟနှင့် စေတ နာ ဟူသော သင်္ခါရလုပ်သား ၂-မျိုးတို့ကို အစွဲပြုကာ ထင်ရှား လာရသည့် အစ ဟူသော ဝေါဟာရပညတ်, ကာလ ဟူသော အချိန်ပညတ် တရားတို့ဖြစ်သည်။ ထိုအတိတ် အခွန့်သည် မပေါ်လာသေးသော အကျိုးဝိပါက် ပရမတ် တရားတို့ ကို အထောက်အထား အစွဲအမှီ ပြုကာ 'အတိတ်'ဟု မှည့်ခေါ်ထားသော ကာ လ ပညတ် ဖြစ်သည်။ ပရမတ္ထ တရားတို့ ထင်ရှားဖြစ်ပေါ်ပြီး၍ လွန်သွားသဖြင့်၊ ထိုလွန်သွားသော ပရမတ်တို့ကို မှည့်ခေါ်ထားသော ကာလ နာမပညတ် မဟုတ် ပေ။ အဘိဓမ္မာ ပညာအရ အကြောင်းတရား—ဟေတုနှင့် အကျိုးတရား—ဖလ ၂—မျိုးတွင် ဟေတုဖြစ်သော အကြောင်းတို့သည် အကျိုး ဖလတို့၏ အလျင် ရှေ့ဦးပေါ်နှင့် ဖြစ်နှင့်ရသော ထုံးစံဖြစ်သည်။ ထို့ကြောင့် အလျင်ဖြစ်ပေါ်နှင့် သော အကြောင်းတရားကို အတိတ်၊ နောက်ပေါ်လာသော အကျိုးပရမတ်တရား ကို ပစ္စုပ္ပန်ဟု မှတ်သား ထားခြင်း ဖြစ်သည်။ ခေတ်သုံး ဥပမာဖြင့် ပြောပြ ရလျှင်၊ ခရာဇ်တော်ဟု ထင်ရှားသော ဒြဗ်ဝတ္ထုကို အစွဲပြုကာ 'ဘီစီ' ကာလ အမှတ်အသား ကဲ့သို့ ဖြစ်လေသည်။

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ တို့သည် အဝိဇ္ဇာ, သင်္ခါရ လုပ်သား ၂—မျိုးတို့၏ ဆက်သွယ် ပေါင်းစပ်လျက် ဆောင်ရွက်သော လုပ်ငန်းမှ ပေါ်လာ ထင်ရှားသော အကျိုးတရား ၅—မျိုးဖြစ်သည်။ ၎င်း ၅—မျိုးကို ပစ္စုပ္ပန် အခွန့်ဟု ကာလ ပညတ်ဖြင့် သတ်မှတ်ထားခြင်း ဖြစ်လေသည်။ ဤအကျိုး

၅-ပါးသည် သူတို့၏ ရှေ့က ဖြစ်နှင့်သော အဝိဇ္ဇာနှင့် စေတနာတို့၏ စုပေါင်း ဆောင်ရွက်မှု 'ကမ္မ'ကြောင့် အရှိသဘောသို့ ရောက်လာကြသော ဓါတ်တို့ဖြစ် ကြသည်။ အဝိဇ္ဇာနှင့် သင်္ခါရ မဖြစ်ပေါ်မီ ထိုအကျိုးဓါတ်တို့ မရှိကြသေးပေ။ အို...ရဟန်းတို့—ရုပ်, ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ် ဟူသော အကျိုးဓါတ်အစု အကြောင်း ဓါတ်အစုတို့၏ အကြောင်း ဟေတုနှင့် အထောက်အပံ့ ပြုကြသော ပစ္စယတို့လည်း မမြဲကြ။ အနိစ္စ, ဒုက္ခ, အနတ္တ သာလျှင် ဖြစ်ကြသည်။ မမြဲသော အနိစ္စ, ဒုက္ခ, အနတ္တတို့မှ ဆက်လက် ပေါက်ပွါး ဖြစ်ပေါ် ထွန်းကားကြသော အကျိုး—အကြောင်း တရားစုတို့သည် အဘယ်မှာလျှင် မြဲနိုင်, ချမ်းသာနိုင်, အတ္တ ဖြစ်နိုင် ပါမည်နည်းဟု ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်၌ ဟောပြခဲ့သော အဓိပ္ပါယ် တို့သည် ဤအဓိပ္ပါယ်ကို ဖေါ်ပြခဲ့သော ဒေသနာ စကားအစဉ် ဖြစ်လေ တော့သည်။

အတိတ် အခွန့်ဖြင့် သင်္ခါရ လောက၌ မှတ်သားအပ်သော အဝိဇ္ဇာနှင့် သင်္ခါရတို့သည် သင်္ခါရ လောကကို စတင် တည်ဆောက်သောအခါ၊ ခိုင်ခန့်မြဲမြံ အောင် သင်္ခါရ အုတ်မြစ်ကို ချပေးကြသော လုပ်သား ၂-မျိုးဖြစ်သည်။ အဝိဇ္ဇာ သည် မိမိ၏ ကိုယ်ပိုင် သတ္တိဖြစ်သော အမှောင်ဓါတ် အင်အားဖြင့် ဆိုင်ရာ ဆိုင်ရာ သင်္ခါရလုပ်သားတို့ကို သိမ်းသွင်းလျက်၊ 'ကိလေသဝဋ္ဋဟု ဆိုအပ်သော 'အလိမ့်'ဓါတ်စုကို တည်ထောင်သည်။ စေတနာသည်လည်း မိမိကိုယ်ပိုင် စေ့ဆော် သတ္တိဖြင့် အမှောင်ဓါတ်ကို အမှီအစွဲပြုကာ သင်္ခါရ လုပ်သားတို့ကို အလုပ်အမှု ဆောင်အဖြစ် သိမ်းသွင်းလျက်၊ အမှုဆောင်အဖွဲ့ခေါ် ကမ္မဝဋ္ဋ 'အလိမ့်' ဓါတ်စုကို စတင်တည်ထောင်သည်။ ထပ်ခါထပ်ခါ ကြိမ်ဖန်များစွာ ပေါ်ပျောက်လုပ်ငန်းကို ခံယူကြရသဖြင့် 'အလိမ့်'ဓါတ်အစု ခေါ်ရသည်။ ပါဠိစကားဖြင့် 'ဝဋ္ဋ' မြန်မာစကား ဖြင့်'အလိမ့်' ဖြစ်သည်။ ဤခေါင်းဆောင် နှစ်ဦးတို့သည် မိမိတို့၏ သင်္ခါရလုပ် သားတို့ကို စုရင်း, ဆောင်းရင်းပင် အဟုန်အရှိန် ရရှိလာသော ဓါတ်တို့ကို 'အနုသယ' ခေါ်သည်။ 'ထာမဂတ ကိလေသာ' ဟူ၍လည်း ခေါ်သည်။ အဟုန် အရှိန် ရောက်ရှိသဖြင့် ကိန်းဝပ်ကြသော ဓါတ်များဟု ဆိုရသည်။အနုသယ ဟူသည် မထင်မရှားသော အရှိသဘောမှ အထင်အရှား ကိန်းဝပ်နိုင်အောင် သောဓါတ်များ ဖြစ်ကြသဖြင့်၊ အဝိဇ္ဇာသည် အနုသယ ခေါင်းဆောင် အဖြစ် ခံယူနိုင်ခဲ့လေသည်။

အနုသယ တို့သည် မထင်မရှား သဘောဖြင့် မိမိတို့နှင့် သဘောတူ လုပ်သား များကို စုဆောင်းရင်း ပါတိဝင် ရလာသောအခါ အင်အား တောင့်တင်းလာ သဖြင့်၊ ထကြွ သောင်းကျန်းရန် အခွင့်ကို မျှော်လင့်ကာ စောင့်ဆိုင်း ကိန်းဝပ် နေကြသော သူပုန်များနှင့် တူကြသည်၊ ဤကဲ့သို့ ဓါတ်တို့သည် ရှေ့ဦးစွာ ပါတိ

ဝင်များကို သိမ်းသွင်းကာ အင်အား စုဆောင်းရင်း ကိန်းဝပ်ကြသည်။ အကြင် အခါ၌ ဆွဲမှီစရာ အကြောင်းတခုရလျှင် ထိုအကြောင်းကို အဆွဲအမှီပြုကာ သူပုန် ထကြွကြသကဲ့သို့၊ အနုသယ ဓါတ်တို့သည်လည်း ဆွဲမှီစရာ အာရုံ တမျိုးမျိုးကို ဆွဲကိုင်နိုင်လျှင်၊ ဥပစယသို့ သက်ဆင်းစုပေါင်းကာ ပရိယုဋ္ဌာန ဟူသော သူပုန် အဖြစ် ထကြွ သောင်းကျန်း လှုပ်ရှားကြလေတော့သည်။ တဖန် ထကြွသောင်း ကျန်း လှုပ်ရှားမှုကို အစွဲအမှီပြုကာ အခြားအခြားသော သူတို့သည် သူပုန်အဖြစ် ကိန်းဝပ်သူက ကိန်းဝပ်၊ ထကြွတိုက်ခိုက်သူက တိုက်ခိုက်ကြသဖြင့်၊ သူပုန်အဆက် မပြတ်သကဲ့သို့၊ ဆွဲမှီစရာ အာရုံကို အစွဲပြုကာ ထကြွ သောင်းကျန်း ကြသော ကိလေသာ အနုသယတို့သည် အာရုံ၏အရသာ — ခံစားသောဝေဒနာကို ဝင်ပေါက် ပြုကာ ကိန်းဝပ်သူ ကိန်းဝပ်၊ သောင်းကျန်းသူ သောင်းကျန်းသော ထကြွမှုတို့ဖြင့် သံသရာ လောက၏ လုပ်ငန်းတို့သည် အဆက်မပြတ် စည်ကား တိုးတက်လာလေ တော့သည်။

ဤနည်းအတိုင်း ကိလေသဝဋ် ခေါင်းဆောင်သော အဝိဇ္ဇာသည် အနုသယ အခြေအနေမှ ဓမ္မာရုံ တမျိုးမျိုးကို အစွဲ အမှီ ပြုရသဖြင့်၊ ပါတီဝင်များနှင့်အတူ ဥပစယသို့ ရောက်လျက်၊ ဥပ္ပါဒဟူသော 'အဖြစ်'သဘောဖြင့် ထင်ရှားပြသကာ ထကြွ သောင်းကျန်းစ ပြုလေတော့သည်။

အို…ရဟန်းတို့-စေတနာသည် အကြင် စေ့ဆော်ခြင်းသဘောကို ဆောင် ရွက်၏။ တဏှာ- ဒိဋ္ဌိ သည် အကြင် သက်ဝင်ကပ်ငြိခြင်း သဘောကို ဆောင် ရွက်၏။ အနုသယ သဘာဝသည် ကိန်းဝပ်ခြင်း သဘောကို ဆောင်ရွက်၏။ ဤသို့ ဆောင်ရွက်ခြင်းများသည် ကမ္မဝိညာဏ် ခေါ်ရသော အကြောင်း ဝိညာဏ်တရား၏ တည်တန့်နိုင်သော အကြောင်းများ ဖြစ်ကြလေတော့သည်။ ထိုအကြောင်းဝိညာဏ် တရားသည် တည်တန့်ခိုင်မာစွာ ပွားစီးလာသောအခါ၊ အကျိုး နာမ်ဓါတ်များနှင့် ရုပ်ဓါတ် များလည်း သက်ဆင်း ရောက်လာ ကြတော့သည်သာ ဖြစ်လေသည်။ စသဖြင့် နိဒါနဝဂ္ဂသံယုတ်- အာဟာရဝဂ်- စေတနာသုတ္တန် ၃-မျိုးသည်၊ ပဋိစ္စ သမုပ္ပါဒ် အခွန့် ၃—ပါးဖြင့် ပိုင်းခြားသော သံသရာလောကကို ဖော်ပြသော ဒေသနာ ၃-မျိုး ဖြစ်လေသည်။

'ယဥ္စဘိက္ခဝေ စေတေတိ'ဟူသော ပါဠိဖြင့်၊ သံသရာလောက၏ အစပိုင်း အတိတ်အခွန့်၌ ကမ္မဝိညာဏ် ဖြစ်ပေါ် တည်တန့်ပုံကို ပြလေသည်။

'ယဥ္စဘိက္ခဝေ ပကပ္ပေတိ' ပါဠိဖြင့်၊ သံသရာလောက၏ ဒုတိယအပိုင်း အပရန္တစက် အစ၌ တဏှာ ဒိဋ္ဌိတို့နှင့် အတူတကွ ကမ္မဝိညာဏ်၏ဖြစ်ပေါ် တည်တန့် ပုံကိုပြသည်။

‘ယဉ္စ အနုသေတိ’ ပါဠိဖြင့်၊ ပဋိစ္စသမုပ္ပါဒ် အနာဂတ် အခွန့်ဖြင့် မှတ်သား အပ်သော ဓါတ်အစု ဇာတိတို့၌ ကမ္မဝိညာဏ် ဖြစ်ပေါ် တည်တန့်ပုံတို့ကို ပြလေသည်။

‘နော စေ ဘိက္ခဝေ စေတေတိ၊ နောစေ ပကပ္ပေတိ၊ အထစ အနုသေတိ’ ပါဠိဖြင့် သင်္ခါရလုပ်သား ဓါတ်ပေါင်းစုသည် အနုသယသဘောဖြင့် ထာဝရဂတသို့ရောက်လျှင်၊ စေတနာ မစေ့ဆော်သော်ရင်း၊ တဏှာ ဒိဋ္ဌိတို့က မသက်ဝင် မကပ်ငြိသော်ရင်း၊ အနုသယ ဓါတ် အားကြီးနေပြီး ဖြစ်၍၊ ကမ္မဝိညာဏ် တည်တန့်နိုင် တော့သည်ဟု ပြတော်မူရင်း ဖြစ်လေသည်။

ဤသို့လျှင် သင်္ခါရလောကကို စတင် တည်ဆောက်ကြသော အဝိဇ္ဇာနှင့် သင်္ခါရ ခေါင်းဆောင်ဖြစ်သော ကိလေသဝဋ္ဋ- ကမ္မဝဋ္ဋ အဖွဲ့ဝင် သင်္ခါရလုပ်သား တို့သည် ကမ္မဝိညာဏ်‘အသိ’ဓါတ်ကို ရွေ့သွားပြုလျက်၊ သင်္ခါရလောက၏ လုပ်ငန်းကို ဥပစယနှင့် သန္တတိ ဟူသော အကောင်အထည်ဖြင့် ပေါ်လွင်စွာ ဆောင်ရွက်ကြ လေတော့သည်။ ဤဝဋ္ဋအဖွဲ့ဝင် အမှုဆောင်တို့၏ ဆောင်ရွက်ခြင်းကြောင့်၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော အကျိုးတရားတို့သည် ဝိပါကဝဋ္ဋ ဟူသော အမည်ကို ခံယူလျက်၊ ပစ္စုပ္ပန်ကာလ အခွန့်ဖြင့် ပိုင်းခြား သတ်မှတ်ကာ ပေါ်လာ ထင်ရှား ကြရလေသည်။

ဤသို့လျှင် အဝိဇ္ဇာနှင့် သင်္ခါရတို့သည် ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋ ဟူသော ဆက်ကာ ဆက်ကာ လိမ့်လည်တတ်သော ဝဋ္ဋ ၃—မျိုးကို အခြေခံအုဋ္ဌမြစ် ချကာ သင်္ခါရလောက ကြာရှည်ခံအောင် ဆောင်ရွက်ကြလေသည်။ ထိုသို့ ဝဋ္ဋ ၃ ပါး ပြည့်စုံအောင် အဝိဇ္ဇာနှင့် သင်္ခါရခေါ် စေတနာတို့က ဆောင်ရွက်လိုက်ရာ ပဋိစ္စသမုပ္ပါဒ်၏ ရှေ့ပိုင်း ‘ပုဗ္ဗန္တ’သည် ပြည့်ပြည့်စုံစုံ ‘ဖြစ်သွားလေသည်။ ထိုတွင် ကိလေသဝဋ္ဋ အဖွဲ့ဝင်လုပ်သားတို့သည် မကောင်းညစ်နွမ်းသော ကိလေသာ ဓါတ် တို့ကို သိမ်းသွင်းလျက်၊ စေတနာသည်လည်း ကမ္မဝဋ္ဋ လုပ်သားတို့ကို သိမ်းသွင်းကာ ဝဋ္ဋ ၂—ပါးတို့၏ အဟုန်အရှိန် စုပေါင်း၍ ဝိပါကဝဋ္ဋခေါ် အကျိုးဓါတ်အစုကို ဖန်တီးလိုက်ကြသည်။ ဤဝဋ္ဋ ၃-ပါးကို စုပေါင်းဆင်ခြင်လျှင်၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂—ပါးတွင် အတိတ် အခွန့် အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အကြောင်းတရား ၂-ပါး ဖြစ်၍၊ ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာတို့သည် အကျိုးတရား ၅—ပါး ဖြစ်လေရာ၊ အင်္ဂါအစိတ်အပိုင်း ၇-ပါး ပေါ်လွင်ထင်ရှားနေလေသည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်၏ ရှေ့ပိုင်း ဝဋ္ဋ ၃-ပါး ပြည့်စုံမှု အတွက် အကြောင်း ၂-ပါးနှင့် အကျိုး ၅—ပါးဖြစ်နေ၍၊ ‘အတီတေ ဟေတဝေါ ဒွေ- ဣဒါနိ ဖလပဉ္စကံ’ဟုဆိုရ လေသည်။

အဘိဓမ္မာ ပညာအရ ဆင်ခြင်စဉ်းစားလျှင်၊ အဝိဇ္ဇာသည် မိမိ၏ ထက်မြက်ကဲလွန်သော အာသဝ ယိုစီး ထွက်ကျတတ်သော သတ္တိဖြင့် အခြားဓါတ်များထက် ထူးချွန်လျက် မိမိ၏ အမှတ်လက္ခဏာဖြစ်သော တွေဝေခြင်းသဘောကို ဆောင်ကာ သီးသန့်ဓါတ်အဖြစ် ယိုကျစီးထွက်လာရာ၊ သင်္ခါရခေါ်သော စေတနာဓါတ်သည်လည်း မိမိ၏ အမှတ်လက္ခဏာ စေ့ဆော်သဘောကို ဆောင်ယူလျက် အဝိဇ္ဇာ အမှောင်ဓါတ်ကို အစွဲပြုကာ ပါဝင်ဆက်သွယ်လာသည်။ သတ္တလောကနှင့် ဩကာသလောကတို့၌ ရုပ်သတ္တိဖြစ်သော အမှောင်ဓါတ်နှင့် အလင်းဓါတ် ၂-မျိုးကို စဉ်းစား ဆင်ခြင်ရာ၊ အမှောင်ဓါတ်သည် အလင်းဓါတ်ထက် ရှေ့ဦးအလျှင် ဖြစ်ပေါ်ထင်ရှားကြောင်း သိရှိရသည်။ ထို့အတူ နာမ်ဓါတ်ဖြစ်သော သင်္ခါရလောက၌ အဝိဇ္ဇာ အမှောင်ဓါတ်သည် အလင်း နာမ်ဓါတ်တို့၏ ရှေ့ဦးစွာ အလျှင်ဖြစ်ပေါ်ရမည်မှာ 'ဓမ္မနိယာမ' သဘောတရားပင် ဖြစ်လေသည်။ အာသဝသတ္တိကို ဆောင်ရွက်သော နာမ်သင်္ခါရ လုပ်သားတို့သည် မောဟ, လောဘနှင့် ဒိဋ္ဌိ ၃-ဦးသာလျှင်ဖြစ်သည်။ ထို ၃-ဦးတွင်လည်း မောဟသည် သတ္တိအားဖြင့် အစွမ်းထက်မြက် လွန်ကဲသည်။ ဟေတုသတ္တိကို လောဘ, ဒေါသ, မောဟ တို့က ဆောင်ရွက်ကြရာ၊ လောဘသည် မောဟ၏ အထောက်အပံ့ကို ခံယူရသည်။ ဒေါသလည်း မောဟ၏ အထောက်အပံ့ကို ခံယူရသည်။ မောဟသည်ကား လောဘ,ဒေါသတို့၏ အထောက်အကူကို မခံယူဘဲ 'အဟေတုက' သတ္တိဖြင့် မောဟစိတ် ၂-မျိုး ဖြစ်ပေါ်အောင် ဆောင်ရွက်နိုင်သည်။

အာသဝ သမုဒယာ,အဝိဇ္ဇာ သမုဒယော-ဟူသော ပါဠိသည် အာသဝ အရှိန်ပြင်းလျှင် အဝိဇ္ဇာ အရှိန် ပြင်းထန်ခြင်းကို ပြဆိုသော စကားဖြစ်သည်။ ထို့ကြောင့် အဝိဇ္ဇာသည် မိမိ၏ အာသဝ သတ္တိဖြင့် အခြားဓါတ်တို့ထက် အလျှင် ရှေ့ဦးစွာ မိမိ၏ အမှတ် လက္ခဏာကို ထင်ရှား ဆောင်ရွက်နိုင်လေသည်။ အဝိဇ္ဇာသည် မိမိ၏ အမှတ် လက္ခဏာဖြင့် ထင်ရှားနိုင်သော အခါမှ အစပြု၍ သင်္ခါရ စေတနာနှင့် အတူ မိမိတို့နှင့် ဓါတ်တူ ကိလေသဓါတ် ကမ္မဓါတ်တို့ကို သိမ်းသွင်းခဲ့လေရာ၊ ရှေ့ဦးစွာ 'ထာမဂတ' ကိလေသာ အဖြစ်သို့ ရောက်ကာ အနုသယဓါတ်အဖြစ်ဖြင့် ကိန်းဝပ်လေသည်။ အနုသယ အင်အား ပြည့်စုံလာသောအခါ၊ ဓမ္မာရုံ တမျိုးမျိုးကို စွဲမှီခွင့် ရသဖြင့်၊ အာရမ္မဏ ပစ္စယ သတ္တိ စသော 'အများဆိုင်' သတ္တိတို့၏ အထောက် အပံ့ အကူအညီဖြင့် ဥပစယသို့ ရောက်လျက်၊ 'ဥဒ္ဒစ္စ' စိတ် ဟူသော အမည်ကို ခံယူ၍ သင်္ခါရ လောက၏ အထည်ဒြပ်ကို ဖေါ်ထုတ် တည်ဆောက်လေသည်။

ဤစကားစဉ်၌ 'ဥဒ္ဒစ္စ'စိတ်အမည်ကို တိကျစွာ ဖေါ်နိုင်သော အထောက်အထားတို့မှာ အဝိဇ္ဇာ၏ အာသဝသတ္တိ ထက်မြက်ခြင်း၊ မောဟ၏ ဟေတုသတ္တိ လွန်ကဲခြင်း၊ ထို့ပြင် ဥဒ္ဒစ္စ စေတနာ ံကံတရားသည် ပဝတ္တိ အကျိုးတရား တို့ကိုသာ ဖြစ်ပေါ် စေနိုင်ခြင်း၊ ပဋိစ္စသမုပ္ပါဒ်၏ ရှေ့အစွန်း ပုဗ္ဗန္တ ပေါ်လာ ထင်ရှားသော အကျိုးတရား ငါးမျိုးသည်လည်း၊ ပဋိသန္ဓေ ဝိပါက်များ မဟုတ်၊ ပဝတ္တိ ဝိပါက်များသာလျှင် ဖြစ်ကြခြင်း စသော သဘာဝ ယုတ္တိတို့ကို အထောက်အထား ပြုလျက်၊ 'ဥဒ္ဒစ္စ'စိတ်ဟု အတိအကျ ဖေါ်ပြခြင်း ဖြစ်သည်။ ထို့ကြောင့် သင်္ခါရ လောက၌ ပရမတ္ထအစုတို့ ရှေ့ဦး အထည်ဒြပ်အဖြစ်ဖြင့် ထင်ရှားသော စိတ်သည် မောဟမူစိတ် ၂—မျိုး၌ ပါဝင်သော ဥဒ္ဒစ္စစိတ်ခေါ် ဝိညာဏ်နှင့် စေတသိက်–၁၅ မျိုးတို့သာ ဖြစ်ပေါ်နိုင်ခွင့် ရှိကြသဖြင့် ဖြစ်ပေါ်ကြလေသည်။

အဝိဇ္ဇာနှင့် သင်္ခါရ စေတနာတို့သည် ဥဒ္ဒစ္စ စိတ်အမည်ဖြင့် ပေါ်လာထင်ရှားသည်မှ အစ ပြုလျက်၊ ကမ္မဝဋ် အမှုဆောင် သင်္ခါရ လုပ်သားတို့သည် ကံသဘောတရား ရင့်ကျက် တိုးတက်အောင် ဆောင်ရွက်ကြလေရာ၊ အဝိဇ္ဇာကို အခြေခံသဘော အဖြစ် ခံယူထားသော ကမ္မဝိညာဏ်သည်လည်း၊ တိုးတက် ရင့်ကာ ပွါးစီးလာသဖြင့်၊ ပင်စည် အသွင်ဖြင့် ဥဒ္ဒစ္စစိတ် သန္တတိမှာ တကြိမ်ထက်တကြိမ် ပိုမိုထင်ရှားလာသည်။ ထိုဥဒ္ဒစ္စစိတ်သည် တည်ရာဝတ္ထုကို မရနိုင်သေး၊ ဆွဲမှီရာအာရုံတို့ဖြင့်သာလျှင် ရပ်တည်လျက် တည်ရာဝတ္ထု ရုပ်တို့ကို ဖန်တီးပေးနိုင်သော ကံဓါတ်တို့၏ အင်အားကို ဖြည့်တင်း နေရလေသည်။ ပဝတ္တိ အကျိုးတို့ကို ဖန်တီးပေးနိုင်သော ကံဓါတ် အင်အားစုသည် အကြင်အခါ၌ ပြည့်စုံ ကြွယ်ဝလာ၏၊ ထိုအခါ၌ ဝိပါက်ဝိညာဏ် စသော အကျိုး ၅—ပါးတို့ကို ပင်စည်သည် အကိုင်းများ၏ တည်ရာဖြစ်လျက်၊ အကိုင်းတို့ကို ဖေါ်ထုတ်စေ သကဲ့သို့၊ ကမ္မဝိညာဏ် ပင်စည်ကြီးမှ အကိုင်းနှင့် တူသော ပဋ္ဌဝိညာဏ်နှင့် သမ္ပဋိစ္ဆိုင်း,သန္တီရဏ ဝိညာဏ်တို့ ပေါ်ထွက်ထွန်းကား စည်ပင်ပျံ့ပွါးလာသည်။

ဤကဲ့သို့ ကိလေသဝဋ်, ကမ္မဝဋ်တို့က ဆောင်ရွက် ပေးသဖြင့်၊ စည်ပင် ပျံ့ပွါး ထွန်းကားလာသော ဝိပါကဝဋ်သည် ကိလေသဝဋ်, ကမ္မဝဋ်တို့ ဆက်လက်ပွါးစီးနိုင်ရန် အခြေခံ အကြောင်းတရား ဖြစ်ရပြန်လေသည်။ ကိလေသဝဋ် လုပ်သား သင်္ခါရတို့ကို အစွဲပြုကာ ကမ္မဝဋ် လုပ်သား သင်္ခါရ တရားတို့ ထင်ရှားပေါ်လာကြ၍၊ ထိုကမ္မဝဋ် လုပ်သားသင်္ခါရ တရားတို့ကို အစွဲပြုကာ ဝိပါကဝဋ် လုပ်သားသင်္ခါရ တရားတို့သည် ထင်ရှား ကြရပြန်သည်၊ ထိုဝိပါကဝဋ် လုပ်သား သင်္ခါရတရားတို့သည် ဆက်ကာဆက်ကာ ပေါ်လာထင်ရှား ကြလေရာ၊ ဝဋ်သုံးပါးဟူသော အမည်ဖြင့် သင်္ခါရ လောက၌ ထင်ရှား ပေါ်လွင် နေလေ တော့သည်၊

ပဋိစ္စသမုပ္ပါဒ်၏ ရှေ့ပိုင်း ပုဗ္ဗန္တစက်၌ အဝိဇ္ဇာနှင့် သင်္ခါရတို့သည် သတ္တဝါဟု ခေါ်နိုင်လောက်အောင် ဓါတ်အစုကို မဖန်တီးနိုင်ကြ။ သတ္တဝါ ခေါ်နိုင်လောက်သော ဓါတ်အစု ခန္ဓာအိမ်ကို တည်ဆောက်နိုင်ရန် အခြေခံ အုတ်မြစ် သဘော အဖြစ်ဖြင့်သာလျှင် ဆောင်ရွက် နိုင်ကြလေသည်။

အို ရဟန်းတို့- ဤကာလ ဤအချိန်၏ ရှေ့အဘို၌ အဝိဇ္ဇာမရှိ၊ ဤကာလ ဤအချိန်၏ နောက်အဘိုမှသာလျှင် အဝိဇ္ဇာဖြစ်လာသည် ဟူသော ကာလအမှတ် အသား ပညတ်တရားကို အခြေခံမူထားလျက် 'အစ'ဟူသော ဝေါဟာရကိုရှာဖွေ စဉ်းစားလျှင်၊ အဝိဇ္ဇာ၏ ရှေ့အစွန်းသည် ထင်ရှားတော့မည်မဟုတ်ပေ။ အို ရဟန်းတို့– အစဟူသော ဝေါဟာရ ပညတ်အတွက် ဤသို့ ဆိုအပ်၏။ အမှန်အားဖြင့် ထင်လည်းထင်ရှားပါ၏။ ပဋိစ္စသမုပ္ပါဒ် သဘောတရား၌ အဝိဇ္ဇာသည်အစ ဟူသော အမည်နှင့်အချိန်ကာလ ပညတ်တို့ကို ယူဆောင်ထင်ရှားစေသည် ဟူသော ဒသဂ္ဂုတ္တရ ပါဠိတော်လာ အဝိဇ္ဇာ သုတ္တန်သည်၊ ပဋိစ္စသမုပ္ပါဒ် ဖြစ်သော သင်္ခါရလောက၏ ရှေ့အစွန်း ပုဗ္ဗန္တကို ဖေါ်ပြသော ဒေသနာ ဖြစ်လေသည်။

အမိဂ္ဂါယ်မှာ ကာလ, ဌာန စသော ပညတ် တရားတို့သည် အဟုတ်ရှိ ပရမတ္ထ တရားသဘောတို့ကို အစွဲအမှီပြုကာ ထင်ရှားပေါ်လွင်ကြရသော သဘောတရား မျိုး ဖြစ်သောကြောင့်၊ ပရမတ် သဘောတရား မထင်ရှားလျှင် ပညတ်သဘော တရားလည်း မထင်ရှားနိုင်။ အဝိဇ္ဇာ ဟူသော ပရမတ်သည် မိမိ၏အမှတ်လက္ခဏာ ကို ဆောင်ယူနိုင်ခဲ့သည်မှ 'အစ' ဟူသော ဝေါဟာရ ပညတ်သည်လည်း ထင်ရှား လာရသည်ဟု ဆိုလိုသည်။ ထို့ကြောင့် သတ္တဝါဟူ၍ မရှိသော ဗုဒ္ဓအရှင်၏ အနတ္တ ဝါဒအလိုက်၊ သတ္တဝါမဟုတ်သော အဝိဇ္ဇာသည် အစ ဟူသော ဝေါဟာရပညတ် ကို မိမိနှင့် တတူတကွ စတင် ပေါ်လွင် စေလေတော့သည်။ ဝဋ်သုံးပါးတို့သည် တခု နှင့်တခု ဆက်သွယ်ကာ လိမ့်လည်နေကြပုံတို့ကို ဆင်ခြင်စဉ်းစားလျှင်၊ သတ္တဝါလိမ့် နေသည်မဟုတ်၊ သင်္ခါရ လုပ်သားတို့သည်သာလျှင် ဝဋ်အမည် ၃-မျိုးဖြင့် လိမ့်လည် နေကြလေသည်။

ဤပဋိစ္စသမုပ္ပါဒ် ပုဗ္ဗန္တစက်သည် ပစ္စယပရိဂ္ဂဟ ဉာဏ်ကို လေ့လာသော ယောဂီပုဂ္ဂိုလ်တို့အတွက် အဓိက အရေးကြီးသော ပြဿနာတရပ် ဖြစ်လေသော ကြောင့်၊ ဗုဒ္ဓကိုယ်တော်သည် ဇရာ မရဏမှ အစပြုလျက်၊အဝိဇ္ဇာတိုင်အောင် အကျိုး အကြောင်းဆက်အားဖြင့် ဟောကြားတော်မူရသည်။ သင်္ခါရလောကသည် အဝိဇ္ဇာမှ အစပြုရကြောင်း ပစ္စယပရိဂ္ဂဟဉာဏ်ရှင် ယောဂီ၏ အသိ၌ ရှင်းလင်းသွားပါမှ ပုဗ္ဗန္တေကင်္ခါတိ ဟူသော ဝိစိကိစ္ဆာသံသယ ကင်းရှင်းပေမည်။ယင်းသံသယ မကင်းရှင်း

ဘဲ ယုံကြည်မှု သက်သက်ကို အားထားလျက်၊ ဥဒယဗ္ဗယဉာဏ်ကို ပွားများနေသော်လည်း၊ အကြောင်း အဝိဇ္ဇာသည် အဘယ်အကြောင်းတို့ကို အစွဲအမှီပြုလျက် အဘယ်ပုံဖြစ်ပါသနည်းဟူသော သဘာဝမေးခွန်းသည် ဥဒယဗ္ဗယ စသော ဉာဏ်တို့ကို ပွားများနေသော ယောဂီတို့၏ ဉာဏ်ဝ၌ အမှန်ပင် ပေါ်ပေါက်လာကာ အဝိဇ္ဇာ အတွက် သံသယ ဖြစ်ပေါ်လာပေလိမ့်မည်။

ပစ္စယပရိဂ္ဂဟ ဉာဏ်ဖြင့် အသိရှင်းလင်းပြီး ယောဂီပုဂ္ဂိုလ်တို့အတွက် ဗုဒ္ဓကိုယ်တော်သည် ဥဒယဗ္ဗယ ဉာဏ်အဆင့်တို့၌ ခန္ဓာငါးပါးတို့၏အကြောင်း ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် သိမ်းဆည်းပုံကို နိဒါနဝဂ္ဂ သံယုတ်— နဂရသုတ္တန်ဖြင့် ဟောပြတော်မူခဲ့ရာ၊ 'ဝိညာဏက္ခန္ဓာ'၏ အကြောင်းကို သိမ်းဆည်းသောအခါ အဝိဇ္ဇာ,သင်္ခါရတို့ကို ဖော်မပြဘဲ၊ ဝိညာဏ်ကို အစွဲအမှီပြုလျက် နာမ်ရုပ်ထင်ရှားပြီး နာမ်ရုပ်ကို အစွဲပြုလျက် ဝိညာဏ် ထင်ရှားဟု အပြန်အလှန် အကြောင်းဖြစ်သည်ကို ပြတော်မူခဲ့သည်။

ဥဒယဗ္ဗယ ဉာဏ်သည် တကယ် အဖြစ်အပျက် ထင်ရှားနေသော သင်္ခါရ လုပ်သားစုကို အာရုံအဖြစ်ယူကာ ရှုဆင်ခြင်နေသောဉာဏ်ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် အစဖြစ်သော အဝိဇ္ဇာနှင့် သင်္ခါရတို့မှာ အာရုံအဖြစ်ယူရန် ဥပစယသို့ မရောက်သောကြောင့်၊ ဥဒယဗ္ဗယဉာဏ်၏ အာရုံအဖြစ် မရောက်နိုင်ပေ။ အကယ်၍ အာရုံအဖြစ် ရောက်ပါသည်ဟု ဆိုသော်လည်း၊ အဖြစ်အပျက် သဘောအတွက် ထူးခြားသည် မဟုတ်သောကြောင့်၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ရှင်းလင်းခဲ့ပြီးသော ယောဂီအတွက် ထူးခြားသော အသိတိုးတက်မည် မဟုတ်တော့ပေ။ ထို့ပြင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာတို့ကို သိမ်းဆည်းစဉ်အခါ၊ ပစ္စယပရိဂ္ဂဟ ကိုယ်ပိုင်ဉာဏ်ဖြင့် ရှင်းလင်းပြီးသော ဥဒယဗ္ဗယဉာဏ်ရှင်အတွက်မှာ ဥပစယသို့ရောက်သော အဝိဇ္ဇာ,တဏှာ,ကံ, အာဟာရတို့ကို နိဗ္ဗတ္တ—နိမိတ်အသွင်ဖြင့် အပြန်အလှန် ထင်ရှားနေကြသော ဝိညာဏ်နှင့် နာမ်ရုပ်—နာမ်ရုပ်နှင့် ဝိညာဏ်တို့ကိုသာလျှင် ဖော်ပြတော်မူ သော်လည်း၊ အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ကံ တို့အတွက် ရှင်းလင်းပြီး ဖြစ်လေတော့သည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် သဘောတရားသည် ပစ္စယပရိဂ္ဂဟဉာဏ်ကို လေ့လာသူတို့ အတွက် (ဝါ) သံသရာကို အရှော သူတို့အတွက် အထူးဖော်ပြသော ဒေသနာတော်တရပ် ဖြစ်လေသည်။

ပဋိစ္စသမုပ္ပါဒ်၏ ပုဗ္ဗန္တ ရှေ့ပိုင်းသည် အသိဉာဏ် အထက်တန်းသို့ ရောက်ရှိနေကြသော ပုဂ္ဂိုလ်တို့အတွက် အခက်ကြီးတခု ဖြစ်လေသည်။ ပုဗ္ဗန္တ၌ ပါဝင်သော သဘောတရားတို့သည် သိမ်မွေ့ကြ၏။ သိမ်မွေ့သဖြင့်လည်း နက်နဲ၏၊နက်နဲသဖြင့် အသိမရောက်၊ အသိမရှင်းသောကြောင့် ခက်ခဲခြင်း ဖြစ်ကြရလေသည်။ ဗုဒ္ဓကိုယ်

တော် လက်ထက်၌ အချို့သော ယောဂီ ရဟန်းတော်တို့သည် ပဋိစ္စသမုပ္ပါဒ်သဘော တရားကို လေ့လာကြရာ၊ ဤပဋိစ္စသမုပ္ပါဒ် သဘောတရားသည် ဗုဒ္ဓကိုယ်တော်များ ပွင့်ထွန်းလာမှ ပေါ်လာထင်ရှားသလား၊ ဗုဒ္ဓကိုယ်တော်များ မပွင့်ထွန်းခဲ့လျှင် ဤသဘောတရားတို့သည် မရှိတော့ဘူးလား—စသည်ဖြင့် ကြံဆကြသည်၊ စဉ်းစားဆင်ခြင်ကြသည်။

အို ရဟန်းတို့—ဗုဒ္ဓကိုယ်တော်များ ပွင့်ထွန်းပေါ်သည်ဖြစ်စေ၊ မပွင့်ထွန်း မပေါ်သည်ဖြစ်စေ၊ အကျိုးတရားမှန်သမျှ အကြောင်းတရားတို့၌ အစွဲအမှီပြုရသော 'ဓမ္မဋ္ဌိတိ'၊ သင်္ခတသဘော မှန်သမျှ ဓမ္မတာအတိုင်း ဖြစ်ပေါ်ကြရသော 'နိယာမ'၊ အကြောင်းပေါင်းစုံတို့ဖြင့် ဆက်သွယ်ကြရသော 'ဣဒပစ္စယ' အကြောင်းတို့ကြောင့် အခါမရွေး ရှိနေကြသည်။ အချိန်မရွေး အဝိဇ္ဇာနှင့် သင်္ခါရတို့ ဆက်သွယ်ကြသည်ဟု နိဒါနဝဂ္ဂ သံယုတ် - အာဟာရဝဂ်၌ ဟောပြတော်မူခဲ့လေသည်။

အဓိပ္ပါယ်မှာ အဝိဇ္ဇာမှ အစပြုသော ပဋိစ္စသမုပ္ပါဒ် စသော တရားသည် အမြဲလိုလိုပင် အချိန်မရွေး ဆက်သွယ်နေကြသည်။ ဤဆက်သွယ်မှု အမြဲရှိနေခြင်းဖြင့်၊ သင်္ခါရလုပ်သား ဓါတ်အစုသည်လည်း အချိန်မရွေးဖြစ်ပေါ်စေသည်။ ထိုဓါတ်အစုသည် ဇာတိသို့ရောက်တိုင်း သတ္တဝါတခုဟူသော အမည်ဖြင့် သတ္တလောကသည်လည်း ထင်ရှားကြရသည်။ သတ္တဝါ ဟူ၍ မရှိသော နိဿတ္တ—အသက်ကောင်ခေါ် ဇီဝမရှိသော နိဇ္ဇီဝ၊ ငါ့၊ သူ့ ဟူသော အတ္တမရှိသော အနတ္တ ဖြစ်၍၊ သတ္တ ဇီဝ အတ္တမှ ကင်းသော ဓါတုတို့သာလျှင် ရှိကြလေရာ၊ သတ္တဝါတွေသည် နောက်ဆုံး၌ ကုန်ခမ်းကြမည်။ သတ္တဝါတွေသည် တဖြေးဖြေး လျော့လျော့သွားမည်ဟု မစဉ်းစားပါလေနှင့်၊ ဓါတ်တွေ ရှိနေသရွေ့ သင်္ခါရလောကရှိမည်။ သင်္ခါရလောကရှိသရွေ့ သတ္တလောကနှင့် ဩကာသလောက တို့သည် ပေါ်လွင် ထင်ရှား နေကြ မည်သာ ဖြစ်သည်ဟု ဆိုလိုသည်။

အို ရဟန်းတို့.... ထိုဆိုခဲ့သော သဘောတရားကို 'တထာဂတ'ခေါ်ရသော ဗုဒ္ဓအရှင်သည် ထိုးထွင်းကုန်စင် သိမြင်ခဲ့လေသည်။ နှိုင်းချိန်ဆုံးဖြတ်ခဲ့လေသည်။ သိမြင် ဆုံးဖြတ်ခဲ့သည့်အတိုင်း ပြောပြခဲ့သည်၊ ဟောပြောခဲ့သည်၊ ပညတ်ခဲ့သည်၊ ဖွင့်ပြောခဲ့သည်၊ ပေါ်လွင်အောင် ပြဆိုခဲ့သည်။ လေ့လာကြည့်ပါ- လေ့ကျင့်ကြည့်ပါ ဟူ၍လည်း ပြောပြသည် ဟု ဗုဒ္ဓကိုယ်တော်သည် ဤစကားအစဉ်ဖြင့် ဆက်လက် ဟောပြောကာ တိုက်တွန်း နှိုးဆော်လေသည်။ ယခုအခါ သတ္တဝါတွေ ကုန်ဆုံးရမည်ဟု အယူရှိသော သူတို့သည် သင်္ခါရလောကကို သိအောင် လေ့လာကြပါကုန်။

## ရှေ့ပိုင်း ပုဗ္ဗန္တစက်

အနုပုဗ္ဗသိက္ခာအပိုင်း၌ ပြဆိုခဲ့သည့်အတိုင်း၊ သင်္ခါရလုပ်သားတို့၏ လုပ်ငန်း လုပ်ဟန်တို့ကို အတော်အတန် သိရှိကြသဖြင့်၊ နာမရူပ ပရိစ္ဆေဒဟူသော သုတမယ ဉာဏ်ရောက်ပြီးသော ပုဂ္ဂိုလ်တို့သည် အောက်ပါ ဥပမာအားဖြင့် ပဋိစ္စသမုပ္ပါဒ်၏ ရှေ့အစွန်း ပုဗ္ဗန္တကို စဉ်းစားဆင်ခြင်ပါလေ။

ဝိဝဋ္ဋဋ္ဌာယီ ဖြစ်သော ကမ္ဘာတည်စအခါ၌ သစ်ပင်တို့သည်လည်း အခွင့်အား လျော်စွာ ပေါက်ရှင်ကြသည်။ ထိုအပင်တို့သည် မျိုးစေ့မှ စတင်ပေါက်ပွားကြသ လော။ သို့မဟုတ် ဓါတ်ပေါင်း ဓါတ်စုမှ စတင်ပေါက်ပွားကြသလော။ ကမ္ဘာဦး အစ၌ မျိုးစေ့ပင် မဖြစ်ပေါ်သေး။ မျိုးစေ့ဟူ၍ မရှိကြသေးပေ။ ထိုအခါကအစ ပြုလျက် ပေါက်ရှင် ကြရသော အပင်တို့သည် ဓါတ်ပေါင်းစုမှ စတင်ပေါက်ရှင်ကြရ လေသည်။ ကမ္ဘာဦးက ဓါတ်ပေါင်းစု ဟူသည်လည်း၊ မြေညှိ–ရေညှိအသွင်တို့ဖြင့် သာ ထင်ရှားကြသည်။ ယင်းဓါတ်ပေါင်းစု ဟူသည်လည်း 'အဝိနိဗ္ဘောဂ'ခေါ် သော ကမ္မပစ္စယ ဥတုဇဓါတ်ပေါင်းတို့၏ တည်ရာကိစ္စကို ဆောင်ရွက်၏။ အာပေါ ဓါတ် အချင်းချင်း ဖွဲ့စည်းမှုကို ဆောင်ရွက်၏။ ဝါယောဓါတ်သည် တွန်းကန် လှုပ်ရှားမှုကို ဆောင်ရွက်၏။ တေဇောဓါတ်သည် အပေါင်းပါဓါတ်တို့ တိုးတက် ရင့်ကျက်အောင် ဆောင်ရွက်ပေးလေရာ၊ မိမိတို့ အသီးသီး ကိစ္စကို ဆောင်ရွက်ကြ ခြင်းဖြင့် ဓါတ်ပေါင်းစု၏ တိုးတက်မှုကို ပေါ်လွင် ထင်ရှားစေသည်။ ဤနည်းဖြင့် အချင်းချင်း အကူအညီပြုကာ ဆောင်ရွက်ကြရာတွင် တေဇောဓါတ်သည် မိမိ၏ လုပ်ငန်းကိစ္စဖြင့် ခေါင်းဆောင်ဖြစ်လေသည်။

တေဇော ခေါင်းဆောင်သော ဓါတ်ပေါင်းစုသည် အာပေါ၏ ကူညီ ဖွဲ့ စည်းခြင်း၊ ဝါယော၏ တွန်းကန်လှုပ်ရှားခြင်း အကူအညီကိုရယူကာ တဆင့်မှတဆင့် ရင့်ကျက်ကြီးထွား ခိုင်တောင့်လာလေသည်။ ယင်း ခိုင်တောင့်မှု တိုးတက်ခြင်းကို အခြေခံ ပြုလျက် ထင်ရှားသော မြေညှိ, ရေညှိ တို့မှ ဓါတ်ပေါင်းစု ဖြစ်သော 'အညှောက်' ထင်ရှားလာသည်။ ဤကဲ့သို့ ဓါတ်တို့သည် မိမိတို့၏ ကိုယ်ပိုင် ကိစ္စကို ဆောင်ရွက်သဖြင့် တချိန်ထက်တချိန် တိုးတက် ရင့်ကျက်ကြလေရာ၊ အညှောက်မှ ပင်စည်အသွင်ဖြင့် ထင်ရှား ပေါ်လွင်လာပြန်သည်။ ထိုပေါ်လွင် ထင်ရှားသော ပင်စည်သည်လည်း အချိန်အားလျော်စွာ ရင့်ကျက်၍ ပင်စည်မှ အကိုင်းများ၊ အကိုင်းများမှ အခက်များ၊ အခက်များမှ အလက်များ၊ အလက်များမှ အရွက် များဖြင့် တိုးတက်ဝေဖြာ၍ စည်ပင်ထွန်းကားကြလေသည်။ ဤ၌ ဓါတ်ပေါင်းစု ရေညှိ, မြေညှိ, အညှောက်မှ အခက်အလက် အရွက်တို့ ဖြစ်ထွန်းပေါ်ပေါက်သည့်

ကာလတိုင်အောင် ဓါတ်တို့သည် မိမိတို့နှင့် သွင်တူ မျိုးတူကို ဆက်လက်စေမည့် မျိုးစေ့ဓါတ်တို့ ပြည့်ပြည့်စုံစုံ ဖြစ်ရန် စုဆောင်းကြသည်။ ထိုသို့မျိုးစေ့ရင့်ကျက်အောင် ဆောင်ရွက်ကြသော အခြေအနေကို ဗီဇဂါမ- ဗီဇဂါမီအခြေဟု ခေါ်ကြရသည်။

သတ္တဝါအမည် ခံယူ ကြရမည်ဖြစ်သော ဓါတ်ပေါင်းစု သည်လည်း ပဋိစ္စသမုပ္ပါဒ် အစ၌ အဝိဇ္ဇာနှင့် သင်္ခါရဓါတ်တို့မှအစ ဓါတ်တို့ အင်အားကြီးထွားရင့်ကျက်လာအောင် ရှေ့ဦးစွာ ကိလေသဝဋ်, ကမ္မဝဋ်တို့ကို စတင် တည်ဆောက်ကြသည်။ ယင်းဝဋ် ၂ ပါးသည် အချင်းချင်း ထောက်ပံ့ကူညီကာ ထာမဂတ, အနုသယ အခြေသို့ရောက်ကြ၍၊ ဥဒ္ဓစ္စစိတ်အသွင်ဖြင့် ဥပစယ ဟူသော အညွှောက် ပေါ်ထွက်လျက် သန္တတိ အစဉ်ဖြင့် 'ကမ္မဝိညာဏ်ပင်စည်' ကို ကြီးထွား ရင့်ကျက်စေသည်။ ကမ္မဝိညာဏ် ရင့်ကျက် ကြီးထွားသလောက်၊ မျိုးစေ့ ကံ, သဘောတရားလည်း ကြီးထွား ရင့်ကျက် လေရာ၊ အခွင့်အားလျော်စွာ ကမ္မဝိညာဏ် ပင်စည်မှ ဝိပါက် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ အခက်အရွက် ဝေဖြာသော ပဝတ္တိ ဝိညာဏ်တရားတို့ကို ဆက်လက် ပေါက်ပွားစေသည်။ ဤနည်းဖြင့် မိမိတို့၏အခြေအနေ ခိုင်ခန့်အောင် ဆောင်ရွက်ကြလေရာ၊ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် ဟူသော ဝဋ် ၃-မျိုး ပေါင်းစပ်သော ဘဝ၏ အဋ္ဌမြစ်သည် သင်္ခါရ လောကကို ပေါ်လွင် ထင်ရှားစေတော့သည်။ ဇာတိဟူသော ဘဝအမျိုးမျိုးသို့ ရောက်အောင် ဆောင်ရွက်ကြသော သင်္ခါရလုပ်သားတို့သည် အဝိဇ္ဇာမှ ပဝတ္တိဉာဏ်တို့ ပေါ်ထွန်းလာသည်အထိ ခိုင်တောင့်လာကြသဖြင့်၊ ထိုဓါတ်အစုတို့ကို 'သမ္ဘဝေသီ' အစပိုင်းဟု ခေါ်ရလေသည်။ ဓါတ်ပေါင်းစု သစ်ပင်တို့၏ ဗီဇဂါမီ အပိုင်းကဲ့သို့ဖြစ်သည်။

ထိုဝဋ် ၃—ပါး ပြည့်စုံအောင် ပေါ်လာသောအပိုင်းတွင် ပရမတ်ဓါတ်တို့ကို အစွဲပြုကာ ထင်ရှားလာကြသော ကာလပညတ် တို့သည် အတိတ်အခွန့်နှင့် ပစ္စုပ္ပန် အခွန့်သာလျှင် ဖြစ်ကြသည်။ အဝိဇ္ဇာနှင့် သင်္ခါရ အစပြုသည်မှ ပဝတ္တိ ဝိညာဏ်ပေါ်သည်အထိ ကာလကို အတိတ်အခွန့်ဟု ပိုင်းခြား၍၊ ဝိပါကဝဋ်ပေါ်လာသည့်အခုမှ ပစ္စုပ္ပန်အခွန့်ဟု ပိုင်းခြားသည်။ ပဋိစ္စသမုပ္ပါဒ်၌ အစပ် ၃—ဖြာ၊ အလွှာ ၄-ထပ်ဟု ဖော်ပြရာ၊ ရှေ့အပိုင်း ပုဗ္ဗန္တ၌ အတိတ်အခွန့်ဖြင့် မှတ်သားအပ်သော အဝိဇ္ဇာ သင်္ခါရနှင့် ပစ္စုပ္ပန် အခွန့်ဖြင့် မှတ်သားအပ်သော ပဝတ္တိဝိညာဏ်တို့၏ အစပ်တခုပင် ဖြစ်လေသည်။ အလွှာမှာ အဝိဇ္ဇာနှင့် သင်္ခါရတလွှာ၊ ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တလွှာဖြစ်၍ ပေါင်း ၂—လွှာသာလျှင် ရှိသေးသည်။ ထို့ကြောင့် 'အတီတေ ဟေတဝေါ ပဉ္စ, ဣဒါနိဖလပဉ္စကံ' သာလျှင် ရှိသေးသည်။ ပဋိစ္စသမုပ္ပါဒ်၏ အပရန္တစက် - ခေါ် နောက်ပိုင်းသည် တဏှာခေါ်သော

လောဘမှ အစပြုလေရာ၊ လောဘသည် အဝိဇ္ဇာ သင်္ခါရ မပါဘဲ မဖြစ်ပေါ်နိုင်။ မောဟနှင့် စေတနာ မယှဉ်သော လောဘစိတ်ဟူ၍ အဘိဓမ္မာ ပညာ၌ မရှိပေ။ ပဝတ္တိ ဝိညာဏ်ဖြစ်သော 'ဒွေပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း, သန္တီရဏ'တို့၏ အာရုံတို့ကို ကပ်ငြိ တွယ်တာသော လောဘနှင့် 'အတ္တ'ဟု အမှား သက်ဝင်သော ဒိဋ္ဌိတို့သည် သမ္မာဝေသီ လုပ်ငန်းအတွက် အဓိက ဖြစ်သော်လည်း၊ အဝိဇ္ဇာ သင်္ခါရတို့လည်းပါ ဝင်သောကြောင့် 'ကုဒါနိဟေတဝေါပဉ္စ' ပစ္စုပ္ပန်အကြောင်း ၅–ပါး ဖြစ်ရသည်။

## နောက်ပိုင်း အပရန္တစက်

ဝိပါကဝဋ္ဋ ပေါ်လာထင်ရှားသော်လည်း၊ ကြာရှည်ခိုင်ခန့်သော ကမ္မဘဝ ခေါ်တ် ဖြစ်ပေါ်အောင် အဝိဇ္ဇာ, သင်္ခါရ, ဦးစီးသော ဥဒ္ဓစ္စစိတ်ဖြင့် မဆောင်ရွက် နိုင်ကြပေ။ ဝိပါကဝဋ္ဋ၌ ပါဝင်သော သဠာယတန ဟူသော အခံခါတ် ၆–မျိုး၊ အတိုက်ခါတ် ၆-မျိုးကို အစွဲပြုကာ ပဉ္စဝိညာဏ် ၅–ပါး၊ ပဉ္စဝိညာဏ်နှင့် ပေါင်း စပ်ယှဉ်တွဲသော ဖဿ–ဝေဒနာ တို့တွင် ဝေဒနာကို ကပ်ငြိမှု အစွဲသန်သဖြင့် တဏှာ ခေါ်သော လောဘ စေတသိက်သည် ကမ္မဝိညာဏ်နှင့် ယှဉ်တွဲလျက်ပါလာ လေသည်။ ထိုလောဘတဏှာ ပေါ်လာထင်ရှားသည်မှ ပဋိစ္စသမုပ္ပါဒ် အပရန္တစက် သည် အစပြုထင်ရှားသည်။ ထင်ရှားစေဦးအံ့။

စေတနာ ခေါင်းဆောင်သော ကမ္မဝဋ္ဋ လုပ်သားတို့သည် အဝိဇ္ဇာခေါင်း ဆောင်သော ကိလေသဝဋ္ဋ လုပ်သားတို့၏ အထောက်အကူကို ရယူကြသော်လည်း အခြေခံ ဟေတုသတ္တိရှိသော မောဟတခုတည်းဖြင့် ကမ္မဘဝ ခေါ်တ်သို့ရောက်အောင် အင်အား မတောင့်တင်းကြပေ။ လောဘနှင့် ဒိဋ္ဌိတို့သည် ကမ္မဝိညာဏ်နှင့် ပေါင်း စပ်ပါဝင်သောအခါ ကိလေသဝဋ္ဋ လုပ်သားတို့ အင်အားတောင့်တင်း ထက်မြက် လာကြသည်။ ကမ္မဝဋ္ဋ လုပ်သားတို့ အင်အားထက်မြက်အောင် တဏှာ ဒိဋ္ဌိသည် အဝိဇ္ဇာ မောဟထက် ပိုမို အစွမ်းထက်လေသည်။ တဏှာ ဒိဋ္ဌိတို့၏ ထက်မြက် သော အစွမ်းသတ္တိကြောင့်၊ ဇာတိအမျိုးမျိုးသို့ ရောက်အောင် ရှာမှီးပို့ဆောင်ရသော သမ္မာဝေသီ လုပ်ငန်းတို့အတွက် အဝိဇ္ဇာသည် ခေါင်းမဆောင်နိုင်တော့ဘဲ၊ အမှောင် ခေါ်တ် အကာအကွယ် သဘောဖြင့် တဏှာ၏နောက်လိုက် အခြံအရံဖြစ်ရလေသည်။ ကမ္မဝဋ္ဋ လုပ်သားတို့မှာ ဟေတု သတ္တိရှိကြသော တဏှာ–မောဟတို့၏ အထောက် အပံ့ကို ခံယူကြရ၍ တောင့်တင်းသော အင်အားဖြင့် ကမ္မဘဝ ခေါ်တ်ကို တည် ဆောက်နိုင်ကြ လေတော့သည်။

ကမ္မဝဋ် လုပ်သားတို့သည် ကမ္မဘဝကို အပိုင်း ၃-ပိုင်း ခွဲခြားလျက် တည်ဆောက်ကြသည်။ ရှေ့ဦး ပဌမပိုင်းကို 'သင်္ခါရ ရိုးရိုး'ဖြင့် တည်ဆောက်ကြသည်။ ဒုတိယ အပိုင်းကို 'အဘိသင်္ခါရ' ပြုပြင်မှု ပြင်းထန်သော အစိတ်အပိုင်းဖြင့် တည်ဆောက်ကြသည်။ တတိယ အပိုင်းကို 'သန္တိဋ္ဌာပက' ဇာတိဟူသော ဘဝတခုအတွက် ပြည့်စုံအောင် အပြီးသတ် ဆောင်ရွက်ကြသည်။ ကံနှင့် စပ်ဆိုင်သော ဗုဒ္ဓစာပေလောက၌၊ သင်္ခါရ, အဘိသင်္ခါရ, ကမ္မဘဝ ဟူသော ညွှန်ကြားချက် စကားလုံးတို့ဖြင့် ထင်ရှားကြသည်။ ကိလေသဝဋ် အားကြီးလေလေ၊ ကမ္မဝဋ် အရှိန်ပြင်းလေလေ ဖြစ်ရာ၊ ကမ္မဝဋ်အရှိန် အားကြီး ပြင်းထန်သလောက် ဝိပါကဝဋ် ပေါ်လွင် ထင်ရှားသဖြင့်၊ ကံ၏ အကျိုးတရားဖြစ်သော အကောင်း အဆိုးတို့ကို သတ္တဝါအမည်ခံ ဓါတ်အစုသည် နေ့စဉ် နေ့တိုင်း ခံယူကြရလေသည်။ ကံ၏ အကျိုးတရားဖြစ်သော အကောင်း အဆိုးတို့ကို ငါလည်း မခံယူ၊ သူလည်း မခံယူပေ။ အမှန်မှာ ဓါတ်အစုတို့က အကြောင်းကံတရားတို့ကို ဖန်တီးကြ၍ အကျိုးဝိပါက် တရားတို့ကိုလည်း ဓါတ်အစုတို့ကပင် ခံယူကြလေသည်။ ဗုဒ္ဓအရှင်၏'အနတ္တဝါဒ'သဘောကို စဉ်းစား ဆင်ခြင် ကြပါလေ။

ပဋိစ္စ သမုပ္ပါဒ်၌ ဖော်ပြသော ပစ္စုပ္ပန်အကြောင်း ၅-ပါးကို လက်တွေ့သဘောဖြင့် လေ့လာပါလျှင်၊ ဇော စိတ်တို့ကို စဉ်းစား ဆင်ခြင်ပါ၊ လောကီဇော ဟူသမျှ ကံသဘောကိစ္စကို ဆောင်ရွက် ကြရသည်သာ ဖြစ်သည်။ ဇောစိတ်သည် ပကတိ ရိုးရိုး အခြေအနေဖြင့် ပရိယုဋ္ဌာန ဟူသော ဥပစယ-သန္တတိအစဉ်သို့ ရောက်သောအခါ ကုသိုလ်ဇော ဖြစ်စေ၊ အကုသိုလ်ဇော ဖြစ်စေ၊ ရိုးရိုးဖြစ်သော မနော သင်္ခါရလုပ်ငန်းကို စတင် ပေါ်လွင် ထင်ရှားစေသည်။ထိုနောက် ထိုမနော သင်္ခါရ ဇောစိတ်သည် အခွင့် အားလျော်စွာ ကာယဝိညတ် ဟူသော ကိုယ် အမူအရာ ကာယ သင်္ခါရ ဖြစ်ပေါ်အောင် ဖန်တီးပေးသည်။ အခွင့် အားလျော်စွာ ဝစီဝိညတ် ဟူသော နှုတ်အမူအရာ ဝစီ သင်္ခါရကို ဖန်တီး ပေးလေသည်။ ထိုကာယ သင်္ခါရ, ဝစီ သင်္ခါရ တို့သည် မနော သင်္ခါရ တို့၌ ပါဝင်သော စေတနာ ခေါင်းဆောင်သော ကမ္မဝဋ် လုပ်သားတို့၏ အစွမ်းဖြင့် ပေါ်လာ ထင်ရှားကြသောကြောင့်၊ ကိုယ်လုပ်ငန်း ကာယကံ၊ နှုတ်လုပ်ငန်း ဝစီကံဟု ခေါ်ဝေါ် ပြောဆိုကြလေသည်။ ယင်း ကိုယ်နှုတ်၏ အမူအရာ တို့ကိုလည်း သင်္ခါရလုပ်သား ဝါယော ပထဝီ အမှူးပြုသော ရုပ်တရားတို့က ဆောင်ရွက် ကြခြင်း ဖြစ်လေသည်။ ကိုယ်နှုတ် အမူအရာတို့ကို အသုံး မပြုဘဲ စိတ်အစဉ်၌ သာလျှင် ပြင်းထန်စွာ ထကြွသောင်းကျန်းသောအခါ၊ မနောသင်္ခါရ အဆင့်မှ မနော အဘိသင်္ခါရ အဆင့်သို့ တိုးတက် ပြောင်းလဲသွားသည်။

ဤကဲ့သို့ ပဌမအဆင့်မှ ဒုတိယအဆင့်သို့ ပြောင်းလဲပုံ အခြေ အနေတို့ကို ဆင်ခြင် စဉ်းစားလျှင် ရိုးရိုး ပကတိ ဇောစိတ်သည် ကုသိုလ်ဇော ဖြစ်ခဲ့လျှင် ကုသိုလ် မျိုးစေ့ဓါတ်ဖြင့် အစပြုသည်။ အကုလ်ဇော ဖြစ်ခဲ့လျှင် အကုသိုလ်မျိုးစေ့ ဓါတ်ဖြင့် အစပြုသည်။ ယင်း မျိုးစေ့ဓါတ် ၂–မျိုးသည် အစဖြစ်သောကြောင့် အင်အား ပြည့်စုံခြင်း မရောက်ကြသေးပေ။ ထိုကြောင့် ထိုကံမျိုးစေ့တို့သည် ကံ ဟု ဝေါဟာရအားဖြင့် ခေါ်နိုင် ကြသော်လည်း၊ အကျိုး ဖြစ်ထွန်းလာအောင် အစွမ်းသတ္တိ မထက်မြက်ကြပေ။ တခါတရံ အကျိုးတရားကို မထင်ရှား စေနိုင်ဘဲ ပျောက်ပျက် ကုန်ဆုံး သွားကြသည်။ ဤကဲ့သို့သော ကံအမျိုး အစားကို အတ္တိ ကမ္မံ နတ္တိကမ္မ ဝိပါကော ဟု ဆိုရလေသည်။ သစ်ပင်မျိုး၌ သီးကင်းမှ သီးနု အဆင့်အတန်းနှင့် တူလေသည်။ သီးကင်း၌ မျိုးစေ့ဓါတ် အစပြုသော်လည်း၊ ထို မျိုးစေ့ဓါတ်ဖြင့် ဘယ်အကျိုးတို့ကိုမျှ မဆောင်ရွက်နိုင်သေးသကဲ့သို့ ဖြစ်လေသည်။ မနော အဘိသင်္ခါရ အဆင့်၌ မူကား ကမ္မဝဋ္ဋ လုပ်သားသင်္ခါရတို့၏ အဟုန်အရှိန် သည် ပဌမအဆင့်ထက် တိုးတက် ပြင်းထန်လာသည်။ ထို တိုးတက် ပြင်းထန်သော အဟုန်အရှိန်ဖြင့် မတရား ရလိုသော စိတ်ကူး၊ နှိပ်စက် ညှဉ်းပန်းလိုသော စိတ်ကူး၊ အလွဲအမှား ယူဆသော စိတ်ကူးတို့ကို ကြံဆ ဆင်ခြင်ကြလေသည်။

ဤအဆင့် ၂–ဆင့်ကို နှိုင်းယှဉ်လျက် စဉ်းစားဆင်ခြင်လျှင်၊ ပဌမအဆင့် အခြေအနေသည် ကံမျိုးစေ့ကို အစပြုနေသော အခြေအနေဖြစ်လေသည်။ ဒုတိယ အဆင့် အခြေအနေသည် ကံ, မျိုးစေ့ကို ရင့်ကျက်အောင် ဆောင်ရွက်နေသော အခြေအနေဖြစ်သည်။ တတိယအဆင့်၌ ဆောင်ရွက်လုပ်ကိုင်မည်ဟု အဆုံးအဖြတ် ပြုသော ဇောစိတ်အစုဖြင့် ကမ္မဝဋ္ဋ သင်္ခါရ လုပ်သားတို့သည် ကမ္မဘဝ ဟူသော ဇာတိ၏ အခြေခံ ကံ - အရှိ သဘောတရားအဖြစ်သို့ ရောက်ကြလေတော့သည်။ သစ်ပင်မျိုးစေ့၌ သီးနုအဆင့်မှ သီးရင့်အဆင့်သို့ ပြောင်းလဲနေသကဲ့သို့၊ အဘိသင်္ခါရ အဆင့်နှင့် တူလေသည်။ သီးရင့်မှ သီးမှည့်သို့ ရောက်သောအခါ အသီးများပျက်စီး သွားကြသော်လည်း မျိုးစေ့မှာ ကျန်နေသကဲ့သို့၊ 'သန္နိဋ္ဌာပက' ဇောစိတ်တို့ ပျက်စီးပျောက်ကွယ်သွားကြ သော်လည်း၊ အဟုန်အရှိန် သဘောဖြစ်သော ကံသဘော တရားသည် ကျန်ရှိနေလေသည်၊ ဤအဓိပ္ပါယ်ကို ဖော်ပြလိုသော ဗုဒ္ဓကိုယ်တော် သည်–

အို....အာနန္ဒာ ကာမဓါတ် ရင့်ကျက်သော ကံသဘောတရား မဖြစ်ပေါ် ခဲ့လျှင်၊ ကာမဘဝ ဟူသော ဥပပတ္တိ ဇာတိသည် ဖြစ်ပေါ်နိုင်ပါသလောဟု မေး တော်မူလေရာ၊ မဖြစ်နိုင်ပါ ဘုရားဟု အရှင်အာနန္ဒာက ပြန်ကြား လျှောက်ထား သည်။ အို အာနန္ဒာ– အဝိဇ္ဇာ အမှောင်ဓါတ် ကာကွယ်ထား၍ တဏှာသံယော

ဇာဉ် ရစ်ပတ်ဖွဲ့စည်းထားသော သတ္တဝါ အမည်ခံ ဓါတ်အစုတို့အား ကံ-သဘော တရားသည် လယ်မြေ ကိစ္စအဖြစ် ဆောင်ရွက်နိုင်အောင် ရင့်ကျက်ပါမှ၊ ဘဝ ရာဂ တဏှာလောဘသည် ရစ်ပတ်နှောင်ဖွဲ့သော အစေးကိစ္စကို ဆောင်ရွက်နိုင် အောင်ရင့်ကျက်ပါမှ၊ ဤယုတ်ညံ့သော ဓါတ်အစု၌ စေ့ဆော်မှု စေတနာ၊ တောင့် တမှု ပတ္ထနာတို့ ဖြစ်ပေါ်ကြသည်။ ယင်းသို့ ဖြစ်ပေါ်လာကြသည့် အားလျော်စွာ နောက်အခါ ဘဝအသစ်သည် တဖန်ဆက်ဖြစ်ရသည်ဟု တိကာ္ဂုတ္တရ ပါဠိတော်- အာနန္ဒဝဂ်၌ ဖော်ပြတော်မူခဲ့သည်။

ဤနည်းအတိုင်း ကာမ ဓါတ်အစုကို ဟိန -အညံ့စား၊ ရူပဓါတ်အစုကို မဇ္ဈိမ · အလတ်စား၊ အရူပ ဓါတ်အစုကို ပဏီတ—အမြတ်စား အဖြစ်ဖြင့်၊ အဘိသင်္ခါရ အဆင့်, ကမ္မဘဝ အဆင့် ဖြစ်ပေါ်ပုံကို ပြခဲ့လေသည်။ သင်္ခါရအဆင့်၌ ကာမဓါတ်, ရူပဓါတ်, အရူပဓါတ်တို့ မရင့်ကျက်သေး။ အဘိသင်္ခါရအဆင့်မှ တိုးတက်ရင့်ကျက် သဖြင့် ကမ္မဘဝ ဟူသော နောက်ဆုံး အဆင့်သို့ ရောက်၍ အသစ်အသစ်ဖြစ်သော ဇာတိအမျိုးမျိုးသို့ ပြောင်းလဲနိုင်ပုံတို့ကို ဟောပြတော်မူခဲ့လေသည်။ ထို့ကြောင့် အဘိသင်္ခါရ အဆင့်သို့ ရောက်သော ဇောတို့သည် ကိုယ်— နှုတ် အမူအရာ တို့ကို ဖန်တီးသောအခါ၊ ထို ကိုယ်· နှုတ် အမူအရာတို့သည်လည်း အဘိသင်္ခါရ အဆင့် အတန်းဖြင့် ပေါ်လာ၍ ကံ-မျိုးစေ့ တဆင့်ထက်တဆင့် ရင့်ကျက်နေကြောင်းကို ထင်ရှားစေကြလေသည်။

ပြဆိုခဲ့သည့်အတိုင်း သင်္ခါရ လုပ်သားတို့သည် သင်္ခါရလောက၏ ဇောကိစ္စ တို့ကို ဆောင်ရွက်လျက်၊ လူတို့ အသိရောက်နိုင်၊ ရှင်းလင်းနိုင်သော ကာယဝိညတ်၊ ဝစီ ဝိညတ် စသော 'ဝိကာရ' သဘောတရားတို့ကို ဖော်ပြကြလေသည်။ ဇောစိတ် တို့သည် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ဝိပါကဝဋ္ဋ လုပ်သားတို့၏ အစွဲအမှီပြုထားသော အာရုံ တရားတို့ကိုပင် မျှားသောအားဖြင့် အစွဲအမှီ ပြုကြသည်။ ဝိပါကဝဋ္ဋ လုပ်သားတို့တွင် သဠာယတနသည် အတွင်း အာယတနနှင့် အပြင် အာယတန-ဟု ၂ -မျိုးဖြစ်လေရာ၊ အခံ ဓါတ်အစုနှင့် အတိုက် ဓါတ်အစု ၂- မျိုးကွဲပြားသည်။

| အခံဓါတ်အစု (၆) | အတိုက်ဓါတ်အစု (၆) |
| --- | --- |
| ၁။ မျက်စိအကြည် အစု | ၁။ အဆင်းအစု – ရူပါရုံ |
| ၂။ နားအကြည် အစု | ၂။ အသံ အစု – သဒ္ဒါရုံ |
| ၃။ နှာ အကြည် အစု | ၃။ အနံ့ အစု — ဂန္ဓာရုံ |

၄။ လျှာ အကြည် အစု ၄။ အရသာ အစု—ရသာရုံ
၅။ ကိုယ် အကြည် အစု ၅။ အတွေ့ အစု- ဖေါဋ္ဌဗ္ဗါရုံ
၆။ မနော အကြည် အစု ၆။ သဘောတရား- ဓမ္မာရုံ

ဤအခံ - အတိုက်ဓါတ် ၆—မျိုးစီ၊ ပေါင်း ၁၂-မျိုးတို့သည် သဠာယတန များဖြစ်ကြသည်။ ဤ ၆—မျိုးတို့သည် နာမ် -ရုပ် ၂- မျိုးကိုအစွဲပြုကာ၊ သိဓါတ်- အာရမ္မဏိကနှင့် အသိခံ - အာရမ္မဏ ဟု ကွဲပြားလေရာ၊ အသိဓါတ် ဖြစ်ပေါ်လာ အောင် ဤ ၁၂ -မျိုးက ဆောင်ရွက်ပေးကြသည်။

၁။ အဆင်းစုသည် မျက်စိအကြည်သို့တိုက်လျှင် -မြင်သိ–စက္ခုဝိညာဏ်။
၂။ အသံအစု နားအကြည်တိုက်လျှင် — ကြားသိ–သောတဝိညာဏ်။
၃။ အနံ့အစု နှာအကြည်တိုက်လျှင် — နံသိ -ဃာနဝိညာဏ်။
၄။ အရသာအစု လျှာအကြည်တိုက်လျှင် — လျက်သိ–ဇိဝှာ ဝိညာဏ်။
၅။ အတွေ့အစု ကိုယ်အကြည်တိုက်လျှင် — ထိသိ–ကာယဝိညာဏ်။
၆။ သဘောတရားတို့ မနောအကြည်တိုက်လျှင်—မနော ဝိညာဏ် ဟူသော အသိဓါတ် ၆-မျိုး ဖြစ်ပေါ်လာသည်။

ဤသို့လျှင် အာရုံဟူသော အတိုက်ဓါတ်၊ အကြည် ဟူသော အခံဓါတ်၊ အပွင့်ဟူသော အသိ ဝိညာဏ်ဓါတ်တို့ ထင်ရှား ပေါင်းဆုံမိသောအချိန်မှ အစပြု၍ သံခါရလောက၏ လုပ်ငန်းတို့သည် အဆက်မပြတ်နိုင်တော့ဘဲ၊ ကိလေသဝဋ္ဋ လုပ်သားတို့ ပေါ်လိုက်- ပျောက်လိုက်၊ ကမ္မဝဋ္ဋ လုပ်သားတို့ ပေါ်လိုက်- ပျောက်လိုက်၊ ဝိပါကဝဋ္ဋ လုပ်သားတို့ ပေါ်လိုက်— ပျောက်လိုက်ဖြင့်၊ သံခါရ လောက ကြီး ပွားစီးထွန်းကားလျက်၊ သတ္တလောက, ဩကာသလောက ဟူသော အရိပ် အရောင်ဖြင့် အရေချုံ လောကတို့ ပေါ်လွင်နေကြရလေသည်။ ကျွန်ုပ်တို့၏ တလံ မျှသော ကိုယ်ကောင်ကြီး၌ ဖြစ်ပေါ်လာသော ဇောစိတ်တို့ကို လက်တွေ့လေ့လာ လျှင်၊ ကိလေသဝဋ္ဋ— ကမ္မဝဋ္ဋတို့၏ ဖြစ်ပေါ်ပုံများကို သေချာဂန အသိရောက် ရှင်းလင်းသွားပေလိမ့်မည်။

အို....နတ်သား- အတိုက်ဓါတ် ၆—မျိုး၊ အခံဓါတ် ၆—မျိုး၊ အပွင့်ဓါတ် ၆-မျိုးတို့ကြောင့်၊ 'လောက'သည် ပေါ်လာထင်ရှားရသည်။ ထို ၆—မျိုးတို့သည်ပင် အချင်းချင်း အတိုက်,အခံ, အပွင့်သဘောတို့ဖြင့် ဆက်စပ်ကြသည်။ ဤအတိုက် အခံ

အပွင့် ၆-မျိုးတို့ကို အစွဲအမှီပြုကာ လောက ဟူသော သင်္ခါရ လုပ်သားတို့သည် အညွှဉ်းဆဲ အနှိပ်စက် သဘောတို့ကို ခံယူကြရသည်ဟု 'သဂါထာဝဂ္ဂ · ဒေဝတာ' သံယုတ်၌ နတ်သားတဦး၏ အမေးပြဿနာကို ဗုဒ္ဓကိုယ်တော် ရှင်းပြဖြေကြားတော်မူခဲ့သည်။ ထို့ကြောင့် ဝိပါကဝဋ်ဖြစ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာ တို့သည် အချင်းချင်း တခုကိုတခု အစွဲအမှီပြုလျက်၊ သင်္ခါရလောကကြီးကို အကောင်အထည် ပေါ်အောင် ဆောင်ရွက်ကြသည်။

၎င်းမျှမကသေး၊ ဝိပါကဝဋ်ကို အစွဲအမှီပြုကာ ပစ္စုပ္ပန် အခွန့် ဖြစ်သော အကြောင်းတရားတို့ ဆက်လက် ပေါ်အောင် ဆောင်ရွက် ပေးလိုက် သေးသည်။ ဆောင်ရွက်ပေးပုံမှာ ဇောစိတ် ဟူသော အကြောင်းတရားတို့သည် ဝိပါကဝဋ်ဖြစ်သော အာရုံတို့နှင့် ဖဿ- ဝေဒနာတို့ကို အစဉ်လျှောက်သဖြင့် ထိုအာရုံတို့ကိုပင် အစွဲအမှီပြုကာ ဖြစ်ပေါ်လာ၍၊ ကမ္မဝဋ် သဘောတရားတို့ကို တည်ဆောက်ကြရသည်။ ယခု လက်ရှိဇာတ်ရောက်ပြီးသော ကိုယ်ကောင်ကြီး၌ ပေါ်လာသော ဇောစိတ်တို့သည် လောဘနှင့် မောဟတို့၏အခြေခံ ဟေတုသတ္တိကိုအမှီသဟဲပြုရသဖြင့် ကမ္မဘဝသို့ ရောက်အောင် ဆောင်ရွက်နိုင်သော ကမ္မဝဋ် အလုပ်သမားတို့ ဖြစ်ကြ၍၊ အင်အား တောင့်တင်းသော လုပ်သားများ ဖြစ်ကြသည်။ ၎င်းသဘောအတိုင်းပင် ပဋိစ္စသမုပ္ပါဒ်၏ အပရန္တ နောက်ပိုင်း၌ အစဖြစ်သော လောဘ, ဒိဋ္ဌိ၊ ဒေါသဖြစ်သော ဇောစိတ်တို့သည် ဇာတိဖြစ်နိုင်သော ကမ္မဘဝသို့ ရောက်အောင် ဆောင်ရွက်နိုင်ကြလေသည်။

၎င်း အပရန္တ နောက်ပိုင်း ပဋိစ္စသမုပ္ပါဒ် အစကို ဗုဒ္ဓကိုယ်တော်သည်၊ အို....နတ်သား- သတ္တဝါအမည်ခံ ဓါတ်အစုကို ဘဝရာဂ— တဏှာ လောဘသည် ဖြစ်ပေါ်အောင် ဆောင်ရွက်ပေးသည်။ ထိုဓါတ်အစု၏ ဇောစိတ်တို့က ဟိုအာရုံသို့ပြေး—သည် အာရုံသို့ပြေးသဖြင့်၊ ကံ- သဘောကို ဆောင်ရွက်ပေးကြသည်။ ထိုအခါမှ သတ္တဝါ အမည်ခံ ဓါတ်အစုသည် ဇာတိအမျိုးမျိုးဖြင့် အဖန်ဖန် အထပ်ထပ် လည်ပတ်မှုကို အပြုကြရသည်။ ထိုသို့ အကြိမ်များစွာ သံသရာလည်ပတ်ရာတွင် ကံ—သဘောတရားသည် ထိုဓါတ်အစု၏အားကိုးစရာ ပဓါန အကြောင်းကြီး ဖြစ်လေသည်ဟု သဂါထာဝဂ္ဂ ဒေဝတာ သံယုတ်၌ နတ်သားတဦး၏ အမေးပြဿနာကို ဖြေရှင်းကာ— ဇာတိသံသရာလည်ပုံကို ဖေါ်ပြတော်မူခဲ့သည်။ ၎င်းဒေသနာအရ ဇာတိသို့ မရောက်သေးသော ဓါတ်အစုသည် 'သတ္တ'ဟု အမည်မခံရသေး၊ သံသရာ မလည်ရသေး။ သံသရာလည်နိုင်သော ဇာတိသို့ ရောက်အောင်ဆောင်ရွက်နေကြသော ဓါတ်အစု'သမ္ဘဝေသီ' တို့ကိုလည်း ဖေါ်ပြတော်မူခဲ့လေသည်။

## သမ္ဘဝေသီနှင့် ဘူတ

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် အပရန္တပိုင်းအစမှ ဇာတိသို့ မရောက်သေးသမျှသော ဓါတ်အစုတို့ကို 'သမ္ဘဝေသီ'ဟု ခေါ်ရလေသည်။ ဇာတိသို့ရောက်သော ဓါတ်အစုကိုမူကား– 'ဘူတ'ဟု ခေါ်ရလေတော့သည်။ ဤ သမ္ဘဝေသီနှင့် ဘူတ ဟူသော စကားနှစ်လုံးကို ဗုဒ္ဓအရှင်သည် နိဒါနဝဂ္ဂ သံယုတ် အာဟာရဝဂ်၌ အာဟာရ ၄–မျိုးတို့ကို ဟောပြတော်မူရာတွင် ဖေါ်ပြသည့်အပြင်၊ ပရိတ်ကြီးပါဠိတော် မေတ္တာသုတ်၌ မေတ္တာပို့သရာတွင်လည်း ထည့်သွင်း ဖေါ်ပြတော်မူခဲ့လေသည်။ သမ္ဘဝေသီဓါတ်အစုသည် ဇာတိသို့ ရောက်ပြီးသော ဓါတ်အစုကဲ့သို့၊ သံသရာ လည်နိုင်လောက်အောင် ခိုင်ခန့်သော ဓါတ်အစု မဟုတ်သေးပေ။ ဘားတပိုင်း ငါးတပိုင်းဆိုသကဲ့သို့ 'သတ္တ'ခေါ် ကပ်ငြိတတ်သော လောဘ ပါဝင်သော်လည်း၊ ထိုလောဘ သည်ပင် ဇာတိတခုသို့ ရောက်အောင် မဆောင်ရွက်နိုင်သေးသဖြင့် ပြည့်စုံသော သတ္တသို့ မရောက်သေးပေ။ သို့သော်လည်း နာမ်–ရုပ် ဓါတ်တို့ စုံလင်နေသောကြောင့် 'သြဇာ' ခေါ်သော ကဗဠီကာရ ရုပ်ဓါတ်နှင့် နာမ် အာဟာရ ဓါတ်တို့၏ အထောက်အပံ့ကိုခံယူကာ ဇာတိသို့ရောက်အောင် ကြီးပွား တိုးတက်နိုင်လေသည်။ ထို့ကြောင့်ပင် ပဋိစ္စသမုပ္ပါဒ်၌ အတိတ်အခွန့်၊ ပစ္စုပ္ပန်အခွန့်တို့ဖြင့် မှတ်သားထားသော အကြောင်းတရား ၂–ပါး, ၃–ပါးနှင့် အကျိုးတရား ၅–ပါး ဓါတ်အစုတို့သည် သမ္ဘဝေသီ များသာလျှင် ဖြစ်ကြသည်ဟု မှတ်ယူရလေသည်။

ဇာတိသို့ ရောက်သည်မှ အစပြုသော ဓါတ်တို့သည်'ဘူတ'များဖြစ်ကြသည်။ ဘူတ ဟူသော စကားကို မူလပရိယာယ သုတ္တန်နှင့် ငပ်လျှဉ်း၍ ဟောကြားသော ပါဠိဇာတ် ပါဠိတော်၌–

"ကာလောဃသတိဘူတာနိ – သဗ္ဗာနေဝသဟတ္တနာ
ယောစကာလဃသောဘူတော သဘူတော ပစိနိံ ပစီ"

ဟု ဘူတစကားကို တွေ့မြင်ရသည်။ ဤဂါထာ၌ ပါဝင်သော ပဌမ ဘူတသည် ဇာတိသို့ ရောက်ပြီးသော သတ္တဝါအားလုံးကို ဖေါ်ပြသည်။ဒုတိယ ဘူတနှင့် တတိယ ဘူတတို့သည် ကိလေသာ ကင်းပြီးသော ဘုရား,ပစ္စေက,ဗုဒ္ဓါ ရဟန္တာတို့ကို ဖေါ်ပြသောစကားဖြစ်သည်။ တဖန် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်–ဘူတ သုတ်၌ အနက်အကျယ်ကို အရှင်သာရိပုတ္တရာအား မေးတော်မူရာ၊ အရှင်သာရိပုတ္တရာသည် ၃–ကြိမ် တိုင်တိုင်အမေးကို မဖြေကြားခဲ့ပေ။ ထိုအခါ ဗုဒ္ဓကိုယ်တော်က 'ဘူတမိဒန္တိ သာရိပုတ္တပဿသိ'ဟု မေးတော်မူလိုက်ရာတွင်၊ ဘူတ စကားဖြင့် ဗုဒ္ဓကိုယ်တော်၏ အလိုတော်သို့ အသိရောက်သဖြင့်၊ ခန္ဓာ ၅-ပါး ပြည့်စုံသော ဓါတ်အစုနှင့် အာဟာရတို့၏အထောက်အပံ့ခံရသော တဒါဟာရသမ္ဘဝ ဓါတ်အစုတို့ကို ဖြေကြားတော်မူလေ

သည်။ ဤ၌ ဘူတသည် တဒါဟာရသမ္ဘဝ ဖြစ်သော ဇာတိသို့ရောက်ပြီး ဓါတ်အစု ဖြစ်၍ သေက္ခကိစ္စကို ဆောင်ရွက်ကြောင်းကို ပြသသည်။ ထို့ကြောင့် ဘူတသည် ဘုရား,ရဟန္တာ ဓါတ်အစုကိုဖြစ်စေ၊ ပုထုဇဉ်တို့ ဖြစ်စေ၊ ခန္ဓာ ၅-ပါး ပြည့်စုံသော ဓါတ်အစု ဖြစ်တော့သည်ဟု မှတ်ယူရလေတော့သည်။

ထိုသို့ 'ဘူတ' ခေါ်နိုင်လောက်သော ပဌမဦးဆုံး ဇာတိသို့ ရောက်အောင် တဏှာနှင့် ဒိဋ္ဌိတို့သည် အောက်ပါအတိုင်း ခေါင်းဆောင်ကြသည်။ ဝိပါကဝဋ်၌ ပါဝင်သော အကြည်ဓါတ် တို့သည် အပြင်အပမှဖြစ်သော အာရုံဓါတ်တို့၏ တိုက်ရာ အခံဓါတ် ၆-မျိုးဖြစ်သည်။ ယင်း ၆-မျိုးကို အတိုက်ဓါတ် အာယတန ၆-မျိုးတို့က အခွင့်အားလျော်စွာ တိုက်မိကြလေရာ၊ အပွင့်ဓါတ် ၆-မျိုး ဟူသော အသိဓါတ် ဝိညာဏ်သည် ပေါ်လာသည်။ ဤအသိဓါတ် ၆-မျိုးနှင့် ယှဉ်တွဲပေါင်းစပ်ပါလာသော အတွေ့ဓါတ် ဖဿ ၆ -မျိုးသည်၊ အကြည်ဓါတ် ၆ -မျိုး၌ စည်းဝေးနေကြသော သင်္ခါရဓါတ် လုပ်သားတို့ကို မိတ်ဆက်ပေးသည်။ ဤသို့ အာရုံဓါတ်တို့နှင့် အသိဓါတ်တို့ကို တွေ့ထိ မိတ်ဆက်ပေးလေရာ၊ အသိဓါတ်နှင့်အတူ ပါလာသော ဝေဒနာ လုပ်သားသည် အာရုံတို့၏ အရသာကို သာယာ-သုခ အသွင်ဖြင့် ခံစားသည်၊ မသာယာသော ဒုက္ခအသွင်ဖြင့် ခံစားသည်၊ ဝမ်းသာ ဝမ်းမြောက်သော အသွင်ဖြင့် ခံစားသည်၊ အခံခက် ဝမ်းနည်းသော အသွင်ဖြင့် ခံစားသည်၊ အမှတ်တမဲ့ လစ်လျူအသွင်ဖြင့် ခံစားလေသည်။ အသွင် ၅ -မျိုးဖြင့် ခံစားသော ဝိပါက် ဝေဒနာလုပ်သားကို လောဘတဏှာသည် တွယ်တာကပ်ငြိလေသည်။ဝိပါက် ဝေဒနာသည် အားထုတ်မှုငြိမ်းသော ခံစားချက်ဖြစ်၍ အသိ၌မထင်ရှားပေ။ ထိုခံစားမှု ထင်ထင်ရှားရှား ပေါ်လွင်လာအောင် ကပ်ငြိသော လောဘသည် အခြေခံဟေတုသတ္တိဖြင့် အထောက်အကူပြုလေရာ၊ ကမ္မဝဋ်၌ ခေါင်းဆောင် စေတနာသည် မိမိ၏ အမှတ်အသား စေ့ဆော်သော လုပ်ငန်းအရ သင်္ခါရ လုပ်သားတို့အား မငြိမ်မသက် ထကြွအောင် ဆောင်ရွက်လေတော့သည်။ စေတနာ၏ လှုံ့ဆော်ခြင်းဖြင့် ထကြွသောင်းကျန်းကာ ဥပစယသို့ ရောက်လာကြသော ဇောစိတ် သင်္ခါရ လုပ်သားတို့သည် 'ဇဝန'ခေါ်သော အဟုန်အရှိန်ဖြင့် အကောင်း အဆိုးဖြစ်သော အာရုံတို့ကို တွေ့ထိကြလေရာ၊ ယင်းတွေ့ထိခြင်း ဖဿ ၏ အဟုန်အရှိန် အားလျော်စွာ ဝေဒနာသည် ခံစားသော အသွင်တို့ကို ပေါ်လွင် ထင်ရှားစေလေတော့သည်။ ဤ၌ ဝိပါက်ဝေဒနာ ခံစားပုံအသွင်နှင့် ဇော ဝေဒနာ ခံစားပုံအသွင်တို့၏ အခြင်းအရာတို့ကို နှိုင်းယှဉ်လေ့လာပါ။ ဝိပါက် ဝေဒနာ၌ အားထုတ်သော ဥဿဟ သဘောငြိမ်းသည် ဇော ဝေဒနာ၌ အားထုတ်သော 'ဥဿဟ'သဘော ပေါ်လွင်နေသည်။ ထိုအခါ ဇော၌ပါဝင်သော ဝေဒနာသည် အာရုံတို့၏ အကောင်းအဆိုး အရသာတို့ကို ပေါ်ပေါ်လွင်လွင် ခံစားကြသည်။ အတူ ယှဉ်တွဲပေါင်းစပ်နေသော

ဝေဒနာနှင့် အာရုံအရသာကို လောဘသည် ကပ်ငြိသည်၊ တွယ်တာသည်။ လက်မလွှတ်ချင်သောကြောင့်၊ ဆော်သြမှုး စေတနာကို အဆက်မပြတ် ဆောင်ရွက်နိုင်ရန် အားပေးသည်၊ ထောက်ပံ့သည်။ ဤသို့ အားပေး ထောက်ပံ့ခြင်းသည် သမုဒယသစ္စာ လောဘ၏ နိဒါနဋ္ဌ ဖြစ်၍၊ ဒုက္ခသစ္စာ ကမ္မဝဋ် – ကိလေသဝဋ် လုပ်သား သင်္ခါရတို့၏ ထကြွရသော သခ်ာတဋ္ဌဖြစ်သည်။ ဇောစိတ် သင်္ခါရလုပ်သားတို့ ထကြွကာ ဥပစယသို့ ရောက်လျက် ထင်ရှားစဉ်၊ ဒိဋ္ဌိ စေတသိက်သည် သင်္ခါရလုပ်သား ဝိညာဏ် စသည်တို့ကို 'ငါဟု' အမှားသက်ဝင်သည်။ လောဘသည်လည်း ဒိဋ္ဌိ သက်ဝင်သော သဘောသို့ မိမိ၏ကပ်ငြိ သဘောဖြင့် သက်ဝင်ပြန်သည်။ ဖဿ–ကလည်း ကပ်ငြိသဘောဖြင့် သက်ဝင်ပြန်သည်။ ဤသို့ ညို–ငလက်တို ဥပမာဖြင့် အချင်းချင်း အထောက်အကူပေးလျက် အသိဝိညာဏ်ကို ချယ်လှယ်ကြရာ၊ ဝိညာဏ်နှင့်တကွသော သင်္ခါရ လုပ်သားတို့သည် လောဘ ဒိဋ္ဌိတို့၏ အစွမ်းအင်အားသို့ လိုက်လျောကာ မိမိတို့၏ သင်္ခါရဒုက္ခဖြစ်သော သင်္ခတဋ္ဌ အနက်သဘောကို ခံယူကြရသည်။ ဥပစယ ရောက်လျက် ဇောစိတ် အသွင်ဖြင့် ထင်ရှားစဉ်မှာပင် အာရုံတို့၏ အရသာကို ခံစားသော ဝေဒနာ ထင်ရှား၍ ဝေဒနာကို အစွဲအမှီပြုကာ လောဘ ပေါ်လွင် ထင်ရှားသည်။ လောဘနှင့် ဒိဋ္ဌိ စေတသိက်တို့သည် အဝိဇ္ဇာ ကဲ့သို့ပင် ကိလေသဝဋ် လုပ်သားတို့ ဖြစ်ကြသည်။

ဤ ကိလေသဝဋ် လုပ်သား သင်္ခါရ သဘောတရားတို့သည် ပဋိစ္စသမုပ္ပါဒ်၏ အပရန္တ စက်အပိုင်းမှာ အဝိဇ္ဇာ, တဏှာ, ဒိဋ္ဌိတို့နှင့်အတူ ဆိုင်ရာဆိုင်ရာ ပေါင်းစပ် ယှဉ်တွဲ လာကြ တော့သည်။ ယင်းသို့ ကိလေသဝဋ် လုပ်ငန်းကို အဝိဇ္ဇာနှင့် တဏှာ တို့က ခေါင်းဆောင် အဖြစ် ဆောင်ရွက်သည်။ ထို အဝိဇ္ဇာ, တဏှာ, ဒိဋ္ဌိ တို့နှင့် ပေါင်းစပ် ယှဉ်တွဲသော စေတနာ သည်လည်း ကမ္မဝဋ် လုပ်ငန်းကို ခေါင်းဆောင်ပြုကာ ဆောင်ရွက် လေသည်။ ကိလေသာဝဋ် အထောက်အပံ့ဖြင့် ကမ္မဝဋ် လုပ်သားတို့ အဟုန်အရှိန် တိုးတက်ကာ သင်္ခါရ အဆင့်အတန်း လုပ်ငန်းမှ အဘိသင်္ခါရ အဆင့်အတန်းသို့ ရောက်၍ ကမ္မဘဝ အမျိုးမျိုး ဖြစ်ပေါ်အောင် တည်ဆောက်ကြလေသည်။ ဤနည်းဖြင့် ပဋိစ္စ သမုပ္ပါဒ်၏ ပစ္စုပ္ပန် အခွန့် အမှတ် အသား၌ အကြောင်းတရားတို့သည် သင်္ခါရအဆင့်၌ မောဟနှင့် စေတနာတို့ခေါင်း ဆောင်၍၊ အဘိသင်္ခါရ အဆင့်အတန်း၌ လောဘနှင့် ဒိဋ္ဌိတို့သည် သဟဇာတသတ္တိ ဖြင့်သော်၎င်း၊ ဥပနိဿယ သတ္တိဖြင့်သော်၎င်း အထောက်အပံ့ ပြုကြလေရာ၊ ဇောသင်္ခါရ လုပ်သားတို့သည် သံယောဇဉ် လုပ်သားတို့၏ သံယောဇဉ်ကြိုး တင်းမာခြင်းဖြင့် ဥပါဒါန်ဟူသော အစွဲသန်မှု ပေါ်လွင် ထင်ရှားကာ သန္နိဋ္ဌာပက ခေါ်သော ကမ္မဘဝ အဆင့်သို့ ရောက်ကြရလေသည်။

ဤပစ္စုပ္ပန် အကြောင်းဖြစ်သော တဏှာ—ဒိဋ္ဌိတို့သည် ဥပါဒါန်ဟူသော အမည်ကို ခံယူနိုင်အောင် သံယောဇဉ်ကြိုး တင်းမာကြသည်။ ဒိဋ္ဌိ သံယောဇဉ် စသော ကြိုးတို့သည် ဒိဋ္ဌိ၏ အစ မူလ အမှားသက်ဝင်ခဲ့သော ဝိညာဏ်နှင့် သင်္ခါရ လုပ်သားဟူသော အာရမ္မဏိက အစုကို၊ 'ငါ-မိမိ'ဟူသော အတ္တဒိဋ္ဌိဖြင့် ရစ်ပတ် ချည်နှောင် ဖွဲ့စည်း ထားလျက်၊ တဘက် ဖြစ်သော အာရုံတရားတို့ကို သူ့ သင် စသော အမှားသက်ဝင်ခြင်းဖြင့် ချည်နှောင် ထားလေသည်။

ဤသို့ အာရုံနှင့် အာရမ္မဏိကတို့ကို ဖွဲ့စည်း ချည်နှောင် ထားပြီးလျှင်၊ကမ္မဝဋ် လုပ်သားတို့အား ကမ္မဘဝသို့ ရောက်အောင် ဆောင်ရွက် စေလေသည်။ ဇောစိတ် သည် ပေါ်လာ ထင်ရှားနေသော ပစ္စုပ္ပန် အခွန့် ဖြစ်သည်။ ယင်း ဇောစိတ်၌ မောဟလည်း ပါဝင်သည်။ သင်္ခါရခေါ်သော စေတနာ အနုလည်း ရှိးရှိးသင်္ခါရ အဆင့်၌ ပါဝင်ခဲ့သည်။ အဘိသင်္ခါရ အဆင့်မှာ မူကား သံယောဇဉ်ကြိုး တင်း ခြင်းကို အခြေခံပြုလျက်၊ အားလုံးသော လောဘ, ဒိဋ္ဌိ, မောဟ, စေတနာတို့သည် အဟုန်အရှိန် ပြင်းထန်ကြ၍၊ ကမ္မဘဝ သဘောတရားကို ဖန်တီးကြလေသည်။ ထို့ ကြောင့် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝတို့သည် အနာဂတ် အခွန့် ဟူသော အမည်ကို ခံယူရမည် ဖြစ်သော ဥပ ပတ္တိခေါ် ဇာတိ၏ အကြောင်းတရား ၅—ပါးအဖြစ် တခုနှင့်တခု ဆက်သွယ်ကာ ထင်ရှားကြလေသည်။ 'ဣဒါနိဟေတ ဝေါပဥ္စ'ဖြစ်လေသည်။

အရပ်သုံး စကားမျိုးဖြင့် ပြောပြရလျှင်၊ မြင်သိစိတ် အစဉ်ဖြစ်သော စက္ခု ဝိညာဏ်,သမ္ပဋိစ္ဆိုင်း,သန္တိရဏ ၃—မျိုးတို့သည် ပစ္စုပ္ပန် ကာလ၌ ထင်ရှားနေသော အတိုက်ဓါတ် အာရုံတို့ကို အစွဲပြုလျက် ပေါ်လာ ထင်ရှားကြသော ပဝတ္တိအကျိုး ဝိပါက်, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ ဖြစ်ကြသည်။ ထို နောက် ဝုဋ္ဌောစိတ် တကြိမ် ဖြစ်ပေါ်ပြီးလျှင်၊ ယင်း ဝုဋ္ဌောနောက် ဖြစ်ပေါ်လာ သော ဇောစိတ်တို့သည် မြင်ချင်စိတ်, မမြင်ချင်စိတ် ၂-မျိုးတို့ကို အစ ပြုလုပ်ပေး သော အကြောင်းစိတ် အစဉ်များဖြစ်လေသည်။ဝုဋ္ဌော နောက်မှထက်ချပ်မကွာ ပေါ် လာသော ဇော ၇-ပါးသည် ပရမတ်စစ်စစ် ဖြစ်သော ပဉ္စာရုံတို့ကိုပင် အသိလုပ်အာရုံ ပြုကြပေသည်။ ထိုဇောတို့၌ ပါဝင်လာသော လောဘ ဒိဋ္ဌိတို့၏အစွမ်းထက်မှုကြောင့် ဆက်လက် ဖြစ်ပေါ်သော တဒနုဝတ္တိကာ မနောဒွါရစိတ် အစဉ်သည် တဖြေး ဖြေး တကြိမ်ထက် တကြိမ် ပရမတ် အာရုံလမ်းကြောင်း ပြောင်းလွဲကာ၊ ဥပါဒါန် ၏ အာရုံဖြစ်မည် ဖြစ်သော ယောကျ်ား-မိန်းမစသော ပညတ်အသိဘက်သို့ ရောက် လာလေသည်။ ဝုဋ္ဌော နောက်မှ ထက်ချပ်မကွာ ဖြစ်ပေါ်လာသော ဇောစိတ်မှ

အစပြုလျက်၊ မိန်းမ-ယောကျ်ားဟု သိသောဇောစိတ် ဖြစ်ပေါ်သည်အထိ တန်းစဉ်ကြသော စိတ်အစဉ်ကို သာမန် ရိုးရိုးဖြစ်သော ပကတိ စိတ်မျိုးဖြင့် မသိနိုင်ကြပေ။ ပြင်းထန် ထက်မြက်သော သမာဓိ အဟုန်အရှိန် ရှိနေသော ယောဂီပုဂ္ဂိုလ်သည် စိတ္တသင်္ခါရ လောကအကြောင်းကို စုံစမ်း လေ့လာသော အခါ၌ ကျနသေသပ်စွာ သိနိုင်ကြလေသည်။ ဗုဒ္ဓအရှင်၏ အဘိဓမ္မတ္ထ ပညာသည်'အသိ'တခုသည် အခြား 'အသိ'တခုကို လေ့လာရာ၌ ရှင်းလင်းကျနသော စံနစ်ကို ဖော်ပြထားသဖြင့်၊ ပရစိတ္တဝိဇာနန ဥာဏ်ရှင်များ၊ပရစိတ္တဝိဒူများ၊ဥတုပါပတ ဥာဏ်ရှင်များဟု အမည်ခံယူနိုင်သော ဓါတ်အစုများ ပေါ်လွင် ထွန်းကားနိုင်ကြသည်။ ဓါတ်အစုတခုသည် ဓါတ်အစုတခုကို အသိလုပ်ခြင်းသည် အဆန်းမဟုတ်ပေ။

ဇောစိတ်သည် မြင်ချင်စိတ်, မမြင်ချင်စိတ် တန်းစဉ်အစုတွင် ပါဝင်သည်။ မြင်ချင်လျှင် ဆက်လက်မြင်နေရသော လုပ်ငန်းကို ဆောင်ရွက်ရမည်။ မမြင်ချင်လျှင် မမြင်ရသော လုပ်ငန်းကို ဆောင်ရွက်ရပေမည်။ ဤလုပ်ငန်း ၂-မျိုးကို ဆောင်ရွက်သောစိတ်သည် ဇောစိတ်ဖြစ်သည်။ ဇောစိတ်တို့သည် တည်ရာဝတ္ထုရုပ်နှင့် ဆွဲမှီရာ အာရုံဖြစ်ကြသော ပစ္စုပ္ပန် အကျိုးဝိပါက်တို့ကို အစွဲအမှီ ပြုကြရသည်။ ထို့ကြောင့် ဇောစိတ်သည် ပစ္စုပ္ပန် အကျိုးဖြစ်သော ပဝတ္တိ တရားတို့နှင့် ပစ္စုပ္ပန်အကြောင်းတရားတို့ကို ဆက်သွယ်လျက် ခြားနားပေးသော အဟိတ်ကြိယာစိတ်ဖြစ်လေသည်။ ပဋိစ္စသမုပ္ပါဒ် ပစ္စုပ္ပန် အခွန့်ဖြင့် မှတ်သားထားသော အစိတ်အပိုင်းအင်္ဂါ ၈-ပါးတွင်၊ ပစ္စုပ္ပန် အကြောင်းဟု ၃—ပါးတည်းသာလျှင် ဖော်ပြရာ၊ အဝိဇ္ဇာနှင့် သင်္ခါရတို့မှာ အဘိတ်အခွန့်၌ သတ်မှတ် ဖော်ပြပြီးဖြစ်၍၊ ပစ္စုပ္ပန်အခွန့်၌ မဖော်ပြတော့ပေ။ သို့သော်လည်း ဇောစိတ် ဖြစ်ပေါ်ထင်ရှားလာသောအခါ၊ သင်္ခါရ လုပ်သားတို့၏ နိယာမ ထုံးစံအတိုင်း ပေါင်းစပ်ယှဉ်ဘွဲလာသဖြင့် အကြောင်းတရားတွင် ပစ္စုပ္ပန်အကြောင်း အရေအတွက်အားဖြင့် ၅ါးပါးဖြစ်သည်ဟု 'ဣဒါနိ ဟေတဝေါပဥ္စ'ဟု ဖော်ပြရလေသည်။

လောကီ ဇောစိတ်တို့ကို သတိပြုလျက် လေ့လာသောအခါ၊ဗုဒ္ဓကိုယ်တော်ဟောပြတော်မူသော သင်္ခါရ, အဘိသင်္ခါရ, ကမ္မဘဝ ၃-မျိုးတို့၏ သဘောတို့ကို လက်တွေ့အနေဖြင့် အသိရောက်နိုင်သည်။ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟူသော တဏှာ သဘောတရား ၃-မျိုးတို့ကိုလည်း ရှင်းရှင်း လင်းလင်း သိ၍ပိုင်းခြားနိုင်သည်။ ဇောစိတ်များ ပျက်ပျောက် ကွယ်ပ သွားသော်လည်း၊ ၎င်းတို့၏ အဟုန်အရှိန် သတ္တိတို့သည် ပရမတ်တို့၏ နိယာမ သဘောအတိုင်း ကျန်ရှိနေနိုင်သည်။ဇောတို့သည် ကိလေသဝဋ္ဋ အလုပ်သမား သင်္ခါရဓါတ်တို့ကို အနုသယသဘောဖြင့် ကိန်းဝပ်စေနိုင်သကဲ့သို့၊ ပုညသမ္ဘာရဓါတ် လုပ်သား သင်္ခါရ တရားတို့ကို

ကိန်းဝပ်စေနိုင်သည်။ ပုညသမ္ဘာရ ဓါတ်တို့ကို ကိန်းဝပ် ရင့်ကျက်နိုင်စေသကဲ့သို့၊ ပါရမီ ဓါတ်တို့ကိုလည်း ကိန်းဝပ် ရင့်ကျက် စေနိုင်သည်- စသော သင်္ခါရအလုပ် သမားတို့၏ သဘောသို့ အသိ ရောက်နိုင်သည်။ သင်္ခါရ အလုပ်သမားတို့သည် အကြောင်းကိုလည်း ဆောင်ရွက်ကြ၊ အကျိုးအဖြစ်လည်း ဆောင်ရွက်ကြသဖြင့်၊ ၂-ဘက်၌ ပါဝင်ကြရာ၊ သူတို့၏ ဆောင်ရွက်ကြသော 'ကိစ္စ'အပေါင်း ၁၄—ပါး တွင်၊ မြင်သိ, ကြားသိ, နံသိ, လျက်သိ, ထိသိ, ခံယူသိ, စုံစမ်းသိနှင့် တဒါရုံတို့သည် အကျိုးသက်သက် လုပ်သားတို့ ဖြစ်ကြသည်။ လောကီကုသိုလ်, အကုသိုလ် ဇော စိတ်တို့သည် အကြောင်းသက်သက် ဖြစ်ကြသည်။ ထိုကိစ္စ ၉-မျိုးသည် သတ္တလော ကဝ္၌ ကောင်းကြောင်း, ဆိုးကြောင်းနှင့် ကောင်းကျိုး, ဆိုးကျိုးတို့ကို ထင်ရှား ပေါ်လွင်စေသော ကိစ္စများဖြစ်ကြသည်။

ပဋိသန္ဓိကိစ္စ, ဘဝင်္ဂကိစ္စ, စုတိကိစ္စတို့သည် အနာဂတ် အစွန့်ဖြင့် သတ်မှတ် ထားသော အကျိုးအကြောင်း နှစ်မျိုးလုံးကို ဆောင်ရွက်ရသော ဇာတိ, ဇရာ မရဏတို့အတွက်အခါကဖြစ်သော ကိစ္စများဖြစ်ကြသည်။အာဝဇ္ဇန်းကိစ္စ ၂-မျိုးသည် ဇာတိတခုသည် စုတိသို့ အရောက်သွားရမည် ဖြစ်သောကြောင့်၊ ဓမ္မနိယာမအတိုင်း သင်္ခါရလုပ်ငန်းအစုတို့ အဆက်မပြတ်ရအောင် ဆင်ခြင် ဟူသော လုပ်ငန်းကို ဆောင် ရွက်လျက် အိပ်စိတ်အစဉ်နှင့် နိုးစိတ် အစဉ်ကို ဆက်စပ် ပေါင်းကူး ပေးခြင်းဖြင့် ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း ဇောတို့ကို ဆက်စပ် ပေါင်းကူးပေးကြလေ သည်။

ဇောစိတ်အစဉ်၌ သင်္ခါရအဆင့်, အဘိသင်္ခါရအဆင့်, ကမ္မဘဝအဆင့်တို့ကို အထက်က ဖော်ပြခဲ့လေပြီ။ တဏှာ ၃-မျိုးမှာ ဇော စိတ်အစဉ်တွင် ထင်ရှားပေါ် လွင်သည်။ ရှေ့ဦးစွာ ဇောစိတ် အာရုံသည် ကာမအာရုံ ၅-မျိုးတွင် တမျိုးမျိုး ကိုသာ အာရုံပြုသည်။ ထိုအခါ ယင်းဇောအစဉ်၌ ပါဝင်သော လောဘသည် ကာမ အာရုံကို တွယ်တာကပ်ငြိလျက် အသိ လုပ်သောကြောင့်၊ ထိုလောဘကို ကာမတဏှာ ခေါ်သည်။ ထို ကာမလောဘ စိတ်ဖြင့် ငါ ပြုလုပ်ဆောင်ရွက်ရသည်၊ ငါ ပြုလုပ် ဆောင်ရွက်သဖြင့် ငါခံစားရသည်- စသည်ဖြင့် ဒိဋ္ဌိ အမှားသက်ဝင်ပြီး သော ငါ-သူတို့ကိုအစွဲပြုကာ ဆောင်ရွက်သည်။ ဤသို့ဖြစ်ပေါ်သော စိတ်အစဉ်၌ အတ္တဒိဋ္ဌိသည် ဆောင်ရွက် လုပ်ကိုင်သော ငါ-သူနှင့် အကျိုးတို့ကို ခံယူရရှိသော ငါ-သူတို့အတူတူပင်ဟု ယူဆလျက်၊ ငါ-သူ အမြဲ ဟူသော သဿတဒိဋ္ဌိနှင့်ယှဉ်သော လောဘဖြစ်သည်။ အငိုပွါယ် ရှင်းရှင်းမှာ ငါခိုးလို့ ငါရသည်။ ငါလုပ်လို့ ငါရ သည်ဟု သိသော စိတ်အစဉ်၌ ပါဝင်သော လောဘသည် လုပ်သူ,ရသူ အတူတူဟု သိသော သဿတဒိဋ္ဌိ ယှဉ်ဘဲ့သော လောဘဖြစ်သည်။

တခါတရံ ငါခိုးသော်လည်း သူတို့မသိလို့ အပြစ်မရှိ ဟူသော အသိဖြင့် ခိုးယူသော စိတ်အစဉ်၌ ခိုးသော ငါကိုသာလျှင် အသိရောက်၍၊ အပြစ်ခံယူသော ငါမရှိဟု အသိရောက်သည်။ ထိုစိတ်အစဉ်၌ ပါဝင်သော လောဘသည် ခိုးသော ငါတခြမ်းသာ ပါ၍ အပြစ်ခံသော ငါ မပါတော့ဘဲ အသိရောက်သောကြောင့်၊ ဥစ္ဆေဒဒိဋ္ဌိ အသိနှင့် ယှဉ်သော လောဘစိတ် ဖြစ်သည်။ ဤသို့လျှင် အတ္တဒိဋ္ဌိအစွဲ ထုံမွန်းနေသော လောဘစိတ်သည် တခါတရံ သဿတစွဲဖြင့် ကမ္မဘဝကို ဆောင်ရွက်သည်။ တခါတရံ ဥစ္ဆေဒဖြင့် ကမ္မဘဝကို ဆောင်ရွက်သည်။ တခါတရံ ၂—မျိုးလုံးမပါသော လောဘဖြင့် ဆောင်ရွက်သည်။ ယင်းသို့ မပါသောအခါ ဒိဋ္ဌိဝိပ္ပယုတ် စိတ်အစဉ်ဖြစ်သည်။ ဥပမာ- သောတာပန် ပုဂ္ဂိုလ်တို့၌ သားသမီးစသည်တို့ကို ချစ်ခင်သော လောဘစိတ် ဖြစ်ပေါ်သောအခါ၊ ဒိဋ္ဌိမပါတော့ဘဲ ဒိဋ္ဌိဝိပ္ပယုတ် လောဘစိတ်တို့ သာလျှင် ဖြစ်ပေါ်ကြလေသည်။

သဿတနှင့် ဥစ္ဆေဒ ၂—မျိုးသည် အတ္တ ဟူသော အစွဲကို အကြောင်းခံလျက် ဖြစ်ပေါ်သော ဒိဋ္ဌိ စေတသိက် ဒုတိယ အဆင့်ခွဲဖြစ်သည်။ အတ္တဒိဋ္ဌိအစွဲကင်းလျှင်၊ ယင်း သဿတ, ဥစ္ဆေဒ ၂—မျိုး မဖြစ်ပေါ်တော့ပေ။ထို့ပြင် ကိလေသဝဋ္ဋ လုပ်သား သင်္ခါရတို့သည် ဝေဒနာ ခံစားမှုကို ဝင်ပေါက်တံခါးပြုကာ ကိန်းဝပ်ကြသည်။ ကိန်းဝပ်ရာမှ ထကြွ သောင်းကျန်းကြသည့် နည်းတူ၊ ပုညသင်္ခါရဓါတ်ခေါ်သော ကာမ,ရူပ,အရူပ ကုသိုလ်ဓါတ်တို့သည်လည်း စိတ္တသန္တတိ ပတ်ဝန်းကျင်၌ ကိန်းဝပ်ကြသည်။ ထိုဓါတ်တို့သည် သင့်လျော်သော အကြောင်းအခွင့်ကို ရရှိသောအခါ ဥပစယသို့ရောက်လျက်၊ ကုသိုလ်စိတ်အသွင်ဖြင့် ထင်ရှားကြလေသည်။ ကာမဓါတု ဝေပက္က, ရူပဓါတု ဝေပက္က, အရူပဓါတု ဝေပက္က- ဟူသော ဒေသနာသည် ကာမစိတ်ဓါတ် ရင့်ကျက်ပုံ၊ ရူပဓါတ် ရင့်ကျက်ပုံ၊ အရူပဓါတ် ရင့်ကျက်ပုံတို့ကို ဖော်ပြလေရာ၊ ယင်း ဝေပက္ကဟူသော 'အရင့်'သည် ကိန်းဝပ်ရာမှ ပေါ်လာထင်ရှားကြရသော ကုသိုလ်စိတ်များ ဖြစ်ကြောင်း ဖော်ပြသော ဒေသနာဖြစ်ပေသည်။ ပူရိတ ပါရမီ ဟူသော စကားသည်၊ ပါရမီဓါတ်တို့သည် တဆင့်မှ တဆင့်သို့ ရင့်ကျက်လာသည်ကိုပြသော စကားဖြစ်လေရာ၊ ရင့်ကျက်သော ပါရမီသည် နုံညံ့သော အခြေအနေမှ တိုးတက်လာကြောင်းကို ဖော်ပြသော စကားဖြစ်၍၊ ပါရမီဓါတ်တို့သည်လည်း အခွင့်အားလျော်စွာ စိတ္တအစဉ် ပတ်ဝန်းကျင်မှာ ကိန်းဝပ်ကြောင်း အသိရောက်ရလေသည်။

ဝိဝဋ္ဋနိဿိတ ကုသိုလ် စိတ်သည် ပါရမီဓါတ်များကို အစပြုသော စိတ်ဖြစ်သည်။ အခွင့်အားလျော်စွာ ဗောဓိပက္ခိယ တရားအစုကို သုတမယ ဉာဏ်ဖြင့် အသိရောက်လျက် ဆက်လက် အသုံးပြုခဲ့ပါလျှင်၊ ပါရမီ ဓါတ်တို့သည် အချိန်မကြာဘဲ

တိုးတက်ရင့်သန် လာပေလိမ့်မည်။ ဓါတ်တို့သည်သာလျှင် ဓါတ်တို့၏တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း၊ ယုတ်လျော့အောင် ဆောင်ရွက်နိုင်ခြင်း တို့ကြောင့်၊ ဝီရိယနှင့် ပညာယှဉ်တွဲသော 'အသိ'သည် ဆောင်ရွက်နိုင်လေသည်။ အချိန်ကာလ၏ ကြာရှည်ခြင်း၊ တိုတောင်းခြင်း သာလျှင် ကွာခြားပေမည်။ ထိုအချိန်၏ တိုတောင်းခြင်း၊ ရှည်လျားခြင်း တို့သည်လည်း ဆန္ဒ, စိတ္တ, ဝီရိယ, ပညာတို့၏ ပေါ်လာမှု–မပေါ်လာမှုကို အစွဲပြုကာ ဖြစ်ရလေသည်။ ဝီရိယသည် အကောင်းဘက်, အဆိုးဘက် ၂–ဘက်စလုံး၌ ပါဝင်၍၊ ပညာမှာ အကောင်းဘက်၌သာ ပါဝင် ဆောင်ရွက်လေသည်။ မောဟ, လောဘတို့၏ လောင်းရိပ်ဖြစ်သော ဥပနိဿယသတ္တိမှ ပညာသည် လွတ်ကင်းနိုင်ခဲ့သည်။ လောင်းရိပ်လွတ်သော ဝီရိယနှင့် ပညာတို့သည် ပါရမီဓါတ်ကို ထင်ရှားအောင် ဆောင်ရွက်လေတော့သည်။ ပါရမီဓါတ်သည် မဂ်စိတ်အဘွက် ပေါ်လာသော ဓါတ်တခု ဖြစ်သည်။ မဂ်စိတ်၌ ပါဝင်သော မဂ္ဂင် ၈ ပါးသည်၎င်း၊ ဗောဇ္ဈင်၌ ပါဝင်သော သင်္ခါရလုပ်သား ၇–ပါး သည်၎င်း၊ ကံ သဘောတရားအဖြစ် ဆောင်ရွက်ကြ၍ စေတနာ ခေါင်းဆောင်တည်ဆောက်ခဲ့သော အဘိသင်္ခါရကံ–တို့ကို သတ်ဖြတ်ကြလေရာ၌လည်း၊ ဓါတ်တို့ဓါတ်ချင်းသတ်ဖြတ်ကြခြင်း ဖြစ်လေသည်။

ထို့ကြောင့် အဟုတ်တကယ် အရှိဖြစ်ကြသော သင်္ခတ ခေါ်သော သင်္ခါရဓါတ်တို့သည် အရှိသဘောမှ အဖြစ်သဘောသို့ ရောက်ကြသော်လည်း၊ အနုမှအလတ်စား, အရင့်စားအဖြစ်သို့ တဆင့်မှတဆင့်သို့ ရောက်ကြရပုံတို့ကို ဆင်ခြင်ဧဥ်းစားပါလေ။ 'သဗ္ဗေဓမ္မာ နိဗ္ဗာန ပရိယောသာနာ' ဟူသော အင်္ဂုတ္တိုရ်လာ ဒေသနာသည် ဓါတ်တို့၏ အခြေအနေကို အရှိမှအဖြစ်၊ အဖြစ်မှ အနု,အရင့်သို့ ရောက်လျက်၊ ပျက်ငြိမ်းနှင့် မဖြစ်ငြိမ်းခြင်း အဆုံးဖြစ်သည်ဟု ပြတော်မူသော ဒေသနာ ဖြစ်လေသည်။

ဆိုခဲ့ပြီးသော အတိုင်း သင်္ခါရလုပ်သား ဓါတ်တို့သည် အဝိဇ္ဇာအစပြုသော အချိန်မှ တဖြေးဖြေး ရင့်ကျက်လျက် အနုသယအဆင့် ရောက်ရပုံ၊ ဥပါဒါယဖြင့် သင်္ခါရလောက၌ ဓါတ်တို့၏ အရှိ အမှန်တို့ကို အဟောင်းအသစ် ပြောင်းလဲသော သန္တတိ အစဉ်ဖြင့် ပေါ်ပြရင့်ကျက်ကြရပုံတို့ကို သုတမယဉာဏ် အခြေခံလျက်၊ မိမိကိုယ်ပိုင်ဖြစ်သော စိန္တာမယ ဉာဏ်ကို ရှေ့သွားပြု၍၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋတို့ကို အင်အားနှသော ဓါတ်တို့ဖြင့် တည်ဆောက်ပြီးလျှင်၊ ဇာတိ ဟူသော အဆင့်သို့ ရောက်လျက် အင်အားရင့်ကျက်သော ဓါတ်အစုတို့သည် အဟောင်းအသစ် ပြောင်းလဲကာ ပျက်စီးနေကြခြင်းကို ဆင်ခြင်ဧဥ်းစားပါလေ။

သတ္တဝါတို့သည် အဟုတ်ရှိသော သဘောတရားများ မဟုတ်ကြဘဲ၊ ခါတ်တို့၏ အစုကို အစွဲပြုကာ 'အသိ'၌ မှားယွင်းထင်ရှားနေသော ပညတ် တရားသာလျှင် ဖြစ်ကြောင်းကို သတိရှေ့ထားလျက် ဆင်ခြင်ပါလေ။ သံသရာ ကျင်လည်ရာတွင် အစမရှိဟု ပြောရိုးဆိုရိုး ပြုကြသော်လည်း၊ ဗုဒ္ဓကိုယ်တော်သည် မည်သည့်အခါ— မည်သည့်ဒေသ၌ သံသရာ အစမရှိ ဟူသော ဒေသနာကို ဟောတော်မူသည်ဟု ပါဠိတော် စကားအစဉ်များ၌ ဖော်ပြခြင်းမရှိပေ။ 'သံသရာ အစမထင်' ဟူ၍သာလျှင် ဟောတော်မူခဲ့သည်။ 'အစမထင်'ဟူသောစကားနှင့် 'အစမရှိ'ဟူသော စကား ၂—လုံး ဆိုလိုရင်း အဓိပ္ပါယ် များလည်း ခြားနား ကြသည်။ အနမတဂ္ဂေါယံ သံသာရော, သည် မသိအပ်သော အစ၊ အစသည်လည်း ပညတ်တရား ဖြစ်သော ကြောင့် မထင်ပေ။

ဗုဒ္ဓကိုယ်တော်သည် ဓါတ်တို့သက်သက် သံသရာ ဟူသော စကားလုံးကို အသုံးမပြုခဲ့ပေ။ သန္ဓာဝိတံ, သံသရိတံ ပြေးသွား ကျင်လည်နေရသည်ဟု ဟောပြတော်မူလျှင်၊ သတ္တ ဟူသော ပုဒ်ကို ထုတ်ဖော်တော်မူသည်။ 'သတ္တောသံသာရ မာပါဒိ' ဟူသောဒေသနာ၊ အနေကဇာတိသံသာရံ, ဟူသော ဒေသနာ၊အယမန္တိမ ဇာတိ, ဟူသော ဒေသနာတို့သည် ဇာတိသို့ ရောက်သော ဓါတ်အစုကို သတ္တဝါ ခေါ်ကြောင်း၊ သတ္တဝါမှန်သမျှ ဇာတိသို့ ရောက်ရသည်ချည်းသာ ဖြစ်ကြောင်း၊ ဇာတိ အခြေအနေဖြင့် သာလျှင် သံသရာလည်ကြခြင်းကို ပြလေသည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာသည် အဟုတ်ရှိသော သင်္ခတဓါတ်တို့ တခုနှင့်တခု တမျိုးနှင့်တမျိုး ဆက်သွယ်ကာ အစု ဖြစ်ကြ၍၊ ဇာတိသို့ ရောက်ရကြောင်းကို ပြသော ဒေသနာဖြစ်သည်။ရှေ့ပိုင်း ပုဗ္ဗန္တသည် သင်္ခါရ လောက၏ အစဖြစ်သော အဝိဇ္ဇာနှင့် သင်္ခါရတို့ကို အတိတ်အခွန့် ဟူသော ကာလ အမှတ်အသားဖြင့် ဖော်ပြလျက်၊ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ တည်ဆောက်ပုံကိုပြသည်။နောက်ပိုင်း အပရန္တသည် အကြောင်း ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋတို့ကြောင့် ဖြစ်ပေါ်လာသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကို ပစ္စုပ္ပန် အခွန့် အမှတ်အသား အကျိုးတရားဟူ၍၎င်း၊ တဖန် ယင်းအကျိုး ဝိပါကဝဋ္ဋကို အစွဲပြုလျက် ဖြစ်ပေါ်လာသော တဏှာ, ဥပါဒါန်, ကမ္မဘဝ တို့ကို ပစ္စုပ္ပန် အခွန့် အမှတ်အသား အကြောင်းတရားဟူ၍၎င်း၊ အစိတ်အင်္ဂါ ၈-မျိုးကိုပြလျက်၊ သင်္ခါရ လုပ်သားတို့၏ ဇာတိသို့ ရောက်ကြပုံကို ပြသည်။ ဇာတိနှင့် ဇရာမရဏ အင်္ဂါ ၂-မျိုးကို အနာဂတ်အခွန့် အမှတ်အသားဖြင့် ဖော်ပြရာ၊ ထိုအင်္ဂါ ၂-ပါးအတွက် သီးသန့် သင်္ခါရ လုပ်သားဟူ၍ မရှိတော့ဘဲ၊ အတိတ်အခွန့်, ပစ္စုပ္ပန် အခွန့် ၂—မျိုးဖြင့် မှတ်သား ထားသော အကြောင်းသင်္ခါရ လုပ်သား၊ အကျိုး သင်္ခါရ လုပ်သားတို့၏ အစုသာလျှင် ဖြစ်

သည်ဟု ပြခြင်းသာလျှင် ဖြစ်လေသည်။ ဇာတိနှင့် ဇရာ မရဏတို့အတွက် သီးသန့် တရားကိုယ်ခေါ်သော သင်္ခါရလုပ်သား မရှိပေ။

ဗုဒ္ဓကိုယ်တော်သည် မိမိ၏ အနုတ္တဝါဒကို လေ့လာသော ပစ္စယပရိဂ္ဂဟ ဉာဏ်အဆင့်ရောက်သော ယောဂီတို့၏ အသိကို ရှင်းလင်း စေခြင်းငှာ၊ ဤပဋိစ္စ သမုပ္ပါဒ်ကို ဟောတော်မူခဲ့သည်။ နာမရူပ ပရိစ္ဆေဒ ဉာဏ်အဆင့်ကို လေ့လာပြီး သော ယောဂီတို့၏အသိ၌ ပုဂ္ဂိုလ်, သတ္တဝါ, ငါ—သူ စသော ပညတ် အသိမှ လွတ် သွားသောအခါ၊ သတ္တ, ဇီဝ, အတ္တ မဟုတ်သော နာမ်ရုပ် သင်္ခါရလုပ်သား၊ ဓါတ် သဘောတရားတို့၏ အစ, အလယ်,အဆုံးကို ရှင်းလင်းစွာ သိစေလိုပေသည်။ ထိုသို့ သိမှသာလျှင်၊ ပုဗ္ဗန္တေကင်္ခတိ,အပရန္တေကင်္ခတိ, ပုဗ္ဗန္တာပရန္တေကင်္ခတိ,ပဋိစ္စသမုပ္ပါဒေ ကင်္ခတိ— စသော ယုံမှားမှုများကို ပယ်ဖျောက်သဖြင့် အရိယာသစ္စာသို့ အသိရောက် ပေမည်။

ယခုအခါ · 'အတီတေဟေတဝေါပဉ္စ, ဣဒါနိဖလပဉ္စကံ၊ ဣဒါနိဟေတဝေါ ပဉ္စ, အာယတိံဖလပဉ္စကံ' ဟု ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ဇာတိသို့ရောက်ပြီး သော သတ္တလောက ကာလအမှတ် အသားတို့ဖြင့် ဖေါ်ပြရှင်းလင်းကြရာ၊ ပဋိစ္စ သမုပ္ပါဒ်၏ အပရန္တအပိုင်းကိုသာလျှင်၊ ဇာတိနှင့် ဆက်စပ်လျက် ရှင်းလင်းပြကြလေ သည်။ ရှင်းလင်းရာ၌လည်း ပညတ်တရား ဖြစ်သော ဘုံများနှင့် ပုဂ္ဂိုလ်များကို သာလျှင် အဓိကပြုကာ ရှင်းလင်းပြသ သဖြင့်၊ သင်္ခါရလုပ်သား ပရမတ်စစ်စစ် ဓါတ် တရားများသို့ အသိ ရောက်နိုင်ရန် မလွယ်ကူ ဖြစ်ကြရလေသည်။ ရှေ့ပိုင်း ပုဗ္ဗန္တကိုလည်း တွေဝေ ကြရလေသည်။ ယင်း တွေဝေမှု ကိုလည်း သံသရာသည် အစမရှိ ဟူသော စကားလုံးဖြင့် ယုံကြည် သက်ဝင် စေလေသည်။ မည်မျှပင် သဒ္ဓါတရားဖြင့် သက်ဝင်စေကာမူ ဝိစိကိစ္ဆာ မပျောက်သမျှ 'တိဏ္ဏဝိစိကိစ္ဆော' မဖြစ် နိုင်ပေ။ ဓမ္မနိယာမတရားအတိုင်း အဟုတ်ရှိသော သင်္ခတ ပရမတ်တို့သည်၊ ပုဗ္ဗန္တ ရှေ့အပိုင်း၌ အတီတေဟေတဝေါဒွေ - ဖြစ်၍ အပရန္တ အစပိုင်း၌ ဣဒါနိဖလပဉ္စကံ ဖြစ်ကာ အတိတ်နှင့် ပစ္စုပ္ပန် ဆက်စပ်ကြသည်။ ထိုမှတဖန် ပစ္စုပ္ပန်၌ အကြောင်း ၅ ပါး ပေါင်းစပ် ကြသဖြင့် 'ဣဒါနိ ဟေတဝေါပဉ္စ' ဖြစ်ပြီးလျှင်၊ ဇာတိ အတွက် 'အာယတိံဖလပဉ္စကံ' ဖြစ်လေသည်။အဝိဇ္ဇာမှ အစပြုသော ဓါတ်အစုသည် ဇာတိ သို့ ရောက်ပြီးသော အခါမှသာလျှင် အထက် ဖေါ်ပြခဲ့သော ဂါထာ အတိုင်း အကြောင်း ၅—ပါး၊အကျိုး ၅-ပါးဖြင့် ဝဋ္ဋ ၃-ပါး လည်ရလေသည်။ သတ္တဝါ သံသရာလည်ခြင်း မဟုတ်ပေ။

အတ္တ, ဇီဝ, သတ္တ ဟု မရှိဘဲ၊ ဓါတ်သဘောတရားသည်သာလျှင် အဟုတ် ရှိကြသည်။ ယင်းအဟုတ်တကယ် ရှိပါသည်ဆိုသော သင်္ခတဓါတ် ပရမတ်တို့သည် လည်း မခိုင်မြဲကြ။ အနိစ္စ, ဒုက္ခ, သဘောဖြင့်သာလျှင် ပေါ်လွင် ထင်ရှားနေကြ

သည် ဟူသော ဗုဒ္ဓအရှင်၏ ဝါဒကို ကာလ, ဌာန, ဃန, သဏ္ဌာန- စသောပညတ် အမျိုးမျိုးတို့ဖြင့် အမှန်းတင် ဖွင့်ဆိုရေးသားလျှင်၊ အမှန်းတင် သဘောသို့သာလျှင် အသိရောက်လျက်၊ အမှန်းတင် သဘောတရား၌ သိစိတ်သည် ပြေးလွှားကျက်စား နေပေမည်။ ဗုဒ္ဓဝါဒသည် အစလည်း အမှန်အကောင်း၊ အလယ်၌လည်း အမှန်အကောင်း၊ အဆုံး၌လည်း အမှန်အကောင်းဖြစ်၍ 'ကလျာဏ' ၃-မျိုးဖြင့် ပြည့်စုံသည်။ အတိုချုပ်အားဖြင့် သမ္ဘဝေသီနှင့် ဘူတ ဟူသော သဘောတရား ၂-မျိုးတို့၏ အခြေအနေကို အသိ ရှင်းလင်းသွားအောင် ကိုယ်ပိုင်ဉာဏ် စိန္တာမယ-ဖြင့် အထပ်ထပ် အခါခါ ဆင်ခြင်စဉ်းစားပါလေ။

## သတ္တဝါဖြစ်ပေါ်ပုံအကျဉ်း

အဝိဇ္ဇာသည် မိမိ၏ ထက်မြက်သော အာသဝသတ္တိဖြင့် မိမိ၏ အမှတ်လက္ခဏာကို ဆောင်ကာ ထင်ရှား၏။ ထင်ရှားသော အဝိဇ္ဇာကို အစွဲပြု၍ သင်္ခါရ စေတနာသည်လည်း၊ မိမိ၏ အမှတ်အသား လက္ခဏာကို ဆောင်ကာ ထင်ရှားသည်။ ဤဓါတ် ၂-ပါးသည် မရှေးမနှောင်း ထင်ရှားဆက်သွယ်ကြသည်။ အရိုတရား ၂ မျိုး၏ အချင်းချင်း ဆက်သွယ်ခြင်းသည် ဓမ္မနိယာမ ဖြစ်သည်။ ဆက်သွယ်ကြသောအခါ အဝိဇ္ဇာသည် မိမိနှင့် ညစ်နွမ်းမှု သဘောတူသော ကိလေသ ဓါတ်တို့ကို သိမ်းသွင်းသည်။ သင်္ခါရ စေတနာသည်လည်း မိမိနှင့် သဘောတူသော ကမ္မဓါတ်တို့ကို သိမ်းသွင်းသည်။ အဝိဇ္ဇာသည် အမှောင်ဓါတ် အစွမ်းဖြင့် သိမ်းသွင်းသည်။ သင်္ခါရသည် မငြိမ်သက်သော စေ့ဆော် သဘောဖြင့် သိမ်းသွင်းသည်။ အမှောင်ဓါတ်ကို အစွဲအမှီပြုရသော စေတနာ သင်္ခါရသည် အဝိဇ္ဇာ၏ အကူအညီဖြင့် အင်အားတက်သည်။ အဝိဇ္ဇာလည်း လှုံ့ဆော်မှု အကူအညီဖြင့် အင်အား တက်သည်။ ဤသို့ အင်အား တက်ရောက်သော ကိလေသဓါတ် အကူအညီ၊ ကမ္မဓါတ် အကူအညီ တို့ဖြင့် အဝိဇ္ဇာသည် အနုသယ အမည်ဖြင့် ကိန်းဝပ်သည်။ ဥပစယသို့ ရောက်ရန်အခွင့်ကို စောင့်မျှော် သကဲ့သို့သော အခြေအနေဖြစ်သည်။ တောင့်တင်းသော အင်အားရှိသော အနုသယသည် ကမ္မဝိညာဏ်၏ တည်တန့်နိုင်သော အခြေဖြစ်သည်။ ကမ္မဝိညာဏ်တို့သည် အနုသယ ကဲ့သို့သော အင်အားရှိသော ဓါတ်တခုတို့၌သာလျှင် တည်တန့်နိုင်သည်ဟု ဆိုလိုသည်။ ကမ္မဝိညာဏ်၏ အင်အားနှင့် ဝိပါက် ဝိညာဏ်တို့၏ အင်အားကို နှိုင်းယှဉ် စဉ်းစားပါ။

ထိုသို့ ကမ္မဝိညာဏ် တည်တန့်နိုင်အောင် အဝိဇ္ဇာ နုသယ အင်အားပြည့်လာသောအခါ ဓမ္မာရုံ တမျိုးမျိုးကို အာရုံအဖြစ် ဆွဲမှီခြင်း၊ အခြား ကိလေသာဓါတ်

တို့၏ အညမည ဟဲ့မှိခြင်း၊ သမ္ပယုတ္တ ယှဉ်ဟဲ့မှိခြင်း စသော အထောက်အပံ့ တို့ဖြင့် ဥပစယသို့ ရောက်လေရာ၊ ဥဒ္ဒစ္စ အမည်ကို ခံယူနိုင်သော ဓါတ်အစု အဖြစ် ထင်ရှားလာသည်။ အစအဖြစ် အထည်ဒြပ် ထင်ရှားသော ဥဒ္ဒစ္စစိတ်သည် အရုံကိုသာ လျှင် အဓိကပြုလျက် ထင်ရှားနေသည်။ ရုပ်တည်ရာဌာန ဝတ္ထုရုပ်ဟူ၍ မရှိသေးပေ။ အင်အား ပြည့်စုံမှု မရှိသေးသော ဓါတ်အစုသည် မိမိတို့၏ အင်အားကို မိမိတို့ပင် အချင်းချင်း ဆက်သွယ်ကာ အားဖြည့်ရမည် ဖြစ်၍၊ အရူပ ဝိပါက်နှင့် အရူပ ကမ္မဝိညာဏ်တို့ကဲ့သို့ ဝတ္ထုရုပ်တည်ရာ မရှိနိုင်ခြင်းသည်လည်း သင်္ခါရတရားတို့၏ ဓမ္မနိယာမပင် ဖြစ်လေသည်။ ဥဒ္ဒစ္စစိတ်၌ ပါဝင်ပေါင်းစပ်သော ဝိညာဏ်နှင့် စေတသိက် ၁၄—မျိုးတို့၏ အခြေအနေ သဘောကို ဆင်ခြင်စဉ်းစားပါ။ ထိုဝိညာဏ်နှင့် စေတသိက် လုပ်သားတို့မှာ အခြေခံဟူ၍ မောဟ တမျိုးပင်ရှိသည်။ ယင်း မောဟ ၌လည်း အခြေခံဟေတု ဟူ၍မရှိ။ကိလေသ ဓါတ်မျိုးဖြစ်သော အဟိရိက,အနောတ္တပ္ပ တို့သည်လည်း ဥဒ္ဒစ္စအလို အားလျော်စွာ လိုက်ကြ ရလေသည်။ ဆန္ဒမှ တပါးသော စေတသိက်တို့လည်း ထို့အတူပင်၊ ဆန္ဒ အဘယ်ကြောင့် မပါဝင်ပါသနည်း။ ပျံ့လွင့်ခြင်း အင်အားထက်သန်သော သင်္ခါရအစု၌ ဆန္ဒသည် မိမိ၏ အမှတ်လက္ခဏာ ကိုပင် ပြနိုင်စွမ်း မရှိပေ။ ဤမျှ သိမ်မွေ့နုံ့ညံ့သော အင်အားဖြင့် စေတနာသင်္ခါရ သည် ကမ္မသဘောတရားကို စတင် တည်ဆောက်ရလေလည်း။ ဘယ်မျှ ကြာအောင် တည်ဆောက် နေရသည်ဟု မသိနိုင်။အခွန့်ဟူသော ကာလပညတ်ဖြင့် ဖေါ်ပြလောက် အောင် ကြာမြင့်နေလေသည်။ ကမ္မဝိညာဏ်သည် ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ အမည်ခံ စေတသိက်တို့နှင့် ယှဉ်ဟဲ့ကာ ဥဒ္ဒစ္စ အမည်ဖြင့် အဟောင်း အသစ် ပြောင်းရင်း တကြိမ် ထက်တကြိမ်ရင့်ကျက်မှု တိုးတက်လာရသည်။ ကမ္မဝိညာဏ် ရင့်ကျက် သလောက် စေတသိက်ဓါတ်တို့လည်းရင့်ကျက်လာကြသည်။အသြောက်သည်ပင်စည်အဖြစ် ရင့်ကျက် သကဲ့သို့၊ ဥဒ္ဒစ္စစိတ်လည်း သန္တတိအစဉ်ဖြင့် ရင့်ကျက်လေသည်။ ရင့်ကျက်သော ပင်စည်သည် အကိုင်းတို့၏ ဆက်လက် ဖြစ်ပေါ်ရန် အခြေခံဖြစ်သကဲ့သို့၊ ဥဒ္ဒစ္စစိတ် အမည်ခံသော ကမ္မဝိညာဏ်သည်လည်း ဝိပါက် ဝိညာဏ် ဟူသော အကိုင်းတို့၏ ဆက်လက် ဖြစ်ပေါ်ရန် အခြေခံကဲ့သို့ ဖြစ်လေသည်။ ထိုအခါ ကမ္မဝဋ္ဋ လုပ်သား တို့သည် ကမ္မဝိညာဏ်၏ ဝိပါက်အကျိုးတရား ပေါ်ထွက်လာစေရန် စိမံအားပေး သောအနေဖြင့် တည်ရာအဖြစ်ဖြင့် ကူညီလေရာ၊ ကမ္မဝိညာဏ် မျိုးစေ့ကို အစွဲ ပြုကာ ဝတ္ထုရုပ်နှင့် နာမ်တို့သည် ထိုသန္တတိ အစဉ်၌ ထင်ရှားလာကြသည်။ ဝတ္ထု ရုပ်မှာ အကြည်ရုပ်ဓါတ်များ ဖြစ်ကြသည်။ နာမ်ဓါတ်တို့သည် ကမ္မဝဋ္ဋလုပ်သား သင်္ခါရ စေတသိက်များ ဖြစ်ကြသည်။ ထိုဓါတ်တို့သည် ကမ္မဝဋ္ဋလုပ်သား သင်္ခါရ တို့၏ စွမ်းအင်သတ္တိကို အစွဲအမှီပြုကာ ထင်ရှား ဖြစ်ပေါ် လာကြရသောကြောင့် ကမ္မဇ ရုပ်နာမ်များ ဟူသော အမည်ကို ခံယူကြသည်။ ထိုဓါတ်တို့ သည်လည်း

အကြောင်းဓါတ် ဖြစ်သော အဝိဇ္ဇာနှင့် သင်္ခါရတို့ကဲ့သို့ အချင်းချင်း ဆက်စပ်၍ ထင်ရှားပေါ်လွင်ကြသည်။ ကံ သဘောတရားကို အစွဲပြုကာ ထင်ရှားကြရာ သန္တတိ အစဉ်သည်လည်း ၂—မျိုး ကွဲပြားသွားသည်။ ဝိပါက် ဝိညာဏ်နှင့် စေတသိက် နာမ် တို့သည် စိတ္တသန္တတိ အစဉ်ကို ဆက်လက် ဖြစ်ပေါ်စေ၍ ကမ္မဇ ရုပ်ဓါတ်တို့သည် ကလာပ သန္တတိ အစဉ်ကို ဆက်လက် ဖြစ်ပေါ်စေသည်။ ဤ သန္တတိအစဉ် ၂—မျိုး ကွဲပြားသည်မှစ လျက်၊ ပဋိစ္စသမုပ္ပါဒ် ပုဗ္ဗန္တအဆုံး-အပရန္တ၏အစ ဟူ၍အမှတ် အသား ပြုနိုင်လေသည်။ ဤသန္တတိအစဉ် ၂—မျိုးတို့သည် ဇာတိသံသရာသို့ရောက် သောအခါ တခါတရံကွဲ၍ တခါတရံဟဲ့ကြသည်။စိတ္တသန္တတိသည် ရဟန္တာတို့စုတိ၌ အဆုံးသတ်၍၊ ကလာပ သန္တတိတို့တွင် ကမ္မဇ ကလာပသည် ရဟန္တာတို့၏ စုတိ ၌ပင် အဆုံးသတ်သော်လည်း၊ဥတုဇကလာပ သန္တတိသည် 'ဓါတုပရိနိဗ္ဗာန်'၌ အဆုံး သတ်လေတော့သည်။ ဤသို့လျှင် ဓါတ်အစုတို့သည် ဝဋ် ၃—ပါးဖြင့် ရှေ့ဦး ဇာတိ သံသရာလည်နိုင်ရန် တည်ဆောက်ကြသည်။

ဝိပါကဝဋ် ထင်ရှားပေါ်လာ၍၊ အာယတန ၆-မျိုးတို့၏ အတိုက်အခံ အပွင့် ဓါတ်တို့ကို အစွဲပြုကာ လောဘဒိဋ္ဌိတို့ ခေါင်းဆောင်လာ၍ အဝိဇ္ဇာ သည်လည်း မိမိ၏ အမှောင်ဓါတ်ဖြင့် အကူအထောက်ပြုလျက်၊ အဝိဇ္ဇာ, တဏှာ, ဒိဋ္ဌိတို့သည် ကမ္မဝဋ် လုပ်သားတို့ကို အားပေးလေတော့သည်။ ကိလေသဝဋ် လုပ်သားတို့၏ အား ပေးခြင်းအားဖြင့်၊ ရုပ်လုပ်သား,နာမ်လုပ်သား သင်္ခါရတို့သည် သန္တတိအစဉ် ၂· မျိုး၌ ပိုမို၍ ပေါ်လွင်ထင်ရှားလာသည်။ စိတ္တသန္တတိ၌ ပဉ္စဒွါရစိတ္တသန္တတိ-မနော ဒွါရစိတ္တသန္တတိ ·ဟု ကွဲပြားသည်။ ယင်းသို့ ကွဲပြားသော်လည်း စိတ္တသန္တတိသည် အစဉ်တခုပြတ်မှ အစဉ်တခုပေါ်သည်။ သို့အတွက် စိတ္တအစဉ် သန္တတိသည် တသံ သရာလုံး၌ တခုတည်း တတန်းတည်းသော အစဉ် ဖြစ်လေသည်။ဇာတိသည် သန္တတိ အစ ၌ ပြောင်းလဲနေသော်လည်း၊စိတ္တသန္တတိ အစဉ်မူကား အသညသတ် ပဋိသန္ဓေ မှတပါး ကြားပြတ်နေသည်ဟု မရှိပေ။ အပရန္တအစ၌ ကံသဘောတရား၏ အဟုန် အရှိန်တို့ဖြင့် နာမ်ဓါတ်, ရုပ်ဓါတ်တို့ ပြည့်စုံနေပြီ ဖြစ်သောကြောင့်၊ သင်္ခါရလုပ် သားတို့သည် သင်္ခါရလောကကို စံနစ်ကျအောင် ဆောင်ရွက်ကြသည်။ ဇာတိသို့ မရောက်သေးသဖြင့်၊ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကို မဆောင်ရွက်နိုင်ကြ သေးသော်လည်း၊မိမိတို့၏ ဓမ္မနိယာမ သဘောအတိုင်း ပဉ္စဒွါရာဝဇ္ဇန်းကိစ္စ,မနော ဒွါရာဝဇ္ဇန်းကိစ္စ, ဝုဋ္ဌောကိစ္စတို့ကိုမူကား ဆောင်ရွက်နိုင်ကြလေသည်။

ထိုအခါ ဒွါရ ၆—မျိုးတို့ ဝင်လာ, တိုက်လာသော အာရုံသို့လိုက်၍ ဥဒ္ဒစ္စ စိတ်အစဉ်မှ အခြား အကုသိုလ် စိတ်အစဉ်သို့ ပြောင်းလျက် ကိလေသ သင်္ခါရလုပ် သား တို့ကို ပြည့်စုံစွာ ထင်ရှားဖြစ်ပေါ်အောင် ဆောင်ရွက်နိုင်ကြသည်။ ဆောင်

ရှက်သောအခါ၌လည်း အထက်က ဖော်ပြခဲ့သည့်အတိုင်း၊ သခါရ ရိုးရိုး အဆင့်၊ အဘိသင်္ခါရအဆင့်, ကမ္မဘဝအဆင့် ၃–ဆင့်ဖြင့် ဆောင်ရွက်ကြသည်။ အဝိဇ္ဇာနှင့် တဏှာ, ဥပါဒါန် အကြောင်းတရားတို့သည် ကိလေသဝဋ်ခေါင်းဆောင် လုပ်သားများသာလျှင် ဖြစ်လေသောကြောင့်၊ အဆင့် ၃· ဆင့်ဖြင့် အပုညာဘိသင်္ခါရ လုပ်ငန်းတို့ကို ဆောင်ရွက်ကြပေမည်။ အပရန္တ၏ ရှေ့ဦးဆုံးသော ဇာတိတခုအတွက် အခြား အဘိသင်္ခါရများ ဖြစ်ပေါ်ခွင့် ရကြမည်မဟုတ်သေးပေ။အဝိဇ္ဇာနှင့် လောဘဒိဋ္ဌိတို့သည်လည်း မိမိတို့နှင့် ယှဉ်ဘဲကြသော ကိလေသ ဓါတ်တို့ကို ရင့်ကျက်အောင် အားပေး ဖြည့်တင်းနေကြသည်။ ကမ္မဝဋ် လုပ်သားတို့သည်လည်း ခေါင်းဆောင်တို့၏ ထောက်ပံ့ပေးသော အင်အားဖြင့် အဟုန်အရှိန် တကြိမ်ထက်တကြိမ် တိုးတက်လာကြသည်။ လောဘ, ဒေါသ, မောဟမူတို့ ကွဲပြားသဖြင့်၊ ကံအမျိုးအစားကွဲပြားသော်လည်း အပုညာဘိသင်္ခါရ ကံမျိုးမှ လွတ်ခွင့်မရကြပေ။အပုညာဘိသင်္ခါရ ကံ, အမျိုးမျိုးကို အစွဲပြုကာ ပေါ်လာရမည့် ဇာတိ ဓါတ်အစုကား– အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် တမျိုးသာလျှင် ဖြစ်လေသည်။

ဤသို့လျှင် အပရန္တ အပိုင်း၏ ပဌမဆုံး ဇာတိဓါတ်အစုကို အစွဲပြုကာ သတ္တဝါ ဟူသော ပညတ်သည် ထင်ရှားလာလေသည်။ ဤဇာတိမျိုးဖြင့် ဘယ်မျှကြာကြာ သံသရာလည်ရမည်ကို ဆင်ခြင် စဉ်းစားလျှင် ဇာတိ၏ မကုန်ဆုံးနိုင်သော အဖြစ်များသို့ အသိရောက် သဘောပေါက်ပေမည်။ မကြာခင် ရတ်တရက် ပုညာဘိသင်္ခါရ အဆင့်သို့ တက်ရောက်နိုင်သော အခွင့်မှာ စဉ်းစား၍ မဖြစ်နိုင်ရှိရလေသည်။ ကုသိုလ်ဖြစ်ခွင့်နှင့် အကုသိုလ်ဖြစ်ခွင့် ၂–မျိုးကို နှိုင်းယှဉ် စဉ်းစားပါလေ။ ထိုသို့ ဇာတိသို့ရောက်သော အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ဓါတ်အစုသည် အကြိမ်ပေါင်း ဘယ်မျှဖြင့် ဇာတိသံသရာ လည်နေရလေဦးမည်နည်း။ ဆင်ခြင်စဉ်းစားပါလေ။

ပစ္စုပ္ပန် အခွန့်ဖြင့် မှတ်သားထားသော ဓါတ်အစုတို့၏ သန္တတိအစဉ်ဖြင့် သော အပရန္တပိုင်း၌ စုတိစိတ် မရှိသေးပေ။သို့သော် ဥဋ္ဌစ္စစိတ် သန္တတိအစဉ်၌ ဆောင်ရွက်ခဲ့သော ကံ, အဟုန် နည်းပါးသွားသော်၎င်း၊ ကုန်ခမ်းသွားသော်၎င်း၊၎င်းတို့က ဆောင်ရွက်ဖန်တီးပေးသော ကမ္မဇရုပ် အစဉ်တို့သည် ချုပ်ပျက် သွားကြရသည်။ ထိုအခါ တဏှာ,ဥပါဒါန်က ဆောင်ရွက်ပေးသော ကံ, သဘောတရားသည် အကျိုး ဇာတိကို ဖြစ်ပေါ်ခွင့် ဆောင်ရွက်နိုင်လေသည်။ ဇာတိသို့ ရှေ့ဦးစွာ ရောက်ရသော ဓါတ်အစုသည် အဟုန်အရှိန် အင်အားနည်းပါးသော ဓါတ်အစုဖြစ်သည်။အပုညာဘိသင်္ခါရ တို့ဖြင့်သာလျှင် ကံ, သဘောတရား၏ ရင့်ကျက်ခြင်းကို ဆောင်ရွက်ခွင့် ရကြလေသည်။ အပုညာဘိသင်္ခါရ လုပ်ငန်းတို့သည်လည်း ကာမ အာရုံမျိုးတို့နှင့်

သာ ဆက်သွယ်နေရသဖြင့်၊ လောဘစိတ်, ဒေါသစိတ်, မောဟစိတ်တို့သည် တမျိုးပြီးတမျိုး ဆက်လက် ဖြစ်ပေါ်ကြပေမည်။ ကာမအာရုံတို့ကို ခံစားနိုင်ရန် ရုပ်အကြည်တို့ကို ကံ, တရားက ဖန်တီးပေးထားသဖြင့်၊ယင်း ရုပ်အကြည်ဓါတ်တို့ကို ရှေ့ရှု ကျရောက် ထိခိုက်လာသော အာရုံတို့၏ အရသာမျိုးစုံကို မိတ်ဆက်ပေးသော ဖဿ၏ ကျေးဇူးဖြင့် ဝေဒနာက ခံစားသည်။ ဝေဒနာ ခံစားမှုကို အစွဲပြုကာ သာယာသဘော ခံစားလျှင် လောဘစိတ်တို့သည် တသီတတန်းကြီး ဖြစ်ပေါ်သည်။ မသာယာသော သဘောဖြင့် ခံစားလျှင် ဒေါသစိတ် အစဉ်ပေါ်လာသည်။ တမှတ်တမဲ့ သဘောဖြင့် ခံစားလျှင် မောဟစိတ်များ ဖြစ်ပေါ်ကြသည်။ ဤသို့လျှင် ကာမအာရုံတို့ကို ဆွဲကိုင်လျက် ဇောသို့ရောက်သော ဓါတ်အစုတို့သည် ကံ, သဘောတရားအသစ်အသစ်တို့၏ အင်အားကို ထူထောင်ကြပြန်သည်။ ကိလေသဝဋ် လုပ်သားနှင့် ကမ္မဝဋ်လုပ်သား သင်္ခါရ တရားတို့သည် တကြိမ်ထက်တကြိမ် အင်အား တိုးတက်လျက်၊ ၎င်းတို့က ပြုစုပျိုးထောင်သော ကံ, သဘောတရားတို့သည်လည်း တဆင့်ထက်တဆင့် အဟုန်အရှိန် ပြင်းထန် တိုးတက်နေတော့သည်။

## ဇာတိအမျိုးမျိုး

အပုညာဘိ သင်္ခါရ လုပ်ငန်းကို ဆောင်ရွက်ကြသော စေတနာ ခေါင်းဆောင်ဖြစ်သော ကမ္မဝဋ် သင်္ခါရလုပ်သားတို့၏ ပြုစုပျိုးထောင် ထားခဲ့သော ကမ္မဘဝကို အခြေခံလျက်၊ အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ အမည်ရသော ဝိပါက်နာမ်ဓါတ်, ရုပ်ဓါတ်တို့သည် တပြိုင်နက် အချိန်တူ ဥပစယသို့ ရောက်ကြလျက်၊ ဥပပတ္တိဘဝ အမည်ဖြင့် ပေါ်လာကြသည်။ ကမ္မဘဝ ဟူသည် ကုသိုလ်, အကုသိုလ် စေတနာတို့ ခေါင်းဆောင်သော သင်္ခါရ လုပ်သားတို့ ဆောင်ရွက်သော 'အရှိ' သဘောတရားဖြစ်သည်။ ဥပပတ္တိဘဝ ဟူသည် ထိုအရှိဖြစ်သော ကံ, အရှိန်အဟုန်တို့ကို အခြေခံအစွဲပြုကာ အဖြစ်သို့ ရောက်လာကြသော ဓါတ်အသစ်အသစ်တို့ဖြစ်၍ ဥပစယသို့ ရောက်ကြလျက်၊ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်ကြသော ဓါတ်အစုတို့ဖြစ်ကြသည်။ယင်းဓါတ်အစုတို့သည် ပဋိသန္ဓေစိတ် ၁၉-မျိုးနှင့် ကမ္မဇရုပ်များဖြစ်၍ အရေအတွက်အားဖြင့် နာမ်ဓါတ်အစု ၁၉-ပါး၊ ရုပ်ဓါတ်အစု ၁-ပါး၊ ပေါင်း ၂၀-ဖြစ်လေသည်။ ၂၀-သော ဤပဋိသန္ဓေဓါတ်တို့သည် ဇာတိအမျိုးမျိုး ပြောင်းလဲခြင်းကို ဖော်ပြသော ဓါတ်တို့ဖြစ်သည်။

ပုညာဘိသင်္ခါရ လုပ်ငန်းကို ဆောင်ရွက်ကြသော စေတနာခေါင်းဆောင် ကမ္မဝဋ် သင်္ခါရ လုပ်သားတို့ ဆောင်ရွက်သော ကမ္မဘဝတို့သည် ကုသလဝိပါက်

ဥပေက္ခာ သန္တီရဏ ခေါ် စိတ်ကို ဖြစ်ပေါ်စေသည်။ ထို့ပြင် မဟာဝိပါက် ဉာဏ ဝိပ္ပယုတ် ခေါ် စိတ် ၄–မျိုးနှင့် မဟာဝိပါက် ဉာဏသမ္ပယုတ် ဝိပါက်စိတ် ၄–မျိုး၊ ပေါင်း ၈–မျိုးတို့ကို ဖြစ်ပေါ်စေသည်။ ဤပဋိသန္ဓေ ၁၀–မျိုးသည် ကာမအာရုံ တို့ကို ဆွဲမှီ၍ ဖြစ်ပေါ်ကြသော အကုသိုလ်စိတ် ၁၂–မျိုး၊ မဟာကုသိုလ်စိတ် ၈–မျိုး တို့၏ အဘိသင်္ခါရ လုပ်ငန်းမှ စတင်ပေါ်လာသော ကမ္မသဘောတရားနှင့် ဆက်စပ် ပေါ်လာကြရသော ဇာတိ ၁၀–မျိုးဖြစ်လေသည်။

ထို့ပြင် ကာမ အာရုံတို့ကို စက်ဆုတ်ရွံရှာသဖြင့်၊ ကာမတရားမှ လွတ် အောင် ဆောင်ရွက်ကြသော ရူပကုသိုလ် ပုညာဘိသင်္ခါရ လုပ်သားတို့သည် ရူပ ကမ္မဘဝ ဖြစ်ပေါ်အောင် ဆောင်ရွက်ကြရာ၊ ယင်း ကမ္မဘဝမှ ဆက်စပ်ပေါက် ပွားသော ရူပဝိပါက်စိတ် ၅–မျိုးနှင့် ဇာတိ ၅–မျိုး ဖြစ်ပေါ်လာသည်၊

တဖန် ရုပ်သင်္ခါရဓါတ် တို့ကို ငြီးငွေ့သော သင်္ခါရ လုပ်သားစု တို့သည် ရုပ်ဓါတ်ကို ဖန်တီးမပေးသော ကမ္မဘဝကို တည်ဆောက်ရန် အာနေဉ္စာဘိသင်္ခါရ လုပ်ငန်းကို ဆောင်ရွက်ကြ၍၊ ယင်း ကမ္မဘဝမှ အရူပဝိပါက်စိတ် ၄–မျိုးဖြင့် ဇာတိ ၄–မျိုး ဖြစ်ပေါ်လာသည်။ တချို့သော သင်္ခါရလုပ်သားတို့သည် နာမ်ဓါတ်တို့ကို ငြီးငွေ့စက်ဆုတ်သဖြင့်၊ နာမ်ဓါတ်ကင်းအောင် ပုညာဘိသင်္ခါရ လုပ်ငန်းကိုဆောင် ရွက်၍၊ ၎င်းကမ္မဘဝမှ ရုပ်ဓါတ်သက်သက် ဖြစ်ပေါ်လာသော ပဋိသန္ဓေ–ဇာတိ တခုဖြစ်သည်။ ဇာတိ စုစုပေါင်း ၂၀–ဖြစ်လေသည်။

ဤသို့လျှင် အဝိဇ္ဇာ ခေါင်းဆောင်သော သင်္ခါရလုပ်သားတို့သည် တဆင့်မှ တဆင့် တိုးတက် ဆောင်ရွက်ခဲ့ကြရာ၊ နောက်ဆုံး၌ ဇာတိ အမျိုးပေါင်း ၂၀–ကို ဖန်တီးနိုင်လောက်အောင် အဟုန်အရှိန် ပြင်းထန် လာတော့သည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဤ တလံမျှသော ရုပ်ကောင်ကြီးနှင့် သိစိတ် မန တို့သည် အဝိဇ္ဇာ နာမ်ဓါတ်မှ အစပြုလျက် တဆင့်ထက်တဆင့်တိုးတက်ရင့်ကျက်လာပြီးလျှင် ဇာတိ ဟူသော ဘူတ အဆင့်သို့ ရောက်ကာ ဇာတိ အမျိုးပေါင်း ၂၀–တို့ဖြင့် လည်ပတ် ပြေးလွှားနေကြခြင်းသာလျှင် ဖြစ်သည်ဟု သိရှိရလေသည်။

ဇာတိအမျိုးပေါင်း ၂၀–တို့သည် အကျိုးဝိပါက် ၅–မျိုးမှအစပြုကြသည်။ အကြောင်းသဘောမှ အစပြုခြင်း မဟုတ်ကြပေ။ မဇ္ဈိမနိယာမသဘောအတိုင်း သင်္ခတ ဓါတ်မှန်သမျှ အကြောင်းတရားသည် ရှေ့ဦးအလျှင် ဖြစ်ပေါ်ခွင့်ရသည်။ အလျှင် ဆုံးပေါ်နိုင်သော အကြောင်းလည်း ၂–မျိုးသာလျှင်ဖြစ်၍ ဓါတ်တို့၏ အခြေခံ အဋ္ဌမြစ်ဖြစ်သော ရှေ့ပိုင်း ပုဗ္ဗန္တပြီးအောင် ဆောင်ရွက်သည်။ အကျိုး ၅–မျိုးပေါ်

လာသောအခါ ခိုင်မြဲသော ဇာတိဓါတ်တို့ ဖြစ်ပေါ်အောင် အဝိဇ္ဇာ သင်္ခါရသည် တဏှာ, ဒိဋ္ဌိတို့နှင့် ယှဉ်တွဲကာ ကမ္မဘဝကြီးကို ပြီးစီးအောင် တည်ဆောက်လိုက်သည်။ ဇာတိသို့ တကြိမ်ရောက်ပြီးသော သင်္ခါတဓါတ်တို့၏ အချိန် အင်အားသည် ဇာတိ အမျိုးမျိုးတို့ကို ပေါက်ပွား စေနိုင်လောက်အောင် အင်အားခိုင်ခန့်စွာ ရှိသည်ဟု ဆိုရမည် ဖြစ်သည်။ နောက်နောက် ဇာတိတို့၌ ဓါတ်အင်အား မလျော့တော့ပေ။

ဓါတ်တို့သည် မလျော့သော အင်အားဖြင့် ကိလေသဝဋ်, ကမ္မဝဋ်နှင့် ဝိပါကဝဋ်ကို တည်ဆောက်လျက် ဇာတိအမည် ခံယူကာ သံသရာလည်ကြသည်။ ထို့ကြောင့် ဗုဒ္ဓကိုယ်တော်သည် ဘဝတဏှာကို 'လက်သည်' အဖြစ်ထားလျက်၊ ဇာတိ ဟူသော ခန္ဓာအိမ်ကို ဆောက်ပေးသူဟုဆိုကာ ဇာတိသံသရာပေါင်း မရေမတွက် နိုင်အောင် ကျင်လည်ခဲ့ရသည်ဟု 'အနေကဇာတိ သံသာရံ' ဖြင့် ဖော်ပြတော်မူခဲ့သည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် အတိတ် အခွန့်ဖြင့် သင်္ခါရ လောက၏ ပုဗ္ဗန္တ ရှေ့ပိုင်း၊ပစ္စုပ္ပန်အခွန့်ဖြင့် သင်္ခါရလောက၏ အပရန္တ နောက်ပိုင်း၊ အနာဂတ်အခွန့်ဖြင့် ဝဋ်သုံးပါးပေါင်းထားသော ပုဗ္ဗန္တ အပရန္တတို့ဖြင့် သင်္ခါရလောက၏ အစ, အလယ်, အဆုံး ၃-မျိုးကို ဖော်ပြသော ဒေသနာဖြစ်ကြောင်း သိရသည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာကို လေ့လာသော ပုဂ္ဂိုလ်တို့သည် ဓါတ်တို့၏အစ,အလယ်, အဆုံး ၃—ပါးလုံးကို အသိရှင်းလျက် သံသယ ကင်းသွားသည်အထိ ဆရာကောင်း ပညာရှိများနှင့် ဆွေးနွေး ဆောင်ရွက်ကြရန် လိုအပ်လေသည်။

အထက်က ဖော်ပြခဲ့သည့်အတိုင်း အဝိဇ္ဇာမှအစပြုခဲ့သော ဓါတ်တို့သည်၊အဟုန် အချိန်တို့ တဆင့်မှတဆင့် ရင့်ကျက်ခြင်းသို့ရောက်၍၊ ဘဝရာဂခေါ် တဏှာလောဘ နှင့် ယှဉ်တွဲလျက် 'ကမ္မဘဝ' အဆောက်အအုံကြီး တည်ဆောက်ကြသဖြင့်၊'သင်္ခါတ' ဓါတ်တို့သည် ဇာတိသို့ ရောက်ကြလေပြီ၊ ဇာတိသို့ ရောက်သော ဓါတ်အစုသည် အကျိုးသင်္ခါရ လုပ်သားများနှင့် အကြောင်း သင်္ခါရ လုပ်သားတို့ သာလျှင် ဖြစ်ကြသည်၊ အကြောင်းသင်္ခါရ လုပ်သားတို့သည် အဝိဇ္ဇာ ခေါင်းဆောင်သော ကိလေသဝဋ်ကို ဆောင်ရွက်၍၊ စေတနာခေါင်းဆောင် သင်္ခါရ လုပ်သားတို့သည် ကမ္မဝဋ်ဖြစ်ပေါ်အောင် ဆောင်ရွက်ကြသည်။ ဇာတိရောက်ပြီးသော ထိုဝဋ် ၂ ပါး တို့၏ ဆောင်ရွက်မှုကြောင့် ဝိပါကဝဋ် လုပ်သားများ ပေါ်ထွက်လာကြရပေမည်။ ဤသို့ ဝဋ် ၃-ပါးတို့ အချင်းချင်း ဆက်သွယ် အထောက်အကူ ပြုလျက်၊ ဥပဓေယ သန္တတိ အားဖြင့် ဂရုဏခေါ်သော စက်ဝိုင်း ဖြစ်ပေါ်လာသည့်တိုင်အောင် ဆောင် ရွက်ကြသည်။ ဇာတိတို့၏ ထုံးစံသည် မရဏတိုင်အောင် ဆောင်ရွက်ရသည်။မရဏ

သို့ မရောက်သော ဇာတိဟူ၍ မရှိပေ။ ဇာတိနှင့် မရဏ အကြားတွင် အဟောင်း အသစ် လဲနေသော ဓါတ်အစု ဥပစယ, သန္တတိ တို့သည် ဘဝ၏လမ်းကြောင်းခရီး အစဉ်ဖြစ်လေသည်။

ဤခရီးအစဉ်တွင် ဝိပါကဝဋ် ဓါတ်အစုကို အစွဲအမှီပြုကာ ကိလေသဝဋ် လုပ်သားတို့သည် ထကြွသောင်းကျန်းကြသည်။ ကာမအာရုံ ၅ မျိုးတို့နှင့် တိုက်မိ တိုင်း တိုက်မိတိုင်း ကိလေသဝဋ် သမားတို့သည် အာရုံနှင့် အဆင်ပြေလျှင် အဆင် ပြေသလို 'ကာမသုခလ္လိကာနုယောဂ' လုပ်ငန်းဖြင့် သင်္ခါရအဆင့်မှ အဘိသင်္ခါရ အဆင့်, ကမ္မဘဝ အဆင့်သို့တိုင်အောင် ဆောင်ရွက်ကြသည်။ အာရုံနှင့် အဆင်မ ပြေလျှင် မပြေသလို 'အတ္တကိလမထာနုယောဂ' လုပ်ငန်းဖြင့် သင်္ခါရ အဆင့်မှ အဘိသင်္ခါရအဆင့်, ကမ္မဘဝအဆင့်သို့တိုင်အောင် ဆောင်ရွက်ကြသည်။ ဤလုပ်ငန်း လမ်း ၂ သွယ်ဖြင့် ကမ္မဝိညာဏ်အသီ ခေါင်းဆောင်လျက် ရှေ့သို့ တိုးတက်သွားနေ သော်လည်း၊ သန္တတိ အစဉ်ဖြင့် ပေါ်လွင်ထင်ရှားကြရသော ရုပ်ဓါတ် အစုသည် ပင်ကိုယ်သဘောမှ ရွေ့လျောပြောင်းလဲကာ တကြိမ်ထက်တကြိမ် ဖေါက်ပြန်ရင့် ကျက် အိုမင်း ဆွေးမြေ့ ဘက်သို့ ကူးပြောင်းနေ လေသည်။ ဤသို့ ဆွေးမြေ့ အိုမင်း ယိုယွင်းသော ဘက်သို့ ကူးပြောင်း နေရခြင်းသည် ပင်လျှင် သင်္ခါရလုပ် သားတို့၏ ဇရာ့တရားဖြစ်လေသည်။ သင်္ခါရ လုပ်သားတို့ကို ဇရာနှိပ်စက်နေသည်။ တခါတရံ သင်္ခါရအစုသည် မသင့်မလျော်သော နေထိုင် စားသောက်မှုတို့ကြောင့် အသစ်ပေါ်လာသော သင်္ခါရ လုပ်သားတို့သည် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ် ကြ၍ ဗျာခိခေါ် အခံခက်မှု ရောဂါတို့သည် ထင်ရှားလျက် ဇာတိ၏ ခရီးလမ်း စဉ်သည် မဖြောင့် မဖြူးဘဲ ရောဂါသည် အဖြစ်ဖြင့် စုတိ ဖြစ်ပေါ်ကာ မရဏသို့ ရောက်သည်လည်း ရှိသည်၊ မရောက်သည်လည်း ရှိသည်။ ကမ္မဝိညာဏ် ခေါင်းဆောင် ဖြစ်သော စိတ္တသန္တတိသည်လည်း ဥပစယ အဟောင်းအသစ် ပြောင်းလဲကာ ရှေ့သို့ တိုးတက် သွားလေရာ၊ ကာမ သုခလ္လိကာ နုယောဂ လုပ်ငန်းတို့ကို ဆောင်ရွက်ခိုက် တွင် ပျော်ပျော် ပါးပါး ကာမအာရုံတို့၏ အရသာကိုခံစားလျက် အားရ နှစ်သိမ့် ခြင်း မရှိဘဲ ဖြစ်နေလေသည်။ ထိုသို့ တင်းမတိမ် အားမရဘဲ ဇိမ်ကျနေသောအခိုက် အဆင်မပြေသော အာရုံတို့နှင့် တွေ့ဆုံကြုံကြိုက်မိသောအခါ၊ ပျော်ပျော် ပါးပါး ထင်ရှားနေသော ဇိမ် အဆက်ပြတ်သွား၍ ဆူးငြောင့် ခလုတ် ပေါသောလမ်းကို လျှောက်သွားရဘိ သကဲ့သို့၊ ရုပ်အစု, နာမ်အစု သင်္ခါရ လုပ်သားတို့သည် ကိုယ်ပင် ပန်း,စိတ်ပင်ပန်းညှိုးနွမ်း ဆင်းရဲကြရသည်။ ဤလုပ်ငန်းဖြစ်သော လမ်းနှစ်သွယ်ဖြင့်၊ စုတိ—မရဏသို့ အရောက် သွားကြရသော သင်္ခါရ လုပ်သားတို့သည် ပဌမလမ်း ဖြစ် သော 'ကာမသုခလ္လိကာနုယောဂ' လုပ်ငန်းဖြင့် ကမ္မဘဝကို တည်ဆောက်ကြသည်။ ဒုတိယ လမ်းဖြစ်သော 'အတ္တကိလမထာ နုယောဂ' လုပ်ငန်းဖြင့်လည်း ကမ္မဘဝကို

တည်ဆောက်ကြသည်။ ကမ္မဘဝကို တည်ဆောက်သော လုပ်ငန်း မှန်သမျှ ဇာတိသို့ ပို့ပေးသော လုပ်ငန်းများသာ ဖြစ်ကြသည်။ ဇာတိ ဖြစ်ပေါ်အောင် ဆောင်ရွက်ကြသော လုပ်ငန်းများသာလျှင် ဖြစ်ကြသည်။

ထို့ကြောင့် ဗုဒ္ဓကိုယ်တော်သည် သတ္တလောကခေါ် ဇာတိသည် ဆင်းရဲအစုသာလျှင် ဖြစ်သည်။အိုခြင်း,နာခြင်း အစုသာလျှင် ဖြစ်၍၊နောက်တကြိမ်၌ သေခြင်း စုတိဖြင့် အဆုံးသတ်ရသော ဆင်းရဲအစု ဖြစ်တော့သည်ဟု ရုပ်ဓါတ်အစု ဇာတိကို အခိကပြုလျက် ဟောပြတော်မူခဲ့သည်။ ဝိပါကဝဋ္ဋ လုပ်သား သင်္ခါရ တရားတို့၏ ဒုက္ခ ဖြစ်ပုံကို ပြတော်မူခဲ့သည်။ ကမ္မဝိညာဏ် ခေါင်းဆောင်သော နာမ်သင်္ခါရ လုပ်သား အကြောင်းတရား တို့သည်လည်း ဇိမ်ကျနေခိုက်၊ ဇိမ်ပြတ်သွားသော ဆင်းရဲ၊ ထိုဇိမ်ချမ်းသာကိုရအောင်, ဖြစ်ပေါ်အောင် ဆောင်ရွက်ရသော ဆင်းရဲ၊ ဇိမ်ချမ်းသာ မရသဖြင့် စိုးရိမ်ပူဆွေး ငိုကြွေးဟစ်အော်လျက် ရင်ပတ်စည်တီး တငြိုးငြိုး တငြူငြူ ဖြစ်ရသော ဆင်းရဲတို့ကို ခံယူကြသည်ဟု နာမ်သင်္ခါရတို့၏ ဆင်းရဲ ကြပုံတို့ကို ဖေါ်ပြတော်မူသည်။ ဤသို့လျှင် ဇာတိရောက်သဖြင့် ရင့်ကျက် နေသော ဓါတ်အစုတို့သည် ဝဋ္ဋ ၃–ပါး ဖြစ်ပေါ်အောင် အချင်းချင်း အဆက်မပြတ်ဘဲ ဆောင်ရွက်နေကြလျက်၊မရဏ စုတိမှ ပဋိသန္ဓေဟူသော ဇာတိတခုသို့၊ သို့မဟုတ် ဇာတိတမျိုးမှ ဇာတိတမျိုး ဖြစ်ပေါ်အောင်ဆောင်ရွက်နေကြသည်။ အမှန်မှာ သင်္ခါရ ဓါတ်အစုတို့သည် ဝဋ္ဋ ၃–ပါး အမည်ကို ခံယူလျက်၊ ဇာတိ အမျိုးမျိုး တို့ကို ဖြစ်ပေါ်ရအောင် ကိုယ်ကောင် အသွင်ဖြင့် ထင်ရှား ပေါ်လွင်ကာ ဆောင်ရွက် နေကြသည်ဟု ပြတော်မူသည်။ လောက ၃–မျိုး၏ အကြောင်းကို ရှင်းလင်းစွာ အသိရောက်၍ သဘောပေါက် နားလည်လာအောင် အသိ ယှဉ်ဘဲ့သော ဤကိုယ်ကောင် တလံမျှကို သဒ္ဓါ, သတိ, ဝိရိယ, သမာဓိ,ပညာတို့ဖြင့် သိအောင် လေ့လာပါဟု ဗုဒ္ဓကိုယ်တော် ညွှန်ပြခဲ့ပေသည်။

သင်္ခါရတို့ ဆောင်ရွက်ကြသော 'ကာမသုလ္လိခကာနုယောဂ' အကျင့်နှင့် 'အတ္တကိလမထာနုယောဂ'အကျင့် ၂–မျိုးကို ကာမ ကုသိုလ်ဇော, အကုသိုလ်ဇော စိတ်အစဉ်တို့က ဆောင်ရွက်ကြသည်။ ကာမကုသိုလ် ဇောတို့သည် လောဘ, ဒိဋ္ဌိတို့၏ စွဲလမ်းရာ လောဘ, ဒိဋ္ဌိ, မောဟတို့၏ လောင်းရိပ်ကြီး အောက်မှာ ဆောင်ရွက်ကြသဖြင့်၊ ဇာတိအဖြစ်မှ ကင်းလွတ်အောင် မဆောင်ရွက် နိုင်ကြပေ။ ရူပကုသိုလ်ဇောသည် ကာမအာရုံတို့ကို စက်ဆုတ်ရွံရှာသော်လည်း ရူပဈာန် ချမ်းသာနှင့် ရူပဇာတိကို စွဲလမ်းနှစ်သက်သော လောဘ, ဒိဋ္ဌိတို့၏ လောင်းရိပ်မှ မကင်း မလွတ်သေးပေ။အာနုဉ္စာဘိသင်္ခါရကုသိုလ် ဇောတို့သည်လည်း ရူပကုသိုလ်အတိုင်းပင် ဘဝ, တဏှာ, ဒိဋ္ဌိတို့၏ လောင်းရိပ်မှ မလွတ်ကြပေ။

ဇာတိ၏ ကြောက်စရာ အဆိုးဆုံးသော လမ်းကြောင်းမှာ အဦး အစဆုံး အဝိဇ္ဇာမှ အစပြု တည်ဆောက် ရသဖြင့်၊ အပုညာဘိ သင်္ခါရ လုပ်ငန်းဖြင့် ကမ္မဘဝကို တည်ဆောက်ခဲ့ရသောကြောင့်၊ အကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ် အသွင်တို့ဖြင့် ဇာတိသို့ ရောက်ရသည်။ ဒုဂ္ဂတိ အဟိတ် ဟူသော အမည်ကို ခံယူရသော ယင်း ဇာတိသည် တိရစ္ဆာန် အမျိုးမျိုးတို့၏ သဏ္ဍာန်၊ ပြိတ္တာအမျိုးမျိုးတို့၏ သဏ္ဍာန်၊ အသူရကာယ် အမျိုးမျိုးတို့၏ သဏ္ဍာန်၊ ငရဲသူငရဲသား အမျိုးမျိုးတို့၏ သဏ္ဍာန်ဖြင့် ဇာတိတခုမှ ဇာတိတခုသို့ ပြောင်းရွှေ့ နေရသည်။ ဇာတိမှ စုတိတိုင်အောင်သော သန္တတိ လမ်းစဉ်တို့၌ အကောင်းအာရုံတို့ကို တွေ့ကြုံရန် ခဲယဉ်းကြလေသည်။ ဥပမာအားဖြင့် (၇)ရက် (၇)လီ တိုင်တိုင် ကျရောက်နေသော မိုးမှောင်ကြီးထဲ၌ တခါတရံမျှသာလျှင် လျှပ်စစ် အလင်းရောင် ပေါ်လာသကဲ့သို့၊ ဒုဂ္ဂတိ ဇာတိရောက်သော ဓါတ်အစုတို့သည်လည်း အလင်းရောင်ဟူသော ပုညာဘိ သင်္ခါရ ပေါ်လာရန်အတွက် မလွယ်ကူလှပေ။

အလင်းရောင် ကုသိုလ်စိတ် ဖြစ်ပေါ်လာရန်အတွက် (၁)သင့်တင့် လျောက်ပတ်သော ဌာန၌ ဇာတိဖြစ်ပေါ်ခြင်း 'ပတိရူပဒေသဝါသ' (၂)အပြစ်ကင်းသော လုပ်ငန်းကိစ္စတို့ကို ဆောင်ကြသော သူတော်ကောင်း ဓါတ်အစုတို့နှင့် တွေ့ကြုံရခြင်း 'သပ္ပုရိသူပနိဿ'၊ ထိုဓါတ်အစုတို့ ဆောင်ရွက်သော ကိုယ်အမူအရာတို့သို့ အသိရောက်ခြင်း၊ ပြောဆိုသော နှုတ်အမူအရာ စကားအစဉ်တို့က ညွှန်ကြားသော အဓိပ္ပါယ်ကို အသိရောက်ခြင်း 'သဒ္ဓမ္မသဝန' (၃)မိမိကိုယ်တိုင်ခေါ်သော စိတ်အစဉ်၌ အကြောင်းသဘော အကျိုးသဘောတို့ကို အသင့်အတင့် သိစိတ် ဖြစ်ပေါ်စေနိုင်ခြင်း 'ယောနိသောမနသိကာရ' (၄) အပြစ်ဟူ၍ မထင် သန့်ရှင်း စင်ကြယ်သော အာရုံတို့သည် ရှေ့ရှု တိုက်ခိုက်လာခြင်း 'ဣဋ္ဌာရမ္မဏ'-အစရှိသော အကြောင်းတရားများ ပေါင်းဆုံ စုဝေးခိုက်သည် ဒုဂ္ဂတိဇာတိသို့ ရှေ့ဦးစွာ ရောက်ရှိလာသောဓါတ်အစုအတွက် ပုညာဘိသင်္ခါရ ဖြစ်ပေါ်နိုင်သော အခွင့်များ ဖြစ်လေသည်။

အို....ရဟန်းတို့-ဇာတိရောက်ပြီးသော သတ္တဝါတို့သည် တူသောဓါတ်ချင်းဖြင့် ပေါင်းသင်း ညီညွတ် ကြသည်ဟု ဟောတော်မူသော ဒေသနာသည် ဇာတိဓါတ်အစုတို့၏ အလေ့အကျင့်တို့ကို ပြသော ဒေသနာ ဖြစ်လေသည်။

ဤပြဆိုခဲ့သောအကြောင်း အခွင့်ကို ဆင်ခြင် စဉ်းစားသောအခါ၊ကုသိုလ်စိတ် ဖြစ်ပေါ်ခွင့် ခဲယဉ်းကြောင်း သဘောပေါက်ပေမည်။ ကုသိုလ်စိတ် ဖြစ်ခွင့်မရောက်လျှင်လည်း ပုညာဘိသင်္ခါရသို့ ရောက်ခွင့်မရှိသေး၊ ပုညာဘိ သင်္ခါရတို့ မဖြစ်နိုင်

သေးလျှင်လည်း ကမ္မဘဝသို့ မရောက်ရပေ။ ကမ္မဘဝသို့ မရောက်ဘဲလည်း မဟာဝိပါက်ခေါ် ဇာတိတို့ မဖြစ်ပေါ်နိုင်ကြပေ။ မဟာဝိပါက် ဇာတိမပေါ်လျှင် လူ့အသွင်, နတ်အသွင်ဖြင့် ပေါ်ပြု နေသော မနုဿ လောက, ဒေဝ လောကတို့သို့ မရောက်နိုင်ကြသေးပေ။ ထိုဇာတိ မျိုးတို့အတွက် မနုဿတ္တဟူသော လူ့အဖြစ်သည် 'ဒုလ္လဘော'ခဲယဉ်းနေလေသည်။ သို့သော်လည်း ကာမအာရုံတို့နှင့် ပေါင်းကူးဆက်စပ်နေကြသောကြောင့်၊ ဆိုခဲ့ပြီးသော အကြောင်းတို့သည် တချိန်ချိန် ပေါင်းဆုံမိကြသည်။ ယင်းသို့ ပေါင်းဆုံမိသော အကြိမ်တို့သည် များပြားလာသောအခါ ပုညာဘိသင်္ခါရဓါတ်တို့သည် စိတ်အစဉ်ကိုစွဲလျက် ကိန်းဝပ် ရင့်ကျက် လာကြရသည်။ ကာမကုသိုလ် ဓါတ်တို့သည် အနုသယတို့ကဲ့သို့ အင်အားဖြင့် ရင့်ကျက်သောအခါ ကာမ အာရုံ အမျိုးမျိုးကို အစွဲအမှီပြုကာ ထိုစိတ်အစဉ်မှာပင် ဆက်စပ်လျက်၊ ကုသိုလ်ဇောစိတ်အစဉ် ပေါ်လာစပြုလေသည်။ ထိုအခါမှ အစပြု၍ ကုသိုလ်ဇောစိတ်တို့သည် တကြိမ်ထက်တကြိမ်, တချိန်ထက် တချိန် အင်အား ထက်မြက်လာ၍၊ သင်္ခါရအဆင့်မှ အဘိသင်္ခါရအဆင့်-ကမ္မဘဝအဆင့်သို့ ရောက်ပြီးလျှင်၊မဟာဝိပါက်ခေါ် ဇာတိသို့ရောက်အောင် ဖန်တီးပေးလေသည်။ အယုတ်ဆုံးအားဖြင့် 'ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ' ဟူသော သုဂတိ အဟိတ်အမည်ဖြင့် ဇာတိသို့ အရောက်ပို့ပေးလေသည်။

ယခုအခါ ကာမ ပုညာဘိသင်္ခါရ ကုသိုလ်ကို လွယ်လွယ်ကူကူ ရရှိနေကြသော လူ့လောကသည် ရူပ ပုညာဘိသင်္ခါရကုသိုလ် ကမ္မဘဝ ဖြစ်ပေါ်အောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ဟု မသိကြရုံမျှမက၊ ရူပဇာတိရှိသည်ဟုပင် မယုံကြည်သူ များကြလေသည်။ ရူပဇာတိရှိသည်ဟု ယုံကြည်သက်ဝင်ကြသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည်ပင် ထို ရူပပုညာဘိသင်္ခါရ ကုသိုလ် ပေါ်အောင် အားမထုတ်ချင်ကြပေ။ မိမိတို့၏ အားမထုတ်ချင်သော သဘောတရားတို့ကို ရူပ ကုသိုလ်ဟူသည် တိဟိတ် ပဋိသန္ဓေဖြစ်ပါမှ ရရှိကြသည်ဟူသော စကားအစဉ်တို့ဖြင့် ဖုံးအုပ်ထားကြလေသည်။ ကာမအာရုံတို့ကိုလည်း လက်မလွှတ်နိုင်၊ ပျင်းရိသော စိတ်တို့ကလည်း လွှမ်းမိုးထားပြန်သောကြောင့်၊ မိမိ၏စိတ်ကို ပိတ်ပင် တားဆီးထားကြသည်။ မိမိသည် တိဟိတ်လော၊ ဒွိဟိတ်လောဟု ကိုယ်တိုင်သိ မဟုတ်ပေ။ ကိုယ်တိုင် မသိဘဲ ယုံကြည်မှု သက်သက်ဖြင့် သူတပါးကို မဆိုထားဘဲ၊ မိမိကိုယ်တိုင်ကိုပင် လှည့်ပတ်ထားလေသည်။ 'ဥဇုက အမာယာဝီ' ဖြောင့်မတ်ရမည်၊ မလှည့်ပတ်ရ ဟူသော ပဓါနိယအင်္ဂါ ချွတ်ယွင်းနေလေတော့သည်။

ဤဓါတ်ရင့်သို့ ရောက်ပြီးသော သင်္ခါရလုပ်သားတို့သည် ပုညာဘိ သင်္ခါရ ချင်းတူသော ရူပကုသိုလ် ဖြစ်ပေါ်အောင် အဘယ်ကြောင့် မဆောင်ရွက်ချင်ကြပါ

သနည်း။ အဖြေမှာ—ကာမ အာရုံတို့ကို ကပ်ငြိတွယ်တာ လက်မလွှတ်နိုင်ကြသော ကြောင့်သာ ဖြစ်လေသည်။ ဤနည်းအတိုင်း ရူပ ပုညာဘိ သင်္ခါရမှ အာနဉ္စာဘိ သင်္ခါရ ကုသိုလ် ဖြစ်ပေါ်အောင် ဆောင်ရွက်ရန် မလွယ်ကူလှပေ။ ရူပ, အရူပ ကုသိုလ် စျာန်စိတ်ချင်း တူကြသော်လည်း၊ ပဌမစျာန် ကုသိုလ်စျာန်စိတ် အဆင့်မှ ဒုတိယစျာန် ကုသိုလ်စျာန်စိတ် ဖြစ်ပေါ်ရန် မလွယ်ကူလှပေ။ လောကီ သမာပတ် အဆုံး နေဝသညာ နာသညာအထိ ရောက်အောင် အားထုတ်ခြင်း အတွက် မလွယ်ကူပေ။ ဤသို့လျှင် သတ္တ သဘာဝတို့၏ ထုံးတမ်း နိယာမ သဘောကို ဆင်ခြင် စဉ်းစားလျှင် အလွန်တရာ သေးငယ်သော အဟုန်အရှိန် အင်အားဖြင့် အစဆုံး ဇာတိသို့ ရောက်ရသော သင်္ခါရ ဓါတ်အစု၏အခြေအနေသည် ဘယ်လောက် လျှင်မြန်စွာဖြင့် ပုညာဘိ သင်္ခါ လုပ်ငန်းကို ဆောင်ရွက် နိုင်ပါမည်နည်း။ ငြိမ်းငွေ့ဘွယ် ကောင်းလေစွ။

ထို့ပြင် သတ္တ ဓါတ်အစုတို့သည် ဘူတသဘောသို့ ရောက်လျက်၊ ဇာတိကို ဆောင်ရွက်နိုင်အောင် ရင့်ကျက်ပါသည်ဟု ဆိုရသော်လည်း၊ ဇာတိကို မပြောင်းမလဲဘဲ ခိုင်မြဲအောင် မဆောင်ရွက်နိုင်ကြပေ။ ဇာတိတခုတခု အတွင်း၌ ဆောင်ရွက်ခဲ့ကြသော ကမ္မဘဝ သဘောတရားတို့လည်း အမြဲမဟုတ်၊ တိုးခြင်း,လျော့ခြင်း,ကုန်ခမ်းခြင်း ရှိကြသည်။ထိုကံတို့သည်လည်း၊အပုညာဘိ,ပုညာဘိ,အာနဉ္စာဘိလုပ်ငန်း အားလျော်စွာ အမျိုးမျိုး ရှိနေကြပြန်သည်။ အမျိုးတူဖြစ်သော အပုညာဘိ ကမ္မဘဝ၌ပင် အမျိုးမျိုး ရှိလျက် ကွဲပြားကြသည်။ ကာမ ပုညာဘိ ကမ္မဘဝ၌လည်း ထို့အတူပင် ဖြစ်သည်။ ထိုသို့ ကွဲပြားသော ကံတို့သည် အဟုန်အရှိန် မတူကြ၊ အချို့ကံသည် အဟုန်အရှိန် ပြင်းထန်သည်၊အချို့ကံသည် အဟုန်အရှိန်သေးနုံ့သည်။ ကံတို့လည်း 'ကြီးနိုင်ငယ်ညှဉ်း' သဘောဖြင့် အဟုန်အရှိန် ပြင်းသောကံသည် အဟုန်အရှိန် သေးနုံ့သောကံကို ညှဉ်းဆဲသည်၊သတ်သည်၊ ဥပပီဠက—ဥပဃာတက ကံတို့သည် ၎င်းတို့ပင် ဖြစ်ကြသည်။ ဤသို့ သင်္ခါရ လုပ်သားစုတို့၏ သဘောများကို ဆင်ခြင် စဉ်းစားသောအခါ၊ ဘယ်သင်္ခါရ အစုကိုမျှ အားကိုးစရာဟု မရှိတော့ပေ။ လူဇာတ် လူ့ဇာဘိသည် ရင့်ကျက်သော ဓါတ်အစု ဖြစ်သောကြောင့်၊နောက်ကာလ၌ သူ့အောက် ယုတ်သော ဓါတ်အစု မဖြစ်နိုင်တော့ဟု မကိုးစားပါလေနှင့်။ ကုသိုလ်ကံ အားနည်းနေခိုက် အရှိန်ပြင်းသော အကုသိုလ်ကံက သတ်သွားလျက် အကျိုးဖြစ်ခွင့် ပြုသောအခါ၊ သူ့ဘဝ ဓါတ်အစု ပြန်မရတော့ပေ။ အမှန်မှာ သတ္တ သင်္ခါရတို့လည်း မကောင်းကြ၊ ၎င်းတို့၏ လုပ်ငန်းများလည်း မကောင်းကြ။ လုပ်ငန်းမှ ပေါ်လာသော ကမ္မဘဝလည်း မကောင်း၊ ဇာဘိဟူသချလည်း မကောင်းကြ၍၊ ဘယ်သင်း ဘယ်အစုကိုမျှ အားကိုးစရာ မဟုတ် တော့ပေ။

မိမိ၏ ကိုယ်ကောင် ဓါတ်အစုသည် ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဟူသော ခန္ဓာအစု ငါးမျိုးဖြင့် ထင်ရှားသကဲ့သို့၊ အခြား ကိုယ်ကောင်ကြီးတို့ သည်လည်း ခန္ဓာငါးပါးဖြင့်သာလျှင် ထင်ရှားနေကြသည်။ ငါ ဟုခေါ်သော ဤကိုယ်ကောင်၌ ငါဟုခေါ်သော သဘောတရားကို ရှာမတွေ့သကဲ့သို့၊ အခြား ခန္ဓာကိုယ်ကောင်တို့၌လည်း သူ ဟူသော သဘောတရား ရှိသည်မဟုတ်။ စုပေါင်း ဆောင်ရွက်ကြသောသဘောဖြင့် လုပ်ငန်းများ ထင်ရှားကြသောကြောင့်၊ ပါတီ လုပ်ငန်းသာဖြစ်ကြသည်။တာဝန်ခံလက်သယ်ဟူ၍ သင်္ခါရတခုမျှမရှိပေ။ ထို့ကြောင့် ဗုဒ္ဓအရှင်၏ အနတ္တဝါဒသည် လက်သယ်မရှိသော အနတ္တဝါဒ ဖြစ်သည်ဟု ယုံကြည် သက်ဝင်လာပေမည်။ ပဋိစ္စသမုပ္ပါဒ်သဘောတရား၌ အသိရှင်းလေလေ သက်ဝင် ယုံကြည်မှု ခိုင်မြဲလေလေ ဖြစ်တော့သည်။ ထို့ကြောင့် ဓမ္မမိတ်ဆွေတို့သည် သင်္ခါရ လုပ်သား ၇၁-ပါးကို သုတမယဉာဏ်ဖြင့် နားလည်အောင် အနုပုဗ္ဗသိက္ခာကို လေ့ လာကြပြီးလျှင်၊သင်္ခါရဓါတ်အစု၏အစဖြစ်သော အတိတ်အခွန့်မှ ဇာတိအမျိုးမျိုးသို့ ရောက်ကြရသော အနာဂတ်အခွန့်တိုင်အောင် သင်္ခါရ လုပ်သား တို့ကို သာလျှင် 'အသိ'၏ အာရုံအဖြစ်ထားလျက်၊ကိုယ်ပိုင်ဉာဏ် စိန္တာမယဖြင့် ဆင်ခြင် စဉ်းစားကြ ပါလေ။

ဂမနေန န ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ

နစအပတွာ လောကန္တံ၊ ဒုက္ခာအတ္ထိသမောစနံ။

သတ္တလောက—ဩကာသလောကတို့၏အဆုံးသို့ ခြေကျင်,လှေယာဉ်, လှည်း ယာဉ်, မော်တော်ယာဉ်, လေယာဉ်, ဒုံးပျံယာဉ်တို့ဖြင့် သွားသော်လည်း မရောက် နိုင်ပေ။ သင်္ခါရလောက၏အဆုံးသို့ 'အသိ'မရောက်လျှင်လည်း ဆင်းရဲအမျိုးမျိုး တို့မှ မကင်း မလွတ်နိုင် ဟူသော ဒေသနာကို သတ္တလောက—ဩကာသလောက ရှိလျှင် သခါရလောကရှိမြဲဖြစ်သောကြောင့် ဟောတော်မူရသည်။ အခြားလောက ၂-မျိုးအတွက် ပညတ်တရားမျိုးနှင့် ရောထွေးပေါင်းယှက် ဖြစ်သောကြောင့် အသိ မဆုံးနိုင်။ သင်္ခါရလောက၌သာ အသိအဆုံး ရောက်နိုင်သည်။ လောက၏အဆုံးသို့ အသိရောက်ပါမှ, ဆင်းရဲအားလုံး ငြိမ်းပါမှ လွတ်သည်ဟု ဆိုလိုသည်။ သို့အတွက် သင်္ခါရလောကကိုသာလျှင် သတိပြုကာ ပညာရှေ့သွား ဝိရိယလက်သုံး ထားလျက် စဉ်းစားဆင်ခြင်ကြပါလေ။

# အနုပုဗ္ဗ ပဋိပဒါ

ယတ္ထစဒိန္နံ မဟပ္ဖလမာဟု
စတူသု သုစီသု ပုရိသယုဂေသု
အဋ္ဌစပုဂ္ဂလာဓမ္မ ဒသာတေ
သံဃမိမံ သရဏတ္ထမုပေမိ။ ။

## သတိပဋ္ဌာန် အနုပဿနာ အာရုံ ၄ ပါးနှင့် ဉာဏ်အစဉ်

ဤအပိုင်းသည် သင်္ခါရတရားများနှင့် ၎င်းတို့၏ပင်ကိုယ်သဘာဝ လုပ်ငန်းတို့ကို လက်တွေ့သဘောဖြင့် လေ့လာရသောအပိုင်းဖြစ်သည်။ သို့အတွက် လေ့လာသော ယောဂီပုဂ္ဂိုလ်သည် အထက်က ပြဆိုပြီးခဲ့သော အနုပုဗ္ဗသိက္ခာနှင့် အနုပုဗ္ဗကိရိယာသဘောတရားကို သုတမယဉာဏ်ဖြင့် လေ့လာပြီးဖြစ်ရပေမည်။ လက်တွေ့သဘောဟူသည် ကျေကျေနပ်နပ် စိတ်ချ လက်ချ အသိရောက်နေခြင်း ဖြစ်သည်။ ယင်းအသိရောက်နေသောအာရုံကို အသေးစိတ်ဖြာလျက် သိမ်မွေ့သော သဘောများသို့ အသိတိုးတက်ရောက်သွားရာ ပယ်အပ်သော, ပယ်စရာဖြစ်သော သင်္ခါရလုပ်သားတို့ကို အသိသည် သို့မဟုတ် အသိနှင့်ယှဉ်တွဲပါလာသော သဘောတရားတို့သည် ပယ်ကြ သတ်သွားကြသည်။ ယင်းသို့ ပယ်သတ်ပြီး သိသော အသိသည် အကြောင်း သဘောနှင့် အကျိုးသဘောတို့ကို စုံလင်စွာသိသော အသိ ဖြစ်သောကြောင့် 'သစ္စိကတ' မျက်မှောက်ပြုသော အသိဟု ဆိုရသည်။

ဥပမာ—ပရမတ္ထ သဘောတရားနှင့် ပညတ္တိသဘောတရား ၂-မျိုးကို အဟုတ်၌ တရားနှင့် အဟုတ်တကယ်မရှိသော သဘော၂မျိုးဟူ၍ သုတမယဖြင့် အမှတ်အသားပြုသော သညာ၂မျိုးသည် ထင်ရှားခဲ့သည်။အဟုတ်တကယ်ရှိသော သင်္ခါရ လုပ်သားအာရုံသို့ အသိရောက်သောအခါ၊ တကယ်မရှိဟူသောအမှတ်သညာကို တကယ်ရှိ ဟူသော အမှတ်သညာက ပယ်ထားလေသည်။ တကယ်ရှိ,အဟုတ်ရှိဟူသော အမှတ်သညာသည် ထိုစိတ်အစဉ်၌ စွဲမြဲထင်ရှားနေသည်။ စွဲမြဲနေသော ကာလပတ်လုံး ပညတ်သညာကို ပယ်ထားလျက်၊ ပရမတ်သညာ ထင်ရှား နေလေသည်။ ပရမတ်ကို 'သစ္ဆိကရဏ'ပြုနေသည်။

ထို့ကြောင့် လက်တွေ့ ကျင့်ရသော ဤပဋိပဒါ လုပ်ငန်းတွင် ပယ်—ပြု— ဟူသောသဘော ၂-မျိုးကို သတိစိုက်ရမည်။ သုတမယနှင့် စိန္တာမယ အသိတို့သည် ရှင်းလင်းသောအသိ ဖြစ်သော်လည်း၊ အပယ်အပြုသဘော မထင်ရှားကြပေ။အလေ့ ပါ အကျင့်ရသော စိတ်အစဉ်၌ အပယ်ခံရသောတရားသည် မပါဘဲ နေလေတော့၏။ အတော်ကြာအောင် မပါဝင်လျှင် 'ဝိက္ခမ္ဘန' ပြတ်တောက် သွားသဖြင့်၊ မပါဝင်ဘဲ နေလျှင် 'သမုစ္ဆေဒ'ဖြစ်လေသည်။ အပယ်ခံရသော သဘောတရား တို့သည်လည်း သိမ်မွေ့လှသည်။ မျက်မှောက်ပြုရသော သဘောတရားတို့လည်း သိမ်မွေ့လှသည်။ ထိုသိမ်မွေ့လှသော သဘောတရားတို့ကို ပကတိ ရိုးရိုးစိတ်ဖြင့် အသိရောက်ရန် မလွယ်ကူလှပေ။

စိတ်ကိုအလေ့အကျင့်ပေးနေသော ယောဂီပုဂ္ဂိုလ်သည် မိမိ၏ သိစိတ်အစဉ် အခြေအနေတို့ကို သတိဖြင့်ရှင်းလင်းစွာ ဂရုပြုရပေမည်။ စိတ္တတခု၌ ဧကဂ္ဂတာခေါ် သမာဓိတခုစီပါဝင်သည်။ ယင်းသဘောကို ဆောင်ရွက်သော သမာဓိကို 'ခဏိက သမာဓိ' ခေါ်သည်။ သို့ခဏဖြင့် ငြိမ်သက်ထင်ရှားသော သမာဓိဟု ဆိုလိုသည်။ ယင်းသမာဓိသည် အာရုံတမျိုးထဲ၌ စိတ်အစဉ်ကိုထားပေးသောအခါ တကြိမ်ထက် တကြိမ် တည်ငြိမ်၍ အရှိန် တိုးတက် တိုးတက်လာသည်။ ဤသို့တိုးတက်သော ငြိမ် အရှိန်သည် ထက်မြက်လာသောအခါ ပျံ့လွင့်သဘောသည် သိပ်သည်း သွားသည်။ ပျံ့လွင့်သဘောသည် ကိလေသဓါတ်အပူရှိန်တို့ကြောင့် သိပ်သည်းခြင်း၏ ပျက်စီး ဖေါင်းကြွခြင်းဖြစ်သည်။ သံတုံးသည် အပူရှိန်တိုးတက်လျက် ရဲရဲတောက် အချိန်၌ သံလုံးဖေါင်းကြွ ပေါ့ပါးသကဲ့သို့ ဖြစ်သည်။ အဓိဓါတ်တို့နှင့် တွေ့ထိသောအခါ အပူဖြင့်ပေါ့ပါးဖေါင်းကြွမှုသည် သိပ်သည်းသကဲ့သို့ အရှိန်ထက်မြက်သော ငြိမ် သဘောသည် အဓိဓါတ်ဖြစ်၍ ကိလေသအပူဓါတ်ဖြင့် ဖေါင်းကြွ ပျံ့လွင့်သဘော ဖြစ်ကြသော သင်္ခါရ လုပ်သားတို့သည် သမာဓိအရှိန် တိုးတက်နေသော စိတ္တအစု အဝေး၌ သိပ်သည်းကြသည်။ ထိုအရှိန်တိုးတက် ထက်မြက်နေသော သမာဓိစိတ် အစဉ်သည် 'ဥပစာရ'သမာဓိ စိတ်အစဉ်ဖြစ်သည်။ ခဏိကသမာဓိသည် အာရုံလမ်း ကြောင်းဟူ၍ အတိအကျမရှိ၊ ကိလေသ အပူဓါတ်ဖြင့် ပျံ့လွင့် သဘောကိုလည်း မနိုင်မနင်းဖြစ်သည်။ ဥပစာရ သမာဓိသည် အာရုံ လမ်းကြောင်း တည်မြဲသည်။ အာရုံလမ်းတမျိုးတည်းဖြစ်၍လည်း ငြိမ်သဘောအရှိန်တိုးတက်သည်။ ငြိမ်သဘော တိုးတက်တိုင်း အေးသဘောထင်ရှားသဖြင့်၊ငြိမ်အေးသဘောထင်ရှားသော သမာဓိ ဖြစ်သည်။ ဥပမာ—ခလုပ်,ငုတ်,သင်း,ကျင်း များသောလမ်းပေါ်၌ စက်ဘီး စီးသွား ခြင်းနှင့် ပေတရာလမ်းမကြီးပေါ်၌ စက်ဘီးစီးသွားရခြင်း ၂-မျိုး ခြားနားသကဲ့သို့ ခဏိကနှင့် ဥပစာရသမာဓိတို့ ခြားနားကြသည်၊ ဥပစာရ သမာဓိအရှိန် ပြင်းထန် ထက်မြက်လေလေ ကိလေသာအပူဖြင့် ပျံ့လွင့်သဘောသိပ်သည်းလေလေ ဖြစ်သည်။

ပျံ့လွင့်သဘော ဘိပ်သည်းလေလေ ငြိမ်အေးသဘော ထင်ရှားလေလေ ဖြစ်သည်။ ထိုအခါ စိတ်အစဉ်၌ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက် တို့သည် မပေါ်နိုင် ကြပေ။ ယင်းအဆိုး ဝိတက်သုံးမျိုးတို့ ငုတ်သျှိုးကွယ်ပျောက်သဖြင့် ငြိမ်အေးထင်ရှားသောအသိ ပေါ်လွင် နေသည်။ ဒေါမနဿဝေဒနာ-အပူ၊ သောမနဿဝေဒနာ-ပျော်အေးတို့ဖြင့်သာလျှင် လေ့လာခဲ့ရသော အသိသည် ယင်း ၂-မျိုးထက် အဆင့်အတန်းမြင့်သော ငြိမ်အေးသဘော ရောက်သောအခါ ကာမအာရုံအသိအနေမျိုး မဟုတ်သော အသိ ဖြစ်နေသောကြောင့်၊ ထူးခြားကွဲပြားနေသည်။ အချို့ယောဂီတို့သည် ငြိမ်အေးသော 'အသိ' ကိုပင် 'တရားအထူး' နိဗ္ဗာန်ဟု ထင်မှတ်ကြသည်။

ဤသို့ငြိမ်အေးနေသောအခါ စိတ်သည် အာရုံတခု၌သော်၎င်း၊ သို့မဟုတ် အာရုံလမ်းတမျိုးတည်း၌သော်၎င်း ငြိမ်အေးလျက် တည်နေပေသည်။ ဤစိတ်၌ တည်ငြိမ်လျက် အေးနေသောသဘောကို သမထတရားဟုခေါ်သည်။သမထအကျင့်၌ အဓိကလုပ်ငန်းသည် အပြစ်ကင်းသော အာရုံတမျိုးမျိုး၌ စိတ်ကို တည်ငြိမ်အောင် ထားပေးခြင်းသာလျှင်ဖြစ်သည်။ ကသိုဏ်း, အသုဘ, အာနာပါန စသောအာရုံတို့သည် ကာမအာရုံအဖြစ်များ နည်းပါးသဖြင့်၊ အပြစ် ကင်းသော ပညတ်တရားအာရုံများဖြစ်ကြသည်။ သမာဓိတရားသည် များသောအားဖြင့် ပညတ်ကို အာရုံပြုလျက် တည်ငြိမ်ခြင်းဖြစ်ကြသည်။ တည်ငြိမ်သောစိတ်သည် အရှိန်သတ္တိတိုးတက်ထက်မြက်သည်။ လောကီသမာပတ်တရားတို့၏ အာရုံတို့သည် ပညတ် အာရုံများသာလျှင်ဖြစ်ကြသော်လည်း၊ သမာဓိ၏ သတ္တိအရှိန်တို့သည်ကား တိုးတက်ထက်မြက်လှပေသည်။ တိုးတက်ထက်မြက်သော သမာဓိ သတ္တိဖြင့် 'အဘိညာဏ်' ခေါ်သော အသိထူးဖြစ်ပေါ်သည်။ ယင်းအသိထူးကို အစွဲပြုကာ အဘိညာဏ် ၆-ပါးဟု ကွဲပြားလျက် ထူးခြားသောတန်ခိုးသတ္တိ ထင်ရှားလာရသည်။ အဘိညာဏ်သည် သမာဓိ၏ အကျိုးတရားဖြစ်သည်။ 'လောကီဝိဇ္ဇာခိုရ်' ဟု ခေါ်ရတော့သည်။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့သည်၊ သမထလုပ်ငန်း,ဝိပဿနာလုပ်ငန်းတို့၌ ကွဲပြားအောင် ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။ အရှင်မောဂ္ဂလာန်ကိုယ်တော်သည် သမာဓိလုပ်ငန်းကိုလေ့လာသော ပုဂ္ဂိုလ်ဖြစ်၍၊ အရှင်သာရိပုတ္တရာသည် ဝိပဿနာလုပ်ငန်းကိုလေ့လာသော ပုဂ္ဂိုလ်များဖြစ်သည်။မိမိတို့၏ လုပ်ငန်း အားလျော်စွာ အစွမ်းသတ္တိ ထက်မြက် ကြသဖြင့် ထင်ရှား ကြသည်။ သမာဓိသည် တည်ငြိမ်ခြင်းသဘော လွန်ကဲသဖြင့် အစွမ်းသတ္တိ အထူးကို ဖြစ်ပေါ်စေသည်။ ပညာသည် အာရုံ တမျိုးအတွက် မိမိ၏အလင်း ထိုးထွင်း ဖေါက်ထွက်နိုင်အောင်စူးရှသဖြင့် အစွမ်းသတ္တိ အထူးကို ဖြစ်ပေါ်စေသည်။ ဤတရား ၂-ပါးသည် အဟုန်အရှိန်တံပိုးထမ်း ညီမျှလျှင် 'ယုဂနဒ္ဓ' ခေါ်သည်။ ဤသို့ အရှိန်အဟုန်

ညီမျှသောအခါ သိစိတ် အစဉ်သည် သစ္စာ ၄-ပါး ဟူသော သဘောတရားသို့ ရောက်တတ်သည်။ သမာဓိသည် ငြိမ်အေး၊ ပညာသည်ထိုးထွင်း ဤသို့ခြားနားခြင်းဖြစ်၍၊ သမာဓိ စိတ်အစဉ်နှင့် ဝိပဿနာ စိတ်အစဉ် ၂-မျိုး၏ အခြေအနေသည် ကွဲပြား ခြားနားကြသည်။အာရုံ လမ်းကြောင်း မပြောင်းလဲဘဲအဟုန်အရှိန် အလွန်တိုးတက်သော သမာဓိဖြင့် စိတ်သည် ယခုလက်ရှိ တဘဝလုံး၌ မဖြစ်ဘူးသောစိတ်သို့ ပြောင်းလဲ ရောက်ရှိသွားလျှင်၊ ယင်းစိတ်ကို 'အပ္ပနာ'စိတ်ခေါ်သည်။ လောကီတရားဖြစ်ခဲ့လျှင် ဈာန် ကုသိုလ်စိတ်သည် ရူပ-အရူပစိတ်တို့ကို ရင့်ကျက်အောင် ဆောင်ရွက်လျက်၊ ရူပ-အရူပ ကမ္မဘဝတို့ကို တည်ဆောက်သည်။

လောကီဈာန်ကုသိုလ်တို့သည် သမာဓိကိုအခြေခံပြုကာ ပေါ်လာ ထင်ရှားကြရသော ကုသိုလ်တရားများဖြစ်ကြသည်။ လောကီသမာဓိလည်း မပျက်စီးဘဲ ခိုင်မြဲသော သမာဓိမဟုတ်၊အကြောင်းအခါ၌မသင့်သောအာရုံဖြင့် သမာဓိ ပျက်စီးသွား၏။ ထိုအခါ အပ္ပနာခေါ်သော ဈာန်ကုသိုလ်စိတ် မပေါ်နိုင်တော့ပေ။ လောကီဈာန်ရသော ယောဂီပုဂ္ဂိုလ်တို့သည် မကြာမကြာ ဈာန်စိတ်အစဉ် ဖြစ်ပေါ် နေအောင် ဝင်စားကြရသည်။ ဤကဲ့သို့မဝင်စားလျှင် ဈာန်လျှောကျရန် လွယ်ကူသည်၊ လျှောကျတတ်သည်။ ဘုရားလောင်းသိဒ္ဓတ္ထမင်းသားသည် အာဠာရ-ဥဒက ဆရာကြီးတို့ထံမှ ဈာန်တို့ကို သင်ယူရရှိခဲ့သော်လည်း၊ ထိုရရှိသောဈာန်တို့၏အပြစ်ကို မြင်သဖြင့် ဈာန်ဝင်ချင်သောစိတ်မရှိချေ။ စိတ်မဝင်စားသဖြင့် ဈာန်စိတ်ကို မလေ့လာသော ကြောင့်၊မကြာခင် ဈာန်လျှောလျက် ဥရုဝေလတောမှာ ၆-နှစ်နီးပါး ဒုက္ကရ စရိယာ ကျင့်ရရှာလေသည်။

သမာဓိအခြေခံထားသော လောကီဈာန်ကုသိုလ်၌ ဈာန်ကိုရအောင် အားထုတ်ရသော ဒုက္ခနှင့် ရပြီးသော လောကီဈာန်ကို မပျောက် မပျက် ရအောင် ထိန်းသိမ်းထားရသော ဒုက္ခတို့သည် ကြီးကျယ်လှပေသည်။ ကာမဒုက္ခ - သုခနှင့် နှိုင်းယှဉ်လျှင် ကွာခြားလှပေသည်။ ကာမဒုက္ခ-သုခသည် အကြမ်းစား သဘောတရားဖြစ်၍ ဈာနသုခသဘောတရားကား အနုစားသုခ-ဒုက္ခဖြစ်လေသည်။ အကယ်၍ အခြေခံသမာဓိ ချွတ်ယွင်းသဖြင့်၊ ဈာန်ကုသိုလ်စိတ် လျှောကျသွားလျှင်၊ ၎င်း ဈာန်ကုသိုလ်က ဆောင်ရွက်ထားသော ရူပကမ္မဘဝလည်း ရူပဝိပါက်စိတ်တို့ဖြင့် ရူပဘဝသို့ မသူဆောင်နိုင်တော့ပေ။ ဈာန်မလျှောဘဲ စုတိစိတ်သို့ရောက်၍ ဇာတိ ပြောင်းလျှင်ကား မိမိနှင့်ထပ်တူ ထပ်မျှလောက်ဖြစ်သော ဝိပါက်သင်္ခါရ တို့ဖြင့် ဗြဟ္မာသက္ကာန် ယဉ်ချေးစေလေသည်။ ဗြဟ္မာတို့သည် အချို့ဈာန်ကုသိုလ်မရ၊ရိုးရိုး စိတ်အစဉ် ဖြစ်ကြသည်။ သို့သော် ကမ္မဇိဒ္ဓိဟူသော ကံအဟုန်ကြောင့် ဖြစ်ပေါ်သော တန်ခိုးရှိကြသည်၊ အချို့ကား ဈာန်ကုသိုလ်စိတ်ဖြစ်၍၊အချို့မှာ ဈာန်သမာဓိ

၏ အကျိုးဖြစ်သော အသိဉာဏ်တန်ခိုးတို့ကို ရရှိကြလေသည်။ ဈာန်ကုသိုလ်ကံအဟုန် အရှိန်ရှိသမျှ ဗြဟ္မာဇာတိ တခုမှ တခုသို့ ပြောင်းလဲနေကြသည်။ ဈာန်ကုသိုလ်ကံ ကုန်ခမ်းလျှင်၊ ကာမကုသိုလ်ကံ၏ ဇာတိသို့ ပြောင်းလဲခံယူကြရသည်။ ဈာန်ကုသိုလ်သည် မလျှောကျဘဲ ရှိနေပါလျှင် လောကီကံတရားတို့၌ ဘယ်ကံနှင့်မျှမတူဘဲ၊ အဟုန်အရှိန်ပြင်းစွာဖြင့် စုတိစိတ်၏အခြားမဲ့၌ အကျိုးဝိပါက်ဖြစ်သော ဇာတိကို ဖြစ်ပေါ်စေနိုင်သည်။ လျှောကျသွားလျှင်ကား ကာမကုသိုလ်၊ အကုသိုလ်ကံတို့၏ အကျိုးပေးခွင့် ဖြစ်ပေါ်နိုင်၍၊ ကာမဇာတိသို့ ရောက်ရလေသည်။

ဤစကားအစဉ်ဖြင့် သမာဓိလုပ်ငန်းဖြစ်သော သမထတရား၏ အကျိုးအပြစ်တို့ကို စိစစ်ဝေဘန်နိုင်လောက်ပေပြီ။ သမထသည် သမာဂိ အဓိကစိတ် တည်ငြိမ်မှုလုပ်ငန်းသာလျှင် ပဓါနဖြစ်ကြောင်းကို သတိပြုထားပါလေ။ သားမြီးနှင့်မြှားဦးကို တည့်မတ်အောင် ဆောင်ရွက်သော အလေ့အကျင့်ဟု မှတ်ပါ။

ယခုအခါ ရိပ်သာအမျိုးမျိုးတို့၌ လေ့လာအားထုတ်ကြသော ယောဂီတို့သည် မိမိတို့၏ သိစိတ်အစဉ်သည် သမထလုပ်ငန်းဖြင့် ရပ်တည်နေသလော၊ သို့မဟုတ် ဝိပဿနာလုပ်ငန်းဖြင့် ရပ်တည်နေသလောဟု သိရန်လိုအပ်ပေသည်။ ဝိပဿနာဟူသည် ဥပစာရ သမာဓိနှင့် ယှဉ်တွဲနေသော ပညာစေတသိက် ဖြစ်သည်။ ပညာသည် အကုသိုလ်စိတ်၌ ထက်မြက်သောအမှောင်ဓါတ် မောဟ၏ ဆန့်ကျင်ဘက်သဘောတရားဖြစ်သည်။မောဟ ဟူသော အမှောင်ဓါတ်သည် စိတ်မှိုတွယ်ထားသော အာရုံ၏ အမှန်ကို မိမိ၏ အလင်းရောင်ဖြင့် ကွဲပြားအောင် အသေးစိတ်အားဖြင့် ထိုးထွင်းပြသပေးသည်။ ထိုအခါ ဝိပဿနာဝိညာဏ်သည် အသေးစိတ် သဘောများသို့ သက်ရောက်ကာ အသိထင်ရှားသည်။ ပညတ်အမျိုးမျိုး သဘောတို့ကို ဖောက်ထွင်းလျက် ပရမတ်သို့ အသိရောက်သည်။ ပရမတ်အစုကို ဖေါက်ထွင်းလျက် တခုစီသို့ အသိရောက်သည်။ ယင်းပရမတ်တို့၏ ဖြစ်သဘော၊တည် သဘော၊ပျက် သဘောသို့ အသိရောက်သည်။ ယင်းသင်္ခတ ပရမတ်တို့ မမြဲသဘောအနိစ္စသို့၊ ဆင်းရဲသဘော ဒုက္ခသို့၊ အစိုးမရသော အနတ္တသဘောသို့၊ အသိရောက်ရသည်။ အသေးစိတ်အားဖြင့် ပရမတ်တို့၏ အပြစ်ကို သိနိုင်သည်။

ထို့ကြောင့် ဝိပဿနာသည် ဥပစာရအဆင့်ဖြစ်သော သမာဓိနှင့် ကင်း၍ မရနိုင်ဖြစ်သည်။ မကင်းနိုင်ဖြစ်သည်။ သမာဓိသည် ဥပစာရအဆင့်သို့ မရောက်လျှင်လည်း ပညာ၏ အလင်းစွမ်းအား ထက်သန်မည်မဟုတ်ပေ။ ပညာ၏ အလင်းစွမ်း မထက်လျှင်လည်း၊ ဝိပဿနာစိတ်သည် ထက်မြက်သော ‘တိက္ခ’ ဘက်သို့

မရောက်နိုင်ပေ။ ဝိပဿနာစိတ် 'တိက္ခ' ထက်မြက်လာအောင် သိစိတ်၏ သဘာဝ အာရုံတို့မှ လမ်းကြောင်းကို မပြောင်းမလွဲရန် သတိပြု ကြိုးစားရမည်။ ဥပမာ— မြင်သမျှ, ကြားသမျှ, နံသမျှ, လျက်သမျှ, တွေ့ထိသမျှ, ကြံစည်စိတ်ကူးသမျှ သော လုပ်ငန်းတို့သည် သင်္ခါရလုပ်သားတို့၏ ဆောင်ရွက်နေသော လုပ်ငန်းကိစ္စ တို့သာလျှင် ဖြစ်ကြသည်။ ငါ၏လုပ်ငန်း, သူ၏လုပ်ငန်း ကိစ္စမဟုတ်ဟူ၍ အမြဲလို လို၊ သို့မဟုတ် အမြဲသတိပြုပါ။ သင်္ခါရလုပ်သားတို့၏ အာရုံမှ သိစိတ် လွတ်ထွက် မသွားပါစေနှင့်၊ အလေ့ပါအကျင့်ရသော စိတ်သည် အမြဲမပြတ်လိုပင် သင်္ခါရလုပ် သားတို့၏ သဘောကို သိနေလေတော့သည်။ ထိုအခါ သင်္ခါရ လုပ်သား တို့၏ အကောင်းသဘော, အဆိုးသဘောတို့ကို ကွဲကွဲပြားပြား သိလာသည်။ ထိုအခါ အဆိုးသင်္ခါရလုပ်သားတို့ မပေါ်လာအောင် ကြိုးစားသည်။ အကောင်းသင်္ခါရ လုပ်သားတို့ ထပ်တလဲလဲ ပေါ်လာအောင် ကြိုးစားသည်။ ဝိပဿနာ သိစိတ်သည် သင်္ခါရလုပ်သားတို့ကိုသာလျှင် အသိလုပ်လျက်၊ အကျိုးအပြစ်တို့ကို စီစစ်နေသည်။ စိတ်ကူးဖြင့် စီစစ်နေခြင်းမဟုတ်၊ လက်တွေ့လုပ်နေခြင်းဖြစ်သည်။

ဝိပဿနာစိတ်အစဉ်မှာ သင်္ခါရလုပ်သားတို့၏ အာရုံသာလျှင် ထင်ရှားနေ သဖြင့်၊ သိ, ပယ်, ဆိုက်, ပွါး သဘောမှန်သို့ ရောက်ရန် လမ်းဖွင့်ဖြောင့်နေပေ သည်။ ထိုမျှမက သင်္ခါရလုပ်သားတို့၏ ပေါ်ထွက်လာရာ အနုသယဓါတ်တို့ကို ပင် သဘောပေါက် အသိရောက်သည်။ အနုသယတို့ ခြေကုတ်ရနေသော 'ဘူမိ လဒ္ဓုပ္ပန္န'သဘောကိုလည်း အသိရောက်သည်။ တိက္ခဝိပဿနာသည် သင်္ခါရလုပ်သား တို့၏ သိအပ်သမျှသော အပြစ်တို့ကို သိအောင်ဆောင်ရွက်နေသည်။ ဤအလေ့ အကျင့်မျိုးကို ရိပ်သာသို့မသွားမီ ဆရာသမားများထံမှ ကြားနာ မှတ်သား၍၊ သုတမယဉာဏ် ဖြစ်ပေါ်ချိန်မှ အစပြု လေ့လာပါ။ အိမ်မှုကိစ္စတို့ကို ဆောင်ရွက် နေစဉ်တွင် ဆောင်ရွက်နေသော စိတ်အမူအရာ မနောသင်္ခါရ, ကိုယ်နှုတ်အမူအရာ အားလုံးတို့သည် သင်္ခါရလုပ်သားတို့၏ လုပ်ငန်းများသာလျှင် ဖြစ်ကြသည်။ ငါ၏ လုပ်ငန်းမဟုတ်ကြ၊ သူ၏လုပ်ငန်းလည်းမဟုတ်ကြ၊ ပရမတ်စစ်စစ် အဟုတ်တကယ် ရှိသော သင်္ခါရတို့၏ လုပ်ငန်းသာလျှင် ဖြစ်ကြသည်ဟု သတိဖြင့် အသိရောက် တိုင်း, အသိရောက်တိုင်း ဝိပဿနာစိတ်၏ အသိသည် လမ်းမှန်ဖြင့် တိုးတက် နေသည်။

ဤသို့ အလေ့အလာပြုနေလျှင်၊ သင်္ခါရတို့အား အပြစ်မြင်စိတ်, ငြီးငွေ့ စိတ် မပေါ်ကော၊ ကောင်းမှု ဆိုးမှုအတွက် အသိရှင်းလာနိုင်သည်။ အမူအရာ တို့သည် ကောင်းမှု ဆိုးမှုတို့ကို ထင်ရှားပြကြသော အာရုံများဖြစ်ကြသည်။ ကောင်း မှု ဆိုးမှု အာရုံတို့သို့ အစဉ်လျှောက်သဖြင့်၊ ထိုအမူအရာတို့ကို ဖြစ်ပေါ်ထင်ရှားစေ

သော စိတ်သင်္ခါရလုပ်သား, ရုပ်သင်္ခါရလုပ်သားတို့သို့ အသိရောက်နိုင်သည်။ယင်းသို့ အသိရောက်လျှင်ပင် လေ့လာသော ပုဂ္ဂိုလ်၏ အသိသည် ကုသိုလ်စိတ် သင်္ခါရလုပ်သားများနှင့် အကုသိုလ်စိတ် သင်္ခါရလုပ်သားတို့ကို ခွဲခြားနိုင်လေသည်။ ထိုအခါ မိရိုးဖလာ ဗုဒ္ဓဘာသာတို့၏ သုံးစွဲရိုးဖြစ်သော ကုသိုလ်,အကုသိုလ် သင်္ခါရလုပ်သားတို့ကို ကိုယ်တိုင်သိ မျက်မှောက်ပြုနိုင်သည်။ ကုသိုလ်ရသည်ဟု သိသည်။ အကုသိုလ်ရသည်ဟု သိသည်။ဤသို့ ကိုယ်တိုင်အသိရောက်ပါမှ သိစရာကိုသိအောင်ကြိုးစားသည်။ ပယ်စရာတို့ကို ပယ်အောင် မဖြစ်ပေါ်အောင် ကြိုးစားသည်။ ဗုဒ္ဓဝါဒ၌ အဟုတ်ရှိ ပရမတ်သို့ အသိမရောက်ဘဲ၊ သိခြင်း ပယ်ခြင်းကိစ္စကို မပြုလုပ်နိုင်ပေ။ လုပ်နိုင်ပါသည်ဟုဆိုလျှင်လည်း စိတ်ကူးဖြင့်သိ၍ စိတ်ကူးဖြင့် ပယ်ခြင်းသာ ဖြစ်ပေလိမ့်မည်။ အာရုံနှင့် တိုက်ဆိုင်မိသောအခါ စိတ်ကူးဖြင့်သိထား,ပယ်ထားသော သင်္ခါရတို့ ပေါ်လာပေမည်။ ဤစကားအစဉ်ဖြင့် ပရမတ္ထသစ္စာဖြစ်သော သင်္ခါရတို့သို့ အသိရောက်နိုင်ရန် လေ့ကျင့်ခန်း သဘောပေါက်နိုင်လောက်ပေပြီ။ အရေးကြီးသော အဓိကအချက်မှာ ပညာက စီစစ်နိုင်ရန်အတွက် သင်္ခါရလမ်းကြောင်းအာရုံမှ အခြားအာရုံသို့ အသိလမ်းပြောင်းမသွားစေရန် ဥပစာရ သမာဓိဖြင့် ထိန်းသိမ်းပေးခြင်းဖြစ်လေသည်။

ဤသို့ ဥပစာရ သမာဓိနှင့် ယှဉ်တွဲလေ့ရှိသော စိတ်အစဉ် ဖြစ်ပေါ်သော ယောဂီသည် မိမိနှစ်သက်ရာ ရိပ်သာတခုခုသို့သွားပြီးလျှင်၊သုတမယ အသိဖြင့် လက်တွေ့ အသိလုပ်ခဲ့သော အမူအရာ မနောသင်္ခါရ လုပ်ငန်းတို့ကို ပြုစု ပျိုးထောင်သော အဝိဇ္ဇာ,သင်္ခါရစသော တရားတို့ကို မိမိ၏ကိုယ်ပိုင်ဖြစ်သော စိန္တာမယ ဉာဏ်ဖြင့် လေ့လာပါလေ။ လက်တွေ့ဖြစ်သော မနောသင်္ခါရသည် ဤတလံမျှသော ကိုယ်ကောင်ကြီး၌ ပေါ်လွင်သင်္ခါရဖြစ်သည်။ ဤသင်္ခါရလုပ်သား အဝိဇ္ဇာ စသောတရားတို့သည် ဇာတိအမျိုးမျိုးတို့၌ အနုသယသဘောဖြင့် ရင့်ကျက်ပြီးသော အဝိဇ္ဇာမျိုးဖြစ်သည်။ ဓါတ်တို့၏ နိယာမသဘောဖြင့် အစဖြစ်သော အတိတ်အခွန့်ဖြင့် အမှတ်ပြုခဲ့သော အဝိဇ္ဇာ,သင်္ခါရတို့သည် မည်မျှသိမ်မွေ့ပုံတို့ကို သဘော ပေါက်ပေမည်။ သင်္ခါရလုပ်သားတို့သည် အစရှိသည်ဟု အသိရောက်ပေမည်။ အစမရှိနှင့် အစမထင်ဟူသော သဘောတရား ၂-မျိုးကို ခြားနား သွားပေမည်။ ထိုအခါ ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် သင်္ခါရလောက၏ အစနှင့်အလယ်ကို ဖော်ပြလျက် သတ္တလောကသည် ဇာတိမှ အစပြုကြောင်းကိုပြသော ဒေသနာဟု ရှင်းလင်းသွားသည်။

ယင်းသို့ ရှင်းလင်းသွားသော အသိသည် အင်္ခါရလုပ်သားတို့၏ စုပေါင်းအခြေအနေနှင့် ယင်းအစုတို့၏ ဆောင်ရွက်နေကြသောလုပ်ငန်းအာရုံသို့ရောက်သည်။ သင်္ခါရလုပ် သားတို့သည် အမှတ်လက္ခဏာတခုစီဖြင့် ခြားနားကြသော်လည်း၊အများ

ဆိုင် သတ္တဝါတို့၏ အထောက်အပံ့ဖြင့် ဥပစယသို့ရောက်ကြပုံနှင့် ဥပစယတို့ အဟောင်း အသစ်ပြောင်းနေကြသော သန္တတိအစဉ်ဖြင့် ပေါ်လွင်ထင်ရှားနေပုံတို့သို့ အသိ ရောက်သည်။ ဤသို့ရောက်လျက်သိနေသော ဝိပဿနာကို သမ္မသနဉာဏ် ဖြစ်ပေါ် နေသော ဝိပဿနာဟုခေါ်သည်။သင်္ခါရလုပ်သား အာရုံလမ်းကြောင်းမှမပြောင်းဘဲ မိမိ၏အသိစိတ် ကျေနပ်သည့်တိုင်အောင် လေ့လာပါ။ မြင်သိ, ကြားသိ, နံသိ, လျက်သိ, ထိသိ, ကြံသိ ကိစ္စကို ဆောင်ရွက် နေကြသော သင်္ခါရ လုပ်သားတို့၏ ဆောင်ရွက်နေကြပုံတို့ကိုလေ့လာပါ။လေ့လာသောစိတ်အစဉ်သည် မြင်သိဝိညာဏ် နှင့် စေတသိက်တို့သို့ အသိရောက်မည်။ ထိုဝိညာဏ်နှင့် စေတသိက် စုပေါင်းတည်နေ သော အကြည်ရုပ်အစုသို့ အသိရောက်မည်။အကြည်သို့ အဆင်းအစု ရှေ့ရှုကျရောက် ထင်လာပုံသို့ အသိရောက်မည်။အတိုက်အာရုံနှင့် အခံဝတ္ထု,အပွင့်စိတ် ပေါင်း ၃-မျိုး တို့သည် ဖလ်ခွက်, ရေ,အကြည် ၃-မျိုး တို့၏ ပေါင်းဘွဲ့ ထိစပ်နေပုံသဘောဖြစ် သော ဖဿသို့ အသိရောက်မည်။ဖဿ၏ထိစပ်မှုကြောင့် ခံစားသဘောဝေဒနာ ထင် ရှားရကြောင်း အသိရောက်မည်။ ဤနည်းဖြင့် ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာဟူသော ဝိပါကတို့ အချင်းချင်း ဆက်သွယ်ကာ ထင်ရှားပေါ်လွင်နေကြရပုံ တို့ကို စိတ်သိ ရှင်းလင်းသွားအောင် မိမိအသိကျေနပ်သွားအောင် ထပ်ကာထပ်ကာ သုံးသပ်ပါ။ ဤနည်းဖြင့် ထပ်ကာထပ်ကာ သုံးသပ်သဖြင့် ရှင်းလင်း ကျေနပ်စွာ သိသော ဝိပဿနာဉာဏ်ကို သမ္မသနဉာဏ်ဟုခေါ်သည်။

ထို့ပြင် ပဋိစ္စသမုပ္ပါဒ်ဒေသနာ အပရန္တအပိုင်း ဖြစ်သော အဝိဇ္ဇာ, သင်္ခါရ တဏှာ, ဥပါဒါန်ဟူသော အကြောင်းသင်္ခါရလုပ်သားတို့သည် ကမ္မဘဝ အမျိုးမျိုး တို့ကို တည်ဆောက်နေကြပုံကိုလည်း လေ့လာပါ။ မနောသင်္ခါရ အဆင့်၌ မော ဟနှင့် စေတနာတို့သည် မထက်မြက်သော အဟုန် အရှိန်တို့ဖြင့် သင်္ခါရ လုပ်သား တို့ကို ကိလေသဝဋ္ဋ–ကမ္မဝဋ္ဋသဘော ထင်ရှားလေအောင် သင်္ခါရ လုပ်သား ဓါတ် များကို သိမ်းသွင်းနေကြပုံ၊ မောဟနှင့် စေတနာတို့ ပေါင်းစပ်ခေါင်းဆောင်သော ဇောစိတ်သည် ကာယသင်္ခါရတို့ ပေါ်လွင်ထင်ရှားအောင် ဆောင်ရွက်ပေးပုံ၊ ဝစီသင်္ခါရ ပေါ်လွင်ထင်ရှားအောင် ဆောင်ရွက်ပေးပုံတို့ကို ထပ်တလဲလဲ ဖန်ခါခါ အသိကျေနပ်သည့်တိုင်အောင် သုံးသပ်ပါ၊ ဆင်ခြင်ပါ။ အဆင်ပြေ, အဆင်မပြေ သော အာရုံနှင့် ထိခိုက်ကြုံကြိုက်မိသဖြင့် သံယောဇဉ်ကြီးတင်းလာသော တဏှာဒိဋ္ဌိ တို့သည် အစွဲပြင်းထန်သော ဥပါဒါန် အဘိသင်္ခါရအဆင့်သို့ရောက်ပြီးလျှင်၊ မနော အဘိသင်္ခါရ, ကာယအဘိသင်္ခါရ, ဝစီ အဘိသင်္ခါရတို့ကို ဆောင်ရွက်ကြပုံ၊ အဘိ သင်္ခါရအဆင့်ကို ဆောင်ရွက်သည်မှ အစပြုလျက် ကမ္မဘဝမျိုးစေ့ စတင်ထင်ရှား လာပုံ၊ ကံမျိုးစေ့ တဆင့်မှ တဆင့် တိုးတက် ရင့်ကျက်ပုံ၊ နောက်ဆုံး၌

ကမ္မဘဝဟူသော သန္ဓိဋ္ဌာပကဇောသို့ ရောက်အောင် ဆောင်ရွက်ပေးလိုက်ကြပုံ တို့ကို အဖန်ဖန်ဆင်ခြင်လျက် အသိကျေနပ်အောင် သုံးသပ်ပါလေ။

သမ္မသနဉာဏ်သည် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်တို့ဖြင့် အသိရောက်ခဲ့သော အာရုံတရားတို့ကို လက်တွေ့သဘောဖြင့် အသိရောက်အောင် အစပြုလျက် ရှင်းလင်းပေးသော ဉာဏ်ဖြစ်သည်။ ဤဉာဏ်အဆင့်၌ သင်္ခါရလုပ်သားတို့၏ ပေါ်ပျောက်ဖြစ်ပျက်သော အာရုံကို အင်္ဂါမထားပါနှင့်။ သင်္ခါရလုပ်သားတို့၏ အချင်းချင်း ဆက်သွယ်ကြပုံ၊ စုပေါင်းဆောင်ရွက်ကြပုံ၊ ဝဋ် ၃–မျိုးဆက်စပ်ပုံ၊ ဆက်စပ်သော ဝဋ် ၃-ပါးသည် ကမ္မဘဝတရားကို တည်ဆောက်ကြပုံစသည်တို့ကိုသာလျှင် သိသာရှင်းလင်းသွားအောင် လေ့လာရသောဉာဏ်ဖြစ်သည်။

သင်္ခါရလုပ်သားတို့၏အကြောင်းစုံကို ရှင်းလင်းသေချာစွာမသိဘဲ၊ သို့မဟုတ် အသိမရောက်ဘဲ သင်္ခါရလုပ်သားတို့၏ အပြစ်ကိုသိမည်မဟုတ်။သင်္ခါရတို့ကို ငြီးငွေ့မည်မဟုတ်ပေ။

လူတယောက်အကြောင်းကို အစ,အလယ်, အဆုံး သုံးပါးလုံး လေ့လာပြီးမှ ကောင်း, မကောင်း အတိအကျ အသိရောက်လျက်၊ ကြည်ညိုခြင်း, ရွံမုန်းခြင်း သဘောခိုင်မြဲသည်။ထိုအတူ အဟုတ်ရှိ သင်္ခါရလုပ်သားတို့၏သဘောကို အစ,အလယ် အဆုံး လေ့လာသဖြင့်၊ အပြစ်မြင်ခြင်း, ငြီးငွေ့ခြင်း သဘော ခိုင်မြဲပေမည်။ ဤစကားအစဉ်ဖြင့် သမ္မသနဉာဏ်အကြောင်းကို သဘောပေါက်လောက်ပေပြီ။

ဆိုခဲ့ပြီးသော 'အခြေခံ' ဉာဏ်အဆင့် ၃–မျိုးဖြင့် ကလာပနှင့် စိတ္တတို့၏ သန္တတိအစဉ်ကို လေ့လာပြီးသော ယောဂီသည် ရှေ့သို့ အသိတိုးတက်လေအောင် ဗုဒ္ဓကိုယ်တော်သည် မဟာသတိပဋ္ဌာန သုတ္တန်၌ သိစိတ်၏အာရုံအဖြစ် ဆွဲကိုင်ထားရန် အာရုံ ၄–မျိုးကို ပြတော်မူခဲ့လေသည်။

၁။ ကာယာနုပဿနာသည် အမှတ်သညာနှင့် သိစိတ် မန တို့ကို ဟဲ့မှီထင်ရှားသော ဤကိုယ်ကောင်တလုံးမျှတွင်၊ ရုပ်ကလာပ-စိတ္တသန္တတိတို့၏ အစုအဝေးကြီးဖြစ်ကြောင်းနှင့် ၎င်းတို့၏ အစိတ်အပိုင်းအာရုံတို့ကို ယောဂီ သမထ စိတ်အစဉ်, ဝိပဿနာ စိတ်အစဉ်တို့ဖြင့် အသိရောက်အောင် အသေးစိတ်အားဖြင့် ပြတော်မူခဲ့သည်။

၂။ ဝေဒနာနုပဿနာသည် သညာ, မနတို့ကိုအစွဲပြုလျက်၊ အစုလိုက်အပြုံလိုက် ပေါ်လွင်ထင်ရှားသော ခံစားခြင်းဝေဒနာတို့၏ အသွင်အမျိုးမျိုး

ဖြင့် အတိအကျ အသိရောက်အောင် အသေးစိတ်အားဖြင့် ဖော်ပြတော်မူခဲ့သည်။

၃။ စိတ္တာနုပဿနာသည် စိတ္တသန္တတိ တို့၏ အသွင်အမျိုးမျိုးတို့ဖြင့် ပေါ်လွင်ထင်ရှားနေကြောင်းကို အသေးစိတ်အားဖြင့် ဖော်ပြတော်မူခဲ့သည်။

၄။ ဓမ္မာနုပဿနာသည် ရုပ်ဓမ္မ နာမ်ဓမ္မတို့၏ ပကတိအခြေအနေကို ဖော်ပြသည်။ထို့ပြင် ထိုအာရုံ ၄ မျိုးကို အဇ္ဈတ္တဟူသော အာရမ္မဏိကသဘော၊ ဗဟိဒ္ဓဟူသော အာရုံသဘောတို့ဖြင့်သော်၎င်း၊ မိမိအစုဟူသောအဇ္ဈတ္တ, အခြားအစုဟူသော ဗဟိဒ္ဓသဘောဖြင့်သော်၎င်း ရှုရန် လေ့လာရန် ပေါ်ပြတော်မူသည်။ ထို့ပြင် အဖြစ်သဘော သမုဒယနှင့် အပျက်သဘော ဝယတို့ကိုသော်၎င်း၊ အကြောင်းသဘော သမုဒယနှင့် အကျိုးသဘော ဝိပါကတို့ကိုသော်၎င်း အသေးစိတ်အားဖြင့် လေ့လာရန် ပြတော်မူခဲ့သည်။

ဤအာရုံ ၄-မျိုးတို့တွင် တမျိုးမျိုး၌ ယောဂီ၏စိတ်အစဉ် ထားပေးလျက်၊ သင်္ခါရလုပ်သားတို့ကို အသိ မျက်ခြေမပြတ်စေဘဲ လေ့လာသောအခါ၊ ယောဂီ၏ စိတ်သည် သင်္ခါရလုပ်သားတို့၏ အာရုံလမ်းကြောင်း မပြောင်းလဲဘဲနေလျှင်၊ စိတ်၏ တည်ငြိမ်ခြင်းသမာဓိသည် ဥပစာရ ဘာဝနာအဖြစ် ပေါ်လွင်နေသည်။ ရှေ့သို့ တိုးတက်သော အသိသည် အဖြစ်အာရုံ, အပျက်အာရုံတို့ကိုသာလျှင် သိနေသဖြင့် ဝိပဿနာအဖြစ် ပေါ်လွင်နေသည်။

ဤအခြေအနေ၌ ပုဂ္ဂိုလ်ခေါ်သော ခါတ်အစုတို့၏ အလေ့အကျင့်ဖြစ်သော အဇ္ဈာသယအားလျော်စွာ အချို့၌ သမာဓိရှေ့ဆောင်သော ဝိပဿနာ၊အချို့၌ ဝိပဿနာ ရှေ့ဆောင်သော သမာဒိဖြစ်ကြသည်။ အဘယ် တရားသဘော ရှေ့ဆောင်သည်ဖြစ်စေ၊ အသိတိုးတက်ခြင်းသည် လမ်းမှန်သို့ ကျရောက်သဖြင့်၊ တဆင့်ပြီးတဆင့် တိုးတက်ရင့်ကျက်နေလေတော့သည်။

အသိတိုးတက်ရင့်သန်ခြင်းဟူသည် အသိ၌ ပေါင်းစပ်ပါဝင်ကြသော ဗောဓိပက္ခိယတရား စေတသိက်များ ဖြစ်ကြသည်။ ဆိုခဲ့ပြီးသောအာရုံ ၄-မျိုးတွင် တမျိုးမျိုးကို ကိုင်ဆွဲကာ မျက်ခြေမပြတ် အောက်မေ့သော သတိသည် အချိန်အဟုန် တိုးတက်နေသည်။

ထိုအာရုံတမျိုးမျိုး၏ အသေးစိတ်ဖြစ်သော သဘောမှန်တို့သို့ မရောက်သေးသော သိစိတ်ကိုရောက်အောင် ဝီရိယ၏ ထောက်ပံ့သော အရှိန်အဟုန် တိုးတက်နေသည်။ သမ္မပ္ပဓါန် ၄–မျိုးဖြင့် ထင်ရှားသော သဘောတရားတို့သည် မရှေးမနှောင်း ပြည့်စုံကြသည်။

တိုးတက်လိုသော ဆန္ဒသော်ဒင်း၊ စိတ္တသော်ဒင်း၊ ဝီရိယသော်ဒင်း၊ စူးစမ်းသောပညာသော်ဒင်း တမျိုးမျိုးသည် အရှိန်တိုးတက်လာကာ ပန်းတိုင်ရောက်အောင် အခြေခံသဘောဖြင့် ဆောင်ရွက်ကြသည်။

အရှိန်တိုးတက်နေသော -သတိ၊အာရုံသို့ကြည်လင်စွာ သက်ဝင်သော–သဒ္ဓါ၊ အထောက်အပံ့ပြုနေသော -ဝီရိယ၊ တည်ငြိမ်မှုအရှိန် တိုးတက်နေသော–သမာဓိ၊ အလင်းစွမ်းအားတိုးတက်နေသော–ပညာတို့သည် ပယ်အပ်သော သင်္ခါရလုပ်သားတို့ကို ပယ်နေကြသည်။ ဗိုလ်မှူးကိစ္စတို့ကို ဆောင်ရွက်နေကြသည်။

ဆိုခဲ့ပြီးသော ဗိုလ်မှူးတို့ ပယ်ထား ပြတ်ထားသော သင်္ခါရလုပ်သားတို့ မငြိမ်မသက်မှု နောက်ထပ် မဖြစ်ပေါ်အောင်၊ ထိုဗိုလ် ၅ -မျိုးပင် ထိန်းသိမ်းဆောင်ရွက်နေကြသည်၊ အုပ်ချုပ်နေကြသည်။

မဂ်သဘောတရား အစိတ်အပိုင်း အင်္ဂါဖြစ်ပေါ်အောင် သတိ ဝီရိယ၊သင်္ခါရလုပ်သားတို့၏ အသေးစိတ် သဘောတရားကို စစ်ဆေးစိစစ်သော ဓမ္မဝိစယခေါ်ပညာ၊ သိနေသော အာရုံနှင့် အဆင်ပြေသော ပီတိ၊ ကိလေသာဖြစ်သော သင်္ခါရလုပ်သားတို့၏ အပူမါတ်အရှိန်မှ ကင်းဝေး ငြိမ်းအေးသော ပဿဒ္ဓိ၊ သိစိတ်ရောက်သော အာရုံ၌ တည်ငြိမ်နေသော သမာဓိ၊ အသိလုပ်နေသောအာရုံကို နှစ်သက်ခြင်းဘက်သို့ဒင်း၊ ငြီးငွေ့သောဘက်သို့ဒင်း သင်္ခါရလုပ်သားတို့မကျ မရောက်ရလေအောင် အလယ်ဖြောင့်ဖြောင့်သို့ တည့်မတ်စွာ ဆောင်ရွက်ပေးသော တတြမဇ္ဈတ္တတာ ဤ ၇–ပါးတို့သည် ဆောင်ရွက်ပေးနေကြသည်။

သင်္ခါရလုပ်သားဖြစ်သော အာရုံတရားတို့ကို အလင်းစွမ်းအားဖြင့်၊အသေးစိတ်ထွန်းပြနေသော သမ္မာဒိဋ္ဌိခေါ် ပညာ၊ သင်္ခါရလုပ်သားတို့၏ ပကတိအခြေအနေဖြစ်သော အဖြစ်အာရုံမှ အပျက်အာရုံသို့၊ အနိစ္စအာရုံမှ ဒုက္ခအာရုံသို့၊ အနတ္တသဘောအာရုံသို့ တင်ပို့ပေးနေသော သမ္မာသင်္ကပ္ပခေါ် ဝိတက်၊ အသိသို့ ထောက်ပံ့ပေးနေသော ဝီရိယ၊အသိမျက်ခြေမပြတ်အောင်ရွက်ဆောင်ပေးသော သမ္မာသတိ၊ သိစိတ်အစဉ် တည်ငြိမ်နေအောင်ဆောင်ရွက်သော သမာဓိတို့သည် ကိစ္စအားလျော်

စွာ အဟုန်အရှိန်တိုးတက်နေကြသည်။ တိုးတက်သော အရှိန်တို့သည် ပါရမီဓါတ်များဖြစ်ကြသည်။

### ပဋိစ္စသမုပ္ပါဒ် အကြောင်း–၅ နှင့် အကျိုး–၅ လေ့လာရပုံ

အထက်ဖေါ်ပြခဲ့သည့်အတိုင်း ယောဂီသည် အသိ ရှင်းလင်းလာသောအခါ သင်္ခါရလုပ်သားတို့၏ ဥပစယဟူသောအဖြစ်သဘောအာရုံ၌ စိတ်အစဉ်ကိုထားပေးရမည်။ စိတ်အစဉ်သည် ဥပစယအာရုံ၌ အသိရှင်းလျက် သင်္ခါရ လုပ်သားတို့၏ နိဗ္ဗတ္တိသဘောမှန်ကို သိနေသည်။ထိုနိဗ္ဗတ္တိသဘောအာရုံကို စွဲမြဲအောင် လေ့လာရမည်။ နိဗ္ဗတ္တိအာရုံသဘော၌ စိတ်အစဉ်ကို အတော်ကြာရှည်စွာ တည်နေအောင် လေ့ကျင့်ပါ။ အတော်ကြာကြာ အာရုံစွဲမြဲလာသောအခါ၊ နိဗ္ဗတ္တိ အာရုံကို အသိသည် လက်မလွှတ်ဘဲ, မျက်ခြေ မပြတ်ဘဲ သင်္ခါရ လုပ်သားတို့၏ ဖြစ်ကြောင်းသဘာဝကို တိုးတက်ဆင်ခြင်သည်။အသိသည် အာရုံတရားတို့၏ သဘောမှန်ကို အစဉ်လျောက်သဖြင့် ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာသဘောသို့ ရောက်ကြသည်။ ထိုအခါကာလ ဌာနစသောပညတ်တို့ဖြင့် ကွဲပြားအောင် ခွဲခြား၍မရှုပါနှင့်၊ အကြောင်းပစ္စယ, အကျိုးပစ္စယုပ္ပန္နအဖြစ်ဖြင့်သာလျှင် ခြားနားအောင် လေ့လာရသည်။ ဤနည်းဖြင့်လေ့လာသောအခါ သင်္ခါရ လုပ်သားတို့သည် အများဆိုင်သတ္တဝါတို့၏အထောက်အပံ့ကြောင့် ဥပစယအစည်းအဝေးသို့ တက်ရောက် ကြသော သင်္ခတဒုက္ခ အနက်သဘောသို့ အသိရောက်ပေမည်။ ဥပစယတို့ အဟောင်း အသစ်လဲသော သန္တတိအစဉ်ဖြင့် ဇာတိပြောင်းဆင်းရဲ,အိုဆင်းရဲ,နာဆင်းရဲ, စိုးရိမ်ပူဆွေးငိုကြွေးကြသောဆင်းရဲတို့မှုမက ဥပစယ၌ သင်္ခါရ လုပ်သား ဓါတ်တခုစီ တခုစီအကြား၌ အာကာသ ကွက်လပ် မခြားဘဲ တသားတည်းကဲ့သို့ နိဗ္ဗတ္တိ နေကြသော သန္တာပဒုက္ခအနက်သဘောသို့ အသိရောက်ပေမည်။ အများဆိုင်သတ္တဝါတို့က သင်္ခါရ လုပ်သားတို့အား ဥပစယအစည်းအဝေးသို့ မတက်မနေရအောင် ဆောင်ရွက်ကြသဖြင့်၊ဥပစယသို့ရောက်ရသော ပီဠနသဘော၊ အဟောင်းအသစ်လဲနေရသော ပီဠနသဘော၊ အဟောင်းအသစ်ဖြင့် ဇာတိတမျိုးသို့ရောက်ရသော ပီဠနသဘော စသည်တို့သို့ အသိရောက်ပေမည်။ ဥပစယသို့ရောက်ရသော်လည်း ပြကတေ့အခြေအနေမှ ရွေ့လျောနေရသော ဝိပရိဏာမသဘော၊ အဟောင်း အဟောင်းတို့ထက် အသစ်အသစ်ကလာပတို့က ရင့်ကျက်ယိုယွင်း အိုမင်းရသော ဝိပရိဏာမသဘော စသည်တို့သို့ အသိရောက်ပေမည်။

ဤနည်းဖြင့် အသိရောက်သောအခါ ငါ့ဒုက္ခ,သူ့ဒုက္ခ, ငရဲ, တိရစ္ဆာန်, လူ, နတ်,ဗြဟ္မာတို့၏ ဒုက္ခမဟုတ်၊ အဟုတ်တကယ်ရှိကြသော ပရမတ်တရား သင်္ခါရ လုပ်

သားတို့၏ ဒုက္ခပါကလားဟု အသိရှင်းလင်းပေမည်။ သင်္ခါရဒုက္ခကို အသိရှင်းလင်းပါမှ သင်္ခါရလုပ်သားတို့၌ ငြီးငွေ့မည်။သင်္ခါရလုပ်သားတို့၏အဖြစ်ကို ရှင်းလင်းစွာ သိမည်။ သင်္ခါရလုပ်သားတို့ကို မြွေပွေး, မြွေဟောက်တို့ကဲ့သို့ ကြောက်စရာကြီးဟု အသိရောက်ပေမည်။ အထက်နည်းအတိုင်း ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ဝိပါကဝဋ်တို့၏ နိဗ္ဗတ္တိတို့ကိုဆင်ခြင်လေ့လာပါ။ဤသို့အကြောင်း ၅၊ အကျိုး ၅–ဖြစ်သော သင်္ခါရ လုပ်သားတို့ကိုအသိ ရှင်းလင်းပါလျှင်၊ဥဒယဗ္ဗယ ဉာဏ်အဆင့်၌ ဥဒယဟူသော အဖြစ်သဘောကို ပိုင်နိုင်စွာ သိနေလေတော့သည်။

အပျက်သဘော 'ဘင်'ကိုလည်း ဥဒယဟူသော အဖြစ်ကိုသိသကဲ့သို့ နိဗ္ဗတ္တိသဘောဖြင့် ထင်ရှားကြသော ကလာပ,စိတ္တတို့၏ ပျက်သွား, ပျောက်သွား, ကွယ်သွားနေသော အခြင်းအရာတို့ကို သိအောင်လေ့လာရမည်။ ပရမတ်တရားသင်္ခါရလုပ်သားတို့၏ အပျက်ဟူ၍ ဖုံးကွယ်နေခြင်းမဟုတ်၊ တဖန် အသစ်အဖြစ်နှင့် ပေါ်လာရန် မထင်မရှားကွယ်သွားခြင်းလည်းမဟုတ်၊ အဟုတ်တကယ်မရှိသော အဖြစ်သို့ ရောက်သွားခြင်း ဖြစ်သည်။ ကလာပ, စိတ္တတို့၏ ကုန်သွားခြင်း–ခမ်းသွားခြင်း ခယနိရောဓ ဖြစ်ကြသည်။ နာမ်သင်္ခါရလုပ်သားတို့သည် ရဟန္တာတို့၏ စုတိခေါ်သော စိတ္တနှင့် တပြိုင်နက်ချုပ်ကြမည်။ ရုပ်သင်္ခါရ လုပ်သားတို့သည် ရဟန္တာ တို့၏ အရိုးဓါတ်များ 'ဓါတုပရိနိဗ္ဗာန'သို့ ရောက်မှ အကုန် ချုပ်ကြမည်။ ရဟန္တာတို့၏ စုတိနှင့် အရိုးဓါတ်တို့သို့မရောက်သမျှ အဟောင်းအသစ်လဲနေကြရမည်သာဖြစ်သည်။ အဟောင်းသဘောဖြင့်ပျောက်–ပျောက်သွားသော သင်္ခါရလုပ်သားတို့သည် မရှိသဘော 'အဘာဝ'သို့ရောက်ကြသည်။ ကမ္မအဆောက်အဦး မပျက်သေးသမျှ, မပြိုသေးသမျှ, ကိလေသဝဋ်လုပ်သားတို့ ပေါ်ပျောက် သဘောနှင့် ထင်ရှား နေသမျှ, ကိလေသဝဋ်လုပ်သားတို့ အနုသယသဘောဖြင့် ကိန်းဝပ်နေကြသေးသမျှ ကာလပတ်လုံး ကမ္မဝဋ်လုပ်သားအသစ်တို့ ပေါ်ကြ ပျောက်ကြမည်။ ကမ္မဝဋ်လုပ်သားတို့ ပေါ်ပျောက်နေကြလျှင် ဝိပါကဝဋ်လုပ်သားတို့လည်း ပေါ်ပျောက် နေကြရမည်သာလျှင်ဖြစ်သည်။ ဇာတိအမျိုးမျိုးကို တည်ထောင်ပေးနိုင်သော ကမ္မဘဝကို အရဟတ္တမဂ်စိတ်က ပယ်သတ်ဖို့လိုက်သည့်တိုင်အောင်ပင် ပြင်းထန်သော အဟုန်အရှိန် မကုန်သေးသဖြင့်၊ ပဝတ္တိဝိညာဏ်များ,ဘဝင်စိတ်များ, ကမ္မဇရုပ်များ ဖြစ်ကြသော သင်္ခါရလုပ်သားတို့သည် ပေါ်ပျောက်အဖြစ်နှင့် ထင်ရှားနေကြရမည် ဖြစ်လေသည်။ သောတာပတ္တိမဂ်စိတ် ပေါ်ပြီးသည့်အချိန်မှအစပြု၍ သင်္ခါရ လုပ်သားတို့သည် လုံးပါး,ပါးသဖြင့် တဖြေးဖြေးကုန်သွားပေတော့မည်။ သမာဓိအရှိန် အားကောင်းသော အနာဂါမ်နှင့် ရဟန္တာတို့သည် သင်္ခါရလုပ်သားတို့ကို တဆင့်မှတဆင့်

ပဋ္ဌမဈာန်စိတ်မှ နေဝသညာနာသညာ ဈာန်စိတ်တိုင်အောင် တဖြေးဖြေး ခွာချသွားရာ၊ ပြည့်စုံသောနာမ်ဟု မခေါ်နိုင်လောက်သော နေဝသညာနာသညာ ကိုပင် ငြိုးငွေ့တော်မူကြသည်၊ စက်ဆုတ်ကြသည်။ ထိုစက်ဆုတ်ငြိုးငွေ့သဖြင့် 'သညာဝေဒယိတနိရောဓ' ခေါ်သော သမာပတ်ကို ၇ ရက်တိုင်တိုင် ဝင်စားတော် မူကြလေသည်။

ဤအဖြစ်အာရုံနှင့် အပျက်အာရုံသဘောတို့၌ သတိမျက်ခြေမပြတ်ထားလျက်လေ့လာသောအခါ၊ ရေမျက်နှာပြင်ပေါ်၌ ပေါ်လွင်ထင်ရှားနေသော ရေပွက်ပမာကဲ့သို့ အသိသဘောတရား ရှင်းလင်းသွားသည်။ နေအလွန်ပူသော သဲပြင် ကြီး၌ ရေအသွင်နှင့်တူစွာ စီးဆင်းနေသော 'တံလျှပ်' တို့ကဲ့သို့ နိဗ္ဗတ္တိ၏ မမြဲပုံ၊ သင်္ခါရ လုပ်သားတို့ ဒုက္ခခံယူနေကြရပုံ၊ အနှစ်သာရကင်းမဲ့နေပုံတို့၏ သဘောကို လက်တွေ့အနေဖြင့် အသိရောက်နေပေလိမ့်မည်။

တဖန် အကြောင်း ၅-မျိုး ဖြစ်သော သင်္ခါရလုပ်သားတို့၏ အဖြစ်,အပျက်သဘောကို ဆင်ခြင်ပြန်လျှင်၊ အဝိဇ္ဇာ,သင်္ခါရနှင့် လောဘ,ဒိဋ္ဌိတို့သည် ကိလေသဝဋ္ဋ,ကမ္မဝဋ္ဋတို့ကိုတည်ဆောက်လျက်၊ ဝိပါကဝဋ္ဋဖြစ်သော ဇာတိအမျိုးမျိုးတို့ကို တည်ထောင်နေကြ ကြောင်းသို့ အသိရောက်သည်။ ထိုအခါ လောဘနှင့် ဒိဋ္ဌိတို့သည် အဝိဇ္ဇာ အမှောင်ခါတ်အကူအညီဖြင့် အသိဓါတ်ဝိညာဏ်ကိုချယ်လှယ်ကြပုံသို့ ရောက်သည်။ မောဟသည်လည်း မိမိ၏အမှောင်ဖြင့် အသိဓါတ်သည် အာရုံ၏ ဖြစ်–ပျက်သဘောမှန်သို့ မရောက်နိုင်ရန် တားဆီး ကာကွယ်ထားပုံ၊ ဒိဋ္ဌိစေတသိက် သင်္ခါရလုပ်သားကလည်း အမှောင်၏အကာအကွယ်ဖြင့် အသိဓါတ်လမ်းလွဲအောင် အာရုံအာရမ္မဏိကတို့သည် သူ-ငါဟု သက်ဝင်သွားပုံ၊လောဘသည်လည်း ဒိဋ္ဌိသက်ဝင်သွားသော ငါ-သူ စသော အာရုံ-အာရမ္မဏိကသို့ ကပ်ငြိတွယ်တာပုံစသည်ဖြင့် ဝိညာဏ်ကိုချယ်လှယ်နေကြပုံ၊ ဝိညာဏ်အသိ လမ်းလွဲလျက်နေပုံတို့သို့ အသိရောက်သည်။

ဤနည်းမျိုးဖြင့် ကပ်ငြိတွယ်တာသော လောဘသည် အခွင့်ကောင်းစွာ ရယူ၍ စေတနာခေါင်းဆောင်သော ကမ္မဝဋ္ဋ လုပ်သားတို့အား ကမ္မဘဝများအတွက် နိဒါနအခြေခံသဘောဖြင့် ကူညီအားပေးသော'နိဒါနဋ္ဌ' အနက်သို့ သဘောပေါက်သည်။ လောဘ, ဒိဋ္ဌိတို့၏ အလွဲအမှား ကပ်ငြိတွယ်တာသော ချယ်လှယ်ခြင်းဖြင့် ကမ္မဝဋ္ဋသင်္ခါရလုပ်သားတို့သည် ဆက်ကာဆက်ကာ ကံသဘောတရားတို့ စည်ပင်တိုးပွားအောင် ဆောင်ရွက်ကြသော 'အာယူဟနဋ္ဌ' အနက်သို့ သဘောပေါက်သည်။ အဝိဇ္ဇာ–လောဘ–ဒိဋ္ဌိတို့သည် မိမိတို့ကိုယ်တိုင် ပေါင်းစပ် ပါဝင်သော သင်္ခါရ အစုအာရုံသင်္ခါရ လုပ်သားများနှင့် အာရမ္မဏိကသင်္ခါရလုပ်သားတို့ကို ယှဉ်ဘွဲ့ဆက်သွယ်

ပေးကြသော 'သံယောဇဉ်'အနက်သဘောသို့ အသိရောက်သည်။အဘိသင်္ခါရကုသိုလ် တရားတို့ကိုလည်း မိမိတို့၏လောင်းရိပ်ကြီးကိုပေးလျက် ဆက်သွယ်သော သံယောဇ သဘောကိုဆောင်ရွက်ကြသည်။ လောဘသည် မိမိ၏ ကပ်ငြိတွယ်တာ သဘောဖြင့် သင်္ခါရလုပ်သားတို့အား အထပ်ထပ် ရစ်ပတ်ချည်နှောင်ထားရုံမျှမက ကမ္မဝဋ် လုပ်သားများနှင့် ကံသဘောတရားတို့ကို ဆွဲဆောင်ရစ်ပတ်သည်။ ကမ္မသဘော ဓါတ်တို့နှင့် ဝိပါကဝဋ်လုပ်သားတို့ကိုလည်း အထပ်ထပ် အခါခါ ရစ်ပတ် ချည်နှောင် ထားသော 'ပလိဗောဓ' အနက်သဘောသို့လည်း အသိရောက်သည်။

ဤသို့လျှင် အဖြစ်နိမိတ် နိဗ္ဗတ္တိတို့နှင့် အပျက်နိမိတ် ဝယ အာရုံတို့သို့ အစဉ် လျှောက်ကာ သင်္ခါရလုပ်သားတို့၏ ဒုက္ခအမှန်နှင့် သမုဒယအမှန်သို့ အသိရောက် လျက် ကြိုးစားနေသော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်ဖြစ်လေသည်၊ထိုအခါ ရောက် သောအာရုံတို့တွင် ဖြစ်နိမိတ်, ပျက်နိမိတ် အာရုံ ၂ မျိုးသည် ဥဒယဗ္ဗယ ဉာဏ် အဆင့်၌ အထင်ရှားဆုံးသောအာရုံ ဖြစ်လေသည်။ ဥပစယနှင့် သန္တတိတို့၏ အခြေခံ သဘောတို့ကို ရှင်းလင်းစွာ သဘောပေါက်နေသည်။ အပျက်နှင့်အဖြစ်သည် ပရမတ် လုပ်သားတို့ကို အစွဲပြုကာ ပေါ်လွင်ထင်ရှားနေသော ပညတ်တရားဖြစ်ကြသည်ဟု ကွဲပြားစွာသိနေလေသည်။

ဤဥဒယဗ္ဗယဉာဏ်အဆင့်၌ ယောဂီသည် ဥပစယတို့၏ သဘောကို သုတမယ ဖြင့်လည်း သိခဲ့ပြီ၊ စိန္တာမယဖြင့်လည်း သိခဲ့ပြီ။ ဥဒယဗ္ဗယဆင့်၌ လက်တွေ့သဘော ဖြင့် အသိလုပ်နေသည်။ အဖြစ်အာရုံနှင့် အပျက်အာရုံမျှလောက်ပြင့်သာ တွေ့သိ နေရသော စိတ်အစဉ်သည် သင်္ခါရလုပ်သားတို့၌ ကြောက်စရာကြီး ဟူ၍သော်၎င်း၊ အပြစ် 'အာဒီနဝ'ဟူ၍သော်၎င်း၊ သင်္ခါရလုပ်သားများနှင့် ငြီးငွေ့သော 'နိဗ္ဗိဒါ' သဘောတရားသော်၎င်း ထင်ရှားလာပေမည်။ များသောအားဖြင့် ဤအဆင့် လောက်နှင့်ပင် အသိရပ်တည်ကာ ရှေ့သို့ မတိုးတက်နိုင် ရှိတတ်ကြသည်၊ ကျမ်းဂန် တို့၌ ဖေါ်ပြ ထားသော အနိစ္စတော, ရောဂတော စသည့် တော ၄၀ ခေါ် သဘောတရားတို့သည် တိက္ခဖြစ်သော ဥဒယဗ္ဗယ အဆင့်အတန်းမှ စတင်လေ့ကျင့် ရသည်။

ဥပစယသို့ ရောက်သော ရုပ်ဓါတ်အစု ကလာပသည် သန္တတိ အစဉ်ဖြင့် အဟောင်းအသစ်လဲကာ တကြိမ်ထက်တကြိမ် ရင့်ကျက်သဘောသို့ ပို့ဆောင်နေ သော အဖြစ်၊ ဇာတိအသစ်အသစ်သို့ ပို့ပေးသောအဖြစ်၊ ဇာတိမှ အစပြုလျက် အိုရသောအဖြစ်၊ နာရသောအဖြစ် စသော အဖြစ်အမျိုးမျိုးတို့ကို သိမြင် နေရ သဖြင့်၊ သင်္ခါရလုပ်သားတို့အား အပြစ်ရှု၊ငြီးငွေ့အောင် လေ့လာရသည်။ ဥပစယ

သို့ ရောက်သော နာမ်ခါတ်အစု စိတ္တသည် သန္တတိအစဉ်ဖြင့် စိုးရိမ်ပူဆွေး ငိုကြွေး ရခြင်းဒုက္ခ၊ ချစ်သူနှင့်ကွေကွင်းသောအခါ, မုန်းသူနှင့် ဆက်ဆံပေါင်းသင်း ရသော အခါ, မခံသာ မသာယာသော ဆင်းရဲတို့သို့ ရောက်အောင်ပို့ပေးကြသော သင်္ခါရ လုပ်သားတို့သာလျှင် ဖြစ်သည်ဟု သင်္ခါရ လုပ်သားတို့၏ အပြစ်ကို ထင်ရှားလာ အောင် လေ့လာရသည်။

ဤသင်္ခါရခါတ်တို့သည် အကြောင်းတရား အမျိုးမျိုးနှင့် ဆက်သွယ်နေကြ သည်။ ဆက်သွယ်သော အကြောင်းတရားတို့က ပြုပြင်သလို ဥပစယသို့ ရောက် ကြရသည်။ ဥပစယသို့ ရောက်သော်လည်း မမြဲဘဲ အဟောင်းအသစ် လဲကြသည်။ အဟောင်းအသစ်လဲကြရသော်လည်း၊ ချမ်းသာမှုသို့ အနည်းငယ်သာ ပို့ဆောင်ရ၍ ဇာတိအမျိုးမျိုးသို့ ပို့ဆောင်သည်။ ဇာတိသို့ရောက်ပြန်လျှင်လည်း၊စုတိသို့ မရောက်မီ ကာလအတွင်း အို,နာ,သေဘေးသို့ ပို့ပေးကြသည်။ သောက -ပရိဒေဝ-ဒုက္ခ —ဒေါ မနဿ—ဥပယာသခေါ်သော ပူသဘော, လောင်သဘောသို့ပို့ပေးကြသည်။ ဤသို့ အားဖြင့် သင်္ခါရခါတ်လုပ်သားတို့၏ အဖြစ်မှန်ကို သိအောင် လေ့လာ ရမည်။ အတိုချုပ်ဥပမာပြရလျှင် လည်ပင်း၌စွပ်လျက် လောင်နေသော မီးကွင်းကို ကျွတ် ထွက်သွားအောင် ငြီးငွေ့၍ ကြိုးစားသကဲ့သို့၊ မိမိကိုယ်၌ပေါက်နေသော အနာကို ငြီးငွေ့သဖြင့် ပျောက်အောင်ကြိုးစားသကဲ့သို့၊ သင်္ခါရလုပ်သားတို့ကို ငြီးငွေ့စိတ် ပြင်းထန်ရမည်။ ကျွတ်လွတ်အောင် ကြိုးစားသောစိတ် အစဉ်ဖြစ်ပေါ် စေရသည်။ သာမန်ငြီးငွေ့ရုံမျှဖြင့် လွတ်ထွက်လိုသောစိတ် မဖြစ်ပေါ်နိုင်ပေ။

သင်္ခါရလုပ်သားတို့မှ ကင်းလွတ်လိုသောစိတ်ဖြစ်ပေါ်လျှင် မုဉ္စိတုကမျတာ ဉာဏ် အစပြုလေပြီ။ ထိုသင်္ခါရလုပ်သားတို့မှ လွတ်ကင်းရာသို့ စိတ်အစဉ်သည် ကိုင်း ညွတ်နေသည်။ မြှော်လင့်ရှေ့ရှုနေသည်။ ဥဒယဗ္ဗယကို လေ့လာခဲ့သော အခါက သင်္ခါရလုပ်သားတို့၏ ‘ခယနိရောဓ’ ပျက်ငြိမ်းသဘောသို့ အသိရောက်ခဲ့သည်။ မဖြစ် ငြိမ်းကို သဘောပေါက်ခဲ့သည်။ ယခုအခါ သိစိတ်သည် မဖြစ်ငြိမ်းတရားကို လက် တွေ့ မျက်မှောက်ပြုရန် ထက်သန်နေလေသည်။ ထိုမဖြစ်ငြိမ်းသဘောသည် ဘယ်လို သဘောပါနည်းဟု ဆင်ခြင်စဉ်းစားသည်။ ပဋိသင်္ခါရ ပြုသည်။ သင်္ခါရ လုပ်သား အာရုံတို့ကို ရှင်းလင်းစွာသိသော်လည်း ထိုအာရုံ၌ အစွဲပြယ်နေသည်။ သင်္ခါရတို့ကို တိုးတက်သိချင်သောစိတ် မဖြစ်ပေါ်ဘဲ ‘သည်ပုတ်ထဲမှာသည်ပဲပါ’ ဟူသကဲ့သို့ သင်္ခါရ တရားတို့အတွက် အသိရှင်းလျက် အစွဲပြယ်နေသည်။ သင်္ခါရုပေက္ခာ ဖြစ်နေသည်။ သင်္ခါရတို့မှ ကင်းလွတ်ချင်သောဉာဏ်၊ သင်္ခါရတို့ကို အမျိုးမျိုး နည်းဖြင့် ဆင်ခြင် သောဉာဏ်၊ သင်္ခါရတို့ကို အစွဲပြယ်သောဉာဏ်တို့သည် သိပုံအခြင်းအရာ အားဖြင့် ခြားနားသော်လည်း၊ ‘မဖြစ်ငြိမ်း’ တရားသို့ သဘောပေါက်ခြင်းမှာ တူကြသည်။

ထိုအခါ ယောဂီ၏စိတ်အစဉ်သည် မဂ္ဂင်လမ်းကို ဆင်ခြင်စဉ်းစားသည်။သမ္မာဒိဋ္ဌိသည် မိမိ၏အလင်းစွမ်းဖြင့် အဝိဇ္ဇာအမှောင်ဓါတ်ကို ဖယ်ရှားသတ်ဖြတ်နေခြင်းသို့ အသိရောက်သည်။ သမ္မာသင်္ကပ္ပသည် အဆိုး ဝိတက် ၃ မျိုးနှင့် အမှား ဝိတက် တို့ကို တွန်းကန် ပယ်ဖြတ်လျက် အပြစ်ကင်းသော အာရုံသို့ သိစိတ်ကို ပို့ပေးနေခြင်းသို့ အသိရောက်သည်။ ဝိရတီမဂ္ဂင်တို့သည် ဆိုင်ရာဆိုင်ရာ ရှောင်ကြဉ်အပ်သောသဘောတို့ကို ရှောင်ကြဉ်ပယ်ရှားခြင်းသို့ အသိရောက်သည်။ သမ္မာဝါယာမသည် မကောင်းသော အားထုတ်ခြင်းကို ပယ်ဖြတ်လျက် အကောင်းဘက်သို့ အားထုတ်၍ ဗောဓိပက္ခိယ လုပ်သားတို့အား ကူညီ အားပေးနေခြင်းသို့ အသိရောက်သည်။ သမ္မာသတိ သည် မေ့လျော့သော သဘောတရားကိုပယ်လျက် အလိုရှိအပ်သောအာရုံသို့ မျက်ခြေ မပြတ်အောင် ဆောင်ရွက်ခြင်းကို အသိရောက်သည်။ သမ္မာသမာဓိသည် ကိလေသာ ပူလောင်သော သင်္ခါရလုပ်သားတို့၏ ပူလောင်မှုထကြွခြင်းကို ငြိမ်းအေးစေလျက် တည်ငြိမ်စွာ ဆောင်ရွက်နေခြင်းသို့ အသိရောက်သည်။

ဤသဘောတရားမျိုးပါဝင်သော သိစိတ်အစဉ်သည် ဗောဓိပက္ခိယ သင်္ခါရ လုပ်သားတို့၏ လုပ်ငန်းတို့ကို ဆင်ခြင်သည်၊ အသိရောက်သည်။ ဆက်ကာဆက်ကာ အသိရောက်တိုင်း အသိအရှိန်တိုးတက်နေသည်။ သင်္ခါရလုပ်သားတို့မှ လွတ်ရာလွတ်ကြောင်း ဥပါယ်ကို ရှေ့ရှု ဆင်ခြင်သည်။ အကျိုး သင်္ခါရ—အကြောင်းသင်္ခါရ လုပ်သားဟူသမျှအားလုံး ဒုက္ခချည်းသာဟု အသိရှင်းနေသည်။အကြောင်း သင်္ခါရ လုပ်သားတို့ မဖြစ်မပေါ်လျှင် အကျိုးသင်္ခါရတို့လည်း ပေါ်တော့မည် မဟုတ်ဟု သဘောပေါက်နေသည်။

## မဂ်တရားပေါ်ပုံနှင့် သင်္ခါရတို့အဆင့်ဆင့်ငြိမ်းပုံ

ယောဂီ၏စိတ်အစဉ်သည် သင်္ခါရလုပ်သားအာရုံတို့ကို မျက်ခြေပြတ် မခံဘဲ သင်္ခါရတရားတို့၏ သဘောတို့ကိုသာလျှင် လေ့လာ နေတော့သည်။ သင်္ခါရတို့၏ ဒုက္ခအမှန်သဘော,သမုဒယအမှန်သဘော, နိရောဓအမှန်သဘော, မဂ္ဂအမှန်သဘော တို့ကိုသာလျှင် အစဉ်မပြတ် သုတမယဉာဏ်–စိန္တာမယဉာဏ်တို့ဖြင့် ရှင်းလင်း ပြတ်သားစွာ သဘောပေါက်နေသည်။ ထိုအခါ သန္တိသဘောတရားဘက်သို့ ညွတ်ကိုင်းနေသော စိတ်အစဉ်သည် တကြိမ်ထက်တကြိမ် အသိ အဟုန်အရှိန် တိုးတက် လာသဖြင့်၊ သင်္ခါရလုပ်သားတို့၏ ဥပစယသို့အသိရောက်ကာ ဖြစ်နိမိတ်—ပျက်နိမိတ်ကို စံနစ်တကျ ဂနသေချာစွာစစ်ဆေးသည်။ အကြင်အခါ အဟုန်အရှိန်ဖြင့်ပေါ်ပျောက်

နေသော ရှေ့စိတ်အစဉ်နှင့် နောက်ဆက်လက် ပေါ်မည့် စိတ်အစဉ်တို့၌ ပါဝင် ပေါင်းစပ်မည်ဖြစ်သော ဗောဓိပက္ခိယလုပ်သားတို့၏ အဟုန်အရှိန်တို့သည် ညီတူညီမျှ ဖြစ်သကဲ့သို့ နေကြသည်။ ထိုအခါ 'ဝုဋ္ဌာနဂါမိနီ' ခေါ်သော စိတ်အစဉ်သည်ဖြစ် လေသည်။

ထိုစိတ်အစဉ်သည် ရှေးဦးစွာ အဖြစ်အပျက် အမှတ်အသား ရှိသော သင်္ခါရ လုပ်သားတို့ကို အာရုံပြု အသိလုပ်သည်။ 'အနုလောမဉာဏ်' ခေါ်သည်။ ထိုနောက် ဒွိဋ္ဌနှင့် ဝိစိကိစ္ဆာသဘော၂–မျိုး၏ ဥပစယ မရောက်သော အနိမိတ္တသဘောကို အသိ လုပ်ကာ အာရုံပြုသည်။ 'ဂေါတြဘူဉာဏ်'ခေါ်သည်၊ ထိုနောက် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ နောက်ဘယ်တော့မျှ မဖြစ်တော့ဟူသော အပဝတ္တကို သိသည်၊ 'သောတာပတ္တိမဂ် ဉာဏ်'ခေါ်သည်။အပူလောင်ကိလေသာ ၂-မျိုးဖြင့် ငြိမ်းပေ့ါဟူသောအသိဖြင့် စိတ္တ နှစ်ခု သုံးခုပေါ်သည်။'ဖိုလ်ဉာဏ်'ခေါ်သည်။ ဖိုလ်ဉာဏ်အသိသည် သန္တိ သဘောကို ရှင်းရှင်းလင်းလင်း ပိုင်းခြားသော ဉာဏ်အသိ ဖြစ်လေသည်၊ အနိမိတ္တ– အပဝတ္တ သဘောဖြင့် ငြိမ်းအေးသော သန္တိဓါတ်ကို ဖိုလ်စိတ်တို့က သိပါသည်ဟု ဆိုလိုသည်။

ထိုနောက် ဘဝင်စိတ် အနည်းငယ် ခြားလျက် 'ပစ္စဝေက္ခဏာ' ခေါ်သော စိတ်အစဉ်တို့သည် ပေါ်လေသည်။ မဂ်စိတ်အစဉ်သည် မရေတွက်နိုင်သော ဇာတိ သံသရာ တလျှောက်လုံး၌ တကြိမ်တခါမျှ မပေါ်ဘူး မဖြစ်ဘူးပေ။ ပေါ်ပြန်သော် လည်း ဇောဝိတ် ၇-ခုသည် မဟာကုသိုလ်စိတ် ၃-မျိုး ၄–မျိုးနှင့် မဂ်စိတ်တမျိုး၊ ဖိုလ်စိတ် ၂–မျိုး ၃-မျိုး ဖြစ်ပေါ်ကာ အာရုံကို သိပုံကွဲပြား ခြားနား ကြသည်။ အာရုံကို သိပုံမှာလည်း တမျိုးနှင့်တမျိုး ရှင်းရှင်း လင်းလင်း သိကြသည်။ အနု လောမ ဉာဏ်သည် ၆–ခဏ, ၉-ခဏဖြင့် သင်္ခါရလုပ်သား အာရုံကို ရှင်းလင်းစွာ သိသည်။ ဂေါတြဘူဉာဏ်သည် ၃–ခဏဖြင့် နိမိတ်မပါသော အာရုံသန္တိကို သိသည်။ မဂ်ဉာဏ်သည် ၃-ခဏဖြင့် နိမိတ်ကင်းသော မဖြစ်ငြိမ်း အပဝတ္တကို သိသည်။ ဖိုလ် ဉာဏ်သည် ၆–ခဏ ၉–ခဏဖြင့် အနိမိတ္တ အပဝတ္တ ဖြစ်သော သန္တိအာရုံကိုသိသည်။ စုစုပေါင်း ခဏအားဖြင့် ၂၁–ခဏမျှ ကြာသော်လည်း၊ သန္တိအာရုံကို အစပြု သိ သော ဂေါတြဘူမှ ဖိုလ်စိတ်တိုင်အောင် အသိသည် ၁၂–ခဏ၊ သို့မဟုတ် ၁၅–ခဏ သာလျှင် ဖြစ်လေသည်။

ဤမျှ လူးလူး ဆန်းဆန်း ဖြစ်ပေါ်သော စိတ်အစဉ်နှင့် ထိုစိတ်တို့၏ ဆွဲမှီထား သော အလွန် သိမ်မွေ့သဖြင့် နက်နဲသော သဘောဖြစ်သော သန္တိကို အားရပါးရ အသိရှင်းလင်းရန် ပစ္စဝေက္ခဏာဉာဏ်ခေါ်သော စိတ်အစဉ်တို့သည် ဖြစ်ပေါ်ရလေ သည်။ ဤပစ္စဝေက္ခဏာ ဉာဏ်သည် တကြိမ်တည်း တကြိမ်ဒီသာလျှင် ဖြစ်ပေါ်

သည် မဟုတ်၊ အကြိမ်များစွာ ဖြစ်ပေါ်လေသည်။ ပါဠိတော်၏ အဖွင့် ကျမ်းဂန်များ၌ တကြိမ်စီ ဖြစ်ပေါ်သကဲ့သို့ ဖွင့်ပြထားသည်။ ပါဠိတော်သည် ဝိမုတ္တာသိ ဝိမုတ္တမှိတိဉာဏံ ဟောတိ ဖြစ်လေသည်။ ဗုဒ္ဓကိုယ်တော်သည် ဓမ္မစကြာ ဒေသနာကို ဟောပြရာ၌၊ တိပရိဝတ္တဒွါဒသာကာရ ဟူသော သစ္စာ ၄-ပါးကို သစ္စာတပါး တပါး၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ၃-မျိုးသော ပစ္စဝေက္ခဏာဉာဏ် ၃-မျိုးဖြင့် အသိရှင်းရသည်။ သစ္စာလေးပါးအတွက် အသိရှင်းလင်းပုံ ၁၂-မျိုးကို ဖေါ်ပြလျက်၊ ဤကဲ့သို့သော ပစ္စဝေက္ခဏာဉာဏ်မျိုးဖြင့် ကျေနပ်စွာ ရှင်းလင်းပြီးမှ 'သမ္မာသမ္ဗုဒ္ဓ' ဟု ငါ ဝန်ခံပါသည်ဟု ဖေါ်ပြတော်မူခဲ့ပေသည်။

ယခု အခါ၌ မဂ်မသိလျှင် ဖိုလ်ဖြင့်ရှင်းရသည်ဟု ပြောကြသည်။ ဖိုလ်ဝင်စားသည်ဟု ပြောသော ပုဂ္ဂိုလ်အချို့ကိုလည်း တွေ့မြင်ရသည်။ ကျမ်းဂန်များ၌ မဂ်စိတ်နောက် တဆက်တည်း ကျရောက်လာသော ဖိုလ်စိတ်ကို 'မဂ္ဂါနန္တရ' ဖိုလ်ဟု အမည်ပေး၍၊ အလေ့အကျင့်ပြုကာ ဝင်စားကြသော ဖိုလ်စိတ်အစဉ်ကို 'ဝလဥ္ဇန' ဖိုလ်ဟု အမည် ခွဲခြားထားသည်။

ဖိုလ်စိတ်သည် မဂ်ကုသိုလ်စိတ်က ချက်ချင်း ဖန်တီးလျက် မိမိ၏ အခြားမဲ့၌ ဖြစ်ပေါ်ခွင့် ပေးလိုက်သော အကျိုးဝိပါက်ဖြစ်သည်။ ပဋိသန္ဓိကိစ္စကို ဆောင်ရွက်သောစိတ် မဟုတ်သဖြင့်၊ ဘဝ၏ အစိတ်အပိုင်းကိစ္စ ဘဝင်စိတ် အစဉ်တို့ကဲ့သို့ ပေါ်သောစိတ် မဟုတ်ပေ။ ဖိုလ်စိတ်၏ ဆွဲမှီရာ အာရုံသည်လည်း သန္တိဓါတ် အာရုံမှ တပါး အခြားအာရုံဟူ၍ မရှိ၊ ဖိုလ်စိတ်၌ ဝေဒနာဟူသော သင်္ခါရ လုပ်သား ပါဝင်သော်လည်း၊ ကာမ အရသာကို ခံစားစဉ်ကကဲ့သို့ သန္တိအာရုံ၏ အရသာကို ပေါ်လွင်စွာ မခံစားနိုင်။ သန္တိဓါတ်၌လည်း ဝေဒနာမရှိ၊ သန္တိဓါတ်သည် သင်္ခါရ ဒုက္ခ၏ ဆန့်ကျင်ဘက် အဝေဒယိတသုခ ဖြစ်လေသည်။ ထို့ကြောင့် ဖိုလ်စိတ် အစဉ်များ ဖြစ်ပေါ်နေသောအခါ ဝေဒနာသည် ဦးစီးခေါင်းဆောင် သဘောဖြင့် ဝိညာဏ်ကို မချယ်လှယ် နိုင်တော့ပေ။ ဖိုလ်စိတ်နှင့်အတူ ပေါင်းစပ် ပါဝင်ဝင်ကြသော ပညာ ခေါင်းဆောင် ဗောဓိပက္ခိယ အဖွဲ့သားတို့ကသာလျှင် ချယ်လှယ်ကြလေသည်။ ထို့ကြောင့် သစ္စာ ၄-ပါးနှင့် သက်ဆိုင်၍ သိမ်မွေ့လှသော သဘောတရားတို့ကို ပညာသည်သာလျှင် ဦးဆောင်ပြုကာ ရှင်းလင်း နေရသဖြင့်၊ မဂ်ဝေဒနာ၊ ဖိုလ်ဝေဒနာတို့ကို မဖေါ်ပြဘဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟူသာ ဖေါ်ပြ သုံးစွဲနေကြရ လေသည်။ လောကုတ္တရာ သဘာဝတို့အတွက် ပညာသိ သာလျှင် အဓိက၊ ဝေဒနာသိသည် အဓိက မဟုတ်တော့ပေ။

'ဝေဒနံအဇ္ဈတ္တတောသမနုပဿတိ' စသော ဗုဒ္ဓအရှင်၏ အနတ္တဝါဒကို နှလုံးမသွင်း သတိမပြုပါဘဲ ဝေဒနာ အဓိကထားလျက် ဝေဒနာဖြင့် မခံစား နိုင်သော နိဗ္ဗာနသန္တိကို အမျိုးမျိုးသောစိတ်ကူးတို့ဖြင့် ချီးကျူးပြောဆိုကာ ဖွင့်ပြ နေကြ

ရုံမျှမက၊ တဆင့်ကြားဖြစ်သော ပရိယာယဒေသနာ စကားအစဉ်တို့ကို အကိုး အကားပြုလျက် ငြင်းခုံမှု 'ဝါဒ'များ ဖြစ်ပွားကြရလေသည်။ ဗုဒ္ဓအရှင်က မှုကား အမှတ်သညာနှင့် အသိ မနတို့ ပေါင်းစပ်ပါဝင်သော ဤတလံမျှ ကိုယ်ကောင်ကြီး၌ သစ္စာ ၄ ပါးရှိပါသည်။ အတ္တ မရှိပါ။ ဤကိုယ်ကောင်ကြီး၌သာလျှင် စံနစ်တကျ ရှာဖွေပါဟု တိုက်တွန်းနှိုးဆော် ဖော်ပြခဲ့ပေသည်။

ဤကိုယ်ကောင်သည် ရုပ်သခ်တနှင့် နာမ်သခ်တ ယှဉ်ဘွဲ့ကာ ဓါတ်ပေါင်းစု အဖြစ်ဖြင့် ထင်ရှားသည်ဟု မိရိုးဖလာ ဗုဒ္ဓဘာသာတို့ ယုံကြည်ထားကြသည်၊ယူဆ လက်ခံထားကြသည်။ သို့သော် သီလ,သမာဓိ,ပညာ ဟူသော လုပ်ငန်းတို့ကို ဆောင် ရွက် ကြသောအခါ၊ အခြေခံသဘောတရားကို အမိကမထားဘဲ မိမိတို့၏ ခေါင်း ဆောင် ဖြစ်သော စိတ်၏ အလိုသို့ လိုက်ကာ ပြုကြ လုပ်ကြ ဆောင်ရွက်ကြ သော ကြောင့်၊ အောက်ခြေလွတ်၍ စံနစ်မပါဖြစ်နေကြသည်။ စံနစ်တကျဆောင်ရွက်လျက် အသိမှန်တိုးတက်သဖြင့် ရှေးဦးအစ ဖြစ်သော မဂ်ဖိုလ်တို့ကို လက်ကိုင် ရရှိသော ယောဂီတိုင်း အောက်ပါအတိုင်း ကျေနပ်ကြသည်။

'ယံ ကိဉ္စိ သမုဒယဓမ္မံ-သဗ္ဗံတံ နိရောဓဓမ္မံ'

အကြောင်းတရားကို အစွဲအမှီပြုရသော အကျိုး တရားတို့သည် ရှိကြသည်။ ထိုအကြောင်းအားလုံးနှင့် အကျိုးတရား အားလုံးတို့သည် ခယနိရောဓ ဟူသော ပျက်ငြိမ်းနှင့် အနုပ္ပါဒနိရောဓဟူသော မဖြစ်ငြိမ်းသဘောသို့ ရောက်ကြရသည်သာဟု အသိရောက်ခြင်း ဖြစ်လေသည်။ ဤစကားကို 'သဗ္ဗေဓမ္မာနိဗ္ဗာန ပရိယောသာနာ' ဟူသော အင်္ဂုတ္တိုရ်ပါဠိတော်က ထောက်ခံလေသည်။

ထို့ပြင် ဗုဒ္ဓကိုယ်တော်သည် ဒသင်္ဂုတ္တရ ပါဠိတော်၌ အောက်ပါ အတိုင်း ဖော်ပြတော်မူခဲ့သည်၊ အို-ရဟန်းတို့, သင်္ခါရလုပ်သားတို့ အစဉ်သဖြင့် ငြိမ်းခြင်း သဘောကို ငါဘုရား ဟောကြားပါသည်။

ပဌမဈာန်ဝင်စားသူအား ဝါစာ ငြိမ်းသည်။

ဒုတိယဈာန်ဝင်စားသူအား ဝိတက်-ဝိစာရ ငြိမ်းသည်။

တတိယဈာန်၌ ပီတိ ငြိမ်း၍၊ စတုတ္ထဈာန်၌ ထွက်လေဝင်လေ ငြိမ်းသည်။

အာကာသာနဉ္စာယတနဈာန်၌ ရူပသညာ ငြိမ်းသည်။

ဝိညာနဉ္စာယတနဈာန်၌ အာကာသာနဉ္စသညာ ငြိမ်းသည်။

အကိဉ္စညာယတန ချုပ်၍ ဝိညာဏဉာဏ ငြိမ်းသည်။
နေဝသညာနာသညာ ချုပ်၍ အာကိဉ္စညာယတန ငြိမ်းသည်။
နိရောဓသမာပတ် ချုပ်၍ သညာ,ဝေဒနာတို့ ငြိမ်းသည်။

ဤဒေသနာဖြင့် သင်္ခတတရားတို့၏ မဖြစ်ငြိမ်း ဟူသော ဝူပသမသန္တိ သဘော ကို ပြတော်မူခဲ့သည်။

ထို့ပြင် ပဌမဈာန်,ဒုတိယဈာန်,တတိယဈာန်,စတုတ္ထဈာန် စိတ်အစဉ် တို့၌ ကိလေသာဟူသော အပူသဘောတို့ ငြိမ်းအေးခြင်း ပဿဒ္ဓိနှင့် ရဟန္တာတို့၏ စိတ် အစဉ်၌ ကိလေသာတို့ ပဿဒ္ဓိဖြင့် ထင်ရှားကြောင်းကို ဟောပြတော် မူခဲ့သည်။ ဝူပသမသန္တိသည် ဆန့်ကျင်ဘက် ငြိမ်းအေး သဘော ဖြစ်၍၊ ပဿဒ္ဓိသန္တိသည် ပင်ကိုယ်ငြိမ်း အနုပ္ပါဒ သဘောဖြစ်သည်။သန္တိလက္ခဏာဖြင့်ဖေါ်ပြသောနိဗ္ဗာန်သည် ၂-မျိုးလုံး ထင်ရှားသောတရားဖြစ်သည်။

ထို့ပြင် ဗုဒ္ဓကိုယ်တော်သည် ခန္ဓဝဂ္ဂသံယုတ် အဘ္ဘဒိပသုတ်၌ ခန္ဓာငါးပါးတွင် တပါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တဟု စံနစ်ကျသော ဝိပဿနာဉာဏ်ဖြင့် ရှင်းရှင်း လင်းလင်း သိနေသော အခိုက်အခါတို့၌ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ စသော အပူသဘောတို့မှ ကင်းလွတ်နေသဖြင့်၊ 'တဒင်္ဂနိဗ္ဗုတိ' ဖြစ်နေ သည်ဟု ဟောပြ ခဲ့သည်။ တဒင်္ဂပေါင်းများစွာ ဆက်စပ်နေလျှင် 'ဝိက္ခမ္ဘန' ဖြစ်၍ အသိမှာ ထင်ရှားနိုင်သည်။

ဤသို့ တဒင်္ဂနိဗ္ဗုတိသဘော,ဝိတက်ဝိစာရစသောတရားတို့၏ ဝူပသမသဘော, ပဿဒ္ဓိ သဘောတို့ကို ဆင်ခြင်လျှင်၊ သင်္ခတတို့၏ ဆန့်ကျင်ဘက် ဖြစ်သော 'သဗ္ဗ သင်္ခါရသမထ'ခေါ်သော သန္တိတရားကို လက်တွေ့ သဘောအားဖြင့် နားလည်နိုင် ပေသည်။ အောက်ခြေလွတ်၍ အသိရောက်သော နိဗ္ဗာန်မှာ စိတ်ကူးအာရုံမျှသာ ဖြစ်ပေမည်။

ယောဂီတို့ အထူးသတိပြုရန်မှာ သင်္ခါရလုပ်သားတို့၏ အကျိုး အပြစ်တို့ကို သတိပြုလျက် စီစစ်ဝေဘန်ပါ။သဗ္ဗေသင်္ခါရ အနိစ္စာ၊ သဗ္ဗေသင်္ခါရ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာဟု ဗုဒ္ဓကိုယ်တော် ပြခဲ့သော သင်္ခါရတို့သည်၊ ဤလုပ်သား ၇၁-မျိုးတို့ သာလျှင် ဖြစ်ကြသည်။ ငါ့သင်္ခါရ,သူ့သင်္ခါရ ဟူ၍မရှိပါ၊ နေ့စဉ်နေ့တိုင်း ဤကိုယ် ကောင်၌ ထင်ရှားနေသော မနောသင်္ခါရ စိတ်အမူအရာ, ဝစီသင်္ခါရ နှုတ်အမူအရာ, ကာယသင်္ခါရ ကိုယ်အမူအရာတို့ကို သတိဖြင့် ဆင်ခြင်ပါလေ။

ဤသို့ သင်္ခါရလုပ်သား ၇၁—ပါးတို့ကို အသိရောက်လျက် ဆင်ခြင် လေ့လာပါမှ အနတ္တဝါဒအတွက် လမ်းမှန်ဘက်သို့ ရောက်မည်။ အနတ္တဝါဒကို ကိုယ်တိုင်သိ ဖြစ်နိုင်သည်။ အတ္တဝါဒ၏ လက်သယ်ဖြစ်သော လောဘနှင့်ဒိဋ္ဌိတို့၏ အပြစ်ကို မြင်နိုင်လိမ့်မည်။ အတ္တဝါဒကို တည်ထောင်သူသည် သတ္တဝါမဟုတ်၊ သင်္ခါရသဘောတရား လုပ်သား ဒိဋ္ဌိဖြစ်သည်ဟု သိလေတော့သည်။

ဤနည်းအတိုင်း အမြဲမပြတ် ဆင်ခြင် လေ့လာသော ယောဂီသည် သောတာပတ္တိ ဖိုလ်မှတဆင့် သကဒါဂါမိမဂ်—ဖိုလ်, အနာဂါမိမဂ်—ဖိုလ်, အရဟတ္တမဂ်—ဖိုလ်သို့ရောက်သဖြင့်၊ ကိလေသာတို့လည်း အဆင့်ဆင့် ကုန်ကြ ငြိမ်းအေး ကြသည်။ ကိလေသဝဋ္ဋ လုပ်သားများ မရှိတော့သောကြောင့်၊ ကမ္မဝဋ္ဋ လုပ်သားတို့လည်း မရှိကြတော့ပေ။ အရဟတ္တ မဂ်စိတ်နှင့် ဖိုလ်စိတ်တို့ ဖြစ်ပေါ် ပြီးသော စိတ်အစဉ်၌ ကမ္မဝဋ္ဋလုပ်သားတို့သည် ဖြစ်ပေါ်ခွင့်မရှိပုံကို ထောက်ဆလျှင် ကိလေသဝဋ္ဋသည် ကမ္မဝဋ္ဋထက် ပိုမိုအင်အားထက်မြက်ကြောင်းသိနိုင်သည်။ အရဟတ္တမဂ်ကသိုလ်သည် ကိလေသဝဋ္ဋခေါင်းဆောင်ဖြစ်သော အဝိဇ္ဇာကို အကြွင်းမဲ့ ပယ်သတ် လိုက်သဖြင့် ဇာတိအုတ်မြစ်တခုဖြစ်သော ကိလေသဝဋ္ဋပြိုပျက်လျှင် ကမ္မဝဋ္ဋလည်းပြိုပျက်၊ ဝိပါကဝဋ္ဋလည်း ပြိုပျက် ရတော့သည်သာဖြစ်လေသည်။ ဤ၌ အဝိဇ္ဇာသည် မိမိခေါင်းဆောင်သော ကိလေသဝဋ္ဋလုပ်သားတို့ဖြင့် ကမ္မဝိညာဏ် ပင်စည်ကြီးကို စောင့်ရှောက်ထိန်းပေးထားလျက်၊ ဘဝရာဂဟူသော လောဘသည် ထိုထိန်းသိမ်းထားသော ကမ္မဝိညာဏ် အပင်ကြီးကို ဆက်လက်စည်ပင်စေပြီးလျှင်၊ အမျိုးမျိုးသော ဇာတိမျိုးစေ့တို့ကို ကမ္မဝဋ္ဋလုပ်သားတို့က ဆောင်ရွက် နိုင်အောင် အားပေး ကူညီနေကြသည်။ ထို့ကြောင့် အခြေခံအရင်းကျသော အဝိဇ္ဇာလုံးဝမရှိလျှင်၊ သင်္ခါရစသော ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋတို့သည် အဆင့်ဆင့်အားဖြင့် ငြိမ်းကြ တော့သည်သာဟု ပဋိလောမ ဖြစ်သော ပဋိစ္စသမုပ္ပါဒ်ကို ပြတော်မူလေသည်။

ဤနည်းဖြင့် ဆင်ခြင်ပါလျှင် ရဟန္တာ သမုတ်ခံထားရသော ခါတ်အစု၌ ဝိပါက လုပ်သားဖြစ်သော ဘဝင်စိတ်အစဉ်တို့နှင့် ပဝတ္တိကမ္မဇရုပ်ခါတ် ကလာပတို့သည် စုတိစိတ်တိုင်အောင် ကျန်ရစ်နေသေးသည်။ ကျန်ရှိနေသေးသော ဘဝင်နှင့် ဝိပါက်ဝိညာဏ်တို့ကို အစွဲပြုကာ ပေါ်လာသော ဝိညာဏ်တို့သည် ကမ္မဝိညာဏ် မဖြစ်နိုင်တော့ဘဲ၊ သင်္ခါရ ၃-မျိုးကိုသာ ဖြစ်ပေါ်အောင် ဖန်တီးပေးနိုင်သော ကြိယာစိတ်များသာလျှင် ဖြစ်လေတော့သည်။ ကမ္မဝဋ္ဋလုပ်သားတို့ အဆက်ပြတ်သွားသောကြောင့်၊ အဘိသင်္ခါရ ကိစ္စကို ကြိယာစိတ်တို့က မဆောင်ရွက်နိုင်ကြ တော့ချေ။ ရဟန္တာအရှင်မြတ်ဟုခေါ်ရသော ကြိယာစိတ်အစဉ်နှင့် ဝိပါက်စိတ်အစဉ် တို့သည် ကုဋေတသိန်းအဟုန်ဖြင့် ဖြစ်ပျက်နေကြရသော်လည်း၊ ကိလေသအနာတွေ ပျောက်

သဖြင့်၊ မနာ ဟူသော ငြိမ်းငြ ရောက်နေ တည်နေသောကြောင့်၊ အမာရွတ်နှင့်တူသော ကြိယာဘဝင်စိတ်အစဉ်သည် 'သဉပါဒိသေသ' ဖြစ်လေသည်၊ အမာရွတ်ကျန်သေ်ာလည်း မနာရောက်နေသောဓါတ်အစုဟုဆိုလိုသည်။ 'နတ္ထိစေတသိကံ ဒုက္ခံ' ဟူသော စကားသည် မနာရောက်နေသောဝတ္ထု၌ နောက်ထပ် အနာ မရောက်နိုင် တော့ဟု ပြဆိုသော စကား ဖြစ်သည်။ ဤပါဠိတော်သည် ဗုဒ္ဓအရှင်၏ 'လောကနိရောဓဥ္စ ပညာပေမိ' ဟူသောဒေသနာကို လက်တွေ့ထောက်ခံထားသောစကားဖြစ်လေသည်။ အမာရွတ်ကိုငြိမ်းငွေ့သော ဈာန်ရအနာဂါမ်နှင့် ရဟန္တာတို့သည် နိရောဓသမာပတ်ကို ၇ ရက် တိုင်တိုင် ဝင်စား ကြလေသည်။ လောက နိရောဓကို လက်တွေ့ ပြကြသည်။

ပဌမ မဂ်ခေါ် သောတာပတ္တိမဂ်ကုသိုလ်သည် သောတာပတ္တိဖိုလ်ခေါ်သော ဝိပါက်စိတ်ဓါတ်တို့ကို ဖန်တီးပေးလိုက်သော်လည်း၊ ထိုဖိုလ်စိတ်နောက်၌ဖြစ်ပေါ်မည့် စိတ်အစဉ်တို့၌ 'ဒိဋ္ဌိ, ဝိစိကိစ္ဆာ' စေတသိက် ၂ မျိုးတို့ ဘယ်အခါမျှ ပါဝင် တော့မည် မဟုတ်ပေ၊ အမှားသက်ဝင်တတ်သော ဒိဋ္ဌိနှင့် ယုံမှားတတ်သော ဝိစိကိစ္ဆာ မပါလျှင် နောက်ဆက်ဖြစ်ပေါ်သောစိတ်အစဉ်သည် အကုသိုလ်ပင် ဖြစ်လင့်စေကာ၊ အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏ-ပဋိသန္ဓေစိတ်ကို ဖန်တီးပေးနိုင်သော ကမ္မသဘောကိစ္စကို မဆောင်ရွက်နိုင်တော့ပေ။ အငမဖေါ်နိုင်သော ဇာတိမှအစပြုကာ သည်ပိုး ဆောင် ရွက် လာခဲ့သော ကမ္မဘဝ အဆောက်အဦးကြီးကိုလည်း သောတာပတ္တိမဂ် စိတ်က ဖြိုဖျက်သဖြင့်၊ အပုံ၂၀—ပုံလျှင် ဒုဂ္ဂတိအဟိတ်နှင့် သုဂတိအဟိတ်ခေါ် ဇာတိ ၂ မျိုး ပြိုသွားလေပြီ။ တဖန် သကဒါဂါမိမဂ်စိတ်ပေါ်လျှင်၊ ကာမဝိပါက်ဖြင့် ရောက်အပ် သော ဇာတိသို့ တကြိမ်သာလျှင် ရောက်နိုင်လေတော့သည်၊ အနာဂါမိမဂ်စိတ် ပေါ် လျှင် ကာမဝိပါက်ဖြင့် ပေါ်လာရသော ဇာတိတို့သည် မဖြစ်မပေါ်နိုင်ကြတော့ပေ။ အရဟတ္တမဂ်စိတ် ပေါ်လာလျှင်ကား ပဋိသန္ဓေကိစ္စကို ဆောင်ရွက်နိုင်သော ဝိပါက် အားလုံး မဖြစ်ပေါ်နိုင်တော့ပေ၊ ပဋိသန္ဓေဝိပါက်ဘို့ကို ဖြစ်ပေါ်စေနိုင်သော ကမ္မ အဆောက်အဦးကြီးကို မဂ်ကုသိုလ်လေးမျိုးက အဆင့်ဆင့်ဖြိုဖျက်သွားသောကြောင့် ဖြစ်သည်။

ကမ္မဘဝဟူသော အဆောက်အဦးကြီးသည် အဟုတ်တကယ်ရှိသော သဘော တရား ဖြစ်သော်လည်း၊ ဘယ်သောအခါမျှ 'ဥပ္ပါဒက္ခဏ' ခေါ် အဖြစ်သဘောသို့ မရောက်ခဲ့ပေ။ ကမ္မဝဋ်လုပ်သားတို့ တည်ဆောက်ခဲ့စဉ်က ခဏ ၃ ချက်ဖြင့် ထင်ရှား လျက် 'ဘူတ' ဖြစ်ခဲ့၍ အပျက်သဘော 'အပဂတ' သို့ ရောက်ခဲ့သော်လည်း၊ မကုန် နိုင်သော အဟုန်အရှိန်တို့သည် တမျိုးပြီးတမျိုး ဆက်သွယ်ရှိနေကြသော 'ဥပ္ပန္န' တို့ ဖြစ်ကြသည်။ 'ဘူတာပဂတုပ္ပန္န' ဟု ခေါ်သော ဤ ကမ္မအဆောက်အဦး ကြီးကို မဂ်စိတ် ၄ မျိုးတို့ကသာလျှင် ပယ်နိုင်, သတ်နိုင်, ဖြိုဖျက် နိုင်သောကြောင့်၊ ဗုဒ္ဓကိုယ်

တော်သည် ကံ ၄ မျိုးကို ဖော်ပြရာ၌ မဂ်ကုသိုလ်ကံ ၄ မျိုးကို 'အကဏှအသုက္က ဝိပါက'ကံဟု ဖော်ပြတော် မူခဲ့သည်။ ထိုကံသည် အဘိသင်္ခါရ ကမ္မဘဝတို့ကို အကုန် အစင် သတ်ဖြတ်သော ကံဖြစ်သည်။ သို့သော်လည်း ဓမ္မနိယာမထုံးစံအရ ဇာတိသို့ ရောက်လျှင် စုတိသို့အရောက်သွားရဦးမည်ဖြစ်၍၊ အရဟတ္တမဂ်စိတ်နောက် ဖြစ်သော ပဝတ္တိဝိပါက်တို့သည် အဟုန်အရှိန်မကုန်ခမ်း သေးသောကြောင့် ပေါ်လာ ကြရလေ သည်။ဇာတိအသစ်ကိုဖြစ်ပေါ်စေမည့် ကံအဆောက်အဦးကြီးမရှိတော့သောကြောင့် ဇာတိအသစ်သို့ မရောက်ရတော့ဘဲ၊ နာမ်သင်္ခါရ အားလုံးတို့သည် ရဟန္တာ၏ စုတိ အနန္တရ၌ 'အနုပ္ပါဒ' မဖြစ်ငြိမ်းသို့ ရောက်ကြရလေ တော့သည်။

## သေက္ခပရိဟာန တရားများ

ယခုအခါ ရိပ်သာအမျိုးမျိုး၌ တရားအားထုတ်ကြသော ယောဂီ သူတော်ကောင်းတို့သည် များစွာရှိကြသည်။ ထိုပုဂ္ဂိုလ်တို့သည် မိမိတို့၏ ရရှိသော တရားအထူးတို့၌ မသဲမကွဲရှိကြသည်။ ယုံမှားရှိကြသည်။ တရားအားမထုတ်သော ပုဂ္ဂိုလ်တို့ကလည်း အားထုတ်သော သူတို့ကို ကဲ့ရဲ့ ရှုချ အပြစ် တင်ကြသည်ကိုလည်း တွေ့ကြုံရသည်။ ချီးမွမ်း ပြောဆိုကြသည်ကိုလည်း တွေ့ကြုံရလေသည်။ ဤသို့ တွေ့ကြုံရခြင်းသည် လူ့လောက၌ အဆန်းမဟုတ်ပေ။ သို့သော်လည်း ဗုဒ္ဓကိုယ်တော်၏ ညွှန်ကြားချက်တို့သည် စံနစ်စည်းကမ်း ပျက်စီးလောက်အောင် ချို့ယွင်းချက် မရှိသေးသောကြောင့်၊ ဗုဒ္ဓအရှင်၏ အနတ္တဝါဒသည် အခြေခံ ခိုင်လုံလျက် တည်ရှိနေပေသေးသည်။ အခြေခံ မပျက်သေးသဖြင့် စံနစ်တကျ အားထုတ်သော ပုဂ္ဂိုလ်တို့ ရှိကြမည်။ အားထုတ်သော ပုဂ္ဂိုလ်အချို့သည် အရိယာအဖြစ်သို့ ရောက်ကြမည်မှာ မလွဲသာသောလမ်း ဖြစ်နေသည်။

အရိယာပုဂ္ဂိုလ်တို့၏ အသိသည် များသောအားဖြင့် ပုဂ္ဂိုလ်,သတ္တဝါဟု အသိ မလုပ်ကြ။ သင်္ခါရ လုပ်သားတို့သာလျှင် အလုပ် လုပ်ကြသည်ဟု အသိရောက်ကြ သည်၊ အကြင်အခါ၌ အရိယာတို့သည် ပုဂ္ဂိုလ်,သတ္တဝါဟူသော အစွဲသည်ဖြစ်၏။ ထိုစွဲသော အသိသည် သောတာပန်နှင့် သကဒါဂါမ်တို့၌ အဖြစ်များတတ်သည်။ ထိုပုဂ္ဂိုလ် ၂ မျိုး၌ လောဘ, ဒေါသ, မောဟတို့၏ အဟုန်အရှိန် ပြင်းပြလျက်ပင် ရှိသောကြောင့် ဖြစ်သည်။ အနာဂါမ်၌ ကာမရာဂ, မောဟ, ဒေါသတို့ကို ကင်းနေသောကြောင့် သမာဓိအရှိန် တိုးတက် ခိုင်ခန့်နေသည်။ ထိုသမာဓိ၏ အဟုန်အရှိန်သို့ လိုက်လျောသောအားဖြင့် မျက်စိ စသော ဣန္ဒြေများနှင့် ကိုယ်,နှုတ် အမူအရာတို့သည် ရှေးသဘောမှ ပြောင်းလဲ သွား၍ ထူးထူး ခြားခြား ပေါ်လွင် ထင်ရှား

နေကြသည်။ ရဟန္တာ ကိုယ်တော်၏ ဣန္ဒြေ အမူအရာတို့သည် ထို့ထက်ပင် ပေါ်လွင် ထင်ရှားသည်။

သို့သော် 'အဿုတဝါ ပုထုဇ္ဇနော' ခေါ်ရသော သာမန်လူတို့သည် လူတို့၏ အမူအရာတို့ကို အကဲမခတ်ဘဲ၊ အကဲခတ်ပါသည်ဟု ဆိုသော်လည်း၊ သင်္ခါရတို့၏ လုပ်ငန်းသာလျှင် ဖြစ်သည်ဟု အသိမရောက်ဘဲ မိမိတို့၏ စိတ်၌ အမြင်မတော် အကြားမတော်သော သောတာပန်,သကဒါဂါမ်,အရိယာတို့၏ အမူအရာတို့အတွက် ကဲ့ရဲ့တတ်ကြသည်။ ဥပမာ–ရိပ်သာမှပြန်လာသော သူတယောက် ကပွဲ,ဓါတ်ရှင်ပွဲ, ဘောလုံးပွဲ စသည်တို့ကို ကြည့်နေသည်ကိုမြင်လျှင်၊ ကဲ့ရဲ့ချင်,ရှုံ့ချချင်သူသည် ပေါ်လာ၍ ကဲ့ရဲ့စကားပြောဆို တတ်ကြသည်။ ဤကဲ့သို့ ပြောဆိုခြင်းသည် အခြား ပုဂ္ဂိုလ်တို့အတွက် မဆန်းသောလုပ်ငန်းဟု ပြောနိုင်သော်လည်း၊ ဤပြောသူအတွက် လုပ်ငန်းသည် ကံအဆန်း ဖြစ်လေသည်။ 'အရိယူပဝါဒ' အရိယာကို စွပ်စွဲပြစ်တင်သော ကံခေါ်သည်။ ထိုအစွပ်အစွဲ အပြစ်တင်ခံရသော အရိယာအား မကန်တော့ သရွေ့ ကာလပတ်လုံး ထိုကံသည် စွပ်စွဲသူအား အရိယာဖြစ်ခွင့် မပေးတော့ပေ။ နည်းပြည်ရောက်ဖို့သော ကံတို့ကိုမူကား မတားမြစ်နိုင်ပေ။ မကန်တော့ဘဲ သေသွား ခဲ့လျှင်လည်း ငရဲ–ပဋိသန္ဓိကို ပေးသည်ဟု ကျမ်းဂန်တို့၌ ဖော်ပြကြသည်။

## အရိယူပဝါဒကံ ဖြစ်တတ်ပုံ

ရှေးအခါက လေနာဖြင့် နှိပ်စက်ခံနေရသော ရဟန္တာတပါးသည် နံနက် စောစော ရွာသို့ဆွမ်းခံဝင်သွားသည်။ ရှေ့ဦးစွာဝင်သောအိမ်မှ ပူနွေးသော'ယာဂု' ဆန်ပြုတ်ဆွမ်းကိုရခဲ့သည်။ ရဟန္တာ ကိုယ်တော်သည် လေနာရောဂါအတွက် ဆေး ဖြစ်သည်ဟု ပူနွေးသော ဆန်ပြုတ်ကို ထိုအိမ်၏ အထွက်ဝ၌ ပုံထားသော ထင်းတုံး များ အပေါ်မှာထိုင်လျက်၊ သပိတ်စောင်းသောက်လေတော့သည်။ ဤသို့သောက် နေစဉ် ရဟန်းတော်တပါးသည် ဆွမ်းခံဝင်လာသဖြင့် အမြင်မတော် ဆန်ပြုတ် သောက်နေသော ကိုယ်တော်ကြီးအား ရဟန်းဂုဏ်မထောက်၊ ဒါလောက်တောင် ငတ်ရသလား၊ အများမြင်ကြရတာ ရှက်စရာကြီး၊ ကိုယ်တော်အစား တပည့်တော် ရှက်လှပါသည်ဟု ကဲ့ရဲ့သွားသည်။ ရဟန္တာကိုယ်တော်ကား ဘာမျှ ပြန်မပြော လိုက်ရပေ။ သို့သော် နေ့ဆွမ်းစားပြီးသော အခါ၊ ရဟန္တာ ကိုယ်တော်သည် ထိုကဲ့ရဲ့သော ရဟန်းထံသို့ ကြွသွားလျက် ထိုရဟန်းနှင့် တွေ့ဆုံလေသည်။ ထိုအခါ ရဟန္တာ ကိုယ်တော်ကြီးက ငါ့ရှင်–ရဟန်းတရားများကို အားထုတ်နေ ပါသလားဟု မေးသည်။ အားထုတ်ပါသည်၊ တပည့်တော် သောတာပန်အဖြစ်သို့

ရောက်ပြီးပါပြီဟု ပြန်လျှောက်သည်။ ရဟန္တာကိုယ်တော်က အို- ဒါဖြင့်ရှေ့ဆက်အားမထုတ်နှင့်တော့ဟု ပြောလေရာ၊ သောတာပန် ကိုယ်တော်က ဘာဖြစ်လို့တုံးဟု ပြန်မေးသည်။ အို- သင် မနက်က ရဟန္တာကို စွပ်စွဲခဲ့၍ အရိယူပဝါဒသို့ ရောက်နေသည်ဟု ပြောသည်။ ထိုစကားကိုကြားရမှပင် သောတာပန် ရဟန်းသည် ရဟန္တာကိုယ်တော်အား ကန်တော့လေသည်။

အထက်ဝတ္ထု၌ အရိယူပဝါဒကံသည် ဖြစ်ပေါ် လွယ်တတ်သဖြင့်၊ သောတာပန် ပုဂ္ဂိုလ်၌ပင် ထိုကံ ဖြစ်ပေါ်တတ်ကြောင်းကို ဖော်ပြလေရာ၊ အခုအခါတွင် အရိယာပုဂ္ဂိုလ်တို့ ရှိနိုင်သောခေတ် မကုန်သေး၊ အားထုတ်သော ပုဂ္ဂိုလ်များသည်း ရှိနေသေးသဖြင့်၊ သူတော်ကောင်း တရားကို အားထုတ်သော ပုဂ္ဂိုလ် တို့အား လွယ်လွယ်ကူကူ-ပေါ့ပေါ့ဆဆဖြင့် မရှုံ့ချမိကြရန် သတိပြုကြ စေလိုပေသည်။ ထို့ပြင် သောတာပန် သကဒါဂါမိချသာမက အနာဂါမိ သေက္ခပုဂ္ဂိုလ်များနှင့် ရဟန္တာ ကိုယ်တော်များသည် မိမိ၏ပင်ကိုယ် ဝါသနာကို မစွန့်မလွှတ်နိုင်ကြောင်း ကျမ်းဂန်တို့၌ ဖော်ပြခဲ့ကြသည်။ ယခုအခါ လူဟုခေါ်ရသော သတ္တဝါတို့ ပြုမူဆောင်ရွက်ကြ သမျှသော အလုပ်ကိစ္စတို့သည် သခါရ လုပ်သားတို့၏ စုပေါင်းဆောင်ရွက်ကြခြင်းသာဖြစ်သည်ဟု အလေ့အလာ ပြုလုပ်ခဲ့ပါလျှင်၊ လောဘရှိသေးလျှင် လောဘနှင့်ဆိုင်သော ကိစ္စတို့ကို ဆောင်ရွက်သည်၊ ဒေါသ ရှိသေးလျှင် ဒေါသနှင့်ဆိုင်သော ကိစ္စတို့ကို ဆောင်ရွက်သည်။ မာနရှိသေးလျှင် မာနနှင့်ဆိုင်သော ကိစ္စတို့ကို ဆောင်ရွက် ကြသည်သာဟု အသိ ရောက်နေလျှင်၊ ကဲ့ရဲ့ လိုသောစိတ် နည်းပါးသွားပေလိမ့်မည်။

တဖန် မိမိကိုယ်တိုင် အရိယာ အဆင့်အတန်းသို့ ရောက်ရှိနေပြီဟု ယူဆသော ပုဂ္ဂိုလ်တို့အတွက် ဗုဒ္ဓကိုယ်တော်သည် 'သေက္ခပရိဟာန' တရားများဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်များဖြင့် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်၊ သေက္ခ ပုဂ္ဂိုလ် ဟူသည် လေ့ကျင့်မှုမကုန်သေး၊ အဆုံးသို့မရောက်သေးသော သောတာပတ္တိမဂ်မှ အရဟတ္တမဂ်တိုင်အောင် အသိ အစဉ် သွားနေသော ပုဂ္ဂိုလ် ၇ မျိုးကို ခေါ်ဆိုပါသည်။ သေက္ခပုဂ္ဂိုလ်တို့၏ ဆုတ်ယုတ်ကြောင်း တရားများဟု ပြဆိုခဲ့သော်လည်း၊ သောတာပန်သည် ပုထုဇဉ်အတန်းသို့ ပြန်လည်ကျရောက် ဆုတ်ယုတ် သွားခြင်း မဟုတ်ပေ။ တိုးတက်နိုင်သော အခြေအနေ အခွင့်အရေးပျှပြင့် ပြည့်စုံ ကုံလုံ နေလေရာ၊ မတိုးတက်ဘဲ ရောက်ရာအဆင့်အတန်း၌ ကြာရှည်စွာရပ်တည်အောင် ဆောင်ရွက်နေခြင်းတို့ကို 'သေက္ခပရိဟာနတရား' ဟု ခေါ်ပါသည်။

ဗုဒ္ဓကိုယ်တော်၏ ဆိုလိုရင်းမှာ အတိမ္မာပညာအရ သောတာပန် အဆင့်သို့ ရောက်ပြီးသော သခါရလုပ်သားအစုသည် ရဟန္တာအပြင်သို့ရောက်အောင် တဘဝ

တည်း အားထုတ်နိုင်သော အရည်အချင်းနှင့် ပြည့်စုံနေလေပြီ။ဆက်လက် အားထုတ်ကြပါဟု ဆိုလိုသည်။ သို့သော် သင်္ခါရလုပ်သားအစု အမျိုးမျိုးတို့သည် မရေမတွက်နိုင်သော ဇာတိတို့ဖြင့် ကာမအာရုံတို့နှင့်ပူးတွဲကာ ဆောင်ရွက် ခဲ့ကြသော အလေ့အကျင့်များ လွှမ်းမိုးနေသဖြင့်၊ထိုအကျင့်ပါ- အလေ့ရနေသော သင်္ခါရ လုပ်သားတို့၏ လုပ်ငန်းတို့ကို ဖေါ်ပြကာ ဆုံးမဩဝါဒများ ပေးခဲ့ခြင်းဖြစ်လေသည်။

ဒုကနိပါတ်, အင်္ဂုတ္တိုရ်ပါဠိတော်၌၊ အို—ရဟန်းတို့ ၂—ပါးသော တရားတို့သည် သေက္ခခေါ်သောဒါတ်အစု၏ မတိုးမတတ် ဆုတ်ယုတ် တည်တန့် နေအောင်ပြုလုပ်ဆောင်ရွက်နေသော တရားများ ဖြစ်ကြသည်။

၁။ ကောဓေါစ-အမျက်ထွက်ခြင်းဝင်း၊ ဥပနာဟောစ—ရန်ငြိုးဖွဲ့ခြင်းဝင်း။

၂။ မက္ခောစ-ကျေးဇူးချေဖျက်ခြင်းဝင်း၊ ပလာသောစ—ဂုဏ်ပြိုင်ခြင်းဝင်း။

၃။ ဣဿာစ-ငြူစူခြင်းဝင်း၊ မစ္ဆရိယဉ္စ—ဝန်တိုနှမြောခြင်းဝင်း။

၄။ မာယာစ-လှည့်ပတ်ခြင်းဝင်း၊ သာဌေယျဉ္စ—စဉ်းလဲ ကောက်ကျစ်ခြင်းဝင်း။

၅။ အဟိရိကဉ္စ,အနောတ္တပ္ပဉ္စ—မကောင်းမှုမှ မရှက်မကြောက်ခြင်းဝင်း။

အစုံအားဖြင့် ၅မျိုး၊ အစိတ်အားဖြင့် ၁၀-မျိုးဖြစ်သော ဤတရားတို့သည် သင်္ခါရ လောကသို့ အာရုံမထား အလေးမပြုသော အရိယာတို့၏ဆုတ်ယုတ်ကြောင်း တရားများဖြစ်လေသည်။ အရိယာတို့၌ ဤတရား ၁၀—မျိုးတို့ ဖြစ်ပေါ်သော်လည်း သင်္ခါရအဆင့်အတန်း၌သာလျှင် ဖြစ်ပေါ်ကြသဖြင့်၊ အဘိသင်္ခါရ အဆင့်အတန်းသို့ မရောက်ကြသောကြောင့်၊ ကမ္မဘဝသို့ မရောက်နိုင်ကြဟု သတိပြုကြ ပါလေ။သင်္ခါရလုပ်သားတို့ ထင်ရှားသော သင်္ခါရ သုံးဆင့်ကို လေ့လာ ဘူးပါလျှင် ကောင်းစွာနားလည် သဘောပေါက်လိမ့်မည်။

တဖန် ပဉ္စင်္ဂုတ္တရ ပါဠိတော်၌ပြသော သေက္ခပရိဟာန တရား ၅—မျိုး....

၁။ ကမ္မာရာမတာ—အလုပ်သစ်, အမှုကိစ္စ အသစ်အသစ်တို့ကို ဆောင်ရွက်ပျော်မွေ့သောစိတ်၊ဤစိတ်သည် အများကောင်းစားရေးနှင့်ဆိုင်သော ရဟန်းသံဃာတော်များ၏အလုပ်, လူတို့၏ကောင်းရာကောင်းကြောင်းဖြစ်သော ရပ်ကိစ္စ,ရွာကိစ္စ, တိုင်းရေးပြည်ရေးကိစ္စမျိုးတို့၌ ပျော်မွေ့သော စိတ်အစဉ်များဖြစ်ကြသည်။ ပိဗ္ဗိသာရမင်းတို့ ကဲ့သို့ဖြစ်သည်။

၂။ ဘဿာရာမတာ-စကားပြောဆိုခြင်း၌ ပျော်မွေ့ခြင်း၊ အရှင်အာနန္ဒာမထေရ်တို့ကဲ့သို့ တရားစကားပြောဆိုနေခြင်းဖြင့် ပျော်ရွှင်စွာနေသော စိတ်အစဉ်များဖြစ်သည်။

၃။ နိဒ္ဒါရာမတာ — အိပ်ကြူး ခြင်း၌ မွေ့လျော်ခြင်း၊ အိပ်ပျော် ခြင်း၏ အရသာကို အိပ်ကောင်းနေတုံးမှာ မသိကြသော်လည်း၊ အိပ်ရာမှ နိုးစ အိပ်ရေးမဝဟူ၍ ဆက်ကာဆက်ကာ အိပ်ပျော် မှု၌ မွေ့လျော်သော စိတ်အစဉ်၊ ထိနမိဒ္ဓ ကောသဇ္ဇ ဘတ္တသမ္မဒ ထိုင်းမှိုင်းပျင်းရိ ပေါ့တန် လျက် ထမင်းဆီရစ်မှု၌ ပျော်မွေ့ခြင်း။

၄။ သင်္ဂဏိကာရာမတာ—သီတင်းသုံးဖော် အပေါင်းအသင်းတို့နှင့် ယှဉ်ဘဲ့ ပေါင်းသင်းနေခြင်း၌ မွေ့လျော်ခြင်း၊ ဤသဘောတရားမှာ လူတို့၌ ထင်ရှားသော အလေ့ဖြစ်သည်။

၅။ ယထာဝိမုတ္တံ စိတ္တံ နပစ္စဝေက္ခတိ -ဖြစ်ပေါ်ခဲ့သော မဂ်စိတ်က ပယ်သတ် သွားသဖြင့် လွတ်သွားသောသံ်ါရ လုပ်သား သဘောတရား များနှင့် ကျန်နေသေးသော သံ်ါရလုပ်သား သဘောတရား တို့ကို တဖန်ပြန်၍ မစီစစ် မဆင်ခြင်ခြင်း၊ ဤနောက်ဆုံးအပြစ်သည် သေက္ခ ဖြစ်သော အရိယာတို့အတွက် အရေးကြီးသော အင်္ဂါတရပ်ဖြစ်သည်။ မိမိကိုယ် တိုင် သိပါသည်၊ အပရပစ္စယော သတ္ထုသာသနေ ဟု ဝန်ခံ ထား သော်လည်း၊ ကိုယ်တိုင်သိ တရား သဘောကို့ကို ခဏခဏ မစောကြော မစစ်ဆေးခြင်းကြောင့် အထက်အင်္ဂါ ၄ ပါး ဖြစ်သော အပြစ်တို့ ဖြစ် ပေါ်ကြရသည်။ စစ်ဆေး နိုင်သော ပညာနှင့် ပြည့်စုံ ပါသော်လည်း အခြားသော သံ်ါရ လုပ်သားတို့၏ အလိုသို့ လိုက်နေသော စိတ်အစဉ် ဖြစ်လေသည်။

အတိုချုပ် အနိပ္ပါယ်ဖြင့် ဖော်ပြရလျှင်၊ သေက္ခပုဂ္ဂိုလ်တို့သည် အဘိသံ်ါရ အဆင့်သို့ မရောက်သော ပျော်မှု—ရွှင်မှု ဟူသမျှကို သူတို့၏ စိတ်ကျင့် ပါလေတိုင်း ဆောင်ရွက်ခြင်းကို ဗုဒ္ဓကိုယ်တော်သည် နှစ်သက်တော်မမူ။ အရဟတ္တမဂ်သို့ တဆက် တည်း တဘဝတည်းမှာ ရောက်စေလိုသဖြင့်၊ ဆုတ်ယုတ်ကြောင်း တရားများဟု အပြစ်ပြတော်မူခဲ့လေသည်။

တဖန် ဆက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌၊ သေက္ခပရိဟာန တရား ၆–မျိုး ဟောပြောခဲ့ပါသည်။ ထို ၆–မျိုး ပြရာ၌ ၁–၂–၃–၄–တို့သည် အထက် ဖော်ပြ ခဲ့သော ၅–ပါးတွင် ပါဝင်သော ၄–မျိုးပင် ဖြစ်သည်၊ ဤ၌ ၅– နံပါတ်မှာ ဣန္ဒြိယေသုအဂုတ္တဒွါရတာ ဖြစ်လေသည်၊ ဣန္ဒြိယဆိုသည်မှာ ရုပ် ခန္ဓာကိုယ်ကြီး၌ ထင်ရှားပေါ်လွင်နေသော (၁) မျက်စိအမှုအရာ (၂)နားအမှုအရာ (၃)နှာခေါင်း အမှုအရာ (၄) လျှာတို့၏ အမှုအရာ (၅) ကိုယ်နှုတ်အမှုအရာ (၆) စိတ်အမှုအရာ

ဤခြောက်မျိုးကိုဆိုသည်။ ၎င်း ၆–မျိုးသည် သူတော်ကောင်းတို့ ထိန်းသိမ်း စောင့် ရှောက် ထားအပ်သော ဝတ္တုများဖြစ်၍ ဣန္ဒြိယခေါ်သည်။လောက၌ ဤအရာဝတ္တု ၆-မျိုးသည် သင့်မသင့် ·တော်မတော်သော အကောင်း အဆိုး ၂–မျိုးကို ဖေါ်ပြ တတ်သော ဝတ္တုပစ္စည်းများဖြစ်သည်။ကောင်းမှု ဆိုးမှု ခေါ်သော သဘောတရား တို့သည် ဤဝတ္တုပစ္စည်း ၆ ·မျိုးကို အစွဲပြုကာ လောက၌ ပေါ်လွင် ထင်ရှားကြရ သည်။

မျက်စောင်းထိုးခြင်း၊ကြည်လင်သောမျက်စိဖြင့်ကြည့်ရှုခြင်း စသောအမူအရာ အမျိုးမျိုးတို့သည် စက္ခုန္ဒြေဖြင့် ထင်ရှားသော အလုပ်များဖြစ်ကြသည်။

မကြားသင့်သောစကားတို့ကို ကြားလိုခြင်း၊ ကြားသင့်သော စကားတို့ကို မကြားလိုခြင်းတို့သည် သောတိန္ဒြေဖြင့် ထင်ရှားသော လုပ်ငန်းများ ဖြစ်ကြသည်။

မနမ်းသင့် မရှူသင့်သောဌာန ကာလတို့၌ နမ်းရှုံခြင်း၊ မနမ်း သင့်သော အရာဝတ္တုတို့၌ နမ်းရှုံခြင်းတို့သည် ဃာနိန္ဒြေဖြင့် ထင်ရှားသော လုပ်ငန်းများဖြစ် ကြသည်။

မစားသင့်သောအရသာကို စားခြင်း၊စားသင့်သောအရသာတို့ကို မစားခြင်း စသည်တို့သည် ဇိဝှိန္ဒြေတို့ဖြင့် ထင်ရှားသောလုပ်ငန်းများ ဖြစ်ကြသည်။

ပြောသင့်သည်ကို မပြော၊ မပြော သင့်သည် တို့ကို ပြောဆိုခြင်း၊ ပြုသင့် သည်ကို မပြု၊ မပြုသင့်သည်ကိုပြုခြင်း စသည်တို့သည် ကာယိန္ဒြေဖြင့် ပေါ်လွင်ထင် ရှားသော လုပ်ငန်းများဖြစ်ကြသည်။

ကြံစည်စဉ်းစားသင့်·မသင့် စသည်တို့သည် မနိန္ဒြေဖြင့် ပေါ်လွင်ထင်ရှား သော လုပ်ငန်းများဖြစ်ကြသည်။

ဤသဘောအမူအရာတို့သည် အရိယာတို့၌ ပေါ်လွင်ထင်ရှားသည်။သို့သော် ကမ္မဘဝသို့ရောက်သည်၊ မရောက်သည်တို့ကို အမူအရာရှင် ဖြစ်သော အရိယာတို့ သာလျှင် သိနိုင်သည်။ ပုထုဇဉ်ပုဂ္ဂိုလ်တို့ သိနိုင်ခဲသည်။

ထို့ကြောင့် မိမိကိုယ်ကို အရိယာဟု ယုံမှတ် ယူဆသော ယောဂီတို့သည် ဤအမူအရာတို့အတွက် ကမ္မဘဝ-ကမ္မပထ ရောက်သည်, မရောက်သည် စသည်တို့ကို ဆင်ခြင်စဉ်းစားသောအားဖြင့် လေ့လာရသည်။

နံပါတ် ၆–မှာ ဘောဇနေအမတ္တညုတာ ဖြစ်သည်။

သေက္ခတို့သည် အစာကိုသုံးဆောင်ရာ၌ အတိုင်းပမာဏကို မသိတတ်ဟု ဆို လိုသည်။

No, 36

ဗုဒ္ဓအရှင်၏ ဆိုလိုရင်းမှာ ဆွမ်းစသော အာဟာရတို့ကို စားသုံးသောအခါ ဤအစာကို လှပတင့်တယ်အောင် မစား၊ ပျော်ရွှင်မြူးတူးရအောင် မစား၊ ကိုယ်ခန္ဓာ မျှတခြင်းငှါ စားသည်၊ မြတ်သောအကျင့်တရားကို ဆက်လက်ကျင့်နိုင်ခြင်းအကျိုး ငှါ စားသည်၊ စသည်ဖြင့် ဆင်ခြင်လျက် စားစေလိုသည်။ သို့သော် မဆင်ခြင်ဘဲ အစာ၏ အရသာတို့ကို ခံစား၍ စားသော အပြစ်ကိုဆိုသည်။

ထို့ပြင် အင္ဂုနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်၌ သေက္ခပရိဟာနတရားကို အရေ အတွက်အားဖြင့် ၈-ပါးဟု ဖော်ပြသည်။ ၈-ပါးဟူသည် အထက်ဖော်ပြ ခဲ့သော ၆—ပါးနှင့် ၇-နံပါတ် သံသဂ္ဂရာမတာ—

(က) ကာမအာရုံတို့ကို ရှုမြင်ခြင်း၌ မွေ့လျော်ခြင်း။

(ခ) သီချင်းစသော ကာမအာရုံတို့ ကြားခြင်း၌မွေ့လျော်ခြင်း။

(ဂ) မိန်းမ-ယောကျ်ားစသော ဝိသဘာဂအာရုံတို့နှင့် ပြောဆိုနေခြင်း၌ မွေ့လျော်ခြင်း။

(ဃ) ဝိသဘာဂအာရုံတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း၌ မွေ့လျော်ခြင်း။

(င) ဝိသဘာဂ ဖို-မ သဘောဖြင့် ကိုယ်လက်နှီးနှောခြင်း။
ဤ ၅-မျိုးသော ဆက်သွယ်မှုမျိုးဖြင့် ပျော်မွေ့နေသည်။

နံပါတ်(၈) ပပဉ္စာရာမတာ- ကာမတရားတို့အတွက် အကျယ်ချဲ့ထွင်မှု၌ မွေ့ လျော်ခြင်း၊ ဤသို့ ၈-မျိုးဖြစ်သည်။

မိမိကိုယ်ကို သေက္ခအရိယာဟု ယူဆ ထင်မြင် နေသော ယောဂီ တို့သည် အထက် ဖော်ပြခဲ့သော အမှုကိစ္စတို့နှင့် တွေ့ဆုံကြုံကြိုက်သောအခါ၊ ဖြစ်ပေါ်လာ သော စိတ်အစဉ်တို့ကို စစ်ဆေးလျက်၊ မိမိ၏ သေက္ခ အကျင့်တို့ကို တိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေသတည်း။

★

# အခက်ကြီး ၄-မျိုး အကြောင်း

သစ္စံသတ္တော ပဋိသန္ဓိ
ပစ္စယာကာရ မေဝစ
ဒုဒ္ဒသာစတုရော ဓေတော
ဒေသေတုံစ သုဒုက္ကရာ။

**အသိခက်သော သစ္စာတရား ၄—ပါး**

(၁) အရိယာသစ္စာတရားလေးပါး။

(၂) သတ္တဝါအစဖြစ်ပေါ်ပုံ။

(၃) ကမ္ဘာဝမှ ဇာတိသို့ရောက်ပုံ၊ ပြောင်းလဲပုံ။
ဤသဘောတရားသည် လက်ရှိဘဝမှ နောက်ဘဝသို့ ကူးပြောင်းပုံကို ဆိုသည်။ ယခုအခါ ပင်ကိုယ်ဉာဏ်သက်သက်ကို အားကိုး အားထား ပြုသူတို့ ယုံမှားကြသော သဘောတရားဖြစ်သည်။ နောက်ဘဝ ရှိမရှိ သဘောတရားဖြစ်သည်။

(၄) သင်္ခါရလုပ်သား ၇၁ -ပါးတို့ အချင်းချင်း အကြောင်းအကျိုး ဆက်သွယ်ကြသော ပဋိစ္စသမုပ္ပါဒ် သဘောတရားများ။

ဤလေးပါးသော သဘောတရားတို့သည် သိနိုင်ခဲ၊ မြင်နိုင်ခဲသော သဘောတရားတို့ ဖြစ်ကြသည်။ သူတပါးကို နားလည်အောင် ဟောပြောပြရန် ပိုမိုခဲယဉ်းသည်ဟု အဋ္ဌကထာဆရာ မိန့်မှာ ခဲ့လေသည်။ သို့သော်လည်း ဤတရား လေးပါးသည် မသိနိုင်သောတရားများ မဟုတ်ကြပေ။ ဝီရိယ ပညာတို့ဖြင့် စံနစ်တကျ လေ့လာသော ပုဂ္ဂိုလ်တို့သည် ထိုတရားလေးပါးကို သိနိုင် ကြပေသည်။

ဤအခက်ကြီး ၄—မျိုးသည် သင်္ခါရလုပ်သားတို့ ဆောင်ရွက် နေကြသော သင်္ခါရလောက၌ ပေါ်လွင်ထင်ရှားကြသည်။ လူတို့၏အသိသည် သင်္ခါရလောကသို့ မရောက်ကြ။ အရေခြုံဖြစ်သော သတ္တလောက၌သာလျှင် ပြေးလွှား ကျက်စားနေ

ကြသည်။ လောဘ, ဒေါသ စသော အကုသိုလ် စေတသိက် ၁၄–မျိုးတို့သည် စိတ္တသန္တတိအစဉ်၌ အရှိန်အဟုန် ကြီးထွား ထက်သန်လာကြသော အချိန်အခါမှ အစပြု၍၊သတ္တဝါတို့၏ သိစိတ်သည် သင်္ခါရ လောကသို့ အသိမရောက်ဘဲ၊ငါ-သူ စသော အစွဲဖြင့် အာရုံတိုင်းသို့ ပြေးဝင် အသိလုပ်ကြသည်။ ဗုဒ္ဓကိုယ်တော် ဘုရားအဖြစ်သို့ ရောက်တော်မူစအခါ တရားမဟောလိုဟူသော အကြံဖြစ်ရသည်မှာ–

(ရာဂ ဒေါသာ ပရေတေဟိ၊ နာယံဓမ္မော သုသမ္ဗုဓော)

သတ္တဝါခေါ်သော ဓါတ်အစုအစုတို့ကို လောဘစိတ်အစဉ်,ဒေါသစိတ်အစဉ်တို့က နှိပ်စက် ညှဉ်းဆဲနေသောကြောင့်၊ သတ္တဝါတို့သည် ဤသိမ်မွေ့သော သန္တတိဓါတ်ကို အသိရောက်ရန် မလွယ်ကူလှပေ–ဟူသော အကြောင်းပြချက် ပါဝင်လေသည်။

ယခုအခါ ဗုဒ္ဓဘာသာ ရဟန်းတော်များကျောင်းတို့၌ ဗုဒ္ဓအရှင်၏ အဘိဓမ္မတရားတို့ကို လေ့လာကြသည်။ အဘိဓမ္မပညာကို လေ့လာကြရန် သင်္ဂြိုဟ်ကျမ်းဖြင့် သင်္ခါရလုပ်သား ၇၁–မျိုးတို့ကို စိတ်,စေတသိက်,ပကိဏ်း ရုပ်ပိုင်းတို့ဖြင့် သရုပ်ခွဲကြသည်။ သရုပ်ကွဲသော ပုဂ္ဂိုလ်တို့ကိုလည်း အများအစား တွေ့ရသဖြင့် ဝမ်းမြောက်စရာ ဖြစ်ပေသည်။ သို့သော်လည်း သရုပ်ခွဲသော ပုဂ္ဂိုလ်များနှင့် သရုပ် ကွဲသော ပုဂ္ဂိုလ်တို့သည် မိမိတို့၏သိစိတ် မတူညီကြပေ။ သင်္ခါရလုပ်သားတို့၏ အမည်များနှင့် လုပ်ငန်းများကိုကား မိမိတို့၏သိစိတ်အစဉ်ဖြင့် မှတ်သားထားကြလေသည်။ သင်္ခါရလုပ်သားတို့၏ ပေါင်းစပ်ပုံများနှင့် ယှဉ်ဘွဲ့ပုံများကို မှတ်မိကြသည်။ ထိုသင်္ခါရလုပ်သားတို့၏ စုပေါင်းလုပ်ငန်းဖြစ်သော ပဋိသန္ဓေ–ဘဝင်စသော ကိစ္စ ၁၄–မျိုးတို့ကိုလည်း မှတ်မိကြသည်။ ရုပ်ကလာပ များနှင့် စိတ္တတို့၏ ဥပစယလက္ခဏာ,သန္တတိလက္ခဏာတို့ကိုလည်း မှတ်သားမိကြသည်။ ဤမျှ မကသော အမှတ်သတိ တို့ဖြင့် အဘိဓမ္မ ပညာကို လေ့လာ ကြသော်လည်း၊ သင်္ခါရလောကကို မူကား သတိရကြဟန် မတူကြပေ။

ထမင်းအိုးကို မွှေနေရင်း ယောက်မသို့ အသိမရောက်ဘဲ မေ့သကဲ့သို့၊ ဟင်းရည်ခပ်ရင်း ဇွန်းကို မေ့သကဲ့သို့ ဖြစ်ပုံ တူဟန်ရှိသည်။

အဘယ်ကြောင့် ဤမျှမေ့တတ်ကြပါသနည်း။

သရုပ်ခွဲသော စိတ်အစဉ်, သရုပ်ကွဲအောင် လေ့လာနေသော စိတ်အစဉ်၌ လောဘ, ဒေါသ စသော အကုသိုလ် စေတသိက်တို့ ပါဝင်ကြမည် မဟုတ်ပေ၊ ကုသိုလ်စိတ်အစဉ်သာလျှင် ဖြစ်ပေါ်ပေမည်။ဖြစ်ပေါ်နေသောကုသိုလ်စိတ်အစဉ်ဖြင့်

သင်္ခါရ လောကကို မေ့နေရခြင်း အကြောင်းပဓာနသည် မိရိုးဖလာ အသိ၏ စွဲ သန်မှုကြောင့် ဖြစ်ပေလိမ့်မည်။ မိရိုးဖလာ ဗုဒ္ဓဘာသာတို့၏ အသိ၌ အဘိဓမ္မ ပညာသည် အလွန်ခက်သည်၊ သာမန်လူတို့ သို့မဟုတ် ပါရမီနည်းသူတို့ သိနိုင် သော သဘောတရား မဟုတ်ဟု စွဲလမ်းနေကြသည်၊ အချို့ ပုဂ္ဂိုလ်များမှာ အဘိ ဓမ္မကို မသင်မီကပင် ဤအစွဲရှိကြသည်။ သင်တုန်း သင်ဆဲအခါ၌လည်း ခက်သည်ဟု အယူအစွဲ ရှိလေသည်။ သင်ပြသော ဆရာများကလည်း အဘိဓမ္မ သဘောတရား သည် အသိ ခက်သည်ဟု ပြောကြပြန်သည်။ အသိ ခက်ခြင်းနှင့် မသိနိုင်ခြင်းသည် သဘောတရား တမျိုးစီဖြစ်ရာ၊ အသိခက်ခြင်းသည် မသိနိုင်သော သဘောတရား များဟု ယူဆလျက် သိစိတ်အရှိန် တွန့်ဆုတ် နေလေတော့သည်။ ‘အသိခက်’ကို သိ အောင်လုပ်က သိနိုင်သည်။ ‘မသိနိုင်’ကို သိအောင်လုပ်၍ မရတော့ပေ။

အမှန်အားဖြင့် ဗုဒ္ဓအရှင်၏ အဘိဓမ္မသည် မသိနိုင်သော သဘောတရား မဟုတ်ကြပေ။ သိမ်မွေ့ နက်နဲသဖြင့် အသိအရောက်ခက်သော သဘော တရားများ သာလျှင် ဖြစ်ကြလေသည်။ အသိခက်သော်လည်း မိမိတို့၏ အသိရောက်နိုင်ရန် အဇ္ဈတ္တိက သန္တတိခေါ်သော ဤတလံမျှသော ကိုယ်ကောင်ကြီး၌ ရှိပါသည်ဟု ဗုဒ္ဓ အရှင်က ညွှန်ကြားခဲ့လေသည်။

ကာယဝိညတ်, ဝစီဝိညတ် စသော ဝိကာရ တရားတို့သည် ဤကိုယ်ကောင် ကြီး၌ နေ့စဉ်နေ့တိုင်း ပေါ်လွင် ထင်ရှားနေကြရာ၊ ထိုဝိကာရ တရားတို့ကို လက် တွေ့ အနေဖြင့်မကြာမကြာလေ့လာပါလျှင်၊သင်္ဂြိုဟ်ကျမ်း၌ သရုပ်ခွဲထားသော စိတ်, စေတသိက် တရားများနှင့် ဥပစယ-သန္တတိတို့သို့ အသိရောက်နိုင်ပေမည်။ ဥပစယ- သန္တတိ အစဉ်ဖြင့် စုပေါင်း ဆောင်ရွက်ကြသော သင်္ခါရ လုပ်သားတို့၏ ကိစ္စ-၁၄ မျိုးကိုလည်း သဘောပေါက် နားလည်ပေမည်။ ဤနည်းဖြင့် လေ့လာပါလျှင် ဝိကာရ တရားတို့နှင့် သင်္ခါရလုပ်သားတို့၏ ဆက်သွယ် ပေါင်းကူးကြပုံ အတွက် အသိ ရှင်းလင်းကာ သင်ယူရသော နိဿရဏတ္ထ အကျိုး သက်ရောက်ပေမည်။ ဗုဒ္ဓ အရှင်၏ အဘိဓမ္မ ပညာသည် အရပ်တိုင်း,လူတိုင်း, သတ္တဝါတိုင်းတို့၌ နေ့စဉ် ဖြစ် ပေါ်ကြသော သဘောတရားတို့ကို လက်တွေ့အားဖြင့် ပြသညွှန်ကြားသော ပညာ ကြီး တရပ်ပါတကားဟု မိမိ၏အသိ ရောက်သမျှဖြင့် ကျေနပ် နှစ်သိမ့် နေပေလိမ့်မည်။ ဗုဒ္ဓအရှင်၏ အဘိဓမ္မသည် ယုံကြည်မှု သက်ဝင်ကာမျှဖြင့် အဆုံးသတ်ရသော ပညာ မဟုတ်။ မပျင်း မရိ လေ့လာပါမှ အသိမှန် တိုးတက်လျက် ဆောင်ရွက်ဘွယ် ကိစ္စ တို့ အဆုံးသတ်နိုင်သော ပညာတရပ်ဟု ကျေနပ်ကြရ ပေလိမ့်မည်။ ဗုဒ္ဓကိုယ် တော်၏ ဂုဏ်တို့သည်လည်း သိစိတ်အစဉ်၌ ပေါ်လွင် ထင်ရှားသဖြင့်၊ သဗ္ဗညုတ ဉာဏ် ခေါင်းဆောင်သော ခန္ဓာဓါတ်အစုသို့ အသိ သက်ဝင် သွားပေလိမ့်မည်။ အကောင်အထည် အစွဲဖြင့် ဗုဒ္ဓအရှင်အား အသိ ရောက်တော့မည် မဟုတ်ပေ။

အဘိဓမ္မပညာသည် အလွန် ခက်သည်ဟူသော အစွဲ ပါရမီ နည်းပါးသူတို့ အသိ မရောက်နိုင် ဟူသော အစွဲ မိမိကိုယ်တိုင်က ပါရမီနည်းသူ....စသော အစွဲပေါင်း များစွာတို့က ဝန်းရံ ဆီးကာလျက်၊ အဝိဇ္ဇာ အမှောင်ဓါတ်ကြီး၏ ဖုံးလွှမ်းမှုကို ခံယူထားသော သရုပ်ခွဲ ကုသိုလ်စိတ်တွင် ပါဝင် ပေါင်းစပ်နေသော ပကတိရိုးရိုး သတိတရားသည် သင်္ခါရ လောက ဟင်းအိုးကြီးကို မွှေနှောက်နေသော ဝီရိယ-လက်, ပညာ-ယောက်မတို့ကို မေ့လျော့ကာ အမှတ်သညာ အမျိုးမျိုးတို့ဖြင့် သင်္ခါရ လုပ်သားတို့၏ သရုပ်ခွဲ ကိစ္စကို ဆောင်ရွက် နေကြလေတော့သည်။

ဗုဒ္ဓအရှင်၏ သာသနာ နှောက်ပိုင်း၌ ဗုဒ္ဓဘာသာဝင်တို့သည် သိမ်မွေ့သဖြင့် အသိခက်သော တရားတို့ကို ကိုယ်ပိုင်ဉာဏ်, ဝီရိယတို့ဖြင့် သိအောင် ကြိုးစားအားထုတ်မှု လုပ်ငန်းများ ဆုတ်ယုတ် လျော့ပါးလာကြဟန် တူသည်။ ကိုယ်ပိုင် ဉာဏ်ကိုလည်း အသုံးမပြုဘဲ၊ ကြိုးစားမှု ဝီရိယ နည်းပါးသော သူတို့သည် မိမိတို့၏ ဉာဏ်, ဝီရိယ နည်းပါးမှုတို့ကြောင့်၊ သူများပြောသမျှ စကားလုံး တို့ကိုသာလျှင် ယုံကြည် သက်ဝင်ကြရလေသည်။ ယင်းသို့ ယုံကြည်မှု ရှေ့သွားဖြင့် ဘာသာရေး ကိစ္စတို့ကို လေ့လာသောသူတို့သည် ဘာသာအတွက် သိမ်မွေ့ နက်နဲသော သဘောတရားတို့သို့ အသိမရောက်တော့ဘဲ၊ လုပ်ရိုးလုပ်စဉ် အလေ့အကျင့်တို့ဖြင့်သာလျှင်၊ ကျေနပ်ကြရလေသည်။ ဤနည်းဖြင့် မိရိုးဖလာ အလေ့အကျင့်ကို စွဲလမ်းသော ဗုဒ္ဓဘာသာတို့ များစွာ ပေါ်ပေါက်လာကြရလေသည်။

ဝိနည်း ဒေသနာ၌ ဖော်ပြသော 'အာစိဏ္ဏကပ္ပ' ဟူသည် ဆရာ စဉ်ဆက် ဆောင်ရွက် လေ့ကျင့်သော အယူအဆ စသည် တို့ကို ဆိုသည်။ အာစိဏ္ဏကပ္ပသည် တချို့တလေ မှန်သည်၊တချို့တလေ မှားသည်ဟုလည်း ဖော်ပြခဲ့သည်။ ထို့ကြောင့် အာစိဏ္ဏကပ္ပဖြစ်သော အလေ့အကျင့် အယူအဆတို့ကို ကြီးစွာသော အစွဲအလမ်း မထားသင့်ကြပေ။ ပဥ္စင်္ဂုတ္တရ ပါဠိတော်၌၊ အို—သာရိပုတ္တရာ...သဒ္ဓိန္ဒြေကို ပွားများ အားထုတ်နေသောသူသည် မသေသော သန္တိတရား၌ အဆုံးသတ် ရောက်နေသည် ဟူသော သဘောတရားကို သင် ယုံကြည်ပါသလားဟု ဗုဒ္ဓအရှင်က မေးတော်မူခဲ့သည်။ ထိုအခါ အရှင်သာရိပုတ္တရာသည်၊ အို—မြတ်စွာဘုရား....ဤသဘောတရားသို့ အရှင့်အား ယုံကြည်ကိုးစားသဖြင့် တပည့်တော် အသိ မရောက်ပါဟု ပြန်ကြားလျှောက်ထားခဲ့သည်။ အဓိပ္ပါယ် ရှင်းရှင်းမှာ— တပည့်တော်သည် ထိုတရားတို့ကို ကိုယ်တိုင်သိ မျက်မှောက်ပြုထားပါသည်။ မြတ်စွာဘုရားကို ယုံကြည် ကိုးစား၍ သိနေသော အသိမဟုတ်ပါဟု လျှောက်ထားခြင်းဖြစ်လေသည်။ မြတ်စွာဘုရား....ယခုအခါ တပည့်အဖြစ် ခံယူ ကြသောသူတို့သည် ရှေ့ဆောင် ဆရာ၏ ပြောသမျှဖြင့် သဘောတရားတို့ကို ယုံကြည်သူ များကြပါသည်။ ဗုဒ္ဓအရှင်၏ အဆုံးအမညွှန်ကြားချက် ဩဝါဒတို့သည် ယုံကြည် သက်ဝင်ရုံမျှဖြင့် အဆုံးသတ်သို့ မရောက်နိုင်ပါ။

ကိုယ်တိုင်သိ အဖြစ်သို့ ရောက်မှပင် အဆုံးသတ်ရသော ဩဝါဒ ဖြစ်ပါသည်ဟု လျှောက်ထားလေသည်။

ယခုအခါ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် သူတော်ကောင်းတို့သည် အရှင်သာရိပုတ္တရာ လျှောက်ထားသော စကားအစဉ်ကို လေးလေးစားစား ဆင်ခြင် စဉ်းစားသင့်ကြပေသည်။ မိမိတို့၌သင့်တင့်သော ကိုယ်ပိုင်ဉာဏ်လည်း ရှိကြပါလျက်၊အဘယ်အတွက် ကိုယ်ပိုင်ဉာဏ်ကို အသုံးမပြု ပါသနည်း။ ပညာ၊ စေတသိက်သည် အချို့သော ပဋိသန္ဓေမါတ်အစု၌ ဝိပါက်အဖြစ် ပါဝင်ပေါင်းစပ်၍ အချို့သော ပဋိသန္ဓေဓါတ်အစု၌ မပါဝင်ကြပေ။ ယင်းသို့ ပဋိသန္ဓေအစု၌ မပါဝင်ကြသော်လည်း၊ ပဝတ္တိအခါ အကြောင်း ဇောစိတ်တို့ ပေါ်လာလျှင် အခွင့်အားလျော်စွာ ထိုဇောစိတ်၌ ပညာ စေတသိက် ပေါင်းစပ်ပါဝင်လာနိုင်ပါသည်။ ယုတ်စွအဆုံး အဟိတ် ပဋိသန္ဓေဖြစ်သော တိရိစ္ဆာန်စသော သတ္တဝါတို့၌ပင် ပဝတ္တိအကြောင်းဇောတို့ ပေါ်လာလျှင်၊ အခွင့်အားလျော်စွာ ထိုဇောစိတ်တို့၌ ပညာစေတသိက် ပေါင်းစပ်ပါဝင်လာနိုင်ပေသည်။ ပညာသည် တိဟိတ်ဝဘင် စိတ်အစဉ်နှင့် ပဝတ္တိအခါ ကုသိုလ်ကြိယာဇောစိတ်နှင့် ပေါင်းစပ်နိုင်လေရာ၊ ပဝတ္တိဖြစ်သော ကုသိုလ်ကြိယာ စိတ်တို့၌ ပါဝင်သော ပညာသည်သာလျှင် ရည်ရွယ်သောအကျိုးတရားတို့ သက်ရောက်စေနိုင်သည်။ ဝိပါက်ပညာသည် ပဝတ္တိဖြစ်သော ဇောပညာတို့ကို အထောက်အကူ ပြုနိုင်ရုံမှတပါး အခြား ဘယ်ဟာကိုမျှ မဆောင်ရွက်နိုင်။

ယခုအခါ ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးလုပ်ငန်းမှာ သံသရာလောကသို့ မိမိတို့၏ အသိကို စေလွှတ်ရန်,အရောက်သွားစေရန် အဓိက ဖြစ်လေသည်။ စေလွှတ်ခံရမည့် သိစိတ်သည်လည်း ပဝတ္တိ ကုသိုလ်ဇောစိတ် တို့သာလျှင် ဖြစ်၍၊ အခွင့်အားလျော်စွာ ထိုဇောစိတ်တို့၌ ပညာစေတသိက် ပါဝင်နိုင်လေသည်။ ထိုဇောစိတ်တို့၌ ပညာပါဝင်နိုင်သောအခွင့်ကို သရုပ်ခွဲပြနေသော အဘိဓမ္မဆရာ၏'ပရတောဃောသ' စကားအစဉ်က ပေးနေလေသည်။ ထိုသို့ပေးသောအတိုင်း စကားအစဉ်ကိုမှတ်သားလျက်၊ ထိုစကားအစဉ်က ညွှန်ပြသော သဘာဝတို့ကို အကျိုး အကြောင်း ခွဲခြားသတ်မှတ်သော ယောနိသောမနသိကာရဖြင့် တပည့်က လေ့လာသောအခါ၊ ရှေ့ဦးစွာ သုတမယခေါ်သော ဉာဏ်သည် နာယူသော စိတ်အစဉ်မှာ ပေါင်းစပ်ပါဝင်လာတော့သည်။ ဤသုတမယဉာဏ်သည် သံသရာလောကသို့ သိစိတ်ကိုရောက်အောင်ပို့ပေးမည့် ရှေ့ဦးအစဉာဏ် ဖြစ်လေသည်။

ထိုသုတမယဉာဏ် ပါဝင်သော စိတ်အစဉ်သည် အသံစကားလုံးဖြစ်သော ပညတ်သဘောကို အသိလုပ် အာရုံပြုနေသလော၊သို့မဟုတ် ထိုပညတ်စကားလုံးတို့က ညွှန်ပြနေသော ပရမတ္ထ သဘောတရားကို အသိလုပ် အာရုံပြုနေသလော—ဟု သတိ

ထားလျက် စဉ်းစား ဆင်ခြင်ပါ။ ယင်းသို့ ဆင်ခြင်သော စိတ်အစဉ်မှာ စိန္တာမယ ခေါ်သောပညာ ပေါင်းစပ် ပါဝင်လာသဖြင့်၊ပညတ်သဘောတရားနှင့်ပရမတ်တရား ၂-မျိုးကို၊ မရှိ-အရှိ အခြေခံအကြောင်းဖြင့် ပိုင်းခြားပေးပေလိမ့်မည်။ ထိုအခါ ကိုယ်ပိုင်ဉာဏ် စိန္တာမယသည် သိစိတ်အစဉ်နှင့် ယှဉ်တွဲကာ၊ ပညတ်နှင့် ပရမတ်ကို ခွဲခြားလျက် သင်္ခါရ လောကဘက်သို့ သွားနေ လေတော့သည်။ သုတမယဉာဏ် ပါဝင်သော စိတ်အစဉ်ထက် စိန္တာမယဉာဏ် ပါဝင်သော စိတ်အစဉ်သည် ပညတ်နှင့် ပရမတ်သဘောတရားတို့ကို ပိုမို ခွဲခြား နိုင်လာသည်။ ၎င်းသဘောတရား ၂-မျိုး အာရုံတို့၌ ပိုမို အသိရှင်းလာလေသည်။ လက်တွေ့ လေ့လာသော ဘာဝနာမယ ဉာဏ်ဟူသည် ဤသုတမယ, စိန္တာမယ ဉာဏ်တို့၏ သိပြီးထားသော အာရုံ တို့ကိုပင် ထပ်တလဲလဲ လေ့လာသော ဉာဏ်ဖြစ်သည်။

ယခုအခါ ပရိယတ္တိစကားအစဉ်တို့ကို လေ့လာ အားထုတ်ကြသော ပုဂ္ဂိုလ် တို့၏ စိတ်အစဉ်၌ သုတမယဉာဏ်, စိန္တာမယဉာဏ်တို့သည် ပါဝင်ပေါင်းစပ်ကြမည် သာ ဖြစ်လေသည်။ သို့သော်လည်း ထိုဉာဏ်ပါဝင်သော စိတ်အစဉ်တို့သည် စာ တတ်ချင်သော အစွဲသန်သဖြင့် အကြားအသိ များလိုသောဘက်သို့ ရောက်သွားကြ သည်သာ များကြလေသည်။ ပရိယတ္တိဉာဏ်သည် အကြားအသိများသဖြင့် အလွန်ပင် စည်ပင်ပြန့်ပြူးသောဉာဏ်ဖြစ်၍ ကြီးကျယ် ခိုင်ခန့် နေတတ် လေသည်။ ထိုအခါ သုတမယဉာဏ်,စိန္တာမယဉာဏ်တို့သည် သင်္ခါရလောက အာရုံဘက်သို့ မရောက်နိုင် ကြဘဲ အမျိုးမျိုးသော သုတမယဉာဏ် အာရုံသို့သာလျှင် သက်ဝင် ကျက်စားနေ တတ်ကြလေသည်။ စိန္တာမယ ဉာဏ်သည်လည်း သုတအမျိုးမျိုး အာရုံသို့လိုက်လျက် အာဟာရအစဉ် အမျိုးမျိုး၊ပုဒ်ပဒအမျိုးမျိုး၊ ဝါကျ အမျိုးမျိုးတို့သို့ အသိရောက်ကာ ပညတ်သဘောတရား ရောပြွမ်းသော စကားအနုသန္ဓေတို့ဖြင့်၊ အထွက်, အတက်, စုဒ်,သောဒနာ, အာဘော် စသော အာရုံတို့၌ ပြေးလွှား ကျက်စား နေလေ တော့သည်။ မူလရည်ရွယ်ခဲ့သော သင်္ခါရလောက အာရုံသို့ အသိမရောက်တော့ပေ။

တခါတရံ သင်္ခါရ လောကသို့ အသိရောက်ရန် စဉ်းစားသော စိတ်အစဉ်ကို သုတ,စိန္တာမယ အလေ့အကျင့်ပါနေသော သိစိတ်အစဉ်သည်အနှောက်အယှက်ပေး တတ်သေးသည်။ အာစိဏ္ဏကပ္ပ အစွဲကလည်းရှိနေပြန်သဖြင့်၊ထိုအစွဲအားလျော်သော အသိတို့သည် ဆက်ကာဆက်ကာ ပေါ်လာ နှောက်ယှက် ကြလေသည်။ အဋ္ဌကထာ ဆရာ၏ အာဘော်က ဘယ်လို၊ဋီကာ,ဂဏ္ဌိဆရာတို့၏ အာဘော်ကဘယ့်နှယ်၊ အဘယ် ဆရာတော်ဘုရားကြီး အယူအဆက ဘယ်ပုံ စသော ပုဂ္ဂိုလ်စွဲ, ဆရာစွဲ အသိအစဉ် တို့သည် သင်္ခါရ လောကသို့ သွားနေသော သိစိတ်အစဉ်ကို အနှောက် အယှက်ပေး လျက် ဖျက်ဆီး ပစ်ကြလေသည်။ အနတ္တဝါဒအတွက် ဗုဒ္ဓအရှင်၏ ညွှန်ကြားချက် အာဘော် 'သန္ဓာယဘာသိတ' ကို မူကား မေ့လျော့ပစ်ထား လိုက်ကြတော့သည်။

အမှန်အားဖြင့် ပရိယတ္တိကျမ်းကျင်သော ဉာဏ်ရှင်တို့သည် မိမိတို့ သိစိတ်အစဉ်၌ ပေါင်းစပ်ပါဝင်လာသော ပညာစေတသိက်ကို စူးစိုက်ထိုးဝင်သော ပရမတ်သက်သက် သင်္ခါရ လောကဘက်သို့ ရောက်အောင် မပို့ပေးကြဘဲ သုတ အမျိုးမျိုးတို့ကို အားကိုး အားထားဖြင့် ယုံကြည် သက်ဝင်ကာ၊ ပဋိပတ္တိဉာဏ်ကို ဟန့်တားလျက် ဖျက်ဆီး ကြလေသည်။ ပရိယတ္တိဉာဏ်သည် ပြန့်ကျယ်သဖြင့် ခိုင်ခန့်သော အခြေအနေရှိသော်လည်း၊ ဤဉာဏ်ကို အစွဲသန်သော အားကိုးဖြင့် 'အလဂဒ္ဒူပမာ' လောဘ,ဒိဋ္ဌိ,မာန, ဟူသော 'ဂါဟတ်' သင်္ခါရ လုပ်သားတို့၏ နှိပ်စက်မှုကို ခံယူကြရသည်။ ပဋိပတ္တိဉာဏ် ထက်သန်ပါမူကား သင်ထားသော စာဉာဏ်ပေဉာဏ်တို့သည် နိဿရဏ ထွက်လမ်းကို ပြသပို့ပေးကြလေသည်။

အထက် ဖော်ပြခဲ့သော စကားအစဉ်ကို ဘတ်ရှုကြရသော သူတော်ကောင်း အပေါင်းတို့သည် သင်္ဂြိုဟ်ကျမ်း သရုပ်ခွဲစဉ်, ဝေသင်စဉ်တို့၌ ဖြစ်ပေါ်နေသော ကုသိုလ်စိတ်အစဉ်ကို လေးလေးစားစား နှလုံးသွင်းထား၍ ထိုစဉ်အခါက ဖြစ်ပေါ်ခဲ့သော သုတမယဉာဏ်, စိန္တာမယဉာဏ်တို့၏ အာရုံဖြစ်သော သင်္ခါရ လောကသို့ မိမိတို့၏ အသိ ရောက်သွားအောင်၊ သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာတို့ဖြင့် ကြိုးစားကြစေ လိုပါသည်။ သင်္ခါရလောကသို့ အသိရောက်ရန်မှာ ပဝတ္တိဇောစိတ်၌ ပါဝင်သော ဣန္ဒြေ, ဗိုလ်တရားတို့သာလျှင် ပဓါနတရား ဖြစ်ကြသည်။ အဟိတ်, ဒွိဟိတ် ပဋိသန္ဓေတို့သည် အကြောင်းပင် မဟုတ်ကြပေ။ အပ္ပနာ သမာဓိ-အပ္ပနာ စိတ်သို့ ရောက်အောင် တိဟိတ် ပဋိသန္ဓေပညာက အထောက်အကူ ပေးသည်ဟု ထားပါဦး၊ သင်္ခါရ လောကသို့, သို့မဟုတ် ပရမတ္ထ သစ္စာသို့ အသိ ရောက်ရန်မှာ ဥပစာရ သမာဓိနှင့် ယှဉ်သော ပညာဖြစ်၍ ဒွိဟိတ်ပဋိသန္ဓေ ဖြစ်စေကာ သင်္ခါရပေက္ခာ ဉာဏ်အဆင့်သို့ ရောက်နိုင်ကြပါသည်။ အဘိဓမ္မ ပညာကို ပို့ချသင်ယူသူ များကြသော ဤ မြန်မာနိုင်ငံ၌ အဘယ်ကြောင့် သင်္ခါရ လောကသို့ အသိ မရောက်နိုင်ဘဲ ရှိချိမ့်မည်နည်း။ ဝီရိယနှင့်ပညာကို စံနစ်တကျ အသုံးပြုပါက သင်္ခါရ လောကသို့ အသိရောက်ရမည်သာ ဖြစ်လေသည်။

ဥဒယတ္ထဂါမိနီ ပညာဟူသည် ဥဒယဗ္ဗယသို့ အသိကို အရောက်ပို့ပေးသော သရုပ်ခွဲ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ပါသည်။ သင်္ခါရ လုပ်သားတို့အတွက် တခုနှင့် တခု အသိခြားနား ကွဲပြားအောင် အမှတ်လက္ခဏာနှင့် ၎င်းတို့၏ လုပ်ငန်း ရသ အသီးသီးတို့ကို သတိကြီးစွာထားလျက် လေ့လာပါ။ သိစိတ်သည် သတိ ဝီရိယဖြင့် အလေ့အကျင့် ပြုပေးလျှင်၊ ထိုသတိ ဝီရိယတို့၏ အလိုသို့ လိုက်လျော ပါလာ

တတ်သည်။ ထိုသို့အကျင့်ပါလာသော သိစိတ်ကို စိတ်ဝင်စားသည်ဟု ခေါ်သည်။ ထို့ကြောင့် ဗုဒ္ဓအရှင်၏ အနတ္တဝါဒကို လေ့လာလိုသော ပုဂ္ဂိုလ်တို့သည် သင်္ခါရလောကသို့ အသိရောက်အောင် မိမိသရုပ်ခွဲနေသော သဘောတရားတို့ကို စိန္တာမယဉာဏ်ဖြင့် ဆင်ခြင်စဉ်းစားသော အလေ့အကျင့်ကို ပြုလုပ်ပေးပါ။ မှတ်မိရုံ မျှနှင့် မကျေနပ်ပါလေနှင့်။ သဘာဝအာရုံ လမ်းကြောင်းပေါ်မှာ ပြေးလွှား ကျက်စားနေလေ့ရှိသော ကိုယ်ပိုင်စိန္တာမယဉာဏ်သည် လေ့လာနေကျ သဘာဝလမ်းနှင့်ဆန့်ကျင်ဘက် သဘာဝအာရုံသို့ရောက်လျှင် မကျေမနပ် ဖြစ်တတ်သည်။ ထိုအခိုက်သည် သိစိတ်အတွက် အနှောက်အယှက် ဝိစိကိစ္ဆာခေါ်သော သံသယစိတ် ပေါ်လာတတ်သည်။ထိုအခါ ဉပစာရသမာဓိ အဟုန်အရှိန်ကို တိုးတက်စေလျက်၊ သဒ္ဓါ၊ သတိ၊ ဝီရိယ တို့၏ အကူအညီကိုယူ၍ သံသယဖြစ်စေသော အာရုံသဘောသို့ ပညာအလင်းရောင်ဖြင့် ထွန်းပြောင်စေရသည်။ အတိုချုပ်မှာ သံသယဖြစ်စေသောအာရုံကို အသေးစိတ်ခွဲခြား၍ စံနစ်တကျ ပိုင်းခြားသော အသိရောက်အောင် လုပ်ပါဟု ဆိုလိုသည်။

ထိုအခါ သံသယခေါ်သော ဝိစိကိစ္ဆာစိတ်သည် ပျောက်လွင့်ကာ မပေါ်လာတော့ပေ။ဉာဏ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သုတမယဖြစ်သောသိစိတ်တို့သည် သင်္ခါရ လောကသို့ ရောက်အောင်သွားသော သိစိတ်အစဉ်အတွက် များစွာပင် အနှောက်အယှက်ပြုတတ်သည်။ ဤအနှောက်အယှက်မျိုးကို သဘာဝအသိဉာဏ်ထက်သန်သော ဆရာသမားတို့ဖြင့် ဆွေးနွေး မေးမြန်းပါလျှင် လွယ်ကူစွာ ကျော်လွှားနိုင်ပေမည်။

'စိတ္တာနုပဿနာဝတ္တိမ္မ'စိတ်အစဉ်သို့ လိုက်လျောကာ ဖြစ်ပေါ်ကြရသော ဝိကာရ ဝိညာတ် ရုပ်ကလာပ အစဉ်နှင့် ဇောစိတ် အစဉ်တို့သည် ဤကိုယ်ကောင် တလံမျှ၌ မရှေးမနှောင်း ဖြစ်ပေါ်နေကြရာ၊ထိုစိတ်အစဉ် ပစ္စယတရားတို့နှင့် ဝိညာတ်ရုပ်ကလာပ်အစဉ် ပစ္စယုပ္ပန္နတရားတို့ကို အာရုံအဖြစ်ယူ၍ လေ့လာပါလျှင်၊ အာရုံနှင့် အာရမ္မဏိကတို့သည် ကာလအချိန်အားဖြင့် တစပ်တည်း၊ သို့မဟုတ် အလွန်နီးကပ်နေသဖြင့် သင်္ခါရလောကသို့ အသိရောက်နိုင်ရန် များစွာလွယ်ကူပေလိမ့်မည်။ သတိပဋ္ဌာန်ပါဠိတော်၌ ပေါ်ပြသော ဣရိယာပထနှင့် သမ္ပဇညလုပ်ငန်းတို့သို့လည်း အလေ့အကျင့်အားလျော်စွာ လွယ်လွယ်ကူကူ သက်ဆင်း ကျရောက် သွားပေမည်။ ရှေးအခါက ပရိယတ္တိ စကားအစဉ်ဖြင့် စာသင်ယူကြသော ပုဂ္ဂိုလ်တို့သည် သင်ယူနေသောသင်္ခါရလုပ်သား သဘာဝဓမ္မတရားတို့သို့ အသိရောက်အောင် လေ့လာကြသဖြင့်၊ အရိယာအဖြစ်သို့ ကူးပြောင်းကြရသည်ကို ကျမ်းဂန်တို့၌ တွေ့ရလေသည်။

အခါတပါး၌ နိကာယ်နှစ်ရပ်ကို နှုတ်ငုံဆောင်ထားသော ပုဂ္ဂိုလ်တပါးသည် ကမ္မဋ္ဌာန်းဆရာတပါးထံ၌ ကမ္မဋ္ဌာန်းတရားပေးရန် တောင်းပန်လေသည်။ ထိုအခါ

ကမ္မဋ္ဌာန်းဆရာက ကေသာ,လောမာ-ဆံပင်, မွေးညှင်းစသော ၃၂-ကောဋ္ဌာသကို အခေါက်ခေါက် အခါခါ နှုတ်ဖြင့် ရွတ်ဆိုပါဟု ပြောပြသည်။ ကမ္မဋ္ဌာန်းတောင်းသော တပည့်က · တပည့်တော်သည် နိကာယ်နှစ်ရပ်ကို နှုတ်ငုံဆောင်ထားသူပါဟု ပြန်လျှောက်သည်။ ထိုအခါ ဆရာက နိကာယ် ၂-ရပ်မက ၅ ·ရပ်လုံးဆောင်ဆောင် တပည့်ဆိုတာ ဆရာခိုင်းသလို လုပ်ရသည်ဟု ဆုံးမသည်။ တပည့်လည်း ဆရာ ဆုံးမသည့်အတိုင်း ရွတ်ဆိုနေလေရာ၊ သုံးလကြာသောအခါ သောတာပန် ဖြစ်သွားလေသည်။ ဤဝတ္ထု၌ နိကာယ် ၂ ·ရပ်ကို သင်ယူဆောင်ထားသော ပုဂ္ဂိုလ် စိတ် အစဉ်နှင့် ၃၂-ကောဋ္ဌာသတို့ကို ရွတ်ဆိုနေသော တပည့်၏ စိတ်အစဉ်ကိုနှိုင်းယှဉ်ပါလေ၊ပုဂ္ဂိုလ် တဦးတည်းဖြစ်ပါသည်။

ယခုခေတ်၌ ပရိယတ္တိဉာဏ် ကြီးမားသော ပုဂ္ဂိုလ်များနှင့် သုတမယဉာဏ်, စိန္တာမယဉာဏ် ကြွယ်ဝသော ခေတ်ပညာတတ် ပုဂ္ဂိုလ်တို့အား လေးစား ယုံကြည်သော အားဖြင့်၊ ဤစကားအစဉ်တို့ကို ရေးသား ဖော်ပြအပ်ပါသည်။

ယခုအခါ အဋ္ဌကထာ ဆရာကြီး ဖော်ပြခဲ့သော အခက်ကြီး ၄ ·ပါးကို ကျေနပ်သချၤာသော အသိဖြင့် ရှင်းလင်းရေးသား ဖော်ပြရန် အခွင့် ရောက်လေပြီ။ ဂါထာ၌ဖော်ပြသောအခက်ကြီး ၄-ပါး၏ အစဉ်တမျိုးဖြစ်သော်လည်း၊စာပတ်သူတို့ တဆင့်မှတဆင့် အသိရောက် လေ့လာနိုင်ရန် ပဌမ -သတ္တဝါအစဖြစ်ပေါ်ပုံ၊ ဒုတိယ - ပဋိစ္စသမုပ္ပါဒ်တရားတို့ ဆက်သွယ်ကြပုံ၊ တတိယ-ဇာတိ တခုမှ ဇာတိ တခုသို့ ရွှေ့ပြောင်းပုံ၊ စတုတ္ထ-အရိယာသစ္စာ ပေါ်လာပုံတို့ကို အစဉ်ပြုကာ ရေးသား ဖော်ပြပါမည်။

## ပဌမ အခက်ကြီး (သတ္တဝါအစ ဖြစ်ပေါ်ပုံ)

ဗုဒ္ဓအရှင် ဖော်ပြခဲ့သော အနတ္တဝါဒ၌ သတ္တဝါခေါ် အကောင်ဟူ၍မရှိပေ။ ထို့ပြင် အတ္တကောင်, ဇီဝကောင်ဟူ၍လည်း မရှိပေ။ ဗုဒ္ဓအရှင်သည် အနတ္တဝါဒကို ရှင်းလင်းရန်အတွက် ဒေသနာ အမျိုးမျိုးဖြင့် သင်္ခါရတရား ၇၁ ·ပါး၊ ဝိကာရတရား ၅—ပါး၊ အမှတ်အသား လက္ခဏာ ၄· ပါး၊ ပညတ် သဘောတရားတို့ကို ဟောပြ ညွှန်ကြား ခဲ့လေသည်။ သတ္တ,အတ္တ,ဇီဝ တို့သည် အယူဝါဒကို တည်ထွင် ကြသော လူပညာရှိတို့၏ ကြံဆဟောပြောချက်မျှသာ ဖြစ်၍၊ သဘာဝတခုအနေဖြင့် အဟုတ် တကယ် မရှိဟု ပညတ်သဘောတရားအတွင်းသို့ ထည့်သွင်းဖော်ပြခဲ့ပါသည်။ ထိုဝါဒမျိုးကို'တက္ကိဝါဒ'ဟု အမည်ပေးထားပါသည်။ထို့ပြင် ထိုတက္ကိဝါဒကို ဆောင်

ရှက်သော သဘောတရားသည် သတ္တ,ဇီဝ,အတ္တမဟုတ်၊ သင်္ခါရလုပ်သား အဟုတ်ရှိ ပရမတ်တရားတို့၌ တခုအဖြစ်ပါဝင်သော ဒိဋ္ဌိစေတသိက်-အတ္တဝါဒုပါဒါန်ဟု ဖော် ထုတ်ခဲ့လေသည်။

ဗုဒ္ဓကိုယ်တော်သည် သင်္ခါရလုပ်သားများနှင့် သန္တိအမှတ်အသား ဖြစ်သော နိဗ္ဗာန် တရားတို့ကိုသာလျှင် အဟုတ်တကယ် အရှိ ပရမတ္ထများဟု ဖော်ပြ ဆုံးမခဲ့ သည်။ ယင်း ပရမတ္ထ တရားတို့ တွင်လည်း၊ သင်္ခါရလုပ်သား ၇၁—ပါးသည် အရှိ-ဟုတ်သော်လည်း အမြဲ-မဟုတ်ဟု ဆုံးမခဲ့သည်။ ထို့ကြောင့် အရှိသဘောနှင့် မမြဲ သဘော ၂-မျိုးကို ရှေ့ဦးစွာ ခွဲခြားသိရန်လိုအပ်ပေသည်။ အရှိ-တို့သည်တခုတည်း မဟုတ်၊ ၇၁—မျိုးမျှမက တမျိုးစီ အဟုတ်ရှိကြခြင်းကြောင့်၊ နိယာမသဘောအတိုင်း အရှိချင်း တွေ့ထိဆက်သွယ်ကြသည်။ ဆက်သွယ်မှုကို ပြုလုပ် ပေးသော သတ္တ,ဇီဝ, အတ္တ,အကောင်ဟူ၍ မရှိဘဲ သဘာဝ အများဆိုင် သတ္တိတို့ဖြင့် တွေ့ကြုံ ဆက်သွယ် ကြသည်ဟူသော ဓမ္မတာ နိယာမကို ဖော်ပြတော်မူခဲ့သည်။ အရှိ ဟူသမျှ ကိုယ်ပိုင် သတ္တိ အသီးသီး လက္ခဏာများနှင့် အရှိ တခုနှင့်တခု မတူသော လုပ်ငန်း ရသလည်း ရှိကြသည်။ ဒေသနာ အမျိုးမျိုးဖြင့် ဗုဒ္ဓ ကိုယ်တော် ဖော်ပြသော အရှိတို့သည် ဓါတုများဖြစ်ကြသည်။ ထိုအရှိတို့သည် တခုနှင့်တခု တွေ့ကြုံ ပေါင်းစပ်မိ ကြလျှင် မိမိတို့၏ ကိုယ်ပိုင် အမှတ်လက္ခဏာတို့ကို ဆောင်ယူ ဖော်ပြတတ်ကြ သောကြောင့် ပါဠိစကားဖြင့် ဓါတု ဟု သတ်မှတ်ထားလေသည်။ ထိုအရှိတို့သည် အကြိမ်ပေါင်း များစွာ အချင်းချင်း တွေ့ကြုံ ဆက်သွယ်ကြသော်လည်း၊ မိမိတို့၏ အမှတ် လက္ခဏာ ကို ပြောင်းလဲခြင်း မရှိကြပေ။ ဤသို့ မပြောင်းမလဲတတ်သော သတ္တိကို ဆောင် ထား တတ်ကြသောကြောင့်၊ နောက်ဆုံး အနက်သဘောဖြင့် ပရမတ္ထများဟု မှည့် ခေါ် ထားကြရလေသည်။

ဗုဒ္ဓကိုယ်တော်သည် ဤမလဲမပြောင်းသော၊အမှတ်အသားရှိသော၊သုဒ္ဓဓါတ် တခုစီ တို့ကို အမျိုးပေါင်း ၇၁— ပါးဖြင့် ကမ္ဘာ လောကကို တည်ဆောက်သော ဓါတ်စင်များဟု လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀— ကျော်ကပင် ဖော်ပြတော် မူခဲ့ လေသည်။ယခုအခါ လောကဓါတ်ပညာရှိကြီးများ ဖော်ပြထားကြသော ဓါတ်စင် တို့သည် အဘိဓမ္မ ပညာအရ ဓါတ်စင် သုဒ္ဓများဟု မဆိုနိုင်ကြပေ။ ထိုဆရာတို့၏ ဓါတ်စင်ခေါ်သော ဝတ္ထုသည် အဘိဓမ္မပညာ၌ ဓါတ်စင်ဟု ဖော်ပြသော ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ,ဂန္ဓ,ရသ, ဩဇာတို့ ပါဝင် ပေါင်းစပ် နေသော ကြောင့် ဖြစ်လေသည်။

ဓါတ်ခွဲလုပ်ငန်းသည် ဗုဒ္ဓအဘိဓမ္မ ပညာအရ၊ အဆန်း အသစ် မဟုတ်ပေ။ အနုတ္တဝါဒကို လေ့လာသော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓ အရှင်ပေါ်စ အချိန်ကာလ ပဌ

ဝဂ္ဂီ ကိုယ်တော်များမှ အစပြုကာ ဆောင်ရွက် ခဲ့ကြသော လုပ်ငန်း ဖြစ်လေသည်။ ထို့ပြင် ဗုဒ္ဓကိုယ်တော်သည် ဓါတ်ခွဲခန်းဟူ၍ သီးသန့် ဌာန အားဖြင့် မဖော်ပြဘဲ ဤတလံမျှသော ကိုယ်ကောင်မှာ အစုံရှိပါသည်။ သဒ္ဓါ,သတိ,ဝီရိယ,သမာဓိ,ပညာ ဟူသော သံခါရလုပ်သားတို့ဖြင့် ရှာဖွေပါဟု ညွှန်ကြားလေသည်။ အဘိဓမ္မပညာ အရ သီးသန့် ဖြစ်သော သတ္တဓါတ်, ဇီဝဓါတ်, အတ္တဓါတ်ဟု မရှိသောကြောင့် သတ္တဝါ၏ အစကို ရှာဖွေရန်မလိုတော့ပေ။ သို့သော် ဤကိစ္စသည် ယုံကြည်သက်ဝင်မှုဖြင့် ပြီးဆုံးသောကိစ္စ မဟုတ်ပေ။ ထို့ကြောင့် ကမ္ဘာလောကကြီး တခုလုံး၌ သတ္တ, ဇီဝ, အတ္တတို့ အဟုတ်တကယ် ရှိမရှိကို လက်တွေ့ ဖြစ်အောင် ဆောင်ရွက် ရပေမည်။ ဘာနှင့် ရှာဖွေပါမည်နည်း၊ဘယ်မှာရှာဖွေပါမည်နည်း၊ ဘယ်ပုံ ရှာဖွေပါမည်နည်း၊ ဗုဒ္ဓအရှင်၏ ညွှန်ကြားချက်သည် ယခုအခါ လိုက်နာ လေ့ကျင့်ရန် အကောင်းဆုံး ဖြစ်နေသေးသည်။ ရှာဖွေနည်း အသစ်ကို မရသေးသမျှ ဗုဒ္ဓအရှင်၏ ညွှန်ကြားသော နည်းကိုသာလျှင် ယုံကြည်လေးစားစွာ လိုက်နာ လေ့ကျင့်ရပေမည်။

ဘာဖြင့် ရှာဖွေရမည်နည်းဟူသောပုစ္ဆာ၏ အဖြေမှာ မိမိတို့၏အသိဖြင့် ရှာဖွေရမည် ဖြစ်လေသည်။ သတ္တဝါတို့၏ အသိသည် အသီး အသီးသော သတ္တဝါတို့၏ ခေါင်းဆောင်ဖြစ်သည်။ အသိမပါလျှင် ဘာကိုမျှ မသိနိုင်။ အသိသည် အရေးကြီးဆုံးသော လက်ရှိ တရားဖြစ်၍ မိမိတို့၏ အသိဖြင့်သာလျှင် ရှာဖွေရပေမည်။

ဘယ်မှာရှာဖွေမည်နည်းဟူသော ပုစ္ဆာ၏အဖြေမှာ ဤကိုယ်ကောင်ကြီး တလံမျှ၌ အလျင်ရှာပါ ဟူ၍ ဖြစ်သည်။ ဤကိုယ်ကောင်သည် အသိ၏ အနီးကပ်ဆုံးသော ဝတ္ထုဒြပ်ဖြစ်သည်။ အခြား ဒြပ်ဝတ္ထုတို့သည် အသိနှင့် ဝေးကွာလျက် တခြားစီ တည်ရှိနေခြင်းကြောင့်၊ အသိ၏ လက်တွေ့ သဘောမှ ကင်းဝေးသကဲ့သို့ ဖြစ်ပေလိမ့်မည်။

ဘယ်ပုံ ရှာဖွေမည်နည်း ဟူသော ပုစ္ဆာ၏ အဖြေမှာ ဤတလံမျှသော ကိုယ်ကောင်ကြီး၌ ရုပ်အစု အသေး အကြီးတို့ ထင်ရှား နေသည်မှာ အသိ၏ မလွဲနိုင်သော အာရုံများ ဖြစ်ကြသည်။ အသိ မန တို့လည်း ဤကိုယ်ကောင်ကြီး၌ စတင်ပေါက်ဖွားကြသော်လည်း၊ အသိတမျိုးတည်း, တခုတည်း မဟုတ်ပေ။ အချစ်, အမုန်း, အကောင်း, အဆိုး, စသည်တို့သည် အသိလား၊ အသိနှင့် တခြားစီလား၊ အသိသည် အမုန်း,အချစ်တို့ကို သိသကဲ့သို့ အမုန်း,အချစ်တို့သည် အသိကိုသိကြသလား....စသော အားဖြင့် များပြားကြလေရာ၊ ဗုဒ္ဓ အဘိဓမ္မ၌ ဖော်ပြသော သုဒ္ဓဓါတ်တို့ကို ရှေ့ဦးစွာ သိအောင်လေ့လာရပေမည်။ အသေးစိတ်အားဖြင့် ဓါတ်စင်တို့ကို ဖော်ပြရာတွင် ဗုဒ္ဓအရှင်၏ အဘိဓမ္မထက် အသေးစိတ် ဖော်ပြသော နည်းလမ်းများ မရှိကြသေးပေ။ ထို့ကြောင့် သတ္တဝါဟူ၍, ဇီဝဟူ၍, အတ္တဟူ၍ မရှိခဲ့လျှင်၊ ဘာတွေ

ရှိကြသလဲဟု သိရအောင် ဗုဒ္ဓ အဘိဓမ္မပညာအရ သဘောတရားတို့ကို အသေးစိတ် အားဖြင့် ရှာဖွေရပေမည်။

ဤကိုယ်ကောင် တလံမျှ၌ ရုပ်အစုတို့ကို အသေးစိတ် လေ့လာရန် ဗုဒ္ဓ ကိုယ်တော်သည် မဟာသတိပဋ္ဌာန သုတ္တန်ဖြင့် ကောဋ္ဌာသ ခေါ်သော အစိတ် အပိုင်းငယ် ၃၂-မျိုးကို ပထဝီ, အာပေါတို့ လွန်ကဲ ခေါင်းဆောင်သော အစိတ် အပိုင်းများဟု ညွှန်ကြားခဲ့သည်။ အခြားအခြားသော သုတ္တန်ဒေသနာတို့ဖြင့် ဝါယော ခေါင်းဆောင်သော အစိတ်အပိုင်း ၆-မျိုး၊ တေဇော ခေါင်းဆောင် သော အစိတ်အပိုင်း ၄-မျိုးဟူ၍ ဤတလံမျှသော ကိုယ်ကောင်၌ အစိတ်အပိုင်း ၄၂-မျိုးတို့ကို အကြမ်းစားအားဖြင့် ဖော်ပြခဲ့ပါသည်။ ထို့ပြင် အမျိုးမျိုးသော သုတ္တန်တို့ဖြင့် လောဘ,ဒေါသ,မောဟ စသော အသိမနနှင့် အမှတ်သညာ ဆိုင်ရာ တို့ကို အကြောင်းအား လျော်စွာ ဖော်ပြခဲ့ပါသည်။ ဤကဲ့သို့ သုတ္တန်အမျိုးမျိုး, ဝိနည်းသိက္ခာပုဒ် အမျိုးမျိုးတို့၌ ဗုဒ္ဓအရှင် ဖော်ပြသော 'သဘောတရား' တို့ကို အရှင်သာရိပုတ္တရာ အမှူးပြုသော အဘိဉာဉ်ရသော ရဟန္တာကိုယ်တော်ကြီးတို့သည် စုပေါင်းစည်းဝေးကာ ထိုသဘောတရား အဘိဓမ္မတို့ကို သဘောတူရာ တူရာ ပေါင်း စုကြပြီးလျှင်၊ တပည့် ရဟန်းတို့ သင်ယူသောအခါ လွယ်လွယ်-ကူကူ သင်ယူနိုင်ရန် မာတိကာဟူသော ခေါင်းစဉ်တို့ကို သတ်မှတ်လျက်၊အဘိဓမ္မ ပိဋကအ(အဘိဓမ္မသဘော တရားတို့ စုပေါင်း ထည့်ထားရာချင်းတောင်း)ဟူသော အမည်ကို ပေးခဲ့ ကြလေ သည်။ ထိုအဘိဓမ္မ ပိဋကသည် ဗုဒ္ဓကိုယ်တော် သက်တော်ထင်ရှားရှိစဉ်ကပင် ပေါ် လာ ထင်ရှားနေသော ပိဋကဖြစ်သည်။ အဋ္ဌကထာ ဆရာကြီး အရှင်မဟာဗုဒ္ဓဃော သ ဖော်ပြသော အဘိဓမ္မ ဒေသနာ ဖြစ်ပေါ်လာသော အကြောင်း ခြင်းရာတို့သည် အရှင် သာရိပုတ္တရာ အမှူးပြုသော ရဟန္တာ သံဃာတော်များ စုပေါင်း ဆွေးနွေး ကြရန် အဓိက အကြောင်းရင်းကြီး ဖြစ်ပေသည်။ တာဝတိံသာ နတ်ပြည်၌ ဗုဒ္ဓ အရှင် ဟောပြောခဲ့သော အဘိဓမ္မသဘောတရားတို့ကို အရှင်သာရိပုတ္တရာက အနေဒတ်အိုင်နားရှိ ကျောက်ဖျာ၌ တဆင့် နာယူခဲ့သည်။ ထိုနာယူပြီးသော ဒေသနာ စကားအစဉ်တို့ကို တေဒဂ်ရ မဟာသာဝက ရဟန္တာ မထေရ်ကြီးများနှင့် ဆွေးနွေး ကာ သင်ပြပေးရန် နည်းတို့ကို မာတိကာ ခေါင်းစဉ်ထားလျက် ဖော်ပြကြသည်။ ထိုမာတိကာ ခေါင်းစဉ်ကို ယမကနည်း, ပဋ္ဌာန နည်းတို့ဖြင့် ယခုအခါ သင်ကြား သင်ယူကြရသော အဘိဓမ္မ ပညာသည် ထိုရဟန္တာ မထေရ်ကြီးများ ပေးထားခဲ့ သော နည်းအစဉ် ဖြစ်လေသည်။

ဤအဘိဓမ္မကထာ အစည်းအဝေးနှင့် စပ်လျဉ်း၍ ရဟန္တာ ကိုယ်တော်ကြီး များ စည်းဝေးကြစဉ်၊ ပုထုဇဉ်ဖြစ်သော ဟတ္တိသာရိပုတ္တ ရဟန်းသည် ရဟန္တာ

မထေရ်ကြီးများ 'သဘောတရား' ဆွေးနွေးသော စကားအစဉ်ကို ကြားဖြတ်လျက် ထောက်ကာ ထောက်ကာ ဝင်ရောက် ပြောဆိုသည်။ ထိုအခါ အရှင်မဟာကောဋ္ဌိက အမည်ရှိသော ရဟန္တာ ကိုယ်တော်ကြီးက ငါ့ရှင် သင်၏ အရာ မဟုတ်သဖြင့် ဝင် မပြောပါနှင့်ဟု မောင်းမဲသည် (အပသာဒ)လုပ်သည်။ ထိုအခါ ဟတ္ထိ သာရိပုတ္တ ရဟန်း၏ တပည့် ပရိသတ်တို့က အရှင်ဟတ္ထိ သာရိပုတ္တသည် ဤသဘောတရားတို့ကို ဆွေးနွေးနိုင်စွမ်း ရှိပါသည်ဟု လျှောက်ထား ထောက်ခံကြသည်။ ထိုအခါ ဟရန္တာ ကိုယ်တော်ကြီးက (ဒုဇ္ဇာနံခေါ အာဝုသော စေတော ပရိစိတ္တ ပရိယာယံ အဇာနန္တေ ဟိ) ငါ့ရှင်တို့ တပါးသူတို့၏ စိတ်ဖြစ်ပုံ အချင်းအရာကို ကိုယ်တိုင် မသိသော သူတို့သည် ဤ သဘောတရားမျိုးကို သိနိုင်ဘို့ ခဲယဉ်းလှသည်ဟု ပြန်ပြောလေ သည်။ ဤအတ္ထုပ္ပတ္တိကို သတ္တနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်၌ တွေ့မြင်ရသည်။ ရဟန္တာ ကိုယ်တော်များ အဘိဓမ္မကထာကို ဆွေးနွေးကြကြောင်း အခြားသုတ္တန် များ၌လည်း တွေ့ရသဖြင့်၊ ကိုယ်တွက်လုပ်ငန်း ပြီးစီးခြင်းသို့ ရောက်ပြီးသော ရဟန္တာအရှင်တို့သည် ဆရာဖြစ်တော်မူသော ဗုဒ္ဓအရှင်၏ အဆုံးအမ ညွှန်ကြားချက် ဟူသော ပစ္စည်း ဘဏ္ဍာတို့ကို မပျောက်မပျက် ရလေအောင် စံနစ်တကျ စုပေါင်း ကာ အဘိဓမ္မ ပိဋကခေါ်သော ချင်းတောင်းကြီး၌ ထည့်သွင်းသော ဘဏ္ဍာထိန်း လုပ်ငန်းတို့ကို ဆောင်ရွက်ကြသည်ဟု ယူဆစရာ အကြောင်း အတ္ထုပ္ပတ္တိများ ဖြစ် ကြသည်။

ဤသို့ ရဟန္တာကိုယ်တော်များ စုပေါင်း ထည့်သွင်း ထားခဲ့သော အဘိဓမ္မ သဘောတရားတို့သည် ယခုအခါ ဗုဒ္ဓ ဘာသာဝင်တို့ လောက၌ အဘိဓမ္မပိဋက- ယထာဓမ္မ သာသနာဟူသောအမည်ဖြင့် ပေါ်လွင်ထင်ရှားလျက်ရှိပေသည်။ မြန်မာ ပြည်၌ အဘိဓမ္မဒေသနာသည် နှစ်ပေါင်းများစွာ တည်ရှိ နေသော်လည်း၊ ကုသိုလ် ဖြစ် သဘောဖြင့်သာလျှင် သင်ကြားနာယူ လေ့လာသူများကြသည်။ အနတ္တဝါဒ အတွက် လက်တွေ့ လေ့လာနိုင်ရန် အခြေခံ ပညာကြီးတရပ်ဟူ၍ သဘောမထား ကြဘဲ၊ မိရိုးဖလာလုပ်ငန်းအဖြစ် သွတ်သွင်းကာ အဘိဓမ္မာ ပညာကို လေ့လာသူ များကြလေသည်။

ယခုခေတ် ပညာတတ် ဗုဒ္ဓဘာသာ အမျိုးသားနှင့် အမျိုးသမီး တို့သည် ခေတ်အလိုက် သင်ယူတတ်မြောက်ထားသော ဓါတုဗေဒ သင်ယူလေ့ကျင့်နည်းမျိုး တို့ကို နှိုင်းယှဉ်ချက်ပြုကာ မိမိယုံကြည် ကိုးစားထားသော ဗုဒ္ဓအရှင်၏ ဓါတုဗေဒ သို့မဟုတ် ဓါတုဗေဒ အဘိဓမ္မ ပညာရပ်ကြီးကို ခေတ်မှီနည်းဖြင့် ဖေါ်ထုတ်နိုင် အောင် ဆရာသမားကောင်းတို့ဖြင့် လေ့လာကြရန် တိုက်တွန်းနှိုးဆော်ရပေသည်။ ယခုခေတ်သည် ကမ္ဘာ၏အစကို ရှာဖွေ နေကြသော ခေတ်ဖြစ်သည်။ အရာဝတ္ထု

တခုခုကို တွေ့မြင်ရရှိလျှင်၊ ထိုဝတ္ထု၏ ဖြစ်ပေါ်ပုံ အစကို လောကဓါတ် ဆရာကြီးတို့သည် နည်းအမျိုးမျိုးဖြင့် ရှာဖွေစူးစမ်းနေကြသည်။ ဘယ်အရာဝတ္ထု၏ အစကိုမျှ စိတ်ချလက်ချ မဆုံးဖြတ်နိုင်ကြသေးပေ။ သို့သော်လည်း ထိုပညာရှိကြီးတို့၏ ရှာဖွေလေ့ကျင့်နည်းတို့ကို ဆန့်ကျင်ဘက် သဘောဖြင့် ကဲ့ရဲ့ ဝေဘန်ခြင်း မပြုသင့်ပေ။ လောကဓါတ်ဆရာကြီးတို့၏ ရှာဖွေ လေ့ကျင့်နည်းတွင် အဆုံးသတ်ဟူ၍ မရှိသေးသော်လည်း၊ အချို့ကိစ္စများအတွက် လက်တွေ့အရ မငြင်းဆိုနိုင်ကြပေ။ ဗုဒ္ဓအရှင်ကလည်း နိဒါနဝဂ္ဂသံယုတ်-ပုပ္ဖသုတ်တွင် (နာဟံ ဘိက္ခဝေ လောကေန ဝိဝဒါမိ, လောကောဝ ဝိဝဒတိမယာ, ဓမ္မဝါဒီ ဘိက္ခဝေ နကေနစိ ဝိဝဒတိ) အို-ရဟန်းတို့၊ ငါဘုရားသည် လောကပညာရှိတို့နှင့် မငြင်းခုံပေ။ လောကပညာရှိပုဂ္ဂိုလ်တို့ကသာလျှင် ငါ၏ အနတ္တဝါဒကို ငြင်းဆိုကြသည်။ အို-ရဟန်းတို့ သဘောအမှန်ကို ပြဆိုလေ့ရှိသော ပုဂ္ဂိုလ်သည် တဦးတယောက်နှင့် မငြင်းခုံ တတ်ပေဟု ဆုံးမ ခဲ့လေသည်။ ထို့ကြောင့် ယခုခေတ်ပညာတတ်များ ရှာဖွေ နေကြသော သတ္တဝါတို့၏ 'အစ'ကို ဗုဒ္ဓအရှင် ညွှန်ကြားခဲ့သော အဘိဓမ္မ, ဗုဒ္ဓ, ဓါတုဗေဒ ပညာရပ်တို့ဖြင့် လက်တွေ့သိအောင် လေ့လာရှာမှီးကြပေအံ့။

ယခုအခါ ဗုဒ္ဓဘာသာ ရဟန်းတော် ကျောင်းများ၌ သင်ကြား ပို့ချနေကြသော သင်္ဂြိုဟ်ကျမ်းသည် ဗုဒ္ဓအရှင် ဟောပြခဲ့သော အနတ္တဝါဒကြီး၏ ဓါတုဗေဒ အခြေခံပညာတရပ်ဖြစ်လေသည်။ သို့သော် သင်ယူပို့ချ နေကြသော ဆရာများနှင့် တပည့်များသည် 'ဓါတုဗေဒ' ပညာတရပ်ဟူ၍ အသိမရောက်ကြပေ။ ဗုဒ္ဓအရှင်၏ တရားတော်ဟူ၍ ဆရာစွဲသန်သောစိတ်ဖြင့် မိရိုးဖလာ သင်ကြားနေကြသည်။သတ္တဝါတိုင်းမှာ အသုံးဝင်သော ပညာတရပ်ဟူ၍ မစဉ်းစား မဆင်ခြင်မိကြပေ။ ထို့ပြင် အဘိဓမ္မကို အစပြုသော သင်္ဂြိုဟ်စာအုပ်ကလည်း မျက်မြင် အခြေအနေ အားဖြင့် အလွန်သေးငယ်နေပေသည်။ သုတ္တန်ပါတ် ပါဠိတော်, ခုဒ္ဒကပါဠ ပါဠိတော် တို့၌ မနေဘဲ ၂-ပြားတန် သင်ပုန်းကြီးနှင့် လာရောနေသော မင်္ဂလသုတ်၊ ရတနသုတ် စသည်တို့ကို ယခုအခါ လူတို့ အထင်အမြင် သေးကြ သကဲ့သို့ .အဘိဓမ္မ ပါဠိတော်ကြီး၌ မနေဘဲ၊သင်္ဂြိုဟ်ကျမ်းငယ်၌ ရောက်နေသော အခြေခံဓါတ်တို့ကို ခေတ်အလိုက်ပင် အထင်အမြင် မကြီးကြတော့ပေ။ ဤဖြစ်စဉ်တို့သည် လူသတ္တဝါတို့၏ မိရိုးဖလာ စိတ်အသိ ဖြစ်လေသည်။ သံဝေဂရဘွယ်။

ဗုဒ္ဓဘာသာဝင်တို့သည် သင်္ဂြိုဟ်ကျမ်း၌ ဖေါ်ပြသော သဘောတရား တို့ကို စံနစ်တကျသိအောင် အလေ့အကျင့်ပြုကာ သင်ယူကြလျှင်၊ ပိဋကတ်ပညာကိုသင်ယူရန်ပင် မလိုသလောက် အသိရောက်ပေလိမ့်မည်။ ထိုသင်္ဂြိုဟ်ကျမ်း၌ စိတ်,စေတသိက်, ရုပ်တရားတို့ကို တခုစီတခုစီ ဖေါ်ပြရုံမျှမက စိတ်တရားဟူသည် ဓါတ်တမျိုးတည်း

မဟုတ်၊ သင်္ခါရလုပ်သားဓါတ်တို့အာရုံ၊ လုပ်ငန်း အားလျော်စွာ ဆိုင်ရာဆိုင်ရာ ပေါင်းဆုံစုဝေးလာသော ဓါတ်အစုတို့ သာလျှင် ဖြစ်သည်ဟု စိတ်ပိုင်း, စေတသိက်ပိုင်း၌ ပြသနေခြင်း ဖြစ်သည်။ ရုပ်ပိုင်းသည်လည်း ရုပ်ဓါတ် ၂၈—မျိုး တို့ကို တခုစီ တခုစီ ပေါ်ပြရုံမျှမက ထိုရုပ်တို့အချင်းချင်း ပေါင်းဆုံလျက် ဥပစယသို့ ရောက်ခိုက် ကလာပ အသွင်ဖြင့် စတင်ထင်ရှားကြပုံကို သင်ပြပေးသော အပိုင်းဖြစ်သည်။

သင်္ဂြိုဟ်ကျမ်းတွင် ရုပ်ပိုင်း, စေတသိက်ပိုင်း ၂-ခုကို ခေတ်မှီသော နည်းဖြင့် ဆရာက သင်ပြပေးပါလျှင်၊ ကျန်အပိုင်းတို့အတွက် တပည့်တို့၌ အခက်အခဲ တွေ့မည် မဟုတ်တော့ပေ။ အမှန်မှာ စိတ်ပိုင်းနှင့် စေတသိက် ပိုင်းသည် ဝိညာဏ် ဟူသော သင်္ခါရ လုပ်သားနှင့် နာမ်ခေါ်သော စေတသိက် ၅၂-မျိုးတို့သည် အာရုံလုပ်ငန်း တို့ အားလျော်စွာ ပေါင်းစပ်ယှဉ်ဘွဲ့ကြသဖြင့်၊စိတ္တအမျိုးပေါင်း ၈၉-မျိုး၊သို့မဟုတ် ၁၂၁-မျိုး ဖြစ်ပေါ်ရပုံကို ပြသသောအပိုင်းဖြစ်သည်။

လက်တွေ့ဖြစ်အောင် သင်နည်းမှာ မြင်သိစိတ်, စက္ခုဝိညာဏ်၌ ဝိညာဏ်နှင့် စိတ်တိုင်းပါ စေတသိက် ၇ -မျိုးပေါင်း၍ မျက်စိအကြည်ပေါ်၌ ဥပစယ ရောက်သဖြင့် 'မြင်သိ' ဟူသော ကိစ္စကို ဆောင်ရွက်ကြောင်း၊ ထိုမြင်သိ စိတ်သည် တခုမဟုတ်၊ ဝိညာဏ်နှင့် စေတသိက် ၇—မျိုးတို့၏ အစုတခုဖြစ်ကြောင်း၊ ရူပါရုံနှင့် တွေ့ကြုံခိုက် ဖြစ်ပေါ်တတ်သဖြင့်၊ ထိုစိတ် အဟုတ်တကယ် ရှိမရှိကို မိမိသိစိတ်ဖြင့် သတိထား၍ သိအောင် လေ့လာရသည်ဟု ဆရာက စိတ်ပါဝင်စားအောင် သင်ပြ ပေးရသည်။ ဤနည်းမျိုးဖြင့် ကိစ္စ ၁၄ -မျိုးအတွက် စိတ္တတို့ ဆောင်ရွက် ကြရန် ပေါ်လာ ကြပုံ တို့ကို သင်ပြပေးလျှင်၊ လက်တွေ့ သင်နည်းဖြစ်၍ တပည့်တို့သည် ဤကိုယ်ကောင် တလံမျှတွင် ပေါ်လာထင်ရှားနေသော အသိမနတို့အတွက် အသိရှင်းလာကြမည်။ ထိုတရား ရှိ-မရှိအတွက် ဤကိုယ်ကောင်တွင် အသိမနတို့ အခွင့်အခါအလျောက် ပေါ်လာခိုက်တွင် လက်တွေ့ လေ့လာ နိုင်ကြသည်။

အချို့သော ပုဂ္ဂိုလ်များက ပေါင်းစပ်ကြသော စေတသိက် ၅၂- မျိုးကို သေချာဂန ရှင်းလင်းမသိနိုင်ဟု အယူအဆရှိကြသည်၊ ပြောဆို ကြသည်။ သင်္ခါရ လုပ်သား ၇၁—ပါးကို သေချာဂန အသိ ရောက်နိုင်အောင် ရှေး ဆရာကြီး တို့သည် တခု တခုသော သင်္ခါရ လုပ်သားတို့၏ မြဲသော အမှတ်အသားလက္ခဏာ၊ ၎င်းတို့၏ မပြောင်းမလွဲသော လုပ်ငန်းရသ၊ အကျိုးသဘောတရားဟူသော ပစ္စုပဋ္ဌာန်၊ အနီး ကပ်ဆုံးဖြစ်သော အခြားသင်္ခါရ လုပ်သားဟူသော ပဒဋ္ဌာန် ဟူ၍ တခု,တခုသော သင်္ခါရ လုပ်သားတို့ကို အသိပိုင်းခြားနိုင်ရန် ၄ -မျိုး ခွဲပြခဲ့ကြသည်။ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ဟူ၍ကား ပြောရိုးပြုကြသည်။ သင်္ခါရ လုပ်သားတို့ တခုနှင့်တခု

မတူကွဲပြား ခြားနားအောင် ဖေါ်ပြသော သင်နည်းဟု သဘောမပေါက်ကြပေ။ သဘောပေါက်ပါသည်ဟု ဆိုသော်လည်း၊ ကမ္မဋ္ဌာန်း ထိုင်ချင်သူတို့အား ကမ္မဋ္ဌာန်း ထိုင်ခါနီးအချိန်၌ ခန္ဓာ ၅-မျိုးကိုသာ သင်ပြ ပြောပြလေ့ ရှိကြသည်။ သင်္ခါရ လုပ်သားတို့၏ အကြောင်းကို တခုစီ အသေးစိတ်အားဖြင့် မပြောကြ တော့ပေ။

စံနစ်ကျသော အဘိဓမ္မ ဓါတုဗေဒ သင်နည်းမှာ သရုပ် အမည်တို့ကို ရှေ့ဦးစွာ နှုတ်တိုက်ရအောင် သင်ပေးပါ။ ထိုနောက် တခုစီသော သရုပ်တို့၏ အမှတ်လက္ခဏာတို့ကို မှတ်မိအောင် ပြောပြရသည်။ သရုပ်တို့ တခုနှင့်တခု မတူသော အမှတ်လက္ခဏာနှင့် ၎င်းလုပ်ငန်းဖြစ်သော ကိစ္စရသကို သင်ပြရသည်။ သရုပ် ခွဲရာ၌ သင်္ခါရတို့၏ လက္ခဏ,ရသ ၂—မျိုးသာလျှင် အရေးကြီးသည်။ ကိုယ်ကောင်ကြီးတွင် လက်တွေ့လုပ်ငန်း သင်ပြရာ၌ လက္ခဏနှင့် ရသ တို့သည်သာလျှင် ရှေ့ဦးသိ အာရုံ အဖြစ် ပေါ်လာ ကြသည်။ ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန်တို့သည် သင်္ခါရ လောကသို့ ကျက်စားသဖြင့် ကျွမ်းကျင်သောအသိ၏ လုပ်ငန်းများသာ ဖြစ်ကြသည်။ ရှေ့ဦး သင် အနုပုဗ္ဗသိက္ခာအတွက် လက္ခဏ အမှတ်နှင့် ရသ လုပ်ငန်းတို့သည် ‘မသင်လျှင် မဖြစ်သော’ သင်ပြနည်း ဖြစ်လေသည်။

ဤကိုယ်ကောင်၌ အသိမနတို့၌ များသော အားဖြင့် ဇောကိစ္စကို ဆောင်ရွက်သည့်စိတ်သည် ထင်ရှားသည်၊ ပဥ္စဒွါရာဝဇ္ဇိတမှအစပြု၍ လူ့, ယောကျ်ား, မိန်းမ ဆင်,မြင်း,ကျွဲ,နွား စသောအသိတိုင်အောင်သော စိတ်အစဉ်တို့ကို ပကတိသိစိတ်ဖြင့် မခွဲခြားနိုင်ပေ။ သို့သော် ကာယသင်္ခါရ, ပစိသင်္ခါရဟူသော ကိုယ်အမူအရာ, နှုတ် အမူအရာတို့ကို ဖြစ်ပေါ်အောင်ဆောင်ရွက်ပေးသော စိတ်အစဉ်သည် သရုပ်ခွဲသော ပုဂ္ဂိုလ်၏ သိစိတ်ထင်ရှားအောင် ဖြစ်ပေါ်ကြသည်။ သိနိုင်ကြသည်။ ထို့ကြောင့် လက်တွေ့အနေဖြင့် သင်ကြားသောအခါ ဇောစိတ်တို့ ဖြစ်ပေါ်ပုံနှင့် ဇောစိတ်၌ ပါဝင်သော သင်္ခါရ လုပ်သားတို့ လုပ်ငန်းအစွမ်းကို သေသေချာချာသိနိုင်ကြသည်။ ယခုစာကို ဖတ်ရင်းပင် ခေတ္တရပ်တန့်၍ အကုသိုလ် စေတသိက် ဖြစ်သော လောဘ, ဒေါသ,ဣဿာ,မစ္ဆရိယ စသဖြင့် မိမိဖြစ်ပေါ်ဘူးသော စိတ်အစဉ်ကို စဉ်းစားကြည့်ပါ။ ထိုအခါ ထိုတရားတို့၏ အဟုတ် ရှိ-မရှိကို ဆုံးဖြတ်နိုင်ပေမည်။ ထိုသို့ ဆုံးဖြတ်နိုင်လျှင်၊ ထိုလောဘ,ဒေါသ,ဣဿာ,မစ္ဆေရ တို့၏ လုပ်ငန်းသို့ အသိ ရောက်လျက် အကျိုးအပြစ်တို့ကို လက်တွေ့အနေဖြင့် အသိရောက် ဆုံးဖြတ် နိုင်သည်။ ဤသို့ လက်တွေ့အနေဖြင့် အသိရောက်ခြင်းသည် သင်္ခါရလောကကို စတင်အသိရောက်ခြင်း ဖြစ်သည်။ ဤအသိမျိုးကိုပင် ဗုဒ္ဓ အရှင်သည် သန္ဒိဋ္ဌိက, အကာလိက,ဟေိပဿိက, ဩပနေယျိက, ပစ္စတ္တံ ဝေဒိတဗ္ဗဟု ပေါ်ပြခဲ့သည်။ ဤ၌ ပစ္စတ္တံ ဝေဒိတဗ္ဗ ဟူသည် သင်္ခါရလောကကို ၃—ပုံ၁—ပုံသိ,တာက်သိ, အဆုံးသတ် အကုန်သိဟု မိမိတို့၏ အသိ ပေဘာ်အလိုက် ကျေနပ် လက္ခံ နိုင်ကြခြင်းကို ပြလေသည်။

ရုပ်သင်္ခါရလုပ်သားတို့ကို သင်ပြရာ၌လည်း ကမ္မဇ ရုပ်ကလာပ်တို့ကို အ ချို ၆—ပါးနှင့် တွေ့ကြုံခိုက်တွင် လက်တွေ့ အသိရောက်နိုင်သည်။ ထိုအခိုက်တွင် ကမ္မဇ ကလာပ်အစဉ်တို့သည် ဒလစပ် မပြတ် ဖြစ်ပေါ်နေကြသည်။အမူအရာ ၂—မျိုး ပေါ်လာ ထင်ရှားခိုက်တွင် စိတ္တဇကလာပ်တို့ ထင်ရှားပေါ်နေကြသည်။ဥတုနှင့်အဟာရဇ ကလာပတို့သည်လည်း အပူအအေးတွေ့ကြုံခိုက်၊ အစာစားခိုက်၊ စားပြီးခိုက်တို့၌ ပေါ်လာ ထင်ရှားနေကြသည်။ ဗုဒ္ဓ ဓါတုဗေဒအတတ်ကို တကယ် တတ်ကျွမ်း လိုသော ပုဂ္ဂိုလ်တို့သည် မပျင်းမရိ တကယ်သိလိုသော ဆန္ဒ၊ဝီရိယ တို့ဖြင့် လေ့လာပါလျှင်၊ အခိုက်တိုင်း အခိုက်တိုင်း၌ အဟုတ်ရှိ ပရမတ်တို့ ပေါ်လာထင်ရှားကြသဖြင့်၊ ဤ ကိုယ်ကောင် တလံမျှတွင် သညာ မန တို့နှင့် ရုပ်သဘာဝတို့ ရှိကြောင်း လက်တွေ့ ဝန်ခံနိုင်ကြပေမည်။

မိရိုးဖလာဖြစ်သော ဗုဒ္ဓဘာသာတို့သည် ယုံကြည်မှုသက်ဝင်ကာ လက္ခံလာကြပေမည်။ မိရိုးဖလာမဟုတ်သော သို့မဟုတ် မိရိုးဖလာအဆင့်မှ တိုးတက်လိုသော သူတို့သည် လက်တွေ့အနေဖြင့် အသိလုပ်လက္ခံကြပေမည်။ ယုံကြည် သက်ဝင် မှုဖြင့် သင်ယူပို့ချနေကြလျှင်၊ကုသိုလ်စိတ်သာလျှင် ဖြစ်ပေါ်မည်၊ သင်္ခါရ လောကသို့ကား အသိမရောက်ပေ။ ပေါ်လွင်သော ဥပမာတခုကိုပြရလျှင်၊ စာသင်ကျောင်းရောက်စ ကလေးသူငယ်တို့သည် အက္ခရာ စာလုံးတို့ကို ဆရာက သင်ပြသော စံနစ်အတိုင်း သင်ယူသည်၊ ရေးသားသည်၊ ဖတ်ကြားသည်။ ဤသို့နေ့စဉ်နေ့တိုင်း သင်ယူ ရေးသား ဖတ်ကြားခြင်း၌ အလေ့အကျင့်ရနေသော ကျောင်းသားကို တနေ့သ၌ ဆရာက သတ်ပုံရေးသားရန် စာအုပ်ကိုင်လျက် ဖတ်ပြော နေသည်။ ဆရာ၏ အသံကို နား ထောင်နေသော ကျောင်းသားသည် ဆရာဖတ်နေသော စာအုပ်၌ ပါရှိသော စာ လုံး ပေါင်းတို့ကို တလုံးမကျန် မှန်ကန်အောင် ရေးသား နိုင်လေသည်။ အဘယ် ကြောင့် မှန်ကန်အောင် ရေးသားနိုင်ပါသနည်း၊ စဉ်းစား ဆင်ခြင်ပါလေ။

အထက်ဖေါ်ပြသော ဥပမာအတိုင်းပင် သင်္ခါရသရုပ် ၇၁—မျိုးကို လက္ခဏာ ရသနှင့်တကွ ဆရာပို့ချသော စံနစ်အတိုင်း တပည့်က သင်ယူသည်၊ မှတ်သားသည်၊ စဉ်းစားသည်။ ကလာပတို့၏ ပေါင်းစပ်ပုံ၊ ဥပစယသို့ ရောက်ကြပုံတို့ကို လေ့လာ စဉ်းစားသည်။ စိတ္တတို့၌ စေတသိက်တို့ပေါင်းပုံ၊ ယှဉ်ဘွဲ့ပုံ၊ ဥပစယသို့ ရောက်ပုံတို့ကို လေ့လာသည်၊ စဉ်းစားသည်။ ဤသို့ လေ့လာ စဉ်းစား နေသော ပုဂ္ဂိုလ်သည် အကျင့်ပါ အလေ့ရသဖြင့် သင်္ခါရလုပ်သားသရုပ် ၇၁-ပါးအတွက် အသိ ရှင်းနေလေသည်။ ထိုအခါ မိမိ၏ ကိုယ်နှုတ် အမူအရာနှင့် သူတပါး၏ ကိုယ်နှုတ် အမူအရာ တို့ကို မြင်သိ ကြားသိ ဖြစ်ခဲ့လျှင်၊ ဤအမူအရာသည် လောဘစိတ်ကြောင့်ဖြစ်သည်။ စိတ္တဇကလာပ၌ သဘာဝလုပ်သား မည်မျှ ပါဝင်သည်ဟု အသိ ရောက်နိုင်သည်။

ဖန်တီးပေးသော လောဘစိတ်၌လည်း သင်္ခါရလုပ်သား ဘယ်မျှ ပေါင်းစပ် ယှဉ်တွဲ သည်ဟု အသိရောက်နိုင်သည်။ အဘယ်ကြောင့်နည်း၊ သင်ယူစဉ်က စိတ်ပါဝင်စား စွာ စံနစ်တကျ သင်ယူထားသည့်အပြင်၊ မကြာမကြာ လက်တွေ့ အနေဖြင့် လေ့ကျင့် ထားသောကြောင့် ဖြစ်လေသည်။ အသံထွက်တခု၌ စာလုံးပေါင်းတို့ကို မှတ်သားမိသကဲ့သို့၊ စိတ္တတခု၌ ပါဝင်ယှဉ်တွဲသော စေတသိက်တို့ကို မှတ်မိနေလေတော့ သည်။

ဗုဒ္ဓ အရှင်၏ အဘိဓမ္မပညာက ညွှန်ပြချက်တို့ကို မိမိကိုယ်ကောင်ကြီး၌ ဖြစ်ပေါ်နေပုံ အခြင်းအရာဖြင့် နှိုင်းယှဉ် တိုက်ဆိုင် လေ့လာသောအခါ၊ သင်္ခါရ လုပ်သားတို့၏ အဟုတ်ရှိ–မရှိကို သက်တွေ့အနေဖြင့် ဆုံးဖြတ်နိုင်လေသည်။ မကြာ မကြာ အာရုံတို့နှင့်တိုက်မိတိုင်း ဥပစယသို့ရောက်လာကြသော အကုသိုလ်စေတသိက် နှင့် ကုသိုလ်စေတသိက် လုပ်သားတို့ကို အဟုတ်တကယ်ရှိအနေဖြင့် လက္ခံအသိလုပ် နိုင်နေလေသည်။ အသိ၌ပေါ်လွင်နေလေသည်၊ ထိုအခါ ထိုတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တာ ရှုပါဟု အခြား သူများက ပြောလျှင် ပြောကြမည်။ မရှုပါလေနှင့်၊ ယခု အချိန်သည် ဖြစ်ပျက်ရှုရန်အချိန် မဟုတ်သေး၊ အဟုတ် ရှိ–မရှိကို စစ်ဆေး နေသော အချိန်ဖြစ်သည်။ သင်္ခါရလုပ်သားတို့သည် တကယ်အဟုတ် ရှိပါကလားဟု စိတ်ချ လက်ချ အသိရှင်းအောင်သာလျှင် လေ့လာပါလေ။ အဟုတ်ရှိသည်ဟု စိတ်ချလျှင် သင်္ခါရလောကအတွက် သံသယကင်းသွားလေပြီ။ ဤကိုယ်ကောင်ကြီး၌ ရုပ်ဓါတ်နှင့် နာမ်ဓါတ် အစုတို့သာလျှင် ရှိသလား၊ အခြား အတ္တ, ဇီဝ, သတ္တ ဆိုသော သဘာဝ တို့ကော ရှိသေးသလားဟု မိမိ၏သိစိတ် ကျေနပ်အောင် စစ်ဆေးပါလေ။ အသိ မကျေနပ်လျှင် သဘာဝသရုပ်ခွဲ ဆရာကောင်းများနှင့် ဆွေးနွေးပါ။ အသိ မနနှင့် သညာ အမှတ်တို့ ယှဉ်တွဲနေကြသော ဤကိုယ်ကောင်ကြီး၌၊အတ္တ,ဇီဝ,သတ္တဟူသော သီးသန့်သဘာဝတို့ကို ရှာဖွေမတွေ့လျှင် အနတ္တဟူသောသဘောသို့ အသိသက်ရောက် သွားပေတော့မည်။သို့သော်လည်း အနတ္တအတွက် စိတ်ချလက်ချ မကျေနပ်သေးပေ။

နိဒါနဝဂ္ဂသံယုတ်–ကစ္စာနဂေါတ္တသုတ္တန်၌ ဖေါ်ပြသော အရှင် ကစ္စာနသည် သင်္ခါရလောကသို့ အသိရှင်းလင်းစွာ ရောက်နေသောပုဂ္ဂိုလ်ဖြစ်လေသည်။ သို့သော် လည်း၊ သင်္ခါရလုပ်သားတို့၏ လုပ်ငန်းများ၌ အသိမရှင်းလင်းပေ။ မြတ်စွာဘုရား- သမ္မာဒိဋ္ဌိ အမြင်မှန်, အမြင်မှန်ဟု ပြောဆိုကြရာ၊ဘယ်ထိအောင်သောအသိကို သမ္မာဒိဋ္ဌိဟု ဆိုရပါမည်နည်းဟု မေးလျှောက်လေသည်။ ထိုအခါ ဗုဒ္ဓအရှင်သည် (ဒွယနိဿိတော ခေါ ကစ္စာန လောကော ယေဘုယျေန အတ္ထိတဉ္စေဝ နတ္ထိတဉ္စ)အို–ကစ္စာန သင်္ခါရ လုပ်သားတို့၏ လောကသည် များသောအားဖြင့် အဖြစ်သဘောကို အစွဲပြု၍ ရှိ-မြဲဟူသော သဿတ၊အပျက်သဘောကို အစွဲပြု၍ မရှိ-ပြတ်ဟူသော ဥစ္ဆေဒ၊

ဤသဘော ၂-မျိုးကို အမှီအစွဲပြုကြသည်။ (လောက သမုဒယံခေါ် ကစ္စာန သမ္မာပညာယ ပဿတော ယာလောကေနတ္ထိတာ သာနဟောတိ)အို -ကစ္စာန,သင်္ခါရ တို့၏ ဖြစ်စဉ် သန္တတိ သဘောကို ဝိပဿနာဉာဏ်ဖြင့် ရှင်းလင်းစွာ သိနေပါလျှင် (ဝါ) ဥပစယသို့ ဆက်ကာဆက်ကာ ရောက်နေကြသည်ကို ကောင်းစွာ သိနေ ပါလျှင်၊ လောကဆိုတာ မရှိဘူး အပြတ်ကြီးဘဲဟု သိနေသော အသိသည် ပျောက် လွင့်သွားလေပြီ။ အို-ကစ္စာန, ဥပစယသို့ ရောက်ရှိ ထင်ရှားနေသော သင်္ခါရ လော ကသည် ပျက်၍ပျက်၍ နေပါကလားဟု ရှင်းလင်းစွာ သိနေလျှင် မြဲဟူသော လော ကစွဲသည် လွင့်ပျောက် သွားလေသည်။ ဥပစယ၌ အသိရှင်းလျှင် သဿတမရှိ၊ သန္တ တိ၌ အသိရှင်းလျှင် ဥစ္ဆေဒမရှိဟု ဟောပြတော် မူပါသည်။

အဓိပ္ပါယ်မှာ သတ္တဝါအချို့၏ အသိသည် အဖြစ်ဘက်မှာ, အပျက်ဘက်မှာ တဘက်သတ် အစွဲသန်နေသဖြင့်၊ မြဲသဘော သက်ရောက်ကြသည်။ အချို့ သတ္တဝါ တို့၏ အသိသည် အပျက်ဘက်သက်သက် တဘက်သတ် အစွဲသန်နေကြသဖြင့်၊နောက် ထပ် အဆက်မရှိ အပြတ် သက်ရောက်ကြသည်။ သင်္ခါရလောက တည်ဆောက်သော ဥပစယကို အသိရှင်းလျှင်၊ ၃-ခဏ,၅၁-ခဏ ထင်ရှားပုံကို မြင်နေ သိနေရ၍ သဿတ အယူကင်းသွားမည်။ ထိုဥပစယ ဆက်ကာဆက်ကာ ပေါ်သဖြင့် အဖြစ်အပျက် တွေ ဆက်နေတာဟု သန္တတိအစဉ်အတွက် အသိရှင်းလျှင်၊ ဥစ္ဆေဒ အယူ ကင်းစင် သွားမည်ဟု ဆိုလိုသည်။

ထိုနောက် ဗုဒ္ဓကိုယ်တော်သည် ဥပစယနှင့် သန္တတိအစဉ်သို့ သင်္ခါရ လုပ် သားတို့ ရောက်ကြရပုံကို ပြလိုသဖြင့် (ဥပယုပါဒါနာဘိနိဝေသ ဝိနိဗန္ဓော လော ကော) အို-ကစ္စာန, သင်္ခါရလောကဆိုတာ တဏှာ ဥပယ, ဒိဋ္ဌိ ဥပယ- တဏှာ ဥပါဒါန်, ဒိဋ္ဌိ ဥပါဒါန်တို့သည် သင်္ခါရလုပ်သားတို့သို့ သက်ဝင် သွားကြသဖြင့်၊ ၎င်း ၂-မျိုးတို့၏ အချည်အနှောင်ကိုခံယူထားကြရသော သင်္ခါရလုပ်သားတို့၏ အစု ဖြစ်သည်ဟု ဖေါ်ပြတော်မူသည်။

ဤ၌ ဥပယဟူသော ပါဠိစကားသည် ဥပနှင့် အယကို ပေါင်းစပ်ထားသော စကားလုံး ဖြစ်သည်။ လောဘနှင့် ဒိဋ္ဌိတို့သည် သင်္ခါရလုပ်သားတို့သို့ ကပ်ရောက် သည်ဟု ဆိုလိုသည်။ တိုက်ရိုက် ဘာသာပြန်လျှင်၊ ဥပယ-ပူးကပ်ဖြစ်သည်။ ဥပါ ဒါနလည်း ဥပနှင့် အာဒါနကို ပေါင်းထားသည်၊ အတင်းအကြပ် ဖမ်းဆွဲခြင်း ဖြစ်သည်။ အဘိနိဝေသသည် သက်ဝင် စိမ့်ဝင်သော အနက်ဖြစ်သည်။ ဝိနိဗန္ဓ-ရစ် ပတ် ချည်နှောင်သည်ဟု ဖြစ်သည်။

အဓိပ္ပါယ် ရှင်းရှင်းမှာ လောဘနှင့် ဒိဋ္ဌိတို့သည် သဘောတူသဖြင့်၊ လော ဘစိတ်၌ ပါဝင်သော ကိလေသဓါတ်လုပ်သား ဝိညာဏ်နှင့် စေတသိက် တရားတို့

ကို အတင်းအကြပ် ပူးကပ်ချည်နှောင်လျက် ဥပစယသို့ ပို့ပေးသော ဓါတ်အစုလောကဟု ဆိုလိုသည်။ နာမ်ဥပစယတို့သည် ၃-ခဏကြာလျှင် အဟောင်း ပျောက်ပျက်ကာ အသစ်ပေါ်လာသည်။ ရုပ် ဥပစယတို့သည် ၅၁—ခဏကြာလျှင် အဟောင်း ပျောက်ပျက်ကာ အသစ်ပေါ်လာသည်။ဤသို့လျှင် သင်္ခါရလောကခေါ်ကြသော ဥပစယ, သန္တတိ-အဟောင်းအသစ် ပြောင်းလဲကြခြင်းကို မြင်သောအသိ၊ ရောက်သော အသိကို သမ္မာဒိဋ္ဌိ အမြင်မှန်ဟု ခေါ်သည်။ ထိုအမြင်မှန် သမ္မာဒိဋ္ဌိသည် သင်္ခါရ လောကကို မမြဲလဲ မမြဲ,မပြတ်လဲ မပြတ်ဘဲ၊ အဟောင်း အသစ်တို့ ဆက်စပ်နေတာဟု သိပြီး၍၊ ထိုလောကကို သတ္တ,ဇီဝ, အတ္တဟု အစွဲအလမ်း မပြုတော့ပေ။ မစွဲလမ်းတော့ပေ။ သင်္ခါရ လုပ်သား ဟူသမျှ အနတ္တတို့သာဟု သိလျက်၊ ထိုအနတ္တတို့သည် အဟောင်းလဲ မမြဲ အနိစ္စ၊ အဟောင်း အသစ် ပြောင်းလဲခြင်းကို ခံယူနေကြရသော ဒုက္ခတို့ပါကလား ဟူ၍သာလျှင် သိနေလေသည်။

အို-ကစ္စာန,ဤကဲ့သို့ အဟောင်းအသစ် ပြောင်းလဲနေကြရခြင်းမှာ သင်္ခါရ လုပ်သားတို့သည် အဟုတ်ရှိသော ပရမတ္ထများဖြစ်ကြသည်။ အဟုတ်တကယ်ရှိသောကြောင့် အချင်းချင်းဆက်သွယ်ကြသည်။ 'ဣမသ္မိံ သတိ ဣဒံဟောတိ' အကြောင်းရှိလျှင် အကျိုးရှိလာသည်၊ အကျိုးရှိလာလျှင် အကြောင်းရှိလာရသည်။အို-ကစ္စာန, ဗုဒ္ဓအရှင်တို့သည် ဥပစယ, သန္တတိ တို့၏ အမြဲသော်လည်း အဆက် မပြတ်သော သန္တတိတို့၏ အနိစ္စ,ဒုက္ခ,အနတ္တတို့ကို ရှင်းရှင်းလင်းလင်း သိမြင် ကြပြီးလျှင်၊ မြဲ-ပြတ်တို့၌ အစွဲအလမ်းမရှိဘဲ အသိ၏လမ်းမှန်ဖြစ်သော မဇ္ဈိမပဋိပဒါ, ပဋိစ္စသမုပ္ပါဒ် သင်္ခါရ လုပ်သားတို့၏ လုပ်ငန်းသဘောတရားကို ဟောပြ,ပြောပြ အဆုံးအမပြုကြလေသည်။

ဤဒေသနာဖြင့် ဗုဒ္ဓကိုယ်တော်သည် သင်္ခါရလောက၏အစ-အလယ်-အဆုံး ၃—မျိုးစလုံးကို ပြတော်မူသည်။ ဤဒေသနာ၌ ဗုဒ္ဓအရှင်အသုံးပြုထားသော ဥပယ, ဥပါဒါန, အဘိနိဝေသ, ဝိနိဗန္ဓ ဟူသော ပါဠိစကား ၄—လုံးကို သတိပြုခဲ့ပါ။ ဥပယသည် သမုဒယ သစ္စာ၏ နိဒါန၌ အကြောင်းမှန်၊ ဥပါဒါနသည် အာယူဟန၌ အကြောင်းမှန်၊ အဘိနိဝေသသည် သံယောဂ၌ အကြောင်းမှန်၊ ဝိနိဗန္ဓသည် ပလိဗောဓ၌ အကြောင်းမှန်ဟူသော သမုဒယသစ္စာ၏ အကြောင်းမှန်အနက် ၄-ချက်ကို ဖေါ်ပြသော စကားလုံးများ ဖြစ်ပါသည်။ ယောဂီ၏ ဝိပဿနာစိတ်အာရုံ၌ ဥပစယ သန္တတိ အခြင်းအရာတို့သည် ရှင်းလင်းစွာ ပေါ်လွင်နေလျှင်၊ သစ္စာ ၄-ချက် တို့၏ အနက် ၁၆—ချက်တို့သည် အသိ၌ ထင်ရှား နေပေမည်။ 'ဇာတိရူပမေဝ ဥပစယ သန္တတိ နာမေန ပဝုစ္စတိ' သဂြိုဟ်ပါဠိကို ဇာတိနှင့် ဥပစယ,သန္တတိတို့သည် အတူတူဘဲဟု သိရုံမျှ,အသိရောက်ရုံမျှဖြင့်ကျေနပ်မနေသင့်ပေ။ ဇာတိသည်ပညတ်အမျိုးမျိုး၏

ရစ်ပတ်ဖုံးလွှမ်းခြင်းကို ခံနေရသော 'သတ္တ လောက' ဖြစ်၍၊ ဥပစယနှင့် သန္တတိ ၂-မျိုးသည် အပေါင်းပညတ်နှင့် အစဉ်ပညတ် ဖုံးလွှမ်းခံရသော သင်္ခါရလုပ်သား အစုဟူသော သင်္ခါရလောကဖြစ်သည်။ ထိုပညတ် ၂-မျိုးသည် ပါးလွှာသောသဘော ဖြစ်၍ အသိဖြင့်ခွာလိုက်လျှင်၊ လိမ္မော်သီးအခွံကို ခွာလိုက်သောအခါ အစိတ်တွေ ပေါ်လွင်ထင်ရှားလာသကဲ့သို့၊ ဥပစယဟူသော အပေါင်းပညာ်၊ သန္တတိ ဟူသော တန်းစဉ်ပညတ် ကွာလျှင်၊ သင်္ခါရလုပ်သား အစိတ်အစိတ်တရားတို့ ထင်ရှားပေါ် လွင် နေပေလိမ့်မည်။

အထက် ပြခဲ့သော အခက်ကြီး ၄– မျိုးသည် သင်္ခါရ လောက၌ သာလျှင် ပေါ်လွင်ထင်ရှားနေသဖြင့်၊ထိုအခက်ကြီး ၄–ပါးကို ရှင်းလင်းလိုသော ဓမ္မမိတ်ဆွေ တို့သည် ရှေ့ဦးစွာ မိမိတို့၏အသိကို သင်္ခါရလောကသို့ရောက်အောင် ပို့ပေး ပြီးလျှင် သင်္ခါရလောကသို့ ရောက်ပြီးသော အသိတို့ဖြင့်သာလျှင် ရှင်းလင်းကြရန် တိုက်တွန်း နှိုးဆော်ပါသတည်း။

အထက်ကဖော်ပြသည့်အတိုင်း ဗုဒ္ဓဝါဒ အနတ္တ၌ သတ္တ, ဇီဝ, အတ္တမရှိ။ ထို တရားတို့သည် သတ္တဝါတို့၏ စိတ်ကူးကြံဆ မှတ်သားထားသော အမှတ် သင်္ကေတ ပညတ်တရားများ ဖြစ်ကြသောကြောင့်၊၎င်းတို့၏ အစဟူ၍ မှတ်သားချက်မရှိနိုင်ပေ။ အဟုတ်ရှိသော ပရမတ္ထ တရား တို့၌ကား တကယ် အဟုတ် အရှိများ ဖြစ်ကြသော ကြောင့်၊ အစဟူသော ပညတ်သည် အရှိဖြစ်သော ပရမတ်တို့ကို အစွဲပြုကာ ထင်ရှား နိုင်သည်။ ပါဠိစကားဖြင့် 'အာဒိ' မြန်မာစကားဖြင့် 'အစ' ဤအစဟူသော ပညတ် သည် ရှေ့ဦးဆုံး ထင်ရှားလာသော ပရမတ်တခု၊ သို့မဟုတ် အစုကို အစွဲပြုကာ ပေါ်လွင်ရသည်။ အစုဟူသော ပညတ်သည်လည်း တခုစီတခုစီသော အရှိ ပရမတ် တို့၏ အပေါင်းကို အစွဲပြုကာ ထင်ရှားရသည်။

ဒသအင်္ဂုတ္တိုရ်၊ အဝိဇ္ဇာ သုတ္တန်နှင့် ဘဝရာဂ သုတ္တန်တို့၌='ပုရိမာ ဘိက္ခဝေ ကောဋိ နပညာယတိ အဝိဇ္ဇာယ၊ ဣတောပုဗ္ဗေ အဝိဇ္ဇာ နာဟောသိ၊အထ ပစ္ဆာသမ ဘဝီတိ' ဟု ဟောပြခဲ့သည်။

အို-ရဟန်းတို့, အဝိဇ္ဇာသည် ဤအချိန် ဤကာလ၏ ရှေ့အဘို့ကမရှိပါ။ ဤ ကာလ ဤအချိန်၏ နောက်အဘို့မှ ဖြစ်ပေါ် လာသည်ဟု အချိန် ကာလ ပညတ်ကို ပဓါနထား ဦးစားပေးလျက် ရှာဖွေခဲ့လျှင်၊ အဝိဇ္ဇာ၏ ရှေ့အဘို့ အစွန်းမထင်ပေ။

ဤဒေသနာ၌ အဝိဇ္ဇာမရှိသေးလျှင်၊အစဟူသောပညတ်သည် အဟုတ်တကယ် အဘယ်အရှိကို အစွဲပြုကာ ထင်ရှားရပါမည်နည်းဟု ဖော်ပြတော်မူသည်၊ တဖန် ဗုဒ္ဓ ကိုယ်တော်သည်....

ဝေဒနာ့ဘံ ဘိက္ခဝေ ဝုစ္စတိ၊ အထဧပနပညာယတိ၊

ဣဒပစ္စယတာအဝိဇ္ဇာ—ဟု ဆက်လက်ဖော်ပြပြန်သည်။

အို—ရဟန်းတို့ အစ၏သဘောကို ဤသို့ဆိုအပ်သည်။ အမှန် တကယ်လည်း 'အစ'ထင်ပါသည်။ ပဋိစ္စသမုပ္ပါဒ်၌ ပရမတ် အဝိဇ္ဇာသည် အစဟူသော ပညတ်ဖြင့် ပေါ်လာထင်ရှားသည်ဟု ဖော်ပြသည်။

ဤဒေသနာတော် အရ ပရမတ်အစစ် ဖြစ်ကြသော သံသရာ လောကသည် အစရှိပါသည်။ အဝိဇ္ဇာသည် သံသရာလောက၏ အစဘဲဟု ဖော်ပြတော် မူခဲ့သည်။ တဖန် ပဋိစ္စသမုပ္ပါဒ်၌ အမှတ်အသားအဖြစ် အသုံးပြုကြသော အခွန့်ပညတ် ၃—မျိုး သည် အရှိပရမတ်တို့ကို အစွဲပြုကာ အမှတ်အသားပြုလာသော ပညတ်တရားတို့ပင် ဖြစ်ကြသည်။ အဝိဇ္ဇာနှင့်သံသရာကို အတိတ်အခွန့်ဟု အဘယ်ကြောင့် မှတ်သား ပါ သနည်း။ သံသရာလောက၌ အဝိဇ္ဇာ၊ သံသရာတို့ထက် အရင်ကျသော ပရမတ်ဟူ၍မရှိ။ အဝိဇ္ဇာနှင့် သံသရာတို့သည်လည်း အကြောင်း သဘောကို ယူဆောင် ထင်ရှားကြ သည်။ အကြောင်းသဘောသည် အကျိုးသဘောနှင့် နိယာမအတိုင်း ဆက်စပ်ကြ သည်။

အကျိုးတရားတို့သည် အကြောင်း တရားတို့ထက် ပိုမိုပေါ်လွင် ထင်ရှားကြ သည်၊ ဤသို့ ပိုမိုပေါ်လွင်နေသော အကျိုးတရားတို့ကို လက်တွေ့ အခြေအနေဖြင့် အသိလုပ်ကာ လက်ရှိ ပစ္စုပ္ပန်ဟူသော အမှတ်အသားဖြင့် ပရမတ်တို့ကို ခွဲခြားသည်။ ထိုပစ္စုပ္ပန် ပရမတ်တို့ကို အစွဲပြုလျက် အရင် ရှေ့က ဖြစ်ပေါ်နှင့်ပြီးသော ပရမတ်ကို အတိတ်ဟု သတ်မှတ်ကြသည်။ ထို့ကြောင့် သံသရာ လောက၌ ဝိပါကဝဋ္ဋ မပေါ် လာမီ ဝိပါကဝဋ္ဋ ပေါ်လာအောင် ဆောင်ရွက် ပေးနေ ကြသော ကိလေသဝဋ္ဋ လုပ်သားတို့၏ ခေါင်းဆောင် အဝိဇ္ဇာနှင့် ကမ္မဝဋ္ဋ လုပ်သား တို့၏ ခေါင်းဆောင် စေတနာ၊ ဤလုပ်သားကြီး ၂—ခုကို အတိတ် အခွန့်ဖြင့် ဖော်ပြခဲ့လေသည်။

ကိလေသဝဋ္ဋနှင့် ကမ္မဝဋ္ဋ အကြောင်း ၂—မျိုးသည် မရှေးမနှောင်း တပြိုင် နက် ပေါ်လာကြသည်။ ဝိပါကဝဋ္ဋ အကျိုးတို့သည် အကြောင်းဝဋ္ဋ ၂—မျိုး ပေါ် ပြီးနောက်၊ အချိန်ကာလကြာမြင့်မှ ပေါ်လာသဖြင့်၊ အခွန့်ဟူသော အဒ္ဓါန ကာလ ဖြင့် ရှေ့ဖြစ်နှင့်သော အဝိဇ္ဇာ၊ သံသရာတို့ကို အတိတ်၊ နောက်မှပေါ်လာသော ဝိပါက ဝဋ္ဋကို ပစ္စုပ္ပန်အခွန့်ဟုသတ်မှတ်ကြသည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာသည် အကြောင်း သဘာဝများနှင့် အကျိုး သဘာဝများ ဖြစ်ကြသော သံသရာလုပ်သား အဟုတ်ရှိ ပရမတ်တရားတို့ကိုသာလျှင် ဖော်ပြ ဆုံးမသော ဒေသနာဖြစ်သည်။ ထိုဒေသနာ၌

အတိတ် အခွန့် ပညတ်ဖြင့် အဝိဇ္ဇာနှင့် သင်္ခါရ၊ အဟုတ်ရှိ ပရမတ် ၂—မျိုးကို သတ်မှတ်သည်။ တဖန် ပစ္စုပ္ပန်အခွန့်ပညတ်ဖြင့် ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာ ဟူသော အကျိုးများနှင့် တဏှာ,ဥပါဒါန်,ကမ္မဘဝ ဟူသော အကျိုးအကြောင်း ဤပရမတ် ၈-မျိုးကို သတ်မှတ်သည်။ ဤအခွန့် ၂-မျိုးဖြင့် သတ်မှတ် ထားသော ပရမတ်တို့ကို အကြောင်း သဘာဝလုပ်သားနှင့် အကျိုးသဘာဝလုပ်သားဟု ၂-မျိုး ပြန်၍ သတ်မှတ် ခွဲခြားခဲ့ပါလျှင်၊ အကြောင်း ၅-ပါး,အကျိုး ၅-ပါးဟုဖြစ်လေသည်။ သဘောအားဖြင့်စဉ်းစားလျှင်၊ အခွန့်၂-မျိုး ဆက်သွယ်လိုက်ကအကြောင်းနှင့်အကျိုးတို့ပြည့်စုံနေလေပြီ။ အတိတ်နှင့် ပစ္စုပ္ပန် သဘောတရား ပရမတ်တို့လည်း ထင်ရှား နေလေပြီ။ ပဋိစ္စသမုပ္ပါဒ် သဘောတရား၏ အနာဂတ်အခွန့်သည် အဘယ်နည်း။ ပစ္စုပ္ပန် ပရမတ်တို့ကို အထောက်အထားပြု၍ မဖြစ် မပေါ်သေးသော ပရမတ်တရားတို့ကို အနာဂတ်အခွန့်ဟု သတ်မှတ်ရန် ဖြစ်လေသည်။ အခွန့်တို့သည် ပညတ်၊ ထိုအခွန့် ပညတ်ဖြင့် မှတ်သားအပ်သော သဘောတရားတို့သည် ပရမတ်များဟု သတိပြုပါ။

ထို့ကြောင့် မဖြစ်ပေါ် သေးသော အကျိုးနှင့် အကြောင်း ပရမတ် တို့ကို သို့မဟုတ် မဖြစ်မပေါ်သေးသော ဝိပါကဝဋ္ဋ,ကိလေသဝဋ္ဋ,ကမ္မဝဋ္ဋ ၃-မျိုးကို တစု တပေါင်းတည်း ပြုကာ ဇာတိ,ဇရာမရဏ ဟူသော ပညတ်ဖြင့် အနာဂတ် အခွန့်ဟု သတ်မှတ်တော်မူခဲ့လေသည်။

ဇာတိပညတ်ဖြင့် မှတ်သားသမျှသော ပရမတ် အစုတို့သည် အကျိုးပရမတ် အကြောင်း ပရမတ် ၂-မျိုးသာလျှင် ဖြစ်ကြလေရာ၊ အကျိုးပရမတ်သည် ဥပစယသို့ ရှေ့ဦးစွာ ရောက်ရလေသည်။ ဇာတိအမည်ဖြင့် ဥပစယသို့ ရောက်ကြသော သင်္ခါရအစု ကလာပ စိတ္တတို့သည် သန္တတိအစဉ် ပညတ်ဖြင့် စုတိခေါ်သော ပရမတ် အစုသို့ ရောက်ကြရသည်ချည်းသာ ဖြစ်သည်။ ဇာတိသည် ပညတ်ဖြင့် မှတ်သားအပ်သော ပရမတ်အစု(ဝါ)ဝိပါကဝဋ္ဋ လုပ်သားဖြစ်သည်။ ထိုဝိပါကဝဋ္ဋ လုပ်သားတို့သည် ပဝတ္တိ ဝိပါကဝဋ္ဋ လုပ်သားနှင့် ပဋိသန္ဓေ ဝိပါကဝဋ္ဋ လုပ်သားဟု ၂—မျိုး ကွဲပြန်သည်။ ပဝတ္တိ ဝိပါကဝဋ္ဋ လုပ်သားတို့သည် ပဋိစ္စ သမုပ္ပါဒ်၌ ပစ္စုပ္ပန်အခွန့်အမှတ်အသားဖြင့် ရှေ့ဦးစွာ ပေါ်ရသည်။ ထို့ကြောင့် ပဋိစ္စ သမုပ္ပါဒ်၌ အကြောင်း ကိလေသဝဋ္ဋ, အကြောင်း ကမ္မဝဋ္ဋတို့ ဖြစ်ပေါ်ပြီးနောက်၊ အကျိုး ဝိပါကဝဋ္ဋ ပေါ်သည်။ ဤဝဋ္ဋ သုံးပါး ပေါင်းဆုံ ဆက်ဆံမိသော ကာလသည် ပဋိစ္စ သမုပ္ပါဒ်၏ ပုဗ္ဗန္တရှေ့ပိုင်း အဆုံးဖြစ်လေသည်။ ပစ္စုပ္ပန်အခွန့်၏ အစ ဖြစ်လေသည်။ အဟုတ်ရှိ ပရမတ်ဓါတ်တို့သည် အလွန့်အလွန် သိမ်မွေ့ရာမှ တဆင့်ထက် တဆင့် ရင့်ကျက်လာကြရသည်။ ဤသို့ တဆင့်တဆင့် ရင့်ကျက်ရသော သဘောသည် သင်္ခါရဓါတ်တို့၏ နိယာမသဘော ဖြစ်သည်။

အနုပုဗ္ဗကြိယာအပိုင်း ပဋိစ္စသမုပ္ပါဒ်၌ ဖော်ပြခဲ့သည့်အတိုင်း အဝိဇ္ဇာသည် မိမိ၏ အမှတ်လက္ခဏာကို ဆောင်လျက် ထင်ရှားသည်။ အမှတ်လက္ခဏာဖြင့် ထင်ရှားသော အဝိဇ္ဇာကို အစွဲပြုလျက်၊ သင်္ခါရလည်း မိမိ၏ အမှတ်လက္ခဏာဖြင့် ထင်ရှားသည်။ ဤပရမတ် ၂—ပါးသည် အမှတ်လက္ခဏာဖြင့် ထင်ရှားသော်လည်း၊ ဥပစယ သို့ ရောက်အောင် အကြောင်း မပြည့်စုံသေးပေ။ ဤဓါတ် ၂—ပါးသည် သဘာဝ ဟူသော မရှိရာက အရှိသို့ ရောက်လာကြသည် မဟုတ်။ အမျိုးအမည်အားဖြင့် မခွဲခြားနိုင်သော အရှိဓါတ်မှ မိမိတို့၏ လက္ခဏာ အမှတ်ကို ဆောင်နိုင်သဖြင့်၊ အရှိသဘော ပိုမို ထင်ရှားခြင်း ဖြစ်သည်။ နိဒါနဝဂ္ဂသံယုတ်, အာဟာရဝဂ်-စေတနာ သုတ္တန် ၃—ခု၌ ဖော်ပြသော စေတေတိ,ပကပ္ပေတိ,အနုသေတိ စကား ၃—လုံးသည် သင်္ခါရလောက ပုဗ္ဗန္တခေါ်ရသော အတိတ်အခွန့်၌ ကမ္မဝိညာဏ်ပေါ်ရပုံ အနာဂတ် အခွန့်ဖြင့် သတ်မှတ်ထားသော ဇာတိတွင် အကြောင်းဖြစ်သော ဇောစိတ်တို့၌ ကမ္မဝိညာဏ် ပေါ်လာရပုံတို့ကို ခွဲခြားပြသော စကားသုံးလုံး ဖြစ်လေသည်။ ကမ္မဝိညာဏ်သည် အကြောင်းဖြစ်၍ နိယာမထုံးစံအရ ရှေ့ဦးအလျှင် ဖြစ်ပေါ်ရပေမည်။ ထို့ပြင် ကမ္မဝိညာဏ်သည် ဝိပါက်ဝိညာဏ်ကို ဖြစ်ပေါ်စေမည့် မျိုးစေ့သဘော လည်း ဖြစ်သည်။ ကမ္မခေတ္တံ ·ဝိညာဏံ ဗီဇံ သည် ကမ္မဝဋ်နှင့် ပေါင်းစပ်ခဲ့သော ကမ္မဝိညာဏ် ဖြစ်လေသည်။

ပဋိစ္စ သမုပ္ပါဒ် အပရန္တအပိုင်း၌ ပဝတ္တိ အကျိုးဖြစ်သော ဝိပါက် ·ဝိညာဏ်, နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာတို့သည် အချင်းချင်း အစွဲပြုကာ ထင်ရှားနေကြသဖြင့်၊ အကျိုးဝေဒနာကို အစွဲပြုလျက်၊ တဏှာ, ဥပါဒါန်,ကမ္မဘဝ ဟူသော အကြောင်းတရားတို့လည်း အချင်းချင်းကို အစွဲပြုကာ ထင်ရှားကြသည်။ ဤပဝတ္တိ အကျိုး ၅—ပါးသည် ပုဗ္ဗန္တ ရှေ့ပိုင်း၏ အဆုံး-အပရန္တ နောက်ပိုင်း၏ အစအဖြစ်ဖြင့် ပေါ်လွင်နေသည်။ ထို့ကြောင့် ပုဗ္ဗန္တဖြစ်သော ရှေ့ပိုင်း၌ အကြောင်း ၂—ပါးနှင့် အကျိုး ၅—ပါး၊ ပေါင်း ပရမတ်အမျိုး ၇—ပါးဖြင့်၊ ဝဋ်သုံးပါး ပြည့်စုံအောင် သင်္ခါရ လောက၏ အုဋ်မြစ်ကို တည်ဆောက်ကြသည်။

ဤပဋိစ္စ သမုပ္ပါဒ်၏ ပုဗ္ဗန္တဟူသော ရှေ့အစွန်းသည် အဝိဇ္ဇာကို နောက်လိုက်ပြု၍ ဘဝတဏှာခေါ်သော လောဘနှင့် စေတနာခေါ်သော သင်္ခါရ လုပ်သားတို့ ဦးဆောင်ကာ အစု ၅—မျိုးဖြစ်သော ခန္ဓာအိမ် ဇာတိကို တည်ဆောက်နိုင်အောင် အုဋ်မြစ်ချသော အပိုင်းဖြစ်သည်။ ဤအပိုင်းကို သတိကြီးစွာ ထားလျက် စဉ်းစား သင်ခြင်ပါလေ၊ ယခုအခါ ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ယုံကြည်သော သဒ္ဓါသက်သက်ဖြင့် လေ့လာသူ များဟန်ရှိသည်။ ရှေ့အစွန်း ပုဗ္ဗန္တအတွက် မရှင်းမလင်းသော သံသယနှင့် အထက်ဉာဏ်များကို လေ့လာပါလျှင်၊ မိမိတို့ ရည်ရွယ်

ချက်ဖြစ်သော ပန်းတိုင်သို့ ရောက်မည်မဟုတ်ပေ။ အမှန်အားဖြင့် ဝဋ်သုံးပါးသည် ဇာတိသို့ အရောက်ပို့နိုင်သော ကမ္ဘာဝ၏ တည်ရာ အုတ်မြစ်ကြီးများ ဖြစ်လေသည်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ဟူသော ကိလေသဝဋ် အမည်ခံ မောဟ, လောဘ, ဒိဋ္ဌိနှင့် ကမ္မဝဋ် အမည်ခံ စေတနာ အနုနှင့် စေတနာ အရင့်တို့သည် ဝိပါကဝဋ်ကို အစွဲပြုလျက်၊ ဥပစယ သန္တတိတို့ဖြင့် တပေါင်း တစည်းတည်း ပြုကာ ကမ္ဘာဝဟူသော အဆောက်အအုံကြီးကို တည်ဆောက်ကြလေတော့မည်။ ထို့ကြောင့် ပစ္စုပ္ပန်အခွန့် ပညတ်ဖြင့် ပေါ်လာထင်ရှားသော ဝိပါကဝဋ် ၅–ပါးသည်၊ လောဘ, ဒိဋ္ဌိ, မောဟ, စေတနာတို့၏ စွဲမှီစရာ အာရုံအဖြစ်ဖြင့် အထောက်အပံ့ ကျေးဇူး ပြုကြသည်ကို ဆင်ခြင်ပါလေ။ အဟုတ်ရှိဖြစ်သော ပရမတ်လုပ်သား သင်္ခါရတရားတို့သည် မိမိတို့၏ ဓမ္မနိယာမအတိုင်း သဟဇာတ, အညမည, သမ္ပယုတ္တ စသော အများဆိုင် သတ္တိ တို့ဖြင့် ဝိုင်းဝန်းလျက် အထောက်အပံ့ပေးကြသဖြင့်၊ ကိလေသဝဋ်လုပ်သားတို့အင်အားသည် သန္တတိအစဉ်ဖြင့် အချိန်ပြင်းကာ ထက်မြက်လာသည်။ ကိလေသဝဋ်လုပ်သားတို့ အချိန်ပြင်းသလောက် ကမ္မဝဋ် လုပ်သား စေတနာသည်လည်း အနု အခြေ အနေမှ အရင့် အခြေအနေသို့ ရောက်ကာ၊ ဝိပါကဝဋ် လုပ်သားတို့ကို ဖန်တီးနိုင်အောင် သတ္တိပြည့်စုံလာ၍ ဇာတိဟူသော ဓါတ်အစုကို ပေါက်ပွားစေနိုင်တော့သည်။ ဇာတိသို့ရောက်ပြီးသော ပဉ္စဒွါရဝီထိနှင့် တဒနုဝတ္တိကာ မနောဒွါရဝီထိတို့၏ ဖြစ်ပေါ်ပုံအခြင်းအရာတို့ကို အထောက်အထားပြုလျက်၊ ဇာတိသို့ မရောက်သေးသော သင်္ခါရ လုပ်သားတို့၏ ဓမ္မနိယာမ လုပ်ငန်းတို့ကို နှိုင်းယှဉ်စဉ်းစားပါလေ။

ဤစာအုပ်တွင် အနုပုဗ္ဗ ကြိယာအပိုင်း၌ ဖော်ပြ ခဲ့သည့်အတိုင်း၊ သင်္ခါရ ပရမတ်လုပ်သားတို့တွင် အဝိဇ္ဇာသည် မိမိ၏ အမှတ်လက္ခဏာဖြစ်သော သဘောကို ဆောင်ယူကာ သင်္ခါရလောကကို စတင်တည်ဆောက်သည်။ သင်္ခါရလောကအာသည် ကိလေသဝဋ်အမည်ဖြင့်ထင်ရှားသည်။ ထိုအဝိဇ္ဇာကို အစွဲပြုကာ စေတနာသင်္ခါရလည်း မိမိ၏အမှတ်လက္ခဏာဖြစ်သော သဘောကိုယူဆောင်ကာ ကိလေသဝဋ်လုပ်သားတို့၏ အကူအညီဖြင့် ကမ္မဝဋ်ကိုစ တင်တည်ဆောက်သည်။ ထိုဝဋ် ၂-ပါးသည် အချင်းချင်း အကူအညီပြုကာ တဖြေးဖြေး ရင့်ကျက်လာကြသည်။ ကမ္မဝဋ်စေတနာကို အစွဲပြုကာ အကြောင်းကမ္မဝိညာဏ်လည်း မိမိ၏ အမှတ်လက္ခဏာ သဘောကို ယူဆောင်လျက် ဝဋ် ၂-ပါးနှင့် ယှဉ်တွဲ ပေါင်းစပ်လာသည်။ ဝဋ် ၂-ပါးနှင့် ယှဉ်တွဲ ရသော ကမ္မဝိညာဏ်သည် ဝဋ် ၂-ပါးကို အခြေခံ ထားလျက်၊ ဝိပါက် ခေါ်သော အကျိုးဝိညာဏ်နှင့် စေတသိက်နာမ် ကမ္မဇရုပ်တို့ကို ဖန်တီးပေးလေသည်။ ထိုအခါ ပစ္စုပ္ပန် အခွန့်ဖြင့် သတ်မှတ်ထားသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ဝိပါကဝဋ် လုပ်သားတို့သည် ထင်ရှား လာကြသည်။ ဤသို့လျှင် သင်္ခါရ လုပ်သား အဟုတ်ရှိ ပရမတ်တရားတို့သည် အချင်းချင်း အထောက်အကူ ပြုကာ၊ ဝဋ်

၃-ပါး ဟူသော သင်္ခါရလောက၏ အဋ္ဌမြစ်ကို တည်ဆောက်ကြသည်။ ထိုအခါ ပေါ်လာထင်ရှားသော ဝိပါကဝဋ္ဋ ဝေဒနာကို အစွဲပြုလျက် ကိလေသဝဋ္ဋလုပ်သား တဏှာလောဘနှင့် ဒိဋ္ဌိ ဥပါဒါန်တို့သည် ကိလေသဝဋ္ဋ လုပ်ငန်းကို တိုးချဲ့လိုက်ပြန်သည်။ ကိလေသဝဋ္ဋလုပ်ငန်း တိုးချဲ့သလောက် ကမ္မဝဋ္ဋလုပ်ငန်းလည်း အရှိန် ပြင်းစွာဖြင့် ကျယ်ပြန့်သွားလေသည်။ ဝိပါကဝဋ္ဋနှင့် ကိလေသဝဋ္ဋလုပ်သားတို့က ကမ္မဝဋ္ဋ လုပ်သားတို့ကို အာရမ္မဏ, သဟဇာတ, သမ္မယုတ္တ, ဥပနိဿယ စသော အများဆိုင် သတ္တိတို့ဖြင့် ဝိုင်းဝန်းကူညီလိုက်ကြရာ၊ လောဘတဏှာသည် ကမ္မဝဋ္ဋ ခေါင်းဆောင် လုပ်သား စေတနာကို အဟုန်အရှိန် အထွဋ်သို့ ရောက်အောင် ဆောင်ရွက် ပေးလေသည်။ ဝိပါကဝဋ္ဋ လုပ်သားတို့သည် ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ လုပ်သားတို့က အရှိသဘော ထင်ရှားအောင် ဆောင်ရွက်ပေးပို့ထားသော သင်္ခါရလုပ်သားတို့ ဖြစ်ကြသည်။ အရှိတရားတို့၏ ဓမ္မနိယာမအတိုင်း အချင်းချင်းဆက်သွယ်ကြသဖြင့်၊ ဥပစယ အစုအဝေးသို့ ရောက်သောအခါ၊ အချင်းချင်းကို အစွဲပြုလျက် ထင်ရှား ကြရလေသည်။ ဝိညာဏ်ကို အစွဲပြုလျက် စေတသိက် နာမ်တရားနှင့် ကမ္မဇ အကြည်ရုပ်များ ထင်ရှားကြသည်။ ၎င်းတို့သည် နာမ်နှင့် ရုပ်တရားများ ဖြစ်ကြသည်။ တဖန် နာမ်နှင့် ရုပ်တရားတို့သည် ပင်ကိုယ်သဘောအားဖြင့် အသိနှင့် အသိခံ ၂-မျိုး ဖြစ်ကြလေရာ၊ အာရုံ အသိခံနှင့် အာရမ္မဏိက အသိတို့သည် အတိုက်အခံ ဟူသော သဠာယတနလုပ်ငန်းဖြင့် အချင်းချင်းအစွဲပြုကာ ထင်ရှားကြသည်။ တဖန် အတိုက်နှင့် အခံဟူသော အာယတနသဘောကို အစွဲပြုကာ အတွေ့ သို့မဟုတ် အထိ ဟူသော ဖဿ ထင်ရှားသည်။ တဖန် အထိအတွေ့ ဖဿကို အစွဲပြုကာ ခံစားခြင်း သဘော ဝေဒနာ ထင်ရှားရလေသည်။ ဤသို့လျှင် ဝိပါကဝဋ္ဋတွင် ပါဝင်ကြသော သင်္ခါရ လုပ်သားတို့သည် တခုနှင့် တခု အမှတ် လက္ခဏာအားဖြင့် မတူကြ သော်လည်း အချင်းချင်း အစွဲပြုကာ ဥပစယ အစုအခိုက်၌ ထင်ရှားနေကြ လေသည်။ ယင်း အကျိုးဝေဒနာဟူသော ဝိပါကဝဋ္ဋလုပ်သားကို အစွဲပြုကာ တဏှာဟူသော လောဘ သည် ဥပစယ၌ ထင်ရှားသည်။ အကျိုး ဥပစယစိတ္တ၌ ပါသော ဝေဒနာ ကဲ့သို့ အကြောင်းဇောကိစ္စ ဥပစယ၌ ပါဝင်သော ဝေဒနာသည် အာရုံ၏အရသာကိုခံစား သည်။ လောဘသည် မိမိနှင့်အတူတကွ ဖြစ်ပေါ်ခံစားနေသော ဝေဒနာကို သာ ယာ ကပ်ငြိသဖြင့် ဇောကိစ္စဆောင်ရွက်သော စိတ္တများ ဆက်လက်ဖြစ်ပေါ်စေရန် စေတနာကို ထကြွအောင် လှုံ့ဆော်ပေးသည်။ လောဘ၏ လှုံ့ဆော်မှုကို အစွဲပြုရ သော စေတနာသည် ဇောစိတ်တို့ကို မကြာမကြာဖြစ်ပေါ်စေလျက်၊ ကံ၏မျိုးစေ့ အစဖြစ်သော ကိုယ်,နှုတ်,စိတ် ဟူသော ရိုးရိုး သင်္ခါရ လုပ်ငန်းများ၊ အတ္တနှင့် အတ္တနိယတို့၏ ချည်နှောင်ထားသော သံယောဇဉ်ကြိုး တင်းလာသော ဥပါဒါန် အဆင့်အတန်း၌ အဘိသင်္ခါရလုပ်ငန်းများ အဟုန် အရှိန် အထွဋ်အထိပ် ဖြစ်သော ကမ္မပထလုပ်ငန်းတို့ကို ဆောင်ရွက်လေသည်။

ကမ္မဘဝသည် အကုသိုလ်စိတ် ၁၂–၌ ပါသော စေတနာ ၁၂–မျိုး၊ မဟာကုသိုလ်,ရူပ,အရူပ ကုသိုလ်စိတ်၌ပါဝင်သော စေတနာ ၁၇ မျိုး၊ ပေါင်း=လောကီစေတနာ ၂၉ ဖြစ်လေရာ၊ ထိုဇောစိတ်တို့သည် ကံကို ဆောင်ရွက် ပြီးသော ခဏ၌ ကွယ်ပျောက် ချုပ်ပျက်သွားကြလေသည်။ သို့သော် ပြုလုပ်ဆောင်ရွက်ခဲ့သော အဘိသင်္ခါရ အဟုန်အရှိန် အတ္တသာဂိက ကမ္မဘဝ အဟုန်အရှိန်တို့သည် ဝိပါက် ဝိညာဏ် ပေါက်ရှင်လာနိုင်အောင် ကျန်ရှိနေကြသည်။ထိုကျန်ရှိနေသော အဟုန်အရှိန်တို့သည် ပရမတ်သင်္ခါရလုပ်သားတို့ မဟုတ်ကြပေ။ ထိုအဟုန်အရှိန်တို့သည် အဟုတ်တကယ်ရှိကြသော်လည်း၊ အမှတ်လက္ခဏာတို့ကို ဆောင်ယူနိုင်သော ဓါတ်သင်္ခါရ သဘောမဟုတ်သောကြောင့်၊ ဘယ်အခါမျှ ဥပစယ မရောက်နိုင်ပေ။ ဥပမာအားဖြင့် လေယာဉ်ပျံ၌ရှိသော 'ပန်ကာ'၏ ပြင်းထန်သော အဟုန် အရှိန်သည် လေယာဉ်ပျံ၏ တည်ရာအဖြစ်ကို ဆောင်ရွက်နိုင်သော်လည်း၊ ဘယ်အခါမှ လေယာဉ်၏ ကိုယ်ထည် အဖြစ်သို့ မရောက်နိုင်သကဲ့သို့၊ စေတနာ၏ အဟုန်အရှိန်တို့သည် ဇာတိဟူသောဓါတ်အစု၏ တည်ရာအဖြစ်ကို ဆောင်ရွက်နိုင်သော်လည်း၊ ဥပ ပတ္တိဘဝဟူသော ကိုယ်ထည် အဖြစ်သို့ မရောက်ရတော့ပေ။ ဝိပါကဝဋ္ဋလုပ်သားတို့သည် ကံ၏အဟုန်အရှိန်ကို တည်ရာ လယ်မြေအဖြစ် အသုံးပြုလျက်၊ ဥပစယသို့ ရောက်ကာ အချင်းချင်း အစွဲပြု၍ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာတို့ဟု ထင်ရှားကြသည်။

ကံ၏ အဟုန်အရှိန်ကိုတည်ရာပြုကာ ထင်ရှားနေကြသော ဝိပါကဝဋ္ဋ လုပ်သား တို့သည် ဇာတိအမည်ကို ခံယူနိုင်သောအချိန်မှအစပြုကာ ခိုင်ခန့်သော အခြေအနေဖြင့် စုတိသို့ရောက်အောင် ဥပစယ အဟောင်းအသစ် ပြောင်းလဲကာ သွားကြရသည်။ စုတိမရောက်မီ နာမ်ဝိပါက လုပ်သားတို့သည် 'ဘဝင်' အမည်ဖြင့် လက်ရှိဘဝ၏ အစိတ်အပိုင်း ကိစ္စကိုလည်း ထမ်းဆောင် ရလေသည်၊ အိပ်ပျော် နေသော စိတ်အစဉ်တို့သည် ဘဝင်စိတ်များ ဖြစ်ကြသည်။ ပဋိသန္ဓေဟူသော ဇာတိမှ စုတိတိုင်အောင် သွားရသော သင်္ခါရလုပ်သားတို့၏ ဘဝခရီးလမ်းစဉ်ကို 'တဘဝ' လက်ရှိဒိဋ္ဌဓမ္မဟုခေါ်သည်။ ဇာတိ၏ ကမ္မဇ ရုပ်ဓါတ်အစုနှင့် ဝိပါက် နာမ်ဓါတ်အစုတို့သည် တပြိုင်နက် ပေါ်လာ ထင်ရှားကြရာ၊ ဝိပါက်နာမ်အစုသည် ဘဝင်ကိစ္စအပြင်၊ သေစိတ်ဟူသော စုတိကိစ္စကိုလည်း ဆောင်ရွက်ရသည်။ ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စကို ဆောင်ရွက်ကြရန် ကံက ဖန်တီးပေးသော်လည်း၊ ရုပ်ဓါတ်တို့ကို ဖန်တီးပေးသော ကံသည် စုတိစိတ်မရောက်မီ စိတ္တ ၁၇–ချက်၌ ကုန်ခမ်းသွားသည်။ ထိုအခါ ကမ္မဇ ရုပ်များ မဖြစ်ပေါ်နိုင်ကြပေ။ ခဏငယ် ၅၁–ချက် မပြည့်သော ကမ္မဇ ရုပ်တို့သည် သာလျှင်၊ စိတ္တ ၁၇–ချက်တို့ ဆက်လက်ချုပ်ပျက်၍ နောက်ဆုံး၌ ကမ္မဇရုပ် အားလုံး စုတိစိတ်နှင့် တပြိုင်နက် ချုပ်ကြရလေတော့သည်၊

ဇာတိမှ စုတိသို့ သွားနေကြသော ဥပစယ အဟောင်း အသစ်တို့၌ ရုပ်အကြည် ၅-မျိုးနှင့် ဘဝင်စိတ် အကြည်တို့သည် ပါဝင် ထင်ရှားကြသည်။ အာရုံ ၆-မျိုးတို့သည် အခွင့်ကြုံတိုင်း အခွင့်ကြုံတိုင်း အကြည်ဓါတ်အစုသို့ ရှေ့ရှုကျကာ ထိခိုက်လာကြသည်။ ထိုထိခိုက်မှုကို အစွဲပြုလျက် အိပ်စိတ်နှင့် နိုးစိတ်တို့၏ အကြား၌ ပေါင်းကူးတံတားသဘွယ် ဆက်သွယ်ပေးသော အာဝဇ္ဇန်း ကြိယာစိတ်တို့သည် 'ဆင်ခြင်' ဟူသော ကိစ္စကို ဆောင်ရွက်ရာ ပေါ်လာ ထင်ရှားသည်။ ထိုအခါ၌ အောက်ခံ မြေခံသည် တိုက်လာသော အာရုံ၏ အရသာကို အကျိုးအဖြစ် ခံစားနိုင်အောင် ပဉ္စဝိညာဏ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏစိတ် ခေါ်သော နာမ်ဓါတ်အစုကို ဖန်တီး ပေးလိုက်ပြန်သည်။ တဖန် ထိုအကျိုးစိတ် ၃-မျိုးတို့၌ ပါဝင်သော ဝေဒနာဖြင့် ခံစားသော အာရုံတို့ကို ဆုံးဖြတ်ပေးသော ကိစ္စဖြင့် ဝုဋ္ဌောဟူသော ကြိယာစိတ်သည် ပစ္စုပ္ပန် အကျိုးစိတ်နှင့် ပစ္စုပ္ပန် အကြောင်းစိတ်တို့၏ အကြား၌ ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးကာ တင်ရှားလာသည်၊ ပေါင်းကူးတံတားအဆုံး၌ ပေါ်လာ ထင်ရှားသော ဇောစိတ်ဟူသည် ကိလေသဝဋ်, ကမ္မဝဋ် ၂-မျိုးကို ဆောင်ရွက်ကြသော သင်္ခါရလုပ်သား အစုတို့ ဖြစ်ကြလေသည်။ ထိုဇောလုပ်သားတို့သည် ဝိပါကလုပ်သား အသစ်အသစ်တို့ အရှိသို့ ရောက်လျက်၊ ကံအဟုန်အချိန်ပေါ်မှာ ရပ်တည် ထင်ရှားနိုင်အောင် အဟုန်အရှိန်ပြင်းသော ဇောစိတ်ကို ဆောင်ရွက် ကြလေသည်။ ဤနည်းဖြင့် သင်္ခါရလောက၌ ဝိပါကဝဋ် ပေါ်လာအောင် ဆောင်ရွက်ကြသည်။ ဤသို့လျှင် ရှေ့ဦးဆုံး ဇာတိသို့ ရောက်သောအချိန်မှ အစပြုကာ အဝိဇ္ဇာနှင့် သင်္ခါရ စေတနာတို့ ပြုစုပျိုးထောင်လာသော ဓါတ်အစုတို့သည် ဥပစယနှင့် သန္တတိအစဉ်သို့ ဆက်ကာဆက်ကာ ရောက်နိုင်အောင် ခိုင်ခန့်လာကြသည်။ ဤသို့ တောင့်တင်းခိုင်မာသော ဓါတ်အစုတို့သည် ပဋိသန္ဓေခေါ်သော ဇာတိမှ စုတိခေါ်သော သေစိတ်သို့ မရောက်မီ ကာလအတွင်း၊ ဝိပါကဝဋ်လုပ်သားတို့ကို ဖန်တီးပေးသော ကံအဟုန်အရှိန်ကိုလည်း ဆက်လက် အားပေးကြသည်။ အသစ်အသစ်ဖြစ်သော ကံအဟုန်အရှိန်တို့ ဖြစ်ပေါ်အောင်လည်း ဇောတို့ဖြင့် ဆောင်ရွက်ကြသည်။

အကြင်အခါ၌ ဇာတိတခုကို ဖန်တီးပေးသော ကံ၏ အဟုန်အရှိန်သည် အားလျော့ ကုန်ခမ်းသွား၏။ ထိုအခါ ထိုကံသည် ကမ္မဇရုပ်ဓါတ်တို့ကို မဖန်တီးနိုင်တော့ပေ။ သို့သော် အားနည်းသော အဟုန်အရှိန်ဖြင့် ၁၇-ကြိမ်မြောက် (သတ္တရသမ)စုတိစိတ်ကို ဖန်တီးကာ ချုပ်ဆုံး သွားလေတော့သည်။ သေစိတ်နှင့် တကွသော စိတ္တ ၁၇-ချက်သည် ခဏပေါင်းအားဖြင့် ၅၁-ချက်ကြာသည်။ ဤခဏပေါင်း ၅၁-ချက် ကာလအတွင်း၌ စုတိစိတ်၏နောက် ပဋိသန္ဓေစိတ်နှင့် ကမ္မဇရုပ်တို့ကို ဖြစ်ပေါ်စေမည့် အခြားကံတမျိုး၏ အကျိုးပေးခွင့် ဖြစ်လာသည်။ ထိုသို့ အကျိုး

ပေးခွင့် ပြုခဲ့သော အကြောင်းကံ အဟောင်းနှင့် အကျိုးခွင့် ရရှိသောကံအသစ်ကို 'ဩကာသကတပ္ပန္န'ဟုခေါ်သည်။ ဇာတိနှင့် စုတိအကြား ဆောင်ရွက်သွားကြသော ဇောကံတို့သည် အပုညာဘိသင်္ခါရကံ, ပုညာဘိသင်္ခါကံ, အနေဥ္ဇာဘိသင်္ခါရကံ အစု ၃-မျိုးဖြင့် စေတနာကံ ၂၉-မျိုးကို ဆောင်ခဲ့ကြသောကြောင့်၊ ပဋိသန္ဓေကို အကျိုး ပေးခွင့် ရသောကံသည် စုတိ၏ အခြားမဲ့၌ ပဋိသန္ဓေ ဝိပါကဝဋ်ကို ဖန်တီး ပေး တော့သည်။

ထိုကံတို့က ဖန်တီးပေးသော ပဋိသန္ဓေ ဓါတ်အစုသည် သင်္ခါရလောကကြီး၌ ပဋိသန္ဓေစိတ် ၁၉–မျိုးဟု ထင်ရှားသည်။ ထို့ပြင် ရုပ်သက်သက် ပဋိသန္ဓေယူသော ဇီဝိတနဝက ကလာပ်ဟု ဇာတိပေါင်း အမျိုး ၂၀-ဖြင့် ထင်ရှားကြသည်။ ထိုဇာတိသို့ သူလည်းမရောက်, ငါလည်းမရောက်၊ အဖို-အမ, ယောကျ်ား-မိန်းမ, ငရဲသား-ငရဲသူ နတ်–လူ ပြဟ္မာ-သတ္တဝါတို့သည် မရောက်ကြပေ။ အမှန်အားဖြင့် ပဋိသန္ဓေ ဓါတ် အစု ဝိပါက လုပ်သားတို့သည်သာလျှင် ဇာတိအမျိုးမျိုး လဲလှယ်ကာ ရောက်နေ ကြလေသည်။ အဘယ်ကြောင့်နည်း၊ ဝဋ်သုံးပါးအဖြစ် ဆောင်ရွက် နေကြသော သင်္ခါရလုပ်သား ၇၁-ပါးတွင်၊ ငါ, သူ, လူ, နတ်စသော သင်္ခါရလုပ်သားတို့ မရှိ သောကြောင့် ဖြစ်လေသည်။ ငါ, သူစသော အကောင်အထည်ဒြဗ်ဝတ္ထု မရှိလျှင်၊ ထို ငါ-သူတို့ ဘယ်ကလာကြသနည်း။

ကိလေသဝဋ်ကို တည်ဆောက်ကြသော အကုသိုလ်စေတသိက် သင်္ခါရ လုပ် သား တို့တွင်၊ လောဘနှင့်အတူပါလာသော ဒိဋ္ဌိစေတသိက်သည် ရှေ့ဦးစွာ အမှား သက်ဝင်သော လုပ်ငန်းဖြင့် အတ္တဝါဒုပါဒါန် ခေါ်သော ငါ-သူ ဝါဒကို စတင် တည်ဆောက်ကာ အသိဝိညာဏ်ကို ချယ်လှယ်လေသည်။ ထိုဒိဋ္ဌိတည်ဆောက်လိုက် သော အတ္တဝါဒကို လောဘသည် ကပ်ငြိသော လုပ်ငန်းဖြင့် ကူညီသည်။ မာန ကလည်း တက်ကြွသော လုပ်ငန်းဖြင့် ကူညီသည်။ ဤသို့လျှင် ဒိဋ္ဌိ, လောဘ, မာန, လုပ်သား ၃–ဦးတို့၏ ချယ်လှယ်ခြင်းကို ခံယူရသော အသိဝိညာဏ်သည် အဝိဇ္ဇာ အမှောင်ဓါတ်အောက်မှာ အမှန်အမှားဟု မခွဲခြားနိုင်ဘဲ၊ သူ–ငါ စသော အသိ ဖြင့်သာလျှင် ကျေနပ်နေလေသည်။ ဗုဒ္ဓအရှင်သည် အလိမ်ခံနေရသော အသိကို လမ်းမှန်သို့ရောက်အောင် မဇ္ဈိမပဋိပဒါအမည်ဖြင့် ပညာစေတသိက် အမှူးပြုသော စေတသိက် လုပ်သား ၈-ပါးကို ဖေါ်ပြတော်မူခဲ့သည်။ ထိုစေတသိက်လုပ်သား ၈-ပါးကို စံနစ်တကျ အသုံးပြုတတ် ပါလျှင်၊ အသိသည် အခါခပ်သိမ်း လမ်းမှန် ပေါ်မှာ ရပ်တည်လျက် သင်္ခါရလုပ်သားတို့၏ လုပ်ငန်းတို့ကို စီစစ်ခွဲခြားပေးပေလိမ့် မည်။

လူ, နတ်, ဗြဟ္မာ, ငရဲ, တိရစ္ဆာန် စသဖြင့် သိနေသော အသိသည် ပရမတ် အစုတို့၏ အစိုင်အခဲ 'ဃန' ယင်းဃန အစိုင်အခဲကို အစွဲပြုလျက် ပုံသဏ္ဌာန်၊ ထို့ပြင် အမူအရာ အမျိုးမျိုးတို့ကို အာရုံအဖြစ် အသိလုပ်သည်။ ထိုသို့ အသိလုပ်သမျှ အာရုံတို့သည် များသောအားဖြင့် ပညတ်အာရုံတို့သာလျှင်ဖြစ်ကြသည်။ လောဘနှင့် ဒိဋ္ဌိမာနတို့သည်လည်း ထိုပညတ်အာရုံတို့ကို အစွဲသန်လျက်၊ လူ,နတ်,ဗြဟ္မာ သတ္တဝါ ဟူသည် အဟုတ်ရှိသော သဘောတရားများဟူ၍ ဝိညာဏ်၏အသိကို အမှားသိ ဖြစ်အောင် ချယ်လှယ်ကြသည်။ ထို့ကြောင့် သမ္မာဒိဋ္ဌိခေါင်းဆောင် မလုပ်သောအသိသည် မှားသောအခါမှား၍ မှန်သောအခါ မှန်လေသည်။ အမှန်ဟူသော လမ်း တမျိုးတည်းသို့ မသွားနိုင်ပေ။

အထက်က ရေးပြခဲ့သော စကားအစဉ်တို့ကို ဖတ်ကြည့် လေ့လာသော ပုဂ္ဂိုလ်တို့သည်'သတ္တဝါ'ဟူသည် ပညတ်တရားမျိုးဖြစ်၍ အစမရှိနိုင်၊အဟုတ်ကကယ် ရှိသော ပရမတ်တရားတို့သည်သာလျှင် အစရှိနိုင်သည်။ ပရမတ် အဝိဇ္ဇာမှ အစပြုလျက် ဇာတိသို့ရောက်အောင် တဆင့်မှတဆင့်သို့ ရင့်ကျက် လာသော 'သမ္ဘဝေသီ' ဓါတ်အစုနှင့် ဇာတိသို့ရောက်၍ ခိုင်ခန့်သော ဓါတ်အစုတို့ကိုသာလျှင် သတ္တဝါဟူ၍ လူတို့ခေါ်ဝေါ်ကြသော ဝေါဟာရပညတ်ဖြစ်သည်ဟု ပရမတ်တရား,ပညတ်တရား ၂–မျိုးအတွက် အသိရှင်းသွားပေမည်။ ထိုအခါ ရှင်မဟာဗုဒ္ဓဃောသကိုယ်တော်ကြီး ဖေါ်ပြခဲ့သော အခက်ကြီး ၄–မျိုးတွင် သတ္တဝါအစနှင့် သတ္တဝါဖြစ်ပေါ်ပုံ အခက်ကြီး တခုအတွက် အဖြေထွက်ကာ အသိရှင်းလာပေလိမ့်မည်။ သတ္တဝါ ဟူ၍ကား အစမရှိနိုင်၊ မရှိသော ပညတ်သဘော ဖြစ်သောကြောင့်တည်း။ ပရမတ် အဟုတ်ရှိတို့ကား အစဟူ၍ရှိနိုင်သည်။ အဟုတ်ရှိပရမတ် ဖြစ်သောကြောင့်တည်းဟု စဉ်းစား ပါလေ။ ထို့ပြင် အစ မထင် ဟူသောစကား, အစ မရှိဟူသောစကား ၂–လုံး၏ အနက်ထူးခြားပုံတို့ကိုလည်း စဉ်းစားပါလေ။

## ဒုတိယ အခက်ကြီး (ပဋိစ္စသမုပ္ပါဒ်တရားတို့ ဆက်သွယ်ကြပုံ)

ဤအခက်သည် ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့၏ တခုနှင့်တခု အချင်းချင်း ဆက်သွယ်ပုံကို နားလည်ရန်မလွယ်သော အခက်ဖြစ်သည်။ ၎င်းအခက်ကြီးကို ရှင်း လင်းပစ်ရန်မှာ အနုပုဗ္ဗကထိကာအပိုင်း၌ ဖေါ်ပြခဲ့သော စကားအစဉ်တို့ကို ထပ်ကာ ထပ်ကာ ဖတ်လျက် ဝိနိစ္ဆယဉာဏ်ဖြင့် ဆင်ခြင်ပါ။ ဤတလံချသောကိုယ်ကောင်၌ ပေါ်လွင်ထင်ရှားလာကြသော အကျိုးစိတ်များနှင့်အကြောင်းစိတ်များကို လက်တွေ့ သာဓကအဖြစ်ထားလျက် စဉ်းစားပါလေ။

ပဋိစ္စသမုပ္ပါဒ်တရားတို့၏ တခုနှင့်တခု ဆက်သွယ် ထင်ရှားကြပုံကို၊ နေ ထင်ရှားလျှင် နေရောင် ထင်ရှား၊ နေရောင် ထင်ရှားလျှင် အလင်း ထင်ရှား၊ အလင်း ထင်ရှားလျှင် အကြည်ထင်ရှား၊အကြည်ထင်ရှားလျှင် အရိပ်ထင်ရှား ဟူ၍အထက်က ဥပမာပြခဲ့ပြီ။ ထို နေ-အရောင်-အလင်း- အကြည်-အရိပ်တို့သည်တခုနှင့်တခုမတူကြ၊ သဘောအားဖြင့် ခြားနားကြသည်။ သို့သော် ထိုမတူသော သဘောတရားတို့သည် တခုကိုတခုက အစွဲပြုကာ လောက၌ ထင်ရှားနေကြသည်။

ထို့အတူ မိမိ၏ အမှတ်လက္ခဏာ သဘောတရားကို ယူဆောင် လာသော အဝိဇ္ဇာ ထင်ရှား၍ စေတနာ သင်္ခါရလည်း စေ့ဆော်သဘော အမှတ် လက္ခဏာကို ဆောင်ယူကာ ထင်ရှားလာသည်။ ဤ၌ အဝိဇ္ဇာသည် မောဟ စေတသိက်ဖြစ်သည်။ သင်္ခါရသည် စေတနာစေတသိက်ဖြစ်သည်။ ပရမတ်အမျိုးချင်း တူကြသော်လည်း မိမိတို့ဆောင်ယူထားသော ပင်ကိုယ်အမှတ်များ မတူကြပေ။ ဤသို့မတူသောပရမတ် ၂-ခု တို့သည် အချင်းချင်းကို အစွဲပြုလျက် ထင်ရှားကြသည်။ ဤ၌ အစွဲပြုခံယူရသော အဝိဇ္ဇာကို 'ပဋိစ္စသမုပ္ပါဒ' ဟု ခေါ်၍ အစွဲပြုသော သင်္ခါရကို 'ပဋိစ္စသမုပ္ပန္န' တရား ဟု ခေါ်သည်။ ဤနည်းအတိုင်းပင် ပဋိစ္စသမုပ္ပါဒ်အစိတ်အပိုင်းအင်္ဂါ ၁၂-ပါးသည် တခုနှင့်တခု မတူကြဘဲလျက် အချင်းချင်း ဆက်သွယ်ကာ တသီတတန်းကြီး ထင်ရှား နေကြရသည်။ အကြောင်းဖြစ်သောအခိုက်၌ ပဋိစ္စသမုပ္ပါဒ် ခေါ်၍၊ အကျိုး ဖြစ်သော အခိုက်၌ ပဋိစ္စသမုပ္ပန္န ဟု ခေါ်ကြ လေသည်။ ထိုအခိုက်တို့သည် ပရမတ် လုပ်သားတို့ကို အစွဲပြုကာ ထင်ရှားကြသော အခိုက်ပညတ်များ ဖြစ်ကြသည်။ ယင်း ပညတ်က ညွှန်ပြထားသော ပရမတ်သို့ အသိကို ရောက်အောင် ပို့ပါလေ။ လက်ရှိ ခန္ဓာကိုယ်ကြီးသည် ဤအခိုက် ၁၂-မျိုးဖြင့်သာလျှင် ထင်ရှားပေါ်လွင်နေပေသည်။ သံကြိုးကွင်းဆက်သဘောဖြစ်၍ ၎င်းဆက်နည်းကို 'ဥာယ' ခေါ်သည်။

မဂ္ဂင် ၈-ပါး၌လည်း ပဉ္စင်္ဂိကမဂ်,အဋ္ဌင်္ဂိကမဂ်တို့ အချင်းချင်း ဆက်သွယ်ကြ ခြင်းသည်လည်း 'ဥာယ'နည်းပင် ဖြစ်လေသည်။

ပဋိစ္စသမုပ္ပါဒ်၌ အင်္ဂါ ၁၂—ပါးတို့၏ တခုနှင့်တခုဆက်သွယ်ခြင်းကို ဗုဒ္ဓအရှင် ပြသတော်မူခြင်းသည် သုတမယဉာဏ်, စိန္တာမယဉာဏ် တို့ဖြင့် လေ့လာသော ယောဂီတို့၏အသိ၌ လွယ်ကူစွာ ရှင်းလင်းအောင် ပြတော်မူခြင်း ဖြစ်လေသည်။ ယခုအခါ နာမရူပ ပရိစ္ဆေဒခေါ်သော မေ့ဝဝတ္ထာနဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-မျိုးဖြင့် လေ့လာသော ယောဂီသည် ပညတ်တရားဖြင့် အထပ်ထပ်ဖုံးလွှမ်းထား သော 'မိဿကသင်္ခါရလောက' သို့မဟုတ် ခြုံလွှမ်းထားသော ပညတ်အရေခွံတို့ကို မခွာနိုင်ဘဲ၊ ငရဲကောင်, တိရိစ္ဆာန်ကောင်, လူကောင်, နတ်ကောင်, ဗြဟ္မာကောင်

ဟူသော အကောင်စွဲတို့ဖြင့် သုဒ္ဓသင်္ခါရ လုပ်သားတို့၏ ဖြစ်ပျက်ကို ရှုကြည့်လေ့လာနေပါလျှင်၊ မိမိတို့အလိုရှိသော ပန်းတိုင်သို့ မရောက်နိုင် ဖြစ်နေပေလိမ့်မည်။

ပဋိစ္စသမုပ္ပါဒ် ဆက်သွယ်ကြသော သဘောတရားတို့သည် တခုတခုချင်းလည်း ဆက်သွယ်ကြသည်။ ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋ သုံးမျိုးတို့၏ ဆက်သွယ် ခြင်းသည် တစုတစုတို့၏ ဆက်သွယ်ခြင်းမျိုး ဖြစ်လေသည်။ အင်္ဂါ ၁၂-ပါး တို့၏ ဆက်သွယ် ခြင်းသည် တခုခြင်းလည်း ဆက်သွယ်၍၊ တစုခြင်းလည်း ဆက်သွယ်ပုံမျိုးဖြစ်သည်။ ထင်ရှားသော ဥပစယ၊ သန္တတိတို့သည် ဆက်သွယ်ပုံ ပေါ်လွင် နေခြင်းကို ပြသနည်းဖြစ်သည်။

သင်္ဂြိုဟ်ကျမ်း ပစ္စည်းပိုင်း၌ ဖော်ပြသော 'တဗ္ဘာဝ, ဘာဝီ, ဘာဝါကာရ' စကားသုံးလုံးဖြင့်၊ ပဋိစ္စသမုပ္ပါဒ် ဆက်သွယ်နည်းကို ပြတော်မူရာ၊ 'ပဋိစ္စသမုပ္ပါဒ်' သည် တဗ္ဘာဝဖြစ်၍ ပဋိစ္စသမုပ္ပန္နသည် ဘာဝီ ဖြစ်သည်။ ထိုတဗ္ဘာဝ ဟူသော အကြောင်း သင်္ခါရ, ဘာဝီဟူသော အကျိုးသင်္ခါရ ၂-မျိုးတို့၏ ဗျာပါရကင်းလျက် ဆက်သွယ်ကြပုံ အခြင်းအရာတို့သည် ဘာဝါကာရ ဖြစ်လေသည်။ ယင်း ဘာဝါကာရ သည် အဟုတ်ရှိသော ပရမတ် ၂-မျိုးတို့ကို အစွဲပြုကာ အသိဉာဏ်၌ပေါ်လာ ထင်ရှားသော 'တဇ္ဇာပညတ္တိဝိသေသ' ပညတ် အထူးသဘောတရားဖြစ်၍ မြဲသဘောရှိသည်၊ တခုစီ တခုစီသော ပရမတ်လုပ်သား သင်္ခါရ တရားတို့သည် မိမိတို့၏ မလွဲ မပြောင်းနိုင်သော အမှတ်လက္ခဏာကို ဆောင်ယူကာ၊ ဥပဒယသို့ ရောက်အောင် ကူညီထောက်ပံ့ပေးကြသော နည်းသည် ပဋ္ဌာန်းနည်း ဖြစ်လေသည်။ ပဋ္ဌာန်းနည်း ကား သိမ်မွေ့သည်၊ ပဋိစ္စသမုပ္ပါဒ နည်းကား ပေါ်လွင်သည်။ ယောဂီတို့သည် သင်္ခါရတို့ကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ဆက်သွယ် တတ်လျှင်ပင် သင်္ခါရ လောကသို့ အသိရောက်လျက်၊ သစ္စာ ၄-ပါးကို ထိုးထွင်းနိုင်သော အသိဉာဏ် အဆင့်အတန်းသို့ ရောက်နေလေပြီ၊ ပဋ္ဌာန်းနည်းဖြင့် ဆက်သွယ်နိုင်စွမ်း ရှိပါမူ ပြောဘွယ်ပင် မလို တော့ပေ။

အသိရှင်းအောင် လက်တွေ့လေ့လာသော လုပ်ငန်းသည် မြင်ခိုက် ခဏ၌ ဖြစ်ပေါ်လာသော 'မြင်သိ' စိတ်ကို လေ့လာခြင်းဖြစ်သည်။ မြင်သိစိတ်သည် ဝိညာဏ် နှင့် စိတ်တိုင်းပါ စေတသိက် ၇-ခုတို့ မျက်စေ့ အကြည်ပေါ်မှာ စုဝေးကြခြင်း ဖြစ်သည်။ တိုက်လာသော အဆင်း ရူပရုံနှင့် အခံရုပ် မျက်စေ့အကြည် ၂-မျိုး သည် 'သဠာယတန' ဖြစ်သည်၊ မြင်သိသည် အကျိုး ဝိညာဏ်ဖြစ်သည်။ စိတ်တိုင်း ပါ စေတသိက် ၇ မျိုးသည် နာမ်ဖြစ်သည်။ နာမ် ၇-မျိုး၌ ဖဿ လည်းပါသည်။ ဝေဒနာလည်း ပါသည်။ မြင်သိခိုက်အတွက် အားလုံးခြုံ၍ ဆင်ခြင်လျှင်၊ သိဝိညာဏ်, စေတသိက်နာမ်, အကြည်အခံနှင့် အတိုက်အဆင်း ရုပ်၊ သူတို့ အခံနှင့် အတိုက်သည်

အတွင်း အပြင် အာယတန, စေတသိက် ဖဿနှင့်ဝေဒနာ၊ ဤတရား ၅-မျိုးသည် မရှေးမနှောင်း တပြိုင်နက်ကဲ့သို့ အချင်းချင်းကို အစွဲပြုကာ ထင်ရှားသည်။

ဗုဒ္ဓကိုယ်တော်သည် ဤထင်ရှားပုံကို ဖော်ပြလိုသဖြင့်၊ စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ဖဿပစ္စယာ ဝေဒနာဟုရှင်းလင်းခဲ့သည်။ ဤပဋိစ္စသမုပ္ပါဒ် ပစ္စုပ္ပန် အကျိုး ၅-မျိုးကို လက်တွေ့သဘော ရှင်းလင်းအောင် လေ့လာသူ နည်းပါးကြမည်ဟု ထင်ပေသည်။

အဘိဓမ္မပညာ သရုပ် ကျွမ်းကျင်သူတို့သည် မြင်လျှင် မြင်ခြင်း ကျုပ်တို့ တော့ မိန်းမ-ယောကျ်ား, ဆင်,မြင်း,ကျွဲ, နွားသို့ အသိရောက်သွားတာဘဲဟု ပြောကောင်း ပြောပေမည်၊ ဟုတ်ပါသည်၊ စိတ်ကို အလေ့အကျင့် မပေးသေးသော သူတို့အတွက် ရောက်ပေမည်။ ရောက်လည်း ရောက်ပါစေ။ သို့သော် မိန်းမ-ယောကျ်ား ဟု သိခိုက်၌ သတိစိုက်လိုက်ပါလျှင်၊ ထို သတာနုသာရိဝိညာဏ် သတိနှင့် ဘဲ့ယှဉ် လာသောအသိသည် မျက်လုံး အိမ်ထဲမှာ ရှိနေသောအကြည်၌ စည်းဝေးကြသော သင်္ခါရလုပ်သားစုသို့ ရောက်သွားပေမည်။ မြင်ခိုက်ကို သတိဖြင့် ခဏခဏစိတ်ကို အလေ့အကျင့် လုပ်ပေးပါလျှင်၊ အလေ့ပါ အကျင့်ရသော မနောဒွါရ ဝိထိစိတ် အစဉ်သည် ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာတို့ အချင်းချင်း ဆက်သွယ် နေကြပုံတို့ကို ရှင်းလင်း ပေလိမ့်မည်။

ဗုဒ္ဓကိုယ်တော်သည် 'စက္ခုနာ ရူပံဒိသွာ နနိမိတ္တဂါဟီ နာနုဗျဉ္ဇနဂ္ဂါဟီ(လ) အဘိဇ္ဈာ ပါပကာ ဓမ္မာ နာန္ဝာသဝေယျုံ' ဟူ၍များစွာသော သုတ္တန်တို့၌ ဟောပြ လေ့ ရှိပါသည်။ ဤသို့ဟောပြောခြင်းသည် မြင်ခိုက်,ကြားခိုက် စသည်တို့၌ စိတ် ကို အလေ့အကျင့်ပြုပေးရန် ဩဝါဒပေးခြင်း ဖြစ်ပါသည်။ လက်ဖျစ် တတွက် လျှင် ကုဋေတသိန်းဟု အရေအတွက်ကို အဓိကပြုလျက် မဖြစ်နိုင်ဟု မယူဆပါနှင့်။ အကျိုး ၅-ပါးသည် သင်္ခါရတို့၏ အရည်အခြင်း ဖြစ်ပါသည်၊ သင်္ခါရ သဘောကိုသို့ အသိရောက်ခြင်းသည် သင်္ခါရတို့၏ လုပ်ငန်းကို အသိရောက်ခြင်းဖြစ်သည်။ သင်္ခါရ တို့၏ လုပ်ငန်းသည် သင်္ခါရတို့၏ အရည်အခြင်းဖြစ်သည်။ အရည်အခြင်းကိုကျကျ နန သိပါမှ ထိုသင်္ခါရတို့ကို ငြီးငွေ့နိုင်မည်။ အရေအတွက်ကို မည်မျှပင် သိနေ စေကာမူ သင်္ခါရတို့၌ ငြီးငွေ့ခြင်း မဖြစ်ပေါ်နိုင်ပေ။ သတိပြုပါ။ ဗုဒ္ဓကိုယ်တော် သည် အရေအတွက် သိအောင် လုပ်ရမည်ဟု ဩဝါဒ မပြုခဲ့ပေ။ သင်္ခါရတို့၏ အရည် အခြင်း လုပ်ငန်းတို့ကို သိအောင် လုပ်ပါဟု မကြာမကြာ တိုက်တွန်း ဩဝါဒ ပြုတော်မူခဲ့သည်။

ထို့ပြင် ဗုဒ္ဓတရားတော်ကို လေ့လာသော ပုဂ္ဂိုလ်တို့သည် ကာယိက ဝီရိယ နှင့် စေတသိကဝီရိယ၊ ဝီရိယ ၂-မျိုးကို အသုံးပြုကြရာ၊ကာယိက ဝီရိယကို ပိုမို အဓိက

ပြုပြန်တူသည်။ ကာယိက ဝီရိယသည် ဆိတ်ငြိမ်ရာသို့ ကပ်ရောက် နေထိုင်ခြင်း၊ ဣရိယာပုထ်ကို မဖျက်မဆီးဘဲ အားထုတ်ခြင်းတို့၌ ထင်ရှားပါသည်။ စေတသိက် ဝီရိယကို မူကား ခက်လှပါသည်၊ မဖြစ်နိုင်ဘူး စသည်ဖြင့် ဆင်ခြေပေးနေကြသည်။ တရားအထူး တိုးတက်ရေးကိစ္စ၊ တရားအထူးကို သိရေးကိစ္စ၊ အသိမှန် တိုးတက်ရေးကိစ္စတို့အတွက် စေတသိက ဝီရိယသည် ကာယိက ဝီရိယထက် ပိုမိုအရေးကြီးပါသည်။ စေတသိက ဝီရိယ ထက်မြက်ပါမူကား၊ ကာယိက ဝီရိယသည် ပြောစရာပင် မလိုတော့ချေ။

ပစ္စယပရိဂ္ဂဟဉာဏ်အတွက်မှာ -ကာယိက ဝီရိယထက်စေတသိက ဝီရိယက ပိုမိုအရေးကြီးပါသည်။ ဗုဒ္ဓကိုယ်တော် လက်ထက်က အရိယာ ဖြစ်ကြသော လူ ဂဟဋ္ဌတို့သည် စေတသိက ဝီရိယဖြင့် လေ့လာသော ပုဂ္ဂိုလ်များ ဖြစ်ကြ လေသည်။ မဟာသတိပဋ္ဌာန သုတ္တန်တွင် ဖော်ပြ ထားသော အနုပဿနာ ဘာဝနာ တို့၌ ကာယိက ဝီရိယထက် စေတသိက ဝီရိယသာလျှင် အရေးကြီး ပဓါန ဖြစ်ကြောင်း ဖော်ပြထားပါသည်။ စေတသိက ဝီရိယအတွက် 'သတိ' တရားသည် ဇာတ်လိုက် ပဓါနဖြစ်၍၊ မြင်ခိုက် ကြားခိုက်တို့၌ သတိပေါ်လာလျှင် ဝီရိယသည် သဘောတရားတို့သို့ အသိရောက်အောင် ဆောင်ရွက် ပေးပါ လိမ့်မည်။ ထို့ပြင် ပဉ္စုပ္ပန်အကျိုး ၅–ပါးသည် သရုပ်ခွဲဉာဏ် ဖြစ်ပေါ်ခဲ့သော သုတမယဉာဏ်၏ အာရုံလည်း ဖြစ်ခဲ့ဘူးလေသည်။ အာရုံနှင့် တွေ့ကြုံခိုက် မိန်းမ–ယောကျာ်း ပညတ်တရားသို့ အသိရောက်သွားသော်လည်း၊ သတိဖြင့်သိမ်းဆည်းလိုက်သော စိတ်သည် သုတမယအာရုံသို့ပင် ပြန်ရောက်လာ၍ အသိလုပ်ပေမည်။ အလေ့ပါအကျင့်ရသော စိတ်အစဉ်၌ ထိုအကျိုး ၅–မျိုးသည် ရှင်းနေမည်မှာ သေသေချာချာ ဖြစ်တော့သည်။ ဗုဒ္ဓအရှင်၏ ဩဝါဒနှင့် ပေးသော စံနှစ်တို့သည် ရှင်းလင်း ပေါ်လွင် လှပေသည်။

တဖန် ပဋိစ္စသမုပ္ပါဒ် အကြောင်းတရားတို့ကို လက်တွေ့ သဘောဖြင့် လေ့လာလျှင်၊ ဇောစိတ်အစဉ်ကို လေ့လာပါ။ အာရုံတို့ကို နှစ်သက် စွဲလမ်းသော ဇောစိတ်၌ အဝိဇ္ဇာ–မောဟ, စေတနာ–သင်္ခါရ,လောဘနှင့်ဒိဋ္ဌိ စသော အကုသိုလ် စေတသိက်တို့သည် အခွင့်အားလျော်စွာ ပေါင်းစပ် ပါဝင်နေကြသည်။ ဤစေတသိက်တို့သည် သရုပ်ခွဲဉာဏ် သုတမယဉာဏ်၏ အာရုံများ ဖြစ်ခဲ့ကြသည်။ ယခုစိန္တာမယဉာဏ်ဖြစ်သော ပစ္စယပရိဂ္ဂဟ လုပ်ငန်း၌ ထိုအာရုံတို့သည် ပေါ်လာ နိုင်ကြသည်၊ ထင်ရှားနိုင်ကြသည်။ ထို အဝိဇ္ဇာ,တဏှာ,ဥပါဒါန် စေတနာတို့သည် တခုနှင့်တခုကို အစွဲပြုကာ ဥပစယအခိုက် ထင်ရှားနေကြပုံကို ရှင်းလင်းစွာ သိလာပေမည်။

နေ့စဉ်နေ့တိုင်း အာရုံနှင့် အကြည်ဓါတ်တို့ ထိခိုက်ဆက်သွယ်နေကြခြင်းသည် အကြိမ်မြောက်များစွာ မရေမတွက်နိုင် ဖြစ်သည်။ ဤသို့ အကြိမ်များစွာ ထိခိုက်

ကြသော်လည်း သတ္တဝါတို့၏ သိစိတ်သည် လာတိုက်သော အာရုံ ကိုသာလျှင် ယောကျ်ား-မိန်းမ စသောပညတ်ဖြင့် အသိလုပ်လျက်၊ ထိုပညတ်အာရုံတို့၌သာလျှင် မေ့လျော မျောနေလေ့ရှိကြသည်။ ဗုဒ္ဓအရှင် သိစေလိုသည် မှာကား ထိုအတိုက်၊ အခံ၊အပွင့်သဘောတရားတို့ကို သိအောင် လေ့လာစေလိုခြင်းဖြစ်သည်။ အကြောင်း တရားတို့သည်လည်း အတိုက်၊အခံ၊အပွင့်တို့ဖြင့် ထင်ရှားကြသည်။ အကျိုးတရားတို့ သည်လည်း အတိုက်၊အခံ၊ အပွင့်တို့ဖြင့် ထင်ရှားကြသည်။ ထို အတိုက်၊အခံ၊အပွင့် တို့ဖြင့် အချင်းချင်း ဆက်သွယ်ခြင်း၊ ယင်းသို့ဆက်သွယ်သဖြင့် ဥပစယသို့ရောက်ကာ ထင်ရှားကြသော အကြောင်းသင်္ခါရ၊ အကျိုးသင်္ခါရတို့၏ အချင်းချင်းဆက်သွယ် ထင်ရှားနေကြခြင်းကို၊ ဗုဒ္ဓအရှင်က သိစေလိုသည်။

ဝိပဿနာဉာဏ် အဆင့် ၈-မျိုးတွင် ဘင်္ဂဉာဏ်ဟု ဖော်ပြသော အဆင့်၌ ယောဂီသည် ဉာတဉ္စ, ဉာဏဉ္စ ပဿတိ ဟူသော စကားကို သဘောပေါက်သည်၊ ကျေနပ်သည်။ ရှေ့ရှေ့ ဖြစ်ပေါ်သွားသော စိတ်အစဉ်ကို ဉာတဟု ခေါ်သည်။ နောက် နောက်ဖြစ်သော ရှုစိတ်အစဉ်ကို ဉာဏဟု ခေါ်သည်။ ထို နှစ်မျိုးလုံး၏ အပျက်အာရုံသက်သက်ကို အသိလုပ်နေခြင်း ဖြစ်သည်။ ဤသို့ အပျက်သက်သက် အာရုံကို အသိလုပ်ခြင်း၏ အကျိုးတရားသည် သင်္ခါရလုပ်သားတို့၏ လုပ်ငန်းတို့ကို ငြီးငွေ့စေရန်၊ ထို့ပြင် ထိုလုပ်ငန်းတို့ကို ဖြစ်ပေါ်အောင် ဆောင်ရွက် ပေးနေကြ သော ပရမတ် သင်္ခါရလုပ်သားတို့ကို ငြီးငွေ့ စေရန် ဖြစ်သည်။ ဤ၌ ယောဂီသည် အပျက်အာရုံသက်သက်ကို ငြီးငွေ့နေသလော၊ သင်္ခါရ လုပ်သားတို့နှင့် ၎င်းတို့၏ လုပ်ငန်းတို့ကို ငြီးငွေ့နေသလော၊ သတိပြုပါ၊ဆင်ခြင်ပါ။ ငြီးငွေ့ ဟူသော်လည်း ဘယ်မျှအထိ ငြီးငွေ့ပါသနည်း၊ သတိပြုပါ။

ဂရိပညာရှိကြီး ‘ဟေရာကလိတုစ်’သည် အရာဝတ္ထုတိုင်းသည် အချိန်မရွေး အခါမရွေး အစဉ်မပြတ် ဒလစပ်ပြောင်းလဲနေကြသည်ကို သိမြင်သောပုဂ္ဂိုလ်ကြီးဟု ခေတ်ပညာတတ်တို့ ပြောစမှတ်ပြုကြသည်။ ဗုဒ္ဓအဘိဓမ္မပညာအရ ဆင်ခြင် စဉ်းစား လျှင် ထိုပညာရှိကြီး၏ သိစိတ်အစဉ်သည် ယခုအခါ ဥဒယဗ္ဗယနှင့် ဘင်္ဂဉာဏ်ကို လေ့လာနေကြသော သိစိတ်အစဉ်၏ အဆင့် အတန်းသို့ ရောက်သည်ဟု ဆိုရ ပေ မည်။ ထိုခေတ် ထိုအချိန်က ဇမ္ဗူဒီပ ယနိုင်ငံ ဗုဒ္ဓဘာသာဝင်တို့၏ သိစိတ် အစဉ်သည် အရာဝတ္ထုတိုင်းသည် အချိန်မရွေး အခါမရွေး ဒလစပ် ပြောင်းလဲ နေကြသည်ဟု ဗုဒ္ဓကိုယ်တော်ထံမှတဆင့် သုတမယ အသိရောက်သဖြင့် အဆန်းမဟုတ်ကြတော့ပေ။ ယခုအခါ ရဟန်းတော်များ၏ ဂုဏ်ကျေးဇူးကြောင့် တဆင့် သုတမယသို့ ရောက်နေ ကြရသော မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တို့၏ အသိ၌လည်း ထိုပညာရှိကြီး၏ စကား သည် အထူးအဆန်းမဟုတ်တော့ပေ။ ဟေရာကလိတုစ်၏ သိစိတ်အစဉ်သည် ရှေ့သို့ မည်မျှတိုးတက်သွားသည်ဟု ကျွန်ုပ်တို့မကြားရပေ။

ဗုဒ္ဓအရှင်၏ အဘိဓမ္မပညာအရ 'အရာဝတ္ထုတိုင်း' ဆိုသော စကား၌ ပညတ်သဘောတရားနှင့် ပရမတ် သဘောတရား ၂ မျိုး ပါဝင်လေရာ၊ အဘယ် သဘောတရားကို ပညာရှိကြီး ဟေရာကလိတုစ် ဆိုခဲ့သည်ဟု ကျွန်ုပ်တို့မသိနိုင်ကြပေ။ ဗုဒ္ဓကိုယ်တော်ကြီးကမူ အမြဲမပြတ် ဒလစပ် ပြောင်းလဲနေသော အရာဝတ္ထု တို့သည် 'သင်္ခတပရမတ်' အဟုတ်ရှိသော သဘောတရားများဟု ဩဝါဒစကား ညွှန်ကြားခဲ့လေသည်။ ထိုတရားတို့ကို 'သဗ္ဗေသင်္ခါရာ အနိစ္စာ, သဗ္ဗေသင်္ခါရာ ဒုက္ခာ, သဗ္ဗေဓမ္မာ အနတ္တာ' ဟူ၍ ငြိမ်းငွေ့စရာ, ထိတ်လန့်စရာ, ကြောက်စရာ အဖြစ်ဖြင့် ပြတော်မူခဲ့သည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ဖြင့် အဟုတ်ရှိသော သင်္ခါရတရား တို့သည် နေ့စဉ်နေ့တိုင်း အချိန်မရွေး အခါမရွေး၊ အစဉ်မပြတ် ဒလစပ် ပေါ်လာ ထင်ရှားနေပုံတို့ကို အကြောင်းသင်္ခါရ အကျိုးသင်္ခါရ ၂ မျိုးဖြင့် ခွဲခြား ပြရုံမျှမက၊ ထိုသင်္ခါရလုပ်သားတို့ အချင်းချင်း ဆက်သွယ်ထင်ရှားနေကြပုံ တို့ကိုလည်း ပြသညွှန်ကြားတော် မူခဲ့လေသည်။အတိုချုပ်မှာ အမှတ်သညာနှင့် အသိမနတို့ ယှဉ်တွဲနေကြသော ဤကိုယ်ကောင်ကြီးသည် အဟုတ်ရှိပရမတ်ဖြစ်သော သင်္ခါရ လုပ်သားတို့၏ အကြောင်းအခွင့်အားလျော်စွာ အချင်းချင်း ဆက်သွယ်စုပေါင်း ထင်ရှားကြသော 'အစုကြီး' တခု ဖြစ်သည်ဟု လက်တွေ့ လေ့ကျင့်ရန် ပြတော်မူခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဗုဒ္ဓဝါဒကို အတိအကျ လေ့လာလိုသော ပုဂ္ဂိုလ်တို့သည် ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ဖေါ်ပြထားခဲ့သောအတိုင်း ဤကိုယ်ကောင်ကြီးကို သက်သေအဖြစ် ထားလျက် လေ့လာရပေမည်၊ စိတ်ကူးယဉ်သဘောမျိုးဖြင့် ဆင်ခြင် စဉ်းစားရန် မဟုတ်ပေ။ ဤလက်ရှိကိုယ်ကောင်ကြီးကို လွှတ်၍၊ ဗုဒ္ဓတရားကို လေ့လာခြင်းတို့သည် စိတ်ကူးယဉ်မျှသာ ဖြစ်တတ်လေသည်။

တဖန် သတိပြုရန်မှာ ဘင်္ဂဉာဏ်ဖြင့် အပျက်သက်သက် ရှုနေသောအခါ အပျက် အာရုံကို အသိလုပ် နေခြင်းလော၊ ထိုအပျက်အာရုံကို အသိ လုပ်သဖြင့် သင်္ခါရ လုပ်သားတို့သည် ကြောက်စရာကြီးတွေပါတကားဟု သိသော စိတ်အစဉ်ဖြစ်ပေါ် နေခြင်းလော၊ ကြောက်စရာကြီး,ငြိမ်းငွေ့ ရောကြီးဟု သိနေလျှင်၊ ဘယ်မျှအသိ ကြောက်ရာ, ငြိမ်းငွေ့ရော ဖြစ်သနည်း။ မီးခဲကြီးကို ကိုင်တွယ်ကစားမိသောသူငယ်သည် ထိုမီးခဲကို ကြောက်စရာ,ငြိမ်းငွေ့စရာဟု သိသော စိတ်လောက်၊ သင်္ခါရတို့ကို ငြိမ်းငွေ့သလောဟု စဉ်းစား နှိုင်းယှဉ်ပါလေ။ ရဟန္တာ ကိုယ်တော်ကြီးများ၏ အဘိဓမ္မကထာ အညွှန်းအဝေး၌ ဝင်ရောက် ပြောဆိုသော အရှင် ဟတ္ထိသာရိပုတ္တ ရဟန်းတော်သည်၊ 'အနိမိတ္တစေတောသမာဓိ' ဟူသော ဘင်္ဂဉာဏ် အဆင့်အတန်းသို့

ရောက်သော်လည်း၊ သင်္ခါရတို့၌ ငြီးငွေ့ပုံ အချိန်အဟုန် မပြင်းထန်သဖြင့်၊ တရားအထူးသို့ မတက်ရောက်နိုင်ဘဲ လူအဖြစ်ပြန်ရောက်ရသည်ကို သတိပြု နိုင်းယှဉ် သင့်ပေသည်။ သင်္ခါရတို့၏ အရည်အခြင်းကို အကုန်အစင် မလေ့လာဘဲ၊ သင်္ခါရတရားတို့ကို ငြီးငွေ့ရန် မလွယ်ကူလှပေ။

ယောဂီသည် သင်္ခါရ လုပ်သားတို့၏ အရည်အခြင်းအတွက် အသိ ရှင်းရန် ပဋိစ္စသမုပ္ပါဒ် နည်းဖြင့် လေ့လာ ရသည်။ ထိုဒေသနာတော်၏ အဆုံးသတ်၌ 'ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ'သည် ငြီးငွေ့ရန်, ကြောက်လန့်ရန်, အပြစ်မြင်ရန် အဆုံးသတ် အရည်အခြင်း ပြခဲ့သော စကားဖြစ်လေသည်။

ထို့ကြောင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, စေတနာ အနုနှင့် အရင်း၊ ကမ္မဘဝ ဟူသော အကြောင်းသင်္ခါရ ၅-မျိုးနှင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အကျိုးသင်္ခါရ ၅ -မျိုးတို့ကို လက်တွေ့အားဖြင့် လေ့လာနိုင်အောင်၊ မြင်ခိုက်, ကြားခိုက်,နံခိုက်,စားခိုက်, ထိတွေ့ခိုက်, ကြံစည်ခိုက်တို့၌ သင်္ခါရတို့ ပေါ်လာ ထင်ရှားပုံတို့ကို လေ့လာပါလေ။

နိုးစိတ်များ ဖြစ်ပေါ်နေစဉ် ကိုယ်, နှုတ်, စိတ်အမူအရာ ၃-မျိုးတို့ ဖြစ်ပေါ်နေကြပုံ၊ အာရုံအတွက် သံယောဇဉ်ကြိုး တင်းမာလာသဖြင့် ဥပါဒါန်တို့ အစွဲပြင်းထန်လျက် ကမ္မဘဝ ရောက်နေကြပုံတို့ကို သင်္ခါရ,အဘိသင်္ခါရ, ကမ္မဘဝ သို့မဟုတ် ကမ္မပထ အဆင့်တို့ဖြင့် ခွဲခြား လေ့လာသောအခါ၊ ယောဂီသည် တကြိမ်ထက် အကြိမ်, တနာရီထက် တနာရီ, တနေ့ထက် တနေ့ အသိ ပိုမို ရှင်းလာ၍၊ သင်္ခါရတို့အကြောင်းကို ကောင်းစွာ သိလျက် ငြီးငွေ့ စက်ဆုတ် လိမ့်မည်။ ဗုဒ္ဓကိုယ်တော်လက်ထက်က ဗုဒ္ဓအရှင်၏ တရားဒေသနာ သို့မဟုတ် ဂါထာတပုဒ်နှင့် အရိယာဖြစ်သူတို့သည် ပဋိစ္စ သမုပ္ပါဒ် နည်းကို တရားနာခိုက် ဘယ်လို လေ့ကျင့်ကြသနည်း တရားတော်ကို မကြား မနာရမီ အချိန်ကပင် သဘာဝဓမ္မ တရားတို့ကို စံနစ်ကျသော နည်းဖြင့် လေ့လာပြီးသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ဗုဒ္ဓအရှင်ထံမှ သဘာဝ စကားလုံးတို့ကို ကြားနာရသောအခါ၊ သဘာဝတို့၏ လုပ်ငန်း စံနစ်ကို အသိရောက်လျက် သစ္စာ ၄-ပါးကို သိကြခြင်း ဖြစ်ပါသည် တင်ကြို လေ့လာသော ဓါတ်တို့သည် ပါရမီများ ဖြစ်ကြသည်။

## တတိယ အခက်ကြီး (ဇာတိ တခုမှ တခုသို့ ပြောင်းရွှေ့ပုံ)

ဤအခက်သည် သတ္တဝါတို့၏ ဇာတိဟူသော လက်ရှိဘဝမှ နောက်ဇာတိ အသစ်ဘသို့ ပြောင်းလဲပုံအခြင်းအရာ အခက်ဖြစ်သည်။ ယခုအခါ လူပညာရှိတို့

သည် အလွန်ပင် ဖြေရှင်းလိုကြသည်။ သိလိုကြပေသည်။ ဗုဒ္ဓကိုယ်တော် ဖေါ်ပြခဲ့သော သင်္ခါရလောကသို့ အသိ မရောက်သေးသမျှ ဤအခက်ကို ဖြေရှင်းရန် မလွယ်ကူပေ။ မရှင်းနိုင်ကြပေ။

လူ့ပညာရှိတို့၌ တဖြစ်မှ တဖြစ်သို့ (ဝါ) တဘဝမှ တဘဝသို့ အကောင်လိုက် အထည်လိုက် ပြောင်းလဲ ရွှေ့သွားသည်ဟူသော အသိသည် အစွဲနာလျက် ရှိကြသည်။ အကောင် အထည်မဟုတ်သော သင်္ခါရလုပ်သား အစုတို့သည် ဥပစယသို့ ရောက်တိုင်း ရောက်တိုင်း ၃—ခဏ, ၅၁-ခဏတို့ဖြင့် ပြောင်းလဲနေကြသည်ဟု အသိ မရောက်ကြပေ။ အသိရောက်ပါသည်ဟု ပြောကြသော မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တို့ပင် လူသေခါနီး လိပ်ပြာခေါ်ခြင်း လိပ်ပြာလွှတ်ခြင်းတို့ကို ပြုလုပ်ကြလေသည်။ လုပ်သက် မကုန်သေးသော အရာရှိများ သေဆုံးသော အသုဘကိစ္စ၌ ဤအယူအဆသည် ပေါ်လွင် ထင်ရှားနေတော့သည်။

ဗုဒ္ဓကိုယ်တော်၏ ပရမတ္ထ ဓါတုဗေဒ ပညာအရ ဤကိုယ်ကောင်ကြီး တလံမျှတွင် ငါ-သူ ယောကျ်ား-မိန်းမ အတ္တ-ဇီဝ လိပ်ပြာဟူသော အကောင်အထည် မရှိပေ။သင်္ခါရ လုပ်သားတို့၏ အစုအဝေးသာလျှင် ရှိကြသည်ဟု ပြသ ခဲ့လေသည်။ များသောအားဖြင့် နာမ်တရား အသိကို အကောင်ဟူ၍ အစွဲ များကြသည်။ ဥပစယ ရောက်သော စိတ္တအစုမှတပါး အခြား နာမ်တရားမရှိ။ စိတ္တအစုအပြင်၊ နာမ်တရား ရှိသေးသည်ဟု ယူဆလျှင်၊ ဤကိုယ်ကောင် တလံမျှတွင် ဘွဲ့အောင်ရှာလေ။ အနတ္တ သုတ္တန်၊ သဆက္ကသုတ္တန် စသည်တို့၌ ဗုဒ္ဓ ကိုယ်တော်သည် တလံမျှ ကိုယ်ကောင်၌'အတ္တ' ကို အရှာခိုင်းခြင်း ဖြစ်လေသည်။ သစ္စက ကဲ့သို့သော ပညာရှိကြီး တို့သည်ပင် ခန္ဓာ ၅—ပါးစလုံး ကိုသော်၎င်း၊ ခန္ဓာ တပါးစီ တပါးစီကိုသော်၎င်း အတ္တဟူ၍ မရှိဟု ဝန်ခံကြရသည်။ သက္ကာယဒိဋ္ဌိ အမျိုး ၂၀—သည် ဒိဋ္ဌိသင်္ခါရ လုပ်သား၏ လုပ်ငန်းကို မသိကြသောလူ့ပညာ ရှိကြီးတို့၏ ထိပ်တန်း အကျဆုံးသော အစွဲ ဖြစ်လေသည်။ ဖန်ဆင်းသူ'ဣဿရ'၏ အလွန်သိမ်မွေ့သော အပိုင်းအစ အတ္တ ကလေးသည် ဤတလံမျှသော ကိုယ်ကောင်တွင် အဟံကာရ စသော မာယာ သမားတို့နှင့် ရစ်ပတ်လျက် ရှိနေပါသည်ဟုပြောသော အယူအဆမျိုးကိုလည်း၊ဝိညာဏ်အတ္တာဘိယောဝဒေယျ စသော စကားအစဉ်ဖြင့် ဝိညာဏ်နှင့် ယှဉ်ဘွဲ့သမျှ သဘောတရားတို့၏ အဖြစ်ထင်ရှားပုံ၊ အပျက်ထင်ရှားပုံတို့ကို သက်သေ ပြလျက်၊ အကယ် အတ္တရှိခဲ့လျှင် အတ္တ၏ အဖြစ် ထင်ရှားရမည်၊အတ္တဟု မရှိသောကြောင့်သာ ဤကိုယ်ကောင်၌ အတ္တဟူသော သဘောတရားတခု မထင်ရှားနိုင်ဟု ပယ်ဖျက်ကာ စိတ်ကူးယဉ် တက္ကီဟု ပြသခဲ့လေသည်။

အကောင် အတ္တ မရှိလျှင်၊ဇာတိအသစ်သို့ ဘာတွေပြောင်း၍ ဘာတွေရောက်ကြသနည်း။

ဗုဒ္ဓကိုယ်တော်၏ ပရမတ္ထ ဓါတုဗေဒ ပညာအရ ဓါတ်တို့သာလျှင်ရှိကြသည်။ ထိုအရှိဓါတ်တို့သည် သခ်တဖြစ်၍ မမြဲကြ၊ ထို့ကြောင့် မမြဲသောသခ်တ ဓါတ်တို့သည် ဥပစယအသွင် ဆောင်ယူလျက် အဟောင်းအသစ် ပြောင်းကြသည်။ ဇာတိလည်း ဓါတ်အစုတခုဖြစ်၍ ဥပစယ အသွင်ဖြင့် အသစ် အစုတခုအဖြစ် ပြောင်းလဲရလေသည်။ ဤသို့အဟောင်းအသစ်တို့ ဥပစယအသွင်ဖြင့် ပြောင်းလဲနေရခြင်းသည် သံခါရလုပ်သားဒုက္ခသယ်တို့၏ ဓမ္မနိယာမဖြစ်လေသည်။ ဥပစယသည် ဤအဟောင်းအသစ် ပြောင်းလဲရာအတွက် အရေးကြီးသော ပဓါန အချက်အချာ ဌာနကြီးဖြစ်လေသည်။ အဟောင်းအသစ် အဆက်မပြတ်ခြင်းကိုပင် သန္တတိ ခေါ်သည်။ ဤဥပစယနှင့် သန္တတိသည် သံခါရလောက တည်ဆောက်စဖြစ်သော ဥဒ္ဒစ္စစိတ်မှအစပြု၍ ရဟန္တာတို့၏ စုတိသို့ ကျရောက်မှသာလျှင် အဆုံးသတ် ရပ်စဲလေတော့သည်။ သံသရာ တလျှောက်လုံးတွင် စိတ္တမရှိလျှင် --ရူပ၊ ရူပမရှိလျှင် စိတ္တ၊ သို့မဟုတ်လျှင် ရူပနှင့်စိတ္တ၊ ဤသို့ ဥပစယ -သန္တတိတို့သည် မပြတ်မစဲရပေ။ ပြတ်စဲရိုးထုံးစံ နိယာမမရှိပေ။

ထို့ကြောင့် ဓါတ်အသစ်,အသစ်တို့သည် ဇာတိအမည်ခံယူသော ဥပစယသို့ရောက်လျှင် ဘဝအသစ်သည် အစပြုရလေသည်။ ဤအတွက် လက်ရှိ ဘဝ၏အဆုံး ဥပစယကို စုတိ၊ ဘဝအသစ်၏ ဥပစယကို ပဋိသန္ဓိဟု မှတ်ထားလေ။ စုတိဥပစယနှင့် ပဋိသန္ဓိ ဥပစယတို့၏ အကြား၌ ကွက်လပ်ဟူ၍မရှိ, ဆက်စပ်နေသည်။ စုတိဥပစယသည် ကံက ဖန်တီးပေးလိုက်သဖြင့်၊ ကံမြေကိုအစွဲပြုရသော ဓါတ်ပေါင်းစုဖြစ်သည်။ ပဋိသန္ဓိဥပစယလည်း ကံကဖန်တီးပေး၍ ကံမြေကို အစွဲပြုသော ဓါတ်ပေါင်းစုပင်ဖြစ်လေသည်။ ထိုဓါတ်ပေါင်းစု ၂--မျိုးသည် ကံကိုအစွဲပြုလျက် ကံစီမံမှုကိုခံယူကြရခြင်း တူညီကြသော်လည်း၊ စုတိဓါတ်ကိုဖန်တီးပေးသော ကံသည် အဟုန်အရှိန် မရှိတော့ပေ။ ပဋိသန္ဓိဓါတ် ဥပစယကို ဖန်တီးပေးသောကံသည် အသစ်ကံဖြစ်၍ သူ၏အဟုန်အရှိန်ကို အစပြုလေသည်။ ဤသို့ အဟောင်းကံ၏ကုန်ဆုံးခြင်း၊ အသစ်ကံ၏စတင်ဆောင်ရွက်ခြင်းကို မှတ်သား စဉ်းစားပါလေ။ သံခါရ လောက၌ လူသေ, နတ်သေ, ဗြဟ္မာသေဟူ၍ မရှိ၊ စုတိအမည်ခံဓါတ်တို့ ဥပစယသို့ ရောက်ကာ ပျက်စီးသွားခြင်းသာလျှင် ရှိသည်။ ငရဲ, တိရိစ္ဆာန်, လူ, နတ်, ဗြဟ္မာတို့ ပဋိသန္ဓိသို့ ရောက်သည်ဟူ၍ မရှိချေ။ အထက်က ဖေါ်ပြခဲ့ပြီးသော ပဋိသန္ဓေစိတ် ၁၉ -နှင့် ဇီဝိတနဝကကလာပ်တို့သာလျှင် ပဋိသန္ဓိသို့ ဥပစယ အသွင်ဖြင့် ရောက်လျက်၊ အဟောင်းအသစ်လဲကာ သန္တတိအစဉ် ထင်ရှားကြရသည်။ သတ္တဝါခေါ်သော ဓါတ် အစု၏ စုတိစိတ် ဥပစယသို့ ရောက်ခါနီးသောအခါ၊ အကြောင်းတရား ဇောစိတ် တို့သည် ၅--ကြိမ် တိုင်တိုင် ဖြစ်ပေါ်ရသည်။ ထိုဇော ၅--ကြိမ်ကို သေခါနီး မရဏာသန္နဇော

၅-ကြိမ်ဟု ခေါ်သည်။ သေခါနီး ဇော ၅-ကြိမ်၏ အဆုံး၌ စုတိခေါ်သော သေစိတ် ပေါ်သည်။

သေခါနီးဇော၏ ဆွဲမှီရာ အာရုံသဘောသို့လိုက်လျော၍၊ ဇောနှောင်စုတိ, ဇော-ဘဝင် နှောင်စုတိ, ဇော-တဒါရုံ နှောင်စုတိ, ဇော-တဒါရုံ ဘဝင် နှောင်စုတိ ဟူ၍ဖြစ်သည်။ ဤ ၄-မျိုးတွင် တမျိုးမျိုးဖြစ်ပေါ်ကာ စုတိရောက်ရသည်။ ၂-မျိုး ၃-မျိုး ဖြစ်ခွင့်မရှိပေ။ အသိလွယ်ကူအောင် ဇော—နှောင်စုတိ တမျိုး ကိုသာလျှင် မှတ်ထားလေ။ သတ္တဝါတို့သည် ပဋိသန္ဓေမှ စုတိသို့ ရောက်အောင် အကျိုးဓါတ် အကြောင်းဓါတ်တို့ ဥပစယတို့၏ သန္တတိ အစဉ်ဖြင့် ပြောင်းလဲ နေရကြောင်း သတိ ပြုထားပါ။

ကံကြောင့်ဖြစ်သော ရုပ်ဓါတ်တို့သည် ခဏတိုင်း ခဏတိုင်း ဥပစယသို့ရောက် ကြရ၏။ ဥပမာ—စိတ္တတခုသည် ဖြစ်,တည်,ပျက် ၃ ချက်ဖြင့် ထင်ရှား နေခိုက်တွင် ကမ္မဇရုပ်ဓါတ်တို့သည် ၃ ကြိမ်တိတိကလာပအသွင်ဖြင့် ဥပစယ ရောက်နေကြသည်။ ကံတရားတို့ အမျိုးမျိုး ဖြစ်ပေါ်ခဲ့ကြလေရာ၊ ပဋိသန္ဓေအကျိုးကို ဖြစ်ပေါ်စေသော ကံသည် ကမ္မဇရုပ်ဓါတ်နှင့် ဝိပါက်နာမ်ဓါတ်တို့ကို ပဋိသန္ဓေနှင့်စုတိစိတ်အကြားတွင် အဆက်မပြတ်အောင် ဆောင်ရွက်ပေးရသည်။ ထို့ကြောင့် ပဋိသန္ဓေကံတို့၏အဟုန် အရှိန်ကို စုတိစိတ်ဖြင့် အမှတ်အသားပြု၍ သိနိုင်သည်။

အထက်က ပြခဲ့သည့်အတိုင်း စုတိစိတ်မှ နောက်ပြန် ရေတွက်လျှင် ၁၇—ချက် မြောက်သော စိတ္တသို့ရောက်၏။ သေစိတ်မပေါ်မီ သေစိတ်နှင့်တကွ ၁၇-ချက်သော စိတ်ဖြစ်သည်။ ပဋိသန္ဓေမှ အစပြုလျက် အကျိုးဖြစ်သော နာမ်ရုပ်ဓါတ်တို့ကို ဖန်တီး ပေးလာသော ကံသည်၊ ထို ၁၇-မြောက်စိတ်သို့ရောက်သောအခါ၊ ကမ္မဇရုပ်ဓါတ်တို့ကို ဆက်လက်၍ ဖန်တီးမပေးနိုင်တော့ပေ။ လက်ရှိ ဘဝအတွက် အကျိုးတရားတို့ကို ဖန်တီးပေးနိုင်သော အဟုန်အရှိန် ကုန်ခမ်းလုနီး ဖြစ်လေသည်။ ထို့ကြောင့် ကမ္မဇ ရုပ်တို့လည်း မဖြစ်ပေါ်နိုင်ကြပေ။ သတ္တရသမစိတ်၏ ရှေ့အဘို့က ဖြစ်ပေါ် ခဲ့သော ကမ္မဇရုပ်ဓါတ်တို့သည် ခဏ ၅၁ -ချက်တွင် ချုပ်ပျက်ရမည့် ထုံးစံကြောင့်၊ ၁၇-ချက် စိတ်တို့၏ အချိန်ကာလအတွင်း၌ အစဉ်အတိုင်း ချုပ်ပျက် သွားကြရသည်။ သတ္တရသမစိတ်နှင့်အတူ တပြိုင်နက်ဖြစ်ပေါ်သော ကမ္မဇ ရုပ်ဓါတ် တို့သည် စုတိစိတ်၏ ဘင်ခဏ ၅၁ -ခဏ ပြည့်သဖြင့်၊စုတိစိတ်နှင့်အတူ ချုပ်ပျက်ရလေသည်။ ဤ၌ ကမ္မဇ ရုပ်ဓါတ် မဖြစ်ပေါ်နိုင်သော ခဏမှ စုတိ၏ ဘင်ခဏတိုင်အောင် ခဏပေါင်း ၄၇—ရှိ နေသည်။ ထိုခဏ ၄၇—အတွင်း၌ ကံအသစ်လုပ်ငန်း အစပြုလေသည်။

အစပြုပုံမှာ စုတိစိတ်ဖြစ်ပေါ်ပြီးနောက် ပဋိသန္ဓေအကျိုးကိုဖြစ်ပေါ်စေမည့် ကံအသစ်သည် သေခါနီး ဇော ၅-ခုတို့၏ အာရုံအဖြစ် ပေါ်လာသည်။ အာရုံအဖြစ်

ဖြင့် ကံသဘောတရားမပေါ်လာခဲ့လျှင်၊ထိုကံကိုပြုလုပ်ဆောင်ရွက်စဉ်က မကောင်းမှု ဖြစ်လျှင်၊ ခါး,လှံ စသော ဝတ္ထု၊ ကောင်းမှုဖြစ်လျှင်၊ ဆွမ်း, သင်္ကန်း, ကျောင်း ရဟန်းတော် စသော ဝတ္ထု တခုခုသည် သေခါနီးဇော ၅-ခုတို့၏ အာရုံအဖြစ် ပေါ် လာရသည်။ ကမ္မနိမိတ်ခေါ်သည်။ ဤကမ္မနိမိတ် မပေါ် ခဲ့လျှင်၊ ဝိပါက် ဖြစ်ပေါ် ကျရောက်မည့် အခြေအနေ တမျိုးမျိုးသည် သေခါနီး ဇော ၅-ခုတို့၏ အာရုံအဖြစ် ဖြင့် ပေါ်လာရသည်။ ဂတိနိမိတ်ခေါ်သည်။ ဤသို့လျှင် ကံနိမိတ်,ကမ္မနိမိတ်, ဂတိ နိမိတ် ၃-မျိုးတွင် တမျိုးမျိုးသည် ရှေ့သွားလမ်းပြအဖြစ်ဖြင့် ပေါ်လာသည်။

ဤသေခါနီး ဇော ၅-ကြိမ်၏ ဆွဲကိုင်စရာ ပေါ်လာသော အာရုံ တမျိုးမျိုး သည် စုတိနောက် ဥပစယသို့ရောက်ရလျက် ပဋိသန္ဓေကိစ္စကိုဆောင်ရွက်သော သင်္ခါရ လုပ်သားတို့အား ကံအသစ်က တင်ကြိုပေးထားသော အမှတ်အသား အာရုံဖြစ်လေ သည်။ ငါကဖန်တီးလိုက်၍ ဥပစယရောက်သော သင်္ခါရ လုပ်သားတို့သည် ဤယခု ပေးထားသော နိမိတ်အာရုံကိုသာလျှင် ဆွဲကိုင်လျက် ခဏ ၃-ချက်ဖြင့် ထင်ရှားပေါ် လွင် ရမည်ဟု မပြောသော်လည်း ပြောလိုက်သကဲ့သို့၊ တင်ကြိုစီမံ ထားသော ကံ အသစ်၏ လုပ်ငန်းဖြစ်လေသည်။ထို့ကြောင့် ပဋိသန္ဓေ,ဘဝင်, စုတိလုပ်သားတို့သည် လုပ်ငန်း ကွဲပြားသော်လည်း၊ ဆွဲမှီစရာအာရုံမှာ တမျိုးတည်းအဖြစ် တူကြရသည်၊

ဤ၌ ကံသည် သင်္ခါရ, အဘိသင်္ခါရ လုပ်ငန်းတို့ကို ဆောင်ရွက် ခဲ့စဉ်က လောဘ,ဒေါသ စသည်တို့၏ သဟဇာတ, ဥပနိဿယစသော သတ္တိတို့ဖြင့် အဝိဇ္ဇာ - တဏှာ တို့၏ လောင်းရိပ်အတွင်း၌ ကျရောက်ခဲ့သော စေတနာခေါင်းဆောင် ကမ္မဝဋ္ဋ လုပ် သား တို့၏ အဟုန်အရှိန်ဖြစ်သည်။ ဤကံကိုပင်လျှင် နာနက္ခဏိက ကမ္မသတ္တိ ဟုခေါ် သည်။ ကမ္မဝဋ္ဋလုပ်သားတို့၏ စွမ်းအင်ဖြစ်သည်။ သင်္ခါရလုပ်သားတို့လည်း မဟုတ် ကြပေ။ သင်္ခါရ, အဘိသင်္ခါရ လုပ်ငန်းတို့ကို ဆောင်ရွက်ကြသော သင်္ခါရလုပ်သား တို့သည် ခဏ ၃-ချက်ဖြင့် ထင်ရှားခိုက် ဖြစ်၍ 'ဘူတ'ဖြစ်ကြသည်၊ သင်္ခါရလုပ်သား ထုံးစံအတိုင်း ခဏ ၃-ချက်ဖြင့်ထင်ရှားပြီး၍ပျောက်ပျက်ကွယ်သွားသဖြင့်'အပဂတ' ဖြစ် ကြသည်။ ယင်းသို့ အပဂတ ဖြစ်သော်လည်း၊ ဓါတ်အသစ် ပေါ်နိုင်အောင် အခြေခံအဖြစ် အရှိဟုဆိုရသော ဥပ္ပန္နဖြစ်လေသည်။ ထို့ကြောင့် ဤကမ္မ ဘဝခေါ် သော သဘောတရားမျိုးကို 'ဘူတာပဂတုပ္ပန္န' ခေါ်သည်။ ကမ္မဘဝ တရားသည် အဘာဝဟူသော ပညတ်တရားမျိုးလည်းမဟုတ်၊ ခဏတ္တယခေါ် ၃ -ခဏ ဖြင့်ထင်ရှား နိုင်သော တရားလည်း မဟုတ်သောကြောင့်'ကမ္မဘဝ'ဟူသော စကားလုံးဖြင့် အသုံး ပြုထားသော 'သဘောတရား' ဖြစ်လေသည်။

အဝိဇ္ဇာ, တဏှာ စသည်တို့၏ လောင်းရိပ်၌ ဆောင်ရွက်ခဲ့ကြသော ကမ္မဝဋ္ဋ လုပ်သားတို့တွင် ကမ္မဝိညာဏ်သည် မျိုးစေ့သဘော ဖြစ်ကြောင်းကို 'ဝိညာဏံဗီဇံ'

ဒေသနာဖြင့် ပြတော်မူခဲ့သည်။ ထိုသို့ဆောင်ရွက်စဉ်က ဝိညာဏ်တခုတည်း မဟုတ်ပေ။ အခြားစေတသိက်ဓါတ်တို့နှင့်တကွ စိတ္တဇရုပ်ဓါတ်, ကမ္မဇရုပ်ဓါတ် တို့လည်း ပါဝင်ခဲ့ကြလေသည်။ သို့ဖြစ်၍ အဟုန်အရှိန်ဟူသော ကမ္မဘဝသည် ဓါတ်ပေါင်းစု၏ အဟုန်အရှိန်တို့အဖြစ်ဖြင့် ဝိပါက် ဝိညာဏ်နှင့် နာမ်ဓါတ် ရုပ်ဓါတ်တို့ ပေါက်ရှင်ရာ ခေတ္တဟူသော ယာလယ်မြေဖြစ်ကြောင်းကို 'ကမ္မံ ခေတ္တံ' ဒေသနာဖြင့် ပြတော်မူခဲ့သည်။ ထိုအဟုန်အရှိန်ဖြစ်သော ကမ္မဘဝသဘောတွင် ဘဝတဏှာ၏ အဟုန်အရှိန်လည်း ပါဝင်နေကြောင်းကို 'တဏှာသိနေဟော'ဖြင့် ဖေါ်ပြတော်မူခဲ့သည်။

သင်္ခတဖြစ်သော သင်္ခါရလုပ်သားတို့သည် သူတို့၏ မေ့နိယာမ ထုံးစံ အရ ဆောင်ရွက်ခဲ့ကြသဖြင့်၊ 'အရှိ' သဘောရောက်သော ဘဝကံသည် ကံ အဟောင်းက နောက်ဆုံး ဖန်တီးပေးမည် ဖြစ်သော စုတိဓါတ်အစုသို့မရောက်မီ ၄ဂ-ခဏအတွင်း၌ အသစ်ဖြစ်သော ဇာတိအတွက် ပဋိသန္ဓေ ဝိပါက် ဝိညာဏ် စသည်တို့ ပေါက်ရှင်ပေါ်လာအောင် အခွင့်ကို ဆောင်ရွက်လေသည်။ ထို ၄ဂ-ခဏ အခိုက်အခါတွင် ကမ္မဇ ရုပ်ဓါတ်ကို ဖန်တီးမပေးနိုင်အောင် အားနည်းနေခြင်းကို ကံဟောင်း၏ ဩကာသကတုပ္ပန္န အရှိဟုခေါ်သည်။ ကံဟောင်း၏ အားနည်းသောအခွင့်ကိုရ၍ ကံအသစ်၏ ဓါတ်အသစ် ဖြစ်ပေါ်စေနိုင်သော အခွင့်ကိုလည်း ကံသစ်၏ ဩကာသကတုပ္ပန္န အရှိဟုပင် ခေါ်လေသည်။

အထက်ကဖေါ်ပြခဲ့သော ကံအသစ်သည် နောက်ဖြစ်ပေါ်လာသော ဓါတ်တို့၏ ဆွဲကိုင်ဇရာ အာရုံနိမိတ်ကို စီပေးပြီးလျှင်၊ စုတိစိတ်၏ အခြားမဲ့၌ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်ရမည့် ဓါတ်အစုကို ပေါက်ရှင်စေတော့သည်။ ဥပစယသို့ ရောက်သော ဝိပါက် နာမ်ဓါတ်အစုသည် သေဇော ၅-ခုတို့၏ အာရုံကိုပင် အဆွဲအကိုင်ပြုလျက်၊ ပဋိသန္ဓေဝိညာဏ်, စေတသိက်နာမ်နှင့် တည်ရာဝတ္ထုရုပ် ဟူသော နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာတို့ကို အချင်းချင်းအထောက်အကူပြုကာ၊ထင်ရှားပေါက်ရောက် ရှင်သန်လာကြလေသည်။ ထိုနောက် ကံအသစ်သည် ဘဝင်ကိစ္စဆောင်ရွက်သော ဝိပါက်စိတ်ပေါင်း ၁၆-ကို ဖြစ်ပေါ်စေသည်။ ထိုနောက် ပဋိသန္ဓေ ဟူသော လက်ငင်းရရှိထားသော အခြေအနေကိုပင် အာရုံအဖြစ် ဆွဲကိုင်လျက် ဘဝနိကန္တိခေါ်သော လောဘဇောသည် ၇-ကြိမ်တိတိ ပေါ်လာသည်။

ဤ၌ ပဋိသန္ဓေ ဝိပါက် ဝိညာဏ်ကို ပေါက်ရှင်စေသော ကံသည် အပုညာဘိသင်္ခါရကံဖြစ်လျှင်၊ အဟိတ်အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏအမည် ခံယူသော စိတ် ပေါက်ရှင်လာမည်၊ ထိုစိတ်သည် သတ္တဝါကောင် အသက်ကောင် မဟုတ်ပေ။ လောက၌ မျိုးစေ့ကို အစွဲပြုကာ ပေါက်ရှင်လာကြရသော အပင်တို့သည် မိမိတို့၏

ဆက်လက်ကြီးထွား ဖွံ့ဖြိုးစည်ကားမှုအတွက် အောက်ခံမြေနှင့် ရေ,လေ,ရာသီဥတုတို့ လိုက်လျောစွာ ပွားစီးဖြစ်ထွန်းကြရသကဲ့သို့၊ ဤဥပေက္ခာ သန္တီရဏအပင်သည်လည်း မိမိကျရောက် ပေါက်ရှင်နေသော ဘူမိသို့ လိုက်လျောကာ စည်ပင် ကြီးထွား ရလေတော့သည်။ အခြေစိုက်ထားရာ ဌာနကို ဘူမိခေါ်သည်။ အကုသိုလ်ကံ၌ အခြေစိုက်ထားသော သံခါရလုပ်သား ဝိပါက်တရားတို့ဖြစ်၍၊ အကုသလဘူမိ အားလျော်စွာ ကြီးထွား ပေါက်ရှင်ကြရလေတော့သည်။

အကယ်၍ ကံသည် ပုညာဘိသံခါရကံ ဖြစ်ခဲ့လျှင်၊ ရူပဝိပါက် ၅–မျိုးနှင့် မဟာဝိပါက် ၈–မျိုး၊ အယုတ်ဆုံးအားဖြင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ဝိပါက်တမျိုး ပေါင်း ၁၄–မျိုးတွင် တမျိုးမျိုး ပေါက်ရှင်လာသည်။ ရူပဝိပါက် ၅-မျိုးတွင် ကံကိစ္စကို ဆောင်ရွက်သော ရူပကုသိုလ်သည် နာမ်သံခါရလုပ်သားတို့ကိုအပြစ်မြင်၍ ရုပ်ဓါတ် သက်သက်ကိုသာလျှင် ကျေနပ်နှစ်သက်နေပါမူကား ဝိပါက်ကို ပေါက်ရှင်စေသောအခါ၊ ဇီဝိတနဝက ရုပ်ဓါတ်အစုကိုသာလျှင် ဖန်တီးပေးလေသည်။ နာမ်ဓါတ်တို့ကို ဖန်တီးမပေးတော့ပေ။ ရုပ်ဓါတ် သက်သက်ဖြင့် ကမ္ဗဇရုပ် ခေါင်းဆောင်နေသော ဓါတ်အစုကို အသညာခေါ်သည်။ ၎င်းကို သတ္တဝါအမှတ်ဖြင့် စွဲယူသဖြင့်၊ အသညသတ္တဟု ခေါ်ကြသည်။ ဤရုပ် ပဋိသန္ဓေနှင့်တကွ ၁၅-မျိုးသော ပဋိသန္ဓေ သံခါရ လုပ်သားတို့သည် ကုသိုလ်ကံ မြေ၌ အခြေစိုက်ထားသဖြင့်၊ ကုသလဘူမိ အားလျော်စွာ ကြီးထွား ပေါက်ရှင်ကြရလေသည်။

အကယ်၍ အာနဉ္စာဘိသံခါရ ဖြစ်ခဲ့ပါလျှင်၊အရူပဝိပါက် ၄–မျိုး ပေါက်ရှင်လာမည်။ ထိုဝိပါက် ၄-မျိုးတို့၏ အခြေစိုက်ရာသည် ရုပ်ကို မနှစ်သက်သော ကံတရားဖြစ်၍ အဘယ်အခါမျှ ရုပ်ဓါတ်တို့ကို ဖြစ်ပေါ်စေမည် မဟုတ်ပေ။ ထိုသံခါရလုပ်သားတို့သည် ဝိညာဏာဟာရ, ဖဿာဟာရ စသော နာမ်အာဟာရ တို့ဖြင့်သာလျှင် ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်ကြာအောင် ဥပစယ—သန္တတိဖြစ်၍ စုတိဟူသော သေစိတ် ပေါ်ကြရလေသည်။ ဤအရူပ ဝိပါက် ၄–မျိုးတွင် နောက်ဆုံး ဖြစ်သော နေဝသညာနာသညာ ခေါ်သော ဝိပါက်စိတ်ကို စဉ်းစား ဆင်ခြင်ပါလေ။ ဗုဒ္ဓအရှင်၏ အဘိဓမ္မ ပညာအရ အောက်၌ ဆိုခဲ့သော အကုသိုလ်, ကုသိုလ်, ဝိပါက်, ကြိယာ, သံခါရလုပ်သား နာမ်တရားနှင့် မတူကြပေ။ ဆိုခဲ့ပြီးသော နာမ်တရားတို့သည် မိမိတို့၏ အမှတ်လက္ခဏာကို တင်းပြည့် ကျပ်ပြည့် ဆောင်ယူနိုင်ကြသည်။ နေဝသညာနာသညာ ကုသိုလ်ဝိပါက် သံခါရ လုပ်သားတို့သည် မိမိတို့၏ အမှတ်လက္ခဏာကို တင်းပြည့် ကျပ်ပြည့် မဆောင်ရွက် နိုင်ကြပေ။ ဤ သဘောတရားကို ဆင်ခြင် စဉ်းစားလျှင် သံခါရလုပ်သား သဘောတရားတို့၏ အကြမ်း အနုသဘော အဆင့်ဆင့် သိမ်မွေ့ကြသော သဘော စသည်တို့သည် ကွဲပြား လာပေမည်။ နေဝ

သညာနာသညာ ကုသိုလ် ကြိယာဇော ဖြစ်ပြီး သညာဝေယိဒတ နိရောဓ ဟူသော အနာဂါမ် ရဟန္တာ ကိုယ်တော်ကြီးများ၏ ဒိဋ္ဌမေ့ဟူသော လက်ရှိဘဝ၌ နိဗ္ဗာန် မျက်မှောက် ပြုနေကြပုံတို့ကို သဘော ပေါက်ပေမည်။ သင်္ခါရတို့ ငြိမ်းပုံကို သဘောပေါက်မည်။

သင်္ခါရလောက တခုလုံးကို ခြုံ၍ စဉ်းစားလျှင်၊ သင်္ခတဖြစ်သော သင်္ခါရ လုပ်သား ၇၁—ပါးတို့သည် မိမိတို့၏ မလွဲနိုင် မပြောင်းနိုင်သော လက္ခဏာအမှတ် အသားကို ယူဆောင်နိုင်သော ကာလမှစ၍ ရှေ့ဦးစွာ ကိလေသာဝဋ္ဋ၊ ကမ္မဝဋ္ဋ လုပ်ငန်းကို စုပေါင်း တည်ဆောက်ကြသည်။ ထိုဝဋ္ဋ ၂-ပါးဖြစ်သော သင်္ခါရလုပ်သား အင်အား ထက်မြက်လာသောအခါ၊ ဝိပါကဝဋ္ဋ လုပ်သားတို့ကို ဖြစ်ပေါ်အောင် ဖန်တီး ပေးကြသည်။ ဤသို့ ဝဋ္ဋ ၃—ပါးတို့ အချင်းချင်း အစွဲအမှီပြုလျက် ဖန်တီးမှု ပြည့်စုံခြင်းသည် ပုဗ္ဗန္တခေါ်သော ရှေ့ပိုင်းဖြစ်သည်။ သတ္တဝါ မဟုတ်ပေ။ ထိုဝဋ္ဋ ၃—ပါးသည် ထိုထက်ပိုမို ခိုင်ခန့်သော ခါတ်တို့ကို ဖန်တီးရန် ဆက်လက် ဆောင်ရွက်ကြပြန်သည်။ ထိုအခါ အဝိဇ္ဇာ ခေါင်းဆောင် မဟုတ်တော့ဘဲ ဘဝတဏှာ ခေါ် လောဘသည် ခေါင်းဆောင်အဖြစ် ဆောင်ရွက်၍၊ အဝိဇ္ဇာနှင့် သင်္ခါရတို့မှာ နောက်လိုက် အခြံအရံဖြစ်သွားသည်။ ထိုအခါ အစပြုလျက် ဆောင်ရွက်သော ဓါတ်တို့သည် ကမ္မဘဝ ဖြစ်မြောက်အောင် ရှေ့ဦးစွာ ဆောင်ရွက်ကြသည်။ ထိုသို့ ကမ္မဘဝ ဖြစ်မြောက်အောင် ဆောင်ရွက်ကြသော ဥပစယတို့၏ သန္တတိအစဉ်ကို သမ္ဘဝေသီဟု ခေါ်သည်။ ကမ္မဘဝမှတဆင့် ဥပပတ္တိဘဝ ခေါ်သော ဇာတိဖြစ်ပေါ်ရသည်။ ဘဝတဏှာ ခေါင်းဆောင်ခဲ့သော ကာလမှ အစပြုလျက် ဓါတ်တို့၏ ရင့်ကျက်မှုသည် တဆင့်ထက် တဆင့် ထက်မြက်လာသည်။ ယာလယ်မြေသဘွယ် ရင့်ကျက်မှု ခိုင်ခန့်လာသောအခါ၊ ဇာတိအမည် ခံယူသော ဝိပါကဓါတ်အစုကို ဖန်တီး ပေးလေသည်။ ရှေ့ဦးစွာ ရောက်ရသော ဇာတိမှ အစပြုလျက် ဓါတ်သင်္ခါရ လုပ်သားတို့သည် ခိုင်ခန့်သော အခြေခံကို ရကြသဖြင့်၊ အကြောင်းဝဋ္ဋ ၂-ပါးဖြင့် အကျိုးဝဋ္ဋတပါးကို ဖြစ်အောင် ဆောင်ရွက်ကြပြန်သည်။

ဤသို့လျှင် ဇာတိတခုမှ ဇာတိတခုသို့ ပြောင်းလဲ ဆောင်ရွက်နေကြလေသည်။ သင်္ခါရ၊ အဘိသင်္ခါရ၊ ကမ္မပထ ၃-ဆင့်သည်၊ သင်္ခါရလုပ်သားတို့ စုပေါင်း ဆောင်ရွက် ကြရာဘွင် ပေါ်လာထင်ရှားသော အဆင့် ၃-ဆင့်ဖြစ်သည်။ ဤသို့ဇာတိအမျိုးမျိုး ပြောင်းလဲနိုင်အောင် ရင့်ကျက်နေကြသော ဓါတ်အစုကို ‘ဘူတ’ ဟုခေါ်သည်။ ဇာတိခေါ်ရသောဓါတ်အစု ထင်ရှားသည်မှ အစပြုလျက် သတ္တဝါဟူသော ပညတ်လည်း ထင်ရှားလာလေသည်။ ဇာတိအဖြစ်သို့ရောက်သော ဓါတ်အစု တို့သည် ဝဋ္ဋ ၃-ပါးအဖြစ် ဆက်ကာဆက်ကာ ပေါ်လာထင်ရှား နေခြင်းကိုပင် သံသရာလည်

သည်ဟု ခေါ်ကြသည်။ သံသရာလည်မှုသည် ဇာတိမှအစပြုသဖြင့်၊ ‘သတ္တောသံသာရ မာပါဒိ’ဟူ၍၎င်း၊‘အနေကဇာတိ သံသာရံ’ဟူ၍၎င်း၊ ‘အယမန္တိမဇာတိ’ ဟူ၍၎င်း ဗုဒ္ဓအရှင်က ဖော်ပြခဲ့လေသည်။

ထို့ကြောင့် ဇာတိတခုမှ ဇာတိတခုသို့ ပြောင်းခြင်းသည် အကောင်, သတ္တ, ဇီဝမဟုတ်ဘဲ၊ အဘိသင်္ခါရကံတို့ကို အစွဲပြုကာ ပဋိသန္ဓေ သင်္ခါရလုပ်သားတို့သာလျှင် ပြောင်းရွှေ့ကျင်လည်နေကြသည်ဟု အသိရောက်အောင် လေ့လာ ကြပါလေ။

လူလောက၌ ပေါ်လာထင်ရှားသမျှသည် သင်္ခါရစေတ် လုပ်သား တို့သည် သာလျှင် စုပေါင်း ထင်ရှားနေခြင်း ဖြစ်သည်။ အကောင်သဘောတရား အတ္တ-ဇီဝ သဘောတရားဟု သီးသန့်မရှိပေ။ ထင်ရှားရှိသော ဝတ္ထုဟူသမျှလည်း အစုအစုတို့ သာလျှင်ဖြစ်သည်။ တခု-တခုတို့ မဟုတ်ကြပေ။ ထို ထင်ရှားသမျှတို့ သည်လည်း သင်္ခါရလုပ်သားတို့မှ အစပြုရခြင်းသာလျှင် ဖြစ်သည်ဟု ဗုဒ္ဓ ဓါတုဗေဒ ပညာအရ ဆင်ခြင်စဉ်းစားကြပါလေ။

ဤတတိယအခက်ကြီးကို ယခုကမ္ဘာ့ပညာရှိတို့က ရှင်းလင်းလိုကြသည်။ မိမိ တို့၏ ခေတ်အလိုက် တိုးတက်နေသော စံနစ်အမျိုးမျိုးဖြင့် ရှင်းလင်း နေကြသည်။ ကျေနပ်အောင် ကြံဆနေကြသည်။ ထိုပုဂ္ဂိုလ်ကြီးတို့၏ အတတ်ပညာသည် ကြီးကျယ် သော အတတ်ပညာဖြစ်ပေသည်။ ဖွံ့ဖြိုးကြီးထွားသော ပညာဖြစ်ပေသည်။ သို့သော် ခေတ်ပညာ ကြီးထွား ဖွံ့ဖြိုးသလောက် ပညတ်တရားဖြင့် ဖုံးလွှမ်းခြင်း ခံရသော လောကတို့ (ဝါ) သတ္တလောက, ဩကာသလောကတို့ ဖွံ့ဖြိုး ကြီးထွားလာမည် ဖြစ် လေသည်။ ထိုကြီးပွားမှု မကုန်ဆုံးနိုင်ပေ။ အဘယ့်ကြောင့်နည်း၊ ပညာရှိဟုအခေါ် ခံရသော ကိုယ်ကောင်ကြီး၌ ပေါ်လာ ထင်ရှား နေကြသော ဝိရိယနှင့် ပညာ စေတသိက်တို့သည် အဝိဇ္ဇာနှင့် လောဘတို့၏ အဟုန်အရှိန် လောင်းရိပ်တို့ကို မသိ မမြင် ကြသောကြောင့် ဖြစ်လေသည်။

သိပါသည်ဟု ပြောဆိုနေကြသော မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တို့ကလည်း၊ဗုဒ္ဓ အရှင်၏ ပရမတ္ထ ဒေသနာသည် ကမ္ဘာအားလုံးနှင့်ဆိုင်သော ဓါတုဗေဒဟု မယူဆ ကြပေ။ ဗုဒ္ဓကိုယ်တော် ပြဆိုခဲ့သော ဓါတ်ခွဲနည်းအမျိုးမျိုးတို့ကို သင်ပြပို့ချကြသော် လည်း၊ အခက်အခဲ အမျိုးမျိုးကို ပြောဆိုလျက် သင်ပြ ပို့ချနေကြသည်။ ဥပမာ— နာမရူပပရိစ္ဆေဒဉာဏ်ကို အလေ့အကျင့် ပြုရန်မှာ ပါရမီရင့်ကျက်မှ မဟုတ်ပေ။ ပစ္စယပရိဂ္ဂဟဉာဏ်ကို လေ့ကျင့်ရန်လည်း ပါရမီ ရင့်ကျက်မှ မဟုတ်ပေ၊ ထိုဉာဏ် ၂-မျိုး လေ့ကျင့်မှုကို လွတ်၍သည်း ပါရမီ ရင့်ကျက်ရန် လွယ်ကူမည် မဟုတ်ပေ။ ပါရမီသည် သစ္စာ ၄-ပါး အတွက်သာလျှင် အဓိကဖြစ်သည်။ ဗုဒ္ဓအရှင်၏အဘိဓမ္မ ဓါတုဗေဒ အဘောဘ်ကိုသင်ယူရာ၌ အဓိကလည်းမဟုတ်ပေ။ ပဝတ္တိဉာဏ်ဖြစ်ပေါ်လျှင်

သင်ယူနိုင်သောအခွင့် ရှိပါသည်။ လူသတ္တဝါ၌ အထူးအားဖြင့် ဗုဒ္ဓဘာသာဝင် တို့၌ ပဝတ္တိဉာဏ် ပေါ်နိုင်သော အခွင့်အရေး များစွာရှိပါသည်။

ဗုဒ္ဓဘာသာဝင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ခေတ်ပညာကိုသင်ယူ ပို့ချနေကြသော ဓါတ်တို့၏အစကို တကြိမ်တခါမျှ၊ အဘယ်သူတို့မျှ ပကတိမျက်စိဖြင့် မမြင်ဘူးသော ပုဂ္ဂိုလ်တို့သည်၊ ယခုတိုင်အောင် မမြင်ဘူး ကြသော အင်နာဂျီ,အီလက်ထရွန်,ပရိုတွန်, နျူကလီးယပ်,အတွမ်,မိုလီကြူ စသော ဓါတ်အစုတို့၏ သတ္တိအင်အားတို့ကို ဂဏန်းသင်္ချာအတတ်မျိုးဖြင့် တွက်ချက်ယူနိုင်နေကြသည်။ ထို သင်ယူပို့ချကြသောလူတို့သည် ဗုဒ္ဓအရှင်၏ ဓါတုဗေဒပညာကို နာမရူပ ပရိစ္ဆေဒ, ပစ္စယပရိဂ္ဂဟအဆင့်သို့ ရောက်အောင် အဘယ်ကြောင့် မသင်ယူနိုင်ဘဲရှိပါမည်နည်း။ နားမလည်နိုင်ဘဲ ရှိကြပါမည်နည်း။စံနစ်တကျ သင်ကြား ပို့ချလျှင် မိမိတို့ ဉာဏ်စွမ်းအလျောက် အသိရောက်ကြမည်သာ ဖြစ်သည်။

## စတုတ္ထ အခက်ကြီး (အရိယသစ္စာ ပေါ်လာပုံ)

ဤအခက်သည် သစ္စာ ၄-ပါးကို သိပုံအခက်ဖြစ်သည်။ သစ္စာဟူသော စကားကို အမှန်ဟု သိကြသည်။ ထိုအမှန်သဘောသည် ဘယ်ပုံ ဘယ်အခြင်းအရာဖြင့် မှန်သနည်း၊ စဉ်းစား ဆင်ခြင်ရန် လိုပေသည်။ ဗုဒ္ဓဘာသာဝင်တို့သည် များသောအားဖြင့်၊ ဒုက္ခ သစ္စာ, သမုဒယ သစ္စာ, နိရောဓ သစ္စာ, မဂ္ဂ သစ္စာဟု အမည်လေးမျိုးကို အသိများကြသည်။ ထိုစကားလေးမျိုးက ညွှန်ပြသော အနက်သဘောကား သိမ်မွေ့လှသည်။ ဒုက္ခကို အခံခက်သော သဘော,မအောင့်နိုင်သော သဘောစသည်ဖြင့် အသိရောက်ကြသည်။ ယင်းသို့ ရောက်သော်လည်း ငါ့ဒုက္ခ-သူ့ဒုက္ခ ငရဲ, ပြိတ္တာ, လူ, နတ်, ဗြဟ္မာ စသော အကောင် သတ္တဝါ အယူအစွဲ မလွတ်ကင်းသော ဒုက္ခအသိ ဖြစ်နေတတ်သည်။ ငါ အခံရခက်သည်၊ ငါ မအောင့်နိုင်ဘူး စသော အသိတို့သည် ပညတ်ကို စွဲလျက် သိသော အသိများ ဖြစ်ကြသည်။ ဗုဒ္ဓအရှင် ဖော်ပြခဲ့သော သန္တာဝါဒ၌ ငါ-သူ စသော သဘောတရားတို့သည် ပရမတ် သင်္ခါရ လုပ်သားအစုကို အစွဲပြုကာ အသိ၌ ရှင်းလင်းစွာ ပေါ်လွင်လာသော ပညတ်ဖြစ်၍ အဟုတ်ရှိသော သဘောတရားများ မဟုတ်ကြပေ။

ထိုကြောင့် သစ္စာ ဟူသော အမှန် ၄-ချက်သည်၊သင်္ခါရ လုပ်သားတို့ကို အစွဲအမှီပြုကာ ပေါ်လာ ထင်ရှားကြရသော အနက်သဘောများ ဖြစ်ကြသည်။ အတိုချုပ်အားဖြင့် အရိယသစ္စာ ၄-ပါးသည် ပညတ်တို့၏ အနက်သဘော မဟုတ်၊

ပရမတ်တို့၏ အနက်သဘောဖြစ်သည်ဟု ဆိုလိုသည်။ သင်္ခါရ လောကကို လေ့လာ သဖြင့် အသိရောက်လျက် သင်္ခါရ တရားတို့ကို ရှင်းလင်းစွာ သိနေသော အသိသည် အရိယာတို့ သစ္စာအနက် သဘောသို့ သက်ရောက်ရန် လွယ်ကူပေမည်။

သင်္ဂြိုဟ်ကျမ်း၌ သရုပ်ခွဲကြသောအခါ....

(၁) တုံသုံးပါး၌ ပေါ်လွင် ထင်ရှားသော ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တို့သည် ဒုက္ခသစ္စာမည်၏။

(၂) တဏှာခေါ်သော လောဘသည် သမုဒယ သစ္စာမည်၏။

(၃) ထိုတဏှာ၏ ချုပ်ရာသည် နိရောဓ သစ္စာမည်၏။

(၄) နိရောဓသို့ ရောက်ကြောင်း သမ္မာဒိဋ္ဌိ စသော စေတသိက် ရှစ်ပါး သည် မဂ္ဂသစ္စာမည်၏ ဟူ၍ မှတ်သားခဲ့ကြသည်။

ဒုက္ခသစ္စာ၏ အနက် ၄-ချက်

အပုညာ ဘိသင်္ခါရနှင့် ကာမ ပုညာဘိသင်္ခါရ လုပ်ငန်းတို့ကို ဆောင်ရွက် သော သင်္ခါရ လုပ်သားတို့၏ ရိုးရိုး ဖြစ်ပေါ်နေကျ ဖြစ်သော မနောသင်္ခါရ၊ ဝစီ-ကာယ သင်္ခါရမှ အစပြုကာ ဥပစယ-သန္တတိ အစဉ်တို့ဖြင့် တဆင့်မှ တဆင့်သို့ ပြောင်းလဲနေကြပုံကို ပြန်၍ ဆင်ခြင်ပါ။ ထိုသင်္ခါရ လုပ်သားတို့သည် အထက်က ပြခဲ့သည့်အတိုင်း ကိလေသဝဋ် လုပ်သား၊ ကမ္မဝဋ် လုပ်သားနှင့် ဝိပါကဝဋ် လုပ်သား ပရမတ် တရားများ ဖြစ်ကြသည်။

ထိုပရမတ် လုပ်သားတို့သည် ဥပစယသို့ တပြိုင်နက် ရောက်ကြလေရာ၊ အလိုအလျောက် အကြောင်းမဲ့ ရောက်လာကြခြင်း မဟုတ်ပေ။ သဟဇာတ၊ အညမည၊ အတ္တိ၊ အဝိဂတ စသော အများဆိုင် သတ္တိတို့၏ ကူညီ ထောက်ပံ့ စီမံခြင်း သဘောတို့ဖြင့် ဥပစယသို့ ရောက်လာကြသည်။ အများဆိုင် သတ္တိ ဟူသည်လည်း အခြားမဟုတ်၊ ယင်းပရမတ် လုပ်သား သင်္ခါရ တရားတို့၏ အများဆိုင်သတ္တိ ဖြစ် သည်။ ဤအများဆိုင် သတ္တိတို့သည် ပရမတ် လုပ်သားတို့၏ ဗျာပါရလည်း မဟုတ်ကြ။ ပရမတ် လုပ်သားတို့၌လည်း ဗျာပါရ သဘောမရှိကြပေ။ အဟုတ်ရှိ ပရမတ် သဘောတရားတို့သည် တခုတည်းလည်း မဟုတ်ကြ၊ မလွဲနိုင်သော အမှတ် လက္ခဏာကို ရေတွက်ရသောအားဖြင့် ၇၁—မျိုးပင် ရှိလေသည်။ အရှိသဘောခြင်း တူကြသော ပရမတ်တို့၏ အချင်းချင်း ဆက်သွယ်ကြရခြင်းသည် ဓမ္မနိယာမ ဖြစ် လေသည်။ ယင်း ဓမ္မနိယာမ ထုံးစံအရ အများဆိုင် သတ္တိဟု ထင်ရှားလေရာ၊ ထို

အများဆိုင် သတ္တဝါတို့သည် ကိုယ်ပိုင်အမှတ်လက္ခဏာရှိကြသော ဆိုင်ရာဆိုင်ရာပရမတ် လုပ်သား အသီးသီးတို့ကို အချင်းချင်း ဆက်သွယ် စုပေါင်းအောင် ဆောင်ရွက်ပေးသကဲ့သို့ ဖြစ်ကာ ဥပစယ ရောက်ကြရလေသည်။ ဤသို့လျှင် အများဆိုင် သတ္တဝါတို့ကို စီမံခြင်း အစီအရင်တို့ကို ခံယူလျက် ဥပစယ ရောက်ကြ ရခြင်းသည် ဒုက္ခ သစ္စာ၏ သင်္ခတဋ္ဌဟု အနက်သဘောမှန်ဖြစ်သည်။ ဤသို့ စုပေါင်းစည်းဝေးမိအောင် ဆောင်ရွက်ကြသော အများဆိုင် သတ္တဝါတို့ကိုပင် 'ပစ္စယုပါဒါန' ဥပါဒါန်သဘော ရှိသော အကြောင်းများဟု ခေါ်ကြသည်။ ဓမ္မစက္ခု ခေါ်သော မဂ်ဉာဏ်ဖြင့် သိသော ယံကိဉ္စိ သမုဒယဓမ္မံ တွင် ဤပစ္စယုပါဒါန် အကြောင်းများလည်း ပါဝင် ကြလေသည်။

( ဒုက္ခသစ္စာ၏ ပဌမ အနက်မှန်သဘော သင်္ခတဋ္ဌ။ )

တဖန် ဥပစယ ရောက်ကြ ရသော သင်္ခါရ လုပ်သားတို့သည် ရောက်သော အတိုင်း အတည်မနေကြရ။ အစပြုရ, ရင့်ကျက်ရ, ပျက်ကွယ်ပျောက်သွားရ ဟူသော ခဏ ၃ ချက်ဖြင့် အနှိပ်စက်ခံရလေသည်။ ယင်းခဏ ၃–ချက်ဖြင့် အနှိပ်စက် ခံကြရသော်လည်း တကြိမ်တခါတည်းမဟုတ်၊ ဆက်ကာ ဆက်ကာ အစဉ် မပြတ်အောင် ဥပစယ ရောက်ကြရသဖြင့်၊ သန္တတိဟူသော တန်းစဉ်ကိစ္စကိုလည်း ဆောင်ရွက်ကြရသေးသည်။ ယင်းတန်းစဉ်၌လည်း အငြိမ် မနေရ၊ ဖြစ်, တည်, ပျက် အခြေ အနေတို့ဖြင့် အနှိပ်အစက်ကို အမြဲခံနေကြရလေသည်။ တဖန် ထိုတန်းစဉ်ခိုက်မှာပင် ဇာတိတခုမှ ဇာတိသို့ ပြောင်းရွှေ့ရ၊ ဇာတိတခုသို့ မပြောင်းရွှေ့ရမီ အို–နာ–သေ တို့နှင့်တကွ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း စသော အခံခက်၍ မနှစ်သက်ဖွယ်တို့ဖြင့် အမြဲမပြတ် အနှိပ်စက်ခံနေကြရလေသည်။ ဤသို့ ဝဋ် ၃–ပါးကို ဆောင်ရွက်ကြသော သင်္ခါရလုပ်သားတို့သည် ဆိုခဲ့သော သဘောတရားတို့၏ နှိပ်စက်မှုကိုခံယူနေကြရခြင်းသည် ဒုက္ခသစ္စာ၏ ဒုတိယအနက်မှန်သဘော ပီဠနဋ္ဌဖြစ်သည်။ သူ့ကိုယ် ငါ့ကိုယ် ငရဲ့,တိရိစ္ဆာန်,လူ,နတ်,ဗြဟ္မာတို့ အနှိပ်စက် ခံကြရသည်မဟုတ်၊ အဟုတ်ရှိ သင်္ခတပရမတ်တို့ ခံကြရသည်။

(ဒုက္ခသစ္စာ၏ ဒုတိယအနက်မှန်သဘော ပီဠနဋ္ဌ။)

ထို့ပြင် သင်္ခါရလုပ်သားတို့သည် ဥပစယရောက်ခိုက်မှ အစပြုကာ တခုနှင့် တခု ကွက်လပ်အကြားရှိအောင် တင်းတင်းကြပ်ကြပ်ပေါင်းစည်းဆက်သွယ်ကြရခြင်း သန္တတိအစဉ်ဖြင့် အဆက်မပြတ် ဖြစ်,တည်,ပျက် ခဏ ၃ ချက်နှင့် ပြေးလွှား နေရသော်လည်း၊ ဖြစ်-အို-နာ-သေ-စိုးရိမ်ပူဆွေး-ငိုကြွေး စသော မနှစ်မြို့ မကျေနပ်

ဖွယ် အသွယ်သွယ်သော အမှုသဘောတို့ကို ခံယူနေကြရခြင်းသည် ဒုက္ခ သစ္စာ၏ တတိယ အနက်မှန်သဘော သန္တာပဋ္ဌဖြစ်သည်။

(ဒုက္ခသစ္စာ၏ တတိယအနက်မှန်သဘော သန္တာပဋ္ဌ။)

ထို့ပြင် သင်္ခါရ လုပ်သားတို့သည် ဥပစယရောက်ခိုက်မှစလျက်၊ ပင်ကိုယ် အခြေအနေ၌ တည်ငြိမ်မှုမရ၊ တခဏထက် တခဏ ရင့်ကျက် ပျက်စီးကြရ၊ သန္တတိ အစဉ်ဖြင့် ပြေးလွှားနေကြရသော်လည်း ရှေ့အစဉ်အတိုင်း မနေရ၊ နောက်အစဉ် တမျိုးသို့ ပြောင်းလဲရ၊ သန္တတိ အစဉ် ဖြင့်ပင်လျှင် ပဋိသန္ဓေမှ ရင့်ကျက် အိုမင်း ယိုယွင်းသို့ ပြောင်းရ၊ ရင့်ယင်း,ကျက်ယင်း,အိုယင်းကပင်၊ နာ သဘောသို့ ပြောင်း လဲရ၊ နာ သဘောမှ သေ သဘောသို့ ပြောင်းလဲရ၊ သူခ သဘောမှ ဒုက္ခသဘောသို့ ပြောင်းလဲရ၊ ဒုက္ခ သဘောမှပင် စိုးရိမ် သဘော-ပူဆွေးသဘော ငိုကြွေးသဘောသို့ အဆင့်ဆင့် ရှေ့နောက် မညီညွတ်သော ဖေါက်ပြန်ကြရခြင်းသည်၊ ဒုက္ခသစ္စာ၏ အနက်မှန်သဘော ဝိပရိဏာမဋ္ဌဖြစ်သည်။

(ဒုက္ခသစ္စာ၏ စတုတ္ထအနက်မှန်သဘော ဝိပရိဏာမဋ္ဌ။)

ဤသို့လျှင် အတိုချုပ် အားဖြင့် အပြုအပြင် အစီအခံ တို့ကို ခံယူ ကြရခြင်း သင်္ခတဋ္ဌ၊ အမျိုးမျိုး ဖြစ်ပေါ်ပျက်စီးခြင်းတို့၏ နှိပ်စက်ခြင်းကို တွေ့ကြုံ ခံယူ ကြရ သော ပီဠနဋ္ဌ၊ အပူသဘောအမျိုးမျိုးနှင့် မလွတ်မကင်း အမြဲယှဉ်တွဲခြင်းခံယူနေကြ ရသောသန္တာပဋ္ဌ ၊တည်ငြိမ်မှု မရ အမြဲမပြတ် ဒလစပ် ပြောင်းလဲနေရသော ဝိပရိ ဏာမဋ္ဌ၊ အနက်မှန်သဘော ၄-ချက်သည် သင်္ခါရ လုပ်သား ဝဋ္ဋဒုက္ခသမား တို့၏ အနက်မှန်သဘောဖြစ်လေသည်။

ဤသဘောမှန် အနက် ၄-ချက်ကို ခံယူယှဉ်တွဲ နေကြ သူတို့သည် သူလည်း မဟုတ်၊ ငါလည်းမဟုတ်၊ ငရဲ-တိရစ္ဆာန်-လူ-နတ်-ဗြဟ္မာသတ္တဝါတို့လည်း မဟုတ် ကြပေ။ အဟုတ်တကယ်ရှိသော သင်္ခါရလုပ်သား ဝဋ္ဋဒုက္ခသမား တို့သာလျှင် ဖြစ် ကြသည်။ ဗုဒ္ဓကိုယ်တော်၏ သဗ္ဗေသင်္ခါရာ အနိစ္စာ-သဗ္ဗေသင်္ခါရာ ဒုက္ခာ ဟူသော ဩဝါဒသည် ဤသင်္ခါရ လုပ်သားတို့ကို သာလျှင် ညွှန်ပြပြောဆိုခဲ့လေသည်။

ဗုဒ္ဓဘာသာအမည် ခံယူလျက် ဗုဒ္ဓ၏ဩဝါဒကို ခံယူပါသည်ဟု ပြောဆိုကြ သော သူအချို့တို့သည် သဘာဝဟူသော စကားလုံး၏အနက်ကို ပြောဟောကြရာ၊ သစ္စာ ၄-ပါးနှင့် သက်ဆိုင်သော သဘာဝမှန်သမျှ၊ သင်္ခါရလုပ်သား သဘာဝများ သာလျှင် ဖြစ်သည်ကို သတိပြုရန်လိုပေသည်။ ပညတ္တိ သဘာဝမျိုး၌ သမုတိသစ္စာ, ဝစီသစ္စာမျိုးသာလျှင်ဖြစ်လေသည်။ ပရမတ္ထသစ္စာ · အရိယသစ္စာ မဟုတ်ပေ။

### သမုဒယ သစ္စာ၏ အနက် ၄-ချက်

ဒုက္ခဖြစ်ကြောင်း အနက်သဘောမှန်ကို သမုဒယသစ္စာခေါ်သည်။ တရားကိုယ်အားဖြင့် အထက်ကပြခဲ့သော တဏှာလောဘဖြစ်သည်။ ဒုက္ခဖြစ်ကြောင်း သဘောတရား များစွာ ရှိသော်လည်း၊ လောဘတဏှာသည် အသေးအဖွဲ့ဒုက္ခမှ အစပြု၍ ဇာတိအမျိုးမျိုးတို့သို့ရောက်အောင်ပို့စွမ်းနိုင်သောသတ္တိထူးကြောင့်၊ဗုဒ္ဓကိုယ်တော်က လောဘကိုပင် သမုဒယဟု ညွှန်ပြခဲ့ပေသည်။ ဗုဒ္ဓကိုယ်တော် ညွှန်ပြခဲ့သောအတိုင်း ဒုက္ခဖြစ်ကြောင်း ဟုတ်-မဟုတ်ကို သင်္ခါရ အဆင့်၊ အဘိသင်္ခါရ အဆင့်၊ ကမ္မပထ အဆင့်သို့ ရောက်အောင် ဆောင်ရွက်သော သင်္ခါရ လုပ်သားတို့ကို လေ့လာပါ။

ကမ္ဘာမြေပြင်၌ ပေါက်ရှင်ကြီးထွား စည်ပင် ပြန့်ပွားကြရသော သစ်ပင်ဟူသမျှတို့သည် အမြစ်ကို အခြေခံထားလျက် ကြီးထွားစည်ပင်ကြရသကဲ့သို့၊ သင်္ခါရ လောက လုပ်သားတို့ စည်ပင်ပြန့်ပွား ကြီးထွား ထက်သန်အောင် လောဘသည် အခြေခံဟေတု သဘောဖြင့် အထောက်အကူပြုသည်။ လောဘသည် ဆိုင်ရာဆိုင်ရာ နာမ်သင်္ခါရလုပ်သားတို့နှင့်အတူ သဟဇာတ၊ အညမည၊ သမ္ပယုတ္တ၊ အတ္ထိ၊အဝိဂတ စသော သတ္တိတို့ဖြင့် ဥပစယရောက်သည်။ ယင်းသို့ရောက်ခိုက် အတူပါဝင်ကြသော နာမ်သင်္ခါရ လုပ်သားတို့အား အခြေခံအဖြစ် သဘောဖြစ်သော ဟေတု သတ္တိဖြင့် ကျေးဇူးပြုသည်။ အခြေခံအဖြစ် အားပေးသော လောဘဖြင့် အတူပါဝင်သော လုပ်သားတို့သည် တက်ကြွထက်သန်စွာ ပွားစီးဖွံ့ဖြိုးလာကြသည်။ ဆက်ကာဆက်ကာ ဥပစယရောက်ရန် ထက်သန်ထကြွနေကြသည်။ ထိုအခါ စေတနာခေါ်သော သင်္ခါရသည် ထိုထက်သန်နေကြသော ဓါတုပေါက်စ သင်္ခါရတို့ကို ဆက်လက် လှုံ့ဆော်လေသည်။ စေတနာ၏ လှုံ့ဆော်ခြင်းသည် အနုဓါတ်ကို ရင့်အောင် ဆောင်ရွက်ခြင်း ဖြစ်သည်။

မမ္မစကြာ ပါဠိတော်၌ ဖော်ပြသော 'ကာမ သုခလ္လိကာ နုယောဂေါ' တွင် နောက်ဆုံးဖြစ်သော 'အနုယောဂ' အားထုတ်ခြင်းဆိုသည်မှာ စေတနာက နှိုးဆော် လုပ်ငန်းကို ဆောင်ရွက်သဖြင့် အတူပါဝင်သော ကိလေသာ လုပ်သားတို့ ထကြွသောင်းကျန်းခြင်းဖြစ်သည်။ ဤစေတနာကို ကာမအာရုံတို့အား အစွဲပြင်းထန်ကပ်ငြိလွန်သော လောဘက အစပြုပေးလိုက်ခြင်း ဖြစ်သည်။ လောဘသည် သဟဇာတ— သမ္ပယုတ္တသတ္တိဖြင့် ကိုယ်တိုင် မယှဉ်မတွဲရလျှင် အခြား ကမ္မဝဋ် လုပ်သား တို့အား မလွဲမကင်းသာဟူသောအားကြီးသော ဥပနိဿယဖြင့်အထောက်အကူပြုပေးလေသည်။ အဘိသင်္ခါရလုပ်ငန်းဟူသမျှတို့၌ လောဘသည် ဟေတုသတ္တိ · ဥပနိဿယ သတ္တိတို့ဖြင့် သင်္ခါရလုပ်သားတို့အား အထောက်အကူပေးလေသည်ချည်း ဖြစ်သည်။ ဝိပါကဝဋ်ပေါ်လာ၍ အတိုက်အခံ သဥ္ဓာယတနလုပ်ငန်းဖြင့် တိုက်လာသမျှသော ကာမအာရုံတို့ကို 'ယောဘ' ကပ်ငြိတွယ်တာခြင်းဖြင့် သင်္ခါရလုပ်သားတို့အား အကူအညီ ပေး

လေသည်။ ဤသို့လျှင် လောဘသည် စေတနာကို ကူညီသည်။ ဤသို့ စေတနာနှင့် တကွ သင်္ခါရလုပ်သားတို့အား ကူညီအားပေးသောလောဘသည် စေတနာစသော ဒုက္ခသည်တို့၏ နိဒါန်း အကြောင်းရင်းမှန် အခြေခံ သဘောအနက် ဖြစ်လေသည်။ အာရုံသို့ ရှေ့ဦးစွာ ကပ်ရောက် ငြိတွယ်တတ်သဖြင့်၊ လောဘကို 'ဥပယ' ဟုလည်း ခေါ်သည်။

အဝိဇ္ဇာနှင့် သင်္ခါရတို့ သင်္ခါရလောကကို အစပြုလျက် ကိလေသဝဋ်နှင့် ကမ္မဝဋ်ကို ရှေ့ဦးစွာ တည်ဆောက်ကြသောအခါ၊ ဘဝတဏှာ လောဘ မပါဝင်ခဲ့ပေ။ သင်္ခါရလောကကို အုဋ်မြစ်ချသော အဝိဇ္ဇာနှင့် သင်္ခါရတို့သည် ဓါတ်အနုများ အဟုန်အရှိန် နည်းပါးသော ဓါတ်များသာလျှင် ဖြစ်ကြ၍၊ ပဝတ္တိအကျိုးဖြစ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ဝိပါကဝဋ် အစကိုသာလျှင် တည်ဆောက်နိုင်ကြသေးသည်။ ပဋိစ္စ သမုပ္ပါဒ် နောက်ပိုင်း အစဟု ဆိုအပ်သော ဝိပါကဝဋ် ပေါ်လာသောအခါ၊ အာယတနတို့၏ အတိုက်အာရုံ ဓါတ်အစုကို အစွဲအမှီပြုကာ ကိလေသဝဋ် ခေါင်းဆောင် အဝိဇ္ဇာ စေတနာတို့နှင့် ယှဉ်တွဲလျက် ဥပစယ ရောက်သော ဘဝတဏှာသည် ခိုင်ခန့်သော ကမ္မဘဝကို တည်ဆောက်နိုင်ရန် ကမ္မဝဋ် လုပ်သားတို့ကို အားပေး ကူညီလေတော့သည်။ လောဘ၏ အားပေးခြင်းဖြင့် ကမ္မဝဋ် လုပ်သားတို့သည် 'သမ္ဘဝေသီ'အမည်ဖြင့် ဆက်လက် ဆောင်ရွက်ကြသည်။ ဤသို့လျှင် လောဘသည် ဒုက္ခအစုဖြစ်သော သင်္ခါရလုပ်သားတို့၏ အခြေခံ 'နိဒါန်'ဖြစ်လေသည်။

(ဒုက္ခဖြစ်ကြောင်း သမုဒယ အနက်မှန်သဘော နိဒါနဋ္ဌ။)

ထို့ပြင် လောဘသည် အဝိဇ္ဇာ အမှောင်ဓါတ်နှင့်ယှဉ်တွဲလျက် အတူပါသော ဒိဋ္ဌိ၏ အမှားသက်ဝင်မှုကို ပြင်းထန်စွာကပ်ငြိ၍ အတ္တဝါဒကို တည်ထောင်သော သဘောဖြင့် ဝိညာဏ်ကို ပြုပြင်လေသည်။ ထိုသို့ ပြုပြင်ခြင်း ခံရသော ကိလေသဝဋ် လုပ်သားတို့သည် ဇောဟူသော အဟုန် အရှိန်တို့ဖြင့် မိမိတို့၏ လုပ်ငန်းကို ဖွံ့ဖြိုး စည်ပင်အောင် ဆောင်ရွက်ကြသည်။ ကိလေသဝဋ်, ကမ္မဝဋ် လုပ်သားတို့ စည်ပင် ပြန့်ပွါး ခြင်း သည် လောဘကို အခြေခံ၍ စည်ပင် ပြန့်ပွါး ကြ ရ သ ဖြင့်၊ လောဘသည် ထိုဝဋ် ၂-ပါး၏ ပွါးစီးကြောင်း အာယူဟနဋ္ဌ ဖြစ်လေသည်။ မိမိကိုယ်တိုင်လည်း ပွါးစီး ယှဉ်ဘက် တရားတို့ကိုလည်း ပွါးစီးစေခြင်းသည် အာယူဟနဋ္ဌ ဖြစ်လေသည်။

အဘိသင်္ခါရ လုပ်ငန်းတို့ကို ဆောင်ရွက်ရာ၌၊ လောဘ, ဒိဋ္ဌိတို့၏ သံယောဇဉ်ကြိုး တင်းမာမှုသည် အာယူဟန သဘော ထင်ရှားသော အခြေအနေ ဖြစ်သည်။ ကောင်းမှု ပြုရာ၌ပင် လောဘ, ဒိဋ္ဌိတို့၏ ဥပနိဿယသတ္တိ ပြင်းထန်နေပုံကို ဆင်

ခြင်ပါလော။ ငါလူ့မှ ငါကောင်းကျိုးရမည် ဟူသော ယုံကြည်ချက် စိတ်အစဉ်သည် သသာတဒိဋ္ဌိ ဦးစီးသော လောဘ၏ ဥပနိဿယ သတ္တိဖြင့် ထင်ရှားနေသော စိတ်အစဉ် ဖြစ်သည်။ ထိုစိတ်အစဉ်သည် အဝိဇ္ဇာ, တဏှာတို့ လောင်းရိပ် မိနေသော စိတ်ဖြစ် သည်။ ဤစိတ်မျိုး ပွါးစီးဖြစ်ပေါ် ကြရခြင်းသည် လောဘ၏ အာယူဟန သဘော ဖြစ်လေသည်။

(ဒုက္ခဖြစ်ကြောင်း သမုဒယ အနက်မှန်သဘော အာယူဟနဋ္ဌ။)

ထို့ပြင် လောဘ၏ အဟုန်အရှိန် ပြင်းထန် သိမ်မွေ့လှသည်။ လောဘသည် မိမိကိုယ်တိုင် ဟေတု, သဟဇာတ, အညမည,သမ္ပယုတ္တ စသော သတ္တိတို့ဖြင့် အကူ အညီ အထောက် အပံ့ မပြုနိုင်သော်လည်း၊ မိမိ၏ ဆန့်ကျင်ဘက် ပညာ ဘိသင်္ခါရ လုပ်သား ကုသိုလ် တရားများနှင့် အာနဉ္ဇာ ဘိသင်္ခါရ လုပ်သား ကုသိုလ်တရားတို့ကို ဘဝရာဂ—ဥပနိဿယသတ္တိဖြင့် အထောက်အပံ့ပြုပေးလေသည်။ ရူပကုသိုလ် ၅—မျိုးနှင့် အရူပ ကုသိုလ် ၄—မျိုးဖြစ်လော မဟဂ္ဂုတ် ကုသိုလ်တို့သည် ဘဝရာဂ လောဘ၏ လောင်းရိပ် ဥပနိဿယ သတ္တိကို မလွန်ဆန်နိုင်သဖြင့်၊ ရူပဝိပါက်, အရူပဝိပါက် ပဋိ သန္ဓေ ၉—မျိုးတို့ ပေါက်ရှင်ရလေသည်။ အပုညာ ဘိသင်္ခါရ လုပ်ငန်းအတွက်မှာ မူကား လောဘ၏ ပြင်းထန်သော သတ္တိကို ဆိုနိုင်ဘွယ်မရှိ ဖြစ်လေသည်။ ဤသို့ လျှင် သင်္ခါရ လုပ်သားတို့ အပေါ်၌ တွယ်တာ ကပ်ငြိနေခြင်းသည် လောဘ၏ သံယောဂဋ္ဌ သဘောအနက် အမှန်ဖြစ်လေသည်။ လောဘ၏မိတ်ဘက် ဒိဋ္ဌိ စေတသိက် သည်လည်း အမှား သက်ဝင်မှုဖြင့် ကုသိုလ် ဝိညာဏ်တို့ကို လောဘနှင့် ယှဉ်တွဲ ချယ် လှယ်ကြရာ၊ ရူပ-အရူပ ကုသိုလ်၌ ပေါင်းစပ် ပါဝင်သော ပညာစေတသိက်သည်ပင် ဘဝ၏ လွတ်မြောက်ရာ လမ်းကို မပြသနိုင်ဘဲ၊ ရူပဘဝ-အရူပဘဝတို့လည်း မှန်ကန် ကောင်း မွန်သည်ဟူသော သဘောဖြင့်၊ ဘဝရာဂ၏ အလိုအားလျော်စွာ၊ ရူပ အရူပ အဘိသင်္ခါရ လုပ်ငန်းတို့ကို ဆောင်ရွက်ပေးရ လေသည်။ ဘဝရာဂ သံယောဇဉ် သည် လောဘ၏ သိမ်မွေ့စွာ ယှဉ်တွဲ ထားသော သံယောဂဋ္ဌ ဖြစ်သည်။

အာသာသတ္တိ, ဩဃသတ္တိ, ဂန္ထသတ္တိ စသော သတ္တိတို့တွင် ဘဝကို ကပ်ငြိ တွယ်တာသော လောဘသည် သိမ်သိမ်မွေ့မွေ့နှင့် ထက်မြက်လေသည်။ ဆိုခဲ့သော သဘောတရားတို့ဖြင့် လောဘသည် ဒုက္ခတုံး ဒုက္ခခဲဖြစ်သော သင်္ခါရလုပ်သားတို့နှင့် ယှဉ်တွဲသော သံယောဂဋ္ဌ အကြောင်းမှန်ဖြစ်လေသည်။

(ဒုက္ခဖြစ်ကြောင်း သမုဒယအနက်မှန်သဘော သံယောဂဋ္ဌ။)

ထို့ပြင် သင်္ခါရ လုပ်သားတို့အား ကမ္မဘဝနှင့် ဥပပတ္တိဘဝ ဖြစ်မြောက်ရန် အားပေးကူညီရာ၌ စေတနာစသော ကမ္မဝဋ်လုပ်သားတို့ 'ယာလယ်ခေတ္တ' အနေမျိုး ဖြင့် ခိုင်ခန့်ရန်၊ ကမ္မ ဝိညာဏ်အား မျိုးစေ့ အနေမျိုးဖြင့် ခိုင်ခန့်ရန်၊

မိမိ ကိုယ်တိုင် လောဘသည် မျိုးစေ့ကို ပေါက်ရှင် စေတတ်သော စိုစွတ် သဘောအနေဖြင့် ကမ္ဘာဝကို ရစ်ပတ်ချည်နှောင်ထားသည်။ ထိုမျှမက ဥပပတ္တိ အမည်ဖြင့် ပေါက်ရှင်လာမည်ဖြစ်သော ဝိပါက်ဓါတ်တို့နှင့် ရစ်ပတ် နှောင်ဖွဲ့ထား လေသည်။ အင်မတန် ဆိုးလှပါသည်ဟု ခေါ်ရသော အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ၏ နိရိယ ဥပပတ္တိဘဝကိုပင် နိကန္တိဇော ၇-ကြိမ်စောလိုက်သေးသည်။

ဆိုခဲ့သောသဘောဖြင့် လောဘသည် ဒုက္ခ အမျိုးမျိုးတို့၏ အကြောင်းမှန် ပလိဗောဓဋ္ဌဖြစ်လေသည်။ ပလိဗောဓဟူသော ပါဠိစကားသည် အကြိမ်ကြိမ်အထပ် ထပ် ထွေးလိမ်ရစ်ပတ်ခြင်းကို ဆိုသည်။ အဘိသင်္ခါရလုပ်ငန်းတို့၌ ဥပါဒါနပစ္စယာ ဘဝေါသည် အလွန်ကြောက်စရာ ထိတ်လန့်စရာဖြစ်လေသည်။ ကံတို့၏ဆန်းကြယ်မှု ဟူသမျှ လောဘနှင့် ဒိဋ္ဌိက အစပြုကြသည်ချည်းသာ ဖြစ်လေသည်။

(ဒုက္ခဖြစ်ကြောင်း သမုဒယ အနက်မှန်သဘော ပလိဗောဓဋ္ဌ။)

ဤသို့လျှင် လောဘဟူသော သမုဒယ အကြောင်းသည် အခြေခံသဘော ပွားစီးစေခြင်းသဘော၊ တင်းတင်းကြပ်ကြပ် ယှဉ်တွဲကပ်ငြိသဘော၊ ဖယ်မရ-ဖြုတ် မရအောင် အထပ်ထပ် ရစ်ပတ်နှောင်ဖွဲ့သော သဘောတို့ ဖြစ်ကြလေသည်။

အရိယသစ္စာ ၄-ပါး၌ လောဘသည် အကြောင်းသစ္စာတရား။

ဘုံ၃-ပါး၌ဖြစ်သော ဝဋ် ၃-ပါးသည် အကျိုးသစ္စာတရားဟူ၍အကြောင်းနှင့် အကျိုး ဆက်စပ် နေကြသည်။

ဤသစ္စာ ၂-ပါးကို လောကီသစ္စာ ၂-ပါးဟု ခေါ်သည်။

လောကပညာရှိကြီးတို့သည် မိမိတို့၏ ထက်မြက်စူးရှသော အသိဉာဏ်ဖြင့် ထိပ်တန်းဟု ခေါ်ရလောက်အောင် အသိရောက်ကြသည်။ သို့သော် ထိုပညာရှိကြီး တို့သည် ဒုက္ခကိုပယ်ရန်ဟု အသိဖြစ်ပေါ်လျက် ယောဂအမျိုးမျိုးဖြင့် အကျိုးဒုက္ခ တရားကိုပယ်သတ်ရန် ကြိုးစားအားထုတ်ကြသည်။ အကြောင်း သမုဒယကို ပယ်ရန် သတ်ရန် ဟူ၍ကား အသိဉာဏ်မပေါ်ကြပေ။ ပယ်သတ်ရန် နည်းပေးဆရာကိုလည်း မရှာကြ။ မိမိအသိကိုလည်း လောဘ ဒိဋ္ဌိတို့က လှည့်စားထားသည်ဟု အသိမရောက် ကြသောကြောင့်၊ စူးရှသော ကိုယ်ပိုင် စိန္တာမယဉာဏ်လည်း မပေါ်နိုင်, မဖြစ်နိုင် ကြပေ။ ဗုဒ္ဓသာသနာပ အခါတို့၌ ပစ္စေကဗုဒ္ဓါ ကိုယ်တော်ကြီး တို့သည် မိမိတို့၏ ထက်မြက်စူးရှသော စိန္တာမယဉာဏ်ကို အခြေခံထားလျက် လောကီသစ္စာ၂ ·ပါးနှင့် ကျန်လောကုတ္တရာသစ္စာ ၂—ပါးသို့ အသိရောက်တော်မူကြလေသည်။

လောကီသစ္စာ ၂—ပါးတွင် ဒုက္ခသစ္စာသို့ အသိမှန်ရောက်အောင် ကြိုးစားရ သည်။ အားထုတ်ရသည်။ ဒုက္ခဟူသည် အခံခက်သည်ကို သိရုံမျှမဟုတ်ဘဲ၊ သင်္ခါရ

လုပ်သားတို့ ခံယူနေကြရသော ဒုက္ခကို သိအောင် ကြိုးစားရသည်။ သင်္ခါရ ဒုက္ခကို အသိရောက်မှ သင်္ခါရတို့ကို အပြစ်မြင် ငြီးငွေ့ ကြောက်လန့်သည်။ သင်္ခါရ ဒုက္ခကို အပြစ်–ပြင်းပြင်းထန်ထန် ငြီးငွေ့ကြောက်လန့်ပါမှ အကြောင်း သမုဒယကိုပယ်စွန့်ချင်သော အသိဉာဏ်ပေါ်လာသည်။ ပယ်စွန့်လာသော်အသိ ပေါ်လာပါမှ လောဘ သမုဒယ မပေါ်လာအောင် ကြိုးစား အားထုတ်လာသည်။ အတိုချုပ်မှာ ဒုက္ခ အစစ်ကို သိအောင် ကြိုးစားပါ။ သမုဒယ လောဘကို မဖြစ်မပေါ်အောင်ကြိုးစား ပါလေ။

### နိရောဓသစ္စာ အနက် ၄-ချက်

ပါဠိစကားဖြင့် နိရောဓ၊ မြန်မာစကား–ချုပ်ငြိမ်းဖြစ်သည်။ ထိုချုပ်ငြိမ်း ဟူသော စကားလုံး၏အနက်သည် ပျက်၍ငြိမ်းသွားခြင်းတမျိုး၊ မပျက်ဘဲဆက်လက် ငြိမ်းနေခြင်းတမျိုးဟု ၂ -မျိုးကွဲပြားသော်လည်း၊ တမျိုးနှင့်တမျိုးမှာ ဆန့်ကျင်ဘက် သဘောအားဖြင့် ဆက်စပ်လျက်နေကြသည်။ ပျက်သဘောသည် မမြဲသော အနိစ္စ ဒုက္ခအနက်သဘောရှိသည်။ ငြိမ်းသဘောသည် ချမ်းသဘော, တည်ငြိမ်သဘော အနက်ဖြစ်သည်။ ထို့ကြောင့် နိရောဓ ဟူသော ပါဠိ စကားအတွက်၊ ခယ–ပျက် ဟူသော ဝိသေသနဖြင့်၊ ခယနိရောဓ – ပျက်ငြိမ်းဟု ပြောရသည်။ ၎င်းပျက်ငြိမ်း သည် ပျက်ဟူသော ဒုက္ခနှင့်တကွ ငြိမ်းရသောကြောင့် ‘ သန္တိ ’ လက္ခဏာ မရှိပေ။ ဒုက္ခသာလျှင်ဟူ၍ သတိပြု စဉ်းစားဆင်ခြင်လေ။ ဥပမာ–အနာပေါက်ရာ၌ အနာ သဘောတရား ပျက်သွားခြင်း၊ မနာသဘောတရား ထင်ရှားခြင်းတို့သည် တခြားစီ ဖြစ်ကြသည်။ အနာသဘောသည် အကြောင်းတရားတို့ကြောင့် ထင်ရှားနေရသည်။ မနာသဘော၌ အကြောင်းတရားမရှိပေ။ အနာ ပျက်သောကြောင့် မနာသဘော ထင်ရှားသည်ဆိုလျှင်၊ အနာသဘောပျက်ခြင်းသည် မနာသဘော ဖြစ်ပေါ်ခြင်း၏ အကြောင်းမဟုတ်ပါလောဟု မေးရန်ဖြစ်သည်။ သေချာစွာသတိဖြင့် စဉ်းစားလေ။ မနာသဘောသည် ‘ဥပ္ပါဒ’ဟူသော အဖြစ်သို့မရောက်ပေ။ ဥပ္ပါဒသို့မရောက်သော မနာသဘော ရှိ-မရှိ ကိုလည်း စဉ်းစားဆင်ခြင်ပါလေ။ အနာသဘောသည် ဥပ္ပါဒ ဖြစ်သောကြောင့် ပျက်ရသည်။ ဖြစ်လည်းဒုက္ခ, ပျက်လည်း ဒုက္ခပင်။ မနာသဘော သည် အနာသဘောပျက်သောကြောင့် ထင်ရှားလာသည်မှာ မှန်ပေသည်။ သို့သော် အနာသဘော ပျက်ခြင်းသည်၊ မနာသဘောကို ဖန်တီးပေးခဲ့ခြင်း မဟုတ်ပေ။ ဆန့် ကျင်ဘက် သဘောဖြစ်၍ သူ၏ပင်ကိုယ်သဘော သန္တိလက္ခဏာကို ယူဆောင်ထင်ရှား သော ခါတ်ဖြစ်လေသည်။

ဤသဘောအတိုင်း သင်္ခါရလုပ်သားဟူသမျှသည် အနာဒုက္ခသည်များချည်း ဖြစ်ကြသည်။ သင်္ခါရလုပ်သား ဟူသမျှသည် ဥပစယ-ဥပ္ပါဒသို့ ရောက်ကြရသည်

သာလျှင် ဖြစ်၍ပျက်ကြရမည်။သင်္ခါရလုပ်သားတို့၏ ဖြစ်ပျက်ကိုအစွဲပြု၍လောကကြီး တခုလုံး တဟုန်းဟုန်း ဒုက္ခမီးတောက်လောင် နေကြရသည်။ အကယ်၍ သင်္ခါရတခု ပျက်၍ နောက်ထပ်မပေါ်လျှင် ထိုသင်္ခါရငြိမ်းသွားပြီ။ ထိုသင်္ခါရသည် ဒုက္ခမှလွတ်သွားပြီ။ ထို့အတူ သင်္ခါရတို့သည် အဆင့်ဆင့် ပျက်ပျက်သွား၍ နောက်ထပ် မပေါ်လျှင်၊ ထိုမပေါ်သောသင်္ခါရတို့သည် ဒုက္ခမှ လွတ်သွားကြလေသည်။ အားလုံးသင်္ခါရတို့ပျက်၍ နောက်ထပ်မပေါ်လျှင် သင်္ခါရအားလုံး ဒုက္ခမှ လွတ်သွားကြလေပြီ။ ထိုအခါ 'သဗ္ဗသင်္ခါရသမထ' သင်္ခါရအားလုံး ငြိမ်းသည်ဟုဆိုရသည်။ သင်္ခါရအားလုံးတို့ ပျက်စီးမှုကုန်ဆုံးသောအခါ၊ သုခသဘောသူဆောင်ယူသောသန္တိသည် ထင်ရှားနေလေတော့သည်။

သန္တိဖြစ်သော နိရောဓသစ္စာ အနက် ၄-ချက်

(၁) နိဿရဏဋ္ဌ - ဆိုခဲ့သော သင်္ခါရ လုပ်သား အနာ သဘော တရား၊ သို့မဟုတ် ဆင်းရဲဒုက္ခသဘောတို့မှ ကင်းလွတ်သော သန္တိ-မပြစ်ငြိမ်း။

(၂) ဝိဝေကဋ္ဌ - နာမ်သင်္ခါရ လုပ်သားတို့သည် သမ္ပယုတ္တသတ္တိစသည်တို့ဖြင့် အချင်းချင်း ဉပစယ ရောက်ကြသည်။ ယင်းသို့လျှင် သင်္ခါရလုပ်သားတို့၌ ဝိဝေက ဆိတ်ငြိမ်မှု သဘော မရှိကြပေ။ သန္တိလက္ခဏာ နိဗ္ဗာန်သဘောတရား၌ ယှဉ်ဖေါ်ယှဉ်ဘက် သမ္ပယုတ္တတရားလည်းမရှိ၊ ဖြစ်ဖေါ် ဖြစ်ဘက် သဟဇာတသဘောတရားလည်းမရှိပေ။ ယင်းသို့ယှဉ်တွဲ ဖြစ်ပေါ်ဘက် မရှိခြင်းပင်လျှင် ငြိမ်းဧ သန္တိဖြစ်လေသည်။

(၃) အသင်္ခတဋ္ဌ - ကံ,စိတ်,ဥတု, အာဟာရဟူ၍ အရှိသို့ ရောက်အောင် ပို့ပေးသော အကြောင်းကြီးများနှင့် ပစ္စယုပ္ပါဒ်နခေါ်သော သင်္ခါရတို့၏ အများဆိုင်ကြသော ပဋ္ဌာန်း ၂၄-ပစ္စယတို့၏ ထောက်ပံ့ ကူညီမှု မရှိသော သန္တိဖြစ်လေသည်။အတိုချုပ်မှာ ပစ္စယုပ္ပန္နမဟုတ်သော သန္တိဟု ဆိုလိုသည်။

(၄) အမတဋ္ဌ— အပျက်အသေမရှိသော သန္တိဖြစ်လေသည်။

သန္တိလက္ခဏာ အမှတ်အသားဖြင့် ထင်ရှားသော 'နိဗ္ဗာန'၏ သဘော အနက်တို့သည် ဤ ၄—မျိုးဖြစ်သည်။ ဝေဒနာ ခေါင်းဆောင်သော ဝေဒယိတ အသိမျိုးဖြင့် မရှင်းလင်းနိုင်ပေ။ ပညာခေါင်းဆောင်သော အသိဖြင့်သာ ရှင်းလင်းစွာ အသိရောက်ရလေသည်။

သင်္ခတခေါ်တ်ဖြစ်သော သင်္ခါရလုပ်သား သဘောတရားတို့နှင့် ဆန့်ကျင်ဘက်တရားသည် အသင်္ခတ,ဝိသင်္ခါရ,သန္တိဖြစ်သည်။ ထိုဆန့်ကျင်ဘက်တရားသည် အမှတ်

သညာနှင့် အသိမနတို့ ပါဝင်ယှဉ်တွဲသော ဤကိုယ်ကောင်တလံမျှ၌ ဆန့်ကျင်ကာ ဆက်စပ်နေသည်။ ထို့ကြောင့် 'ဣမသ္မိံ' ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောက နိရောဓေ ပညပေမိ'ဟု ဩဝါဒဖြင့် ညွှန်ကြားခဲ့လေသည်။

(၁) ပဋိစ္စသမုပ္ပါဒ်၏ ရှေ့အစွန်း ပုဗ္ဗန္တ (၂) နောက်အစွန်း အပရန္တ (၃) ၂-ဘက်စွန်း ပုဗ္ဗန္တာပရန္တ (၄) ပဋိစ္စသမုပ္ပါဒနှင့် သမုပ္ပန္န (၅) ဗုဒ္ဓ (၆) ဓမ္မ (၇) သံဃ (၈) ဤကိဋ္ဌများအတွက် သိအောင်လေ့ကျင့်သော စံနစ်တကျသိက္ခာ၊ ဤ ၈-ပါးတို့အတွက် ယုံမှားသံသယ မရှိခဲ့လျှင်၊ နိဗ္ဗာန်တံခါး ပေါက်ဝ၌ ရပ်တည်နေသည်ဟု မှတ်ယူရန်ဖြစ်သည်။ အကယ်၍ထိုသံသယ ဝိစိကိစ္ဆာသည် နောက်ဘယ်တော့မှ မဖြစ်မပေါ်ခဲ့လျှင်၊ ထိုဝိစိကိစ္ဆာ ငြိမ်းသွား လေပြီဟု ဆိုနိုင်သည်။ အတ္တဒိဋ္ဌိလည်း မပေါ်လာဘဲ နေလိမ့်မည်။ သားသမီး မယားစသော ဝတ္ထုပစ္စည်းတို့၌ တွယ်တာကပ်ငြိလျှင်လည်း၊ သင်္ခါရလုပ်သားအစု ဟူသောအသိသည် ဆက်လက်ပေါ်လာပေမည်။ ဝိပဿနာတရားကိုအားထုတ်ကြသော ယောဂီ သူတော်ကောင်းတို့သည် ဤစိတ်အစဉ် ဖြစ်ပေါ် – မဖြစ်ပေါ် ခြင်းကို သတိ ကြီးစွာဖြင့် ဆင်ခြင်ပါလေ။

### မဂ္ဂသစ္စာ အနက် ၄-ချက်

အသိမှန်တိုးတက်သွားရာလမ်းကို 'မဂ္ဂ'ခေါ်သည်။ အသိသည် နာမ်သင်္ခါရလုပ်သား ၅၃-တွင် ဝိညာဏခေါ် လုပ်သား၏ မလွဲနိုင်မပြောင်းနိုင်သော အမှတ်လက္ခဏာ ဖြစ်သည်။ ယင်းဝိညာဏ်သည် အဝိဇ္ဇာနှင့်သင်္ခါရတို့ ကိလေသာဝဋ်နှင့် ကမ္မဝဋ် ၂-ပါးကို စတင်တည်ထောင်ရာ ဥဒ္ဒစ္စစိတ်အမည်နှင့် စတင် ပေါ်လာထင်ရှားသော အခါမှစ၍ သိ-လုပ်ငန်းကို ဆောင်ရွက်သဖြင့်၊ သင်္ခါရလုပ်သားတို့၏ အစည်းအဝေးတွင် ခေါင်းဆောင် ချယ်ယာမင် ဖြစ်လေသည်။ သင်္ခါရလုပ်သား နာမ်စေတသိက်တရားတို့သည် မိမိတို့၏လုပ်ငန်း ရသတို့ဖြင့်၊ ခေါင်းဆောင် ချယ်ယာမင် အသိကို ချယ်လယ်ကြရာ၊ အဟုန်သတ္တိ ထက်မြက်သော သင်္ခါရလုပ်သားတို့၏အလိုသို့ လိုက်လျောစွာ သိကိစ္စကို ဆောင်ရွက်လေ့ရှိသောကြောင့်၊ အမှား အမှန်-အကောင်း အဆိုး စသော သဘောတို့ကို အတိအကျ ဆုံးဖြတ်ချက်မရနိုင်ကြပေ။ ထို့ကြောင့် သင်္ခါရ လုပ်သားတို့သည် အပုညာဘိသင်္ခါရ လုပ်ငန်းကိုလည်း ဆောင်ရွက်ကြသည်၊ ပုညာဘိသင်္ခါရ လုပ်ငန်းကိုလည်း ဆောင်ရွက်ကြသည်။ အာနေဉ္ဇာဘိသင်္ခါရ လုပ်ငန်းကိုလည်း ဆောင်ရွက်ကြသည်။ အထူးသဖြင့် သိ-ဝိညာဏ်သည် လောဘ ဒိဋ္ဌိ-မောဟ အဝိဇ္ဇာတို့နှင့် ယှဉ်တွဲရဖန် များသောကြောင့်၊ ထိုလောဘ,ဒိဋ္ဌိ အဝိဇ္ဇာတို့၏ အလိုအားလျော်စွာ ကိစ္စကို ဆောင်ရွက် ရလေသည်။

ပညာသင်္ခါရလုပ်သားသည် မိမိ၏ အလင်းသဘော လုပ်ငန်းတို့ဖြင့် အဝိဇ္ဇာ အမှောင်ကို ပယ်ဖျက်လျက် အသိ ဝိညာဏ်ကို အမှန်သို့ ရောက်စေသည်။ သို့သော် ပညာသည်လည်း အဝိဇ္ဇာမောဟနှင့် လောဘဒိဋ္ဌိစသော လုပ်သားတို့၏ သဘော တရားကို မလွန်ဆန်နိုင်ဘဲရှိခဲ့လေသည်။ ထိုအခါ ပညာစေတသိက်သည် မိမိအား အကူအညီပေးနိုင်မည့် သင်္ခါရလုပ်သားတို့ကို လေ့လာရှာဖွေခြင်းဖြင့် ဗောဓိပက္ခိယ လုပ်သား ၁၄-မျိုးကို ရရှိလေသည်။ တဖန် သူ၏ လုပ်ငန်း အတွက် အကွက်ကျကျ အထောက်အကူပြုရန် လေ့လာသောအခါ၊ ပညာစေတသိက်သည် သမ္မာသင်္ကပ္ပ ခေါ်သော ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟူသော ဝိရတီစေတသိက် ၃-မျိုးနှင့် သမ္မာဝါယာမခေါ် ဝီရိယ၊ သမ္မာသတိခေါ် သတိ၊ သမ္မာသမာဓိခေါ် ဧကဂ္ဂတာ စေတသိက်တို့နှင့် ယှဉ်တွဲမိလေသည်။ ထိုအခါ ပညာသည် အပြစ်ကင်း သော ကိုယ်နှုတ် သင်္ခါရလုပ်သားတို့အတွက် သတိ ဝီရိယနှင့် ဧကဂ္ဂတာတို့သို့ သီလ သမာဓိ လုပ်ငန်းဖြင့် သံသရာ ထွက်လမ်းဖြစ်သော ဝိပဿနာတို့ကို ဝိတက်နှင့် မိမိ တို့က ဆောင်ရွက်မည်ဟု ပိုင်းခြားသတ်မှတ်လေသည်။ ဤစေတသိက် ၈-မျိုးသည် ဝိညာဏ်နှင့် ယှဉ်တွဲကာ မိမိတို့၏ လုပ်ငန်းကို ဆောင်ရွက်လျက် အသိဝိညာဏ်ကို ပြုပြင်ချယ်လှယ်ကြသောကြောင့်၊ အသိသည် လမ်းမှန်ဘက်သို့ ရောက်ရလေသည်။

ဆိုခဲ့သော ပညာ ခေါင်းဆောင် စေတသိက် ၈-မျိုးသည် ဗောဓိပက္ခိယ အသင်းဝင် သင်္ခါရလုပ်သားတို့နှင့် ကျန်ကုသိုလ် သင်္ခါရလုပ်သားတို့အား ကောင်းမှု အတွက် အပြစ်ကင်းသော ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ လုပ်ငန်းတို့မှ အစပြု၍ အဘိသင်္ခါရလုပ်ငန်းတို့ကို အခြေခံဟေတုသဘောဖြင့် ထောက်ပံ့ကြသည်။ အကူအညီပေးကြသည်။ ပါရမီကံမျိုးစေ့ ပေါ်လာထင်ရှားအောင် အားပေး ကြ သည်။ မဟာသတိပဋ္ဌာန သုတ္တန်၌ ပြဆိုထားသော အနုပဿနာ လေးမျိုးသည် ဗောဓိပက္ခိယအသင်းဝင်နှင့် ကုသိုလ်လုပ်သား သင်္ခါရတို့၏ ဆွဲမှီရာအာရုံများ ဖြစ် ကြသည်။ ထိုအာရုံလေးမျိုးကိုဆွဲမှီလျက် အစည်းအဝေး ပြုလုပ်ကြသော သင်္ခါရ လုပ်သားတို့ကို ဗောဓိပက္ခိယ အမှုဆောင် လုပ်သားတို့က ပါရမီ ကုသိုလ် မျိုးစေ့ ပေါ်အောင် အမြစ်သဘော အခြေခံသဘောဖြင့်၊ အားပေးထောက်ပံ့ ဆောင်ရွက် ခြင်းသည် မဂ္ဂသစ္စာ၏ ပဌမ'ဟေတုဋ္ဌ'ဖြစ်သည်။ မဂ်စိတ်၊ ဖိုလ်စိတ်တို့ ဖြစ်ပေါ်စေ နိုင်သော အခြေခံအဋ္ဌမြစ်ဖြစ်သည်။

အနုပဿနာအာရုံတို့ကို ဆွဲကိုင်လျက် ဉပစယအဖြစ် ထင်ရှားကြသော သင်္ခါရ လုပ်သားတို့ကို မဂ္ဂင်သင်္ခါရလုပ်သားတို့က သတိပဋ္ဌာန်လုပ်ငန်း၊ သမ္မပ္ပဓာန်လုပ်ငန်း၊ ဣဒ္ဓိပါဒလုပ်ငန်း၊ ဣန္ဒြေလုပ်ငန်း၊ ဗိုလ်လုပ်ငန်း၊ ဗောဇ္ဈင်လုပ်ငန်း၊ မဂ္ဂင်လုပ်ငန်းတို့ အတွက် စံနစ်တကျ အုပ်ချုပ် ဆောင်ရွက်သော ဝိညာဏ်သည် အမှန်သိ လမ်းသို့

ဘက်ရောက်လာသည်။ ဤသို့ အသိဝိညာဏ်နှင့်တကွသော သင်္ခါရ လုပ်သားတို့အား သတိပဋ္ဌာန်စသော လုပ်ငန်းတို့အတွက် အင်အား တိုးတက် လာအောင် မဂ္ဂင်အမှုဆောင် ၈—မျိုးတို့က အုပ်ချုပ် ကွပ်ကဲပေးခြင်းသည် မဂ္ဂသစ္စာ၏ ဒုတိယ အနက်သဘော'အာဓိပတေယျဋ္ဌ'ဖြစ်လေသည်။

ချယ်ယာမင် သိဝိညာဏ်နှင့်တကွ သင်္ခါရပ်လုသားတို့အား ပညတ် သဘောတရား အာရုံတို့၌မွေ့လျော်မှုကို ပယ်ဖျောက်စေ၍၊ သတိပဋ္ဌာန်လုပ်ငန်း၊ သမ္မပဓါန်လုပ်ငန်း၊ ဣဒ္ဓိပါဒ၊ ဗလ,ဣန္ဒြိယစသော လုပ်ငန်းတို့၌ ရန်သူ ဖြစ်သော ကိလေသာလုပ်သားတို့ကို တဒင်္ဂ-ဝိက္ခမ္ဘနတို့ဖြင့် ပယ်သတ်လျက်၊ တဆင့်ထက် တဆင့် မြင့်၍မြင့်၍ တက်လာအောင် ဆွဲတင်ခြင်းသည် မဂ္ဂသစ္စာ၏ တတိယ အနက်သဘော'နိယျာနဋ္ဌ'ဖြစ်လေသည်။ ဝိပဿနာ ဉာဏ်စဉ် တို့၌ ယောဂီ၏ ဝိပဿနာ စိတ်အစဉ်သည် ဉာဏ်စဉ်အလိုက် သိပုံအချင်းအရာတမျိုးမှ သိပုံအချင်းအရာတမျိုးသို့ တိုးတက်နေခြင်းသည် မဂ္ဂ၏'နိယျာနဋ္ဌ'သဘောအနက် ထင်ရှားနေလေသည်။ ဥဒယဗ္ဗယ ဉာဏ်အဆင့်မှ အစပြုလျက်၊ ဉာဏ်သိပုံ ပြောင်းလဲတိုင်း, ပြောင်းလဲတိုင်း ပယ်သတ်အပ်သောတရား ထင်ရှားနေလေသည်။ ယောဂီတို့ သတိဖြင့် စဉ်းစားပါလေ။

ယင်းသို့ ဉာဏ်စဉ်အလိုက် ကိလေသာ သင်္ခါရလုပ်သားတို့ကို၊ တဒင်္ဂ ဝိက္ခမ္ဘနဖြင့် ပယ်သတ်သွားနေစဉ်၊ ကုသိုလ်သင်္ခါရ လုပ်သားတို့အား ခဏငြိမ်းနှင့် တော်တော်ကြာအောင် ငြိမ်အေးသဘောတရားတို့ကို မဂ္ဂင်လုပ်သားတို့က ပြုလျက်ပြုလျက်နောက်ဆုံး၌ ဒိဋ္ဌိ-ဝိစိကိစ္ဆာ သင်္ခါရလုပ်သားတို့နှင့် အပါယ် ပဋိသန္ဓေသို့ ရောက်အောင် ပို့တတ်သော လောဘ, ဒေါသ, မောဟ သင်္ခါရ လုပ်သားတို့သည် မဖြစ်ပေါ်တော့ဘဲ ငြိမ်းသွားကြပြီ။ထိုသင်္ခါရတို့ နောက်ထပ်မဖြစ် မပေါ်သော အနုပ္ပါဒသဘောသို့ ရောက်သွားပြီဟု လက်တွေ့ပြသော သဘောအနက်သည် မဂ္ဂသစ္စာ၏ လေးခုမြောက်'ဒဿနဋ္ဌ' အနက်မှန် ဖြစ်လေသည်။

ဤကား သစ္စာ ၄—ပါး၏ သဘောအနက် ၁၆-ချက် ဖြစ်လေသည်။ ဓမ္မမိတ်ဆွေတို့ သဘာပြုရန်မှာ မိမိတို့ သုတမယဉာဏ်ဖြင့် သရုပ်ခွဲထားသော သင်္ခါရလောကကို ရှေ့ဦးစွာ သက်ဝင်သော ဩကပ္ပန သဒ္ဓါဖြင့် လေ့လာပါလေ။ သုတမယ ဉာဏ်မှ အစဉ်လျောက်သဖြင့် ပါဝင် ပေါ်းစပ်လာသော ကိုယ်ပိုင် စိန္တာမယဉာဏ်တို့၏ အထောက်အပံ့ အကူအညီဖြင့် ဩကပ္ပန သဒ္ဓါသည် တဆင့်ထက်တဆင့်ရင့်ကျက်ကာ ဝီရိယ, ဣန္ဒြေတို့၏ ကိစ္စကို ဆောင်ရွက် နိုင်လာပါလိမ့်မည်။ ထိုအခါ အလေ့အကျင့် ရလာသော သိစိတ်အစဉ်သည် သင်္ခါရလောကဟူသော သဘာဝအာရုံလမ်းကြောင်းသို့ ဥပ ာရ သမာဓိဖြင့် ရောက်နေပေမည်။ ထိုအခါ မဆုတ်မနစ်သော ဝီရိယဖြင့် အခွင့်ရတိုင်း အခွင့်ရတိုင်း ဆင်ခြင် စဉ်းစားပါလေ။

ဘုံ ပုဂ္ဂိုလ်တို့နှင့် ဘဲ့ကာ ဘဲ့ကာ မစဉ်းစားပါလေနှင့်၊ ဘုံနှင့် ပုဂ္ဂိုလ်ဟူသည် အရေခြုံ ပညတ္တိ လောကဟု မိတ်ဆွေ၏ သုတမယ အသိဖြင့် သိခဲ့လေပြီ။ ရုတ်တရက် ပုဂ္ဂိုလ်နှင့် ဘုံတို့ကို အသိ၌ ခွဲခြား မရသေးလျှင်၊ ပညတ်နှင့် ပရမတ်အာရုံ ၂-မျိုးကို အသိ အလေ့အကျင့်ရအောင် ရှေ့ဦးစွာ ခွဲခြားပါ။ အကျင့်ပါ အလေ့ ရသော အခါမှ စ၍ သိစိတ်ကို သင်္ခါရ လောကသို့ ရောက်အောင် ပို့ပါလေ။

မိတ်ဆွေ၏ သရုပ်ခွဲ နာမရူပ ပရိစ္ဆေဒ သုတမယ ဉာဏ်သည် ဗုဒ္ဓကိုယ်တော်များ ပေါ်လာပါမှ စတင်ရရှိသော ဉာဏ်ဖြစ်၍၊ အလွန်ရခဲ၊ အလွန်ကြုံကြိုက်ခဲသော ဉာဏ်ဖြစ်ပါသည်။ ယခုအခါ ရဟန်းတော် အရှင်မြတ်တို့၏ ကျေးဇူးတို့ကြောင့် ဖေါဖေါ သီသီ သရုပ်ကွဲကြသော်လည်း လူနည်းစုသာ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်းလည်း သရုပ်မကွဲကြပေ။ ဗုဒ္ဓဘာသာဝင် မဟုတ်ပါမူကား ပြောစရာပင် မလိုတော့ပေ။ သရုပ်ခွဲ ပညာကို ဖေါဖေါ သီသီဟု သဘောမထားဘဲ စံနစ်တကျ ဆက်လက် လေ့လာ သွားပါလျှင်၊ ဆိုခဲ့သော အခက်ကြီး ၄-ခက်ကို ဖြေရှင်းနိုင်လျက်၊ လက်ရှိဘဝ လူဖြစ်ကျိုး နပ်သည်ဟု ဆိုရပေလိမ့်မည်။

## နိဂုံး

ဤစာအုပ်ကို ဖတ်ရှုကြသော ဓမ္မမိတ်ဆွေတို့သည် စာအုပ်၌ ဖေါ်ပြသော သဘာဝ အယူအဆတို့တွင် ယုတ္တိမတန် သဘောမှန် မဟုတ်ဟု သိရှိ ယူဆ၍ ကွဲလွဲခြင်း ရှိနေပါမူ၊ ကျမ်းရေးဆရာထံသို့ စာဖြင့်သော်၎င်း၊ လူကိုယ်တိုင်သော်၎င်း၊ ကြွရောက်ဆွေးနွေး ဩဝါဒ ပေးစေလိုပါကြောင်း။

အယူအဆ၌ သဘောတူကြသော ပုဂ္ဂိုလ်တို့သည် ထိုထက် ပေါ်လွင် ထင်ရှားသော စကားစဉ်တို့ဖြင့် ဗုဒ္ဓအရှင်၏ အနတ္တဝါဒကို ထင်ရှားစွာ ပြသကြစေလိုပါကြောင်း-ကောင်းမွန်သော စိတ်ထားဖြင့် လေးစားစွာ တောင်းပန် အပ်ပါကြောင်း။

သိန်းအောင်
၇၅-လမ်းနှင့် အေလမ်းဒေါင့်၊ တောင်ကြယ်ခပ်၊ မန္တလေးမြို့။

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၄၉ | ၂၁ | အတ္တဝါဒ | အနတ္တဝါဒ |
| ၅၅ | ၂၄ | ဆယ်သွယ် | ဆက်သွယ် |
| ၇၅ | ၂၁ | နိဿိတ | အနိဿိတ |
| ၇၆ | ၇ | အနာဟူသောသခါရ | အနာဟူသောသင်္ခါရ |
| ၇၇ | ၁၇ | အစွဲပြု | အသုံးပြု |
| ၈၂ | ၄ | သူတို့၏ကိုယ်ကောင် | လူတို့၏ကိုယ်ကောင် |
| ၈၂ | ၂၉ | စေတနာက | ဝေဒနာက |
| ၁၀၁ | ၈ | မောစတုတ် | မောစတုက် |
| ၁၁၁ | ၁၀ | စိတ်ပေါင်း ၂၁-မျိုး | စိတ်ပေါင်း ၁၈-မျိုး |
| ၁၁၁ | ၁၁ | ထို ၂၁-မျိုး | ထို ၁၈-မျိုး |
| ၁၁၃ | ၄ | သန္တိဋ္ဌာပကစေတနာ | သန္နိဋ္ဌာပကစေတနာ |
| ၁၁၆ | ၁၇ | အကုသိုလ်စေတသိက် | ကုသိုလ်စေတသိက် |
| ၁၁၉ | ၁၅ | ဤအကုသိုလ်စိတ် | ဤကုသိုလ်စိတ် |
| ၁၂၆ | ၂ | ရုပ်တည်အောင် | ရပ်တည်အောင် |
| ၁၂၈ | ၂၄ | တရားကြီးဟူသော | ဆရာကြီးဟူသော |
| ၂၀၃ | ၁၈ | သေတ္တာ,သံတင်းတို့၌ | သေတ္တာ,တံတင်းတို့၌ |
| ၂၁၉ | ၆ | အဇ္ဇဝိဝ | အဝိဇ္ဇာ |
| ၂၁၉ | ၈ | အဇ္ဇဝိဝ | အဝိဇ္ဇာ |
| ၂၆၃ | ၁၃ | ထိုဗိုလ်၅မျိုးပင်ထိန်းသိမ်း | ထိုဗိုလ်၅မျိုးပင် ဣန္ဒြိယသတ္တိ လုပ်ငန်းဖြင့်ထိန်းသိမ်း |
| ၂၇၃ | ၃ | နိရောဓသမာပတ်ချာန်၌ | နိရောဓသမာပတ်၌ |
| ၂၈၇ | ၁၃ | တိဟိတ်ဝဘင် | တိဟိတ်ဘဝင် |
| ၂၉၈ | ၂၉ | သန္နိဋ္ဌိက | သန္ဒိဋ္ဌိက |
| ၃၀၂ | ၁၆ | အမြဲသော်လည်း | မမြဲသော်လည်း |
| ၃၁၀ | ၇ | အောက်ခံမြေခံသည် | အောက်ခံမြေ ကံသည် |
| ၃၂၆ | ၁၉ | ဓါတ်တို့၏ရင့်ကျက် | ကံဓါတ်တို့၏ရင့်ကျက် |